၂၄၁၇ - ၃၄၈၆

အဘိဓဇ မဟာရဋ္ဌဂုရု
တွဲဖက်ရွေကျင် သာသနာပိုင်
အရှင်ဝါသေဋ္ဌ ဘိဝံသ

သပြေကန်ထေရ ကုမုဒ် ဂုဏ်ပုဒ်

စာတော်

သာသနာတော်နှစ်-၂၅၁၅ ကောဇာသက္ကရာဇ်-၁၃၇၃ ခရစ်နှစ် -၂၀၁၂

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတွင်းရှိ
ပြည်နယ်များ၊ ဒေသများ၊ ပြည်ထောင်စုနယ်မြေများ

ဆာသနာ သင္ကၠရာဇ် - ၂၅၅၅
ခရစ်နှစ် - ၂၀၁၂

သင်ပြကန်ထရော်

ရွာဆင်

ငှက်ပုတ်

စာစောင်

ကောဇာ သင္ကၠရာဇ် - ၁၃၇၃

ပုံနှိပ် မှတ်တမ်း

ခွင့်ပြုချက်အမှတ်	စာမူ - ၆၀၁၀၉၃၂၁၁
	အဖုံး - ၆၀၀၀၁၇၀၁၁၂
ထုတ်ဝေသည့်အကြိမ်	ပထမအကြိမ်
ထုတ်ဝေသည့်ရက်စွဲ	ဖေဖော်ဝါရီလ၊ ၂၀၁၂ခုနှစ်
ထုတ်ဝေသူ	ဦးခင်လှ (ဥက္ကဋ္ဌ) သာသနပါလကအဖွဲ့.
	ရွှေကျင်ကျောင်းတိုက်၊ မဂ်လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ	ရွှေခြသော့် ပုံနှိပ်တိုက်၊ (မြ - ၀၅၄၁၇)
အမှုဆောင်စာတည်း	မောင်ကောင်းမြင့်
အပြင်အဆင်	မောင်ဟန်စိုး၊ မစင်ဖြူလင်း **ORIAN GRAPHIC DESIGN**
ကွန်ပျူတာစာစီ	ဒေါ်ဥမ္မာမြင့် (သာသနာရေး)
စာပြင်တည်းဖြတ်	ဦးသန်းကျော် (ဆရာခိုင်မြဝါ)
မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းမွမ်းမံ	ကိုဒေါင်ကိုမင်း၊ မသဇွဲကျော် (မာန်သစ်ထူး)
ဖလင်ကာလာခွဲ	ရွှေနိုင်ငံ
စာအုပ်ချုပ်	ကိုစလင်းနှင့်အဖွဲ့.
အုပ်ရေ	၂၀၀၀
တန်ဖိုး	၈မွဒါန

စီဆေဒွာဘီဝံသ ၊ ဘဒ္ဒန္တ ၂၉၄.၃

သပြေကန်ထေရရာပြည့်ဂုဏ်ပူဇာစာစောင် / ကလောင်စုံ။

- ရန်ကုန်၊

ဦးခင်လှ (ဥက္ကဋ္ဌ)၊ သာသနာ့ပါလကအဖွဲ့၊ ရွှေကျင်ကျောင်းတိုက်၊ ၂၀၁၂။

၅၂၄ - စာ၊ ၁၉ x ၂၇ စင်တီ

(၁) သပြေကန်ထေရရာပြည့်ဂုဏ်ပူဇာစာစောင်

တာဝန်ခံစီစဉ်သူနှင့် တစ်ပြည်လုံးဖြန့်ချိရေး

ဒေါ်ရွှေဝါစိုး၊ ဒေါ်စောချယ်ရီသိန်းနှင့် မိခင်ရောဝတီဝိုင်းတော်သားများ

မိခင်ရောဝတီစာအုပ်တိုက်

တိုက် - ၄၊ အခန်း - ၄၀၂၊ ကျီတော်အိမ်ရာ၊ အထက်ပုဇွန်တောင်လမ်းမကြီး၊

ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၇၀၁၄၃၃၊ ၀၉ ၅၀ ၁၅၆၁၃၊ ၀၉ ၇၃၂၂၄၆၂၀၁

Email: motherayeyarwaddy@gmail.com

ပတ်ဂုတြည်သျိစရ မာတိကာ

သငြေကန်ထေရ ရာဇြည်ဝတ္ထုဇာတ် အပွဲစ်စာလွှာ

၁။ အနေကဇာတင် အခိုးဘုရားပင့် သငြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ ၁

၂။ သဘောထား အဂ္ဂမဟာပဏ္ဍိတ အရှင်ဒေဟာဓရ ၂

၃။ ဆုတောင်းပတ္ထနာ ဆုကြိုးပန်ဂါထာ သငြေကန်သဒ္ဓါကြိုးနီသယသစ်ကွင်းပြု ၄
ပထမ ဆရာတော်ကြီး

၄။ မေတ္တာဝိုဂါထာ သငြေကန် ပရိတ်ကြိုးနီသယသစ်ဆရာတော်ကြီး ၅

၅။ ဥယျာဇနကထာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး ၆

၆။ သဒ္ဓါကြိုးသငြေကန်နှင့် ပရိတ်ကြိုးသငြေကန် ဘဒ္ဒန္တအဂ္ဂိယ ၇

၇။ ဩဝါဒကထာ သတ္ထုမငြောက် ရွှေကျင်သာသနာဝိုင် ပစ္စိမဇံဃာဆရာတော်ကြီး ၁၁

၈။ အဋ္ဌုပ္ပတ္တိဝိဘာဝနာ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ ၁၂

၉။ သငြေကန်ထေရဂုဏာဟရဏစ်တစ်ရာ အရှင်ဒေဝိန္ဒသာမိ ၁၇

၁၀။ ဝါသေဋ္ဌမထေရ်(သို့)ဝိသိဋ္ဌဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ၂၀

၁၁။ အရွေးတတ်မှအကောင်းရ တိဝိဋ္ဌကဓရ ယောဆရာတော် ၂၃

၁၂။ ရွှေကျင်နိကာယတွဲဝက်သာသနာဝိုင် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ ၊ကလေးဝဆရာတော်ကြီး ၂၈

၁၃။ ပေါ်ပေါက်ခဲလှသည့်အာဇာနည်ဆရာတော် ဥဋ္ဌမာနိတသိရီဘိဝံသ ၃၁

၁၄။ ဓမ္မပြည့်ကျော်ဆရာတော် အရှင်အဂ္ဂဉာနာဘိဝံသ ၃၄

၁၅။ သငြေကန်ပရိတ်ကြိုးနီသယသစ်ဆရာတော်ကြီး ဝိသုဒ္ဓါရုံဆီးပင်ကျောင်းဆရာတော်ကြီး ၃၈
အားချီးကျူးလွှာ

၁၆။ အနုတ္တရဂုဏ်အင် သငြေကန်ထေရ်ရှင် တိဝိဋ္ဌကဓရ ယောဆရာတော် ၄၀

၁၇။ ဝုဏ္ဏပုဂ္ဂဂါထာနှင့်ဆန္ဒပြုဆုတောင်းဂါထာ နာယကဆရာတော်၊ မဟာသုဟေမရုံကျောင်း ၄၁

၁၈။ သငြေကန်ထေရရာပြည့်ဝုဏ္ဏပုဂ္ဂစာစောင် စာစောင်ဖြစ်မြောက်ရေးအဖွဲ့ ၄၃
ဖြစ်မြောက်ရေးအဖွဲ့ကြိုးပမ်းဆောင်ရွက်ချက်မှတ်တမ်း

သင်ပြုကန်ထရ ရာပြည့်ဂုဏ်ပူဖော် အလင်္ကာ ကဗျာပန်း

၁၉။	ဂုဏ်ပူဖော်ဝန္ဒနာ	အရှင်အာဒိစ္စဝံသ(ဆားလင်းကြီး)	၅၀
၂၀။	ရာပြည့်ဂုဏ်လွှမ်းစာဆိုရဟန်း	ကန့်ဘလူ ပြုစင်ဝင်း	၅၁
၂၁။	ဂုဏ်တော်ရည်မှန်းကန်တော့ပန်း	ဓမ္မလုလင်(သစ်ညိုကုန်း)	၅၂
၂၂။	သင်ပြုကန်ဆရာတော်ကြီးသို့ ဦးခိုက်ခြင်း	မောင်နန်းထက်(ဟသ်ာတ)	၅၃
၂၃။	နည်းသစ်မှန် လမ်းညွှန်ပြသူသို့	အောင်သျှင်သူ(မဟာမြေ)	၅၄
၂၄။	ဓမ္မအလင်း	ရွှေမြိုင်ပြုံးလဲ့မော်(ပညာရေးတက္ကသိုလ်)	၅၅
၂၅။	ကန်တော့ပန်းလွှာဝန္ဒနာ	နတ်မောက်ကြိုင်သင်း	၅၆
၂၆။	ဆုံးမသံများကြားရတုန်း မြတ်ဗုဒ္ဓသင်ပြုကန်	တက်လူ	၅၇
၂၇။	ရာပြည့်သင်ပြုကန်	မုံရွာနေဇာ	၅၈
၂၈။	စာစောင်မြတ်ဆရာဂုဏ်	မင်းသီဟ(ပခုက္ကူ)	၅၉
၂၉။	အရှင်ဝါသေဋ္ဌဘိဝံသ(သို့)သာသနာ့မကိုင်ဦးပန်း	ပူစူး(ချောက်)	၆၀

သင်ပြုကန်ထရ်ရှင် လင်္ကာရွှန်

၃၀။	မွေးနေ့မဂ်လာအာစရိယဂုဏကထာ	၆၁
၃၂။	သိဂီလောဝါဒ ပါဠိကထာမြန်မာအနက်	၆၅

သင်ပြုကန်ထရ်ရှင် ဗောဓရား

၃၃။	ကြီးစားအားထုတ်နိုင်ကြပါစေသတည်း	၆၉
၃၄။	ကုသိုလ်ကောင်းမှုတရားမှတစ်ပါး	၇၄
၃၅။	သာသနာတော်ကိုချီးမြှင့်နိုင်ကြစေ	၇၇
၃၆။	ဗုဒ္ဓဂုဏ်ရည်	၈၁
၃၇။	ကုသိုလ်ပွဲကိုအကျိုးရှိစေအောင်	၈၈
၃၈။	သူတော်ကောင်းဥစ္စာရတနာ	၉၅
၃၉။	ဗောဓိပက္ခိယတရားတော်များ	၉၉

သပြေကန်ထေရ်မြတ် အဆုံးအဖြတ်

၄၀။ သာမဏေကျော် သပြေကန်ဆရာတော်ကြီးနှင့် ရွှေတောင်ကုန်းသာသနာ့ဂိုဏ်သာဆရာတော် ၁၀၆

၄၁။ အရှင်စန္ဒာဝရ ကထိန်ကိစ္စလျှော်ထားလွှာ ၁၂၂

၄၂။ အရှင်ဝါသေဋ္ဌာဘိဝံသ သုရာမေရယဝိနိစ္ဆယ ၁၂၅

ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲ စာတမ်းလွှာများ

၄၃။ လင်္ကပေသလ သိင်္ဂါတာမ သီလဝန္တ ဘဒ္ဒန္တဟန်တသိရိဘိဝံသ ၁၂၇

၄၄။ ကြည်ညိုဖွယ်ရာဂုဏ်ဖြာဖြာ အရှင်ဒေဟာစာရ(အဂ္ဂမဟာပဏ္ဍိတ) ၁၃၉

၄၅။ လျှောက်ထားလွှာ သာသနာဝါလကအဖွဲ့. ဥက္ကဋ္ဌကြီးဦးခင်လှ ၁၄၉

၄၆။ အံ့ဖွယ်စွယ်စုံပုဂ္ဂိုလ်ထူး ဦးကျော်လွင် ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာ(သဏ္ဌာန) ၁၅၃

၄၇။ ချီးကျူးရန်မလွယ်ဂုဏ်ပင်လယ် မောင်အောင်မွန်(မြတ်ဆုမွန်) ၁၆၄

၄၈။ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာ ဗိုလ်မှူးချုပ်သူရအောင်ကို(ငြိမ်း) ၁၇၄

၄၉။ စန္ဒကူးအစစ် နံ့သာနှစ် အရှင်ဒေဟာစာရ(အဂ္ဂမဟာပဏ္ဍိတ) ၁၇၇

၅၀။ ဓမ္မနေမင်းထိန်ထိန်ဝင်းလျက် ချစ်စံဝင်း ၁၉၂

၅၁။ နှစ်ဆယ်ရာစု၏သုတဗုဒ္ဓတစ်ဆူ မောင်ရင့်ကျူး(မြောင်းမြ) ၂၀၆

၅၂။ တရားတော်ကိုသာ ဦးသက်စိန်(ပြူး) ၂၁၄

၅၃။ မရေးဖြစ်ခဲ့သေးတဲ့သပြေကန် မောင်ဝံသ ၂၂၀

ဆရာတော်ကြီး၏ထေရပွဲတို့

၅၄။ ထုတီဝေဒလ္လဂါထာများ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာ သိရိဘိဝံသ ၂၂၆

၅၅။ ဂုဏ်ပေါင်းဝန်းရံသပြေကန် အဂ္ဂမဟာပဏ္ဍိတ အရှင်ဒေဟာစာရ ၂၂၈

ထေရပွဲတို့ကထာ

၅၆။ အရှင်ဝါသေဋ္ဌ၏အတ္ထုပ္ပတ္တိ အရှင်အဂ္ဂဓမ္မ ၂၄၁

၅၇။ ထေရပွဲတို့သံကိဏ္ဏသံဝေဂဂါထာများ မင်းဘူးမျိုးသက်အောင် ၂၅၀

၅၈။ သပြေကန်ဆရာတော်ကြီး၏ထေရပွဲတို့အနှစ်ချုပ် ကျော်ဝင်း(စကြည့်တိုက်မှူး) ၂၅၅

သပြေကန်ထေရ်မြတ်၏ ကျမ်းစာအုပ်များကို ကြည့်ညှိခြင်း

၅၉။	သင်္ကြန်တရားတော်ကိုလေ့လာကြည့်ညှိခြင်း	အရှင်ရေဝတ(သာသနာ့ပျိုးခင်း)	၂၆၀
၆၀။	သပြေကန်ဆရာတော်ကြီး၏စာအုပ်များကို သုံးသပ်ခြင်း	စာတည်းအပွဲ့	၂၆၆
၆၁။	သပြေကန်ဆရာတော်ကြီး၏အဆိုအမိန့်များ	သာမဏေကျော်	၂၈၁

ရဟန်းစာဆိုတော်များ၏ ဂုဏ်ပူဇော ဆောင်းပါးလွှာများ

၆၂။	ဂုဏ်တော်ပွားများအကျိုးကြီးမား	အရှင်ဝါသဝ(ပဉ္စနိကာယ)	၂၈၃
၆၃။	သာသနာကြီးပွားကြောင်းသြဝါဒကထာ	အရှင်ထေရဝံသ(ပုသိမ်)	၂၈၉
၆၄။	ကလျာဏမိတ် ပဏ္ဍိတ်ဘွဲ့ဂုမြန်ဂုရုတည့်	အရှင်သုဂတာနန္ဒ	၂၉၈
၆၅။	မေ့မရသောကျေးဇူးရှင်ကြီး	အရှင်စန္ဒာဝရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)	၃၀၃
၆၆။	များပြားကြီးကျယ် ဂုဏ်ပင်လယ်	အရှင်ဩဒါတသိရိဘိဝံသ(အဝေဏုရာမ)	၃၀၆
၆၇။	ထုတိဝေဒလ္လဝါဒာများ	ဥူးဩဒါတသိရိဘိဝံသ	၃၁၂
၆၈။	ရေးဖွဲ့မတုန်ကျေးဇူးဂုဏ်	အရှင်အာဒိစ္စဝံသ(ဆားလင်းကြီး)	၃၁၅
၆၉။	ယမဟံဝဒါမိ	ဦးအာဘယာစာရ	၃၁၈
၇၀။	ပညာရှိသူတော်ကောင်းတို့၏သဘောထား	အရှင်စန္ဒဝရ(မြောင်းမြ)	၃၂၂
၇၁။	အပြစ်တင်းစင်ထေရ်ဘုန်းရှင်	အရှင်ပဏ္ဍိတာဘိဝံသ	၃၂၅
၇၂။	ဂုဏ်ပေါင်းဝန်းရံသပြေကန်	အရှင်ဝိစိတ္တာသာရ(ရေစကြို)	၃၂၈
၇၃။	အကြောင်းသိလေ ပိုပြီးကြည်ညိုလေလေ	ဒေယျာနရိန်(မြောင်းမြ)	၃၃၂
၇၄။	သာသနာ့လူစွမ်းကောင်း	အရှင်စန္ဒနာလင်္ကာရ(ပေါင်းဝင်္ဂသိမ်ငေါ်)	၃၃၅
၇၅။	ဆရာတော်ကြီးနှင့်နှတ်ပြည်၊ ဗြဟ္မာ့ပြည်	အရှင်ဝေဠုရိယ(ဓမ္မရိပ်ငြိမ်)	၃၃၉
၇၆။	မင်္ဂလိလိုလည်းမဆက်ခဲသည့် သပြေကန်ဆရာတော်ကြီး	အရှင်နာဂသေန(သဒ္ဓမ္မမဏ္ဍိုင်)	၃၄၃
၇၇။	ဒါနသံသရာရှည်သလော	အရှင်ကုမာရ(ပန်းတနော်)	၃၄၇
၇၈။	စာတာကောင် မှန်တချပ် ဆက်စပ်အတွေး	မြိုင်နန်းမြေ(ရင်ဝရှင်)	၃၅၀

ဥပါသကာ စာဆိုများ၏ ဝတ္ထုပူဇော်ဆောင်းပါးလွှာများ

၇၉။	သူလိုရဟန်း	ပါရဂူ	၃၅၃
၈၀။	အပက်ပက်ကပြည့်စုံသော သပြေကန်ဆရာတော်	မောင်လင်းဟန်(သံတွဲ)	၃၅၇
၈၁။	အမြတ်များများကြီး ရလိုက်သည့်ပွဲ	ဝိုးပြုံး	၃၆၆
၈၂။	သူတော်ကောင်းဟူသည်	မောင်ရေချမ်း	၃၆၉
၈၃။	ကျေးဇူးဆပ်ခွင့်သဲတစ်မြွှင့်	မောင်ဆွေသက်	၃၇၄
၈၄။	သပြေကန်သို့	မောင်ကောင်းမြင့်	၃၇၈
၈၅။	ဗုဒ္ဓါနုဿတိသစ္စာမေတ္တာဘာဝနာ	မြဝင်း(ဒဿန)	၃၈၄
၈၆။	ပရိတ်ကြီးနိဿယသစ်ကျမ်းကြီးအား ရိုးဦးပူဇော်ပါ၏	မင်းလှမြတ်ထွေး	၃၈၇
၈၇။	ဘေးကင်းချမ်းသာစေဖို့အရံအတား	စိုးနိုင်(မန္တလေးတက္ကသိုလ်)	၃၉၄
၈၈။	သပြေကန်ဆရာတော်ကြီး ချီးမြှင့်ခဲ့သော ဥဒါန်းဂါထာ	လှစိုး(သပြေကန်)	၃၉၈
၈၉။	ကျွန်တော့်ဆုတောင်း	မောင်လှသိန်း(ဟသ်ာတ)	၃၉၉
၉၀။	နလုံးသားထဲက စွဲမြဲနေသော သာသနာ့ အာဇာနည်	မြတ်ဇံ	၄၀၂
၉၁။	လောကရဲ့အမြတ်ဆုံးရတနာ	ဦးသက်စိန်(ပြည်)	၄၀၇
၉၂။	ဆိုင်းဆလံဆရာတော်	ရန်တင်းမောင်	၄၁၃
၉၃။	ဘာဝနာထုံမွှမ်း ဘေးမသန်း	သပြေကန်သား	၄၁၉
၉၄။	ကျွန်ုပ်၏ မပိုပြင်သည့် ပူဇော်မှု	မောင်ကျင်ဝုက်	၄၂၅
၉၅။	အမှတ်တရများရေးသားပူဇော်	ဒေါက်တာဒေါ်ငကျော်(သွား/ဆရာဝန်)	၄၃၀
၉၆။	ဓမ္မနှင့်အတူနေပါ	ကံမြင့်	၄၃၅
၉၇။	တိုးမျှားအားထားရာအမှန် မြတ်သံယာတော်	ဦးကြင်	၄၃၈
၉၈။	ကဿပထေရ်မဟာစေတနာသိုပ်မာနှင့် အရှင်အာနန္ဒာအလားအဲ့ဖွယ်များ	သန်မာဦး(ပြည်)	၄၄၅
၉၉။	မေတ္တာဓါတ်ကြီးမားတော်မူလှသော သပြေကန်ဆရာတော်ကြီး	မောင်ကံသစ်(ပန်းဘဲတန်း)	၄၄၉

တွေ့ဆုံမေးမြန်း ဆရာအစွမ်း

၁၀၀။	ဒေါ်ရွှေဝါစိုး၊ဒေါ်စောချယ်ရီသိန်း (ဦးခင်လှ)	သာသနာ့အကျိုးရွက်သယ်ဝိုး	၄၅၅
၁၀၁။	ဒေါ်ရွှေဝါစိုး၊ဒေါ်စောချယ်ရီသိန်း (ဦးသိန်းဟန်)	ဆရာ,ဒကာလက်တွဲညီညာ	၄၆၀

ဥပါသိကာ စာဆိုများ၏ ဝတ္ထုပုဒ် ဆောင်းပါးလွှာများ

၁၀၂။	ယုဝတီကလောင်ရှင်သက်မှ	ရွှေတောင်ပြိုလည်းလင်းလက်မြဲသာ	၄၆၈
၁၀၃။	ဗိုလ်မှူးခင်လှသီ(ငြိမ်း)	စပျစ်သီးငါးလုံး	၄၇၂
၁၀၄။	ဒေါက်တာမာမာကြည်	တန်ဖိုးကြီးလှသြဝါဒ	၄၈၀
၁၀၅။	မဝိမလ	မြတ်ဗုဒ္ဓရင်နှစ်သားတော်စစ်	၄၈၄
၁၀၆။	တောင်လုံးပြန်သူခင်ကြူလွိုင်	မေမေ့ရဲ့အပြုံးကျွန်မရဲ့ဝိတိ	၄၉၃
၁၀၇။	ဝါဝါ	ဘဝတစ်ကွေ့မမေ့စရာ	၄၉၆
၁၀၈။	မညီရည်	သပြေကန်ဆရာတော်ကြီး၏မေတ္တာ	၅၀၇

အထွေထွေ ကဏ္ဍများ

၁၀၉။	သူရိယဆရာဆွေ	စာမူတောင်းခံလွှာ	၅၁၂
၁၁၀။	သာသနပါလကအဖွဲ့	ဖိတ်ခေါ်သံ	၅၁၃
၁၁၁။	အလှူရှင်စာရင်း		၅၁၄



သန်လျင်မြို့နယ် ရုံးသပြေကန်ရွာရှိ မဟာဓမ္မိကာရာမကျောင်းတိုက်

သိမ်တော်အတွင်းမှ ဗုဒ္ဓရုပ်ပွားတော်မြတ်

သဒ္ဒါကြီးနိသျသစ်ကျမ်းပြု ပထမ သပြေကန်ဆရာတော်ကြီး

အဂ္ဂမဟာပဏ္ဍိတ ဦးဥက္ကံသ



မန္တလေးမြို့ အဘယာရာမ ရွှေဂူတိုက်
အဘိဓာန် နိဿယ ကျမ်းပြုဆရာတော် ဦးအဂ္ဂဓမ္မ



ပရိတ်ကြီးနိဿယသစ် ကျမ်းပြုအကျော် သပြေကန်ဆရာတော်
အရှင်ဝိသေဋ္ဌာဘိဝံသ

တတိယ သင်ပြောကန် ဆရာတော်ကြီး ဦးပုန်နှင်

သပြေကန် ဆရာတော်ကြီး ကိုးကွယ်သော ဗုဒ္ဓဆင်းတုတော်မြတ်

သပြေကန် ဆရာတော်ကြီး၏
စာကြည့်တိုက်

သပြေကန်ထေရကူပြည့်ဂုဏာပူဇော

စာတော်ဖြစ်မြောက်ရေးအဖွဲ့.

ဥဇ္ဇနီတောင် ရွှေကျင်ကျောင်းတိုက်

၂၀၁၀

နာယက ဆရာတော်များ

ဝဲမှယာ - ဦးရေဝတ၊ ဦးထေရဝံသ၊ ဦးဓမောဘာရ၊ ဦးသုမန၊ ဦးနရိန္ဒ

သပြေကန်ထေရကူမြည့်ဂုဏ်တော်ပူဇော

စာစောင်ဖြစ်မြောက်ရေးအဖွဲ့.

ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်

၂၊၁၀၊၂၀၁၁

ဦးကြင်၊ဦးအောင်မွန် (မြတ်ဆုမွန်)၊ဒေါ်သက်သက်ဆွေ (မသက်ဆွေ – သရက်) ဦးညွန့်ဆွေ (မောင်ဆွေသက်)၊ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး–မြောင်းမြ)၊ဦးစိုးသိမ်း (မောင်ဝံသ)၊ ရှေ့တန်း(ဝဲ)

သီဟသုခမွမကီဇောတခရ ဦးခင်လှ၊ဦးစိုးလွင်၊ဦးကျင်ဝှက်၊ဦးလှသိန်း၊ဦးသိန်းဇံ ရှေ့တန်း(ယာ)

ဒေါ်စောချယ်ရီသိန်း (မိခင်ရောဝတီ)၊ဒေါ်ရွှေဝါစိုး (မဝိမလ)၊ဒေါ်လှစိုးကြည်၊ဦးသက်စိန် (ဖြူး)၊ဦးမြတ်စိုး (လှိုင်)၊ဦးကျော်ဝင်း (စကြည့်တိုက်မှူး)၊ဦးစန်းမြင့် (မောင်ကောင်းမြင့်) နောက်တန်း(ဝဲ)

ဦးကျော်အောင် (ကျော်ထက်အောင်)၊ဦးလှသိန်း၊ဦးဇော်ဝင်းမောင်၊ဦးလှစိုး၊ဦးသိန်းမြင့်၊ဒေါ်ခင်စန်းမြင့်၊ ဒေါ်မြင့်ကြည် နောက်တန်း(ယာ)

မလာရောက်နိုင်သူများ – ဦးချစ်စံဝင်း၊ဓမ္မာစရိယ ဦးထွန်းလွင်၊ဦးရဲမြင့် (သရဖူမဂ္ဂဇင်း)၊ဦးသိန်းဟန်၊ ဦးခင်မောင်၊ဒေါ်သက်သက်ခိုင် (မြတ်ဆုမွန်)

သဗ္ဗကာနံ ဓေတရဋ္ဌပြည်ဂုဏာဝုတ သာဓုတေဇ

အင်္ဂုတ္တရဘာဏ်အဋ္ဌကထာပါဠိတော်

သပြေကန်ဆရာတော် အရှင်ဝိသေဋ္ဌာဘိဝံသ

မာရာရိဗလဝိဿဋ္ဌာ ၊
ကုဏ္ဍာ နာနာ ဝိဓာယုဓာ ။
လဒ္ဓမာနုညဓေသေန ၊
ဇိန ပါဒါနတာ တဝေ။ (သုဗောဓာလင်္ကာရ)
တိဋ္ဌာဟိ ဒါနိ ဥဒ္ဒိဿ ၊
စေတိယေ တွံ ဇိနော ဝရော ။

ဇိန - မြေရောမိုယ်းပါ သိမ့်သိမ့်ညာ တုန်ခြိမ့်လျက် ခုဒလိမ့် သွက်သွက်ခါ စက္ကဝါမောက်အုံနယ်သို့ ကြောက်လန့်ဖွယ် မာရ်ပွဲဋ္ဌ အံမခဲ အားမပြုတရားမှု ပါရမီဖြင့် အသာတကြည် အောင်ပန်းခူးပေသည့် အောင်နန်းမူးထွဋ်တင် အဓိပတိ လောကသခင်၊ မာရာရိ ဗလဝိဿဋ္ဌာ -မာရ်မင်းတည်းဟူသော ရန်သူ၏မာန်မူကာ လုမဟဲ့လို့ အတုမဲ့ ပရမေရှင်၏ ရွှေပလ္လင် ရပ်ရှစ်လည်မှာ နတ်စစ်သည် အဆိုးဖွဲ့လျက် ထိုးမဟဲ့ သတ်မဟဲ့ ကပ်ဟဲ့ ဖမ်းဟဲ့ဟု အရမ်းမဲ့ ဟစ်ကြွေးလျက် စစ်ရေးဆိုကာဆိုကာ သူဗိုလ်ပါ စစ်သူရဲတို့က ပစ်ကွဲထိုးလွှင့် အပ်ကုန်သော၊ နာနာဝိဓာ - အထူးထူး အပြားပြား တဖွေးဖွေး တလက်လက် သွေးပျက် စရာ လွန်စွာများပြား အစားစားဖြစ်ကုန်သော၊ အာယုဓာ- တင်းပုတ်လေးမြား လှံခါးသန်လျက် နတ်စက်ဝဇိန် ထိန်တငြီးငြီး လက်နက်ကြီးတို့သည်၊ ကုဏ္ဍာ - ပါရမီ ညွှန့်ရိန်ကြောင့် တွန့်လိမ်ကာနွမ်းပျော့ အစွမ်းလျော့ကာ နုံးခွေလျက် တုံးပေပေချည်းသာ ဖြစ်ကြကုန်၍၊ လဒ္ဓမာနာ-ပါရမီကိုရွံ့စိုး ဘုန်းတန်ခိုးကို မဝံ့သာ တွန့်ကာ တွန့်ကာ ရုက်စရာဟု မျက်နှာမဖော်ဝံ့သလို ဖြစ်ကြကုန်လျက်၊ အညဓေသေန - နဂိုအသွင်ကိုဖျောက် ပေါက်ပေါက်လို့ တစ်ခန်း ပန်းလိုတစ်သွယ် ဆန်းကြယ်များဟုန် တစ်ခြား တစ်ဖုံသော အသွင်ပြင်ဖြင့်၊ တဝ-နတ်လည်းမကူလူလည်း မပါ၊ ဗြဟ္မာလည်းပြေး ကိုယ်ရေးကိုယ်တာ ကိုယ်ချည်းသာလျှင် ပါရမီရဲ့ လက်နက်စွဲ၍ အောင်ပွဲဆင်ယင် ရှင်တော် မြတ်ဘုရား၏၊ ပါဒါနတာ - တစ်ရှာရှစ်ခန်း ရွှေစက်ပန်းဖြင့် ဆန်းကြယ်တုလွတ် ခြေတော်စုံဖူးအထွတ်ကို ဦးညွတ်ကြရ ပါကုန်သည်ဘုရား ···။

ဝရော - လူနတ်အများ လိုလားမပြတ် တောင့်တ အပ်မြတ်ပေထသော၊ ဇိနော - ငါးမာရ်အဟုန် ရန်သူပုန်ကို အကုန်ပယ်နှင် အောင်ပွဲဆင်တော်မူထသော ၊ တွံ - နွဲဆင်သမျှ ပွဲဝင်လှ၍ လုံးဝအောင်မြင် ဘုရားမြတ်အရှင်သည်၊ ဒါနိ-ဣဒါနိ-ဗုဒ္ဓပူဇာမဂ်လာအမှု ပြုမည်ဖြစ်ရာ ယခုအခါ၌၊ ဥဒ္ဒိဿစေတိယေ - ရှင်တော် မြတ်ဘုရား ကိုယ်စားတော်သရုပ်ပြု ရုပ်တုရွှေရည် အသရေတည်လတ် ဥဒ္ဒိဿစေတီတော်မြတ်၌၊ တိဋ္ဌာဟိ - ဗုဒ္ဓါဘိသေက မင်္ဂလာခံယူကာဖြင့် သဒ္ဓါကြည်စေ ရည်မသွေမြော် တည်နေတော်မူလှည့်ပါ လောကထွတ်တင် အောင်ပွဲရှင် အောင်ဘုရင် ရှင်တော်မြတ်ကြီးဘုရား ×××။

ပုဂ္ဂန်တောင် ရွှေကျင်ကျောင်းတိုက်
ပဓာန နာယက
အဂ္ဂမဟာပဏ္ဍိတ
အရှင်ခေမာစာရ
၏
သဘောထား

လောကတွင် ကောင်းကျိုးတရားကို လိုလားသူတို့၏ ပူဇော်မှုကို ခံယူထိုက်သော သူတို့ကား ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, အရိယသာဝက, ဆရာ, ဥပဇ္ဈာယ်ဆရာ, အမိ, အဖ စသည်တို့ပင် ဖြစ်ပါသည်။ ထိုတွင် ဗုဒ္ဓသည် အဘယ်ကြောင့် ပူဇော်ခံယူထိုက်သနည်းဟူမူ။ ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကြီးကိုရပြီး ပရမတ္ထသဘာဝ, အဘိဓမ္မသဘာဝ, နိယာမ သဘာဝတို့ကို ထုတ်ဖော်၍ လူသုံးဦးတို့အား သိမြင်စေသောအားဖြင့် လောကရဲ့မျက်လုံးကို ဖွင့်ပေးတော်မူသောကြောင့် ကျေးဇူးတရား အလွန်ကြီးမားရကား ပူဇော်မှုကို ခံယူထိုက်ပါသည်။ ပစ္စေကဗုဒ္ဓသည်လည်း ပါရမီဖြည့်မှု ကျင့်ကြံမှုတို့ဖြင့် ဆရာမရှိ မိမိအလိုလို သစ္စာလေးပါး တရားကို သိမြင်၍ ကိလေသာတို့မှ ကင်းစင်တော်မူသောကြောင့် ပူဇော်မှုကို ခံယူထိုက်ပါသည်။ အရိယသာဝကသည်လည်း သမ္မာသမ္ဗုဒ္ဓထံမှာ နည်းခံ၍ သစ္စာလေးပါး တရားသိကာ ကိလေသာတို့မှ ဝေးကွာသောကြောင့်ပင် ပူဇော်မှုကို ခံယူထိုက်ပါသည်။ သီလစသည် ပြည့်စုံ၍ ဝိယစသော ဂုဏ်(၇)ပါးတို့ဖြင့် ဝန်းရံနေသော တစ်နည်းအားဖြင့် "န,လာဘကာမ" စသော ဂုဏ်(၇)ပါး ပြည့်စုံသော ဆရာသည်လည်း မိမိတပည့်သားမြေးတို့၏ စစ်မှန်သည့် အကျိုးစီးပွားကို လိုလိုလားလား ကျင့်ကြံတတ် ဆောင်ရွက်တတ်သောကြောင့် ပူဇော်မှုကို ခံယူထိုက်ပါသည်။ ဥပဇ္ဈာယ် ဆရာသည်လည်း မိမိ၏ တပည့် သားမြေးတို့အကျိုးကို လိုလိုလားလား မိဘကဲ့သို့ပင် အနီးကပ်ကြည့်ရှု ဆုံးမတတ်သည်ဖြစ်၍ ပူဇော်မှုကို ခံယူထိုက်ပါသည်။ အမိသည်လည်း

သားသမီးတို့ကို မြတ်နိုးတတ် မေတ္တာတရား ကြီးကြီးမားမား ထားတတ်သောကြောင့် ပူဇော်မှုကို ခံယူထိုက်ပါသည်။ အဖသည်လည်း သားသမီးတို့ကို စောင့်ရှောက်ကျေးမွေးတတ်သောကြောင့် ပူဇော်မှုကို ခံယူထိုက်ပါသည်။

သက်တော်ထင်ရှား ရှိသည်လည်းဖြစ်စေ မရှိသည်လည်းဖြစ်စေ တိုဗုဒ္ဓ စသည်တို့အား ရှိခိုးခြင်း စသော ပူဇော်မှု ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်ခြင်းဖြင့်ရရှိသော အကျိုးများကို ဤရွေ့ဤမျှ သာဟု မည်သည့် ပညာရှင်မျှ ဝိုင်းခြား၍ မပြနိုင်၊ များသော အကျိုးရှိသည်ဟုသာ ဆိုနိုင်ပါတော့သည်။ ရှိခိုးခြင်းဟူသည်လည်း ဂုဏ်တော်ကို ထုတ်ဖော်မြွက်ဆိုခြင်း, စိတ်ဖြင့် အောက်မေ့ဆင်ခြင်ခြင်းလည်း ပါဝင်သည်သာ ဖြစ်ပါ၏။

ဤသို့ဆိုလျှင် လွန်တော်မူပြီးသော "အဘိဓေ့ မဟာရဋ္ဌဂုရု, အာဒိကမ္မိကသိရောမဏိ, ရွှေကျင် နိကာယဥပ ဥက္ကဋ္ဌ, သီလသုတစွယ်စုံ ပြည့်ဝသည့်, ကျမ်းပြုအကျော်, သပြေကန်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ"သည်လည်း ထိုက်ထိုက်တန်တန် ကျမ်းဂန်တို့ကို ရေးသားခြင်း, နှက်နဲ့ ဆန်းကြယ် လိုက်နာဖွယ်သော အဆုံးအမတို့ဖြင့် ဆုံးမခြင်းတို့ဖြင့် လောကဓါတ်လုံးကို ဖွင့်ပေးသော ကြောင့်လည်းကောင်း၊ ကိလေသာ ခေါင်းပါးအောင် ကျင့်တော်မူသောကြောင့်လည်းကောင်း ပူဇော်မှုကို အမှန်တကယ် ခံယူထိုက်သော ပုဂ္ဂိုလ်မြတ်တစ်ဆူပင် ဖြစ်ပါသည်။

သပြေကန်ဆရာတော်အား ပူဇော်သည်ဆိုသော်လည်း သပြေကန်ဆရာတော်သည် ဗုဒ္ဓဂုဏ်, ဓမ္မဂုဏ်, သံဃာ့ဂုဏ်တော်တို့ကို ထုတ်ဖော်ပြသထားခြင်း၊ သာသနာတော်၏ ကျေးဇူးတရား များကို ပြသထားခြင်း ရှိခဲ့ရာ ရတနာသုံးပါးနှင့် ထေရဝါဒသာသနာတော်ကိုလည်း ပူဇော်ရာ ရောက်ရုံမျှမက၊ မျက်မှောက် လောကအကျိုးကိုလည်း ဆောင်ရွက်ရာ ရောက်ပါသည်။ ထို့ကြောင့် သပြေကန်ဆရာတော်ကို ပူဇော်ရခြင်း၏ အကျိုးသွားကား ဤမျှသာဟု ဝိုင်းခြား၍ ရနိုင်မည် မဟုတ်ပေ။

သပြေကန်ဆရာတော်ကို ဤသို့ပူဇော်ခြင်းဖြင့် ကျွန်ုပ်တို့ မျက်မြင်ရရှိနိုင်သော အကျိုးတရားများကား (၁) ဆရာတော်ကြီးလို သီလ, သုတစွယ်စုံ ပြည့်ဝသော ရှင်ရဟန်းကောင်းများ ဖြစ်ထွန်းထွက်ပေါ်လာနိုင်သည်။ (၂) ထိုရှင်ကောင်းရဟန်းများကို အမှီပြု၍ သာသနာတော် အစွန့်ရှည်ကြာတည်တံ့နိုင်သည်။

(၃) ဆရာတော်ကြီး၏ အဆိုအမိန့်သြဝါဒများ လောကလူသားတို့ အလယ် ပျံ့နှံ့၍ ယဉ်ကျေးသိမ်မွေ့သည့် လူဘောင်သစ်ကြီး ပေါ်ထွန်းလာနိုင်သည်။

ဤသို့ မြင်မြော်ရကား ပူဇော်ထိုက်၍ "သပြေကန်ထေရ ရာပြည့်ဂုဏ်ပူဇော်" စာအုပ်ဖြင့် ပူဇော်ရခြင်းဖြစ်ပါသည်။



သပြေကန်သဒ္ဓါကြီးနိုသျှသစ်၊ ကျမ်းပြု

ပထမဆရာတော်ဘုရားကြီး၏
ဆုတောင်းပတ္ထနာ ဆုကြီးပန် ဂါထာ

ယံ သိဒ္ဓံ ဣမိနာ ပုညံ၊ ယံ စ'ညံ ပသုတံ မယာ။
အနေန ပုညကမ္မေန၊ ဓုဝံ ဗုဒ္ဓေါ ဘဝါ'မဟံ။

ဣမိနာ-ကစ္စာနတ္ထ ဒီပနီ အမည်သာစွ ဤသပြေကန်သဒ္ဓါကြီး နိသျှသစ်အား ကျမ်းဂန်စကား အလေးထားမှု ရေးသားပြုစုရခြင်းဖြင့်၊ ယံ ပုညံ-သူတော်ကောင်းစု အကြောင်းပြုသည့် တောင်းဆုဆင်ရာ အကြင်ကောင်းမှုမဂ်လာသည်၊ သိဒ္ဓံ-ခရီးရောက်ချေ ပြီးမြောက်ခဲ့ပါပေပြီ၊ မယာ-ကုသိုလ်အရာ ဝါသနာအားရှိ၊ ဘုရားတပည့် ဤအရှင်သည် ယံ အညွှန်-ကျမ်းဂန်ရေးသား ဤတရားမှ တခြားပေါင်းစု အကြင်ကောင်းမှုကိုလည်း၊ ပသုတံ-အာစိဏ္ဏာကံ အရှိန်သန်အောင် ဖန်ဖန်ထပ်ထပ် အများကြီးဆည်းပူးအပ်ပါပေပြီ၊ အနေန-ပုည-ကမ္မေန-များအလီလီ အရှည်ပေါင်းစု ဤကောင်းမှု စေတနာကြောင့်၊ အဟံ-အကောင်းဆုံးဉာဏ် ထက်သန်ရည်မြင် ဤအရှင်သည်၊ ဝါ-ဥက္ကံသာစာရ နာမဘွဲ့ချည် သပြေကန်ဆရာ မထေရ်ငါသည်၊ ဓုဝံ-အခြေခံလှ ကန္တပင်လျှင်၊ ဗုဒ္ဓေါ-သဗ္ဗညုဟု တစ်ဆူထင်ရှား ရှင်တော်မြတ်ဘုရားသည်၊ ဘဝါမိ-ဂုဏ်တော်ခန်းလှစ် ဆန်းအသစ်ဖြင့် တခေတ်လှချေ ဖြစ်ရပါစေသတည်း။

[သပြေကန်သဒ္ဓါကြီးနိသျှသစ်၊ တတိယအုပ်၊ နိဂုံး၊ ၇၄၉]

သပြေကန် ပရိတ်ကြီးနိသယသစ် ဆရာတော်ကြီး၏

"သာဓုဇနာ နန္ဒ" တိုက်ကျောင်း

ဝါဒါ' ဗျ' ကွရဇီပတ မေတ္တာဝို ဝါထာ

သာဓု = သာဓု သုခီ ဇနာ ဟောန္တု၊

● = ဇနေန္တု သိရိ မင်္ဂလေ၊

နာ = နာသေန္တု ပါပကေ ကမ္မေ၊

နန္ဒ = နန္ဒန္တု သုကတေ သုဘေ"။

ဇနာ-လောကဓာတ်အဖုံဖုံ ဘုံအရပ်ရပ် ဇာတ်အဖြာဖြာ သတ္တဝါအပေါင်းတို့သည်၊ သာဓု-အေးချမ်းသာယာ ကောင်းမွန်စွာ၊ သုခီ-ဟောန္တု-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေကုန်သတည်း၊ သိရိမင်္ဂလေ-ကြက်သရေအဖြာဖြာ မင်္ဂလာ အပေါင်း အကောင်းအရပ်ရပ် အမြတ်အဖုံဖုံတို့ကို၊ ဇနေန္တု-အသစ်အသစ်ဝေ ဖြစ်ကြပါစေကုန်သတည်း၊ ပါပကေ-ကမ္မေ-မကောင်းအပြု အမှုထိုထို အကုသိုလ်တို့ကို၊ နာသေန္တု-တရားလက်နက် စွဲလျက်ပိုင်ပိုင် ဖျက်ဆီးနိုင်ကြပါစေ ကုန်သတည်း၊ သုဘေ-ဂုဏ်တွေမြင့်ကြွယ် တင့်တယ်လှကုန်သော၊ သုကတေ-ကောင်းမှုထိုထို ကုသိုလ်တရားတို့ကို၊ နန္ဒန္တု-မပစ်ရက်အောင် ချစ်မက်ပိုင်ပိုင် နှစ်သက်နိုင်ကြပါစေကုန်သတည်း။

(သာဓု သာဓု သာဓု)

[သိရိ ဝယ်, ရိ ၌ ဆန်းကြောင့် ရဿ အနက်မှာ သိရိ-ဟု ဖော်ပေး။]

ရန်ကုန်မြို့၊ကမ္ဘာအေးကုန်းမြေနိုင်ငံတော်သံဃမဟာနာယကအဖွဲ့

ဥက္ကဋ္ဌဆရာတော်ကြီး

အဘိဓဇမဟာရဋ္ဌဂုရု

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ

၏

ဥယျောဇနကထာ

သပြေကန်ဆရာတော်ကြီးကား ရှင်သာမဏေဘဝ၌ပင် ဝိနည်း(၅)ကျမ်းကို နှုတ်တက် အာဂုံဆောင်နိုင်သည်၊ ရဟန်း(၁)ဝါအရ၌ပင် သံယုတ် (၅)ကျမ်းကို နှုတ်တက် အာဂုံဆောင်နိုင်သည်၊ စာမေးပွဲများ၌လည်း အဋ္ဌကထာကြီး(၉)ကျမ်းကို တစ်နှစ်တည်းဖြင့်အောင်မြင်သဖြင့် "သိရောမဏီ" ဟူသော ဘွဲ့တူးကို ရရှိတော်မူသည်။

ကျမ်းပြုရာ၌လည်း ကျမ်းပြုအကျော် ဆရာတော်များကပင် အံ့ဩလောက်အောင် အနက်ဆံချောချော အဓိပ္ပာယ် ပေါပေါလွင်လွင် ထင်ထင်ရှားရှား အမှာအထားနှင့်တကွ ရေးသားဆုံးမတော်မူသည်။

သာသနာတော်အတွင်း မိုးတင်းနေထိုင်သူ ရဟန်းရှင်လူ အပေါင်းတို့၏ ဖခင်ကြီးသဘွယ် ဖြစ်ပေသည်။

အဋ္ဌကထာများ၌လည်း ဤပုဂ္ဂိုလ်မျိုးကို "ဗုဒ္ဓါနာမ" ဘုရားပင် မည်တော့သည်ဟု ချီးကျူးဖွင့်ဆိုကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိဆရာတော်များနှင့်တကွ ဒကာ ဒကာမ သူတော်ကောင်းတို့က တိပိဋကမင်းကွန်းဆရာတော် ဘုရား၊ မဟာစည်ဆရာတော်ဘုရား၊ သပြေကန်ဆရာတော်ဘုရားတဲ့၊ "ဘုရား" ဟူသော စကားလုံးဖြင့် ခေါ်ဝေါ်ပူဇော်ကြလေသည်။ ဘုရားအရာ၌တည်သော ဆရာတော်ဟု ဆိုလိုပေသည်။

သပြေကန်ဆရာတော်ဘုရား၏ ရာပြည့်မွေးဖွားစာမူများ၊ စာအုပ်များဖြင့် ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးတော်များ ပျောက်ပျက်မသွားအောင် ထိန်းသိမ်းရာရောက်သဖြင့် တပည့်ဒကာ ဒကာမများနှင့်တကွ တစ်သာသနာလုံးက အားပေးချီးမြှောက် ပူဇော်အပ်ပေသတည်း။

ပရိတ္တာမိနုယုတ္တာ ယေ၊ ဝိန္နာန္တေဝ ရသ် ဖလံ။
ကီ အာဟာရံ အာဟုတ္တာသေ၊ ဝိပါကံ စ ရသ် ဝိဒူ။

သဒ္ဒါကြီးသပြေကန်
နှင့်
ပရိတ်ကြီး သပြေကန်

ဘဒ္ဒန္တအာဠိယ

သပြေကန် သဒ္ဒါကြီးနိသျ ဆရာတော်နှင့် သပြေကန်ပရိတ်ကြီးနိသျ ဆရာတော် ၂-ပါး(ဆရာ ၂-ဆူ)အား အတူတကွတစ်ပြိုင်နက် ရှိခိုးလိုက်ပါသည်။

ဆရာသမားဖြစ်သော အဂ္ဂမဟာပဏ္ဍိတ သဒ္ဒါကြီး သပြေကန်ဆရာတော်ကြီးသည် ၁၂၃၃-ခုနှစ်တွင် မန္တလေး၏ မြောက်ပိုင်း စဉ့်ကူးမြို့နယ် မွေပုံကန်ရွာ၌ ဖွားမြင်သည်။ (ယခု ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် မွေပုံကန်ရွာ ဖြစ်သည်။)

သဒ္ဒါကြီးနိသျကျမ်းကို သုတ္တသင်္ဂဟပါဠိတော်နိသျ၊ ကစ္စာနသံခိပ်ရူပ်တွက်နိသျနှင့် အဓိပ္ပါယ်အဆုံးအဖြတ်

တို့ကို ရေးသားထုတ်ဝေပြီးသော အချိန်ကာလ၌-

ခရစ်သက္ကရာဇ် ၁၉၃၃-ခုနှစ်တွင် ပထမဆုံး အကြိမ် ပုံနှိပ်။ ၁၉၅၂-ခု၊ ဒုတိယအကြိမ်ပုံနှိပ်။ ၁၉၅၆-ခု တတိယအကြိမ်ပုံနှိပ်။ ၁၉၆၅-ခု စတုတ္ထအကြိမ်ပုံနှိပ်။ ၁၉၆၈-ခု ပဉ္စမအကြိမ်ပုံနှိပ်ဟူသော မှတ်တမ်းနှင့် ဦးအေးက ထုတ်ဝေသည်ဟူသော မှတ်တမ်းများ တွေ့ရ၏။

ထိုမှတပါး မှတ်တမ်းမှတ်ရာများ ရှိမည်ဖြစ်သော်လည်း မတွေ့ရ ဖြစ်နေ၏။ ဤစာရေးသူသည် ၉၅-နှစ် ၇၆-ဝါ ဓရာ ဒုဗ္ဗလဖြစ်၍ စာအုပ်ရှာဖွေခြင်း စာစုတွေ့ဖတ်ရှုခြင်းများ အလွန်ကြီး မလုပ်နိုင်တော့ပါ။

ဤဆောင်းပါးဖြင့် သပြေကန် ၂-ပါး(၂-ဆူ) နောက်နှောင်းသုတေသီတို့အတွက် သဒ္ဒါကြီး သပြေကန်က ဥပဇ္ဈာယ်ဆရာ၊ ပရိတ်ကြီး သပြေကန်က သဒ္ဓိဝိဟာရိကတပည့်ဖြစ်သည်ကို သိစေလိုရင်းဖြစ်သည်။

သဒ္ဒါကြီးဆရာတော်ရေးသော ကျမ်းစာအများ၌ မဟာဝိသုဒ္ဓါရုံဆရာတော်နှင့် တွဲတေးဆရာတော် ၂-ပါးကို (ဂုရု)လေးစားအပ်သောဆရာအဖြစ် ကျမ်းစာမှာ ထည့်ရေးပြီး အလေးပြု ဂုဏ်ပြု အဋ္ဌကထာပြု ခဲ့သည်ဖြစ်၍ ခဲ့သည်ကြည်ညိုရပါသည်။

သပြေကန်သဒ္ဒါကြီးနိသျကျမ်းစာမြတ် ထွက်ပေါ်လာချိန် နိုင်ငံအဝှန်း အလုအယက် ရှာကြဖွေကြ ဝယ်ယူကြတာတွေ့ ရှိပါသည်။

စာအုပ်ထွက်လာသောအခါ ကျမ်းပြုဆရာတော်သည် ရှားပါး အဂ္ဂမဟာပဏ္ဍိတ တစ်ပါးဖြစ်၍ ဤကျမ်းစာရေးရန် အနူးအညွတ် အရွေ့သကပြု အဘိယာစကအဖြစ် တောင်းပန်သော ဆရာတော်ကလည်း တခြားဆရာတော်မဟုတ် "အလင်္ကာနိသျနှင့် ကဲ့,ဉာဏ်,ဝီရိယ အကျယ်လက်စွဲကျမ်းကြီး" ရေးသား၍ ရွှေကျင်နိကာယ ဥပဥဉ္ဇ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် စံကျောင်း ဆရာတော် ဖြစ်နေပြန်ရာ ထိုခေတ် ထိုအခါက ထိုသို့ ခိုင်မာတောင့်တင်းသော ကျမ်းတတ်အကျော် ဆရာတော်တို့ ရှိပါတကားဟု ယနေ့သောတုဇနတို့ အာရုံထဲ ပေါ်စေချင်သည်။

ဘာကြောင့် ဤသို့ ပြတ်ပြတ်သားသား ပြောရပါသနည်းဆိုရင် ဤဆရာတော်တို့အား တကယ့် လဒ္ဓီလည်း ဖြစ်၊ စာတတ်လည်းဖြစ်၊ သူတော်ကောင်းတွေလည်း ဖြစ်နေသည်ကို အစိုးရအဖွဲ့က အစ ဖူးတွေ့ရမည့်အချိန် ဖြစ်နေသည်။ ရှားပါးသော ဒုလ္လဘဘုန်းကြီးများဖြစ်လို့ အရေးကြီးဟု ပြောရပါသည်။

ကျမ်းပြုဆရာတော်သည် သဒ္ဒါကြီးနိသျကို "ကစ္စာနတ္ထဒီပနီ" ဟု အမည်ပေးထားပါသည်။ "ဘာသာဋီကာ မဟာနိသျကျမ်းသစ်ကြီး" ဟူ၍ ကင်ပွန်းတပ်ခဲ့ပါသည်။

သဒ္ဒါကြီးနိသျ နိဂုံးပါဠိအနက်တို့ကို အကုန်အစင် မဖော်ပြဘဲ လိုရင်းကလေးမျှ အနည်းငယ် ဖော်ပြပါရစေ။ ကြည်ကြည်ညိုညို ဖတ်ရှုစေချင်ပါသည်။

"သမောသဒ္ဓာ၊ မာဂဓ သက္ကတ အဝဝသော ကျမ်းဂန်တို့၏ ဆုံစည်းစုဝေးရာဖြစ်သော။ ကစ္စာနတ္ထဒီပနီ၊ ကစ္စည်းကျမ်း၏ အနက်အဓိပ္ပါယ်ကို အကျယ်တဝင့် ဖွင့်ပြရာ ဖွင့်ပြကြောင်းဖြစ်၍ ကစ္စာနတ္ထဒီပနီမည်သော။ အယံ-စသော၊ ဤဘာသာဋီကာ မဟာနိသျ ကျမ်းသစ်ကြီးသည်။ ဣဒါနိ-ဣမသ္မိံကာလေ၊ ဤ ၁၂၉၃-ခုနှစ် ဥတုဝဿန် တော်သလင်းလဆန်း ၁-ရက် တနင်္ဂနွေနေ့ လေးနာရီအချိန်ကာလ၌။ ဝေ၊ စင်စစ်။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ပတ္တာ၊ ရောက်လေပြီ"။ **ကြားညှပ်တောင်းပန်ခြင်း။** သပြေကန်စာစောင် မဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့အား သပြေကန်သဒ္ဒါကြီးနိသျ တတိယအုပ် နောက်ဆုံးနိဂုံးဂါထာပါဠိအနက်ကို စာစောင်ငယ်လက်ကမ်းအဖြစ် ဝေငှ ဓမ္မဒါနပြုကြဖို့ မေတ္တာရပ်ခံပါသည်။

"ဤကျမ်းစာ ထွက်ပေါ်လာပြီးနောက် ဘုရားသာသနာတိုးတက်ကြီးပွားကြပါစေ မြန်မာ့လွတ်လပ်ရေးရအောင် ကြိုးစားဆောင်ရွက်နေကြသော မြန်မာ့နိုင်ငံရေးခေါင်းဆောင်များသည်လည်း အကြံအစည် အောင်မြင်ကြပါစေ၊ မြန်မာ့လွတ်လပ်ရေး အချိန်မကြာမီ မြန်မြန်ကြီးရပါစေ..."

ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် လွမ်းမောကြည်ညိုဖွယ် အားမရအောင် ဖြစ်ရခြင်းကား တခြားမဟုတ်၊ ဤကျမ်းစာကို ရေးပြီးပါပြီ ဆိုသော နောက်ပိုင်း၌ ပုထုဇဉ်သူတော်ကောင်းတို့ ဖြစ်မြဲ စိတ်ဆန္ဒကို ဖော်ပြသွားပါသည်။ "ဤကျမ်းစာ ထွက်ပေါ်လာပြီးနောက် ဘုရားသာသနာတိုးတက်ကြီးပွားကြပါစေ...မြန်မာ့လွတ်လပ်ရေးရအောင် ကြိုးစားဆောင်ရွက်နေကြသော မြန်မာ့နိုင်ငံရေးခေါင်းဆောင်များသည်လည်း အကြံအစည် အောင်မြင်ကြပါစေ၊ မြန်မာ့လွတ်လပ်ရေး အချိန်မကြာမီ မြန်မြန်ကြီးရပါစေ...စသည်ဖြင့် ဆုတောင်းပတ္ထနာပြုတော်မူခဲ့ပါသည်။

လဒ္ဓီ-သူတော်ကောင်း သီလဝိသုဒ္ဓိဆရာတော်ကြီး

၏ ဆုတောင်းပတ္ထနာ, သမာဆန္ဒလည်း ပါဝင်သော မြန်မာ့လွတ်လပ်ရေးကား-

၁၃၀၉-ခုနှစ်၊ ဖြာသိုလပြည့်ကျော် ၉-ရက် (၁၉၄၈-ခုနှစ်၊ ဇန်နဝါရီလ ၄-ရက်)နေ့၌ ရရှိခဲ့ပါသည်။ လွတ်လပ်ရေးအောင်ပွဲကြိုးကို တစ်ဖြိုမ်ဖြိုမ် တသဲသဲ တစ်နှိုင်ငံလုံး ကျင်းပကြပါသည်။

ဆရာတော်ကား ဖြစ်ချင်သော လွတ်လပ်ရေးကို နှတ်ပြည်ကနေ ကြည့်နေပါလိမ့်မည်။ ၁၃၀၀-ပြည့်နှစ် တန်ခူးလမှာ လူ့ပြည်ငြိုး၍ နတ်ထီးခိုလှုံကာ နတ်သူတော်ကောင်း ဖြစ်ခဲ့ရပါပြီ။

ပရိတ်ကြီးသပြေကန်ဆရာတော်အကြောင်း ကြည်ညိုဖွယ်ရာ အံ့သြစရာတွေ သိသလောက်လည်း မရေးနိုင်ပါ။ ရေးချင်သမျှလည်း မရေးတတ်ပါ။ ရေးသင့်သည်ကိုပင် အကုန်အစင် မရေးနိုင်၍ ကိုယ့်ကိုယ်ကို အပြစ်တင်ချင်သလိုလို ဖြစ်ရပါသည်။

၁၃၇၂-ခုနှစ်(လွန်ခဲ့တဲ့နှစ်)က တစ်ရာနှစ် ပြည့်ခဲ့၍ နှစ်တစ်ရာပွဲ ကျင်းပသော ယနေ့ ရာပြည့်ပူဇော်ပွဲ၏ အထိမ်းအမှတ် မဂ္ဂဇင်းစာစောင်ကို ထုတ်ဝေကာ စာရေးဆရာများမည်ကျော်တို့၏ အံ့သြချီးကျူးဖွယ်ရာ စာကောင်းပေကောင်း အနှစ်သာရ စာအဆီအနှစ်တို့ကို ထုတ်နှုတ်တင်ပြသော ဤရာပြည့်စာစောင်တွင် ဤစာရေးသူတို့၏စာကို မဖတ်ဘဲ ကျော်လွှားခံရမည်ကို သိပါသည်။ 'ကပ်ကျော် ဆောင်းပါး' ဖြစ်ရပါလိမ့်မည်ကိုလည်း ရိပ်မိနေပါသည်။

ယင်း ပရိတ်ကြီးသပြေကန်ဆရာတော်၏ ဂုဏ်ပုဒ်များကို စိတ်ထဲပေါ်လာသမျှ ရေးမယ်ဆိုရင် ကုန်နိုင်မည် ဆုံးနိုင်မည် မထင်ပါ။

ပါသာဒိကဂုဏ်ကို အပြည့်အဝ ထမ်းဆောင်ခဲ့သော စာတတ်ပုဂ္ဂိုလ်ထူးကြီးတစ်ပါးဖြစ်ကြောင်း အတွင်းသိ အမြင်သိ အစင်းသိ ဖြစ်ပါသည်။

သက္ကသီဟ မန္တလေးပရိယတ္တိ အဘိဝံသ စာမေးပွဲအတွက် မန္တလေး စိန်ပန်းရပ် အဘယာရာမတိုက်လာရောက်နေထိုင်စဉ် စာသင်သား အချင်းချင်းလည်း အချစ်အခင်ခံရဆုံး၊ ဆရာသမား တိုက်အုပ် တိုက်ကြပ်တို့၏ အရေးပေးခံရဆုံးဖြစ်၍ အဘယာရာမ ဆရာတော်ကိုယ်တိုင် ချီးမြှောက်ခဲ့တာတွေ ပြောမကုန်နိုင်ပေ။

စာမေးပွဲ အကြိုးတန်းမအောင်ခင် ဥူးဝါသော်ငြာဘိဝံသ ဓမ္မာစရိယ ဟူ၍ပင် အဘယာရာမဆရာတော်က ခေါ်ဝေါ်သုံးစွဲခြင်းသည် သူမတူအောင် ချီးမြှောက်ခြင်းတစ်ရပ်ပင် ဖြစ်ပါသည်။

တစ်သက်တာ ငယ်ငယ်ဘဝ, ဘုန်းကြီးဘဝ, ဆရာတော်ဘဝ, စာသင်သားဘဝ, စာချဘဝများစွာ ပုံလွှန်သည်အထိ တောက်လျှောက်ယုန်းယုန်တော်မူခဲ့သော ဆရာတော်ဖြစ်သည်ဆိုသည်ကို နိုင်ငံအတွန်း သိပြီး ဖြစ်ပေသည်။

ဒါကြောင့်ပင် စာတတ်ပုဂ္ဂိုလ်မှန်းသိ၍ ငယ်ငယ်က အတွင်းသိဖြစ်၍လည်း မန္တလေး စိန်ပန်းဝိန္ဒာလင်္ကာရဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသကိုယ်တိုင် ဤကျမ်းစာရေးရန် တောင်းပန်ခဲ့သည် မဟုတ်ပါလော။

ဝိန္ဒာလင်္ကာရဆရာတော် အဘိဝံသ ပထမကျော်သာသနာခေါင်းဆောင်တစ်ပါးဖြစ်သည်ကို အများသိရှိ ကြပါလိမ့်မည်။ ဂိုဏ်းပေါင်းစုံ စာတော်ပေတော် မြို့ပေါင်းစုံ ဆရာတော်များ ကမ္ဘာအေး ဓမ္မဒီပမှာ စည်းရုံးပင့်ခေါ်လျှက် သာသနာပြု ဆောင်ရွက်ခဲ့ကြပါသည်။

ဝိန္ဒာလင်္ကာရဆရာတော်၏ သတ္တိဗျတ္တိကို ပြောရလျှင် စာချ စာပြပုဂ္ဂိုလ်တို့နှင့်သာ အပေါင်းအသင်း ပြုခဲ့သည်။ ဝိုင်းလုပ်စရာရှိရင် လုပ်တတ်သော ဆရာတော်ဖြစ်သည်။

သာသနာတော်တွင် လူသိ,သူသိများခဲ့သော ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် ဥူးသီလာ နန္ဒာဘိဝံသက အစ ဝိန္ဒာလင်္ကာရဆရာတော်၏ အနီးအနား ကမ္ဘာအေးမြို့တော်ကြီး၌ နေလာခဲ့ကြရာမှ သပြေကန် ပရိတ်ကြီးနိသျကျမ်းစာမြတ် ထွက်ပေါ်နိုင်ရေး စာပြင်ဌာန၌ ဥူးသီလာနန္ဒတို့ ပါဝင်၏။ ယင်းပရိတ်ကြီးနိသျကျမ်းစာအုပ် နိဒါန်းကို ယင်းဆရာတော်ပင် ရေးသားခဲ့ရာ-

ဥူးသီလာနန္ဒာဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

ပထမသပြေကန် ဆရာတော်ကြီးအား ဗြိတိသျှအစိုးရကချီးမြှင့်သော ဘွဲ့တံဆိပ်တော်



ဇမ္ဗူဒီပကျောင်းဆောင်
သီရိမင်္ဂလာကုန်းမြေ ကမ္ဘာအေး
၁၃၂၇-ခု၊ တပို့တွဲလဆန်း(၆)ရက်
၂၇-၁-၆၆

ဤသို့ တွေ့ရ၏။

အဘယဟူသောမတို်က်ထွက်ခြင်းလည်း တူညီ၍ ကျမ်းရေးပုဂ္ဂိုလ်၊ နိဒါန်းရေးပုဂ္ဂိုလ်တို့၏ ရွေခဲ့ငွေခဲ့ကို အကဲခတ် ကြည့်ရာ ကြည်ညိုဖွယ် များစွာ တွေ့ရ၏။

ဥူးသီလာနန္ဒ၏ နိဒါန်းကိုလည်း ထပ်မံ၍ ကြည့်ရှုဖတ်ရှုကြပါဦးဟု သတိပေးပါ၏။ စာမျက်နှာ ၂၆-မျက်နှာရှိ၏။

စာရှုသူတို့ လန့်ဖီသူတော်ကောင်း စာတတ် ဆရာတော် အစုအဝေးကို စုပေါင်းကြည်ညိုစေခြင်းဖြင့် ဤဆောင်းပါး၏ အမြတ်ထွက်ခြင်းဟုဆိုက မလွဲပေ။

ထိုထိုသူတော်ကောင်း စာတတ်ဆရာတော်တို့၏ ဖြစ်စဉ် စသည်တို့ကို သုတေသီတို့ စုဆောင်းပြီး ဖြစ်ပါလိမ့်မည်ကိုလည်း စိတ်ချယုံကြည်ရပါသောကြောင့် သပြေကန်ဆရာတော်၏ ပရိတ်ကြီးနိသျှနိဂုံး ဩဝါဒကထာ (သို့မဟုတ်) ဥယျောဇနကထာပါဠိအနက် တစ်ပုဒ်ဖြင့် ထုတ်နုတ်ပူဇော်ကာ နိဂုံးအုပ်ပါသတည်း။

ပရိတ္တမိုနုယုတ္တာ ယေ၊ ဝိန္ဒန္တေဝ ရသံ ဖလံ။
ကီ အာဟာရံ အဘုတ္တာသေ၊ ဝိပါကံ စ ရသံ ဝိဒူ။

ယေ၊ သဒ္ဓါပညာ နှစ်ဖြာတွဲယှဉ် အမြင်စင်ဖြူ အယူမပြောင်း အကြင်သူတော်ကောင်းတို့သည်။ ပရိတ္တမှိ၊ မေတ္တာ, သစ္စာ ရတနာသုံးစုံ အမြတ်ဂုဏ်ဟု အာရုံနိမိတ် မြတ်တံဆိပ်ခတ် ပရိတ်တရားတော်မြတ်ကို။ အနုယုတ္တာ၊ အဓိပ္ပါယ်မိ အနက်သိ၍ ပါဠိရရေး အလေးပေးလျက် နှစ်သက်အားရ ကြိုးစားကြလေကုန်၏။ တေ၊ ပရိတ်မြတ်၌ စိတ်ဓာတ်ကိုထား လွန်ကြိုးစားသည့် တရားလိုသူ အယူမစောင်း ထိုသူတော်ကောင်းတို့သည်။ ရသံ စ၊ အဓိပ္ပါယ်မြင် အနက်ထင်လျက် စိတ်ရွှင်မြူးစွာ ရတနာသုံးစုံ အမြတ်ဂုဏ်၌ အာရုံယူကာ ဖြစ်ပေါ်လာသည့် သဒ္ဓါပီတိ သမာဓိနှင့် ပဿဒ္ဓိသုခ စသည်များစွာ အရသာကိုလည်းကောင်း။ဖလံစ၊

အန္တရာယ်ဘေးဘယ ဝေးကွာကြ၍ အေးမြလက်ဝေ ကျက်သရေဖြိုး စည်းစိမ်တိုးလျက် တန်ခိုးထိုထို အကျိုးကို လည်းကောင်း။ ဝိန္ဒန္တေဝ၊ တရားတော်မြတ် ဓာတ်၏အဟုန် ခိုက်ပုံကြံရာ ရရှိခံစားကြရကုန်သည်သာလျှင်တည်း။ အာဟာရံ၊ ချို,ချဉ်,စပ်,ငန်,အဖန်,အခါး ဤခြောက်ပါးတွင် ပါဝင်လာရ တစ်စုံတစ်ခုသော အစာအာဟာရကို။ အဘုတ္တာ၊ တက်မည် သက်မည် ဖျားနာမည်ဟု ထိုဤတွေးဆ မစားကြသူတို့သည်။ အဿ၊ မစားမီကြ ထိုအာဟာရ၏၊ ဝိပါကံ စ၊ ပူချက် အေးချက်, တက်သက် နှစ်ပါး, ခွန်းအားတိုး မတိုး, တန်ခိုး အစားစား အကျိုးသွားကိုလည်းကောင်း။ ရသံ စ၊ ချို, ချဉ်, စပ်, ငန်, ဖန်လား, ခါးလား ထူးခြား ပေါ်လာ အရသာကိုလည်းကောင်း။ ကိဝိဒူ၊ လျှာပေါ်မတင် ရှောင်ကြဉ်ခဲ့၍ ကိုယ်တွေ့မရှိရာ ဘယ်မှာ သိနိုင်သူ ဖြစ်ပါတော့အံ့နည်း။

စုဒ္ဓသမ္မဂ္ဂေကျင်သာသနာပိုင်
ဘဒ္ဒန္တအင္ဂိယ
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး

ရွှေကျင်နိုင်ငံယဉ်ကျေးမှုဌာန မဟာနာယက
သတ္တမမြောက် ရွှေကျင်သာသနာပိုင်
ကျိုက်လတ်မြို့၊ ပစ္စိမာရုံဆရာတော်ဘုရားကြီး၏

ပြဿနာ

သစ္စာလေးပါး ဘာဝနာ

၁။ ရုပ်နာမ်ပရမတ် တဖျတ်ဖျတ်အသေသည်
ဒုက္ခသစ္စာပါတကား။
အမှန်ကြီးတစ်ခုပါတကား။

၂။ ထိုဒုက္ခသစ္စာကို ဖြစ်စေတတ်သော
ရှေးဘဝကတဏှာသည်
သမုဒယသစ္စာပါတကား။
အမှန်ကြီးတစ်ခုပါတကား။

၃။ ထိုဒုက္ခသမုဒယနှစ်ပါးတို့၏
မဖြစ်ကြောင်းနိဗ္ဗာန်သည်
နိရောဓသစ္စာပါတကား။
အမှန်ကြီးတစ်ခုပါတကား။

၄။ ထိုနိရောဓသစ္စာကို ထိုးထွင်း၍
သိတတ်သောအကျင့်သည်
မဂ္ဂသစ္စာပါတကား။
အမှန်ကြီးတစ်ခုပါတကား။

မရဏာသတိဘာဝနာ

၁။ သံဝိုဋ်းမြစာ ဖြစ်ဖို့ရာ ချိန်ခါ နီးလှပြီ။
တစ်နေ့ထက် တစ်နေ့ နီးလှပြီ။
တစ်လထက် တစ်လ နီးလှပြီ။

၂။ တောကြီးမြိုင်ယံ
မြေသုသာန်မျှပ်ရန် နီးလှပြီ။
တစ်နေ့ထက် တစ်နေ့ နီးလှပြီ။
တစ်လထက် တစ်လ နီးလှပြီ။

(သပြေကန်ဆရာတော်ဘုရားကြီး
အန္တိမစ္စာပန မမ္မပူစာ)

ရန်ကုန်မဟာပဒေသေ ပုဇွန်တောင်နဂရေ ရွှေကျင်အာရာမိကာမိပတိဘူတာသ
သပြေကန်ဆရာတော် ဣတိ ဝိသုတာသ ဝါသေဋ္ဌာဘိဝံသ မဟာထေရဿ

အင်္ဂုတ္တိ ဝိဘာဝနာ

အမ္ဘုပ္ပတ္တိ နိဝေဒေမိ၊ ဝိဇ္ဇကတ္တာယဝေဒိနော။
နိရုတ္တိယံ သုဗျတ္တာသ၊ ထေရဿ မွကေတုနော။

အမှာက် ဟိ မရမ္မရဋ္ဌေ ဗဟူ ဂန္ထရတ္တောဂါဟသမတ္ထာ ပညာဝေယျတ္တိယသမန္နာဂတာ တိပိဋကပရိယတ္တိ ဓမ္မေ သာဋ္ဌကထေ အပွဋိဟတ ဉာဏပွဘာဝါ မဟာဝေယျာကရဏိကာ မဟာထေရာ သမုဇ္ဇတိသု။ တေသံ မဟာထေရာနံ သမွတိကာလေ အတိဝ ပသတ္ထော ပုဇွန်တောင် ရွှေကျင်အာရာမိကာမိပတိဘူတော သပြေကန် ဆရာတော် ဣတိ ဝိသုတော မဟာထေရော အညတရော အဟောသိ။

ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ

ဥပတ္တိဝိဘာဝနာ

"သက သက ကမ္မာနုဘာဝေန သတ္တာ တေသု တေသု ဘဝေသု ဇာယန္တီ"၊ ပုညကမ္မေန ပန ဒုလ္လဘံ မနုဿတ္တံ လဘန္တီ၊ အယံ ပန မဟာထေရော အတ္တာနော ပုညကမ္မာနုဘာဝေန မနုဿေသု ဇာတော၊ ရုန်ကုန်မဟာပဒေသေ သန်လျင်နဂရေ ချောင်းဝကွတိ သညီတော ဇကော ဂါမော အတ္ထိ၊ တသ္မိ ဂါမေ အယံ ဗုဒ္ဓိမာ ထေရော ၁၂၇၂ မရမ္မဝဿေ ပေါဋ္ဌပဒမာသဿ သုက္ကပက္ခေ တေရသမေ ဒိဝသေ ဗုဒ္ဓဝါရေ ဇာတော မာတာပိတူဟိ။ တံ ပိတာ ဦးဖိုးစိန် နာမ နာရာယနောတိ စ အပရနာမဓေယ္ယော၊ တံ မာတာ ပန ဒေါအိမ် နာမ အဟောသိ၊ တသ္မိ ကုလေ သတ္တ သဟဇာ အဟေသုံ။

ပဗ္ဗဇိတဘာဝ ဝိဘာဝနာ

ဒါရကော ဒဟရောပိ သမာနော ဗျတ္တသမ္မန္နော အဟောသိ၊ ယထာ ကဏ္ဍကော နာမ ဇာတကာလတော ပဋ္ဌာယ တိခိဏော၊ ဇဝံ ဗုဒ္ဓိမာ ထေရောပိ ဒဟရကာလတော ပဋ္ဌာယ ဗျတ္တော အဟောသိ ပဋိဗလော။

ဗုဒ္ဓိမာ ထေရော နဝဝဿိက ဒဟရကာလေယေဝ ပဗ္ဗဇ္ဇံ ဥပလဘိ အာယသ္မတာ ရေဝတတ္ထေရေန ဥပဇ္ဈာယေန သန်လျင်နဂရေ မဂီလွန်းဂါမန္တဝိဟာရဝါသိနာ၊ ဗုဒ္ဓိမတော ထေရဿ မာတာပိတရော ပစ္ဆာယဒါယကာ အဟေသုံ၊ ပဗ္ဗဇ္ဇာကာလေ ပန နံ "ဝိမလော"တိ နာမံ ကရိသု။

ဗုဒ္ဓိမာ ထေရော သာမဏေရော ဟုတွာ တေဝိဇ္ဇက် ဗုဒ္ဓပါဝစနံ ဥဂ္ဂဏှိတုံ သပြေကန် ဣတိ ပါကဋေ ဂါမေ မဟာဓမ္မိကာရာမံ အာဂမာသိ သကေန ဥပဇ္ဈာယေန ပေသိတော၊ တဒါ အဂ္ဂမဟာပဏ္ဍိတော တိ ဥပါဓိလာဘီ "သပြေကန် သဒ္ဒါကြီးနိုသယော"ဣတျာဒိဂန္ထသ ကာရကော အာကုမာရာ ပဘုဇ္ဇယသော မဟာထေရော မဟာဓမ္မိကာရာမ မဇ္ဈာဝသိ ပဓာနနာယကဘာဝေန၊ သော မဟာထေရော အတ္တာနော အန္တေဝါသိက် သာမဏေရံ "ဝါသေဋ္ဌော" ဣတိ နာမံ ကာရေတွာ ဂန္ထဓုရံ ဥဂ္ဂဏှာပေသိ၊ တတော ပဋ္ဌာယ "ဝါသေဋ္ဌော"ဣတိ နာမေန ပါကဋော။

ဝါသေဋ္ဌော ဗုဒ္ဓိမာ တိက္ခပညော မဟုဿာဟေန ဂန္ထဓုရံ၊ ပန္နရသဝဿကာလတော ပဋ္ဌာယ အနုဝဿံ ပဋ္ဌမပြိန် ဣတိ ဝေါဟရိတပဋိကထနသဘာယံ ဝိဿဇ္ဇိတုံ သက္ကုဏန္တော တိဏ် ဇယပဏ္ဍာနိ အလဘိ နဝ မဇ္ဈိမ ဇေဋ္ဌဘူမိဘာဝေန ဝိဘဇိတာနိ။ ဝါသေဋ္ဌော လဟုပညော သာမဏေရဘာဝေန သကလ ဝိနယပိဋကံ ဝါစုဂ္ဂတံ ကတွာ "ဝိနယဓရော"တိ ဥပါဓိမိ အလဘိ။

ဥပသမ္ပဒဘာဝ ဝိဘာဝနာ

ဝါသေဋ္ဌော ဂန္ထဓုရံ သမုဂ္ဂဏှန္တော ဇာတိယာ ဝိသတိဝဿိကော သမဏုဒ္ဒေသော အဟောသိ၊ သော ၁၂၉၂ မရမ္မဝဿေ အာသဠိပုဏ္ဏမေ ဂုရုဝါရေ မဇ္ဈန်ကသမယေ ဒွိနာဠိကဝေလာယံ ဥပသမ္ပဒမလဘိ

မဟာဓမ္မိကာရာမိကတ္ထေရေန ဥပဋ္ဌာယေန မဟာဓမ္မိကာရာမဿ ခဏ္ဍသီမာယံ။ တဒါ ဝါသေဋ္ဌသာမဏေရံ ပစ္ခယေန အနုဂ္ဂဟေသုံ ဒွေ ဘဂိနိယော ဒေါ်မမကြီး ဒေါ်ဒေါင်း ဣတိ နာမိကာ သာသနဝိမာနသဒိဟာရဿ ဒါယိကာ မဟာ ဥပါသိကာယော။

ဝိသိဋ္ဌပုဂ္ဂလဘာဝ ဝိဘာဝနာ

အာယသ္မာ ဝါသေဋ္ဌော ဥပသမ္ပန္နဘာဝေန ဧကဝသိက ကာလေ သကလံ သံယုတ္တနိကာယံ ဝါစုဂ္ဂတံ ကတ္တာ ဘဏန္တော "ဝါသေဋ္ဌာဘိဝံသ သိရီပဝရ သံယုတ္တဘဏကော"တိ ဝိသိဋ္ဌပုဂ္ဂလဘာဝေန ပုဒ္ဓိတော ရန်ကုန်နဂရေ စေတိယင်္ဂဏပရိယန္တိမေ့ာနုဂ္ဂဟသမိတိယာ။

အာယသ္မာ ဝါသေဋ္ဌော ပကတိယာ ဗုဒ္ဓိမာ တိက္ခပညော သမာရဒ္ဓဝီရိယော ဟုတ္တာ တီဏိ စေဝ ပိဋကာနိ သာဋ္ဌကထာနိ ဂန္ထန္တရာနိစ ဥဂ္ဂဏှိတုံ မဟုဿာဟံ အကာသိ၊ သော ဥပသမ္ပန္နဘာဝေန ဒွိဝသိက ကာလေ ပခုဂ္ဂုနဂရေ မဟာဝိဇယာရာမံ ဂန္တွာ အာရာမိပတိဘူတဿ မဟာထေရဿ အပရကာလေ "အဘိဓ မဟာရဋ္ဌဂုရ"တိ ဥပါဓိလာဘိနော သန္တိကာ ဂန္ထန္တရံ သမုဂ္ဂဏှန္တော မာဂဓ သက္ကတဿထ္ထေသု ဗျတ္တော အဟောသိ။

အာယသ္မာ ဝါသေဋ္ဌော ပခုဂ္ဂုနဂရေ ဝသန္တော ယေဝ မန္တလေးနဂရေ သက္ကသိဟမဟာဗုဒ္ဓပဋိမာ ဂန္ဓကုဋိ ပရိဝေဏော ကတဿ ပရိယတ္တိသာသနဟိတ သမိတိယာ ပဥ္စကထသဘာယံ ဒွီသု ဘူမီသု "စာသင်တန်း၊ စာချတန်း" ဣတိ မရမ္မဘာသာယ ဝေါဟရိတာသု ကထယိတုံ သက္ကုဏန္တော ဟုတ္တာ "ဝါသေဋ္ဌာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယော"တိ ဝိသိဋ္ဌဂုဏေန ပုဒ္ဓိတော တာယ သမိတိယာ။

မရမ္မရဋ္ဌိသရေဟိ သာသနပဂ္ဂဟံ ကရောန္တေဟိ ကတာယံ ပဥ္စကထနသဘာယံ ဓမ္မာစရိယဘူမိယံ နဝဟိ ဂန္တွေဟိ ဥဒ္ဓရိတ္တာ ပုစ္ဆိတပဉ္ဍေ ဗျာကာတုံ သမတ္ထတာယ "သာသနဓဇသိရိပဝရဓမ္မာစရိယော"တိ ဂုဏနာမေန စ ဧကဝေသနေဝ နဝသု ဂန္တေသု ဥဂ္ဂဟပရိပုစ္ဆာဝသေန ဉာဏပရိစယံ ကတ္တာ ဗျာကာတုံ သမတ္ထတာယ "သိရောမဏိ"တိ ဝိသိဋ္ဌဂုဏနာမေန စ အာယသ္မာ ဝါသေဋ္ဌော မရမ္မရဋ္ဌိသရေဟိ ပုဒ္ဓိတော စေဝ အဟောသိ မာနိတော စ။

ဂန္ထကာရက ဘာဝ ဝိဘာဝနာ

အာယသ္မာ ဝါသေဋ္ဌထ္ထေရော တိပိဋကဝေဒီ နာနာသထ္ထေသု ဗျတ္တော ပဋိဗလော ဟုတ္တာ မရမ္မဘာသာယ စေဝ ပါဠိဘာသာယ စ နာနာဂန္ထာနိ ကဝိကတာနိ ဝိစိတြ အက္ခရဗျဉ္ဇနာနိ အကာသိ ဗဟုဇနာနံ ဟိတကာမတာယ။ တေသု ပန ဣမာနိ ဝုစ္စမာနဂန္ထာနိ ကဝိကတာနိ အတိဝ ပါကဋာနိ ဟောန္တိ-

(၁) နဝမဟာပရိတ္တ အတ္ထနိဿယော

(၂) ဓမ္မဂုဏဗန္ဓော

(၃) သရဏာဂမနဒေသနာ သဉ္ဇပါသကဂုဏာ
(၄) နိဗ္ဗာနသုခဒေသနာ
(၅) ဆဆက္ကသုတ္တဒေသနာ
(၆) ဝိသုဒ္ဓိမဂ္ဂနိဒါနနှင်တိ သအတ္ထနိဿယာ
(၇) အာဘယာရာမိကဂုဏဝဏ္ဏနာ
(၈) ဗောဇ္ဈင် ဝမ္မရတနဒေသနာ
(၉) သပြေကန် ဒေသနာသင်္ဂဟော(ပထမော)
(၁၀) သပြေကန် ဒေသနာသင်္ဂဟော(ဒုတိယော)
(၁၁) ဝမ္မပဒ အတ္ထနိဿယော
(၁၂) စေတိယဒဿန အတ္ထဝိနိစ္ဆယော
ဣတ္ထေဝမာဒီ။

ဘာရနိတ္ထာရကဘာဝ ဝိဘာဝနာ

အာယသ္မာ ဝါသေဋ္ဌတ္ထေရော သပရကိစ္စကာရကော သာသနဓုရဝဟော ဘာရနိတ္ထာရကော အဟောသိ၊ မန္တလေး နဂရေ ဟိ ဝဿန္တကာလေ အာဘယာရာမေ ရွေဂူဝိဟာရေ ဘိက္ခူနံ် မာဂဓ သက္ကတဂန္ထေ ဝါစေသိ၊ သန်လျှင် နဂရေ သပြေကန်ဂါမေ မဟာဓမ္မိကာရာမေ ဝသန္တော သိဿာနံ် တိပိဋကံ် ဥဂ္ဂဏှာပေသိ၊ တသ္မိ ဓ အာရာမေ နာယကဘာဝေန စိရမာဝသိ။

တတော ပစ္ဆာ ပန ဗဟူနံ် ဂဟဋ္ဌပဗ္ဗဇိတာနံ် အတ္ထျော်သနံ် ဥပါဒါယ ရန်ကုန်နဂရံ် ဂန္တွာ ပုဇ္ဇန်တောင်ပဒေသေ ရွှေကျင် ဝိဟာရေ ပဓာနနာယကဘာဝေန ယာဝတာယုကံ် အာဝသိ။ တဒါ အာယသ္မာ ဝါသေဋ္ဌမဟာထေရော သာသနဝုဋ္ဌိကာမော ဗဟုဇနာနံ် ဥပကာရကော ဓမ္မဿ သန္ဒဿကော သမာဒပကော သတ္ထုဟ္ဒယော အနုဂ္ဂါဟကော အဟောသိ။

သော ဟိ ဒသဝဿာနိ သကလရဋ္ဌိက သံဃဘာရနိတ္ထာရကဘာဝေန သာသနဓုရံ် ဝဟိ သဒ္ဓိ သမဂ္ဂသံ်ဃေန၊ ကျောက်ကုန်းပဒေသေ မဟာဗောဓိဝိဟာရေ ဥပုန်နံ် ဝိဝါဒါဓိကရဏံ် ဝူပသမေသိ ဝိနယဓရော ဟုတ္တာ ဝိနိစ္ဆယံ် ဒေန္တော။

ဗုဒ္ဓသာသနေ ပန ကဒါစိ ကရဟစိ အဓမ္မံ် အဓမ္မောတိ ဒီပယန္တာ မိစ္ဆာဝါဒိနော ပါတုဘဝန္တိ၊ တဒါ တေသံ် မိစ္ဆာဝါဒံ် နိဂ္ဂဏှာတ္ထာယ တဒုပ္ပန္နဿ အဓိကရဏဿ စ ဝူပသမနတ္ထာယ ဝိသုံ် ဝိနယဓရသံ်ဃသဘာသမ္မတာ၊ ယဒါ ကျောက်ပုံတောရ မိစ္ဆာဝါဒံ် ပါတုဘူတံ် တဒုပါဒါယ အဓိကရဏံ် စ ဥပုန်နံ်၊ တဒါ ဝါသေဋ္ဌမဟာထေရော သမ္မတာယ ပါဋိယေက္ကဝိနယဓရသဘာယ ဥက္ကဋ္ဌော ပရိဏာယကော အဟောသိ၊ ထေရော ဓမ္မဝိနယံ် ပကာသေတ္တာ ဝိနိစ္ဆယံ် ကရောန္တော ဥပုန်နံ် မိစ္ဆာဝါဒံ် နိဂ္ဂဏှိ၊ အဓိကရဏံ် စ ဝူပသမေသိ။

မဟာထေရော ပန ဗဟူနံ် သဂဟဋ္ဌပဗ္ဗဇိတာနံ် ဩဝါဒဒါယကော ဟုတ္တာ သာသနေ အတီဝ ပါကဋော

အဟောသိ၊ ရန်ကုန်နာဂရေ ရွှေတိုက်စေတီယသ ဂေါပကသမိတိ မဟာထေရ် ဩဝါဒါစရိယဘာဝေန သမ္မနေသိ၊ တိပိဋကဓရ သမုစ္စိနန သမိတိယာ စေဝ ပါဋိပိဋက မရမ္မနိရုတ္တိပရိဝတ္တန သမိတိယာ စ တံတံ ဗုဒ္ဓဘတ္တိကသမိတီနံ စ ဩဝါဒါစရိယော အဟောသိ။

ရန်ကုန်မဟာပဒေသေ ရွှေကျင်နိကာယ သံဃသ ဂဏပါလကော သဟမ္မိကာနံ ဟိတကာရကော ဓမ္မဝိနယဓရော သံဃပိတာ သံဃပရိဏာယကော ဟုတွာ မဟာထေရော သပရတ္ထံ အကာသိ၊ တသ္မာ စုဒ္ဒသမ သကလရွှေကျင်နိကာယ သန္နိပါတေ ရွှေကျင်နိကာယသံဃော "ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယကော" တိ မဟာထေရံ သမ္မန်နိ။

ရဋ္ဌဂုရုဘာဝ ဝိဘာဝနာ

မဟာထေရော ဟိ မဟုဿာဟေန ဗုဒ္ဓသာသနံ ဓောတေသိ၊ သနိကာယဟိတမာဝဟိ၊ ဗဟုဇနဟိတာယ ဗဟုဇန သုခါယ ဓမ္မံ ဒေသေဟိ၊ ဓမ္မဝိနယသ္မုစကသတ္ထာနိ ကရိတွာ သဂဟဋ္ဌပဗ္ဗဇိတာနံ ဟဒယေ ဓမ္မံ ပတိဋ္ဌာပေသိ၊ တသ္မာ မဟာထေရဿ သကလရဋ္ဌဟိတောပကာရသဒ်ိတံ အနောပမ ဂုဏံ ဉတွာ မရမ္မရဋ္ဌိဿရာ ဣမံ သပြေကန် ပုဇ္ဇန်တောင် ရွှေကျင် မဟာထေရံ "အဘိဓဇ မဟာရဋ္ဌဂုရု" တိ သာသနိကမဟာဋ္ဌာနန္တရေန အပူဇယုံ ၁၃၅၄ မရမ္မသံဝစ္ဆရေတိ။

ဒိဝင်္ဂတဘာဝ ဝိဘာဝနာ

မဟာထေရော ဗဟူနံ ဥပကာရကော ဟုတွာ ဇာတိယာ အာသီတိကော အဟောသိ၊ ဇိဏ္ဏော ဇရာယ အနုသဋ္ဌော ဟုတွာ အာယုနော ပရိယာနံ ဇာတံ၊ ပဗ္ဗဇိတဘာဝေန ပန ဝဿေန ပဉ္စသဋ္ဌိကကာလေ ဇာတိယာ စတုရာသီတိဝဿိကကာလေ ၁၃၅၆ မရမ္မဝဿေ မာဃမာသဿ သုက္ကပက္ခေ သတ္တမေ ဒိနေ မဟာထေရော ဧကဇာတိယာ အန္တမကာသိ။

ဝိသဋ္ဌော သ ဝိသိဋ္ဌာနံ၊ ဓိရာနံ ဓိရသေခရော။
သသတ္ထု ပရသတ္တညူ၊ ဓိရိဋ္ဌော နော ဒိဝင်္ဂတော။

နန္ဒမာလာဘိဝံသေန၊ သုဗောဓရာမ ဝါသိနာ။
ထေရဂုဏံ သရိတွာန၊ ထေရပ္ပတ္တိ ဝိဘာဝိတာ တိ။

ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ
ပါမောက္ခချုပ်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်

သဓေပြကာန်ဓဏေ ဂုဏ်ယူကာန်တင်ကျာ



အရှင်ဓမ္မိန္ဒသာမိ

အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာသဒ္ဓမ္မဇောတိက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
အကျိုးတော်ဆောင်ချုပ်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေကျင်ကျောင်းတိုက် ဆရာတော် ဦးဓမ္မာစာရက သပြေကန်ထေရဂုဏ် ပူဇော နှစ်တစ်ရာစာစောင် ထုတ်ဝေမည်ဖြစ်၍ သပြေကန်ဆရာတော်နှင့် ဆက်စပ်နေသော မှတ်သားဖွယ်ရာ အကြောင်းအရာ တစ်ခုခုကို ရေးသားပေးရန် တောင်းခံလာပါသည်။ စာရေးသူမှာ မအားမလပ်သဖြင့် စာမရေးနိုင်ကြောင်း အတန်တန် ငြင်းဆိုသော်လည်း မရသောကြောင့် အချိန်ကိုလုပြီး ကြိုးစား၍ ဖတ်ဖူး၊ မှတ်ဖူး သည်များကို ရေးသားတင်ပြလိုက်ပါသည်။

ဝိသုဒ္ဓိမဂ်မြန်မာပြန်အသစ် ဖြစ်ပေါ်လာခြင်း

ဗုဒ္ဓသာသနာအဖွဲ့က နှစ်စဉ် ကျင်းပမြဲဖြစ်သော ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် နာယကအဖြစ်ဖြင့် အုပ်ချုပ်စီမံ၍ မေးခွန်း ပုစ္ဆာများကို ထုတ်ပေးရန်အတွက် (၁) အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးဉာဏ ဝေ့ရ၊ (၂) အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်၊ (၃) ဝိသုဒ္ဓိမဂ်ဆရာတော် ဦးဓမ္မာဝီတို့အား ၁၃၂၃-ခုနှစ်၊ ဝါတွင်းက လျှောက်ထားတောင်းပန်ခဲ့၏။ ထိုအခါ မဟာစည်ဆရာတော်ဘုရားကြီးသည် စာမေးပွဲအတွက် သတ်မှတ် ပြဋ္ဌာန်းထား

သော မြန်မာပြန်ဝိသုဒ္ဓိမဂ် အဋ္ဌကထာ တတိယတွဲကို တာဝန်ရှိသည့် အားလျော်စွာ ကြည့်ရှုသုံးသပ်တော်မူသည်။

ထိုသို့ကြည့်ရှုသောအခါ ဋီကာဖွင့်များနှင့်တကွ နိဿယမှ ဖြည့်စွက်ချက်များကိုပါ ထည့်သွင်း၍ သာသာထိုးထိုး မြန်မာပြန်ဆိုထားသည်ကို တွေ့ရသောကြောင့် သိလွယ်သောနည်းဖြင့် တိတိကျကျအသစ် ပြန်ဆိုသင့်သည်ဟု အကြံအစည်ဖြစ်ပေါ်ခဲ့ကြောင်း ကြားသိခဲ့ဖူးပါသည်။

ထိုနှစ်မှာပင် ဗုဒ္ဓသာသနာအဖွဲ့က အထက်ပါ

သပြေကန်ဆရာတော် ဦးဝါသေဋ္ဌသည်
ဂါထာပန္နဿ အရေးအဖွဲ့
အလွန်ကောင်းပါသည်။
ဆရာဖြစ်သူ
ရွှေကျင်သာသနာပိုင်
အဘယာရာမဆရာတော်ဘုရားကြီး
ကိုယ်တိုင် ချီးကျူးခြင်းကို
ခံယူရပါသည်။

ဆရာတော် (၃)ပါးတို့အား ဝိသုဒ္ဓိမဂ်မဟာဋီကာကို စာမေးပွဲပြဋ္ဌာန်းချက်ဆိုင်ရာ ဒိဋ္ဌဝိသုဒ္ဓိနိဒ္ဒေသမှစ၍ မြန်မာဘာသာပြန်ဆိုပေးရန် တောင်းပန်လျှောက်ထားခဲ့သည်။ ထိုအခါ နာယကဆရာတော် (၃)ပါးစည်းဝေး၍ ဆွေးနွေးတိုင်ပင်ကြပြီး မဟာဋီကာနှင့်တကွ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို အသစ်တစ်ဖန် မြန်မာပြန်ဆိုရေးသားရန်နှင့် ၄င်းကိစ္စကို မဟာစည်ဆရာတော်အား တာဝန်ပေးရန် သဘောတူ ဆုံးဖြတ်တော်မူကြသည်။ သို့ဖြစ်၍ မဟာစည်ဆရာတော်သည် ပေးအပ် သောတာဝန်ကို လက်ခံပြီးလျှင် အခွင့်သာသောအခါများတွင် ဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်းစာသစ်ကို ရေးသားစီရင်တော်မူခဲ့သည်။

ဝိသုဒ္ဓိမဂ် နိဒါန်း

ဤဝိသုဒ္ဓိမဂ်မြန်မာပြန်ကို ပုံနှိပ်နေစဉ်မှာပင် ဗဟုသုတကိုလိုလားသော ပုဂ္ဂိုလ်တို့က ဝိသုဒ္ဓိမဂ္ဂနိဒါနကထာပါဠိကိုပါ မြန်မာပြန်၍ တပါတည်းပူးတွဲဖော်ပြရန် မဟာစည်ဆရာတော်ဘုရားကြီးအား လျှောက်ထားတောင်းပန်ကြပြန်သည်။

၁၃၁၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက်၊ တနင်္ဂနွေနေ့တွင် အာဘိဓဇမဟာရဋ္ဌဂုရု ဥက္ကဋ္ဌ မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့်တကွ အဖွဲ့ဝင်ဆရာတော် (၁၃)ပါးတို့ ကြွရောက်ပါဝင်လျက် ကျင်းပသော ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃာ့အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ်နံပါတ် (၁၉)၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို စက်တင်ပုံနှိပ်ရာတွင် နိဒါန်းထည့်သွင်းသင့် မသင့်၊ အကယ်၍ ထည့်သွင်းသင့်ပါက မည်သို့ရေးသား ထည့်သွင်းသင့်ကြောင်းကို ဆွေးနွေးတော်မူကြပြီးလျှင် အောက်ပါအတိုင်း ဆုံးဖြတ်တော်မူကြသည်။

သံဃာ့အဖွဲ့၏ဆုံးဖြတ်ချက်

(၁) ဝိသုဒ္ဓိမဂ်အဋ္ဌကထာစာအုပ်ကို စက်တင်ပုံနှိပ်ရာတွင် နိဒါန်းရေးသားထည့်သွင်းရန်။

(၂) အင်္ဂလိပ်ဘာသာ၊ ယိုးဒယားဘာသာ စသော ဘာသာရပ်တို့ဖြင့် ရေးသားပုံနှိပ်ထားသော ဝိသုဒ္ဓိမဂ် စာအုပ်တို့၏ နိဒါန်းတို့ကိုလည်း လေ့လာ၍ ဒေသနာတော်နှင့်ညီညွတ်သော နိဒါန်းရေးသားရန်။

(၃) ၄င်းနိဒါန်း ရေးသားရန်အတွက် အောက်ပါ ဆရာတော်များကို ရွေးချယ်ကြသည်။

(၁) အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်

(၂) အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော်

(၃) တိပိဋကဓရမဟာဓမ္မကထိကရိက ဦးဝိစိတ္တသာရ ဆရာတော်

(၄) ဂျပန် ဓမ္မဒူတ အနုနာယက ဦးသီလာနန္ဒ (တိပိဋက ပါဠိအဘိဓာန်ကျမ်းပြု)

၄င်းဆရာတော်တို့ရေးသားပြီးသည့် နိဒါန်းကို စက်တင်ပုံမနှိပ်မီ ဝန်ဆောင်ဆရာတော်များထံ ပေးပို့ရန်တို့ ဖြစ်သည်။

အထက်ပါဆုံးဖြစ်ချက်အရ နိဒါန်းရေးမည့်အဖွဲ့ဝင် ဆရာတော် (၃)ပါး၏ မဟာစည်ဆရာတော်အား နိဒါန်းမူကြမ်းရေးသားရန် တာဝန်လွှဲအပ်ကြသည်။ ထိုသို့ လွှဲအပ်သည်ကို လက်ခံ၍ မဟာစည်ဆရာတော်ဘုရားကြီးသည် သက်ဆိုင်ရာပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထန္တရကျမ်းစာ အမျိုးမျိုးတို့မှ ထုတ်နုတ်စုဆောင်းပြီးလျှင် ဝိသုဒ္ဓိမဂ္ဂနိဒါန ကထာကို ကမ္ဘာတစ်ဝှမ်းလုံးက ကြည့်ရှု၍ အရိုအသေ အလေးအမြတ်ပြုနိုင်လောက်အောင် ဝါဠိဂတိကျနေသော ပါဠိဘာသာဖြင့် ရေးသားစီရင်တော်မူခဲ့လေသည်။

အနုဂီတိဂါထာ (၇၄)ဂါထာ

ဤသို့ ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ ရေးသားခြင်း အကြောင်းကို အကျယ်တဝင့် ရေးသားဖော်ပြနေခြင်းမှာ နိဒါန ကထာ၏ အဆင့်တန်းမြင့်မားသော နိဒါန်းဖြစ်သည်ကို သိစေလိုသည့်အပြင် နိဒါန်းကိုရေးသားပြုစုသည့် ဆရာတော်ဘုရားကြီး၏ ဉာဏ်ပညာအတိမ်အနက်ကို ခန့်မှန်းကြည်ညိုနိုင်ရန် ဖြစ်ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် ဤသို့ကောင်းမွန်ပြည့်စုံစွာ ရေးသားပြီးသော စုဏ္ဏိယပါဠိနိဒါန်းမျှဖြင့် အားရတော်မမူသေးသောကြောင့် ထိုအချိန်က ဟံသာဝတီခရိုင်၊ သန်လျင်မြို့နယ်၊ သပြေကန်ရွာ မဟာဓမ္မိကာရာမကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိသော ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသအဆံသို့ ထိုနိဒါန်းစာမူကို ပေးပို့လိုက်၍ အနုဂီတိ ခေါ် သင်ဟဂါထာများကို ရေးသားစီကုံးရန် တစ်ဆင့်တောင်းပန် တိုက်တွန်းခဲ့သည်။ ဆရာတော် ဦးဝါသေဋ္ဌာဘိဝံသသည် ကျွန်းမာရေးမပြည့်စုံလှသော်လည်း အလွန်ထက်သန်သော စိတ်ဆန္ဒဖြင့် အနုဂီတိဂါထာ (၇၄) ဂါထာကို ဆန်း အလင်္ကာနည်း၊ ပါဠိသက္ကတသဒ္ဒါနည်းတို့ဖြင့် တန်ဆာဆင်လျက် အဆင့်အတန်းမြင့်မားစွာ ရေးသားစီကုံး၍ ပေးခဲ့ပါသည်။

(သပြေကန်ရွာ မဟာဓမ္မိကာရာမကျောင်းတိုက်၏ ဥပဇ္ဈာက အလုပ်အကျွေးများဖြစ်ကြသော ဦးသန်းစိန်၊ ဦးဘကွန်း၊ ဦးအောင်သန်း စသည့် ဒါယကာကြီးများ ပြောပြသည့် အတိုင်း ဖော်ပြရပါမူကား)

မဟာစည်ဆရာတော်ဘုရားကြီးသည် ဤသို့ အဆင့်အတန်းမြင့်မြင့် ပြည့်ပြည့်စုံစုံ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဒါန်းကို စုဏ္ဏိယပါဠိနိဒါန်းမျှဖြင့် အားရတော်မမူသေးသောကြောင့် အနုဂီတိ ခေါ် ဂါထာဗန္ဓကိုလည်း ရေးဖွဲ့ပြီးထည့်လျှင် ပို၍ကောင်းမည်ဖြစ်ကြောင်း ဝိဇ္ဇာလင်္ကာရ ဆရာတော်က ဦးဝိသုဒ္ဓအား ပြောကြားရာ ဝိဇ္ဇာလင်္ကာရ ဆရာတော်က အောက်ပါအတိုင်း ပြန်ကြား လျှောက်ထားသည်။

သပြေကန်ဆရာတော် ဦးဝါသေဋ္ဌသည် ဂါထာဗန္ဓ အရေးအဖွဲ့ အလွန်ကောင်းပါသည်။ ဆရာဖြစ်သူ ရွှေကျင် သာသနာပိုင် အာဘယာရာမဆရာတော်ဘုရားကြီး ကိုယ်တိုင် ချီးကျူးခြင်းကို ခံယူရပါသည်ဟု လျှောက်ထားသည်။ ထို့ကြောင့် မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် သပြေကန်ရွာသို့ကြွပြီး အနုဂီတိသင်္ဂဟဂါထာများ ရေးဖွဲ့ပေးရန် အမိန့်တော်ရှိသည်။ ဆရာတော် ဦးဝါသေဋ္ဌာကလည်း မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ကြွလာပြီး မေတ္တာရပ်ခံသည့်အတွက် အလွန် ဝမ်းမြောက်တော်မူပြီး ပေးအပ်သည့်တာဝန်ကို ကျေကျေနပ်နပ် လက်ခံတော်မူကြောင်း ပြောပြကြသည်ကို မှတ်သားရပါသည်။

အရှင်ခေမိန္ဒသာမိ

ဟန်လှုပ်ရတာတွေက များလိုက်တာ။

ဟန်လှုပ်ရတာ အတော်ဆင်းရဲတာပဲ။

ဟန်မလှုပ်ရဘဲ သင့်ငါယ်နေမှ ကောင်းတာ။

ဝါသေဒမဏေရီ (ဆို) ဒီဆီဒွေဆရာတော်



ဒေါက်တာအရှင်ဣန္ဒာဓိသရ

ဆရာတော်အရှင်ဝါသေဒ၏ ဘဝဖြစ်စဉ်၌ ထူးခြားသော လက္ခဏာ၊ ဝိသိဒ္ဓလက္ခဏာများကို တစေ့တစောင်း တစ်စိတ်တစ်ဒေသ ကြားဖူးပါသည်။ ဆရာတော်အရှင်ဝါသေဒ ရေးသားသော ပရိတ်ကြီးဘာသာဋီကာကို ဖတ်ရသောအခါ ဆရာတော်၏ဉာဏ် ဝိသိဒ္ဓလက္ခဏာများကို ပို၍ ကြည်ညိုမိသည်။ အရှင်ဝါသေဒဆရာတော်ကြီး ကျောင်းတိုက်၌ ဆရာတော် သက်ရှိထင်ရှားရှိစဉ်က မကြာခဏ တရားဟောဖြစ်ပါသည်။ တရားဟောသွားတိုင်း ဖူးတွေ့ခွင့်ရပါသည်။ ဝိဝေကဖြစ်သောနေရာ၌ တိတ်ဆိတ်စွာ နေတော်မူလေ့ရှိသည်။ စကားကို အနည်းငယ်မျှ လိုရင်း ရှင်းရှင်းနှင့် ကျဉ်းကျဉ်းပြောသည်။ ရှင်းရှင်းနှင့် ကျဉ်းကျဉ်း အေးဆေးတည်ငြိမ်စွာပြောသော စကားလုံးတိုင်း၌ မှတ်သားဖွယ်များ

စွာပါသည်။ ဥပမာ-တရားတစ်ပွဲဟောပြီး ဆရာတော်ကို နှုတ်ဆက်ကန်တော့ရာ၌ "အရှင်ဘုရား သရ တရားဟော တာ မိုးကြီးရွာသလိုပဲ။ စာတွေလည်း အများကြီးပဲ၊ မှတ် သားစရာတွေလည်း အများကြီးပဲ။ ဒါပေမယ့် ဒီလူတွေက မိုးရေကို မဖိတ်မစင်ရအောင် အကုန်ရအောင် မခံယူတတ် ကြဘူး။ ဒါကြောင့် သူတို့ တရားနာခံအိုး သေးသေးလေး ထဲမှာ မိုးသီးကလေး နှစ်လုံး သုံးလုံးလောက် ပစ်ထည့် လိုက်သလိုဟောမှ ကိုယ်လည်း သက်သာမယ်၊ သူတို့လည်း တရားအမြိုက်ရည် သောက်ရမယ်" လို့ မိန့်ဖူးပါတယ်။ အဲဒီနောက် မိမိ၏ ဟောပြောပုံ ပုံဟန်စနစ်များ ဖြည်းဖြည်း ချင်း ပြောင်းသွားပါသည်။ မန္တလေးတောင်ခြေ ရွှေကျင် တိုက်မကြီး၏ ရာပြည့်ပွဲ၌ ရွှေကျင်နိကာယ၏ သံဃာ့ရာဇာ များ၊ ဒုတိယ သံဃာ့ရာဇာများ၏ ဓာတ်ပုံများနှင့် ပုံတူ ရုပ်လုံးများ ပြုလုပ်ရန် မိမိတာဝန်ယူခဲ့ရသည်။ မိမိနှင့် လှုဂ်ရည်ကျော်ဝင်းတို့၊ ဒုတိယသံဃာ့ရာဇာ အရှင်ဝါသေဋ္ဌ ကို ဓာတ်ပုံရိုက်ယူရန် နှစ်ကြိမ်လျှောက်ထားခွင့်ပန်ရသည်။ ခွင့်ပြုပါသည်။ ပုဇွန်တောင်ရွှေကျင်ကျောင်းမှာ သွားရောက် ၍ ဓာတ်ပုံရိုက်ကြသည်။ ဆရာတော်ထိုင်ပြီးသောအခါ ကိုကျော်ဝင်းနှင့် မိမိတို့က ထိုင်တော်မူဟန်၊ လက်ချီထား ဟန်၊ ဦးခေါင်းတော် မျက်နှာတော် အနေအထား၊ သင်္ကန်း ဝတ်ရုံပုံတို့ကို ဓာတ်ပုံ၌ သပ္ပါယ်အောင် ပြင်ဆင်ကြသည်။ ပြင်ဆင်တိုင်း လျှောက်ထားတိုင်း လက်ခံလိုက်လျောတော် မူသည်။ ဓာတ်ပုံရိုက်ခြင်းကိစ္စ ပြီးဆုံးသည့်အခါ၌ ဆရာတော် မိန့်တော်မူသည်ကား "ဓာတ်ပုံအရိုက်ခံကြတဲ့ နေရာမှာ ဟန်လုပ်ရတာတွေက များလိုက်တာ။ ဟန်လုပ်ရတာ အ တော်အဆင်းရဲတာပဲ။ ဟန်မလုပ်ရဘဲ သပ္ပါယ်နေမှ ကောင်း တာ။ အရှိအတိုင်းကို လူတိုင်း မကြိုက်ကြပါ ကလား" ဟူသည်။ အရှင်ဝါသေဋ္ဌဆရာတော်၏ ဝိသိဋ္ဌ နှလုံးသား ထဲက ဝိသိဋ္ဌခံယူချက် ဝိသိဋ္ဌသဘောတရားနှင့် ဝိသိဋ္ဌ စကားတို့ ဖြစ်ပေသည်။

ပရိတ်ကြီးဋ္ဌီကာကို ဖတ်သောအခါ ယံကိဉ္စိ ဝိတ္တံ-ဋ္ဌ ဝိတ္တံ=ဥစ္စာရတနာသည် ဟူသော ဘာသာပြန်၊ ဗုဒ္ဓေရတနံ ပဏီတံဋ္ဌ ဗုဒ္ဓေကို ဗုဒ္ဓဿဟု မဆိုဘဲ မြတ်စွာဘုရား၌ (မှာ) ဤရတနာအဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်၊ ပဏီ တံ=ထူးမြတ်လှပါပေ၏ စသည်ဖြင့် ဘာသာပြန်ဆိုတော်မူ သွားပုံတို့မှာ စကားနည်းနည်း စကားကျဉ်းကျဉ်း အဓိပ္ပါယ် ရှင်းသည့် ဘာသာပြန်ချက်များကို တွေ့ရသည်မှာ လည်း ဆရာတော်၏ ထူးခြားသော ဝိသိဋ္ဌ ပဋိဘာဏ်များဖြစ် သည်ကို အလေးအနက် ကြည်ညိုမိသည်။ မြတ်စွာဘုရား ဣန္ဒာနဂံလတောအုပ်၌ ကိန်းအောင်းတော်မူစဉ် ပေါက္ခရ သာတီ မဟာဗြာဟ္မဏကြီး၏ တပည့် အမျိုးဇာတ်လည်းမြင့်, ဥစ္စာပစ္စည်းလည်းပေါ, ဗေဒင်လည်းတတ်သည့် ပုဏ္ဏား ကလေး ဝါသေဋ္ဌက မြတ်ဗုဒ္ဓအား လျှောက်၏။ 'ဗြာဟ္မဏ ဝါဒ၌ ဇာတိအားဖြင့် ဗြာဟ္မဏစဉ်ဆက် လူတို့၏ အမြတ်ကို ဆိုကြသော်လည်း ဝါသေဋ္ဌပုဏ္ဏားကမူ ကမ္မုနာဗြာဟ္မဏကို သာလျှင် သူလက်ခံယုံကြည်ကြောင်း လျှောက်တင်ခဲ့လေ သည်။ ကမ္မုနာဗြာဟ္မဏနှင့် ဇာတိယဗြာဟ္မဏတို့၏ ထူးခြားပုံ က အဘယ်နည်းဟု မေးလျှောက်ခဲ့ရာ မြတ်ဗုဒ္ဓက ကမ္မုနာ ဗြာဟ္မဏော ဟောတိ၊ ကမ္မုနာ ဝသလော....ကမ္မုနာ ဝဇ္ဇတိ လောကော၊ ကမ္မုနာ ဝဇ္ဇတိ ပဇာ စသည်ဖြင့်လည်းကောင်း၊ တပေန ဗြဟ္မာ ဟောတိ, တပေန ဝသလော စသည်ဖြင့် လည်းကောင်း, ဟောတော်မူခဲ့ရာ ပေါက္ခရသာတီ၏တပည့် ဝါသေဋ္ဌသည် မြတ်ဗုဒ္ဓ၏ တပည့်အဖြစ် ခံယူခဲ့လေသည်။ (မရ္ဈိမနိ-၂၊ ဝါသေဋ္ဌသုတ်)

ထို့နောက် မြတ်စွာဘုရား အစိရဝတီမြစ်ကမ်း သရက်ဥယျာဉ်၌ သီတင်းသုံးနေစဉ် ဝါသေဋ္ဌလုလင်သည် မြတ်စွာဘုရားထံတော်ပါး လာရောက်မေးလျှောက်တော် မူလေသည်။ ဗြာဟ္မဏတို့ အဆက်ဆက် ချမှတ်သော ဤ ဗြာဟ္မဏာလမ်းစဉ်ကြီးသည် ဗြဟ္မာကြီးထံမှရသော ဖြောင့် မှန်သော ဗြာဟ္မဏာလမ်းစဉ်ဟူ၍ ဆိုကြကုန်၏။ ထိုဗြာဟ္မဏ တို့ ဆိုကြသော ဗြာဟ္မဏာလမ်းစဉ်သည် ဖြောင့်မှန်သော နေယျာနိကလမ်း ဟုတ်မဟုတ် မေးမြန်းခဲ့လေရာ မြတ်ဗုဒ္ဓ၏ အန္ဓဝေဏ္ဏူပမာဖြင့် မဂ္ဂါမဂ္ဂကထာတို့ကို ဟောကြားတော် မူခဲ့ရာ ဝါသေဋ္ဌလုလင်သည် မြတ်ဗုဒ္ဓထံတွင် ရှင်သာမဏေ ပြုခဲ့လေသည်။ (ဒီဃ-၁၊ တေဝိဇ္ဇာသုတ်) ရှင်သာမဏေ အဖြစ်နှင့် မြတ်စွာဘုရားထံမှောက် ရောက်ရှိနေခဲ့သော

ဝါသေဋ္ဌသာမဏေသည် အသက်နှစ်ဆယ် ပြည့်ဖြိုးကြွယ်မည့် ရဟန်းခံရက်ကို စောင့်ဆိုင်းရင်း မြတ်စွာ ဘုရားထံမှ အဆုံးအမပေါင်း မြောက်မြားစွာတို့ကို ရရှိခဲ့လေသည်။

ပုဗ္ဗာရုံကျောင်းတွင် ကိန်းအောင်းတော်မူသော ကာလ ညနေစောင်း မြတ်စွာဘုရားကျောင်းလှည့်၍ စင်္ကြံလျှောက်တော်မူစဉ် မြတ်စွာဘုရားနောက်တော်က လိုက်၍ လိုက်၍ မြတ်စွာဘုရားအား မေးလျှောက်ရာမှ အဂ္ဂညသုတ်အရှည်ကြီးတစ်ခု ပေါ်ပေါက်ခဲ့လေပြီ။ ဇာတိဝါဒ ပြင်းထန်ကြသော ဗြာဟ္မဏတို့၏ ငြူစူစောင်းမြောင်း ကြိမ်းမောင်းဆူပူခြင်းကို အမှုမထား ကမ္မဝါဒကို ကြိုက်နှစ်သက်သဖြင့် မြတ်ဗုဒ္ဓနောက် တကောက်ကောက် လိုက်ပါလာရှာသော ဝါသေဋ္ဌလုလင်သည် ကမ္မာဦးလူတို့အကြောင်း၊ ကမ္မာဦးကသဘာဝရေမြေတို့အကြောင်း၊ နေ,လ,နက္ခတ်တာရာများ ပေါ်ပေါက်လာပုံနှင့် မဟာသမ္မတမင်းတို့ ပေါ်ပေါက်လာပုံ အကြောင်းအရာတို့ကို နာကြားခွင့် ရခဲ့ကြလေရာ ဝါသေဋ္ဌသာမဏေကျော်သည် အဂ္ဂညဒေသနာတော်ကြီးအဆုံး၌ ပဋိသမ္ဘဒါဉာဏ်လေးပါးဖြင့် အရဟတ္တဖိုလ်ပေါက်၍ ဘဝသံသရာခရီးအဆုံးသို့ ရောက်ခဲ့လေသည်။

ဝါသေဋ္ဌသာမဏေကျော်သည် မဂ္ဂါမဂ္ဂသုတ် (ဝါသေဋ္ဌသုတ်)၊ တေဝိဇ္ဇသုတ်၊ အဂ္ဂညသုတ် ဟူသော သုတ္တန်ပေါင်းများစွာတို့ဖြင့် လောကမမှန်စဉ်ဘန္ဓကို လုပ်ကျွေး၍ ဘဝဇာတ် ချုပ်ငြိမ်း ရုပ်သိမ်းတော်မူခဲ့လေပြီ ဖြစ်သကဲ့သို့ ကျွန်ုပ်တို့၏ ကျေးဇူးရှင် သပြေကန်ဆရာတော် အရှင် ဝါသေဋ္ဌသည် ရွှေကျင်ဂိဏ်းကြီးနှင့် ဗုဒ္ဓဘာသာ ပြည်မြန်မာအား မဂ္ဂါမဂ္ဂဒေသက, ဝိဇ္ဇာဝိဇ္ဇဒေသက, အဂ္ဂညဒေသက, ဒုက္ခသစ္စာဒေသက အဖြစ်ဖြင့် ဘဝဇာတ်သိမ်း ငြိမ်းတော်မူခဲ့လေပြီဟု နှစ်ခြိုက်ယုံကြည်စွာဖြင့် ဦးညွတ်ပူဇော်လိုက်ရပါသည်။

သီတဂူစန်းလပမာ ချမ်းမြသာယာ ရှိကြပါစေ။

သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိသရ

ဘယ်သူမေးမေး
ဘွဲ့မနေရသည်မရှိ

ဘုရားရှင်သည်
သဗ္ဗညုတဉာဏ်တော်ကြီးကြောင့်ပင်
ပညာရှင်ထိပ်သီးများစွာနှင့်
နတ်ဗြဟ္မာတို့ ဘယ်သူ မေးမေး
တွေးနေရသည် မရှိ၊
လေးကန်ဆုတ်ဆိုင်းနေသည် မရှိ၊
ရွံ့ထိတ်ခြင်း မရှိ၊
ချက်ချင်းပင်
ဖြေကြားနိုင်သည်။

အရှင်ဝါသေဋ္ဌာဘိဝံသ

The Buddha's Perfect Response

WHENEVER QUESTIONED of requested to instruct by the Brahmà gods, Devas, accetics, leaders of other sects and learned men, the Buddha, being endowed with all knowing all seeing omniscience, was always able to respond in a manner most appropriate to the occasion, without hesitation, without doubt, without fear, without having to ponder.



အခွေးတတ်မှ အဂၤကာင်းရ

* ဆိုးတာ ကောင်းတာ၊ ဤနှစ်ဖြာ၊ ရောကာနေရ လူဘဝ။
* ဒုက္ခများစွာ၊ ကိလေသာ၊ ဆိုးတာတွေလည်း ရှိနေကြ။
* သိက္ခာသုံးဖြာ၊ တရားသာ၊ ကောင်းတာတွေလည်း ရှိနေကြ။
* ခန္ဓာဆင်းရဲ၊ တွေ့ကြုံမြဲ၊ ရှောင်လွဲဖယ်မရ။
* ကိလေသာမှာ၊ ဆိုးစေကာမူ၊ သတိကူ၊ အပူကင်းအောင် ရှောင်၍ရ။
* အဆိပ်ပြင်းကာ၊ ကိလေသာ၊ မခွာနိုင်က အပါယ်ကျ။
* ဆိုးတာကိုဖယ်၊ ကောင်းတာဆယ်၊ ရွေးချယ်တတ်မှ အကောင်းရ။
* ကိလေသာနိုင်၊ ဒုက္ခနိုင်၊ ကြံခိုင်သတိဉာဏ်ရှိရ။
* ကိလေသာလွတ်၊ ဒုက္ခလွတ်၊ အမြတ်မဂ်ဖိုလ်နိဗ္ဗာန်ရ။



တိပိဋကယောဆရာတော်

(၁) လူသည် ကုသိုလ်ကံကြောင့် လူဖြစ်လာရသည်ဖြစ်၍ လူဖြစ်တော့လည်း ကုသိုလ်နယ်မြေတရားနယ်မြေဖြစ်သည့် ဗုဒ္ဓသာသနာလည်းရှိ ရတနာလည်းရှိသည့် တိုင်းပြည်၌ လူဖြစ်လာရသည်ဖြစ်၍ ကုသိုလ်နှင့် ထိုက်တန်လှသဖြင့် ကုသိုလ်တာဝန်ကိုလည်း ထမ်းရမည်။ ကုသိုလ်ကံနှင့်အတူ ကုသိုလ်တာဝန်လည်းပါလာခဲ့သည်။ "အရှိန်ရတုန်း ကုသိုလ်ကို ကေန်တွင်အောင်လုပ်ရမည်" ဟု တာဝန်ပေးလာသည်။ ကုသိုလ်အလုပ်သည် "အကြောင်းညီလျှင်လုပ်မည်၊ အကြောင်းမညီလျှင် မလုပ်သေး" ဟု ဆင်ခြေပေးခွင့်မရှိဘဲ မဖြစ်မနေအကြောင်းညီအောင် ဖန်တီး၍ မဖြစ်မနေ ကေန်လုပ်ရမည့် တာဝန်သာဖြစ်သည်။ လူနှင့် ကုသိုလ်

ခဲ့ခြာ၍ မရစကောင်း၊ လူသည်သာ ကုသိုလ်နှင့် အတန်ဆုံး၊ ကုသိုလ်သည်သာ လူနှင့်အတန်ဆုံး။ လူနှင့် ကုသိုလ်ခွဲခြာနေလျှင် ဒုက္ခကိုလေသာ နှောင့်ယှက်လာမည်။

ကုသိုလ်သည် ဆွေမျိုးတာဝန်ဖြစ်၍ သဘောကောင်းမှန်းသိကာ ကုသိုလ်တာဝန်ကို ငြင်းပယ်မိတတ်သည်။ "အကြောင်းမညီသေး၍ ပစ္စည်းမပြည့်စုံသေးသဖြင့် အလှူမလုပ်နိုင်သေးပါ, အလုပ်များ၍ မအားလပ်သေး သဖြင့် သီလမစောင့်နိုင်သေးပါ, သမာဓိမပွားနိုင်သေးပါ, ဝိပဿနာအားမထုတ်နိုင်သေးပါ" ဟု အကြောင်းပြကာ အကန့်အသတ်မရှိ ရွှေ့နေမိတတ်သည်။ ထိုအခါ ကုသိုလ်တရားက "အသင်လူသား၏ သဘောအတိုင်း ငြင်းလိုက ငြင်းနိုင်ပါသည်။ ရွှေ့လိုက ရွှေ့နိုင်ပါသည်။ သို့သော် ကုသိုလ်သည် ဝတ္တရားမဟုတ်ဘဲ တာဝန်ဖြစ်နေ၍ မငြင်းပယ်သင့်၊ မရွှေ့သင့်ပါ။ ယခုတိုင်း ဇကန်လုပ်သင့်ပါသည်။ အသင်လူသားကို အဆိုးကင်းအောင် အကောင်းပြည့်စုံအောင် အားလုံးတာဝန်ယူပေးနိုင်သည့်အရာမှာ ကုသိုလ်တရားတစ်မျိုးတည်းသာ ရှိပါသည်။ ကုသိုလ်တာဝန်မဲ့သွားလျှင် အသင်လူသားအတွက် မိုခိုအားထားစရာ ကင်းမဲ့သွားပါလိမ့်မည်။ အတိတ်ကပါလာခဲ့သည့် ကုသိုလ်ကံက တာဝန်ကျေအောင် ကောင်းကျိုးပေးသွားမည်ဖြစ်သဖြင့် အဆက်မပြတ် ကောင်းကျိုးတာဝန်ကို ဆက်လက်ထမ်းဆောင်ပေးနိုင်ရန် ကုသိုလ်ကို ဇကန်လုပ်သင့်ပါသည်" ဟု တရားသဘောအားဖြင့် ပြောဆိုလာတတ်သည်။ ကုသိုလ်သည် ဆွေမျိုးတာဝန်တည်း။

(၂) ခန္ဓာနှင့် ဒုက္ခမကင်းနိုင်သဖြင့် လူသည်ဒုက္ခတာဝန်ကိုလည်း ထမ်းရမည်။ "အသင်လူသားသည် ဆင်းရဲရမည်၊ ဆင်းရဲကို ယူရမည်၊ ဒုက္ခမျိုးစုံ လက်ခံရမည်၊ အိုရမည်၊ နာရမည်၊ သေရမည်၊ ငြင်းပယ်ခွင့်မရှိ" ဟု တာဝန်ပေးလာသည်။ ဒုက္ခသည် ကုသိုလ်ကဲ့သို့ ဆွေမျိုးတာဝန်မဟုတ်၊ သူစိမ်း (တစိမ်း)တာဝန်သာဖြစ်၍ ကုသိုလ်ကဲ့သို့ သဘောမကောင်း၊ ငြင်းပယ်ခွင့်၊ ရွှေ့ခွင့်မရှိ တင်းမာသည်။ "အကြောင်းမညီသေး၍ မအားလပ်သေး၍ မအိုလိုသေးပါ

> **အဆိုးအကောင်း ရောနှောနေသဖြင့်**
> **အကောင်းရအောင် ဉာဏ်ဖြင့် ရွေးယူရမည်၊ ကြိုက်ရာကို မရွေးဘဲ ကောင်းရာကိုသာ**
> **ရွေးရမည်ဖြစ်သည်**

သေးပါ၊ မနာလိုသေးပါ၊ ကုသိုလ်မပြည့်စုံသေး၍ မသေလိုသေးပါ" ဟု ငြင်းပယ်၍လည်းမရ၊ ရွှေ၍လည်းမရ၊ ဇကန် ထမ်းဆောင်ရမည်။ ဒုက္ခသည် သူစိမ်း (တစိမ်း) တာဝန်တည်း၊ သူစိမ်း (တစိမ်း) ဒုက္ခတာဝန်ကို ငြင်းပယ်ခွင့်မရှိ၍ လက်ခံထမ်းဆောင်ရမည်သာ ဖြစ်သည်။ ဒုက္ခအပေါ် သြဇာညောင်း၍ အနိုင်ယူလွှမ်းမိုးနိုင်သောအရာမှာ ကုသိုလ်တစ်မျိုးတည်းသာ ရှိသောကြောင့်ပေတည်း။

(၃) ပုထုဇဉ်နှင့် ကိလေသာမကင်းနိုင်သဖြင့် လူသည် ကိလေသာတာဝန်ကိုလည်း ထမ်းရမည်။ "အသင်လူသားသည် ပူရမည်၊ ရှုပ်ရမည်၊ ညစ်ရမည်၊ ပူဆွေးငိုကြွေးရမည်၊ ဝမ်းနည်းကြေကွဲရမည်၊ ဟုတ်တာ ကောင်းတာ အကုန်ငြင်းပယ်ရမည်၊ မဟုတ်တာ မကောင်းတာ အကုန်လုပ်ရမည်၊ သူများနှင့်ရန်ဖြစ်ရမည်။ မိုက်ရမည်၊ ရိုင်းရမည်၊ ရမ်းရမည်၊ ကြမ်းရမည်" စသည်ဖြင့် မောဟဦးဆောင်သော ကိလေသာက မိုက်မိုက်ကန်းကန် တာဝန်ပေးလာသည်၊ ကိလေသာသည် ရန်သူတာဝန်သာဖြစ်၍ ကုသိုလ်ကဲ့သို့ သဘောမကောင်း၊ ငြင်းပယ်ခွင့် ရွှေ့ခွင့်မရှိ၊ တင်မာသည်၊ ကုသိုလ်တာဝန်နှင့် ဒုက္ခတာဝန် တွဲထမ်း၍ဖြစ်နိုင်သော်လည်း

ဒုက္ခသည် ကိလေသာနှင့် ပေါင်းမိလျှင် အလွန်ဆိုးတတ်၊ စွာတတ်သည်။ သတိထားကာ ကိလေသာနှင့် ဒုက္ခ ခွာပေးလိုက်လျှင် ဒုက္ခသည် ဉာဏ်အောက်၌ အရှုံးခံအဖြစ် ကုသိုလ်အရုံအဖြစ် ပြောင်းလဲပေးတတ်သည်။ သတိကြီး ကြီးဖြင့် ခန္ဓာဒုက္ခခပ်ပြင်းပြင်းပေါ်လာလျှင် "ကျွားကိုက် ခံရတာနှင့် ယှဉ်လိုက်လျှင် ဘာဟုတ်သေးလို့လဲ၊ ကျွားပါစပ်ထဲတောင် တရားရှုမှားနိုင်သူရှိသေးတာ" ကျွားကိုက်ခံရ လောက်အောင် ဒုက္ခပြင်းထန်ပြန်တော့ "အဝိစီငရဲနှင့် ယှဉ်လိုက်လျှင် ဘာဟုတ်သေးလို့လဲ၊ ငရဲမှာ တရားမှတ်လို့ လုံးဝမရနိုင်ဘူး၊ ယခုရနိုင်သေးတယ်" ဟု ကိလေသာကင်း သလောက် ဒုက္ခအပေါ် စိတ်အားတင်းနိုင်သည်။

သို့ဖြစ်၍ မွေးရာပါတာဝန် ၃-ရပ်တွင် သူဖက်ကြည့်လျှင် ဆွေမျိုးကုသိုလ်သည် အဆိုးဖယ်၍ အကောင်းကြွယ်စေကာ ကောင်းကျိုးပေးသည့်တာဝန်ကို ကျေပွန်အောင် ထမ်းပေးသည်၊ သူစိမ်း (တစိမ်း) ဒုက္ခသည် တားမရအောင် တင်းတင်းမာမာဖြင့် နှိပ်စက်ညှဉ်းဆဲသည့် တာဝန်ကို ထမ်းပေးသည်။ ရန်သူကိလေသာသည် ပူလောင်ညစ်နွမ်းပင်ပန်းအောင် လူ့ပင်ကိုယ်စိတ် ပျောက်အောင် ရှိမြဲကြည့်ညှဉ်းဆဲဖျက်ဆီးသည့် တာဝန်ကို ထမ်းပေးသည်။

ကိုယ့်ဖက်ကကြည့်လျှင် ကုသိုလ်ကိုအဆက်မပြတ် မပြီးမချင်း (အရဟတ္တမဂ်မရောက်မချင်း) အမြဲ ဖြစ်ပေါ်တိုးပွားနေအောင် ကြိုးစားနေရမည်၊ ဒုက္ခကို ဉာဏ်ဖြင့် ပိုင်းခြားသိနိုင်အောင် တက်ရောက်လွှမ်းမိုး အနိုင်ယူနိုင် အောင် ကြိုးစားနေရမည်။ ကိလေသာကို သိက္ခာ ၃ပါး မြတ်တရားဖြင့် အဆင့်ဆင့် လုံးဝ အမြစ်ပြတ်ကင်းသည်ထိ ပယ်ခွာစွန့်ပစ်နေရမည်၊ လူတာဝန် ၃ရပ်ကို အကျဉ်းချုံး၍ ပေါင်းလိုက်လျှင် "လူသည် ကုသိုလ်ကို အဆက်မပြတ် အမြဲကန် လုပ်ရမည်" ဟု ၁-ခုတည်းသာ ပေါ်ထွက်လာသည်၊ မည်မျှထိလုပ်ရမည်နည်း- ဒုက္ခအပေါ်ဉာဏ်ဖြင့် လုံးဝအနိုင်ယူနိုင်သည်ထိ ကိလေသာလုံးဝကင်းစင်သည်ထိ လုပ်ရမည်။

ကုသိုလ်တာဝန်နှင့် ကိလေသာတာဝန်တွဲထမ်း၍ မဖြစ်နိုင်ပါ၊ ဆွေမျိုးသည် သူစိမ်း(တစိမ်း)နှင့် တွဲနေနိုင်သော်လည်း ရန်သူနှင့်တွဲ မနေနိုင်ပါ။ အမှန်အားဖြင့် ဆွေမျိုးကုသိုလ်တာဝန်ကျေလျှင် ရန်သူကိလေသာတာဝန် ပေါ့သွား၍ ကိလေသာတာဝန်ကျေလျှင် ကုသိုလ်တာဝန် လစ်လပ်သွားရပါသည်။

ဆွေမျိုးကုသိုလ်တာဝန် သူစိမ်း(တစိမ်း) ဒုက္ခတာဝန်၊ ရန်သူကိလေသာတာဝန်သည် လူတိုင်းထမ်းရမည့် မွေးရာပါတာဝန် ၃-ရပ်ဖြစ်သည်။ ကုသိုလ်သည် ကိုယ့်ကို အစအဆုံး အားလုံးတာဝန်ယူသွားမည် ဖြစ်သောကြောင့် လုံးဝမငြင်းပယ်ဘဲ ဇကန်ထမ်းရမည့် တာဝန်ဖြစ်သည်၊ ဒုက္ခသည် ရှောင်ရငြင်းပယ်ရမည့်တာဝန် ဖြစ်သော်လည်း မိမိ၌ ဒုက္ခကို ရှောင်ရှားငြင်းပယ်နိုင်လောက်အောင် အသိဉာဏ် တရား စွမ်းအားမရှိသေးသမျှ မလွဲသာ မရှောင်သာ ထမ်းနေရမည့် တာဝန်ဖြစ်သည်။ မရှောင်သာ၍ ထမ်းနေရသည့် ဒုက္ခနှင့် ရင်းနှီးအောင်ပေါင်းတတ်ရမည်၊ ဒုက္ခတာဝန်ကို ကုသိုလ်တာဝန်နှင့် ပေါင်းမိအောင် သတိထားကြိုးစားနေရမည်။ ကျင့်ဉာဏ်ပေါ်လာလျှင် ဉာဏ်က ဒုက္ခအပေါ်လွှမ်းမိုးအနိုင်ယူနိုင်ပါသည်။ ဒုက္ခသည် ပယ်စွန့်ရမည့်တာဝန် မဟုတ်ဘဲ ဉာဏ်ဖြင့်သိအောင် လွှမ်းမိုးနိုင်အောင် ကျင့်ဆောင်ရမည့်တာဝန်သာ ဖြစ်ပါသည်။

ဒုက္ခသည် ဆိုးသော်လည်း ဒုက္ခတွင် အဆိပ်မပါဝင်သဖြင့် ဒုက္ခသက်သက်ကြောင့် အပါယ်မကျပါ၊ ကိလေသာ အဆိုးတွင် အဆိပ်ပါဝင်သဖြင့် ကိလေသာကြောင့် အကုသိုလ်ဒုစရိုက် တိုးပွားကာ အပါယ်ကျနိုင်ပါသည်။ ကိလေသာသည် အဆိပ်ပြင်းသော်လည်း သတိဝီရိယ အပွမာဒတရားဖြင့် အနိုင်ယူဖယ်ရှားနိုင်သော တရားဖြစ်သည်။ ကိလေသာသည် လုံးဝအပြတ်ကင်းပျောက်သည်ထိ ပယ်စွန့်နေရမည့် ပယ်စွန့်နိုင်အောင် အဆက်မပြတ် အမြဲကြိုးစားနေရမည့် တရားသာဖြစ်သည်။ ကိလေသာကို သတိဝီရိယဖြင့် ကန်ခွာထိန်းချုပ် ဖယ်ရှားနိုင်လျှင် ဉာဏ်ပေါ်လာပြီး ဉာဏ်ဖြင့်ဒုက္ခကိုပါ အနိုင်ယူနိုင်တော့သည်။

ကုသိုလ်ပြု၍ ဦးတည်ချက်ထား ဆုတောင်းရာ၌ လည်း လောကီစည်းစိမ်ချမ်းသာ သက်သက်လောက်ကိုသာ တောင့်တရည်ရွယ်လျှင် ဒုက္ခနှင့် ကိလေသာအောက် ဒူး ထောက်အညံ့ခံရခြင်းသာဖြစ်သဖြင့် လူ့ဘာဝန်မကျေ။ ထိုသို့ တောင့်တရည်ရွယ်၍ ပြုလုပ်ရရှိထားသော ကုသိုလ်သည် တာဝန်ကျသော ကုသိုလ်မဟုတ်၊ ကိလေသာလမ်း ဆုံး သည့် မဂ်ဖိုလ်ထိ ဒုက္ခလမ်းဆုံသည့် နိဗ္ဗာန်ထိတောင့်တ

လူ့ဘဝခန္ဓာကိုလည်း ဖွားလာသည်နှင့် တစ်ပြိုက်နက် သူစိမ်း(တစိမ်း) ဒုက္ခနှင့် ရန်သူကိလေသာက ပြန်ပေးဆွဲထားလိုက်သည်။

ရည်ရွယ်မှ ဒုက္ခနှင့်ကိလေသာအပေါ် အနိုင်ယူလွှမ်းမိုးနိုင် သဖြင့် လူ့ဘာဝန်ကျေသည်။ ထိုသို့ လမ်းဆုံးထိ ဦးတည်၍ ပြုလုပ်ရရှိထားသော ကုသိုလ်သည်သာ တာဝန်ကျေသော ကုသိုလ်မျိုးဖြစ်သည်။ ကုသိုလ်ပြုတိုင်း ဉာဏ်ဖြင့် အရွေး တတ်မှ အကောင်းရမည်။

လူ့ဘဝ၌ ဒုက္ခနှင့် ကိလေသာ အဆိုးလည်း ရှိနေ သည်။ သိက္ခာ-၃ပါး မြတ်တရားဟူသော အကောင်းလည်း ထုတ်ယူတတ်သလောက် ရနိုင်သည်။ အဆိုးအကောင်း ရော နှောနေသဖြင့် အကောင်းရအောင် ဉာဏ်ဖြင့် ရွေးယူရမည်၊ ကြိုက်ရာကို မရွေးဘဲ ကောင်းရာကိုသာ ရွေးရမည်ဖြစ် သည်။ အချို့လူများ လမ်းဘေးမှာပုံထားသည့် အမှိုက်ပုံထဲ၌ တုတ်တစ်ချောင်းဖြင့် ဟိုထိုး ဒီဖယ်လုပ်၍ ပလတ်စတစ် အိတ်စသည့် သုံးလျှင် ဖြစ်နိုင်သည့်အရာများကို ရှာဖွေ ရွေးကောက်ယူတတ်ကြသည်။ သန့်စင်ပြီး ပြန်ရောင်းလျှင် ပိုက်ဆံရနိုင်သောကြောင့် ဖြစ်သည်။ လူ့ဘဝ၌လည်း ဒုက္ခ ကိလေသာ အမှိုက်ကြားထဲ သတိဉာဏ်တုတ်တစ်ချောင်းဖြင့် ဟိုထိုးဒီဖယ်လုပ်ပြီး အဖိုးတန် ကောင်းမှုများရအောင် ရှာဖွေ ရွေးကောက်ယူရသည်။ သတိဉာဏ် ရှေ့ကထားပြီး စိတ် ကောင်းနှင့် ဉာဏ်အလိုက်ပေး၍ ရွေးယူတတ်လျှင် အဖိုးတန်ကောင်းမှုကို အခါမရွေး နေရာမရွေး အလုပ်မရွေး ရနိုင်ပါသည်။ ကံကောင်၍ ရတနာကြောပေါ်ရောက်ရှိနေပြီ ဖြစ်သဖြင့် ဉာဏ်ဝီရိယ ဆက်ကောင်းပေးရုံမျှသာ ဖြစ်သည်။

ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကြီး သည် ကံကောင်းနောက်က ဉာဏ်ဝီရိယ ဆက်ကောင်းနိုင် စွမ်းရှိသဖြင့် ဒုက္ခကိလေသာ အဆိုးရောနှောနေသော မိမိ ခန္ဓာထဲမှ သတိဉာဏ်ဖြင့် အဆိုးကိုဖယ်ကာ သိက္ခာ ၃ ပါး အကောင်းတရားကို ရွေးချယ်ယူတော်မူနိုင်စွမ်း ရှိပါသည်။ စာပေရေးသားဟောပြောခြင်းဖြင့် အများ၏ဉာဏ်ကို ဖွင့်ပေး ကာ အများအတွက် အကောင်းရွေးချယ်နည်းကိုလည်း စေ့ စပ်သေချာအောင် လမ်းညွှန်ပေးတော်မူခဲ့ပါသည်။

လောကဌ္ဌ လေယျာဉ်၊ မီးရထားစသည်ဖြင့် ခရီး သွားသည့်အခါ ကိုယ်နှင့်တစ်ပါတည်း မယူနိုင်သည့်ပစ္စည်း ထုပ်များကို အများနှင့်ရောနှောပြီး စုပေါင်းတင်ဆောင်တတ် ကြသည်။ ရွေးရန်လက်မှတ်ဖြတ်ပိုင်း ယူထားရသည်။ ကိုယ် သွားလိုသည့်နေရာသို့ ရောက်လျှင်လက်မှတ်ဖြတ်ပိုင်း ပြ၍ ကိုယ့်ပစ္စည်းထုပ်ကို ရွေးယူတတ်ကြသည်။ လူ့ဘဝ၌လည်း ကိုယ်ပိုင်သည့်ပစ္စည်းနှင့် မပိုင်သည့်ပစ္စည်း ရောနှောနေ သဖြင့် သတိဉာဏ်လက်မှတ်ဖြတ်ပိုင်းပြပြီး ကောင်းမှု ကိုယ်ပိုင်တရားပစ္စည်းများကို အချိန်မီရွေးယူကြရသည်။ သပြေကန်ဆရာတော်ဘုရားကြီးသည် ပိုင်-မပိုင်ရောနေသော ပစ္စည်းထဲမှ သိက္ခာ-၃ပါး ကိုယ်ပိုင်တရားကိုသာ သတိ ဉာဏ်လက်မှတ်ဖြတ်ပိုင်းပြကာ ရွေးယူသွားတော်မူသည်။ အများအတွက်လည်း ကိုယ်ပိုင်ရအောင် ရွေးယူနည်းကို ညွှန် ကြားတော်မူခဲ့သည်။

ကိုယ့်ပစ္စည်းတစ်ခုခုကို တစ်စုံတစ်ယောက်ထံ

ခဏပေါင်နှံအပ်ထားလျှင် သတ်မှတ်ထားသည့်အချိန်၌ ကျသင့်သည့် အဖိုးအခကိုပေးပြီး ကိုယ့်ပစ္စည်းကို ပြန်ရွေးယူရသည်။ လူ့ဘဝခန္ဓာကိုလည်း ကံစီတ်ဥတုအာဟာရ အကြောင်းတရား-၄ပါးထံ အထူးသဖြင့်ကံတရားထံ ပေါင်နှံအပ်ထားရသဖြင့် သတိဉာဏ်အဖိုးအခဖြင့် ပြန်ရွေးယူရသည်။ ဘဝခန္ဓာအတိုင်း ရွေးယူရမည်မဟုတ်ဘဲ ဘဝခန္ဓာကို ဉာဏ်ဖြင့် ထိုးဖောက်ပြီး ခန္ဓာကိုအကြောင်းပြု၍ ရနိုင်သည့် ကောင်းမှုကိုယ်ပိုင်တရားကိုသာ အချိန်မီ ရွေးယူရမည် ဖြစ်သည်။ သပြေကန်ဆရာတော်ဘုရားကြီးသည် ကံတရားထံ ခဏပေါင်နှံအပ်ထားသည့် ကိုယ်ခန္ဓာကို ဉာဏ်ဖြင့် ထိုးဖောက်ပြီး သိက္ခာ-၃ပါး ကိုယ်ပိုင်တရားကို အချိန်မီ ရွေးယူတော်မူသွားသည်။

ရန်သူတစ်ယောက်က ကိုယ့်ဆွေမျိုးတစ်ယောက်ကို ပြန်ပေးဆွဲခေါ်သွားလျှင် ရန်သူတောင်းသည်ကိုပေးပြီး ကိုယ့်ဆွေမျိုးကို ရွေးယူရသည်။ ပြန်မရွေးလျှင် ရန်သူက ကိုယ့်ဆွေမျိုးကို နှိပ်စက်မည်ဖြစ်သည်။ လူ့ဘဝခန္ဓာကိုလည်း ဖွားလာသည်နှင့် တစ်ပြိုက်နက် သူစိမ်း(တစိမ်း) ဒုက္ခနှင့် ရန်သူကိလေသာက ပြန်ပေးဆွဲထားလိုက်သည်။ မရွေးမချင်း နှိပ်စက်ညှဉ်းဆဲနေသည်။ သတိဉာဏ်ဦးစီးသည့် ဓမ္မစွမ်းအားဖြင့် ပြန်ရွေးယူရသည်။ ဘဝခန္ဓာအတိုင်းရွေးလျှင် အိုနာသေထုပ်ကိုပင်ရမည်ဖြစ်၍ ခန္ဓာကို ဉာဏ်ဖြင့်ထိုးဖောက်ပြီး ခန္ဓာကြောင့်ရနိုင်သည့် ကောင်းမှုကိုယ်ပိုင်တရားကို အချိန်မီ အမြန်ရွေးယူရမည်ဖြစ်သည်။ ကိလေသာလွတ်သည့်မဂ်ဖိုလ် ဒုက္ခလွတ်ရာ နိဗ္ဗာန်ကို ရည်ရွယ်ဦးတည်၍ ဓမ္မကိုလက်တွေ့ကျင့်သုံးနေခြင်းသည် ဒုက္ခကိလေသာလက်ထဲက ကိုယ်ဟာကို ရွေးယူနေခြင်းပင်ဖြစ်သည်။ သပြေကန်ဆရာတော်ဘုရားကြီးသည် ဒုက္ခကိလေသာက ပြန်ပေးဆွဲထားသည့် ကိုယ်ခန္ဓာကို ဉာဏ်ဖြင့် ထိုးဖောက်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ဦးတည်သည့် သိက္ခာ-၃ပါး မြတ်တရားကို အချိန်မီ ရွေးယူတော်မူသွားသည်။ အရွေးတတ်သဖြင့် အကောင်းများရသွားပေသည်။

* ဂုဏ်နည်းသူမှာ၊ အားမပါ၊ မကြာမီပင် မေ့သွားတတ်။
* ဂုဏ်ကြီးသူမှာ၊ စွမ်းအားပါ၊ ကြာပါသော်လည်း မမေ့အပ်။

ဟူသည့်အတိုင်း စွမ်းအားမပြည့်ဝ မစုံလင် မပါဝင်သည့် ဂုဏ်နည်းသူကို မကြာမီ မေ့ပျောက်သွားတတ်ကြသော်လည်း စွမ်းအားဂုဏ်ကြီးမားသည့် ပုဂ္ဂိုလ်ထူးမျိုးကို နှစ်ပေါင်းရာထောင်မက ကြာသော်လည်း မမေ့အပ် မမေ့ထိုက်ပေ။ မေ့လည်း မမေ့နိုင်ကြပေ။ သပြေကန်ဆရာတော် ဘုရားကြီး သဒ္ဓါ ဝီရိယ သတိ သမာဓိ အလွန်ကြီးမားတော်မူသဖြင့် ပရိယတ်အသိကိုလည်း အထွတ်အထိပ်ရောက်အောင် ပြည့်စုံအောင် စွမ်းဆောင်တော်မူနိုင်သည်။ သတိဝီရိယ သမာဓိဉာဏ်ဟူသော အပွဓာဒတရားကို အမြဲလက်ကိုင်ထားနိုင်သဖြင့် ပဋိပတ်အကျင့်ကိုလည်း ပြည့်စုံအောင် ဖြည့်ကျင့်တော်မူနိုင်သည်။

သပြေကန်ဆရာတော်ဘုရားကြီးသည် သက်တော်ထင်ရှားရှိသေးလျှင် ယခု နှစ်ပေါင်း ၁၀၀-ပြည့်ရုံမျှသာမက အသိရော အကျင့်ပါ အရာရာပြည့်စုံသောကြောင့်လည်း ရာပြည့်ဆရာတော် ဘဝလျာထားချက် (ရာထားချက်) ပြည့်အောင် သိက္ခာ ၃ရပ် အကျင့်မြတ်ကို ဖြည့်ကျင့်တော်မူသောကြောင့်လည်း ရာပြည့်ဆရာတော်ကြီးအစစ် ဖြစ်တော်မူပါသည်။ ဂုဏ်ကျေးဇူးတော်တို့ကား တိုင်းတာကန့်သတ်ရေတွက်၍ မရနိုင်လောက်အောင် ကြီးကျယ်များပြားလှသည်။

အရွေးတတ်သဖြင့် အကောင်းအမြတ်ကို ရတော်မူခဲ့သည့် အရာရာလည်းပြည့် လျာထားချက် (ရာထားချက်) လည်း ပြည့်တော်မူသည့် ရာပြည့် သပြေကန်ဆရာတော်ဘုရားကြီးအား ဤ "အရွေးတတ်မှ အကောင်းရ" ဆောင်းပါးဖြင့် လေးမြတ်ကော်ရော် ပူဇော်အပ်ပါသတည်း။

တိဝိဋ္ဌက ယောဆရာတော်



သပြေကန်ဆရာတော်ကြီးသည်
ထေရဝါဒ ဗုဒ္ဓစာပေသင်ကြားခြင်း၊ စာပေဝို့ချ၊
ကျမ်းဂန်ရေးသားခြင်း၊ တရားဟော တရားပြခြင်း၊
ကိုယ်တိုင်ကျင့်သုံး၍ ဓမ္မဝိဟာရဖြစ်တော်မူခြင်း

ရွှေကျင်နိုင်ငံယ
တွဲဖက်သာသနာပိုင်ဆရာတော်ဘုရားကြီး
ကလေးဝဆရာတော်
လယ်တီဘဒ္ဒန္တဣရာဘိဝံသ

အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကြီး၏ နှစ်(၁၀၀)ပြည့် စာစောင်၌ အမှတ်တရ အတွေ့အကြုံ အနည်းငယ်ကို တင်ပြလိုပါသည်။

ပရိတ်ကြီးနိသယသစ်

စာရေးသူတို့က မုံရွာမြို့ သပြေပင်တောရကျောင်းတိုက်၌ လူငယ်စာချ ဆောင်ရွက်နေစဉ် မန္တလေးမြို့ လှခင်အင်ဆန်း မြန်မာပညာရှိကြီး ဦးပန်းရည် မိသားစုထံမှ ကျေးဇူးတော်ရှင် သပြေပင်တောရဆရာတော်ဘုရားထံသို့ သိရောမဏီ သက္ကသီဟ သပြေကန်ဆရာတော်ဘုရား ရေးသားသော ပရိတ်ကြီးနိသယသစ်ကို ပေးပို့လှူဒါန်းခဲ့ပါသည်။

ဆရာတော်မှ စာရေးသူအား အဆိုပါစာအုပ်ကို ကြည့်ရှုရန် ချီးမြှင့်သဖြင့် နိဒါန်း, စာသား, နိဂုံး သိမ်းကျုံးကာ သပြေကန်ပရိတ်ကြီးနိသယသစ်ကို (၂)ခေါက် စေ့စေ့ငင ဖတ်ရှုခွင့်ရပါသည်။ သပြေကန်ဆရာတော်ဘုရား၏ ပရိယတ္တိအရည်အချင်း ရေးသားတော်မူပုံနှင့် နှံ့စပ်သေချာရေရာလှပုံ အဖုံဖုံကို ကြည်ညိုခဲ့ရပါသည်။

ပထမပြန် ပြဋ္ဌာန်းစာ ရေးသားပြုစုရေးအဖွဲ့

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ပရိယတ္တိပညာရေးဆိုင်ရာ ဖော်ပြပါ စီမံကိန်း(၄)ရပ်ကို ချမှတ်တော်မူခဲ့ကြပါသည်။

(၁) အကျင့်သိက္ခာမြင့်မားစေခြင်း၊

(၂) ဝိဋ္ဌကကျမ်းဂန် နှံ့စပ်စေခြင်း၊
(၃) ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေခြင်း၊
(၄) မြန်မာစာပေ အရေးအသား တော်စေခြင်း

အဆိုပါ(၄)ရပ်ကို အကောင်အထည်ဖော်သည့် အနေဖြင့် သပြေကန်ဆရာတော်ဘုရားကြီး ဦးဆောင်တဲ့ စာရေးသူ အပါအဝင် ပထမပြန် ပြဋ္ဌာန်းစာ ရေးသားရေး အဖွဲ့ကို နိုင်ငံတော်က ဖွဲ့ပေးခဲ့ရာ မြန်မာစာပေအရေးအသား တော်စေရေးနှင့်ပတ်သက်၍ ဆွေးနွေးကြရာ အဂ္ဂမဟာပဏ္ဍိတ အမရပူရ ဂန္ဓာရုံဆရာတော် အရှင်စန္ဒောဘာသက **"ဟဲ့ သမီး ကြောင်အိမ်ထဲက နင့်အဖေကြီး မုန့်.ယူကျွေးလိုက်"** ဆိုတာမျိုး မြန်မာစာပေအရေးအသားတွေ များနေကြောင်း စသည် ဆွေးနွေးတော်မူခဲ့သဖြင့် ရယ်မောကြရပါသည်။

ပါဠိသဒ္ဒါနှင့် ပါဠိအသုံးအနှုန်းပိုင်းရောက်တော့ စာရေးသူ မိမိရေးထားတဲ့ ပါဠိရေးပြောနည်းခေါ် ပါဠိဖတ်စာ (၃)တွဲကို သပြေကန်ဆရာတော်ကြီးအား ပြပြီး **"ကလေးဝ ရေးထားတဲ့ ကလေးစာလေးတွေပါ ဘုရား"** ဟု လျှောက်လျှင် **"ကလေးဝမို့ ကလေးစာ ရေးနိုင်တာ၊ ကလေးစာက ပိုရေးရတာ ခက်တယ်ဗျ။ ပါဠိသဒ္ဒါနှင့် ပါဠိအသုံးအနှုန်း ရေးသားရေးမှာ ကလေးဝက ပါဝင်ပြီး ကလေးတွေနဲ့ လိုက်ဖက်အောင် ရေးပေးပါ"** ဟု မိန့်တော်မူချက်အရ စာရေးသူက ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း ပါဠိသဒ္ဒါကို ရေးခွင့်ရခဲ့ပါသည်။

ဘုရားဆေးတော်ကြီး(၁၀)လုံး

သပြေကန်ဆရာတော်ဘုရားကြီးသည် ထေရဝါဒဗုဒ္ဓစာပေ သင်ကြားခြင်း၊ စာပေပို့ချ၊ ကျမ်းဂန် ရေးသားခြင်း၊ တရားဟော တရားပြခြင်း၊ ကိုယ်တိုင်ကျင့်သုံး၍ ဓမ္မဝိဟာရ ဖြစ်တော်မူခြင်း ဆိုသည့် သာသနာပြုလုပ်ငန်း အရပ်ရပ်တို့ကို သူမတူအောင် အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူခဲ့ပါသည်။

သာသနာပြုလုပ်ငန်း အဖြာဖြာကို ဆောင်ရွက်ဆဲမှာပင် ပဋိသန္ဓေ အို, နာ, သေ ဟု ကမ္ဘာကျေလည်း မသေမပျောက် လူ(၄)ယောက်တို့ ဝင်ရောက်နှောက်ယှေ ခံရခဲ့သည့် မကျွန်းမာ ရောဂါရလာ၍ မင်္ဂလာဒုံ စစ်ဆေးရုံကြီးသို့ ပင့်ဆောင်ကုသခံယူနေစဉ် လူမမာ လာမေးကြသော ဆရာတော်ကြီးများထံ **"ဂိရိမာနန္ဒ"** သုတ္တန်ကို နာကြားလိုကြောင်း မှောက်ဆုံးတရားစကား တောင်းတော်မူခဲ့သည်။

ဓမ္မဝိဟာရီ အမည်တော်ရထိုက်သည့် သပြေကန် ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ဂိရိမာနန္ဒသုတ္တန် ပွားများ(၁၀)လုံးသော ဆေးဝါးဓာတ်စာ လူမမာစာတို့ကို စားသုံးရင်း ဘဝနတ်နန်း စံမြန်းတော်မူခဲ့ပါသည်။

ဂိရိမာနန္ဒသုတ္တန်

တစ်ချိန်က ဘုရားရှင် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူတဲ့အချိန် အရှင် ဂိရိမာနန္ဒ မကျွန်းမာ ဖျားနာရာ ဝေဒနာပြင်းပြင်ထန်ထန် ဖြစ်နေတော့ အရှင်အာနန္ဒာက မြတ်စွာဘုရားထံသွားပြီး ရိုရိုသေသေ လျှောက်ထားပုံက-

"မြတ်စွာဘုရား အရှင်ဂိရိမာနန္ဒ ရဟန်းမှာ ဝေဒနာ ပြင်းထန်လှပါတယ်ဘုရား။ လူမမာမေး ကြွစေချင် ပါတယ်ဘုရား။ အဲဒီ လူမမာစာ အမှတ်သညာ ဆေး(၁၀) လုံး စားပြီးရင် ဓမ္မဆေးအစွမ်းကြောင့် ဂိရိမာနန္ဒ ကျွန်းမာ လာပါလိမ့်မယ်။ အဲဒီ လူမမာစာ အမှတ်သညာ ဆေး (၁၀)လုံးက-

(၁) **အနိစ္စသညာ** - မမြဲဘူးလို့ ရှုမှတ်ပွားများရတဲ့ အမှတ်သညာ လူမမာစာတစ်ခု၊
(၂) **အနတ္တသညာ**- အစိုးမရတဲ့ ခန္ဓာကိုယ်လို့ ရှုမှတ်ပွားများရတဲ့ အမှတ်သညာ လူမမာစာတစ်ခု၊
(၃) **အသုဘသညာ**- ဒီတစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်ကြီးကို မတင့်မတယ် ရွံစဖွယ်တွေချည်းပဲဟု ရှုမှတ်ပွားများရတဲ့ အမှတ်သညာ လူမမာစာတစ်ခု၊

(၄) **အာဒီနဝသညာ**- ဒီဓနွာကိုယ်ကြီးရဲ့ အပြစ်အနာအဆာတွေကို ရှုမှတ်ပွားများရတဲ့ အမှတ်သညာ လူမမာစာတစ်ခု၊

(၅) **ပဟာနသညာ**- မကောင်းကြံစည်မှု စသည် မတွယ်မတာ ပယ်စွန့်မှုနဲ့ ပတ်သက်တဲ့ အမှတ်သညာ လူမမာစာတစ်ခု၊

(၆) **ဝိရာဂသညာ**- နိဗ္ဗာန်၏ တွယ်တာမှုကင်းမဲ့တဲ့ ဂုဏ်ကို အာရုံပြုပြီး ရှုမှတ်ရတဲ့ အမှတ်သညာ လူမမာစာတစ်ခု၊

(၇) **နိရောဓသညာ**- နိဗ္ဗာန်၏ ဒုက္ခချုပ်ငြိမ်းပုံ အာရုံပြုပြီး ရှုမှတ်ရတဲ့ အမှတ်သညာ လူမစာတစ်ခု၊

(၈) **သဗ္ဗလောက အနဘိရတိသညာ**- လောကကြီးထဲမှာ မွေ့လျော်ပျော်ဖွယ်ရာ မရှိဘူးလို့၊ ဝါကြောက်စရာ ခန္ဓာငါးပါး အပေါ် ပျော်ဖွယ်ရာ မဟုတ်ဘူးလို့ အဖန်ဖန် အထပ်ထပ် ရှုမှတ်ရတဲ့ အမှတ်သညာ လူမမာစာ တစ်ခု၊

"ပျော်ဖွယ်ကိုကြောက်၊ ကြောက်ဖွယ်ကို ပျော်၊ မသူတော်၊ နင်နော် သတိထား"

(၉) ဝဋ်ဒုက္ခခန္ဓာကြီးကို အလိုမရှိအပ်ပုံ ရှုမှတ်တဲ့ အမှတ်သညာ လူမမာစာ တစ်ခု၊

(၁၀) ထွက်လေဝင်လေကို ရှုမှတ်တဲ့ အမှတ်သညာ လူမမာစာတစ်ခု၊

ဘုရားကိုယ်တိုင် ဖော်စပ်ပေးတဲ့ ဒီအမှတ်သညာ လူမမာစာတွေကို အရှင်အာနန္ဒာက အရှင်ဂိရိမာနန္ဒအား တိုက်ကျွေးတော့တာကိုး။

လူမမာစာ ဆေးဓာတ်စာ(၁၀)မျိုးကို မြိန်မြိန်ယှက်ယှက် စားသုံးတော်မူတဲ့ အရှင်ဂိရိမာနန္ဒအနေနဲ့ ဆေးဝါးဓာတ်စာ ပြုစုသူ လုံလုံလောက်လောက် ရရှိပါက ရောဂါပျောက်ကင်းမည့် လူမမာအမျိုးအစားဖြစ်တော့ တစ်ခါတည်း ယူပစ်လိုက်သလို ရောဂါပျောက်ကင်းတော် မူရပါသည်။

သပြေကန်ဆရာတော်ဘုရားက ဘုရားရှင်ကိုယ်တိုင် ဖော်စပ်ပြီး အရှင်ဂိရိမာနန္ဒစားတဲ့ ဓာတ်စာဆေးဝါးကို စားသုံးပါသော်လည်း ဆေးဝါးဓာတ်စာ, ပြုစုသူ, ဘယ်လောက်ပင် ပြည့်စုံပြည့်စုံ မရှင်သန်နိုင်သည့် ရောဂါသည်မျိုးဖြစ်၍ နလံမထူနိုင်ခဲ့သော်လည်း လူမမာတိုင်း အရှင်ဂိရိမာနန္ဒအား ဘုရားကိုယ်တော်တိုင် ဖော်စပ်ပေးတော် မူခဲ့တဲ့ ဆေးဓာတ်စာ(၁၀)မျိုးတို့ကို သုံးဆောင်ကြပါဟု တိုက်တွန်းနှိုးဆော် ဆုံးမတော်မူသကဲ့သို့ ရှိပါသည်။

အရေးကြုံတော့ သက်လုံကောင်းရန် အဆိုပါ ဆုံးမတော်မူချက်ကို ဦးထိပ်ရွက်ပန်ဆင်လျက် စာရေးသူသည် ကိုယ်တိုင် လူမမာဖြစ်တော့ ဆေးဝါးဓာတ်စာနှင့် ပြုစုသူ လုံလုံလောက်လောက် ရရှိပါက အသက်ရှင်နိုင်မည့် လူမမာမျိုးဖြစ်၍ ဘုရားရှင်၏ လူမမာစာကို သုံးစွဲခွင့် ရခဲ့ပါသဖြင့် ရောဂါသက်သာ ချမ်းသာရခဲ့သည်ဟု ယုံကြည်ကိုးစား အားထားခဲ့ဖူးပါသည်။ အရှင်ဂိရိမာနန္ဒအား ဘုရားရှင်ကိုယ်တိုင် ဖော်စပ်ပေးခဲ့တဲ့ ဆေးဝါးဓာတ်စာ လူမမာစာ၊ သပြေကန်ဆရာတော်ဘုရား ဆက်လက်သုံးစွဲတော်မူခဲ့တဲ့ လူမမာစာ၊ စာရေးသူကိုယ်တိုင် ဆေးရုံအသီးသီး တက်ရောက်ကုသစဉ် စားသုံးခဲ့သည့် လူမမာစာ ဓမ္မစွမ်းအားတို့ကို လူမမာတိုင်း ရယူတွန်းလှန် သက်ရှည်ကျန်းမာ ချမ်းသာနိုင်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါသည်။

ကလေးဝဆရာတော်

လယ်တီဘဒ္ဒန္တစာဂရာဘိဝံသ

လက်ရှိမြန်မာနိုင်ငံ သာသနာတော်၌
စာအတတ်ဆုံး သုံးပါးတွင် တစ်ပါးအပါအဝင် ဖြစ်သည့်

ပေါ်ပေါက်ခဲလှသည့်
လူ့အာကာနည် ဆရာတော်

ဗုဒ္ဓသည် လူအဖြစ် ရခဲပုံနှင့်စပ်၍ ဥပမာဖြင့် လူသုံးမျိုးကို ဟောတော်မူခဲ့သည်-

(၁) အပါယ် ၄-ဘုံမှ လွတ်မြောက်ပြီး လူဖြစ်လာရသူ။

(၂) လူ့အာကာနည်ပုဂ္ဂိုလ်။

(၃) အဓိပတိလူသားဗုဒ္ဓ။

ဤလူ ၃-မျိုးတွင် အမှတ်(၁) အပါယ် ၄-ဘုံမှ လွတ်မြောက်ပြီး လူဖြစ်လာရသူ၏ လူ့ဘဝ ရခဲပုံကို သံယုတ်ပါဠိတော် မဟာဝဂ္ဂသံယုတ် ပဌမဆိဂ္ဂဇသုတ်၌

"ရဟန်းတို့...၊ ဥပမာအားဖြင့် ယောကျ်ား တစ်ယောက်သည် မဟာသမုဒ္ဒရာအတွင်းသို့ အပေါက် တစ်ပါက်တည်းသာရှိသော ထမ်းပိုးတုံကို ပစ်ချထားရာ၏။ လိပ်ကန်းကြီးတစ်ကောင်လည်း ရှိရာ၏။ ထိုလိပ်ကန်းကြီးသည် အနှစ်တစ်ရာလွန်မှ တစ်ကြိမ် တစ်ကြိမ်သာ ခေါင်းပေါ်ရာ၏။

ရဟန်းတို့ အဘယ်သို့ ထင်ကြကုန်သနည်း?"

အနှစ်တစ်ရာ အနှစ်တစ်ရာ လွန်မှ တစ်ကြိမ် တစ်ကြိမ်သာ ခေါင်းပေါ်သော လိပ်ကန်းသည် ထိုအပေါက် တစ်ပေါက်တည်းသာရှိသော ထမ်းပိုးပေါက်၌ လည်ပင်းစွပ်မိရာသလော? ဟု မေးတော်မူ၏။ ရဟန်းတို့က "အခွန့် ကာလ ရှည်ကြာလှသောအခါ၌ တစ်ရံတစ်ခါ စွပ်မိသော် စွပ်မိရာ၏" ဟု လျှောက်ကြကုန်၏။

ထိုအခါ ဗုဒ္ဓက "ရဟန်းတို့...၊ အနှစ်တစ်ရာ အနှစ်တစ်ရာ လွန်သောအခါ၌ တစ်ကြိမ်တစ်ကြိမ်သာ ခေါင်းပေါ်သော လိပ်ကန်းသည် အပေါက်တစ်ပေါက်တည်း သာရှိသော ဤထမ်းပိုးတုံး ပေါက်ထဲ၌ လည်ပင်းစွပ်မိရာ သောအခါသည် မြန်လွန်းလှ၏။ ရဟန်းတို့ တစ်ကြိမ်အပါယ် သို့ကျရောက်သော လူမိုက်သည် လူအဖြစ်ကို ဤအတူ လျင်မြန်စွာ ရအပ်၏ဟု ငါမဟောပေ" ဟု မိန့်တော်မူသည်။

ဤကား အပါယ် ၄-ဘုံမှ လွတ်မြောက်ပြီး လူဘုံသို့ ရောက်လာကြသူတို့အတွက် ဥပမာတည်း။

* အမိုက်မှလာ၊ အလင်းရွာ၊ ရောက်လာရသူတည်း။

ဤသုတ်တော်ကို အပြန်ပြန်အလှန်လှန် စဉ်းစားပြီး အပါယ် ၄-ဘုံ တစ်ကြိမ်ကျရောက်ပါက လူ့အဖြစ်ကို ပြန်လည်ရရှိရန် ခဲယဉ်းလှပုံကို သိကြကုန်ရာ၏။

* အပါယ် ၄-ဘုံ၊ ကျရောက်တုံ၊ လူဘုံ ပြန်ဖို့ခက်လှ၏။

ဘုရားမှန်တသိရိဘိဝံသ

* **လေးပါးအပါယ်၊ ဝဲလယ်လယ်၊ လွတ်ဖွယ်လမ်းစ၊ နဲ့လှ၏။**

ထို့အပြင် အပါယ် ၄-ဘုံဟူသော အမိုက်နယ်မှ ပြန်ခဲ့ကြရသူတို့သည် ရုပ်ဆင်းအင်္ဂါမလှသူ ဓနဥစ္စာချို့တဲ့သူ အမျိုးညံ့သူများ ဖြစ်ကြရ၏။

* **ရုပ်ဆင်းမလှ၊ ဓနပါနည်း၊ မျိုးလည်းညံ့ကာ၊ ဤလူ့ရွာ၊ ရောက်လာကြရသည်။**

လူ့အာဇာနည်များ

အမှတ်(၂) လူအဖြစ်နှင့်စပ်၍ ဤသို့ မေးတော်မူ၏။ "ရဟန်းတို့ ဥပမာအားဖြင့် ဤစကြဝဠာကြီး တစ်ခုလုံးသည် ရေပြင်ကျယ်ကြီး ဖြစ်နေရာ၏။ ထိုရေပြင်ကျယ်ကြီး၌ ယောက်ျားတစ်ယောက်သည် အပေါက်တစ်ခုတည်းသာပါသော ထမ်းပိုးတုံးကို ပစ်ချထားရာ၏။ ထိုထမ်းပိုးတုံးသည် အရှေ့လေလာက အနောက်သို့၊ အနောက်လေလာက အရှေ့သို့၊ မြောက်လေလာက တောင်သို့၊ တောင်လေလာက မြောက်သို့ လွင့်မျောနေရာ၏။ ထိုရေပြင်ကျယ်ကြီး၌ လိပ်ကန်းကြီးတစ်ကောင် ရှိရာ၏။ သူသည် အနှစ်တစ်ရာ အနှစ်တစ်ရာလွန်မှ တစ်ကြိမ်တစ်ကြိမ်သာ ခေါင်းဖော်ရ၏။

ရဟန်းတို့၊ အဘယ်သို့ ထင်ကြကုန်သနည်း?။

လိပ်ကန်းကြီး အနှစ်တစ်ရာ အနှစ်တစ်ရာလွန်မှ တစ်ကြိမ်တစ်ကြိမ် ခေါင်းဖော်သည်ရှိသော် တစ်ပေါက်တည်းသာရှိသော ထိုထမ်းပိုးတုံး၌ စွပ်မိရာသလော? ဟု မေးတော်မူ၏။

"ဤသို့ စွပ်မိရန်အခွင့်အရေး နည်းလှပါသည်" ဟု လျှောက်ထားကြကုန်၏။

"ရဟန်းတို့ ဤအတူ အကြင့်ကြောင့် လူ၏အဖြစ်ကို ရ၏။ ဤလူ့အဖြစ်ကို ရခြင်းသည် အံ့အားသင့်စရာ ထူးခြားလှစွာ ဖြစ်ပေါ်လာရခြင်းဖြစ်၏" ဟု မိန့်တော်မူ၏။

ဤကား လူ့အာဇာနည် ပုဂ္ဂိုလ်ထူးတို့အတွက် ဥပမာတည်း။

ဤဥပမာသည် ယခင်ဥပမာထက် အဆပေါင်း မရေမတွက်နိုင်အောင် ခက်ခဲပုံကို ပြသော ဥပမာဖြစ်သည်။

ထို့ကြောင့် အပါယ်လေးဘုံမှ လွတ်မြောက်ပြီး လူဘဝကို ရဖို့ထက် ဤအာဇာနည်ပုဂ္ဂိုလ်တို့၏ ဘဝက အဆပေါင်း မရေမတွက်နိုင်အောင် ရခဲနေသည်ကို သိကြရာ၏။

ဤအာဇာနည် ပုဂ္ဂိုလ်ကြီးတို့မှာ ယခုဘဝမှာပင် စွာန်ချမ်းသာကိုခံစားပြီး ဘဝကင်းလိုပါက ဘဝကင်းနိုင်ကြသည့် မဂ်ပေါက်ဖိုလ်ဝင် ပုဂ္ဂိုလ်ကြီးများ ဖြစ်သည်။

* **ပုဂ္ဂလအာဇာနည်၊ လူ့ပြည်လူ့ဘဝ၊ ရပုံက၊ ဒုလ္လဘ ဒုလ္လဘတည်း။**

ထို့ပြင် ဤပုဂ္ဂိုလ်ကြီးများသည် အလင်းနယ်မှ ပြောင်းရွှေ့လာကြသူများ ဖြစ်ကြသဖြင့် ရုပ်အဆင်းကလည်း တင့်တယ်သပ္ပာယ်သည်၊ ဥစ္စာဓနကလည်း ပေါများသည်၊ လိုတရနိုင်သည်၊ မျိုးဆွေ ဂိုဏ်းဂဏ အနေဖြင့်လည်း အထက်တန်းကျသည်ကို တွေ့ကြရ၏။

* **ရုပ်ဆင်းလှပ၊ ဓနပေါကြွယ်၊ အမျိုးဝယ်မြတ်၊ ဂုဏ်ကြီးလတ်၊ ထက်ရုပ်နယ်မှ လာသူတည်း။**

အမှတ် (၃)လူသား

အမှတ် (၃)ဖြစ်သော အဓိပတိလူသား ဗုဒ္ဓအဖြစ်တော်နှင့်စပ်၍ "ဧဝံ အဓိစ္စမိဒံ ဘိက္ခဝေ ယံ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ= ရဟန်းတို့ ဤအတူ အကြင်ကြောင့် ပူဇော်ကြည်နူးထူးသော အလှူကို ခံယူတော်မူထိုက်သော၊ သစ္စာလေးတန် လမ်းညွှန်သူမရှိ ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားသည် သတ္တလောက၌ ပွင့်တော်မူရာ၏။ ဤသို့ပွင့်တော်မူခြင်းသည် အံ့အားသင့်စရာ ထူးခြားလှစွာ ပွင့်တော်မူလာရခြင်းပါပေတည်း" ဟု ဟောတော်မူ၏။ ထိုဟောဆိုချက်ကို အဋ္ဌကထာဆရာက မဟာသီဝမထေရ်ကြီး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဤသို့ဖော်ပြ၏။

"ထိုစကြဝဠာ ရေပြင်ကျယ်ကြီးအတွင်း၌ အရှေ့စကြဝဠာတံတိုင်းမှနေ၍ လူတစ်ယောက်ပစ်ချထားသဖြင့် မျောချင်သလို မျောနေသောထမ်းပိုးတုံး၊ တောင်စကြဝဠာတံတိုင်းမှနေ၍ လူတစ်ယောက်ပစ်ချထားသဖြင့် အထိမ်းအကွပ်မဲ့မျောနေသော ထမ်းပိုးတုံး၊ အနောက်စကြဝဠာတံတိုင်းမှနေ၍ လူတစ်ယောက်ပစ်ချထားသဖြင့် လေယူရာလွင့်မျောနေသော ထမ်းပိုးတုံး၊ ဤသို့ထမ်းပိုးတုံး ၄-တုံးရှိရာ၊ ထို ၄-တုံးတစ်နေရာတည်း၌ အလိုအလျောက်ဆုံမိပြီး လှိုင်းလေထဲ၌ အထက်အောက် ဆင့်မိလျက်ဖြစ်ကာ

အပေါက် ၃-ပေါက်လည်း အထက်အောက်တည့်တည့် ဖြစ်နေစဉ်မှာ ဦးတည့်ရာသွားနေသည့် လိပ်ကန်းကြီး ခေါင်း ပေါ်သည်နှင့်ကြုံပြီး စွပ်မိချင်သာ စွပ်မိရာ၏။ လောကဌ ဗုဒ္ဓပွင့်တော်မူရန် ထို့ထက်ခဲယဉ်း၏" ဟု ဆိုသည်။

ဤအဆိုအမိန့်တို့အရ အဆင့်အတန်းမြင့်လှပါသည် ဆိုသော လူ့အာဇာနည်ပုဂ္ဂိုလ်ကြီးတို့၏ လူ့အဖြစ်ထက် အဓိပတိလူသား ဗုဒ္ဓ၏အဖြစ်တော်ကား အဆပေါင်းမရေ မတွက်နိုင်အောင် ခဲယဉ်းနေသည်ကို သတိပြုကြရာ၏။

ဤကား လူ့အဖြစ်ရခဲပုံနှင့်စပ်၍ ဗုဒ္ဓဟောကြား တော် မူအပ်သော ဥပမာ ၃-မျိုးဖြစ်၏။

ပေါ်ပေါက်ခဲလှသည့် ဆရာတော်

ကျေးဇူးတော်ရှင် နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်ဂိုဏ်း တွဲဖက်သာသနာပိုင် ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီးကား လောကဌ ပေါ်ပေါက်ခဲလှ ဖူးတွေ့ရခဲလှသည့် ဆရာတော်ဖြစ်သည်။ ဆရာတော်သည် လက်ရှိမြန်မာနိုင်ငံ သာသနာတော်၌ စာအတတ်ဆုံး ၃-ပါး၊ တွင် တစ်ပါးအပါအဝင် ဖြစ်သည်။ ထိုဆရာတော် ၃-ပါး၊ တွင် အဘယ် ဆရာတော်က စာတတ်နံ့ပါတ်(၁)၊ အဘယ်ဆရာတော်က စာတတ်နံ့ပါတ်(၂)၊ အဘယ်ဆရာတော်က စာတတ်နံ့ပါတ်(၃) ဟု သတ်မှတ်မူကား မပြုခဲ့ကြပါ။

သို့သော် ပရိတ်ကြီးပါဠိတော် မေတ္တာသုတ် အမွှန်း ပထမဂါထာ တတိယပါဒ၌ "ယဉ္စဉ် စေဝါ နယုဉ္ဇန္တော" ဟု လည်းကောင်း၊ "ယမှိ စေဝါ နယုဉ္ဇန္တော" မူကို အတည်ပြု၍ "ယဉ္စဉ်" ကို မူကွဲအဖြစ်သာ ပြဆိုထားရာ စာအတက်ဆုံး သုံးပါး၊ တွင် ပါဝင်သော ဆရာတော်တစ်ပါး၊က "ယမှိ စေဝါ နယုဉ္ဇန္တော" မူကို ကျက်မိထားလို့ တော်ပါသေး၏-ဟု မိန့်ဆိုသည်ကို နာခံခဲ့ရ၏။ ဤသည်မှာ ပရိယတ္တိဂုဏ်ရည်ကို ထောက်ခံချီးမွမ်းရပုံ ဖြစ်သည်။

ထို့ပြင် ပရိတ်ကြီးနိဿသစ် အာဠာနာဋိယသုတ် ဒီပါနာထာ အစချီသော ဂါထာ တတိယပါဒ၌ ဂတိဗန္ဓ မဟေဿာသာဟုရှိနေရာ "ပင်ကို ဂါထာဘာဏကအလိုမှာ မဟေဿာသာ။ မဟိဿာသာ မဟုတ်တန်ရာ "မဟာဿာသာ" ဟုသာ ဖြစ်ဖွယ်ရှိပါသည်ဟု ဝေဖန်ထားရာ မြန်မာဘာသာ, ပါဠိဘာသာ, သင်္ကတဘာသာတို့၌ အထက်တန်း ကျကျ လေ့လာတတ်မြောက်ထားသော မြန်မာပညာရှိ ဦးဆန်းထွန်းက ဒီတစ်ပုဒ်နှင့်ပင် အဂ္ဂမဟာပဏ္ဍိတာဘွဲ့ တန်နေပါပြီ-" ဟု ပြောဖူးသည်ကို မှတ်သားထားမိ၏။ ဤသည်တို့မှာ ပရိယတ္တိနယ်ပယ်၌ အံ့သြဖွယ်ဆရာတော် ဖြစ်ကြောင်း သက်သေတို့ပေတည်း။

စာရေးသူပြောလိုသည်မှာ ဤဆရာတော်ကြီးသည် ပရိယတ္တိအရာ၌ ဤမျှအထိ အဆင့်အတန်း မြင့်ရုံမျှမက

-ပါတိမောက္ခသံဝရသီလ

-ဣန္ဒြိယသံဝရသီလ

-အာဇီဝပါရိသုဒ္ဓိသီလ

-ပစ္စယသန္နိဿိတသီလ ဟူသော စတုပါရိသုဒ္ဓိ အရာ၌လည်း အငြိအစွန်းမရှိ စင်ကြယ်လှသော ဆရာတော်ကြီးဖြစ်ကြောင်း အခိုင်အမာ ပြောလိုပါသည်။

ဤမျှ သီလစင်ကြယ်သော အရှင်မြတ်ကို "စာနလာဘီ ပုဂ္ဂိုလ်ကြီးပါ" ဟု တစ်စုံတစ်ယောက်က ပြောဆိုလျှင် စာနိ၏သဘောကို နားလည်သူ မည်သည့်ပညာရှိက ငြင်းဆိုနိုင်ပါမည်နည်း?

ထိုသို့မဆိုရဲပါက "ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ, ဋ္ဌိတဿ အညထတ္တံ ပညာယတိ" ဒေသနာ အရ ရုပ်-နာမ် သန်တ ဓမ္မတို့၏ ဥပါဒ်, ဋ္ဌိ, ဘင်ဟူသော သန်တ လက္ခဏာတို့သည် ဆရာတော်ကြီး၏ ဉာဏ်တော်၌ ဇကနဲထင်ပေါ် နေပေလိမ့်မည်။ သို့ဖြစ်လျှင် "ဤဆရာတော်ကြီးသည် အရိယာအရှင်မြတ်ကြီးပါ" ဟု တစ်စုံတစ်ယောက် ပြောဆိုလေသော် မည်သည့် ပညာရှိ ငြင်းဆိုနိုင်ပါမည်နည်း။

ဤကား စတုပါရိသုဒ္ဓိသီလ စင်ကြယ်လှသည်ကို ထောက်ဆ၍ အဆင့်ဆင့် သိအပ်သော ဓမ္မသဘောတို့တည်း။

* **လေးဆူ သီလ၊ စင်ကြယ်က၊ သမထ ဖြစ်လွယ်သည်။**
* **သမထမည်ရှိ၊ သမာဓိတည်သူ၊ ဖြစ်ဘိမူ၊ နှစ်ဆူ ရုပ်နာမ် ရလွယ်သည်။**
* **ရုပ်နာမ်ပေါ်က၊ သဒ်တ လက္ခဏာ၊ ထင်ပေါ်လာ၊ အရိယာ ဖြစ်လွယ်သည်။**

သပြေကန်ဆရာတော်ကြီး၏ စင်ကြယ်လှသော သီလတော်ကို အာရုံပြု၍ ပူဇော်ပါသည်။

ဥူးမာနိတသိရိဘိဝံသ

ဓမ္မပြည့်ကျော်
ဆရာတော်

အရှင်အဂ္ဂဉ္ဉ နာဘိဝံသ

အကျွန်ုပ်အယူရှိပါ၏။ ဤသို့ဖြစ်ခြင်း သည်လည်း အရှင်ကဲ့သို့သော(ပညာရှိ) ပုဂ္ဂိုလ်တို့ကို မဖူးမြင်ရခြင်းကြောင့်လည်းကောင်း, တရားသဘောကို မသိမြင်ခြင်းကြောင့်လည်းကောင်း ဖြစ်ရာပါ၏" (မ၊ ၂။၃၆၅။)။

ထိုအခါ အရှင်ဥဒေနက ပုဏ္ဏား! လောက၌-

(၁) မိမိကိုယ်ကို ပူပန်စေတတ်သော 'အတ္တန္တပ' ပုဂ္ဂိုလ်

(၂) သူတစ်ပါးကို ပူပန်စေတတ်သော 'ပရန္တပ' ပုဂ္ဂိုလ်

(၃) မိမိ,သူတစ်ပါး နှစ်ဦးသားကို ပူပန်စေတတ်သော "ဥဘယန္တပ' ပုဂ္ဂိုလ် (၄) မိမိ, သူတစ်ပါး နှစ်ဦးသားကို မပူပန်စေတတ်သော "အနုဘယန္တပ" ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ် ၄-မျိုးရှိရာ အဘယ်ပုဂ္ဂိုလ်သည် သင်၏စိတ်ကို နှစ်သိမ့်စေပါသနည်း" ဟု မေးတော်မူသည်။ ထိုအခါ ဃောဋမုခ ပုဏ္ဏားက-

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးခါစ တစ်ခုသော အခါသမယ၌ ဗာရာဏသီပြည်အနီး ခေမိယသရက်ဥယျာဉ်၌ သီတင်းသုံးနေသော ရဟန်းတော်အရှင်ဥဒေနအထံသို့ ဃောဋမုခမည်သော ပုဏ္ဏားတစ်ယောက် ရောက်လာပြီးလျှင် အရှင်ဥဒေနအား အမေးပုစ္ဆာ ပြဿနာတစ်ရပ်ကို မေးမြန်းလျှောက်ထားသည်။

"အရှင်ရဟန်း! တရားစောင့်သော (တရားနှင့်လျော်ညီသော) ရှင်ရဟန်း မည်သည် မရှိ-ဟု

"အရှင်ဥဒေန! ထိုစကားကို စင်စစ် အကြောင်းနှင့်တကွ အကျွန်ုပ် ပြောဆိုခဲ့ပါ၏၊ တရားစောင့်သော(တရားနှင့်လျော်ညီသော) ရှင်ရဟန်းမည်သည်ရှိ၏ဟု အကျွန်ုပ် အယူရှိပါသည်"

ဤသို့ လျှောက်ထားပြီးနောက် ထိုပုဂ္ဂိုလ် ၄-မျိုးကို အကျယ်ဝေဖန်ဟောကြားရန် လျှောက်ထားလေသည်။ အရှင်ဥဒေန က အကျယ်ဝေဖန် ဟောပြလိုက်ရာ တရားဒေသနာ၏အဆုံး၌ ဃောဋမုခပုဏ္ဏားသည် သရဏဂုံ တည်လေသည်။

ဤ၌ ဃောဋမုခပုဏ္ဏားသည် လောကာယတအယူဝါဒကို လက်ခံယုံကြည်သော ပုဂ္ဂိုလ်ဖြစ်သည်။ လောကာယတ ဟူသည်မှာ "**ရဟန်းတို့! လောကာယတအတတ်ကို မသင်ယူအပ်၊ သင်ယူသောရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏**"ဟု (ဝိ၊၄။၂၈၀) ဘုရားရှင် တားမြစ်ထားသော အယူဝါဒဖြစ်သည်။ ယင်းအယူဝါဒသည် ကံ၊ ကံ၏အကျိုးနှင့် နတ်ပြည်၊ နိဗ္ဗာန်၊ တမလွန် လောကကို ပယ်မြစ်သော အယူဝါဒဖြစ်သည်၊ ထို လောကာယတကျမ်းကို စဗ္ဗာက(စာဝေါက)ဆရာ စီရင်သည်။ ထိုအယူဝါဒကို ယုံကြည်သူသည် "သက်ရှိ၊ သက်မဲ့၊ အရာဝတ္ထုအားလုံးသည် လူသားက ပြုလုပ်ထားအပ်သော အရာဝတ္ထုမျှဖြစ်၏။ တစ်စုံတစ်ခုသောအမှုကို ပြုလုပ်ပြီးလျှင် (ယုတ်စွအဆုံး အမိ၊ အဘကို သတ်ပြီးလျှင်) မိမိကိုယ်ကို မွေးမြူအပ်၊ စောင့်ရှောက်အပ်၏"ဟု ခံယူတော့သည်။ ထို့ကြောင့် လောကာယတအယူဝါဒရှိသူ ဟူသမျှ အပါယ် ၄-ပါး လားရသည်သာ ဖြစ်လေသည်။ ဤဃောဋမုခပုဏ္ဏားသည်ကား သစ္စာနုလောမိကဝိပဿနာဉာဏ်၊ ယထာဘူတဉာဏ်ဟူသော အာသယအရွာသယ ဓာတ်ခံရှိသူဖြစ်သောကြောင့် အရှင်ဥဒေန၏ တရားဒေသနာအဆုံး၌ သရဏဂုံတည်ကာ သမ္မတ္တိချမ်းသာ အဖြာဖြာကို ရရှိခံစားရသည်။ ဤအကြောင်းကို အဋ္ဌကထာ၊ ဋီကာကျမ်းတို့၌ ဤသို့ မိန့်ဆိုတော်မူကြသည်။

"ဧတာသု ကိရ အနုနသိပ္ပေ 'မာတရမွိ ယာတေက္ခာ အတ္တာဝ ပေါသေတမ္ဗော' တိ အာဂစ္ဆတိ၊ ဧတံ သိပ္ပံ အနန္တေ ဥပေတ္တာ ဧတံ

"အရှင်ဥဒေန! ရှေး ၃-မျိုးသော ပုဂ္ဂိုလ်တို့သည် အကျွန်ုပ်၏စိတ်ကို မနှစ်သိမ့်စေနိုင်ပါ။ မိမိ, သူတစ်ပါးနှစ်ဦးသား မပူပန်စေတတ်သော မျက်မှောက်သော ကိုယ်၏အဖြစ်(ယခုဘဝ)၌ပင် ကိလေသာ ဆာလောင်မွတ်သိပ်မှု မရှိဘဲ ငြိမ်းချမ်းအေးမြ ချမ်းသာသုခကို ခံစားလျက် မြတ်သောကိုယ်ဖြင့် နေထိုင်ရသော စတုတ္ထပုဂ္ဂိုလ်သည်သာ အကျွန်ုပ်၏စိတ်ကို နှစ်သိမ့်စေနိုင်ပါသည်"

ဟု လျှောက်ထားလေသည်။

ဤတွင် ရဟန်းတော်အရှင်ဥဒေနက "ပုဏ္ဏား! ဤလောကဝယ် (၁) လောကီစည်းစိမ်ဥစ္စာတို့၌ ပြင်းစွာတပ်မက်၍ သားမယား, လယ်ယာ, ရွှေငွေတို့ကို ရာမှီးကာ အိမ်ရာတည်ထောင်သော 'အဂါရိက'ပရိသတ် (၂) လောကီစည်းစိမ်ဥစ္စာတို့၌ ပြင်းစွာတပ်မက်ခြင်း မရှိမူ၍ သားမယား, လယ်ယာ, ရွှေငွေတို့ကို စွန့်ပယ်ကာ အိမ်ရာတည်ထောင်လူဘောင်မှ အိမ်ရာမထောင်သော ရဟန်းဘောင်သို့ ဝင်ရောက်သော 'အနဂါရိက'ပရိသတ်ဟု ပရိသတ် ၂-မျိုးရှိရာ အဘယ်ပရိသတ်၌ ဆိုခဲ့ပြီး ပုဂ္ဂိုလ် ၄-မျိုးတို့တွင် အဘယ်ပုဂ္ဂိုလ်ကို သင် အများဆုံး တွေ့မြင်ရသနည်းဟု မေးတော်မူသည်၊ ဃောဋမုခပုဏ္ဏားက-

"အရှင်ဥဒေန! မိမိ, သူတစ်ပါး နှစ်ဦးသားကို မပူပန်စေတတ်သော မျက်မှောက်ကိုယ်၏အဖြစ်(ယခုဘဝ)၌ပင် ကိလေသာ ဆာလောင်မွတ်သိပ်မှု မရှိဘဲ ငြိမ်းချမ်းအေးမြချမ်းသာသုခကို ခံစားလျက် မြတ်သောကိုယ်ဖြင့် နေထိုင်ရသော ဤစတုတ္ထပုဂ္ဂိုလ်ကို အိမ်ရာမထောင်သော အနဂါရိယပရိသတ်၌ အများဆုံး တွေ့မြင်ရပါသည်"

ဟု ဖြေဆိုလျှောက်ထားသည်။

တစ်ဖန် အရှင်ဥဒေနက "ပုဏ္ဏား! ယခုတွင်ပင် 'တရားစောင့်သော ရှင်ရဟန်းမည်သည်မရှိဟု အကျွန်ုပ် အယူရှိပါ၏'ဟူ၍ သင် လျှောက်ထားသောစကားကို ငါတို့ကြားသိရကုန်၏"ဟု မိန့်တော်မူရာ ဃောဋမုခပုဏ္ဏားက ဤသို့ လျှောက်ထားပြန်သည်။

အညော သင်္ဂေ နိဗ္ဗတ္တော နာမ နတ္ထိ၊ ဧသ ပန ထေရံ ဥပနိဿာယ ပုညံ ကတ္တာ တတ္ထ နိဗ္ဗတ္တတိ'' (မ၊ဋ္ဌ၊၃။၂၈၂)။

''သဗ္ဗမိဒံ ထာဝရဏ်မံ ပုရိသကတံ၊ တသ္မာ ယံကိဉ္စိ ကတ္တာ အတ္တာ ပေါသေတဗ္ဗော ရက္ခိတဗ္ဗော'' တိ လောကာယတနိဿိတော နိတိ မဂ္ဂေါ ယောဇ္ဈမုခကန္တော၊ တသ္မာ အာဟ ''ဧတဿ ကိရ ဇာနနသိပ္ပေ'' တိ အာဒိ (မ၊ဋီ၊ ၃။၁၈၈)။

လောကာယတဝါဒနှင့်စပ်လျဉ်း၍ မှတ်သားဖွယ် အကျယ်ကို အာဘယာရာမဆရာတော်၏ မောဂ္ဂလ္လာန်နိဿယ နိဒါန်းအကျယ်၌ ကြည့်ရှုရာ၏။ လောကာယတဝါဒကို ခံယူထားသည့် ယောဇ္ဈမုခပုဏ္ဏားကဲ့သို့သော မိစ္ဆာအယူရှိသူကိုပင် သရဏဂုံတည်ကာ ချမ်းသာသုခ ရရှိခံစားနိုင်အောင် ဆုံးမဟောကြားနိုင်သော အရှင်ဥဒေနမထေရ်မြတ်၏ ဒေသနာဉာဏ်စွမ်းကား အံ့မခန်းဖွယ် ဆန်းကြယ်နက်နဲ လှပါပေသည်။ ဤအရှင်ဥဒေနမထေရ်မြတ်နှင့် အလားတူသော ဤဖက်ခေတ် မြန်မာပြည်ဖွား မထေရ်မြတ်များကို ညွှန်ပြပါဟု ဆိုလျှင် (၁) အဂ္ဂမဟာပဏ္ဍိတ အာဘယာရာမ ရွှေဂူဆရာတော် (၂) အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် (၃) အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ပုဇွန်တောင် ရွှေကျင်တိုက် သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသစသော သာသနာ့ ထိပ်ခေါင်တင် ကျေးဇူးရှင်ဆရာတော်များကို ညွှန်ပြရပေမည်။ ထိုဆရာတော်များတွင် အာဘယာရာမဆရာတော်သည် ခက်ခဲနက်နဲလှသော မာဂဓ, သင်္ကတနိသျကျမ်းပေါင်းများစွာကို ရေးသားစီရင်တော်မူ သကဲ့သို့ မဟာစည်ဆရာတော်သည် ခက်ခဲနက်နဲလှသော ပဋ္ဌိပတ္တိကျင့်စဉ်ကျမ်းများ, အမျိုးမျိုးသော သုတ္တန်ပါဠိတော်ဟောစဉ်တရားများနှင့် ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ-စသော ကျမ်းပေါင်းများစွာတို့ကို ဟောကြားပို့ချ ရေးသားစီရင်တော်မူသည်။ ထို့အတူပင် သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသသည်လည်း ခက်ခဲနက်နဲသော ကျမ်းစာအမျိုးမျိုးတို့ကို ရေးသားစီရင်တော်မူသည်။ ယနေ့ခေတ်အခါ၌လည်း ဖော်ပြပြီးဆရာတော်ကြီး ၃-ပါးကဲ့သို့သော ရဟန်းကောင်း ရဟန်းမြတ်များနှင့် တွေ့ကြုံဆုံဆည်းကြရသော ပုဂ္ဂိုလ်များသည်လည်း အပါယ်ဆင်းရဲမှ လွတ်မြောက်ကာ သမ္မတ္တိချမ်းသာအဖြာဖြာကို ရရှိခံစားနိုင်ကြပေသည်။

ဤ၌ သပြေကန်ဆရာတော်၏ ပရိယတ္တိ, ပဋိပတ္တိ ဂုဏ်ရည်တို့ကို ဖော်ပြရန် အခွင့်ရောက်လာသည်။ ဆရာတော်ကား အလိုနည်းခြင်း 'အပ္ပိစ္ဆာ' ဂုဏ် ရှိတော်မူသည့်အတိုင်း ငယ်စဉ်အခါက ရွှေကျင်ဂိုဏ်း၏ ပြင်ပဌ္ဌ အလွန်ထင်ရှား ကျော်ကြားသောပုဂ္ဂိုလ် မဟုတ်ပါပေ။ ရွှေကျင်ဂိုဏ်း အတွင်း၌ကား ရှင်သာမဏေဘဝဖြင့်ပင် ဝိနည်း ၅-ကျမ်း အာဂုံပြန်ဆိုနိုင်သော 'ဝိနယဓရ' သာမဏေ ကျော်အဖြစ် ရွှေကျင်ဂိုဏ်း၏ မှတ်တမ်းတင်ခြင်းကိုပင် ခံယူတော်မူခဲ့ရသည်၊ ရဟန်းသိက္ခာ တစ်ဝါ အရတွင် သံယုတ် ၅-ကျမ်းကို အာဂုံပြန်ဆိုနိုင်သောကြောင့် ရန်ကုန်မြို့၊ စေတိယဂိရိအသင်းကြီး၏ **''ဝါသေဋ္ဌာဘိသိရီပဝရ သာသနဓဇ သံယုတ္တဘာဏက''** ဘွဲ့ကို ခံယူတော်မူခဲ့ရသည်။ ထို့ပြင် တစ်ဝ အသက် ၁၅-နှစ်အရွယ် ရှင်သာမဏေငယ်ဘဝမှစ၍ နဝအရွယ် ရဟန်းငယ်ဘဝတိုင်အောင် သပြေကန် မဟာဓမ္မိကာရာမတိုက်, ပခုက္ကူမဟာဝိဇယာရာမတိုက်, မန္တလေး အာဘယာရာမရွှေဂူတိုက်တို့၌ ကျေးဇူးရှင် ဆရာတော်များ၏ ဆွမ်းမခံစေဘဲ စာပေကိုသာ ကြိုးစားရန် အထူးချီးမြှောက်မှုကိုလည်း ခံယူတော်မူခဲ့ရသည်။ စာမေးပွဲဂုဏ်ထူးအားဖြင့် မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ အသင်းကြီး၏ **''ဝါသေဋ္ဌာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ''** ဘွဲ့နှင့် နိုင်ငံတော်အစိုးရ၏ **''ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ သာသန ဓဇသိရီပဝရဓမ္မာစရိယ သိရောမဏိ''** ဟူသော ဘွဲ့ထူးကို အစဉ်းဆုံး ခံယူတော်မူခဲ့ရသည်။

သပြေကန်ဆရာတော်သည် ၅-ဝါပြည့်ကြွယ် မဇ္ဈိမအရွယ်မှစ၍ ပါဠိဂါထာစုတ္ထိယ, မြန်မာစကားပြေကျမ်းဂန်စာပေများကို ရေးသားပြုစုတော်မူခဲ့ရာ အာဘယာရာမဆရာတော်စသော ပညာရှင် သူတော်ကောင်းတို့၏ ကောင်းချီးပေးခြင်းကို ခံယူတော်မူခဲ့ရသည်။ အာဘယာရာမဆရာတော်၏ ဆက်ကပ်ရာ စာချမမှာစရိယ မဟုတ်သေး

နိဒ်းချုပ်

သပြေကန်ဆရာတော်သည် ဆရာသခင် ကျေးဇူးရှင် ဆရာတော်အား အာဘာရာမိကဂုဏ်ရည်စာတမ်းဖြင့် ရေးသားပူဇော်ရာတွင် "အာဘာရာမဆရာတော်၏ စိတ်နေသဘောထားကား အလွန်ပင် လေးနက်တည်ကြည် လှပါပေသည်။ လေးနက်တည်ကြည်သည်နှင့်အမျှပင် ဆရာတော်၏ သီလ, သမာဓိ, ပညာဂုဏ်တော်များမှာလည်း အလွန်ပင် လေးနက်လှပါပေသည်။ ထိုဂုဏ်တော်များကို အကုန်အစင် သိမြင်ဖို့ရာ မိမိကဲ့သို့သော သူတို့၏ အရာမဟုတ်၊ အာဘာရာမဆရာတော်ကဲ့သို့သော တကယ့်ပညာရှင်ကြီးများသာ သိနိုင်ပေ ကြလိမ့်မည်" ဟု ဦးတွားလျက် ဖော်ပြပါ ဝသန္တတိလကာဂါထာဖြင့် ဥဒါန်းကျူးရှင့်တော် မူလေသည်။

မိနာ ဗြဟာဝ ဇလဓိဿ ဂဘီရဘာဝံ၊
နာဏူ ဝိဒုံ ဂုဏမယောဒဓိ ဂါဓတမ္ပိ။
အမှာကမာစရိယကေသရိနော သမဂ္ဂ-
တန္တြပ္ပဝိဏဝိဗုဓာဝ နု မပ္ပမန္တာ။

"ပင်လယ်သမုဒ္ဒရာကြီး၏ နက်နဲသည်၏အဖြစ်ကို တိမိရ, တိမိရပိဂံလစသော ငါးကြီးများသာ သိနိုင်ကြ၍ အရွယ်အစား သေးမွားလှသော ငါးကလေးများ မသိနိုင်ကြသကဲ့သို့ အကျွန်ုပ်တို့၏ ကျေးဇူးတော်ရှင် အာဘာရာမဆရာတော်ဘုရားကြီး၏ သီလ, သမာဓိ, ပညာ ကျေးဇူးဂုဏ်မဟာသမုဒ္ဒရာ၏ နက်နဲမှုအတိုင်းအတာကိုလည်း ကျမ်းဂန်အရပ်ရပ် အလုံးစုံသော အဆုံးအဖြတ်တို့၌ လိမ္မာကျွမ်းကျင်သော ပညာရှင်ကြီးများသာ သိနိုင်ကြမည်ဖြစ်၍ အကျွန်ုပ်ကဲ့သို့သော ပုဂ္ဂိုလ်များမှာ မသိနိုင်ကြပါ" ဟူ၍ သပြေကန်ဆရာတော် ဥဒါန်းကျူးသကဲ့သို့ မိမိသည်လည်း "ရွှေကျင်နိကာယ ဥပဥဉ္ဇ သပြေကန်ဆရာတော်ဘုရားကြီး၏ ကြီးကျယ် နက်နဲလှသော သီလ, သမာဓိ, ပညာဂုဏ်တို့၏ နက်နဲမှုအတိုင်းအတာကို အကုန်အစင် မသိမြင်နိုင်ပါ" ဟူ၍ ပြောကြားရင်း ဤစာတမ်းကို နိဒ်းကမ္ပတ် အဆုံးသတ်ရပါသတည်း။

အရှင်အဂ္ဂညာဘိဝံသ

သော အရှင်ဝါသေဋ္ဌာအား အာဘာရာမဆရာတော်က "**ဥူးဝါသေဋ္ဌ (ဓမ္မာစရိယ)**" ဟူ၍ ဓမ္မာစရိယဘွဲ့ထူးဖြင့် ချီးကျူးတော်မူခဲ့သည်။ အာဘာရာမထေရပွတို့ကျမ်း၏ နောက်ဆက်တွဲအဖြစ် "**အာဘာရာမိက ဂုဏ်ရည်**" စာတမ်းကို သမဂ္ဂတို့ဂါထာ, မြန်မာစကားပြေတို့ဖြင့် ရေးသားရာ ပညာရှင်တို့က ချီးကျူးထောမနာ ပြုခဲ့ကြသည်။ ထို့ကြောင့်ပင် ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ ရေးသားတော်မူသော မဟာစည်ဆရာတော်က ထိုနိဒါနကထာ၏ သင်္ဂဟအနုဂီတိဂါထာများကို ရေးသားစေရာ ၁၁-လုံး, ၁၂-လုံး, ၁၄-လုံးဘွဲ့ သမဂ္ဂတို့ဂါထာများဖြင့် ၇၄-ဂါထာ ရေးသားပေးပို့တော်မူသည်။ မဟာစည်ဆရာတော်စသော ပညာရှင်အပေါင်းက သောင်းသောင်းဖျဖျ ချီးကျူးတော်မူကြသည်။ ဤမျှလောက် ကျမ်းဂန်တတ်သိ ပညာရှိများ နယ်ပယ်တွင်ထင်ရှားသော်လည်း သပြေကန်ဆရာတော်သည် 'အပ္ပိစ္ဆာဂုဏ်' အားကြီးမှုကြောင့် မြန်မာတစ်နိုင်လုံး ပျံ့နှံ့ထင်ရှားအောင် ကျော်စောခြင်းကိုကား မရှိသေးပေ။ သက်တော် ၅၀-ကျော်လာသောအခါ ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃာအဖွဲ့, အကျိုးတော်ဆောင် ဝိဇ္ဇာလင်္ကာရဆရာတော်၏ တောင်းပန်တိုက်တွန်းမှုကြောင့် ရေးသားအပ်သော ပရိတ်ကြီးနိဿယသစ်ကျမ်း ထွက်ပေါ်လာသောအခါ၌ကား သပြေကန် ဆရာတော်၏ ဂုဏ်ရန်သည် မြန်မာနိုင်ငံ မဆုံအောင် ပျံ့နှံ့ကျော်စော လေတော့သည်၊ ဤကျမ်းစာထွက်ပေါ်ပြီးနောက် ကာလအတန်ကြာ၍ သပြေကန်ရွာ မဟာမဓိကာရာမတိုက်မှ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးရသောအခါ ဆရာတော်၏ ထူးခြားပြောင်မြောက်သော စွမ်းရည်များကို သိရှိလာကြပြီး ဆရာတော်၏ တရားကျမ်းစာများကို သူ့ထက်ငါဦးအောင် ဖတ်ရှုမှတ်သားနာကြားလာကြသည်။ ဤသို့ ဆရာတော်သည် သက်တော်ဝါတော် ကြီးရင့်လာလေ ဂုဏ်သတင်း ပိုမိုပျံ့သင်းလာလေဖြစ်တော့သည်။

သပြေကန်
ပရိတ်ကြီးနိဿယသစ်ဆရာတော်ကြီးအား
ချီးကျူးလွှာ

ဝိသုဒ္ဓါဘိဝံသ (ဝိသုဒ္ဓါရုံ ဆီးပင်ကျောင်းဆရာတော်)

(က) ကစ္စာယနနဘေ သေသ - ဋ္ဌီကာယော တာရဏ္ဏေ ပမာ၊
သပြေကန်-ဝဏ္ဏနာယေ ဝ၊ နိသာကရ သမ္ဗု ပမာ။

(ခ) ဇေတ္ထ ဝေ ဂုဠ္ဟ ဂမ္ဘီရ, မတ္ထံ ထေရော ပကာသတိ၊
ဒေါသညူ ဟဒယာ နန္ဒ-ကာရော နေန မဟာ မတိ။

(ဂ) ကစ္စာယနတ္ထ သစ္ဆတ္ထ - သံမုဋ္ဌန မမုဋ္ဌတံ၊
သာဓေတိ ဒဿယိတ္ထာန, သ သက္ကတာ ဒိ-သာဓကံ။

(ဃ) ကစ္စာယန မဟာ ထေရ, ဝရော ဂမ္ဘ သ နိဿယံ၊
ကရောတေ သမတိ ဟန္ဒ, ဒဿေတုနာ တိ နော မတ န္တိ။

အယံ-ယဉ်လှထိုထို ချီချီ သန့်သန့် ဤဆိုလတ္တံ့ဘိ၊ ဂီတိ-အဖြာဖြာ,ဂါထာအရပ်ရပ်သည်ကား၊ ဇေတ္ထ-သပြေကန် သဒ္ဒါကြီး နိသျသစ်, ဤကျမ်းဦးအစ၌၊ အဘိတ္ထဝနာ-နှစ်သက်ခုံမင် အဖုံဖုံဆင် ဂုဏ်တင်ချီးကျူးခြင်း ဖြစ်ပါပေသတည်း။



ဒေါသည္ဂူ-ပုဒ်မှား ပါဠ်မှား အနုက်မှားဟု အမှား အရပ်ရပ် အဖြစ်လည်း မြင်တတ်သော၊ မဟာ မတိ မာဂဓ သက္ကတ နှစ်ဖက်ရသည့် ထက်မြက် ထင်လာ အမြင်သာတိ ကြီးမားသော ပညာရှိ ပုဂ္ဂိုလ်ကျော်သည်၊ အနေန ကစ္စာနတ္ထ ဒီပနီ အမည်တစ်မျိုးရ ဤသဒ္ဒါကြီးနိသျသစ်ဖြင့်၊ ဟဒယာ'နဒ္ဒကာရော အဖက်ဖက်တွင် အခက်မထင်ရ စိတ်ရှင်ပြမှု တကယ်တန်းပြုတော်မူတတ်ပါပေသတည်း။

(ဂ) ကစ္စာနတ္ထ သစ္ဓတ္တ သံမုဉ္စာနံ-အမည်သဒ္ဒါကြီး ကျမ်းကစ္စည်း၏ အသီးသီး အချက်အလက် အနှက် သွယ်သွယ် အဓိပ္ပါယ် အတန်တန် မှန်ကန်သည်၏အဖြစ်၌ မှောင်မိုက်ကျချေ တွေဝေနေသော ပုဂ္ဂိုလ်တို့၏၊ အ-မုဉ္စတ်-တွေဝေခြင်း ကင်းရှင်းသည်၏ အဖြစ်ကို၊ သ-သက္ကတ'ဒီသာဓက်-သက္ကတနှင့်တကွ မာဂဓ စသည် အလီလီ မောက်ကြား အထောက်အထားသာဓကကို၊ ဒဿယိတွာန-လက်ပေါ်တင်ပြ အမြင်ရလျက် ရွင်ပျစေဟူ ပြုတော်မူ၍၊ သာဓေတိ-ခရီးရောက်လေ ပြီးမြောက်စေတော်မူပါပေ၏။

(ဃ) ကစ္စာယန-မဟာထေရ ဝရော-ကစ္စည်းအကျော် မထေရ်တော် အရှင်မြတ်သည်၊ အာဂမ္မ-ကိုယ်တော်တိုင်သာ ကြွရောက်တော်မူလာ၍၊ ဟန္ဒ-အမှုထင်ထင် ယခုပင်လျှင်၊ သမတိ-အဓိပ္ပါယ်အချက် အနှက်အဖြာဖြာ သဒ္ဒါကြီးအဆို ကိုယ့်အလိုတော် ကိုယ့်အာဘော်ကို၊ ဒဿေတုန်-ကွက်ကွက်ထင်ထင် အမြင်လှို့ တင်ပြတော်မူလျက်၊ သ-နိသယံ- ကိုယ်တော့်လက်ဖြစ် အသစ်စိတ်ချ ကိုယ့်နိသျကို၊ ကရောတေ-အသစ်ထွင်မှု ကိုယ်တော်တိုင် ပြုခဲ့ပါပေ၏။ ဤတိ-သပြေကန်သဒ္ဒါကြီးနိသယသစ် မြင်ရသောအခါ ဤသို့သာလျှင်၊ နော-နှစ်သက်အား၊ ကျေနပ်ကြသောငါတို့သည်၊ မတံ-အသိတစ်ရပ် သတိကပ်ချေ သိအပ်ပါပေသတည်း။

(က) ကစ္စာယန နဘော-ကျမ်းသဒ္ဒါကြီး ကစ္စည်းတခွင် ကောင်းပြင်ပြင်၌။ သေသဋ္ဌီကာယော-သပြေကန် သဒ္ဒါကြီး နိသျသစ်မှ ကြွင်းသမျှ အသီးသီး ကစ္စည်းဋ္ဌီကာတို့သည်။ တာရဏ္ဏ'ပမာ-အလင်းရောင် တကယ်မပေး ကြယ်ကလေးတွေ ဟူဘိ အတူရှိကြပါပေကုန်၏။ သပြေကန်-ဝဏ္ဏနာယေ'ဝ-သပြေကန်မည် သဒ္ဒါကြီးအဖွင့် နိသျသစ်သည် သာလျှင်၊ နိသာကရ သမူ'ပမာ-ဓိပ္ပါယ် စုံခင်း, လင်းထက်လင်း၍ လမင်းဟူဘိ၊ အတူရှိပါပေကုန်သတည်း။

(ခ) ထေရော-သပြေကန် မဟာဓမ္မိကာရာမ၊ နာယက အကျော်၊ ဆရာတော်မထေရ်မြတ်သည်၊ ဇတ္ထ ကစ္စာနတ္ထ ဒီပနီ အမည်တစ်မျိုးရ ဤသဒ္ဒါကြီးနိသျသစ်၌၊ ဝေ-အကဲဝေဖန် မလွဲကေန် အမှန်စင်စစ်ပင်လျှင်၊ ဂုဠ ဂမ္ဘီရ်-လျှို့ဝှက် မြုပ်ကွယ် မြင်နိုင်ဖွယ်ခက် နက်နဲလှစွာသော၊ အတ္ထ-သာမန်လူတော် ပုဂ္ဂိုလ်ကျော်တို့ ဖော်ဖို့လွန်ခက် အနှက်အဓိပ္ပါယ်ကို၊ ပကာသတိ-အမြုပ်ဖော်လျက် အခက်ဖော်ကြား မြင်မမှားရ ထင်ရှားပြတော်မူပါပေ၏။



အနုတ္တရဂုဏ်အင်၊ သပြေကန်ဒေယျဂုဏ်အင်

တိဝိဒ္ဓကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)
သပြေကန်ဆရာတော်ကြီး စျာပနတွင် ပူဇော်ရေးသားသည်

၁။ လပြည့်နေ့မှာ လပမာသို့ မေတ္တာစွမ်းအား မြတ်တရားကြောင့် လေးစားချစ်ခင် ရဟန်းရှင်လူ မေတ္တာဖြူ၍ ပြည်သူအစိုးရ **ဖူးမဝ ထူးလှသပြေကန်၊**

၂။ ကရဏာလွှမ်း မေတ္တာစွမ်းကြောင့် အေးချမ်းထူးခြွန် စကားသံမှာ ကြားနာမဝ **အေးချမ်းရ ထူးလှသပြေကန်၊**

၃။ သုတစွယ်စုံ တရားဂုဏ်ကြောင့် ခိုလှုံရောက်လာ သာသနာဝယ် သူငါအများ **တရားကိုရ ပြည့်ကြွယ်ဝ ထူးလှ သပြေကန်၊**

၄။ သိက္ခာအစွမ်း လွန်အေးချမ်း၍ ရဟန်းရှင်လူ အတုယူကာ သိက္ခာပြည့်ဝ **အေးချမ်းရ ထူးလှသပြေကန်၊**

၅။ သက်တော်လည်းရှည် ဂုဏ်ရည်ပျံ့မွှေး မေတ္တာအေးကြောင့် လုပ်ကျွေးသူများ ကုသိုလ်ပွားကြ **အေးချမ်းလှ ထူးလှသပြေကန်၊**

၆။ တရားကျေးဇူး ဂုဏ်အထူးကြောင့် ချီးကျူးမကုန် ဂုဏ်ပေါင်းစုံကို ပွားထုံအောက်မေ့ တရားမွှေ့ကာ ကောင်းစွာ နိုးကြား ကြိုးစားနိုင်ကြ **အေးချမ်းရ ထူးလှသပြေကန်။**

အဂ္ဂမဟာပဏ္ဍိတနှင့်

အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေကျင်ကျောင်းတိုက်

ဆရာတော် **ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ** မဟာထေရ်

နိဒ်ဒေါသြဝါဒါစရိယ ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် ဆရာတော်ဘုရားကြီး၏

မဟာထေရဂုဏ်ပူဖော် မင်္ဂလာအခါတော်နေ့တွင် တင်သွင်းဖတ်ကြား ပူဇော်မှု ဓမ္မဒါနပြုအပ်သော

ဂုဏ ပူဇ ဂါထာ
နှင့်
ဆန္ဒပြု ဆုတောင်းဂါထာ

နာယကဆရာတော်

အဂ္ဂမဟာပဏ္ဍိတ မဟာသုမောဓိရဲ့ကျောင်း

(၁) အဂ္ဂါ- ဘိဓေ ဂုဏိကော၊ ထေရော နော ဂန္ထကာရကော။
ရွှေကျင် ဂဏူပဇ္ဈန္ဒွော၊ အာယုဒီဃောတိ ပါကေဋ္ဌော။

ဘဒ္ဒန္တေ= အာစရိယ ဂုဏပူဇော မင်္ဂလာသဘင်ပွဲကြီးယင်လျက် ပျော်ရွှင်စုပေါင်း အို-အရှင်ကောင်း= အရှင်မြတ်တို့ဘုရား။ နော = အမှာက် ဆရာ့ကျေးဇူး အထူးဆပ်ရန် စိတ်ရည်သန်လျက် အမှန်ဆုတောင်း စုပေါင်းရွှင်ပျော် ဘုရားတပည့်တော်တို့၏။ ထေရော = မဟာထေရော = ဆပ်၍မကုန် တောင်နှယ်ပုံသည့် ဘုန်းဂုဏ်မြင့်ထီး ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်။ အဂ္ဂါဘိဓေ ဂုဏိကော = နိဒ်ဒေါသြဝါဒါစရိယ ဂုဏပူဇော အဘိဓဇ ဂုဏိကော = နိုင်ငံတော်အစိုးရမင်းတို့ ဝပ်စင်းတူပျော် အပ်နှင်းပူဇော်သည့် အဂ္ဂမဟာပဏ္ဍိတ မြတ်တံဆိပ်နှင့် လျှံဖိတ်ဂုဏ်ရောင် ထွန်းလင်းပြောင်သည့် ပြည်ထောင်စုဆရာ အစဖြာလျက် များစွာစုံလင် ဂုဏ်ကြီးရှင် ဖြစ်တော်မူပါပေ၏။ ဂန္ထကာရကော = သာသနာ- ဘာသာအခါခါ တိုးပွားဖို့ အကိုးအကားသာဓကတွေဖြင့် သဘာဝအခြေ လမ်းမှန်ပြသည့် ကျမ်းဂန်အဝဝတို့ကို မုချမသွေ ပြုစုတော်မူတတ်ပါပေ၏။ (၀၂) ပရိတ္တာနိသယ ဓမ္မနှင့်ဂုဏ် အစခြုံလျက် ကျင့်ပုံညွှန်ပြ လမ်းမှန်ရဖို့ ကျနစီစစ် အဆီညှစ်၍ ဤခေတ်နှင့်ညီအောင် စွမ်းဆောင်ပြုစု

တော်မူတတ်ပါပေ၏။ ရွှေကျင် ဂဏ္ဌပဥက္ကဋ္ဌော = ပဉ္စမသံဂါယနာ ခေတ်ဦးမှ အထူးပေါ်လွင် သာသနာ့သမိုင်းဝင် ရွှေကျင်နိကာယ ဂိုဏ်း ဂဏ၏ နှိုင်းပြနေသွင် ပမာတင်ရသည့် သာသနာဝင် အမြဲမပျက်စေဖို့ တွဲဖက်ကြိုးကိုင် သာသနာပိုင် ဆရာတော်တစ်ပါးလည်း ဖြစ်တော်မူပါပေ၏။ အာယုဒီဃောတိ = အတိတ်က အခြေခံ ပစ္စုပ္ပန် အနေမှန်၍ ဇကန်ပြည့်စုံ သီလဂုဏ်ကြောင့် လွှမ်းခြုံရွှင်ပျော် ရွယ်တော်ကြီးမား သက်တော်ရှည် ဆရာတော်ဘုရားဟူ၍။ အတိပါကဋ္ဌော = ဂုဏ်နှင့်အရွယ် နှစ်သွယ်ကြီးမား လွန်ထူးခြားသဖြင့် ပြန့်ပွားထင်ပေါ် အလွန်ပင် ထင်ရှားတော်မူပါပေသတည်း။

ဆန္ဒပြု- ဆုတောင်းဂါထာ

(၂) အဂ္ဂါဒိ ဂုဏိကော သန္တော၊ ထေရော နော ဓမ္မမာမကော။
သဒါ သုခေါ သတာယုကော၊ ပါလေတု ဗုဒ္ဓသာသနံ။

သန္တော = သာသနာ့ အာဇာနည် ဂုဏ်ရည်ပေါ်လွင် သာသနာ့ကျေးဇူးရှင် သူတော်စင် ဖြစ်တော်မူပါပေသော။ (ဝါ) = သန္တော = သူတော်စင်စိတ်ဓာတ် အသိမြတ်ဖြင့် တိမတ်ဂုဏ်ကြွယ် ပရိသတ် ဗိုလ်ပုံ အလယ်တွင် တကယ်ပင် အမြင်အားဖြင့် ထင်ရှားမသွေ ရှိတော်မူပါပေသော။ အဂ္ဂါဒိ ဂုဏိကော = သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးစုံ မြင့်မြတ်သော အကျင့်ဂုဏ်တို့နှင့် မလင့်ဖုံဖုံ ပြည့်စုံတော်မူပါပေထသော။ (ဝါ) = အဂ္ဂါဒိ ဂုဏိကော = နိုင်ငံတော်အစိုးရမင်းတို့ ဝပ်စင်းတူပျော် အပ်နှင်းပူဇော်သည့် အဂ္ဂမဟာပဏ္ဍိတနှင့် အဘိဓဇမဟာရဋ္ဌဂုရု ပြည်သူ့ဆရာ သြဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ= တွဲဖက်သာသနာပိုင် ဂုဏ်လိုင်ထင်ရှား ဘွဲ့ထူးများဖြင့် မြင့်မားဂုဏ်ရည် အလီလီပြည့်ဝ စုံညီတော်မူထသော။ ဓမ္မမာမကော= ပရိယတ်၊ ပဋိပတ် နှစ်ရပ်ကြိုးကုတ် ကိုယ့်အလုပ်မို့ အားထုတ်ရွှင်ပျော် သူတော်စိတ်ဓာတ် - မတိမ်းလတ်ဘဲ - ထိန်းကွပ်ပုံပိုး မပြတ်ကိုးလျက် မြတ်နိုးတော်မူပေထသော။ နော- အမှာကံ = ဆရာ့ကျေးဇူး အထူးဆပ်ရန် စိတ်ရည်သန်လျက် အမှန်ဆုတောင်း စုပေါင်းရွှင်ပျော် ဘုရားတပည့်တော်တို့၏။ ထေရော (မဟာထေရော) = ပြဆိုအပ်ပြီး ဂုဏ်အသီးသီးတို့နှင့် အပြီးပြည့်စုံ စွမ်းဟုန်ကြီးမား ကျေးဇူးရှင် မဟာထေရ် အရှင်မြတ်ဘုရားသည်။ သဒါသုခေါ= နံနက် နေ့ ည ကာလမကွာ ချိန်တိုင်းမှာပင် ပျော်ရွှင်ဝမ်းသာ ကျန်းမာချမ်းသာခြင်း ရှိတော်မူသည်ဖြစ်၍၊ သတာယုကော= ရက် လ နှစ်စု ရတုအလီလီ ရာသီအဆက်ဆက် ကျော်တင်ရွှင်ကြည် သက်တော်ရာကျော် ရှည်တော်မူသည်ဖြစ်၍၊ ဗုဒ္ဓသာသနံ၊ အံ့ဘွယ်ရှစ်ဖြာ အင်္ဂါစုံလင် ဂုဏ်အင်ကြီးမား သူတော်များဖို့ ပျော်ပါးနေရာ မြတ်ဗုဒ္ဓ၏ သာသနာတော်ကို။ ပါလေတု = နေ့နေ့ ညည ကာလမကွာ၊ ချိန်တိုင်းမှာပင် အရာရာတိုးပွားအောင် ကြိုးစားစောင့်ရှောက်တော်မူပါ အရှင်ဘုရား။ (ဝါ) ပါလေတု = အရာရာတိုးပွားလျက် သာသနာအကျိုးများအောင် ကြိုးစားမသွေ ထိန်းသိမ်းစောင့်ရှောက်တော်မူနိုင်ပါစေသတည်း။ ။

အဂ္ဂမဟာပဏ္ဍိတ မဟာသုဇောဓိရုံကျောင်း
စစ်ကိုင်း

သင်ပြကန်ထေရ် ကုပြည့် ဂုဏ်ပုကု
ဖြစ်ပြောက်ရေးအဖွဲ့၏ မှတ်တမ်း

နိဒါန်း

ကျေးဇူးတော်ရှင် ရွှေကျင်နိကာယ ဥပဥဇ္ဈာဒွတဲ့ဖက်ရွှေကျင်သာသနာပိုင် အာဒိကမ္မိက သိရောမဏိ အဘိဓဇမဟာရဋ္ဌဂုရု ကျမ်းပြုအကျော် သပြေကန်ဆရာတော် ဘုရားကြီးသည် မြတ်ဗုဒ္ဓသာသနာတော်တွင် ကျောက်ထီး၊ တန္တ အလေးပြုကြရကုန်သော သာသနာ့ထိပ်ခေါင်တင် အာဇာနည်ဆရာတော်ကြီး တစ်ပါးဆိုသည်မှာ ရဟန်းရှင်လူ များနှင့် ပညာရှင်များတို့အကြား၌ အငြင်းပွားစရာမလိုဘဲ မှတ်တမ်းတစ်ခု ဧကန်ပြုကြရပေသည်။

အဘယ်ကြောင့်ဆိုသော် ဆရာတော်ဘုရားကြီး သည် ပရိယတ္တိအရာ၌လည်း အရှုပ်အထွေးမရှိ တစ်ဖက် ကမ်းခတ် တတ်မြောက်ကျွမ်းကျင်တော်မူသော အကြောင်း ကြောင့် မန္တလေး ဝိသုဒ္ဓါရုံ သူဌေးတန်း ဆရာတော် ဘဒ္ဒန္တမာနိတသိရိက **"ယနေ့ သံဃာ့လောကဌ် သက္ကတ ဘာသာ၊ ပါကဋဘာသာများနှင့်စပ်လျဉ် ဆရာတော်ကို ယှဉ်နိုင်သူ မရှိပေ။ ထို့ကြောင့်လည်း ပါဠိဘာသာ၌ အထွေး အရှုပ်မရှိ သိမြင်နိုင်ခြင်းဖြစ်၍ စာအတတ်ဆုံး ဆရာတော် တစ်ပါးဟု သတ်မှတ်ခံရခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာဆိုင်ရာ အခက်အခဲတို့ကို ဆရာတော်ထံတွင် တင်ပြ၍ အဆုံးအဖြတ်ကို ခံယူနေကြ ရခြင်းဖြစ်သည်။"** ဟုလည်းကောင်း မန္တလေး အဓေရာရာမ ရန်ကင်းကျောင်းဆရာတော် ဘဒ္ဒန္တသြဒါတသိရိဘိဝံသက **"ဆရာတော်သည် မာဂဓ၊ သက္ကတ နှစ်ဘာသာ၌ ကျွမ်းကျင် လိမ္မာတော်မူသည့်အပြင် ဝိဇ္ဇကတ်သုံးသွယ်၊ နိကာယ်ငါးရပ် တို့၌လည်း အလိုရှိတိုင်း ကျက်စားနိုင်သည့် ဉာဏ်ထူးရှင် ဆရာတော်ကြီး ဖြစ်ပေတယ်"** ဟုလည်းကောင်း ဆရာတော် မြတ်ကြီး၏ အံ့ဖွယ်ပညာဂုဏ်ကို ပညာရှင်များက မှတ်ချက် ပြုကြရသည်။

ဆရာတော်ဘုရားကြီး၏ စာအရေးအသား ကျွမ်းကျင်လိမ္မာပုံကိုလည်း အမရပူရ မဟာဂန္ဓာရုံဆရာတော် ဘုရားကြီးက **"တို့က လူပြိန်းနားလည်အောင်သာ ရေးနိုင် တာပါ၊ သပြေကန်ဆရာတော်ကတော့ ပညာရှင်များ ငေးရ**

အောင် ရေးပြနိုင်တဲ့ ဆရာတော်ပါ” ဟုလည်းကောင်း၊ ရွှေကျင်သာသနာပိုင် ညောင်ရွှေဆရာတော်ဘုရားကြီးက **“ပါဠိုအရေးအသားမှာ သီဟိုဠ်ကိုလိုက်မီတဲ့ ဆရာတော်ကြီး သုံးပါးရှိတယ်။ ပုဂံခေတ်က အရှင်အဂ္ဂဝံသရယ်၊ ရတနာပုံခေတ်က လယ်တီဆရာတော်မြတ်ကြီးရယ်၊ မျက်မှောက်ခေတ်မှာ သပြေကန်ဆရာတော်မြတ်ကြီးရယ်ပေါ့။ သပြေကန်ဆရာတော်မြတ်ကြီးကတော့ သီဟိုဠ်ကို လိုက်မီတဲ့အပြင် ကျော်တောင် ကျော်နိုင်သေးတယ်”** ဟု လည်းကောင်း ဆရာတော်မြတ်ကြီး၏ ထူးခြားသော စွမ်းရည်ကို ဖော်ထုတ်မိန့်ကြားတော်မူခဲ့ကြသည်။

ဆရာတော်ဘုရားကြီး၏ ပဋိပတ္တိ သာသနာအကျင့်လမ်းဌိလည်း ထိပ်တန်းကရှိပုံကို ဝိသုဒ္ဓါရုံဆရာတော် အရှင်အဋ္ဌိယ (ယခုလက်ရှိ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး) က **“စာပေ၊ ကျမ်းဂန် စွယ်စုံတတ်မြောက်၍ အကျင့်ဂုဏ်သီလ၊ တည်ကြည်ခြင်း ဂုဏ်သမာဓိ၊ ပိုင်းခြားဝေဖန် အမှန်ကိုသိမြင်ခြင်း ပညာဂုဏ်တို့နှင့် ပြည့်စုံသော ဆရာတော်တစ်ပါးကို ဖူးချင်ပါတယ်၊ ညွှန်ပြစမ်းပါဟု တစ်စုံတစ်ယောက်က ဆိုလာပါက သပြေကန်ဆရာတော်ကို အားရပါးရ ညွှန်ပြရပါမည်။ အထက်တန်းစား ဂုဏ်ပေါင်းစုံဖြင့် တင့်တယ်တော်မူခဲ့၍ ရှင်လူဒကာတို့ ဖူးမဝ အားမရနိုင်သော “ဂုဏ်ပေါင်းခ” ဆရာတော်ကြီးအဖြစ် ရောက်ရှိတော်မူခဲ့ရပေသည်။”** ဟုလည်းကောင်း၊ ဝိသုဒ္ဓါရုံဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနဘိဝံသက **“အပိစ္စတာဂုဏ် ဖြစ်တဲ့ အထင်အရှား ရှိသော မိမိဂုဏ်ကို မဖော်ပြဘဲ လျှို့ဝှက်ထားခြင်းနှင့် သူတစ်ပါးပစ္စည်းကို အလှူခံရာ၌ အတိုင်းအရှည် သိခြင်း အရာတို့၌ ပြည့်စုံရကား အလွန်မြင့်မြတ်သည့် အကျင့် ပဋိပတ်နှင့် ပြည့်စုံသော ဆရာတော်ကြီး တစ်ပါးပဲ”** ဟုလည်းကောင်း မှတ်ချက်ပြုခြင်းကို ကြည့်ခြင်းဖြင့် ဆရာတော်မြတ်ကြီး၏ အံ့ဖွယ်အကျင့်ဂုဏ်ကို ပကတိ ထင်ရှားစွာ သိရှိနိုင်၏။

ဆရာတော်ဘုရားကြီး၏ တရားဟောကောင်းပုံကိုလည်း တိပိဋကဓရ အရှင်သုမင်္ဂလာလင်္ကာရက **“ဆရာတော်မှာ အရှင်အာနန္ဒာအလား အံ့ဖွယ်များရှိနေသည်ဟု ဆိုချင်ပါသည်။ ရဟန်းရှင်လူအားလုံး ဆရာတော်ကို ဖူးရလျှင် ကြည်ရွှင်ကြ၊ ဆရာတော့်တရားကို နာရသော် ဝမ်းသာကြ၊ တရားတော်ဆုံးသွားချိန်ရောက်တော့ အားရမှုဖြစ်မသွားကြဘဲ ဆက်လက်နာယူလိုစိတ်များ တဖွားဖွား ဆက်လက်ဖြစ်နေကြောင်း ကြားဖူးသလို မိမိကိုယ်တိုင်လည်း ဤအတိုင်းပင် ခံစားရပါသည်”** ဟုလည်းကောင်း မိန့်ကြားတော်မူခြင်းကို ကြည့်ခြင်းဖြင့် ထင်ရှားစွာ သိမြင်နိုင်၏။

ဤသို့ ဂုဏ်ပေါင်းခသည့် ဆရာတော်မြတ်ကြီး၏ ဂုဏ်ရည်ကို သီတဂူဆရာတော် အရှင်ဉာဏိဿရက **“ကောင်းကင်မှာရှိတဲ့ ကြယ်တွေကို ရေတွက်၍ မကုန်နိုင်သလို သပြေကန်ဆရာတော်မြတ်ကြီးရဲ့ ဂုဏ်တော်တွေဟာလည်း ရေတွက်၍ မကုန်နိုင်ပါ”** ဟု ဆရာတော်ကြီးကို ပူဇော်ခဲ့လေရာ ဆရာတော်ဘုရားကြီး၏ ထူးခြားမြင့်မြတ်သည့် ဂုဏ်အစုံစုံကို မှန်းဆကြည်ညိုနိုင်ကြပေသည်။

ဤသို့ သာသနာတော်ဝယ် နေလို၊ လလို ထင်ရှားတော်မူခဲ့သည့် ဆရာတော်ဘုရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၇၂-ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက် (ခရစ်နှစ် ၁၉၁၀-ပြည့်နှစ် ဒီဇင်ဘာလ ၁၄ရက်နေ့) ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၆၅-ခုနှစ် တပို့တွဲလဆန်း (၇)ရက် (ခရစ်နှစ် ၂၀၀၃ -ခုနှစ် ဖေဖော်ဝါရီလ ၆ရက်) တနလာနေ့ သက်တော် (၈၅)နှစ်၊ ဝါတော် (၆၅)ဝါအရတွင် ခန္ဓာဝန်ချကာ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ သာသနာတော်အတွက် နေတစ်စင်းကွယ်၍ လတစ်စင်းပျောက်ကာ ဓူဝံကြယ်မြေမှာခပြီး မြင်းမိုရ်ရွှေတောင်ကြီး လဲပြိုခဲ့ရပေသည်။

ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ပဓာနနာယကဆရာတော် ဖြစ်တော်မူလာသော ဘဒ္ဒန္တခေမာစာရ

မထေရ်မြတ်အမှူးပြုသော သာသနာပါလကအဖွဲ့ဝင်များ၊ ရဟန်းရှင်လူ ဒကာ၊ ဒကာမများသည် မိမိ၏ ဆရာသမားလည်းဖြစ်၊ သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ပညာဂုဏ်တို့၌ တိုင်းဆမရ မြင့်မြတ်လှသည့် ဆရာတော်ဘုရားကြီးလည်းဖြစ်တော်မူသော သပြေကန်ဆရာတော် အရှင်သူမြတ်အား နှစ်စဉ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့ ရောက်တိုင်း ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်မှန်ဆပူဇော်ပွဲကို မပျက်မကွက် ကျင်းပခဲ့ရာ (၁၆)ကြိမ်မြောက်ပင် ရောက်ရှိခဲ့ပေပြီ။

ယခုလည်း ဆရာတော် ဘဒ္ဒန္တခေမာစာရ အမှူးပြုသော တပည့်၊ ရဟန်းရှင်လူ၊ ဒကာ၊ ဒကာမများက ယခုနှစ်၌ သက်တော်ရာပြည့်ခဲ့သော သပြေကန်ဆရာတော်ဘုရားကြီး၏ ဂုဏ်ကိုထူးထူးခြားခြား ပူဇော်လိုသော ဆန္ဒပြင်းပြခဲ့၍လည်းကောင်း၊ ဆရာတော်ဘုရားကြီး၏ ဂုဏ်အစုံစုံကို မှတ်တမ်းမှတ်ရာဖြင့် စနစ်တကျ ပြုစုဖော်ထုတ်လိုသော ဆန္ဒဖြင့်လည်းကောင်း၊ သပြေကန်ထေရ ရာပြည့်ဂုဏ်ပူဇော်စာစောင် ဖြစ်မြောက်ရေးကို စတင်လုံးပမ်းခဲ့ပေသည်။

စာစောင်ဖြစ်မြောက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

ဆရာတော်ဘဒ္ဒန္တခေမာစာရသည် စာစောင်ဖြစ်မြောက်ရေးအတွက် ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ စာပေပညာရှင်များ၊ သာသနပါလက အဖွဲ့ဝင်များ ပါဝင်သော အဖွဲ့တစ်ရပ်ကို ၂၀၁၁-ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့က အောက်ပါအတိုင်း စတင်ဖွဲ့စည်းခဲ့ပါသည်။

သပြေကန်ထေရဂုဏ်ပူဇော် နှစ်တစ်ရာ စာစောင်ဖြစ်မြောက်ရေးအဖွဲ့

ကြီးကြပ်ရေးအဖွဲ့

(က) နာယကဆရာတော်ကြီးများ

(၁)	ဝါဆိုဆရာတော်	(ရွှေကျင်သာသနာပိုင်)
(၂)	ဘဒ္ဒန္တသောဘန	(မြသိန်းတန်ဆရာတော်)
(၃)	ဘဒ္ဒန္တမာနိတာဘိဝံသ	(မန္တလေး၊ ဝိသုဒ္ဓါရုံ သူဌေးတန်းဆရာတော်)
(၄)	ဘဒ္ဒန္တသိရိန္ဒာဘိဝံသ	(ယောဆရာတော်)
(၅)	ဘဒ္ဒန္တခေမာစာရ	(ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ဆရာတော်)
(၆)	ဘဒ္ဒန္တဩဒါတာဘိဝံသ	(မန္တလေးမြို့၊ အဝေရာရာမ ရန်ကင်းကျောင်းတိုက်)

(ခ) ကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်များ

(၇)	ဘဒ္ဒန္တသုမန	(ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်)
(၈)	ဘဒ္ဒန္တအာသဘ	(နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်၊ မန္တလေး)
(၉)	ဘဒ္ဒန္တဌေရဝံသ	(ပုသိမ်မြို့)
(၁၀)	ဘဒ္ဒန္တနရိန္ဒ	(နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်)
(၁၁)	ဘဒ္ဒန္တရေဝတ	(နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်)

(ဂ) ကြီးကြပ်ရေးအဖွဲ့ဝင် သီလရှင်ဆရာကြီးများ

(၁၂)	ဒေါ်အနောပမာ	(နောင်တော်ကြီး အောင်ချမ်းသာ သီလရှင်ကျောင်း-ဗဟန်း)
(၁၃)	ဒေါ်ဓမ္မစာရီ	(နောင်တော်ကြီး အောင်ချမ်းသာ သီလရှင်ကျောင်း-ဗဟန်း)

(ဃ) ကြီးကြပ်ရေးအဖွဲ့ဝင်များ

(၁၄)	ဦးစိုးသိမ်း(မောင်ဝံသ)	စာရေးဆရာ	ဥက္ကဋ္ဌ
(၁၅)	ဦးကျော်ခင်မြင့်(မောင်ရင့်ကျူး-မြောင်းမြ)	စာရေးဆရာ	ဒု-ဥက္ကဋ္ဌ
(၁၆)	ဦးခင်လှ	သာသနပါလက	ဒု-ဥက္ကဋ္ဌ
(၁၇)	ဦးဇော်ဝင်းမောင်	သာသနပါလက	အတွင်းရေးမှူး
(၁၈)	ဦးလှသိန်း	သာသနပါလက	ဘဏ္ဍာရေးမှူး
(၁၉)	ဦးစန်းမြင့်(မောင်ကောင်းမြင့်)	စာရေးဆရာ	အဖွဲ့ဝင်
(၂၀)	ဦးသက်စိန်(ဖြူး)	စာရေးဆရာ	အဖွဲ့ဝင်
(၂၁)	ဦးကျော်အောင်(ကျော်ထက်အောင်) (Golden Hope)	စာရေးဆရာ	အဖွဲ့ဝင်
(၂၂)	ဒေါသက်သက်ဆွေ(မသက်ဆွေ)	စာရေးဆရာမ	အဖွဲ့ဝင်
(၂၃)	ဒေါရွှေဝါစိုး(မဝိမလ-မိခင်ဧရာဝတီ)	စာရေးဆရာမ	အဖွဲ့ဝင်
(၂၄)	ဒေါစောချယ်ရီသိန်း(မိခင်ဧရာဝတီ)	စာပေထုတ်ဝေသူ	အဖွဲ့ဝင်
(၂၅)	ဦးအောင်မွန်(မြတ်ဆုမွန်)	စာရေးဆရာ	အဖွဲ့ဝင်
(၂၆)	ဦးရဲမြင့်(သရဖူမဂ္ဂဇင်း)	စာပေထုတ်ဝေသူ	အဖွဲ့ဝင်
(၂၇)	ဦးစိုးလွင်	သာသနပါလက	အဖွဲ့ဝင်
(၂၈)	ဦးသိန်းဟန်	သာသနပါလက	အဖွဲ့ဝင်
(၂၉)	ဦးခင်မောင်	သာသနပါလက	အဖွဲ့ဝင်
(၃၀)	ဦးကျင်ဝက်	သာသနပါလက	အဖွဲ့ဝင်
(၃၁)	ဦးလှသိန်း	သာသနပါလက	အဖွဲ့ဝင်
(၃၂)	ဒေါလှစိုးကြည်	သာသနပါလက	အဖွဲ့ဝင်
(၃၃)	ဒေါခင်စန်းမြင့်	သာသနပါလက	အဖွဲ့ဝင်
(၃၄)	ဓမ္မာစရိယ ဦးထွန်းလွင်	သာသနပါလက	အဖွဲ့ဝင်
(၃၅)	ဦးချစ်စံဝင်း	စာရေးဆရာ	အဖွဲ့ဝင်
(၃၆)	ဦးညွန့်ဆွေ(မောင်ဆွေသက်)	စာရေးဆရာ	အဖွဲ့ဝင်
(၃၇)	ဦးမြတ်စိုး(မြတ်စိုး၊ လှိုင်)	စာရေးဆရာ	အဖွဲ့ဝင်
(၃၈)	ဦးသိန်းဇံ	သာသနပါလက	အဖွဲ့ဝင်
(၃၉)	ဦးသိန်းမြင့်	သာသနပါလက	အဖွဲ့ဝင်
(၄၀)	ဦးလှစိုး	သာသနပါလက	အဖွဲ့ဝင်
(၄၁)	ဒေါမြင့်ကြည်	သာသနပါလက	အဖွဲ့ဝင်

(၄၂)	ဦးကြင်	သာသနပါလက	အဖွဲ့ဝင်
(၄၃)	ဦးကျော်ဝင်း	စာကြည့်တိုက်မှူး	အဖွဲ့ဝင်
(၄၄)	ဒေါသက်သက်ခိုင်	မြတ်ဆုမွန်	အဖွဲ့ဝင်

(c) စာတည်းအဖွဲ့

စာတည်းအဖွဲ့ဝင် ဆရာတော်များနှင့် သီလရှင်များ

(၁)	ဘဒ္ဒန္တသုမန	(ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်)
(၂)	ဘဒ္ဒန္တအာသဘ	(နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေး)
(၃)	ဘဒ္ဒန္တထေရဝံသ	(ပုသိမ်မြို့)
(၄)	ဘဒ္ဒန္တနရိန္ဒ	(နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်)
(၅)	ဘဒ္ဒန္တရေဝတ	(နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်)
(၆)	ဒေါအနောပမာ	(နောင်တော်ကြီး အောင်ချမ်းသာ သီလရှင်ကျောင်း)
(၇)	ဒေါဓမ္မစာရီ	(နောင်တော်ကြီး အောင်ချမ်းသာ သီလရှင်ကျောင်း)

စာတည်းအဖွဲ့ဝင်များ

(၁)	ဦးစန်းမြင့်(မောင်ကောင်းမြင့်)	စာရေးဆရာ	အဖွဲ့ခေါင်းဆောင်
(၂)	ဦးကျော်အောင်(ကျော်ထက်အောင်-ရွှေပြည်တန်)	စာရေးဆရာ	အဖွဲ့ဝင်
(၃)	ဦးသက်စိန်(ဖြူး)	စာရေးဆရာ	အဖွဲ့ဝင်
(၄)	ဒေါသက်သက်ဆွေ(မသက်ဆွေ)	စာရေးဆရာမ	အဖွဲ့ဝင်
(၅)	ဒေါရွှေဝါစိုး(မဝိမလ-မိခင်ဧရာဝတီ)	စာရေးဆရာမ	အဖွဲ့ဝင်
(၆)	ဒေါစောချယ်ရီသိန်း (မိခင်ဧရာဝတီ)	စာပေထုတ်ဝေသူ	အဖွဲ့ဝင်
(၇)	ဓမ္မာစရိယ ဦးထွန်းလွင်(ရတနာပုံမဂ္ဂဇင်း)	စာရေးဆရာ	အဖွဲ့ဝင်
(၈)	ဦးချစ်စံဝင်း	စာရေးဆရာ	အဖွဲ့ဝင်
(၉)	ဦးညွန့်ဆွေ(မောင်ဆွေသက်)	စာရေးဆရာ	အဖွဲ့ဝင်
(၁၀)	ဦးမြတ်စိုး(မြတ်စိုး၊ လှိုင်)	စာရေးဆရာ	အဖွဲ့ဝင်

(d) လုပ်ငန်းအဖွဲ့

(၁)	ဦးရဲမြင့်(သရဖူမဂ္ဂဇင်း)	စာပေထုတ်ဝေသူ	အဖွဲ့ခေါင်းဆောင်
(၂)	ဦးကျော်အောင်(Golden Hope)	စာပေလုပ်ငန်းရှင်	အဖွဲ့ဝင်
(၃)	ဒေါရွှေဝါစိုး(မဝိမလ-မိခင်ဧရာဝတီ)	စာရေးဆရာ	အဖွဲ့ဝင်
(၄)	ဒေါစောချယ်ရီသိန်း (မိခင်ဧရာဝတီ)	စာပေထုတ်ဝေသူ	အဖွဲ့ဝင်
(၅)	ဒေါခင်စန်းမြင့်	သာသနပါလက	အဖွဲ့ဝင်
(၆)	ဒေါမြင့်ကြည်	သာသနပါလက	အဖွဲ့ဝင်

(ဆ) ဘဏ္ဍာရေးအဖွဲ့

(၁)	ဦးခင်လှ	သာသနပါလက	တာဝန်ခံ
(၂)	ဦးကျင်ဝှက်	သာသနပါလက	အဖွဲ့ခေါင်းဆောင်
(၃)	ဦးလှသိန်း	သာသနပါလက	စာရင်းစစ်
(၄)	ဦးလှသိန်း	သာသနပါလက	ဘဏ္ဍာရေးမှူး
(၅)	ဒေါ်လှစိုးကြည်	သာသနပါလက	တွဲဖက်ဘဏ္ဍာရေးမှူး
(၆)	ဒေါ်ခင်စန်းမြင့်	သာသနပါလက	တွဲဖက်ဘဏ္ဍာရေးမှူး

လုပ်ငန်းဆောင်ရွက်ချက်များ

ဤစာစောင်ဖြစ်မြောက်ရေးအဖွဲ့သည် ပထမအကြိမ် အစည်းအဝေးမှ စတင်၍ အောက်ပါလုပ်ငန်းစဉ်(၃)ခုကို မူအဖြစ် ချမှတ်ခဲ့ပါသည်။

၁။ စာစောင်ထုတ်ဝေရေးသတင်းကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးနိုင်ရေး ဆောင်ရွက်ရန်။

၂။ စာမူများ ရွေးချယ်ရာတွင် ပုဂ္ဂိုလ်ကို အစွဲမထားဘဲ ဆရာတော်ဘုရားကြီး၏ ဂုဏ်ဒြပ်နှင့် လိုက်လျောညီထွေသည့် စာမူများကိုသာ စိစစ်ရွေးချယ်ရန်။

၃။ စာစောင်အရည်အသွေးကို အကောင်းဆုံးနှင့် အခန့်ထည်ဆုံးဖြစ်စေရန် ဆောင်ရွက်ရန်။

ပထမအချက်အနေဖြင့် ဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့် အထိမ်းအမှတ်အဖြစ် "သပြေကန် ထေရရာပြည့် ဂုဏ်ပူဇော်စာစောင်" ထုတ်ဝေမည့်အကြောင်းနှင့် စာမူများပေးပို့နိုင်သည့်အကြောင်းကို လစဉ်ထုတ် ဘာသာရေးစာစောင်များမှလည်းကောင်း၊ အပတ်စဉ်ထုတ်ဝေ သတင်းဂျာနယ်များမှလည်းကောင်း၊ နိုင်ငံပိုင် သတင်းစာများမှလည်းကောင်း၊ အင်တာနက်မှလည်းကောင်း အသိုးသိုးဖြန့်ဝေခဲ့ပါသည်။

အနယ်နယ်အရပ်ရပ်မှ ပေးပို့လာရရှိလာသည့် စာမူများကို ပုဂ္ဂိုလ်စွဲမထားဘဲ ဆရာတော်ဘုရားကြီး၏ ဂုဏ်ဒြပ်နှင့် လျော်ညီသည့် စာမူများကို စနစ်တကျ ရွေးချယ်ရေးကိစ္စများ၊ အခြား ပါသင့်ပါထိုက်သည့် အခန်းကဏ္ဍများ ပါဝင်နိုင်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် စာစောင်ဖြစ်မြောက်ရေးအဖွဲ့သည် လစဉ် နောက်ဆုံးပတ် တနင်္ဂနွေနေ့တိုင်း အစည်းအဝေးများကို ပုံမှန်ပြုလုပ်ခဲ့ပါသည်။

ထိုနည်းတူ စာတည်းအဖွဲ့ကလည်း အပတ်စဉ် တနင်္ဂနွေနေ့တိုင်း အစည်းအဝေးထိုင်၍ စနစ်တကျ စိစစ်ရွေးချယ်ခဲ့သော စာမူများကို နီးရာစာစောင်ဖြစ်မြောက်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြ၍ ဝိုင်းဝန်းဆွေးနွေးအတည်ပြုချက်ရယူကြပါသည်။

စာမူတိုင်းကို စနစ်တကျ ရွေးချယ်ဆောင်ရွက်ခဲ့သလို စာစောင်ကို အဆင့်အတန်းမြင့်မားစွာနှင့် ခန့်ခန့်ထည်ထည် ထုတ်ဝေနိုင်ရေးအတွက်လည်း အရည်အသွေး မြှင့်တင်နိုင်ရေး လုပ်ငန်းများကို အဖွဲ့အတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြပြီး အတွေ့အကြုံရှိပြီး ပညာရှင်များ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်ခဲ့ပါသည်။

ဤသို့အားဖြင့် စာစောင်ဖြစ်မြောက်ရေးအဖွဲ့သည် စာစောင်နှင့် ပတ်သက်၍ အားနည်းချက်၊ ချို့ယွင်းချက်၊ လစ်ဟာချက်များ မရှိရလေအောင် အကြိမ်ကြိမ် ဆွေးနွေးတိုင်ပင်ကာ စေ့စေ့စပ်စပ် ဆောင်ရွက်ခဲ့ကြပါသည်။

ဤကဲ့သို့ စနစ်တကျ အချိန်ယူ ဆောင်ရွက်ခဲ့သည့်ကြားက ဆရာတော်ကြီး၏ ဂုဏ်ဒြပ်နှင့် မလျော်ညီသော၊ ချို့ယွင်းချက်၊ အားနည်းချက်၊ လစ်ဟာချက်များ တွေ့ရှိခဲ့ပါက စာစောင်ဖြစ်မြောက်ရေးအဖွဲ့အနေဖြင့် ရဟန်းရှင်လူများ၊ ပညာရှင်အပေါင်းကို ကြိုတင် တောင်းပန်စကား ပြုထားအပ်ပါသည်။

ဤအဖွဲ့သို့ သတ်မှတ်ရက်ထက် နောက်ကျ၍ ရောက်ရှိလာသော စာမူများ၊ နှစ်သက်ဖွယ် ရှိပါသော်လည်း စာမျက်နှာ နေရာအခက်အခဲကြောင့် ချန်လှပ်ထားခဲ့ရသော စာမူရှင်များအတွက် ဝမ်းနည်းမှုဖြစ်ရပါကြောင်းနှင့် ထိုစာမူများကို စနစ်တကျ လက်ခံမှတ်တမ်းတင်ရှိထားပါကြောင်းလည်း လေးစားစွာ အစီရင်ခံအပ်ပါသည်။

နိဒ်ုး

ဤအဖွဲ့၏ နာယကဆရာတော်တစ်ပါး ဖြစ်တော်မူသော မဂ်လာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်ရွေကျင်ကျောင်းတိုက်၊ ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမာစာရ၏ ပထမအကြိမ် အစည်းအဝေးတွင် လမ်းညွှန်သြဝါဒပေးတော်မူခဲ့သော **"တရားနဲ့ ထုံမွှမ်းထားတဲ့ သပြေကန်ဆရာတော်လို ဂုဏ်ပေါင်းခသည့် အံ့ဖွယ်ပုဂ္ဂိုလ်ထူးမျိုးကို ပူဇော်တာဟာ ဘုရားကို ပူဇော်ရာလည်းရောက်တယ်၊ တရားတော်ကို ပူဇော်ရာလည်း ရောက်တယ်။ သံဃာတော်ကို ပူဇော်ရာလည်း ရောက်တယ်။ ဒါ့ကြောင့် သာသနာတော် တစ်ခုလုံးကို ပူဇော်ရာရောက်တယ်လို့ ခံယူရမယ်"** ဟု အမှာစကား ဦးထိပ်ထား၍ စာစောင်ဖြစ်မြောက်ရေး အဖွဲ့ဝင်များအားလုံးသည် သာသနာ့အရေး တို့အရေး၊ သာသနာ့အလုပ် တို့အလုပ်၊ သာသနာ့တာဝန် တို့ကျေပွန်ကြရလေအောင် ဆန္ဒကို အကြီးအမှူးထား၍ သဒ္ဓါတရား ကောင်းကောင်း ခွဲသန်သန်ဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ဆောင်ရွက်ခဲ့ကြပေသည်။

ဤသို့သော အကြောင်းတရားများကြောင့် သပြေကန်ဆရာတော်ဘုရားကြီး၏ ဂုဏ်ဒြပ်ကို ထင်ဟပ်စေသည့် စာတစ်စောင် တစ်ဖွဲ့ကို ဝင့်ဝင့်ထည်ထည်၊ ခန့်ခန့်ငြားငြား၊ အုံးအုံးကြွက်ကြွက်၊ ရှုမငြီးဖွယ် ဒဲ့ချီးတင်ဆက်နိုင်ခဲ့ပြီ ဖြစ်ပါ၍ ဤစာစောင်ဖြစ်မြောက်ရေးအဖွဲ့သည် ရဟန်းရှင်လူအပေါင်း၊ ပညာရှင်အပေါင်းတို့နှင့် ထပ်ထူထပ်မျှ ပီတိသောမနဿများ ရှင်နေမင်းမှ တရစပ် သက်ဆင်းလာသည့် ရောင်ခြည်တစ်ထောင်ပမာ အကြိမ်ကြိမ် အခါခါ ပွားစည်းခဲ့ရပါကြောင်း ဂါရဝထား တင်ပြရင်း နိဒ်ုးကမ္မတ်အဆုံးသတ်လိုက်ရပါသည်။

(ကျေးဇူးတင်ထိုက်သူအပေါင်းကို ကျေးဇူးဥပကာရ တင်ရှိလျက်)

မေတ္တာဖြင့်

စာစောင်ဖြစ်မြောက်ရေးအဖွဲ့

ဂုဏ်ပေး ဝန်စာ

သပြေကန်ထေရ် မဟာကဝိ ဆရာသမဏာ၏
ရာပြည့်ခါသမယ ပူဇောသဘင်
နမာမိဂါရဝ ဖြူသဒ္ဓါလွင်သည်
ဇမ္ဗူနဂရာတခွင် ရှာမှရှား။
သီလ သမာဓိ စုံညီပါသည်
ဂုဏ်ရည်မဟာ မြင့်ကဲသည်ပါ့ဘုရား။
ကျမ်းဂန် ပိဋကတ် ပရိယတ်အရာမှာ
အသိအတတ်ပညာ အမှန်ထင်ရှား။
ကဝိမြတ်ဆရာ မြန်ခွင်တလွှားတွင်ဖြင့်၊
စံတံခွန်အလား ထေရ်မြတ်ဆရာ။

ပညာရှင်တွေ ကဝိဆရာသမဏာ
အတိဂါရဝ မြတ်နိုးရိုသေစွာ။
အဘိဓေယျ့ရ မဟာကဝိဆရာကို
ရာပြည့်အခါ ပူဇောရဟမို့
ဖြူသဒ္ဓါဗလဝ ဂုဏ်ပူဇောသဘင်
ပြုကြ တူမကွာပင်၊
သပြေကန်ထေရ ဆရာထေရ်အရှင်ကို
သဒ္ဓါကြည်လင် ရှိဦးတင်လို့လေး။
ရာပြည့်အခါသမယ သဒ္ဓါအတိဂါရဝ ပွဲတော်အခါမှာ
နွဲပျော်သဒ္ဓါ ကြည်နူးပါလှလေး။ ။

အရှင်အာဒိစ္စဝံသ (ဆားလင်းကြီး)

ရာပြည့်ဂုဏ်သွေးစီး စာဆိုရပ်နှီး

(၈၀-ပေါ်တေးထပ်)

♦ ပရိတ်ကြီး နိဿယသစ်ပါဘုရ့
ဣဋ္ဌအနှစ် ဖော်ညွှန်းအစဉ်
နိမိတ်အလှစစ် မော်ကွန်းတင်ပြီ
ကျော်လွန်းအရှင် ဂုဏ်ရည်ကြွား···။
ဘုံမဟီတစ်လွှား အေးမြစေရာ
အတွေးလှဝေဆာ ရေးဖွဲ့စာပေများ···။

♦ သာမဏ္ဍေဘဝမှ စတင်ပါသည်
အလှယဉ်ကဗျာစီ ဂါထာများ
ဓမ္မအမြင်သာသည် သဒ္ဒါပွားပါလို့
ဆရာများထံ ပညာသင်ကာ
ဓမ္မာစရိယ(၉)ကျမ်း တစ်နှစ်ထဲ(တည်း)မှာဖြင့်
(၁)စွဲကာဝင့် အောင်ခဲ့ 'သီရောမဏိ'ပါ···

♦ ပညာရှင်အပေါင်းတို့ အံ့သြဖွယ်ရာ
ပြန့်ပြောကျယ်စွာ စာစုံရကာပ
မဟာဂုဏ်အလှဆင့် အနေမှန်ကမ္ဘာကျော်
သပြေကန်ဆရာတော် သက်တော်ရာပြည့်
ဂုဏ်ရည်ကျော်သည်
စုံညီတူပျော် ဂါရဝဆင်ကြလေး···။

♦ သပြေကန်တရားမြတ် စာအလှဆောင်ကာ
သာသနာ့ရောင်ဝါ စည်ဖြိုးသာခြိမ့်လေး···။

♦ ရွှေကျင်နိကာယ မှတ်တမ်းဗဟိုမှာ
မြတ်ရဟန်းစာဆို သမိုင်းကောင်း တင်ခဲ့လေး···။

ကန့်ဘလူ ဖြူစင်ဝင်း

ဂုဏ်တော်ရည်မှန်း ကန်တော့ပန်း

သီလ,သမာ ၊ ထက်ပညာနှင့်
ဂုဏ်ဝါထင်ပေါ် ၊ မထေရ်ကျော်၏
သက်တော်ရာပြည့် ၊ ပူဇော်နေ့ကို
ကြည်မွေ့ရည်မှန်း ၊ မျှော်ကာတမ်းတ
လွမ်းလျှလက်စုံ ၊ ကြာပဒုမ်ဖြင့်
ဝသုန်ဦးခိုက် ၊ ပူဇော်လိုက်ပါသည်ဘုရား။။

မင်္ဂလမ်း,ဖိုလ်လမ်း ၊ နိဗ္ဗာန်နန်းသို့
စံမြန်းကြွသွင် ၊ မထေရ်ရှင်သည်
နောင်တွင်ဘဝ ၊ စဉ်ဆက်ကၠ်
ပဋိဘာန ၊ ထက်မြက်လှဖို့
လုံ့လ ဝီရိ ၊ ဇွဲသတ္တိဖြင့်
များဘိဝေစီ ၊ ပါရမီကို
ဖြည့်တည်ကောင်းကြောင်း ၊ အားသစ်လောင်း၍
ကူးပြောင်းတဖန် ၊ လူ့ ပြည်ထဲသို့
လွတ်ဟန်ပမာ ၊ တူခဲ့ပါသည် ဘုရား ။

ထေရ်မြတ်ဆုံးမ ၊ ဩဝါဒနှင့်
ပို့ချသည့်စာ ၊ ဒေသနာကြောင့်
များစွာရဟန်း ၊ ပွဲလယ်ဆန်းတင့်
အောင်ပန်းပွင့်၍ ၊ ဝင့်ဝင့်ဝါဝါ
အလှဖြာလျက် ၊ ရှိနေပါပြီ ဘုရား ။

ထေရ်မြတ်ကျမ်းစာ ၊ ပေါင်းများစွာက
ပေါ်လာထင်ရား ၊ သီဉာဏ်ပွါးလျက်
စိတ်ထားသိမ်မွေ့ ၊ စဉ်မမှေဘဲ
လက်တွေ့ကျန ၊ လမ်းညွှန်ပြသို့
ဘဝသံသရာ ၊ လွတ်လမ်းသာကို
ဖြောင့်စွာတန်းမတ် ၊ သတိချပ်၍
ဖတ်မှတ်လေ့လာ ၊ အခွင့်သာပါသည် ဘုရား ။

သြော် ထေရ်မြတ်သခင် ၊ ကျေးဇူးရှင်ကို
နေ့စဉ်ဦးချ ၊ သတိရလျက်
မှန်းဆရိကျိုး ၊ ကျွန်ရှိခိုးပြီး
တင့်ဖြိုးဝေဆာ ၊ သာသနာကို
ရှည်ကြာစေရေး ၊ ဆောင်ရွက်ပေးမည်
ဓိဋ္ဌာန်ရည်၍ ၊ ရွှင်ကြည်ပေါင်းစု
ဤကောင်းမှုဖြင့် ၊ တောင်းဆုသံခြွေ
အမျှဝေသည် ၊ ရောက်လေဌာန ၊ ဘုံဘဝမှ
ကြားသိရစေ ၊ သိပါစေ...ဘုရား .....။

ဓမ္မလုလင်(သစ်ညိုကုန်း)

သပြေကန်ဆရာတော်ဘုရားကြီးသို့ ဦးခိုက်ခြင်း

♦ သပြေကန်
ထေရ်သံဃာအရှင်မြတ်။
သန္တရည် သုတဝေ
သုခဖွေတတ်။

♦ သပြေကန်
ရေကန်သဖွယ် ထပ်တူထား။
တရားအဆီ ကြာမုံတင့်
ဖူးပွင့်စွင့်ဂါး။

♦ သပြေကန်
ဝေယံက ငွေလမင်း။
ဒကာ ဒကာမတွေအတွက်
ဉာဏဆက်လင်း။

♦ သပြေကန်
အနေစံ ကျောက်တောင်ထု။
ရိကျိုးသဒ္ဒါ
ခိုကိုးစွာ ဆည်းကပ်ကြ
ဓမ္မစုစု။

♦ သပြေကန်
ရွှေဉာဏ်ကြွယ် ထက်စူးရှ။
ရွှေကျင် တွဲဖက်သာသနာပိုင်
စွမ်းခိုင်လုံလ။

♦ သပြေကန်
မြေသဏ္ဌာန်တည်ကြည်စွ။
ပြေစင်တဲ့ အဘိဓမ္မာအလှနဲ့
ရွှေကျင်ရဲ့ နိကာယ
ဥပ ဥက္ကဋ္ဌ။

♦ သပြေကန်
ချောင်တဲ့ ဆရာတော်။
အဘိဓဇ မဟာရဋ္ဌဂုရု
ကျမ်းပြုအကျော်။

♦ သပြေကန်
မသွေကြံ ဗုဒ္ဓစကား။
အပြုအဟော အကွက်ကျ
လူ့မနော အနှက်ပြ
ဒဿနများ။

♦ သပြေကန်
စေတမန် ထေရ်ဒူတ။
နှုန်းစံတင်
ဘုန်းကံရှင် စာ,သေနာပတိ
အရှင်ဝါသေဋ္ဌာဘိဝံသ။

♦ နေလ တုမရ ဖြူစွာ
ထေရ ဂုဏာပူဇာ
စာတိထွာ စပ်သီချိုး။
အဟံ ဝန္ဒာမိ ပါဘုရား
ဝပ်တွားရှိခိုး။

♦ သပြေကန်
ပြည်တန်တဲ့ ပတ္တမြား။
သပြေကန်
တော်မှန်တဲ့ အရှင်ဘုရား။
(၁၁) နှစ် အဖြာဖြာ
အနှစ်တစ်ရာ ကြာသော်လည်း
အပြစ်အနှာအဆာ မရှိ
အသစ်ပမာသာ အတည့်
ဦးခိုက်မိတကား။ ။

မောင်နန်းထက်(ဟသ်ာတ)



နည်းသစ်မှန်
လမ်းညွှန်ပြဿုသို့

အာမုန်တရား၊ လွန်ထွန်းကား၊ အများချမ်းသာစေ
အမှားကိုကား၊ လူအများ၊ ပယ်ရှားနိုင်ပါစေ.

သရေကန် စာပေ
မြင့်ဝါလေ့ကျင်ရေး

- သပြေကန်ကျေးရွာ တစ်ထောက်ဆီက
  သုံးအခြေမှန် ဘေးမှာ မရောက်စေဖို့
  အတွေးအကြံ ပေါက်စွာဖြင့် ရေးသည့်စာ
  အရေးအမှန် မပျောက်စေဖို့ ပေးသည့်ဆရာ။

- မြတ်ဘဂဝါ ဟောမှာတဲ့ တရားကိုဖြင့်
  အရပ်တကာ ဝေါဟာရ မမှားစေဖို့
  အထားအသို ပိုမှန်စေပြီး
  နဂိုဟန် အရှိတရားကိုတော့
  သိထားပေ ဉာဏ်ထွေထွေဖြင့်
  ကြံ့ရွာဖွေ စေတနာထား
  ကြိုးစားခဲ့ရာ။

- ပရိယတ်အကျော် ဆရာတော်တစ်ပါးပေမို့
  အသိကပ်မျော် ဒကာတော် အများကိုလ
  စိတ်ထားဖြူစင်စွာဖြင့်
  လူ, ရှင်, မှာ သဒ္ဓါဝေဖို့
  ကျမ်းစာပေက အထောက်အထားပါ
  မြောက်မြားစွာဖြင့် အသိအမြင်ပေး။

- သပြေကန်ဆရာတော်
  အခြေမှန် အမှန်မျော်လို့
  များသူတော် ကောင်းစားရေးကိုလည်း
  အကြောင်းတရား ရွေးကာ တကယ်ကြံပြီး
  နည်းသစ်မှန် လမ်းညွှန်ပြပါလို့
  ဖိုးရွှေလ ပမာဆောင်၍
  ဤလူ့ဘောင် လူ့စခန်းမှာ
  တင့်လန်းတယ်လေး။ ။

အောင်သျှင်သူ(မဟာမြဲ)

ဗမ္မာအလင်း

- ဗုဒ္ဓမြတ်စွာ၊ ဘဂဝါနှင့်
သံဃာတော်များ၊ မြတ်တရားကို
မှတ်သားနာလို၊ ဆည်းကပ်သိုက
လူကိုနတ်စောင့်၊ ဘေးမထောင့်ဘဲ
စောင့်ထိန်းအနှစ်၊ ဓမ္မစစ်ကြောင့်
မြူညစ်မထင်၊ ပုပ်နံ့စင်၍
ဖြူလွင်သန့်ရှင်း၊ ကောင်းမြတ်ခြင်းနှင့်
စီးဆင်းသောရေ၊ ကြည်လင်နေသို့။
- အဘိဓေ၊ မဟာရဋ္ဌဂုရု
ကျမ်းပြုအကျော်၊ သပြေကန်ဆရာတော်
ရည်မွှေ့ဦးချ၊ ညွှတ်နူးစွာရှင့်
ဓမ္မအလင်း၊ လမ်းပြခြင်းကြောင့်
ဆောင်းနှင်းကယ်ယူ၊ ကမ်းနိဗ္ဗာန်သို့
ကူညီသွန်းဖြူး၊ သီလမိုးနှင့်
မျိုးစေ့ကုသိုလ်၊ ကောင်းမှုပိုကာ
ပျိုစဉ်လည်းရွှ၊ အိုလည်းပြုမှ
ယခုနောင်ခါ၊ သံသရာအကျိုး
များအကျိုးကို၊ သယ်ပိုးဆောင်ရွက်
ခရီးထွက်ရန်
တက်စုံရွက်စုံ၊ ရေအစုန်မှာ
လှေကြံလာခိုက်၊ သင် မလိုက်က
အမိုက်သင်သာ ဖြစ်တော့အံ့။ ။

ရွှေမြိုင် ပြုံးလဲမော်
ပညာရေးတက္ကသိုလ်



ကန်တော့ပန်းလွှာဝန္ဒနာ

♦ သာသနာ့အမွန် တံခွန်လှစ်
ဇမ္ဗူရစ်လွှမ်းခြုံ
တစ်မူသစ်လို့ ရန့်ထုံပြီ
ပန်းအစုံပွင့်လန်း။

♦ ရှင်ဗုဒ္ဓပရိတ်တော်
တန်ခိုးတော် ထက်လှအစွမ်း။

♦ နည်းစနစ် စံနမူ
ခံယူလို့ သစ်ဆန်း။
မြန်ဇမ္ဗူနယ်အဝန်းမှာတော့
ဖြာဝေလန်းခန့်မော်။

♦ များရှင်လူ ဝေနေများကိုလ
စေတနာထား လှစ်ဟလို့ကျော်။

♦ ပရိတ္တ လမ်းပြအမော်
မှန်းဆမျှော် မေတ္တာထားပါလို့
ဆင့်ကာပွား ကြည်သဒ္ဓါ
လင်းလက်လို့ဖြာ။

♦ ဘုံအထက် နတ်မြောက်ရွာကို
လှမ်းကြွကာ ပျံ့ထုံမွှေးပြီမို့လေး။

♦ နန်းထက်က သပြေကန်ဆရာတော်ကို
မှန်းရည်မျှော် ဂုဏ်ပြုပါ၏လေး။

♦ တမ်းတလျက် ဇာနည်မော်ကို
ရိုကော်ရော် မော်ဖူးသည်ဖျလေး။

နတ်မောက်ကြိုင်သင်း

ဆုံးမသံများ ကြားရတုန်း မြတ်ဟုန်းသဓေပြကန်

(၁)

သပြေကန်ဖော်၊ ဆရာတော်တည့်
အကျော်ဒေယျ၊ မြော်တွေးဆသော်
ပရိတ္တာချစ်၊ နိဿျသစ်နှင့်
အနှစ်ပြည့်ဝ၊ ရေးညွှန်ပြသို့
ဗုဒ္ဓလမ်းစဉ်၊ ကျွတ်တမ်းဝင်ဖို့
အရှင်ဝါသေဋ္ဌ ဘိဝံသလျှင်
ဓမ္မတရား၊ ကြဲဆပွားရင်း
လူသားအကျိုး၊ ဆောင်သည်ပိုး၏
ကျင့်မျိုးသီလ၊ ဝိနယနှင့်
ဂုဏ ဂုဏော၊ ဂုဏ်ဖော်ကြေးကို
ဈေးဖြတ်ပေတတ်၊ ပညာတတ်မှ
ခဲကတ်မရှိ၊ မြတ်ကဝိ'ဟု
တပည့်ဉာဏ်ချွန်၊ သိစေညွှန်ခဲ့
နှံ့ပစ်ပတ္တမြား၊ တန်ဖိုးထား သို့
စကားမို့ဆို၊ ပျားသို့ချိုသည်
စာဆိုမြတ်ဉာဏ် စွာန်မျော်ဖူး
ကြာညိုအပ်နှံ ကန်တော်ဦး
သပြေကန်တမ်း လွှမ်းကုန်ကူး···။

(၂)

ကောင်း,ညံ့ဝေဖန်၊ အလုပ်စံလား
မှန်မှန်အား‌ထုတ်၊ ထိုအလုပ်မှာ
အရှုပ်ကိုရှင်း၊ အလင်းကိုဆောင်
အကြောင်းကိုဖျက်၊ အချိန်စက်ကို
နှစ်သက်လက်ခံ၊ အောင်ပွဲစံဟု
မှန်သောအလုပ်၊ ဟုတ်သောအကြံ
ကံကောင်းခြင်းဂုဏ်၊ ရသထုံအောင်
ကြေးမုံပြမှန်၊ သပြေကန်တည့်။
ကိုယ်ခံကောင်းခြင်း၊ နှလုံးသွင်းသော်
လက်ငင်းဘဝ၊ ချမ်းသာရလိမ့်
လောကခံရိုင်း၊ ဘယ်သို့စိုင်းလည်း
လှိုင်းကြီးလှေအောက်၊ ဒူးမထောက်ဖို့
စောင့်ရှောက်တတ်စေ၊ 'သီလ'ပေတည့်
သေခြင်းတံခါး၊ 'ပညာ'မြားနှင့်
တားဆီးခက်ဘိ၊ 'သမာဓိ'ဖြင့်
ထိသိနာမ်ရုပ်၊ စိုက်အား‌ထုတ်သည်
ကြိုးကုတ်မျက်မြင် မဂ်လမ်းစဉ်
တိုးဆုတ်ခက်ထွင် ဆက်လှမ်းဝင်
ပညာမျက်စိ ကဝိရှင်
ကြင်နာသက်မိ သတိမြင်···။

(၃)

ခန္ဓာကိုယ်နာ၊ စိတ်အနာနှင့်
အနာနှစ်မျိုး၊ ခန္ဓာငြိုး၍
ဆေးတိုး ကိုယ်ဝယ်၊ ပျောက်ရေးလွယ်၏
အားငယ်စိတ်နာ၊ ပျောက်ရေးကြာဟု
ပညာမိက၊ ဆုကြိုးရသည့်
ဆုံးမစာည့် သပြေကန်
ထုံးပြ မှာဟန် အဖြေကျန်···။

ကိုယ့်အမှုလျှောက်၊ အထက်ရောက်ခဲ့
အောက်ကျသည်သာ၊ကိုယ့်အမှုသာတည်း၊
ပမာနှိုင်းယှဉ်၊ ထက်အောက်မှနှင့်
ဘယ်သူမပြု၊ မိမိမှဟု
ဉာဏ်ရှုဝေဖန်၊ သပြေကန်သည်
လျှော်ကန်သင့်မြတ် မှတ်မြင်ကောင်း၊
တော်မှန်ချင့်တက် ဟပ်ထင်ကြောင်း···။

'ဘယ်ပုဂ္ဂိုလ်မှာ၊ ဘယ်သီကွာနှင့်'
'ကျင့်လာသီလ၊ ကြားကာမျှဖြင့်'
တောင့်တဖူးမြင်၊ စိတ်ကြည်လင်၍
မင်္ဂလာဖုံး၊ မြတ်နှလုံးဟု
ထုံးပြချေင်၊ သပြေကန်သည်
သုံးဉာဏ်ခက်စာ ဖော်ကာကြည့်
ပြုံးမှန်မျက်နှာ ပေါ်လာဘိ···။

'သဒ္ဓါကြည်ဖြူ၊ ပညာကူ၍
ထူထောင်တတ်စွ၊ အလယ်ကလျှင်
မျှမျှတတ၊ ကြည့်တတ်ကြစေ···'
မြင်ရစေကြောင်း၊ ဂုဏ်ထင်ကောင်းဟု
ကြောင်းကျိုးပြကြံ၊ သပြေကန်သည်
ဉာဏ်လှရင့်ရော် ကျော်သည့်ဘုန်း
စံပြမြင့်မျော် တော်ပြည့်ထုံး
ဆုံးမသံများ ကြားရတုန်း
လုံးဝစံထား တရားပြဖုန်း···။

တက်လူ

ရာပြည့်သင်ပြာကာန့်

♦ သပြေကန်
နေရဗန်ရည်မှန်းလို့
ကြွမြန်းခဲ့လေပြီ။
♦ အသစ်ထွေလာ
အနှစ်ဖွေရာ
နှစ်တွေခါခါရွေ့လျက်
ရာပြည့် သို့ ချီ…။
♦ အခါရာသီ
ဆရာအလီလီ
စာပန်းချီဖွေရာရေးကြ
အတွေးတွေ ကိုယ်စီကိုယ်ငှ
အရေးအဖွေ ထိုက်ခြုံစုစု
ဂုဏ်ပြုစုံစုံညီ
မော်ကွန်းရယ်တဲ့ တည်စေကြောင်း…။

♦ သပြေကန် ပရိတ်ကြီးနိသယ
စာပေအမွန် ဟိတ်ကြီးလှတဲ့
သိပ်သည်းဆနည်းနာစုံပြီး
မှီးစရာအဖုံဖုံ အထွေထွေ နယတွေနဲ့
အခြေတကျ ကျမ်းစာအထွေထွေကို
မှန်းကာဖွေ ရေးပြုစီရင်တဲ့အပြင်
ဓမ္မသဘင် အသွင်တစ်မျိုးနဲ့
ဟောရိုးဟောစဉ် နောင်လာမှီးရအောင်
သပြေကန် ဟောနည်း တစ်ပုံတစ်ပင်နှင့်
ဂုဏ်တင်စရာ အံ့မခန်းပေမို့
စုံလင်စွာ နှံ့မစွမ်းနိုင်လေဘူး
ထေရဂုဏာပူဇော်ပွဲမှာ
သဲတစ်ဆုပ် အုတ်တစ်ချပ်အနေနဲ့
ချုပ်စပ်ကာ ကဗျာရေးပါကြောင်း
အားပေးဆုတောင်း။

မုံရွာနေဇော



စာစောင်မြတ် ဆရာဂုဏ်

♦ သပြေကန် ဆရာတော်ဘုရား၊ ကမ္ဘာတစ်လွှား တပည့်အစုံ။
ဆရာသမား ကဝိဂုဏ်ရယ်၊ တည်ရှိပုံ ရည်မှန်း။
ရာပြည့်ပွဲ ဆင်မြန်းချိန်၊ သင်္ကန်းထိန်ထိန် ဝင်းဝါ သွင်ဆန်း။ ။

♦ သာသနာ နေရောင်တွင်၊ ကလောင်ရှင် ထောင်လွှမ်း။
နောင်အစဉ် အရောင်သန်းစေဖို့၊ မျှော်မှန်းကြ ရည်ရွယ်။
တိုက်တော်မှာ ရောက်လာကြ၊ လျှောက်ပါရ တပည့်ပေါင်းစုံညီ။

♦ ပြုသမျှ ကုသလ အလိလိကို၊ ယခုမျှညီ ရေစက်ချပါလို့။
မသွေထက်လှ ဒါနအဖုံဖုံ၊ လာသမျှ အစုံ အစုံ။
စာစောင်မြတ် ဆရာဂုဏ်ကို၊ ရသစုံ ဖော်ညွှန်းပါလို့လေး……။

မင်းသီဟ(ပခုက္ကူ)

အရှင်ဝါသေဋ္ဌာဘိဝံသ သို့မဟုတ် သာသနာ့မကိုဋ္ဌပန်း

♦ ကြိုင်သင်းထုံ ဂုဏ်ပေါင်းပြည့်
ဝိနာမ သပြေကန်။
ကြယ်ပေါင်းစုံ ဝန်းရံခ
လမင်းသဏ္ဌာန်။
ငယ်ဘဝ ပညာဉာဏ်
တလျှံလျှံ ထိန်တောက်။
တစ်ခေတ်တစ်ခါ သည်တစ်ပါး
ထင်ရှား ထွန်းတောက်။
♦ အရှင်ဝါသေဋ္ဌာဘိဝံသ
မထေရ်မြတ်အကျော်။
ပဋိယတ် ပဋိပတ်
နှံ့စပ်မဟော်။
တရားကိုမွေ့လျော်
ဝိနည်းတော် ယွင်းမပျက်။
ကြည်ညိုမှု သဒ္ဓါစိတ်
ဖိတ်ဖိတ်လင်းလက်။
♦ သမုဒယ ဖယ်ကာရှားကြ
ဤကားကုသိုလ် အကုသိုလ်ပေ။
ရတနာသုံးပါးမြတ်
ဆည်းကပ်တတ်စေ။
ဗုဒ္ဓ ဓမ္မ ဆီအနှစ်တွေ
ရှာဖွေလို့ ကျမ်းပြု။
ဥပါသကာ ဥပါသိကာ
အမှန်စစ်ရေး တွေးဆရွေးရှု။

♦ မြတ်ဗုဒ္ဓက ဟောဖော်မြွက်
ဓမ္မစက် အခြေခံ။
သာသနာ ဓွန့်ရှည်ရေး
အလေးပေး ရည်သန်။

ကျော်ပုံတောရ ဝါဒအမှားရှန်
အမြစ်လှန် ခုတ်ထွင်း။
တိကျမှန်ကန်စွာပ
သာသနာ့ အညစ်ထေး
စစ်ဆေးရှင်းလင်း။
ဓမ္မအထွေထွေ ဟောမြွက်ကြား
နေ့ညမနား ဇွဲမာန်။
ဝဇီရ စိန်တစ်ခဲသို့
ခိုင်မြဲ ထဲက်သန်။
အနဌကော ထက်မြက်သည့်ဉာဏ်
ပဋိဘာန် အပြည့်။
တရားစည် ရိုက်ခတ်တီး
ဝေးနိုး ကျော်စော်။
♦ ကိုလေသာစစ်ပွဲ
ဆင်နွှဲရာ အောင်လံထူ။
ဘွဲ့ ဓန မာန ပထ
ကင်းပတော်မူ။
နှိုင်းတူမရ စံမတူ
ဇမ္ဗူတစ်ခွင် ထင်ရှား။
နေအသွင် အမျောင်ခွင်း
လအသွင် အေးမြစောတ်နှင့်
ရဟန်းမြတ်တစ်ပါး။
♦ မြင့်ရည်ကြာ ရပ်မနား
ကြွင်းမထား ရိုသေ။
စိတ်လန်းဖွင် ကြည်ပျော်မွေ့
ချမ်းမြေ့စဉ်နေ။
အောင်မြင်ရာ နည်းဂါးထွေ
ညွှန်ပြစေ လမ်းစဉ်ချ။
အောင်တံခွန် အောင်လံလွှင့်
ကျင့်ခဲ့စံပြ။
♦ မြင်ပါသော် မမြင်ဟန်
ကြားပြန်သော် မကြားဟန်။
သူ့ပြစ်ကို ကိုယ်မဟန့်
ဆွဲ့အ ပုံစံ။
ဆိုဆုံးမ အတန်တန်
အဖန်ဖန် တရားချ။
ကိုယ်တော်တိုင် မြတ်ကျင့်ထုံး
နှလုံးမူစွ။
♦ ပုထုဇဉ် စဉ်လှည့်ဖြား
ဂါးဖြာအာရုံ ကာမဂုဏ်။
လေးသည်ကျောနှယ် ပစ်ခတ်ခွင်း
မြားစင်းစင်းပုံ။
ကြောက်ရွံ့လို့ ဘယ်မတုန်
မဖြုခဲ့ သမာဓိ။
ကွန်ဒြိယသံဝရဖြင့်
ဖြိုချနိုင်ဘိ။
ထုံးမွှမ်းနေ သူ့တရားက
စွမ်းအားအပြည့်။
♦ သီလကို သက်မျှထိန်း
မယိမ်းနွဲ့ အထွတ်နေ
သူတော်စင်ပေါင်း ဟောမြွက်ကျူး
ချီးကျူးညီစေ။
ခန္ဓာပျက် ကြွေချင်ကြွေ
မွေးနေဆဲ နဝမပန်း။
ကမ္ဘာမြေ ကျေကာမွလည်း
မကျေတဲ့ ဥဒါန်း။ ။

ပုစ္ဆာ(ချောက်)



မွေးနေ့ မင်္ဂလာ အာစရိယ ပူဇာကထာ

ဒွါဒသမရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက သင်္ဃတော်ရှည် စစ်ကိုင်းရွှေဟင်္သာဆရာတော်ကြီး၏
သင်္ဃတော်ရာပြည် ပူဇော်ပွဲမင်္ဂလာတွင် သပြေကန်ဆရာတော်ကြီး အရှင်ဝါသိဋ္ဌဘိဝံသ က ပူဇော်သည်

၁။ ရွှေကျင်နိကာယဇေဋ္ဌသ-
ရွှေဟင်္သာဝါသသာမိနော။
ဝန္ဒာမ စရဏာမ္ဘောဇ်၊
သာဓုဇနာဘိသေဝိတံ။

ရွှေကျင်နိကာယဇေဋ္ဌသ - ကမ္ဘာဗွေခွင် အသရေလွင်သည့် ရွှေကျင်နိကာယ၏ပဓာန အချုပ်အခြာ သာသနာပိုင်ကြီး တစ်ဆူ ဖြစ်တော်မူသော၊ သာမိနော-စစ်ကိုင်းကျက်သရေ မြန်ပြည်အလှ သာသနာ့အကျိုးဆောင် ဂုဏ်ရောင်ထိန်ဦး ရွှေဟင်္သာတိုက်ကြီး၏ ဦးစီးထွတ်တင် ဂုဏ်အင်ရှမငြီး ကျေးဇူးတော်ရှင် ဆရာတော်မြတ်ကြီး၏ ၊

သာဓုဇနာဘိသေဝိတံ - လူရောနတ်ပါ ဗြဟ္မာ အခန်းခန်း ရဟန်းရှင်လူ သူတော်ကောင်းများ လေးစားမလတ် အလွန့်အလွန် မှီဝဲအပ်သော ၊ စရဏမ္ဘောဇံ - ဂုဏ်တော်အထွေထွေ အသရေပေါ် ခြေတော်အစုံ ကြာပဒုံ အလှရတနာကို၊ မယံ - အဖက်ဖက်စုံ ဂုဏ်ရည်ပြည့်ဝ အလှတွေစု ဂရုတဖြာ အာစေရတစ်ပါး ထူးခြားသည့် ဆရာရှင်ဟု ရှုမြင်ထားဘိ ဘုရားတပည့်တော်တို့သည် ၊ ဝန္ဒာမ - ရွှေကျင်နိကာယ သိဿတစ်တွေ ချမ်းသာစေရေး မြော်တွေးရည်ကာ ရာပြည့်ကျော်လွှက် ဆက်ကာဆက်ကာ နှစ်များစွာ တည်ပါစေသား တောင်းဆုပွါးလျက် လေးစားမြတ်နိုး ဦးညွှတ်ကျိုးကာ ရှိခိုးကန်တော့ကြပါကုန်သည် ဘုရား ... ။

၂ ။ ဂရုကိစ္စကရာ ဂန္ထာ-
ကတာ တေ ကဝိနန္ဒနာ။
တေန နော ဂရုတံ ဘန္တေ၊
ယာတာ ကမ္မဝသာ သယံ ။

ဘန္တေ - ရွှေကျင်နိကာယ၏ ပဓာနအချုပ်အခြာ ရတနာ အမိပတိ ကဝိမဟာ ရွှေဟင်္သာဦးကိုင် သာသနာပိုင် ဆရာတော်မြတ်ကြီးဘုရား ၊ တေ - ဘုန်းရည် ကံရည် ဉာဏ်ရည်တွေဖြိုး အားကိုးလောက်ဖွယ် တင့်တယ်ထူးခြား ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည်၊ ဂရု ကိစ္စကရာ - ဝိနည်းတစ်တန် သုတ္တန်ကတစ်ဖြာ အဘိဓမ္မာ တသီး နည်းရအောင်ဆင် သင်ပြပေးမှု ဂရုကိစ္စ ဆရာ့တာဝန် ကျေပွန်စေမှု တကယ်ပြုတတ်ကုန်သော၊ ကဝိ နန္ဒနာ - သဒ္ဒါချက်ကျ အနက်လှသဖြင့် အားရကုန်ဘိ ပညာရှိတို့ကို ပီတိရွှမ်းဝေ နှစ်သက်စေတတ်ကုန်သော၊ ဂန္ထာ - နည်းအတန်တန် လမ်းမှန်ဖော်ကြား ကျမ်းဂန်တော်အများတို့ကို၊ ကတာ - ဆရာ့မေတ္တာ ကရုဏာထား လေးစားမလတ် ရေးသားတော်မူအပ်ပါပေကုန်၏၊ တေန- ကျမ်းဂန်များစွာ ရေးသားကာဖြင့် ဆရာ၏ သင်အပြ ဆင်သဿမှု ဂရုကိစ္စ ကျေပွန်အောင် ပြုတော်မူခဲ့သည်၏အဖြစ်ကြောင့်၊ (တို့) ကျမ်းပြုအကျော် ဆရာတော်သခင် အရှင်မြတ်သည်၊ နော - ရွှေကျင်ဂိုဏ်းတွင် ဝင်မဝင် ပါမပါ များစွာအားထား ဘုရားတပည့်တော်တို့၏ ၊ ဂရုတံ - သိလိမ္မာရေး နည်းပေးလမ်းညွှန် လွန်လေးစားအပ် ဆရာမြတ်အဖြစ်သို့ ၊ သယံ - ဘယ်သူကမျှ မမြော်က်ရဘဲ တောက်ပဝင့်ဝါ ကိုယ်တိုင်သာ ၊ ကမ္မဝသာ - နည်းပေး လမ်းပြ ဆုံးမခြင်းပြု ကိုယ့်အမှုထမ်း ကိုယ့်ကံစွမ်းဖြင့်၊ ယာတာ - လွန်စွာမောက်ကြွ အောက်မကျဘဲ တောက်ပအသရေ ရောက်ရပါပေသည် ဘုရား ... ။

၃ ။ ကာလေန ကာလမောဝါဒ -
ကရံ ဝိယဂိရာဘုသော ၊
အတ္ထံ စရတိ နော ဘန္တေ -
ဧဝံ ကီ နာစရိယော ဘဝေ ။

ဘန္တေ - ရွှေကျင်နိကာယ သာသနာ့သမိုင်းဝင် ဂိုဏ်းအရှင်တစ်ပါး ရှေ့ဖျားဦးကိုင် သာသနာပိုင် ဆရာတော်မြတ်ကြီးဘုရား ၊ (တို့) ကြည်ညိုဖွယ် အမျိုးမျိုး မြတ်နိုးဖွယ်အဖြာဖြာ ပါသာဒိကဂုဏ် အဖုံဖုံတက် အဖက်ဖက်က နှစ်သက်ဖွယ်ထင် အရှင်မြတ်ကြီးသည်၊ ကာလေန ကာလံ - ဆုံးမဖို့ကောင်း အကြောင်းသင့်လာ အခွင့်သာက

အခါနှင့်အခါ ၊ ဝိယဂိရာ - မေတ္တာကရဏာ စေတနာထား တရားမပစ်ပယ် အနှက်ကြွယ်သား ချစ်ဖွယ်စကားဖြင့်၊ သြဝါဒကရံ - ရွှေကျင်ပိရေး အရည်အသွေးတက် နှစ်သက်ဖွယ်ဖြစ်အောင် ဆွဲဆောင်ထုံးပြ အသုံးကျဖို့ ဆုံးမပဲ့ပြင် သွန်သင်သမှု သြဝါဒပြုလျက် ၊ နော - သက်တော်ရှည်ဘို ရွေးရွေးရွှေကျင် ဂဏာဓိပတိတို့ထက် တိုးတက်စည်စည် သက်တော်ရှည်ရေး မျှော်ရေးတောင့်တ လိုလားကြသည့် ဘုရားတပည့်တော်တို့၏ ၊ အတ္ထံ - ရွှေကျင်ဂိုဏ်းတွင် သမိုင်းတွင်မည့် အရှင်အစားစား စဉ်ဖြစ်ပွါးရိုး အကျိုးစီးပွားကို ၊ ဘုသော - စိတ်ဖွဲထူးခြွန် လွန်လွန်ကဲကဲ ၊ စရတိ - မေတ္တာတော်ကဲ စိတ်ဖွဲမြင့်မော် အခွင့်ပေါ်လတ် ကျင့်တော်မူတတ်၍ပင်၊ (တံ့)မေတ္တာရေချမ်း အစဉ်ဖျန်းလျက် အစွမ်းထုတ်သွား ကျေးဇူးရှင်ဆရာတော်မြတ်ဘုရားသည်၊ အာစရိယော - ဂုဏ်နှင့်ဂုဏ်း ညီတပြေးဖြင့် ဟစ်ကြွေးအပ်စွာ ဘုရားတပည့်တော်တို့၏ မြတ်ဆရာသည် ၊ ကိ နဘဝေ - ဆရာ့ကျင့်ဝတ် မချွတ်တတ်စွာ တကယ်သာမို့ အဘယ်မှာ မဖြစ်ဘဲရှိပါအံ့နည်း၊

ဘဝတ္ထေဝ - အတ္ထာနုဂတ အနှက်ရမို့ စစ်ကမကွာ ဖြစ်ရပါတော့သည် ဘုရား···။

၄ ။ စိရဘာဝိတမမ္မာနံ -
တေဿာ နော ဂုရုတ္တမော ၊
ဒီဃာယု ပုညဝါ အဂ္ဂ-
သံဃရာဇာ ဘဝေ ဣတိ ၊
မညမာနာ မယံ သောဝ -
ဟောမ ဘာဝိတဘာဝနာ ။

နော အမှာကံ - ဆရာမြတ်ဂုဏ် အဖုံဖုံကို စံနမူပြု ဂုဏ်ယူကြ၍ တက်ကြွအား၌ ဘုရားတပည့်တော်တို့၏၊ ဂုရုတ္တမော - ရွှေကျင်ဂိုဏ်းဝင် အရှင်မြတ်များ၏ အားရမှု အတန်တန် ခံယူရသည်သာမက အညနိကာယမှ ထူးလှသော အရှင်များ၏ လေးစားမှုအမျိုးမျိုး မြန်နှုံးမှုအတန်တန် ခံယူရ၌ အဓိပတိ ဥက္ကဋ္ဌ ကျေးဇူးရှင် ဆရာတော်မြတ်ကြီးသည်၊ စိရဘာဝိတ,ဓမ္မာနံ - ငယ်ရွယ်စဉ်က ကာလရှည်စွာ ပွါးများလာသည့် ဗုဒ္ဓါနုဿတိ, မေတ္တာ,အသုဘ မရဏာဿတိ, ဝိပဿနာတတန် သတိပဋ္ဌာန်တရားတော်တို့၏ ၊ တေဿာ - လာလှည့်ရှလှည့် ပြဿဘိသို့ သတ္တိအင်အား စွမ်းပကားဖြင့်၊ ဒီဃာယု - ကျန်းလဲကျန်းမာ ချမ်းသာစွာဖြင့် ကာလသက်တမ်း ကျော်လွှမ်းမိုးဘိ သက်တော်ရာပြည့် ရှည်လျားသော အသက်ရှိသည်လည်းကောင်း ၊ ပုညဝါ - နှီင်းဆမတတ်သာ များပြားစွာသည့် ပူဇာအတန်တန် ခံယူခဲ့ဘိထူးခြားသော ဘုန်းကံရှိသည်လည်းကောင်း ၊ အဂ္ဂသံဃရာဇာ - ရွှေကျင်ဂိုဏ်း၏ အဓိပတိအဂ္ဂ သံဃရာဇာ သာသနာပိုင် ဆရာတော်ကြီး သည်လည်းကောင်း ၊ ဘဝေ-ဘဝတိ - "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ သုစိဏ္ဏော သုခမာဝဟတိ"စာရှိ အရဓမ္မ စွမ်းဖော် စနစ်ပေါ်လျက် ဖြစ်ပေါ်ခွန်းခွန်း ထွန်းတောက်ခဲ့ရပါပေ၏ ၊ ဣတိ - ဤသို့ ကိုယ်တော်တိုင်ပွါး တရားအရ ထူးခြားစွာ အကျိုးပေါ်ရသည်ဟု၊မညမာနာ - ကျိုးကြောင်းဖြစ်အင် စနစ်သွင်ကို ထင်မြင်အား၌ မှတ်ထင်ကြကုန်လျက်၊ မယံ - ရွှေကျင်နိကာယ သာသနာ့ဦးကိုင် သာသနာပိုင် လက်အောက်ရောက်နေကြရ ကံထူးလှငြား ဘုရား တပည့်တော်တို့သည်၊ သောဝ - ဘုန်းရှင်ကံရှင် သမ္ဘာရှင်မို့ ဂုဏ်အင်ကြီးမား ထိုကျေးဇူးရှင် ဆရာတော်ဘုရားကြီးကဲ့သို့ပင်၊ ဘာဝိတဘာဝနာ - ခါခါမနား ပွါးများအပ်သည့် တရားဘာဝနာ ရှိနေကြပါကုန်သည် ၊ ဟောမ - ဖြစ်ကြရပါစေကုန်သား တောင်းဆုပွါးသည် တောင်းတိုင်းပြည့်ဝပါစေသား ဆရာတော်မြတ်ကြီးဘုရား···။

၅ ။ စီရံ တေ ဌိတိမိစ္ဆာယ -
ဂဏံ နော ရက္ခကော ဂရု ။
ဂရုမှိ ဝိဇ္ဇမာနမှိ ၊
ဝုဋ္ဌိဿတေဝ နော ဂဏော ။

ဂရု - နိုင်ငံတော် ဩဝါဒါစရိယ, အဘိဓေ မဟာရဋ္ဌ ဂုရု,တစ်ဝ နိုင်ငံတော်မှတဖြာ သံဃမဟာနာယကမှတ ချက် ဆက်သနိုင်မှု ဂုရုအာစရိယ ကိုယ်တော်တိုင်ရ ဂုရုအာစရိယ ဘွဲ့ရနှစ်မည် မထေရ်ကျော်ဆရာမြတ်ဘုရား၊ နော - ဂဏသမုဒ္ဒါပက ဝိသေသအစစ် တစ်ခေတ်တစ်ခါ ထူးခြားစွာလျှင် ပေါ်လာထင်ရှား ကျေးဇူးရှင် ရွှေကျင်ဆရာတော် ဘုရားကြီး၏ များပြားအဖုံဖုံ ကျေးဇူးဂုဏ်ကို အာရုံထားဘိ ဘုရားတပည့်တို့၏ ၊ ဂဏံ - ဆရာစဉ်ဆက် မပျက်အောင် ကြိုးစား၍ တိုးပွါးစည်ပင် အသရေလွင်သည့် ရွှေကျင်ဂိုဏ်းတော်ကြီးကို ၊ ရက္ခကော - သီလ, သမာဓိ,ပညာ ရိန်အဝါဖြင့် အာဏာတော်ပြ ဆုံးမစောင့်ရှောက်တော်မူလျက်၊ တေ - ရွှေကျင်ဂိုဏ်းသား အများကြည်ညို ရိုသေခံရ ဂဏမူးပိုင် ဦးကိုင်ထွဋ်ထား ဆရာမြတ်ဘုရား၏၊ စီရံ - နှစ်တစ်ရာပေါ် ကျော်ကြီးကျော်လျက် ဆက်ကာဆက်ကာ ကာလရှည်မြင့်စွာ၊ ဌိတိ -ကျန်းကျန်းမာမာ ချမ်းသာစွာဖြင့် သာသနာပြု အမှုတော်ထမ်း ကြိုးပမ်းမကင်း တည် နေတော်မူခြင်းကို ၊ ဣစ္ဆာမ - ဂိုဏ်း၏တွက်တာ သာသနာကျိုး မျော်ကိုးတောင်းတ လိုလားကြပါကုန်၏ ဘုရား၊ ဂရုမှိ - မြန်မာ့ဆရာ သံဃာ့ဆရာ အစိုးရဆရာ ပြည်သူ့ဆရာ အထူးအား‌ဖြင့် ရွှေကျင်ဂိုဏ်း ဆရာ ရွှေဟင်္သာခေါ် တိုက်တော်စံစား သာသနာပိုင် ဆရာတော်မြတ်ဘုရားသည်၊ ဝိဇ္ဇမာနမှိ - မြန်မာ့အကျိုး သံဃာ့အကျိုး ဂိုဏ်းအကျိုးကို သယ်ပိုးမပျက် ရာကျော်တက်လျက် ဆက်ကာဆက်ကာ ရှည်မြင့်စွာ ထင်ရှိနေသည်ရှိသော်၊ နော - ရွှေကျင်နွယ်ဝင် ရွှေကျင်နွယ်ဖွား တရားရှိရှိများတပည့် တပည့်တော်တို့၏ ၊ ဂဏော - ရွှေကျင်ဆရာတော်ဘုရားကြီး တည်ထားခဲ့ရာ ရတနာအသွင် အသရေလွင်သည့် ရွှေကျင်ဟုခေါ် သမိုင်းဖော်ပြီး ဂိုဏ်းတော်ကြီးသည် ၊ ဝုဋ္ဌိဿတေဝ - သတ္တိဗျတ္တိ နှစ်ရပ်ရှိသည့် ကဝိအကျော် ဆရာတော် အမှီရသဖြင့် သီလ,သမာ ပညာအဆင့်ဆင့် မြင့်ထက်မြင့်ကာ တိုးပွါးလာ သူငါသာဓု ခေါ်ဖွယ်သော်။

အရှင်ဝါသေဋ္ဌာဘိဝံသ

သပြေကန်ဆရာတော်ကြီး ၏
သိဂီလောဝါဒ ပါဠိဂါထာ မြန်မာအနက်

၁။ သားသမီးကျင့်ဝတ် ၅-ပါး:

ဘရဏဲ ကိစ္စကရဏဲ-
ဒါယဒ္ဗ ပဋိပဒ္ဒနံ၊
ပတ္တိဒါနံ ဝံသရက္ခာ-
ဧသာ ပုတ္တကတံ ဝတံ။

ဘရဏဲ-မိဘတို့ကြွေး ပေးရေးမကင်း မွေးကျွေးခြင်းလည်းကောင်း၊ **ကိစ္စကရဏဲ**-နှစ်ဖြာမိဘ မူကိစ္စကို ထကြွမကင်း ပြုလုပ်ဆောင်ရွက်ခြင်းလည်းကောင်း၊ **ဒါယဒ္ဗ ပဋိပဒ္ဒနံ**-အမွေခံခွင့် ကောန်သင့်အောင် ကျင့်ဆောင်ခြင်းလည်းကောင်း၊ **ပတ္တိဒါနံ**-ကွယ်လွန်ကြတဲ့ မိဘတစ်တွေ အမျှဝေခြင်းလည်းကောင်း၊ **ဝံသရက္ခာ**-မိဘနွယ်ဆက် အဖက်ဖက်မှ မပျက်ရအောင် ကျင့်ဆောင်စောင့်ရှောက်ခြင်းလည်းကောင်း၊ **ဧသာ**-မိုထား မပျက် ဤငါးချက်မှာ **ပုတ္တကတံ**-သားသမီးတို့ လေးစားမလတ် ပြုလုပ်အပ်သော **ဝတံ**-မချွတ်တင့်စွာ ဝတ်အကျင့်ပါပေသတည်း။

၂။ မိဘကျင့်ဝတ် ၅-ပါး:

ပါပါ ဝါရေတိ ကလျာဏေ-
နိဝေသေတိ သိက္ခာပယေ၊
ဓနံ ဒေတိ ဝိဝါဟေတိ-
မာတာပိတု ဝတံ ဣဒံ။

ပါပါ-ဆင်းရဲဖို့အကြောင်း မကောင်းသော အမှုမှ **ဝါရေတိ**-ကောင်းစားဖို့ရာ မေတ္တာထားလတ် မြစ်တားတတ်ပါပေ၏။ **ကလျာဏေ**-ချမ်းသာဖို့ကောင်း အကြောင်းအစု ကောင်းသောအမှု၌၊ **နိဝေသေတိ**-လူတော်ဖြစ်ကြောင်း လူကောင်းဖြစ်ရေး သွတ်သွင်းပေးတတ်ပါပေ၏၊ **သိက္ခာပယေ**-သမီးသားတို့ ကြီးပွားဖို့ရေး အားပေးမလတ် ပညာလဲသင်စေတတ်ပါပေ၏၊ **ဓနံဒေတိ**-လုပ်ခွင်သီးသီး ရင်းနှီးဖို့အပ်အမွေ-ဥစ္စာလဲ ပေးတတ်ပါပေ၏၊ **ဝိဝါရေတိ**-အရွယ်ရောက်ခါ သင့်လျော်ရာနှင့် ဖွေရှာတွဲစပ် ထိမ်းမြား ပေးတတ်ပါပေ၏။ **ဣဒံ**-တရားနှင့်ညီ အမှီထားအပ် ဤငါးရပ်သည် **မာတာပိတုဝတံ**-သမီးသား၌ နှစ်ပါးမိဘ ကျင့်ရမချွတ် မလွတ်သွားစရာ ဝတ်တရားပါပေတည်း။

၃။ တပည့်ကျင့်ဝတ် ၅-ပါး

ဥဋ္ဌာနာ ဥပဋ္ဌာနာ စ-
သုဿုသာ ပါရိစရိယာ၊
သက္ကစ္စံ သိပ္ပဂ္ဂဏှာနာ-
သိသော ဂုရု မာရာဓယေ။

ဥဋ္ဌာနာ စ-ဆရာလာသော် နေရာမှထ ကြိုဆို ရခြင်းဖြင့်လည်းကောင်း၊ **ဥပဋ္ဌာနာ စ**-မကြာမကြာ ဆရာ၏ အနီးအရပ် ဆည်းကပ်ခစားခြင်းဖြင့် လည်းကောင်း၊ **သုဿုသာစ**-ဆရာထုံးပြ ဆုံးအမကို လုံးဝမယွင်း နားထောင်လိုက်နာခြင်းဖြင့်လည်းကောင်း၊ **ပါရိစရိယာ စ**-ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ခိုကပ်ခြင်းကင်း လုပ်ကျွေးပြုစုခြင်းဖြင့်လည်းကောင်း၊ **သက္ကစ္စံ**-ထပ်ထပ် လေ့လာရိသေလေးစားစွာ၊ **သိပ္ပဂ္ဂဏှာနာ စ**-အမြင်မလတ် အမှတ်ထင်ထင် အတတ်သင်ခြင်းဖြင့်လည်းကောင်း၊ **သိသော**-ပညာရှိ ဆရာ့တပည့်သည်၊ **ဂုရုံ**-တတ်ပညာသင် ဆရာရှင်ကို၊ **အာရာဓယေ**-ငါးတန်ကျင့်ဝတ် မချွတ်မလစ် အချစ်ဖက်ချေ နှစ်သက်စေရာသတည်း။

၄။ ဆရာကျင့်ဝတ် ၅-ပါး

ဝိနေတာ ဂါဟာပေတာ စ
သဗ္ဗသိပ္ပဒဒေါ ဂရု၊
နိယျဒေတာ ပရိတ္တာဏ
ကရော သိသေ သမာစရေ။

ဝိနေတာ စ-တပည့်သိသ အသုံးကျဖို့ ဆုံးမပဲ့ပြင်တတ်သည်လည်းကောင်း၊ **ဂါဟာပေတာ စ**- အမြင်သာဖို့ ပညာကိုအပ် ကောင်းစွာသင်စေတတ်သည် လည်းကောင်း၊ **သဗ္ဗ သိပ္ပ ဒဒေါ စ** - ဆရာစားကို မသိုထားလတ် အတတ်ကုန် သင်ပေးတတ်သည်လည်းကောင်း၊ **နိယျာဒေတာ စ** - ဂုဏ်ကိုပြောကြား မိတ်ဆွေများထဲ အပ်နှံတတ်သည်လည်းကောင်း၊ **ပရိတ္တာဏ ကာရောစ** - တပည့်တွက်တာ ရပ်တိုင်းမှာလျှင် ကွယ်အကာစု မကွာ ပြုတတ်သည်လည်းကောင်း၊ (ဟုတွာ-ဖြစ်၍) **ဂရု**-တတ် ပညာသင် ဆရာရှင်သည်၊ **သိသေ**-ကိုယ့်နည်းနာခံ ကိုယ့်ထံမှာပျော် တပည့်အပေါ်၌၊ **သမာစရေ**-ကြီးပွား ရေးရှု အမှုမလင့်စွာ ပြုကျင့်ရာသတည်း။

၅။ လင်္ကျင့်ဝတ် ၅-ပါး

သမ္မာနနာနဝမာနာ
ဣသရိယဝေါသဒ္ဓနာ
မဏ္ဍနဒါနာနတိစာရာ
ပတိ ပိယာယ အာစရေ။

သမ္မာနနာ-ချီးမွမ်းအားပေး ချစ်ရေးပိုချက် အချို့စွက်လျက် ဆိုမြွက်မကင်း မြတ်နိုးခြင်းဖြင့်လည်းကောင်း၊ **အနဝမာနာ**-ကဲ့ရဲ့ရွဲတ်ချ နှုတ်မဟ,ချေ မထေမဲ့မြင် တကယ် ကြည်သဖြင့်လည်းကောင်း၊ **ဣသရိယ ဝေါသဒ္ဓနာ** - အိမ်တွင်းအလုပ် ကိုယ့်အုပ်ချုပ်ရေး စွန့်လွှတ်ပေးခြင်းဖြင့် လည်းကောင်း၊ **မဏ္ဍနဒါနာ**-ကိုယ့်အင်အားလိုက် နှစ်ခြိုက်ဖွယ်ဆင် ယဉ်စရာအရေး ဆင်တန်းဆာပေးခြင်းဖြင့် လည်းကောင်း၊ **အနတိစာရာ**-ကိုယ့်မယားပြင် တပါးခင်နှင့် တူယှဉ် မှောက်မှား ဖောက်ပြားမကျင့်သဖြင့်လည်းကောင်း၊ **ပတိ**-ယောကျ်ားဂုဏ်အင် အစဉ်မြောက်ငြား လင်ယောကျ်ား သည် ပိယာယ-ချစ်မငြီးဖွယ် ဇနီးသယ်၌ **အာစရေ အာစရေယျ**-ကိုယ့်ဝတ်အကျင့် လွတ်မလွှင့်ဖို့ အခွင့်ဖန်ကာ ကျင့်ကြံရာသတည်း။

၆။ မယားကျင့်ဝတ် ၅-ပါး

သုကတ္တာ သဂိဟေတာ စ
သမ္မာတဓနရက္ခဏာ၊
အနုလသာ နတိစာရာ
ပတိ မာရာဓယေ ပိယာ။

သုကတ္တာ စ-အလုပ်တာဝန် ကျေပွန်မလတ် ကောင်းစွာပြုလုပ်တတ်သည်လည်းကောင်း၊ **သဂိဟေတာ စ** -လင့်ဆွေကိုယ့်ဆွေ မျိုးဆွေနှစ်ဝ စွမ်းသမျှလျှင်

ထောက်မ,မလတ် ချီးမြှောက်တတ်သည်လည်းကောင်း၊ **သမ္ဘတနေ ရက္ခဏာ စ** - ကိုယ့်လင်ဖွေရှာ ပေးအပ်လာသည့် ဥစ္စာပစ္စည်း အသီးသီးကို သိမ်းဆည်းစုလတ် စောင့်ရှောက်တတ်သည်လည်းကောင်း၊ **အနုလသာ စ** - လုပ်ငန်းကျွမ်းကျင် စွမ်းအင်လည်းရှိ မပျင်းမရိသည်လည်းကောင်း၊ **အနုတိစာရာ စ**-ကိုယ့်ယောကျ်ားပြင် တစ်ပါးလင်နှင့် တူယှဉ်မှောက်မှား ဖောက်ပြားမကျင့် တတ်သည်လည်းကောင်း (ဟုတွာ-ဖြစ်၍) **ဝိယာ**-တရား မစောင်းမယားကောင်းနေ်းသယ်သည်၊ **ပတိ**-ကိုယ်လျှင် မြတ်နိုးကိုယ့်အားကိုးဖွယ် ခင်ပွန်းသယ်ကို၊ **အာရာဓယေ**- ငါးတန်ဝတ်များ လွတ်မသွားဘဲ တရားဖက်လေ နှစ်သက်စေရာသတည်း။

၃၊ မိတ်ဆွေကျင့်ဝတ် ၅-ပါး

ဒါနံ ပေယျဝဇ္ဇံ အတ္ထ
စရိယာ သမာနတ္တတာ၊
အဓိသံ ဝါဒနံ ဆွေတိ
မိတ္တေသု ပဋိပဇ္ဇနံ။

ဒါနံ-တတ်စွမ်းသမျှ ပေးကမ်းရခြင်းလည်းကောင်း၊ **ပေယျဝဇ္ဇ**-ချစ်ဖွယ်စကား ပြောကြားရခြင်း လည်းကောင်း၊ **အတ္ထစရိယာ စ** - ကိုယ့်မိတ်ဆွေများ၊ ကျိုးစီးပွားကို လိုလားကျင့်ကြံရခြင်းလည်းကောင်း၊ **သမာ နတ္တတာ စ**-နှစ်မူမပြား ကိုယ်တူထားခြင်းလည်းကောင်း၊ **အဓိသံ ဝါဒနံ** - တောင်းခံလာဘိ ရှိသော်ရှိဟု မရှိသောခါ မရှိပါဟု မှန်စွာပြောလျှင်း မချွတ်ယွင်းစေခြင်း လည်းကောင်း၊ **ဣတိ** - ဤသည့်ငါးပါး တရားအကျင့် များမှာ၊ **မိတ္တေသု**-ကိုယ့်အပေါ်မှာ မေတ္တာစဉ်ထား မိတ်ဆွေ အများတို့၌၊ **ပဋိပဇ္ဇနံ** - ကိုယ်ကကျင့်ကြောင်း မစောင်း မချွတ် လွတ်မသွားသင့် ဝတ္တရားအကျင့်ပါပေတည်း။

၄၊ စကျွးငွေးစံ မိတ်ဆွေတို့ကျင့်ဝတ် ၅-ပါး

ပမတ္တံ ရက္ခန္တိ ဓနံ၊
ဘီတာသ သရဏံ ဘယေ၊
နံ ဖေဟနီသု ပုဇ္ဇေန္တိ၊
ပဓာ မိတ္တာဝတံ ဣဒံ။

ပမတ္တံ-မေ့လျော့ခဲ့ချေ ကိုယ့်မိတ်ဆွေကို၊ **ရက္ခန္တိ**-ဘေးမရောက်ရှိး ကျိုးမပျက်ရ စောင့်ရှောက်ကြလေကုန်၏၊ **ဓနံ**-မေ့လျော့၍နေ ကိုယ့်မိတ်ဆွေ၏ ဥစ္စာကို၊ **ရက္ခန္တိ**-မပျောက်ရအောင် စောင့်ရှောက်ကြလေကုန်၏။ **ဘီတာသ**-ဘေးတစ်စုံတရာ ကြုံလာခဲ့ချေ ကြောက်နေသောမိတ်ဆွေ၏၊ **သရဏံ**-(ဟောန်) ကိုးကွယ်အားထားရာ ဖြစ်ကြပါပေကုန်၏။ **ဘယေ**-ဘေးတစ်စုံတရာ ကြုံလာခဲ့သော်၊ **နံ ဖေဟနီသု**-မရွံ့မရှား စွန့်မသွားတတ်ကြပါကုန်၊ **အဿ**-မိမိတို့အား ကျေးဇူးများစေ ထိုမိတ်ဆွေ၏၊ **ပဓာ**-မိတ်ဆွေ၏ သွေးသားမြေးတစ်စုတို့ကိုလည်း၊ **ပုဇ္ဇေန္တိ**-မြတ်နိုးယုယ ချီးမြှောက်ကြလေကုန်၏။ **ဣဒံ** -ဤမချွတ်ပွားအပ်ဝတ်တရားငါးရပ်သည်၊ **မိတ္တာဝတံ**-ကိုယ့်မိတ်ဆွေအား မိတ်ဆွေများက ပြုရမချွတ် မလွတ်သင့်စွာ ဝတ်အကျင့်ပါပေတည်း။

၅၊ သစ္စကျင့်ဝတ် ၅-ပါး

ကမ္မ ဝိဓာနာ ဘတ္တာဒိ
ဒါနာ ဂိလာနုပဋ္ဌာနာ၊
ရဿ ဝိဘာဂါ ဓေါဿဂ္ဂါ
ကာလေ ဒါသေ စရေယျကော။

ကမ္မဝိဓာနာ - သူနှင့်သင့်ရာ ဝန်တာအပ်နှင်းအလုပ်ကို စီမံခြင်းဖြင့်လည်းကောင်း၊ **ဘတ္တာဒိ ဒါနာ**-ထမင်းအစ လုပ်ခအပ်နှင်း ပေးကမ်းခြင်းဖြင့်လည်းကောင်း၊ **ဂိလာနုပဋ္ဌန**-မကျန်းမာက ပြုစုရခြင်းဖြင့်လည်းကောင်း၊ **ရဿဝိဘာဂါ**-ကောင်းနိုးရာရာ ရသာအပ်နှင်း ခွဲဝေပေးခြင်းဖြင့်လည်းကောင်း၊ **ကာလေ**-ပွဲလမ်းသဘင် စသည်ဆင်ရာသင့်လျော်သောအခါ၌၊ **ဓေါဿဂ္ဂါ**-အဆင်တန်းဆာ စား

အစာနှင်း ခွင့်လွှတ်ခြင်းဖြင့်လည်းကောင်း၊ **အယျကော**-စိတ်ကောင်းမွေးထား တရားမြော်မြင် အရှင်သခင်သည် **ဒါသေ**-ကိုယ့်အဆွေရံ အစေခံလုပ်သားခို၊ **စရေယျ**-အရှင် ကျင့်ဝတ် မလွတ်သင့်စွာ ပြုကျင့်ရာသတည်း။

၁၀။ စကျးကျွန်အစေခံ ကျင့်ဝတ် ၅-ပါး

ပုဗ္ဗုဋ္ဌာယီ ပစ္ဆာပါတီ
ဒိန္နာဒါယီ သုကာရကော၊
ကိတ္တိဝဏ္ဏ ဟရော ဒါသော
သာမိကမှိ သမာစရေ။

ပုဗ္ဗုဋ္ဌာယီ-ရှင်သခင်၏ ကြိုတင်ဦးစွာ အိပ်ယာမှ ထတတ်သည်လည်းကောင်း၊ **ပစ္ဆာပါတီ**-အရှင် အိပ်ယာ၊ နောက်အခါမှ ကိုယ်က အိပ်တတ်သည်လည်းကောင်း၊ **ဒိန္နာဒါယီ**-ခိုးမယူငင် အရှင်ပေးအပ် ယူငင်တတ်သည်လည်းကောင်း၊ **သုကာရကော**-အလုပ်တာဝန် ကျေပွန်သပ်ရပ် ကောင်းမွန်စွာ ပြုလုပ်တတ်သည်လည်းကောင်း၊ **ကိတ္တိဝဏ္ဏ ဟရော**-အရှင်၏ဂုဏ် အဖုံဖုံကို လူပုံလယ်သွား ပြောကြားမလတ် ပို့ဆောင်တတ်သည်လည်းကောင်း၊ (ဟုတွာ-ဖြစ်၍) **ဒါသော**-အရှင့်ဆွေရံ အစေခံသည် **သာမိကမှိ**-ကိုယ့်ကျိုးဆောင်ချင် ကိုယ့်သခင်၌၊ **သမာစရေ**-ကိုယ့်၏ကျင့်ဝတ် မလွတ်သင့်စွာ ပြုကျင့်ရာသတည်း။

၁၁။ စဒိယကာကျင့်ဝတ် ၅-ပါး

မေတ္တေန ကာယ ကမ္မေန
ဝစသာ မနသာ တထာ၊
အနာဝဋ္ဌေန ဒါနေန
ဒါယကော သမဏော စရေ။

မေတ္တေန ကာယကမ္မေန-အမှုဖြာဖြာ ပြုစုရာကို မေတ္တာစိတ်ဖက် ဆောင်ရွက်ပြုဟန် မေတ္တာကာယ ကံဖြင့်လည်းကောင်း၊ **မေတ္တေန ဝစသာ**-မေတ္တာဖက်လျက် နှုတ်မြွက်ချို့စွာ သာယာစကား လျှောက်ထားဆိုဟန် မေတ္တာဝစီကံဖြင့်လည်းကောင်း၊ **တထာ**-ထိုမှတပါး၊ **မေတ္တေန မနသာ**-မေတ္တာစိတ်ဖက်လျက် စိတ်နေပွားဟန် မေတ္တာမနောကံဖြင့်လည်းကောင်း၊ **အနာဝဋ္ဌေန**-လှူလိုသောအား မြဲငံ့စားလျက် တရားမဆိတ် တံခါးမပိတ်သဖြင့်လည်းကောင်း၊ **ဒါနေန**-ဆွမ်းကွမ်းဖြာဖြာ လှူစရာကို သဒ္ဓါမကင်း ပေးလှူခြင်းဖြင့်လည်းကောင်း၊ **ဒါယကော**-သာသနာ၌ သဒ္ဓါလှလှ ဒကာ, ဒကာမသည်၊ **သမဏော**-သာသနာ၏ ဝန်တာထမ်းပျော် ရဟန်းတော်၌၊ **စရေ စရေယျ**-ကျင့်ဝတ်ငါးချက် တရားဖက်လျက်၊ အားတက်ရွင်စွာ၊ ပြုကျင့်ရာသတည်း။

၁၂။ ရဟန်းကျင့်ဝတ် ၆-ပါး

ပါပါ ဝါရေတိ ကလ္လာဏော၊
နိဝေသေ အသုတံ သုတံ၊
ကထေတိ နုကမ္မေ သဂ္ဂ၊
မာနေတိဒံ ယတီဝတံ။

ပါပါ-ဆင်းရဲဖို့အကြောင်း မကောင်းသောအမှုမှ **ဝါရေတိ**-ကရုဏာနှင့် မေတ္တာထားလတ် မြစ်တားတတ်ပါပေ၏၊ **ကလ္လာဏော**-ချမ်းသာဖို့ကောင်း အကြောင်းအစုကောင်းမှုကုသိုလ်၌၊ **နိဝေသေ**-သူတော်ကောင်းဓာတ် သူမြတ်ဖြစ်ရေး သွတ်သွင်းပေးတတ်ပါပေ၏၊ **အသုတံ**-မကြားစဖူး တရားထူးကိုလည်း၊ **ကထေတိ**-သဘောကျအောင် ဟောပြောတတ်ပါပေ၏။ **သုတံ**ကြားဖူးပြီးသား တရားဟောင်းကိုလည်း၊ **ကထေဟိ**-ယုတ်သော်ထပ်ပြေမဲ့သော်ထပ်သိ သတိရစေ ဟောပြတတ်ပါပေ၏။ **အနု ကမ္မေ**-ဘေးရန်ကင်းကာ ချမ်းသာစေသား မေတ္တာပွားလျက် သနားစောင့်ရှောက်တတ်ပါပေ၏။ **သဂ္ဂံ**- စည်းစိမ်တွေစုံ နတ်တို့ဘုံသို့၊ **အာနေတိ**-တရားကျင့်စေ ပို့ဆောင်ပေးတတ်ပါပေ၏။ **ဣဒံ**-အတည်ပွားအပ် ဤ ငါးရပ်သောကျင့်ဝတ်သည်၊ **ယတီဝတံ**-ကိုယ့်ဒကာ, ဒကာမ သုခပွားရေး အေးချမ်းဖို့မှန်း ရှင်ရဟန်းတို့ ကျင့်ခန်းမချွတ် မလွတ်သင့်စရာ ဝတ်အကျင့်ပါပေတည်း။

အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ
ကျမ်းပြုအကျော် သပြေကန်ဆရာတော်ဘုရားကြီး
နောက်ဆုံး ဟောကြားတော်မူခဲ့သော တရားတော်

ကိုးစားအားထုတ် နိဗ္ဗာန်ကြပါစေသတည်း

အရှင်ဝါသေဋ္ဌာဘိဝံသ

(က) မေတ္တာသုတ်
(ခ) ဗောဇ္ဈင်သုတ်
(ဂ) ဘုရား, တရား, သံဃာ ဂုဏ်တော်များနှင့် ယံ ဒုန္နိမိတ္တံ စသော သုံးဂါထာကို ချီးမြှောက်သည်။

ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဣဓ ဝါ- ဤလူ့ပြည်လောက ဘုံဌာနဌာနလည်းကောင်း၊ ဟုရံ ဝါ- နဂါး ဂဠုံစသည့် ပြည်တစ်ပါး၌လည်းကောင်း၊ ယံကိဉ္စိ- အကြွင်းမဲ့သုံ အလုံးစုံကုန်သော၊ ဝိတ္တံ- နှစ်သက်ဖွယ်ရာ ရတနာအမျိုးမျိုးသည်၊ အတ္ထိ- ထင်ရှား မသွေ ရှိနေပါပေ၏။ သဂ္ဂေသုဝါ- နတ်ပြည် ဗြဟ္မာ့ပြည်တို့၌လည်း၊ ပဏီတံ- မရောင့်ရဲစွာ မွန်မြတ်လှပေစွသော၊ ယံ ရတနံ- ရွှေငွေစိန်ကျောက် အစရှိသော ရတနာအမျိုးမျိုးသည်၊ အတ္ထိ- ထင်ရှားမသွေရှိနေပါပေ၏။ (ဇတ္ထ- ဤလူ့ပြည်၊ နတ်ပြည်၊ ဂဠုံပြည် ဤဒွာနဌ၌ ရှိနေကြသော ရတနာမှန်သမျှတို့တွင်၊ တထာဂတေန- လောကထွတ်ထား ဘုရားမြတ်တည်းဟူသော ရတနာနှင့်၊ တထာဂတေန- ကိုးပါး ဆယ်ပါး တရားတော်တည်း ဟူသော ရတနာနှင့်၊ တထာဂတေန-ရှစ်ပါးအရိယာ သံဃာ ရတနာမြတ်တည်းဟူသော ရတနာနှင့်၊ သမံ-တန်းတူထား၍ ရွှေစားဖွယ်ရာ ရတနာနှင့် တူညီသော ရတနာမျိုးသည်၊ နော အတ္ထိ- ဧကန် အမှန်စင်စစ် မဖြစ်နိုင်ပေ။ ဗုဒ္ဓေ- လောကထွတ်ထား မြတ်စွာဘုရား၌၊ ဓမ္မေ-တရားတော်မြတ်၌၊ သံဃေ-သံဃာတော်မြတ်၌၊ ဣဒမ္ပိရတနံ-ဤရတနာ ဖြစ်ကြောင်း ကောင်းမြတ်သော ဂုဏ်ရည်အပေါင်းသည်လည်း၊ ပဏီတံ- မွန်မြတ်လှပါပေ၏၊ ဧတေန သစ္စေန- ဤသို့ မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့်၊ တုမှာကံ- ရတနာသုံးပါး အားထားကိုးကွယ်ကြသော ဘုရားတပည့် ဥပါသကာ- ဥပါသိကာအပေါင်း သူတော်ကောင်းတို့အား၊ သုဝတ္ထိ-ဘေးဒဏ်ရန်စွယ် အန္တရာယ်ကင်းဝေး အေးချမ်းသာယာ ကျန်းမာချမ်းသာခြင်းသည် ဟောတု- မုချမသွေ



ဖြစ်ပါစေသတည်း။

(သာဓု... သာဓု... သာဓု)

ကဲ ဒီနေ့ ဒကာကြီး ဦးသင်၊ ဒကာမကြီး ဒေါ်အေးမြင့်တို့ ဆွမ်းသင်္ကန်းအလှူတော် လှူဒါန်းကြတဲ့ အန္တရာယ်ကင်းဖို့ရန်လည်းကောင်း၊ ကောင်းကျိုးချမ်းသာ မင်္ဂလာဖြစ်စေခြင်းငှာလည်းကောင်း ပရိတ်တရားတော် နာကြ။ ယခုအခါ အနုမောဒနာ တရားလေး နဲနဲ ချီးမြှင့်ရဦးမယ်။

အာဗာဓေ မေ သမုပ္ပန္နေ၊
သတိ မေ ဥဒပဒ္ဓထ။
အာဗာဓော မေ သမုပ္ပန္နေ၊
ကာလော မေ နုပမဒ္ဓိတုံ။ ထေရ-၂၂ဖ။
(အာရဒ္ဓဝီရိယသ)-ဝိပဿနံ တရားမှန်ကို ထက်ထက်သန်သန် အားထုတ်နေသော၊ မေ-ဥတ္တိယမည်တွင် ငါထေရ်ရှင်၏။ (ကာယေ)-စက်ဆုတ်ဖွယ်ရာ ကိုယ်ခန္ဓာ၌၊ အာဗာဓေ-အနာသည်၊ သမုပ္ပန္နေ-ဖြစ်လာလတ်သော်၊ မေ-ငါအား၊ သတိ-အောက်မေ့ခြင်း သတိသည်၊ ဥဒပဒ္ဓထ-ဖြစ်ပေါ်ခဲ့ပြီ၊ မေ-ငါ့အား၊ အာဗာဓော-အနာသည်၊ သမုပ္ပန္နော-ဖြစ်ပြီ၊ ပမဒ္ဓိတုံ- မှေးမှေးလျော့လျော့ပေါ့ပေါ့တန်တန်နေခြင်းငှာ၊ နု ကာလော-အခါမဟုတ်တော့ပေ။

ဘုန်းကြီးတို့ သာသနာတော်မှာ ရှင်ဥတ္တိယမထေရ်ဆိုတာ ရှိခဲ့တယ်။ အဲဒီ ဥတ္တိယမထေရ်ဟာ ဝိပဿနာတရားကို အားထုတ်နေတယ်၊ ဝိပဿနာတရား အားထုတ်နေစဉ်မှာပဲ အဲဒီမထေရ်ဟာ တနေ့ မကျန်းမမာဖြစ်လို့ ရောဂါဝေဒနာဖြစ်ပေါ်လာတဲ့အခါမှာ ငြီးငြူမနေဘူး၊ သတိတရားပေါ်လာတယ်။ အော် ငါရောဂါဖြစ်လာပြီ။ ဒီရောဂါကို ငါ 'အင်း' ဒီအတိုင်းထားလို့ရှိရင် တစ်နေ့တခြား ကြီးထွားလာမှာပဲ။ အဲဒီတော့ အင်း ယခုအခါမှာ ငါ သတိတရားဖြစ်ဖို့ အချိန်ရောက်ပြီပဲ။ အဲဒီလို ဆင်ခြင်ပြီးတော့ သတိတရားထူထောင်ပြီးတော့ ကြိုးစားခဲ့တယ်။ အဲဒါ ရောဂါဖြစ်ကြတဲ့ ဝေဒနာဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ စံနမူနာယူဖို့ အတ္ထုပ္ပတ္တိလေးတစ်ခုပေါ့။ ဘုရားရှင် ကိုယ်တော်မြတ်လက်ထက်က အဲဒီဥတ္တိယမထေရ်က ရောဂါဖြစ်လာတော့ အဲဒီရောဂါဟာ တဖြည်းဖြည်း ကြီးထွားလာတယ်။ အဲ-မကြီးထွားမီ ငါကြိုးစားမှပဲ သတိတရား ဖြစ်လာပြီးတော့ ကြိုးစားခဲ့တယ်။ ကြိုးစားခဲ့တော့ "အေး" ကြိုးစားတဲ့အတိုင်း နောက်ဆုံးရဟန္တာ ဖြစ်သွားတဲ့ အထိပဲ။ အဲဒါ စံနမူနာယူဖို့ အဲဒီ မထေရ်ရဲ့ အကြောင်းအရာက ဘုန်းကြီးရဲ့ သီလကထာမှာ မှတ်တမ်းတင်ထားခဲ့တယ်။ "အေး" ဒါကြောင့် ရောဂါဖြစ်တဲ့အခါ ဥတ္တိယမထေရ်ထုံး နှလုံးသွင်းပြီးတော့ မိမိတို့ဖြစ်တဲ့ ရောဂါကို တွေးပြီး စိတ်ပူ စိတ်ကြောင့်ကြ မဖြစ်ဘဲ သတိသာကြပ်ကြပ် ထူထောင်ရမယ်။ သတိဆိုတာ အရေးကြီးတယ်။ အဲဒီ သတိကြပ်ကြပ်ထူထောင်ရင် ဖြစ်တဲ့ရောဂါလဲ သက်သာတတ်ပါတယ်။ ဘယ်လောက်ပဲ တိုးဖြစ်နေနေ ဒီသတိသာ မြဲမယ်။ စွဲနေမယ်ဆိုရင် ရောဂါကောင်းကောင်း

သက်သာတတ်တယ်။ အဲ ရောဂါက သက်သာရင် စိတ်သိပ်မဆင်းရဲရဘူး။

ခုနက ဘုန်ကြီးတို့ ဗောဒျင်ခုနစ်ပါး တရားရွတ်သွားကြတယ်။ ဗောဒျင်္ဂံသုတ္တန်ဆိုတာ ရွတ်ဆိုခဲ့ကြတယ်။ ဗောဒျင်ခုနစ်ပါးတရားမှာ သတိသမ္ဗောဇ္ဈင်ဆိုတဲ့ ရတနာ၊ ရတနာသုံးပါး အောက်မေ့မှု၊ ဘုရားဂုဏ် အောက်မေ့မှု၊ တရားဂုဏ် အောက်မေ့မှု၊ သံဃာဂုဏ် အောက်မေ့မှု ဆိုတဲ့ အောက်မေ့မှု အမျိုးစုံကို သတိသမ္ဗောဇ္ဈင် ခေါ်တယ်။

ဓမ္မဝိစယသမ္ဗောဇ္ဈင် ဆိုတာက သတိက အောက်မေ့ထားတဲ့တရားတွေကို ဓမ္မဝိစယက မိမိရဲ့ အစွမ်းနဲ့ မိမိရဲ့ တွေ့မြင်မှုဆိုတဲ့ ကိစ္စနဲ့ တွေ့မြင်သိမြင်သွားတယ်။

ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို သိမြင်သွားတဲ့ တရားတွေကို ဝီရိယဆိုတဲ့ ဗောဇ္ဈင်က ကျမသွားအောင် တောင့်ပေးထားတယ်။ တင်းပေးထားတယ်။ အဲဒီလို တောင့်ပေး တင်းပေးထားတဲ့အတွက် မိမိဆင်ခြင်ခဲ့တဲ့ နှလုံးသွင်းတရားက အားရှိသွားတယ်။

"အဲ" အားရှိသွားတဲ့အခါမှာ ပီတိသမ္ဗောဇ္ဈင် ဖြစ်သွားတယ်။ ပီတိသမ္ဗောဇ္ဈင်မှာ ပီတိဆိုတာ နှစ်သက်မှု တရားက တက်လာတယ်။ တရားက ကောင်းလာတယ်။ တရားက မြဲလာတယ် ဆိုရင် အားရသွားတယ်။ ဝီရိယတွန်းအားပေးမှုကြောင့် အားရသွားတော့ ပီတိဖြစ်လာတယ်။

ပီတိဖြစ်လာပြီဆိုရင် အဲဒီတရားပေါ်မှာ နှစ်သက်လာတယ်၊ နှစ်သက်လာရင် အဲဒီပီတိ ဖြစ်လာရင် ဟာ ကိုယ်လဲ အေးသွားတယ်။ စိတ်လဲ အေးသွားတယ်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဆိုတဲ့ အေးငြိမ်းမှု သမ္ဗောဇ္ဈင်တရား ဖြစ်လာတယ်။

ပဿဒ္ဓိအေးငြိမ်းမှုဖြစ်လာရင် သမာဓိက လိုက်လာတယ်၊ စိတ်ထဲက ကိုယ်ရောစိတ်ပါ အေးငြိမ်းမှု ဖြစ်လာရင် သမာဓိ စွဲသွားမယ်၊ သမာဓိက စူးသွားမယ်၊ စိုက်သွားမယ်။

သမာဓိဖြစ်သွားပြီဆိုရင်လည်း ဥပေက္ခာသမ္ဗောဇ္ဈင် ခေါ်တဲ့ အညီအမျှ ရှုမြင်မှုဆိုတဲ့ ဟို မလွန် ဒီ မရောက် ဟိုဘက်လဲ မလွန် ဒီဘက်လဲ မရောက် အညီအမျှ တရားတွေကို ရှုမြင်တတ်တဲ့ ဥပေက္ခာသမ္ဗောဇ္ဈင်ဆိုတာ ဖြစ်လာရတယ်။

အဲဒီ ဗောဇ္ဈင်ခုနစ်ပါးတရားဆိုတာ ခုန သတိအကြောင်းပြုပြီးတော့ အကုန်လုံး စုံစုံညီညီ ဖြစ်ပေါ်လာတဲ့ တရားတွေပဲ။ သတိလေးက တရားအာရုံစိုက်လိုက်မယ် ဆိုရင် ဒီပြင် ဓမ္မဝိစယတို့ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊

ဥပေက္ခာတို့ တရားတွေကလည်း အကုန်လုံး စိုက်သွားတယ်။ အေး ရုပ်နာမ်တရားတွေပေါ်မှာ သတိကစိုက်သွားပြီဆိုရင် ဟော ဓမ္မဝိစယဆိုတဲ့ ပညာကလည်း လိုက်သွားတယ်။ ဝီရိယဆိုတဲ့ တွန်းအားပေးတဲ့ တရားကြီးကလည်း လိုက်တွန်းအားပေးတော့ ပီတိနှစ်သက်မှု၊ ပဿဒ္ဓိ ငြိမ်းအေးမှု၊ သမာဓိတည်ကြည်မှု၊ ဥပေက္ခာ အညီအမျှရှုမှု ဆိုတဲ့ ဒီတရားတွေက

အကုန်လုံး အစုံအညီ အလုပ်လုပ်သွားတဲ့ အခါကျတော့ တော်ရုံရောဂါ သက်သာသွားတယ်။ "အဲ" သက်သာမသွားပေမယ့် အဲဒီ ရောဂါကြောင့် ဖြစ်တဲ့ စိတ်ဆင်းရဲမှု၊ ဝမ်းနည်းမှု၊ စိုးရိမ်မှု စသည်တွေ မဖြစ်ဘဲ ခံနိုင်ရည်ရှိပြီးတော့ သွားနိုင်တယ်။ ဒါကြောင့် ဗောဒ္ဓိုင်ခုနစ်ပါး တရားဆိုတာ ရောဂါပျောက်ကြောင်းလို့ အသိအမှတ်ပြုတယ်။ ခုနက ဘုန်းကြီးတို့ ရွတ်ပွားတဲ့ ဗောဒ္ဓိုင်တရားမှာပဲ။

ဧကသ္မိံ သမယေ နာထော၊
မောဂ္ဂလ္လာနဉ္စ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊
ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

အခါတစ်ပါးက ဘုရားရှင်ကိုယ်တော်မြတ်က ရောဂါဖြစ်နေကြတဲ့ ရှင်မဟာမောဂ္ဂလ္လာန်နဲ့ ရှင်မဟာကဿပ မထေရ်ကြီးတို့ထံ သွားပြီးတော့ ဗောဒ္ဓိုင်ခုနစ်ပါးတရားကို ဟောတဲ့အခါကျတော့ မထေရ်ကြီးတွေက အော် ဒို့ရဟန္တာ ဖြစ်စက ဒီဗောဒ္ဓိုင်တရားတွေ ပွားခဲ့တယ်။ ဒီဗောဒ္ဓိုင်တရားတွေကြောင့် ဒို့ အဲရဟန္တာတွေဖြစ်ခဲ့ကြတယ်လို့ တွေးမိပြီးတော့ နှစ်သက်ရွှင်လန်း ဝမ်းမြောက် စိတ်အေးချမ်းသွားတယ်။ စိတ်အေးချမ်းသွားတော့ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တွေ ငြိမ်းသွားတယ်။

အားလုံးငြိမ်းသွားတဲ့အခါကျတော့ ရောဂါတွေ ပျောက်သွားတယ်။ မထေရ်ကြီး နှစ်ပါးဖြစ်ပွားတဲ့ ရောဂါတွေ ပျောက်ခဲ့တဲ့ ထုံး တစ်ခုရှိတယ်။ ဒါတင်မက တစ်ခါတုန်းက ဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တော်တိုင် ရောဂါဖြစ်တယ်။ စုန္ဒမထေရ် ရှင်သာရိပုတ္တရာရဲ့ ညီစုန္ဒမထေရ်ကို ဗောဒ္ဓိုင်ခုနစ်ပါးရဲ့ တရားပဲ ရွတ်ပွားစေခိုင်းတယ်။ ရွတ်ပွားဖို့ ဒါကြောင့် ဗောဒ္ဓိုင်သုတ်ဆိုတာ ဗောဒ္ဓိုင်တရားတော်၊ ဗောဒ္ဓိုင်တရားတော်ဆိုတာ ဘုရားရှင်ကိုယ်တော်မြတ်နဲ့ ရှင်မဟာမောဂ္ဂလ္လာန်၊ ရှင်မဟာကဿပဆိုတဲ့ မထေရ်ကြီး သုံးပါး၊ အေး ရောဂါပျောက်ခဲ့တယ်။ ကရားထူးရရုံမက ရောဂါဖြစ်တဲ့အခါလည်း ရောဂါပျောက်တဲ့သုတ်ကြီး အဲဒီသုတ်ကြီးကို ဘုရားရှင်ကိုယ်တော်မြတ်ထံမှ နာရလို့ ရှင်မဟာမောဂ္ဂလ္လာန်၊ ရှင်မဟာကဿပ၊ ကိုယ်တော်မြတ်ကြီးတွေ ရောဂါပျောက်ကြရတယ်။ ရှင်စုန္ဒမထေရ်လျှောက်လို့ ဘုရားရှင်ကိုယ်တော်မြတ်က ရောဂါပျောက်ရတယ်။

ဒါ သစ္စာအမှန်တရားပဲ၊ အမှန်စကား ဆိုရသောကြောင့် "အေး" ဒကာကြီး ဒကာမကြီးတို့ရဲ့ ရောဂါဝေဒနာတွေ တစ်စတစ်စ လျော့ပါးလျော့ပါး ဘေးကင်းကွာပြီးတော့ ပျောက်ကင်းကြပါစေ။ ဒီတော့ အရေးကြီးတာက၊ ဘုန်းကြီးတို့ ဘာအရေးကြီးလဲဆိုတော့ "အေး" မိမိတို့စိတ်တွေ ချမ်းသာအောင် ထူထောင်နိုင်ဖို့ အရေးကြီးတယ်။ အဲစိတ်ကို မြင့်ပေးရမယ်။ အေး စိတ်ကို တည်ငြိမ်အောင် ကြိုးစားပေးရမယ်၊ စိတ်ကို ကြည်လင်အောင် ကြိုးစားပေးရမယ်။

အေး အဲဒီလို စိတ်ကြည်လင်ပြီဆိုရင် ရောဂါတွေ ဝေဒနာတွေဆိုတာ တဖြည်းဖြည်း သက်သာလာနိုင်တယ်။ တဖြည်းဖြည်း ပပျောက်နိုင်တယ်။ အဲ ဒါကြောင့် ပျောက်တာ မပျောက်တာ အပထား။ ဒီရောဂါတွေ နှလုံး မသွင်းဘဲ တရားတွေကို ဖိဖိပြီး နှလုံးသွင်းဖို့ အရေးကြီးတယ်။ မိမိတို့မှာ တရားတွေက ရှိပြီးသား၊ မိမိတို့က အသိ အမှတ်မပြုလို့ ခန္ဓာကိုယ်မှာ မိမိတို့ကို ဖိတ်ခေါ်နေတယ်။ လာခဲ့ ရှုလဲ့ ရှုလဲ့ ရှုလို့ရှိရင် သမာဓိရမယ်။ သမာဓိရရင် ပညာတွေ ဘာတွေ ရလိမ့်မယ်။ သမာဓိတက်ရင် ပညာတက်ပြီး နှစ်သက်လိမ့်မယ်။ ရွှင်လန်းလိမ့်မယ်။ ဝမ်းသာလိမ့်မယ်။ ပေါ်လာတာကို ရှုလှည့်လို့ အနာပါနက ဖိတ်ခေါ်လိမ့်မယ်။ မိမိတို့မှာ ထွက်သက် ဝင်သက်ဆိုတာ မွေးကတည်းက ဖြစ်လာတာ တစ်သက်လုံး ရှုလာတာ။ အဲဒီထွက်သက် ဝင်သက်ကို စွဲသထက်စွဲအောင် မြဲသထက်မြဲအောင် ကြိုးစားရင်း "အင်း" တော်တော့ ရောဂါက မပျောက်တောင်မှ တော်တော်သက်သာတယ်။ ပျောက်လည်း ပျောက်

သွားနိုင်တယ်။ ထို့အတူ ခန္ဓာကိုယ် မရှုနိုင်တဲ့ အရာရယ် လို့ မရှိဘူး။ မြင်ဆဲခဏမှာ ရှုစရာတွေက အများကြီး။ ကြားဆဲခဏမှာ အသံတွေ ကိုယ့်နားသောတက သတိလေး ကို ရှုနိုင်တယ်။ အဲ အသံကို ရှုနိုင်တယ်။ နားနဲ့ အသံတိုက် တဲ့ တွေ့မြင်တဲ့စိတ်ကို ရှုနိုင်တယ်။ အဲ အနဲ့အသက်ရတဲ့ အခါလည်း ရှုနိုင်တယ်။ အေး စားတဲ့သောက်တဲ့အခါမှာ လည်း အရသာကို ရှုနိုင်တယ်။ ဇဝါပသာဒကို ရှုနိုင်တယ်။ အဲ ရှုနိုင်တာက ရှုတယ်ဆိုတာ သိနေတာပဲ၊ အဲ လျှာက အလုပ်လုပ်နေဖို့ ဇဝါဝိညာဉ်လေးက သိနေဖို့၊ အေး အဲဒါ တွေကို သိနေရမှာပဲ။

အဲဒီလို သိနေလို့ အသိစွဲသွားပြီ မြဲသွားပြီဆိုရင် သမာဓိရတယ်။ သမာဓိရရင်တော့ ရောဂါသက်သာသွားနိုင် တယ်။ အေး ကာယပသာဒဆိုတာကတော့ ပြောစရာမရှိ ဘူး။ တစ်ကိုယ်လုံး ဟိုဟာနဲ့ထိ ဒီဟာနဲ့ထိ ထိလာတိုင်း သိစရာတွေ အများကြီး။ အေး သိစရာတွေ ရှုနေမှတ်နေမယ် ဆိုရင် သမာဓိရလေ ရောဂါသက်သာလေပဲ။

ဒါကြောင့်မို့ အဲဒီတရားတွေကို ရှုဖို့ ဘုရားရှင် ကိုယ်တော်မြတ်ကလည်း ပဋ္ဌကတ်သုံးပုံမှာ ဟောထားတာ တွေ အများကြီးပဲ။ အဲဒီ ပဋ္ဌကတ်သုံးပုံမှာ ဟောထားတဲ့ တရားတွေက အဲဒီလို ကိုယ့်ခန္ဓာမှာ ရှိတဲ့တရားတွေကို ဟောထားတာပဲ။ ဒီတရားတွေ ဟောထားတာ အလကား ဟောထားတာ မဟုတ်ဘူး။

ဒီတရားတွေကို ရှုပြီးတော့ ပစ္စက္ခအကျိုး တမလွန် အကျိုး ဒီဘဝ မဂ်ဖိုလ်နဲ့ နိဗ္ဗာန်ရအောင် ဆောင်ရွက်ကြဖို့ ဆိုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်က ဟောထားခြင်း ဖြစ်တယ်။ ဒါကြောင့် အားလုံးတရားတွေက မိမိတို့ချည်းပဲ။ မိမိတို့မှာရှိတဲ့ တရားတွေချည်းပဲ။ အေး မဂ်ဖိုလ်နိဗ္ဗာန် မရသေးရင် မဂ်ဖိုလ်နိဗ္ဗာန်မှ လွဲရင် စွာန်မရသေးရင် စွာန် ဆိုင်ရာ တရားကလွဲရင် ဒီပြင်တရားတွေက မိမိမှာရှိ နေ တာချည်းပဲ။ ရှိနေတဲ့ တရားတွေ ရှုနိုင်တာချည်းပဲ။ ရှုချင်ရင် နေရာမရွေး၊ အချိန်မရွေး၊ ခန္ဓာကိုယ်မှာ ပြနေတာ ချည်းပဲ၊ သွားတဲ့အခါလဲပြ၊ နေတဲ့အခါလဲပြ၊ အိပ်တဲ့အခါလဲပြ။ ဒါ ကြောင့်မို့ ခန္ဓာကိုယ်မှာ တရားတွေ အများကြီးပဲ။ အဲဒီ တရားတွေကို ပေါ်တိုင်းပေါ်တိုင်း ရှု ရှုပြီးတော့ ကိုယ့်ရောဂါ သက်သာအောင်ကာကွယ်။ ကိုယ်ဆင်းရဲဒုက္ခ သက်သာ အောင် ကာကွယ်ပြီးတော့ ချမ်းသာသုခရအောင် ကြိုးစားခြင်း ဖြင့် ဘုရား တရားတော်တွေကို အလေးအမြတ် ပြုပြီးတော့ လိုက်နာပြီးတော့ ရှုနိုင်မှတ်နိုင်ခြင်းဖြင့် ရောဂါသက်သာ အောင် ချမ်းသာအောင် ကျန်းမာအောင် ကြိုးစား အား ထုတ်နိုင်ကြပါစေသတည်း။

ရေစက်ချ အမျှဝေ

(သာဓု သာဓု သာဓု)

သပြေကန်ထေရရာပြည့် ဂုဏာပူဇာ စာစောင်

ဦးကျော်ခင်၏(သုံးခွ)၏ အသုဘတွင် သပြေကန်ဆရာတော်ကြီး ဟောကြားတော်မူသော တရားတော်

ကုသိုလ်ကောင်းမှုတရားမှ တစ်ပါး

အရှင်ဝါသေဋ္ဌာဘိဝံသ

ဤဒုံ ပုည် နမောဒိတ္တာ၊ ဦးကျော်ခင်တိ ဥပါသကော၊ မဟာသုခံ အနုဘောတု၊ သမ္မတ္တိဟိ သမင်္ဂီကော။

ဦးကျော်ခင်တိ ဥပါသကော- ဦးကျော်ခင်အမည်ရှိသော ဒကာကြီးသည်၊ ဤဒုံပုည်- ယနေ့ မိမိတို့ ပြုရတဲ့ ကုသိုလ်ကောင်းမှုကို၊ အနုမော ဒိတ္တာ- ဖြစ်ရာဘဝက အားရဝမ်းသာ သာဓု အနုမောဒနာ ပြုနိုင်သည်ဖြစ်၍၊သမ္မတ္တိဟိ- လူစည်းစိမ်၊ နတ်စည်းစိမ်၊ လူဘဝ နတ်ဘဝအလိုက် လူစည်းစိမ် နတ်စည်းစိမ် စည်းစိမ်ချမ်းသာအမျိုးမျိုးကို၊ အမျိုးမျိုးတို့နှင့်၊ သမင်္ဂီကော- လုံးဝဥဿုံ ပြည့်စုံသည် ဖြစ်၍၊ မဟာသုခံ- ကြီးကျယ်လှစွာသော ချမ်းသာသုခကို၊ အနုဘောတု- ဖြစ်ရာဘဝ၌ ရရှိဝမ်းသာခံစားရပါစေသတည်း။

ယနေ့ ဘုန်းကြီးတို့ ဒကာဒကာမတွေ မိတ်ဆွေတွေ ရဲ့ ဝတ္တရားအရ ကွယ်လွန်ခဲ့တဲ့ ဒကာကြီးကို ချမ်းသာသုခ ဖြစ်ရာဘဝ၌ တိုးတက်ခံစားရပါစေဟူသော ကောင်းမြတ်သော သမ္မာဆန္ဒထားကြကုန်၍ ကုသိုလ်ကောင်းမှု ပြုကြတယ်။ ဝတ္တရားအရ လောကမှာ မိဘနဲ့သားသမီး၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးဉာတိ မိတ်ဆွေသင်္ဂဟ စသည်ဖြင့် အသီးသီး အချင်းချင်း ကူညီရမယ့် တာဝန်ဝတ္တရား ရှိကြတယ်။ ယခုလည်းပဲ မိတ်ဆွေဝတ္တရား မပျက်ရအောင် ဆောင်ရွက်တဲ့ အနေနဲ့ ကွယ်လွန်တဲ့ဒကာကြီးကို ကောင်းကျိုးပြု ကြတယ်။ ကောင်းမှုကုသိုလ်တွေ ပြုကြတယ်။တို့ပြုတဲ့ ဒီကုသိုလ်တွေ ဒကာကြီးအား ရရှိသည် ဖြစ်၍ ဖြစ်ရာဘဝ၌ ချမ်းသာသုခတွေ တိုးတက် ခံစားရပါစေဆိုတဲ့ ကောင်းမြတ် တဲ့သမ္မာဆန္ဒနဲ့ ဒီနေ့ ကုသိုလ်တွေ ပြုကြတယ်။ ဒကာကြီးကတော့ ရမယ်, မရဘူးဆိုတာ အတည် မပြောနိုင်ဘူး။ ရနိုင်တဲ့ဘဝလေး ဖြစ်နေရင်တော့ ရမှာပဲ။ မရနိုင်တဲ့ဘဝလေးမှာ ဖြစ်နေရင်တော့ ရမှာတော့မဟုတ်ဘူး။ နတ်ပြည် ဖြစ်နေမယ်ဆိုရင်လဲ ရုတ်တရက်လူဘဝက ပြုကြတဲ့ ကုသိုလ်တွေ ခံစားတက်မှ ခံစားရမယ်။ သိချင်မှ သိမယ်။ သာဓုပြုဖို့ အခွင့်သာချင်မှသာမယ်။ လူဘုံရောက်ရင်တော့လဲ ပြောစရာ မရှိဘူး။ မသိမှာကတော့ အမှန်ပဲ။ အခုမှ အမှေဝမ်းထဲ ရောက်နေမှာဖြစ်တော့ ဒီကုသိုလ်တွေ သာဓုအနုမောဒနာ ပြုဖို့ဆိုတာ သူအခွင့်သာမှာမဟုတ်ဘူး။

ဒီပြင် ကံအားလျော်စွာ ဖြစ်တော့ ဖြစ်ဖို့ မရှိပါဘူး။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတွေဆိုတာကတော့ သရဏဂုံသုံးပါး တည်နေကြတယ်။ ငါးပါးသီလ မြဲနေကြတယ်။ အဲဒီတော့ ကုသိုလ်ကောင်းမှုတွေလဲ ပြုနေကြတာပဲ။ အဲဒီကုသိုလ်ကောင်းမှုတွေ အကြောင်းပြုပြီးတော့ တွေးရရင်တော့ ဒီလို

ဘုံဘဝတွေ၊ မကောင်းတဲ့ဘုံဘဝတွေ ဖြစ်မှာမဟုတ်ပါဘူးလို့ တွေးထင်ရတယ်။ သို့သော်လည်းပဲ လူဆိုတာက ပြောလို့ တော့်မဖြစ်သေးဘူး။ အကြင်မျှလောက် မဂ်ဖိုလ်မရသေး၊ ထိုမျှလောက် ပုထုဇဉ်ဘဝဆိုတာကတော့ စိတ်မချရဘူး။ မမျော်လင့်ဘဲနဲ့ မကောင်းတဲ့ဘဝရောက်ချင်လဲ ရောက်တယ်။ မကောင်းတဲ့ဘဝ ရောက်လိမ့်မယ်လို့ ထင်ရလောက်တဲ့ပုဂ္ဂိုလ် ကောင်းတဲ့ဘဝ ရောက်သွားရင်လဲ ရောက်သွားတာပဲ။

ဒါကြောင့် အတည်တကျ ပြောလို့တော့်မဖြစ်ဘူး။ အကြင်မျှလောက် အရိယာအဖြစ်သို့ မရောက်သေး၊ အကြင်မျှလောက် ကာလပတ်လုံး သတိဆိုတာ မြဲတာမဟုတ်ဘူး။ ဘယ်အသက်အရွယ်မှာ ဘယ်ရောဂါနဲ့ ဘယ်အခါကာလ ထားဖို့ အရေးကြီးတယ်။ မရဏာသန္နဿော အခိုက်မှာဆိုရင် ပိုပြီး အရေးကြီးတယ်။ အဲဒီအခါ အချက်အချာပဲ။ အရေးထားကြရတယ်။ သတိကို ပြောင်းပေးရတယ်။ ကောင်းရာဘဝရောက်မယ်ဆိုရင်လည်း အဲဒီပုဂ္ဂိုလ် ဒီအခါမှာ ကောင်းတဲ့နိမိတ်တွေ ထင်မှာဘဲ။ မကောင်းတဲ့ဘဝ ရောက်မယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေအတွက်လည်း မကောင်းတဲ့နိမိတ်တွေ ထင်တာပဲ။ အဲဒီတော့ ဒီအခိုက်လေးဟာ အင်မတန်အရေးကြီးတယ်။

အဲဒီအခိုက်မှာ ကောင်းဖို့ဆိုတာ သေခါနီးမှာ အပြုအပြင်လိုတယ်။ မိမိက တရားတွေ များများအားထုတ်ထားရင် အဲဒီအခါမှာ မိမိမှာ မိတ်ဆွေကောင်း ရှိတယ်။ မိတ်ဆွေကောင်း ရှိနေတယ်၊ ကြောက်စရာ မရှိဘူး။

သေခါနီးမှာ အရေးကြီးတယ်။
မိမိတို့မှာ တရားဟာ အရေးကြီးတယ်။

ဘယ်ဒေသ၌ သေရမည်ဆိုတာ တို့သူငါ မှန်စွာမသိပါတကား ဆိုတဲ့အတိုင်း ဒါတွေဟာ သိနိုင်တဲ့ အရာတွေ မဟုတ်တော့ ဂတိဆိုတာမျိုးက မသိနိုင်ဘူး။ ဘယ်ဘဝရောက်နေတယ်ဆိုတာ- သို့သော်လည်း မိမိတို့တာဝန်ရှိတဲ့ အလျောက် တာဝန်အရ မကောင်းတဲ့ဘဝများ ရောက်နေရင် ကောင်းရာဘဝရောက်ပါစေ၊ ချမ်းသာသုခတွေ ခံစားရပါစေ ဆိုတဲ့ ဒီလို ကောင်းမြတ်တဲ့ သမ္မာဆန္ဒနဲ့ မိမိတို့လှူကြရမယ့် ဝတ္ထုရားရှိတဲ့အတိုင်း အဲဒီတော့ ကွယ်လွန်တဲ့ဒကာကြီး အကြောင်းပြုပြီး မိမိတို့လုပ်ရမှာက-ဒကာကြီးတော့ စုတေသွားပြီ။ ကွန်လွန်သွားပြီ။ တို့တစ်တွေလည်း တစ်နေ့ကျရင် ဒီလမ်း လိုက်ကြရမယ်။ ဘာအရေးကြီးတုန်း- ဘာအရေးကြီးလဲ ဆိုတော့ တရားပဲ။ တရားဟာ အရေးကြီးတာပဲ။ မိမိတို့ ဒီလမ်းလိုက်ရမှာ။ လိုက်ရတဲ့အခါ သတိကောင်းကောင်းနဲ့ ချမ်းချမ်းသာသာလေးနဲ့ လိုက်သွားရအောင်။

တရားဟာ အရေးကြီးတယ်။ တရားရှိဖို့ အရေးကြီးတယ်။ တရားပွားဖို့ အရေးကြီးတယ်။ တရားလက်ကိုင် အေးအေးချမ်းချမ်းနဲ့ သေသွားရတယ်။ အဲသလို မရှိဘူးဆိုရင် တော်ကြာ သေခါနီးကျမှ မကောင်းတဲ့နိမိတ်တွေ ဘာတွေ ထင်ပြီးတော့ ဆင်းရဲကြရတယ်။ ဒီဘဝလည်း ဆင်းရဲရတယ်။ သေခါနီး- နောက်ဘဝလည်း မချမ်းသာဘူး။ ဒါကြောင့် သေခါနီးမှာ အရေးကြီးတယ်။

မိမိတို့မှာ တရားဟာ အရေးကြီးတယ်။ ကောသလမင်းကြီးဟာ တစ်ခါတုန်းက ဘုရားရှင်ကိုယ်တော်မြတ်ဆီ ရောက်လာတယ်။ ရောက်လာတာက နေ့လယ်ကြီး၊ ဘုရားရှင်ကိုယ်တော်မြတ်ကတော့ သိတယ်။ ဒီကောသလမင်းကြီးဟာ သူ့ကိုဒုက္ခပေးမယ့် သူပုန်တွေကိုသတ်ပြီးတော့ ကားစင်တင်ပြီးတော့၊ စီမံပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ထံ ရောက်လာတယ်ဆိုတာ ဘုရားရှင်ကသိတယ်။ သိပေမဲ့ တိုက်ရိုက်ပြောရင် မင်းကြီးစိတ်မကောင်း ဖြစ်သွားမယ်၊ မျက်နှာပျက်သွားမယ်ဆိုပြီးတော့ တိုက်ရိုက်တော့ အမိန့်မရှိဘူး။ ပရိယာယ်နဲ့ ဘုရားရှင်ကိုယ်တော်မြတ်က အမိန့်ရှိတယ်။ မင်းကြီး- မင်းကြီးကို အရှေ့အရပ်က လူယုံ

တစ်ယောက်က လာပြီးတော့ ပြောမယ်။ အသင်မင်းကြီး-အရှေ့အရပ်မှာ တောင်ကြီးတစ်လုံးဟာ သတ္တဝါတွေ ကြိတ်ချေပြီးတော့ အရှိန်အဟုန်နဲ့ လာနေတာ အင်မတန် ကြောက်စရာကောင်းပါတယ်။ အဲဒီတော့ အသင်မင်းကြီး ပြုသင့်ပြုထိုက်တာတွေ လုပ်ရမယ့်အလုပ်တွေ လုပ်ထားပါလို့ ပြောမယ်။

အဲသလိုပဲ-တောင်အရပ်က တစ်ယောက်၊အနောက်အရပ်က တစ်ယောက်၊ မြောက်အရပ်က တစ်ယောက်၊ လူယုံတော်တွေ၊ မင်းကြီးရဲ့ လူယုံတော်တွေ လာပြီးတော့ မင်းကြီးကို ပြောမယ်။ အရှင်မင်းကြီး- ဟိုးမြောက်အရပ်ကတော့ တောင်ကြီး-တောင်ကြီး သတ္တဝါတွေကို ကြိတ်ချေပြီးတော့ လာနေပါတယ်။ ဘယ်သတ္တဝါမှ မလွတ်ဘူး။ အကုန်လုံး ကြိတ်ချေပြီးတော့ လာနေတယ်။ ဒီတော့ အရှင်မင်းကြီး ပြုသင့်ပြုထိုက်တဲ့ အရာတွေကို ပြုပါလို့ ပြောလာမယ်။

အဲသလို တောင်ကြီးဟာ အရပ်လေးမျက်နှာက နေပြီး လိမ့်လာတော့ သတ္တဝါတွေ ကြိတ်ချေနင်းသတ်ပြီးတော့- လိမ့်လာတဲ့အခါမှာ အဲဒီလိုယုံကြည်လောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ကပြောရင် မင်းကြီးဘာလုပ်မတုန်းလို့ ဆိုတော့- မြတ်စွာဘုရား- အဲဒီလို ဘေးကြီးကြုံလာမယ်ဆိုရင် တပည့်တော် ဘာလုပ်စရာရှိမလဲဘုရား- တရားကျင့်ဖို့သာ ရှိတော့မှာပေါ့၊ အဲဒီလိုကြီး ကျယ်လှစွာသောဘေးကြီးတွေ အရပ်လေးမျက်နှာက လာမယ်ဆိုရင် "တပည့်တော် ဘာလုပ်စရာရှိမတုန်း- တရားသာကျင့်ဖို့ပဲ ရှိတော့တာပေါ့ ဘုရား" လို့ လျှောက်ထားတယ်။ "အေး မင်းကြီး- မင်းကြီးမှာ ဇရာဆိုတဲ့ အိုခြင်းတရား၊ မရဏာဆိုတဲ့ သေခြင်းတရား၊ အဲဒီတရားတွေ လွှမ်းမိုးနေတယ်။ အဲသလို လွှမ်းမိုးနေတော့ကာ၊ ကဲ မင်းကြီး ဘာလုပ်မတုန်း" မေးတော့ "မှန်ပါ- တပည့်တော် ဇရာဆိုတဲ့တရား လွှမ်းမိုး ခံရ၊ မရဏာတရား လွှမ်းမိုးခံရမယ်ဆိုရင် တရားကိုကျင့်ခြင်းမှတပါး တပည့်တော် ဘာလုပ်စရာရှိမတုန်း ဘုရား" လို့ လျှောက်ထားတယ် -တဲ့။

အဲဒီတော့မှ ဘုရားရှင်ကိုယ်တော်မြတ်က မိမိတို့ကို အိုခြင်း၊ သေခြင်းတည်းဟူသော တရားတွေက လွှမ်းမိုးနေတယ်။ အဲဒီတရားတွေ လွှမ်းမိုးလာပြီဆိုရင်လည်းပဲ ဆင်တပ်ကြီးတွေနဲ့လည်း တိုက်လို့မရဘူး။ မြင်းတပ်ကြီးတွေနဲ့လည်း တိုက်လို့မရဘူး။ ခြေလျင်တပ်ကြီးတွေနဲ့လည်း တိုက်လို့မရဘူး။ မိမိအားထုတ်ဖို့ရာ ကုသိုလ်တရားသာ ရှိတဲ့အကြောင်း၊ ကုသိုလ်ကောင်းမှု တရားတွေသာ ဖြစ်တဲ့အကြောင်း၊ အားထုတ်ဖို့ရှိတဲ့အကြောင်း မိန့်ကြားတော်မူခဲ့တယ်။

ဒါကြောင့် လောကမှာ လူဘဝမှာ နောက်ဆုံးဘေးကြီးတစ်ခုတော့ ကြုံရမယ်။ ကြီးလာပြီဆိုရင် ဇရာဘေးက ကြုံရမယ်။ ဇရာကြုံလာရင် ဗျာဓိဆိုတာလည်း ပေါ်လာတယ်။ ဗျာဓိပေါ်လာရင် မရဏာဆိုတာ မလွဲတမ်းဘဲ၊ ဒီဘေးကြီးတွေက ကြုံရမှာပဲ။ အဲဒီဘေးကြီးတွေကြုံရင် ခုနကောသလမင်းကြီး လျှောက်သလိုပဲ- တပည့်တော် ဒီဘေးကြီးတွေကြုံရင်ဘုရား- တပည့်တော် တရားမှတပါး၊ ကုသိုလ်မှတပါး၊ တပည့်တော် ဘာသွားပြီးတော့ ပြုဖို့ ကျင့်ဖို့ ရှိမှာတုန်းဘုရား၊ တရားသာကျင့်ဖို့ ရှိတော့မှာပေါ့လို့ လျှောက်ထားတဲ့အတိုင်းပဲ။ ဘုန်းကြီးတို့အားလုံး ငယ်သူလည်း ငယ်သူအလျောက်၊ ကြီးသူလည်း ကြီးသူအလျောက် ဒီဘေးကြီးက မကြုံနိုင်ဘူး မရှိဘူး။ အကြောင်းအားလျော် စွာကြုံကြရမှာပဲ။ ကြုံတဲ့အခါမှာ ကိုယ်ကပြင်ပြီး ဆင်ပြီးသားဖြစ်ဖို့ အရေးကြီးတယ်လို့ ကွယ်လွန်တဲ့ ဒကာကြီးအဖြစ် ဆင်ခြင်ပြီးတော့ မိမိတို့ ကိုယ်ကို အားကိုးရာမရှိအောင် ကြိုးစားဖို့ အရေးကြီးတယ်။

ဒါကြောင့် ကွယ်လွန်တဲ့ ဒကာကြီးအကြောင်းပြုပြီး လှူဒါန်းတဲ့ ဤနေ့ ဤအခါသမယ၌ တို့တစ်တွေဟာ တရားကိုကျင့်ဖို့၊ ကုသိုလ်ကိုကျင့်ဖို့ဟာ အင်မတန် အရေးကြီးပါလားလို့ဆိုပြီးတော့ သတိသမ္မဇဉ်တရား ထပ်ဖြစ်ပွားပြီး တရားတွေပွားအောင်၊ တရားတွေတိုးအောင်၊ တရားတွေများအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

ဦးကျော်ခင်မြင့်၊ ဒေါ်ခင်ခင်စိန် မိသားစုတို့၏ အိမ်မဲမြို့ အောင်သိပ္ပံစာသင်တိုက်

ပစ္စည်းလေးပါး ဒါယကာခံယူပွဲ၌

အဂ္ဂမဟာပဏ္ဍိတသပြေကန်ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

နိဂ်ံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မိုးကုတ်ဆွမ်းစားဆောင် (၁-၁၀-၁၉၇၉) တနင်္ဂနွေနေ့

သာသနာတော်ကို ချီးမြှင့်နိုင်ကြစေ

အရှင်ဝါသေဋ္ဌာဘိဝံသ

ယနေ့ အစ်မကြီး ဒေါ်အုန်းကြည်၊ ဦးကျော်ခင်မြင့် + ဒေါ်ခင်ခင်စိန်နဲ့သားများက မိဘများဖြစ်ကြတဲ့ ဦးပြား+ ဒေါ်ဒေါ်သိန်းတို့ရဲ့ သာသနာပြုခဲ့တဲ့ လက်စလေးတွေ၊အပြီး မသတ်တဲ့ လက်စလေးတွေ အပြီးသတ်ဖို့ ကျောင်းအလှူတော်အတွက် ပူဇော်လှူဒါန်းတဲ့ အလှူဒါန ပြုကြ၊ အဲဒီ တိုက်ကြီးမှာ သာသနာပြုနေတဲ့ ဒကာကြီးတို့ ကိုးကွယ်ရာ အောင်သိပ္ပံဆိုတဲ့ အိမ်မဲကျောင်းတိုက်ကြီးမှာ သာသနာပြုနေတဲ့ ဆရာတော်၊ ရန်ကုန်မြို့၊ နိဂ်ံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဝိနယမဟာဌာန နာယက (ပါမောက္ခ) ဦးအာဘာယာလင်္ကာရ၏ ပစ္စည်းလေးပါး၊ ဒကာခံယူပူဇော်ပွဲ။ အဲဒီပွဲကြီး ဆင်ယင်ကျင်းပတဲ့ အခါသမယမှာ ဘုန်းကြီးကို ဩဝါဒပေးပါဆိုတော့ အထိုက်အလျောက်တော့ ပေးရ ဦးမှာပေါ့လေ။

ခုန ဒကာကြီး ဓမ္မဃောသကဦးမောင်မောင်လျှောက်ထားသွားတာလဲ အင်မတန်ကောင်းပါတယ်။ တကယ်တော့ လူရယ်လို့ဖြစ်လာရင် လူဆိုတာဟာ ကိုယ့်ကျိုးချည်းပဲ ကြည့်ရတာမဟုတ်ဘူး၊ အမှန်ကတော့ အများအကျိုးလဲ ကြည့်ရတယ်။ အနာထပိဏ်သူဌေးကြီးက ငါးဆယ့်လေးကုဋေငွေတွေ အကုန်ခံပြီးတော့ ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ပြီးတော့ တစ်သက်လုံး ဘုရားအမှုဂိုဏ်သော သံဃာတော်တွေ ချမ်းချမ်းသာသာ သာသနာပြုနိုင်အောင်ဆိုပြီးတော့ ဘာမှ မလိုရာဘူး။ အိမ်မှာဆိုရင် တစ်နေ့ သံဃာ နှစ်ထောင်လောက် ဆွမ်းဆက်ကပ်တယ်။ ကျောင်းသွားပြန်ရင်လဲ ဘာမှလိုလေသေးမရှိဘူး။ မနက်,မနက် အလိုက်၊ နေ့လယ်,နေ့လယ် အလိုက်၊ ညနေ,ညနေ အလိုက် ဆိုသလို အလှူအတန်းကတော့ ပါသွားတာပဲ။ အဲသလို သာသနာကို စောင့်ရှောက်ခဲ့တဲ့ ဒကာကြီး၊ ယနေ့ထိဒကာကြီးရဲ့ နာမည်ဟာ မပျောက်ဘူး။ ဒကာကြီးနဲ့ ဂုဏ်သတင်းဟာ ပြန့်လျက်ပဲ သာသနာတော်တည်သမျှ အနာထပိဏ်ဆိုတဲ့ သူဌေးကြီးရဲ့ ဂုဏ်သတင်းဟာ ပျောက်မှာ မဟုတ်ဘူး။ ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေဘူး။ ဒါတွေဟာ မိမိပြုခဲ့တဲ့ တကယ့်စေတနာ၊ မိမိပြုခဲ့တဲ့ တကယ့်ကောင်းမှုတွေ၊ အဲဒီကောင်းမှုတွေ အကြောင်းပြုပြီးတော့ ရခဲ့တဲ့ ဂုဏ်သတင်းတွေ အရှိန်အဝါတွေ။

သရီရဿ ဂုဏာနဉ္စ
ဒူရ မစ္ဆန္တိ မန္တိရံ။
သရီရံ် ခဏ ဝိဒ္ဒံသီ၊
ဂုဏာ ကပ္ပန္တိ ဌာယိနော။

(ဟိတောပဒေသ၊ မိတ္တလာဘ၊ ဂါထာ -၉၇)

သရီရဿ = ခန္ဓာကိုယ်ကြီး၏ လည်းကောင်း၊ **ဂုဏာနဉ္စ** = ဂုဏ်တရားတွေ၏လည်းကောင်း၊ **အန္တိရံ**= ကွဲပြားခြားနားချက်သည်။ **အစ္ဆန္တိ** = စင်စစ်၊ **ဒူရံ**= အလှမ်းဝေးကွာလှပါပေ၏၊ **သရီရံ** = ခန္ဓာကိုယ်ကြီးသည်၊ **ခဏဝိဒ္ဒံသီ** = တခဏမျှဖြင့် ပျက်စီးတတ်သောသဘော ရှိပါပေ၏။ **ဂုဏာ** = ဂုဏ်တို့သည်၊ **ကပ္ပန္တိဌာယိနော**= ကမ္ဘာဆုံးသည်ထိအောင် တည်တံ့သော သဘောရှိကြပါကုန်၏ လို့ နီတိဆရာများ ဆိုတဲ့အတိုင်းပဲ။

ခန္ဓာကြီးဟာ ပျက်စီးတတ်တယ်၊ အဲဒီခန္ဓာကိုယ်ကြီးနဲ့ ရင်းပြီးတော့ မိမိတို့ စည်းစိမ်ဥစ္စာ ရတနာတွေနဲ့ ရင်းနှီးပြီးတော့ ရလာတဲ့ ဂုဏ်တွေ၊ တန်ခိုး၊ အရှိန်အဝါတွေကတော့ မပျက်ဘူး၊ ကမ္ဘာကျေသော်လဲ ဥဒါန်းကကျေဘူး။ ကမ္ဘာဆုံးသည်တိုင်အောင် တည်တံ့သော သဘောရှိတယ်ဆိုတဲ့အတိုင်းပါပဲ။

သူဖို့လဲထားကြတယ်။ ငါချမ်းသာဖို့တင် မဟုတ်ဘူး။ သတ္တဝါတွေ ချမ်းသာဖို့ဆိုတဲ့ သဘောလဲထားကြတယ်။ မိမိ ဒီတရားတွေ သိရမြင်ရ၊ အဲဒီတရားတွေပြန့်ပွားအောင် ဆိုပြီးတော့ သာသနာတော်ရဲ့အကျိုးကို တစ်ဖက်က အလေးထား ဆောင်ရွက်တယ်။ အဲဒီတော့ မွန်မြတ်တဲ့ အဋ္ဌာသယရှိတဲ့ပုဂ္ဂိုလ်၊ မွန်မြတ်တဲ့ဓာတ်ခံရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ငါကျော်ဇောဖို့ဆိုတဲ့ အရာများ စိတ်က မထားဘူး၊ တရားကို အလေးပေးတယ်။ လောကကို အရေးမပေးဘူး။ အဲဒါကြောင့် အနာထပိဏ်သူဌေးကြီးဟာ မိမိတစ်ဖို့ထဲ မိမိ ချမ်းသာဖို့တင် ရည်ရွယ်ချက် တောင့်တချက် မထားဘဲ သတ္တဝါတွေ ချမ်းသာဖို့ဆိုတဲ့ ရည်ရွယ်ချက်က စောစောထဲက ရှိခဲ့တယ်။ ဒါကြောင့်မို့လို့ ကိုးကွယ်ရာမဲ့ကြတဲ့ သူဆင်းရဲတွေ၊ ဆောက်တည်ရာမရှိတဲ့ ပုဂ္ဂိုလ်တွေ ချမ်းသာဖို့ဆိုပြီးတော့ အစားအစာ အာဟာရတွေကို လှူဒါန်းတတ် သောကြောင့် စွန့်ကြဲတတ်သောကြောင့်-

အနာထာနံ= ကိုးကွယ်ရာမဲ့သော ပုဂ္ဂိုလ်တို့ကို။ **ဝိဏ္ဍံ**= ထမင်းအစာကို၊ **ဒဒါတိ**= ပေးတတ်၏၊ **ဣတိ**= ထို့ကြောင့်၊ **အနာထပိဏ္ဍိက**= အနာထပိဏ်မည်၏ ဆိုတဲ့အတိုင်းပဲ။

သူဆင်းရဲတွေ၊ ဆောက်တည်ရာမရှိတဲ့ ပုဂ္ဂိုလ်တွေ
ချမ်းသာ ဖို့ဆိုပြီးတော့ အစားအစာ အာဟာရတွေကို လှူဒါန်းတတ်သောကြောင့်

ဒကာကြီး အနာထပိဏ်(သူဌေးကြီး) ဂုဏ်သတင်းဟာ ယနေ့တိုင်အောင် လူငယ်လေးတွေလာပြီး သိသည်ထိအောင် အင်မတန်ကျော်ကြား၊ အင်မတန် ဂုဏ်သတင်းပျံ့မွှေးနေတယ်၊ ဒါတွေဟာ မိမိပြုခဲ့တဲ့ ကောင်းမှုတွေအတွက်ကြောင့်ရတဲ့ အရှိန်အဝါအာနုဘော် ဂုဏ်အရှိန်တွေပဲ ဒကာကြီးဟာ အတ္တဟိကတစ်ဖို့ထဲ မထားဘဲနဲ့ လောကအတွက် သာသနာအတွက် ဖို့နှစ်ဖို့ ပြီးတော့ ကြိုးစားခဲ့တယ်။

ဥဋ္ဌာရဏ္ဍာသယ မွန်မြတ်တဲ့ အဏ္ဍာသယ၊ မွန်မြတ်တဲ့ ဓာတ်ခံရှိတဲ့ ပုဂ္ဂိုလ်တွေဆိုတာ ငါဖို့တစ်ဖို့ထဲမထားကြဘူး၊ ငယ်မည် သုဒတ္တဆိုတဲ့အမည်မှာ အနာထပိဏ်ဆိုတဲ့ အမည်တစ်မျိုးတိုးလာခဲ့တယ်။ သူဌေးကြီးရဲ့ အနာထပိဏ်ဆိုတဲ့ အမည်က ကိုးကွယ်ရာမဲ့တဲ့ ပုဂ္ဂိုလ်တွေကို အစာရေစာ ဝအောင်ထားပြီးတော့ မပျက်မကွက်အောင် လှူလေ့တန်းလေ့ စွန့်ကြဲလေ့ရှိတယ်။ ဒါကြောင့်မို့လို့ အများရဲ့ ဂုဏ်တင်ချက်အရ ပေါ်လာတဲ့ အမည်တစ်မျိုး အစွဲပြုပြီးတော့ အနာထပိဏ်လို့။ ပါဠိလို အနာထပိဏ္ဍိက ပါဠိသက် ဝေါဟာရအားဖြင့် အနာထပိဏ်လို့ တွင်ခဲ့တယ်နော်။ ယနေ့ထိအောင် သူဌေးကြီးရဲ့ ဂုဏ်သတင်းဟာဖြင့် ကျော်စော

နေတယ်။ အဲဒါ ဘာကြောင့်တုန်းဆိုရင် ခုနပြောခဲ့သလို မွန်မြတ်တဲ့စိတ်ထားရှိတဲ့၊ မွန်မြတ်တဲ့ ဓာတ်ခံရှိတဲ့ သူတော် ကောင်းကြီးမို့လို့ ငါဖို့ဆိုတဲ့ အဖို့လဲ မထားဘူး။ အများ သတ္တဝါချမ်းသာစေလိုတဲ့ ဆန္ဒအားကြီးခဲ့တယ်။ အားကြီးခဲ့တဲ့ အတိုင်း သတ္တဝါတွေ ချမ်းသာဖို့ ဆောင်ရွက်ခဲ့တယ်။ ဒါ့ကြောင့် အနာထပိဏ်ဆိုတဲ့ အမည်တစ်မျိုး တိုးလာပြီး တော့ အဲဒီအမည်က သူဌေးကြီးရဲ့ မွန်မြတ်တဲ့ဓာတ်ခံ၊ ပရဟိတ = သူတစ်ပါး အကျိုးလိုလားတဲ့ စေတနာ၊ ဒါတွေ ကို ဖော်ပြတယ်။ အဲဒီစေတနာ အဲဒီအမည်နဲ့ တွဲပါနေတာ ဖြစ်သောကြောင့် ယနေ့ထိအောင် သူဌေးကြီးရဲ့ ဂုဏ်သတင်း ဟာ ကျော်ဇောခြင်း ဖြစ်တယ်။ နောင်လည်းပဲ ဤသာသနာ မကွယ်သေးသမျှ အနာထပိဏ် ဆိုတဲ့အမည်လည်း ပျောက် မှာ မဟုတ်ဘူး။ သူဌေးကြီးရဲ့ ကောင်းမြတ်တဲ့ အလိုအရှာ သယဓာတ်ခံတွေလဲ အများရဲ့ သန္တာန်မှာ တည်နေလျက်ပဲ ရှိတယ်။ ငါ့ကြောင့် ပုဂ္ဂိုလ်တစ်ယောက်ရဲ့ မှတ်တမ်းတင်ခံ ရတယ်ဆိုတာ မိမိပြုတဲ့ ကုသိုလ်ကောင်းမှုတွေအရ ဂုဏ် တွေရလာ ကြတယ်။ ဒါကြောင့် အရေးကြီးတာက လောကမှာ မြင့်မြတ်တဲ့ အရှာသယ၊ မြင့်မြတ်တဲ့ဓါတ်ခံ၊ မြင့်မြတ်တဲ့ စိတ်ထားရှိဖို့ အရေးကြီးတယ်။ ဒီစိတ်ထားရှိရင် ငါဆိုတဲ့ အစွဲလည်း တော်တော်ပျောက်မယ်။ မိမိရဲ့ ကျော်ဇောမှု လိုလားတဲ့စိတ်၊ မိမိတစ်ဦးတည်း ကြီးပွားလိုတဲ့စိတ်၊ ဒါတွေ ကင်းပြီးတော့ အများသတ္တဝါချမ်းသာစေလိုတဲ့စိတ်၊ မိမိတို့ ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး တည်တဲ့ဖို့ လိုလားတဲ့စိတ် အဲဒီစိတ်တွေကိန်းအောင်းပြီးတော့ အခုလိုပဲ ဒကာ မောင်ကျော်ခင်မြင့်တို့၊ ဒကာမ မခင်ခင်စိန်တို့၊ ဒေါ်အုန်းကြည်တို့ အဲသလို သာသနာတော်ကြီး ချီးမြှင့် နိုင်သော ခုန အနာထပိဏ်သူဌေးကြီးစိတ်ထားမျိုးရှိလို့ မြင့်မြတ်တဲ့ ဥဇ္ဈာရုဏ္ဏာသယ၊ မြင့်မြတ်တဲ့ အရှာသယဓါတ်ခံ ရှိလို့ မြင့်မြတ်တဲ့စိတ်ထားရှိလို့ အဲဒါကြောင့် ငါဖို့ဆိုတဲ့ တစ်ဖို့ထဲ မထားဘဲနဲ့။ ဒီသာသနာတော်ကြီး ထွန်းကားရင် သတ္တဝါတွေ ချမ်းသာမယ်။ သတ္တဝါတွေချမ်းသာကြောင်း သာသနာတော်ကြီးကို ထောက်ပံ့ကြ ကူညီကြ၊ သာသနာ တော်ကြီးနဲ့စပ်တဲ့ ချီးမွှောက်မှုတွေပြုကြ၊ အဲသလိုပဲ မိမိတို့ မိဘဖြစ်တဲ့ ကျောင်းဒကာ ကျောင်းအစ်မတွေဟာလဲပဲ ဒီလိုပဲ ဘုန်းကြီးတို့ဒီမှာ အထူးပွတ္တိလေးတွေ တွေ့ရတော့။ ဒကာ ကြီးတွေ ဒကာမကြီးတွေဟာလဲ ခုနပြောသလို ဥဇ္ဈာရုဏ္ဏော သယခေါ်တဲ့ မွန်မြတ်တဲ့ ဓါတ်ခံရှိကြတဲ့ ပုဂ္ဂိုလ်တွေ မို့လို့ တစ်ဖို့ထဲ ငါဖို့ဆိုတဲ့ တစ်ဖက်ထဲ မထားကြဘဲနဲ့ အများဖို့ သာသနာဖို့ဆိုတဲ့ အများချမ်းသာကြောင်း ကောင်းမြတ်သော အထောက်အပံ့တွေ ဆောင်ရွက်ခဲ့ကြတယ်။ ကျောင်းတွေ ကန်တွေ ဆောက်လုပ် လှူဒါန်းခဲ့ကြတယ်။ အဲလို ဆောက် လုပ် လှူဒါန်းခဲ့တဲ့အတွက်ကြောင့် အိမ်မဲမြို့မှာ အောင်သိပ္ပံ ကျောင်းတိုက်ကြီး ထင်ရှား ပေါ်ပေါက်ခဲ့တယ်။ အဲဒီကျောင်း တိုက်ကြီးရဲ့ ဆရာတော်ကို ရဟန်းဒကာအဖြစ်၊ ရဟန်းအစ်မ အဖြစ် ခံယူဆောင်ရွက်ခဲ့လို့ သာသနာတော်မှာ အင်မတန် ထင်ရှားတဲ့ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးရဲ့ ပါမောက္ခအဖြစ် ပရိယတ္တိဓမ္မာစရိယ သာသနာ့အာဇာနည်တစ်ပါးအဖြစ် ထင်ရှားခဲ့တယ်။ ထင်ရှားခဲ့ ရသော အဲဒီကျောင်းတိုက်ကြီး ရဟန်း သံဃာအတွက် တိုး တက်ကြီးပွားကြ၊ ဒကာ ဒကာမတွေလဲ တိုးတက်ကြီး ပွားကြတယ်။ ယခုလို ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး များလဲ တာဝန်စွမ်းဆောင်နိုင်တယ်။ အဲဒီလို စွမ်းဆောင်နိုင်တဲ့ ဆရာတော်တစ်ပါးကို ယခုလို ပစ္စည်းလေးပါး ဒကာခံပြီး တော့ ပူဇော်ရတယ်ဆိုတာလဲ။ မိမိတို့ရဲ့ ခုနပြောတဲ့ ဥဇ္ဈာရုဏ္ဏာသယ မွန်မြတ်တဲ့ဓာတ်ခံ အကြောင်းပြုပြီး ရလာတဲ့ တကယ့်ရလာဘ်တွေ အကျိုးအာနိသင်တွေ အဲဒီအကျိုး အာနိသင်တွေဟာ မနည်းဘူး။ ဒါကြောင့် အဲသလို လောက အကျိုးဆောင်ရွက်၊ သာသနာအကျိုး ဆောင်ရွက်ခြင်းဖြင့် မိမိတို့ဟာ အနာထပိဏ်သူဌေးကြီး ကမ္ဘာကျော်သော်လည်း ဥဒါန်းမကျေသလို အနာထပိဏ်သူဌေးကြီး မွန်မြတ်တဲ့ ဥဇ္ဈာ ရုဏ္ဏာသယ အကြောင်းပြုပြီး ဧတဝဏ်ကျောင်း တော်ကြီး ထင်ရှားဖြစ်ပေါ်လာသလို အဲဒီအခါက သံဃာတော်တွေ အားလုံးပရိသတ်တွေ ကျောင်းဒကာကြီး အနာထပိဏ် အကြောင်းပြုပြီးတော့ ဘုရားရှင် ကိုးကွယ်ရ သံဃာတော် တွေ ကိုးကွယ်ရ တရားထူးတွေရကြ အဲသလိုအကျိုး အမြတ် မျိုးခံစားရလို့ ယခု မိမိတို့ ပူဇော်ကြတဲ့ ကိုးကွယ်ကြတဲ့

သာသနာပြုခဲ့ကြခဲ့တဲ့ အောင်သိပ္ပံကျောင်းကြီး အကြောင်း ပြုပြီးတော့ ကုသိုလ်တွေ အများကြီးဖြစ်ကြဦးမယ်။ ဆရာတော် ဦးအာဘာယာလင်္ကာရ အကြောင်းပြုပြီးတော့ ကုသိုလ်တွေ ကောင်းမှုတွေ မိမိတို့အကျိုးတရားတွေ အများကြီး ဖြစ်ကြရဦးမယ်။ ယနေ့မှတ်တိုင်တစ်ခု တည်စိုက်လိုက်ခြင်းပဲ၊ အောင်သိပ္ပံကျောင်းကြီးအတွက် ကျောင်းဒကာ အဖြစ် ဆက်လက်ခံယူကြ၊ ကျောင်းအစ်မအဖြစ် ဆက်လက် အဲသလို ထွန်းကား သည်နှင့်အမျှ မိမိတို့ဂုဏ်သိက္ခာဟာ အမြဲတမ်း သတင်းမွေး နေမှာပဲ။ အများရဲ့ လေးစားမှု မြတ်နိုးမှုကို ခံရမှာပဲ။ အနာထပိဏ်သူဌေးကြီးလို ခန္ဓာကိုယ် ပျက်စီးသွားသော်လည်း ဂုဏ်သတင်းတွေဟာ နောက်ဆုံး ကျန်ရစ်ခဲ့မှာပဲ။

သရီရဿ ဂုဏာနဒ္ဓ
ဒူရမစ္ဆန္တမန္တရံ။
သရီရံ ခဏဝိဒ္ဓံသိ
ဂုဏာ ကပ္ပန္တဋ္ဌာယိနော။

သရီရံဿ = ခန္ဓာကိုယ်ကြီး၏လည်းကောင်း၊ **ဂုဏာနဒ္ဓ** = မိမိတို့ သာသနာတော်ချီးမြှောက်မှုကြောင့် လောကကို စောင့်ရှောက်မှုကြောင့်ရသော ဂုဏ်တော်တို့၏ ဂုဏ်တို့၏ လည်းကောင်း၊ **အန္တရံ** = ခြားနားချက်သည်၊ **အစ္ဆန္တံ** = အလွန်၊ ဒူရံ = ဝေးကွာလှပေ၏။ **သရီရံ**= ခန္ဓာကိုယ်ကြီးသည်၊ **ခဏဝိဒ္ဓံသိ** = တစ်ခဏာမျှဖြင့် ပျက်စီးတတ်သောသဘော ရှိပါပေ၏။ **ဂုဏာ** = မိမိတို့၏ ကောင်းမှုတွေကြောင့် ရအပ်တဲ့ ဂုဏ်အရပ်ရပ်သည်ကား၊ **ကပ္ပန္တဋ္ဌာယိနော** = ကမ္ဘာဆုံးသည် အထိ တည်တံ့သော သဘောရှိကြပါပေကုန်သတည်း။

အဲဒါကြောင့် ယနေ့ မိမိတို့ဟာ မိဘတွေပေါ်မှာ ထားအပ်တဲ့ မေတ္တာ ကရဏာအရ မိဘတွေ စောင့်ရှောက်ခဲ့တဲ့၊ မိဘတွေစိုက်ထူခဲ့တဲ့ သာသနာ့မှတ်တိုင်ကြီးတစ်ခုကို မိဘ အမွေခံယူသောအားဖြင့် ယနေ့ဆက်လက်ပြီးတော့ စိုက်ထူခဲ့ ကြသဖြင့် နောင်အခါမှာ ပဒေသာပင်ကြီးကဲ့သို့ စိန္တာမဏိ ပတ္တမြားရတနာကြီးကဲ့သို့ တစ်သက်လုံး ဤသာသနာ့ မှတ်တိုင်ကြီးတွေ အကြောင်းပြုပြီးရမယ့် ကုသိုလ်တွေ မနည်းဘူး။ အဲဒီကုသိုလ်တွေ အကြောင်းပြုပြီးတော့ မိမိတို့ရမယ့် ဂုဏ်အင်တွေလည်း မနည်းဘူး။ အဲဒီဂုဏ်တွေကို မြတ်နိုးပြီးတော့ အားထုတ်နိုင်အောင် ဆောင်ရွက်ပြီး သာသနာပြုနိုင်ကြစေကုန်သတည်း။

မိမိတို့၏ ကောင်းမှုတွေကြောင့်
ရအပ်တဲ့ ဂုဏ်အရပ်ရပ်သည်ကား၊
ကမ္ဘာဆုံးသည်အထိ
တည်တံ့သော
သဘောရှိကြပါပေကုန်သတည်း။

ခံယူကြရသဖြင့် ထာဝရနိဗ္ဗာန မှတ်တိုင်ကြီးတစ်ခု ဦးအာဘာယာလင်္ကာရကို ယခုလိုပူဇော်ရသဖြင့် မိမိတို့ရဲ့ ထာဝရပူဇော်ရတဲ့ မှတ်တိုင်ကြီးတစ်ခု၊ မှတ်တိုင်ကြီးနှစ်ခု တည်စိုက်ရခြင်းပဲ၊ အဲဒါတွေဟာ မိမိတို့ရဲ့ မွန်မြတ်တဲ့ ဓါတ်ခံ ဥဇ္ဇာရဏ္ဏာသယ အကြောင်းပြုပြီးတော့ရလာတဲ့ ကုသိုလ်ထူးတွေ ကောင်းမှုထူးတွေ အဲဒီကောင်းမှုထူးတွေဟာ ထာဝရ နိဗ္ဗာန်အဖြစ်သို့ ရောက်သွားတော့ နောက်ကို ပဒေသာပင်ကြီးလို ဆွတ်ခူးစားသောက်ချင်တိုင်း စားသောက်နိုင်တယ်။ စားသောက်ကြရအုန်းမှာပဲ။ အဲဒါဟာ ခုနက ပြောသလို ဓါတ်ခံကောင်းခဲ့ကြလို့ ဥဇ္ဇာရဏ္ဏာသယဆိုတဲ့ အဲလိုအဏ္ဏာသယဓါတ်ခံကောင်းခဲ့ကြလို့ ရခဲ့တဲ့ အကျိုးတရားတွေ အဲဒါ နောင်အခါလည်း မိမိတို့၏ ဓါတ်ခံတွေ အကြောင်းပြုပြီးတော့ ကောင်းမှုကြီးတွေ မတ်မတ်မားမား ထင်ထင်ရှားရှား ပေါ်လွင်ထင်ရှားအောင် ဆောင် ရွက်နိုင်တော့ အဲဒီကောင်းမှု ကျောင်းတိုက်ကြီးတွေ အကြောင်းပြု၍ အဲဒီဆရာတော်တွေ အကြောင်းပြု၍ အားလုံးသတ္တဝါတွေ ချမ်းသာကြရဦးမှာ သာသနာတော်လည်း စည်ပင်ပြန့်ပွား ထွန်းကားဦးမှာ၊

ဗုဒ္ဓဂုဏ်ရည်

အရှင်ဝါသေဋ္ဌာဘိဝံသ

၁၃၅၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင်
ဦးသက်စိန် + ဒေါက်တာအေးအေးမြင့်တို့ နေအိမ်၌ ဟောကြားတော်မူသည်။

ထူးခြားတဲ့ဘွဲ့တော်

ဗုဒ္ဓ၊ ဗုဒ္ဓဆိုတာ ဘုရား၊ အဲ- ဗုဒ္ဓဆိုတာ ဘုရားပဲ၊ ဘုန်းကြီးတို့ ဗုဒ္ဓဆိုတဲ့အမည်ဟာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ထူးခြားတဲ့ နာမည်တစ်မျိုး။ ဘွဲ့တော်တစ်မျိုး။ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်ကို ဖော်ပေးနေတဲ့ နာမည်လို့လဲ ဆိုတယ်၊ ဆိုနိုင်တာပေါ့။ ဗုဒ္ဓဆိုတာ သစ္စာလေးပါး မြတ်တရားကို ဆရာမရှိ ကိုယ်တိုင်သိတဲ့ ပုဂ္ဂိုလ်ထူးကြီးလို့ ဆိုလိုတယ်။

အဲ- ဘုန်းကြီးတို့ ပရိတ်တော်ရွတ်ပြီးပြီ၊ ခုန အနေကဇာတင်တုန်းက ပရိတ်ရွတ်ကြတယ်၊ မေတ္တာသုတ်၊ ဝဋ္ဋသုတ်ပရိတ်တရားတွေ ရွတ်ဖတ်ပူဇော်ခဲ့ကြတယ်၊ ပရိတ် ရွတ်ဖို့တော့ မလိုတော့ဘူး၊ အဲ-

မဟာကာရုဏိကော နာထော၊
ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊
ပတ္တော သမ္ဗောဓိမုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဒါလဲ ပရိတ်တော်ပါပဲ၊ ပုဗ္ဗကုသုတ္တန်က ဘုရားဖြစ်တော်စဉ်ပါပဲ။

မဟာကာရုဏိကော- ကြီးမြတ်သော ကရုဏာရှင်ဖြစ်တော်မူသော၊ နာထော- ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့၏ ပူဇော်ညွတ်လျှိုး ကိုးကွယ်အားထားရာဖြစ်တော်မူသော၊ ရှင်တော်မြတ်ဘုရားသည်၊ သဗ္ဗပါဏိနံ- အလုံးစုံများ သတ္တဝါမှန်သမျှတို့၏၊ ဟိတာယ- လောကီလောကုတ် မယုတ်တိုးပွား အကျိုးများခြင်းငှာ၊ သဗ္ဗပါရမီ- ဒါန သီလ နေက္ခမ္မ ပညာ ဝီရိယ ခန္တီ သစ္စာ မေတ္တာ အဓိဋ္ဌာန် ဥပေက္ခာ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို၊ ပူရေတွာ- မဆုတ်မနစ် သစ်သစ်ပွားဆင့် ဖြည့်ကျင့်ဆည်းပူးတော်မူပြီး၍၊ ဥတ္တမံ-ထူးမြတ်လှစွာသော၊ သမ္မောဓိ- အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကြီးကို၊ ပတ္တော- ဗောဓိပင်ခြေ ပလ္လင်ဗွေက ကောင်းစွာလှလှ ရတော်မူခဲ့ပါပေပြီ။ ဇတေန သစ္စဝဇ္ဇေန- ရှင်တော်မြတ်ဘုရား ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူ၍ ဗောဓိပင်ခြေ, ပလ္လင်ဗွေ၌ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်တည်းဟူသော၊ သမ္မာသမ္ဗောဓိ- ဗောဓိဆုကြီးအပြီးတိုင်ရောက်တော်မူသည် ရတော်မူသည်ဆိုသည်မှာ မှန်ကန်သော သစ္စာစကား ဖြစ်ပါပေ၏။ ဤသို့မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့်၊ တေ တုမှာကံ- ရတနာသုံးပါး အားထားကိုးကွယ်ကြသော ဘုရားတပည့် ဘုရားဒကာ ဒကာမ ဥပါသကာ ဥပါသိကာအပေါင်း သူတော်ကောင်းတို့အား၊ သောတ္ထိ- ဘေးဒဏ်ရန်စွယ် အန္တရာယ်ကင်းဝေး အေးချမ်းသာယာ ချမ်းသာခြင်းသည်၊ ဟောတု-မုချမသွေ ဖြစ်ပါစေသတည်း။

(သာဓု၊ သာဓု၊ သာဓု)

အဲ- ဘုရားရှင်ကိုယ်တော်မြတ် ပါရမီဆယ်ပါး၊ အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူ၍၊ အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်တည်းဟူသော ဗောဓိဆုကြီးကို အပြီးတိုင်ရတော်မူသည်၊ ဘုရားအဖြစ် စင်စစ် ရောက်တော်မူခဲ့သည်ဆိုသောစကားမှာ မှန်ကန်သောသစ္စာ စကားဖြစ်၏၊ ဤသစ္စာစကားကြောင့် ချမ်းသာပါစေလို့ မေတ္တာပြုရတယ်။

အဲဒီတော့ အဲ- ယနေ့ ကဆုန်လပြည့်ဗုဒ္ဓနေ့ အတွက် ကဆုန်လပြည့်ဗုဒ္ဓနေ့၌ ဘုရားရှင်ကိုယ်တော်မြတ် ဘုရားဖြစ်တော်မူခဲ့တဲ့ ရှေ့ဖြစ်ဟောင်း၊ ပြန်ပြောင်းအောက်မေ့ပြီးတော့၊ အဲ- ယခု ဤအကြောင်းအရာလေးဖြင့် သစ္စာပြုပြီးတော့ မေတ္တာပြုလိုက်ရတယ်။

ဝိဇယနံ ဗုဒ္ဓတ္တဇ္ဇ၊
နိဗ္ဗုတံ ဗျာဒိကရဏံ ပတိ။
အာလမ္ဗိယ ပူဇာကာတုံ၊
အလံ ဝိသာခပုဏ္ဏမေ။

ဝိဇယနံ- ရှင်တော်မြတ်ဘုရား မွေးဖွားတော်မူခြင်းကိုလည်းကောင်း၊ ဗုဒ္ဓတ္တဇ္ဇ- ဗောဓိပင်နှင့် ရွှေပလ္လင်မှာ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကြီးကို ရတော်မူ၍ ဘုရားစင်စစ်ဖြစ်တော်မူခြင်းကိုလည်းကောင်း၊ နိဗ္ဗုတံ- မလွှာမင်းတို့၏ အင်ကြင်းရုံမှာ ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်းကိုလည်းကောင်း၊ ဗျာဒိကရဏံ- သုမေဓာ ရှင်ရသေ့ဘဝက ဒီပင်္ကရာရှင်တော်မြတ်ဘုရားထံတော်မှာ နိယတဗျာဒိတ်ပန်းဆင်မြန်းတော်မူခြင်းကိုလည်းကောင်း၊ ပတိ- အစွဲပြု၍၊ အလမ္ဗိယ- ထိုအခါက ရှင်တော်မြတ်ဘုရားဖြစ်ပုံကို အာရုံယူကြကုန်၍၊ ဝိသာခပုဏ္ဏမေ- ကဆုန်လပြည့်ဗုဒ္ဓနေ့၌၊ ပူဇာကာတုံ- အမျိုးမျိုးအဖုံဖုံ အဲ- အမျိုးမျိုးအဖုံဖုံ ပူဇော်ခြင်းကို အမျိုးမျိုးအဖုံဖုံ ပူဇော်ခြင်းငှာ၊ အလံ- အလံဇဝ- ကောင်းစွာလှလှ သင့်လျော်လှတော့သည်သာတည်း။

(သာဓု၊ သာဓု၊ သာဓု)

ထူးခြားတဲ့ အထိမ်းအမှတ်ကြီး

အဲ- ဒီနေ့က ကဆုန်လပြည့်နေ့၊ ကဆုန်လပြည့်နေ့ဆိုတာ ဗုဒ္ဓရှင်တော်မြတ်ရဲ့ ထူးခြားသော အဖြစ်အပျက်တွေကို အထိမ်းအမှတ်ပြုပြီးတော့ အဲ၊ ညောင်ရေသွန်းသဘင်ဆင်ယင်ကျင်းပတယ်၊ ပူဇော်ကြတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့မှာ မွေးတော်မူတယ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ ဘုရားဖြစ်တော်မူခဲ့တယ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့မှာ ပရိနိဗ္ဗာန်စံတော်မူခဲ့တယ်၊ ကဆုန်လပြည့်နေ့မှာပဲ ဒီပင်္ကရာ ရှင်တော်

မြတ်ဘုရားထံမှာ အဲ၊ ဘုရားဖြစ်လိမ့်မယ်ဆိုတဲ့ ညွှန်ကြားချက် ဗျာဒိတ်ကြီးကို ခံယူခဲ့တယ်။

ဒီတော့၊ ဘုရားရှင်ကိုယ်တော်မြတ်အတွက် ထူးခြားတဲ့ အထိမ်းအမှတ်ကြီးတွေနဲ့ ကြုံကြိုက်တဲ့နေ့မို့လို့ ဒီကနေ့ မြန်မာတစ်ပြည်လုံးမှာ ညောင်ရေသွန်းသဘင် ဆင်ယင်ကျင်းပကြတယ်။ ပူဇော်ကြတယ်- အဲ၊ ဗုဒ္ဓနေ့၊ ဗုဒ္ဓနေ့ကြီးကို ဆင်ယင်ကျင်းပပြီးတော့ ညောင်ရေသွန်းကြတယ်။

အင်မတန်မွန်မြတ်တဲ့ ကုသိုလ်ထူး

အဲ- အင်မတန် မွန်မြတ်တဲ့ ကုသိုလ်ထူး၊ ယနေ့မိမိတို့ကလည်း၊ အဲဒီ ထူးခြားတဲ့ ကဆုန်လပြည့် ဗုဒ္ဓနေ့ကြီးကို အဲ ပူဇော်သောအားဖြင့်၊ အထိမ်းအမှတ်အဖြစ်ဖြင့်၊ ဘုရားဖြစ်တဲ့ အထိမ်းအမှတ်အဖြစ်ဖြင့် အဲ ပူဇော်ကြတယ်။ အနေကဓာသဘင် ဆင်ယင်ကျင်းပ ပူဇော်ကြတယ်။ အဲ အားလုံး ဒါ ဘုရားရှင်ကိုယ်တော်မြတ်ကို ပူဇော်ကြတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကို အနည်းနည်းအဖုံဖုံ ပူဇော်ကြခြင်းပဲ။

ထူးခြားတဲ့ဘွဲ့တော်

ဗုဒ္ဓ၊ ဗုဒ္ဓဆိုတာ ဘုရား၊ အဲ၊ ဗုဒ္ဓဆိုတာ ဘုရားပဲ၊ ဘုန်းကြီးတို့ ဗုဒ္ဓဆိုတဲ့နာမည်ဟာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ထူးခြားတဲ့ နာမည်တစ်မျိုး၊ ဘွဲ့တော်တစ်မျိုး၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ဂုဏ်တော်ကို ဖော်ပေးနေတဲ့နာမည်လို့လဲ ဆိုတယ်၊ ဆိုနိုင်တာပေါ့။ ဗုဒ္ဓဆိုတာ သစ္စာလေးပါး မြတ်တရားကို ဆရာမရှိ၊ ကိုယ်တိုင်သိတဲ့ ပုဂ္ဂိုလ်ထူးကြီးလို့ ဆိုလိုတယ်။

ဗုဒ္ဓလေးမျိုး

အဲ- လောကမှာ ဗုဒ္ဓဆိုတာဟာ ဘုရားမှာသာ ရှိသလား၊ ဒီလိုတော့လဲ မဟုတ်ဘူး၊ နာမည်ဆိုတာကတော့ သူမှည့်၊ ကိုယ်မှည့်ဆိုရင် ရှိကြတာပဲ၊ အဲ- သို့သော် တကယ့် ဗုဒ္ဓအမည်က ဘုန်းကြီးတို့ဘုရားမှာသာ ရှိတယ်၊ ဗုဒ္ဓလေးမျိုးတဲ့။

သုတဗုဒ္ဓ၊ အနုဗုဒ္ဓ အဲ- သုတဗုဒ္ဓတဲ့၊ အနုဗုဒ္ဓတဲ့၊ အဲ- ပစ္စေကဗုဒ္ဓ၊ သမ္မာသမ္ဗုဒ္ဓ။

သုတဗုဒ္ဓ

သုတဗုဒ္ဓဆိုတာ ဘုန်းကြီးတို့သာသနာတော်မှာ ကျမ်းဂန်စာပေတွေ သင်ကြားပို့ချပြီးတော့ စာပေဗဟုသုတရှိကြတဲ့ ဘုရားဟောတရားတော်တွေ အများအပြား မှတ်မိ၊ သိရှိ၊ ရထားပြီးတော့ ထိုတရားတော်တွေကို အားလုံး ရှင်လူအများသိအောင် သင်ကြားဖော်ထုတ်ပေးနေတဲ့ ပုဂ္ဂိုလ်တွေ၊ ရဟန်းတော်တွေကို သုတဗုဒ္ဓ၊ အဲဒီ သုတဗုဒ္ဓကို ဘုရားရှင်ကိုယ်တော်မြတ်က အင်မတန်ကျေးဇူးများလို့ မိမိအရာမှာထားပြီးတော့ ချီးကျူးမြောက်စားတာချည်းပဲ၊ ဒါကြောင့်မို့လို့ သုတဗုဒ္ဓဆိုတာဟာလဲ၊ အဲ- သူကလဲ သာမညမဟုတ်ဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်က မိမိအရာမှာထားပြီး မြောက်စားချီးကျူးခဲ့တဲ့ ဘုရားတစ်ဆူ၊ အဲ- ဒါက သာဝကတွေနဲ့ဆိုင်တဲ့ ဘုရားတပည့်တွေ။

အနုဗုဒ္ဓ

အနုဗုဒ္ဓဆိုတာက ဘုရားရှင်ကိုယ်တော်မြတ် သိတော်မူတဲ့ သစ္စာလေးပါးတရားကို ဘုရားရှင် ကိုယ်တော်မြတ် နည်းပေးသောအားဖြင့် သိမြင်၊ ဖောက်ထွင်းသိမြင်နားလည်လို့ မဂ်ဆိုက်၊ ဖိုလ်ဆိုက်၊ ဆိုက်ကြတဲ့ အရိယာသာဝကတွေ၊ အရိယာသာဝကတွေကို အနုဗုဒ္ဓ၊ ဘုရားရှင်ကိုယ်တော်မြတ် သိသလို လိုက်သိကြတဲ့ အနုဗုဒ္ဓ။

ပစ္စေကဗုဒ္ဓ

ပစ္စေကဗုဒ္ဓဆိုတာကတော့ ဘုရားရှင်ကိုယ်တော်မြတ်များ မပွင့်သေးသည့်အခါ သာသနာပမာ ဆရာမရှိ၊ ရှေးက မိမိတို့ပြုခဲ့တဲ့ ပါရမီကြောင့် သစ္စာလေးပါးကို ကိုယ်တိုင် ထိုးထွင်းသိကြတဲ့ ဘုရားငယ်လို့ ခေါ်ကြတဲ့ ပစ္စေကဗုဒ္ဓါပဲ၊ ဘုရားငယ်တွေ။

အဲ-အဲဒါတွေ၊ ပစ္စေကဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓါဆိုတာလဲ

အမှန်အားဖြင့် သစ္စာလေးပါးတရားကို ကိုယ်တိုင်သိကြတာပဲ၊ ဆရာမရှိဘဲ ကိုယ်တိုင်သိကြတာပဲ၊ သို့သော်လည်းပဲ သူများကို ဟောဖော်ပြသခြင်းငှာ မတတ်နိုင်ဘူး၊ ဘာကြောင့်တုန်း အဲ-ဝေါဟာရပရိယာယ်ကြွယ်ဖို့၊ ဝေါဟာရတွေ ထူးထူးခြားခြား နားလည်ဖို့ဆိုတာ သာဝကတို့ရဲ့အရာ မဟုတ်ဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်တို့ရဲ့အရာ။

သမ္မာသမ္ဗုဒ္ဓ

အဲ-စိတ်ထဲမှာ မိမိတို့ဉာဏ်ထဲမှာ သိနေတဲ့ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်၊ သစ္စာလေးပါးတို့၊ ပဋိစ္စသမုပ္ပါဒ်တို့၊ ပဋ္ဌာန်းတို့ ဘာတို့၊ ညာတို့ဆိုတာ၊ အဲ-အဲဒီ- တရားတွေကို ဒီလိုအမည်အမိုးမိုး တပ်ပြီးတော့ အမည်အမိုးမိုး ထွင်ပြီးတော့၊ အဲ-ဟောဖို့ဆိုတာက သာမန်ပုဂ္ဂိုလ်တွေအရာ မဟုတ်ဘူး၊ တကယ့်အတုမရှိ၊ အဲ- သဗ္ဗညုတဉာဏ်တော်ကြီး ရှိတဲ့ ဘုရားရှင်ကိုယ်တော်မြတ်တို့ရဲ့ အရာသာ။

ဒါ့ကြောင့် အဲသလို ဟောနိုင်ဖို့ရာ ပစ္စေကဗုဒ္ဓါတို့မှာ မတတ်နိုင်ဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်သာ တတ်နိုင်တယ်။ သဗ္ဗညုတဉာဏ်တော်ကြီးရှိလို့ အားလုံး တရားတွေကို အမည်အမိုးမိုး တပ်ပြီးတော့၊ အဓိပ္ပာယ် အမိုးမိုး ဖွင့်ပြီးတော့၊ နည်းအမိုးမိုး ချယ်လှယ်ပြီးတော့။ ဒီနည်းနဲ့မသိ ဟိုနည်းနဲ့၊ ဟိုနည်းနဲ့မသိ ဟိုနည်းဟိုနည်း နည်းပေါင်းများစွာ၊ အဲ- တီထွင်ပြီးတော့ ဟောကြားပြသ တော်မူတယ်။ အဲဒါကြောင့်မို့လို့ သူမတူအောင် ထူးခြားတဲ့ သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို သမ္မာသမ္ဗုဒ္ဓလို့ ခေါ်တယ်။

သူတကာနဲ့မဆိုင်တဲ့ဂုဏ်တော်

ဗုဒ္ဓထဲမှာ သမ္မာသမ္ဗုဒ္ဓ၊ သမ္မာ- အမှန်အတိုင်း၊ သမ္ဗုဒ္ဓ- ကိုယ်တော်တိုင်သိတော်မူတယ်။ အဲဒါ ဗုဒ္ဓ၊ အဲဒီ ဗုဒ္ဓဆိုတဲ့ အမည်ဟာ တကယ်တော့ ဘုရားနဲ့သာဆိုင်တယ်။ တခြားပုဂ္ဂိုလ်တွေနဲ့ မဆိုင်ဘူး၊ ဘာကြောင့်တုန်း၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့နာမည်တော်က အဲ- အနွယ်တော်အားဖြင့် ဆိုရင် ဂေါတမ၊ နာမည်ရင်အားဖြင့် သိဒ္ဓတ္ထမင်းသား။

သိဒ္ဓတ္ထ၊ အဲဒီ ဗုဒ္ဓဆိုတဲ့အမည်က ဂေါတမအမည်၊ သိဒ္ဓတ္ထဆိုတဲ့ အမည်ဟာ မိဘတွေက မှည့်ထားတဲ့အမည်၊ ဂေါတမက အနွယ်အရ ခေါ်ကြပြုကြတဲ့အမည်၊ သိဒ္ဓတ္ထက မိဘတွေက မှည့်ထားတဲ့အမည်၊ အဲဒီအမည်တွေ၊ အဲဒီအမည်တွေဟာ သူများမှည့်လို့ရထားတဲ့ အမည်တွေ၊ ဗုဒ္ဓက သူများမှည့်ထားလို့ရတဲ့ အမည်မဟုတ်။

အဲ- ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ အရဟတ္တမဂ်ဉာဏ်။ သဗ္ဗညုတဉာဏ်တော်ကြီး ပိုင်တော်မူသည်က စပြီးတော့ အားလုံး နတ် ဗြဟ္မာတွေက လူ နတ် ဗြဟ္မာတွေက ဗုဒ္ဓလို့ တကယ်သိတော်မူပါပေတယ် ဆိုပြီးတော့ ဗုဒ္ဓလို့ အသိအမှတ်ပြုတဲ့အခါကစပြီးတော့ တွင်လာတဲ့၊ အဲ- အမည်တော်ကြီး၊ ဒါကြောင့် ဘယ်သူမှ မှည့်ရတာမဟုတ်ဘူး၊ အရဟတ္တမဂ်ရလို့၊ အရဟတ္တမဂ်အဆုံး အရဟတ္တဖိုလ် အဆိုက်မှာ အဲ- ရတော်မူလာတော့ အားလုံး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေ အသိအမှတ်ပြုခြင်းဖြင့် တွင်လာတဲ့ အမည်ကြီး။

အဓိကလည်း မှည့်ရတာမဟုတ်ဘူး၊ အဖကလည်း မှည့်ရတာမဟုတ်ဘူး၊ ဆွေတော်မျိုးတော်တွေကလည်း မှည့်ရတာမဟုတ်ဘူး။ ကိုယ်တော်တိုင် မျက်မှောက်ပြုတဲ့ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကြီးကို အကြောင်းပြုပြီးတော့ အားလုံး ကမ္ဘာလောကဓာတ်က အဲ- ဂုဏ်တင်ရာက၊ ဂုဏ်တင်ရာက တွင်လာတဲ့ တကယ့် အမည်ကြီး။ အဲဒီဗုဒ္ဓဟာ ဘုရားနဲ့သာဆိုင်တယ်။

လောကဓာတ်မှာ ပဲ့တင်ထပ်နေ

ဒါကြောင့်မို့လို့ အဲ- ယနေ့ဗုဒ္ဓဆိုတဲ့အမည်ဟာ ကမ္ဘာလောကဓာတ်မှာ ပဲ့တင်ထပ်နေတယ်။ အဲ- သာသနာမရှိတဲ့နိုင်ငံတွေပေမယ့် ပညာရှိတွေ လေ့လာလို့ သိနေတာပဲ။ အဲဒီတော့ ခုခေတ်လည်း အထိုက်အလျောက် ကမ္ဘာမှာနဲ့နေတာပဲ။ နတ်ပြည်၊ ဗြဟ္မာပြည်ကတော့ ပြောစရာမရှိဘူး။ နဂိုရိုက်တည်းက ဘုရားတပည့်တွေကို အများကြီး၊ နတ်ပြည်

မှာလည်း အများကြီး၊ ဗြဟ္မာ့ပြည်မှာလည်း အများကြီး၊ အဲ- ဘုရားဆိုတဲ့နာမည်ဟာ လူ့ပြည်မှာသာ ဘုရားပွင့်ရာဌာနမှာ ပျောက်နေတယ်။

တရားပွဲတွေ အမြဲရှိ

နတ်ပြည်ကတော့ ဘယ်တော့မှ မပျောက်ဘူး။ ဟိုကတည်းက ဘုရားတပည့်နတ်တွေရှိတယ်။ ဘုရားတပည့်နတ်သား နတ်သမီးတွေ ယခုထက်တိုင် ရှိတယ်။ နောက်လည်း ရှိနေကြမှာပဲ။ နတ်ပြည်ဆိုတာ တရားပွဲက အမြဲရှိတယ်။ အဲ- ဗြဟ္မာပြည်လည်း အတူတူပဲ၊ ဘုရားတပည့်နတ်တွေ ဗြဟ္မာတွေဟာ အများကြီး။ ဒါ့ကြောင့် လူ့ပြည်မှာ ဗုဒ္ဓဆိုတဲ့အသံ ကျော်စောတာထက် နတ်ပြည်၊ ဗြဟ္မာပြည်က ပိုပြီးတော့ ထင်ရှားကျော်စောပါတယ်။

ဉာဏ်သာ ပဓာန

အင်မတန်ကမ္ဘာမှာ ကျော်စောနေတဲ့အမည်၊ အဲ့ဒီအမည်ဟာ နတ်ပြည်မှာကော၊ ဗြဟ္မာ့ပြည်မှာကော မပျောက်ခဲ့ဘူး။ အဲဒီတော့ အဲ့ဒီဗုဒ္ဓကိုပဲ ဘုန်းကြီးတို့ ကြဲကြဲဖန်ဖန် အနက်ယူကြတဲ့ပုဂ္ဂိုလ်တွေ ရှိသေးတယ်နော်။ ဗုဒ္ဓဆိုတာ ခုနပြောသလို အနက်သဘာဝက ဉာဏ်ပဓာနပဲ သိတယ်၊ သိတော်မူတယ်၊ သစ္စာလေးပါး သိတော်မူတယ်။

ဘယ်သူနဲ့မှ မတူ

သခ်ါရ၊ ဝိကာရ၊ လက္ခဏာ၊ ပညတ်၊ နိဗ္ဗာန်တည်းဟူသော ဥယျဂါးဓမ် တရားမှန်တို့ကို အမှန်အတိုင်း သိမြင်တော်မူတယ်။ အဲ- သဗ္ဗညုတဉာဏ်တော်ကြီးကို ဖော်ပေးတယ်။ အဲဒီတော့ အဲ- ဗုဒ္ဓဆိုတာဟာ ကိုယ်တော်မြတ်ရဲ့ လူနဲ့လည်း မတူ၊ နတ်နဲ့လည်း မတူ၊ ဗြဟ္မာနဲ့လည်း မတူ၊ ဘယ်ပညာရှိနဲ့မှ မတူ၊ ဘယ်ပုဂ္ဂိုလ်တို့နှင့်မှ မတူအောင် သိတော်မူတယ်။ သိတော်မူတဲ့ အသိဉာဏ်ကြီး အကြောင်းပြုပြီးတော့ တွင်လာတဲ့ အမည်။ ဗုဒ္ဓဆိုတာ အဲဒီတော့ တချို့က ကတ်ကတ်သတ်သတ် ကြဲကြတယ်။

ကတ်ကတ်သတ်သတ်ကြဲတဲ့ ပုဂ္ဂိုလ်တွေ

ဘုရားဆိုတာဟာ ဉာဏ်သာဘုရား၊ ခန္ဓာကိုယ်ကြီးက ဘုရားမဟုတ်ဘူးလို့၊ အဲ- ကတ်ကတ်သတ်သတ်ကြဲတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။

ဝိသုဒ္ဓခန္ဓသန္တာနော၊
ဗုဒ္ဓေါ တိ နိယမော ကတော။
ခန္ဓသန္တာနသုဒ္ဓိတု၊
ဂုဏောတိ နိယမော ကတော။

ဝိသုဒ္ဓခန္ဓသန္တာနော- အလွန်စင်ကြယ်တဲ့ ခန္ဓာတော်အစဉ်ကြီးသည် အလွန်စင်ကြယ်တော်မူတဲ့ ကိလေသာတို့မှ အလွန်စင်ကြယ်တော်မူတဲ့ ခန္ဓာအစဉ်ကြီးကို၊ ဗုဒ္ဓေါတိ- ဗုဒ္ဓဟူ၍ နိယမော- ပိုင်းခြားသတ်မှတ်ခြင်းကို၊ ကတော- ပြုအပ်ပါပေ၏။

ခန္ဓသန္တာနသုဒ္ဓိတု- ခန္ဓာတော်အစဉ်၏ အလွန်စင်ကြယ်ခြင်းကိုကား၊ ဂုဏောတိ- ဂုဏ်ဟူ၍၊ ဂုဏ ဟူ၍၊ ဂုဏ်ဟူ၍၊ နိယမော- သတ်မှတ်ခြင်းကို၊ ကတော- ပြုအပ်ပါပေ၏။

ဘုန်းကြီးတို့ ဓိနာလင်္ကာရ ဋီကာအရ၊ အဲ- ဘုရားနဲ့ဂုဏ် ခွဲထားတယ်၊ ဘုရားဆိုတာ ဘာတုံးတဲ့-

ဘုရားဆိုတာ

ဝိသုဒ္ဓခန္ဓသန္တာနော- စင်ကြယ်တဲ့ ခန္ဓာအစဉ်ကြီးဟာ ဘုရားတဲ့၊ အဲ- အဲ့ဒီခန္ဓာအစဉ်၏ စင်ကြယ်ခြင်းကိုတော့ ဂုဏ်လို့ ဆိုရတယ်တဲ့၊ ဒီတော့ အဲ- ဂုဏ်နဲ့ပုဂ္ဂိုလ်ကို ခွဲလို့ရတာမဟုတ်ဘူး၊ ဂုဏ်မပါဘဲလည်း ပုဂ္ဂိုလ်ပြောလို့မဖြစ်ဘူး၊ ပုဂ္ဂိုလ်မပါဘဲလည်း ဂုဏ်ဆိုတာ ပြောလို့ဖြစ်တာ မဟုတ်ဘူး၊ အဲဒါကို ကတ်ကတ်သတ်သတ် ခွဲယူကြတယ်။

အဲ- ဉာဏ်ဟာ ဘုရား၊ ဉာဏ်ဟာ ဘုရား၊ ခန္ဓာကြီးဟာ ဘုရားမဟုတ်ဘူးလို့၊ အဲဒီတော့ ဂုဏ်နဲ့ပုဂ္ဂိုလ်ဆိုတာ ခွဲလို့ဘယ်ရမလဲ- ခွဲလိုက်ရင်လည်း ကွဲပြီးတော့ ဒီပုဂ္ဂိုလ်ကို ဘယ်လိုလုပ် အသုံးပြုပြောဆိုမတုန်း၊ ပြောဆိုလို့ မဖြစ်ဘူး။

ဒါကြောင့် ဂုဏ်ဆိုတာလည်း ပုဂ္ဂိုလ်ကြီး ဥစ္စာ၊

ပုဂ္ဂိုလ်မှာ တည်နေတာဖြစ်တော့ အဲ- ဘုရားဆိုရင် ဂုဏ်လည်း ဘုရားပဲ၊ ခန္ဓာလည်း ဘုရားပဲ၊ ဂုဏ်နဲ့ ခန္ဓာ နှစ်ခုပေါင်းကို ဘုရားခေါ်တာပဲ။

အဲဒါကြောင့် ဝိသုဒ္ဓခန္ဓသန္တာနော- စင်ကြယ်သည့် ခန္ဓာအစဉ်ကို၊ ဗုဒ္ဓေါတိ- ဗုဒ္ဓဟူ၍၊ ဘုရားဟူ၍၊ နိယမော- သတ်မှတ်ခြင်းကို၊ ကတော- ပြုအပ်ပါပေ၏။

အဲ- စင်ကြယ်တဲ့ ခန္ဓာအစဉ်ကြီး စင်ကြယ်တာလည်း ပါတယ်၊ ခန္ဓာအစဉ်လည်း ပါတယ်၊ စင်ကြယ်တာကို ခွဲလို့၊ ခန္ဓာအစဉ်ကြီးကို ခွဲထုတ်လို့ရတာ မဟုတ်ဘူး၊ အဲ- စင်ကြယ်တာချည်းပဲ ခွဲထုတ်ပြီး ခန္ဓာအစဉ်ကြီး ဖယ်ထုတ်လို့ရတာ မဟုတ်ဘူး၊ အဲသလို ဖယ်ထုတ်ရင် တစ်ခုကပဲ့ပြီး ဘယ်မှာပြည့်ပြည့်စုံစုံ ဘုရားခေါ်နိုင်တော့မလဲ။

ဗုဒ္ဓ၊ ဗုဒ္ဓလို့ ဘုန်းကြီးလို့ ကျမ်းဂန်များက နှစ်ပုဒ် ခွဲတယ်၊ ဗုဓရယ်၊ တရယ်။ ဗုဓဆိုတာ အသိ၊ တ-ဆိုတာက တတ်တယ်၊ သိတော်မူတတ်တယ်။

သိတယ်၊ တတ်တယ်

ဟော- သိဆိုတာ ဘာတုန်း၊ သိဆိုတာဟာ ခုနပြောတဲ့ ဉာဏ်တွေပဲ။ အဲ-အရဟတ္တမဂ်ဉာဏ်ကြီး၊ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ဗုဒ္ဓဆိုတာ သိတယ်တဲ့၊ သိတဲ့ အရာတွေ၊ အဲ-ပါရမီဉာဏ်တို့၊ မဂ်ဉာဏ်တို့၊ ဖိုလ်ဉာဏ်တို့၊ ဝိပဿနာ ဉာဏ်တို့ဆိုတဲ့ ဉာဏ်တွေလည်း ဒါသိတဲ့ အထဲ အကုန်ပါကုန်ပြီ။ ရှေးရှေးဉာဏ်တွေ၊ နောက်နောက်ဉာဏ်တွေ အကုန်လုံးဉာဏ်တွေ။ ဟော-တတ်ဆိုတာ ဘာတုန်း။ အဲ့ဒီ အသိရှိတဲ့ပုဂ္ဂိုလ်ပဲ။ တတ်ဆိုတာ ဘုရားပဲ၊ ခန္ဓာငါးပါးပဲ၊ ခန္ဓာငါးပါးဆိုရင် အသိလည်းပါသွားတယ်။

ဒီတော့ ပုဒ်နှစ်ခုပေါင်းလိုက်မှ ပြည့်ပြည့်စုံစုံ ဖြစ်တယ်။ ဗုဒ္ဓဆိုတဲ့ ပုဒ်ကြီးကို ဉာဏ်တော်ရှင်ဘုရားကြီးလို့ မကောက်ဘဲနဲ့၊ ဉာဏ်တော်ကသာ ဘုရား၊ ခန္ဓာက ဘုရားမဟုတ်ဘူးလို့ ခွဲခြားပြီးတော့ ကောက်ကြတယ်။ တချို့က ကြဲကြဲဖန်ဖန်၊ ဒါရှေးက အင်မတန် အငြင်းပွားခဲ့တဲ့ အရာတစ်ခု။

ဉာဏ်နဲ့ ခန္ဓာပေါင်းမှ

အဲဒီတော့ ဗုဒ္ဓဆိုတဲ့ပုဒ်ကို ဘုရားဆိုတဲ့ အမည်ရတဲ့ ဗုဒ္ဓဆိုတဲ့ပုဒ်ကိုက ပြနေတာ၊ ဉာဏ်သည်လည်း ဘုရား၊ ခန္ဓာသည်လည်း ဘုရား၊ ဉာဏ်နဲ့ ခန္ဓာပေါင်းမှ ဗုဒ္ဓဖြစ်တယ်၊ ဗုဒ္ဓဖြစ်မှ ဘုရားအမည်တော် ပေါ်လာတယ်။ ဒါကြောင့်မို့လို့ အဲ- ဉာဏ်တော်က ဘုရား၊ ခန္ဓာတော်က ဘုရားမဟုတ်ဘူးလို့ ခွဲစရာမလိုဘူး၊ အားလုံးဉာဏ်တော်လည်းဘုရား၊ ခန္ဓာတော်လည်း ဘုရား။ အဲ- သို့သော် တစ်ခုချင်း ခွဲပြောလို့တော့ မရဘူး။ ဉာဏ်တော်နဲ့ ခန္ဓာပေါင်းထားတဲ့ အဲ-ဘုရားရဲ့ခန္ဓာကိုယ်ကြီး၊ အဲ့ဒီဉာဏ်တော်ရှိတဲ့ဘုရား ခန္ဓာတော်ကြီးကို ဘုရားလို့ဆိုတယ်။

ဂုဏ်တော်တွေနဲ့ ထုံအပ်တဲ့ခန္ဓာ

ဒီတော့ ဘုရားဆိုတာ ဂုဏ်တော်တွေရှိတဲ့ခန္ဓာ၊ ဂုဏ်ဆိုတာက အဲ့ဒီခန္ဓာမှာ တည်နေတဲ့ဂုဏ်၊ သီလ အစရှိတဲ့ဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ် အစရှိသော ဂုဏ်တော်တွေကို ဘုရားလို့ဆိုရတယ်။ ဂုဏ်တော်အဖြစ် ထုံအပ်တဲ့ ခန္ဓာငါးပါး၊ ဘုရားကိုယ်တော်ကြီးကို ဘုရားလို့ ဆိုရတယ်။

အတုမရှိတဲ့ ပုဂ္ဂိုလ်ထူးကြီး

အဲဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ အဲ- အတုမရှိတဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ် အစရှိသော ဂုဏ်တော်တွေ၊ အတု မရှိသော ဂုဏ်တော်တွေ၊ ကံတော်တွေ၊ ဉာဏ်တော်တွေ၊ အဲ- ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်၊ တန်ခိုး တော်တွေရှိ တဲ့၊ ရှိတဲ့ တကယ့်ပုဂ္ဂိုလ်ထူးကြီး၊ အဲ- တကယ့်ပုဂ္ဂိုလ်ထူးကြီး ကို၊ အဲ- ဘုန်းကြီးတို့ ယနေ့ ပူဇော်ကြတယ်။ နောက်နောက်က မိမိတို့ ပူဇော်ကြတယ်။ အဲ- တကယ်ပူဇော်ထိုက်လို့ ပူဇော်ကြခြင်းပဲ၊ တကယ်မြတ်နိုး

ထိုက်လို့ မြတ်နိုးကြခြင်းပဲ၊ ပူဇော်ထိုက်တဲ့ဂုဏ်ရှိလို့ ပူဇော်ကြခြင်းပဲ၊ မြတ်နိုးထိုက်လို့၊ မြတ်နိုးထိုက်တဲ့ဂုဏ်ရှိလို့ မြတ်နိုးကြခြင်းပဲ။

တရားကောင်းလက်ကိုင်ရှိလို့

အဲ- ဒါကြောင့် မိမိတို့ပူဇော်ကြတဲ့၊ ဗုဒ္ဓဘုရားရှင်သည် အဲ- မိမိတို့သာမက မိမိတို့ထက် ပညာအားဖြင့် အဆမတန် သာလွန်တဲ့ ရှင်သာရိပုတ္တရာ အစရှိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ပူဇော်ကြရတယ်။ ရှင်မဟာကဿပ၊ ရှင်မောဂ္ဂလာန် အစရှိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ပူဇော်ကြရတယ်။ ရှေးခေတ်က တကယ့် ထိပ်သီးပါမော်ကွန်းတွေ၊ ပညာရှိကြီးတွေ၊ အဲ- ဘုရားရှင် ကိုယ်တော်မြတ်ကို စောစောက အတိုက်အခံ လုပ်နေ ကြတယ်။ နောက်ဆုံး ဘုရားရှင်နဲ့ တွေ့တယ်ဆိုရင် ကျတာပဲ၊ အကျခံနိုင်မလား၊ ဘုရားရှင်က တရားကောင်းတွေ ရှိတယ်။ တရားကောင်း ပြလိုက်တယ်ဆိုရင် နောက်နောက်က မာန်တက်နေကြတဲ့ ဗြာဟ္မဏတွေ၊ ဗြာဟ္မဏဆိုတာ ရှေးတုန်းက အင်မတန် မာန်တက်တယ်၊ သူတို့သာ တတ်တယ်၊ သူတို့လောက် ဒီပြင်လူ မတတ်ဘူး၊ ဘုရားနဲ့ တွေ့ရင် မာန်ကျတာပဲ။ အဲ့ဒါ ဘာကြောင့်လဲဆိုရင် ဘုရားရှင်က တရားကောင်း လက်ကိုင်ရှိလို့၊ တရားကောင်း လက်ကိုင်ရှိလို့၊ အဲ့ဒီတရားကောင်းကို အကြောင်းပြုပြီးတော့ ရရှိထားတဲ့ ပဋိသမ္ဘိဒါ၊ အဘိညာဉ်သမာပတ် အဲ- ဒီပြင် တရားတော်တွေ၊ အာဝေဏိကဂုဏ်တော်တွေ၊ အဲ- အသာမာရဏာဆိုတဲ့ သူတစ်ပါးနဲ့ မဆိုင်တဲ့ဉာဏ်တော်တွေ စသဖြင့် နည်းတာမဟုတ်ဘူး၊ ဂုဏ်တော်တွေ။

လူ၊ နတ်၊ ဗြဟ္မာတို့ ဦးညွတ်ရ

အဲဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ဟာ တရားထူးရှိတယ်၊ တရားမြတ်ရှိတယ်၊ တန်ခိုးရှိတယ်၊ ဂုဏ်ရှိတယ်၊ အမျိုးမျိုး သူမတူအောင် ထူးခြားတဲ့ အံ့ဖွယ်ရာ အစွဲရိယဂုဏ်တော်တွေ ရှိနေသောကြောင့်၊ တန်ခိုးထူးတွေ ရှိနေသော ကြောင့် လူလည်း ဦးညွတ်ရ၊ နတ်လည်း ဦးညွတ်ရ၊ ဗြဟ္မာလည်း ဦးညွတ်ရ၊ တကယ့်ထိပ်သီး ရဟန္တာကြီးတွေလည်း ဦးညွတ်ကြရတယ်။

ပူဇော်ရကျိုးနပ်

ဒါကြောင့် မိမိတို့ပူဇော်ရတာဟာ ပူဇော်ရကျိုးနပ်တယ်။ တကယ့်ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ကို ယနေ့ပူဇော်ကြရတယ်။ အဲ- ဗုဒ္ဓနဲ့ ရည်ရွယ်ပြီးတော့ တကယ့်ဗုဒ္ဓဖြစ်တဲ့ ဘုရားအစစ်၊ တကယ့်တန်ခိုးရှင်၊ ဉာဏ်ရှင်၊ ကံရှင်၊ အတုမရှိတဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးကို တို့ ပူဇော်ကြရတယ်လို့ နှစ်သက်ရွှင်လန်းဝမ်းမြောက်ခြင်းဖြင့် မိမိတို့ပူဇာအမှုကို အဲ- အကျိုးရှိတယ်။ အားရဖွယ်ကောင်းတယ်လို့ ခံယူချက်ဖြင့် မိမိတို့က ယနေ့ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာ၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဗုဒ္ဓနဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဗုဒ္ဓအဖြစ်ကို ရည်ရွယ်ပြီးတော့ ပူဇော်ကြတဲ့အခါသမယမှာ အကျိုးရှိတယ်။

ကုသိုလ်တွေ တိုးပွားအောင်ကြိုးစားကြပါ

ဗုဒ္ဓကိုလည်း ပူဇော်ရ၊ ဓမ္မလည်း ပူဇော်ရ၊ သံဃာ့လည်း ပူဇော်ရ၊ တကယ်ကောင်းမြတ်တဲ့ ပူဇော်ခြင်းဖြင့် ပူဇော်ကြရတယ်လို့ နှစ်သက်ရွှင်လန်းဝမ်းမြောက်ခြင်းဖြင့် အမှတ်တရ မိမိတို့ကုသိုလ်ကို အဲ- အောက်မေ့ပြီးတော့ ကုသိုလ်တွေ တိုးပွားအောင် ကြိုးစားနိုင်ကြပါစေ။

(သာဓု၊ သာဓု၊ သာဓု)

အရှင်ဝါသေဋ္ဌာဘိဝံသ

ဒကာကြီးဦးမြင့်မိသားစုနှင့် ဆရာမဒေါ်မြင့်မြင့်စိုး၏ မိခင်ကြီးဒေါ်အုန်းရီ(မြန်အောင်) အတွက် လလည်ဆွမ်းအလှူပြု
သပြေကန်ဆရာတော်ကြီး ဟောကြားတော်မူသော အနုမောဒနာတရား

ကုသိုလ်ပွဲကို အကျိုးရှိအောင်

အရှင်ဝါသေဋ္ဌာဘိဝံသ

ယနေ့ဒုတိယအကြိမ်မြောက် ဒကာကြီးဦးမြင့်အတွက် ဒုတိယအကြိမ် ဒီကျောင်းတိုက်မှာ ဆွမ်းအလှူပွဲကျင်းပ ပူဇော်လှူဒါန်းတယ်၊အဲဒီအလှူပွဲမှာ ယနေ့ဒါယိကာမမြင့်မြင့်စိုးကလည်းသူ့ရဲ့ ကွယ်လွန်တာမကြာသေးတဲ့ မိခင်ကြီး ဒေါ်အုန်းရီ အတွက် အခုအမှတ်တရ အမျှပေးဝေဖို့လာပြီးတော့ ပေါင်းပြီးတော့ ကုသိုလ်ပြုကြတယ်။ ဒီပြင်လဲ ဒါယကာ, ဒါယိကာမတွေ အများကြီးပေါ့လေ၊ လာပြီးတော့ ကုသိုလ်ပြုကြတယ်၊ ကုသိုလ်ပြုတယ်ဆိုတာကတော့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အထူးအဆန်း မဟုတ်ပါဘူး။ ကုသိုလ်ဖြစ်အောင် နှိုးဆော်ပေးတတ်တဲ့ လက်သည် တရားကြီးရှိတယ်။ အဲဒါ ဘာတုံးဆိုတော့ သဒ္ဓါတရား၊ အေး ဒီသဒ္ဓါတရားရှိပြီဆိုရင် ဒီလူတွေဟာ မလှူဘဲ မနေနိုင်တော့ဘူး။ သဒ္ဓါတရားမှာ ပညာလေးကလည်း ပါလိုက်သေး၊ သမ္မာဒိဋ္ဌိ ပညာတရား အမှန်အကန်မြင်တတ်တဲ့ ကုသိုလ်ပြုရင် ကောင်းကျိုးရ၊ အကုသိုလ်ပြုရင် မကောင်းကျိုးရဆိုတဲ့ သမ္မာဒိဋ္ဌိပညာတရား မလှူဘဲ မနေနိုင်ကြဘူး၊ လှူချင်တယ် တန်းချင်တယ်၊ သဒ္ဓါတရားက နှိုးဆော်ပေးတဲ့အတွက် လှူဖို့အတွက် ရှာနေကြတယ်။ အကွက်ရှာနေတဲ့အတွက် အကွက်တွေ့ပြီဆိုရင် အလှူအထမြောက်သွားတာပဲ။

မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊ သုခဿေတံ အဓိဝစနံ၊ ယဒိဒံ ပုညာနိ။

ဘိက္ခဝေ-ချစ်သားတို့၊ ပုညာနံ-ကုသိုလ်ကောင်းမှုတို့ကို၊ မာဘာယိတ္ထ-မကြောက်ကြကုန်လင့်၊ ဘုရားရှင်ကိုယ်တော်မြတ်က ကုသိုလ်တွေကို မကြောက်ကြနဲ့တဲ့၊ ဘာကြောက်ရပါသတုန်း ဘုရားဆိုတော့၊ ဘိက္ခဝေ-ချစ်သားချစ်သမီးတို့၊ ယဒိဒံ ပုညာနိ ယာနိကန္တမာနိ ပုညာနိ-အကြင်ကောင်းမှုတို့သည်၊ သန္တိ-ရှိကြပါကုန်၏။ ဧတံ-ထိုပုညကုသိုလ်ကောင်းမှု ဆိုသည်မှာ၊ သုခဿ-ချမ်းသာအမျိုးမျိုး၏၊ အဓိဝစနံ-တင်စားရည်ရွယ်းအမည်တစ်မျိုးပင် ဖြစ်ပါပေတော့သတည်း။

ဘုရားရှင်က ကုသိုလ်ကို မကြောက်ကြနဲ့ ချစ်သားချစ်သမီးတို့၊ ကုသိုလ်ဆိုတာ ချမ်းသာ၏ အမည်၊ ဟုတ်တာပေါ့၊ ကုသိုလ်ရှိရင် ချမ်းသာတာပဲ၊ ကုသိုလ်မရှိရင် မချမ်းသာဘူး၊ ကုသိုလ်ဆိုတာ ချမ်းသာရဲ့အမည်ပဲလို့ ဘုရားရှင်က ကုသိုလ်နဲ့ချမ်းသာ ချမ်းသာနဲ့ကုသိုလ် တင်စားပြီးတော့ ဟောတော်မူတယ်။ ဒီတရားတွေက ဘုန်းကြီးတို့ ရှိပြီးသားပဲ၊ နားလည်ပြီးသားပဲ၊ ဒါကြောင့်မို့လို့ သဒ္ဓါတရား ရှိနေကြတော့ အလှူ အထမြောက်အောင် ဆောင်ရွက်ကြတော့ အလှူတွေ မနည်းဘူး၊ တစ်သက်တာမှာ မိမိတို့လှူခဲ့ကြတဲ့ အလှူတွေမနည်းဘူး။ အခုလည်း လှူတုန်း၊ နောင်လဲ လှူကြအုံးမှာပဲလို့၊ ဘာဖြစ်လို့တုန်း ခုနပြောတဲ့သဒ္ဓါ၊ မိမိတို့မှာ သဒ္ဓါရှိနေကြတယ်။ အဲဒီသဒ္ဓါက အမြဲတမ်းနှိုးဆော်ပေးနေတာ။ ဒီနှစ် ဒီအလှူတွေလှူပြီး နောင်နှစ် ဟိုအလှူလှူဖို့ ဒီလို ဘယ်သူ့ရည်ရွယ်ပြီး လှူတယ်ဆိုတဲ့ အလှူမျိုးအပြင် ရှင်ပြုတို့၊ ရဟန်းခံတို့ စသည် စသည်ဖြင့် သားကလေးတွေ အကြောင်းပြုပြီး ဖြစ်ရတဲ့ကုသိုလ်တွေကလည်း မနည်းဘူး၊ အဲသလို ကုသိုလ်တွေ,ကုသိုလ်တွေ သားကလေးမြေးကလေး အကြောင်းပြုပြီး ဖြစ်ရတဲ့ကုသိုလ်တွေ များစွာဖြစ်ပွားကြ၊ အဲဒီဥစ္စာဟာ မိမိတို့ ခုနပြောတဲ့ သဒ္ဓါတရားကြောင့်၊ ပညာတရားကြောင့်၊ သမ္မာဒိဋ္ဌိဆိုတဲ့ ပညာတရား ရှိပြီဆိုရင် ကုသိုလ်ရဲ့ကောင်းကျိုးကို မြင်ကြရတယ်။ ကုသိုလ်ရဲ့ ကောင်းကျိုးကို မြင်ကြတော့ သဒ္ဓါတရားက ယုံကြည်လာတယ်။ အဲဒါကြောင့်မို့လို့ ဘုရားကို ယုံကြည်တဲ့သဒ္ဓါ၊ တရားကို ယုံကြည်တဲ့သဒ္ဓါ၊ သံဃာကို ယုံကြည်တဲ့သဒ္ဓါ၊ ကောင်းမှုတို့ကို ယုံကြည်အားကိုးတဲ့သဒ္ဓါ၊ အဲဒီသဒ္ဓါတွေကို အကြောင်းပြုပြီးတော့ ကုသိုလ်တွေ အမျိုးမျိုး အဖုံဖုံ ဖြစ်တတ်ကြတယ်။ ယခုလည်း ဖြစ်နေတုန်းပဲ၊ နောင်လဲ ဖြစ်ကြမှာပဲ၊ ကုသိုလ်ဆိုတာကတော့ များတယ် မရှိဘူး၊ နည်းလွန်းကြီးပဲ၊ ဘာဖြစ်လို့တုန်းဆိုတော့ လူတစ်ဦးမှာ ကုသိုလ်နဲ့ အကုသိုလ်၊ အကုသိုလ်က များခဲ့ကြတယ်။ ကုသိုလ်ဆိုတာက အကုသိုလ်နဲ့စာရင် အတော်နည်းတယ်။

ဒီတော့ ကုသိုလ်ဆိုတာ များများပြုကြရတယ်။ ဒါကြောင့် ယခုလို ကုသိုလ်ပြုခြင်းဟာ မိမိတို့ရဲ့ ချမ်းသာခြင်း အကြောင်းပဲ၊ အဲဒီချမ်းသာခြင်းအကြောင်းကို သိနားလည်တဲ့ သဒ္ဓါပညာတရားတွေ ရှိနေတော့ ကုသိုလ်ပွဲတွေ အမျိုးမျိုးပြုကြရတယ်။ ဒီတော့ ကံဆိုတာကလည်း မိမိတို့မှာ ထူးထူးခြားခြား ကံတွေအမျိုးမျိုး ရှိနေမှ၊ ဘဝမှာ-ဘဝဆိုတာ တစ်ဘဝတည်း ပြီးတာမဟုတ်ဘူး။ ဒကားကြီးဦးမြင့်တို့ ဘဝတစ်ပါး ပြောင်းသွား ကွယ်လွန်ခဲ့တော့ တစ်ဘဝ ထပ်ဆက်ရတယ်။ အကြင်မျှလောက် အရဟတ္တမဂ် အရဟတ္တဖိုလ် မရသေး။ ထိုမျှလောက် သံသရာမှာ ခရီးသွားအဖြစ်နဲ့ သွားကြရဦးမှာ၊ သံသရာမှာ ခရီးသွားအဖြစ်နဲ့ သွားနေကြရတဲ့ သူသူငါငါ သတ္တဝါတို့မှာ အားကိုးရာက ကံပဲ။ ကောင်းမှုရှိရင် ကောင်းကျိုးရမယ်၊ ကောင်းတဲ့ဘဝမှာပဲဖြစ်ရမှာပဲ၊ မကောင်းမှုရှိရင် မကောင်းကျိုးရမယ်။ မကောင်းတဲ့ဘဝမှာ ဖြစ်ရမှာပဲ၊ ဒီတော့ ကုသိုလ်ဆိုတာ မိမိတို့ရဲ့ ဘဝ ထောက်တည်ရေးမှာ၊ ဘဝသာယာရေးမှာ အားပေးတတ်တဲ့ တရားတွေ၊ ဘဝ မြင့်မြတ်ရေးမှာ အားပေးတတ်တဲ့ တရားတွေ၊ ကုသိုလ်တွေအကြောင်းပြုပြီးတော့ မိမိတို့ တစ်ဆင့်ထက်တစ်ဆင့် မြင့်ကြရတယ်။

ယနေ့ အခုလို အားလုံးပြည့်ပြည့်စုံစုံနဲ့ တင့်တင့်တယ်တယ်နဲ့ လောကမှာ နေနိုင်ကြတယ်။ နေနိုင်ရုံတင်မကဘူး၊ စားဝတ်နေရေး၊ မပူရ မပင်ရ၊ လှူရေးတန်းရေး မပူပင်ရ၊ ဤဘဝအကျိုး၊ နောင်ဘဝအကျိုး၊ အကျိုးနှစ်ရပ်ကို ဘဝနှစ်မျိုး အကျိုးနှစ်ရပ်ကို မိမိတို့ရအောင် ဆောင်

ရွက်နိုင်ခဲ့ကြတယ်။ အဲဒါကို ပဏ္ဏိတလို့ ဘုရားရှင် ကိုယ်တော်မြတ်က အမည်ပေးတယ်။

ဒိဋ္ဌေ ဓမ္မေစ ယော အတ္ထော၊
ယောစတ္ထော သမ္မရာယိကော၊
အတ္ထာဘိသမယာ မီရော၊
ပဏ္ဏိတော တိ ပဝုစ္စတိ။

ဒိဋ္ဌေဓမ္မ-မျက်မှောက်ဘဝ၌၊ ယောအတ္ထောစ-အကြင်အကျိုးစီးပွားသည် လည်းကောင်း၊ သမ္မရာယိကော-တမလွန်ဘဝ၌ဖြစ်သော၊ ယော အတ္ထောစ-အကြင်အကျိုးစီးပွားသည်လည်းကောင်း၊ အတ္ထိ-ရှိပါပေ၏။ အတ္ထာဘိသမယာ-မျက်မှောက်ဘဝအကျိုး၊ တမလွန်ဘဝအကျိုး၊ အကျိုးနှစ်ပါးကို ရခြင်းကြောင့်၊ မီရော-ပညာဉာဏ်ရှိသော အမျိုးသား အမျိုးသမီးကို၊ ပဏ္ဏိတောတိ-ပဏ္ဏိတဟူ၍၊ ပဝုစ္စတိ-ကောင်းစွာသတ်မှတ် မိန့်ဆိုအပ်ပါပေသတည်း။

မိမိတို့မှာ ပညာရှိတဲ့ အမျိုးသား အမျိုးသမီးတွေ ဖြစ်နေတော့ ပညာရှိဆိုတာဟာ လောကပညာ၊ လောကီပညာ ပညာတွေတတ်နေရုံနဲ့ ပဏ္ဏိတ မဟုတ်သေးဘူး။ ခုနကပြောသလို မျက်မှောက်ဘဝအကျိုး၊ တမလွန်ဘဝအကျိုး၊ အကျိုးနှစ်ပါးကိုရမှ ပဏ္ဏိတ၊ မျက်မှောက်ဘဝအကျိုးရတယ်ဆိုတာ အခုလို လျှိုနှိုင်တာကိုကပဲ မျက်မှောက်အကျိုးရနေပြီလို့၊ ပုဗ္ဗေစ ကတပုညတာ-ရှေ့ဘဝက ပါရမီကုသိုလ်ထူးကြလို့ ယခုဘဝမှာ ပြည့်ပြည့်စုံစုံနဲ့ စားဝတ်နေရေး မပူရမပင်ရ မကြောင့်ကြရဘူး။

စားဝတ်နေရေး မပူမပင် မကြောင့်ကြရတော့ ဒိဋ္ဌဓမ္မအကျိုးက ပြည့်စုံနေပြီ။ စားဝတ်နေရေး မပူမပင် မကြောင့်ကြရတော့ တစ်ခါ မိမိတို့က သူတော်ကောင်းတရား လက်ကိုင်ထားကြတဲ့ ပုဂ္ဂိုလ်တွေ၊ တရားလက်ကိုင်ထားကြတော့ တမလွန်ဘဝအကျိုးနှစ်ပါးကို ရအောင် ဆောင်ရွက်နိုင်ကြတယ်။ သူတော်ကောင်းတရား လက်ကိုင်ထားကြတဲ့ပုဂ္ဂိုလ်မှန်သမျှ သူတော်ကောင်းအကျင့် ကျင့်မြဲပဲ၊ လှူဒါန်းခြင်းသည် သူတော်ကောင်းအကျင့်၊ ဘုရားအစရှိသော သူတော်ကောင်းတွေ ဤဒါန အစပျိုးပြီးတော့ ပါရမီတွေ ဖြည့်ခဲ့တယ်။ ဒါကြောင့် သူတော်ကောင်းအကျင့်တွေ ကျင့်နိုင်ကြတယ်။ အဲသလို ကျင့်နိုင်ခြင်းဟာ တမလွန်ဘဝ အကျိုးရအောင် ဆောင်ရွက်နိုင်တာ၊ မျက်မှောက်အကျိုး၊ တမလွန်ဘဝ အကျိုးနှစ်ပါးလုံး ရအောင် ဆောင်ရွက်နိုင်လို့ ရှေ့ကကောင်းလို့ အခုဘဝလည်း ကောင်းခဲ့ကြတာ။ ဒီဘဝ အခုထပ်ပြီး ကောင်းပြန်တော့ နောက်ဘဝလည်း ကောင်းကြတော့မယ်။ နောက်ဘဝ

ဘဝဆိုတာ တစ်ဘဝတည်း ပြီးတာမဟုတ်ဘူး။ ကွယ်လွန်ခဲ့တော့ တစ်ဘဝ ထပ်ဆက်ရတယ်။

သံသရာမှာ ခရီးသွားအဖြစ်နဲ့ သွားနေကြရတဲ့
သူသူငါငါ သတ္တဝါတို့မှာ အားကိုးရာက ကံပဲ။

ဆိုတာက မိမိတို့ ဒီဘဝက ကောင်းမှ ကောင်းကြမှာ။

ခုနပြောသလို မျက်မှောက်အကျိုး၊ တမလွန်ဘဝ အကျိုး နှစ်ပါးလုံး ပြည့်စုံရင် မကောင်းစရာမရှိ၊ ကွယ်လွန်ခဲ့တဲ့ ဒကာကြီး ဦးမြင့်တို့ မျက်မှောက်အကျိုး၊ တမလွန်ဘဝအကျိုး၊ အကျိုးနှစ်ပါးကို ကောင်းကောင်းရသွားတဲ့ ပုဂ္ဂိုလ်တွေ၊ ဒါကြောင့် သူတို့ဘဝဟာ သာယာမယ့်ဘဝလို့ ဘုန်းကြီးတို့ ခန့်မှန်းရတယ်။

အဲဒါလိုပေါ့ မိမိတို့လည်း ဒကာကြီးလိုပဲ မျက်မှောက်အကျိုး၊ တမလွန်အကျိုး၊ အကျိုးနှစ်ပါးကို ရအောင် ပိုင်အောင် ကြိုးစားထားတာ ဖြစ်သောကြောင့် ဤကုသိုလ်အကြောင်းတို့ကြောင့် နောက်နောက်က ပြုခဲ့တဲ့ ကုသိုလ်တွေ၊ ဤဘဝပြုခဲ့တဲ့ ကုသိုလ်တွေ၊ ဒါန သီလ ဘာဝနာ ကောင်းမှုတွေဟာ သံသရာမဆုံးသေးသမျှ ဤဘဝက ဘဝတစ်ပါး ပြောင်းရတဲ့အခါလည်း ဒီလိုပဲ၊ မျက်မှောက်ဘဝအကျိုးတွေ ဆောင်ရွက်နိုင်ကြလို့ တမလွန်ဘဝအကျိုးတွေ ဆောင်ရွက်နိုင်ကြလို့ အကျိုးနှစ်ပါးရအောင် ဆောင်ရွက်

မိမိတို့သည် လူကောင်းသူကောင်းဖြစ်ကြ၊ သူတော်ကောင်းတွေနဲ့ ပေါင်းသင်းနိုင်ကြ၊ ရတနာသုံးပါး ထွန်းကားရာအရပ်မှာ ဖြစ်နေကြ၊

နိုင်ကြလို့ ဟိုဘဝကျတော့လည်း ဒီဘဝက ပုဗ္ဗေစကတ ပုညတာဖြင့် မိမိတို့သည် လူကောင်းသူကောင်းဖြစ်ကြ၊ သူတော်ကောင်းတွေနဲ့ ပေါင်းသင်းနိုင်ကြ၊ ရတနာသုံးပါး ထွန်းကားရာအရပ်မှာ ဖြစ်နေကြ၊ အဲသလို အစစ အဆင်ပြေ အကြောင်းသင့်ပြီးတော့ အကြောင်းမသင့်လို့ ဒီဘဝ မဂ်ဖိုလ် မရနိုင်တောင် နောက်ဘဝကျတော့ ပိုပြီးတော့ နီးစပ်သွား ရတယ်။ လျင်မြန်စွာ ရချင်လည်း ရနိုင်တယ်။

ဘုရားရှင်ကိုယ်တော်မြတ်က အကြောင်းလေးပါး ဟောထားတာရှိတယ်။ ဒီဘဝက မိမိတို့ရဲ့ တရားလက်လွတ် မဟုတ်ဘဲနဲ့ တရားလေးတွေ လက်ရှိအဖြစ်နဲ့ နေကြရင် ဒီဘဝကစုတေ မနေ သေလွန်သွားရင် တာဝတိံသာ အစရှိသော နတ်ပြည်တွေရောက်ရင် အဲဒီအခါကျတော့ နတ်ဆိုတာ ချမ်းသာတယ်၊ ကိုယ်လည်းချမ်းသာ စိတ်ချမ်းသာတော့ သူ့တို့ သမာဓိရဖို့ အင်မတန်လွယ်တယ်၊ ဒီတော့ ဒီဘဝက တရား အခံလေး ပါသွားတော့ ဟိုဘဝရောက်တယ်ဆိုရင်ပဲ ဘွားခနဲဆို ဟော တရားဦး ချက်ချင်းရပြီးတော့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ချက်ချင်းရပြီးတော့ အရိယာအဖြစ် ရောက်သွားနိုင်တယ်။ ဒါတစ်ချက်။

ဒုတိယအချက်က အကြောင်းမသင့်လို့ ကိုယ်တိုင် တရားတွေ မပေါ်အုံးတော့ လူ့ပြည်က တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေ တက်ပြီးတော့ ရဟန္တာပုဂ္ဂိုလ်တွေ တက်ပြီးတော့ တရားဟောရင် အဲဒီအခါမှာ ရနိုင်တယ်။ ဒါ ဒုတိယအချက်၊ တတိယအချက်က အဲသလိုမှ မရရင် နတ်ပြည်ဆိုတာက လည်း နတ်သူတော်ကောင်းတွေ၊ နတ်အရိယာတွေက တော်တော်ရှိတယ်။ နတ်ဓမ္မကထိကတွေကလည်း ရှိတယ်၊ ဗြဟ္မာဓမ္မကထိကတွေကလည်းရှိတယ်။ သုဓမ္မာသဘင် အစရှိသော နတ်အစည်းအဝေးမှာ အဲသလို နတ်ဓမ္မကထိက၊ ဗြဟ္မာဓမ္မကထိက က ဟောပြောဆုံးမတဲ့ အခါကျတော့ အဲဒီ ဟောပြောဆုံးမသံ ကြားရပြီးတော့ တရားထူး ရသွားနိုင်တယ်။ ဒီအကျိုးကလည်း ရနိုင်တဲ့ အကျိုးတစ်ခု၊ အဲဒီလိုမှ မရရင် မိမိတို့ရှေးက တရားစောင့်ဖက်၊ သီလဆောက်တည်ဖက်၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းဖက် အဲသလို နတ်မျိုးတွေကလည်း ဟိုမှာ အများကြီး ရှိနေမှာပါ။ အဲသလို နတ်တွေက သတိပေးတတ်တယ်၊ သူတို့ သတိပေးလို့ မိမိက ရှေ့က လေ့လာဖူးတဲ့ တရားတွေ ပြန်ပေါ်ပြီးတော့ တရားထူး ရနိုင်တယ်လို့ အချက်လေးချက် ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူတယ်။

အဲဒါကြောင့်မို့လို့ မိမိတို့မှာ ဒီဘဝ ဒိဋ္ဌဓမ္မအကျိုး ဆိုတဲ့ မျက်မှောက်အကျိုးလည်းပြည့်စုံ၊ သမ္မာယိကဆိုတဲ့ တမလွန်ဘဝအကျိုးလည်းပြည့်စုံ၊ နောက်ဘဝကျတော့ မျှော်လင့်ချက် အင်မတန်ကောင်းပါတယ်။ မိမိတို့ ကြိုးစားအားထုတ်လို့ ဒီဘဝ ရချင်လည်းရမယ်။ ဒီဘဝ အခန့်မသင့်လို့ မရသေးရင် ဒုတိယဘဝကျတော့ သေချာတယ်။ ဒါကြောင့် မိမိတို့ဟာ ကွယ်လွန်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကို အမှတ်ရပြီးတော့ သံဝေဂတွေ ဖြစ်ပွားပြီးတော့ ကွယ်လွန်တဲ့ ပုဂ္ဂိုလ်တွေ အကြောင်းပြုပြီး လှူဒါန်းတဲ့ အခါသမယမှာ အဲသလို သံဝေဂတွေ ဖြစ်ပွားပြီးတော့ ကိုယ့်ကိုယ်ကို ထူးခြားတဲ့ တရားတွေ မြန်မြန်ရဖို့ဆိုတဲ့ မျှော်လင့်ချက်တောင့်တချက်ဖြင့် မိမိတို့ ကုသိုလ်ပြုတဲ့ ဤနေ့ ဤအခါမှာ အဓိဋ္ဌာန်ပြုပြီးတော့ မိမိတို့ ကုသိုလ်ပွဲကြီးကို အကျိုးရှိအောင် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

ကုသိုလ်သဒ္ဓါ ဗိဇိသန္တာန်မှာ ထင်ရှားစေကုန်

အရှင်ဓါသေဋ္ဌာဘိဝံသ

ဝဝ၄၆- ခု၊ တော်သလင်းလဆန်း(၁၀) ရက်၊ (၅-၉-၁၉၈၄)

ဦးလှရွှေ + ဒေါ်အောင်မေညွှန့် ဗိသားစု ဆွမ်းအနုမောဒနာတရား

ပသန္နမုခဝဏ္ဏာ စ၊ ပရိပုဏ္ဏ မနောရထာ။
ဗိတိ ပါမောဇ္ဇဟုလာ၊ စိရံ ဇိဝန္တု နာမယာ။

ပသန္န မုခဝဏ္ဏာစ-အစစပြည့်စုံ အဖုံဖုံ ပေါပြည့်ဝလျက် ကြည်လင်သော မျက်နှာအရေအဆင်းရှိကြကုန်သည်လည်းကောင်း။ ပရိပုဏ္ဏ မနောရထာ-စိတ်ကြံသမျှ ဆန္ဒလုံးစုံ ပြီးပြည့်မြောက်ကြကုန်သည်လည်းကောင်း။ ဗိတိပါမောဇ္ဇ ဗဟုလာ-နှစ်သက်ခြင်းဗိတိ ဝမ်းမြောက်ခြင်း ပါမောဇ္ဇ ဤတရားနှစ်ပါး အားကြီးစွာဖြစ်ပွားကြကုန်သည်လည်းကောင်း။ အနာမယာ-အနာရောဂါ ကင်းကင်းရှင်းရှင်းနှင့်။ စိရံ ဇိဝန္တု-ကြာကြာဆက်တည် အသက်ရှည်ကြပါစေကုန်သတည်း။

ယနေ့ ဒကာမောင်လှရွှေရဲ့ မွေးနေ့မင်္ဂလာ အခါသမယမှာ ဆွမ်းဆက်ကပ်လှူဒါန်းကြတယ်။ အဲဒီတော့ ဘုန်းကြီးတို့က အစစပြည့်စုံ အဖုံဖုံပေါပြည့်ဝ၍ ကြည်လင်သောမျက်နှာ အရေအဆင်း ရှိကြပါစေလို့ ဆုပေးတယ်။ အမှန်က အလှူ လှူတယ်ဆိုကတည်းက ဘာတရားဖြစ်တုန်း သဒ္ဓါတရားဖြစ်တယ်။ သဒ္ဓါဆိုတာက ယုံကြည်ခြင်း လက္ခဏာရှိတယ်။ ကြည်လင်ခြင်း လက္ခဏာ ရှိတယ်။ အဲဒီတော့ သဒ္ဓါတရား ဖြစ်လာပြီဆိုရင်။ ရှေ့ကမကောင်းတဲ့ တရားတွေဟာ မကောင်းတဲ့ ကိလေသာ အညစ်အကြေး အနောက်တရားတွေဟာ၊ စင်ကြယ်ပြီးတော့သွားတယ်။ အတွင်းက မကောင်းတဲ့ ကိလေသာ အနောက်အကျူ အညစ်အကြေးတရားတွေ စင်ကြယ်သွားပြီဆိုတော့ စိတ်ဟာ ကြည်လင်ပြီး အေးမြလာတယ်။ ဘုန်းကြီးတို့ စာပေမှာ သဒ္ဓါတရားကို စကြဝတေးမင်းကြီးရဲ့ ပတ္တမြားရတနာနဲ့ နှိုင်းခိုင်းလေ့ရှိတယ်။ အရှင်နာဂသိန်းက မိလိန္ဒမင်းကြီးကို ဟောတဲ့နေရာမှာ သဒ္ဓါတရားကို စကြဝတေးမင်းကြီးရဲ့ ပတ္တမြားရတနာနဲ့ ဥပမာပေးတယ်။ စကြဝတေးမင်းကြီးရဲ့ ပတ္တမြားရတနာဟာ ဘယ်လောက်နောက်တဲ့ရေဖြစ်ဖြစ် ရွံ့နက်တွေဖြစ်နေတဲ့ ရေချည်းပဲဖြစ်ဖြစ်၊ အဲဒီ ပတ္တမြားရတနာကို ထည့်လိုက်ရင် တစ်ခါတည်း အနယ်တွေကျပြီးတော့ ကြည်လင်ပြီးတော့ လာရတယ်။ အင်္ဂါလေးပါးရှိတဲ့ စစ်သည်ဆင်,မြင်း,ရထား ခြေသည်တွေ မြစ်ကို ဖြတ်ကူး ကြတယ်။ တစ်ဘက်ကမ်းကို ရောက်သွားတော့ စကြဝတေးမင်းက

ရသောက်ချင်တယ်။ အဲဒီအခါမှာ ရတွေက နောက်နေတယ်။ ဒီတော့ ဘာလုပ်ရတုန်းဆိုတော့ ပတ္တမြားရတနာထည့်လိုက်ရတယ်။ ပတ္တမြားရတနာထည့်လိုက်တယ် ဆိုရင်ပဲ ဒီနောက်နေတဲ့ရေဟာ တစ်ခါတည်း အနယ်တွေကျပြီးတော့ ကြည်လင်လာရတယ်။ ဒါဟာ ပတ္တမြားရဲ့ အစွမ်းသတ္တိ။

သဒ္ဒါတရားရဲ့ အစွမ်းသတ္တိဟာလည်း ဒီလိုပဲ၊ ပတ္တမြားရဲ့ အစွမ်းကြောင့် ရေဟာ ကြည်လင်လာရသလို၊ ထို့အတူ သဒ္ဒါတရားရဲ့ အစွမ်းဟာလည်း ဘယ်လောက်ပဲ နောက်နေတဲ့စိတ် ဖြစ်ဖြစ်၊ ကုသိုလ်တရားတွေ ဖြစ်ပွားပြီးတော့ သဒ္ဒါတရားလည်း ဖြစ်ပွားလာပြီဆိုရင်၊ အဲဒီ သဒ္ဒါတရားတည်းဟူသော အကြည်ဓာတ်ကြောင့် မကောင်းတဲ့ အကုသိုလ်၊ လောဘ၊ ဒေါသ၊ မောဟ အစရှိသော အကုသိုလ် အနောက်အကျူး အညစ်အကြေးတရားတွေဟာ လွင့်စင်ပြီးတော့၊ စိတ်ဟာ အထူးသဖြင့် ကြည်လင်လာရတယ်။ အေးမြလာရတယ်။ စိတ်ကြည်လင်လို့ရှိရင် စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေ၊ ခန္ဓာကိုယ်ထဲရှိတဲ့ စိတ္တဇရုပ်တွေဟာ ကြည်လင်လာတယ်။ စိတ္တဇရုပ်တွေ ကြည်လင်ပြီဆိုရင် အဲဒီ စိတ္တဇရုပ်နဲ့ တစ်ဆက်တည်း ဆက်သွယ်ပြီး နေကြတဲ့ ကမ္မဇ ဥတုဇ အစရှိတဲ့ ရုပ်တွေဟာ ကြည်လင်လာတယ်။ ဒါကြောင့် ကုသိုလ်သဒ္ဒါတရား မိမိသန္တာန်မှာ ထင်ရှားဖြစ်လာပြီဆိုရင် အဲ ကိုယ်လည်းကြည်လာတယ်၊ စိတ်လည်းကြည်လာတယ်၊ စိတ်လည်းကြည် ကိုယ်လည်းကြည် အားလုံးကြည်လင်လာတယ်။ သဒ္ဒါဖြစ်နေတဲ့ လူပုဂ္ဂိုလ် တစ်ယောက်ကို ဘေးကမြင်တဲ့ပုဂ္ဂိုလ်ကတောင် ခန့်မှန်းနိုင်တယ်။ အဲဒီပုဂ္ဂိုလ် သန္တာန်မှာ သဒ္ဒါ ဖြစ်ပေါ်နေပြီလို့ ခန့်မှန်းနိုင်တယ်။ ဘာ့ကြောင့်ခန့်မှန်းနိုင်တုန်းဆိုတော့ ကုသိုလ်ပြုပြီး ပျော်နေတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်ဆိုတာ ကြည်လင်နေတယ်။ နဂိုကြည်လင်မှုထက်ပိုပြီး ကြည်လင်နေတယ်၊ ကြည်လင်နေတဲ့အတွက်ကြောင့် ဒီပုဂ္ဂိုလ်သန္တာန်မှာ သဒ္ဒါတရား ဖြစ်နေပြီဆိုတာ သိရတယ်။ ယနေ့လူ့တာ ဒကာမောင်လှရွှေအကြောင်းပြုပြီး အဲ လှုလိုက်ပြီလို့ တို့အကြောင်းကြားလိုက်ရင် ကြားကြားချင်း ဟိုက စိတ်ထဲမှာ အင်မတန် ဝမ်းသာသွားတယ်။ သဒ္ဒါပေါ်လာတယ်။ သဒ္ဒါပေါ်လာရင် အဲ သူ့ရုပ်ဟာ ကြည်လင်သွားမယ်၊ အေးချမ်းသွားမှာပဲ၊ ကိုယ်လဲ အေးချမ်းသွားမှာပဲ၊ စိတ်ကလည်း ကြည်လင်သွားမှာပဲ၊ သဒ္ဒါဆိုတာ အေးချမ်းလည်း အေးချမ်းစေတတ်တယ်။ ကြည်လင်လဲ ကြည်လင်စေတတ်တယ်။ ချမ်းလဲ ချမ်းသာစေတတ်တယ်။ ဒါကြောင့် ယနေ့ လှုကြတဲ့နှုန်းကြပူဇော်ကြ သဒ္ဒါတရားတွေ ဖြစ်ကြတော့ ကြည်လင်ကြပါစေလို့ အထူးဆုတောင်းစရာတောင် မလိုပါဘူး။ သို့သော်ဘုန်းကြီးတို့ကလဲ မေတ္တာရှေ့ထားပြီး ဆုတောင်းကြရတယ်။

ပသန္နမုခ ဝဏ္ဏာစ-အစစပြည့်စုံ အဖုံဖုံ ပေါပြည့်ဝ၍ ကြည်လင်သော မျက်နှာ အရေအဆင်း ရှိကြကုန်သည်လည်းကောင်း၊ ပရိပုဏ္ဏ မနောရထာစ-စိတ်ကြံသမျှ ဆန္ဒအလုံးစုံ ပြည့်မြောက်ကြကုန်သည်လည်းကောင်း၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။ ပရိပုဏ္ဏ မနောရထာစ-စိတ်ကြံသမျှ ဆန္ဒအလုံးစုံ ပြည့်စုံကြကုန်သည်လည်းကောင်း၊ ဟုတ္တာ-ဖြစ်ကြကုန်၍၊ ကြံသမျှ ဆန္ဒတွေ ပြည့်ကြပါစေလို့ ဒီလိုလည်း ဘုန်းကြီးတို့ ဆုတောင်းကြရတယ်။ လူဟာ ကြံသမျှ ဆန္ဒတွေ ကြံတိုင်းပြည့်ရောလားဆိုတော့ ဒီလိုတော့ မဟုတ်ဘူး။ ဒါပေမယ့် ကုသိုလ်ရဲ့ အစွမ်းကြောင့် ခုနပြောတဲ့ သဒ္ဒါရဲ့ အစွမ်းကြောင့် မိမိတို့ ကြံသမျှ စီသမျှဟာ များသောအားဖြင့် ပြီးမြောက်တတ်တယ်။

ဣဏ္ဍုတိ ဘိက္ခဝေ သီလဝတော စေတော ပဏိဓိ ဝိသုဒ္ဓတ္တာ။

ဘိက္ခဝေ-ရဟန်းတို့၊ သီလဝတော-သီလရှိကုန်သော ပုဂ္ဂိုလ်၏၊ စေတော ပဏိဓိ-စိတ်အကြံတောင်းတခြင်းသည်၊ ဣဏ္ဍုတိ-ပြည့်စုံတတ်၏။

သီလရှိတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်အကြံတောင့်တချက်ဟာ ပြည့်စုံတတ်တယ်။ ဘာကြောင့်တုန်းဆိုတော့ ဝိသုဒ္ဓတ္တာ-စင်ကြယ်လို့၊ သီလရှိတဲ့ပုဂ္ဂိုလ်ဟာ စင်ကြယ်တယ်။ စင်ကြယ်တော့ သီလရှိတဲ့ပုဂ္ဂိုလ် တောင့်တရင် တောင့်တတဲ့အရာဟာ ပြည့်စုံတတ်တယ်လို့ ဘုရားရှင်ကိုယ်တော်မြတ် ဟောထားတာ ရှိတယ်။ အဲဒါကြောင့် သီလဆိုတဲ့ တရားဟာ စိတ်အကြံပြည့်စုံတတ်တယ်။ သီလတင်လား၊ မဟုတ်သေးဘူး။ ဒါန-

သဝမြကန်ဓထရရာပြည်ဝဂဟူတာဘရောင်

ယနေ့လျှဒါန်းရတဲ့ဒါနဟာလည်း စိတ်အလို ဆန္ဒပြည့်စုံတတ်တယ်။

မနုဿိကာ စ သမ္မတ္တိ၊ ဒေဝလောကေ စ ယာရတိ။
ယာ စ နိဗ္ဗာန သမ္မတ္တိ၊ သဗ္ဗ မေတေန လဗ္ဘတိ။

လူ့ဘဝ လူ့စည်းစိမ် လူ့ချမ်းသာ ပစ္စည်းဥစ္စာ စသည် လိုချင်ရင်လည်း ပြည့်စုံနိုင်တယ်။ နတ်စည်းစိမ် နတ်ချမ်းသာ လိုချင်ရင်လည်း ပြည့်စုံနိုင်တယ်။ နိဗ္ဗာန်ချမ်းသာကို လိုချင်ရင်လည်း ပြည့်စုံနိုင်တယ်။ ဒါနကုသိုလ်ကလည်း သူက မိမိလိုရာကို ပေးနိုင်တာပဲ။ အဲဒါတင်မက ဒီ့ပြင် အမျိုးမျိုး လောကသာသနာမှာ ဂုဏ်တွေရှိတယ်။

ပဋိသမ္ဘိဒါ ဝိမောက္ခာ၊ ယာ စ သာဝက ပါရမီ။
ပစ္စေက ဗောဓိ ဗုဒ္ဓဘူမိ၊ သဗ္ဗ မေတေန လဗ္ဘတိ။

ပဋိသမ္ဘိဒါဉာဏ်၊ ဝိမောက္ခဆိုတဲ့ စျာန်သမာပတ်တွေ၊ သာဝကပါရမီခေါ်တဲ့ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကခေါ်တဲ့ သာဝကဂုဏ်ထူး၊ ပစ္စေကဗောဓိ-ပစ္စေကဗုဒ္ဓါအဖြစ်၊ ဗုဒ္ဓဘူမိ-ဘုရားအဖြစ်ထိအောင် ရတယ်။ လိုချင်ရာ ရနိုင်တယ်ဆိုတာ ဘုရားကိုယ်တိုင် ဟောထားတာရှိတယ်။ ဒါ့ကြောင့်မိုလို့ စိတ်ကြံသမျှ ပြည့်စုံနိုင်တဲ့ ဣစ္ဆာသယ ပတ္တမြားရတနာကို ဒါနဆိုတာ မဏိဇောတ ပတ္တမြားရတနာလိုတဲ့၊ လိုရာ လိုရာ စိတ်အကြံဆန္ဒ ပြည့်စုံတတ်တဲ့ တကယ့် ဣစ္ဆာသယပတ္တမြားရတနာကြီးပဲ၊ ဒါနဆိုတာ၊ ဒါ့ကြောင့် ပရိပုဏ္ဏမနောရထာ-စိတ်ကြံသမျှ ဆန္ဒလုံးစုံ ပြီးမြောက်ကြကုန်သည်လည်းကောင်း။ ဟုတ္တာ-ဖြစ်ကြကုန်၍။ ပီတိပါမောဇ္ဇဗဟုလာ-နှစ်သက်ခြင်းပီတိ၊ ဝမ်းမြောက်ခြင်း ပါမောဇ္ဇ ဤတရားနှစ်ပါး အားကြီးစွာ ဖြစ်ပွားကြကုန်လျက်။ ပီတိတရားတွေ၊ ပါမောဇ္ဇတရားတွေ ဖြစ်ပွားပါစေလို့၊ ပီတိဆိုတာ နှစ်သက်တာ၊ ပါမောဇ္ဇဆိုတာ ဝမ်းမြောက်မှု။ အဲဒီတော့ ယနေ့ ကုသိုလ်ပြုတယ်ဆိုတာက ခုနပြောတဲ့ သဒ္ဓါတရား အရင်းခံထားတယ်။ သဒ္ဓါတရား အရင်းခံရုံတင်လားဆိုတော့ မဟုတ်ဘူး။ ဒါနဆိုတာဟာ မေတ္တာရှေ့သွားရှိတယ်။ ကရဏာရှေ့သွားရှိတယ်။ တစ်ခါတစ်ရံ မေတ္တာရှေ့သွားရှိတယ်။ တစ်ခါတစ်ရံ ကရဏာရှေ့သွားရှိတယ်။ ဘုရားကြည်ညိုလို့ လှူဒါန်းတယ်။ တရားသံဃာ ကြည်ညိုလို့ လှူဒါန်းတယ်။ ဒါဆိုရင် မေတ္တာတရားပဲ၊ သံဃာတော်တွေ အပေါ်မှာထားတဲ့ မေတ္တာတရား ဖြစ်ပွားနေတော့ မေတ္တာဆိုတဲ့ တရားဟာလည်း စိတ်ကိုကြည်လင်စေတတ်တဲ့တရား၊ စိတ်ထဲမှာ နှစ်သက်မှု၊ ဝမ်းမြောက်မှု ပီတိပါမောဇ္ဇဖြစ်စေတတ်တဲ့တရား။ တစ်ခါတစ်ရံ သနားဖွယ် ဒုက္ခိတ မြင်ရတဲ့အခါ လှူချင်တန်းချင် ပေးကမ်း ချင်တယ်။ အဲဒီအခါမှာ ကရဏာပြဌာန်းတယ်။ ဒီတော့ ဒါနဆိုတဲ့ တရားဟာ တစ်ခါတစ်ရံ ကရဏာပြဌာန်းတယ်။ တစ်ခါတစ်ရံ မေတ္တာပြဌာန်းတယ်။ ဒါ့ကြောင့် မေတ္တာ ကရဏာ ပြဌာန်းတယ်လို့ဆိုတယ်။

ဒီတော့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ပီတိ သောမနဿ ဖြစ်တယ်။ သောမနဿဖြစ်ရင် ပီတိပါတယ်။ ပီတိပါလာရင် ပါမောဇ္ဇဆိုတာလည်း ပါလာတာပဲ။ ပီတိဆိုတာ နုတဲ့ နှစ်သက်မှု, ဝမ်းသာမှု၊ ပါမောဇ္ဇဆိုတာ ရင့်တဲ့ နှစ်သက်မှု ဝမ်းသာမှု၊ အဲဒါကြောင့် ယနေ့ လှူကြတန်းကြတဲ့ ကုသိုလ်တွေ ပီတိ ပါမောဇ္ဇကတော့ ရှိပြီးသားပဲ၊ ထပ်တလဲလဲ ဤကုသိုလ်တွေ ကောင်းမှုတွေ အကြောင်းပြုပြီးတော့ အစစအဆင်ပြေပြီးတော့ ရောဂါ-ဘေးဒဏ် အန္တရာယ်တွေ ကင်းပြီးတော့ နှစ်သက်မှုပီတိ၊ ဝမ်းမြောက်မှု ပါမောဇ္ဇ ဤတရားတွေ အစဉ်မကွာ ဖြစ်ပါစေလို့ ဆုတောင်းရတယ်။ ပီတိပါမောဇ္ဇ ဗဟုလာ-နှစ်သက်ခြင်း ပီတိ၊ ဝမ်းမြောက်ခြင်း ပါမောဇ္ဇ ဤတရားနှစ်ပါး အားကြီးစွာ ဖြစ်ပွားကြကုန်လျက်၊ အနာမယာ-ကိုယ်တွင်း အနာရောဂါ စိတ်ဓာတ်အနာ ကိလေသာရောဂါ ဝေဒနာတွေ ကင်းကင်းရှင်းရှင်းနဲ့၊ စီရံ-ဇီဝန္တ-ကြာကြာဆက်တည် အသက်ရှည်ကြပါစေကုန်သတည်း။

♦♦♦♦♦

သူတော်ကောင်းဥစ္စာ ရတနာ

အရှင်ဝါသေဋ္ဌာဘိဝံသ

၁၃၄၆-ခု၊ တော်သလင်းလဆန်း(၄)ရက်(၂၉-၈-၁၉၈၄) ပုဇွန်တောင် ပွဲရုံတန်း
ဦးသိန်းမောင် အိမ်တက်မင်္ဂလာဆွမ်းအနမောဒနာတရားတော်

ယဲကိုဋ္ဌိဝိတ္တံ-သုံးဂါထာကို ရွတ်ဆိုပြီး အနက်ပေး တွေဟာ လောကရတနာတင် ရှာကြတာမဟုတ်ဘူး။ ဓမ္မရတနာလဲ ရှာကြသေးတယ်။ ဘုရား၊ တရား၊ သံဃာ အဲဒီရတနာရှိမှ ချမ်းသာနိုင်မှာမို့လို့၊ တကယ်ချမ်းသာမှာ မိုလို့၊ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး ရှာမှီးကြ၊ လက်ခံသိမ်းပိုက်ကြ။ အဲဒီတော့ ဘုရား၊ တရား၊ သံဃာ ရတနာတည်းဟူသော ရတနာရှိပြီလို့ဆိုရင် မင်္ဂလာရှိတာပဲ။ ဒါကြောင့် ဘုရားမမေ့ကြရ၊ တရားမမေ့ကြရ၊ သံဃာ မမေ့ကြရ။ ရတနာသုံးပါး မမေ့ကြရင် ပစ္စက္ခဘဝဋ္ဌပင် မကောင်းသော ဘေးဒဏ်ရန်စွယ် အန္တရာယ်တွေ ကင်းငြိမ်းနိုင်တယ်။ နောင်အခါ သံသရာဘေး ဒုက္ခတွေ အေးငြိမ်းနိုင်ခြင်းတည်းဟူသော အကျိုးခံစားရတယ်။ ဒါကြောင့် ရတနာမြတ်သုံးပါးဟာ စွဲစွဲမြဲမြဲ လက်ခံထားထိုက်တဲ့ ရတနာတွေ။ ရတနာသုံးပါး လက်ခံထားပြီဆိုရင် ရတနာတွေ ပေါလာတာပဲ။ ဘာရတနာတွေ ပေါလာတုန်း ဆိုတော့-

သဒ္ဓါဓနံ သီလဓနံ၊ ဟိရီဩတ္တပ္ပိယံဓနံ။
သုတဓနဉ္စ စာဂေါစ၊ ပညာဓေ သတ္တမံ ဓနံ။

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ ဆိုတဲ့ သူတော်ကောင်းဥစ္စာ ရတနာတွေ ပေါ်လာတယ်။ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး အကြောင်းပြုပြီး သဒ္ဓါတရားတွေ ဖြစ်ပွားကြရတယ်။ သီလတွေ ဖြစ်ပွား။ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပတည်းဟူသော သူတော်ကောင်း ဥစ္စာတွေ ဖြစ်ပွားကြရ။ အဲဒီဥစ္စာ၊ အဲဒီ ရတနာတွေဟာ ချမ်းသာခြင်းအကြောင်းပဲ။ အဲဒီ ရတနာတွေဟာလည်း မင်္ဂလာရှိကြောင်း ရတနာတွေပဲ။ ကျက်သရေရှိကြောင်း ရတနာတွေပဲ။ အကြင်ပုဂ္ဂိုလ်၏ သန္တာန်၌ ထိုသဒ္ဓါအစရှိသော ရတနာတွေ ရှိကြတယ်။ ထိုပုဂ္ဂိုလ်တွေဟာ ကျက်သရေမျိုး နေ့တိုင်းတိုးနေတဲ့ ပုဂ္ဂိုလ်တွေပဲ။ မင်္ဂလာရှိတဲ့ ပုဂ္ဂိုလ်တွေပဲ။ တစ်မျိုးပြောရရင် လောကရတနာတွေကတကယ် ကိုယ်ပိုင်ရတနာ မဟုတ်ဘူး။ ဝင်လာလိုက်ထွက်သွားလိုက်နဲ့၊ နောက်ဆုံး မပျက်စီးရအောင်ဆိုပြီးတော့ တရိတသေ သိမ်းထားတဲ့ ပစ္စည်းဥစ္စာတွေ၊ ရတနာတွေဆိုပါဦးတော့ တစ်နေ့ကျ စွန့်ရမှာ။ အဲဒီတော့ ကိုယ်ပိုင်ဥစ္စာ မဟုတ်ဘူး။

တကယ့်ကိုယ်ပိုင်ဥစ္စာက ခုနပြောတဲ့ သဒ္ဓါ အစရှိသော ဥစ္စာရတနာတွေ။ အဲဒီရတနာတွေသာ ကိုယ်ပိုင်ဥစ္စာ။ သူက ဘယ်သူနဲ့မှ မဆိုင်ဘူး။ လောကရတနာတွေကယောကျ်ားမှာရှိရင် မိန်းမနှင့်ဆိုင်တယ်။ မိန်းမမှာရှိရင် ယောကျ်ားနှင့်ဆိုင်တယ်။ သားသမီးတွေနဲ့ ဆိုင်နေတယ်။ အများနဲ့ ဆိုင်နေတယ်။ ဘုံဆိုင်တွေ၊ ကိုယ်ပိုင်က ကုသိုလ်ရတနာတွေ။ သဒ္ဓါ၊ သီလ အစရှိသော ကုသိုလ်ရတနာတွေ။ ဘယ်ရန်သူမှ မဖျက်ဆီးနိုင်ဘူး။ ဘယ်သူခိုးမှ မခိုးနိုင်ဘူး။

ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်လက်ထက်က ဥဂ္ဂဆိုတဲ့ အမတ်ကြီးရှိတယ်။ သူ့နာမည်က ဥဂ္ဂ။ ကောသလမင်းကြီးရဲ့ အမတ်ကြီး။ တစ်နေ့ ဘုရားရှင်ကိုယ်တော်မြတ်ထံ ရောက်လာ။ ရောက်လာတော့-

အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ။ ယာဝ အမော စာယံ ဘန္တေ မိဂါရော ရောဟဏေယျော ယာဝ မဟဒ္ဓနော- ယာဝ မဟာဘောဂေါတိ။

ဘန္တေ-မြတ်စွာဘုရား။ အစ္ဆရိယံ-အံ့ဖွယ်ရှိပါပေစွ။ ဘန္တေ-မြတ်စွာဘုရား။ အဗ္ဘုတံ-မဖြစ်ဘူးမြဲ ထူးကဲစွာဖြစ်ပါပေစွ။ ရောဟဏေယျော-ရောဟဏ သူဌေးကြီးဖြစ်သော။ အယံမိဂါရော-အကြင်မိဂါရသူဌေးသည်။ အတ္ထိ-ရှိ၏။ သော-ထိုမိဂါရသူဌေးသည်။ ယာဝ အမော-အလွန် အလွန် ကြွယ်ဝလှပါပေ၏။ ယာဝ မဟဒ္ဓနော-အလွန်အလွန် များစွာသော ဥစ္စာရှိပါပေ၏ လို့ အံ့သြစရာ လျှောက်ထားတယ်။ မြတ်စွာဘုရား၊ ရောဟနသူဌေးရဲ့ မြေးဖြစ်တဲ့ မိဂါရဆိုတာ အင်မတန် ချမ်းသာတယ်။ အံ့သြစရာ အလွန်ကောင်းပါတယ်ဘုရား။ ဘယ်လောက်ချမ်းသာသလဲဆိုရင်၊ သတ် ဘန္တေသတသဟဿာနံ ဟိရညဿ-ရွှေချည်းပဲ တစ်ကုဋေ့လောက် ချမ်းသာတယ်။ ငွေတွေဆိုတာ ပြောစရာမရှိဘူး။ အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က ဥဂ္ဂသူကြွယ်-သင်ပြောတဲ့ ရောဟဏေယျ၏ မြေး မိဂါရသူဌေးချမ်းသာတယ်ဆိုတာ ဖြစ်နိုင်တဲ့အရာပါပဲ။ ဒါပေမယ့်-

အဲဒီတော့ လောကမှာ တကယ့်ကိုယ်ပိုင်ဥစ္စာဟာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ ဆိုတဲ့ သူတော်ကောင်းဥစ္စာတွေ၊ တကယ့်ရတနာတွေ။ အဲဒီရတနာတွေ ရှိပြီဆိုရင် မင်္ဂလာရှိတာပဲ။

တဋ္ဌ ဓေါ ဇေတ် ဥဋ္ဌမနံ သာဓာရဏံ အဂ္ဂိနာ ဥဒကေန ရာဇူဟိ စောရေဟိ အပ္ပိယေဟိ ဒါယာဒေဟိ။

အဲဒီပစ္စည်းတွေဟာ၊ အဂ္ဂိနာ-မီးနှင့်လည်း။ သာဓာရဏ်-ဆက်ဆံနေတယ်။ ဥဒကေန-ရေနှင့်လည်း။ သာဓာရဏ်-ဆက်ဆံနေတယ်။ ရာဇူဟိ-မင်းတို့နှင့်လည်း။ သာဓာရဏ်-ဆက်ဆံနေတယ်။ အပ္ပိယေဟိ-မချစ်မနှစ်သက်အပ်ကုန်သော။ ဒါယာဒေဟိ-အမွေခံသားဆိုး သမီးဆိုးတို့နှင့်လည်း။ သာဓာရဏ်-ဆက်ဆံနေ၏။

မီးကလည်းလောင်ပြီး ပျက်စီးသွားနိုင်တယ်။ ရေဘေးကြောင့်လည်း ပျက်စီးသွားနိုင်တယ်။ မင်းတွေကလည်း အတင်းယူသွားနိုင်တယ်။ သူခိုးဓားပြတွေကလည်း တိုက်ယူနိုင်တယ်။ သားဆိုးသမီးဆိုး အမွေခံဆိုး တွေကြောင့်လည်း ပျက်စီးနိုင်တယ်။ မပျက်စီးနိုင်တဲ့ ဥစ္စာရှိတယ်။ ဘယ်သူနဲ့မှ မဆိုင်တဲ့ဥစ္စာရှိတယ်။ အဲဒီ ဥစ္စာဟာ ရတနာခုနစ်ပါးပဲလို့၊ ဒီသူတော်ကောင်းဥစ္စာ ခုနစ်ပါးပဲလို့ ဘုရားရှင်ကိုယ်တော်မြတ်က ဟောတော်မူခဲ့တယ်။

သဒ္ဓါဓနံ-ရတနာသုံးတန် ကံ,ကံ၏ အကျိုးကို အားကိုးယုံကြည်တဲ့ သဒ္ဓါတည်းဟူသော ဥစ္စာလည်းကောင်း၊ သီလဓနံ-ကိုယ်ကျင့်သီလတည်းဟူသော ဥစ္စာလည်းကောင်း၊ ဟိရိဩတ္တပ္ပိယဓနံ-မကောင်းမှုမှ ရှက်ခြင်း ဟိရိတည်းဟူသော ဥစ္စာ၊ မကောင်းမှု လန့်ခြင်း ဩတ္တပ္ပတည်းဟူသော ဥစ္စာလည်းကောင်း။ သုတဓနဥ္စ-အကြားအမြင် ဗဟုသုတတည်းဟူသော ဥစ္စာလည်းကောင်း။ စာဂေါစ-စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း စာဂတည်းဟူသော ဥစ္စာလည်းကောင်း။ ဝေ-စင်စစ်။ သတ္တမံ-ခုနစ်ခုမြောက်သော။ ပညာဓနံ-ပညာတည်းဟူသော ဥစ္စာလည်းကောင်း။

ယဿ ဇတေ ဓနာအတ္ထိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
သ ဆ မဟဒ္ဓနော လောကေ၊ အဇေယျော ဒေဝမာနုသေ။

ယဿာ ဣတ္ထိယာ ဝါ-အကြင်အမျိုးသမီးအားလည်းကောင်း။ ယဿပုရိသဿဝါ-အကြင်အမျိုးသားအားလည်းကောင်း။ ဇတေဓနာ-ထိုသဒ္ဓါ အစရှိသော သူတော်ကောင်း ဥစ္စာ ခုနစ်ပါးတို့သည်။ အတ္ထိ-ထင်ရှားမသွေရှိနေပါပေကုန်၏။ သ-သော-ထိုသူတော်ကောင်းရတနာဥစ္စာရှိနေသော ပုဂ္ဂိုလ်သည်။ ဝေ-စင်စစ်။ ဒေဝမာနုသေ-လောကေ-နတ်လောက လူ့လောကအတွင်း၌။ မဟဒ္ဓနော-များသော ဥစ္စာရှိတဲ့ ဥစ္စာရှင် ဓနရှင်များသာ ဖြစ်ပါပေ၏။ အဇေယျော-ပစ္စုပ္ပန် တမလွန် ဘယ်အန္တရာယ် ဘယ်ရန်စွယ်မှ မအောင်နိုင်တဲ့ မိမိကသာ အောင်နိုင်တဲ့ ဥစ္စာရှင်များ အစစ်တကယ်တန်း ဖြစ်ပါပေတော့သတည်း။

အဲဒီတော့ လောကမှာ တကယ့်ကိုယ်ပိုင်ဥစ္စာဟာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပ ဆိုတဲ့ သူတော်ကောင်း ဥစ္စာတွေ၊ တကယ့်ရတနာတွေ။ အဲဒီ ရတနာတွေ ရှိပြီဆိုရင် မင်္ဂလာရှိတာပဲ။ ကျက်သရေ ရှိတာပဲ။ ဒီလို ဥစ္စာရတနာတွေရှိတဲ့ ပုဂ္ဂိုလ်တွေကျတော့-

ဒေဝါဝိ နံ ပသံသန္တိ၊ ဗြဟ္မာပိ နံ ပသံသိတော။

နတ်တွေကလည်း ချီးမွမ်းတယ်။ ဗြဟ္မာကလည်း ချီးမွမ်းတယ်။ အချီးမွမ်းခံရတယ်။ ဒါ့ကြောင့် ထူးခြားတဲ့ သဒ္ဓါရှိကြရတယ်။ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပ တည်းဟူသော ဥစ္စာတွေ ရှိကြရတယ်။ အဲဒီ ဥစ္စာ ရှိတဲ့ ပုဂ္ဂိုလ်ဟာ မဟဒ္ဓန-သူဌေးချည်းပဲ။ အဇေယျ-တကယ့် အခါခပ်သိမ်း အောင်ပွဲခံရတဲ့ ပုဂ္ဂိုလ်။ အဇေယျဆိုတာ ဘယ်သူကမှ ကိုယ့်ကို မတွန်းလှန်နိုင်ဘူး။ ကိုယ်ကသာ အနိုင်ယူရလွယ်တယ်။ ဒါကြောင့် အမြဲတမ်း အောင်ပွဲခံရတဲ့ပုဂ္ဂိုလ်လို့ ဆိုတယ်။ ဒါကြောင့် သဒ္ဓါရှိရင် ရတနာရှိတာပဲ။ သဒ္ဓါတည်းဟူသော ရတနာရှိရင် ကျက်သရေရှိတာပဲ။ မင်္ဂလာရှိတာပဲ။ ထို့အတူ သီလ အစရှိသော သူတော်ကောင်းဥစ္စာ ရတနာတွေရှိရင် ကျက်သရေ ရှိတာပဲ၊ မင်္ဂလာရှိတာပဲ။ အဲဒီပုဂ္ဂိုလ်ဟာ နတ်လည်းလို၊ ဗြဟ္မာလည်းမ ဆိုတာလို ကောင်းမြတ်တဲ့ မင်္ဂလာကျက်သရေ တိုးနေတာပဲ။ အဲဒီတော့ နတ်တွေ စောင့်ရှောက်ခံရတယ်။

ယနေ့ အိမ်တက်မင်္ဂလာဆိုတော့ လူတွေ အိမ်ရောက်လာကြတယ်။ လူတွေ အိမ်ပေါ်ရောက်လာရင် နတ်တွေလည်း အိမ်ရောက်လာတာပဲ။ နတ်တွေဆိုတာက လူတွေရဲ့ မေတ္တာကို ခံယူချင်ကြတယ်။ သူတို့ကလည်း

ပြန်ပြီးတော့ လူတွေရဲ့ ပူဇော်မှုကို ခံယူကြတယ်။ ဒါကြောင့် မိုလို့ အိမ်ပေါ် လူရောက်ရင် နတ်လဲရောက်တယ်။ လူရောက်လို့ နတ်ရောက်တော့ နတ်တွေကို အမျှအတန်းဝေကြရတယ်။ မေတ္တာပို့ကြရတယ်။ သူတို့ကလည်း အခါခပ်သိမ်း စောင့်ရောက်နိုင်တာမဟုတ်ပေမယ့် အခန့်သင့်တဲ့အခါ လာသင့်တဲ့အခါ စောင့်ရောက်ဖို့ လာကြတယ်။ ဒါကြောင့် အိမ်သစ်ရာသစ် ပြုလုပ်တဲ့အခါကျတော့ နတ်တွေကိုလည်း အမျှအတမ်းဝေကြရတယ်။

ယသို့ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတာတိယော။
သီလဝန္တေတ္ထ ဘောဇေတွာ၊ သညတေ ဗြဟ္မစာရယော။
ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏာမာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။
တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ သြရသံ။
ဒေဝတာ နုကမ္ပိတာ ပေါသော၊ သဒါ ဘဒြာနိ ပဿတိ။

ပဏ္ဍိတာတိယော-ပညာရှိသဘောရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ ယသို့ ပဒေသေ-အကြင်အရပ်ဒေသ နေရာသစ်၌။ ဝါသံ-နေခြင်းကို။ ကပ္ပေတိ-ပြု၏။ ဧတ္ထ-ဤမိမိတို့နေရာ အိမ်အသစ်၌။ သညတေ-ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်သုံးကြကုန်သော။ ဗြဟ္မစာရယော-မြတ်သောအကျင့်ကို ကျင့်ကြကုန်သော။ သီလဝန္တေ-သီလဝန္တ ဖြစ်ကြသော ပုဂ္ဂိုလ်တို့ကို။ ဘောဇေတွာ-ဆွမ်းဆက်ကပ်လှူဒါန်း၍။ တတ္ထ-ထို မိမိတို့ နေရာ အိမ်သစ် နေရာသစ်၌။ ယာ ဒေဝတာ-အကြင် နတ်အပေါင်းတို့သည်။ အာသုံ-ရှိနေကြလေကုန်၏။ တာသံ- ထိုသို့ရောက်ရှိနေကြကုန်သော နတ်အပေါင်းတို့ကို။ ဒက္ခိဏံ- အလှူအတန်းကို။ အာဒိသေ-အမျှအတန်းပေးဝေရာ၏။ ပဇိတာ-အပူဇော်ခံရကုန်သော။ တာဒေဝတာ-ထိုနတ် အပေါင်းတို့သည်။ နံ ပုဂ္ဂလံ-ထိုပူဇော်တဲ့ ပုဂ္ဂိုလ်ကို။ ပူဇေန္တိ- ပူဇော်ကြကုန်၏။ မာနိတာ-အမြတ်နိုးခံရကုန်သော။ တာဒေ ဝတာ-ထိုနတ်အပေါင်းတို့သည်။ နံ ပုဂ္ဂလံ-ထိုမိမိကို ပူဇော်တဲ့ပုဂ္ဂိုလ် စောင့်ရောက်တဲ့ပုဂ္ဂိုလ်ကို။ အနုကမ္ပေန္တိ- အစဉ်သနားစောင့်ရောက် ချီးမြှောက်ကြလေကုန်၏။ ဒေဝတာနုကမ္ပိတာ-နတ်တို့၏ သနားစောင့်ရောက်ချီးမြှောက်ခံရသော။ ပေါသော၊ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ သဒါ-အခါခပ်သိမ်း။ ဘဒြာနိ-ကောင်းမြတ်တဲ့ ကုဋ္ဌာရုံတို့ကို။ ပဿတိ-တွေ့ကြုံရမြင်ရပါလေသတည်း။

နတ်တွေလည်း အမျှအတန်းပေးဝေကြ။ နတ်တွေလည်း မေတ္တာပို့ကြ။ ပို့ကြတော့ သူတို့က စောင့်ရောက်ကြတယ်။ မိခင်သည် မိမိချစ်လှစွာသော သားသမီးကို စောင့်ရောက်သလို ကိုယ့်ကိုမြတ်နိုးကြ၊ ပူဇော်ကြတဲ့ ပုဂ္ဂိုလ်တွေကို နတ်တွေကလည်း ပြန်လှန်ပြီးတော့ စောင့်ရောက်ကြတယ်။ ဒါကြောင့် သူတို့ကို မေတ္တာပို့ကြရတယ်။ အမျှအတမ်းပေးဝေကြရတယ်။ အထူး ကုသိုလ်ပြုတဲ့အခါ အထူး အမျှအတမ်း ပေးဝေရတယ်။ အဲဒီလိုပေးဝေတဲ့အခါမှာ မကောင်းတဲ့ ဘေးဒဏ်ရန်စွယ် အန္တရာယ်တွေကင်းနိုင်တယ်။ ကောင်းတဲ့ ကျက်သရေ မင်္ဂလာတွေ၊ ချမ်းသာအမျိုးမျိုးတွေ တွေ့ကြုံနိုင်တယ်။ ကောင်းမြတ်တဲ့ ကုဋ္ဌာရုံတွေ တွေ့ကြုံရတယ်။

ဒါကြောင့် ယနေ့ ဤအိမ်သည် ကျက်သရေရှိတဲ့ အိမ်ဖြစ်ပါစေ။ မင်္ဂလာရှိတဲ့အိမ် ဖြစ်ပါစေလို့ တောင့်တပြီးတော့ ကုသိုလ်ကောင်းမှုတွေကို ပြုကြတဲ့အတိုင်း မိမိတို့ လိုလားတဲ့အတိုင်း မင်္ဂလာရှိတဲ့အိမ်ဖြစ်ပါစေ။ ကျက်သရေရှိတဲ့အိမ်(သီရိဃရဟာ) ဖြစ်ပါစေ။ အားလုံး အိမ်သူ အိမ်သားများနှင့်တကွ အားလုံးကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ မိမိတို့ လိုလားအပ်သော စီးပွားရေး၊ လူမှုရေး အစရှိသော ထိုထိုကိစ္စတို့၌ အောင်မြင်ပြီးမြောက်ခရီးရောက်ပြီးတော့ မင်္ဂဖိုလ်နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားများလည်း ကြိုးစားပွားများနိုင်ကြပြီးတော့ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်ကာ အကောင်းဆုံး အခြေအနေအမြင့်ဆုံး အခြေအနေသို့ ဆိုက်ရောက်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

သင်ပြုကန်ဆရာတော်ကြီး

ဟောကြားတော်မူသည့်

ဟေတုပ္ပါဒ်တရားတော်များ

ရန်ကုန်မြို့၊ တမ္ဘာအေးစေတီလမ်း၊ သီရိမင်္ဂလာရိပ်သာ၊ အမှတ် (၂၅) E ၊ဦးကျော်ခင်မြင့် + ဒေါ်ခင်ခင်စိန် ဓိသားစု နေအိမ်၌ ကျင်းပသော ပွဲးနေ့ အလှူတရားတော်

(ငါးပါးသီလချီးမြှင့်ပြီးနောက် မေတ္တာသုတ်နှင့် ဗောဇ္ဈင်သုတ်များ ချီးမြှင့်တော်မူပါသည်။)

ဒါယကာဦးကျော်ခင်မြင့်ရဲ့ အသက်(၄၁)နှစ်ပြည့် မွေးနေ့မင်္ဂလာအခါသမယ၌ ဒါယကာဦးကျော်ခင်မြင့် + ဒေါ်ခင်ခင်စိန်နှင့် သားများ၏ အလှူတော်မှာ အနမောဒနာ တရားအနည်းငယ် ဟောကြားပါမယ်။

တစ်နေ့က ဒါယကာကြီးဦးမောင်မောင်က ယခု အနမောဒနာတရားလေး ဟောပါ၊ ဒါယကာမကြီးကလည်း ဓနမကောင်းလို့ တော်ရှင်တရားနဲ့ တော်ရှင်အကျိုးများလည်း ဟောပေးပါဆိုပြီးတော့ လျှောက်ထားခဲ့တယ်။ ဒါကြောင့် အနမောဒနာတရားနဲ့ တော်ရှင်အကျိုးများကို ဒီနေ့ ဘုန်းကြီးဟောပေးပါမယ်။

အနုဟေဒနာတရား

မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ သုခဿေတံ အဓိဝစနံ ယဒိဒံ ပုညာနိ။

ဘိက္ခဝေ = ချစ်သားရဟန်းတို့၊ ပုညာနံ = ကုသိုလ်ကောင်းမှုတို့ကို၊ မာ ဘာယိတ္ထ = မကြောက် ကြကုန်လင့်၊ ဘိက္ခဝေ = ချစ်သားရဟန်းတို့၊ ယဒိဒံ ပုညာနိ = အကြင်ကောင်းမှုတို့သည်၊ သန္တိ = ရှိကြပေကုန်၏။ ဧတံ = ထိုကောင်းမှုဟူသော အမည်သည်၊ သုခဿ = ချမ်းသာ သုခ၏၊ အဓိဝစနံ = အမည်ပေတည်း။

ချစ်သားရဟန်းတို့၊ ကုသိုလ်ကောင်းမှုတွေကို မကြောက်ကြနဲ့။ ကုသိုလ်ကောင်းမှုဆိုတာ သုခရဲ့အမည် နာမပဲတဲ့။ဘုရားရှင်ကိုယ်တော်မြတ်က ဒီလို ဟောတော်မူပါတယ်။ ကုသိုလ်ကောင်းမှုဟာ ချမ်းသာသုခ၏ အမည် တစ်မျိုးပဲတဲ့။ ကုသိုလ်ကောင်းမှုပြုရင် ချမ်းသာခံစားရတယ်။ ကုသိုလ်ကောင်းမှု မပြုရင် ဒုက္ခရောက်မယ်။

ဘုရားရှင်၏ကိုယ်တော်မြတ် တစ်နေရာမှာ ဟောထားတာရှိတယ်။

ဒါကြောင့် ကုသိုလ်မပြုတာဟာ ဆင်းရဲဒုက္ခ ရောက်ကြောင်း၊ ကုသိုလ်တွေဟာ ချမ်းသာခြင်းအကြောင်း ပါပဲ။ ချမ်းသာခြင်းအကြောင်းမို့လို့ ကုသိုလ်နဲ့ ချမ်းသာတရား အကြောင်းနဲ့အကျိုး တရားနှစ်ပါးကို တစ်သားတည်းထား တင်စား ဟောကြားတော်မူခဲ့တယ်။

ဒီတော့ ကုသိုလ်ကောင်းမှုတွေဆိုတာဟာ မိမိတို့ ချမ်းသာခြင်းရဲ့ အကြောင်းတွေချည်းပဲ။ ယနေ့ မိမိတို့ပြုတဲ့ ကုသိုလ်တွေဟာ မိမိတို့ချမ်းသာဖို့အကြောင်း ကောင်းမြတ်သော ကုသိုလ်တွေချည်းပဲ။

ငတ်မွာကြောက်လို့ မလှူတဲ့၊ ဝန်တိုနမျောတဲ့ ပုဂ္ဂိုလ်ဟာ ရွေးကုသိုလ်မရှိဘူး။ ရွေးကုသိုလ် မရှိလို့ ဆင်းရဲနေတယ်။

ဆင်းရဲနေလို့၊ တော်မှာကြောက်လို့ မလှူဘူး။ အဲဒီတော့ ရှေးကုသိုလ်နည်းတဲ့ တချို့ သန္ဓတရားလည်း နည်းတဲ့ ပုဂ္ဂိုလ်တွေဟာ မလှူနိုင်ကြဘူး။

ယခု ဒါယကာကျော်ခင်မြင့်တို့၊ ဒါယိကာမ ဒေါ်ခင်စိန်စိန်တို့မှာ ပုဗ္ဗေကတပုညတာဆိုတဲ့ ရှေးဘဝက ကောင်းမှုအထူး ရှိခဲ့ကြတယ်။ ရှိခဲ့ကြလို့ ဒီဘဝ ပြည့်ပြည့်စုံစုံ အထက်တန်းကနေပြီး တင့်တင့်တယ်တယ် နေနိုင်ကြတယ်။ သဒ္ဓါ၊ ပညာ အစရှိသော သူတော်ကောင်းတရားတွေလည်း ရှိတယ်။ အဲသလို အဖက်ဖက်က ပြည့်စုံတော့ လှူဖို့ရာ လိုလားကြတယ်။ သီလဆောက်တည်ဖို့ရာ လိုလားကြတယ်။ ဘဝနာတရားတွေ ပွားများဖို့ရာ လိုလားကြတယ်။ လိုလား ကြတဲ့အတိုင်းပဲ ကောင်းမှုတွေ အများကြီးဖြစ်တယ်။ ကုသိုလ် တွေဆိုတာ သတ္တဝါတွေကို အဖက်ဖက်က တိုးတက်ဖို့၊ အဖက်ဖက်က-အကြောင်း ညီညွတ်ဖို့ရာ ဆောင်ရွက်ပေး တတ်တဲ့ တရားတွေမို့လို့ အင်မတန်ပြုထိုက်တဲ့ ကုသိုလ်တရားတွေပါပဲ။

ကုသိုလ်သည်တဖြည်းဖြည်းတိုးသည်

ဘုန်းကြီးတ စဉ်းစားမိပါတယ်။ ဒါယကာ၊ ဒါယိကာမတွေကတော့ စဉ်းစားမိရဲ့လား မသိဘူး၊ ကုသိုလ်ဆိုတာဟာ တဖြည်းဖြည်းနဲ့ ပိုပို ပိုပို တိုးလာ တာချည်းပဲ။ ဆုတ်ယုတ် တယ်လို့တယ် မရှိဘူး။ ကုသိုလ် ပြုရင် ကောင်းကျိုးတွေဟာ တိုးတိုးတိုးတိုးပြီးလာတာပဲ။

နှစ်ပေါင်းများစွာကြာပါပြီ။ မိမိရရှိတဲ့ ပစ္စည်းလေးတွေကို တစ်နှစ်တစ်ခါဆိုသလို မွေးနေ့မင်္ဂလာ အလှူလုပ်တဲ့အခါ ဘုန်းကြီးလှူဒါန်းခဲ့တယ်။ စောစောတုန်းကတော့ တောမှာနေတယ်ပေါ့လေ။ တောမှာနေတုန်းက ပထမတော့ တစ်နှစ်ဆိုရင် သင်္ကန်းလေးငါးစုံလောက်ပဲ လှူနိုင်တယ်။ နောက် တစ်ဖြည်းဖြည်း ဆယ်စုံလောက် လှူနိုင်တယ်။ နောက် တစ်ဖြည်းဖြည်း အစုံနှစ်ဆယ်၊ နှစ်ဆယ် ကျော်လောက် လှူနိုင်တယ်။

တောမှာဆိုတော့ အစုံနှစ်ဆယ်လောက် လှူနိုင် တာကိုပဲ တကယ့်ကုသိုလ်ထူးတဲ့ ပုဂ္ဂိုလ်မို့လို့၊ များသောအားဖြင့် တောမှာ အစုံနှစ်ဆယ်ရဖို့ဟာ ပုဂ္ဂိုလ်တိုင်း တယ်မ လွယ်ဘူး။ ရန်ကုန်ရောက်လာတော့ မွေးနေ့ မွေးနေ့မှာ ပိုပြီးလှူနိုင်လာတယ်။ နောက်ဆုံး အခုဆိုရင် အစုံတစ်ရာ ကျော်လောက် လှူနိုင်တဲ့အခြေအနေ ရောက်လာပြီ။ အဲဒါ ဘုန်းကြီးကတော့ ဒါငါ့ကုသိုလ် အကျိုးပေးတာပဲလို့ ယုံကြည်ထားတယ်။

တလောဆီက ဝတ္ထုတစ်ထောင်တန် ဘုန်းကြီး လှူလိုက်တယ်။ မကြာဘူး ဝတ္ထုတစ်ထောင်တန် ရတယ်။ အဲဒါ ဒါယကာလေးတစ်ယောက်ကို ပြောရတယ်။ ကုသိုလ် ကျိုးပဲကွလို့။ တလောဆီက သံယာတော်တွေကို မုန့်ပုံး လှူလိုက်တယ်၊ အချို့တိုက်တယ်။ မကြာဘူး မုန့်ပုံးတစ်ပုံး ရောက်လာတော့ ခုန ဒါယကာလေး ပြောရတယ်။ အဲဒါ ကုသိုလ်ကျိုးပဲကွလို့။

အဲသလိုပဲ ကုသိုလ်ဆိုတာ နောက်ဘဝ ဆိုင်းရတာ မှုတ်ဖူး။ ကုသိုလ်ရှိပြီး ကုသိုလ်ကိုသာ မိမိက လှူရ တဲ့အခါမှာ အလှူအကြောင်းပြုပြီးတော့ ပျော်ပျော်ရွှင်ရွှင်၊ စိတ်ရွှင်ရွှင်လန်းလန်း၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမယ်ဆိုရင် အဲဒီကုသိုလ်ဟာ တစ်ခါတစ်ခါ နောက်ဘဝတောင် ဆိုင်းရတာ မဟုတ်ဘူး၊ ဒီဘဝအတွက်ပဲ မိမိတို့ကို လာဘ်သပ်ပကာ တိုးတက်ကြောင်း၊ စီးပွားချမ်းသာ တိုးတက်အောင် ဆောင်ရွက်ပေးတတ်ပါတယ်။ ဒါကြောင့် ကုသိုလ်တရားတွေဟာ ပြုထိုက်တဲ့ တရားတွေပါ။ ဒါတော့ ဒီလောက်နဲ့ပဲ တော်ကြပါအုန်းစို့။

ဓောရှေ့အကျိုးတရားတော်

(က) အန္တရာယ်ကင်း ၁၀ ပါး

ခုန ဓောရှေ့တရား နာကြားကြတယ်။ ဓောရှေ့ တရားဟာ ရောဂါပျောက်ကင်းရေးမှာ အင်မတန် အစွမ်းထက်တယ်လို့ ယုံကြည်ခဲ့ကြတယ်။ ဒီတော့ ဓောရှေ့တရား ရဲ့အဓိပ္ပါယ် ကြည့်လိုက်တော့လည်း "ချစ်သားကသပ၊ ဓောရှေ့ခုနစ်ပါးတရားငါဘုရား ဟောတော်မူခဲ့တယ်။ အဲဒီ ဓောရှေ့တရားတွေဟာ သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿနို့၊ သကမိ၊ ဥပေက္ခာတရားတွေပဲ။ အဲဒီတရားတွေဟာ ပွားများရင် ကြိမ်ဖန်များစွာ အလေ့အလာပြုရင် ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ သစ္စာလေးပါး ထွင်းဖောက်ခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာ ဖြစ်တယ်လို့ ဟောတော်မူထားတယ်။ အန္တရာယ်ကင်းလို့ ဘာမျှ အသံမပါဘူး။

မောဂ္ဂလ္လာဓောရှေ့၊ စုန္ဒဓောရှေ့ဆိုတဲ့ ဓောရှေ့သုတ်တွေမှာလည်းဒီအတိုင်းပဲ။ အန္တရာယ်ကင်းဖို့ ဘာဖို့ဆိုလို့ ဘာမျှ

မပါဘူး။ ထို့အတူပဲ အချို့တရားတွေ ဥပမာ-ပဋ္ဌာန်း တရား အမြဲတမ်းရွတ်နေရင် ဒေါသကင်း ရန်ကင်း အန္တရာယ်ကင်း တယ်၊ ကြက်သရေမင်္ဂလာတိုးတယ်လို့ ယူဆကြတယ်။ ပဋ္ဌာန်း တရားထဲမှာ အန္တရယ်ကင်းပါစေ ဘာတွေဆိုတာ ဘာမျှမပါ တာမဟုတ်ဘူး။

အဲဒီတော့ တချို့ကပြောကြတယ်။ ဒီတရားတွေ အန္တရာယ် ကင်းတယ်ပြောတယ်၊ ဒေါသရန်ကင်းတယ်၊ သို့သော် အန္တရာယ် ကင်းဖို့ အချက်ဆိုလို့ ဘာမျှမပါပါလား။ အဲသလို စောဒကပင် တတ်ကြတယ်။

(ခ) ပခုက္ကူမဟာဝိဇယာရာမဆရာတော်ဘုရားကြီး၏ပိန့်ကြားချက်

အဲဒါကို ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် ပခုက္ကူမဟာဝိဇယာ ရာမဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာ ရဋ္ဌဂုရုဆရာတော်ဘုရားကြီး အမိန့်တော်ရှိတာ တစ်ခါကြားဖူး တယ်။ အမှန်က အန္တရာယ်ကင်းတာက အန္တရာယ်ကင်းပါ စေဆိုတဲ့အသုံးအနှုန်းပါမှ မဟုတ်ဘူး။ မပါဘဲလည်း အန္တရာယ် ကင်းတာပဲ။ ရှေးတုန်းကတော့ အထက်မှာ လူမနေကောင်းဘူး ဆိုရင် ကမ္ဘဝါဖတ်လို့ရှိရင်ဖြင့် ရဟန်းခံကမ္ဘဝါကြီးတွေ ဖတ်ကြ တယ်။ အန္တရာယ်ကင်းဖို့နဲ့ ရဟန်းခံကမ္ဘဝါနဲ့ ဘာဆိုင်လို့လဲ ဆိုတဲ့ ဒီလိုပြဿနာက ပေါ်လာတယ်။

အဲဒါကြောင့် ဆရာတော်ကြီးက အန္တရာယ်ကင်း တယ် ဆိုတာ အန္တရာယ်ကင်းပါစေဆိုတာ ပါမှမဟုတ်ဘူး၊ ဓမ္မဆို တဲ့တရားတော်တန်ခိုး၊ တရားတော်၏ အရိန်အဝါကြောင့် အန္တရာယ်ကင်းတာ၊ တရားတော်တွေမှာ တန်ခိုးရှိတယ်၊ အ စွမ်းရှိတယ်၊ အရိန်အဝါရှိတယ်။ အဲဒီ တရားတော် တွေရဲ့အစွမ်း တန်ခိုး အရိန်အဝါကြောင့် အန္တရာယ်ကင်းတာလို့ အမိန့်တော် ရှိဖူးတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တရားတော်မှန်သမျှမှာ အရိန်အဝါရှိတာချည်းပဲ။ ဘာကြောင့် ဒီတရားတော်မှာ အာန ဘော်ရှိသတုန်းဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ် ကိုယ် တော်တိုင် ပူဇော်ခဲ့တဲ့ တရားတွေမို့လို့ မှီဝဲခဲ့တရား၊ အသုံး ပြုခဲ့တဲ့တရား၊ ပူဇော်ခဲ့တဲ့ တရားတွေမို့လို့ပဲ။

ဘုရားရှင် ကိုယ်တော်မြတ်ဟာ ဘုရားဖြစ်တော်မူပြီး နောက် ရတနာ ယရသတ္တဟာ၊ အဘိဓမ္မာခုနစ်ကျမ်းကို ဆင်ခြင် တော်မူခဲ့တယ်။ ကြွင်းမဲ့ပလ္လင်သတ္တာဟာ၊ အနိမိသ သတ္တာဟာ စသော သတ္တာဟာတွေမှာလည်းပဲ ဝိမုတ္တိရသဆိုတဲ့ အရ ဟတ္တဖိုလ်ချမ်းသာ ခံစားတော်မူခဲ့တယ်။ ခံစားတော်မူပြီး အခြားအခြားမှာလည်းပဲ ဝိဝိသိတော်မူခဲ့တဲ့ တရားတော်တွေ ကို ဆင်ခြင်တော်မူခဲ့တယ်။ နောင်အခါလည်းပဲ ဘုရားရှင် ကိုယ်တော်မြတ်ဟာ တရားတော်တွေ ဟောကြားခြင်း ဖြင့်လည်းကောင်း၊ အာရုံပြုသောအားဖြင့် လည်းကောင်း အသုံးပြုတော်မူခဲ့သည်။

အဲဒီတော့ တရားတော်တွေဟာ ကိုယ်တော်မြတ် အသုံး ပြုခဲ့တဲ့ တရားတွေ၊ ဂေါစရသေဝနခေါ်တဲ့ အာရုံပြုသော အားဖြင့် မှီဝဲခြင်း။ ဘာဝနဝေနဆိုတဲ့ မိမိသန္တာန်မှာ ဖြစ်စေ ခြင်းအားဖြင့် မှီဝဲခြင်းဆိုတဲ့ မှီဝဲခြင်းနှစ်မျိုးဖြင့် ဘုရား ရှင်ကိုယ်တော်မြတ် မှီဝဲအပ်၊ ပူဇော်အပ်တဲ့ တရားတော်တွေ ချည်းပဲ။

အဲဒါကြောင့်မို့လို့ ဘယ်တရားဟာဖြင့် မစွမ်းဘူးလို့ မရှိ ဘူး။ ဘယ်တရားဟာဖြင့် အရိန်အဝါမရှိဘူးလို့ မရှိဘူး။ အရိန် အဝါရှိလျက်ပဲ။ ဒါကြောင့်မို့လို့ တရားတွေဟာ အန္တရာယ် တွေကို ကင်းပျောက်စေတတ်တယ်ဆိုတာ မမှသတ္တိ၊ တရား တော်ရဲ့အစွမ်းသတ္တိ၊ တရားတော်ရဲ့အရိန်အဝါကြောင့် ပျောက် ကင်းနိုင်တာ ဖြစ်ပါတယ်။

(ဂ) ဓောဂျင်သုံးသုတ်အကျိုး

အကျိုးပြောလို့ရှိရင် ဓောဂျင်သုတ်သုံးသုတ် ခုန ဘုန်းကြီး တို့ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြတယ်။ ကဿပ ဓောဂျင်၊ မောဂ္ဂ လာန ဓောဂျင်၊ စုန္ဒ ဓောဂျင်ရယ်လို့ ဓောဂျင် သုံးသုတ်။

ဒီဓောဂျင်သုံးသုတ်ဟာ တစ်သုတ်က ရှင်မဟာကဿပ ကြီးအပြင်းအထန် ဝေဒနာဖြစ်တုန်း ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားလို့ ရောဂါပျောက်ကင်း သွားတယ်။ တစ်သုတ်က မောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီး အပြင်းအထန် ရောဂါဝေဒနာ ကပ်ရောက်နေတုန်း ဘုရားရှင် ကိုယ်တော်မြတ်ကြွရောက် ပြီးတော့ ဒီဓောဂျင်ခုနစ်ပါးကို ဟောကြားလို့ ရောဂါဝေဒနာ အရှင်းပျောက်တယ်။ တစ်သုတ်က ဘုရားရှင်ကိုယ်တော်တိုင် တစ်ခါက မကျန်းမမာ ဝေဒနာဖြစ်လာတော့ အရှင်စုန္ဒမထေရ်

ကို ရွတ်ဆိုဟောခိုင်းလို့ အရှင်စုန္ဒမထေရ် ရွတ်ဖတ်လျှောက်ထားချက်အရ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ရောဂါ ယူပစ်သလို အရှင်းပျောက်တယ်။

ဘုရားရှင်ကိုယ်တော်မြတ်နှင့်တကွ ရဟန္တာကြီး နစ်ပါး ပြင်းပြင်းထန်ထန် ခံစားနေရတဲ့ရောဂါ ပျောက်ကင်းတာဟာ ဘာကြောင့်တုန်းဆိုတော့ သူတို့မှာက တရားအာနုဘော် ကြောင့်လည်း ပါတာပေါ့လေ။ တစ်မျိုးအားဖြင့် သူတို့ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တွေ၊ နာမ်တွေ ကြည်လင်လာလို့ မကောင်းတဲ့ဓာတ်တွေ ပျောက်လွင့်တာလည်းဖြစ်နိုင်တယ်။ ဗောဇ္ဈင်တရားနာရတော့ "တို့ဟာ ရဟန်းပြုပြီးတော့ ခုနစ်ရက်အကြာမှာ သစ္စာလေးပါး သိမြင်ကြတယ်။ အဲဒီ သစ္စာလေးပါး သိမြင်တဲ့အခါမှာ တို့သန္တာန်မှာ ဗောဇ္ဈင်တရားတွေ ပေါ်လာတယ်။ အော် ဘုရားရှင်တိုယ်တော်မြတ် သာသနာတော်ကြီးဟာ တကယ်ပဲ နိယျာနိကသံသရာမှ ထွက်မြောက် ကြောင်း သာသနာတော်ကြီးပါလား၊ အလွန်မွန်မြတ်တဲ့ သာသနာတော်ကြီးပါလားလို့ အရှင်မဟာကဿပနဲ့ အရှင် မဟာမောဂ္ဂလာန်တို့ ဝမ်းသာကြတယ်။

ဒီတရားတော်အကြောင်းပြုပြီး ချမ်းသာမှုဟာ ကိုယ်တွေ့ကြုံရတယ်။ သံသရာဝဋ်ဆင်းရဲတွေကင်းကွာမှုဟာ ကိုယ်တွေ့ကြုံရတယ်။ ကိုယ်တွေ့ကြုံရတော့ တရားတော်ရဲ့ နိယျာနိကသံသရာမှ လွတ်မြောက်မှုကို အာရုံပြုပြီးတော့ အင်မတန်နှစ်သက်၊ အင်မတန် ရွှင်လန်းလာတယ်။ ရွှင်လန်းလာတော့ ခန္ဓာကိုယ်ထဲက အသွေးအသားတွေ ကြည်လင်လာတယ်။ အသွေးအသားတွေ ကြည်လင်လာတော့ စိတ္တဇရုပ်တွေဟာလည်း ကြည်လင်တယ်။

အဲဒီ ကြည်လင်လာတဲ့ ရုပ်ဓာတ်တွေ၊ နာမ်ဓာတ်တွေက မကောင်းဆိုးဝါးရောဂါတွေကို နှင်ထုတ်ပစ်လိုက် တာပဲ၊ သန့်စင်ပစ်လိုက်တာပဲ။ ဒါကြောင့် မထေရမြတ်ကြီးတွေမှာ ရောဂါတွေကင်းသွားတယ်။ ကင်းတာမှ နောက်ဘယ်တော့မှ ပေါ်မလာတော့ဘူး။ ဘုန်းကြီးတို့ ခုနရွတ် သွားတဲ့ ဗောဇ္ဈင်သုတ်-တစ်သုတ်ထဲမှာ -

ပဟီနာ ဧတေ စ အာဗာဓာ
တိဏ္ဏန္နံ ပိ မဧဟသိန်
မဂ္ဂဟတာ ကိလေသာဝ
ပတ္တာနုပတ္တိ ဓမ္မတံ
ဗောဇ္ဈင် သတ္တဝဇ္ဈန
သောတ္ထိ တေ ဟောတု သဗ္ဗဒါ လို့ ပါတယ်။

ဗောဇ္ဈင်တရားနာရတဲ့ ဘုရားရှင်ရဲ့မထေရ်မြတ်ကြီးနှစ်ပါး အားလုံးသုံးဆူဟာ မိမိသန္တာန်မှာရှိတဲ့ ကိလေသာတွေ နောင် ဘယ်တော့မျှ ပေါ်မလာဘဲ တစ်ခါတည်းအပြတ်ငြိမ်း၊ အပြီးငြိမ်းသလို ကိုယ်တော်ရှင်မြတ်တို့ရဲ့ ရောဂါဝေဒနာဟာလည်း နောင် ဘယ်တော့မျှ ပေါ်မလာဘဲနဲ့ အပြတ်ရှင်း၊ အပြီးရှင်းခြင်းသို့ ရောက်သွားတယ်။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေလို့လည်း မေတ္တာပြုတယ်။

ဒါကြောင့် ဗောဇ္ဈင်တရားတွေဟာ လက်တွေ့ကြုံတဲ့ ပုဂ္ဂိုလ်တွေအဖို့မှာတော့ အဲဒီ ဗောဇ္ဈင်တရားတွေ ကြားနာရတယ်ဆိုရင် မိမိလက်တွေ့ဒီဗောဇ္ဈင်တရားတွေရပြီး ဒီဗောဇ္ဈင်တရားတွေရဲ့ အကျိုးတရားတွေ ခံစားခဲ့ရတာ ဖြစ်တော့ အင်မတန် ဝမ်းမြောက်ကြတယ်။ ဝမ်းမြောက်မှု အကြောင်းပြုပြီးတော့ ရုပ်ကောင်း၊ နာမ်ကောင်းတွေဖြစ်လာပြီး မကောင်းတဲ့ ရုပ်ဆိုး၊ နာမ်ဆိုးတွေ နှင်ထုတ်ပစ်တာပဲ။ မကောင်းတဲ့ ရောဂါဆိုးတွေ နှင်ထုတ်ပစ်တာပဲ။ အဲဒါကြောင့်မို့လို့ ဗောဇ္ဈင်တရားတွေဆိုတာဟာ ကိုယ်တွေ့ ဗောဇ္ဈင်ရှိတဲ့ ပုဂ္ဂိုလ်တွေအဖို့ကျတော့ ကိုယ်တွေ့ဗောဇ္ဈင် အောက်မေ့ရင်းနဲ့ အသွေးအသားတွေကြည်လင်ပြီး ရောဂါ ပျောက်ကြတယ်။

(ဃ) ဗောဇ္ဈင်တရားများ

တစ်ခါ ဗောဇ္ဈင်တရား နာတာမဟုတ်ဘဲနဲ့ အဲဒီဗောဇ္ဈင်သုတ်မှာ ပါတဲ့တရားတွေ အားထုတ်လို့ ရောဂါပျောက်တာလည်းရှိတာပဲ။ အခုဗောဇ္ဈင်ခုနစ်ပါးဆိုတာတခြားမဟုတ်ဘူး -

သတိသမ္ဗောဇ္ဈင်ခေါ်တဲ့ သတိတရားဆိုတာ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေကို ကပ်ပြီးတော့ ရှုမှတ်တဲ့တရား၊ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရား၊ နာမ် တရားတွေကို ကပ်ရှုပွားများတဲ့ တရားကို သတိတရား လို့ခေါ်တယ်။ သတိသဗ္ဗောဇ္ဈင်။

ဗောဇ္ဈင်ဆိုတာ မင်္ဂလာအစိတ်အပိုင်းလို့ဆိုတယ်။ ဒီတရားခုနစ်ပါးပေါင်းရင် မင်္ဂလာတာပဲ။ ဒီတရာခုနစ်ပါး အစိတ်စိတ်ဟာ ဗောဇ္ဈင်ပဲ။ အဲဒီ ဗောဇ္ဈင်အစိတ်စိတ် ပေါင်းမိတော့ မင်္ဂတ

ရားဖြစ်တယ်။ ဒါကြောင့် မင်္ဂလာဆိုတာ တခြားမဟုတ်ဘူး။ ဒီဟောဇဉ်ခုနစ်ပါး စုပေါင်းမိတော့ အဲဒီတရားအပေါင်းကို ခေါ်တာပါပဲ။

ပုဒ်ဖြတ်တော့ ဟောဓိ + အင်္ဂ လို့ ဖြတ်ရတယ်။ ဟောဓိ = မင်္ဂလာ။ အင်္ဂ = အစိတ်အပိုင်းတွေ၊ မင်္ဂလာဖြစ်တယ်ဆိုရင် ဒီတရားခုနစ်ပါးဟာ ပါလာတာပဲ။ ဒါကြောင့် မင်္ဂလာ၏အစိတ်အပိုင်းတွေလို့ဆိုတယ်။ ဒီတော့ အဲဒီခုနစ်ပါးဟာ အရိယမင်္ဂလာဖြစ်သို့ရောက်တဲ့ ဟောဇဉ်လည်း ရှိတယ်။ ပုဗ္ဗဘာဂဆိုတဲ့ မင်္ဂလာရောက်ခင် ရှေးအခါက ကျင့်ရတဲ့၊ အားထုတ်ရတဲ့ ဟောဇဉ်တွေလည်း ရှိတယ်။ အဲဒီ ရှေးအခါက အားထုတ်ရတဲ့ ဟောဇဉ်တရားတွေနဲ့ နောက် ကျတော့ အရိယမင်္ဂလာဆိုတဲ့ မင်္ဂလာဆိုက်သွားတယ်။ ဒါကြောင့် ဟောဇဉ်တွေထဲမှာ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေကို ဆင်ခြင်ရှုမှတ်တဲ့ သတိတရားဟာ သတိမ္မောဇ္ဈင်ပါပဲ။

သတိက ရှုမှတ်ပြီးတော့ ဓမ္မဝိစယသမ္မောဇ္ဈင်ဆိုတဲ့ ပညာတရားဟာ အဲဒီတရားတွေကို စိစစ်မှုကိစ္စနဲ့ ဖြစ်လာရတယ်။ ဓမ္မဝိစယသမ္မောဇ္ဈင်ကတရားတွေကို စိစစ်ပေးတဲ့ အခါကျတော့ ဝီရိယသမ္မောဇ္ဈင်က သတိသမ္မောဇ္ဈင်၊ ဓမ္မ ဝိစယသမ္မောဇ္ဈင်တို့ လုပ်အားကောင်းအောင် တွန်းအားပေးမှုကိစ္စနဲ့ ဆောင်ရွက်ပေးတယ်။

အဲသလို သတိက ရုပ်နာမ်တရားတွေ ရှုမှတ်၊ ပညာက ရုပ်နာမ်တရားတွေ စိစစ်၊ ဝီရိယက တွန်းပေးလို့ တရားတွေ တော်တော်ကောင်းလာတဲ့အခါ ရှုအားကောင်း လာတဲ့အခါ၊ ဉာဏ်အားကောင်းလာတဲ့အခါ ပီတိဆိုတာ ဖြစ်လာတယ်။ ပီတိက အဲဒီတရားတွေ လုပ်အားကောင်းအောင် နှစ်သက်မှုနဲ့ပါဝင်ပြီးတော့ ဆောင်ရွက်ပေးရတယ်။ ပီတိက ကောင်းပြီဆိုရင် ပဿဒ္ဓိက ပေါ်လာတာပဲ။ ငြိမ်းအေးမှုတဆိုတဲ့ ပဿဒ္ဓိပေါ်လာရင် သမာဓိ၊ စိတ်တည်ကြည်မှု ဖြစ်လာတာပဲ။ သမာဓိပေါ်လာလို့ရှိရင် ဟောဇဉ်တရားတွေကို အညီအမျှပြုမှု ဥပေက္ခာတရားဟာ ပေါ်လာတာပဲ။

အဲဒီတော့ ဟောဇဉ်ခုနစ်ပါးဆိုတဲ့ တရားတွေဟာ ရုပ်နာမ်တစ်ခုခု ရှုတိုင်း ရှုတိုင်း သူတို့ခုနစ်ပါးဟာ အတူပါပြီး တော့ အတူပေါင်းပြီး အလုပ် လုပ်ကြတယ်။ သတိကရှုမှတ် ပေးတယ်။ သတိရှုမှတ်ပေးတဲ့ အာရုံကို ဓမ္မဝိစယက စိစစ်ပေးတယ်။ ဓမ္မဝိစယ စိစစ်အားကောင်းအောင်၊ သတိရှုမှတ်မှုအားကောင်းအောင် ဝီရိယက တွန်းအားပေးတယ်။ ဝီရိယတို့၊ သမာဓိတို့ကောင်းအောင် အလုပ်လုပ်ပေးနိုင်အောင် ပီတိက နှစ်သက်မှုနဲ့ကူပေးတယ်။ ပဿဒ္ဓိက ငြိမ်းအေးမှုနဲ့ ကူပေးတယ်။ သမာဓိက သူတို့ကောင်းကောင်း အလုပ်လုပ်နေတဲ့အခါ တည်ကြည်မှုရအောင် တည်ကြည်မှုကိစ္စနဲ့ကူညီပေးတယ်။ ဒီနောက် အဲဒီတရားတွေ အညီအမျှ ကောင်းကောင်း အလုပ်လုပ်နိုင်အောင် ဥပေက္ခာဆိုတဲ့ တရားက အညီအမျှရှုမှုနဲ့ ဆောင်ရွက်ပေးတယ်။ဒါ ဟောဇဉ်ခုနစ်ပါးရဲ့ လုပ်ငန်းတွေပါပဲ။

(ဌ) ဟောဇဉ်တရားများပါဝင်လာပုံ

ယခုနေ့ ကမ္မဋ္ဌာန်းအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေကို အမှန်ကတော့ မဂ္ဂင်အလုပ် လုပ်တယ်ဆိုရသလို ဟောဇဉ် အလုပ်လုပ်တယ်လို့လည်း ဆိုရတယ်။ သို့သော် အဲဒီ ဟောဇဉ်တရားတွေဟာ တရားအားထုတ်စမှာ ပါဝင်နေကြတာပဲ။ ဒါပေမယ့် ပထမ သူတို့ အထူးအားမကောင်းခင် သူတို့ မပေါ်သေးဘူး။

ပမာဏအားဖြင့် နာမရူပပရိစ္ဆေဒဉာဏ်ဟာ ဉာဏ်ဆယ်ပါးမှာ အစဆုံး ဉာဏ်ပါပဲ။ နာမရူပပရိစ္ဆေဒ ဉာဏ်ဟာ နာမ်ရုပ်တရားတွေကို ပိုင်းခြားပြီးတော့ သိမြင် အောင် ရှုဆင်ခြင်တဲ့ဉာဏ်ပဲ။ အဲဒီအခိုက်မှာ ဒီဟောဇဉ် တရားတွေပါတယ်။ သို့သော် မထင်ရှားသေးဘူး။ အားကောင်းကောင်းမရှိသေးဘူး။ ပစ္စယပရိဂ္ဂဟဉာဏ် ဆိုတဲ့ အကြောင်းကို ရှုဆင်ခြင်တဲ့ဉာဏ် အခိုက်မှာလည်း ဒီတရား တွေပါတာပဲ။ ဒါပေမယ့် သိပ်အားမကောင်းသေးဘူး။ သမ္မသနဉာဏ်ဆိုတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဖြစ်ဖြင့် သုံးသပ်ဆင်ခြင်တဲ့ ဉာဏ်အခိုက်မှာလည်း ဒီတရားတွေပါပဲ။ ဒါပေမယ့် ဒီတရားတွေ အားမရှိသေးဘူး။ အားမကောင်းလာသေးဘူး။

အဲ ဥဒယဗ္ဗယဉာဏ်ကျမှ ဒီတရားတွေ အားရှိ လာတယ်။ အဲဒီတရားတွေ တကယ်ထက်ထက် သန်သန်နဲ့ အားရှိလာတယ်။ အဲဒီ အားရှိလာတဲ့အခါမှာ သမ္မောဇ္ဈင်ဆိုတဲ့ အမည်ရတယ်။ ဥဒယဗ္ဗယဉာဏ် နှစ်ပိုင်းခွဲပြီးတော့ နောက်ပိုင်းမှာ ဒီဟောဇဉ်တရားတွေဟာ အင်မတန် ထက်မြက်လာတယ်။ အင်မတန် ကောင်းလာတယ်။ အင်မတန် တိုးတက်လာတယ်။

အဲဒီအခါမှာ တကယ့်ယောဂီပုဂ္ဂိုလ်ဟာ အာရုံ၌ ဝိပဿနာ ဆိုတဲ့ အမည်ရသွားတယ်။ ဝိပဿနာအားထုတ်မှု စတင်ပြီး ပုဂ္ဂိုလ်လို့ဆိုတယ်။ အဲဒီအခိုက်မှာ ဗောဇ္ဈင်လို့ အမည်ရတယ်။ တကယ့်ဗောဇ္ဈင်၊ တကယ့်ဗောဇ္ဈင်ဖြစ်ပါတယ်။ ရှေးရှေးက ဗောဇ္ဈင်တရားလည်း ဗောဇ္ဈင်အမည် ရတယ်။ အခု ဒီအခိုက်မှာ ထူးခြားတဲ့ ဗောဇ္ဈင်တွေမို့လို့လည်း ဗောဇ္ဈင်အမည်ရတယ်။

(စ) စမ္မတောဏတရားတန်ခိုး

အဲဒီတော့ ကြားလည်းကြားဖူးကြမှာပေါ့၊ ဥဒယဗ္ဗယဉာဏ် ရောက်ပြီဆိုရင် တရားတွေအားလုံး အား ကောင်းလာတယ်။ သတိတွေလည်းသိပ်ကောင်း၊ ဉာဏ်တွေ လည်းသိပ်ထက်မြက်၊ ဝီရိယကလည်း အလွန်ကောင်း၊ ပညာကလည်း တကယ်ထက်ထက်သန်သန် အလွန်း ကောင်းနေတယ်။ အဲဒီလိုတရားတွေ သိပ်ကောင်းလာ တဲ့အခါကျတော့ တစ်ခါတည်း ခန္ဓာကိုယ်ထဲမှာ ပီတိတွေဖြစ်လာ၊ ပဿဒ္ဓိဆိုတဲ့ ငြိမ်းအေးမှုတွေဖြစ်လာ၊ သမာဓိတွေကလည်းကောင်းလာ အဲသလို ဖြစ်လာပြီဆိုရင် သြကာသ ခေါ်တဲ့ အလင်းရောင်တွေ ဘာတွေ ထွက်လာတယ်။

အဲသလောက် ကောင်းနေတဲ့အချိန်မှာ တော်တော့ ရောဂါတွေဟာ ပျောက်ကင်းတယ်လို့ဆိုတာပဲ။ တော်တော့ ရောဂါတွေဟာ မနေနိုင်တော့ဘူး။ အကုန်လုံး ရုပ်တွေက ကြည်၊ စိတ်တွေက ထက်သန်၊ အကုန်လုံးကောင်းနေတဲ့ အခါကျတော့ ရောဂါတွေဟာ ပြောင်းပြောင်း ပြေးကြရတယ်။ ဒါကြောင့် တချို့ ကမ္မဋ္ဌာန်းအားထုတ်ကြတဲ့ ယောဂီတွေ ဒီအခိုက်မှာဆိုရင် ရောဂါတွေဘာတွေ ပျောက်ကင်းလို့ ကျန်းကျန်းမာမာဖြစ်ကြတယ်။

ဒါကြောင့် ဗောဇ္ဈင်တရားတွေဟာ တရား၏ တန်ခိုးကြောင့်လည်း ရောဂါဝေဒနာ ကင်းနိုင်တယ်။ ပြီးတော့ အဲဒီတရားအကြောင်းပြုပြီးတော့ ပီတိ စသည်ဖြစ်လို့လည်း ရောဂါဝေဒနာတွေကင်းနိုင်တယ်။ ဒီတရားတွေကို နာရုံ၊ ကြားရုံ မဟုတ်ဘဲနဲ့ လက်တွေ့အားထုတ်လို့ ရောဂါဝေဒနာတွေ ကင်းနိုင်တယ်။ ဒါကြောင့်မို့လို့ ဗောဇ္ဈင်တရားတွေဟာ မိမိတို့ရဲ့ ရောဂါဝေဒနာကို နာရုံ ကြားရုံနဲ့တောင် ဓမ္မတောဏတရား တန်ခိုးကြောင့် ဘုရားရှင် ကိုယ်တော်မြတ် ဓာတ်ငွေ့သွင်းပေးတဲ့ တရားတွေမို့လို့ တရားတန်ခိုးကြောင့် ရောဂါဝေဒနာတွေ ကင်းရုံမျှမက တကယ့်လက်တွေ့ အားထုတ်ပြီဆိုရင် တရားတွေရဲ့အရိန်အဝါကြောင့် အဲဒီတရားတွေ ကိုယ်တွင်းမှာ တကယ်ဖြစ်နေတာမို့လို့ ပီတိပဿဒ္ဓိ စသော တရားတွေရဲ့ အရိန်အဝါကြောင့် ရောဂါအမျိုးမျိုး ကင်းပျောက် နိုင်ခြင်းအကျိုးရနိုင်တယ်လို့ ကိုယ်တွေ့သမားတွေက ပြောပြကြတယ်။

ဒါကြောင့် ဗောဇ္ဈင်တရားတွေဟာ နာရင်းလည်းပဲ ရောဂါဝေဒနာ ပျောက်ကင်းတယ်။ ကိုယ်တိုင်ကျင့်ကြံအား ထုတ်လို့ ဒီတရားတွေဖြစ်လာတယ်။ ဒီတရားတွေဖြစ်လာပြီ ဆိုတော့ ခန္ဓာကိုယ်ထဲမှာ ခုန အရှင်မဟာကဿပ၊ အရှင် မဟာမောဂ္ဂလာန်တို့လို ရုပ်ကောင်းတွေ၊ ကြည်လင်တဲ့ရုပ်တွေ၊ အေးချမ်းတဲ့ရုပ်တွေ၊ သာယာတဲ့ရုပ်တွေ ဖြစ်ပြီးတော့ အဲဒီ ရုပ်တွေက မကောင်းတဲ့ရောဂါတွေကို နှင်ပစ်လိုက်တာပဲ။ နှင်ပစ်လိုက်လို့ ကျန်းမာခြင်းသုခ ရနိုင်ကြတာ။

ဗောဇ္ဈင်တရားတွေဟာ ကိုယ်တိုင်ကျင့်ကြံခြင်းဖြင့် လည်း ရောဂါဝေဒနာတွေကို ကင်းပျောက်စေတတ်တယ်။ ဒါကြောင့် ဗောဇ္ဈင်တရားလည်း နာကြရ၊ ကိုယ်တိုင်လည်း နလုံးသွင်းကြရတယ်။ ကိုယ်တိုင် တရားနလုံးသွင်းဖို့ဟာလည်းပဲ ရောဂါကင်းပျောက်ခြင်း အကြောင်းဖြစ်တယ်။ ဒီတော့ တတ်နိုင်သမျှ ဗောဇ္ဈင်တရားတွေလည်း ပွားများရတယ်။

ဗောဇ္ဈင်တရား ပွားများတယ်ဆိုတာ ခန္ဓာငါးပါး တို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရား ပွားများတာပဲ။ သို့သော် ခုနပြောသလို ဗောဇ္ဈင်အမည်ရတာကတော့ တော်တော်နဲ့ မရဘူး။ တရားရှုလို့ ပိုင်ပိုင်နိုင်နိုင် တကယ်ထူးထူးခြားခြား အမြင်သန်လို့ တရားတွေ အကုန်လုံး သွက်သွက်လက်လက် ဖြစ်လာမှ ဗောဇ္ဈင် အမည်ရတယ်။ ဗောဇ္ဈင်ခေါ်ရတယ်။

အဲဒီ ထိအောင် ဗောဇ္ဈင်ရဲ့အစွမ်းသတ္တိဟာ ဒီလိုရှိပါလား လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေအားလုံး နာလည်း နာနိုင်ကြပါစေ၊ ကြိုးစားမှုဆင်ခြင်ခြင်းဖြင့် ပွားလည်း ပွားများနိုင်ကြပါစေ။ ပွားများနိုင်ကြ၍ ပကတိ ရောဂါတွေ၊ ကိလေသာရောဂါတွေ ရောဂါခပ်သိမ်း အေးငြိမ်း ပပျောက်ခြင်းသို့ ရောက်ကြပါစေ။ ရောဂါမရှိတဲ့ပုဂ္ဂိုလ်တွေ ဟာလည်း တစ်နေ့တခြား ကျန်းမာသည်ထက် ကျန်းမာပြီး တော့ လောကီအကျိုး၊ ဓမ္မအကျိုး၊ သံသရာအကျိုးဆိုတဲ့ အကျိုးတရားတွေကို တိုးပွားအောင်

ကြိုးစားအားထုတ် နိုင်ကြပါစေ။

သာဓု၊ သာဓု၊ သာဓု

ရေစက်ချအာခန်း

အရှင်မြတ်ဘုရား ဘုရားတပည့်တော်တို့သည် ဘုရားတရား သံဃာ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော် တို့ကို လည်းကောင်း၊ ကုသိုလ်ကောင်းမှုတို့၏ အပြစ်မရှိ ကောင်းသောအကျိုးကိုပေးတတ်သော၊ ယုံကြည်သော သဒ္ဓါ၊ သိနား လည်သော ပညာ၊ သဒ္ဓါ၊ ပညာ တရားနှစ်ပါး ရရှိသွားပြီ ကြကုန်၍ ဤနေ့ဤအခါသမယ၌ မကောင်းသော ရောဂါ၊ ဘေးဒုက်၊ ရန်မာန်အန္တရာယ်တို့မှကင်းကွာ ကြကုန်၍ ကျန်းကျန်းမာမာချမ်းချမ်းသာသာဖြင့် လောက ကြီးပွားကြောင်း၊ သံသရာကြီးပွားကြောင်း အကျိုးတရားတို့ကို တိုးပွားအောင် ဆောင်ရွက်နိုင်ခြင်းငှာ သံဃာတော်တို့အား မွန်မြတ်လှစွာသော ဆွမ်းခဲဘွယ်ဘောဇဉ် အာဟာရတို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ အဂိုငါးပါးနှင့်ပြည့်စုံသော သီလ တော်မြတ်တို့, ကိုလည်း ခံယူဆောက်တည်ကြကုန်၍ အန္တရာယ်ကင်းဝေး အေးချမ်းသာယာ မင်္ဂလာဖြစ်စိမ့်သောငှာ ပရိတ်တရား တော်မြတ်တို့ကိုလည်း ကြားနာကြ၍၊ သီလဝန္တ ဖြစ်ကြကုန်သော ဘုရားတပည့်တော်တို့သည် မွေးနေ့မင်္ဂလာ ပူဇော်ကုသိုလ် အဖြစ်ဖြင့် ဤ သင်္ကန်း၊ ထီး၊ ဖိနပ်၊ မျက်နှာသုတ်ပဝါ အစရှိသော လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းကြပါကုန်၏။

ဘုရားတပည့်တော်တို့၏ မွေးနေ့မင်္ဂလာအခါ သမယ၌ ချမ်းသာခြင်းအကြောင်း ကောင်းမြတ်သော အလှူတော်တို့ကို ပူဇော်လှူဒါန်းရသောကြောင့် ဘုရားတပည့်တော်တို့သည် ကျန်းကျန်းမာမာ ချမ်းချမ်း သာသာဖြင့် လောကကြီးပွား ကြောင်း၊ သံသရာကြီးပွား ကြောင်း ကောင်းမြတ်သော အမှ-ကိစ္စတို့ကို အလွယ်တကူ မပူမပင် မကြောင့်မကျ ရွက်ဆောင် နိုင်ကြ၍ ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်ရပါလိုကုန်၏။

ဤကုသိုလ်ကောင်းမှုတို့၏ အဖို့ဘာဂကို မိဘ နှစ်ပြာ၊ ဆရာသခင် ကျေးဇူးရှင်တို့အားလည်းကောင်း၊ ဆွေမျိုးညာတိ မိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ ဘုမ္မစိုး၊ ရက္ခစိုး၊ အာကာသစိုး၊ စတုလောကပါလ သိကြား ဗြဟ္မာများစွာသော နတ်ဗြဟ္မာ အပေါင်းတို့အားလည်းကောင်း။ အလုံးစုံသော သတ္တဝါ အပေါင်းတို့အားလည်းကောင်း ရကြပါစေ အမျှပေးဝေပါ ကုန်၏။ ပတ္တိဒါန ဤကုသိုလ်အမှုကို ရကြဖို့ရန် သာဓုသာဓု ကောင်း ချီးပြုကာ ဝမ်းသာကြပါ ကုန်လော့၊ ဝမ်းသာအားရ သာဓု ခေါ်ခိုင်ကြ၍ ကိုယ်စီကိုယ်ငှ အမျှရကာ ချမ်းသာကြသည် ဖြစ်ပါ စေသတည်း။

အမှု အမှု အမှု ထူတော်မူကြပါကုန်တော့။ (၃-ကြိမ်)
ထာဓု ထာဓု ထာဓု။ (၃-ကြိမ်)

သပြေကန် ဆရာတော်ကြီး

နှင့်

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်

သာမဏေကျော် စုစည်းပူဇော်သည်

သပြေကန် ပရိတ်ကြီးနိသယသစ်ကို ရေးသား ပြုစုတော်မူခဲ့သော ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသကို ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် အရှင်ပဏ္ဍိတာဘိဝံသသည် ပြည်ပသို့ ဓမ္မဂုဏ်ပြ ဓမ္မဒူတခရီး ကြွခါနီး အချိန်နှင့် တိုခရီးမှ ပြန်ကြွလာရာအချိန်တို၌ ဖူးမျှော်ကန်တော့ခြင်း, သပြေကန်ဆရာတော်ကြီး၏ ကျန်းမာရေးအတွက် လိုအပ်ရာရာ ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခြင်း, ကျန်းမာရေးအခြေအနေ မေးမြန်းလျှောက်ထားခြင်း, ပိဋ္ဌကတ်တော်လာ သိလိုသည့် ခက်ဆစ်အကြောင်းအရာများ မေးမြန်းလျှောက်ထားခြင်း စသည်တို့ကို ပြုလုပ်လေ့ရှိပေ၏။ သပြေကန်ဆရာတော်ကြီးအကြောင်းကို စာရေးဆရာတို့ ရေး

သားထားသည့် စာပေ, ဆောင်းပါးစသည်တို့ကို ဖတ်ရှုရသဖြင့် သပြေကန်ဆရာတော်ကြီးအကြောင်း သိတန်သလောက် သိရပါ၏။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်သည် သပြေကန်ဆရာတော်ကြီး၏ စာအရေးအသား ညက်ညောကြောင်း, အယူအဆ, အတွေးအခေါ်, အဆုံးအဖြတ်ရှင်းလင်းပြတ်သားမှု၌ အတုယူဖွယ် ကောင်းကြောင်း, စာအရေးအသားမှာ ခေတ်မီ၍ ကောင်းမွန်ကြောင်း စသည်ကို ဤဆောင်းပါးရေးသားသူအား ပြောပြသည်ကို မှတ်သားခဲ့ဖူးပါ၏။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ, မင်္ဂလာအမြုတေစာအုပ်ကို ရေးသားသည့် မလှိုင်ကံကြီးဆရာတော် ကာဗျဝိဒူ အရှင်စန္ဒဓောတိနှင့် ဤသပြေကန်ဆရာတော်တို့၏ စာရေးသားပုံတို့မှာ သွေးနည်းသွေးဟန်နှင့် တစ်မျိုးစီ ကောင်းကြကြောင်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်က မိန့်ကြားသည်ကို နာယူဖူးပါ၏။

မဟာဂန္ဓာရုံဆရာတော်မှာ ဤဆောင်းပါးရေးသူ၏ ကျေးဇူးရှင် ဆရာတော်ဖြစ်၍ ဆရာတော်၏ စာအရေးအသားကောင်းမှုကို နားလည်သဘောပေါက်ခဲ့ရပါ၏။ မလှိုင်ကံကြီးဆရာတော်၏ စာအရေးအသားကို မင်္ဂလာအမြုတေစာအုပ်ဖတ်ရသောအခါ ခေတ်မီမှု, ရှင်းလင်းမှု ရှိသည်ကို သိခွင့်ရခဲ့ပါ၏။ သပြေကန်ဆရာတော်၏ စာအရေးအသားကျွမ်းကျင်မှုကို ကျေးဇူးရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၏ မိန့်ကြားချက်ဖြင့်ပင် လေးစားမြတ်နိုးနှင့်ပါ၏။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်က ပြဿနာ(၇)ချက်မေး၍ သပြေကန်ဆရာတော်ကြီးက စာဖြင့်ရေး၍ ဖြေထားအပ်သော အဖြေများကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က တပည့်ရဟန်းငယ်တို့ကို ဖတ်ရှုစေ၍ မှတ်သားစေသဖြင့် သပြေကန်ဆရာတော်ကြီး၏ ပိဋကတ်ကျွမ်းကျင်မှု, အယူအဆ အတွေးအခေါ် ရှင်းလင်းပြတ်သားမှု, စာအရေးအသား ညက်ညောမှုတို့ကို သိရှိကြည်ညိုခဲ့ရပါသည်။

အဖြေပေးထားအပ်သော ထိုမေးခွန်း(၇)ချက်မှာ-

(၁) သက်သက်လွတ်စားခြင်းသာ မြတ်သလော။

(၂) မာဂဏ္ဍိ၏ မိဘနှစ်ပါးကို တရားထူးရစေသည့် တရားသည် သမီး မာဂဏ္ဍိအဖို့မူ အဘယ်ကြောင့် ဒေါပွစရာဖြစ်ရပါသနည်း။

(၃) အရှင်မောဂ္ဂလ္လာန်မထေရ်က နန္ဒောပနန္ဒနဂါးမင်းကို နှိမ်နင်းဆုံးမရာ၌ အပြစ် ရှိ- မရှိ။

(၄) သောတာပန်ဖြစ်ပြီးနောက်လည်း ဗိုလ်ချုပ်ကြီးတာဝန်ကို ထမ်းဆောင်လျက်ပင် ရှိနေသော သီဟမှာ ပါဏာတိပါတ ကင်းနိုင်ပါသလော။

(၅) မိဂါရသူဌေးက ချွေးမ ဝိသာခါ၏ နို့ကို စို့- မစို့။

(၆) "ကာမဂုဏ် မှီဝဲစဉ်မှာပင် ငါဘုရားကို မမေ့နဲ့ဟု ဝိသာခါအား ဘုရားရှင် မိန့်တော်မူသည်" ဟု ဆိုရာ ထိုအဆို မှန်- မမှန်။

(၇) နိုင်ငံခြားသား ရဟန်းတော်များနှင့် ဒေါလာကိစ္စတို့ ဖြစ်ပါ၏။

သပြေကန်ဆရာတော်ကြီး၏ ပရိတ်ကြီးနိသယသစ်သည် နာမည်ကြီးလှ၏။ သို့သော် ဤဆောင်းပါးရေးသူ စေ့စေ့ငင် မဖတ်ရှုရသေးမီက နာမည်ကြီးရခြင်း၏အကြောင်းကို ကောင်းကောင်းမသိလှ၊ စေ့စေ့ငင် ဖတ်ရှုမိသောအခါ၌မူကား သပြေကန်ဆရာတော်ကြီးကို ယခင်က လေးစားသည်ထက် ပို၍ လေးစားမိပါ၏။ ကျေးဇူးရှင်ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် မိန့်ကြားအပ်သော စကားတို့ကိုလည်း ပို၍ နားလည်းသဘောပေါက်လာပါ၏။ "စာရေးနည်း အတုယူ" ဟု တိုက်တွန်းအပ်ခဲ့သော စကားသည်ပို၍ လေးနက်လာပါ၏။ တကယ်ပင်အတုယူဖွယ် ကောင်းပါ၏။

ဆရာတော်ကြီးသည် အနေအထိုင် အပြောအဆို ညက်သလောက် စာအရေးအသားကား သွက်လက်၏။ ထက်မြက်၏။ တက်ကြွ၏။ ခေတ်မီ၏။ ပိဋကဗဟုသုတ, ဘာသန္တရဗဟုသုတ စုံလင်လှပေ၏။ ဤစာရေးသူ ဉာဏ်မိသမျှဖြင့် ဤသို့ သုံးသပ်မိပါ၏။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် တပည့်ရဟန်းပရိသတ်, သီလရှင်(သီလရှင်)ပရိသတ်, အမျိုးသား-အမျိုးသမီးယောဂီပရိသတ်တို့နှင့်အတူ ၁၃၅၄-ခု တပို့တွဲလပြည့်ကျော် (၈)ရက် (၁၅-၂-၉၃)နေ့က ညနေ (၄)နာရီခွဲအချိန်တွင် သပြေကန်ဆရာတော်ကြီးကို ဖူးမျှော်ကန်တော့သွားခဲ့ပြန်ပါ၏။ ဤတစ်ကြိမ်ကား မလေးရှား,

စက်ပူ,အင်ဒိန်းရှားနိုင်ငံတို့ကို (၃)လကြာ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီးမှအပြန် သွားရောက်ကန်တော့ခဲ့သည့် အကြိမ် ဖြစ်ပါ၏။ ဤတစ်ကြိမ်တွင် သပြေကန်ဆရာတော်ကြီး၏ မျက်နှာတော်မှာ ပို၍ လန်းဆန်းနေပါ၏။ စိုပြေနေပါ၏။ ကျန်းမာရေး ပို၍ ကောင်းနေပုံ ပေါ်ပါ၏။ သပြေကန် ဆရာတော်ကြီးထံ ရဟန်းငယ်ဘဝက အထက်တန်းစာပေ လေ့လာနည်း ခံယူဖူးသည့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်နှင့် တပည့်အပေါင်းတို့က သြကာသဖြင့် ကန် တော့ကြပြီး ဆရာတော်ကြီးက ဆုပေးပါသည်။

ထို့နောက် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာ တော်က ဝိနည်းနှင့်စပ်သည့် မေးခွန်းတစ်ခုကို သပြေကန် ဆရာတော်ကြီးအား မေးပါ၏။ ကျမ်းဂန် အကိုးအကားနှင့် တကွ သပြေကန်ဆရာတော်ကြီး၏ အဖြေကို လိုလား ကြောင်း လျှောက်ထားပါ၏။

"အသက်ကြီးလာတော့ မေ့လာတယ်။ ဆွမ်းစား ပင့်ထားလို့ ဒိုင်ယာရီမှာ ညကရေးမှတ်ထားပေမယ့် မနက် ရောက်တော့ မေ့သွားတယ်" ဟု ဆရာတော်ကြီး၏ မိန့်ကြား သံကို နာကြားရသောအခါ "အသက်ကြီးလာရင် ရုပ်ခန္ဓာ ယိုယွင်းလာသည်နှင့်အမျှ သတိလည်း ယိုယွင်းလာတတ် ပါတကား" ဟု စဉ်းစားမိပါ၏။ ကပ္ပိယကာရကတို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ရာတွင် ဆရာတော်ကြီးက ဝိနည်းနှင့်အညီ အကပ်ခံထိုက်သည်ကိုသာ အကပ်ခံ၍ အကပ်မခံထိုက်သည်ကိုမူ မကပ်စေသည်ကို တွေ့ရသဖြင့် ဝိနည်းကို အသေးအမွှားလေးမှအစ လေးစားလိုက်နာသော ဆရာတော်ကြီး-ဟု ယခင်က ကြားရံသာ ကြားခဲ့ဖူးရာ ယခုအခါမူ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရပါ၏။ တပည့်ဖြစ် ဖူးသည့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကိုပင် "ဆရာတော်" ဟူသော အသုံးအနှုန်းဖြင့် သုံးနှုန်းပြောဆို သည်ကို မြင်တွေ့ရသောအခါ ဆရာတော်ကြီး၏ မာန်မာန မရှိပုံ, ဝါငယ်သူကိုပင် လေးစားပုံတို့ကို ကြည်ညိုရပါ၏။ စကားကို အကျယ်ကြီး မပြော၊ တိုးတိုးသာ ပြောဆိုတော် မူ၏။ ညင်ညင်သာသာ မိန့်တော်မူ၏။ ဆရာတော်ကြီး သီတင်းသုံးရာအခန်းထဲမှ ဧည့်ခန်းသို့ ကြွလာပုံ, ကုလား ထိုင်ပေါ် ထိုင်တော်မူပုံ, တည်ငြိမ်အေးချမ်းသော မျက်နှာ ရိပုံ, ဖြေးညှင်းညင်သာစွာ လှုပ်ရှားပုံ, ထန်းရွက်ယပ်တောင် ကို ကိုင်လျက် ပြုံးချည်တစ်ခါ တည်ချည်တစ်လှည့်ဖြင့် ဆရာတပည့်တို့ ပွင့်လင်းရင်းနှီးစွာ ဆက်ဆံကြပုံ, မေးပုံ, ဖြေပုံတို့ကို မြင်တွေ့ရ၍ ကြည်ညိုသဒ္ဓါပွားရပါသည်။

လာရောက်ကန်တော့ကြသည့် ပရိသတ်တို့တွင် ဗုဒ္ဓ စာပေသင်ယူနေကြသည့် နိပေါမှ သိက္ခာရှင်(သီလရှင်) (၃)ပါးနှင့် မလေးရှားမှ သိက္ခာရှင်(သီလရှင်)တစ်ပါးတို့ အပြင် ပြည်တွင်းမှ စာသင်သိက္ခာရှင်တို့လည်း ပါဝင်လာ လေရာ ထိုသိက္ခာရှင်တို့အား ဆရာတော်ကြီးက သြဝါဒ စကား မိန့်ဆွေလိုက်ပါသည်။

"ဂုဏ်-ဆိုတာ ရှိရတယ်၊ ခန္ဓာကိုယ်ကြီးက ပျက်စီးသွားပေမယ့် ဂုဏ်ဆိုတာကတော့ ကမ္ဘာတည်သရွေ့ ရှိနေမှာပဲ၊ ကမ္ဘာကျေသော်လည်း ဥဒါန်းမကြေစေရဘူး။ လူသေပေမယ့် နာမည်မသေစေရဘူး။ စာသင်နေကြတဲ့ ဆရာလေးတွေ ဆိုတော့ ပရိယတ်ဂုဏ်, ပဋိပတ်ဂုဏ် ထွန်းထွန်းပေါက်ပေါက်ဖြစ်အောင် ကြိုးစားကြရမယ်။ ကြိုးစားနိုင်ကြပါစေ"

၁၃၅၄(၁၉၉၃)-ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်ရ သပြေကန်ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာ ဘိဝံသနှင့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသဟူသော ကျေးဇူးရှင် ဆရာ အရှင်မြတ်ကြီး (၂)ပါး၏ ပြုမူပြောဆို ဆက်ဆံကြပုံ မေးပုံ, ဖြေပုံ စသည်တို့ကား ဤစာရေးသူတို့လို နှောင်းခေတ် သာသနာ့ဝန်ထမ်းငယ်တို့အဖို့ ကြည်ညိုဖွယ်ဖြစ်ပါပေသည်။

သပြေကန်ဆရာတော်ကြီးအား သက်တော်(၈၃), ဝါတော်(၆၃)ဝါ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် ကား သက်တော်(၇၂),ဝါတော်(၅၂) ရှိကြပေပြီ။ သက်တော် ဝါတော် ကြီးမားတော်မူကြသည်နှင့်အမျှ သီလ, သမာဓိ, ပညာအင်အား ကြီးမားတော်မူကြသည့် ကျေးဇူးရှင် ဆရာတော်ကြီး (၂)ပါး သက်တော်ရာကျော်ရှည်ကာ သာ သနာ့အကျိုး သယ်ပိုးတော်မူနိုင်ကြပါစေ-ဟု ပတ္ထနာပြုကာ ခြေတော်ဦးခိုက်လိုက်ပါသည်။

(ဤဆောင်းပါးကို ၁၉၉၃-ခုနှစ် မေလထုတ် ရတနာမွန် မဂ္ဂဇင်း၌ ဖော်ပြခဲ့ပါသည်။)

အမေးအဖြေများ

မွေးလွန်းသည့် ပန်း

ရတနာမွန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဒကာကြီး ဦးထွန်းလွင် (ဓမ္မာစရိယ+ဘီအေ)ထံမှတစ်ဆင့် စာရေးသူ ထံသို့ (၁၄-၆-၉၃)နေ့က စာတစ်စောင် ရောက်လာပါသည်၊ စာရေးလိုက်သူ ကား မကွေးတိုင်း၊ ရေနံချောင်းမြို့၊ အမှတ်(၂၅၉) လက်မှတ်ကုန်းရပ်မှ မောင်အောင်ကြီး ဖြစ်ပါသည်။

သူရေးလိုက်သည့်စာကား-

သာမဏေကျော် အရှင်မြတ်ဘုရား

တပည့်တော် ရိုသေစွာရှိခိုး လျှောက်ထားအပ်ပါသည်ဘုရား။

၁၉၉၃-ခု မေလထုတ် ရတနာမွန်မဂ္ဂဇင်းမှာ အရှင်ဘုရား ရေးသားထားတဲ့ "သပြေကန်ဆရာတော်ကြီးနှင့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်" အကြောင်း ဓမ္မဆောင်းပါးကို မှတ်သားကြည်ညိုရပါသည်ဘုရား။

တပည့်တော် မှတ်သားကြည်ညိုပြီးသည့်အခါတွင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် ဘုရားက မေးခွန်း(၇)ချက် မေးထားသဖြင့် သပြေကန်ဆရာတော်ကြီးက ဖြေထားအပ်သော အဖြေများကို ဖတ်ရှု ကြည့်ညိုလှပါသည် အရှင်မြတ်ဘုရား၊ ထို မေးခွန်း(၇)ချက်၏ အဖြေများကို တပည့်တော်တို့ ဖတ်ရှုကြည့်ညိုနိုင်ပါရန် ရတနာမွန်မဂ္ဂဇင်းမှာပင် ဖြစ်စေ (သို့မဟုတ်) အရှင်ဘုရား အားလပ်တော်မူသောအချိန်မှာ သီးသန့် စာပြန်ကြား ရေးသားတော်မူ၍ဖြစ်စေ ချီးမြှင့်သနားတော်မူပါဘုရား-တဲ့။

စာဖတ်ပရိသတ်တို့ထံမှ ဤကဲ့သို့ တောင်းဆိုသည့် စာတွေလာလေမည်ကို ရတနာမွန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဒကာကြီး ဦးထွန်းလွင်(ဓမ္မာစရိယ+ဘီအေ)က ကြိုတင် နားလည်ထားပုံရပါသည်။ ထို့ကြောင့်ပင် ဒကာကြီး ဦးထွန်းလွင်က "သပြေကန်ဆရာတော်ကြီး၏ အဖြေများကို စာဖတ်ပရိသတ်များက မျှော်လင့်စောင့်စားနေကြပါလိမ့်မယ်ဘုရား။ အဘိဓဇ မဟာရဋ္ဌဂုရုဆရာတော်ကြီးဖြစ်သည့် သပြေကန်ဆရာတော်ကြီး၏ အဖြေများဟာ ပညာရှင်တို့အဖို့ လေးစားမြတ်နိုးဖွယ် ဖြစ်ပါလိမ့်မယ်ဘုရား။ဒါ့ကြောင့် အဲဒီအဖြေများကို ဆက်လက်ရေးသားပေးပို့ပါဘုရား" ဟု လျှောက်ထားလာသဖြင့် ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်၏ ခွင့်ပြုချက်ဖြင့် ရတနာမွန် မဂ္ဂဇင်းသို့ ပေးပို့ခဲ့ပါပြီ။ ဇူလိုင်လမှစ၍ ဆက်တိုက်ဖော်ပြ သွားမည်" ဟုလည်း ဒကာကြီး ဦးထွန်းလွင်က လျှောက်ထားလာပြန်ပါသည်။

ထိုအဖြေများကို တောင်းဆိုမည် ဆိုလျှင်လည်း တောင်းဆိုထိုက်ပါပေသည်။ ထိုအဖြေများသည် ပညာရှင်တို့အဖို့ တကယ်ပင် လေးစားမြတ်နိုးဖွယ် ဖြစ်ပါပေသည်။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ကဲ့သို့ပင် အခြားခြား ဆရာတော်, သံဃာတော်တွေ, ဒကာ-ဒကာမတွေကလည်း သပြေကန်ဆရာတော်ကြီးအား မေးထားသည့် မေးခွန်းတွေ ရှိနေဦးမည်မှာ မလွဲပါပေ။ ထို မေးခွန်းတွေကိုလည်း ဆရာတော်ကြီးက ဖြေပေးခဲ့မှာ သေချာပါသည်။ ထို အမေးအဖြေများကိုလည်း စာဖတ်ပရိသတ်တို့က ဖတ်ရှုလိုနေကြပါလိမ့်မည်။ သပြေကန်ဆရာတော်ကြီး၏ အနီးရှိ တပည့်တွေ ဖော်ထုတ်ပေးနိုင်မည်ဆိုလျှင် ကောင်းပါပေစွာ၊ သာသနာတော်အား လွန်စွာ အကျိုးများပါလိမ့်မည်။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်သည် အမေရိကန်, အင်္ဂလန်,

ဂျာမနီ, ပြင်သစ်, ဩစတြေးလျ, ကနေဒါ, ကိုရီးယား, မလေးရှား, အင်ဒိုနီးရှား, စကင်ပူ, သီရိလင်္ကာ, နီပေါ, ထိုင်း စသောနိုင်ငံတို့၌ ဗုဒ္ဓ၏ ဓမ္မ ဂုဏ်ရည်များကို လက်လှမ်းမီရာ၌ ဖော်ပြပေးလျက် ရှိပါ၏။ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်အား အထက်ဖော်ပြပါနိုင်ငံတို့မှ လည်းကောင်း, အခြားခြားနိုင်ငံတို့မှ လည်းကောင်း ဘာသာပေါင်းစုံမှ လူပေါင်းစုံတို့က မေးခွန်းတွေ စုံနေအောင် မေးခဲ့ကြသဖြင့် ဆရာတော်သည် စွမ်းအား ရှိသမျှ ဖြေကြားပေးခဲ့ပါသည်။ သူတို့ ကျေနပ်အားရမှု ရှိကြသည်ကို စာရေးသူ ကိုယ်တိုင် မြင်တွေ့လည်း မြင်တွေ့ရ တစ်ဆင့်လည်း ကြားသိနေရပါသည်။

ထိုကဲ့သို့သော ဆရာတော်က သပြေကန်ဆရာတော်ကြီးအား သူသိလိုရာရာ ခက်ဆစ်ခက်ရာ ပြဿနာတို့ကို လေးလေးစားစား မြတ်မြတ် နိုးနိုး လိုလိုချင်ချင်ဖြင့် မေးမြန်း လျှောက်ထားသည်ကို တွေ့ရသဖြင့် ဆရာတော်ကြီးသည် အလွန်ပင် ကျွမ်းကျင် ပညာရှင်ကြီးတစ်ပါး ဖြစ်မည်ဟု တွေးဆခဲ့ပါ၏။ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်သည် ပြည်ပသို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီး ကြွလေတိုင်း သပြေကန်ဆရာတော်ကြီး ရေးသားထားသည့်, ဟောကြားထားသည့် တရားစာအုပ် တို့ကို ယူသွားလေ့ရှိ၏။ ဖတ်ရှု၏။ ဟောပြောရာတွင် အသုံးပြု၏။ ဆရာတော်ကြီး၏ ပရိတ်ကြီး နိဿယသစ် စာအုပ်တို့ကို ရွှေတောင် ကုန်း သာသနာ့ရိပ်သာ ဆရာတော်က ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး၏ တပည့်ဒကာ မောင်လှမြင့်ကို အင်္ဂလိပ် လို ဘာသာပြန်စေပြီး၍ အမေရိကယောဂီတို့ထံ ပို့ပေးစေခဲ့ပါသည်။ အမေရိကယောဂီတို့ ထိုစာအုပ်ကို လေ့လာနေကြလေပြီ။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်သည် အခါအခွင့်သင့်တိုင်း သပြေကန်ဆရာတော်ကြီးအား ခက်ဆစ်ခက်ရာများကို မေးမြန်းခဲ့ရာ ဆရာတော်ကြီးက လေးလေးစားစား မြတ်မြတ်နိုးနိုး ကြိုးကြိုးစားစား ဖြေကြားပေးသည်ကို တွေ့ခဲ့ရပါသည်။ တချို့ မေးခွန်းများကို နှုတ်ဖြင့် တိုက်ရိုက် ဖြေကြားပေးသည့်အခါ ရှိ၏။ တချို့ မေးခွန်းများကို စာရေး၍ ဖြေကြား ပေးသည့်အခါရှိ၏။ သပြေကန်ဆရာ တော်ကြီး ပိဋကတ်စာပေ မည်မျှ ကျွမ်းကျင်သည်, ဘာသန္တရစာပေတွေ မည်မျှ နှံ့စပ်သည်ကိုမူ သပြေကန် ဆရာတော်ကြီးလို ပညာရှင် တစ်ဦးက သာ သိနိုင်ပါလိမ့်မည်။ စာရေးသူတို့ အသိမှာ ဆရာတော်ကြီး၏ အသိနှင့် နှိုင်းစာလျှင် တောင်ပေါ်ကလူ၏ အသိ နှင့် တောင် အောက်ကလူ၏ အသိပမာ ကွာခြားပါလိမ့်မည်။ ဆရာတော်ကြီး အဖြေပေးသည့်အခါတိုင်း စာရေးသူ၏ စိတ်ထဲမှာ ပေါ်လာမိသည်မှာ - သပြေကန်ဆရာတော်ကြီးသည် မတီး မမြည်, တီးမှ မြည်သည့် စည်ကြီးနယ်ပါတကား။ လိုရာရာ ပစ္စည်းတွေကို ပေးနိုင်သည်ဟု ပြောဆိုကြသော ပဒေသာပင်ကြီးနယ် ပါတကား ဟူ၍ ပင် ဖြစ်ပါ၏။

သပြေကန်ဆရာတော်ကြီး တည်းဟူသော စည်ကြီးကို မေးခွန်းတည်းဟူသော လက်ခတ်ဖြင့် စမ်း၍ မတီးခတ်လေနှင့်၊ ပြောင်မြောက်သော အဖြေတည်းဟူသော စည်သံကြီးမှာ ကျယ်လောင်စွာ မြည်ဟိန်းလာလိမ့် မည်သာတည်း၊ ပိဋကစာပေဆိုင်ရာ ဗဟုသုတအဖြာဖြာတည်းဟူသော ပစ္စည်းဥစ္စာတို့ကို အလိုရှိလို့ ဆရာတော်ကြီးတည်းဟူသော ပဒေသာပင်ကြီး ထံသို့ သွားယူလေလျှင်လည်း ပေးလိုက်နိုင်မှာသေချာပါ၏။သို့သော် ဆရာတော်ကြီးမှာ အသက်ကြီးလာပြီ ဖြစ်သဖြင့် သတိတွေ မေ့လာပြီဟု ဆိုသော်ငြားလည်း အသိဉာဏ်ကား ကြီးမားလျက်ပင် ရှိနေပါ၏။

သပြေကန်ဆရာတော်ကြီးထံသို့ ဖူးမျှော်ကန်တော့သွားတိုင်း ဆရာတော်ကြီး၏ တည်ငြိမ်သော မျက်နှာတော်, အေးဆေးညင်သာသော အပြောတို့ကို ဖူးမျှော်ကြားသိရသည့်အပြင် ကြီးမားလှသော ပညာ, မေတ္တာ, ကရုဏာတော်တို့ကို သိခွင့်ရသဖြင့် ဆရာတော်ကြီးလို တည်ငြိမ်သော မျက်နှာပိုင်ရှင် ဖြစ်ချင်ခဲ့လှပါပြီ။ အေးဆေးညင်သာစွာ ပြောတတ်ချင်လှပါသည်။ ကြီးမားသော ပညာရှင်, မေတ္တာရှင်, ကရုဏာရှင် ဖြစ်ချင်လှပါဘိသည်။ ဆရာတော်ကြီး၏ မျက်နှာတော်က ဘုရားသားတော်ရဲ့ မျက်နှာဟာ ဒီလိုတည်ငြိမ်မှု ရှိရတယ်" ဟု ပြောပြနေသယောင် ရှိနေပါသည်။ ဆရာတော်ကြီး အပြောက "ဘုရား

သားတော်ဆိုတာ ဒီလိုပြောဆိုရတယ်''ဟု ဆုံးမနေသယောင် ရှိနေပါသည်။ ဆရာတော်ကြီး၏ ကြီးမားသော ပညာ, မေတ္တာ, ကရုဏာများက ''အရှင်မြတ်လေးတို့- ပညာရှင်ကြီး ဖြစ်လာအောင်, မေတ္တာရှင်ကြီး, ကရုဏာရှင်ကြီး ဖြစ်လာအောင် ကြိုးစားကြ''ဟု တိုက်တွန်းသယောင် ရှိနေပါတော့သည်။

ဝိနည်းကိုလည်း အသေးစိတ်ကလေးမှအစ ရိုရိုသေသေ လိုက်နာသည်ဟု သတင်းကြီးလှသော သပြေကန် ဆရာတော်ကြီးသည် သတင်းကြီးသည့်အတိုင်း တကယ်ပင် မှန်သလောဟူသော စူးစမ်းလေ့လာသော အကြည့်ဖြင့် စူးစမ်းခဲ့ပါ၏။ လေ့လာခဲ့ပါ၏။ အစူးစမ်းခံနိုင်သည့် သိလ ပိုင်ရှင်, အလေ့လာခံနိုင်သည့် သိလ ပိုင်ရှင်, အနီးကပ်ကြည်ညိုလို့ရသည့် သိလပိုင်ရှင်အဖြစ် ကြည်ညိုခဲ့ရပါ၏။ လေးစားခဲ့ရပါ၏။

''ဗဟုသုတရှိလျက် သီလမရှိလျှင် ရေမရှိသော ကန်နှင့်တူ၏။ ပညာရှိလျက် သီလမရှိလျှင် အသီးမရှိသော သစ်ပင်နှင့်တူ၏။ စာပေပို့ချ နိုင်လျက် သီလမရှိလျှင် အသီးမချိုသော သစ်ပင်နှင့်တူ၏။ တရားဟော ကောင်းလျက် သီလမရှိလျှင် အနံ့မရှိသော သစ်ပင်နှင့်တူ၏။ ကျမ်းကန် တတ်လျက် သီလမရှိလျှင် အဆိပ် သီးပင်နှင့် တူ၏။ ဘုန်းကြီးလျက် သီလမရှိလျှင် အနှစ်မရှိသော သစ်ပင် နှင့်တူ၏''ဟူသော ပထမရွေကျင် ဆရာတော်ကြီး၏ ဩဝါဒတော်အရ ဆိုရလျှင် ၁၉၉၃-ခုနှစ်တွင် အာဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ဆက်ကပ်ခံရသည့် တွဲဖက်ရွေကျင်သာသနာပိုင် ဆရာတော်ကြီးဖြစ်သည့် သပြေကန် ဆရာတော်အရှင်ဝါသေဠာဘိဝံသသည် ရေရှိသောရေကန်, အသီးရှိသော သစ်ပင်, အနံ့မွှေးသော ပန်း, အနှစ်ရှိသော သစ်ပင်တို့နှင့် တူလှပါပေသည်။

မြတ်ဗုဒ္ဓသာသနာတော်မှာ သပြေကန်ဆရာတော်ကြီးကဲ့သို့ ကြီးမားသော, ခိုင်ခံ့သော သီလပိုင်ရှင်, သမာဓိရှင်, ပညာရှင်ကြီးတွေ ပေါများလာလျှင် ပေါများလာသလောက် မြတ်ဗုဒ္ဓသာသနာရောင်ဝါမှာ ထွန်းတောက်လျက်ရှိမည်မှာ မလွဲပါပေ။

(ဤဆောင်းပါဖြင့် သပြေကန်ဆရာတော်ကြီး၏ အာဘိဓဇမဟာရဋ္ဌဂုရု ပူဇော်ပွဲမှာ ဆရာတော်ကြီးကို ပူဇော်ခဲ့ပါသည်။)

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် မေးလျှို့ သပြေကန်ဆရာတော်ကြီးဖြေသည်

''အရှင်ဘုရား- အရှင်ဘုရား ရေးသားခဲ့တဲ့ သပြေကန်ဆရာတော်ကြီးနှင့် ရွှေတောင်ကုန်း သာသနာ့ ရိပ်သာဆရာတော်(အရှင်ပဏ္ဍိတာဘိဝံသ)က မေးထားအပ်သော မေးခွန်း (၇) ချက်ကို သပြေကန်ဆရာ တော်ကြီး(အရှင်ဝါသေဠာဘိဝံသ)က ဖြေထားကြောင်းပါရှိရာ ထိုအဖြေများကို စာဖတ်ပရိသတ်များက မျှော်လင့်စောင့် စားနေကြပါလိမ့်မယ် ဘုရား။ အာဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ကြီးဖြစ်သည့် သပြေကန် ဆရာတော်ကြီး၏ အဖြေများသည် ပညာရှင်တို့အဖို့ လေးစားမြတ်နိုးဖွယ်လည်း ဖြစ်ပါလိမ့်မယ်ဘုရား။ ဒါ့ကြောင့် အဲဒီအဖြေများကို ဆက်လက်ရေးသားပို့ပေးပါဘုရား''ဟု ရတနာမွန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဒကာကြီး ဦးထွန်လွင် (ခမ္မာစရိယ+ ဘိအေ) က လျှောက်ထားလာသဖြင့် ''ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်မေးလျှို့ သပြေကန်ဆရာတော်ကြီး ဖြေသည်'' ဟူသော နာမည်ဖြင့် ထိုအဖြေများကို စာဖတ်ပရိသတ်တို့အား စာရေးသူက တစ်ဆင့် ခမ္မဒါန ပြုလိုက်ပါသည်။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်သည် ''သက်သတ်လွတ်စားခြင်းသာ မြတ်သလော''ဟူသော မေးခွန်းကို ၁၉၉၉-ခုနှစ်က တောင်ကိုရီးယားနိုင်ငံသို့ ခမ္မဂုဏ်ရည်ပြ ခမ္မဒူတခရီး မထွက်မီ သပြေကန်ဆရာတော်ကြီးအား မေးလျှောက်ခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံသည် မဟာယာန ဗုဒ္ဓဘာသာဝင်ပေါင်းများစွာတို့ နေထိုင်ရာနိုင်ငံ တစ်နိုင်ငံ ဖြစ်ပါ၏။ ထို့နှစ်ခရီးသည်လည်း ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ထံ သတိပဋ္ဌာန်တရား အားထုတ်ဖူးသည့် ကိုရီးယားတပည့်ယောဂီများ, ထေရဝါဒမှ သတိပဋ္ဌာန်တရားကို စိတ်ဝင် စားကြ, မြတ်နိုးလိုလားကြသည့် မဟာယာန ဘုန်းတော်ကြီးများ, မဟာယာန သီလရှင်များ, မဟာယာနဗုဒ္ဓ သာ

သနာဝင် ဒကာ-ဒကာမများက ပင့်လျှောက်ထားသဖြင့် ကြွရောက်ချီးမြှောက်ရသည့် ခရီးဖြစ်ပါ၏။

''သက်သတ်လွတ်စားခြင်းသာ မြတ်သည်''ဟု အစွဲသန်နေသည့် မဟာယာန ဗုဒ္ဓသာသနာဝင်တို့ကို ဗုဒ္ဓဝါဒအမှန် သိမြင်စေလိုသည့် ဆန္ဒသည်လည်း ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် သန္တာန်တွင် အားသန်လျက် ရှိခဲ့ဟန်တူပါ၏။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်သည် သူ့ထက် ပိဋ္ဌကတ်စာပေကို ပိုမို ကျွမ်းကျင်နှံ့စပ်သည်ဟု ထင်မြင်ယူဆကာ လေးစားထားအပ်သော ကျေးဇူးရှင်သပြေကန်ဆရာတော်ကြီးထံမှ အထောက်အထား ခိုင်လုံ၍ တိကျသောအဖြေကို လေးလေးစားစား မြတ်မြတ်နိုးနိုးဖြင့် မျှော်လင့် အားကိုးခဲ့ပါ၏။ သပြေကန်ဆရာတော်ကြီး ဘက်ကလည်း လေးလေးစားစား မြတ်မြတ်နိုးနိုးဖြင့် ကြိုးကြိုး စားစား ဖြေထားသည်ကို စာရှူသူတို့ ရှုစားနိုင်ပါ၏။

''သက်သတ်လွတ်စားခြင်းသာ မြတ်သလော''ဟူသော မေးခွန်းနှင့် စပ်၍ သပြေကန်ဆရာတော်ကြီး ပြန်ကြားဖြေဆိုအပ်သော ပြန်ကြားဖြေဆိုချက်များကား ဤသို့ ဖြစ်ပါ၏။

ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသထံ လေးစားစွာ ရေးသားအပ်ပါသည် ဆရာတော် မနေ့က ကတိုက်ကရိုက် ရေးသားလိုက်ရ၍ စာက ရှုပ်သွားသည်ကို ခွင့်လွှတ်စေလိုပါ၏။

၂၁-၆-၈၈

ဆရာတော်၏ ကိုရိုးယားခရီးမှာ အောင်မြင်သော သာသနာပြုခရီးတစ်ခု ဖြစ်ပါစေကြောင်း တောင့်တပါ၏။

ဆရာတော်အရှင်, ထာဝစဉ်, ကြည်လင်ချမ်းမြေ့ ပါစေသော်။

အရှင်ဝါသေဋ္ဌာဘိဝံသ
(ရွှေကျင်)

သက်သတ်လွတ်စားခြင်းသာ မြတ်သလော

အစွန်းသုံးပါးမှ လွတ်ကင်း စင်ကြယ်သော သားငါးကို ရဟန်းတို့အား ဘုရားရှင် ခွင့်ပြုတော်မူခဲ့၏။ အရှင် ဒေဝဒတ်က ရဟန်းတော်များ အသက်ထက်ဆုံး သားငါးမစားဖို့ တားမြစ် ဖို့ရာ လျှောက်ထားသောအခါ ခွင့်မပြုခဲ့၊ မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်း အစွန်းသုံးပါး လွတ်ကင်း စင်ကြယ်သော သားငါးစားသောက်ဖို့ ငါဘုရား ခွင့်ပြုထားကြောင်း မိန့်ကြားတော်မူခဲ့၏။

ထိုထိုပါဠိအရ ဘုရားရှင် ကိုယ်တော်တို့၏ သားငါး ဘုဉ်းပေးတော်မူသည်ကို သိရပါ၏။ အာမဂန္ဓသုတ်အရ ဆိုလျှင် ''ထမင်းဟင်း သားငါးတို့ကို အာမဂန္ဓ=အညှီ အပေါက်'' ဟု ဆိုသော အာမဂန္ဓရသေ့ကို ''သားငါးက အာမဂန္ဓ မဟုတ် ကြောင်း, ပါဏာတိပါတစသည်, ကာမဂုဏ် မှီဝဲမှုစသည်, ရာဂစသည်= ဤတရားများသာ အညှီအပေါက် အာမဂန္ဓဖြစ်ကြောင်း မိန့်တော်မူခဲ့၏။

ဤသုတ္တန်အရ သားငါးစသည်က ရသေ့ရဟန်းတို့အား အန္တရာယ်ပြုသည် မဟုတ်၊ တကယ်အန္တရာယ်ပြုသည်က သူတို့ကြောက်သော သားငါးမဟုတ်၊ ရာဂတဏှာ လောဘစသည်တို့ကသာ အန္တရာယ်ပြုတတ်၏။ ထို အန္တရာယ်ပြုတတ်သော လောဘ တဏှာ စသည်မှာ သားငါးတို့ကိုသာ စွဲ၍ ဖြစ်သည်မဟုတ်၊ သူတို့က နိရာမဂန္ဓဟုဆိုလျက် သုံးဆောင်နေသော သစ်သီး သစ်ဥ သစ်ဖု စသည်တို့ကိုလည်း အစွဲပြုဖြစ်သည်သာ၊ ပေါရိဏဒလူသား စွဲသလို သုဇာတာ သူကြွယ်၏ သားကလေး ရသေ့တွေ ပေးသော သပြေသီးစားရပြီး ရသေ့တွေ ပြန်သွား၍ မရသောအခါ သေသွားရသည်အထိ မက်မောစွဲလမ်းမှု ဖြစ်ရ၏။ (ဇာတက-၄-၅၊၅၃၁)

ဤသို့ဆိုလျှင် တဏှာဆိုသည်မှာ သားငါးစသည်ကို အစွဲပြု၍သာ လွန်ကဲစွာ ဖြစ်သည်မဟုတ်၊ သစ်သီး သစ်ရွက်, သစ်ဥ စသော သက်သတ်လွတ် ပစ္စည်းတို့ကို အစွဲပြု၍လည်း အလွန်အကဲ ဖြစ်ရသည်သာ။

ထို့ကြောင့် တကယ်ရောင်ရမှာက သားငါးလော, သစ်သီး သစ်ရွက် စသည် လော, ရသတဏှာ စသည် လော ဤအချက်ကို လေးနက်စွာ

စဉ်းစားသင့်ပါ၏။

ဗုဒ္ဓဝါဒမှာ သားငါးရှောင်ကြဉ်ဖို့ မဟုတ်၊ ဆန္ဒ ရာဂ (လိုချင်တပ်မက်မှု) ရှောင်ဖို့ဖျက်ဖို့သာ ဖြစ်၏။ သားငါးဟင်းကို ရှောင်ဖို့မဟုတ်၊ တိကောဋိပရိသုဒ္ဓဖြစ်လျှင် အနဝဇ္ဇဖြစ်သည် ဟူသော ဘုရားအလိုတော်အရလည်းကောင်း, ရှုမှတ်ပွားများခြင်းဖြင့် ဆန္ဒရာဂဖျက်ဖို့ လိုလားသော ဘုရား အလိုတော်အရ လည်းကောင်း စားသင့်သော အာဟာရသာ ဖြစ်ပါပေသည်။

ဤနေရာ၌ ဗုဒ္ဓဝါဒကို အတန်ငယ် ပြဆိုသင့်ပါ၏။ တိုင်းတစ်ပါးသွားမည့် ရဟန်းတော်တို့ကို နည်းပေးတော်မူသော အရှင်သာရိပုတ္တရာက ပုစ္ဆာဘူမကသွားမည့် ရဟန်းတော်တို့အား တိုင်းတစ်ပါး ရောက်သောအခါ မင်း ပုဏ္ဏား သူကြွယ် ရဟန်းပညာရှိတို့က "ကိံဝါဒီ ပနာယသ္မန္တာနံ သတ္ထာ ကိမက္ခာယီ=အရှင်ဘုရားတို့၏ ဆရာဘုရားသည် ဘယ်သို့သော ဝါဒရှိပါသနည်း"(သံ-၂-၆)ဟု မေးလျှင် "ဆန္ဒရာဂဝိနယက္ခာယီခေါ နော အာဝုသော သတ္ထာ= ငါ့ရှင်တို့ စင်စစ် ငါတို့ဆရာ ဘုရားရှင်သည် ဆန္ဒရာဂ (လိုချင်တပ်မက်မှု) ပယ်ရှားခြင်းကို ဟောတော်မူသည်ဟု ဖြေဖို့ နည်းပေးတော်မူခဲ့၏။

တစ်ခါ ဆန္ဒရာဂ ပယ်ရမည်ဆိုလျှင် "ဘယ်မှာ ဖြစ်သည့် ဆန္ဒရာဂကို ပယ်ရမည်နည်း" မေးလိမ့်ဦးမည်။ ထိုအခါ "ရုပ်၌ဖြစ်သော ဆန္ဒရာဂ,ဝေဒနာ၌,သညာ၌,သင်္ခါရ၌, ဝိညာဉ်၌ဖြစ်သော ဆန္ဒရာဂကို ပယ်ဖို့ရာ ဟောတော်မူကြောင်း" ဖြေဖို့ နည်းပေးခဲ့ပြန်သည်။

ရုပ်၌ဖြစ်သော ဆန္ဒရာဂ ပယ်ရမည်ဆိုတော့ ကဗဠီကာရ အာဟာရ ရုပ်၌ဖြစ်သော ဆန္ဒရာဂကိုလည်း ပယ်ရမည်သာ "ကဗဠီကာရေ ဘိက္ခဝေ အာဟာရေ ပဋိညာတေ ပဉ္စကာမဂုဏိကော ရာဂေါ ပရိညာတော ဟောတိ = ကဗဠီကာရအာဟာရကို ပိုင်းခြား သိအပ်သည်ရှိသော် ကာမဂုဏ် ငါးပါး၌ဖြစ်သော ဆန္ဒရာဂကို ပိုင်းခြားသိအပ်တော့သည် (သံ-၁-၃၂၃)"အရ သားငါးအာဟာရ ကဗဠီကာရ၌လည်း ပရိညာသုံးပါး ရနိုင်သည်သာ။

သစ်သီး သစ်ရွက် သစ်ဥစသည့် ကဗဠီကာရ အာဟာရသြဇာ၌လည်း ပရိညာသုံးပါး ရနိုင်သည်သာ၊ သို့ဖြစ်လျှင် ရှုမှတ်ခြင်းဖြင့် သားငါး၌ ပရိညာတရား ဖော်နိုင်မှ အစာစား တတ်သူဖြစ်၍ အမြတ်ရသလို သစ်သီး စသော အာဟာရတို့၌လည်း ထိုသို့ပင် ရှုမှတ်ပွားများ ပရိညာတရားပေါ်အောင် ပြုလုပ်တတ်က စားတတ်သူ, အမြတ်ရသူ ဖြစ်၍ ပရိညာ မတင်, အဆင်ခြင်မရှိ စားရုံမျှ သက်သတ် လွတ်သမား၌ကား ဘယ်ဂုဏ်မျှမထင်၊ ဘယ်အမြင်မျှမတက်, သက်သက် စားရုံမျှစားရသူ တစ်ယောက်ပါပေတည်း။

အမှန်တရား, လွန်ထွန်းကား, အများ ချမ်းသာစေ။

အမှားကိုကား, လူအများ, ပယ်ရှားနိုင်ပါစေ။

အရှင်ဝါသေဋ္ဌာဘိဝံသ

ရွှေကျင်

မာဂဏ္ဍိ၏ မိဘ(၂)ပါးကို တရားထူး ရစေသည့် တရားသည် သမီးမာဂဏ္ဍိအဖို့မူ အဘယ်ကြောင့် ဒေါပွစရာ ဖြစ်ရပါသနည်း

"မာဂဏ္ဍိ၏ မိဘ(၂)ပါးကို တရားထူးရစေသည့် တရားသည် သမီးမာဂဏ္ဍိအဖို့မူ အဘယ်ကြောင့် ဒေါပွစရာ ဖြစ်ရပါသနည်း" ဟူသော ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ အမေးကို သပြေကန် ဆရာတော်ကြီးက ဤသို့ အဖြေပေးထားပါ၏။

လေးစားအပ်သော အရှင် ပဏ္ဍိတာဘိဝံသ နာယကမထေရ်ထံ ဆရာတော်က ရိပ်သာမှာတွေ့စဉ် မာဂဏ္ဍိနှင့်စပ်သော ဗုဒ္ဓဒေသနာတော်ကို မေးခဲ့ပါ၏။ ထိုအခါက ဘုရားရှင်ဟာ ကျွတ်မည့်ပုဂ္ဂိုလ်ကိုသာ ကြည့်ကြောင်း, ဤကဲ့သို့ ခပ်ကြမ်းကြမ်း ကလေးဟောမှ တရားရမှာမို့ ခပ်ကြမ်း ကြမ်းကလေး ဟောရကြောင်း အကျဉ်းမျှ ပြန်ကြားခဲ့ပါ၏။ ထို့နောက် တပည့်တော်လည်း ပြန်ပြီး စကားမစပ်မိခဲ့၊ ယခုမှ သတိရလို့ ပြန်ဆက်ရပါသည်။

တကယ်တော့ သမီးမာဂဏ္ဍီ အဖို့က တရားကို ခံနိုင်သော ဓာတ်ခံအရှိသယ မရှိခဲ့၊ ၄င်းအဖို့မှာတော့ ကြမ်းသည်ဖြစ်စေ၊ နူသည်ဖြစ်စေ သူ့ကို မလိုချင်တဲ့ ဘုရားရှင်ကို ကျေနပ်မည် မဟုတ်၊ မိဘနှစ်ပါး တရားရဖို့အတွက် ဟောရာမှာ မာဂဏ္ဍီ ကို ငဲ့ဖို့မလို၊ ဒေသနာဝိလာသ ပုဂ္ဂလရှိသယအရာ ကျွမ်းကျင်နိုင်နင်း လှသော ဗုဒ္ဓအရှင်၏ ထိုဒေသနာမှာ လိုသည်, လွန်သည် မရှိ, အပြည့်အစုံ ဟောတော်မူခြင်းသာ ဖြစ်ရာ အရှိသယချင်း မည်မျှကွာလှ သည်ကိုတရား ရ-မရက သက်သေ ပြနေပါသည်။

တကယ် သမီးမာဂဏ္ဍီ အရှိသယမျိုးဖြစ်လျှင် မိခင်ကြီးမာဂဏ္ဍီမှာ ပိုမခံချင်ဖြစ်ဖို့ ရှိပါ၏။ ငါ့သမီးကို ခြေထောက်နဲ့တောင် မတို့ချင် ဆိုရကောင်းလားဟု ဒေါပွမည်သာ ဖြစ်ပါ၏။ အမိဆိုသည်မှာ အဖထက် ပိုမခံချင်၊ သို့သော် ဘုရားခြေရာတော် မြင်ရထဲက စိတ်က နူးညံ့နေ, ကိုယ်တော်တိုင်ကို မြင်ရတော့ ကြည်ညိုခြင်းဖြင့် သာ၍နူးညံ့နေ၏။ ပုဏ္ဏားကြီး လည်း ထိုနည်း၊ မာဂဏ္ဍီတို့ ဇနီး မောင်နှံမှာ တရားကို ခံယူနိုင်ကြ၏။ နဂိုက ဓာတ်ခံညံ့, ဘုရားကို မကြည် ညိုနိုင်စိတ်က တင်းမာနေတဲ့ မာဂဏ္ဍီ သမီးအဖို့က တော့ တရားခံနိုင်အောင် အဘယ်မှာ စိတ်ဓာတ်ခံ ပျော့ပျောင်း နိုင်အံ့နည်း။

သို့ဖြစ်၍ ဤတရားအတူ ကြားရသော သုံးယောက်တို့တွင် နှစ်ယောက်က တရား၊ တစ်ယောက်က ဒေါပွ၊ ဒေါပွသည်မှာ သည်တရားကြောင့် ဆို ရမည်ထက် တရားကို ခံယူနိုင်သော ဓာတ်ခံမရှိသည်က ပဓာနသာ၊ ထို့ကြောင့်ပင် မိဖအတွက်လည်းကောင်း, သမီးအတွက်လည်းကောင်း မခံချင် ဖွယ်ဟု လောကကမြင်ရသော တရား တစ်ပုဒ်မှာ မိဖအတွက် အနာဂါမ်ဖြစ်ဖို့ ဖြစ်၍ သမီးအတွက် အကုသလ အာ ယာတ ဖြစ်သွားရသည်မှာ သားအမိ သားအဖ သုံးယောက်တို့၏ ဘယ်သူ မပြု မိမိမှုသာဟု ဆိုရပါလိမ့်မည်တ ကား။

ဝါသေဋ္ဌာဘိဝံသဘွေရော

"အရှင်မောဂ္ဂလ္လာန်မထေရ်က နန္ဒောပနန္ဒနဂါးမင်း ကို နှိမ်နင်းဆုံးမ ရာ၌ အရှင်မောဂ္ဂလ္လာန်မှာ အပြစ်ရှိ-မရှိ" ဟူသော မေးခွန်းနှင့် "သောတာ ပန်ဖြစ်ပြီးနောက်လည်း ဗိုလ်ချုပ်ကြီး တာဝန်ကို ထမ်းဆောင်လျက်ပင် ရှိနေ သော သီဟမှာ ပါဏာတိပါတ ကင်း နိုင်ပါသလော" ဟူသော မေးခွန်း တို့ကို ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်က မေးသဖြင့် သပြေကန် ဆရာတော်ကြီးက ဤသို့ အဖြေပေး ထားပါသည်။

သြဝါဒါစရိယဆရာတော် အရှင် ပဏ္ဍိတာဘိဝံသထံ အလေးထား ရေး သားအပ်ပါ၏။ ဆရာတော်အရှင် လျှောက်ထားခဲ့သော ပြဿနာနှစ်ရပ် ကို ဖြေကြားပေးလိုက်ပါသည်။ တပည့်တော်များကား အလုပ်မအား လှ၊ သူ တစ်ပါး တာဝန်ပေးထားသော ပြင်ဖို့ ဆင်ဖို့ရေးသားဖို့ တာဝန် အကြွေးများကများလှသည်ဖြစ်ရာ ဆရာတော်အတွက် စာမှာ ကြာသွားပါသည်။ ခွင့်လွှတ်တော်မူပါရန်။

ဒီဇောဝါဒကထာ ပြန်ရသည်ကို လွန်စွာ ဝမ်းသာလှပါ၏။ ဤစာအုပ်မှာ သပြေကန်မှာ တစ်အုပ်ရှိနေသော်လည်း ယခု ရှာမရ၊ မန်း ရွှေကျင် စာပေထိန်းသိမ်းရေး လှုန်းမေးသော်လည်း ပြန်စာမရ၊ ဆရာတော်လည်း မေ့တတ်ပါလားဟု သိရတော့ ဒို့လိုပါပဲလား အောက်မေ့ရပါသည်။ တပည့်တော်များလည်း အတော်မေ့ပါသည်။ ကိုယ်ကပိုပြီး မေ့မေ့လာတော့ မေ့တတ်သော မဟာစည်ဆရာတော်ကြီးကိုလည်း အမှတ်ရလျက် ရှိပါသည်။ တပည့်တော်များစာ၌ မသင့်မလျော်ကဟု အရာရှိက အားမနာ ပါးမနာ စောဒနာ စေချင်ပါသည်။ တပည့်တော်များက မိမိအမှားကို ထောက်ပြလျှင် ဝမ်းမြောက်ပါသည်။

ပရိယတ် ပဋိပတ် အမြတ်နှစ်ပါး တရားတွေ တိုးအောင် အကျိုးဆောင်တော်မူနိုင်ပါစေ။

အရှင်ဝါသေဋ္ဌာဘိဝံသ
ရွှေကျင်၊ ၁၃၅၀-ဝါခေါင်လဆန်း-၆

အရှင်မောဂ္ဂလ္လာန်မထေရ်
နန္ဒောပနန္ဒနဂါးမင်းကို
နှိမ်နင်းဆုံးမရာ၌
အရှင်မောဂ္ဂလ္လာန်မှာ
အပြစ်ရှိ- မရှိ

နန္ဒောပနန္ဒန နဂါးမင်းကို အရှင်မောဂ္ဂလ္လာန် ဆုံးမရာ နိမ်နင်းရာ၌ ၄င်းကို နာကျင်အောင် ပြုသည့် အတွက် အရှင်မောဂ္ဂလ္လာန်၏ ကိုယ် နာကျင်အောင်ပြုမှုကို ကျမ်းဂန်အရ သိကြရသော ပုဂ္ဂိုလ်အချို့က ရဟန္တာတို့၏ ကိုယ်နာကျင်အောင် ပြုမူမှုမျိုးကို အပြစ်မရှိဟု ဆိုနိုင်ပါအံ့လောဟု စောဒနာလိုကြ၏။ ရဟန္တာအရှင်များ၌ ဒေါသဝိဟိသာစသော အကုသိုလ် တရားများ အလျဉ်းပယ်သတ်ပြီးဖြစ်ရာ အရှင်မောဂ္ဂလ္လာန်မထေရ်မြတ် နန္ဒောပနန္ဒ နဂါးမင်းကို နှိမ်နင်းဆုံးမရာ၌ စိတ်ဆိုးသောစိတ်, ညှဉ်းဆဲလိုသော စိတ်ထား သဘောထားမျိုးဖြင့်ပြုခြင်းကား မဟုတ်ပါပေ။ အကျိုးမဲ့ ပြုနေသော သတ္တဝါတစ်ဦး အပေါ်၌ သနားငဲ့ညှာ မေတ္တာကရုဏာတရားဖြင့် ဒုက္ခရောက်မည့် အရေးမှ အကာအကွယ်ပေးခြင်းသာ ဖြစ်ပါသည်။ အမှုက ကြမ်းသော်လည်း စိတ်ထားက နူးညံ့လျက်ရှိရာ အပြစ်ရှိသည်ဟု မဆိုနိုင်ပါပေ။

ဤနေရာ၌ အဘယရာဇကုမာရသုတ်ဖြင့်လည်း ရှင်းလင်းနိုင်ပါသည်။ တစ်ခါက အဘယမင်းသားအား နိဂဏ္ဌာနာဋပုတ္တက ဝါဒတင်ရန် သင်ပေးခဲ့၏။ "မြတ်စွာဘုရား သူတစ်ပါး မနှစ်သက်သော စကားမျိုး ပြောပါသလား" ဟု မေးပြောတယ်ဆိုလျှင် သို့ဖြစ်က" ပုထုဇဉ်နှင့် ဘာထူးသေးသလဲ" ဟု မေးပြောတယ်ဆိုလျှင် သို့ဖြစ်က "ပုထုဇဉ်နှင့် ဘာထူးသေးသလဲ" ဟု ဆိုရမည့်အကြောင်း, မပြောဘူးဆိုလျှင် "မြတ်စွာဘုရားသည် ဒေဝဒတ်ကို အပါယ် သွားမည့်သူ, ကုစားမရ ကောင်းသူ" ဟု ပြောခဲ့သည် မဟုတ်ပါလော ပြောဖို့အကြောင်း, ဤသို့ နှစ်ဖက်စွန်းထွက်သော အမေးမျိုး မေးဖို့ရာ သင်ပေးခဲ့၏။

အဘယမင်းသားက ဘုရားရှင်ကို ဆွမ်းဘဉ်းပေးပင့်လျက် နံနက် အိမ်ကြွဆွမ်းဘဉ်းပေးပြီးသောအခါ သင်ပေးသည့်အတိုင်း မေးလျှောက်ခဲ့၏။ ဘုရားရှင်က မပြောဘူး, ပြောတယ်-တစ်ခုခု ပြောရမည် ထောင်ဖမ်းပုံကို သိတော်မူသည့်အတိုင်း "ဤအချက်မှာ တစ်ထစ်ချ ပုံသေမပြောရဘူး မင်းသား" ဟု ဖြေတော်မူသောအခါ "ဤအရာမှာတော့ နိဂဏ္ဌာတွေ ပျက်စီးကုန်ပါပြီဘုရား" ဟု လျှောက် ထား၏။ ဘုရားရှင်က အကြောင်း မေးသောအခါ နိဂဏ္ဌာနာဋပုတ္တက မိမိကို ဘုရားရှင်ကို ဝါဒတင်ဖို့ သင်ပေးလိုက်ကြောင်း၊ ယခု ဘုရားရှင် က ရှောင်လွဲဖြေလိုက်၍ သူတို့အလို အယူအဆတွေ ပျက်ရတော့သည်ဖြစ်ရာ ဤသို့ လျှောက်ရကြောင်း လျှောက်၏။

ထိုအခါက မင်းသားရင်ခွင်၌ သားတော်ကလေး ရှိနေရာ ထိုကလေး ကို ပုံစံထားလျက် ဘုရားရှင် မိန့်တော်မူသည်။

"သင့်သားတော်လေးမှာ ကလေးထိန်းက မေ့လျော့တုန်း သစ်သားစအိုးခြမ်းကွဲ တစ်ခုခု မျိုချမိ၍ လည်ချောင်းထဲ တစ်ဆို့နေလျှင် သင် ဘာလုပ်မလဲ", "တပည့်တော် မရအရ လက်ချိပ်ပြီး ဆွဲထုတ်မှာပါ။ အကယ်၍ မရလျှင် သံဆူးခွဖြင့် ကော်ထုတ်တန် ကော်ထုတ်ရပါမည်။ အဘယ်ကြောင့်ဆိုသော် တပည့်တော်သားအပေါ်မှာ သနားချစ်ခင်ခြင်း ရှိသောကြောင့်ဖြစ်ကြောင်း" လျှောက်ထား၏။

"ထို့အတူပဲ မင်းသား၊ သူတစ်ပါး မနှစ်သက်သော်လည်း မှန်ကန် အကျိုးရှိသောစကားမျိုးကို ငါဘုရား အခါအားလျော်စွာ မိန့်တော်မူရကြောင်း, အကြောင်းမှာ သတ္တဝါတို့၌ ငါဘုရား သနားခြင်းရှိကြောင်း" ဘုရားရှင်က မိန့်တော်မူခဲ့၏။(မ၊၂၊၅၄)

အရှင်မောဂ္ဂလ္လာန်မှာ ဘုရားရှင်၏ ဤသနား ကြင်နာခြင်းမျိုးဖြင့် နှိမ်နင်းဆောင်ရွက်ရခြင်းဖြစ်ရာ သား၏ လည်ချောင်းတွင်းမှ သစ်သားစ, အိုးချမ်းကွဲကို ဆွဲထုတ်သော မိဘမေတ္တာ, ကရုဏာမျိုးကို မြင်လျှင်, ကြည့်တတ်လျှင် ထိုအရှင်မောဂ္ဂလ္လာန်၏ နှိမ်နင်းခြင်းကို အပြစ်ဟု မရှုနိုင်တော့ပါပြီ။

အရှင်ဝါသေဋ္ဌာဘိဝံသ

သီဟသေနာပတိနှင့် အချို့ပုဂ္ဂိုလ်တို့၏ သံသယ

"သီဟသေနာပတိ သည် သောတာပန် ဖြစ်ခဲ့၏။ သောတာပန်ဖြစ်ပြီးနောက်လည်း ဗိုလ်ချုပ်ကြီးတာဝန် ထမ်းလျက်ပင်၊ သို့ဖြစ်လျှင် သူ့အဖို့ ပါဏာတိပါတ ကင်းနိုင်ပါအံ့

လော''။ ဤအချက်ကို ဖြေရှင်းရ ပါမည်။ သီဟသေနာပတိသည် သောတာပန်ပင်၊ ထို့ကြောင့် ပါဏာတိပါတကိုကား မဖြစ်စေပါ။ သောတာ ပန်ဖြစ်ပြီးနောက် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းဆက် ကပ်ဖို ရာ ဟင်းလျာဝယ်ခိုင်းသော အခါ ''ဂစ္ဆ ဘဏေ ပဝတ္တမံသံ ဧကနာဟိ= အချင်းယောကျ်ား-အလို အလျောက် ပေါ်သောအသားကို ရှာချေလော'' ဟု အပြစ်ကင်းအောင် မှာခဲ့၏။ များစွာသော နိဂဏ္ဌာတို့က ဝေသာလီပြည် လမ်းတကာ လျှောက်, လက်မောင်းတို့ကို မြှောက်၍ ''သီဟ သေနာပတိသည် ယနေ့ ဝဖြိုးသော နွားကို သတ်၍ ရဟန်းဂေါတမအား ဆွမ်းကပ်၏။ မိမိကို ရည်မှန်း, မိမိကို အကြောင်းပြု၍ ဖြစ်လာသော ထိုအသားကို ရဟန်းဂေါတမ သိလျက် စား၏''ဟု ကြွေးကြော်ကြ၏။

ယောကျ်ားတစ်ယောက်က စစ်သူကြီးထံသွား, နားအနီးမှာ ထိုအကြောင်းကို ပြောသောအခါ ''သူတို့ ဟာကာလကြာမြင့်စွာကပင် ဘုရား, တရား, သံဃာ၏ ကျေးဇူးမဲ့ ပြောနေကြပဲကွာ၊ တို့ဟာ အသက်ဟူသော အသူအဖို့စစ်မတိုက်ဘဲ စီမံရုံ စီမံနိုင်သူဖြစ်၏။ အပြစ်ကင်းသော တိုက်တွန်းမှု, စီမံမှု စသည်ဖြင့် အပြစ် ကင်းအောင် ဆောင်ရွက်နိုင်ပါသည်။ (ဝိ၊၃၊၃၃၄။)

ဤအရာ၌ ဗိမ္မိသာရမင်းကြီး ဆောင်ရွက်ပုံကို သတိပြုသင့်၏။ တစ်ခါက တိုင်းစွန်ပြည်နား ပစ္စန္တရစ် မှာ သူပုန်တွေထ၍ လာရောက် လျှောက်ထား သံတော်ဦးတင်ကြ၏။ ထိုအခါ မင်းကြီးက ''ဂစ္ဆထ ဘဏေ ပစ္စန္တံ ဥစ္စိနထ (ဝိ၊၃-၁၀၃)= အချင်း တို့ သွားကြ၊ ပစ္စန္တရစ်ကို ကြီးပွား အောင်ပြုကြ''ဟု ခိုင်း၏။ ''သာယာကြီးပွားအောင်'' ဆိုသည် မှာ ''သူပုန်တွေ ထွက်ခွာသွားကြပြီး ရပ်သူရွာသားတွေ ပြန်လာအောင် လုပ်ကြ''ဟု ဆိုလိုကြောင်း အဋ္ဌ ကထာက ဖွင့်ခဲ့၏။ သောတာပန် ဖြစ်သောကြောင့် သတ်ကြတိုက်ကြဟု မခိုင်းဘဲ ယခုလို တိုက်တွန်းခြင်း ဖြစ်ကြောင်းလဲ ဖွင့်ခဲ့ပါသည်။

သီဟသေနာပတိ, ဗိမ္မိသာရ ရာဇာတို့ ပါဏာတိပါတကံ မထိုက်ပုံ ကို ပိုရှင်းလင်းစေဖို့ ဓမ္မပဒ, ပါပဝဂ္ဂ, ကုက္ကုဠနေသာဒဝတ္ထုလာ အချက်အလက်ကို အတန်ငယ်မျှ ပြပါဦးမည်။

ရာဇဂြိုဟ်ပြည်က သူဌေးသမီး တစ်ယောက် မုဆိုးကြီးနောက်လိုက်ကာ အတူတကွ ပေါင်းသင်းနေထိုင်ခဲ့၏။

ထိုအမျိုးသမီးမှာ ငယ်ရွယ်စဉ် ကပင် သောတာပတ္တိဖိုလ်ဆိုက်ပြီး ဖြစ်၏။ မုဆိုးကြီးနှင့် ပေါင်းသင်းနေ ထိုင်စဉ် မုဆိုးကြီး တောလည်သွား မည့်အခါ ''လေး မြား လံ့ တံကျင် ပိုက်ကွန် ယူခဲ့'' ဆိုလျှင် ယူပေးရ၏။ ဤအချက်ကို အစွဲပြု၍ ''သောတာ ပန်များ ပါဏာတိပါတ ပြုသေး သလော''ဟု ရဟန်းများက ပြောကြ ဆိုကြ၏။

ဘုရားရှင်က ''သောတာပန်များ ပါဏာတိပါတ ပြုကြသည် မဟုတ်ကြောင်း, တကယ်တော့ ထိုအမျိုးသမီးမှာ လင်ယောကျ်ား၏ စကားကို လိုက်နာမည်ဟု ထိုသို့ လက်နက်တွေ ယူပေးခြင်းဖြစ်ကြောင်း, ဤလက်နက်တွေ ယူသွားပြီး အသက်သတ်မှု ပြုစေလိုသောစိတ်ထား သူ့မှာမရှိကြောင်း, လက်ဝါးပြင်မှာ အနာမရှိလျှင် အဆိပ်ကို ကိုင်သော်လည်း ထိုအဆိပ်က အစဉ် မရှိခြင်းကြောင့် မကောင်းမှု မပြုသော ပုဂ္ဂိုလ်အား လေးစားသည် ထုတ်ပေးသော်လည်း မကောင်းမှုမည်သည် မဖြစ်ကြောင်း'' မိန့်တော်မူခဲ့၏။

ဤအမိန့်တော်အရ သောတာပန် တို့အား ''ကိုယ်တိုင်တိုက်တွန်း ချီးမွမ်းစိတ်တူ''ဆိုသော ပါဏာတိပါတ မြောက်ကြောင်းအမှုများမဖြစ်, တာဝန်အရ, ဝတ္တရားအရ ပြုလုပ်ဆောင်ရွက်ရာ၌ ထိုအမှု ထိုစိတ်ထားများ ကင်းလျက်ရှိကြောင်း ပြ၏။ ဤသို့ ဖြစ်ရသည်မှာလည်း မဂ်၏ အစွမ်းအရ ဟုလည်း ဆိုနိုင်ပါ၏။

မဂ်၏ အစွမ်းကြောင့်ဟုဆိုရာ၌ ယခုပြဆိုမည့် ခုဒ္ဒကပါဋ္ဌ လာ သုတ်တစ်ခု၏ အဖွင့်အဆိုကိုလည်း ရှုပါဦး။ ထိုသုတ်အဖွင့်၌ ဤသောတာပန် အရိယာကား ဘဝတစ်ပါး၌သော်ပင်

မိမိ၏ အရိယာသာဝကအဖြစ် မသိသော်လည်း ဓမ္မတာအားဖြင့်သာလျှင် ပဋ္ဌာန်၌ရိယက်, ဘုရားမှ တစ်ပါး ဆရာကို ညွှန်ကြားခြင်း အညသတ္ထာ ရဒ္ဒေသ, ပါဏာတိပါတ စသော ကံငါးပါး မပြုကြောင်း မိန့်ဆိုခဲ့၏။ ဤဒြ ဓမ္မတာဆိုသည်မှာ မဂ္ဂါနုဘာဝကို ဆိုခြင်းတည်း၊ မင်္ဂ၏ အာနုဘော်ကြောင့် ဤသို့သော စွမ်းရည် ရှိနေခြင်းတည်း။

ဤအချက် ထင်ရှားစေဖို့ရာ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ ၂၇၃-က ဓမ္မတာသဒ္ဒါ အရိယာတို့၏ သဘာဝကိုလည်း အကျဉ်းပြပါဦးမည်။

ကြိုးကြာတို့အား နို့နှင့်ရေ ရောတိုက်လျှင် နို့သာဝင်၍ ရေမဝင်၊ ဤသည်မှာ ယောနိသိဒ္ဓိ= အမျိုးဓာတ်အားဖြင့်ပြီးသော သဘာဝတစ်ရပ်ဖြစ်ပါ၏။

ထို့အတူ အရိယသာဝကသည် ဘဝတစ်ပါးဒ္ဒသော်လည်း အသက် ဟူသော အကြောင်းကြောင့်ပင် သတ္တဝါကို မသတ်တော့၊ သေအရက်ကို မသောက်တော့၊ ထိုအရိယ သာဝက၏ ခံတွင်းဒ္ဒ သေအရက်နှင့် နို့ရည်ရောလျက် လောင်းဦးတော့၊ နို့ရည်သာ ဝင်၏။ သေအရက် မဝင်၊ ဤသို့ ဖြစ်ရသည်မှာ ဓမ္မတာသိဒ္ဓိ= အရိယမင်္ဂတရား၏ အာနုဘော်ကြောင့် ပြီးသော စွမ်းရည် သဘာဝတစ်ရပ်ပေတည်း။

ဆိုခဲ့ပြီးသော သောတာပန်တို့၏ ဓမ္မတာသိဒ္ဓိ= မဂ္ဂါနုဘာဝဖြင့် ပြီးသော အစွမ်းဂုဏ်ရည်တို့ကို သိမြင်ခဲ့ပါက သောတာပန်၏ တာဝန်အရ ဝတ္တရား အရ ဆောင်ရွက်ရသော ကိစ္စများ အကြောင်းပြု၍ ပါဏာတိပါတ ဖြစ်လေသလော စသော သံသယများ ကင်းနိုင်လောက်ပါပြီ။

အရှင်ဝါသေဋ္ဌာဘိဝံသ

မိဂါရသူဌေးက ဝိသာခါနို့ကို စို့- မစို့

"မိဂါရသူဌေးက ချွေးမ ဝိသာခါ၏ နို့ကို စို့- မစို့" ဟူသော ရှေးတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ မေးခွန်းကို သပြေကန် ဆရာတော်ကြီးက ဖြေထားသည်မှာ ဤသို့ ဖြစ်ပါ၏။

နေယျတ္ထ-တဲ့

ကန့်လန့်ကာအတွင်းမှ နေ၍ တရားနာနေသော မိဂါရသူဌေးသည် သောတာပန်အဖြစ် ရောက်သွားသော အခါ ကန့်လန့်ကာ မ,လျက် ထွက်လာသော ချွေးမ ဝိသာခါ၏ သားမြတ်ကို ပါးစပ်ဖြင့် စုပ်ငုံ၍ "သမီးဟာ ယနေ့ကစပြီး ငါ၏အမေပဲ" ဟု ဝိသာခါကို အမိအရာဒ္ဒ ထားကြောင်း ဓမ္မပဒဋ္ဌကထာဒ္ဒ လာရှိရာ ထိုစကားဒ္ဒ "သုဏာယ ထနံ မုခေန ဂဟေတွာ" ဟု လာရှိသော ပါဠိကို အစွဲပြု၍ အငြင်းပွားခဲ့ကြ၏။ အချို့က "ဘုရားရှေ့မှာ ဤသို့ပြုဖို့ မလျော်၊ သားကလေး ခံချင်မည် မဟုတ်" ဟု ယူဆလျက် ဤစကားကို နီတတ္ထ စကားအဖြစ် မယူလိုကြ။ ထို့ကြောင့် "နို့" ဆိုသည်မှာ ပကတိနို့ မဟုတ်၊ ပညာနို့ကို ဆိုလိုကြောင်း နေယျတ္ထစကား အဖြစ် ယူလိုကြ၏။

နေယျတ္ထ ဟုတ်ပါ၏လော?

"သာဏိကတ္ထံ ဥကွိပိတွာ အာဂန္တွာ သုဏာယ ထနံ မုခေန ဂဟေန္တွာ တံ မေ အန္ဓတော ပဋ္ဌာယ မာတာတိ တံ မာတုဋ္ဌာနေ ဋပေသိ" ဤပါဠိဒ္ဒ အထက်က မြန်မာလို ပြဆိုခဲ့သည့်အတိုင်း နေယျတ္ထအရိပ်အသွင် မထင်ခဲ့ပါပေ။ ထိုအခါက မိဂါရ သူဌေးကြီး၏ လူပ်ရှားပြုမူပြောဆိုပုံကို အရှိအတိုင်း ဖော်ပြသော စကားအဖြစ် ပေါ်လွင်လျက် ရှိပါသည်။ အချို့ယူဆသကဲ့သို့ ပညာနို့ဆိုရလောက် အောင်လည်း ထိုသို့ ယူဆဖို့ ပါဠို အသွားက သွန်ပြသည် ဆိုဖို့လည်း မလွယ်လှ။ ပညာနို့ ဖြစ်လျှင် ပညာနို့ဟု အဋ္ဌကထာ တိုက်ရိုက်ပြမည်သာ ဖြစ်ပါလိမ့်မည်။

နေယျတ္ထ မဟုတ်ကြောင်းပြ စကားရပ်

နေယျတ္ထ မဟုတ်ကြောင်းကို ညွှန်ပြသည့် စကားတစ်ရပ်လည်း ရှိပါသေး၏။ ၄င်းမှာ "မဟာသေဋ္ဌိ သုဏာယ ထနံ ဝိဿဇ္ဇေတွာ" စသော ပါဠိပင် ဖြစ်ပါပေ၏။ နို့ကို ခံတွင်းဖြင့် စုပ်စို့သည်ဖြစ်သောကြောင့်ပင် ချွေးမ၏ နို့ကို လွတ်၍" ဟူသော နောက် စကားကို ဆိုခြင်းဖြစ်ဖို့ ရှိပါ၏။ နို့ကို ပညာဟုယူလျှင် "သုဏာယ ထနံ ဝိဿဇ္ဇေတွာ" ဟူသော ဤစကားကို

ဘယ်သို့ယူပါမည်နည်း။ သင့်လျော်က စပ်ဟပ်အောင် ယူဖို့ လွယ်လှမည် မထင်ပါ။

အရှင်မဟာဗုဒ္ဓဃောသ အဆိုမဟုတ်

သို့ဖြစ်လျှင် ဆိုခဲ့ပြီး စကားတွေကို ဘယ်သို့ ဆိုမည်နည်း။ ဤနေရာ၌ ဆက်လက် စဉ်းစားဖွယ်အချက်များ ရှိပါ၏။ ဓမ္မပဒဋ္ဌကထာ၌ အချို့ အဆိုများသည် ထိုထိုအရှင် မဟာဗုဒ္ဓ ဃောသရေး အဋ္ဌကထာ အချို့အဆို များနှင့် ကွဲပြားခြားနား လျက်ရှိရာ အချို့က ထိုဓမ္မပဒအဋ္ဌကထာမှာ အရှင် မဟာဗုဒ္ဓဃောသရေး မဟုတ်ဆိုကြ၏။ ထို အဆိုတိုင်းဆိုလျှင် ဆိုခဲ့ပြီး ဓမ္မ ပဒအဋ္ဌကထာအဆိုမှာ အရှင် မဟာဗုဒ္ဓ ဃောသအဆို မဟုတ်ဟု ဆိုရန်ရှိ၏။ သို့သော် ဓမ္မပဒအဋ္ဌကထာ အရှင်မဟာဗုဒ္ဓဃောသမထေရ်ရေးမဟုတ်ဆိုသော စကားကို အများက လက်မခံကြ။

အရှင်ဗုဒ္ဓဃောသမထေရ်ရေး အချို့ အဋ္ဌကထာများ၌ပင် အဋ္ဌကထာ တစ်ခုနှင့် တစ်ခု အဆိုမတူ ကွဲပြားသော အရာ၌ ထိုအချက်ကို ဆရာ့အလို မဟုတ်ကြောင်း, ထိုထို ဘာဏက တို့၏ အဆိုဖြစ်ကြောင်း ဆုံးဖြတ် ကြ၏။ ဤ၌လည်း ဆရာ့အဆို မဟုတ်၊ ဓမ္မပဒဘာဏကတို့ အဆို ဖြစ်သည်ဟု ဆိုရပါမည်။ ထိုသို့ ဆိုရ သည်မှာလည်း ဤဓမ္မပဒအဋ္ဌကထာ နှင့် မတူကွဲပြားသော အဆိုတစ်မျိုးကို အင်္ဂုတ္တရအဋ္ဌကထာ၌ တွေ့ရသော ကြောင့်တည်း။

ထိုအဋ္ဌကထာ၌ "ဒေသနာပရိယောသာနေ သေဋ္ဌိ သောတာပတ္တိဖလေ ပတိဋ္ဌာယ သာဏိ ဥက္ခိပိတွာ သတ္ထု ပါဒေ ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ သတ္ထု သန္တိကေယေဝ စ 'တွံ အမ္ဗ အန္ဓအာဒီ' ကတွာ မမ မာတာ 'တိ ဝိသာခံ မာတုဋ္ဌာနေ ဌပေသိ" (အံ၊ဋ္ဌ၊၁၊၃၂၀)ဟု ဆို၏။

ဤအဋ္ဌကထာ၌ကား ကန့်လန့်ကာ မ,ထွက်လာကာ ဝိသာခါနို့စို့ကြောင်း မလာ၊ ကန့်လန့်ကာ မ, ထွက်လာကာ ဘုရားခြေတော်တို့ကို ရှိခိုး၍ ဘုရား၌ ဘုရားအထံ၌ပင် "ချစ်သမီး၊ သမီးသည် ယနေ့မှစ၍ ငါ့အမေပဲ" ဟု ဝိသာခါကို အမိအရာ ထားကြောင်းသာ လာ၏။

ဤအဋ္ဌကထာစကားသည်သာ အငြင်းပွားစရာ အချက်မပါ စောဒနာဖွယ်အဆို မတွေ့ရသောကြောင့် ရှေးအဋ္ဌကထာဆရာတို့အဆို ဖြစ်လိမ့်မည်လောဟု တွေးတော ယူဆမိပါသတည်း။

အရှင်ဝါသေဋ္ဌာဘိဝံသ

ဝိသာခါကို ဘုရားရှင် မိန့်တော်မူသည် ဆိုသော စကားတစ်ရပ်ကို စိစစ်ချက်

"ကာမဂုဏ် မှီဝဲစဉ်မှာပင် ငါဘုရားကို မမေ့နဲ့ဟု ဝိသာခါအား ဘုရားရှင်က မိန့်တော်မူသည်ဟု ဆိုရာထိုအဆိုမှန်ပါသလော" ဟူသော ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ ဆရာတော်၏ အမေးကို သပြေကန် ဆရာတော်ကြီးက ဤသို့ အဖြေပေး ထားပါသည်။

အာဂုမ်လည်း မရှိ

"ဝိသာခါ၊ ငါဘုရားကို ဘယ် အခါများ မေ့သလဲ? ဤသို့ ဘုရားရှင် မေးတော်မူသည်ကို ကာမဂုဏ် ခံစားပျော်ပါးနေသောအခါ မေ့ကြောင်း လျှောက်ထားသော် ထိုသို့ သောအခါ၌ မမေ့ဖို့, အမှတ်ရဖို့ တိုက်တွန်းမိန့်ကြား တော်မူသည်"၊ ဤကား အချို့ပြောနေကြသော စကားတစ်ရပ် ဖြစ်၏။ ထို စကားကို ငယ်ရွယ်စဉ်ကပင် ကြားဖူးခဲ့ရာ ကျမ်းဂန်များ၌ စုံစမ်းသော်လည်း ရှာမတွေ့ခဲ့၊ ဓမ္မကထိက ဆရာတော်တစ်ပါးက ထိုအကြောင်းကို ဆရာတော်ကြီး တစ်ပါး ဟောသံကြား၍ မိမိဟောခဲ့ကြောင်း, စာမှာ မတွေ့ရကြောင်း, ဘယ်မှာ ပါသည်ကို သိလိုကြောင်း လျှောက်ထားခဲ့၍ တိုက်ရိုက်အဆိုကို မတွေ့ရသော်လည်း အနီးကပ်ဆုံး ထိုသဘောပါဝင်သော စကားများ တွေ့ရမည်လား ရှာဖွေသော်လည်း မတွေ့ရ၊ စာတတ်ပေတတ်ဆရာတော်များအား မေးမြန်းကြည့်သော်လည်း မတွေ့ဖူးကြောင်းသာ ဆိုကြပါသည်။ ကျမ်းဂန်မှာ မပါ, အပြောအရသာ တွင်ကျယ်နေသော ထိုစကားကို အမှန်စကား မဟုတ်ဟုသာ ဆိုဖို့ ရှိပါတော့၏။

ယုတ္တိလည်း စမ်းမရ

ဤသို့ အာဂမယုတ္တိအားဖြင့် စမ်းမရသော်လည်း သဘာဝ ယုတ္တိအားဖြင့် စမ်းကြည့်ကြပါစို့။ "ကာမဂုဏ် မှီဝဲသောအခါမှာပင် ငါဘုရားကို

အောက်မေ့ရမည်ဟု ရှင်တော်မြတ် မိန့်တော်မူသည်"ဟူသော စကားမှာ အာဂုံအားဖြင့်လည်းကောင်း၊ ယုတ္တိ အားဖြင့်လည်းကောင်း ဘယ်ဘက်က မှ ရှင်းမရသော စကားပင် ဖြစ်ပါ သည်။ သာမန်ဝတ္ထု အာရုံတွေပင် စွဲနေ လျှင် ဗုဒ္ဓါနုဿတိ၏ သက်ရောက်ရာ မဟုတ်၊ ဥပမာ- အလွန်လှပသော မိန်းကလေးရုပါရုံတွင် နစ်ဝင်အောင် မက်မောရူစားနေသူအဖို့ ဘုရားဂုဏ် အာရုံပြုဖို့ရာ မလွယ်လှ၊ ယခုလို အလွန် စွဲမက်ဖွယ် ဖောင္ဆဗ္ဗအတွေ့ မေထုန် မှီဝဲရာအခါ၌ သတိရဖို့ ဆိုသည်မှာ သာလွန်ခက်ခဲလှပါသည်။ ကာမဂုဏ် နှင့် နေကွမ္မက တစ်ဘက်တစ်လမ်း ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်ရာ ကာမဂုဏ်ဖြစ်ရာ၌ နေကွမ္မ မဝင်သာ၊ နေကွမ္မဖြစ်နေရာ၌လည်း ကာမဂုဏ် သက်ရောက်နိုင်ရာ အခွင့်မရှိ၊ တစ်ဘက် တစ်လမ်း ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်ပင် ဘုရားရှင်က ဤသို့ အရာမျိုး၌ မိမိကို မမေ့ဖို့ တိုက် တွန်းသည်ဆိုသည်မှာ အရာမဟုတ်၍ ယုတ္တိမရှိ ယူဆပါသည်။ ဤ၌ နေကွမ္မ ဆိုသည်မှာ ကာမမှ လွတ်ရာ စွာန်, ဝိပဿနာ စသော တရားများကို ဆိုလို ပါသည်။

ပါဠိဖြင့် နိဒါနကြီးစို့

ဥပရိပဏ္ဏာသ ဒန္တဘူမိသုတ်၌ ဇယသေနမင်းသားက အစိရဝတ သာ မဏေကို 'သာသနာတော်၌ မမေ့ မလျော့ အားထုတ်နေသောရဟန်းမှာ သမာဓိရသည်ဆိုသည်မှာ ဟုတ်ပါသ လော'ဟု မေး၏။ ဟုတ်ကြောင်း ဖြေ၏။ ထိုအခါ မင်းသားက တရားဟော ဖို့ တောင်းပန်၏။ ကိုရင်က ငြင်းသည်။ ကိုရင် ဟောသောတရား မင်းသားနား လည်လျှင် ကောင်း၏။ မသိလျှင် ကို ရင်ပင်ပန်းရုံ ရှိမှာပေါ့။ သိချင်သိမှာပေါ့ ကိုရင်၊ ဟောသာ ဟောပါဟု လျှောက် သောအခါ "ကိုရင်ဟောသော တရား ကို သိလျှင် ကောင်း၏၊ မသိလျှင် အသာနေ၊ ထပ်တွန့် မေးမနေနဲ့"ဟု ချည်တုပ် သောအခါ မင်းသားက ဝန်ခံ ၏။ ထိုအခါ ကိုရင်က "ကသိုဏ်း ဝင်စား နိုင်လိမ့်မည်"စသည်ဖြင့် ဟော ခဲ့၏။ သူက လက်မခံ၊ သာသနာမှာ မမေ့ မလျော့ အားထုတ်က သမာဓိရ တယ်ဆိုတာ မဖြစ်နိုင်ဆိုကာ ထပြန် သွားခဲ့၏။

ကာမသမားက နေကွမ္မကို လက်မခံနိုင်

ကိုရင်က သမာဓိဖြစ်ကြောင်း နည်း ပေး၏။ နည်းကလည်း နည်းမှန်၊ သူက ကာမဂုဏ်သမား၊ သူစိတ်ထဲမှာ ကာမ ဂုဏ်တွေက နေရာယူထား၏။ ကာမ ဓာတ်ခံ လက်ခံသိမ်းသွင်းထားသော သူစိတ်က ဘယ်မှာ သမာဓိ ဟူသော နေကွမ္မကို လက်ခံနိုင်ပါ အံ့နည်း။ ထို့ ကြောင့်ပင် ငြင်းဆန် ထွက်ခွာသွားခြင်း ဖြစ်၏။ ကိုရင်က ဤအကြောင်းကို ဘုရားရှင်ထံ သွားလျှောက်ထားသော အခါ ဘုရားရှင်က "နေကွမ္မဖြင့်သာ သိနိုင်, မြင်နိုင် ရောက်နိုင်သော သမာဓိ မျိုးကို ကာမအလယ်မှာနေ, ကာမ ဂုဏ်တွေ ခံစား, ကာမအကြံတွေ အစား ခံနေရ, ကာမ အပူတွေ အလောင်ခံ နေရသော ဇယသေနလို မင်းသားမျိုး သိနိုင်သည် ဆိုသည်မှာ ဖြစ်နိုင်သော အကြောင်း မဟုတ်ကြောင်း ဟောတော် မူ၏။

ဤဘုရားစကားတော်အရ ကာမ နယ်သည် နေကွမ္မသက်ရောက် ရာ မဟုတ်ကြောင်း သိနိုင်သည်ဖြစ်ရာ ဘုရားရှင်က ဝိသာခါအား ဤသို့ တိုက်တွန်းသည် ဆိုသည်မှာ ယုတ္တိ, အာဂမနှစ်ဌာန မရသော အပြော တစ်မျိုးဟု ယူဆဖွယ်သာ ဖြစ်ပါပေ သတည်း။

ကိ နွယ် နိစ္စယော ယုတ္တော, နု ယုတ္တောတိ ဝိစာရယ်၊

ယုတ္တောတိ စေ မညေယျာသိ, ဂစ္ဆာတံ ပဏ္ဍိတော တုဝံ။

(ကိန္နယ်- ကို နု အယ်) ဤ အဆုံးအဖြတ်သည် သင့်သလော, မသင့်သလောဟု စဉ်းစားဆင်ခြင် လျက် သင့်သည်ထင်က ပဏ္ဍိတမည် တွင် ဆရာတော်အရှင်သည် ထိုအဆုံး အဖြတ်ကို လက်ခံပါလေ။

အရှင်ဝါသေဋ္ဌာဘိဝံသ

ရွှေကျင်

နိုင်ငံခြားသားရဟန်းတော်များနှင့် ဒေါ်လာကိစ္စ

"နိုင်ငံခြားသား ရဟန်းတော်များနှင့် ဒေါ်လာကိစ္စအကြောင်းနှင့် စပ်၍ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ ဆရာတော်က မေးထားသဖြင့် သပြေကန်ဆရာတော်ကြီးက ဤသို့ ပြန်လည်မိန့်ကြားကာ အဖြေပေးထား ပါ၏။

၁၃၅၀၊ တော်သလင်းလပြည့်ကျော် (၅)ရက်

ဆရာတော် အရှင်ပဏ္ဍိတ ထံ အလေးထား ရေးသားအပ်ပါ၏။

ဆရာတော်အရှင် တာဝန်ပေးထားတာ တော်တော်ကြာသွားပါပြီ၊ တကယ်တော့ ဝိနည်းအရာ ဆိုသည်မှာ လွယ်ကူလှသည်မဟုတ်၊ တိုက်ရိုက် အဆိုနဲ့ ဆုံးဖြတ်ရသည် မဟုတ်တော့ အဆုံးအဖြတ် မလွယ် သလို ဖြစ်ရ၏။ ထို့ကြောင့် သုတ်, ဝိနည်း, အဘိဓမ္မာမှာ ဝိနည်းအဆုံးအဖြတ် အခက်ဆုံးဟု မိန့်ဆိုကြ၏။

ထို့ပြင် အာပတ်သင့်တဲ့ဖက် ရှုမြင်ဖို့ရာ မကြိုးစားဖို့, အာပတ်မသင့်ခြင်းကို ကြည့်ရှုမည်ဟု စိတ်ထားဖို့ အဋ္ဌကထာမှာခဲ့သည် တစ်ဖြာ, ပညာရှိတို့နှင့် တိုင်ပင်နှီးနော စူးစမ်းဆင်ခြင် ဆုံးဖြတ်ရမည်ဆိုသည့် တစ်ချက်ကို သတိထားမိသော်လည်း ပညာရှိတို့နှင့် နှီးနောခွင့်မရ၍ ပညာရှိ အရှင်ပဏ္ဍိတာဘိဝံသနှင့်သာ သံသန္ဒနအမှု ပြုရတော့မည်ဖြစ်၍ ဂရုတစိုက် ရှုစားဆင်ခြင် ပေးပါဟု တိုက်တွန်းရပါ၏။

အထောက်ပါဋ္ဌိတွေကို ညွှန်းရုံသာ ညွှန်းလိုက်ပါသည်။ တကယ်တော့ အဆုံးအဖြတ် သိဖို့က လိုရင်းဖြစ်ရာ ကြည့်နိုင်သော ပုဂ္ဂိုလ်များအဖို့တော့ ကျမ်းညွှန်နဲ့ပင် လုံလောက်ပြီ သဘောရပါ၏။ စာရေးပြီးတာတော့ ကြာပါပြီ။ သို့သော် ကိုယ့်အဆို အားမရ သလို ဖြစ်တိုင်း စာတွေကြည့်ရတာ တစ်ကြောင်း, တစ်ခြားကိစ္စ များလှတာ တစ်ကြောင်းကြောင့် ကြာသွားရသည်ကို ခွင့်လွှတ်တော်မူရန် တောင်းပန်ရပါသည်။

ကျန်းမာ၍ ချမ်းသာတော်မူပါစေ

အရှင်ဝါသေဋ္ဌာဘိဝံသ

နိုင်ငံခြားသား ရဟန်းတော်များနှင့် ဒေါ်လာ

နိုင်ငံခြားသား ရဟန်းတော်များ၌ ဒေါ်လာများ ပါလာရာ "ထိုဒေါ်လာထဲမှ ဒေါ်လာတစ်ရာကိုကား မလဲမနေရ၊ ဤနိုင်ငံက ငွေနှင့် လဲလှယ်ရ၏။ ကျန်သော ဒေါ်လာများကိုကား ဘယ်လောက်ရှိသည်ဟု စာရင်း ကြေငြာရသည်" ဆို၏။ ထိုသို့ ကြေငြာသည့်အခါ ပါတဲ့အတိုင်း မကြေငြာဘဲ မိမိအကျိုးအမြတ်အတွက် မြှော်လျက် ထိန်ဝှက် ချန်ထားတတ်၏။ ဤကိစ္စ အတွက် ထိုရဟန်းတော်များ၌ ဘယ်သို့ အပြစ်ရှိမည်ကို မေးလျှောက် ခဲ့ကြ၏။ ဤအရာ၌ မိမိအမြင်ကို တင်ပြရပါမည်။

ဤအချက်၌ ထိုရဟန်းတို့သည် မရိုးသော စိတ်ထားဖြင့် လိမ်လည်လှည့်ဖြား ဝှက်ထားခြင်းဖြစ်ရာ ထေယျာဝဟာရနှင့် ငြိနေမည်လော တွေးတောဖွယ်ရာ ဖြစ်နေပါ၏။ "ထေယျာဝဟာရ" ဆိုသည်မှာ ပုန်းလျှိုးကွယ်လျှိုးပြုကာ အိမ်နံရံကို ဖောက်ချိုးခြင်းစသည်, ချိန်စဉ်းလဲ, တင်းစဉ်းလဲ, အသပြာစဉ်းလဲ စသည်တို့ဖြင့် လိမ်လည်လှည့်ဖြားလျက် ယူခြင်း ဖြစ်၏။ (ဝိ၊၌၊၁၊၃၃၀)

ထို ထေယျာဝဟာရ အရာ၌ လိမ်လည်လှည့်ဖြား ယူရာဝယ် ပစ္စည်းရှင်က ပေးအပ်သော ပရိစ္ဆတ္တဘဏ္ဍာ, မပေးအပ်သော ပရပရဂ္ဂဟိတဘဏ္ဍာ ဟု နှစ်မျိုးရှိနိုင်၏။ ထိုဘဏ္ဍာနှစ်မျိုးကို လိမ်လည်လှည့်ဖြားယူမှု အစွဲပြု၍ ပါရာဇိက ကျ-မကျ ဆုံးဖြတ်ရ၏။

ပရိစ္ဆတ္တဘဏ္ဍာ ယူရာ၌ အဆုံးအဖြတ်ကို ဤသို့ သိအပ်၏။ ရွေးကရဟန်းတစ်ပါး သံဃာ၏ဆွမ်းကို ဝေဖန်သောအခါ တကယ်မရှိသော ပုဂ္ဂိုလ်တစ်ဦးကို ရည်ညွှန်းလျက် တစ်ပါး ပုဂ္ဂိုလ်၏ အဖို့ကို ပေးပါဟု အခြေအမြစ် မရှိဘဲ မရိုးမသား လိမ်လည်လှည့်ဖြားလျက် ယူခဲ့၏။ နောက် ကုက္ကုစ္စဖြစ်၍ ဘုရားရှင်အား လျှောက်ထားသောအခါ "အနာပတ္တိ ဘိက္ခု ပါရာဇိကဿ၊ အာပတ္တိ သမ္မ ဇာနုမုသာ ဝါဒေ ပါစိတ္တိယဿ" ဟု အဆုံးအဖြတ် ပြုတော်မူခဲ့၏။(ဝိ၊၁၊၇၃)

ဤ၌ မရှိသော ပုဂ္ဂိုလ်ကို ရည်လျက် ထိုသူအတွက် ပေးပါဟု လိမ်လည်လှည့်ဖြားတောင်းပါလျက် ပါရာဇိကအာပတ်မသင့် ဆိုသည်မှာ ဥစ္စာရှင်တို့က ပေးသောကြောင့် ဖြစ်ကြောင်း အဋ္ဌကထာ မိန့်ဆိုခဲ့၏။(ဝိ၊၌၊၁၊၃၃၄)

ဥစ္စာရှင်တို့က ပေးသောဥစ္စာမှာ ပရိစ္ဆတ္တ ဖြစ်၏။ ပရပရိဂ္ဂဟိတ မဟုတ်တော့။ ထို့ကြောင့် ပါရာဇိက မဖြစ်ရသည်ဟု သိ၊ ပစ္စည်းရှင်တို့က ပေး၍ ပါရာဇိက မကျသော်လည်း လိမ်လည်လှည့်ဖြား ယူသောကြောင့် ဘဏ္ဍာဒေယျကား ဖြစ်၏။ ထိုစကား မှန်၏။ လူတို့၏ ဥစ္စာကို ဥစ္စာရှင်က ဖြစ်စေ, ဥစ္စာရှင် စေခိုင်းအပ်သူက ဖြစ်စေ ပေးလှူအပ်သည်ကို တစ်ပါး ရဟန်း၏အဖို့ကို ပေးပါဦးဆို၍ ယူသော ရဟန်းအား ဘဏ္ဍာဒေယျဖြစ်၏ ဟု အဋ္ဌကထာဆိုအပ်၏။ တစ်ပါး ရဟန်း၏ အဖို့ကို

ပေးပါဆိုသည်မှာ ထင်ရှားမရှိသော ပုဂ္ဂိုလ်ကို ဖော်ပြ၍ ယူအပ်သောကြောင့် ဘဏ္ဍာဒေယျ ဖြစ်ရ၏။(ဝိ၊ဋ္ဌ၊၁၊၃၃၄၊ သာရတ္ထ၊၂၊၁၆)

ဆိုခဲ့ပြီးစကားများအရ ထေယျာဝဟာရ အရာ၌ လိမ်လည်လှည့်ဖျားရံသက်သက်ဖြင့် အပြစ်ရောက်သည် မဟုတ်၊ လိမ်လဲ လိမ်, သူထံမှ ပစ္စည်းလည်း ရယူမှ အပြစ်ရခြင်း ဖြစ်၏။ ဆိုခဲ့ပြီး နိုင်ငံခြားရဟန်းတော်များ သည် ပစ္စည်းစာရင်း လိမ်ညာခြင်းသာ ပြု၍ အစိုးရထံမှ ဘာပစ္စည်းကိုမှ ရသည် ယူသည် မဟုတ်သောကြောင့် ပါရာဇိကဖြင့် စွဲဆိုနိုင်ခွင့်မရှိပေ။ ပစ္စည်းမရ မယူသောကြောင့်ပင် လိမ်လည်သော်လည်း ဘဏ္ဍာဒေယျဖြင့် မဆိုနိုင်။ သမ္မာနုမသာဝါဒပါစိတ် အာပတ်ဖြင့်သာ ဆိုခွင့်ရှိပါတော့၏။ ထို့ပြင် ထိုပစ္စည်းအတွက် အကောက် အခွန် ပေးဖို့ သတ်မှတ်ပြဋ္ဌာန်းချက်စသည် တစ်စုံတစ်ရာ မရှိသောကြောင့် 'သုကံဃာတ'' စသည်ဖြင့်လည်း စောဒနာခွင့် မရှိပါ။

၁၅-၂-၈၉

ဩဝါဒါစရိယ ပဓာနနာယက အရှင်ပဏ္ဍိတာဘိဝံသထံ အလေးထား ရေးသားအပ်ပါသည် ဆရာတော်။

ဆရာတော် မေးခဲ့သော ပဌမ ဒေါလာပြဿနာကို ဖြေပြီးနောက် ဒုတိယပြဿနာ (၅)ချက် မေးခဲ့ပြန်ပါသည်။ ထိုအမေးကို လေ့လာရင်း ပဌမ အမေးအဖြေကို ပြန်လည် လေ့လာခဲ့မိပြန်ပါသည်။ အရေးကြီး သောအကြောင်းအရာ ဖြစ်၍ အစိုးရအကောက်အခွန်ဆိုင်ရာ ထိုထို ဆရာတော်များကိုလည်း မေးမြန်းခဲ့ပါ၏။ မေးသမျှ ဆရာတော် အားလုံးကပင် ပါရာဇိကဖြင့် ဆုံးဖြတ်လိုကြပါသည်။ ယခု ဆရာတော်ထံ ပို့လိုက်သော ဝိနိစ္ဆယရှင် အရှင်အဂ္ဂညာဘိဝံသ ကျမှ အပြစ်မရှိကြောင်း ဝိနိစ္ဆယ ရခဲ့ပါ၏။ ဤဆရာတော်ထံ တပည့်တော် မေးခဲ့သည်မှာ အတော်နောက်ကျ, စာတိုက်ကလည်း ကြာသဖြင့် တော်တော်ကြာသွားပါသည်။

ဆရာတော်၏ အဆုံးအဖြတ်မှာ အတော်ကျန တိကျလှသည်ဖြစ်၍ ဗဟုသုတအများလည်း ပေးထား၍ မူရင်းအတိုင်း အပြည့်အစုံ ဆရာတော်ထံ ဆက်ကပ်စေရပါသည်။ ဤမှုကြာသည်ထိအောင် ဖြစ်ရခြင်းဖြင့် မလေးစားသကဲ့သို့ ဖြစ်ရသည်ကို လည်း ခွင့်လွှတ်စေချင်ပါသည်။ ဆရာတော်နှင့် တစ်နေရာရာမှာ ဆုံမိတွေ့မိလျှင်လည်း မိမိ အကျိုးအကြောင်း ပြောဖြစ်ပါလိမ့်မည်။ မတွေ့မဆုံရ၍ လည်း မပြောဖြစ်ခဲ့ခြင်း ဖြစ်ပါ၏။ ပါရာဇိကဟု ဆုံးဖြတ်ဖို့ အရေးကြုံက တပည့်တော်မှာ ဝန်လေးပါ၏။ ထို့ကြောင့်ပင် ပါရာဇိက မဖြစ်ဖို့ဘက်က သေချာအောင် လိုက်နေခြင်း ဖြစ်ပါသည်။

ဆရာတော်အရှင် ထာဝစဉ် ကျန်းမာ ချမ်းသာတော်မူစေကြောင်း ဆုတောင်းလျက် ရှိပါသည်။

ဝါသေဋ္ဌာဘိဝံသဏ္ဌေရော

ရွှေကျင်

“ကထိန်ကိစ္စ လျှောက်ထားလွှာ”

အမေး- ဆရာတော်အရှင်စန္ဒာဝရ(ရောဝတီတိုင်းဒေသကြီး ငဝုတောမြို့နယ် ကျောင်းတောင်ရွာ)

အဖြေ - သပြေကန်ဆရာတော်ဘုရားကြီး

ကျောင်းတောင်တောရ တပည့် စန္ဒာဝရ -အထူး ခန့်ငြား ရိုသေစွာ - ဂါရဝတရားဖြင့်, ခြေဖဝါးတော်မြတ် အောက်,ဝပ်လျှောက်-ငုတ်လျှိုး, ရှိခိုး, လျှောက်ထားဝံ့ ပါသည်, သီလာ'ဒိဂုဏ်, စွယ်စုံပြောင်မြောက်, မုန်သောက် ဇာနည်, တရထည့်, အစစ်, ဖြစ်တော်မူပါသော, ကျေးဇူး တော်ရှင်, သပြေကန်ဆရာ တော်, **အရှင်သူမြတ်ဘုရား။**

(၁) ကထိန်သင်္ကန်းကို အချို့ဆရာတို့က ''အဂတာ နာဂတ စာတုဒ္ဒိသာ သံဃိက'' ဟု ယူဆကြပါသည် ဆရာမြတ်တို့က''ဝဿံ ဝုဋ္ဌ သံဃိက''ဟုမိန့်ဆိုကြပါသည်။ **မည်သည့် စကားသည် မှန်ကန်**ပါမည်နည်း။

(၂) ''ဣမံ ကထိန စီဝရံ သံဃဿ ဒေမ''ဟု ကထိန်သင်္ကန်း လှူဒါန်းရာ၌ ''သံဃဿ''ဟု သံဃာကိုသုံးသပ်သည့်အတွက် အ,ကာလ သင်္ကန်းဖြစ်၍ ကထိန်မအပ်ဟု **အချို့ဆရာတို့ အယူသည်** သင့်-မသင့်။

(၃) ချုပ်ပြီး ကထိန်သင်္ကန်းကို တပေါင်းလပြည့်နေ့ထိ နောက်ထပ်,မချုပ်က,ဒုက္ကဋ်အာပတ်သင့် ကြောင်း,ဝါဒန္တရ ဆရာတို့အယူသည် **ဝိနည်းကျမ်းဂန်များ**၌ ယှိ၊ မယှိ။

(၄) ပလိဗောဓ - တစ်ပါးပါး ရှိသေးလျှင်, အာပတ် မသင့်ဟု, ယူဆလျက် ကထိန်အာနိသင် သင်္ကန်းတို့ကို သုံးစွဲပါက, ပါရာဇိက စသော အာပတ် သင့်နိုင်သည်ဟု, ဝါဒန္တရဆရာ တို့ ,ရဲဝံ့စွာ, ပြဆိုချက်, အယူသည်, **ဝိနည်း ဒေသနာတော်နှင့်,** ညီ-မညီ။

(၅) သဟုဇ္ဈာရကို တပေါင်းလပြည့်နေ့၌ အမြဲ နတ်ရ
မည်၊ နတ်သော် မထင်ရှားသော အန္တရဇ္ဈာရ
လည်း နှုတ်ပြီး ဖြစ်တော့သည်၊ သဟုဇ္ဈာရကို
- အမြဲ မနတ်လျှင် ,သီမာ တိက္ကန္တိက- ကထိန်
နတ်ဖြစ်၍ အနာဒရိယ ဒုက္ကဋ်အာပတ်သင့်
ကြောင်း, ဝါဒန္တရ- ဆရာတို့ အယူသည် ဝိနည်း
ကျမ်းဂန်များနှင့် ညီညွတ်ပါမည်လော။

(၆) "ကထိန စီဝရံ ဒေမာ'တိ ।--လ-- အဝုတ္တံ
သိယာတိ" (ဝိနယာလင်္ကာရ ဋီကာ-၂-၉၄
အနက်ယောဇနာ သိလိုပါသည် ။

(၇) "သီမာ တိက္ကန္တိကောနာမ၊--လ--၊ သီမာ
တိက္ကမော'တိ ဝေဒိတဗ္ဗော"။(ဝိမတိ ဋီကာ-၂-
၁၉၅) **ယောဇနာတော်မူပါဘုရား** ။

ကထိန်နှင့်စပ်သော အရှင်စန္ဒာဝရ အမေး၏ သပြေကန် အဖြေ အကျဉ်းချုပ် (အဆုံးအဖြတ်)

(၁) "အာဂတာနာဂတ စာတုဒ္ဒိသာ သံဃိက" ဆိုသည်မှာ
သံဃာမှန်သမျှ အကုန်ပိုင်ဆိုင်သော ဂရုဘဏ်
ဥစ္စာ ဖြစ်၏၊ အားလုံး သံဃာပိုင်သောကြောင့်ပင် ၄င်းတို့ကို
မဝေ ဖန်အပ်, မပေးစွန့်အပ်၊ ကထိန်သင်္ကန်းမှာ ထိုသို့
မပေးအပ် ပါသလော၊ ပေးအပ်သောကြောင့်ပင် ကထိနတ္ထာ
ရကအား ပေးအပ်သည် မဟုတ်ပါလော။

"အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုဋ္ဌာနံ ဘိက္ခူနံ
ကထိနံ အတ္ထရိတုံ " - (ဝိ-၃-၃၅၁-၂) ပညတ်တော်အရ
ကထိန်သံဃာမှာ ဝဿံ ဝုဋ္ဌ သံဃာသာ ဝဿံ၊ ဝုဋ္ဌ ဆိုရာမှာ
လည်း ကျောင်းတကာ နယ်တကာက ဝဿံ ဝုဋ္ဌ မဟုတ်၊
ကိုယ့်ကျောင်း ကိုယ့်တိုက်က ဝဿံ ဝုဋ္ဌသံဃာဟူသော
အနက်မှာ ဤကျောင်းက သင်္ကန်း **တခြားကျောင်းက သံဃာ
မဝိုင်ခြင်းဖြင့်** ပြီးလျက် ရှိနေပေသည်။

(၂) "ယဉ္စ ကာလေပိ သံဃဿ ဝါ ।--လ--၊
ဇတံ အကာလစီဝရံနာမ"။ (ကင်္ခါ အဋ္ဌကထာ ၊ ၁၅၉)၌
အဋ္ဌကထာ က သံဃာအား "ဇတံ အကာလ စီဝရံ
နာမ"၊ ဤကား အ ကာလ သင်္ကန်းပါဟု ရည်၍ လူဒါန်း
သော သင်္ကန်းဟုဆို၏၊ "သံဃဿ"ဟု ရည်လူသော
သင်္ကန်းဟုမဆို ၊ အ,ကာလဝါဒီတို့ကား နည်းမကျ လမ်းမကျ
အနက်ပေးကြပြီး "သံဃဿ"ဟု ရည်ဆိုသော သင်္ကန်းဟု
ဆိုကြ၏၊ တတိယ- ကထိန-**ပါဠို-အဋ္ဌကထာ-ဋီကာ
ကြည့်က အလွန်** ထင်ရှားပါလိမ့်မည်။

(၃) ချုပ်ပြီးဖြစ်က ချုပ်မှု - ပုဗ္ဗ ကရဏ-စသည်
ပြုစရာ မလိုကြောင်း အဋ္ဌကထာ၊(ဝိ၊ဋ္ဌ၊၃-၃၉၀)အဆို တိုက်
ရိုက်ရိုလျက် ဘာ့ကြောင့် ထပ်ချုပ်ဖို့ လိုမည်နည်း ၊ ထို့
ကြောင့် ဒုက္ကဋ်ဖြင့် ဆောဒနာခြင်းမှာ "**အတိတ္တေ ပက္ခေနော**"
သာတည်း။

(၄) ကထိနကွန်က -ပါဠို-အဋ္ဌကထာ-ဋီကာ-ဝိနယာ
လင်္ကာရ-စသည်တို့ကို ကြည့်က ပလိဗောဓနှစ်ပါး တစ်ပါး
ပါး ရှိသေးလျှင် , ကထိန်အာနိသင် ရှိနေသေးကြောင်း၊
နှစ်ပါးလုံးငြိမ်းမှ အာနိသင် ပျက်ပြယ်ကြောင်း အလွန်သိသာ
ထင်ရှားလှပေ၏ ၊ သို့ဖြစ်လျက် အာပတ်-မသင့်ဟု ယူမှား
ဆိုသည်မှာ သူများအမှားမဟုတ်၊ ကိုယ့်အမှားသာ၊ သို့ ယူမှား
က သူအမှားဖြစ်လျှင် ကထိန်-အာနိသင် သင်္ကန်းတို့ကို
သုံးစွဲက ပါရာဇိက-စသော အာပတ် သင့်,မသင့် ဆိုခွင့်
ယိုပေဦးမည်လော - **ဆိုခွင့် မရှိတော့ပေ**။

(၅) သဟုဇ္ဈာရဟူသည် တပေါင်းလပြည့် နတ်သော
ကထိန်မဟုတ်၊ တပေါင်းလပြည့် အဆုံးနေ့ မတိုင်မီ ကြား
ကာလ၌ ပြုအပ်သော ကထိန်နတ်ခြင်းတည်း။ ကျောင်း
အပြင်၌ သွားရောက်နေထိုင်၍ ပြန်ရောက်လာသောအခါ
ရဟန်းတို့နှင့်တကွ ကြားကာလ ကထိန်နတ်ခြင်းကို ပြုအပ်
သောကြောင့် သဟုဇ္ဈာရ၏ အပြင်သွားမနေဘဲ ကျောင်း၌
နေ၍ ဥတ္တိ ဒုတိယ ကမ္မဝါစာဖြင့် ကထိန်နတ်ခြင်းသည်
ကာလ အပိုင်းအခြား မတိုင်မီ ကြားကာလ၌ ပြုအပ်သော
ကြောင့် အန္တရဇ္ဈာရမည်၏၊ နှစ်ပါးလုံး ကမ္မဝါစာဖြင့်
နတ်သည်ချည်းဖြစ်၏ ။

အထူးကား အန္တရဇ္ဈာရ-က ကျောင်းတိုက်ပြင်ပ
သွားမနေဘဲ၊ ကျောင်းထဲ၌သာနေလျက် ရဟန်းတို့နှင့် အတူ
ပြုအပ်သော နတ်ခြင်းဖြစ်၍ သဟုဇ္ဈာရ-က ကျောင်းတိုက်
ပြင်ပ သွားနေကာ ကျောင်းသို့ပြန်လာသော ရဟန်းက
ကျောင်းတွင်း **ရဟန်းတို့နှင့်အတူ ပြုအပ်သော နတ်ခြင်း**
ဖြစ်၏။ **(ဝိနယာလင်္ကာရ ဋီကာ ၂-၁၄၄-ကြည့်လေ)**

(၆) ကထိန-စီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတီတိ ဇတ္တေ

သံဃသ ကထိန စီဝရံ ဒေမာ'တိ ဝတ္တာဗ္ဗံ ၊ ဧဝဉ်သတိ ဣဒံ သံဃသ ကထိန ဒုဿံ ဥပ္ပန္နန္တိ - ကမ္မဝါစာယ သမေတိ၊ အထ စ ပန ပုဗ္ဗေ ကတပရိစယတ္တာ သံဃသာ' တိ၊ အ ဝုတ္တောပိ သမ္မဒါနံ ပါကဋ္ဌန်တိ ကတွာ အဝုတ္တံ သိယာ တိ ၊ (ဝိနယာလင်္ကာရ ဋီကာ-၂-၉၄)

ကထိန စီဝရံ ဒေမာ'တိ ဒါတုံ ဝဋ္ဋတီတိ ဧတ္ထ - ကထိန စီဝရံ ဒေမာ'တိ ဒါတုံ ဝဋ္ဋတိ-ဟူသော ဤအဋ္ဌက ထာဋ္ဌ၊ သံဃသ ကထိန-စီဝရံ ဒေမာ'တိ-သံဃသ ကထိန စီဝရံ ဒေမ ဟူ၍ ၊ ဝတ္တုမ်ံ - ဆိုထိုက်၏ ၊ ဟိ - အကျိုးကား ၊ ဧဝံ သတိ -ဤသို့ သံဃသ ကထိန-စီဝရံ ဒေမဟူ၍ ဆိုအပ်သည်ရှိသော် ၊ ဣဒံ သံဃသ ကထိန ဒုဿံ ဥပ္ပန္နန္တိ ကမ္မဝါစာယ -ဣဒံ သံဃသ ကထိန ဒုဿံ ဥပ္ပန္နံ-ဟူသော ကမ္မဝါစာနှင့် ၊ သမေတိ - သင့်တင့်ညီညွတ်၏၊ စ ပန - ဆက်၍ အထူး မိန့်ဆိုဦးအံ့၊ အထ-ထိုသို့ သံဃသ ကထိန စီဝရံ ဒေမဟူ၍ ဆိုထိုက် ပါလျက်၊ ပုဗ္ဗေ - ရှေးအခါ၌၊ ကတပရိစယတ္တာ သံဃသ-ဆိုမှုပြုအပ်သော အလေ့အလာရှိသည်၏ အဖြစ်ကြောင့်၊ သံဃသာ တိ - သံဃသဟူ၍၊ အ,ဝုတ္တောပိ - မဆိုအပ်ပါသော်လည်း၊ သမ္မဒါနံ - သံဃသဟူသော သမ္မဒါန်သည်၊ ပါကဋံ - ထင်ရှား၏ ၊ ဣတိ တသ္မာ - ဤအကြောင်းကြောင့်၊ ဝါ- ဤသို့ နှလုံးသွင်းမှု ပြု၍၊ အ,ဝုတ္တံ - မဆိုအပ်သည် ၊ သိယာ - ဖြစ်ရာ၏ ၊ ဣတိ - ဤသို့ သိအပ်၏ ။

(ဤကား-ဝိနယာလင်္ကာရဋီကာ အနက်ယောဇနာ)

(၇) သိမာတိက္ကန္တိကော နာမ စီဝရ မာသာနံ ပရိယန္တ-ဒိဝသ သင်္ခါတာယ သိမာယ အတိက္ကမနတော သဉ္ဇာတော၊ ကေစိ ဗဟိ သိမာယ ကာလာတိက္ကမော သိမာတိက္ကမော'တိ မညန္တိ ၊ တေသံ အန္တော ဥပစာရေ စီဝရ ကာလာတိက္ကမေပိ ကထိနုဇ္ဇာရော အသမ္မတော-နာမ သိယာ တိ နံ စေတံ ယုတ္တံ ၊ တသ္မာ ယတ္ထ ကတ္ထစိ **ကာလာတိက္ကမော သိမာတိက္ကမော**'တိ ဝေဒိတဗ္ဗော ။

(ဝိမတိ ဋီကာ -၂၊၁၉၅)

သိမာတိက္ကန္တိကော နာမ -သိမာတိက္ကန္တိကမည်သည်ကား ၊ စီဝရ မာသာနံ - သင်္ကန်းကာလတို့၏၊ ပရိယန္တ ဒိဝသ သင်္ခါတာယ- တပေါင်းလပြည့် အဆုံးစွန်နေ့ ဟုဆိုအပ်သော၊သိမာယ-အပိုင်းအခြားကို၊ အတိက္ကမနတော-ကျော်လွန်ခြင်းကြောင့်၊ သဉ္ဇာတော - ဖြစ်လာရသော ကထိန်နုတ်ခြင်းသည်၊ (ဟောတိ)ဖြစ်၏၊ ကေစိ - အချို့သော ဆရာတို့သည် ၊ ဗဟိ သိမာယ - ဥပစာရ သိမ်အပြင်၊ ကာလာတိက္ကမော - တပေါင်းလပြည့်ဟူသောအခါကို လွန်ခြင်းသည်၊ သိမာတိက္ကမော- အပိုင်းအခြားကို လွန်ခြင်းသည်၊ (ဟောတိ) ဖြစ်၏ ၊ ဣတိ- ဤသို့၊ မညန္တိ - ထင်မှတ်ကြလေကုန်၏ ၊ (သာရတ္ထကို ကေစိ ဆိုသည်) တေသံ - ထို သာရတ္ထ ကေစိဆရာတို့၏၊ (ဝါဒေ) အယူ၌၊ အန္တော ဥပစာရေ - ဥပစာရ သိမ်အတွင်း၌၊ စီဝရ ကာလာတိက္ကမေပိ - သင်္ကန်းကာလကို လွန်ရာ၌လည်း၊ ကထိနုဇ္ဇာရော - ကထိန်နှုတ်ခြင်းကို၊ အ သမ္မတော နာမ -မသမုတ်အပ်သည်မည်သည် -ဝါ- အသိအမှတ် မပြုအပ်သည် မည်သည်၊ သိယာ- ဖြစ်ရာ၏ ၊ ဣတိ - ဤသို့သော အပြစ်ဖြစ်ရာသောကြောင့်၊ ဧတံ - ဤ သိမ်အပတပေါင်းလပြည့်နေ့ကို လွန်ခြင်းသည်- သိမာတိက္ကမဖြစ်၏ ဟူသော အယူအဆသည်၊ န စ ယုတ္တံ- သင့်လည်း မသင့်၊ တသ္မာ - ထို့ကြောင့်၊ ယတ္ထ ကတ္ထစိ - ဥပစာရ သိမ်အတွင်းအပြင် ဘယ်ဌာနမှာ မဆို၊ ကာလာ တိက္ကမော - တပေါင်းလပြည့်အခါသမယကို လွန်ခြင်းကို ၊ သိမာတိက္ကမော'တိ - သိမာတိက္ကမဟူ၍ ၊ ဝေဒိတဗ္ဗော - သိအပ်၏။

(ဤကား ဝိမတိဋီကာ ယောဇနာ)

(ဂုဏ်ထူး ကံထူးသည့် ဤ"ကထိန-သခေါပ-ဝိနိစ္ဆယ"စာတမ်းကို -၁၃၄၅-ခု ၊ ပြာသိုလဆန်း -၂-ရက် (၄-၁-၁၉၈၄) ဗုဒ္ဓဟူးနေ့ နံနက်(၈)နာရီ အချိန်တွင် ရရှိပါသည် ၊ (၄-၁-၁၉၈၄)လွတ်လပ်ရေးနေ့-သပြေကန် ကျေးဇူးရှင်ဆရာတော် "အဂ္ဂမဟာပဏ္ဍိတ" **ဘွဲ့တော်ကို ရရှိခဲ့**ပါသည် ၊ ရေဒီယိုသတင်း ဖြစ်ပါသတည်း)

အရှင်စန္ဒာဝရ

သုရာမေရယ မဓုပမာဒဌာန်

သပြေကန်ဆရာတော် ဆုံးဖြတ်သည်

ဒါယကာဦးထွန်းဘေ-ထံ

၁၃၀၃-ခုနှစ် ဝါဆိုလဆုတ်(၁၄)ရက်(၂၁-၇-၁၉၄၁) ပြန်ကြားသိစေအပ်ပါသည်၊ ဒါယကာ ဦးထွန်းဘေ တစ်ဆင့်ကြား အမေးကို ဖြေကြားလိုက်ရသဖြင့် မေးလိုရင်းအာဘော်ကို ထိမိအောင် မသိရသောကြောင့် ဒါယကာ၏ အာဘော်မကျ ဖြစ်ရသည်ကို စာဖြင့်တိုက်ရိုက်မေးလျှောက်လိုက်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြေကြားလိုက်ပေသည်။ ယောနိသောမနသိကာရ ရွေ့ထား၍ မှတ်သားနာယူစေလိုသောကြောင့်။

ဒါယကာ၏ အမေးဌ ချိန်ဆနိုင်သော ဉာဏ်ကိုရစေခြင်းငှာ ပရမတ္ထ ဓောတိကာ အဋ္ဌကထာ - သမ္မောဟဝိနောဒနီ အဋ္ဌကထာကြီး - မနောရထပူရဏီ အဋ္ဌကထာကြီး (၃)စောင်၌ လာသော "သုရာမေရယ မဒ္ဓုပမာဒဌာန" ၏ ပုဒ်အနက် အဂ်ါစသည်တို့ကို ထုတ်ပြအပ်၏။

သုရာမေရယ မဒ္ဓုပမာဒဌာနန္တိ သုရာ,မေရယမဒ္ဓုနံ ပါနစေတနာ သဒ်ါတံ ပမာဒကာရဏံ။(မနောရထပူရဏီ အဋ္ဌကထာ)

သုရာမေရယ မဒ္ဓုပမာဒဌာနန္တိ - သုရာ,မေရယ မဒ္ဓုပမာဒဌာနံဟူသည်ကား၊ သုရာ,မေရယမဒ္ဓုနံ ယစ်မူးကြောင်း သေအရက်တို့ကို၊ ပါန စေတနာ သဒ်ါတ် သောက်ကြောင်း စေတနာဟု ဆိုအပ်သော၊ ပမာဒ ကာရဏံ-မေ့လျော့ခြင်း အကြောင်း တည်း။ ဤအဋ္ဌကထာဖြင့် သုရာ မေရယ,မဒ္ဓုပမာဒဌာနာ-အရ သေရည်သေရက်ကို သောက်ကြောင်း စေတနာကို ယူရမည်ကို ပြတော်မူ၏၊ ထိုစေတနာရှိလျှင် ဤသိက္ခာပုဒ် မတည်၊ မရှိမှတည်၏။

သို့ဖြစ်လျှင် ဘိန်းရူပြီး နောက်မှ သိလယူသော သူအား ဘိန်းရူမှုကို လွန် ကျူးကြောင်း စေတနာသည် သိလမယူမီကပင် ငြိမ်းခဲ့ရကား သိလ မရဟုဆိုနိုင်ပါ မည်လော။

ထိုထက် သေချာသော ပရမတ္ထ ဧကတိကာ အဌကထာ-လာ စကားကိုလည်း ပြဆိုဦးအံ့။

ပမာဒဋ္ဌာနန္တိ - ယာယ စေတနာယ တံ ပိဝတိ၊ အရွောဟရတိ၊ သာ စေတနာ မဒပွမာဒဟေတုတော ပမာဒဋ္ဌာနန္တိ ဝုစ္စတိ။ တတော အရွောဟရဏာဓိပ္ပါယေန ကာယဒွါရပ္ပဝတ္တာ သုရာမေရယမဇ္ဇာနံ အရွောဟရဏာ စေတနာ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနန္တိ ဝေဒိတဗ္ဗာ။

(ပရမတ္ထဧကတိကာ)

ပမာဒဋ္ဌာနန္တိ-ပမာဒဋ္ဌာနံဟူသည်ကား၊ ယာယ စေတနာယ-အကြင်စေတနာဖြင့် ၊ တံ-ထို သုရာမေရယကို၊ ပိဝတိ-သောက်၏၊ အရွောဟရတိ-မျိုး၏၊ သာ စေတနာ-ထို သောက်ကြောင်း မျိုကြောင်း စေတနာကို၊ မဒပွမာဒဟေတုတော-မူးခြင်း,မေ့ခြင်း၏ အကြောင်းဖြစ်သောကြောင့်၊ ပမာဒဋ္ဌာနန္တိ-ပမာဒဋ္ဌာနဟူ၍၊ ဝုစ္စတိ ဆိုအပ်၏၊ တတော ထို့ကြောင့်၊ အရွောဟရဏာဓိပ္ပါယေန-မျိုလိုသောဆန္ဒဖြင့်၊ ကာယ'ဒွါရ'ပ္ပဝတ္တာ-ကာယဒွါရ၌ ဖြစ်သော၊ သုရာမေရယ မဇ္ဇာနံ-သေအရက်တို့ကို၊ အရွောဟရဏာ စေတနာ-သောက် မျိုကြောင်း စေတနာကို၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနန္တိ - သုရာမေရယ မဇ္ဇပမာဒဋ္ဌာန ဟူ၍၊ ဝေဒိတဗ္ဗာ-သိအပ်၏။။ ဤ အဌကထာဖြင့် သောက်ဆဲ မျိုဆဲခဏ၌ သောက်ကြောင်း မျိုကြောင်း စေတနာသည် သုရာမေရယ မဇ္ဇပမာဒဋ္ဌာန မည်၏ဟုပြ၏။။

ဘိန်းရှူပြီးပုဂ္ဂိုလ်မှာ ထိုစေတနာ မရနိုင်ကြောင်းကား အလွန်ပင် ထင်ရှားလှ၏၊ စေတနာ မရလျှင်လည်း သုရာမေရယ မတည်နိုင်ဟု မည်သည့်နည်းနှင့်မျှ မဆုံးဖြတ်နိုင်။

သုရာမေရယသိက္ခာပုဒ်ပျက်ကြောင်း အင်္ဂါကိုလည်း ထိုအဌကထာ၌ပင် ဤသို့ ပြဆို၏။။

၁။ သုရာဒီနဉ္စ အညတရံ ဟောတိ ။

(သုရာစသည်တို့တွင် တစ်ပါးပါး ဖြစ်စေ)

၂။ မဒနီယ ပါတုကမျတာ စိတ္တဉ္စ ပစ္စုပဋ္ဌိတံ ဟောတိ။

(မူးယစ်အောင် သောက်စားလိုသော စိတ်လည်းရှိစေ)

၃။ တဉ္စေ ဝါယာမံ အာပဇ္ဇတိ ။

(ထို သောက်စားလိုသောစိတ် အားလျော်စွာ လုံ့လပြု သည်လည်း ဖြစ်စေ)

၄။ ပီတေ စ ပဝိသတိ ။

(သောက်သောအခါ ဝင်သည်လည်း ဖြစ်စေ)

ဘိန်းရှူပြီးပုဂ္ဂိုလ်သည် ဤအင်္ဂါလေးပါးတို့တွင် မည်သည့် အင်္ဂါနှင့်မျှ မငြိစွန်း၊ သို့ဖြစ်လျှင် သိက္ခာပုဒ်ပျက်နိုင်အံ့လော။။

သုရာမေရယ၏ သမုဋ္ဌာန်ကိုလည်း ဤသို့ ပြ၏။။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနံ ကာယတောစ ကာယ စိတ္တတောစာတိ ဒွိသမုဋ္ဌာနံ။။ (ရှည်မည်စိုး၍ အနက် မရေးပြီ)

သုရာမေရယသိက္ခာပုဒ်သည် ကိုယ်ကြောင့်သော်လည်းကောင်း၊ ကိုယ်စိတ်ကြောင့်သော်လည်းကောင်း ဖြစ်၏၊ ဘိန်းရှူစဉ်အခါက ထိုကိုယ်, ကိုယ်စိတ်ဖြင့် လွန်ကျူးခဲ့ပြီး၊ သီလယူဆဲ, သီလယူပြီးအခါ မည်သည့် သမုဋ္ဌာန်ဖြင့် လွန်ကျူး၍ သိက္ခာပုဒ် မတည်နိုင်ပါအံ့နည်း ။

၄။ ပီတေ စ ပဝိသတိ ။

(သောက်သောအခါ ဝင်သည်လည်း ဖြစ်စေ)

ဘိန်းရှူပြီးပုဂ္ဂိုလ်သည် ဤအင်္ဂါလေးပါးတို့တွင် မည်သည့် အင်္ဂါနှင့်မျှ မငြိစွန်း၊ သို့ဖြစ်လျှင် သိက္ခာပုဒ်ပျက်နိုင်အံ့လော။။

သုရာမေရယ၏ သမုဋ္ဌာန်ကိုလည်း ဤသို့ ပြ၏။။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနံ ကာယတောစ ကာယ စိတ္တတောစာတိ ဒွိသမုဋ္ဌာနံ။။ (ရှည်မည်စိုး၍ အနက် မရေးပြီ)

သုရာမေရယသိက္ခာပုဒ်သည် ကိုယ်ကြောင့်သော်လည်းကောင်း၊ ကိုယ်စိတ်ကြောင့်သော်လည်းကောင်း ဖြစ်၏၊ ဘိန်းရှူစဉ်အခါက ထို ကိုယ်, ကိုယ်စိတ်ဖြင့် လွန်ကျူးခဲ့ပြီး၊ သီလယူဆဲ, သီလယူပြီးအခါ မည်သည့် သမုဋ္ဌာန်ဖြင့် လွန်ကျူး၍ သိက္ခာပုဒ် မတည်နိုင်ပါအံ့နည်း ။

အရှင်ဝါသေဋ္ဌာဘိဝံသ

လင်္ဂါယသ သိက္ခာကာမ သီလပဒ္ဓ

ဘဒ္ဒန္တ မာနိတသိရီ ဘိဝံသ (နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်) ဟူကော်သည့်

ကြွရောက်တော်မူလာကြ ကုန်သော သံဃာတော်အရှင်မြတ်တို့နှင့် တကွ ဒကာ၊ ဒကာမအပေါင်းတို့၊ ရွှေကျင်ဂိဏ်းကြီး၏ တွဲဖက်သာသနာ ပိုင်, နိုင်ငံတော် သြဝါဒစရိယ, အဘိဓမဟာရဋ္ဌဂုရု, အဂ္ဂမဟာ ပဏ္ဍိတ ကျေးဇူးရှင် သပြေကန်ဆရာ တော်ကြီးကို စတင်ဟူကော်ပါတော့မည်၊ အာရုံစိုက်တော်မူကြပါ။

သုံးပါးရတနာ။ ဘုရား, တရား, သံဃာဟူသော ရတနာ သုံးပါးတွင် တရားရတနာသည် အမြဲရှိနေသည့် ရတနာ ဖြစ်၏။ ထိုတရားရတနာကို အမှီပြု၍ သတ္တလောကၥ် တရားရတနာ ပြန်လည်ထွန်းလင်းတောက်ပ စေဖို့အတွက် အလွန်အလွန် နည်းပါးလှသော တရံတခါၥ် ဘုရားရတနာ ပွင့်တော်မူတတ်၏။ ထိုဘုရားရတနာ ပွင့်တော် မူလာသောကြောင့် ရှိနေပါလျက် ထွန်းလင်းတောက်ပခွင့်မရ တိမ်ဖုံးခံရသည့် လပမာ ကွယ်ပျောက်နေရသော တရား ရတနာ ပြန်လည် ထွန်းပခွင့်ကို ရခဲ့၏။ ထိုထွန်းလင်း တောက်ပခွင့် ရလာပြီ ဖြစ်သော တရား ရတနာခေါ် ဓမ္မရောင်ခြည် ပြန်လည်ကွယ်ပျောက် မသွားစေဘဲ ဆက်လက် ထွန်းပတည်ရှိစေဖို့အတွက် သံဃာရတနာခေါ် အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာခဲ့ရပေသည်။

ဓမ္မရတနာ ရှိနေပါ၍ ဘဂဝါဗုဒ္ဓ ပွင့်ပေါ်ရ၏။

ဗုဒ္ဓပွင့်ပေါ် သားတော်သံဃာ ပွင့်ပေါ် လာသည်။

သုံးဖြာ သရဏ ဖွဲ့စဉ်တည်း။

ထိုသံဃာ့ရတနာ၏ စွမ်းရည်ကြောင့် ဗုဒ္ဓပရိနိဗ္ဗာန် စံလွန်တော်မူသဖြင့် ဘုရားရတနာ ကွယ်ပျောက်သည်မှာ နှစ်ပေါင်း နှစ်ထောင့်ငါးရာ လေးဆယ့်ငါးနှစ်သို့ ရောက်နေပြီဖြစ်သော ယနေ့ကာလထိ မြတ်စွာဘုရား၏ အဆုံးအမဖြစ်သော ပရိယတ္တိ သဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မခေါ် သာသနာတော် သုံးရပ်တည်ရှိနေခြင်း ဖြစ်၏။ ထိုသံဃာ့ ရတနာသည်

(၁) ဒက္ခိဏေယျသံဃာ

(၂) သမ္မုတိသံဃာ ဟု နှစ်မျိုးရှိ၏။

ဤစာတမ်းမှာ ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ကြီးအား (၇) ကြိမ်မြောက်၊ ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲတွင် ပူဇော်သည့်စာတမ်းဖြစ်ပါသည်။

ထိုနှစ်မျိုးတွင် ဒက္ခိဏေယျသံဃာ ဆိုသည်မှာ အရိယာပုဂ္ဂိုလ်ရှစ်ယောက် အပေါင်းဖြစ်၍ သမ္မုတိသံဃာမှာ ရဟန်းအပေါင်းဖြစ်၏။ ထိုဒက္ခိဏေယျသံဃာနှင့် သမ္မုတိသံဃာတို့တွင် သမ္မုတိသံဃာသည် လောကၠ၌ ဘုရားပွင့်တော်မူမှသာ ပေါ်လာရသည့် သံဃာဖြစ်၏။ လောကတွင်းမှ သမ္မုတိသံဃာခေါ် ရဟန်းစစ် ရဟန်းမှန်များ ပျောက်ကွယ်သွားပြီဆိုလျှင် ဘုရားသာသနာတော်လည်း ပျောက်ကွယ်ပြီးဖြစ်တော့၏။

ထို့ကြောင့် ဘုရားရှင်က သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီး ပျောက်ကွယ်မသွားစေရန် သတ္တလောကအတွင်း၌ ကာလကြာမြင့်စွာ ထွန်းလင်းတောက်ပခွင့်ရစေရန် သမ္မုတိသံဃာတော် စာရင်းဝင် ရဟန်းတော်တို့အား အောက်ပါအတိုင်း တိုက်တွန်း၍ တာဝန်ပေးတော်မူသည်။

"စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ၊ မာ ဧကေန ဒ္ဝေ အဂမိတ္ထ၊ ဒေသေထ ဘိက္ခဝေ ဓမ္မံ အာဒိကလ္လာဏံ, မဇ္ဈေကလ္လာဏံ, ပရိယောသာနကလ္လာဏံ သာတ္ထံ သဗ္ယဉ္ဉနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေထ"။

ရဟန်းတို့၊ များစွာသော လူတို့၏ အကျိုးစီးပွားအတွက်၊ များစွာသော လူတို့၏ ချမ်းသာရန်အတွက်၊ သတ္တဝါအပေါင်းတို့ကို သနားစောင့်ရှောက်ရန်အတွက်၊ နတ်လူတို့၏ အကျိုးအတွက်၊ အစီးအပွားအတွက်၊ ချမ်းသာရန်အတွက် ဒေသစာရီ လှည့်လည်ကြ၊ တစ်ကြောင်းတည်းသော ခရီးလမ်းဖြင့် နှစ်ပါး မသွားကြကုန်လင့်။

ရဟန်းတို့၊ အစ၌ကောင်းခြင်းရှိသော၊ အလယ်၌ကောင်းခြင်းရှိသော၊ အဆုံး၌ ကောင်းခြင်းရှိသော၊ အနက်အဓိပ္ပာယ်နှင့် ပြည့်စုံသော၊ သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောကြ၊ ထက်ဝန်းကျင်ပြည့်စုံသော၊ ထက်ဝန်းကျင် စင်ကြယ်သော၊ မြတ်သောအကျင့်ကို ပြကြ။

သမ္မုတိသံဃာ။ ဤနေရာ၌ ရဟန်းအပေါင်းကို သမ္မုတိသံဃာဟု ခေါ်ဆိုရခြင်း ပြောလို၏။ အများက သမ္မုတိသံဃာအပေါ်၌ "ဘုန်းကြီးတွေဟာ လူတွေက သံဃာလို့ သမုတ်လို့ သမ္မုတိသံဃာ ဖြစ်နေကြရတာ၊ သံဃာအစစ် မဟုတ်" စသည်ဖြင့် အလွဲလွဲ အမှားမှား ပြောဆိုနေကြ၏။ ထိုလွဲမှားစွာ ပြောဆိုနေမှုကို သပြေကန်ဆရာတော်ကြီးက ပရိတ်ကြီးနိဿယသစ် (စာမျက်နှာ-၂၈၄) "ယေ ပုဂ္ဂလာ

အဋ္ဌသတ် ပသတ္ထာ'' ဂါထာ အဖွင့်၌ ဤသို့ ရှင်းပြထားသည်။

''မည်သည့် ကံမျိုးကို စတုဝဂ္ဂ (လေးပါးအစု)၊ ဘယ်ကံကို ပဉ္စဝဂ္ဂ (ငါးပါးအစု)ဖြင့် ပြုရမည်စသည်ဖြင့် ထိုထိုကံများ အထမြောက်ရေးအတွက် သတ်မှတ်ပညတ်ထားသော သံဃာများရှိရာ ထို သံဃာများကား ဘုရားရှင် သမုတ် ပညတ်ချက် အရဖြစ်သော သံဃာဖြစ်၍ သမ္မုတိသံဃာ ဆိုသည် (သမုတိ - သမုတ်ပညတ်ခြင်းဖြင့် ဖြစ်သော၊ သံဃာ -သံဃာ)''

ဆိုလိုသည်မှာ ဝိနယမဟာဝဂ္ဂပါဠိတော် (နာ-၄၃၉) စမွေယျကွန္ဓက၊ စတုဝဂ္ဂကရဏာဒီကထာ၌ ''စတုဝဂ္ဂေါ ဘိက္ခုသံဃော ပဉ္စဝဂ္ဂေါ ဘိက္ခုသံဃော'' စသည်ဖြင့် သံဃာ့ကံမျိုးကို သံဃာများက ဆောင်ရွက်ရန် မြတ်စွာဘုရား သမုတ်တော်မူခဲ့၏။ ထိုသမုတ်တော် မူခဲ့သည့်အတိုင်း သမ္မုတိသံဃာဟု ခေါ်ရခြင်းဖြစ်ကြောင်း မိန့်တော်မူလိုရင်း ဖြစ်သည်။

ရဟန်းကိစ္စ။ သမ္မုတိသံဃာများဖြစ်သော ရဟန်းတို့ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်တို့မှာ-

---

ရဟန်းတို့၊ များစွာသော လူတို့၏ အကျိုးစီးပွားအတွက်၊ များစွာသော
လူတို့၏ ချမ်းသာရန်အတွက်၊ သတ္တဝါအပေါင်းတို့ကို
သနားစောင့်ရှောက်ရန်အတွက်၊ နတ်လူတို့၏ အကျိုးအတွက်၊
အစီးအပွားအတွက်၊ ချမ်းသာရန်အတွက် ဒေသစာရီ လှည့်လည်ကြ၊

---

(၁) ဂန္ထဓုရ = ပရိယတ္တိဝန်ဆောင် လုပ်ငန်း၊

(၂) ဝိပဿနာဓုရ= ရုပ်နာမ်တို့၏ သဘောကို ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ရသည့် လုပ်ငန်း တို့ဖြစ်၏။ ထို လုပ်ငန်းနှစ်ရပ်တို့တွင် ဂန္ထဓုရခေါ်သော ပရိယတ္တိဝန်ဆောင်လုပ်ငန်း၌ ''သီလ,ပညာ'' ဟု အင်္ဂါနှစ်ရပ် လိုအပ်၏။ ဝိပဿနာဓုရ၌ ''သီလ,သမာဓိ,ပညာ'' ဟု အင်္ဂါသုံးရပ်တို့ လိုအပ်၏။ သဒ္ဓါ,ဝီရိယ,ပညာထက်သန်၍ ကျန်းမာရေးကောင်းမွန်သော ရဟန်းအာဇာနည်များသည် ဂန္ထဓုရဝန်ဆောင်လုပ်ငန်းကို အားသွန်ဆောင်ရွက်တော်မူကြ၍ ဝိပဿနာဓုရကို အချိန်ပိုင်းဖြင့် သို့မဟုတ် ပရိယတ္တိအခြေရပြီး အသက်အရွယ် ကြီးရင့်သည့်အခါ၌ ဆောင်ရွက်ကြမြဲဖြစ်၏။ ကျန်းမာရေး မကောင်းသော ငယ်ဖြူရဟန်းများနှင့် ကြီးမှ ဝတ်လာသည့် တောထွက်ရဟန်းကြီးများမှာ ဝိပဿနာဓုရကိုသာ အားစိုက်ကြရမည်ဖြစ်၏။

ဤနေရာ၌ ဂန္ထဓုရဝန်ကို ဆောင်ရွက်ကြသည့် အရှင်များ သီလအရေးကြီးပုံကို ပြောလိုပါသည်။ အချို့က စာ-အားထုတ်နေစဉ် သီလကို ခပ်ပေါ့ပေါ့ သဘောထားတတ်ကြ၏။ အမှန်အားဖြင့် ပရိယတ္တိဝန်ဆောင်ရဟန်းများ သီလအားနည်းပါက သူတို့၏ ပရိယတ္တိသည် အလဒ္ဓ။ပမာ ပရိယတ္တိဖြစ်ပြီး ပေါတ္ထိလမဆေရိကြီးကဲ့သို့ အပါယ်လေးပါးသို့ လားစေနိုင်သည်။ ပရိယတ္တိဝန်ဆောင် ရဟန်းများ သီလကို အလေးအမြတ်ပြုပါက သူတို့၏ သင်ယူမှုသည် နိဿရဏတ္ထ သင်ယူခြင်းဖြစ်၍ နိဗ္ဗာနဓာတ်၏ အထောက်အပံ့ဖြစ်နိုင်သည်။

ကျေးဇူးရှင် ရွှေကျင်ဝိဏ်းကြီး၏ တွဲဖက်သာသနာပိုင် နိုင်ငံတော်သြဝါဒစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာ ပဏ္ဍိတ သပြေကန်ဆရာတော်ဘုရားကြီးသည် ငယ်ရွယ်စဉ်မှ စ၍ သက်တော်ကြီးရင့်တော်မူသည်အထိ ဂန္ထဓုရခေါ် ပရိယတ္တိဝန်ဆောင်လုပ်ငန်းကို အားထုတ်တော်မူသည်ဖြစ်၍ ဂန္ထဓုရခေါ် ပရိယတ္တိဝန်ဆောင်လုပ်ငန်း၌ လိုအပ်သော -

(၁) သီလပိုင်းအခြေအနေ

(၂) ပညာပိုင်းအခြေအနေတို့ဖြင့် ဆရာတော်ကြီးကို သုံးသပ်ပူဇော်ပါအံ့။

သီလဝန္တပုဂ္ဂိုလ်မြတ်

''လဇ္ဇီ,ပေသလ,သိက္ခာကာမ,သီလဝန္တ''

ဆိုသော ဂုဏ်ရည်ပြသော စကားရပ်ကို ကြားဖူးကြပေလိမ့်မည်။ ထိုပါဠိအဘိဓ်၏ အဓိပ္ပါယ်မှာ၊ ရဟန်းတစ်ပါးဟာ သီလရှိသူ သီလစင်ကြယ်သူ သီလဝန္တတစ်ပါး ဖြစ်နိုင်ရန် ပထမလဇ္ဇီပုဂ္ဂိုလ်ဖြစ်ဖို့ လိုအပ်သည်။ **လဇ္ဇီပုဂ္ဂိုလ်** ဆိုသည်မှာ အရှက်ရှိသူဟု အဓိပ္ပါယ်ရ၏။ လဇ္ဇီရဟန်းသည် ''ငါ ရဟန်းတစ်ပါးပါလား'' ဟူသော သမဏာသညာ ရှိ၏။ ထို့ကြောင့် သိက္ခာပုဒ်တော်များကို လွန်ကျူးကျော်နင်းရမည်ကို ရှက်၏။ မဝံ့ရဲ။ ထိုသို့ မဟုတ်ဘဲ ရဟန်းတစ်ပါးသည် သမဏာသညာ ကင်းနေပြီ ဆိုပါက လုပ်ချင်တာ လုပ်မိတတ်ပြီး စိတ်လွတ်လက်လွတ်ဖြစ်ပြီး လူဝတ်ကြောင်တွေနှင့် မခြား နေထိုင်သွားလာတတ်၏။ ထို့ကြောင့် ထိုရဟန်းသည် အရှက်ကင်းသော အလဇ္ဇီရဟန်းဖြစ်သွား၏။ ထိုလဇ္ဇီ-အလဇ္ဇီ ရဟန်းနှစ်ပါးတို့တွင် လဇ္ဇီရဟန်းအစစ်သည် သီလကို ချစ်သည့် **ပေသလပုဂ္ဂိုလ်** ဖြစ်နိုင်၏။ ပေသလပုဂ္ဂိုလ်အဆင့်သို့ ရောက်ပြီဆိုပါက ဒုက္ကဋ် ဒုဗ္ဘာသိဟူသော အာပတ်အသေးစားများကိုပင် အသင့်မခံနိုင်တော့။ ထိုပေသလ ရဟန်းအတွက် အာပတ်အသေးဟု မရှိတော့။ အာပတ် ခုနစ်ပုံလုံး အာပတ်ကြီးတွေချည်းဟု သဘောထားတော့၏။ ထိုအခါ သိက္ခာသုံးပါးကို လိုလားသည့် **သိက္ခာကာမ** ရဟန်းဖြစ်လာရ၏။ ထို သိက္ခာကာမ ရဟန်းအဖြစ်သို့ ရောက်ပြီဆိုပါက ရဟန်းတို့ရဲ့(၂၂၇)သွယ်ကိုသာမက ဘုရားရှင် ပညတ်တော်မူသမျှသော ဓ၁၈၅၁၃၆၀၀ သော သိက္ခာပုဒ်တို့ကိုများသည်ဟု သဘောမထားတော့။ ''ဘုရားရှင် ပွင့်တော်မူပါမှ ကျင့်သုံးခွင့်ရတဲ့ သိက္ခာပုဒ်တော်များ ပါတကား'' ဟု မငြိုမငြင် မငြီးမငြူ ပျော်ပျော်ကြီး ကျင့်သုံးတော့၏။ ထို ရဟန်းမှ သီလဝန္တအစစ်ဖြစ်၏။

ဤနေရာ၌ ''ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကြီးသည် သီလဝန္တအရှင်မြတ်ကြီး ဖြစ်ပါတယ်'' ဟု ရဲရဲဝံ့ဝံ့ အဆိုပြုပါတယ်။ ဆရာတော်ကြီးအပေါ်၌ တစ်စုံတစ်ခုသော သေးသေးမွှားမွှား အပြစ်ကလေးများ ရှာဖွေထောက်ပြနိုင်သူ မရှိပါ။ ထိုအပြစ်များကို ထုတ်ဖော်ပြောပြ၍ ငြင်းဆိုကန့်ကွက်ပါ။

သီလ၏ အခြေခံတရားနှစ်ပါး

သီလ၌ အခြေခံတရား နှစ်ပါးရှိ၏။

(၁) ဟိရီ = ရှက်ခြင်း

(၂) ဩတ္တပ္ပ = ကြောက်ခြင်းတို့ ဖြစ်၏။

ထိုတရားနှစ်ပါးသည် သီလအခြေခံတရားများဖြစ်၏။ ထိုနှစ်ပါးတို့တွင် ဟိရီ၏သဘောသည် မိမိကိုင့်၍ ဖြစ်သော တရားဖြစ်၍ ဆိတ်ကွယ်ရာ မရှိ၊ ဩတ္တပ္ပ၏ သဘောမှာ သူတစ်ပါးကို ငဲ့ခြင်းသဘောရှိရာ သူတစ်ပါး မမြင်ကွယ်ရာ၌ သိက္ခာပုဒ်များကို လွန်ကျူးနိုင်သေး၏။ ထို့ကြောင့် သီလဝန္တအစစ်အမှန်များသည် ဆိတ်ကွယ်ရာ၌ပင် အာပတ်အသင့်မခံ၊ ဤအကြောင်းကြောင့် သီလဝန္တ အစစ်အမှန်များကို ဂုဏ်ပြုရာ၌ ''ဩတ္တပ္ပီ,ပေသလ,သိက္ခာကာမ, သီဝန္တ'' ဟု မဆိုဘဲ ''လဇ္ဇီ,ပေသလ,သိက္ခာကာမ,သီလဝန္တ'' ဟု ဂုဏ်ပြုကြရခြင်း ဖြစ်သည်။

များသလား

သိက္ခာကာမပုဂ္ဂိုလ်အဆင့်သို့ရောက်လျှင် ကုဋေကိုးထောင်ကျော်သော သိက္ခာပုဒ်တို့ကို မငြိုမငြင် မငြီးမငြူ ပျော်ပျော်ကြီး ကျင့်သုံးသည်။ ကျေးဇူးရှင် ဆရာတော်ကြီးသည် သိက္ခာကာမ, သီလဝန္တပုဂ္ဂိုလ်အစစ်ကြီးပါဟု ဆိုခဲ့၏။ ဆရာတော်ကြီးအပေါ်၌ တစ်စုံ တစ်ခုသော အပြစ်ကို ထောက်ပြနိုင်ပါက ထောက်ပြ၍ သီလဝန္တမဟုတ်ကြောင်းငြင်းဆိုပါဟု ဆိုခဲ့၏။ မည်သူမျှ ငြင်းဆိုနိုင်ခြင်း မရှိသော်လည်း ဒီလောက်များတဲ့သိက္ခာပုဒ်တွေ လုံခြုံအောင် ထိန်းနိုင်ပါမည်လား။ ထောက်ပြစရာ မတွေ့လို့သာ မငြင်းဆိုနိုင်ခြင်း ဖြစ်သော်လည်း ယုံကြည်ရန်ကား ခဲယဉ်းကောင်း ခဲယဉ်းနေမည်။ ထို့ကြောင့် ရှင်းပြလိုပါသည်။

ဤနေရာ၌ ဘုရားရှင်သည် မဏ္ဍိမပဋိပဒါလမ်းစဉ်ကို လက်တွေ့ကျင့်သုံးပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်ကို ရှေးဦးစွာ သတိပြုရမည် ဖြစ်သည်။ မှန်၏။ ဘုရားရှင်သည် မဟာဗောဓိပင်ရင်းမှာပင် ကာမသုခလွတ်ကာနယောဂ အကျင့်မှာနှင့် အတ္တကိလမထာနယောဂ အကျင့်မှာတို့ကို အပြီးအပြတ် ပယ်ရှားခဲ့ပြီး မဏ္ဍိမပဋိပဒါအကျင့်

မြတ်ဖြင့် သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့၏။ ဝေနေယျတို့ကိုလည်း မရှိမပဋိပဒါတရားများကိုသာ ဟောတော်မူခဲ့၏။

ထိုအကြောင်းကို ပထမဆုံး ဟောတော်မူခဲ့သည့် ဓမ္မစကြာတရားတော်မှာပင် ရှင်းပြတော်မူခဲ့ပြီး ဖြစ်၏။ ဤစကားများအရ ဘုရားရှင် ပညတ်တော်မူသမျှသော သိက္ခာပုဒ်တို့သည် မရှိမပဋိပဒါကျင့်ဝတ်များသာ ဖြစ်ကြောင်း ထင်ရှားနေပြီးဖြစ်၏။

ဝိ၍ထင်ရှားစေအံ့

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရှင်ဒေဝဒတ်က အောက်ပါအတိုင်း တောင်းဆိုသည်-

(၁) မြတ်စွာဘုရား၊ ရဟန်းတို့ အသက်ထက်ဆုံး အရည်ကင်ဓုတင်ဆောက်တည်၍ တောရကျောင်းမှာသာ နေကြပါစေ၊ ရွာနီးကျောင်းမှာနေပါက အပြစ်ဖြစ် အာပတ်သင့်ပါစေ။

(၂) အသက်ထက်ဆုံး ပံသုကူလဓုတင်ကို ဆောင်ကြ၍ ပံသုကူလသင်္ကန်းကိုသာ ဝတ်ရုံကြပါစေ၊ အကယ်၍ ဒကာ,ဒကာမတို့ လှူဒါန်းအပ်သော ဂဟပတိစီဝရကို ဝတ်ရုံသုံးဆောင်ပါက အပြစ်ဖြင့် အာပတ်သင့်ပါစေ။

(၃) အသက်ထက်ဆုံး ရက္ခမူဓုတင်ကို ဆောင်၍ သစ်ပင်ရင်းတည်းဟူသော ကျောင်းကိုသာ မှီဝဲကြပါစေ၊ အကယ်၍ ဒကာ,ဒကာမတို့ ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းမှာ နေထိုင်ပါက အပြစ်ဖြစ် အာပတ်သင့်ပါစေ။

(၄) အသက်ထက်ဆုံး သက်သတ်လွတ်စားကြပါစေ။ အကယ်၍ သားငါးဟင်း စားပါက အပြစ်ဖြင့် အာပတ်သင့်ပါစေ။

ဤအချက် ငါးမျိုးကို ရဟန်းတိုင်း လိုက်နာကျင့်သုံးနိုင်ရန် ပညတ်တော်မူပါဟု တောင်းဆို၏။ ဘုရားရှင်သည် ထိုတောင်းဆိုချက်တို့ကို "အလံ ဒေဝဒတ္တ" စသည်ဖြင့် မိန့်ကြားကာ ပယ်ချတော်မူသည်။ အဘယ့်ကြောင့် ပယ်ချတော်မူပါသနည်း။ အရှင်ဒေဝဒတ်တောင်းဆိုချက်တို့သည် ရဟန်းတို့ မကျင့်သုံးကောင်းသောကြောင့် ပယ်ချပါသလော၊ မဟုတ်ပါ။ ရဟန်းတိုင်း လိုက်နာကျင့်သုံးရန် မဖြစ်နိုင်သောကြောင့် ပယ်တော်မူခြင်း ဖြစ်သည်။ ဤအချက်ကို ထောက်ပါက ဘုရားရှင်သည် ရဟန်းတိုင်း မလိုက်နာ မကျင့်သုံးနိုင်လောက်သော သိက္ခာပုဒ်တော်တို့ကို ပညတ်တော်မမူ၊ လိုက်နာကျင့်သုံးလောက်သော မတင်းလွန်း မလျော့လွန်းသော သိက္ခာပုဒ်တော်များကိုသာ ပညတ်တော်မူသည်ဟု သိနိုင်၏။ ထို့ကြောင့် ပညတ်တော်မူအပ်ပြီးသော ကုဋ္ဌေကိုးထောင်ကျော်သော သိက္ခာပုဒ်တို့တွင် မည်သည့် သိက္ခာပုဒ်မျှ မလိုက်နာ မကျင့်သုံးနိုင်လောက်သော သိက္ခာပုဒ်များ မဟုတ်၊ လိုက်နာကျင့်သုံးနိုင်လောက်သော သိက္ခာပုဒ်များချည်းဖြစ်သည်။ သို့ဖြစ်ပါလျက် မလိုက်နာ မကျင့်သုံးပါက သဒ္ဓါတရားခေါင်းပါးသောကြောင့် လန့်ဖိုပုဂ္ဂိုလ် မဟုတ်သောကြောင့်သာဟု အဖြေထုတ်ရပေမည်။

နှစ်ခုထဲလို

အချို့က စောင့်ထိန်းရန် သိက္ခာပုဒ်တွေများ၍ သီလဝိသုဒ္ဓိဖြစ်ရန်ခက်သည်။ ထို့ကြောင့် မဂ်ဖိုလ်ထိအကျိုးရှိအောင် အားထုတ်လိုပါက လူထွက်ပြီး အားထုတ်သင့်သည်။ လူမှာစောင့်ထိန်းရန် ငါးပါးသီလသာရှိ၍ သီလဝိသုဒ္ဓိဖြစ်ရန် လွယ်ကူသည်ဟု ပြောဆိုကြ၏။ ဤအတိုင်း မှန်လျှင် ဘုရားရှင်သည် ရဟန်းတို့အတွက် ကုဋ္ဌေကိုးထောင်ကျော် သိက္ခာပုဒ်တွေ ပညတ်ထားခဲ့သည်မှာ သံသရာထဲ၌ လူတို့ထက် အဆပေါင်း ကုဋ္ဌေကိုးထောင်ပိုပြီး ရှည်ကြာအောင် အပါယ်လေးပါးသို့ အကျများအောင် မဂ်လမ်းဖိုလ်လမ်း ပိတ်အောင် ပညတ်ထားသကဲ့သို့ ဖြစ်နေသည်။ ဤသို့ကား မဖြစ်သင့်၊ များလှသည်ဟု မှတ်ယူနေကြသည်။ ၉၁၈၀၅၀၃၀၀၀ သော သိက္ခာပုဒ်တို့ကို မကျိုးမပေါက် မကျားမပြောက်ရအောင် ထိန်းသိမ်းနိုင်ရန်အတွက် နှစ်ခုထဲသာ လိုအပ်၏။ ယင်းနှစ်ခုတို့ကား (၁)ဗုဒ္ဓသာသနာတော်၌ လေးနက်သော ယုံကြည်မှု သဒ္ဓါတရားရှိခြင်း၊ (၂)ဝိနည်း

ကျမ်းဂန်တို့ကို နှံ့စပ်ကျွမ်းကျင်အောင် လေ့လာဆည်းပူးထားခြင်းတို့ ဖြစ်၏။ အကြင် အမျိုးကောင်းသား ရဟန်းတော် သန္တာန်၌ လေးနက်သည့် သဒ္ဓါတရားလည်းရှိ ဝိနည်းကျမ်းဂန်တို့ကိုလည်း ကြည်ကြည်ညိုညိုဖြင့် လေ့လာဆည်းပူးထားမည်ဆိုပါက ဗုဒ္ဓပညတ်ထားသော ဓုဝင်ပညတ်သော သိက္ခာပုဒ်တို့၌ လုံခြုံအောင် အလွယ်တကူ ထိန်းသိမ်းနိုင်ပြီး ငါသည် ဘုရားရှင် ပွင့်တော်မူပါမှ ဖြည့်ကျင့်ခွင့်ရသည့် နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်၊ အကျယ်ကုဋ္ဌေကိုးထောင်ကျော်သော သိက္ခာပုဒ်တို့ကို လုံခြုံအောင် ထိန်းသိမ်းနိုင်ခွင့်ရပေ၏။ အရတော်လေစွတကားဟု ဝမ်းမြောက်ရွှင်မြူးဉဒါန်းကျူးနိုင်ပေလိမ့်မည်။

သာဓကနှစ်ခု

ဤနေရာ၌ ရွှေကျင်ဂိဏ်းကြီး၏ တွဲဖက်သာသနာပိုင်၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီးသည် လဒ္ဓီ,ပေသလ,သိက္ခာကာမ,သီလဝန္တ'' အစစ် ဖြစ်၏ဟူသော စကား၏ သာဓကအဖြစ် သာဓကနှစ်ခုမျှ ထုတ်ပြလိုပါသည်။ ထိုသာဓကနှစ်ခုမျှကို ကြည့်မည်ဆိုပါက ''လဒ္ဓီ,ပေသလ,သိက္ခာကာမ,သီလဝန္တ'' အစစ်ကြီးအဖြစ် လက်ခံနိုင်ကြပါလိမ့်မည်။

ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ရာ၌ ရဟန်းများ ပါဝင်ပတ်သက်နေလျှင် ထိုကျောင်းသည် ရဟန်းတို့အတွက် အပြစ်ကင်းသော ကျောင်းဖြစ်ရန် ခဲယဉ်းလှ၏။ ပထမရွှေကျင်ဆရာတော်ဘုရားကြီးသည် ၁၂၂၂-ခု ဝါဆိုလပြည့်နေ့တွင် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်သို့ ကြွရောက်လာသောအခါ အလယ်ကျောင်းတော်ကြီး ဆောက်လုပ်ဆဲဖြစ်၏။ ထို့ကြောင့် ''အလယ်ကျောင်းကြီး ဆောက်လုပ်ရာသို့ ရဟန်းမသွားရ'' ဟု အမိန့်ထုတ် တားမြစ်ခဲ့၏။ ရွှေကျင်ဂိဏ်းကြီး၏ စတုတ္ထမြောက် သာသနာပိုင်ဖြစ်တော်မူသော အလုံဆရာတော်ကြီးသည် ကျောင်းဆောင်တစ်ခု၏ အုတ်လှေခါး အချောကိုင်နေရာတွင် ရဟန်းတစ်ပါးက သံလက်ကိုင်ကို ''ရေကလေးထည့်ပွတ်ပါ'' ဟု စီမံ ပြောဆိုနေသည်ကို မြင်တွေ့ရသည့်အတွက် ထိုကျောင်းပေါ်သို့

ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ရာ၌ ရဟန်းများ ပါဝင်ပတ်သက်နေလျှင် ထိုကျောင်းသည် ရဟန်းတို့အတွက် အပြစ်ကင်းသော ကျောင်းဖြစ်ရန် ခဲယဉ်းလှ၏။

အသက်ထက်ဆုံး တက်ရောက်ခြင်း မရှိတော့ပေ။ ဒသမရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ကြီးသည် မိမိဇာတိသို့ တစ်ရံတစ်ခါ ကြွရောက်သော်လည်း ဘုန်းတော်ကြီးကျောင်းများ၌ တည်းခိုနေထိုင်ခြင်းမပြုဘဲ ဇရပ်မှာသာ သီတင်းသုံးတော်မူသည်။

သာဓကအမှတ်(၁)

ဤမင်္ဂလာတောင်ညွန့်မြို့နယ် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်အတွင်း၌ ဤတိုက်ကျောင်းကြီးများ ဆောက်လုပ်နေစဉ်က ဖြစ်၏။ ထိုဆောက်နေဆဲ ကျောင်းများနှင့် မအပ်မစပ်ဖြစ်မည်ကို စိုးရိမ်တော်မူသည်။ ထို့ကြောင့် ကျောင်းတိုက်ကိစ္စ အဝဝကို တာဝန်ယူဆောင်ရွက်နေရသော တိုက်အုပ်ဘုန်းကြီး ဦးခေမာစာရကို ''မောင်ခေမာစာရ.. ကျောင်းဆောက်နေရာမှာ ရဟန်းပစ္စည်းများမပါလို့ နိဿဂ္ဂိတော့ မထိုက်ပါဘူး၊ ဒါပေမယ့် မအပ်မရာတွေ ဝင်စီစဉ်လို့ ဒုဗ္ဘိစာရဏာ ဒုက္ကဋ်အာပတ်သင့်နိုင်တယ်။ ဓနိမိုးနဲ့ နေရနေရ စင်ကြယ်တာ အကောင်းဆုံး'' ဟု မိန့်တော်မူသည်။ ဤကား အမှတ်(၁) သာဓကတည်း။ ငွေကြေးကို ကိုယ်တိုင် အလှူခံ၍ လည်းကောင်း၊ ဝိနယာနုလောမ မဟုတ်သော ကာယဝစီပယောဂစိုက်၍ လည်းကောင်း ဆောက်လုပ်နေထိုင်ကြသော ခေတ်ကာလ၌ ဤသို့ မိန့်ဆိုမြစ်တားသည်မှာ အံ့သြဖွယ်ရာ ဖြစ်နေပါသတည်း။

သာဓကအမှတ်(၂)

၁၃၄၉-ခုနှစ်ခန့်က ရတနာမွန်မဂ္ဂဇင်း တွဲဖက်အယ်ဒီတာ ဒကာထွန်းလွင်နှင့် ရတနာမွန်မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဒကာအောင်မွန်တို့ ဆရာတော်ကြီးအထံသို့ နှစ်ယောက်အတူ လာနေကျ ဖြစ်၏။ မကြာမကြာလည်း လာလေ့ ရှိကြ၏။ ဆရာတော်ကြီးသည်လည်း စာပေမြတ်နိုးသော ဆရာတော်ကြီးဖြစ်သည့်အလျောက် ထိုဒကာနှစ်ယောက် အပေါ်၌ စိတ်တွင်းမှ ရင်းနှီးတော်မူနေ၏။ တစ်နေ့သော အခါ ရတနာမွန်မဂ္ဂဇင်း တွဲဖက်အယ်ဒီတာ ဒကာထွန်းလွင် တစ်ယောက်တည်း ဆရာတော်ကြီးထံသို့ ရောက်လာရာ ပါနေကျ ဒကာအောင်မွန် မပါလာသဖြင့် မေးတော်မူသည်။ ထိုအခါ ဒကာအောင်မွန် သွားနာနေ၍ မလိုက်ပါလာကြောင်း လျှောက်ထားသဖြင့် အနီး၌ အဆင်သင့်ရှိနေသော သွားနာပျောက်ဆေးကို အမှတ်မထင် ပေးတော်မူလိုက်၏။

ဤနေရာ၌ ရဟန်းများအနေဖြင့်-

(၁) ပေးသာပေးကောင်း၍ မတောင်းကောင်း သောလူ၊

(၂) တောင်းသာတောင်းကောင်း၍ မပေးကောင်း သောလူ၊

(၃) တောင်းလည်းတောင်းကောင်း ပေးလည်း ပေးကောင်းသောလူ၊

(၄) မတောင်းကောင်း မပေးကောင်းသောလူ

ဟု လေးမျိုးရှိနေသည်ကို သိအပ်၏။

ထိုလေးမျိုးတို့တွင် မပေးကောင်းသော လူတို့၌ မိမိပိုင်ပစ္စည်းကို ကုလသင်္ဘောစိတ်(သိမ်းသွင်းလိုသောစိတ်) ထားဖြင့် ပေးမိပါက ဝိနည်းပြစ်ဖြစ်၏။ ထိုသူ့ထံမှ အလှူဝတ္ထုကို အလှူမခံကောင်းတော့ပေ။

ဒကာအောင်မွန်သည် ဆရာတော်ကြီးအနေဖြင့် မတောင်းကောင်း မပေးကောင်းသောလူအဖြစ် ဖြစ်နေ၏။ သွားနာပျောက်ဆေး ပေးခြင်းသည် ကုလသင်္ဘောစိတ်ဖြင့် ပေးခြင်း မဟုတ်ဘဲ အနာပျောက်စေလိုသော ကရုဏာစိတ်ထားဖြင့် ပေးမိသည် မှန်သော်လည်း ဝိနည်းသိက္ခာတော်တို့ကို ရိုသေလှသည့် ဆရာတော်ဖြစ်သည့်အလျောက် ဒကာအောင်မွန် လှူသမျှပစ္စည်းတို့ကို ဆရာတော်ကြီး မခံယူတော့ပေ။ ဆရာနှင့် ဒကာတို့ "သူလိုငါရ" လုပ်နေကြသောခေတ်၌ အံ့ဖွယ်ရှိပေစွ။

ဤမြဆိုလျှင် ရွှေကျင်ဂိုဏ်းကြီး၏ တွဲဖက်ဥက္ကဋ္ဌ နိုင်ငံတော်သြဝါဒစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ ကျေးဇူးရှင် ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီးသည် "လန်ဒီ,ပေသလ,သိက္ခာကာမ,သီလဝန္တ" အစစ်ဖြစ်ကြောင်း ထင်ရှားပါပြီ။

စာအတတ်ဆုံး ဆရာတော်တစ်ပါး

ဘုရားရှင်သည် "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဗဟုဿုတာနံ ယဒိဒံ အာနန္ဒော" ရဟန်းတို့၊ ဗဟုသုတရှိကုန်သော ငါဘုရား၏ သာဝကရဟန်း တို့တွင် အာနန္ဒာသည် အသာဆုံး အမြတ်ဆုံးဖြစ်၏ဟု အရှင်အာနန္ဒာကို ဗဟုဿုတဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူ၏။ ဘာ့ကြောင့် အရှင်အာနန္ဒာကို ဗဟုဿုတဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူပါသနည်း။

ဒွါသီတိ ဗုဒ္ဓတော ဂဏှိ၊

ဒွေ သဟဿာနိ ဘိက္ခုတော-ဟု မထေရ်ကိုယ်တိုင် ဝန်ခံတော်မူခဲ့သည့်အတိုင်း ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို နှုတ်ဆောင်နိုင်ရုံမျှမက ထို

စတုတ္ထမြောက် သာသနာပိုင်ဖြစ်တော်မူသော
အလုံဆရာတော်ကြီးသည်
ကျောင်းဆောင်တစ်ခု၏ အုတ်လှေခါး
အချောကိုင်နေရာတွင် ရဟန်းတစ်ပါးက
သံလက်ကိုင်ကို "ရောလေးထည့်ပွတ်ပါ" ဟု
စိမံ ပြောဆိုနေသည်ကို
မြင်တွေ့ရသည့်အတွက်
ထိုကျောင်းပေါ်သို့ အသက်ထက်ဆုံး
တက်ရောက်ခြင်း မရှိတော့ပေ။

ဘုရားရှင်ဟောတော်မူသမျှသော တရားတော်တို့၏ အဓိပ္ပါယ်တို့ကို ဘုရားရှင် အလိုတော်ကျ သိတော်မူသောကြောင့် ဖြစ်သည်။

ထို ဗဟုသုတဇာတ်ကို ယခုခေတ်အပြောနှင့် ပြောရလျှင် စာအတတ်ဆုံး ဘွဲ့ပေးခြင်းပင် ဖြစ်သည်။ ဤ ဗဟုသုတဇာတ် ပေးပုံကို ကြည့်ပါက ပိဋကသုံးသွယ် နိကာယ်ငါးဖြာ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို နှုတ်ဝဲ ဆောင်၍ အဓိပ္ပါယ်သဘောမှန်ကို သိခြင်းမျှသည် "သီလ, သမာဓိ,ပညာ" ဟူသော သိက္ခာသုံးပါးတွင် ပါဝင်သော ပညာမဟုတ်သေးဘဲ ဉာဏ်အဆင့်မျှသာ ရှိသေးကြောင်း သိနိုင်သည်။

သုတနှစ်မျိုး

သုတသည် (၁)အာဂမသုတ (၂)အဓိဂမသုတဟု နှစ်မျိုးရှိနေ၏။ ထိုနှစ်မျိုးတို့တွင် အာဂမသုတ ဆိုသည်မှာ ပိဋကသုံးသွယ် နိကာယ်ငါးဖြာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ကို အရအမိရှိပြီး သဘောအဓိပ္ပါယ်ပါ သိခြင်း မျိုးဖြစ်၏။ အဓိဂမသုတမှာ သစ္စာလေးပါးကိုသိခြင်း, မဂ်ဉာဏ်လေးပါးကို ရရှိခြင်းဖြစ်၏။ အရှင်အာနန္ဒာသည် ထိုသုတနှစ်မျိုးလုံးကို ပိုင်ဆိုင်ပြီး ဖြစ်သော်လည်း ယခု ပေးအပ်သော ဗဟုသုတဇာတ်ဘွဲ့ထူးမှာ အာဂမသုတ အတွက် ပေးအပ်သော ဘွဲ့ထူးဖြစ်သည်။

ယခုခေတ်၌ စာအတတ်ဆုံးဘွဲ့ ရနိုင်ရန်မှာ ပိဋကတ်တော်ကို နှုတ်ရအောင် ဆောင်နိုင်ရုံဖြင့် မဖြစ်နိုင်၊ ဘာကြောင့်နည်း ပါဠိဘာသာစကားသည် ကိုယ့်ဘာသာစကား မဟုတ်သောကြောင့်ဖြစ်၏။ ထို့ကြောင့် ထိုပိဋကတ် နိကာယ်ကြီးများ၌ ပါဝင်သော သဘောအဓိပ္ပါယ်တို့ကို အကုန်အစင် မှန်ကန်စွာ သိနိုင်ရန် ပါဠိ,သက္ကတ,ပါကဋ ဗျာကရဏ်းကျမ်းများနှင့် အခြားသော သတ္ထုန္တရကျမ်းဂန်များပါ သင်ယူပေါက်မြောက်ရန် လိုအပ်သည်။

ကျေးဇူးရှင် သပြေကန်ဆရာတော်မြတ်ကြီးသည် ပါဠိတော်များကို တစ်ခေါက်နှစ်ခေါက် ဖတ်ရုံမျှဖြင့် အာဂုမ် ဆောင်နိုင်သည်။ သာမဏေဘဝဖြင့်ပင် ဝိနည်းငါးကျမ်းကို အာဂုမ်ပြန်ဆိုနိုင်သည်။ ရဟန်းဘဝ တစ်ဝါအရ သံယုတ် ပါဠိတော် ၅-ကျမ်းကို အာဂုမ်ပြန်ဆိုနိုင်သည်။ အစိုးရ စာချုတန်း စာမေးပွဲ၌ တစ်နှစ်တည်းဖြင့် ၉-ကျမ်းလုံး အောင်မြင်သဖြင့် "ဓမ္မာစရိယ သိရောမဏိ" ဘွဲ့ကို ရရှိတော်မူသည်။ နာမည်ကျော် မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့ကိုရရှိသည်။ အကယ်၍သာ ထိုခေတ်က တိပိဋကရ စာမေးပွဲ ရှိမည်ဆိုပါက တိပိဋကရ, တိပိဋကကောဝိဒ, ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဖြစ်ပေလိမ့်မည်။ ထို့ပြင် ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ နှံ့စပ်၍ မာဂဓ, သက္ကတ, ပါကဋဗျာကရဏ်းကျမ်းများ ကောသခေါ် အဘိဓာန်ကျမ်း စသည်တို့၌လည်း အထူး ကျွမ်းကျင်တော်မူသည်။ ပုဒ်ပါဠိအဆုံးအဖြတ် နိုင်နင်းလှ၍ အဓိပ္ပါယ်အယူအဆ မှန်ကန်တိကျလှပေသည်။

ကျေးဇူးရှင် ဆရာတော်ကြီး၏ သီလကို ပြဆိုရာ၌ သာဓကနှစ်ရပ်ဖြင့် ပြဆိုသကဲ့သို့ ဤသုတအရာ၌လည်း သာဓကနှစ်ရပ်ဖြင့် ထင်ရှားပေအံ့။

ဒါတစ်ခုထဲနဲ့ အဂ္ဂမဟာပဏ္ဍိတဘွဲ့ ပေးထိုက်တယ်

"ဒါ တစ်ခုထဲနဲ့ အဂ္ဂမဟာပဏ္ဍိတဘွဲ့ ပေးထိုက်တယ်" ဤစကားကို ပြောဆိုသူမှာ မြန်မာ,ပါဠို,သက္ကတ, ပါကဋ,ဟိန္ဒီ,အင်္ဂလိပ် ဘာသာရပ်များ၌ ကျွမ်းကျင်လှသဖြင့် ပါဠိပုဒ်ပါဠ္ဍ အနေအထားတို့ကို မေးတိုင်း ဖြေဆိုနိုင်၍ "လမ်းလျှောက်အဘိဓာန်ကြီး" ဟု မန်းတက္ကသိုလ် ကျောင်းသား ကျောင်းသူများလောက၌ ထင်ရှားသော ဦးဆန်းထွန်း(ဆန်းထွန်း၊မန်းတက္ကသိုလ်)ဖြစ်သည်။ ပြောဆိုသည့် ဌာနမှာ ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက် ဝိနည်းပြန်ဌာန၌ ဖြစ်သည်။

တစ်ခုသော ကန်ကြီးပရိယတ္တိစာသင်တိုက် ပြာသိုလဝယ် ရှမ်းပြည်နယ် ရွှေကျင်နိကာယ ဝိနည်းပြန်ပွဲကာလ ရွှေကျင်ဂိုဏ်း အကြီးအကဲ ဆရာတော်ကြီးများ အစုအဝေးတွင် ဖြစ်သည်။ ထိုအခါမှာ ကျေးဇူးရှင် ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတဘွဲ့တော် ဆက်ကပ်ခံရပြီးလည်းဖြစ်သည်။ သပြေကန် ပရိတ်ကြီး နိဿယသစ် ကောင်းလှကြောင်း စကားရောက်သည်တွင် ဦးဆန်းထွန်းက "အာဠာနာဠိယသုတ် ဒီပါ နာထာ ပတိဋ္ဌာ စ ဂါထာတွင် ရွေးရွေးမှစ၍

မဟေသသာ ရှိခဲ့ရာမှ သဘာဝယုတ္တိ အာဂမယုတ္တိပြ၍ **မဟာသာသာဟု ပြင်လိုက်သည်မှာ** ကောင်းလှကြောင်း ဒါတစ်ခုထဲနှင့် အဂ္ဂမဟာပဏ္ဍိတာဘွဲ့ ပေးထိုက်ပါတယ်ဟု ပြောဆိုလျှောက်ထားသည်။ ဦးဆန်းထွန်း၏ စကားကို ဆရာတော်ကြီးများက လက်ခံကြသည်။ ထိုစကားကို သုံးသပ်ကြကုန်အံ့၊ ထိုဂါထာမှာ-

ဒီပါ နာထာ ပတိဋ္ဌာ စ၊ တာဏာ လေဏာ စ ပါဏိနံ။

ဂတိ ဗန္ဓု မဟေသာသာ၊ သရဏာ စ ဟိတေသိနော။

ဖြစ်၏။ ထိုဂါထာ မဟေသသာပုဒ်ကို ပရိတ်ဦးကာက မဟေသာသာတိ တေသံ ဣစ္ဆိတ္ထ သာဓုတော သိဝ, ဗြဟ္မ, ဒေဝ, ရာဇေဟိ သဒိသာ=သိဝနတ်, ဗြဟ္မာမင်း, သိကြားမင်းတို့နှင့် တူတော်မူကြ၏ဟု ဖွင့်ဆိုသည်။ ထိုပုဒ် ထိုအဖွင့်အတိုင်း မြန်မာပြန်ကြည့်လျှင် ထိုဘုရားရှင်သည် သတ္တဝါတို့၏ ကျွန်းကြီးပမာ မှီခိုရာလည်း ဖြစ်တော်မူကြကုန်၏။ ကိုးကွယ်အားထားရာလည်း ဖြစ်တော်မူကြကုန်၏။ ဝဋ်ဒုက္ခမှလည်း ကယ်တင်စောင့်ရှောက်တော်မူကြကုန်၏။ ဘေးမရောက်အောင် ပုန်းအောင်းရာလည်း ဖြစ်တော်မူကြကုန်၏။ နတ်လူအများ အားထားချဉ်းကပ်ရာလည်း ဖြစ်တော်မူကြကုန်၏။ မိတ်ကောင်းဆွေကောင်းလည်း ဖြစ်တော်မူကြကုန်၏။ သိဝနတ်, ဗြဟ္မာမင်း, သိကြားမင်းတို့နှင့်လည်း တူတော်မူကြကုန်၏။ ဆင်းရဲဒုက္ခကိုလည်း ဖျက်ဆီးတော်မူကြကုန်၏။ အကျိုးစီးပွားကိုသာ ရှာမှီးတော်မူကြကုန်၏ဟု တွေ့ရ၏။ ကိုးကွယ်အားထားမှီခိုရာ သဘောရှိသော ဂုဏ်များအကြား၌ သိဝနတ်, ဗြဟ္မာမင်း, သိကြားမင်းတို့နှင့် တူတော်မူ၏ဟူသော စကားသည် အံ့မဝင် ခွင်မကျ ဖြစ်နေ၏။ ပါကေးကြမ်းခင်းတွင် အံ့မဝင်သော ပါကေးတုံးကလေးတစ်ခု ပါဝင်နေသကဲ့သို့ ဖြစ်နေ၏။

ထို့ပြင် သိဝနတ်, ဗြဟ္မာတို့သည် ဟိန္ဒူနတ်ဘုရားများဖြစ်၍ သမ္မာသမ္ဗုဒ္ဓကိုယ်တော်မြတ်တို့ကို ဟိန္ဒူဘုရားတို့နှင့် ဥပမာပြုခြင်းသည် သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့ကို ရှုတ်ချရာရောက်နေပေသည်။ ထို့အတူ သိကြားမင်းနှင့်လည်း မနှိုင်းယှဉ်သင့်ပေ။

ထို့ပြင် ပါဠိတချို့မှာ မဟီသာသာဟု ရှိကြောင်း ဆို၏။ ထိုပါဠိကို မြန်မာပြန်လျှင် မြတ်သော လေးသမားနှင့် တူတော်မူပါပေ၏-ဟု ဖြစ်ရာ ထိုအနက်လည်း ဤနေရာ၌ အံ့မဝင်ပေ။ ထို့ကြောင့် ထိုပါဠိတို့သည် ပါဠိမှန်မဖြစ်နိုင်ပေ။ ထို့ကြောင့် ဆရာတော်က ဤဂါထာကို ကိုးကွယ်အားထားရာ မှီခိုရာ သဘောရှိသော ဂုဏ်များချည်းဖြစ်ရာ ထိုအကြား၌ ဤမဟေသာသာက ဆိုခဲ့ပြီး အနက်ရနေသည်မှာ အဆင်မပြေ ဖြစ်ရသည်။ ထို့ကြောင့် ပင်ကိုဂါထာ ဘာဏာက ဆရာ့အလိုမှာ မဟေသာသာ မဟီသာသာ မဟုတ်တန်ရာ၊ မဟာသာသာဟုသာ ဖြစ်ဖွယ်ရှိပါသည်။ အသာသ သဒ္ဒါထောက်တည်ရာ မှီခိုရာကို ဟောနိုင်သည်ဖြစ်ရာ ကြီးမားသော အားကိုးထောက်တည်မှီခိုရာ ဖြစ်တော်မူကြသည်ဟူသော အနက်သာ အရာနှင့် သင့်လျော်လိမ့်မည်ဟု သဘောရပေသည်ဟု ဆုံးဖြတ်၍ မိမိ ဆုံးဖြတ်ချက်အတွက် ခိုင်မာသော သာဓကတို့ကို အောက်ပါအတိုင်း ညွှန်ပြတော် မူ၏-

အသာသာတိ-အဝဿယာ ပတိဋ္ဌာ(တိကဂုံတွဲရ အဋ္ဌကထာ၊ကေသမုတ္တိသုတ် ၁၈၂-အဖွင့်) အသာသောတိ-အဝဿယော ပတိဋ္ဌာ ဥပတ္ထမ္ဘော (မူလပဏ္ဏာသ အဋ္ဌကထာ စူဠဒုက္ခက္ခန်ဓသုတ်၊ ၃၁၃)ဆရာတော် ပါဠိမှန် ပြင်ထားသည့်အတိုင်း အဓိပ္ပါယ်ဆိုသော "ထိုဘုရားရှင်တို့သည် သတ္တဝါတို့၏ ကျွန်းကြီးပမာ မှီခိုရာလည်း ဖြစ်တော်မူကြကုန်၏။ ကိုးကွယ်အားထားရာလည်း ဖြစ်တော်မူကြကုန်၏။ ထောက်တည်ရာလည်း ဖြစ်တော်မူကြကုန်၏။ ဝဋ်ဒုက္ခမှလည်း ကယ်တင်စောင့်ရှောက်တော် မူကြကုန်၊ ဘေးမရောက်အောင် တိမ်းရှောင်ပုန်းအောင်းရာလည်း ဖြစ်တော်မူကြကုန်၏။ နတ်လူအများ အားထားချဉ်းကပ်ရာလည်း ဖြစ်တော်မူကြကုန်၏။ ထူးမြတ်သော ထောက်တည် မှီခိုရာလည်း ဖြစ်တော်မူကြကုန်၏။ ဆင်းရဲ ဒုက္ခကိုလည်း ဖျက်ဆီးတော်မူကြကုန်၏။ အကျိုးစီးပွားကိုသာ ရှာမှီးတော်မူလေ့ရှိပါကုန်၏။" ဟူ၍ အံ့ဝင်ခွင်ကျ အဓိပ္ပါယ်ကို ရရှိလာတော့၏။

ဤသို့လျှင် အစဉ်အလာက မှားယွင်းချွတ်ချော်

နေသော ပါဠိမှားကို ပြင်ပေးနိုင်သဖြင့် ဂါထာဘာဏကဆရာ၏ အလိုအတိုင်း ပါဠိမှန်အဓိပ္ပါယ်မှန် ဖြစ်လာရပေတော့၏။ ထို့ကြောင့် ဤပဒဝိနိစ္ဆယ တစ်ခုတည်းဖြင့်ပင် ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီးအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ကပ်လှူသင့်ပါကြောင်း မြန်မာပညာရှိဦးဆန်းထွန်း(ဆန်းထွန်း မန်းတက္ကသိုလ်)က ရွေကျင်ဂိဏ်းအကြီးအကဲ ဆရာတော်ကြီးများ ရှေ့မှောက်၌ လျှောက်ထားခြင်းဖြစ်သည်။

ကျမ်းစာရေးဟန် ခွဲခြားခြင်း

ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီးသည် ပရိတ်ကြီးနိသယသစ်ကျမ်းကိုလည်း ရေးသားပြုစုခဲ့၏။ ဓမ္မပဒပါဠိတော်နိသယသစ်ကျမ်းကိုလည်း ရေးသားပြုစုခဲ့၏။ သို့သော် ထိုကျမ်းနှစ်ဆူ ရေးဟန်မတူသည်ကို တွေ့ရ၏။ ပရိတ်ကြီးနိသယသစ်ဂါထာများကို အနက်မြန်မာပြန်ဆိုရာ၌ ဂါထာဖြစ်ပါလျက် ကာရန်အနက်ကို အသုံးမပြုဘဲ ရိုးရိုးရှင်းရှင်း ဒေသက ဘုရားရှင်၏ အလိုတော်ကို ကွင်းကွင်းကွက်ကွက် ပေါ်လွင်အောင်သာ အနက် မြန်မာပြန်ဆို ရေးသားတော်မူသည်။

ဥပမာ-မင်္ဂလသုတ် အ,သေဝနာ စ ဗာလာနံ၊
ပဏ္ဍိတာနဉ္စ သေဝနာ ကို
အနက်ပေးရာ၌-

ဒေဝပုတ္တ-နတ်သား၊ ဗာလာနံ-သူမိုက်တို့ကို၊ ယာ အ,သေဝနာ စ-အကြင် မပေါင်းသင်း မမှီဝဲခြင်းသည်လည်းကောင်း၊ ပဏ္ဍိတာနံ-ပညာရှိသူတော်ကောင်းတို့ကို၊ ယာ သေဝနာ စ-အကြင်ပေါင်းသင်း မှီဝဲခြင်းသည် လည်းကောင်း၊ ဤသို့ စသည်ဖြင့်လည်းကောင်း၊ ထို့အတူ ရတန သုတ်-

ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊

သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။ ကို အနက်မြန်မာပြန်ဆိုရာ၌ ဣဓ ဝါ-ဤလူ့ပြည်၌လည်းကောင်း၊ ဟုရံ ဝါ-နဂါး ဂဠုန်စသည် ပြည်တစ်ပါး၌လည်းကောင်း၊ ယံ ကိဉ္စိ-အလုံးစုံသော၊ ဝိတ္တံ-ဥစ္စာ ရတနာသည်၊ အတ္ထိ-ရှိ၏၊ သဂ္ဂေသု ဝါ-နတ်ပြည် ဗြဟ္မာ့ပြည်တို့၌လည်း၊ ပဏီတံ-ကောင်းမြတ်သော၊ ယံ ရတနံ-အကြင်ရတနာသည်၊ အတ္ထိ-ရှိပေ၏ဟု စသည်ဖြင့်လည်းကောင်း အနက်မြန်မာပြန် ဆိုသည်။

ဓမ္မပဒပါဠိတော်နိသယသစ်ကို ရေးသားရာ၌ကား ဂါထာများ ဖြစ်သည်အားလျော်စွာ သုတိသာသော မဓုရတာဂုဏ်လည်းမြောက်အောင် ဘုရားရှင်၏ အာဘော်ကို ဖော်သည့် အဋ္ဌကထာဆရာ၏ အဆိုအမိန့်နှင့်လည်းညီအောင် ဆိုင်ရာဆိုင်ရာ ပုဒ်တို့၏ သဒ္ဒတ္ထလည်း ပေါ်လွင်အောင် ကြားနာဖတ်ရှုသူတို့လည်း ဘုရားရှင်၏ အလိုတော်ကို သဘောပေါက်အောင် ကာရံအချိတ်အဆက် မိမိဖြင့် အနက်မြန်မာပြန်ဆိုထားသည်ကို တွေ့ရ၏။

ဥပမာ- မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊
မနောသေဋ္ဌာ မနောမယာ-ဆိုသော ဓမ္မပဒ အဆုံးဂါထာကို အနက်ပေးရာ၌၊ ဓမ္မာ-ဝေဒနာ, သညာ,သင်္ခါရကွန် သုံးတန်အပြား နာမ်တရားတို့သည်၊ မနော ပုဗ္ဗင်္ဂမာ-စိတ် အကြောင်းပြု ကိုယ်အမှုကို ပြုကြများစွာ စိတ်ဖြစ်လာမှ စိတ်မှာတည်ခ အမှီရလျက် တကွပါဘိ စိတ်ဟူသော အကြောင်းရှိကြကုန်၏။ မနောသေဋ္ဌာ-ဖြစ်တူချုပ်တူ အာရုံတူလျက် အတူတကွ ဖြစ်ခဲ့ကြလည်း ပဓာနမှာ စိတ်ဓာတ်သာမို့ စိတ်မှာဓိပတိ စိတ်ဟူသော အကြီးအမှူး ရှိကြကုန်၏။ မနောမယာ-စိတ်ဝယ်မှီခ အကြောင်းရမှ ဖြစ်ရများစွာ တရားသာမို့ ပွားလာမှီးရ စိတ်ဖြင့်သာ ပြီးကြရကုန်၏။ စသည်ဖြင့်လည်းကောင်း။

ထို့အတူ နောက်ဆုံးဂါထာ ပုဗ္ဗေနိဝါသံ ယော ဝေဒိ၊
သဂ္ဂါပါယဉ္စ ပဿတိ-ကို အနက်ပေးရာ၌၊ "ယော-သီလအကျင့်လည်းပြည့် သတိထင်ထင် သိမြင်မယုတ် သွင်သရုပ်ဆို အကြောင်ပုဂ္ဂိုလ်သည်၊ ပုဗ္ဗေနိဝါသံ-ရှေးအတိတ်က ဖြစ်ခဲ့ရသည့် ဘဝတန်တန် ပြန်ခါခါထင် ခန္ဓာအစဉ်ကို၊ ဝေဒိ-ပုဗ္ဗေဝါသံ ဝိဇ္ဇာဉာဏ်ဖြင့် အမှန်ထင်ထင် အမြင်အား၌ ထင်ရှားသိပါပေ၏။ သဂ္ဂါပါယဉ္စ-နတ်ပြည်ခြောက်ဖြာ ဗြဟ္မာနှစ်ဆယ် တစ်သွယ်မအေးရ အပါယ်လေးဝကိုလည်း၊ ပဿတိ-ဒိဗ္ဗစက္ခု ဘိညာဉ်မှဖြင့် စေ့ငုထင်ထင် ရှုတိုင်းမြင်တတ်ပါပေ၏" စသည်ဖြင့်

လည်းကောင်း ဤသို့လျှင် တစ်ကျမ်းလုံးရှိ ဂါထာအားလုံးကို သုတိသာသော မဓုရတာဂုဏ်လည်းမြောက်သည့် ဒေသက ဘုရားရှင်၏အာဘော်ကို ဖော်ပေးသည့် အဋ္ဌကထာဆရာ၏ အဆိုအမိန့်နှင့်လည်း ညီအောင် ဆိုင်ရာ ဆိုင်ရာ ပုဒ်တို့၏ သဒ္ဒတ္ထလည်း ပေါ်လွင်အောင် ကြားနာဖတ်ရှုသူတို့လည်း ဘုရားရှင်၏အလိုတော်ကို သဘောပေါက်အောင် ကာရန်အချိပ်အဆက်မိမိဖြင့် အနက် မြန်မာပြန်ဆိုထားသည်ကို တွေ့ရ၏။

ဘာ့ကြောင့် ထိုကျမ်းနှစ်ဆူ ရေးဟန် ခွဲခြားပြုစုပါသနည်း။ အမှတ်မထင် ရေးမိလေသလော ပညာရှိတို့သည် အရာခပ်သိမ်း၌ သတိပညာ လွတ်ခဲ့၏။ ကျေးဇူးရှင် ဆရာတော်ကြီးသည် ပညာရှိဖြစ်၏။ ထို့ကြောင့် ဆရာတော်၏ အာဘော်ကိုသိရန် လေ့လာကုန်အံ့။

ဘုရားရှင်(၄၅)ဝါကာလကြာအောင် ဟောတော်မူအပ်ခဲ့သမျှသော ဒေသနာတို့ကို ပိဋကအားဖြင့် ဝေဖန်လျှင် ပိဋကတ်သုံးပုံ နိကာယ်အားဖြင့် ဝေဖန်လျှင် နိကာယ်(၅)ဖြာရှိ၏။ ထိုဒေသနာတို့ကို ဟောတော်မူသည့်ဟန်အနေဖြင့် ခွဲခြားလျှင် (၉)မျိုးဖြစ်လာ၏။ အင်္ဂါ(၉)တန်ဟု ခေါ်၏။ ယင်းအင်္ဂါ(၉)တန်ခေါ် ဟောတော်မူဟန်(၉)မျိုးမှာ သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လတို့ဖြစ်၏။ ထို(၉)မျိုးတွင် သုတ္တဆိုသည်မှာ တမျဉ်းကြိုးဟု အဓိပ္ပါယ်ရ၏။ ထို သုတ္တအင်္ဂါတွင် ပါဝင်သော ဒေသနာတို့သည် တမျဉ်းကြိုးသဖွယ် လမ်းမလွဲစေရန် ညွှန်ပြသော ဒေသနာများဟု ဆိုလို၏။ ဂေယျဆိုသည်မှာ စုဏ္ဏိယခေါ်သော ပါဠိစကားပြေနှင့် ဂါထာရောနှော ဟောကြားထားသော ဒေသနာဖြစ်သည်။ သီလွယ်ရန် ပြောရလျှင် ဘုရားရှင်သည် ပါဠိစကားပြေများဖြင့် ဟောရင်း တစ်ရံတစ်ခါ ဂါထာများကို ရွတ်ဆိုဟောကြားတော်မူအပ်သောဒေသနာများဖြစ်သည်။ ဝေယျာကရဏာ ဟောနည်းမှာ စုဏ္ဏိယခေါ် ပါဠိစကားပြေသက်သက်ဖြင့် ဖြေရှင်း ဟောကြားတော်မူခြင်း ဖြစ်သည်။ ဥပမာ ဓမ္မစက္က ပဝတ္တနသုတ်၊ အနတ္တလက္ခဏသုတ်တို့ဖြစ်၏။ ထို့နောက် ဟောနည်းမှာ ဂါထာဖြင့် ဟောနည်းဖြစ်၏။ ဂါထာ၏ အဓိပ္ပါယ်မှာ သီခြင်းဖြစ်၏။ အသံအနေအထားဖြင့် ရွတ်ဖတ်ရ၏။ အကြောင်း အတ္ထုပ္ပတ္တိကို အခြေခံပြီး ဟောကြားအပ်သော ပါဠိသီချင်းများဖြစ်သည်။ ဥပမာ ဓမ္မပဒပါဠိတော်များဖြစ်သည်၊ ထို့နောက် ဟောဟန်တစ်မျိုးမှာ ဥဒါနဖြစ်၏။ ဥဒါနကို ဥဒါန်းဟု မြန်မာပြန်ကြ၏။ ဝမ်းမြောက်တော် မူခြင်းကြောင့်လည်းကောင်း၊ ဓမ္မသံဝေဂကြောင့်လည်းကောင်း ဗုဒ္ဓကိုယ်တော် ထုတ်ဖော်ရွတ်ဆို ကျူးရင့်သော ဒေသနာများဖြစ်သည်။ ထို့နောက် ဟောတော်မူသည့် ဟန် တစ်မျိုးမှာ ဣတိဝုတ္တက ဖြစ်၏။ ထိုဣတိဝုတ် ဒေသနာများသည် "ဝုတ္တံ ဟေတံ ဘဂဝတာ" ဘုန်းတော်ကြီးဘုရားသည် ဤတရားကို ဟောတော်မူအပ်၏ဟူသော စကားများဖြင့် အစပျိုးထားသော ဒေသနာများဖြစ်သည်။ ထို့နောက် ဟောနည်းမှာ ဇာတကဖြစ်၏။ အတိတ်က ဖြစ်ရပ်များကို ပြန်လည်ဟောကြားအပ်သော တရားတော်များဖြစ်၏။ ထို့နောက် ဟောနည်းမှာ အဗ္ဘုတဓမ္မဖြစ်၏။ အံ့သြဖွယ်ဂုဏ်များကို ထုတ်ဖော်ဟောကြားတော်မူအပ်သော ဒေသနာများဖြစ်၏။ နောက်ဆုံးအင်္ဂါမှာ ဝေဒလ္လဖြစ်၏။ မိမိသန္တာန်၌ အသိဉာဏ်ကို ရပြီးဖြစ်၍ သာဓု သာဓုဟု နှစ်သက်ဝမ်းမြောက်စွာ ကျူးရင့်သည်ကို ဟောအပ်သော ဒေသနာများဖြစ်သည်။ ဤကား အင်္ဂါကိုးတန် ဟောဟန် ကိုးမျိုးတည်း။

ဟောဟန်မတူသောကြောင့်

ကဲ အင်္ဂါကိုးတန်ခေါ် ဟောဟန်ကိုးမျိုးနှင့် စစ်ကြို့ကျိသို့စစ်လိုက်သောအခါ ပရိတ်ကြီးတွင် ပါဝင်သော သုတ်တို့သည် သုတ္တအင်္ဂါ၌ ပါဝင်၍ ဓမ္မပဒဒေသနာ တို့မှာ ဂါထာအင်္ဂါတွင် ပါဝင်သော ဒေသနာများ ဖြစ်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ပရိတ်ကြီးက ဂါထာတို့ကို အနှက်ပေးသည့် အခါ ဂါထာဖြစ်ပါလျက် သုတိသာသည့် ကာရန်ကို အသုံးမပြုဘဲ ရိုးရိုးရှင်းရှင်း မျဉ်းကြောင်းပေးသည့် အနေသာ အနှက်မြန်မာပြန်ဆိုတော်မူသည်။ ဓမ္မပဒကျမ်းက ဂါထာတို့ကို အနှက်ပေးရာ၌ကား ဂါထာဖြစ်ရုံမျှမက ဂါထာအင်္ဂါတွင် ပါဝင်နေသည့်အတွက် သုတိသာသော မဓုရတာဂုဏ်လည်း မြောက်အောင်၊ ဒေသကဘုရားရှင်၏ အာဘော်ကို

ဖော်ပေးသည့် အဋ္ဌကထာဆရာ၏ အဆိုအမိန့်နှင့်လည်း ညီအောင်၊ ဆိုင်ရာဆိုင်ရာ ပုဒ်တို့၏ သဒ္ဒတ္ထလည်း ပေါ်လွင်အောင်၊ ကြားနာဖတ်ရှုသူတို့လည်း ဘုရားရှင်၏ အလိုတော်ကို သဘောပေါက်အောင် ကာရန် အချိပ်အဆက်မိမိဖြင့် အနက်မြန်မာပြန်ဆိုတော်မူသည်။

နိဂုံး

ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ကြီးသည် ဒေသနာတို့၏ အရင်းအမြစ်ထိအောင် ဘုရားရှင် အာဘော်ကျအောင် ကြည့်ရှုသုံးသပ်တော်မူနိုင်စွမ်းရှိသည်တို့ကြောင့် ပရိယတ္တိအမြင် အထက်တန်းကျသော ဆရာတော်များက သပြေကန်ဆရာတော် ဦးဝါသေဋ္ဌာဘိဝံသ သည် စာအတတ်ဆုံး သုံးပါးတွင် တစ်ပါးအပါဝင်ဟု မိန့်ဆိုကြခြင်း ဖြစ်ပေသတည်း။

သာသနဋ္ဌိတိယာ ပန - ပရိယတ္တိပမာဏံ၊
ပတ္တိတော ဟိ တေ ပိဋ္ဌကံ သုတ္တာ ဒွေပိ ပူရေတိ။
(ဒီ၊ ဋ္ဌ၊ ၃၊ ၈၂)

အာဂမသုတ ကျနမြင်သိ ပညာရှိကား
ပဋိပတ်ခွင် လက်တွေ့ယှဉ်မှု
သိမြင်ထိုးထွင်း မဂ်ဖိုလ်ချဉ်းသည်
လက်ငင်းဆိုက်ရောက် အကျိုးတည်း။

ဥူးမာနိတသိရိဘိဝံသ

ဘုရားပညာနှင့် သိပ္ပံပညာ

သစ်ပင်ပေါက်စ၌
အသီးသီးစေတတ်သော
ဓာတ်သတ္တိရှိနေသော သစ်ပင်နှင့်
ထိုသတ္တိမျိုး မရှိ၊ မြဲမည့် သစ်ပင်ဟု
နှစ်မျိုးရှိရာ ထိုသတ္တိရှိမရှိ
သိရန်အချက်မှာ မည်မျှ ခက်ခဲမည်နည်း။
ထိုဓာတ်သတ္တိကို သိရန်
လောက(သိပ္ပံ)
စမ်းသပ်နည်း ရှိသော် ရှိရာ၏။
သတ္တဝါတို့ အတွင်းဓာတ်ခံကို သိရန်ကား
ဘုရားဉာဏ်မှတစ်ပါး အခြား မရှိပေ။

အရှင်ဝါသေဋ္ဌာဘိဝံသ

The Buddha's Power Beyond Science

SOME SEEDLINGS will bear fruit while others will not. Diffcult as it is to predict which seedings will and which will not beer fruit, it is still possible through science to analyse and distinguish the two types. But it is only the Buddha, with his omniscience and absolute spiritual powers (Abhiññña) who can penetrate and know the nature and minds of beings.

သပြေကန်ဆရာတော်ဘုရားကြီးအား (၈)ကြိမ်မြောက်
ဂုဏ်ရည်မွန်းဆပူဇော်ပွဲတွင် ဖတ်ကြားပူဇော်သည်။
၁၃၆၃-ခုနှစ် တပို့တွဲလဆန်း(၉)ရက် (စနေနေ့) ၁၂-၂-၂၀၀၂

ကြည်သိဖွယ်ရာ ဂုဏ်ကြွာကြွာ

အရှင်ဒေမာစာရ(အဂ္ဂမဟာပဏ္ဍိတ)

တိုက်တွန်းချက်

သပြေကန်ဆရာတော် ဘုရားကြီး၏ တပည့်ဒါယကာ ဒါယိကာမများဖြစ်ကြသော သူတော်ကောင်း အပေါင်းတို့၊

"သပြေကန် မဟာထေရ ဂုဏ်ပူဇော်ပွဲသဘင်မှာ" အခု ဘုန်းကြီးများ တပည့် ဒကာ ဒကာမများရဲ့ အနှစ်ကျေးဇူးတော်ရှင် ဖြစ်တော်မူသော သပြေကန် ဆရာတော်ကြီးရဲ့ "ကြည်သိဖွယ်ရာဂုဏ်ကြွာကြွာ" ကို ပြောဖို့ ဘုန်းကြီးရဲ့ တာဝန်ကျရောက်လို့ လာပါပြီ၊ ဆရာတော်ကြီးရဲ့ "ကြည်သိဖွယ်ရာ ဂုဏ်ကြွာကြွာ"ကို မပြောခင်လေးမှာ ဘုန်းကြီးများနှင့် သဟပုညကာရီ ကုသိုလ်ပြုဖော် ကောင်းမှုပြု ဖက်ဖြစ်တဲ့ ဒကာ,ဒကာမများလည်း ကာယက်, မနောက်နှင့်သာ ပူဇော်ရုံမျှမက၊ ဝစီက်နှင့်လည်းပူဇော် သဒ္ဒါဒါန အလှူတော်ကိုလည်း ပေးလှူပူဇော်ကြရအောင် ဘုန်းကြီးက ရှေ့က ဆရာတော်ဂုဏ်ရည်လေးတွေကို တိုင်ပေးပါ့မယ်၊ အားလုံးသော ဒကာ ဒကာမအပေါင်း သူတော်ကောင်းများက လက်အုပ်လေးတွေ ချီပြီးတော့လိုက်ဆို ပူဇော်ကြည်ညိုကြပါ။

ဝစီက်ဖြင့် ပူဇော်သဒ္ဒါဒါနအလှူတော်
ထက်မြက်ပညာထေရ်ဆရာ မှန်းကာ ပူဇော်ပါသည်
ဘုရား ...။
(ထက်မြက်ပညာ ထေရ်ဆရာ
မှန်းကာ ပူဇော်ပါသည် ဘုရား ...။)
ထက်မြက်ပညာ ထေရ်ဆရာ မှန်းကာ ပူဇော်ပါ
သည်ဘုရား ...။
(ထက်မြက်ပညာ ထေရ်ဆရာ
မှန်းကာ ပူဇော်ပါသည် ဘုရား ...။)
အရှင်ဉာဏ်မိုး ရလိုနိုး ၊
မျော်ကိုးပါ၏ ဘုရား....။
(အရှင်ဉာဏ်မိုး ရလိုနိုး ၊
မျော်ကိုးပါ၏ ဘုရား....။)
အရှင်ဉာဏ်မိုး ရလိုနိုး ၊
မျော်ကိုးပါ၏ ဘုရား....။
(အရှင်ဉာဏ်မိုး ရလိုနိုး ၊
မျော်ကိုးပါ၏ ဘုရား....။)
တိကွဉာဏ ဂုဏ်တော်ကြီးပါနော် ။

သိက္ခာပြည့်ဝ မြတ်ထေရ ၊
မှန်းဆ ပူဇော်ပါသည် ဘုရား···။
(သိက္ခာပြည့်ဝ မြတ်ထေရ ၊
မှန်းဆ ပူဇော်ပါသည် ဘုရား···။)
သိက္ခာပြည့်ဝ မြတ်ထေရ ၊
မှန်းဆ ပူဇော်ပါသည် ဘုရား···။
(သိက္ခာပြည့်ဝ မြတ်ထေရ ၊
မှန်းဆ ပူဇော်ပါသည် ဘုရား···။)
ရှင်သိက္ခာမျိုး ကျင့်လိုနိုး ၊
မျှော်ကိုးပါ၏ ဘုရား ···။
(ရှင်သိက္ခာမျိုး ကျင့်လိုနိုး ၊
မျှော်ကိုးပါ၏ ဘုရား ···။)
ရှင်သိက္ခာမျိုး ကျင့်လိုနိုး ၊
မျှော်ကိုးပါ၏ ဘုရား ···။
(ရှင်သိက္ခာမျိုး ကျင့်လိုနိုး ၊
မျှော်ကိုးပါ၏ ဘုရား ···။)
သိက္ခာကာမဂုဏ်တော်ကြီးပါ ။
ဂုဏ်တွေများစွာ မြတ်ဆရာ ၊
ရည်ကာ ပူဇော်ပါသည် ဘုရား ···။
(ဂုဏ်တွေများစွာ မြတ်ဆရာ ၊
ရည်ကာ ပူဇော်ပါသည် ဘုရား ···။)
ဂုဏ်တွေများစွာ မြတ်ဆရာ ၊
ရည်ကာ ပူဇော်ပါသည် ဘုရား ···။
(ဂုဏ်တွေများစွာ မြတ်ဆရာ ၊
ရည်ကာ ပူဇော်ပါသည် ဘုရား ···။)
ဆရာ့ဂုဏ်မျိုး ရလိုနိုး ၊
မျှော်ကိုးပါ၏ ဘုရား ··· ။
(ဆရာ့ဂုဏ်မျိုး ရလိုနိုး ၊
မျှော်ကိုးပါ၏ ဘုရား ··· ။)
ဆရာ့ဂုဏ်မျိုး ရလိုနိုး ၊
မျှော်ကိုးပါ၏ ဘုရား ··· ။
(ဆရာ့ဂုဏ်မျိုး ရလိုနိုး ၊
မျှော်ကိုးပါ၏ ဘုရား ··· ။)

ဂုဏ်ဝန္တ ဂုဏ်တော်ကြီးပါ ။
လောကစီးပွါး ဆောင်ရွက်သွား ၊
ထေရ်ဖျား ပူဇော်ပါ၏ ဘုရား···။
(လောကစီးပွါး ဆောင်ရွက်သွား ၊
ထေရ်ဖျား ပူဇော်ပါ၏ ဘုရား···။)
လောကစီးပွါး ဆောင်ရွက်သွား ၊
ထေရ်ဖျား ပူဇော်ပါ၏ ဘုရား···။
(လောကစီးပွါး ဆောင်ရွက်သွား ၊
ထေရ်ဖျား ပူဇော်ပါ၏ ဘုရား···။)
ထိုဆောင်ရွက်မျိုး ပြုလိုနိုး ၊
မျှော်ကိုးပါ၏ ဘုရား ···။
(ထိုဆောင်ရွက်မျိုး ပြုလိုနိုး ၊
မျှော်ကိုးပါ၏ ဘုရား ···။)
ထိုဆောင်ရွက်မျိုး ပြုလိုနိုး ၊
မျှော်ကိုးပါ၏ ဘုရား ···။
(ထိုဆောင်ရွက်မျိုး ပြုလိုနိုး ၊
မျှော်ကိုးပါ၏ ဘုရား ···။)
လောကဟိတာဝဟဂုဏ်တော်ကြီးပါ ၊ တစ်နည်းပြောရရင်
ကိစ္စကာရ ဂုဏ်တော်ကြီးပါ ။

ကျိုးရှိစကား မြဲမိန့်ကြား ၊
ဝတ်တွား ပူဇော်ပါသည် ဘုရား ···။
(ကျိုးရှိစကား မြဲမိန့်ကြား ၊
ဝတ်တွား ပူဇော်ပါသည် ဘုရား ···။)
ကျိုးရှိစကား မြဲမိန့်ကြား ၊
ဝတ်တွား ပူဇော်ပါသည် ဘုရား ···။
(ကျိုးရှိစကား မြဲမိန့်ကြား ၊
ဝတ်တွား ပူဇော်ပါသည် ဘုရား ···။)
ထို စကားမျိုး ကြားလိုနိုး ၊
မျှော်ကိုးပါ၏ ဘုရား ····။
(ထို စကားမျိုး ကြားလိုနိုး ၊
မျှော်ကိုပါ၏ ဘုရား ····။)
ထို စကားမျိုး ကြားလိုနိုး ၊

မျော်ကိုးပါ၏ ဘုရား ....။
(ထို စကားမျိုး ကြားလိုနိုး ၊
မျော်ကိုးပါ၏ ဘုရား ....။)
ဤဥဝါစ ဝုဏ်တော်ကြီးပါ။
(သာဓု သာဓု သာဓု ပါဘုရား)
အဲ... လက်အုပ်လေးတွေချလို့ ကိုယ်ချမ်းသာသလိုကြည်ညို ပူဇော်နိုင်ပါပြီ ။

ကုန်စင်အောင် မပြောနိုင်ပါ။

အခု သပြေကန်ဆရာတော်ကြီးရဲ့ (၈)နှစ်မြောက် ပူဇော်ပွဲမှာ ဆရာတော်ကြီးရဲ့ "ကြည်ညိုဖွယ်ရာ ဂုဏ်ဖြာဖြာ"ကို ပြောပါတော့မယ် ။

ဆရာတော်ကြီးရဲ့ ဂုဏ်ရည်တွေကို ပြောမယ်ဆိုတော့ စဉ်းစားတိုင်း စဉ်းစားတိုင်းမှာ ပြောစရာတွေက ပိုပိုပြီးတော့ များလာပါတယ်၊ အတိုင်းအရှည်လေး ရှိအောင် ဆိုပြီးတော့ နှုတ်လေးတော့ ထုတ်လာပါတယ်၊ ထုတ်လာတဲ့ နှုတ်လေးထဲကလည်း ယနေ့ ဘုန်းကြီး စုံလင်အောင် ပြောနိုင်မယ် မဟုတ်ပါဘူး၊ အနည်းငယ်မျှသာ ပြောနိုင်မှာပါ။

အခုနတုန်းက ဆရာဦးကျော်လှိုင်ပြောလိုက်တော့လည်း ပြောစရာတွေက ပိုပိုပြီး ပေါ်လာတယ်။

ကျေးဇူးနှင့် သမုဒ္ဒရာ

ဆရာတော်ကြီးရဲ့ ဂုဏ်တွေကို ကုန်စင်အောင် ပြောမယ်လို့ ဆိုလို့ရှိရင်၊ ဘုန်းကြီးတို့ ကျမ်းဂန်တစ်ခုမှာ တွေ့ဖူးတယ်၊ ဟို.....ကျေးဇူးကလေး တစ်ကောင်ဟာ အတိုင်းမသိတဲ့ နက်လှစွာတဲ့ ပင်လယ်သမုဒ္ဒရာကြီးထဲက ရေတွေကို သူ့ရဲ့ နှုတ်သီးလေးနဲ့ ငုံ,ငုံ ပြီးတော့ အပြင်မှာ ထွေးထွေးထုတ်၊ သမုဒ္ဒရာကြီးထဲက ရေတွေကုန်အောင်လို့ ပေါ့လေ၊ သမုဒ္ဒရာကြီးထဲက ရှိတဲ့ရေတွေဟာ ဘယ်နည်းနဲ့မှ မကုန်နိုင်ဘူး၊ သည်ကျေးဇူးကလေးသာ မောပန်းပြီးတော့ သေချင်သေသွားမယ်။

ထိုနည်းအတူပါပဲ၊ ဘုန်းကြီးရဲ့ အနေနဲ့ သပြေကန်ဆရာတော်ကြီးရဲ့ ဂုဏ်တော်တွေကို ကုန်စင်အောင်ထုတ်ပြီးတော့ ပြောမယ်ဆိုရင် ဘယ်နည်းနဲ့မှ ကုန်စင်အောင် မပြောနိုင်ပါဘူး၊ သမုဒ္ဒရာထဲမှာရှိတဲ့ရေကို ကျေးဇူးကလေး တစ်ကောင်ဟာ ကုန်စင်အောင် ငုံပြီးတော့ မထွေးထုတ်နိုင်သလိုပါပဲ။

ဘုန်းကြီးရဲ့ ဉာဏ်စွမ်းလေးနဲ့ ဆရာတော်တို့လို နက်ရှိုင်းတဲ့ ဉာဏ်ရှင်၊ နက်ရှိုင်းတဲ့ ပါရမီရှင်ရဲ့ ဂုဏ်တွေကို ဘုန်းကြီး ကုန်စင်အောင် မပြောနိုင်ပါဘူးလို့ ဘုန်းကြီး ဒီလိုပဲ ဉာဏ်အမြင်မှာ ပေါ်လာပါတယ်လို့ ရိုးရိုးသားသားပဲ ဝန်ခံပါရစေ ။

တိုင်းတာနိုင်လောက်သည့် ပေကြိုး ပေတံ

နောက်တစ်ခု တွေးမယ်ဆိုလျှင် သမုဒ္ဒရာကြီးဘယ်မျှ နက်တယ်၊ ဘယ်မျှ ကျယ်ဝန်းတယ်ဆိုလို့ရှိလျှင် သမုဒ္ဒရာကို ထောက်မီနိုင်တဲ့ ဝါး၊ သို့မဟုတ် တုတ်ရှိမှ သမုဒ္ဒရာကို တိုင်းတာနိုင်တဲ့ ပေကြိုးပေတံရှိမှ၊ မြင့်မိုရ်တောင်ကြီး ဘယ်မျှမြင့်တယ် ဘယ်မျှ ကျယ်ပြန့်တယ်ဆိုတာ သိချင်ခဲ့ရင် မြင့်မိုရ်တောင်ကြီးကို တိုင်းတာနိုင်လောက်တဲ့ ပေကြိုးရှိမှ ပေတံရှိမှ၊ ဘုန်းကြီးမှာ အဲလို တိုင်းတာနိုင်လောက်တဲ့ ပေကြိုးပေတံမျိုး ဘယ်နည်းနဲ့မှ မရှိပါဘူး။ သည်တော့ ဆရာတော်ကြီးရဲ့ နက်ရှိုင်းတဲ့ ဂုဏ်တွေကို ဘယ်နည်းမှ ပေါ်လွင်ထင်ရှားအောင် မဖော်ထုတ်နိုင်ပါဘူး။

ဝိလောဟိတ ပရိဗိုဇ်ရဲ့ ဘုရားအပေါ် အမြင်

နောက်တစ်နည်း သတိ,ရလာတာက မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိ စူဠဟတ္ထိပဒေါပမသုတ်လာ ဓာတုသောဏိ ပုဏ္ဏားကြီးနှင့် ဝိလောဟိတပရိဗိုဇ် အရှင်ဝစ္ဆာယနအကြောင်း။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေထိုင်တော်မူစဉ်အခါ ဓာတုသောဏိ ပုဏ္ဏားကြီးက နေ့ခင်း(၁၂)နာရီလောက်မှာ ဖြစ်ပါလိမ့်မယ်၊ သာဝတ္ထိပြည်ထဲက အပြင်ကိုအထွက် မြို့အပြင်မှာ ဟို... အဝေး ဇေတဝန်ကျောင်းတော်က ပြန်လာသည့် ဝိလောဟိတပရိဗိုဇ်အရှင်ဝစ္ဆာယနကို လှမ်းမြင် မြင်တော့ အံ့အားသင့်နေတယ်၊ အနီးရောက်တော့ ဓာတုသောဏိပုဏ္ဏားကြီးက ဝိလောဟိတပရိဗိုဇ် အရှင်ဝစ္ဆာယနကို မေးတယ် ။

"အရှင်ဝစ္ဆာယန နေမွန်းတည့် ခိုန်ကြီးမှာ ဘယ်က ပြန်လာသလဲ ။"

"ငါ-ဂေါတမ ဗုဒ္ဓထံမှ ပြန်လာတာ"။

"ဟာ ဟုတ်လား၊ သင် ဂေါတမဗုဒ္ဓရဲ့ ပညာစွမ်းကို သင်သိသလား၊ ဂေါတမဗုဒ္ဓကို သင် ဘယ်လို မြင်သလဲ၊ ဂေါတမဗုဒ္ဓကို ပညာရှိဟု မှတ်ထင်သလား"လို့ ဇာဏု သောဏီ ပုဏ္ဏားကြီးက မေးတယ်။

"ဟာ ငါက ဘယ်လို လူစားမို့လို့လဲ၊ ဂေါတမ ဗုဒ္ဓ ရဲ့ ပညာစွမ်းကိုသိအောင် ဂေါတမဗုဒ္ဓလို ပညာရှင်မှ သိနိုင်မှာ ၊ ဒို့လို ပုဂ္ဂိုလ်မျိုးက ဘယ်နည်းနဲ့မှ မသိနိုင်ဘူး"။ ပိလောဟိတ အရှင်ဝစ္ဆာယနက ပြောလိုက် တယ် ။

"အရှင်ဝစ္ဆာယန အရှင်ဟာ ရဟန်းဂေါတမအား အကြီးအကျယ်ကို ချီးမွမ်းနေပါ့လား"။ သည်ခေတ်စကား ဆိုရင်တော့ အပြတ်ကို ချီးမွမ်းနေပါ့လားပေါ့လေ။ ဇာဏု သောဏီ ပုဏ္ဏားကြီးက ပြောလိုက်၏ ။

"အို ပုဏ္ဏားကြီး၊ ငါက ဘယ်လို လူစားဖြစ်၍ ရဟန်းဂေါတမကို အကြီးအကျယ် ချီးမွမ်းနိုင်မည်နည်း ၊ ရဟန်းဂေါတမဟာ လောကမှာ အချီးအမွမ်းခံရသူတွေရဲ့ အချီးအမွမ်းကို ခံရသူပါ"။ ပိလောဟိတ ပရဖို၌ အရှင် ဝစ္ဆာယနက ပြန်ပြောလိုက်ပါတယ်။

အဲဒီလိုပါပဲ ဘုန်းကြီးရဲ့ ဉာဏ်စွမ်းလေးနဲ့ ဆရာတော်ရဲ့ ဂုဏ်ကို စုံစုံလင်လင် မသိနိုင်ပါဘူး၊ ဒီတော့ စုံစုံလင်လင် မချီးမွမ်းနိုင်ပါဘူးလို့ ပြောပါရစေ။

စိုးရိမ်စိတ်ကလေး

စိုးရိမ်စိတ်နဲ့ နောက်တစ်ခု သတိရလာတာက၊ မမွန်တိက စာလေးတစ်ခု -

ပဏ္ဍိတသ ပသံသာယ -
ဗာလော ဒဏ္ဍောန ဒီယျတေ ၊
ပဏ္ဍိတော ပဏ္ဍိတေယေဝ -
ဝဏ္ဏိတောဝ သုဝဏ္ဏိတံ ။တဲ့
လူမိုက်သည် ပညာရှိအား ချီးမွမ်းခြင်းဖြင့် ပညာရှိကို ဒဏ်ပေးသည် မည်ပါတယ်တဲ့ ၊ ပညာရှင်ကို ပညာရှင်တို့က ချီးမွမ်းမှသာ ကောင်းစွာ ချီးမွမ်းခြင်း ဖြစ်ပါတယ်တဲ့၊ ဘုန်းကြီးရဲ့ ချီးမွမ်းခြင်းဟာ ဆရာတော်ကြီးကို ဒဏ်ပေး ရာရောက်နေမလားလို့လဲ ပူပန်မိပါသေးတယ်။ ဘုန်းကြီး ဟာ ဆရာတော်ကြီးကို ချီးမွမ်းတယ်လို့ သဘောမထားဘဲနဲ့ ပူဇော်သည်လို့ပဲ သဘောထားကြပါနော်...။

ထိပ်တန်းပညာရှင်တွေရဲ့ ဦးထိပ်မှာ

အခုန ပြောသလို သပြေကန်ဆရာတော်ကြီးကို ဘယ်သူတွေက ချီးမွမ်းကြသလဲ၊ ဘယ်သူတွေက ပူဇော် ကြသလဲဆိုရင်၊ လောကမှာ ထိပ်တန်းပညာရှင်လို့ ထိပ်တန်း မှာ ရောက်နေကြတဲ့ ပညာရှင်တွေက လိုက်လိုက်လဲလဲ ပူဇော် ချီးမွမ်းရတဲ့ သပြေကန်ဆရာတော်ပါ။ ဒီ လောက် ပြောရင် တော်တော်လေးတော့ ပြည့်စုံနေပါပြီ။ လောကမှာ ထိပ်တန်းမှာ ရောက်နေတဲ့ ပညာရှင်တွေက ထိပ်ဖျားမှာ ထားပြီးတော့ ပူဇော်ရတဲ့ ဆရာတော်၊ ဘုန်းကြီးတို့ သပြေကန်ဆရာတော်ရဲ့ ဂုဏ်ဟာ ဒီလောက်ကို ရှိပါတယ်။

နောက်တခါ ဘုန်းကြီးတို့ သပြေကန်ဆရာတော်ကြီး ချီးကျူးတဲ့ တည်တောဆရာတော် ဘဒ္ဒန္တဒေဝိန္ဒာဓိပတိ (ထီးချိုင့်နတ်စိုးလို့)လဲ ဆိုတယ်။ သူရေးသား ပူဇော်တာလေး ကို သတိရတယ်၊ ဒါလေးကို အခုန ဆရာဦးကျော်လှိုင် ပြောတော့ ဒါလေးကို ပိုပြီးတော့ သတိရ၊ သူ ပူဇော်ထား တာက၊

"သီလ,ပညာ သဒ္ဓါဗလဝန္ဒင့်
မဟာ ပါကဋ္ဌ ဧကန်ကျော် .....
ဆရာဖျာ့ ထေရ် အရဟံမော်ပါ ....
သပြေကန် ဆရာတော် ယခုထင်ရှား × ၊
ဝေဟင် ကွဲအက် ရွှေကျင် တွဲဖက်
သာသနာပိုင်ပါ ....
ကမ္ဘာ့ မဏ္ဍိုင် သမာဓိ ဆောင်၍ထား...၊
အထက်လွှာ သိစရာ့ အဂ္ဂါဘိဓေ
လဋ္ဌနာ ဆောင်သည် .....
ပညာ အခေါင် မြင့်မိုရ်အလား ×
ကဋ္ဌနာ အရောင် တင့်တယ် ကြွားသမို့ ၊
ရင့်ထယ် တရား ပိုင်နိုင်သူ ××××
ရင့်ထယ် တရား ပိုင်နိုင်သူ ---- ဒီနေရာလေးကို

ဘုန်းကြီး အကြိုက်ဆုံးပဲ ။

ပညာ အခေါင် မြင့်မိုရ်အလား ×
ကဗ္ဗနာ အရောင် တင့်တယ် ကြွားသမို့ ၊
ရင့်ထယ် တရား ပိုင်နိုင်သူ ××××
ရင့်ထယ် တရား ပိုင်နိုင်သူ --- ။

နှစ်ခုထဲနှင့် ပေါ်လွင်

အခုနတုန်းက ဆရာ ဦးကျော်လိုင်က ပြောသွားတယ်၊ ဗောဇ္ဈင်တရားတွေကို ဆရာတော်ကြီး ကိုယ်တိုင် ပွါးများထားလို့၊ ဆရာတော်ကြီး ဒါတွေ သိနေလို့၊ လက်တွေ့ ခံစားထားလို့၊ အပ်ချမတ်ချ ဆရာတော်ကြီး ဟောနိုင် ပြောနိုင်တာပါလို့ ဆရာတော့်ကို ချီးကျူးသွားတယ်။

အဲဒီနည်းအတိုင်းပါပဲ ဘဒ္ဒန္တဒေဝိန္ဒာဓိပတိ ဆရာတော်ကြီးကလဲ "ရင့်ထယ် တရား ပိုင်နိုင်သူ" တကယ်မြင့်မြတ်တဲ့ တရားပိုင်ဆိုင်ထားတဲ့ ပုဂ္ဂိုလ်၊ နောက် " ပညာအခေါင် မြင့်မိုရ် အလား" သပြေကန်ဆရာတော်ရဲ့ ဂုဏ်ပညာကို မြင့်မိုရ်တောင်ကြီးနဲ့ နှိုင်းယှဉ်ပြီးတော့ ပြောထားတာ၊ ဒီတော့ သည်နှစ်ခုထဲနဲ့ဆိုလဲ သပြေကန်ဆရာတော်ကြီးရဲ့ ဂုဏ်တော်ဟာ အသင့်အတင့် ပေါ်လွင်ပါတယ် ။

အမြဲတမ်း ပူဇော် နေရမှာ

ဘုန်းကြီးတို့အနေနဲ့ စဉ်းစားမိပါတယ်၊ ဒီသပြေကန်ဆရာတော်ကြီးကို ဘုန်းကြီးတို့က ဒီဘဝမှာသာ ပူဇော်ရမှာ မဟုတ်ပါဘူး၊ နောက်နောင်ဘဝ လူဖြစ်လို့နတ်ဖြစ်လို့ သာသနာတော်နဲ့ တွေ့ကြုံရလို့ သပြေကန်စာပေတွေ လေ့လာရမယ်ဆိုရင် သပြေကန်ဆရာတော်ကို လေ့လာရမယ်ဆိုရင် ဒီ သပြေကန်ဆရာတော်ကြီးကို ဘုန်းကြီးတို့ ပူဇော်ရမှာပဲ၊ ဒါမှမဟုတ် သာသနာတော်နဲ့ မတွေ့ဘူးထား၊ ခုဘဝက သေပြီး နောက်နောင်ဘဝမှာ လူဖြစ် နတ်ဖြစ်ပြီး တကယ်လို့များ ဇာတိသရဉာဏ် ရမယ်ဆိုရင် ဘဝဟောင်း ကိုသိတဲ့ အောက်မေ့နိုင်တဲ့ဉာဏ်ကိုရမယ်ဆိုရင် ဒီ သပြေကန်ဆရာတော်ကြီးကို ပူဇော်နေရမှာပဲ။

ဘာကြောင့်လဲလို့ ဆိုလို့ရှိရင် ပူဇော်လို့ကို မကုန်နိုင်တဲ့ ပူဇော်လို့ကို မဝန်းတဲ့ ဂုဏ်တွေ သပြေကန်ဆရာတော်ကြီးမှာ အများအပြား ရှိနေတယ်။

အဲဒါကြောင့် ဘုန်းကြီးတို့က သပြေကန်ဆရာတော်ကြီးကို အမြဲတမ်း ပူဇော်နေရမှာပါလို့ ဘုန်းကြီးတို့သည်လို စိတ်ထဲမှာ မြင်ပါတယ်။

ဗြဟ္မာ့ပြည်ကများ သက်ဆင်းလာရွေ့သလား

ဘုန်းကြီးအနေနဲ့ သပြေကန်ဆရာတော်ကြီးကို မြင်တာကလည်း ဘယ်လို တစ်နည်းမြင်သလဲလို့ ဆိုလို့ရှိရင် တတိယသံဂါယနာအတွက် တိသဗြဟ္မာကြီးကို တာဝန်ရှိတဲ့ ရဟန်းတော်နှစ်ပါးက လူ့ပြည်မှာ ပဋိသန္ဓေနေပြီးတော့ သာသနာ့ဘေးရန်ကို တွန်းလှန်ပြီး တတိယသံဂါယနာပြုပါလို့ တောင်းပန် တိုက်တွန်းသလိုပေါ့လေ၊ သက်ဆိုင်ရာ သာသနာစောင့်နတ်တွေက ဗြဟ္မာ့ပြည်မှာ စံနေတဲ့ သပြေကန် ဆရာတော် လောင်းလျာကို ဆဋ္ဌသံဂါယနာအတွက် ထိုက်ထိုက်တန်တန်တာဝန် ထမ်းဆောင်ရအောင် တောင်းပန်တိုက်တွန်းလို့ လူ့ပြည်တစ်ခေါက် လာရောက် ရဟန်းပြုရသလားလို့ ဘုန်းကြီးတို့ အဲလိုပဲ ထင်မြင်မိတယ်၊ ဒီလို ထင်မြင်မိတာဟာ အကြောင်းမဲ့ မဟုတ်ဘူး ၊ စာထဲမှာ…

ပညာသံဝတ္တနိကကမ္မတော စ
အဗျာပန္နလောကူပပတ္တိတော စ
ကိလေသဒူရီ ဘာဝတော စ
ဣန္ဒြိယပရိပါကတော စ -

ဒီအချက် လေးချက်၊ အဲဒီ လေးချက်နဲ့ ပြည့်စုံသော ပုဂ္ဂိုလ်ဟာ ဉာဏ်ပညာ ထက်မြက်တယ် ။

ဉာဏ်ပညာကို ဖြစ်စေတတ်သော ကံကို ဆည်းပူးခဲ့ခြင်း ။
အထက် ဗြဟ္မာ့ပြည်၌ ဖြစ်ခဲ့ဖူးခြင်း ။
ကိလေသာတို့မှ ဝေးကွာခြင်း ။
ဣန္ဒြေတို့ ရင့်ကျက်ခြင်း ။

ဒီ အချက် လေးချက်နဲ့ပဲ ကြည့်လို့ရှိရင် တော်တော်လေးကို အထောက်အကူဖြစ်ပါတယ် ။

ကိလေသာ ဝေးကွာပုံ

ဆရာတော်ဟာ ဘယ်လောက်ထိအောင် ကိလေသာမှ ဝေးသလဲလို့ ဆိုခဲ့လို့ရှိရင် ၊ ဘုန်းကြီးတို့ ဆရာတော်

ငယ်ငယ်အချိန်က ကလေးဘဝ ဆရာတော်လောင်းလျာကို ထိန်းကျောင်းရတာက အမေအဖေ မဟုတ်ဘူး၊ သူရဲ့ အဒေါ်ဖြစ်သူ ဒေါ်လာဒွန် အစရှိတဲ့ အပျိုကြီးတွေ ထိန်းကျောင်းရတာ၊ အဲလို ထိန်းကျောင်းရတဲ့ ဆရာတော်ရဲ့လောင်းလျာ ကလေးလေး ငိုပြီဆိုခဲ့လို့ရှိရင် ဒေါ်လာဒွန်ဟာ သီချင်းတွေဆို ဟိုဟာတွေဆို ဒီဟာတွေဆို ကလေးအငိုတိတ်အောင် လို့ပေါ့လေ ဒါပေမယ့် ကလေးကတော့ သီချင်းဆိုလေ ငိုလေ သီချင်းသံကြားလေ ငိုလေပဲ၊ ဘုန်းကြီးအောက်မေ့ပါတယ် ဆရာတော်လောင်းလျာလေးအတွက် ကလေးချော့သီချင်းဟာ ...

"လူကလေးရဲ့ငို ..... ခိုဖမ်းလို့ပေး ×
ခိုဖြူ ခိုပြာနက်ကယ် ...
ဖမ်းခက်လှလေး .....× ။
ချိုးရယ်တဲ့ နှစ်ကောင် ×
ထနောင်းပင် ညီနောင်က
လွမ်းအောင် ကူခွဲ ×××
ပန်းတော်ဖြူပင်
မြေစာ ထူလှတယ်ကွယ် .....
ဖိုး××× ဖိုးတောင်သူတဲ့ .....။ ဆိုတဲ့ ဒီလို ကလေးချော့ သီချင်းမျိုး မဟုတ်ဘူး။ ဒီတော့ ဘာလုပ်ရသလဲ ဆိုတော့ ဒေါ်လာဒွန်ဟာ ဆရာတော့် လောင်းလျာကလေးလေး ငိုပြီလို့ ဆိုလို့ရှိရင် အနားမှာရှိတဲ့ စာအုပ်ကလေးဆွဲပြီး က-ကြီး ၊ခ-ကွေး ၊ဂ-ငယ် ၊ ဃ-ကြီး စသည်ဖြင့် စာဖတ်၊ ဒီလို စာဖတ်ပြီဆိုရင် ကလေးက အငိုတိတ်ပြီး ငြိမ်လို့နားထောင်နေတယ်။

နောက် အို မောလို့ ငြိမ်တာပဲလို့ အောက်မေ့ပြီးစာမဖတ်ဘဲနေတယ်၊ ကလေးက ထပ်ပြီး ငိုတာပဲ၊ ငိုလို့ရှိရင် က-ကြီး ၊ခ-ကွေး ၊ဂ-ငယ် ၊ ဃ-ကြီးပဲ ၊ ဆရာတော့် အတွက် သီချင်းက အဲဒါလေးပဲ ဆရာတော့် သီချင်းဖြစ်နေ၊ စာဖတ်ရင် ဆရာတော်ဟာ ငြိမ်နေတာပဲ။

နောက် တစ်ခု ဆရာတော်ရဲ့ ကစားစရာက အိုးပုတ် ချိုးရပ် မဟုတ်ဘူး ၊ ဆရာတော့် လောင်းလျာလေး ငိုခဲ့လို့ရှိရင် နှစ်စောင်တွဲခေါ်တဲ့ သင်ပုန်းကြီး စာအုပ်လေး သူ့ဆီပေးလိုက် ဝမ်းလျားလေးမှောက်ပြီး ဟိုဖက်လှန်ကြည့် ဒီဖက်လှန်ကြည့်နဲ့ ငြိမ်နေတာပဲ။။ စာမဖတ်တတ်သေးပေမယ့် ကိလေသာ ဝေးတဲ့အကြောင်း ဘုန်းကြီးပြောတာ။။

တကယ်လို့များ သူငိုတဲ့အခါ နှစ်စောင်တွဲစာအုပ် အနားမှာမရှိလို့ ဗလာစာအုပ် ပေးကြည့်လိုက် ၊ လွှင့်ပစ်လိုက်တာပဲ၊ ဆရာတော့်လောင်းလျာလေးက အဲဒီလောက်ထိအောင် ကိလေသာဝေးတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဗြဟ္မာ့ပြည်ကများ ဆင်းသက်လာလေသလားလို့ အဲဒီလို ဘုန်းကြီးတို့ စိတ်ထဲမှာ ထင်မြင်မိပါတယ်။ ပညာဉာဏ်ထက်မြက်ကြွန်ရှေရင့်ကျက်တာကတော့ အထူးကို ပြောစရာ မလိုဘူး၊ သိပ်ပြီး ထင်ရှားနေပါတယ်နော် .... ။

ခြေတော်ရာကို ခြေရာခံပြီး ပြောရ

ဘုန်းကြီးပြောဖို့ စီစဉ်ထားတာကတော့ အများကြီးပါပဲ၊ အများကြီး ဆိုတာကလည်း အများကြီးထဲက နဲနဲလေးကောက်နုတ်ထားတာပါပဲ၊ စဉ်းစားထားတာက ဆရာတော်မှာ ယခုကျန်ခဲ့တာက ခြေတော်ရာကြီး(၅)ခုကျန်ခဲ့တယ်လို့ ဘုန်းကြီး ကောက်ချက်ချမိပါတယ်။ ဒီခြေတော်ရာကြီး တွေကို ခြေရာခံပြီး ဘုန်းကြီးတို့ ဆရာတော့်အကြောင်း ဟောရ ပြောရတာပါ၊ ခြေတော်ရာကြီး(၅)ခုက။

(၁) တိကွဉာဏဟူသော ခြေတော်ရာကြီး ။
ဉာဏ်ပညာထက်မြက်ခြင်းဟူသော ခြေတော်ရာကြီး။

(၂) ကိစ္စကာရဟူသည့် ခြေတော်ရာကြီး ။
ရဟန်းတို့ ပြုလုပ်သင့် ပြုလုပ်ထိုက်သော အလုပ်ကို တကယ်ကြိုးကြိုးပမ်းပမ်း ဟိတ်ဟန် မထုတ်ဘဲနဲ့ လုပ်ခဲ့တယ်ဆိုတဲ့ ခြေတော်ရာကြီး။။ တစ်နည်းအားဖြင့် လောကဟိတာဝဟဂုဏ်၊ လူတို့ရဲ့ အကျိုးစီးပွါးကို ထိုက်ထိုက်တန်တန် ဆောင်ရွက်တယ်ဆိုတဲ့ ခြေတော်ရာကြီး။။

(၃) ဂုဏာဝန္တဟူသည့် ခြေတော်ရာကြီး ။
တကယ့် သာသနာ့ဂုဏ်၊ ရဟန်းကောင်းတို့မှာ ရှိအပ်တဲ့ ဂုဏ်ဆိုတဲ့ ခြေတော်ရာကြီး ။

(၄) ဣဋ္ဌဝါစ ဟူသည့် ခြေတော်ရာကြီး ။
မှန်ကန်ကောင်းမြတ် အကျိုးရှိလို့ နှစ်သက်ဖွယ်ကိုသာ ဆိုတတ်တယ်ဆိုတဲ့ ခြေတော်ရာကြီး ။

(၅) သိက္ခကာမဟူသည့် ခြေတော်ရာကြီး ။
သိက္ခာသုံးရပ် အကျင့်မြတ်ကို လိုလားတယ်ဆိုတဲ့ ခြေတော်ရာ ၊ ဒီခြေတော်ရာကြီး(၅)ခု အထင်အရှား တွေ့မြင်ရပါတယ် ။

ဘုန်းကြီး ခြေတော်ရာကြီး(၅)ခုထဲက တစ်ခု တစ်ခုမှာ (၂)မျိုးစီ(၃)မျိုးစီပြောမယ်လို့ စိတ်ကူးရှိခဲ့ပါတယ်၊ သို့ပေမယ့် အချိန်က သိပ်ကို နောက်ကျနေပြီဖြစ်လို့ တစ်ခု တစ်ခုမှာ တစ်မျိုးတစ်မျိုးစီကိုပဲ မနဲကြီး ကြိုးစားပြီးပြောရမယ် ထင်ပါတယ်။

တိကွဉာဏ ခြေတော်ရာ

အခု(၁)တိကွဉာဏဟူသည့် ခြေတော်ရာကြီး ဉာဏ်ပညာ ထက်မြက်ပုံ အကြောင်းပြောမယ်ဆိုတော့ အကြောင်းအရာ စကားလုံးလေးတွေက ဘုန်းကြီးနှုတ်ဖျားမှာ လာပြီးတော့ နေရာလွန်နေသလိုပဲ ၊ ငါ့ပြောပါ ငါ့ပြောပါနဲ့၊ ကျုပ်က ခိုင်မာပါတယ်၊ ကျုပ်က အသင့်ယုတ္တိပြနိုင်ပါတယ်၊ ကျုပ်ကသက်သေရှိပါတယ်နဲ့ ပြောသလို ဖြစ်နေတော့ ဘုန်းကြီး ဘာကို ရွေးချယ်ရမယ် ဆိုတာတောင် မသိတော့ဘူး။ ထားပါတော့လေ ဆရာတော်ရဲ့ တိကွဉာဏဉာဏ်ပညာ ထက်မြက်ပုံအကြောင်းတစ်ခု ကြည့်ညှိကြရအောင် ။

အဂ်ုတ္တရနိကာယ် စတုက္ကနိပါတ် စက္ကဝဂ်မှာ ....

(၁) သင့်လျော်သော အရပ်၌ နေရခြင်း ။

(၂) ရှေးကောင်းမှုရှိခြင်း ။

(၃) သူတော်ကောင်းကို အမှီရခြင်း ။

(၄) မိမိကိုယ်ကို ကောင်းစွာထားခြင်း ။

ဤလေးပါးနှင့် ပြည့်စုံသူမှာ နောက်ဘဝ၌လည်း ပြည့်စုံတတ်၏၊ဤသို့ အဆက်မပြတ်လည်သွားတတ်၍ "စက္က" စက်ဟု ဆိုရ၏၊ ဒီ လေးမျိုး စက်လေးပါးကို အဂ်ုတ္တိရ်နှင့် ဒီဃနိကာယ် သံဂီသုတ်တို့မှာ အဋ္ဌကထာဆရာ ဖွင့်ပြသည့် နေရာဝယ် ဤလေးပါးတို့တွင် ပုဗ္ဗေကတပုညတာ သည် ရှေးရှေးက ကောင်းမှုရှိခြင်းသည် ပမာဏ လိုရင်း ဖြစ်၏၊ ဉာဏသမ္ပယုတ်စိတ်ဖြင့် ကုသိုလ်ပြုသူကို ထိုဉာဏ သမ္ပယုတ်စိတ်က ပတိရူပအရပ်သို့ ပို့ပေး၏၊ သူတော်ကောင်း အမှီရအောင် စီမံပေး၏၊ မိမိကိုယ်စိတ်ကို ကောင်းစွာထားသူ ဖြစ်အောင်ပြုပေး၏ဟု ပုဗ္ဗေကတပုညတာသာ အရေးကြီးဆုံးဟု ဖွင့်ဆိုထား၏ ။

သပြေကန်ဆရာတော်က အဋ္ဌကထာဆိုသော အချက်အဖွင့်များမှာ တကယ်ပါရမီပြည့်စုံသော ပစ္စိမဘဝိကအတွက်သာ လုံလောက်ရာ၏၊ သာမန်ကောင်းမှုရှင်များ၌ကား စိတ်မချရသေးဟု ရေးသားပြီးကာ အထောက်အထားအဖြစ် အရှင်ဒေဝဒတ်သည် ပတိရူပဒ္ဒိလည်း ဖြစ်ရ၏၊

တကယ့် သပ္ပုရိသဘုရားရှင်ကိုလည်း မှီရ၏၊ ရှေးကောင်းမှုလည်း ရှိခဲ့သည်သာ၊ သို့သော် အတ္တသမ္မာ ပဏိဓိ ပျက်ကာ အကျိုးမဲ့ ဆုံးရှုံးရရှာ၏။

အဓာတသတ်သည်လည်း ကောင်းမှုရှင် တစ်ဦးပင်၊ ဖခင် သောတာပန်သူတော်ကောင်းကြီးကို မှီရပါလျက် ရှင်ဒေဝဒတ်နှင့် အပေါင်းမှားကာ အတ္တသမ္မာပဏိဓိ ပျက်ခဲ့၍ နစ်နာရရှာသည် ။

ဤသို့ သုံးသပ်၍ ကွက်ကွက်ကွင်းကွင်းကြီး ဆုံးဖြတ်ပြခဲ့သည်၊ ဒီ အဆုံးအဖြတ်ကို စတွေ့တဲ့အချိန် စာတတ်ပေတတ် ပိဋကတ်နဲ့တဲ့ ပညာရှင်များမှာ၊ ဟာ ဆိုတဲ့ ဝမ်းသာအံ့သြတဲ့ အာမေဋိတ်သံ ထွက်ပေါ်လာပြီး "သပြေကန်ဟာ တကယ့်ပညာရှင်ပါလား" ချီးကျူးကြရမှာပါ။

တိကွခြေတော်ရာအတွက် ဒီမျှလောက်ပဲ ထားပြီး၊ ကိစ္စကာရ ခြေတော်ရာတစ်ခုကို ဆက်လက်ပြီး ကြည့်ညှိရအောင်ပါ။

ကိစ္စကာရ ခြေတော်ရာ

(၂) ကိစ္စကာရဟူသည့် ခြေတော်ရာကြီး ၊ ဆရာတော်ဟာ ရဟန်းတရားကို အားထုတ်ခြင်း၊ ကျမ်းဂန်ပြုစုခြင်း၊ စသည် စသည်နဲ့ စသည်တွေ ထောင်သောင်းမကပေါ့လေ။ ဘုန်းကြီး ပြောချင်တာက ဆရာတော်ဟာ ဆဋ္ဌသံဂါယနာတင်ပွဲကြီးနှင့် စပ်လို့ နောက်ကွယ်ကနေ တစ်ခါတစ်ရံ သပြေကန်ကနေ၊ တစ်ခါတစ်ရံ မဟာစည်သာသနာ့ရိပ်သာကနေ၊ စာပေနှင့်စပ်လို့ သုံးသပ်ဆုံးဖြတ်ကာ ထိုက်ထိုက်တန်တန်ကြီး တစ်နည်းပြောရရင် အများသူငါ မစွမ်းနိုင်တဲ့ ကိစ္စကြီးကို သာသနာတော်အတွက်နှင့် လောကအတွက် လုပ်ဆောင်ခဲ့ပါတယ်။

ဒါကြောင့်လည်း ဆဋ္ဌသံဂါယနာမှာ ပုစ္ဆကဖြစ်တော်မူတဲ့ မဟာစည် ဆရာတော်ကြီးက "ဆဋ္ဌသံဂါယနာခေတ်မှာ အခက်အခဲရှိတိုင်း သပြေကန်ဦးဝါသေဋ္ဌနဲ့ တိုင်ပင်ရတာပဲ၊ တိုင်ပင်တဲ့ အခါတိုင်းပဲ အခက်အခဲဟာ လွန်မြောက်သွားတာပဲ" လို့ ရင်းနှီးတဲ့ပုဂ္ဂိုလ်များကို မိန့်ကြားတော်မူတာပေါ့နော် ... ။ ကဲ ရှေ့တစ်ခု ဆက်ကြရအောင်။

ဝုဏ္ဏဝန္တ ခြေတော်ရာ

(၃) ဝုဏ္ဏဝန္တဟူသည့် ခြေတော်ရာကြီး ၊ ဆရာတော်မှာ နိုင်ငံတော် အစိုးရမင်းများက ထိုက်ထိုက် တန်တန်ပေးအပ်ထားတဲ့ "အဘိဓဇမဟာရဋ္ဌဂုရု" "နိုင်ငံတော် ဩဝါဒါစရိယ" ဆိုတဲ့ ရာဇဒါယဘွဲ့တော်ဂုဏ်၊ သံဃာတော်များက ဆရာတော်ရဲ့ သီလ,သမာဓိ ပညာတရားတို့ကို ယုံကြည်သဖြင့် လေးလေးစားစားပေးအပ်ထားသည့် "ရွှေကျင်နိကာယ ဥပဥ္ဇ္ဈာ" ဆိုတဲ့ သံဃဒါယဘွဲ့တော် ဂုဏ်၊ ဒါထက် ခဲယဉ်းတဲ့ ပညာရှိ ကဝိထိပ်သီးကြီးတို့က တညီတညွတ်တည်းပေးခဲ့သည့် "ကျမ်းပြုအကျော်" ဆိုတဲ့ ကဝိဒါဃဘွဲ့တော် ဂုဏ်တို့သာမက သာသနာတော်မှာ တကယ်ရှိသင့် ရှိထိုက်တဲ့ ကိုယ်ပိုင်အလုပ် ကိုယ်ပိုင်ဥဏ်က ပေးခဲ့တဲ့ ဂုဏ်များလည်း ရှိနေပါတယ်လို့ ကိုယ်ပိုင်ဥဏ်က ပေးခဲ့တယ်ဆိုတာ သံယုတ္တဘာဏက၊ သိရောမဏိလို့ဆိုတဲ့ ဘွဲ့ဂုဏ်တွေ ပြောတာမဟုတ်ဘူးနော် ဒီလောက်ပဲ ပြောပါရစေတော့၊ နောက် ဣဋ္ဌဝါစဂုဏ်တော်ကို ဆက်ရအောင်။

ဣဋ္ဌဝါစ ခြေတော်ရာ

(၄) ဣဋ္ဌဝါစဆိုတဲ့ ခြေတော်ရာကြီး ၊ ဆရာတော်မှာ စကားပြောရာမှာ ဖြစ်စေ၊ တရားဟောရာမှာ ဖြစ်စေ၊ တပည့်တပန်းကို ဆိုဆုံးမသည့် နေရာမှာ ဖြစ်စေ၊ ဘယ်နေရာမှာမှ တင်းတင်းမာမာ အော်ကြီးဟစ်ကျယ် မပြောဘူး၊ သမ္မပ္ပလာပဆိုတဲ့ စကားမျိုးမှာ ဆရာတော်ထံမှ ကြားကို မကြားဖူးဘူး၊ အမြဲတမ်း သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့နဲ့ အကျိုးရှိရာကိုသာ ပြောတာ၊ ဒီတော ဆရာတော် စကားပြောပြီဆိုရင် အနှစ်သာရရှိ ဗဟုသုတရ ဆောင်ရန်ရှောင်ရန်တို့ကို သိရမှာမို့ အသိအလိမ္မာ တိုးလိုသူတိုင်းက ဂရုတစိုက်ရှိကြနားထောင်ကြပါတယ်။

သူများ အတင်းကိုလည်း ပြောတယ်လို့ မရှိဘူး၊ သူများပြောရင်လည်း ပြန်လှန် မပြောပေမယ့် မကြိုက်ဘူး။

တခါက ရဟန်းငယ် ကိုရင်ငယ်လေးတွေနဲ့ စပ်ပြီး သာသနာတော်အတွက် အားမလို အားမရ ရှိတာလေးကို ဆွမ်းစားပြီး ဆရာတော်နဲ့ ရေနွေးကြမ်းဝိုင်းမှာ ပြောမိတယ်။

"တပည့်တော် မြို့ထဲသွားတော့ဘုရား၊ တချို့ ဦးဇင်း,ကိုရင်တွေ အနေအထိုင် အချိုးမကျလေးတွေ တွေ့ရတယ် ဘုရား၊ ဧကသီကြီး ပခုံးပေါ် ပြစ်တင်၊ အံသကိုင်ဆိုပြီး အထဲက ကိုယ်ချပ်ဝတ်ထားတာကလည်း ကျယ်သီးတွေနဲ့၊ ဖွာနေတဲ့ ကြိုးတွေနဲ့၊ ပြီးတော့ အချိန်လွန်မှ ဖာလူဒါဆိုင်မှာ ထိုင်လို့၊" ဘုန်းကြီးက လျှောက်မိတယ် ၊ ဒီတော့ ဆရာတော်က ၊

"ဦးခေမာ အဲဒီကိုယ်တော်တွေကို ဦးခေမာ ပြုပြင်ပေးနိုင် မလား" တဲ့၊

"ဘယ်ဖြစ်မှာလဲ ဘုရား၊ ကိုယ့်တပည့်လဲ မဟုတ်၊ ကိုယ့်ကျောင်းကလဲ မဟုတ်"၊ ဘုန်းကြီး ပြန်လျှောက်လိုက်တယ်။

"ဒီလိုဆိုရင် မပြောနဲ့လေ၊ ဘုန်းကြီးတို့လဲ ဆရာကောင်းနဲ့သာ မတွေ့ဘူးဆိုရင် အဲဒီ ဦးခေမာ တွေ့ခဲ့တဲ့ ပုဂ္ဂိုလ်တွေထက် ပိုဆိုးမှာ" တဲ့ ။

ကဲ ဘယ်လောက်ပဲ ဣဋ္ဌဝါစာကို အလိုရှိ ပြောဆိုသလဲ၊ မှတ်သား ကြည်ညိုစရာ ကောင်းလိုက်တာ ။

နောက်တစ်ခု သိက္ခာကာမအကြောင်း ဆက်ကြရအောင်နော် ... ။

သိက္ခကာမ ခြေတော်ရာ

(၅) သိက္ခကာမဟူသော ခြေတော်ရာကြီး ၊ ဆရာတော်ဟာ သိက္ခာသုံးပါး အကျင့်တရားကို ဘယ်လောက်လိုလားသလဲ ဆိုရင် ၊ လောကဂုဏ်သိရ် ၊ စည်းစိမ်ဥစ္စာ၊ ကိုယ်အင်္ဂါ၊ အသက်ထက်မက သီလကိုသာ ပိုမိုလိုလားပါတယ်။ ဘယ်လိုနည်းနှင့်မျှ သီလကို အပျက်းအပဲ့ မခံပါ၊ ပျံလွန်တော်မူတာတောင်မှ အသက်ကို စွန့်ပြီး သီလကို မရ အရ ယူခဲ့ခြင်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ် ။

ဒီအကြောင်းကိုတော့ အကျယ် မပြောတော့ပါဘူး၊

အား ပုဗ္ဗဝိဒေဟကျောင်းဆောင်မှာ ဝါဆိုရတယ် ။

အဲလို ဝါဆိုစဉ် အချိန်အခါမှာ အခုနပြောတဲ့ သာဓု ဇနာနန္ဒကျောင်းက ဆောက်နေဆဲ၊ပုဗ္ဗဝိဒေဟကျောင်းဆောင် အောက်မှာ သာသနာရေးဦးစီးဌာနက အရာရှိ ဦးအုန်းလွင် သွပ်ပြားတွေ ခွဲတမ်းပေးနေတယ် ၊ ဆရာတော်ရဲ့ နံနက်တိုင်း ညနေတိုင်း ဆုံတာပဲ ၊ အခြား အခြားဘုန်းကြီးတွေ လာပြီး တော့ သွပ်ပြားတောင်းကြ လှေကားလွှာတင်ကြ ဘာကြ ညာကြပေါ့လေ၊ ဆရာတော် ဘာတစ်ခွန်းမှ မပြောခဲ့ဘူး ။

နောက်တော့ ကျောင်းက ဒကာတွေ ကျောင်းကလဲ ဆောက်နေ ၊ သွပ်ပြားကလဲ အခက်အခဲတွေ့ ၊ ကမ္ဘာအေးမှာ ဘုန်းတော်ကြီးကျောင်းတွေအတွက် သွပ်ပြားပေးတယ်ကြား တော့ သွားကြ၊ ဦးအုန်းလွင်နဲ့တွေ့ အကျိုးအကြောင်းပြော ကြ ၊ ဒီတော့ ဦးအုန်းလွင်-က ၊

"ဟာ ဗျာ ဆရာတော်နဲ့ကျနော် နေ့တိုင်း ဆုံနေ တာပဲ၊ ဆရာတော်လဲ မြင်နေတာပဲ၊ ဆရာတော် ဘာတခွန်းမှ မပြောဘူးဗျာ၊ သူက ပြောရင် လုပ်ပေးလိုက်မှာပေါ့၊ ဒီလို လုပ်ဗျာ၊ ဒီမှာ ဆရာတော့်လက်မှတ် လိုသေးတယ်၊ ဆရာ တော့်လက်မှတ်နဲ့ဆို ရသလို လုပ်ပေးလိုက်မယ်" ၊ စသည်ဖြင့် ပြောတော့ ဒကာတွေ ဆရာတော်ထံ ရောက်လာကြတယ်၊ အကျိုးအကြောင်း လျှောက်တယ်။

ဆရာတော်က မေးတယ်၊ "ဘုန်းကြီးလက်မှတ်ပါမှ ဒီကျောင်းက ပြီးမှာလား၊ ဘုန်းကြီးလက်မှတ် မပါတဲ့နှည်း ဓနိမိုးရင်လဲ ပြီးတယ်မဟုတ်ဘူးလား" တဲ့ ဆရာတော်က ခွဲ့ပြောတာ မဟုတ်ဘူးနော်၊ ရောင့်ရဲတဲ့စိတ်နဲ့ သိက္ခာသုံး ပါး၊ကို လိုလားတဲ့စိတ်ပေါ့လေ၊ ဒါလေးကို ဘုန်းကြီးတို့ ကြည်ညိုလို့ မဆုံးနိုင်ဘူး၊ ပြောပြလို့ မဝနိုင်ဘူး။

နောက်တစ်ခု ကြည်ညိုကြ ပူဇော်ကြဦးမယ်ဆိုရင် သက်သေလဲ ရှိသေးလို့ ပြောချင်ပါသေးတယ်။

တခါက ဆရာတော် အပြင်ဖက် အလှူတစ်ခုကပြန် လာ ၊ ပစ္စည်းတွေလဲ အများကြီးပါလာ ဓမ္မာရုံပေါ်မှာလဲ အခုရွေ့က ထိုင်နေတဲ့ နာယကကြီး ဦးဘဌေ ရှိတယ်။

"ဦးဘဌေသွားခေါ်ချေစမ်း" ဆိုလို့ နာယကကြီးကို ခေါ်လာတယ်၊ဆရာတော်က "ရော့ ဒကာကြီး ဒီဓာတ် ဗူးသုံး" ဆိုပြီး ဓာတ်ဗူးတစ်လုံး စွန့်လိုက်တယ် ၊ နာယကကြီး သိပ်ပြီး ရှည်လျားသွားမှာစိုးလို့၊ ဘုန်းကြီးကလဲ သာသနာ ခေတ်နောက်ပိုင်းမှာ ဂုဏ်ရမှု,ဘွဲ့ရမှု,ပစ္စည်းရမှုတို့ကိုသာ ရှေးတန်းတင်ပြီး ကြိုးစားနေကြလို့ ရုပ်ဝတ္ထု ကျောင်းကန် တွေတော့ တိုးတက်ပြီးနေပေမယ့် သီလသိက္ခာပိုင်းမှာ သိပ်ပြီး တော့ ကျဆင်းနေတဲ့ ခုလို အခါမျိုးမှာ သိက္ခာကာမနဲ့ ပတ်သက်ပြီး သိပ်ပြီး ပြောချင်တာပဲ၊ နည်းနည်းလေးပေါ့နော် အာရုံပြုကြပါဦး။

တခါက သပြေကန်ဆရာတော် ဒီရွှေကျင်ကျောင်း မှာ ရောက်စက ကျောင်းတွေ ကန်တွေ ဒီလောက် မပြည့်စုံ သေးပါဘူး ၊ ဆရာတော်နေရတာက ကျောင်းအိုကြီး အောက် ထပ် အနောက်ဖက်ခန်း၊ ကျနေဆိုရင် ပူတဲ့ဖက်၊ အနံ့ဆယ်ပေ အလျား၌စ်ဆယ်ပေမျှသာရှိတဲ့ အခန်းကျဉ်းလေးထဲမှာ တစ် ဖက်ကသုံးထပ်ပြာအဟောင်းတွေ တစ်ဖက်မှာကသွပ် ပြားကာထား၊ ကျနေဆိုရင် သိပ်ပူတာပဲ၊ ကြွက်တွေက လည်း သောင်းကြမ်း၊ အပေါ်ထပ်မှာ နေတာက ရဟန်းငယ် ကိုရင်ငယ်လေးတွေ၊ ဆော့တာလဲ ရှိတယ်၊ အနေအထိုင် မတတ်တာလဲရှိတယ်၊ တစ်ခါတစ်ခါ တဒိုးဒိုး တဒေါက် ဒေါက်နဲ့၊ ဆရာတော်ဟာ အသံတိတ်ဆိတ်မှုကို သိပ်ကို လိုလားတာပဲ။ သို့သော် ဆရာတော်ဟာ သည်းခံပြီး သီ တင်းသုံးတော်မူတယ်။

နောက်တော့ အခု သာဓုဇနာနန္ဒပေါ့၊ ကျောင်းတစ် ဆောင် ဆောက်မယ်လို့ စီစဉ်ကြ၊ တကယ်တော့ ဆရာတော့် အတွက် သိပ်ပြီး လိုအပ်နေတာ၊ သည်အချိန်မှာ ဘုန်းကြီး ကို ဘာပြောသလဲလို့ ဆိုတော့၊

"ဦးခေမာ အချို့ကျောင်းတွေမှာ ဘုန်းကြီးရဲ့ ပစ္စည်းဝတ္ထု မပါလို့ နိသဒ္ဓိ မထိုက်ပေမယ့် ၊ ဘုန်းကြီးတွေ က မအပ်မရာ စီစဉ်လို့ 'ဒုဗ္ဘိစာရဏာ ဒုက္ကဋ်' ဆိုတာ သင့် တတ်တယ် ဒါကို သတိထားပါ" တဲ့ ။

ကဲ လာတဲ့၊ ဒကာ ဒကာမတွေထဲက အလှူခံဖို့ဆို တာ ဝေးလို့၊ သိက္ခာသုံးပါးကို ဘယ်လောက်လိုလားသလဲ၊ သူများကိုသာ သတိထားခိုင်းတာ မဟုတ်ဘူး ၊ ဆရာတော် ကိုယ်တိုင်ကလဲ သတိထားတယ် ။

တစ်ခါက ဆရာတော်မှာ ကျောက်ပုံတောရဝိနိစ္ဆယ နဲ့ ပတ်သက်ပြီး နိုင်ငံတော်သီးခြားဝိနည်းဓိရ်အနေနဲ့ ကမ္ဘာ

ကတော့ ပြုံးလို့ပေါ့လေ -- ဟဲ ဟဲ ၊ နာယကကြီးလဲ ဓမ္မာရုံပေါ် ပြန်သွား ။ မကြာခင် ဆရာတော်ဘွဲ့ မပါဘဲနဲ့ ရွှေကျင်ကျောင်းတိုက် ဆိုတဲ့ စာတမ်းကို သွားတွေ့တယ်၊ ဘာလဲလို့မေးလို့ ဆရာတော်ကို ပြလိုက်တယ်၊ ဆရာတော်က ''ဒကာကြီး ဦးဘငွေ သွားခေါ်ချေအုန်း'' တဲ့ နာယကကြီးကို ပြန်ခေါ်လာတော့ ''ဒကာကြီး ဘုန်းကြီးကို ပစ္စည်းလေးပါး ဖိတ်ဖူးတယ်နော်'' တဲ့ ဆရာတော်က မေးတယ်။

''ဖိတ်ဖူးပါတယ် အရှင်ဘုရား'' ပေါ့ ''အခုနဘုန်းကြီးပေးတဲ့ ဓာတ်ဗူး ဘုန်းကြီးကို ပြန်လှူပါ'' တဲ့ ၊ နာယကကြီးလဲ ဓမ္မာရုံပေါ် ပြန်သွား၊ ဓာတ်ဗူးလေးယူလာ၊ ဆရာတော်ကို ပြန်ကပ်၊ နာယကကြီး မျက်နှာကို ကြည့်လိုက်တော့ မျက်ရည်တွေနဲ့ -- ဟဲ ဟဲ ၊ ဓာတ်ဗူး နှမြောလို့ မဟုတ်ပါဘူး ၊ ''ဟာ ငါ့မှာ ဒီလို ဝိနည်းကို အသေးစိပ်ကစပြီး သတိထားတဲ့ စကယ် သိက္ခာကာမပုဂ္ဂိုလ်မြတ်ကြီးကို ပစ္စည်းလေးပါးဖြင့် လှူဒါန်းခွင့် ရရုံမျှမက (၁၀)နှစ်ကျော်ကျော် အနီးကပ် လုပ်ကျွေးခွင့် ရပါလား'' လို့ ဝမ်းသာပီတိ မျက်ရည်တွေပါ။

ဆရာတော်က အလှူခံပြီး သူသုံးနေကျ ဓာတ်ဗူးကို အစားပြန်ပေးလိုက်တယ်၊ တကယ် ကြည့်မယ်ဆိုရင် ဆရာတော်ကကော ဘုန်းကြီးတို့ကပါ သံဃာကို ပန်ကြားထားတာပါ။

''သာသနာတော်အတွက်လည်းကောင်း၊ ကျောင်းတိုက်အတွက်လည်းကောင်း ကျွေးဋ္ဌေးများတဲ့ ပုဂ္ဂိုလ်ကို သံဃိက လဟုဘာဏ်ပစ္စည်းများကို ပေးသင့် ပေးထိုက်လို့ ပေးရင် သံဃာတော်က ကျေနပ်ကြပါ'' ။ လို့ ပန်ကြားထားတာပါ၊ ပန်ကြား ခွင့်တောင်းပြီးသားပါ။

သို့သော် ပန်ကြားပြီး ဖြစ်ပေမယ့်လို့ ဆရာတော်ဟာ သိပ်ပြီးတော့ အလေးထားတာ၊အဲဒါကြောင့် ဆရာတော်ရဲ့ ဂုဏ်ရည်တွေဟာ ဒီ သိက္ခာကာမနဲ့ ပတ်သက်ပတ်သက်၊ ဘာနဲ့ပဲ ပတ်သက်ပတ်သက် ပြောပြလို့ မကုန်နိုင်ပါဘူးလို့ ဘုန်းကြီး ပြောလိုပါတယ်။

ကဲ ဒီနေ့ အဆုံးသတ်ကြရအောင်နော်.... အခုလို ခေတ်နောင်း သာသနာမှာ သီလသိက္ခာကို လိုလားတဲ့ ပုဂ္ဂိုလ်တော်တော်နည်းနေတဲ့ အထဲမှာ သပြေကန်ဆရာတော်ဟာ တော့ဖြင့် တကယ် သီလသိက္ခာကို လိုလားတဲ့ ပုဂ္ဂိုလ်လို့ အားလုံးသိကြပါပြီ။

အခု ဆရာတော်ကို ပူဇော်ဂုဏ်ပြုရတာဟာ ဆရာတော်မှာ ပိုပြီးတော့ ဂုဏ်တက်မသွားပါဘူး၊ ပူဇော်ကြရတဲ့ ဒကာ ဒကာမတွေ၊ ဘုန်းကြီးတို့တစ်တွေမှာသာ ကုသိုလ်တွေတိုးပွါး ဂုဏ်တွေတိုးသွား သာသနာတော်အတွက်အကျိုးကျေးဇူးများလို့ ရည်မှန်းဂုဏ်ပြု ပူဇော်ပွဲ လုပ်ရတာပါနော်..။

ဆရာတော်ကြီးအား ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များက တကယ်အားကိုး တကယ်ကြည်ညိုလို့ ရွှေကျင်နိကာယဥပဉ္ဇ္ဈဘွဲ့တော်ကို အပ်နှင်းသည့်အခါ စာရေးဆရာကထိကရဟန်းရဲ့ ကလောင်ဖျားမှ ထွက်လာတဲ့ ကဗျာလေးကို ပူဇော်ပွဲနှင့် လိုက်လျောအောင် ပြုပြီးတော့ ဘုန်းကြီးရဲ့ ''ကြည်ညိုဖွယ်ရာ ဂုဏ်ဖြာဖြာ'' နှင့် နိဂုံးချုပ်ကြပါစို့။

ဒို့တွက် ဂုဏ်ထည် မြင့်တော့သည်
ခေတ်နောင်း သာသနာ...
ခု အခါဝယ် ...
ပညာကဲမြင့် ..
အကျင့်ကဲလွန် ...
သုတဝန်ဖြစ် ၊
ထေရ်စစ် ရှင်မွန် ....
ပုဂ္ဂိုလ်ချွန်ကို
ဒို့မှာ ဂုဏ်ပြု
ပူဇော်မှသည် ...
ဒို့တွက် ဂုဏ်ထည်....
မြင့်တော့သတည်း ..... ။
(သာဓု ..... သာဓု.....သာဓု....)

အရှင်ခေမာစာရ(အဂ္ဂမဟာပဏ္ဍိတ)

၁။ တလေးတစား အရေးထားပင့်ဖိတ်သဖြင့် ကြွရောက် ချီးမြှောက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယက အမှူးပြုသော သံဃာတော်အရှင်မြတ်တို့ဘုရား။

အရှင်မြတ်များအား မြန်မာနိုင်ငံ ထေရဝါဒ သာသနာတော်မြတ်ဝယ် သီလ သုတ ပညာ အရာတွင် စံထား ရာဖြစ်သော သပြေကန်ဆရာတော်အရှင်မြတ်ကြီး၏ ဂုဏ်ရည်ကို မှန်းဆပူဇော်ရာဖြစ်သော ဤပွဲသဘာမှာ အရှင်မြတ်တို့အား တစ်စုတစ်ဝေးတည်း စုံစုံလင်လင် ဖူးတွေ့ရပါသဖြင့် သမဏာဒဿနမင်္ဂလာ အခါခါဖြစ်ရသည်မို့ ကုသိုလ်တရားများ တိုးပွားရကား ဝမ်းမြောက်ပါကြောင်းကို ရှေးဦးစွာ လျှောက်ထားအပ်ပါသည် အရှင်မြတ်တို့ဘုရား။

တဆက်တည်းမှာပဲ ပြောကြားလိုတာကတော့ ဤပူဇော်ပွဲကြီးမှာ ဆရာတော်ကြီး၏ တပည့် ဒကာ ဒကာမ များတွေ တော်တော်များများ တက်ရောက်ဖူးမြော် ကြည်ညိုပူဇော်ကြသဖြင့် ဝမ်းမြောက်ကျေးဇူးတင်ရုံမျှမက၊ ခုလို သီလ သမာဓိ ပညာပြည့်ဝတဲ့ ဆရာတော်ကြီးရဲ့ကျေးဇူးဂုဏ်များကို ပူဇော်သောအနေ ကျေးဇူးဆပ်ရသဖြင့် ကျွန်တော်တို့တစ်တွေ ဟာ အလွန်ကံကောင်းကြလို့ ဤနေရာဟာ ကံကောင်းသူတို့ ဆုံဆည်းရာနေရာ ဖြစ်ကြောင်းကိုလည်း ဓမ္မမာမက ကလျာဏ မိတ်အပေါင်း သူတော်ကောင်းတို့ကိုလည်း ပြောကြားအပ်ပါတယ်။

၂။ လောကမှာ နေမင်းကြီး လမင်းကြီးလို့ပြောလိုက်လျှင် နေဆိုတာ အလင်းရောင်ကိုပေးပြီး သက်ရှိ သတ္တဝါများ နှင့် သက်မဲ့ခေါ်ရတဲ့ သစ်ပင် ပန်းများကို စိမ်းလန်းရှင်သန်အောင် ဆောင်ရွက်နေပါလား၊ လမင်းကြီးလို့ ပြောလိုက်လျှင်

သတ္တဝါများကို အလင်းရောင်ပေးပြီး အအေးဓာတ်ကို ဖြန့်ချိနေပါလားဟု လောကသားတိုင်းက သိကြသလို၊ သပြေကန် ဆရာတော်ဟု ဆိုလိုက်လျှင် ထေရဝါဒသာသနာ့လောကမှာ ပညာလိုလားတဲ့ ရဟန်းတော်များက ပရိတ်ကြီးနိသယသစ် စသည်ဖြင့် မျက်မှောက်သာသနာ့အလင်းရောင်ပေးတဲ့ ဆရာတော်ကြီးပါလား၊ သီလ လိုလားကြတဲ့ ရဟန်းတော်များက သီလ အအေးဓာတ်, မေတ္တာအအေးဓာတ်ပေးပြီး မျက်မှောက်ခေတ်မှာ သတ္တဝါတို့ ငြိမ်းချမ်းမှုကိုပေးတဲ့ ဆရာတော်ကြီးပါလားလို့ အသိအမှတ်ပြုကြပါတယ်၊ တိုတိုပြောရလျှင် မျက်မှောက်သာသနာ လောကမှာ သပြေကန်ဆရာတော်ဟာ နေ့မှာနေမင်း ညဉ့်မှာ လတစ်စင်းလို့ ပြောလျှင်မလွဲနိုင်ပါဘူး၊ အဲဒီလို ဆရာတော်ကြီးကို တပည့်တော်တို့ တပည့် ဒကာမများအနေနဲ့ ဂုဏ်မပြု မပူဇော်ဘူးဆိုလျှင် သာသနာမှာ တာဝန်မကျေသူတွေ ဖြစ်သလို အခွင့်ကောင်းကြီးတစ်ခု လာဘ်ကောင်းကြီးတစ်ခုကိုလည်း မျက်နှာလွဲ အဆုံးရှုံးခံရာ ရောက်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ယခုလို ဂုဏ်ရည်မှန်းဆပူဇော်ပွဲ လုပ်ရခြင်းပါ။

၃။ တစ်နည်းပြောရလျှင် ဆရာတော်ကြီးဟာ အဘိဓဇ မဟာရဋ္ဌဂုရု ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ ကျမ်းပြုအကျော်စသည့် ထိုက်ထိုက်တန်တန်ဂုဏ်များကို ပန်ဆင်ထားရုံမျှမက သီလအရာမှာ သူတော်ကောင်းတို့က စံထားရာ၊ ပညာအရာမှာ ပညာရှင်လောကတစ်ခုလုံးက အားထားရာ သမာဓိအရာမှာ တစ်သာသနာလုံးက ကြည်ညိုရာဖြစ်သော သပြေကန်ဆရာတော်ဘုရားကြီးအား ဂုဏ်ရည်ပူဇော်ပွဲပြုလုပ်ရခြင်း၏ အကြောင်းတို့မှာ-

(၁) ကျွန်တော်တို့ တပည့် ဒကာဒကာမများ ကုသိုလ် တရားတိုးပွားစေရေး ။

(၂) ကျေးဇူးသိတတ် ကျေးဇူးဆပ်တတ်သော တရားကောင်းများ နောင်လာ နောင်သားများထံလက်ဆင့်ကမ်း အပ်နှံ၍ သူတို့တစ်တွေ သယ်ယူသွားနိုင်ရေး။

(၃) ဆရာတော်ကြီးလို သီလ သုတ စွယ်စုံ ပြည့်ဝသော ရှင်ကောင်း, ရဟန်းကောင်းများ ဖြစ်ထွန်း ထွက်ပေါ်လာနိုင်ရေး။

(၄) ထို ရှင်ကောင်း, ရဟန်းများကို အမှီပြု၍ သာသနာတော် အခွန့်ရှည်ကြာ တည်တံ့နိုင်ရေး။

(၅) သပြေကန် ဆရာတော်ကြီး၏ အဆိုအမိန့် ဩဝါဒ များ လောကလူသားတို့အလယ် ပို့နှံ့၍ ယဉ်ကျေး သိမ်မွေ့သည့် လူ့ဘောင်သစ်ကြီး တည်ဆောက်နိုင်ရေးတို့ပင် ဖြစ်ပါသည်။

ထို့ကြောင့် ဤပူဇော်ပွဲကြီးကို လောကကို အလင်းရောင်ပေးမည့် သာသနာပြုလုပ်ငန်းကြီး တစ်ရပ်လို့လည်း သုံးသပ်၍ ရနိုင်သည်ကို အမြင်အမြော်ကြီးမားသည့် ပညာရှင်ကြီးများ သူတော်ကောင်းကြီးများ ဆရာတော် သံဃာတော်များ လက်ခံကြမည်ပင် ဖြစ်ပါသည်ဘုရား။

၄။ ဤပူဇော်ပွဲကြီး ဖြစ်မြောက်ရန် ဤရွှေကျင်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဘဒ္ဒန္တဓမ္မာစာရ၏ လမ်းညွှန်မှုကိုခံယူ သဒ္ဓါရှင် စေတနာရှင် ဒကာဒကာများကို အားထားပြု တပည့်တော်များ သာသနပါလကအဖွဲ့၏ လုံ့လ ဝီရိယတို့ကို ပေါင်းစုကာဖြင့် အပျော်အပါး မပါ၊ ပကာသနမဖက်၊ ဓမ္မလမ်းကြောင်းသက်သက် ရွှေကျင်ဂိုဏ်းကြီး၏ စည်းကမ်းဘောင် အတွင်းက ဓမ္မသက်သက်ဖြင့်သာ ပူဇော်ပွဲကို ပြုလုပ်ကြပါသည်ဘုရား ။

တပည့်တော်များ၏ အနန္တ ကျေးဇူးတော်ရှင် သပြေကန်ဆရတော် အရှင်မြတ်ကြီးကလည်း လွန်တော်မမူမီက **"လောက ပကာသနဖက် လိုက်သွားလျှင် ဓမ္မဖက် လျှော့သွားတတ်တယ်"** ဟု ဆုံးမဩဝါဒ ပေးခဲ့ဖူးပါသည်။ ထိုဩဝါဒကို လိုက်နာကျင့်သုံးပြီး စည်းကမ်း မူဘောင် အတွင်းက အရုံးမဖက် အမြတ်ချည်းသက်သက်ဖြင့် ယခုလို ရည်မှန်းပူဇော်ပွဲကို ပြုလုပ်ခြင်း ဖြစ်ပါသည် အရှင်မြတ်တို့ဘုရား။

၅။ ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲကြီး၏ အကြိုပူဇော်ပွဲများအဖြစ် အကြိုညချမ်း ဓမ္မပူဇာများကိုလည်း(၅)ရက်တိုင်တိုင်

ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြ၍ ဓမ္မသဝဏ ဓမ္မဒေသနာကုသိုလ်များကို ဆည်းပူးကာ သာသနာတော်အားကျေးဇူးများသော ပူဇော်ခြင်းဖြင့်လည်း ပူဇော်ခဲ့ကြပါသည်ဘုရား။။

၆။ ဤသို့ အကျိုးများပြားလှသော သပြေကန်ဆေရ မဟာဂုဏ ပွဲသဘင်ကို ယခု(၁၀)ကြိမ်မြောက်သာမက တပည့်တော်များ သက်ဆုံးတိုင် ဆရာဒကာ လက်တွဲ၍ နှစ်စဉ် နှစ်စဉ် ကျင်းပသွားမည် ဖြစ်ကြောင်းကိုလည်း ဝန်ခံလျှောက်ထားရင်း တပည့်တော် ဒကာခင်လှ၏ ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲ ကျင်းပရခြင်းအကြောင်း လျှောက်ထားပြောကြားခြင်းကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

(သာဓု… သာဓု… သာဓု)

အားလုံးကို လေးစားကျေးဇူးအထူးတင်ပါတယ်ခင်ဗျား။

ပင့်ဖိတ်သဖြင့် ကြွရောက်သီတင်းသုံး ချီးမြှောက်တော်မူကြသော နိုင်ငံတော်သြဝါဒစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဤ ရွှေကျင်ကျောင်းတိုက်ကြီး၏ သြဝါဒစရိယ ဖြစ်တော်မူသော မြန်မာသီရိလင်္ကာ ဆရာတော်ဘုရားကြီး၊ တိပိဋကဓရ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ ရန်ကုန် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အရှင်သုမင်္ဂလာလင်္ကာရ အမှူးပြုသော ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား။

ယခု သပြေကန်ဆရာတော်ကြီး၏ ဂုဏ်ရည်မှန်းဆပူဇော်ပွဲမှာ ဆရာတော် သံဃာတော် အရှင်မြတ်များကို စုံစုံလင်လင် ဖူးမြော်ကြည်ညိုခွင့်ရသည့်အတွက် ရွှေကျင်ကျောင်းတိုက် သာသနပါလကအဖွဲ့နှင့် တပည့် ဒါယကာ ဒါယိကာမများမှာ ကြည်နူးဝမ်းမြောက်မိပါကြောင်းကို ရှေးဦးစွာလျှောက်ထားပါရစေ အရှင်မြတ်တို့ဘုရား။

ဘုရားတပည့်တော်များ၏ ကျေးဇူးတော်ရှင် သပြေကန်ဆရာတော် အရှင်မြတ်ကြီး၏ သီလဂုဏ်,သမာဓိဂုဏ်, ပညာဂုဏ်တို့မှာ ကောင်းကင်ပြင်လို ကျယ်ပြန့်၊ သမုဒ္ဒရာလိုနက်ရှိုင်း၊ မြင့်မိုရ်တောင်လို ကြီးမားပါသည်ဟု ဆိုက လွန်မည် မထင်ပါဘုရား။

ဆရာတော်ကြီး လွန်တော်မူသွားပေမယ့် သာသနာ့နယ်ပယ်မှာ ကျင့်ဝတ်နှင့်ပဲစပ်စပ်၊ ပညာနှင့်ပဲစပ်စပ် သပြေကန် ဆရာတော်ကြီး ဂုဏ်ကျေးဇူးတော်တို့ကို ယနေ့တိုင် ထုတ်ဖော်ပြောကြား အမျိုးမျိုး ချီးမွမ်းလျက် ရှိနေရုံမျှမက၊ ထေရဝါဒသာသနာတော် တည်သရွေ့ ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတွေကို ဆိုလျက်ရှိမည်မှာ သေချာပါသည်ဘုရား။

အကုန်အစင် မဟုတ်ပေမယ့် ဂုဏ်ကိုသိသော ဆရာကောင်းတပည့် ပီသသည့် ဘုရားတပည့်တော်တို့ တပည့် ဒါယကာ ဒါယိကာမများမှာ သာသနာတော်၏ ဂုဏ်ကျေးဇူး၊ ဆရာအရှင်၏ ဂုဏ်ကျေးဇူးကို ဆပ်သောအားဖြင့် လည်းကောင်း တပည့်တော်တို့ ဒကာ ဒကာမများ ကုသိုလ်တရားတိုးပွါး အကျိုးများခြင်းငှာလည်းကောင်း၊ ဆရာတော်၏ ဂုဏ်ရည်ကို မှန်းဆပူဇော်ရခြင်း ဖြစ်ပါသည် ဘုရား။

ဤရှစ်နှစ်မြောက် ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲကြီးကို ရွှေကျင်ကျောင်းတိုက် ပဓာနနာယကဆရာတော်၏ သြဝါဒကို ခံယူပြီး သာသနပါလကအဖွဲ့ ဂုဏ်ထူးဆောင် နာယကကြီးများ၏ လမ်းညွှန်မှုဖြင့် တပည့် ဒါယကာ ဒါယိကာမများ အကြိမ်ကြိမ် အခါခါ တိုင်ပင်ညှိနှိုင်း၍ ဆရာတော်ကြီးကို ပူဇော်နိုင်ဖို့အတွက်၊ ၁၃၆၄-ခု တပို့တွဲလဆန်း(၇)ရက် စနေနေ့ နံနက်အချိန်အခါကို သတ်မှတ်ပါသည် ဘုရား။

နတ်လူတို့ ချစ်ကြသည်

စကားဝါပန်းနှင့် နှင်းဆီပန်းတို့၌ အဆင်းအနံ့များ ရှိသကဲ့သို့ အရိယာတို့၌ သီလ၊ သမာဓိ၊ ပညာ သိက္ခာများ ရှိခဲ့ရာ အဆင်းအနံ့ ရှိသော ပန်းကို လူတို့ မြတ်နိုးအပ်သကဲ့သို့ ထိုသီလ စသည့် ဂုဏ်ရည်ရှိသော အရိယာအရှင်များကလည်း နတ်လူတို့၏ ချစ်မြတ်နိုးခြင်းကို ခံယူရပေသည်။

အရှင်ဝါသေဋ္ဌာဘိဝံသ

ဤသို့ သတ်မှတ်ပြီးသောအခါ၊ အကြိုညချမ်း ဓမ္မပူဇာများဖြင့်(၄)ညတိုင်တိုင်ပူဇော်ပြီးကာ ဝိပဿနာ အလုပ်ပေးတရားကို ကမ္မဋ္ဌာနာစရိယက ဟောပြောပြသကာ ဒကာဒကာမများ ဝိပဿနာတရားများကို အားထုတ်၍ ဓမ္မကို ကျင့်ခြင်းဖြင့်လည်းကောင်း၊ ဆရာတော်ကြီးကို ပူဇော်ခဲ့ပါသည်ဘုရား။

ယခုနှစ် ပူဇော်ပွဲမှာ ပင့်သံဃာ(၃၄)ပါးနှင့် ကျောင်းတိုက်သံဃာ(၅၀)ကျော်တို့အား သပြေကန်တရား ပေါင်းချုပ်အမှတ်(၂) သပြေကန်စာတိုပေစ၊ ဘဝတစ်ကွေ့ ခဏတွေ့ တရားစာအုပ်များအပြင် တစ်ပါးတစ်ပါးလျှင် သုံးထောင်ကျော်တန် ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းနိုင်ခဲ့ပါ သည်ဘုရား၊ ထိုသို့ လှူဒါန်းနိုင်ခြင်းမှာ တပည့်တော်များ၏ စွမ်းဆောင်ချက်ကြောင့် မဟုတ်ပါဘုရား၊ သပြေကန် ဆရာတော်ကြီး၏ သီလအရိန်အဝါ ဘုန်းရိပ်ကံရိပ်နှင့် တပည့် ဒါယကာ ဒါယိကာမများ၏ စေတနာသဒ္ဓါတို့ကြောင့်သာ ဖြစ်ပါသည်ဘုရား။

ပေးဆပ်၍ မကုန်နိုင်သော သပြေကန်ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်တို့ကို အစဉ်သိသော ဘုရားတပည့် ဒါယကာ ဒါယိကာမများ စုပေါင်း၍ တပည့်တော်များ သက်ဆုံးတိုင် နှစ်စဉ်နှစ်စဉ် ဆရာတော်ကြီးအား ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲကို ပြုလုပ်သွားမည်ဖြစ်ပါကြောင်း လျှောက်ထားရင်း တပည့်တော်ခင်လှ၏ လျှောက်ထားချက်ကို အဆုံးသတ်လိုက်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

(သာဓု.... သာဓု...သာဓု...)

Love and Reverence of Men and Devas

JUST AS PEOPLE love and value the rose and the jasmine for their scent and beauty, so do men and Devas love and revere the Ariya, or Noble Ones(accomplished monks) for their morality, conentration and wisdom.

ကိုးကြိမ်မြောက် သပြေကန်ဆရာတော်ဘုရားကြီး၏
ဂုဏ်ရည်ပှတော်ပွဲတွင် ဖတ်ကြားသော စာတမ်း

ဒဂုတ္တရယ် ဒုတိယ ဟိုကြားလိုက်ကွဲ

ဦးကျော်လှိုင်၊ ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာ(သက္ကဋ္ဌ)

တက္ကသိုလ်မှာ ရှိစဉ်ကတည်းက ဖတ်ရှုလေ့လာခဲ့ရသော ပရိတ်ကြီးနိသယသစ်ကျမ်းအရ သပြေကန် ဆရာတော်ကြီးကို ကြည်ညိုခဲ့ရာမှာ ၁၉၉၁-ခုနှစ်တွင် ဆရာတော်ကြီးကို ပထမအကြိမ် ဖူးတွေ့ရပါသည်။ ပုဇွန်တောင်ရေကျော် ကျီတော်ရပ်နေ မမွေးဘသက ဦးမောင်မောင်၏ နေအိမ်မှာ ဖြစ်ပါသည်။

စာရေးဆရာ ကျော်နန္ဒအောင် ကျေးဇူးကြောင့် ဖူးတွေ့ခွင့်ရခြင်း ဖြစ်ပါသည်။ ထို့နောက် ၄-နှစ်ခန့် ရှိသော အခါ ဤရွှေကျင်ကျောင်းတိုက်သို့ ဦးဆုံးရောက်ဖူးရပြီ ဆရာတော်ကြီးကို ဒုတိယအကြိမ် ဖူးတွေ့ခွင့်ရခဲ့ပြန်ပါသည်။ မြတ်ဆုမွန်မဂ္ဂဇင်း အုပ်,ခြောက်ဆယ်မြောက် အထိမ်းအမှတ်ပွဲ လုပ်စဉ်က မြတ်ဆုမွန် ဦးအောင်မွန်၏ ကျေးဇူးကြောင့် ဖူးတွေ့ခွင့်ရခြင်း ဖြစ်ပါသည်။ ထိုစဉ်က-

"တပည့်တော် ကျော်လှိုင်ပါ ဘုရား" ဟု နာမည်ဖော်၍ နှုတ်ဆက်စကား လျှောက်ထားသောအခါ ဆရာတော်ကြီးက-

"ပုတီးစိပ်ရေးတဲ့ ကိုကျော်လှိုင်မဟုတ်လား ဦးမောင်မောင်အိမ်မှာ တွေ့ဖူးတယ်လေ" ဟု အမိန့်တော် ရှိပါသည်။ သက်တော်ကြီးပြုဖြစ်သော ဆရာတော်ကြီးက တစ်ကြိမ်သာ တွေ့ဖူးသော မိမိနာမည်ကိုသာမက ရေးသည့် ဆောင်းပါးကိုပါ အပ်ချမတ်ချ မှတ်မိနေသည်ကို တွေ့ရသော အခါ ကြက်သီးဖျန်းဖျန်း ထခဲ့ရပါသည်။

သားတော်တည်းဟူသော သံဃာတော်နှင့်တကွ ဖြစ်တော်မူသော တရားတော်မြတ် အစုနှင့်တကွ ဖြစ်တော်မူကုန်သော ဘုရားရှင်တို့ကို လည်းကောင်း၊ မချွတ်ရှိခိုးထိုက်ကုန်သော ဆရာစသော ကလျာဏမိတ္တတို့ကို လည်းကောင်း ရိုသေစွာ ရှိခိုးပါ၏။

ရွှေကျင်ကျောင်းတိုက်သို့ ယခုအကြိမ်နှင့်မှ နှစ်ကြိမ်သာ ရောက်ဖူးပါသည်။ သို့သော် ရွှေကျင်ကျောင်းတိုက်နှင့်ကား ရင်းနှီးပြီးသားဖြစ်ပါသည်။ ဆရာတော် ဦးကောသလ္လ ရှိစဉ်ကပင် ဖြစ်ပါသည်။ ဆရာတော် ဦးကောသလ္လ၏ ဟောပြောချက်ကို နာဖူးပါ၏။ စင်စစ်အားဖြင့် မိမိသည် ရွှေကျင်နှင့် မစိမ်းပါ။

မြောင်းမြ-ဆရာတော် ဦးဉာနိက၏ ဟောပြောချက်ကိုလည်း နာဖူးပါသည်။ (ရွှေကျင်ဆရာတော်နှစ်ပါး၏ ဟောပြောချက်ကို ရန်ကုန်တက္ကသိုလ်ပါဠိဌာနမှ ဌာနမှူး ဆရာဦးတင့်လွင်၏ ကျေးဇူးကြောင့် နာဖူးရခြင်း ဖြစ်ပါသည်။)

လူသေလူဖြစ် ဝိနိစ္ဆယကိစ္စကို မြောင်းမြဆရာတော်ကိုင်တွယ်စဉ်က မြောင်းမြဆရာတော် အလိုရှိသော စာအုပ်စာတမ်းများ ကူညီခဲ့ဖူးပါသည်။ အာဘယာရာမ ဆရာတော်၏ ဟိတောပဒေသကျမ်း မုဒ္ဓဗောဓကျမ်းနှင့် အာဘိဓာန်နိသယသစ်ကျမ်းတို့သည် မိမိ၏ လက်စွဲကျမ်းများ ဖြစ်ပါသည်။

"ကောင်းလိုက်သည့် မှတ်ဉာဏ်၊ တကယ့် မှတ်ဉာဏ်ပါကလား"

ထို့ကြောင့်လည်း ပရိတ်ကြီးနိဿယသစ်ကျမ်း နိဒါန်းတွင် ဆရာတော် အရှင်သီလာနန္ဒက ကျမ်းပြုဆရာတော်အကြောင်း ဖော်ပြရာတွင်-

"ဤနိဿယသစ် ကျမ်းပြုဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသကား ထူးခြားသော ပုဂ္ဂိုလ်ဖြစ်တော်မူ၏။ ပါဠိတော်များကို တစ်ခေါက် နှစ်ခေါက် ဖတ်ရုံမျှဖြင့် အာဂုံဆောင်နိုင်လောက်အောင် ထူးခြားသော ပါရမီရှင်တစ်ဦး ဖြစ်တော်မူ၏။

သာမဏေဘဝကပင် ဝိနည်းငါးကျမ်း ပါဠိတော်ကို အာဂုံပြန်ဆိုခဲ့သဖြင့် ရွှေကျင်ဂိဏ်းတွင် မှတ်တမ်းတင်ရသော ပုဂ္ဂိုလ်လည်း ဖြစ်တော်မူ၏။ သံယုတ်ပါဠိတော် ငါးကျမ်းကိုလည်း ရဟန်း၀ါ-၁-၀ါအရွယ်မှာပင် အာဂုံပြန်ဆိုခဲ့သော ပုဂ္ဂိုလ်လည်း ဖြစ်တော်မူ၏။ အစိုးရ စာချုတန်း စာမေးပွဲ၌ တစ်နှစ်တည်းဖြင့် ကိုးကျမ်းလုံးကို ဖြေဆို အောင်မြင်တော်မူသဖြင့် "ဓမ္မာစရိယ သိရောမဏိ" ဘွဲ့ကို ရှေးဦးဆုံး ခံယူရရှိတော်မူသော ပုဂ္ဂိုလ်လည်း ဖြစ်တော်မူ၏" ဟု ချီးကျူးထားတော်မူပါသည်။

မိမိရေးသော ဆောင်းပါးကို အလေးထား ဖတ်ရှုတော်မူသည်ကို သိရသဖြင့်လည်း မိမိရေးသား တင်ပြပုံနေရာမကျပါက ကဲ့ရဲ့စရာ ဖြစ်မည်ကို စိုးရွံ့မိပါသည်။

ထို့ကြောင့် "မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ပုတီးစိပ်နည်း" စာအုပ် ထုတ်ဝေသောအခါ-။ ဤမင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ပုတီးစိပ်နည်းကို မိမိ ရေးသားရာ၌ အခက်အခဲများစွာ ကြုံတွေ့ရပါသည်။

အဓိက အခက်အခဲမှာ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိတော်မူဆဲဖြစ်၍ မိမိရေးသားတင်ပြပုံ နေရာမကျသဖြင့် ဆရာတော်ဘုရားကြီး စိတ်အနှောင့်အယှက် ဖြစ်ရမည်ကို စိုးရွံ့မိခြင်း ဖြစ်ပါသည်။

ထို့ပြင်လည်း "မြတ်ဆုမွန် မဂ္ဂဇင်း၌ တရားဒေသနာ ချီးမြှင့်တော်မူနေသော သပြေကန်ဆရာတော် ဘုရားကြီးသည် မြတ်ဆုမွန်မဂ္ဂဇင်းကို မလွတ်တမ်း ဖတ်ရှုတော်မူနေရာ၊ ထိုကဲ့သို့ နိုင်ငံကျော် ဆရာတော် မထေရ်ကြီးများ၏ ကဲ့ရဲ့ ပြစ်တင်မှုကိုလည်း လွန်စွာ ကြောက်ရွံ့ခဲ့ရပါသည်" ဟု ဖော်ပြခဲ့ပါသည်။

သပြေကန် ဆရာတော်ဘုရားကြီးကို ကြည်ညိုရသည့် အကြောင်းရင်းထဲမှာ ပရိတ်ကြီးနိဿယသစ်ကို ဝိသုဒ္ဓိမဂ္ဂနိဒါနကထာလာ သင်္ဂီဟဂါထာများနှင့် မွေးနွေးအလှူ၊ အနုမောဒနာတရားနှင့် ဗောဇ္ဈင်အကျိုးတရားတော်တို့ ပါဝင်ပါသည်။

၁၉၈၃-ခုနှစ်၊ ဩဂုတ်လ ၂၄-ရက်နေ့မှာ ဆရာတော် ဦးပညာသာမိ(မာဂမီ-သာစည်)က ဓမ္မဒါနပြုကထဲက ပရိတ်ကြီးနိဿယသစ်သည် မိမိ၏ လက်စွဲကျမ်း ဖြစ်လာခဲ့ရပါသည်။ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်ရှိ ဆောက်လုပ်ရေးရုံး ဗဟိုပစ္စည်းထိန်းဌာနမှာ ဓမ္မစကြာ ပရိတ်တော်အဖွဲ့ကို သင်တန်းပေးခြင်း ပုတီးစိပ်ဆောင်းပါး များ ရေးခြင်းကြောင့် အမြဲလေ့လာနေရသည့် ကျမ်းလည်း ဖြစ်ပါသည်။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တော် ပုတီးစိပ်ကို ရေးသားရာတွင် ဤပရိတ်ကြီးနိဿယသစ်သည် အဓိက အားထားရာ ဖြစ်ခဲ့ရပါသည်။

ထို့ကြောင့် ပရိတ်ကြီးနိဿယသစ်ထဲမှ ကြည်ညိုဖွယ်ရာအကွက်ကို အမြွက်မျှ ထုတ်ပြပါမည်။

ရတနသုတ် နိဿယထဲမှ "ယေ သုပ္ပယုတ္တာ" ဂါထာကို နိဿယ ပြန်ရာတွင် "လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ" ဟူသော ပါဒထဲမှ "မုဓာ" ဟူသော ပါဠိကို အမျိုးမျိုး အနက်ပြန်ကြပါသည်။

"မုဓာ" စိုးစဉ်းမျှ မပျက်သော သမာပတ်စိတ်ဖြင့် (စလင်း နိဿယ)။

"မုဓာ" သွားခရီးကို အားကြီး မှောင့်ယောင့် တားဆီး နှောင့်တတ်သော တစ်ထောင့်ငါးရာ ကိလေသာ ရန်သူ မာန်မမူနိုင်သောအားဖြင့် (မြင်းခြံ ကိုးဆောင် နိဿယ)။

"မုဓာ" ကိလေသာ ကင်းကွန်လျက် (ဆယ်စောင်တွဲ နိဿယ)

"မုဓာ" မပျက်နိုင်သော (၀၀) ဆင်းရဲခြင်း အထူးမထင်သော (၀က်ခုတ်၊ နိဿယ)။

ဤပါဠိဖြင့် တန်ဖိုး အကုန်အကျတွေ ခံကာလွန်စွာ ကြောင့်ကြ စိုက်ရမှ ရနိုင်သော ထိုလောကစည်းစိမ်များဌ် တကယ်အေးမြ ငြိမ်းချမ်းသော သုခဟု မရှိနိုင်သည်ကို လည်းကောင်း။

အလိုရှိသောအခါ အလိုရှိရာနေရာဌ် ဘာမျှ ကြောင့် ကြစိုက်ရမှုမပါ။ သက်သာ လွယ်ကူစွာ ခံစားရသော ဤဖလ သမာပတ် ချမ်းသာဌ်သာ တကယ်အေးငြိမ်းချမ်းမြဲသုခ အစစ် အမှန် တွေ့နိုင်ကြောင်းကိုလည်းကောင်း။ သိစေသည်"တဲ့။

ထိုနောက် မုဓန့် ပတ်သက်၍ သဒ္ဒါနက် အမျိုး မျိုးကို ပြတော်မူပြီးနောက် ဆရာတော်ကြီးက မိမိ သဘော ကျသော အနက်ကို အောက်ပါအတိုင်း ဖော်ပြတော်မူခဲ့ ပါသည်။

"မုဓာကို ဥစ္စာခန္ဓ သုံးမပြုရဘဲဟုလည်းကောင်း၊ ပစ္စည်း အကုန်အကျမပါ အလွတ်သာဟုလည်းကောင်း ပေး သင့်သည်။ ထို့ပြင် လောကစည်းစိမ်များကား အခြွေအရံ အဖော်အပေါင်းတို့ဖြင့် ခံစားရ၏။ ဖလသမာပတ်ကား အဖော်မပါ တစ်ဦးတည်း လွတ်လပ်စွာ ရရှိသောချမ်းသာ ဖြစ်၍ ဤမုဓာအရ အဖော်မပါဟူသော အနက်ကို လည်း ကောင်း ဆိုနိုင်သေး၏။

ထို့ကြောင့် မုဓာ- အဖော်လည်းမပါ ဥစ္စာလည်း မကုန်ကျရဘဲဟု လည်းကောင်း၊ အဖော်မလို ဥစ္စာကို မသုံးရ ဘဲဟုလည်းကောင်း၊ ပေးက ပြည့်စုံသော အနက်ဖြစ်ရာ သည်"တဲ့။

ဤဆုံးဖြတ်ချက်ကား ဓမ္မသဘာဝကို ကျကျနန သိပြီး၍သာ ချတော်မူခဲ့သော ဆုံးဖြတ်ချက်ဖြစ်သည်ဟု ဆိုချင်ပါသည်။

မေတ္တာသုတ်ဌ် အမွန်းဂါထာဖြစ်သော "**ယသာ, နဘာဝတော ယက္ခာ**"ဂါထာထဲမှ တတိယပါဒ အစ "ယမိ"နှင့် ပတ်သက်၍ သပြေကန်ဆရာတော်ကြီး ဖွင့်ဆို ရှင်းထားသည်မှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

"ယဉ္စိ"ဟုလည်း ဆဌမ္မဌ် ရှိနေပါသည်။ ဤဂါ ထာကို သပြေကန် ဆရာတော်ကြီးက အောက်ပါအတိုင်း နိဿယ ပြန်တော်မူပါသည်။

"မုဓာ"အဗျယေန - အရင်းမရှိပဲလျက် တစ်နည်း အချည်းနှီး (ပရိတ်ကြီး ဋ္ဌကာနိဿယ)။

"မုဓာ"အရင်းမရှိသော လက်ချည်းဖြင့် (ပရိတ် တော် နိဿရည်း ပေမူ)။

ယင်း "မုဓာ"ကို သုတ္တန်ပါတ အဋ္ဌကထာဌ် "ကာကဏိကမတ္တမ်မိ ဗျယံ အကတ္တာ"ဟု ဖွင့်ပါသည်။ "တရွေးသားမျှ ပစ္စည်းကုန်ကျမှု မပြုရဘဲ"ဟု အနက်ရပါ သည်။ အမျိုးမျိုးအဖုံဖုံ အနက်ဖြစ်နေကြသော "မုဓာ"ပုဒ်ကို ဤအဋ္ဌကထာဖွင့်ကို ထောက်၍ သပြေကန်ဆရာတော်ကြီး က-

"မုဓာ"တရွေးသားမျှ ပစ္စည်းမကုန်ကျရဘဲ"ဟု အနက်ပြန်တော်မူခဲ့ပါသည်။ ထို့ပြင် အဓိပ္ပာယ် ဖွင့်ပေးတော် မူသည်မှာလည်း လွန်စွာကြည်ညိုဖွယ် ဖြစ်ပါသည်။

အရိယာအရှင်မြတ်တို့ ဖလသမာပတ် ဝင်စားတော် မူကြသည်မှာ မျက်မှောက်ဘဝဌ်ပင် ချမ်းသာစွာနေရခြင်း အကျိုးငှာဖြစ်၏။ ကိလေသာအပူကင်းဝေးလျက် အလွန် အေးမြ ငြိမ်သက်လှသော ဖလသမာပတ်တို့ သုခဖြင့် နေရသည် မှာ ဤသာသနာဌ် အလွန်အထူးဖြစ်သော စည်းစိမ်ချမ်းသာ တစ်မျိုးပင် ဖြစ်၏။

ထို့ကြောင့် မင်းတို့သည် မင်းစည်းစိမ်ကို ခံစားကြ သကဲ့သို့၊ နတ်တို့သည် နတ်စည်းစိမ်ကို ခံစားကြသကဲ့သို့၊ ထို့အတူ အရိယာတို့သည် ထူးမြတ်သော လောကုတ္တရာ အရိယာချမ်းသာကို ခံစားဦးမည်ဟူသော အလိုဆန္ဒဖြင့် ဝင် စားတော်မူ ကြခြင်းဖြစ်၏။

လောကစည်းစိမ်များကား ပစ္စည်းအကုန်အကျခံမှ ရရှိသော စည်းစိမ်များသာဖြစ်၏။ စည်းစိမ်က ကြီးကျယ် လေလေ တန်ဖိုးအကုန် အကျများရလေလေ ဖြစ်၏။ ဤ ဖလသမာပတ် ချမ်းသာခံစားကြသော အရိယာအရှင်တို့မှာ ပစ္စည်းမကုန်ကျရဘဲ လွယ်ကူသက်သာစွာ ခံစားတော် မူနိုင် ကြ၏။

ထိုသို့ ပစ္စည်းမကုန်ရ၊ တန်ဖိုးမပေးရဘဲ လွတ်လွတ် လပ်လပ် အလွယ်တကူလိုရာခဏ ခံစားတော်မူနိုင်ကြသည် ၏အဖြစ်ကို "လဒ္ဓါ မုဓာ"ဟု မိန့်တော်မူသည်။

"ယမို့ စေဝါ နုယူဠွန်ဟော၊ ရတ္တိန္ဒိဝ မတန္ဒိတော"

ယမို့ စေဝ- အကြင်မေတ္တာသုတ် ပရိတ်တော်၌ သာလျှင်၊ ရတ္တိန္ဒိဝံ- နေ့ ည၌ မပြတ် အခါခပ်သိမ်း၊ အတန္ဒိတော-ပျင်းရိခြင်း မရှိဘဲ၊ အနုယူဠွန်ဟော- ထပ်တလဲလဲ စွဲမြဲရွတ်ဖွား အားထုတ်သူသည်။

ဤ"ယမို့"သဒ္ဒါကိုပင် သဒ္ဒါရှင်းလင်းချက် ထုတ်ပြတော်မူခဲ့ပါသည်။

"ယမို့"၌ ယံဟိဟု ပုဒ်ဖြတ်၍၊ မဒါသရေသုတ်၌ မဒါဟူသော ယောဂဝိဘာဂဖြင့် နိဂ္ဂဟိတ်ကို မပြု၍၊ ကံ-အဖြစ်ကို အလိုရှိကြ၏၊ အားထုတ်ခြင်း အနက်ဟော "အနုယူဠ၊ ယူဠ-အာယောဂေ"စသော အရာတို့၌ "ပမာဒ" အနုယူဠန္တိ မာ ပမာဒ မနုယုဉ်ဇ္ဈထ (ဓမ္မပဒ-၁၇)စသည်ဖြင့် ကံကို တွေ့ရသကဲ့သို့၊ "ဣဃံ တုမှေ အာနန္ဒ သာရတ္ထေ ဃဋ္ဋထ အနုယုဉ်ဇ္ဈထ"(ဒီ-၂-မဟာ ပရိနိဗ္ဗာန သုတ်-၁၇၇) "ယုဉ်ဇ္ဈထ ဗုဒ္ဓသာသနေ" (သဂါ ထာဝဂ္ဂ ဗြဟ္မသံယုတ်-၁၅၉)"အဓိစိတ္တေ စ အာယောဂေါ" (ဓမ္မပဒ-၄၁-၁၂၇) စသည်ဖြင့် အာဓာရကိုလည်း တွေ့ရသည်။

ထို့ကြောင့် အာဓာရကို လို၍ "ယမို့"ဟု ဆိုခြင်းသာ ဖြစ်ရာ"ယံဟိ"ဟု ဖြတ်၍ ကံ, ကံခြင်းမှာ ဂါထာဘာဏာ က ဆရာရှင်၏ အလိုကျမည် မဟုတ်ပေ။ တဖန် ထိုသုတ်မှာပင် "နံ ပရော ပရံ နိကုဗ္ဗေထ"ဂါထာကို ဆရာတော်ကြီးက အောက်ပါအတိုင်း နိဿယပြန်တော်မူခဲ့ပါသည်။

ပရော- တစ်ပါးသူ တစ်ယောက်သည်၊ ပရံ-သူတစ်ပါးဟူ အခြားသူ တစ်ယောက်ကို။ နံ နိကုဗ္ဗေထ-စဉ်းလဲသမူ လှည့်ပတ်ခြင်း မပြုပါစေလင့်။ ကတ္ထစိ- တစ်စုံတစ်ခုသော အရပ်၌ (ဘယ်အရပ်မှာ မဆို)။ ကဋ္ဌိ- တစ်စုံတစ်ယောက်သော။ နံ- ထိုသူတစ်ပါးကို။ နာတိမညေထ-မာန်ထောင်သမူ မထီမဲ့မြင် မပြုပါစေလင့်။ ဗျာရောသနာယ-ကိုယ် နှုတ်တို့ဖြင့် စော်ကားထိပါး နှိပ်စက်ခြင်းဖြင့်လည်းကောင်း။ ပဋိဃသညာယ-ဒေါသစိတ်ဖြင့်လည်းကောင်း။ အညမညဿ-အချင်းချင်း(တစ်ယောက်သည် တစ်ယောက်)၏။ ဒုက္ခံ- ဆင်းရဲခြင်းကို။ နံ ဣစ္ဆေယျ-အလိုမရှိပါစေလင့်။ ဤနိဿယပြန်ချက်သည် အခြားနိဿယပြန်ချက်များနှင့် ကွဲပြားခြားနားပါသည်၊ ပို၍ခြားနားချက်ကား။

"နာတိမညေထ ကတ္ထစိ နံ ကဉ္စိ" သို့မဟုတ် "နံ ကိဉ္စိ"ဟု သိမှတ်နေကြသည့်အပိုဒ် ဖြစ်ပါသည်။ ဤအပိုဒ်သည် ဆရာတော်ကြီး သဘောအရ "နာတိမညေထ ကတ္ထစိ နံ ကဉ္စိ" ဖြစ်ပါသည်။ ဤပါဠိကိုပင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည်လည်း နှစ်သက်တော် မူပါသည်။ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက-

"နာတိမညေထ ကတ္ထစိ နံ ကဲစိ"ဟု ရွတ်တော်မူပါသည်။ "ကဲ စိ နှင့် ကဉ္စိ"မှာ အတူတူပင် ဖြစ်ပါသည်။ သန္ဓိမစပ်ဘဲထားသည်နှင့် သန္ဓိစပ်ခြင်းမျှသာ ကွာပါသည်။ အနက်မှာ အတူတူပင် ဖြစ်ပါသည်။

သပြေကန်ဆရာတော်ကြီး၏ နိဿယပြန်၌ "နံ ကဉ္စိ"ဟု ရှိနေပါလျက် ဂါထာကို ဖော်ပြရာတွင်"နကဉ္စိ"ဟု ရှိနေခြင်းမှာ မသင့်လျော်ဟု ထင်ပါသည်။

ပရိတ်ကို အကြောင်းပြု၍ ပရိတ်နှင့် ပတ်သက်သည်ကို ပြောစရာရှိလာပါသည်။ ငယ်စဉ်က ရခဲ့သော မင်္ဂလသုတ်တွင်-

"ဒါနဉ္စ ဓမ္မစရိယာ"ဟု အက္ခရာရှစ်လုံးဖြင့် တစ်ပါဒပြီးခဲ့သော်လည်း ယနေ့ ဆဋ္ဌမ၌-

"ဒါနဉ္စ ဓမ္မစရိယာ စ"ဟု ကိုးလုံးရှိနေပါသည်။ ဤပါဒကို ဝက်ခုတ်ဆရာတော်၏ ရှင်းလင်းချက်အရ မကြိုက်ချင်ဘဲ ကြိုက်လိုက်ရပါတော့သည်။ ဝက်ခုတ်ဆရာတော်က "စရိယ အရိယ"စသည်၌ တစ်လုံးပိုသည်ဟု မိန့်ဆိုတော်မူထား၍ ဖြစ်ပါသည်။

ရတနသုတ် နိဒါန်းတွင်လည်း-

"သဗ္ဗညုတ ဉာဏပွဋိဝေဓံ"ကို သက္ကတ နောက်လိုက်၍-

"သဗ္ဗညုတ ညာဏပွဋိဝေဓံ" ဟု ရှိနေပါသည်။ တဖန် ခန္ဓသုတ်၌လည်း-

"အာဏာ ခေတ္တာမိ" နေရာ၌ ယနေ့မှာမူ သက္ကတ အရိပ်ထိုး၍-

"အာဏာက္ခေတ္တာမိ"ဖြစ်နေပါသည်။

ထိုကြောင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဟောဖူးသော ဆရာတော် ဦးရန်ကုန်အကြောင်းကို သတိရမိပါသည်။ ပဲခူးရွှေမော်ဓောဘုရားဝင်းအတွင်း၌ "အနာထပိဏ္ဍိကောဝါဒ" သုတ္တန်တရား ဟောကြားတော်မူစဉ်က တရားနာပရိသတ်တို့ ကန်တော့ကြသည့် ဩကာသ ကန်တော့ချိုးမှန်လှသဖြင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက ချီးမွမ်းတော်မူပြီးနောက် ဆရာတော် ဦးရန်ကုန်အကြောင်းကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပါသည်။

ဘုန်းကြီးတို့ မန္တလေးမှာ ဆရာတော် ဦးရန်ကုန် ဆိုတာ ရှိတယ်။ ဆရာတော် ဦးရန်ကုန်က မဟုတ်ရင် မဟုတ်သလို သွက်သွက်လက်လက် ဒိုင်းဒိုင်းဒုန်းဒုန်း ပြောတတ်တယ်။

တစ်ချိန်က ဆရာတော် ဦးရန်ကုန်ဟာ အလှူကိစ္စနဲ့ တောအရပ်က ကျောင်းတစ်ကျောင်းကို ရောက်သွားသတဲ့၊ ရောက်တဲ့အခါကျတော့ ဆရာတော်ဦးရန်ကုန်က အဲဒီတောကျောင်းဘုန်းကြီးကို မေးသတဲ့-

"ကိုယ်တော်တို့၊ ကိုယ်တော်တို့ကျောင်းမှာ ပရိတ်ကြီးပေတိုပေဟောင်းလေးများ မရှိဖူးလား လို့ မေးတယ်"

"ရှိတယ်ဘုရား" တဲ့။

"ရှိရင် တပည့်တော်ကို ပေးလိုက်စမ်းပါ" လို့ ပြောတယ်။

ဆရာတော်ကလည်း-

"ဘဲ့နယ် ရွှေမြို့တော်ကလာပြီး၊ ဒီကျေးတောက ပရိတ်ကြီးပေတိုပေဟောင်း တောင်းရသလဲ၊ ဘာပြုလို့လဲ" လို့ ဆိုတော့။ ဆရာတော် ဦးရန်ကုန်က ပြောသတဲ့-

"ဒို့မြို့မှာတော့ကွာ လူတတ်တွေ ပြင်လွန်းလို့ ပရိတ်ကြီး မူမှန် မူကောင်း မရှိတော့ဘူး" လို့ ပြောသတဲ့။

ဤကိစ္စ အလွန်စဉ်းစားစရာ ကောင်းပါသည်၊ ရှေးက မူဟောင်းများ ကောင်းတာရှိပါက လက်ခံရန် လိုမည် ထင်ပါသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ပရိတ်ကြီးနိဿယသစ်ကို ရိုက်နှိပ်ရာတွင် ဆရာတော်ဘုရားကြီး၏မူကို ဦးစားပေးတော်မူ ကြပါရန် ရွှေကျင်ကျောင်းတိုက်ကို လျှောက်ထားတောင်းပန်ချင်ပါသည်။ အချို့ ပရိတ်ကြီးပါဠိသည် ဆဋ္ဌမှနှင့် ကွဲလွဲနိုင်ပါသည်။ ကွဲလွဲချင်လည်း ကွဲလွဲပါစေ မိမိတို့၏ ဆရာတော်မူကား ရှိသင့်ပါသည်။ ဤကိစ္စနှင့် ပက်သက်၍ မိမိ၏ဆရာ တောမညောင်ပင်သာ ခမ္မာရုံဆရာတော် မိန့်ကြားဖူးသည်ကို ဖောက်သည်ချချင်ပါသည်။

တစ်ခါက ဆရာတော်ကြီး တစ်ပါးသည် မိမိဆရာတော်၏ ပေမူကို တရိတသေထား၏၊ တစ်နေ့သော် တပည့်ရဟန်းတစ်ဦးက ငှား၍ လေ့လာသည်။ ပေမူပြန်ရ၍ ပေမူကို စစ်ဆေးကြည့်သောအခါ မိမိဆရာပေမူ၌ ပြင်ချက်များကို တွေ့ရသဖြင့် မေးရာ၊ ထိုရဟန်းက မှားနေ၍ ပြင်လိုက်ကြောင်း လျှောက်ပါသည်။

ထိုအခါ ဆရာဖြစ်သူက-

"ဒီအမှားကို ငါ့ဆရာလည်းသိ ငါလည်းသိတာပဲ၊ ဆရာအဆက်ဆက် မပြင်ဘဲ တရိတသေထားလာတာ မင်းလက်ထက်ကျမှ ငါ့ဆရာပေမူ ပျက်ပါပြီကွာ" ဟု ညည်းညူတော်မူသည်ဟု ဆိုပါသည်။

ထို့ကြောင့် မိမိတို့ ဆရာ့မူသည် စံပြအဖြစ်နှင့် ရှိသင့်သည်ဟု ထင်ပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ဟောစဉ် တရားတော်များကို ထုတ်ဝေရန် စီစဉ်ရစဉ်က ဆရာတော် ဟောသော ရွှတ်သော အချို့ပါဠိသည် ဆဋ္ဌမှနှင့် ကွဲလွဲသည်ကို တွေ့ရပါသည်။ သို့သော်လည်း အကြောင်းကြောင်းကို ထောက်၍ ဆဋ္ဌမှနောက် မလိုက်ဘဲ ဆရာတော်ကြီး၏ မူအတိုင်းသာ ထားလိုက်ပါသည်။

ကိုယ့်ဆရာတော်မူကို ထိန်းချုပ်၍ ဖြစ်ပါသည်။ မင်းကွန်းတိပိဋကဓရ ဆရာတော်သည် ပိဋကတ်သုံးပုံပြန်စဉ်ကပင် စာပြန်ပွဲဝင်တော်မူရင်း အချို့ပါဠိတော်များကို ပြင်သွားတော်မူပါသည်။ ဆဋ္ဌသံဂါယနာ တင်တော်မူစဉ်ကလည်း အချို့အချို့သော ပါဠိအဋ္ဌကထာကို နေရာတကျ ပြင်ဆင်သွားခြင်းလည်း ရှိပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်သည် အချို့နေရာအများ၌ မဆန့်ကျင်အောင် အလိုက်အထိုက်လုပ်ဆောင်သော်လည်း တစ်ခါတစ်ရံတွင်ကား မိမိအကြိုက်သာ ရွှတ်တော်မူ

လေ့ရှိပါသည်။

မမွေပဒ အဋ္ဌကထာလာ ကဿကဝတ္ထုဋ္ဌ ပါသော "နံ တံ ကမ္မံ ကတံ သာဓု" ဂါထာနှင့် "တဉ္စ ကမ္မံ ကတံ သာဓု" ဟူသော ဂါထာနှစ်ပုဒ်ကို သံဂါယနာတင်စဉ်က

"ဝိပါကံ ပဋိသေဝတိ" ဟု ရွတ်ခဲ့သော်လည်း တရားဟောရာ ဩဝါဒပေးရာ အခါတိုင်း၌-

"ဝိပါကံ ပဋိဧဝေဒတိ" ဟုသာ ရွတ်တော်မူပါသည်။ ထို့ကြောင့် အချို့ချို့သောပါဠိကို ဆဋ္ဌမူနှင့် မညီဘဲ ထားခဲ့ခြင်း ဖြစ်ပါသည်။

ပရိတ်ကြီးနိဿယသစ်လာ သဒ္ဒါအဆုံးအဖြတ်တို့ကို လေ့လာသောအခါ ဆရာတော် ဦးသီလာနန္ဒ ချီးကျူးထားသည့်အတိုင်းပင် ရွှေကျင်ဆရာတော်ကြီးသည် ပါဠိတော် အဋ္ဌကထာ ဋီကာတို၌နှံ့စပ်၍ မာဂဓ, သက္ကတ, ဗျာကရဏ်းကျမ်း၊ ကောသ-ကျမ်း, ကာဗျ-ကျမ်းစသည်တို့၌လည်း အထူး ကျွမ်းကျင်တော်မူလေသည့်အဖြစ်ကို ကောင်းစွာ တွေ့ရပါသည်။

ဤသို့ ကျွမ်းကျင်သည့်အလျောက် ဝိသုဒ္ဓိမဂ္ဂ နိဒါနကထာ၌ ဂုဏ်မြောက်သည့် ဂါထာကြီး(၇၄)ပုဒ်ကို ရေးစီရင်တော်မူခဲ့ပါသည်။ ကထာဟူသည်ကား- ဟားဗတ် တက္ကသိုလ် က ထုတ်ဝေသည့် ဝိသုဒ္ဓိမဂ္ဂစာအုပ်နိဒါန်းတွင် ရှင်မဟာဗုဒ္ဓဃောသနှင့် ပတ်သက်၍ ရှင်မဟာဗုဒ္ဓဃောသသည် ဗြာဟ္မဏမဟုတ်၊ အချို့ပုဒ်တို့ကို ဖွင့်ဆိုရာတွင် မှားယွင်းသည် အစရှိသည်ဖြင့် အနောက်တိုင်းသားတို့ ပြစ်တင်ဝေဖန်ထားသည်ကို အကွက်ကျကျ ပြန်လည်ချေပရေးသားထားသည့် စာတမ်းဖြစ်ပါသည်။

ဤစာတမ်းကို ပါဠိဘာသာဖြင့် ရေးသားထားပါသည်။ မဟာစည်ဆရာတော်ဘုရားကြီး ရေးသားတော်မူသည်ဟု သိရပါသည်။

ထို့ကြောင့် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ်မြန်မာပြန်ကျမ်း၌၊ ဤဝိသုဒ္ဓိမဂ္ဂနိဒါနကထာကို မြန်မာပြန်၍ ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ ဤဝိသုဒ္ဓိမဂ္ဂနိဒါနကထာတွင် သင်္ဂဟဂါထာ (၇၄)-ပုဒ်ရေးသားတော်မူခဲ့ပါသည်။

ဤစာတမ်းသည် ဆဋ္ဌမူဆိုက်ကြီးဖြင့် စာမျက်နှာ (၈၀)တိတိ ရှိပါသည်။ စာသားချည်း (၇၃)မျက်နှာရှိပါသည်။ ဤစာတမ်းကို ဆဋ္ဌသံဂါယနာ ဗဟိုဝန်ဆောင်အဖွဲ့က တင်ပြခြင်း ဖြစ်ပါသည်။ ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ အမည်တပ်၍ (၁၉၆၀)-ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ္ဂကျမ်း ရိုက်နှိပ်ရာတွင် ဤနိဒါနကထာကို ထည့်သွင်းရိုက်နှိပ်သင့်သည်ဟု ထင်မိပါသည်။

ရွှေကျင်ဂိုဏ်းဆိုင်ရာကလည်း ဤသို့လုပ်ဆောင်ရန် သာသနာရေးဦးစီးဌာနှင့် ညှိနှိုင်းသင့်သည်ဟု ယူဆပါသည်။

ဂါထာသီကုံး နှုန်းဖွဲ့ကြာ၌ ရှစ်လုံးဖွဲ့ပထျာဝတ္တ ဂါထာလောက်သာ များပါသည်။ ပါဠိဂါထာစီတတ်သူ ဟူဟူသမျှတို့သည် များသောအားဖြင့် ပထျာဝတ္တဂါထာကိုသာ စီကုံးရိုး ဖြစ်ပါသည်။ ဤသို့ စီကုံးရာတွင် လေးပါဒလုံး "ယ"ဂိုဏ်း "ဧ"ဂိုဏ်းညီအောင် စီကုံးနိုင်ခဲ့ပါသည်။

"ဘ ကာရဝိပုလ"၊ "ညကာရ ဝိပုလ" ဆိုပြီးသာ အများဆုံး သီကုံးလေ့ရှိကြပါသည်။ သပြေကန်ဆရာတော်ကြီးကား ဤသို့မဟုတ်ပါ။ ဂါထာကြီးများကို နှိုင်နှိုင်နင်းနင်း စပ်ဆိုတော်မူခဲ့ပါသည်။ စပ်ဆိုရာတွင်လည်း အလင်္ကာနည်း၊ ဆန်းနည်း စည်းဝါးကျကျ စပ်ဆိုတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ဆန်းနေ ဂိုဏ်းညီဂါထာ စီနိုင်တော်မူပါသည်။

အချို့ဂါထာတို့သည် အသံတူ နီးကပ်စွာ စပ်ဆိုထားသဖြင့် "မဓုရတာ" ဂုဏ်မြောက်ပါသည်။ အချို့ဂါထာများမှာ သမာသ်ပုဒ်များသဖြင့် "သြဇ" ဂုဏ်မြောက်ပါသည်။ အချို့ဂါထာများကို "ရူပက" စသော အလင်္ကာသုံး၍ စပ်ဆိုထားသဖြင့် "အလင်္ကာ" ဂုဏ်မြောက်ပါသည်။

သပြေကန်ဆရာတော်ကြီး၏ ဂုဏ်ကို ဆရာတော် ဦးသီလာနန္ဒ ချီးကျူးသည့်အထဲတွင် ဂါထာသီကုံးနှုန်းဖွဲ့ရာတွင် ပြောင်မြောက်လှသဖြင့် ဓမ္မာစရိယဖြစ်တော်မူသော ရွှေကျင်နိကာယ ဓမ္မသေနာပတိ အဂ္ဂမဟာပဏ္ဍိတ အဘယာရာမ ဆရာတော်၏ ထုတ်ဖော်ချီးကျူးမှုကိုပင် ခံယူရသော ပုဂ္ဂိုလ်ဖြစ်တော်မူသည်ဟု ပါပါသည်။

ဝိသုဒ္ဓိ မဂ္ဂနိဒါနကထာ လာ သင်္ဂဟဂါထာများကို

ကြည့်ပါက ဤအဆိုမှန်သည်ကို အထင်အရှားတွေ့နိုင် ပါသည်။ ဤမျှ ခမ်းနားကြီးကျယ်သော ဂါထာကြီးများကို နိုင်နိုင်နင်းနင်း သီကုံးနှုန်းဖွဲ့တော်မူနိုင်သဖြင့်- စတဒဂ်ရ ဝံဂီသထေရ်အလား ထင်မှားရသော ဆရာတော်ကြီးဖြစ်တော် မူပါပေသည်။

စလေ ဦးပုညက တပေါင်းလဂါ သာယာပုံကို ဖွဲ့ဆိုရာတွင်-

"ထေရ်ကာဠဒါ ကြောက်ဖွယ် လျှာငယ် ခြောက် ဆယ်ဂါထာ သီကုံးပေရလေး" ဟု ဆိုခဲ့ပါသည်။

ရှင်မဟာဗုဒ္ဓဃောသအကြောင်းကို သပြေကန် ဆရာတော်ကြီး ဖွဲ့ဆိုသည်မှာ ကာဠဒါယီမထေရ်ထက်ပင် သာပါသည်။ ကာဠဒါယီမထေရ်က ဆယ်ဂါထာ သို့မဟုတ် ဂါထာခြောက်ဆယ်ကျော်မျှသာ ထိုဂါထာတို့သည်လည်း သပြေကန် ဆရာတော်ကြီး သီကုံးနှုန်းဖွဲ့ သလောက် ခမ်းနား ဆန်းပြားသည် မဟုတ်ပါ။ ထို့ကြောင့် ဦးပုညသာရှိလျှင်-

ဆန်းနေဂိုဏ်းညီ ဂါထာစီ၍
ကျူးသိမြွက်ဖော် ဖွက်ဟသော်လည်း
ဂုဏ်တော်ကဲလွန် အနေကန်ကို
ဝေဖန်ချီးမြှောက် ပြီးမမြောက်လိမ့်။ ဟု စပ်ဆို လိမ့်မည် ထင်ပါသည်။ ဆေရ်ဝါသေဋ္ဌ၏ ကြောက်ဖွယ် လျှာပါတကား။

သပြေကန် ဆရာတော်ကြီးသည် သက္ကတဘာသာကို နိုင်နင်းသည့်အားလျှောက်စွာ ဤသင်္ဂီဟဂါထာများ၌ သက္ကတဂါထာများ၌ သက္ကတသဒ္ဒါနည်းကိုသုံး၍ ဖွဲ့ဆို သီကုံး သုံးနှုန်းထားသည့် ဝေါဟာရများကို တွေ့ရပါသည်။

ဂါထာ-၁၁-၌ ဗဘာသ ဟူသော ကြိယာပုဒ်သည် ဗဘူဝကဲ့သို့ အဗ္ဘာသပြုပြီး ပရောက္ခာ သက်ထားသည်။

ဂါထာ-၁၂- တတိယပါဒအဆုံး တတ္ထနှင့် စတုတ္ထပါဒအစ "ဥယျောဂံ" ကိုလည်းကောင်း။

ဂါထာ-၁၃- ပထမပါဒအဆုံးတတ္ထနှင့် ဒုတိယပါဒအစ "နှ ရောပ လဒ္ဓါ" ကိုလည်းကောင်း။

ဂါထာ-၄၀- တတိယပါဒ အဆုံး တုလာယမာနာ နှင့် စတုတ္ထပါဒအစ "ဥယျောဂေန" ကိုလည်းကောင်း-

ပါဠိသန္ဓိ စပ်နည်းအရ မဟုတ်ဘဲ သက္ကတ သန္ဓိစပ်နည်းဖြင့် စပ်ထားသည်ကို တွေ့ရပါသည်။ တစ်ဖန် ဂါထာ-၁၇-အဆုံး၌ "လင်္ကာယာ" ဂါထာ-၂၀-ပထမပါဒအဆုံး၌ "မညာယာ" ဂါထာ-၄၄-တတိယပါဒ၌ "တယာ" တို့သည် သက္ကတသဒ္ဒါနည်းဖြင့် စီရင်ထားသော ပုဒ်များ ဖြစ်ပါသည်။

ထို့ကြောင့် သက္ကတသဒ္ဒါ ကျွမ်းကျင်မှု ဂါထာအစီအကုံး ကောင်းမှုကြောင့် "ဟတ္ထိပါလ" ဇာတ်လာ ပုရောဟိတ် ပဏ္ဍားကြီး၏ ဂုဏ်ကို ကိုးခန်းပို့၌ ရှင်မဟာရဋ္ဌသာရ ချီးကျူးတော်မူခဲ့သည့်အတိုင်း ရွှေကျင်ဆရာတော်ကြီးသည်-

ဘာသာသက္ကတ
ရွရွသွင်သွင်
ပီပီတွတ်တွတ်
ရွတ်သားသံညောင်း
ကျိုးကြောင်းနွယ်နွယ်
နားဝယ်ချမ်းချမ်း
ချီးမွမ်းထောမနာ
ဂါထာစုဏ္ဏိယ
ဖွဲ့ခြင်းမှလည်း
ဒေါသမစွန်း
ကျေးဇူးထွန်း တော်မူပါပေ၏။"

ဤသို့ ပရိယတ္တိအရာ၌သာမက ပဋိပတ္တိအရာ၌လည်း ရွှေကျင်ဆရာတော်ကြီး၏ ကြည်ညိုဖွယ်ဂုဏ်တော်ထူးကို ဖော်ကျူးလိုပါသေးသည်။

သဒ္ဓမ္မဇောတိကဓဇနှင့် သီဟသုဓမ္မမဏိဇောတဓဇ ဘွဲ့ရ ဦးကျော်ခင်မြင့်၏ (၄၁)နှစ်ပြည့် မွေးနေ့မှာ ရွှေကျင် ဆရာတော်ကြီးက ဗောဓိပက္ခိယတရားကို ဟောကြားတော်မူခဲ့ပါသည်။

ဤတရားကို မဖတ်မနာရမီက ဗောဓိပက္ခိယတရားနာကြားလျှင် ရောဂါပျောက်သည်ဟု သာမန်သာသိခဲ့သည်။ ခြေခြေမြစ်မြစ် မသိခဲ့ပါ။ ဆရာတော်ကြီး၏တရားကို ဖတ်ရနာရမှ ကျကျနန သဘောပေါက်ပါတော့သည်။ သဘောပေါက်ရုံမျှမက ဤဗောဓိပက္ခိယတရားတို့ကို ဆရာတော်ကြီး

ပွားများထားသည်ကိုလည်း သိပြီးကြည်ညိုရပါသည်။ ဤဗောဇ္ဈင်တရားနှင့် ပတ်သက်၍ ဆရာတော်ကြီး၏ ဟောကြားချက်ကို ဖတ်နာကြည့်စေချင်ပါသည်။

ဗောဇ္ဈင်တရားဟာ ရောဂါပျောက်ကင်းခြင်းမှာ အင်မတန် အစွမ်းထက်တယ်လို့ ယုံကြည်ခဲ့ကြတယ်။ ဗောဇ္ဈင်တရားရဲ့ အဓိပ္ပာယ်ကြည့်လိုက်တော့လဲ ''ချစ်သား ကဿပ၊ ဗောဇ္ဈင်ခုနစ်ပါးတရား ငါဘုရားဟောတော်မူခဲ့တယ်။ အဲဒီ-ဗောဇ္ဈင်တရားတွေဟာ သတိ,ပညာ,ဝီရိယ, ပီတိ ပဿဒ္ဓိ, သမာဓိ,ဥပေက္ခာ,တရားတွေပဲ၊ အဲဒီတရားတွေ ပွားများရင် ကြိမ်ဖန်များစွာ အလေ့အလာပြုရင် ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ သစ္ဆာလေးပါး ထွင်းဖောက် ခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာ ဖြစ်တယ်''လို့ ဟောထားတဲ့တရား အန္တရာယ်ကင်းဖို့ဆိုလို့ ဘာမှအသံမပါဘူး။

အဲဒါလိုပဲ- မောဂ္ဂလ္လာနဗောဇ္ဈင်၊ စုန္ဒဗောဇ္ဈင်ဆိုတဲ့ ဗောဇ္ဈင်သုတ်တွေမှာလည်း ဒီအတိုင်းပဲ အန္တရာယ်ကင်းဖို့ ဘာဖို့ဆိုလို့ ဘာမှ မပါဘူး။

ထို့အတူပဲ အချို့တရားတွေဟာ ဥပမာ ပဋ္ဌာန်းတရား အမြဲတမ်းရွတ်နေရင် ဘေးကင်း ရန်ကင်းအန္တရာယ်ကင်းတယ်၊ ကျက်သရေမင်္ဂလာ ရှိတယ်လို့ ယူဆကြတယ်။ ပဋ္ဌာန်းတရားထဲမှာ အန္တရာယ်ကင်းပါစေ၊ ဘာတွေဆိုတာ ဘာမှ ပါတာ မဟုတ်ဖူး။

အဲဒီတော့- တချို့ကပြောကြတယ်။ ဒီတရားတွေ အန္တရာယ်ကင်းတယ် ပြောတယ်။ ဘေးကင်း ရန်ကင်းတယ်။ သို့သော်- အန္တရာယ်ကင်းဖို့ အချက်ဆိုလို့ ဘာမှ မှ မပါပါလား။ အဲဒီလို စောဒကဝင် တတ်ကြတယ်။

ပဋ္ဌာန်းတရား အန္တရာယ်ကင်းပုံနှင့် ပတ်သက်၍ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးလည်း ဟောတော်မူဖူးပါသည်။

သက်ပန်း - ဆရာတော်ဘုရားကြီးသည် ဟင့်ပ်ရှိုင်းယား (*Hempshire*) သဘော်နှင့် သီဟိုဠ်သို့ ဘုရားဖူးကြွတော်မူစဉ်က ပင်လယ်တွင်းမှာ လေမုန်တိုင်းမိမည့် အနေအထားနှင့် ကြုံရသဖြင့် သဘော်ကပ္ပတိန်ခင်မြာ ဗျာများနေရပါသည်။

ထိုအချိန်တွင် သက်ပန်း-ဆရာတော်ဘုရားကြီးသည် သဘော်ဦးသို့ ကြွတော်မူ၍ ကုန်းပတ်ပေါ်တွင် သီတင်းသုံးနေတော်မူပြီး ပဋ္ဌာန်းပါဠိတော်ကြီးကို ရွတ်ဆိုပူဇော်တော်မူပါသည်။

ဤပဋ္ဌာန်းတန်ဆိုးကြောင့် (၁)-နာရီခန့်အတွင်း ရောက်လာမည့် လေမုန်တိုင်းသည် အခြားဖက်သို့ ဦးတည်ရွေ့လျားသွားပါသည်။ ထိုအခါကျမှ သဘော်ကပ္ပတိန်မှာ ဝမ်းသာရပါတော့သည်။

ထို့ပြင် ရွှေဘိုဖက်တွင်လည်း မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ အစီအစဉ်ဖြင့် ပဋ္ဌာန်းပါဠိတော် ရွတ်ဖတ်ပူဇော်စေရာ လေဘေးကင်းဝေးကြောင်း ဟောဖူးပါသည်။

သပြေကန်ဆရာတော်ကြီး၏ တရားကို ပြန်ဆက်ပါမည်။

''အဲဒါကို ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် ပခုက္ကူ မဟာဝိဇယာရာမ ဆရာတော်ဘုရားကြီး တစ်ခါအမိန့်ရှိတာကြားဖူးတယ်။ အမှန်က အန္တရာယ်ကင်းတာက အန္တရာယ်ကင်းပါစေဆိုတဲ့ အသုံးအနှုန်းပါမှ မဟုတ်ဖူး။ မပါလည်း အန္တရာယ်ကင်းနိုင်တာပဲ။

ရှေးတုန်းက- အထက်အညာမှာတော့ လူနေမကောင်းဖူးဆိုရင် ကမ္မဝါဖတ် ပင့်လို့ရှိရင်ဖြင့် ရဟန်းခံ ကမ္မဝါကြီးတွေ ဖတ်ကြတယ်။ အန္တရာယ်ကင်းဖို့နဲ့ ရဟန်းခံ ကမ္မဝါနဲ့ ဘာဆိုင်လို့လဲဆိုတဲ့ ဒီလိုပြဿနာက ပေါ်လာတယ်။

အဲဒါကြောင့်- ဆရာတော်ကြီးက အန္တရာယ်ကင်းတယ်ဆိုတာ အန္တရာယ်ကင်းပါစေဆိုတာ ဘာမှမဟုတ်ဘူး။ ဓမ္မသည်သာ တရားတော်၏ တန်ခိုး။ တရားတော်၏ အရိုန်အဝါကြောင့် အန္တရာယ်ကင်းတာ၊ တရားတော်တွေမှာ တန်ခိုးရှိတယ်။ အစွမ်းရှိတယ်။ အရိုန်အဝါရှိတယ်။

အဲဒီ-တရားတော်တွေရဲ့ အစွမ်းတန်ခိုး အရိုန်အဝါကြောင့် အန္တရာယ်ကင်းတာလို့ အမိန့်ရှိဖူးတယ်။

''ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တရားတော်မှန်သမျှမှာ အရိုန်အဝါ ရှိတာချည်းပဲ ဘာကြောင့် ဒီတရားတော်တွေ အာနုဘော်ရှိသတုန်းဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကိုယ်တော်တိုင် ပူဇော်ခဲ့တဲ့ တရားတော်တွေမို့လို့ ဘုရားရှင်

ကိုယ်တော်မြတ်ဟာ ဘုရားဖြစ်တော်မူပြီးနောက် ရတနာငယရသတ္တာဟာမှာ အဘိဓမ္မာခုနစ်ကျမ်းကို ဆင်ခြင်တော်မူခဲ့တယ်။ ကြွင်းတဲ့ ပလ္လင်သတ္တာဟာ အနိမိသသတ္တာဟာ စသော သတ္တာဟာတွေမှာလည်းပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဝိမုတ္တိရသဆိုတဲ့ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူခဲ့တယ်။ ခံစားတော်မူပြီး အခြား အခြားမှာလည်းပဲ ဘုရားရှင်ကိုယ်တော်မြတ်ဟာ မိမိသိတော်မူခဲ့တဲ့ တရားတော်တွေ ဆင်ခြင်တော်မူခဲ့တယ်၊ နောင်အခါလည်းပဲ ဘုရားရှင်ကိုယ်တော်မြတ်ဟာ တရားတော်တွေ ဟောကြားခြင်းဖြင့် လည်းကောင်း၊ အားရုံပြုသောအားဖြင့်လည်းကောင်း အသုံးပြုတော်မူခဲ့တယ်။ အဲဒီတော့ ဘုရား တရားတော်တွေဟာ ဘုရားရှင်ကိုယ်တော်မြတ် ဂေါစရဝဿေန ခေါ်တဲ့ အာရုံပြုသောအားဖြင့် မှီဝဲခြင်း ဘာဝနာဝဿေန ဆိုတဲ့ မိမိသန္တာန်မှာ ဖြစ်စေခြင်းအားဖြင့် မှီဝဲခြင်း နှစ်မျိုးဖြင့် မှီဝဲအပ်ပူဇော်အပ်တဲ့ တရားတော်တွေချည်းပဲ၊ အဲဒါကြောင့်မို့လို့ ဘယ်တရားဟာဖြင့် မစွမ်းဘူးလို့ မရှိဖူး၊ ဘယ်တရားဟာဖြင့် အရှိန်အဝါ မရှိဘူးလို့ မရှိဘူး၊ အားလုံး တရားတော်တွေဟာ အရှိန် ရှိလျက်ပဲ အာနုဘော်ရှိလျက်ပဲ၊ အဲဒါကြောင့်မို့လို့ ဒီတရားတွေဟာ အန္တရာယ်ကို ကင်းပျောက်စေတယ်ဆိုတာ ဓမ္မသတ္တိတရားတော်ရဲ့ အစွမ်းသတ္တိ ဓမ္မတေဇော တရားတော်ရဲ့ အရှိန်အဝါကြောင့် ပျောက်ကင်းနိုင်တဲ့ အာနုဘော်ရှိကြတယ်တဲ့။

ဤဟောကြားတော်မူချက်ကို ကြည့်လျှင် သပြေကန် ဆရာတော်ဘုရားကြီးသည် ဓမ္မသဘာဝကို ကျကျနန သိတော်မူကြောင်း ထင်ရှားပါသည်။ ဤသို့ သိတော်မူသဖြင့်လည်း ဗောဂျ်ဝင်တရား နာကြားရသော ရှင်မောဂ္ဂလ္လာန်၊ ရှင်မဟာကဿပနှင့် ဘုရားကိုယ်တော်တိုင်တို့ ရောဂါပျောက်ပုံကို ထပ်မံ၍ ရှင်းပြတော်မူခဲ့ပါသေးသည်။

တစ်နည်း ပြောရလို့ရှိလျှင် ဒီဗောဂျ်သုံးသုတ်ဟာ တသုတ်က ရှင်မဟာကဿပကြီး အပြင်းအထန် ဝေဒနာဖြစ်နေတုန်း ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားလို့ ရောဂါပျောက်ကင်းသွားတယ်။ တသုတ်က မောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီး အပြင်းအထန် ရောဂါဝေဒနာကပ်ရောက်နေတုန်း ဘုရားရှင်ကိုယ်တော်မြတ် ကြွရောက်လာပြီးတော့ ဒီဗောဂျ်ခုနစ်ပါးကို ဟောကြားလို့ ရောဂါဝေဒနာ အရှင်းပျောက်တယ်။ တသုတ်က ဘုရားရှင်ကိုယ်တော်တိုင် တစ်ခါက မကျန်းမမာ ဝေဒနာဖြစ်လာတော့ အရှင်စုန္ဒမထေရ် ရွတ်ဖတ်လျှောက်ထားချက်အရ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရောဂါယူပစ်သလို အရှင်းပျောက်တယ်။ ဘုရားရှင်ကိုယ်တော်မြတ်နှင့် တကွ ရဟန္တာကြီးနှစ်ပါး ပြင်းပြင်းထန်ထန် ခံစားနေရတဲ့ရောဂါ ပျောက်ကင်းတာဟာ ဘာကြောင့်တုန်းဆိုတော့ သူတို့မှာက တရားအာနုဘော်ကြောင့်လည်း ပါတာပေါ့လေ။ တစ်မျိုးအားဖြင့် သူတို့ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တွေနာမ်တွေကြည်လင်လာလို့ ဓာတ်ခံကောင်းလာလို့ မကောင်းတဲ့ဓာတ်တွေ ပျောက်လွင့်တာလည်း ဖြစ်နိုင်တယ်။

ဗောဂျ်ဝင်တရား နာရတော့ ရှင်မဟာကဿပ ရှင်မောဂ္ဂလ္လာန်တို့ဟာ ရဟန်းပြုပြီးတော့ ခုနစ်ရက်အကြာမှာ သစ္စာလေးပါး သိမြင်၊ အဲဒီသစ္စာလေးပါး သိမြင်တဲ့အခါမှာ ဒို့သန္တာန်မှာ ဗောဂျ်ဝင်တရားတွေ ပေါ်လာတယ်။ အော် ဘုရားရှင်ကိုယ်တော်မြတ် သာသနာတော်ကြီးဟာ တကယ်ပဲ နိယျာနိကနည်းသာသနာတော်ကြီးပါလား၊ ဘုရားရှင်ကိုယ်တော်မြတ်ဟာ တကယ်ပဲ နိယျာနိကနည်းသာသနာတော်ကြီးကို ထူထောင်ပေးတော်မူတဲ့ ဘုရားရှင

မူပါသေးသည်။

သတိသမ္မောဇ္ဈင် သတိတရား၊ သတိတရားဆိုတာ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရား နာမ်တရားတွေကို ကပ်ရွယ်မှားမျှားတဲ့ တရားကို သတိတရား၊ သတိသမ္မောဇ္ဈင်၊ ဗောဇ္ဈင်ဆိုတာ မဂ်၏အစိတ်အပိုင်းလို့ဆိုတယ်၊ ဒီတရားခုနစ်ပါးပေါင်းမိရင် အဲဒါ မဂ်ခေါ်တာပဲ။ တရားခုနစ်ပါးအစိတ်အစိတ်ဟာ ဗောဇ္ဈင်၊ အဲဒီ ဗောဇ္ဈင် အစိတ်စိတ်ပေါင်းမိတော့ မဂ်တရားဖြစ်တယ်။ ဒါကြောင့် မဂ်ဆိုတာဟာ တခြားမဟုတ်ဘူး။ ဒီဗောဇ္ဈင်ခုနစ်ပါး စုပေါင်းမိပြီးတော့ အဲဒီတရားအပေါင်းကို ဗောဇ္ဈင်္ဂပုဒ်ဖြတ်တော့ ဗောဓိ+အင်္ဂ၊ ဗောဓိ-မဂ်၏၊ အင်္ဂ-အစိတ်အပိုင်းတွေ၊ မဂ်ဖြစ်တယ်ဆိုရင် ဒီတရားခုနစ်ပါးဟာ ပါလာတာပဲ၊ ဒါကြောင့် မဂ်၏အစိတ်အပိုင်းတွေလို့ ဆိုတယ်။ ဒါကြောင့် အဲဒီခုနစ်ပါးဟာ အရိယမဂ်အဖြစ်သို့ ရောက်တဲ့ ဗောဇ္ဈင်လည်းရှိတယ်။ ပုဗ္ဗဘာဂဆိုတဲ့ မဂ်မရောက်ခင် ရှေးအခါက ကျင့်ရတဲ့ ဗောဇ္ဈင်တရားတွေနဲ့ နောက်ကျတော့ အရိယမဂ်ဆိုတဲ့ မဂ်ဆိုက်သွားတယ်။ ဒါကြောင့် ဗောဇ္ဈင်တွေဆိုတာ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရား နာမ်တရားတွေ ဆင်ခြင်ရွှမှတ်တဲ့ သတိတရားဟာ သတိသမ္မောဇ္ဈင်ပဲ။

သတိက ရွှမှတ်ပြီးတော့ ဓမ္မဝိစယ သမ္မောဇ္ဈင်ဆိုတဲ့ ပညာတရားဟာ အဲဒီတရားတွေကို သူက စီစစ်မှုကိစ္စနဲ့ ဖြစ်လာရတယ်။ ဓမ္မဝိစယ သမ္မောဇ္ဈင်က တရားတွေကို စီစစ်ပေးတဲ့အခါကျတော့ ဝီရိယသမ္မောဇ္ဈင်က သတိသမ္မောဇ္ဈင် ဓမ္မဝိစယသမ္မောဇ္ဈင်တို့ လုပ်အားကောင်းအောင် တွန်းအားပေးမှုကိစ္စနဲ့ ဆောင်ရွက်ပေးတယ်။

အဲသလို သတိက ရုပ်နာမ်တရားတွေ ရွှမှတ်၊ ပညာက ရုပ်နာမ်တရားတွေ စီစစ်၊ ဝီရိယက တွန်းအားပေးလို့ တရားတွေ တော်တော်ကောင်းလာတဲ့အခါ ပီတိဆိုတာ ဖြစ်လာတယ် ပီတိက အဲဒီတရားတွေ လုပ်အားကောင်းအောင် နှစ်သက်မှုနဲ့ ပါဝင်ပြီးတော့ ဆောင်ရွက်ပေးရတယ်။ ပီတိအားကောင်းပြီဆိုရင် ပဿဒ္ဓိက ပေါ်လာတာပဲ ငြိမ်းအေးမှုဆိုတာ ပဿဒ္ဓိပေါ်လာရင် သမာဓိစိတ် တည်ကြည်မှုဖြစ်လာတာပဲ။ သမာဓိ ပေါ်လို့ရှိရင် ဗောဇ္ဈင်တရားတွေကို အညီအမျှ ရွှမှုဉပေက္ခာတရားဟာ ပေါ်လာ တာပဲ။ အဲဒီတော့ ဗောဇ္ဈင်ခုနစ်ပါးဆိုတဲ့ တရားတွေဟာ ရုပ်နာမ် တစ်ခုခု ရှု တိုင်း ရှုတိုင်း သူတို့ခုနစ်ပါးဟာ အတူပါပြီးတော့ အတူပေါင်းပြီး အလုပ်လုပ်ကြတယ်။ သတိက ရွှမှတ်ပေးတယ်၊ သတိရွှမှတ်ပေးတဲ့ အာရုံကို ဓမ္မဝိစယ စီစစ်အား ကောင်းအောင် သတိရွှမှတ်အား ကောင်းအောင် ဝီရိယက တွန်းအားပေးတယ်။ ဝီရိယတို့ သတိတို့ သမာဓိတို့ ကောင်းကောင်းအလုပ်လုပ်နိုင်အောင် ပီတိက နှစ်သက်မှုနဲ့ ကူပေးတယ်။ ပဿဒ္ဓိက ငြိမ်အေးမှုနဲ့ ကူပေးတယ်။ သမာဓိက သူတို့ ကောင်းကောင်း အလုပ်လုပ်နေတဲ့အခါ တည်ကြည်မှု ရအောင် တည်ကြည်မှုကိစ္စနဲ့ သူက ကူညီပေးတယ်။ ဒီနောက် အဲဒီတရားတွေ အညီအမျှ ကောင်းကောင်းအလုပ် လုပ်နိုင်အောင် ဉပေက္ခာဆိုတဲ့တရားက အညီအမျှရှုမှုနဲ့ ဆောင်ရွက်ပေးတယ်။ ဒါ ဗောဇ္ဈင်ခုနစ်ပါးရဲ့ လုပ်ငန်း။

ယနေ့ ယခု ကမ္မဋ္ဌာန်း အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေ အမှန်ကတော့ မဂ္ဂင်အလုပ် လုပ်တယ်ဆိုရသလို ဗောဇ္ဈင် အလုပ် လုပ်တယ်လို့လည်း ဆိုရတယ်။ သို့သော် အဲဒီဗောဇ္ဈင်တရားတွေဟာ တရားအားထုတ်စမှာ ပါဝင်နေကြတာပဲ။ ဒါပေမဲ့ ပထမသူတို့ အထူးအားမကောင်းခင် သူတို့မပေါ်သေးဘူး။ ပမာအားဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်အစဆုံးဉာဏ် ဉာဏ်ဆယ်ပါးမှာ နာမရူပ ပရိစ္ဆေဒဉာဏ်ဟာ နာမ်ရုပ်တရားတွေကို ပိုင်းခြားပြီးတော့ သိမြင်အောင် ရွှဆင်ခြင်တဲ့ဉာဏ်၊ အဲဒီအခိုက်မှာ ဗောဇ္ဈင်တရားတွေပါတယ်။ သို့သော် သူတို့ မထင်ရှားသေးဘူး အားကောင်းကောင်း မရှိသေးဘူး။ ပစ္စယပရိဂ္ဂဟဉာဏအကြောင်းကို ရွှဆင်ခြင်တဲ့ ဉာဏ်အခိုက်မှာလဲ ဒီတရားတွေပါတာပဲ။ ဒါပေမဲ့ သိပ်အားမကောင်းသေးဖူး။ သမ္မသနဉာဏ အနိစ္စ ဒုက္ခ အနတ္တအဖြစ်ဖြင့် သုံးသပ်ဆင်ခြင်တဲ့ အခိုက်မှာလဲ ဒီတရားတွေပါတာပဲ။ ဒါပေမဲ့ ဒီတရားတွေ အားမရှိသေးဖူး။ အားမကောင်းလာသေးဖူး။ အဲဒီ ဥဒယဗ္ဗယဉာဏ်ကျမှ ဒီတရားတွေ အားရှိလာတယ်။ အဲဒီတရားတွေ တကယ်ထက်ထက်သန်သန်နဲ့ အားရှိလာတယ်။ အဲဒီ အားရှိလာတဲ့အခါမှာ သမ္မောဇ္ဈင်ဆိုတဲ့ အမည်ရတယ်။ ဥဒယဗ္ဗယဉာဏ် နှစ်ပိုင်းခွဲပြီးတော့ နောက်ပိုင်းမှာ ဒီဗောဇ္ဈင်တရားတွေဟာ အင်မတန် ထက်မြက်လာတယ်။ အင်မတန် ကောင်းလာ

ခိယေထ ဝဏ္ဏော နသုဒ္ဒဏ္ဍော၀ိ၊
နန္ဒသ နေကာဟိ ဂုဏာ အနန္တာ၊
ကော နဒ္ဒရေယျာ ခိလသာဂရောဒေ၊
တထာပိ မည္ဇ္ဈ သုခီ သဒါ တေ။

သမုဒ္ဒဏ္ဍော-ကုန်စင်အောင်ဟု ကြိုးစားမှုဖြင့် ရွေးစုငင်နုတ် ဆောင်ထုတ်အပ်သည်၊ သမာနော၀ိ-ဖြစ်ပါသော်လည်း၊ အသ-ထိုသပြေကန်ဆရာတော်ဘုရားကြီး၏၊ ဝဏ္ဏော-ကျေးဇူးအစုံ ဂုဏ်တော်အပေါင်းသည်၊ နန္ဒ ခိယေထ-ကုန်နိုင်ဖွယ်ရာ မရှိပါပေ၊ ဟိ-ဤစကား၏၊ အတိဝုတ္တ ဒေါသမထင် ဂုဏ်တင်ဖွယ်ရာဖြစ်သည်မှာကား၊ အသ ဂုဏာ-ထိုသပြေကန်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်တို့သည်၊ အနေကာ-ဂုဏ်အကဲသိ မြတ်ကဝိတို့ ရွတ်ဖွဲ့ကြသည့်တိုင်းပင် ပေါလွင်ထင်ရှား အလွန်များကုန်သည်ဖြစ်၍၊ အနန္တာ-အဘယ်သို့ ခဲ့ခဲ့ဖွဲ့ခဲ့ စီကုံးအဆုံးမပိုင် မဆုံးနိုင်ကုန်သည်၊ ဟောန္တိနန္ဒ-ဖြစ်ကုန်သည် မဟုတ်ပါလော၊ကော-ယောက်ျား စိတ်မာန် အားစွမ်းသန်၍ တံခွန်စိုက်ထူ အဘယ်သို့သော သူသည်၊ အခိလသာဂရောဒေ-ရေတွက်မရ နှိုင်းဆ မကုန်အလုံးစုံသော သမုဒ္ဒရာရေတို့ကို၊ ဥဒ္ဓရေယျနဲ့-အကုန်အစင်ထုတ်တင်ဆောင်ယူနိုင်ပါအံ့နည်း၊ တထာပိ-သို့ပင် မကုန်နိုင်အောင် များမြောင်လှပါသော်လည်း၊ သုခီ-ဂုဏ်ကျေးဇူးကို အထူးမြင်သိ ပညာရှိတို့သည်၊ တေ-ထိုသပြေကန်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်တို့ကို၊ သဒါ-အခါခပ်သိမ်း၊ မည္ဇ္ဈ-အမှတ်တရ အောက်မေ့နိုင်ကြပါစေကုန်သတည်း။

ကျော်လှိုင်

ဝိနာဂုဏ်ထူး၊ မဟာဝိနာ(သက္ကတ)
၁၃၆၄-ခု၊ တပို့တွဲလဆန်း(၇)ရက် စနေနေ့။
၂၀၀၃-ခု၊ ဖေဖော်ဝါရီ(၈)ရက် စနေနေ့။

တယ်။ အင်မတန် တိုးတက်လာတယ်။ အဲဒီအခါမှာ တကယ့် ယောဂီပုဂ္ဂိုလ်ဟာ အာရုဒ္ဓဝိပဿနကဆိုတဲ့ အမည်ရသွားတယ်၊ ဝိပဿနာအားထုတ်မှု စတင်ပြီး ပုဂ္ဂိုလ်လို့ဆိုတယ်။ အဲဒီအခိုက်မှာ ဗောဒ္ဓိဉ်လို့ အမည်ရတဲ့ တကယ့်ဗောဒ္ဓိဉ်၊ ရှေးရှေးက ဗောဒ္ဓိဉ်တရားလည်း ဗောဒ္ဓိဉ်အမည်ရတယ်။ ဒီအခိုက်မှာ ထူးခြားတဲ့ ဗောဒ္ဓိဉ်တွေမိုလို့ ဗောဒ္ဓိဉ်အမည်ရတယ်။

ဤသို့ ဗောဒ္ဓိဉ်တရားတို့၏ သဘောသဘာဝကို အပ်ချမတ်ချ ကျကျနန ရှင်းပြနိုင်ခြင်းသည် ကိုယ်တော်တိုင် ကျင့်ကြံအားထုတ်မှု ရှိ၍သာ ဖြစ်ပါသည်။ ဤသို့သာ မဟုတ်ပါက ဤသို့ ဟောပြနိုင်မည် မဟုတ်ပါ။

အချို့မမွှကထိကများ တရားဟောရာတွင် ဝိပဿနာသဘောတရားကို ထည့်သွင်းဟောကြားလေ့ရှိပါတယ်။ သို့သော် စာတွေ့သက်သက် ဟောပြချက်သာ ဖြစ်ပါသည်။ ငါတွေ့မဟုတ်ရကား လေးနက်နက် မရှိလှပါ။ ကိုယ်တိုင် ကျင့်ကြံအားထုတ်ထားသူများမှသာ ကိုယ်တွေ့နှင့်ယှဉ်ပြီး ဝီဝီပြင်ပြင် ပိုင်ပိုင်နိုင်နိုင် ဟောပြနိုင်စွမ်းရှိပါသည်။ သပြေကန်ဆရာတော်ဘုရားကြီးသည် ဗောဒ္ဓိဉ်သုတ်ကို နာရသဖြင့် ရောဂါပျောက်ခြင်း အန္တရာယ်ကင်းခြင်းမှာ ဓမ္မသတ္တိ ဓမ္မတေဇောကြောင့် ဖြစ်သည်ဟု တစ်တစ်ခွခွ ဟောပြနိုင်ခြင်းမှာ ဓမ္မသဘာဝကို ကျကျနန သိတော်မူထား၍သာ ဖြစ်ပါသည်။ တစ်ဖန်၊ ဗောဒ္ဓိဉ်ခုနစ်ပါးတို့ မဂ်ကိစ္စဆောင်ရွက်ကြပုံကို နာသူမှန်သမျှ နားလည်သဘောကျအောင် ဟောပြနိုင်သည်မှာလည်း ကိုယ်တော်တိုင်ကျင့်ကြံအားထုတ်ထားမှု အာနိသင်ကြောင့်သာ ဖြစ်နိုင်ပါသည်။

ဤသို့ ပရိယတ် ပဋိပတ်စွယ်စုံရ ဒဲ့ဖွယ်ပုဂ္ဂိုလ်ထူးကြီးတစ်ဆူဖြစ်တော်မူသည့် သပြေကန်ဆရာတော်ဘုရားကြီး၏ ဂုဏ်ကို ကုန်စင်အောင် မဆိုနိုင်ရကား ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် သီကုံးနှန်းဖွဲ့ခဲ့သည့် (ဝိသုဒ္ဓိမဂ္ဂနိဒါနကထာလာ) သင်္ဂဟဂါထာများထဲမှ အမှတ်(၇၄) နောက်ဆုံးဂါထာဖြင့်ပင် ဆရာတော်ဘုရားကြီး၏ ဒဲ့ဖွယ်ဖုံဖုံ ဂုဏ်တော်စုံကို အာရုံယူမြော်မှန်း၍ ကန်တော့ပန်းဆင်လိုက်ပါတော့သည်။

သပြေကန် ဆရာတော်ဘုရားကြီး၏

ချီးကျူးဂုဏ်မလွယ် ဂုဏ်ပင်လယ်

မောင်အောင်မွန်
(မြတ်ဆုမွန်)

[သပြေကန်ဆရာတော်ကြီး ပျံလွန်တော်မူခြင်း ၁၀-နှစ်ပြည့်စာတမ်း]

ကြွရောက်လာကြသော ဆရာတော်သံဃာတော် အရှင်မြတ်များနှင့် ဓမ္မမိတ်ဆွေ အပေါင်းတို့အား ဂါရဝ ပြုလျက် ပျံလွန်တော်မူပြီးဖြစ်သော အနန္တ ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ကြီး၏ (ဒသမ) အကြိမ်မြောက် ဂုဏ်ရည်တော်ကို မှန်းဆပူဇော်ကြရာ ဤအခမ်းအနားကြီး၌ ပါဝင်လျှောက်ထားခွင့်ရသည့် အတွက် များစွာဝမ်းမြောက် ဝမ်းသာဂုဏ်ယူမိပါကြောင်း ဦးစွာ တင်ပြလိုပါတယ်။

ပျံလွန်တော်မူပြီးဖြစ်သော အနန္တကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ကြီးအား ဂုဏ်ရည်မှန်းဆ၍ ပြုလုပ်ခဲ့ကြသော ပူဇော်ပွဲကြီးများတွင် (၁)မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်အဂ္ဂဉာနာဘိဝံသ၊ (၂)ဆရာကြီးဦးသုခ၊ (၃)ဆရာပါရဂူ၊ (၄)ပါမောက္ခ ဒေါက်တာ မင်းတင်မွန်၊ (၅)မောင်ရင့်ကျူး(မြောင်းမြ)၊ (၆)မြဝင်း(ဒဿန)၊ (၇) မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်မာနိတသိရိဘိဝံသ၊ (၈) ကျော်လှိုင်(ရန်ကုန်တက္ကသိုလ်)၊ (၉) မောင်ရေအေး (မြောင်းမြ) နှင့် (၁၀) ဤကျောင်းတိုက်ကြီး၏ ဦးစီးပမာန နာယက ဆရာတော် အရှင်ခေမာစာရ အစရှိသော ထေရ်ကျော်၊ ပုဂ္ဂိုလ်ကျော် အပေါင်းတို့က ဆရာတော်ဘုရားကြီး၏ သီလအစရှိသော ဂုဏ်တို့ကို အနည်းနည်းအဖုံဖုံ ထုတ်ဖော်၍ ချီးကျူးပူဇော် ခဲ့ကြပြီး ဖြစ်ပါတယ်။

အဲသလို ချီးကျူးပူဇော်ကြရာမှာ ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူသော စာပေကျမ်းဂန်တို့မှ ထုတ်နုတ်၍ ချီးကျူးပူဇော်ကြခြင်း၊ ဆရာတော်ဘုရားကြီး ကျင့်ကြံကြိုးကုတ်အားထုတ်အပ်သော သီလ, သိက္ခာ စသည်တို့၌ မိမိတို့လေ့လာတွေ့သိရသမျှမှ ချီးကျူးပူဇော်ကြခြင်း စသည်ဖြင့် ပူဇော်ကြခြင်းများ ဖြစ်ပါတယ်။

ယခု တပည့်တော်မှာ ဆရာတော်ဘုရားကြီး ပြုစု

သော စာပေကျမ်းဂန်နှင့် အကျင့်သီလ စသည်ကို ထုတ်ဖော်ချီးကျူးခြင်းမပြုဘဲ ဆရာတော်ဘုရားကြီး ထေရပွတ္တိနှင့် ဆက်စပ်မိသမျှ အကြောင်းအရာအချို့ကို ထုတ်ဖော်၍ တင်ပြပူဇော်မှာ ဖြစ်ပါတယ်။

တပည့်တော်ဟာ ဆရာတော်ကြီး သက်တော်ထင်ရှား ရှိစဉ်အခါက ဒီကျောင်းကို တစ်ပတ်လျှင်တစ်ကြိမ်, နှစ်ကြိမ်ရံခါ သုံးကြိမ်ဆိုသလို ရောက်တတ်ပါတယ်။ ရောက်တတ်သည့် အချိန်မှာ နေ့ ၂-နာရီနှင့် ၃-နာရီခန့် အတွင်း ဖြစ်ပါတယ်။ ရောက်လျှင် စံကျောင်းတော်၏ အောက်ထပ်တံခါးသော့ကို ဘုန်းကြီးဦးခေမာထံမှတောင်း၊ တံခါးသော့ဖွင့်, ပြီးလျှင်ပြန်ခတ်၊ အပေါ်ထပ်တက်၊ ဆရာတော်ကြီး၏ အခန်းတံခါးကို ဖြည်းဖြည်းခေါက်ပါက 'ဝင်ခဲ့' ဟု အမိန့်ရှိ၍ ဝင်သွားလျှင် စာဖတ်နေလေ့ရှိသော ဆရာတော်ကြီးအား ဖူးမြော်ရမြဲဖြစ်ပါတယ်။

အဲဒီအချိန်က ဆရာတော်ကြီးထံရောက်ရခြင်းမှာ ဆရာတော်ကြီး၏ ထေရပွတ္တိနှင့်စပ်၍ သိလိုသည်များကို မေးမြန်းလျှောက်ထားလို၍ ဖြစ်ပါတယ်။ ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်ကို ရွှေကျင်နိုင်ငံ မုတ်တမ်းနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရစဉ်က ပုဂံတောင်ပူဇော်ဌာနမှ ဓမ္မဒါနပြုသော ထေရပွတ္တိတော် စာအုပ်စသည်တို့တွင် ဖော်ပြပြီးဖြစ်သော်လည်း အချို့သောအချက်အလက်တို့မှာ ပေါ်လွင်သင့်သလောက် ပေါ်လွင်မှုမရှိကြောင်း တွေ့ရသဖြင့် ထိုအချက်များနှင့်စပ်၍ ဆရာတော်ကြီးထံ မေးလျှောက်နေခြင်း ဖြစ်ပါတယ်။

ပမာဏအားဖြင့် ဆရာတော်ကြီး ရဟန်းဖြစ်စ ရန်ကုန်မြို့၊ ရွှေတိဂုံ စေတီယင်္ကပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းမှာ သံယုတ္တပါဠိတော် အာဂုံပြန်ဆိုမှုနှင့်စပ်၍ စာအုပ်စာတမ်းတို့တွင် "ရဟန်း ၁-ဝါ အရတွင် ရန်ကုန် စေတီယင်္ကာစာမေးပွဲ၌ သံယုတ်ငါးကျမ်းပါဠိတော်တို့ကို ပြန်ဆိုအောင်မြင်ခဲ့ရာ 'ဝါသေဋ္ဌာဘိသိရီပဝရ သာသနဓဇ သံယုတ္တဘာဏကာ' ဘွဲ့ တံဆိပ်တော်ကို ခံယူခဲ့ရပြန်ပါသည်" ဟု ရေးသားထားကြပါတယ်။

ဆရာတော်ကြီး ရဟန်းဖြစ်တော်မူသည်မှာ ၁၂၉၂-ခု၌၊ ဝါဆိုလဆုတ် (၁)ရက် (၁၉၃၀-ပြည့်နှစ်၊ ဇူလိုင်လ ၃၀-ရက်) ကြာသပတေးနေ့တွင် ဖြစ်ပါတယ်။ ဝါခေါင်လအတွင်းမှာ သံယုတ်ပါဠိတော်ကို စပြီးကျက်တော်မူဟန်ရှိပါတယ်။ ဒါကြောင့် အဲဒီနှစ် တန်ဆောင်မုန်းလ စေတီယင်္ကာအသင်းမှာ သံယုတ်ပြန်ဖို့ လက်မှတ်ထိုးတော်မူခဲ့ပါတယ်။ လက်မှတ်ထိုးစဉ်က သံယုတ်လေးကျမ်းကိုသာ ပြန်ဆိုရန် လက်မှတ်ထိုးခဲ့ခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ သပြေကန်ဟာ အဲဒီအချိန်က ရန်ကုန်မြို့နှစ်ပါယ် ပြင်ပဖြစ်လို့ လေးကျမ်းမဟုတ်၊ ငါးကျမ်းပြန်ဆိုနိုင်မှ လက်ခံမယ်လို့ စေတီယင်္ကာအဖွဲ့က သပြေကန်ကို စာပို့ခဲ့ပါတယ်။ အမှန်တော့ သပြေကန်ကို စာမေးပွဲစည်းမျဉ်းအရ 'ပရိဒေဿီ' လို့ သတ်မှတ်ခြင်းဖြစ်ပါတယ်။ ဒါကို စေတီယင်္ကာအသင်းက ၁၃၂၄-ခုနှစ်ရိုက် စာပြန်ပွဲစည်းမျဉ်း ဥပဒေ (စာမျက်နှာ-၁၂၊ အပိုဒ်-၆ခ)အရ အကြောင်းကြားခြင်း ဖြစ်ပါတယ်။ အဲဒီစာရောက်လာတော့ ဥပုသ်နေ့ ညဘက် လူစုံတုန်း သြဝါဒခံယူစဉ် ပထမသပြေကန်ဆရာတော်ဘုရားကြီးက ထိုစာကို ဖတ်ပြတော်မူကာ 'နောက်တစ်လ နှတ်တော်လဆိုရင် စာပြန်ရတော့မယ်၊ ယခု တစ်လသာ ကျန်တော့တယ်၊ ကျန်တဲ့ ဒီတစ်လနဲ့ သံယုတ်တစ်ကျမ်းရနိုင် ပါ့မလား' ဟု အမိန့်ရှိတော်မူရာ၊ ဆရာတော်ကြီးလောင်းလျှာက အတော်ကလေးကြိုးစားဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပေမယ့် ဆရာသမားရဲ့စိတ်မှာ အနှောင့်အယှက်မဖြစ်စေလိုတဲ့ သဘောနဲ့ 'ရနိုင်ပါတယ်ဘုရား' လို့ သာသာကြည်ကြည် ဝန်ခံလျှောက်ထားပြီး၊ တစ်လအတွင်း ကျန်တဲ့မဟာဝဂ္ဂ သံယုတ်ပါဠိတော်ကို ကျက်မှတ်ခဲ့ပါတယ်။ စာပြန်ပွဲရောက်တော့ ချောချောမောမော ပြန်နိုင်လို့ 'သံယုတ္တဘာဏက' ဘွဲ့ ရခဲ့ပါတယ်။ နောင်တစ်နှစ်မှာ ကျောင်းတော်ရာ ရွှေကျင်တိုက် ဝိနည်းစာပြန်ပွဲကြီးမှာလည်း သံယုတ်ပါဠိတော် ငါးကျမ်းလုံးကို ထပ်မံပြန်ဆိုလို့ 'သံယုတ္တ ဘာဏက' ဘွဲ့ကို ရရှိခဲ့ပြန်ပါတယ်။ ဒါကြောင့် တစ်လသာသာ အတွင်းမှာ ဆဋ္ဌမူစာမျက်နှာပေါင်း လေးရာကျော်ပါရှိသော မဟာဝဂ္ဂသံယုတ်ပါဠိတော်ကို အာဂုံရဖို့ဆိုတာ တော်ရုံဉာဏ်နဲ့ အာမခံပြီးကျက်လို့ ဖြစ်နိုင်တာ မဟုတ်ကြောင်းကို တင်ပြလိုပါတယ်။

တစ်ခါ ဆရာတော်ကြီး ရဟန်း ၂-ဝါရ ၁၂၉၄-ခုနှစ် (၁၉၃၂/၃၃) မှာ ပခုက္ကူမြို့၊ မဟာဝိဇယာရာမတိုက်မှာ ခေတ္တနေဖူးပါတယ်။ မဟာဝိဇယာရာမတိုက်ကို တိုက်သစ်လို့လည်း ခေါ်ကြပါတယ်။ မဟာဝိဇယာရာမတိုက်သစ်ကို ဆဋ္ဌသင်္ဂါယနာ သံဃနာယက, အဂ္ဂမဟာပဏ္ဍိတ, အာဘိဓမ္မာရဋ္ဌဂုရု ဘဒ္ဒန္တဇဝန ဆရာတော်ကြီးက ၁၂၈၄-ခုနှစ် (၁၉၂၃/၂၄)မှာ တိုက်တည်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီ တိုက်သစ်ကို ဆရာတော်ကြီး ရောက်ရှိတဲ့အခါက ကျန်းမာရေး မပြည့်စုံလို့ စာဆိုခွင့်ရသော်လည်း မဆိုနိုင်၊ စာလည်း မချနိုင်ဘဲ ရှိခဲ့ပါတယ်။ ကိုရင်ဘဝနှင့် ရခဲ့တဲ့ 'ဝိနယဓရ၊ သံယုတ္တဘာဏက' စသည် ဘွဲ့ထူးများကြောင့် ဆွမ်းမခံစေဘဲ စာချပုဂ္ဂိုလ်တို့ရဲ့ အခွင့်အရေးကိုပေး၍ ချီးမြှောက်ခြင်း ခံခဲ့ရပါတယ်။ တိုက်သစ်မှာနေစဉ်က အကြောင်းတွေကို မေးလျှောက်တော့ ဆရာတော်ကြီးက 'ပခုက္ကူတိုက်သစ်မှာ နေရတုန်းက ဆရာတော်ကြီး(ဦးဇဝန)ထံပါးမှာ စာမေးခွင့် ရခဲ့ပါတယ်။ ဆရာတော်ကြီး အမိန့်ရှိသည်တို့ကိုလည်း မှတ်သားခဲ့ရပါတယ်'လို့ အမိန့်ရှိပါတယ်။ ''တိုက်သစ်မှာ သီတင်းသုံးစဉ်က ထူးထူးခြားခြား မှတ်သားမိတာများ အမိန့်ရှိပါဦးဘုရား''လို့ လျှောက်တော့ 'ပခုက္ကူမြို့၊ တိုက်သစ် ဆရာတော်ဘုရား၏ မိန့်ခွန်းတော်များ'လို့ ခေါင်းစည်းတပ်ပြီး ရေးမှတ်ထားတဲ့ (၃၆)မျက်နှာပါ ဗလာစာအုပ်ကလေးကို ထုတ်ပြပါတယ်။

အဲဒီစာအုပ်မှာ ပထမဆုံး မှတ်သားထားတာက 'ဇာတ်နိပါတ် ဝတ္ထုတော်များသည် ကမ္မဿကတာဉာဏ်ကို ထူထောင်ပေးသောအရာများ ဖြစ်ပေသည်'တဲ့။ နောက်တစ်နေရာမှာ 'သာသနာတော် ၅၀၀၀'အကြောင်း တိုက်သစ် ဆရာတော်ကြီးများ မိန့်တော်မူတာတွေ မှတ်သားထား ပါတယ်။ နောက်တစ်နေရာမှာ 'ပါဒုက ခြေနင်းနှင့် ဥပါဟန ခြေနင်းအထူး'ဆိုပြီး မှတ်သားထားပါတယ်။ နောက်တစ်နေရာမှာ 'ရဟန်းတို့၏ သိက္ခာပုဒ်သည် ၂၂၀'သာရှိကြောင်း၊ သမထ ၇-ပါးသည် သိက္ခာပုဒ်မဟုတ်'စသည်ဖြင့်လည်း မှတ်သားထားပါတယ်။ နောက်တစ်နေရာမှာ 'ကမ္ဘာဦးအခါက ယောကျ်ားအရင်ဖြစ်သလော၊ မိန်းမက အရင်ဖြစ်သလော-မေးရာ၌ ယောကျ်ားအရင်ဖြစ်၏ဟူသော ကျန်းဂန်အကိုးအကားများ၊ မိန်းမက အရင်ဖြစ်၏ဟူသော ကျမ်းဂန်အကိုးအကားများရှိ၏ဟု အသီးသီး ဆိုကြရာတွင် အသွင်သဏ္ဌာန်အပေါ်ယံမှာ ပုရိသလိင်၊ ပုရိသသဏ္ဌာန်က အရင်ဖြစ်သည်ကို ရည်ရွယ်၍ ယောကျ်ားအရင်ဖြစ်သည်ဟု အချို့ကျမ်းဂန်တို့က ဖွင့်ဆိုကြကုန်၏။ အတွင်းအစွဖွတ္တ အင်္ဂဇာတ ဘာဝရုပ် ပေါ်ရာမှာ ဣတ္ထိ ဘာဝရုပ်=မိန်းမတို့၏ အင်္ဂါဇာတ် အရင်ဖြစ်ပေါ်လာသည်ကို ရည်ရွယ်၍ မိန်းမက အရင်ဖြစ်သည်ဟု အချို့ကျမ်းဂန်တို့ ဖွင့်ဆိုကြကုန်၏' စသည်ဖြင့် ရေးမှတ်ထားသည်များကိုလည်း တွေ့ရပါတယ်။ ရပ်ပြစ်ရှစ်ပါးအကြောင်း၊ ဗောဓိမဏ္ဍိုင်မှာ ဘုရားရှင်မာရ်ငါးပါး အောင်မြင်ရာ ခန္ဓမာရ်မပါသေးကြောင်း၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းကြရာမှာ ဗုဒ္ဓ၏ ရူပကာယထင်မြင်လာပုံအကြောင်းနှင့်စပ်၍ ဝေဖန်ခြင်း၊ ရဟန်းခံကမ္မဝါမှာ အန္တရာယ်ကင်းဟု မပါသော်လည်း အန္တရာယ်ကင်းကြောင်း ဝေဖန်ချက်၊ သိမ်နိမိတ်တိုင်ကိစ္စ၊ ရေသိမ်ကိစ္စ စတဲ့ မှတ်သားချက်တွေအပြင် 'အရပ်ထဲ သံဃာများ အနေကဇာတင်တဲ့အခါ သင်္ကန်းရုံကိုဖျက်လျှင် သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်နှင့် မလွတ်၊ သင်္ကန်းရုံလျက် တင်ပြန်လျှင်လည်း သတ္တဒဿနဋ္ဌာနေ ဥဘော အံသေ ပါရုပတိ ဆိုတဲ့ အဋ္ဌကထာ, ဋီကာ စကားအရ သတ္တအဂါရဝ ဖြစ်မည်စိုးရိမ်ရ၍ သင်္ကန်းကို ခြုံပြီး တင်လျှင် သင့်ကောင်းလို့ မှတ်သားထားတာမျိုးလည်း တွေ့ရပါတယ်။ အဲဒီမှတ်စုများကို လေ့လာကြည့်ခြင်းဖြင့် ဆရာတော်ကြီးရဲ့ စူးစူးစမ်းစမ်း လေ့လာတတ်တဲ့ သဘောကို သိမြင်ရပြီး နောင်အခါ ဆရာတော်ကြီးကို 'အနေရိုးသလောက်ရေးလိုက်တဲ့ စာပေတွေမှာ စကားလုံးတွေ သစ်လွင်တောက်ပြောင်ပြီး အသိဉာဏ် ဆန်းကြယ်လှတယ်'လို့ အချီးမွမ်းခံရတဲ့အကြောင်း သဘောပေါက်စေမယ် ထင်ပါတယ်။

ဆရာတော်ကြီး အစိုးရပထမပြန် စာချတန်းစာမေးပွဲမှာ 'သိရောမဏိ'ဘွဲ့ထူး ရခြင်းနှင့်စပ်လို့ ဆိုင်ရာထေရပွတ္တိစာပေများမှာ 'အစိုးရစာချတန်းစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခဲ့ရာ တစ်နှစ်တည်း ကိုးဘာသာလုံး အောင်မြင်ပြီးဆုံးခဲ့၍ သာသနဓဇသိရီပဝရမဟာစရိယ သိရောမဏိ

ဘွဲ့ကို ပထမဆုံး ခံယူရရှိခဲ့၏လို့ ရေးသားထား ကြပါတယ်။ အဲဒီ 'သိရောမဏိ' ဘွဲ့ဟာ ဆရာတော်ကြီးက အာဒီပုဂ္ဂလအဖြစ် ပထမဦးဆုံး ဆွတ်ခူးရယူခဲ့ရံ့မဟုတ်ဘဲ အဲဒီ 'သိရောမဏိ' ဘွဲ့ဟာ ဆရာတော်ကြီးနဲ့စပ်ပြီးမှ ပေါ်ထွက်လာရတဲ့ ဂုဏ်ထူးဆောင်ဘွဲ့တစ်ခု ဖြစ်ပါတယ်။ အဲဒီ 'သိရောမဏိ' ဘွဲ့ ဖြစ်လာပုံအကြောင်းကို အနည်းငယ် တင်ပြလိုပါတယ်။

ဆရာတော်ကြီးက အစိုးရ ပထမပြန်စာမေးပွဲတွေကို ကိုရင်ဘဝ သက်တော်(၁၅)နှစ်အရွယ်မှာ ပထမငယ်တန်း၊ သက်တော်(၁၆)နှစ်မှာ ပထမလတ်၊ သက်တော်(၁၇)နှစ်မှာ ပထမကြီးတန်း အောင်မြင်ခဲ့လို့ အဲဒီအချိန်က ပထမကြီးတန်းအောင်မြင်သူတို့မှာ အသက်အငယ်ဆုံး ဖြစ်ပါတယ်။ အဲသလို ငယ်, လတ်, ကြီး သုံးတန်းစလုံးကို တစ်ဆက်တည်း အောင်မြင်ဖို့ဆိုတာကလည်း အဲဒီခေတ်ကရှာမှရှားပါပဲ။

အဲဒီနောက် ရဟန်းဖြစ်ပြီး ပခုက္ကူနဲ့ မန္တလေးမြို့တို့ကို ကြွပြီး စာသင်တော်မူပါတယ်။ ကျန်းမာရေး မပြည့်စုံလို့ ပခုက္ကူနဲ့ မန္တလေးတို့မှာ ကြာကြာမနေဘဲ ရန်ကုန်ပြန်ကြွပြီး၊ သပြေကန် ဓမ္မိကာရာမမှာ သီတင်းသုံးနေတုန်း တပည့်တွေ တိုက်တွန်းလို့ ၁၃၀၃-ခုနှစ်၊ နယုန်လ(၁၉၄၁-ခုနှစ်၊ မေလ) သက်တော်(၃၁)နှစ်၊ ရဟန်း(၁၁)ဝါ အရွယ်မှာ ဒုတိယအကြိမ် ကျင်းပတဲ့ အစိုးရပထမပြန် စာချတန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုတော်မူတဲ့အခါ စာချတန်း ကျမ်းရင်း(၃)ကျမ်းနဲ့ ဂုဏ်ထူးဆောင်(၆)ကျမ်း၊ စုစုပေါင်း (၉)ကျမ်းလုံးကို တစ်ကြိမ်တည်း အောင်မြင်ပြီးဆုံးတော်မူခဲ့လို့ ၁၃၀၈-ခုနှစ်၊ ပြာသိုလ(၁၉၄၆-ခုနှစ်၊ ဒီဇင်ဘာလ)မှာ ကျင်းပတဲ့ ပထမပြန်စာမေးပွဲ ဘွဲ့တံဆိပ်ကပ်ပွဲမှာ 'သာသနဓဇဓမ္မာစရိယ' ဘွဲ့ကို လက်ခံရရှိတော်မူခဲ့ပါတယ်။ အဲဒီအခါ 'သိရောမဏိ' ဘွဲ့. မပြဋ္ဌာန်းသေးတဲ့အတွက် ဆရာတော်ကြီး၏ ဘွဲ့ကဒ်ပြားမှာ 'သိရောမဏိ' မပါခြင်း ဖြစ်ပါတယ်။

အဲဒီလို 'သာသနဓဇဓမ္မာစရိယဘွဲ့' ရပြီးလို့ နှစ်နှစ်နီးပါးကြာတဲ့နောက် ၁၃၀၉-ခုနှစ်၊ တပေါင်းလဆန်း(၆)ရက်နေ့(၁၉၄၈-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄-ရက်)နေ့မှာ ပါဠိပထမပြန် ကျင်းပရေး နာယကဆရာတော်ဘုရားများအဖွဲ့နဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါဠိပညာရေးအဖွဲ့. နှစ်ဖွဲ့. ပေါင်း ကျင်းပပြုလုပ်တဲ့ အစည်းအဝေးတစ်ခုမှာ ပါဠိ ပညာရေးအဖွဲ့ဝင် လူကြီးမင်း ရွှေစကြာဦးစိုးမြင့်ရဲ့ တင်ပြချက်ကို အကြောင်းပြုပြီး အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် (၂၇)ကို အတည်ပြုခဲ့ကြပါတယ်။ အဲဒီ ဆုံးဖြတ်ချက်(၂၇) ချက်မှာ ရေးထားတာက-

'၁၃၀၃-ခုနှစ် ပါဠိပထမပြန် စာချတန်းစာမေးပွဲဥ ဟံသာဝတီ(ဘီ)နယ်၊ သပြေကန်ဓမ္မိကာရာမတိုက်မှ ဦးဝါသေဋ္ဌ အရှင်မြတ်သည် စာချတန်းကျမ်းရင်း ၃-ကျမ်းနှင့် ဂုဏ်ထူးဆောင် စာချတန်း ၆-ကျမ်း၊ ပေါင်း(၉)ကျမ်းစလုံးကို အောင်မြင်တော်မူသောကြောင့် (သာသနဓဇသိရီ ပဝရဓမ္မာစရိယ သိရောမဏိ)ဘွဲ့တော်ကို ဆက်ကပ်ရန် လူကြီးမင်း ရွှေစကြာ ဦးစိုးမြင့်၏ အကြံပေးချက်ကို စဉ်းစား ကြပြီးလျှင် ထိုဆရာတော်အား ယခင်က ထုတ်ပေး ဆက်ကပ်ခဲ့သည့် သာသနဓဇသိရီပဝရဓမ္မာစရိယ အောင်လက်မှတ် တော်တွင် သိရောမဏိဘွဲ့တော် ဖြည့်စွက်ထည့်သွင်း၍ ၁၃၁၀-ခုနှစ်၊ မဟာဘွဲ့နှင်းသဘင်၌ ချီးမြှင့်ဆက်ကပ်ရန် ဆုံးဖြတ်ကြသည်'လို့ ဖြစ်ပါတယ်။

အဲဒီ အစည်းအဝေးဆုံးဖြတ်ချက်အရ ပါဠိပညာရေးအဖွဲ့ရုံးက အတွင်းရေးမှူး ဒကာ ဦးဘမောင်က (၁၄-၁၂-၄၈)ရက်စွဲပါစာဖြင့် '၁၂-၂-၄၉ နေ့ ရန်ကုန်မြို့ မှာ ကျင်းပမည့် ၁၃၁၀-ခုနှစ်၊ နိုင်ငံတော်အစိုးရ မဟာဘွဲ့နှင်းသဘင်၌ သာသနဓဇသိရီပဝရဓမ္မာစရိယ သိရောမဏိဘွဲ့ လက်မှတ်တော် ပြင်ဆင်ဆက်ကပ်နိုင်ပါရန် ဆရာတော်ဘုရားအား ဆက်ကပ်ပြီးဖြစ်သော (သာသနဓဇသိရီပဝရဓမ္မာစရိယ)ဘွဲ့လက်မှတ်တော်ကို တပည့်တော်များရုံးသို့ ကျေးဇူးပြု၍ ပြန်လည်ချီးမြှင့်ပေးသနားတော်မူပါဘုရား'လို့ ဆရာတော်ဘုရားကြီးထံတော်ကို စာရေးပါတယ်။ အဲဒီစာကို သန်လျင်မြို့၊ ဟံသာဝတီ(ဘီ)နယ်၊ ပညာအုပ်မင်းကိုယ်စား ဦးသန့်တင် ဆိုသူ ဒကာတစ်ဦးက လာပို့တာ ဖြစ်ပါတယ်။ နောက် ၁၃၁၀-ပြည့်နှစ်၊ မဟာဘွဲ့နှင်းသဘင်မှာ 'စာချ

တန်းနှင့် ဂုဏ်ထူးဆောင်တန်း ၂-တန်းလုံးကို ဝင်လျှင်ဝင်ချင်း တစ်ကြိမ်တည်းနှင့် ကိုးကျမ်းလုံးကို ဖြစ်နိုင်ခဲမျှ ခဲယဉ်းလှစွာ တစ်နှစ်တည်းနှင့်အပြီး ထူးထူးခြားခြား အောင်မြင်သော ကြောင့် ဦးဝါသေဋ္ဌအား ဓမ္မာစရိယ စာချ တကာတို့ထက် မကိုဋ္ဌကျောက်ဖြစ်သည့် (ဓမ္မာစရိယ သိရောမဏိ)ဟူသော သီးခြားဘွဲ့ပုံတံဆိပ်ခတ်နှိပ်ပေးအပ် လျှုဒါန်းပါကြောင်း ဆိုတဲ့ မှတ်ချက်ကြီးနဲ့ 'သာသနဓဇ သိရီပဝရဓမ္မာစရိယ'လို့ ပုံနှိပ် စာလုံးနဲ့ ရိုက်ထားတဲ့ ဘွဲ့စာတန်း နောက်နားမှာ လက်ရေး စာလုံးနဲ့ 'သိရောမဏိ' ကို ဖြည့်စွက်ပြီးရေးထားတဲ့ ဘွဲ့ကဒ် ပြားတစ်ချပ်ကို ထပ်မံဆက်ကပ်ခဲ့ကြပါတယ်။ ၁၃၀၁-ခု နှစ်က ဖြေဆိုတော်မူခဲ့ တဲ့ စာချတန်းအောင် ဘွဲ့ပုံလက်မှတ် ကို(၇)နှစ်အကြာမှ ဘွဲ့အပြည့်အစုံနှင့် လက်ခံရရှိတာ ပဲ'ဖြစ်ပါတယ်။ ဒီ 'သိရော မဏိ'ဘွဲ့နဲ့စပ်ပြီး ဆရာတော် ကြီးက 'ရွှေစကြာ ဦးစိုးမြင့် သတိရပေလို့ပေါ့၊ နို့မဟုတ်ရင် ဘုန်းကြီးတို့ ဒီလိုတောင် ရမှာမဟုတ်ဘူး'လို့ မိန့်တော်မူ ပါတယ်။

ရွှေစကြာဦးစိုးမြင့်ကလည်း သပြေကန်ဆရာတော် ကို သူ့ဘာသာ အသိရှိလို့ ထောက်ခံခဲ့တာမဟုတ်ကြောင်း ကို အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး ဦးသူရိယ ရဲ့ ထေရပွတ္တိ(စာ-၁၀၂)အရ ဒီလို သိရပါတယ်။ အဲဒီ ထေရပွတ္တိမှာ ရေးထားတာက '၁၃၀၉-ခုနှစ်၊ မန္တလေးမှာ ပထမပြန် ကျင်းပတော့ မန္တလေး မစိုးရိမ်တိုက် အဘိဓမ္မ နယူပဒေသကျောင်းက နာယကဘုန်းကြီး ဦးဉာဏောဘာသ စာချတန်းမှာ တစ်နှစ်တည်း ၉-ကျမ်းလုံး အောင်ပါတယ်။ ဒါကို မစိုးရိမ်တိုက်ထွက် ရွှေစကြာဦးစိုးမြင့်က စာချတန်းမှာ တစ်နှစ်တည်း ၉-ကျမ်းအောင်တဲ့ ဦးဉာဏောကို သီးခြား ဘွဲ့ထူးတစ်ခုပေးဖို့ ပါဠိပညာရေးဥက္ကဋ္ဌထံ စာတင်ပါတယ်။ အဲသလို တင်ခဲ့ကြောင်းကို မစိုးရိမ်ဆရာတော်ကြီး ဦးသူရိယ ကိုလည်း သွားပြီးလျှောက်ထားပါတယ်။ မစိုးရိမ်ဆရာတော် ကြီးက မစိုးရိမ်တိုက်ထွက် ဦးစိုးမြင့်ကို 'စိုးမြင့်-မင်းလုပ်ပုံ မဟုတ်ဘူး၊ ဆန္ဒာဂတိလိုက်တယ်ထင်သွားမယ်'ဟု ဆုံးမပြီး 'ဉာဏော အရင် ဒီလိုအောင်တဲ့ ပုဂ္ဂိုလ်မရှိဘူးလားကွာ'လို့ မေးတော်မူပါသတဲ့။ ဦးစိုးမြင့်က တစ်ပါးရှိပါတယ်လို့ ကြားဖူးပါတယ်ဘုရား'လို့ ဖြေတော့ 'မင်းတို့ အဲဒီ ဦးပဉ္စင်း အောင်တုန်းကတော့ ဘာဖြစ်လို့ ဘွဲ့ထူးဂုဏ်ထူးပေးဖို့ မစဉ်းစားခဲ့ကြသတုံး'လို့ မိန့်ပြီး 'မင်းတို့ ဉာဏောကို ဘွဲ့ ထူးဂုဏ်ထူးပေးရင် ဉာဏောအလျှင် အောင်တဲ့ဦးပဉ္စင်း ကိုလည်း ပေးရမယ် မောင်ရ'ဟု မိန့်တော်မူပါတယ်။ အဲ သလို မစိုးရိမ်ဆရာတော်ကြီး မိန့်တော်မူတာကို အကြောင်း ပြုပြီး ဦးစိုးမြင့်က ၁၉၄၈-ခုနှစ်၊ ဖေဖော်ဝါရီလ၁၄-ရက်နေ့ မှာ ကျင်းပတဲ့ ပါဠိပညာရေးအစည်းအဝေးမှာ သပြေကန် ဆရာတော်ဘုရားကို 'သိရောမဏိ'ချီးမြှင့်ဖို့ အဆိုတင်တာ ဖြစ်ပါတယ်။

ဆရာတော်ကြီးက ပခုက္ကူ မဟာဝိဇယာရာမတိုက် သစ်မှာ နေစဉ်က ဆရာတော်ကြီး ဦးဇဝန ချီးမြှောက်လို့ စာချပုဂ္ဂိုလ်ကဲ့သို့ နေထိုင်ခဲ့ရတာ ဖြစ်တာကြောင့် စာချ ဓမ္မာစရိယတို့ရဲ့ ခံစားခွင့်ကို ဟိုအစောကြီးကပဲ ခံစားခဲ့ရပြီး ဖြစ်ပါတယ်။ မန္တလေးမြို့မှာနေစဉ် ၁၃၀၀-ပြည့်နှစ်၊ သက္ကသီဟစာမေးပွဲမှာ သက္ကသီဟစာချတန်းအောင်မြင်လို့ 'ဝါသေဋ္ဌာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ'ဘွဲ့ ဆိုပြီး စာချဓမ္မာစရိယဘွဲ့ကို ရပြီးဖြစ်ပါတယ်။ ဒီနောက် မန္တလေး မြို့၊ အာဘယာရာမတိုက်မှာ နေစဉ်အခါက အာဘယာရာမ ဆရာတော်ဘုရားကြီးရဲ့ သမ္မန္တစိန္တာ စာကိုယ်ဇ္ဈီကာ နိဿ ယကျမ်းဦးမှာ အာဘယာရာမဆရာတော်ကြီး အမိန့်နဲ့ နိဒါန်း ရေးရာ အဲဒီနိဒါန်းအဆုံးမှာ အာဘယာရာမဆရာတော်ဘုရား ကြီးကိုယ်တော်တိုင် 'ဦးဝါသေဋ္ဌ(ဓမ္မာစရိယ)ဟု ရေးသားချီး မြှင့်တော်မူတဲ့အတွက် 'ဓမ္မာစရိယစာချ'ဘွဲ့ကို ရခဲ့ပြီး ဖြစ် ပါတယ်။ အဲသလို ရခဲ့ဖူးတဲ့ ဓမ္မာစရိယစာချဘွဲ့တွေမှာ အာဘယာရာမဆရာတော် ချီးမြှောက်တဲ့ 'ဓမ္မာစရိယ' ဘွဲ့ကို ဆရာတော်ကြီး အနှစ်ခြိုက်ဆုံးဖြစ်ကြောင်း သိရပါတယ်။

တစ်ခါ ဆရာတော်ကြီးရဲ့ စာပေများ ဖော်ထုတ် ရေးမှာ တစ်ထောင့်တစ်ကွေးက ဝင်ရောက် ပါရမီဖြည့်ရပုံ အကြောင်းကိုလည်း အမှတ်တရ ပြန်လည်တင်ပြချင်ပါတယ်။

ဆရာတော်ကြီးထံပါးကို အစဉ်ရောက်နေတဲ့ အ တွက် ဆရာတော်ကြီးရဲ့ စာပေတွေ အထွက်နည်းနေတာ ကို သတိပြုမိပြီး 'ဆရာတော်ကြီး၏ လက်ဝယ်မှာ အသင့်

စီစဉ်ရေးသားပြီး ပုံမနှိပ်ရသေးတဲ့ ကျမ်းစာများ ရှိပါသေး သလားဘုရား' လို့ လျှောက်ထားတဲ့အခါ 'ဘာမှမရှိပါဘူး ကွာ' တဲ့။ ဓမ္မပဒ ဂါထာတွေလုပ်ထားတာ ရှိတယ်လို့ ကြားတာနဲ့ လျှောက်ကြည့်ပြန်တော့လည်း 'မပြီးသေးပါဘူး၊ ကျန်သေးတယ်၊ တချို့ဂါထာတွေ အနှက်ပေးထားတာ ပြန် ပြင်ရဦးမယ်' ဟု အမိန့်ရှိပြန်ပါတယ်။ ဒါနဲ့ ကျောင်းထဲ ဟိုမေးသည်စမ်းလုပ်ရင်း ဝါတွင်းတုန်းက သင်္ကြန်တွင်း တုန်းက ဆရာတော်ကြီး ဟောထားတဲ့ တရားတွေ၊ နောက် အလှူတွေမှာ ဟောတဲ့တရားတွေ အများကြီး ရှိနေပြီး၊ အချို့ကို ကက်ဆက်ကနေ ဗလာစာအုပ်နဲ့ ကူးထားတာ ဦးပဉ္စင်းလေးတွေဆီမှာရှိတယ်ဆိုတာ ကြားရတော့ အဲဒီ ဗလာစာအုပ်တွေကို တောင်းပြီး ယူကြည့်မိပါတယ်။ ဆရာ တော်ကြီးရဲ့ တရားတော်တွေက မြတ်ဆုမွန်စတဲ့ မဂ္ဂင်း တွေမှာ ထည့်မယ်ဆို လစဉ် တစ်ပုဒ်ဖြစ်စေ၊ နှစ်လ တစ်ပုဒ် ဖြစ်စေ ထည့်နိုင်တာကို တွေ့ရပါတယ်။ ဒါနဲ့ စာအုပ် ကလေးတွေကိုင်ပြီး ဆရာတော်ထံ ဝမ်းသာအားရ 'စာမူ တော့ ရပါပြီဘုရား၊ ပြင်ပေးတော်မူပါဘုရား၊ ပြင်ပေးတော် မူပါ' လို့ ကပ်တော့၊ 'အဲဒါတွေက သိပ်မဟုတ်သေးပါ ဘူးကွာ' လို့ ခပ်ညည်းညည်းတွားတွား အမိန့်ရှိပြီး 'ဒီတရား တွေ မထည့်ချင်ပါနဲ့' လို့လည်း တားတော်မူပါတယ်။ ဒါနဲ့ တပည့်တော်က 'ဆရာတော်ကြီး ကြည့်နိုင်သလောက်သာ ကြည့်ပေးတော်မူပါဘုရား၊ ကျန်တာ တပည့်တော် ဒကာကြီး ဦးထွန်းလှိုင်တို့ တိုင်ပင်ပြီး ပြင်ဆင်ပါ့မယ်ဘုရား' လို့ လျှောက် တော့ 'အေးလေ၊ ဒကာအောင်မွန်က သိပ်ဆန္ဒ ထက်သန် နေရင်လည်း ထည့်တာပေါ့' ဆိုပြီး ပထမ တရားတစ်ပုဒ်ကို ပြင်ပြီးပေးပါတယ်။ အဲဒါလည်း လွယ်လွယ်နဲ့ ရတာ မဟုတ်ပါ။ အတော့်ကို အတိုက်အခံဖြစ်ပြီးမှ ရတာ ဖြစ် ပါတယ်။ အဲဒီမှုကို ဓမ္မတံခွန်စာစောင်မှာ ထည့်ပေးလိုက် ပါတယ်။ အဲဒီ တရားပါပြီး ဆရာတော်ကြီးထံမှ နောက် ထပ်တစ်ပုဒ်ရပြန်ပါတယ်။ အဲဒီစာမှာက-

အလေးထား ရေးသားအပ်ပါသည်-

မနေ့က ဆရာသစ်ဆန်းလွင် ထံ တရားတစ်ပုဒ် ပေးလိုက်ပါတယ်။ တရားတွေက ဘုန်းကြီးအနေနဲ့ တယ်ပြီး မထည့်စေချင်။ သို့သော် ဒကာအောင်မွန် တို့က လိုလားနေလို့သာ ပေးရပါ၏။ နောက်တရားတွေ က ပိုပြီး ချို့ယွင်းချက်တွေ များနေ၍ ပြင်ရပါဦးမည်။ ဤစာမူတွေထဲမှာ အဝိဒ်ခွဲ, ခေါင်းစဉ်ကလေးတွေ ထည့်ပေးက ကောင်းပါလိမ့်မည်။ စကားအသုံးအနှုန်း၊ အရေးအသား စသည်၌ အဆင်မပြေသော အချက်ကလေး များကိုလည်း ပြင်ပေးစေလိုပါသည်။ မနေ့က သင်္ကြန် သံဝေဂဂါထာကလေး(သင်္ကမန္တာ ဝယောဝုဒ္ဓါ-စ သည်)အောက်က ထည့်ပေးရန် ရေးသားသော အ ကြောင်းအရာကို ယခုပေးလိုက်ပါသည်။ ထိုဂါထာ ပါဠိအနှက်အောက်က မင်နီဖြင့် ဖျက်ထားသော စကား နေရာမှာ ထည့်ရန်ဖြစ်ပါသည်။

ကျန်းမာ၍ ချမ်းသာပါစေသော်-

အရှင်ဝါသေဋ္ဌာဘိဝံသ၊ ရွှေကျင်။

ဆရာတော်ကြီးရဲ့ ဆန္ဒတော်အတိုင်း မြတ်ဆုမွန်မှာ ထည့်တဲ့ တရားတော်တွေကိုတော့ 'နိဗ္ဗာန်နဲ့ နီးစပ်အလှူ တရားတော်'၊ 'မိဘများ အလိုရှိသော သားရတနာ တရား တော်'၊ 'လောကနှင့်ငြင်းခုန်ရသော အနုတ္တတရားတော်'၊ 'ထူးခြားသော ကုသိုလ်များ တိုးပွားရေးတရားတော်'၊ 'ကြုံရခဲသည့် ဓမ္မပွဲတရားတော်' စသည်ဖြင့် ခေါင်းစဉ်များ တပ်ပေးပါတယ်။ စာပိုဒ်တွေလည်း ခွဲပေးပါတယ်။ အဲဒီက စပြီး အခြားစာစောင်တွေကိုလည်း လိုက်ပြောရပါတယ်။ ရွှေကျင်ကျောင်းမှာ သပ္ပြက်ကန်ဆရာတော်ကြီးရဲ့ တရားတော် တွေ ကူးပြီးသား ရှိတယ်။ သွားတောင်းကြ၊ ထည့်ကြလို့။ ဒါနဲ့ပဲ ဆရာတော်ကြီး တရားတော်တွေ စာစောင်တွေမှာ ပါလို့ အတော်စုမိလာတော့ ဒီကဆရာတော်တွေ စီစဉ်ပြီး သပ္ပြက်နတရားပေါင်းချုပ် စာတစ်အုပ် ဖြစ်ပေါ်လာပါတယ်။

အဲသလို ဆရာတော်ကြီးအတွက် တရားပေါင်းချုပ် စာအုပ် တစ်အုပ်ဖြစ်မြောက်လာအောင် တပည့်တော်က အကျိုးဆောင်ပေးခဲ့သလို ဆရာတော်ကြီးရဲ့ ဘုန်းရိပ်,ကံရိပ် ခိုလှုံခဲ့ရပုံကလေးတစ်ရပ်ကိုလည်း တင်ပြလိုပါတယ်။ အဲ ဒါက ဒီလိုပါ။

၁၉၈၈-ခု မတိုင်မီအချိန်က သီရိလင်္ကာနိုင်ငံ၊

ကိုလဲ့ဘိုမြို့ မဟာဝိသုဒ္ဓါရာမကျောင်း မဟာနာယကချုပ် ဆရာတော်ကြီး ဦးပညာရံသီတဲ့၊ သက်တော် ၈၄-နှစ်မှာ မြန်မာနိုင်ငံကို ကျောက်မဲမြို့ သီဟိုဠ်(သီရိလင်္ကာ)ကျောင်း ဆရာတော် ဦးပညာဝံသနဲ့ အတူကြွလာပြီး ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပစ္ဆိမာရုံကျောင်းမှာ ခေတ္တသီတင်းသုံး နေပါတယ်။

ဒီဆရာတော်ကြီးက အသက်(၁၁)နှစ်မှာ အင်းစိန် ဗြူးကုန်းတောရဆရာတော် ဦးစက္ကိန္ဒထံမှာ ဥပစ္ဈာယ်ယူပြီး ကိုရင်ဝတ်ခဲ့ပါတယ်။ သီဟိုဠ် (သီရိလင်္ကာ) မှာဝတ်တာပါ။ ဦးစက္ကိန္ဒက အဲဒီအချိန်က သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ကန္ဒီမြို့မှာ စက္ကိန္ဒာရာမဆိုပြီး ကျောင်းနှစ်ကျောင်း တည်ထောင်ဖူးပါတယ်။ နောက် ၁၉၂၅-ခုနှစ်မှာ မြန်မာနိုင်ငံမှာ အသိများကြတဲ့ ဦးသီရိမမွ၊ လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီး တို့နဲ့တွဲပြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ဆရာ တော်ကြီးထံမှာ စာသင်ဖက်၊ နောင်တော့ မဟာဝိသုဒ္ဓါရာမ ဒီပနီကို ရေးတဲ့ ကိုယ်တော်ပါ။ အဲဒီဦးသီရိမမွထံမှာ ရဟန်းဝတ်ပါတယ်။ အဘယာရာမဆရာတော် သီရိလင်္ကာကြွစဉ်က ဒီဦးပညာရံသီဟာ သာမဏေဘဝနဲ့ ဝတ်ကြီးဝတ်ငယ်ပြု ခဲ့ဖူးပါသတဲ့။ ပြီးတော့ ရဟန်းသုံးဝါအရမှာ မြန်မာပြည်ကို ကြွလာဖူးပါတယ်။ သုံးဆယ်မြို့၊ မောင်းထောင်ဆရာတော် အရှင်ကေသရိန္ဒပင့်လို့ ကြွလာတာဖြစ်ပေမယ့် သူကြွလာတော့ မောင်းထောင်ဆရာတော်က ပျံလွန်တော်မူပြီဖြစ်လို့ အဂ္ဂိစ္စာပနကိုပဲ သွားရောက်ခဲ့ရတယ်လို့ အမိန့်ရှိပါတယ်။

အဲဒီဆရာတော်ကြီး ဦးပညာရံသီနဲ့ တပည့်တော် သီဟိုဠ် (သီရိလင်္ကာ) သာသနာအကြောင်း၊ ဦးသီရိမမွ အကြောင်း မေးမြန်းလျှောက်ထားကြရာမှာ ပထမပိုင်းမှာ စကားပြန်အဖြစ် ကျောက်မဲမြို့၊ သီဟိုဠ် (သီရိလင်္ကာ) ကျောင်းဘုန်းကြီးက ဆောင်ရွက်ပေးပါတယ်။ ဒါပေမဲ့ သီဟိုဠ် (သီရိလင်္ကာ) ကျောင်းဘုန်းကြီးမေးတာကို သီဟိုဠ် (သီရိလင်္ကာ) ဆရာတော်ကြီးက ရှင်းရှင်းလင်းလင်း နားလည်ပုံမပေါ်လို့ ထပ်ခါထပ်ခါ ပြန်မေးပြန်ပြောဖြစ်နေတော့ အမေးအဖြေပြုရတာ ခရီးမတွင်ဘဲဖြစ် လို့နေပါတယ်။ ဒါနဲ့ ဆရာတော်ကြီးကို အင်္ဂလိပ်လိုပြောရင် ဖြစ်မလားလို့ မေးလျှောက်တော့လည်း ဆရာတော်ကြီးက အင်္ဂလိပ်လို မပြောနိုင်ဘူးလို့ သိရပါတယ်။ ဒီလိုဆိုရင် ပါဠိလိုရော ပြောနိုင်မလားလို့ မေးတော့ ပြောနိုင်တယ်တဲ့၊ ဒါဆို ဆရာတော်ကြီးကို 'ပါဠိလို ဖြည်းဖြည်းပြောဘုရား၊ တပည့်တော်က နားလည်သလောက် လည်ပါတယ်' ဆိုပြီး ပါဠိလိုပဲ ပြောကြရပါတယ်။ ဒါလည်း သိပ်အဆင်မပြေလှပါဘူး။ ဒီလို အခက်တွေ့နေတုန်း သပြေကန်ဆရာတော်ကြီး ပစ္ဆိမာရုံကို ကြွလာပါတယ်။ ကျောင်းဦးလှေကားက အပေါ်ကို ရောက်လို့ တပည့်တော်ကို တွေ့တာနဲ့ ဆရာတော်ကြီးက 'မောင် အောင်မွန်လည်း ရောက်နေတာကိုး' လို့ မိန့်ပါတယ်။ ဆရာတော်ကြီးကို 'ပြောဆိုဖို့ အခက်တွေ့နေတဲ့အတွက် ကူညီပါဦးဘုရား' လို့ တောင်းပန်တဲ့အခါ ဆရာတော်ကြီးက 'မောင်အောင်မွန် ဘာသိချင်သလဲ၊ ဘုန်းကြီးကူလျှောက်ပေးမယ်' ဆိုပြီး ပါဠိဘာသာနဲ့ ခပ်သွက်သွက် လျှောက်ပေးပါတယ်။ သီဟိုဠ် (သီရိလင်္ကာ) ဆရာတော်ကြီးကလည်း အဲဒီတော့မှ ခပ်သွက်သွက် ပြန်ဖြေပါတယ်။ မေးချင်တဲ့ကိစ္စ လျှောက်ချင်တဲ့ကိစ္စ အဲဒီတော့မှပဲ ပြီးပါတော့တယ်။

အဲဒီအချိန်က သပြေကန်ဆရာတော်ကြီးကလည်း သိချင်တာတွေ မေးတာရှိပါတယ်။ မှတ်သားမိသလောက် ဆိုရင်-

သပြေကန်ဆရာတော်ကြီးက- "ဦးသီရိမမွ ပရမတ္ထသရုပဒီပနီကျမ်းကို သီဟိုဠ် (သီရိလင်္ကာ) ဘာသာပြန် ဖြစ်ပါသလား" လို့ သီဟိုဠ် (သီရိလင်္ကာ) ဆရာတော်ကြီးကို မေးပါတယ်။

သီဟိုဠ် (သီရိလင်္ကာ) ဆရာတော်ကြီးက- "ပြန်ဖြစ်တယ်" လို့ ဖြေပါတယ်။

သပြေကန်ဆရာတော်ကြီးက- "ဦးသီရိမမွ သပြေကန်ကိုကြွပါသေးတယ်၊ တပည့်တော် ကိုရင်ဝတ်ပဲ ရှိပါသေးတယ်" လို့ မေးလျှောက်တော့

သီဟိုဠ် (သီရိလင်္ကာ) ဆရာတော်ကြီးက- "ဟုတ်ပါတယ်၊ ကြွတာသိပါတယ်"-လို့ ဖြေပါတယ်။

တစ်ခါ သီဟိုဠ် (သီရိလင်္ကာ) ဆရာတော်ကြီးက "သီဟိုဠ် (သီရိလင်္ကာ)ကို ကြွပါဦး"-လို့ ဖိတ်ခေါ်တဲ့

အခါ-

သပြေကန်ဆရာတော်ကြီးက ''ကြွဖို့ခက်ပါတယ်''-လို့ ဖြေပါတယ်။

သီဟိုဠ် (သီရိလင်္ကာ) ဆရာတော်ကြီးက-''ဘုရားပဲကြာမှာပါ၊ ကြွဖြစ်အောင်ကြွပါ''-ထပ်ပြောတော့-

သပြေကန်ဆရာတော်ကြီးက ''တပည့်တော် မန္တလေးကိုတောင် ပြန်မကြွနိုင်သေးတော့ သီဟိုဠ် (သီရိ လင်္ကာ)ဆိုကြွဖို့ရာ ဝေးပါသေးတယ်ဘုရား''-လို့ လျှောက်ထားပါတယ်။

သပြေကန်ဆရာတော်ကြီးက ''မြန်မာအက္ခရာနဲ့ ရေးတဲ့ပါဠိစာပေကို ဖတ်နိုင်ပါသလား'' လို့ မေးတယ်။

သီဟိုဠ် (သီရိလင်္ကာ)ဆရာတော်ကြီးက-''ဖတ်နိုင်ပါတယ်''-လို့ ဖြေတယ်။

သပြေကန်ဆရာတော်ကြီးက- ''သီဟိုဠ် (သီရိလင်္ကာ)မှာ ပါဠိဘာသာ ကျွမ်းကျင်သူတွေ ရှိပါသလား''လို့ မေးတော့၊

သီဟိုဠ် (သီရိလင်္ကာ)ဆရာတော်ကြီးက-''နည်းသွားပါပြီ''-လို့ ဖြေပါတယ်။

တစ်ခါ သီဟိုဠ် (သီရိလင်္ကာ)ဆရာတော်ကြီးက-''မြန်မာပြည်မှာရော'' လို့ မေးတော့...

သပြေကန်ဆရာတော်ကြီးက-''ယခုမြန်မာနိုင်ငံမှာလူတွေက ပဋိပတ်လုပ်ငန်း လုပ်သူများပါတယ်၊ အဘိဓမ္မာလည်း သင်ကြပါတယ်၊ ရဟန်းတော်တွေကတော့ စာမေးပွဲလုပ်ကြတာများပါတယ်''-လို့ ဖြေတယ်။

သပြေကန်ဆရာတော်ကြီးက-''သီဟိုဠ် (သီရိလင်္ကာ)မှာ ပါဠိဘာသာနဲ့ ကျမ်းဂန် စာပေပြုစုတာရှိပါသေးသလား၊ မြန်မာနိုင်ငံမှာလည်း ရှေးတုန်းကတော့ ပါဠိလို ရေးကြတယ်၊ အခု နည်းသွားပါပြီ''-လို့ ပြောတော့

သီဟိုဠ် (သီရိလင်္ကာ)ဆရာတော်ကြီးက-''သီဟိုဠ် (သီရိလင်္ကာ)မှာလည်း ဝံသလို့ခေါ်တဲ့ သမိုင်းစာပေတွေကိုပဲ ပါဠိဘာသာနဲ့ ရေးကြတော့တယ်၊ ကျမ်းဂန်တော့ မရေးကြပါဘူး''-လို့ ဖြေပါတယ်။

သပြေကန်ဆရာတော်ကြီးက-''သီဟိုဠ်(သီရိလင်္ကာ)လို တတ်တဲ့မြန်မာဘုန်းကြီး ရှိသေးလား''-လို့ မေးတော့...

သီဟိုဠ် (သီရိလင်္ကာ)ဆရာတော်ကြီးက-''အာယာရာမဆရာတော် သီဟိုဠ် (သီရိလင်္ကာ) ဘာသာတတ်တယ်''-လို့ ဖြေပါတယ်။

သပြေကန်ဆရာတော်ကြီးက-''အာယာရာမဆရာတော်ကြီးဟာ ဘာသာစကား (၆)မျိုးလောက် တတ်တာပါ''-လို့ ပြောပြပါတယ်။

ဒီအကြောင်းတွေက သပြေကန်ဆရာတော်ကြီး တပည့်တော်ရဲ့စာပေကိစ္စမှာ ကူညီဆောင်ရွက်ပေးခဲ့တာတွေဖြစ်ပါတယ်။ အမှန်ပြောရရင် ဆရာတော်ကြီးဟာ တပည့်တော်အတွက် ဒီမျှမက ဆောင်ရွက်ပေးတော်မူခဲ့တာ ဖြစ်ပါတယ်။ အခုတပည့်တော် နာမည်နဲ့တွဲထားတဲ့ 'မြတ်ဆုမွန်' ဆိုတဲ့ အမည်ကိုလည်း ဆရာတော်ကြီး ရွေးပေးတော်မူခဲ့တာ ဖြစ်ပါတယ်။

တစ်ခါ တပည့်တော်က ဆရာတော်ကြီးသိလိုတာရှိလို့ စာပေကိစ္စတစ်ရပ်အတွက် ဆောင်ရွက်ပေးခဲ့ရပုံကိုလည်း တင်ပြလိုပါတယ်။

တပည့်တော်ကို အကြောင်းပြုပြီး ရန်ကုန်ကစာရေးဆရာတွေ ဒီကျောင်းကို အတော်များများရောက်ကြရပါတယ်။ ဆရာတော်ကြီးကိုလည်း ဖူးခွင့်ရကြပါတယ်။ အဲဒီလို တပည့်တော်ခေါ်ဆောင်လာတဲ့ စာပေအနုပညာရှင်တွေထဲမှာ မကြာမီကမှ ကွယ်လွန်သွားခဲ့တဲ့ ဆရာကြီး မင်းသုဝဏ်လည်း အပါအဝင်ဖြစ်ပါတယ်။ ဆရာကြီး မင်းသုဝဏ်ကိုတော့ တပည့်တော်ကချည်း ဒီကျောင်းကြွဖို့ ဖိတ်ခေါ်ခဲ့တာ မဟုတ်ပါဘူး၊ ဆရာတော်ကြီးကိုယ်တိုင်က-'တွေ့ဖူးချင်တယ်၊ မတွေ့ဖူးဘူး၊ ဖိတ်ပေးပါ' လို့ အမိန့်ရှိတာကြောင့် ဆရာကြီးကို ဖိတ်ခေါ်ခဲ့ရတာဖြစ်ပါတယ်။ ဆရာကြီး မင်းသုဝဏ် ဒီကျောင်းကို ရောက်လာပုံက ဒီလိုပါ။

ဆရာကြီးမင်းသုဝဏ်က ယခု ဗဟန်းရပ်ရှိ ရွှေဟင်္သာတောရတိုက်ခွဲ သီရိမင်္ဂလာကျောင်းကို လှူဒါန်းတည်ထောင်သူ ဦးသီရိမင်္ဂ (လူအမည်-ဝန်ထောက်ဦးဒွေး)ရဲ့

သားသမက်ဖြစ်ပါတယ်။ ဆရာယောကျ်ားမဖြစ်တဲ့ ဝန်ထောက်ကြီးဦးဒွေးဟာ ၁၃၀၅-ခုနှစ်မှာ သာသနာ့ဘောင်ကို လုံးလုံးဝင်ရောက်ခဲ့ပါတယ်။ အဲဒီ ဦးသီရိမန္တကာ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရပထမစံကျောင်း ဆရာတော်ကြီး ဦးဝါယာမထံတော်မှာ အရှင်အဿဃောသရဲ့ သက္ကတဗုဒ္ဓဝင်ဖြစ်တဲ့ ဗုဒ္ဓစရိတလင်္ကာကျမ်းကြီးကို တက်ယူခဲ့ဖူးပါတယ်။ အဲဒီကျမ်းဟာ မူအမျိုးမျိုးဖြစ်နေလို့ အဲဒီအချိန်က အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ် တက္ကသိုလ်မှာ စာပေသင်ယူနေတဲ့ ဆရာကြီးမင်းသုဝဏ်ကပဲ သက္ကတစာပေ ပါမောက္ခကြီး ဂျွန်စတန်တည်းဖြတ်ဘာသာပြန်တဲ့ ဗုဒ္ဓစရိတကျမ်း စာကိုယ်နဲ့ ဘာသာပြန်စာအုပ်နှစ်အုပ်ကို မြန်မာနိုင်ငံကို ပို့ပေးခဲ့ပါတယ်။ ဆရာကြီးမင်းသုဝဏ်ဟာ ပထမစံကျောင်းဆရာ တော်ကြီး ဗုဒ္ဓစရိတဗုဒ္ဓဝင်လင်္ကာ မြန်မာဘာသာ နိဿယ ရေးခဲ့ပုံ အကြောင်းတွေကို ဆောင်းပါးတစ်ပုဒ်ရေးပြီး ဇွေတာရီမဂ္ဂဇင်းမှာ ထည့်ခဲ့ပါတယ်။ အဲဒီဆောင်းပါးကို မြတ်ဆုမွန်မှာ ပြန်ထည့်ခဲ့ပါတယ်။

ဒီဆောင်းပါးပါပြီး သပြေကန်ဆရာတော်ကြီးထံတော်ပါးရောက်သွားတော့ ဆရာတော်ကြီးက သူထံကို သီရိမန္တစံကျောင်းမှာ သီတင်းသုံးနေတဲ့ ဆရာတော်ဦးရာဇိန္ဒ (ယခု-တွဲဖက်ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး)က ပထမစံကျောင်းဆရာတော်ကြီးရဲ့ ဗုဒ္ဓစရိတမူ ပါဠိဂါထာများနဲ့ မြန်မာ နိဿယကိုပို့ထားကြောင်း၊ အခု အဲဒီစာမူမှာ အကျအပေါက်များနေလို့ အချောပြန်ကူးပေးပါလို့ သီရိမန္တစံကျောင်းကို ပြန်ပို့ထားရကြောင်း၊ အဲဒီစာမူတည်းဖြတ်နိုင်ဖို့ အခြားဗုဒ္ဓစရိတ သက္ကတမူများရှိက ဗုဒ္ဓစရိတ ဆောင်းပါးရေးတဲ့ ဒကာကြီးမင်းသုဝဏ်ကိုလည်း တွေ့လိုကြောင်း အမိန့်ရှိပါတယ်။

တပည့်တော်က-"ဆရာကြီးမင်းသုဝဏ်နဲ့ တွေ့ဖူးပါသလားဘုရား" လို့ လျှောက်တော့ "မတွေ့ဖူးဘူး" တဲ့။ ဒီတော့ ဆရာတော်ကြီးနဲ့ ဆရာကြီးမင်းသုဝဏ်ဟာ သပြေကန်နဲ့ ကွမ်းခြံကုန်း ဟံသာဝတီတစ်နယ်တည်းဖြစ်ပြီး မတွေ့မဆုံဖူးကြတာဟာ ဆန်းပါတယ်ဘုရား" လို့ လျှောက်တဲ့အခါ ဆရာတော်ကြီးက "အကြောင်းမသင့်သေးတဲ့အတွက် မတွေ့ရသေးဘူးပေါ့" တဲ့။ ဒီတော့ တပည့်တော်က "တပည့်တော်အကြောင်းသင့်အောင် ဆောင်ရွက်ပေးပါ့မယ်" လို့ ဝန်ခံပြီး ဆရာကြီးမင်းသုဝဏ်ထံ သွားရပါတယ်။

ဆရာတော်ကြီး နဲ့ ဆရာကြီးမင်းသုဝဏ်တို့ နှစ်နာရီကြာအောင် ဗုဒ္ဓစရိတကျမ်းအကြောင်း အပါအဝင် စာပေအကြောင်းတွေ မေးဖြေပြောကြားကြပါတယ်။

ဆရာကြီးကလည်း ဆရာတော်စာပေတွေကိုသာဖတ်နေရတာဖြစ်ပြီး ဆရာတော်ကြီးကို မဖူးတွေ့ရလို့ အလွန်ဖူးတွေ့ချင်နေတာတဲ့။ ဒါနဲ့ မကြာမီရောက်လာမယ့် တပည့်တော်မွေးနေ့မှာ ရွှေကျင်ကျောင်းက သံဃာကုန်ဆွမ်းကပ်မယ်၊ ဆရာကြီးတစ်ဦးတည်းကိုပဲ ဧည့်အဖြစ်ဖိတ်ကြားမယ်။ အဲဒီနေ့ ဆရာတော်ကြီးနဲ့ ဆရာကြီးတို့တွေ့ဆုံကြပါလို့ စီစဉ်လိုက်ရပါတယ်။

အဲဒီနေ့မှာ စံကျောင်းကြီးအပေါ်ထပ်ကို ဆရာကြီးကို နံနက် ၈-နာရီအရောက် ခေါ်ဆောင်ခဲ့ပြီး ဆရာတော်ကြီးနဲ့ ဆရာကြီးမင်းသုဝဏ်တို့ နှစ်နာရီကြာအောင် ၁၀-နာရီတိုင်သည်အထိ ဗုဒ္ဓစရိတကျမ်းအကြောင်း အပါအဝင် စာပေအကြောင်းတွေ မေးဖြေပြောကြားကြပါတယ်။ ပညာကျော်ပဂေးကြီးနှစ်ဦး ပြောဆိုကြတာဖြစ်လို့ နာရတာအင်မတန်မြိန်စရာကောင်းပါတယ်။ နာလို့ မငြီးနိုင်ပါဘူး။ အဲဒီ အချိန်က ကျောင်းကြီးပေါ်မှာ ဆရာတော်ကြီးရယ်၊ ဆရာကြီးရယ်၊ တပည့်တော်ရယ်- ဒါပါပဲ။ ၁၀-နာရီထိုးလို့ ဆရာတော်ကြီးဆွမ်းကပ်ရမယ့်အချိန်နီးမှ စကားမနည်းဖြတ်ကြရတယ်။

နောက်ဆုံးအနေနဲ့ပြောကြားလိုတာက အနန္တကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ကြီးဟာ ပျံလွန်တော်မူခဲ့ပြီဖြစ်သော်လည်း တပည့်တော်က ဆရာတော်ကြီးကို

အစဉ်သတိတရရှိနေသလို ဆရာတော်ကြီးကလည်း ဘဝနှတ်နှန်းတစ်နေရာကနေ တပည့်တော်ကို စောင့်ရှောက်နေတယ်လို့ ထင်မိကြောင်း ပြောကြားလိုတာပဲ ဖြစ်ပါတယ်။

တပည့်တော်ဒီကျောင်းမှာ လွန်ခဲ့တဲ့ ၄,၅-နှစ်လောက်က ဒုလ္လဘအဖြစ် တစ်လသက်နှီးစီးဖူးပါတယ်။ စာရေးဖို့နေရာခက်ခဲလို့ လာဝတ်တာပါ။ ရေးရမှာက ပွင့်တော်မူမယ့်မေတ္တေယျရှင်ရဲ့အကြောင်းပါ။ စာအုပ်တွေ တစ်ထပ်းကြီးသယ်လာပါတယ်။ ဒါပေမဲ့ ဒီရောက်လို့ ဆရာတော်ကြီးရုပ်တုတော်နားမှာ ဖျာခင်းနေရာယူပြီးတဲ့နောက်၊ ဘုန်းတော်ကြီး ဦးခေမာက ကြည့်လိုရာကြည့်ဆိုပြီး အဲဒီနံဘေးက စာအုပ်ဘီရိုကို သော့ဖွင့်ပေးပါတယ်။ ဗီရိုဖွင့်လိုက်တာနဲ့ ပထမဆုံးထွက်လာတဲ့စာရွက်အချို့က မဓုရရသဝါဟိနီ (ဇမ္ဗုဒီပုပ္ပတ္တိကထာ) ကျမ်းရဲ့ ပါဠိဘာသာမှ မြန်မာဘာသာပြန်ထားတဲ့ စာရွက်အချို့ပါ။ ဒီကျမ်းက သီဟိုဠ် (သီရိလင်္ကာ) ကရေးတဲ့ မဓုရရသဝါဟိနီ အမည်ရှိတဲ့ ပုံဝတ္ထုညွှန့်ပေါင်းကျမ်းပါ။ ဒီကျမ်းပါပုံ ဝတ္ထု(၅)ပုဒ်ကို ဆရာကြီးဦးဆန်းထွန်းကွယ်လွန်တော့ ဒီကျမ်းလာ ဝတ္ထုတွေကို ဆက်ပြန်ပေးဖို့ တပည့်တော်နဲ့ ဆရာကြီးဦးထွန်းလှိုင်တို့ ဒီကျောင်းကို သုံးလေးကြိမ်လောက်ထားပြီး ဆရာတော်ကြီးကို တောင်းပန်ခဲ့ဖူးပါတယ်။ ဆရာတော်ကြီးက 'ပုံဝတ္ထုဖြစ်လို့ ဘုန်းကြီးနဲ့မတော်ပါဘူး' လို့ မိန့်တော်မူဖူးပါတယ်။ ဒါပေမဲ့ ဆရာတော်ကြီးဟာ ဒီစာအုပ်ကိုပြန်ဖို့ အစပြုထားပုံရပါတယ်။ ပြန်လက်စ ပြင်ဆင်ထားတာကို တွေ့ရလို့ပါပဲ။

ဒါနဲ့ တပည့်တော်က အဲဒီဇမ္ဗုဒီပုပ္ပတ္တိကထာ သုဓမ္မဝတီရိုက်ပါဠိမူစာအုပ်ရယ်၊ တောင်ပေါက်ဆရာတော်ကြီးချန်ကိန်းသယလေးအုပ်ရယ်၊ ရွှေကျင်မြို့က ဆရာတော်ကြီးဦးအာစာရရဲ့ မြန်မာပြန်ရယ်တို့ကို အိမ်ကိုပြန်မှာပြီး မဓုရရသဝါဟိနီ၊ ဇမ္ဗုဒီပုပ္ပတ္တိကထာပုံ ဝတ္ထုလေးဆယ်တို့ကို စု၍ မြန်မာဘာသာပြန်ဆိုခဲ့ပါတယ်။ တစ်နေ့ ၂-ပုဒ်၊ ရံခါ ၃-ပုဒ်၊ ဓာတ်ရှည်ရင် ၂-ရက် ၁-ပုဒ် စသည်ရေးလိုက်တာ ရက် (၂၀)အတွင်း စာတစ်အုပ်လုံး ပြီးသွားပါတယ်။ ရေးပြီးသမျှလည်း ကွန်ပျူတာရိုက်ပေးသူ ကိုအေးသန်းက ညနေတိုင်း ဘုရားဝတ်တက်ပြီးချိန် လာယူပြီး ရိုက်ပေးပါတယ်။

အဲသလိုရေးနေတုန်း အချို့သော နေရာတွေမှာ စကားလုံးအသုံးအနှုန်း မဝေခွဲနိုင်လို့ တုံ့ဆိုင်းဖြစ်နေတယ်။ တစ်နေ့လုံး စဉ်းစားလည်း အဖြေမပေါ်ဘဲ ဖြစ်နေတယ်။ နီးစပ်ရာက အဘိဓာန် စတဲ့ စာအုပ်တွေ ရှာကြည့်လည်း မတွေ့ဘဲဖြစ်နေတယ်။ အဲသလိုအချိန်မှာ အနီးက ဆရာတော့် ဗီရိုကိုဖွင့်လိုက်တော့ စာအုပ်တစ်အုပ်ကျလာတယ်။ စာရွက်ကလေး ညှပ်လို့။ ညှပ်ထားတဲ့နေရာကို ကြည့်လိုက်တော့ တပည့်တော် ရှာနေတဲ့ စကားလုံးရဲ့ ရှင်းလင်းချက်။ ဒီလိုနဲ့ သုံး, လေး နေရာမှာ ခက်ခဲတိုင်း အဲသလိုချည်းကြုံရပြီး ရက်(၂၀) အတွင်းမှာ ဒီစာအုပ်ပြီးစီးအောင်မြင်ခဲ့ရတာဖြစ်ပါတယ်။ အဲဒီ စာအုပ်ပြီးမှ လူဝတ်လဲခဲ့တာပါ။ စာအုပ်နာမည်က "ဥပုသ်သည်များ ဖတ်ဖွယ် ပုံဝတ္ထုလေးဆယ်"။

အဲဒီတုန်းက "ဆရာတော်ကြီးဟာ တပည့်တော်အပေါ် သံယောဇဉ်ကြီးလိုက်တာ၊ ခုထိစောင့်ရှောက်တုန်းပဲ" လို့ ဒီလိုစိတ်ထဲ ဖြစ်မိပါတယ်။ ဒါကြောင့်မို့ တပည့်တော်ဘဝတွင် ဆရာတော်ကြီးသည် နောက်နောက်လည်း စောင့်ရှောက်တော်မူပါဦးဘုရားလို့ လှိုက်လှိုက်လဲလဲဆုပန်ရင်း ဆရာတော်ကြီးအား ဂုဏ်ရည်မှန်းဆ ပူဇော်ခြင်းအစီရင်ခံမှုကို ဤနေရာ၌ခေတ္တရပ်နားပြီး နောက်ထပ်လို့လည်း အနှုန်းကျွေးရှုးရှင် သပြေကန်ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်တွေကို ကြည်ကြည်နူးနူး ပြောပြချင်ပါသေးတယ်။

ဦးအောင်မွန် (မြတ်ဆုမွန်)

သာသနာရေးဝန်ကြီးဌာန (ဝန်ကြီးရုံး) ဒုတိယဝန်ကြီး
မိုလ်မှူးချုပ်သိုရအောင်ကို[အငြိမ်းစား]၏
သာသနာရေးဆိုင်ရာ လျှောက်ထားလွှာ

ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား ။

သီလသုတ စွယ်စုံရ သပြေကန်ဆရာတော်မြတ်ကြီးအား (၁၁)နှစ်မြောက် ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲမှာ ဆရာတော် သံဃာတော် အရှင်မြတ်များကို စုံစုံလင်လင် ဖူးတွေ့မြင်ရပါသဖြင့် "သမဏဒဿနမင်္ဂလာ" ဖြစ်ရသဖြင့် ဝမ်းမြောက် ဝမ်းသာဖြစ်ပါကြောင်းကို ရှေးဦးစွာ လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ ဘုရား။။

ထိုနည်းအတူပင် ဤသပြေကန်ဆရာတော်မြတ်ကြီးအား(၁၁)ကြိမ်မြောက် ဂုဏ်ရည်မှန်းဆပူဇော်ပွဲမှာ ဆရာတော်ကြီး၏ တပည့်ဒကာ ဒကာမများ စုံစုံလင်လင် တွေ့မြင်ရပါသဖြင့် "မင်္ဂလာပါ" ဟု ကျွန်တော့်အနေဖြင့် လေးလေးစားစား နှုတ်ခွန်းဆက်သပါသည် ခင်ဗျား။

ကျနော်အနေဖြင့် ယခုလို သီလ သုတ စွယ်စုံ သပြေကန်ဆရာတော်ကြီးအား ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲကို တက်ရောက်ခွင့်ရသဖြင့်လည်းကောင်း၊ ယခုလို သာသနာရေးဆိုင်ရာ လျှောက်ထား ပြောကြားခွင့်ကြုံသဖြင့် လည်းကောင်း ကျေးဇူးတင်ရှိ ဝမ်းမြောက်မိကြောင်းကိုလည်း တဆက်တည်း ပြောကြားလိုပါသည်။

ကျနော်တို့ မြန်မာနိုင်ငံမှာ ဟိုပုဂံခေတ် အနော်ရထာမင်းကြီးနှင့် အရှင်အရဟံတို့ အစပြုပြီး ဆရာဒကာ လက်တွဲညီညီဖြင့် ဆရာကလည်း မမွစက်၊ ဒကာဖက်ကလည်း အာဏာစက်ဖြင့် ထေရဝါဒသာသနာတော်ကြီး စတင်မျိုးစေ့ချခဲ့သဖြင့် ယနေ့ မြန်မာနိုင်ငံအနှံ့အပြားမှာ ကျောင်း ကန် ဘုရားစေတီ အလီလီ သာသနိက အဆောက်အဦများ သာမက ပရိယတ္တိ စာသင်တိုက်ကြီးများ၊ ပဋိပတ္တိကမ္မဋ္ဌာန်းရိပ်သာကြီးများ ရှိနေကြပြီး စစ်မှန်သည့် ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာတော် ကမ္ဘာမှာ အထွန်းကားဆုံးဖြစ်ရာ မြန်မာနိုင်ငံသည် ကမ္ဘာမှာ မည်သည့်နိုင်ငံကမျှ ယှဉ်မရ တူမရသည့် ပတိရူပဒေသအဖြစ်ဆုံးဟုဆိုက မှားနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် မြန်မာနိုင်ငံမှာ လူဖြစ်ရခြင်းကို ကျွန်တော်တို့အနေနှင့် ဂုဏ်ယူ ဝင့်ကြွားမိပါကြောင်း ပြောကြားလိုပါသည် ခင်ဗျား။

ယနေ့ နိုင်ငံတော် အစိုးရအနေဖြင့်လည်း ဘိုးဘွား ဘီဘင်တို့၏ မြင့်မြတ်သော အမွေအနှစ်ဖြစ်သည့် သာသနာတော်ကြီးကို ယခင်ကထက် -

(၁) သန့်ရှင်းရေး ၊

(၂) တည်တံ့ရေး ၊

(၃) ပြန့်ပွားရေး ၊

မူသုံးချက်ကို ချမှတ်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ရပ်ကွက်/ကျေးရွာ သံဃနာယကအဖွဲ့များ ဖွဲ့စည်းနိုင်ခဲ့ပြီး၊ သာသနာရေးရာ၊ ပညာရေးရာ၊ ဝိနိစ္ဆယရေးရာတို့ဖြင့် မြန်မာနိုင်ငံ တစ်ဝှမ်းလုံး တောင်ပေါ် မြေပြန့်သာမက အပြည်ပြည်ဆိုင်ရာထေရဝါဒတက္ကသိုလ်ကြီး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၊ အခြား သာသနာပြုတက္ကသိုလ်ကြီးများ တည်ထောင်ကာ တစ်ကမ္ဘာလုံးသို့ပင် သာသနာတော်ကြီး ပြန့်ပွားစေရုံမျှသာမက သန့်ရှင်းတည်တံ့ရေးတို့ကို အားပေး ချီးမြှောက်ရုံမျှမက အားသွန်ခွန်စိုက်ကြိုးပမ်းနေသည်ကို အားလုံးသော ဗုဒ္ဓဘာသာနွယ်ဝင် သူတော်ကောင်းအပေါင်းတို့ သိရှိပြီး ဖြစ်ပါလိမ့်မည်။

သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ရာတွင် ယခု ပုဂ္ဂန်တောင် ရွှေကျင်ကျောင်းတိုက်မှာလည်း နိုင်ငံတော်က သာသနာတော်အတွက် အားကိုးအားထားပြုရသော ကျောင်းတိုက်၊ သာသနာ့သမိုင်းမှာ ကြီးမားသော အစဉ်အလာရှိသော ကျောင်းတိုက် ဖြစ်ကြောင်းကို ကျွန်တော်အနည်းငယ် ပြောကြားချင်ပါသေးတယ်။ ကျွန်တော်တို့ ဤရွှေကျင်ကျောင်းတိုက်ကြီးမှာ လွန်တော်မူခဲ့တဲ့ ဆရာတော် အရှင်ကောသလ္လ ဘိအေ ရန်ကုန် (ဘိအေ ဂုဏ်ထူး၊ လန်ဒန်)မှာ နက်နဲခက်ခဲသည့် ပါရမီတော်ခန်းပို့ဋ္ဌီကာကျမ်းကြီး, မြန်မာ့ဝေါဟာရ နိုရုတ္တိ နယသင်္ဂဟခေါ် မြန်မာစကားလုံး ပြောင်း ထုံးကျမ်းကြီး, ဗုဒ္ဓဘာသာယဉ်ကျေးမှု ရှုမှတ်ဖွယ်ကျမ်းတို့ကို ရေးသားခဲ့ပါတယ်။ ထိုကျမ်းတို့တွင် ပါရမီတော်ခန်းပို့ ဋ္ဌီကာမှာ ဝိုင်,အမ်,ဘီ,အေ,ဒွေတစ်ထောင်ဆုရ စာအုပ်ကြီးပင် ဖြစ်ပါ၏၊ "မြန်မာ့ ဝေါဟာရ နိုရုတ္တိနယသင်္ဂဟ ခေါ် မြန်မာစကားလုံး ပြောင်းထုံးကျမ်းကြီးမှာ ယနေ့ တက္ကသိုလ်အသီးသီးမှာ ပါရဂူဘွဲ့အတွက် ကျမ်းရေးနေတဲ့ ဆရာ,ဆရာမများ ကျောင်းသား, ကျောင်းသူများ အားကိုး,အားထား မှီငြမ်းပြုရလို့ သာသနာတော်အတွက်ရော မြန်မာစာပေအတွက်ရောပါ အရေးပါ အရာရောက်လှတဲ့ ကျမ်းမြတ်တစ်ဆူ ဖြစ်ကြောင်းကိုလည်း ကျွန်တော်တို့ သိရှိရပါတယ်။

ယခု ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲပြုရတဲ့ သပြေကန်ဆရာတော်အရှင်မြတ်ကြီးဆိုလျှင်ဖြင့် ယနေ့ ပညာရှင်လောကနှင့် သာသနာလောကမှာ အားလုံးသိကြတဲ့အတိုင်း သပြေကန်ပရိတ်ကြီးနိသယသစ်, ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာ, သပြေကန်ဓမ္မပဒပါဠိတော်နိသယသစ် စသည်ဖြင့် ပညာရှင်ကြီးများ အားကိုးထိုက်သည့်ကျမ်းပေါင်း များစွာကို ရေးခဲ့ရုံမျှမက သီလဘက်မှာလည်း သာသနာမှာ စံပြုထိုက်အောင် ကျင့်ကြံထိန်းသိမ်းခဲ့တဲ့ ဆရာတော်မြတ်ကြီးဖြစ်၍ သာသနာတော်

သန့်ရှင်း, တည်တံ့ , ပြန်ပွားရေးမှာ ဤကျောင်းတိုက်ကြီးဟာ သမိုင်းအစဉ်အလာကြီးမားခဲ့တဲ့ ကျောင်းတိုက်ကြီး ဖြစ်ပါကြောင်းကို ကျွန်တော် ပြောကြားလိုပါတယ်။

ယခု ဆက်လက် ထိန်းသိမ်းစောင့်ရှောက်သည့် ပဓာန နာယက ဆရာတော်မှာလည်း သပြေကန်ဆရာတော် စတဲ့ ဆရာကောင်းများ၏ နည်းနာ,နယကို အရယူကာ အနေအထိုင် ကျစ်ကျစ်လျစ်လျစ် စည်းစနစ်ကျစွာဖြင့် နောင်တစ်ချိန်တွင် သာသနာတော်အတွက် အားထားရမည့် စာသင်သံဃာများကို ထိန်းသိမ်းကာ ပိဋကသုံးဖြာကို အခြေခံကျမ်းများနှင့်တကွ ခေတ်မီ နည်းစနစ်များဖြင့် ပို့ချ သာသနာပြုနေသောကြောင့် ဤပုဒ္ဒန်တောင် ရွှေကျင်ကျောင်းတိုက်ဟာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အားကိုးထိုက်သော ကျောင်းတိုက်များတွင် ပါဝင်ကြောင်းကို ပြောကြားပါရစေ။

ကျွန်တော် အနည်းငယ် ဆက်လက်၍ ပြောကြားရလျှင် ယခု သပြေကန်ဆရာတော်မြတ်ကြီးအား ဂုဏ်ရည် မှန်းဆပူဇော်ပွဲ ဂုဏ်ပြုပွဲပြုလုပ်ခြင်းမှာ သာသနာတော်အတွက်ရော လောကအတွက်ပါ နမူနာကောင်းများရရှိပြီး နှောင်း သာသနာတော်သန့်ရှင်းတည်တံ့ပြန်ပွားရေးနှင့် မြန်မာ့လူ့ဘောင်ယဉ်ကျေးအောင် ဆောင်ရွက် နိုင်ရေးအတွက် ခိုင်မာသည့် အုတ်မြစ်ချသည့် ပွဲကြီးလို့လည်း သုံးသပ်ရှုမြင်မိပါသည်ခင်ဗျား။

ကျွန်တော်တို့ သာသနာရေးဝန်ကြီး ဌာနအနေဖြင့် သာသနာတော်နှင့် လောကအတွက် အကျိုးများလှသော ယခု ပုဒ္ဒန်တောင် ရွှေကျင်ကျောင်းတိုက် ဆရာတော်များ ရေးသားသည့် "ပါရမီတော်ခန်းပို့ဋ္ဌီကာ" ကျမ်းစာကိုလည်းကောင်း "ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော်" ကိုလည်းကောင်း "သပြေကန် ပရိတ်ကြီးနိဿယသစ်" ကိုလည်း အစဉ်းဆုံးရိုက်နှိပ်ပြီး၊ ပရိတ်ကြီး နိဿယသစ်ဆိုလျှင် အကြိမ်ကြိမ်ပင်၊သာသနာ ရေးဝန်ကြီးဌာနအနေဖြင့် ရွှေကျင်ကျောင်းတိုက်တာဝန်ကိုကူညီသောအားဖြင့် လည်းကောင်း၊ သာသနာတော်အတွက် လည်းကောင်း ရိုက်နှိပ်ပူဇော်ခဲ့ဖူးပါသည် သူတော်ကောင်းတို့ခင်ဗျား။

နိဂုံးချုပ်အားဖြင့် ပြောကြားရလျှင် ကျွန်တော်တို့ သာသနာတော်ရဲ့ အဆုံးအမအရ "ဂုဏ်ရှိသူ၏ ဂုဏ်ကို သိခြင်းသည် ဂုဏ်ရှိသူပင် ဖြစ်သည်" ဟုလည်းကောင်း၊ "ချီးမွမ်းထိုက်သူတို့ကို ချီးမွမ်းထုတ်ဖော် ပူဇော်ခြင်းသည် ပညာရှိ သူတော်ကောင်းတို့၏ ပကတိသဘောပင်" ဟူသော စကားကိုလည်းကောင်း ဆရာတော်များထံမှ မှတ်သားဖူးရာ ယခု ဂုဏ်ရှိအသရေရှိ သူတော်ကောင်း ပညာရှင်ဖြစ်ကြသော ဓည့်ပရိသတ်၊ သပြေကန်ဆရာတော်ကြီး တပည့် ဒကာ ဒကာမများနှင့် တွေ့ရ၍ ဝမ်းမြောက်ရပါကြောင်းနှင့် နိဂုံးတော်အနေဖြင့်လည်း သာသနာတော်အတွက် အားပေးချီးမြှောက်မှုပြုနေပါကြောင်းကို ပြောကြားရင်း သာသနာရေးဆိုင်ရာလျှောက်ထားပြောကြားခြင်းကို နိဂုံးချုပ်ပါပြီ သူတော်ကောင်းအပေါင်းတို့ခင်ဗျား။

ဗိုလ်မှူးချုပ်(ငြိမ်း)သူရအောင်ကို

(၁၁)ကြိမ်မြောက် ဂုဏ်ရည်မှန်းဆပူဇော်ပွဲတွင် ဖတ်ကြားပူဇော်သည်
၁၃၆၇-ခုနှစ် တပို့တွဲလပြည့် (တနင်္ဂနွေနေ့) ၁၂-၂-၂၀၀၆

ဓနဉ္ဇနီးအစစ် နံ့သာနှစ်

အရှင်ဓမ္မစာရ(အဂ္ဂမဟာပဏ္ဍိတ)

အတူနွဲ့မျော်

ယခု အဘိဓဇမဟာရဋ္ဌဂုရု + ရွှေကျင်နီကာယဥပ ဥက္ကဋ္ဌ +အာဒီကမ္မိကသိရောမဏိ+ ကျမ်းပြုအကျော် သပြေကန်ဆရာတော်မြတ်ကြီး၏ ဂုဏ်ရည်တို့ကို (၁၁)နှစ်မြောက်ပူဇော်ပွဲ အထိမ်းအမှတ်မှာ ဘုန်းကြီးရဲ့ "ကြည်ညိုဖွယ်ရာဂုဏ်ဖြာဖြာ" နှင့် ပူဇော်ဖို့အချိန် ကျရောက်လာပါပြီ။

ဒီလို အချိန်ကျရောက်လာတဲ့ အခါမှာ ဘုန်းကြီးနှင့် ယခု ကွယ်ရောက်ပူဇော်ကြတဲ့ ဒကာ, ဒကာမများဟာ ဆရာတော်ကြီး သာသနာကို အတူပြုခဲ့ကြတဲ့ ဒကာ,ဒကာမများ၊ဆရာတော်ကြီးရဲ့ ပါရမီတော်တို့ကို အတူဖြည့်ခဲ့တဲ့ ဒကာဒကာမများ၊ သဟပုည သဟကာရီ ကောင်းမှုကို အတူပြုခဲ့ကြပါတယ်။

အဲဒီတော့ ကောင်းမှုကို အတူပြုခဲ့ကြသလိုပဲ၊ သပြေကန်ဆရာတော်ကြီးရဲ့ (၁၁)နှစ်မြောက် ဂုဏ်ရည်မှန်းဆပူဇော်တဲ့ ပွဲမှာ ဆရာတော်ကို ကြည်ညိုပူဇော်တဲ့အခါမှာ အားလုံးသော ဒကာ ဒကာမများ ကိုယ်နှင့်လည်း ပူဇော်ခွင့်ရအောင်၊

နှုတ်နှင့်လည်း ပူဇော်ခွင့်ရအောင်၊ စိတ်နှင့်လည်း ပူဇော်ခွင့်ရအောင် ယခု ရတနာသုံးပါးနှင့် ဆရာတော်ကြီး၏ ဂုဏ်ရည်ကို အာရုံပြုပြီးတော့ လက်အုပ်ကလေး ချီထားကြပါ။ အဲ ဒီလို လက်အုပ်ကလေး ချီထားပြီးတော့ ဘုန်းကြီးက ရှေ့က ရတနာသုံးပါးနှင့် ဆရာတော်ကြီး၏ ဂုဏ်ရည်ကို ရည်မှန်းပူဇော်တဲ့ ကဗျာလေးကို တိုင်ပေးပါ့မယ်။ ဒါလေးကို နှုတ်က လိုက်ပြီးတော့ ဝစီကံကုသိုလ်လည်း ယူကြရအောင်၊ စိတ်ကလည်း တကယ်ထုံပွါးများတဲ့ မနောကံကုသိုလ်ကိုလည်း ရအောင်ယူကြပါစို့ ။

ဂုဏ်တွေစုံစုံ စိတ်ဝယ်ထုံ

၁။ ငါးမာရ်အောင်မြင်၊ ဘုရားရှင်၊ ဦးတင် ပူဇော်ပါသည် ဘုရား။။
(ငါးမာရ်အောင်မြင်၊ ဘုရားရှင်၊ ဦးတင် ပူဇော်ပါသည် ဘုရား။။)

၂။ ချမ်းသာပေးတတ် ၊ တရားမြတ်၊ ဆည်းကပ် ပူဇော်ပါ သည်ဘုရား။
(ချမ်းသာပေးတတ်၊ တရားမြတ်၊ ဆည်းကပ် ပူဇော်ပါ သည်ဘုရား။။)

၃။ တရားဆောင်ထား၊ သံဃာအား၊ ဝပ်တွား ပူဇော်ပါ သည်ဘုရား။။
(တရားဆောင်ထား၊ သံဃာအား၊ ဝပ်တွားပူဇော် ပါသည်ဘုရား။။)

၄။ ဂုဏ်တွေပြည့်လျှံ သပြေကန် နိစ္စံ ပူဇော်ပါသည်ဘုရား။။
(ဂုဏ်တွေပြည့်လျှံ ၊သပြေကန်၊ နိစ္စံ ပူဇော်ပါသည် ဘုရား၊)

၅။ သပြေကန်ထေရ မြတ်ဂုဏ၊ ဦးချပူဇော်ပါသည်ဘုရား။။
(သပြေကန်ထေရ၊ မြတ်ဂုဏ၊ ဦးချပူဇော်ပါသည် ဘုရား။။)

၆။ ထေရ်ရှင်၏ဂုဏ်၊ စွဲမြဲယုံ၊ စိတ်ဝယ်ထုံကြပါသည် ဘုရား။
(ထေရ်ရှင်၏ဂုဏ်၊ စွဲမြဲယုံ၊ စိတ်ဝယ်ထုံကြပါသည် ဘုရား။။)

၇ ။ ရည်မှန်းပူဇော်၊ မြတ်ပွဲတော်၊ နွဲ့ပျော်ပါသည် ဘုရား။
(ရည်မှန်းပူဇော်၊ မြတ်ပွဲတော်၊ နွဲ့ပျော်ပါသည်ဘုရား။။)
(သာဓု သာဓု သာဓု)

အားလုံး လက်အုပ်လေးတွေ ချပြီးတော့ မိမိတို့ ကျန်းမာရေးနှင့် မျှတအောင်ထိုင်ပြီး နာယူနိုင်ကြပါပြီ၊ တင်ပလ္လင်ခွေမှ ကျန်းမာရေး မျှတမယ်ဆိုရင် တင်ပလ္လင်ခွေလို့ နာယူနိုင်ကြပါတယ်။

ဘုရားရှင်အပေါ် ဝစ္ဆာယန အမြင်

ယနေ့ ဆရာတော်ကြီးရဲ့ ဂုဏ်တွေကို ပူဇော်ကြမယ် ဆိုတော့ ဘုန်းကြီး ဘာသွားပြီး သတိရသလဲဆိုရင် ဘုန်းကြီးတို့ မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိ "စူဠဟတ္ထိပဒောပမ" သုတ် အဲဒီသုတ်ထဲမှာ ဘုန်းကြီးတစ်ခု ကြည့်မိတယ်....။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေထိုင်စဉ် အချိန်အခါ ဇာဏုသောဏိပုဏ္ဏားကြီး၊ သာဝတ္ထိပြည်မှ ဆယ်နာရီခွဲဝန်းကျင် ဆယ့်တစ်နာရီအချိန်လောက်များ ဖြစ်မလား မပြောတတ်ဘူး၊ သာဝတ္ထိပြည်ကနေ ဇေတဝန်ကျောင်းဖက်အသွား၊ အဲဒီအခါမှာ ဝစ္ဆာယနအန္ဓယ်ဖြစ်တဲ့ "ပိလောတိကပရိဗ္ဗိုဇ်" အဲဒီ ပရိဗ္ဗိုဇ်ကလဲ ဇေတဝန်ကျောင်းတော်မှပြန်အလာ၊ ဒီတော့ ဇာဏုသောဏိပုဏ္ဏားကြီးနဲ့ ဝစ္ဆာယနအန္ဓယ်ဖြစ်တဲ့ "ပိလောတိကပရိဗ္ဗိုဇ်" တို့ လမ်းမှာဆုံကြ၊ ဒီတော့ ဇာဏုသောဏိပုဏ္ဏားကြီးက မေးတယ် ။

ဟာ... ဝစ္ဆာယန ခုလို နေကြီးမြင့်မှ ဘယ်ကလာတာလဲ၊ ဒီတော့ ဝစ္ဆာယနအန္ဓယ်ဖြစ်တဲ့ "ပိလောတိကပရိဗ္ဗိုဇ်" က ပြောတယ်၊ ဟာ ... ဇာဏုသောဏိပုဏ္ဏားကြီး ငါ ဇေတဝန်ကျောင်းတော် ဂေါတမဗုဒ္ဓထံက လာခဲ့တာ၊ ဇာဏုသောဏိပုဏ္ဏားကြီး အံ့ဩသွားတယ်၊ ဘာလို့ အံ့ဩသွားသလဲဆိုတော့ ဝစ္ဆာယနအန္ဓယ်ဖြစ်တဲ့ "ပိလောတိကပရိဗ္ဗိုဇ်" ဟာ ဗုဒ္ဓဘာသာဝင် မဟုတ်သေးဘူး၊ တိတ္ထိတို့ အထဲမှာလည်း ပညာရှင်လို့ ထင်ရှားနေတဲ့သူ၊ ဒီလို ပုဂ္ဂိုလ်က

ဘုရားရှင်ထံက လာတယ်ဆိုတော့ အံ့သြသွားတာပေါ့။

ဟာ... ဝစ္ဆာယန၊ သင်ဟာ ဂေါတမဗုဒ္ဓကို ပညာရှင်လို့ သင်ထင်သလား၊ ပညာရှိလို့ သင်မြင်သလား။ ဒီလိုစကားသောဏိပုဏ္ဏားကြီးက မေးတယ်၊ ဂေါတမဗုဒ္ဓကို သင်ဘယ်လို မြင်သလဲပေါ့။ ဒီတော့ ဝစ္ဆာယနအန္ဓယ် "ဝိလောတိက ပရိဗိုဇ်" က ပြောတယ်၊ စကားသောဏိပုဏ္ဏားကြီး မင်း ဘယ်လိုမေးတာလဲ၊ ဂေါတမဗုဒ္ဓရဲ့ ပညာစွမ်းကို သိနိုင်တဲ့သူဟာ ဂေါတမဗုဒ္ဓလိုဖြစ်မှ သိနိုင်မယ်၊ ငါဟာဘယ်လို လူစားလဲ၊ ဂေါတမဗုဒ္ဓလို ပုဂ္ဂိုလ်မျိုးရဲ့ ပညာစွမ်းကို သိဖို့ဆိုရင် ဂေါတမဗုဒ္ဓလို ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးငါးပါး စရိယတရားများ ဖြည့်ကျင့်မှ ဂေါတမဗုဒ္ဓလို အသိဉာဏ်ရှိမှဖြစ်နိုင်မယ်၊ ငါဟာ ဂေါတမဗုဒ္ဓလို အသိဉာဏ်မျိုးလဲ မရှိဘူး၊ ပညာစွမ်းလဲ မရှိဘူး။

ဒီတော့ စကားသောဏိပုဏ္ဏားကြီးက မေးတယ်၊ အို ဝစ္ဆာယန၊ မင်းဟာ ခုမှ ဂေါတမဗုဒ္ဓထံ ရောက်ပြီးတော့ မင်း အကြီးအကျယ်ကို ချီးမွမ်းနေပါလား၊ ခုခေတ် အပြောမျိုးနဲ့ပြောရရင်၊ မင်း အရမ်း အရမ်းကို ချီးမွမ်းနေလာပေါ့၊ ဒီတော့ ဝစ္ဆာယနအန္ဓယ်ဖြစ်တဲ့ "ဝိလောတိကပရိဗိုဇ်" ကပြောတယ်၊ ဟာ စကားသောဏိပုဏ္ဏားကြီး၊ မြင့်မိုရ်တောင်ကို, ဟိမဝန္တာတောင်ကို, မဟာပထဝီမြေကြီးကို, ကောင်းကင်ပြင်ကြီးကို တိုင်းတာချင်ရင် ထိုမျှပမာဏရှိတဲ့ တုတ်တို့,ကြိုးတို့ ရှိရမယ်လေ၊ ဒါကို သဘောပေါက်ထားစမ်းပါပေါ့၊ ဒီလို ပြောလိုက်ပါတယ် ။

ဂုဏ်ရည် မတူ

ဒီတော့ ဘုန်းကြီးအနေနဲ့လဲ ပြောချင်ပါတယ်၊ ခုလိုသပြေကန်ဆရာတော်ကြီးရဲ့ ဂုဏ်ကို ချီးကျူးမယ်ပူဇော်မယ် ဆိုတော့၊ ဆရာတော်ကြီး ဂုဏ်ကို အကုန်အစင် သိလို့လား၊ တစ်ပုံတစ်ပင် ရှိလို့လား၊ အစုံအလင် မိလို့လား လို့မေးရင် အကုန်အစင်လဲ မသိပါဘူး၊ တစ်ပုံတစ်ပင်လဲ မရှိပါဘူး၊ အစုံအလင်လဲ မမိပါဘူး၊ သိတာက အနည်းငယ်မျှ လေးပဲ ရှိပါတယ်၊ ဒီတော့ ဘာကြောင့် မသိသလဲ မေးရင် ဆရာတော်ကြီးရဲ့ "ဂုဏအပိစ္ဆတာ" ဂုဏ်ကလဲ ပါဝင်တယ်၊ ဆရာတော်ကြီးရဲ့ ဖြည့်ဆည်းပူးခဲ့တဲ့ ပါရမီမျိုးနဲ့ ဘုန်းကြီးတို့ ဖြည့်ကျင့်တဲ့ ပါရမီမျိုးကလဲ တခြားစီ မမိနိုင်ပါဘူး၊ ဒါကြောင့် ဆရာတော်ကြီးရဲ့ ဂုဏ်တွေကို ဘုန်းကြီးတို့ အကုန်အစင်မသိပါ၊ တစ်ပုံတစ်ပင် မရှိပါ၊ အစုံအလင် မမိပါ။

အပိုင်းတိုင်း မွေး

ဒီတော့ ဆရာတော်ကြီးကို၊ ဆရာတော်ကြီးဘဝကို ဘုန်းကြီးတို့ ဉာဏ်မီသမျှလေးနဲ့ သုံးသပ်ကြည့်မယ်ဆိုရင် "စန္ဒကူးအစစ် နဲ့သာနှစ်" လို့ ဆိုချင်ပါတယ်၊ ပမာပြုချင်ပါတယ်၊ စန္ဒကူးအစစ် နဲ့သာတုံးကြီးဟာ "ဘယ် အပိုင်းက မမွေးဘူး၊ ဘယ်အပိုင်းကမှ မွေးတယ်၊ ဒီလို မရှိဘူး၊ ဘုန်းကြီးတို့ သပြေကန်ဆရာတော်ဘုရားကြီးလဲ လေ့လာကြည့်မယ်ဆိုရင် တစ်ဘဝလုံးအတွက် ဘုန်းကြီးတို့သာမဏော ဘဝကိုပဲကြည့်ကြည့် သတင်းက မွေးနေတယ်၊ ရဟန်းငယ်ဘဝကိုပဲကြည့်ကြည့် သတင်းဟာ ပြန့်သင်းနေတယ်၊ မဟာထေရအရွယ်ကို ကြည့်လိုက်၊ ကြည့်ညှိဖွယ်ရာ ကောင်းသတင်းဟာ ကျော်ကြားလျက်ပဲ၊ မွေးမိန်ပျက်ပြယ်မသွားဘူး။

အချို့ အချို့ ဆရာတော်များ သံဃာတော်များမှာ ကျော်ကြားမှု ရှိတာမျိုး တွေ့ရပါတယ်၊ ဒါပေမယ့် ငယ်ရွယ်စဉ်မှာ မကျော်ကြားဘဲနဲ့ ကြီးတဲ့အခါမှ ကျော်ကြားတာ၊ အချို့ ငယ်ရွယ်စဉ်မှာ ကျော်ကြားပြီးတော့ ကြီးတဲ့အခါကျ မကျော်ကြားတော့ဘူး။ သပြေကန်ဆရာတော်ကတော့ ဒီလိုမဟုတ်ဘူး၊ သာမဏေဘဝ ကတည်းက စပြီးတော့ ကျော်ကြားလိုက်တာ ပျံလွန်တော်မူသည့်အထိပဲ၊ ပျံလွန်တော်မူသည့်အထိ၊ ဒီလို ပိုင်းခြားလိုက်တော့ ဟီနဂုဏ်ဖက်တောင် ရောက်သွားလိုက်ပါသေးတယ်၊ တကယ်တော့ ဘုန်းကြီးပြောလိုတာက "ဆရာတော်ကြီးရဲ့ ကျော်ကြားမှုဟာ ပျံလွန်တော်မူသည့် အချိန်ထိတွင် မဟုတ်ပါဘူး၊ ဂေါတမဗုဒ္ဓ သာသနာကွယ်သည့်အထိ ကျော်ကြားနေမှာပါ" လို့ ဘုန်းကြီးပြောချင်ပါတယ်။ ဘာကြောင့်လဲ ဆရာတော်ကြီးရဲ့ သြဝါဒတွေ အဆုံးအမတွေ လေးနက်သည့်ဉာဏ်ဖြင့် ဆုံးဖြတ်ထားတဲ့ သူမတူတဲ့ အဆုံးအဖြတ်တွေ ပညာရှင်တွေ အားကိုးရတဲ့ ကျမ်းစာတွေက ရှိနေမှာကိုး ။

အရသာ အပြည့်အဝ

နောက်တစ်ခု ပမာပြု ချင်ပါသေးတယ်၊ "ပျားလဘို့ကြီးတစ်ခု" ပျားလဘို့ ဆိုတာ သဘာဝအားဖြင့် ဖြစ်နေတာ၊ ဒီနေရာမှာ မချို့ဘူး၊ ဒီနေရာမှာမှ ချို့တယ်၊ ဒီလို မရှိဘူး၊ နေရာတိုင်းမှာ ချို့နေတာ။

ဒီအတိုင်းပဲ ဘုန်းကြီးတို့ ဆရာတော်ရဲ့ဂုဏ်ကို ပြောမယ်၊ ဆရာတော်ရဲ့အပိုင်းကို ကြည့်မယ်ဆိုရင် သီလပိုင်းက ကြည့်မလား၊ အပြစ်ကလေး ရေးရေးမျှ မထင်ရအောင် သန့်ရှင်းနေတယ်၊ သမာဓိပိုင်းက ကြည့်မလား၊ တကယ့်သမာဓိ ရှိပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ သမာဓိကြီးထွားတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကပင် ကြည်ညိုကြရတယ်၊ ပညာပိုင်းကကြည့်မလား၊ ပညာလေးစား လိုက်စားသူတွေ ပညာရှင်ကြီးတွေလို့ ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေက တအံ့တသြဖြစ်ကြရလေးစားကြရတာ၊ လှိုက်လှိုက်လဲလဲ ချီးမွမ်းကြရတာ၊ ဒါကြောင့် ဆရာတော်ကြီးကို "ပျားလဘို့"နဲ့ တူတယ်လို့ နှိုင်းယှဉ်ရတာပါ။ သီလ,သမာဓိ,ပညာ အပိုင်း သုံးပိုင်းလုံးမှာ ဂုဏ်,ရသတွေ အပြည့်အဝပေါ့နော်။

ပြောချင်ပါသေးသည်

အဲ ဘုန်းကြီး ပြောချင်ပါသေးသည်၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက အင်္ဂပသာဒသုတ်မှာ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ပူဇော်ထား အများအပြားပါပဲ ပူဇော်ထား ၊ အဲဒီ ပူဇော်ထားတဲ့ အထဲမှာ ခုနတုန်းက ပြောသလို "သမုဒ္ဒရာရှိ ရေတို့ကို ပြည်ဝင်ခွက်ဖြင့် ချင့်တာရေတွက်က ရသော် ရနိုင်ပါဦးမည်၊ ရှင်တော်ဘုရား၏ ဂုဏ်တော်တို့ကို မည်သည့်အရာနှင့်မျှ ရေတွက်၍ မရနိုင်ပါ"။ "မဟာပထဝီမြေကြီးကို ချိန်ခွင်တစ်ဖက်မှာ တင်ထားက ရသော် ရနိုင်ပါသေး၏၊ ရှင်တော်မြတ်ဘုရား၏ ဂုဏ်တော်တို့ကို တိုင်းတာခြင်းငှာ စွမ်းနိုင်မည် မဟုတ်ပါ" တဲ့ ။ အင်္ဂသာဝကပါရမီဉာဏ်နဲ့ သဗ္ဗညုတပါရမီရှင်မြတ်ဘုရားရဲ့ ဂုဏ်တော်တို့ကို ချီးကျူးပူဇော်ခဲ့ပါတယ်၊ လိုက်ဖက်လဲ ညီလှပါတယ်၊ ကြည်ညိုဖွယ်ရာလဲ သိပ်ပြီးတော့ ကောင်းလှပါတယ်။

ကောင်းကင်ကြီး ကွဲအက်သွားမလား

ဘုန်းကြီးတို့ အနေနဲ့လဲ ကိုယ့်ဉာဏ်လေးနဲ့ အတွေးလေး ပေါ်လာပါတယ်၊ ပရိကပ္ပအလင်္ကာပေါ့လေ၊ ကဲ့ဆပြီးတော့ ဘုန်းကြီးဂုဏ်တင်မိတာ၊ သပြေကန်ဆရာတော်ကြီးဟာ အရာရာမှာ ဂုဏ်တွေက ကြီးမားလွန်းလို့ နတ်, လူ, ဗြဟ္မာ သတ္တဝါတွေကလဲ များပြားလို့ သပြေကန်ဆရာတော်ရဲ့ဂုဏ်တွေကို သိကြတဲ့ နတ်,လူ,ဗြဟ္မာ,သတ္တဝါတွေဟာ သပြေကန်ဆရာတော်ကြီးရဲ့ ဂုဏ်ကိုသာ လှိုက်လှိုက်လဲလဲ တစ်ပြိုင်နက် ချီးကျူးလိုက်ကြမယ်ဆိုရင်၊ အသံကြီးကဟိန်းပြီး ကောင်းကင်ပြင်ကြီးများ ကွဲအက် သွားလေမလား ပေါ့လေ...ဘုန်းကြီးက အဲဒီလောက်ထိအောင် တွေးမိပါတယ်။

ဆီးစေ့နှင့် မြင့်မိုရ်တောင်

ထားပါတော့ ဘုန်းကြီးအနေနဲ့ ဆရာတော်ကြီးရဲ့ဂုဏ်ကို တိုင်းတာရမယ် ဆိုရင်၊ ဘုန်းကြီးက တိုင်းတာလို့ မရနိုင်တဲ့ အကြောင်းကို နဲနဲလေး ပြောချင်ပါတယ်။

ဘုန်းကြီးက ဆရာတော်ကြီးနဲ့ ဘုန်းကြီး ဘယ်လို တိုင်းတာချင်သလဲ ဆိုလို့ရှိရင် "နွားခြေရာခွက်ထဲမှာ ရှိတဲ့ရေနဲ့ သမုဒ္ဒရာမှာ ရှိတဲ့ ရေလောက် ကွာခြားပါတယ်" လို့ ဒီလို မတိုင်းတာရဲသေးပါဘူး၊ နွားခြေရာခွက်ထဲမှာရှိတဲ့ရေကများချင် များနေပါဦးမယ်၊ ဆရာတော်ကြီးမှာရှိတဲ့ ဂုဏ်နဲ့ ဘုန်းကြီးမှာရှိတဲ့ အသိပညာလေးနဲ့ ဂုဏ်လေးနဲ့ တိုင်းတာမယ်ဆိုရင် "သမုဒ္ဒရာလေးစင်းမှာ ရှိတဲ့ ရေနဲ့ နှင်းမှုန်လေးတစ်မှုန်လောက်ပင် ကွာခြားပါတယ်" လို့ ဒီလို တိုင်းတာမှ ရနိုင်မယ်လို့၊ ဘုန်းကြီး အဲသည်လို ထင်မိပါတယ်။

သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေနဲ့ နှင်းမှုန်တစ်မှုန်နော်၊ နောက်တစ်ခု ပြောမယ်ဆိုရင် ဆရာတော်ကြီးရဲ့ ဂုဏ်နဲ့ ဘုန်းကြီးတို့ရဲ့ ဂုဏ်ကို "ဆီးစေ့နဲ့ မြင့်မိုရ်တောင်လောက်ပါပဲ" လို့ ဒီလိုလဲ မနှိုင်းရဲသေးဘူး၊ ဆီးစေ့က ကြီးနေသေးတယ်နော်၊ ဆရာတော်ကြီးရဲ့ မြင့်မိုရ်တောင်လောက်ရှိတဲ့ ဂုဏ်ကြီးကို ဘုန်ကြီးရဲ့ ပရမာဏုမြူမှုလောက်သာ ရှိတဲ့ အသိဉာဏ်လေးနဲ့ ဆရာတော်ကြီးကို ချီးကျူးရမှာပါ။ ဒီတော့ မပြည့်စုံနိုင်ပါဘူး။

ဘုန်းကြီးအနေနဲ့ ဆရာတော်ကြီးရဲ့ဂုဏ်ကို ပြော်ရ

မယ် ဆိုရင်သာ မဟုတ်သေးဘူး၊ အခြား ဘုန်းကြီးထက် အသိဉာဏ်ကြွယ်ဝတဲ့သူ ပညာရှင်ပုဂ္ဂိုလ်တစ်ဦးဦး ဘယ်သူပဲ ဖြစ်ဖြစ် ပြောမယ်ဆိုရင် သပြေကန်ဆရာတော်ကြီးရဲ့ ဂုဏ်ဟာ "ပြောလို့လဲ မစုံနိုင်လောက်အောင်, ဟောလို့လဲ မကုန်နိုင်လောက်အောင်, ရေးလို့လဲ မယုံနိုင်လောက်အောင် များပြားလျက်ပါလို့" ဘုန်းကြီးက ပြောလိုပါတယ်။

ဒီတော့ ဘုန်းကြီးတို့ အားလုံး အနေနဲ့ သပြေကန်ဆရာတော်ကြီးအား ပူဇော်ပွဲမှာ(၁၀)ကြိမ် ပြုလုပ်ခဲ့ရာမှာ ဘုန်းကြီး ရှစ်ကြိမ်တိတိ ပါဝင် ဟောပြောခဲ့ပါတယ်၊ မစုံခဲ့ပါဘူး၊ မကုန်ခဲ့ပါဘူး၊ ပြောလို့ မ-ဝခဲ့ပါဘူး၊ ဟောလို့ မ-မျှခဲ့ပါဘူး၊ ဟိုတုန်းက ဘုန်းကြီး ပြောခဲ့ပါတယ်၊ ဆရာတော်ကြီးရဲ့ကို ခြေတော်ရာ ငါးခုနဲ့ တိုင်းတာပြီး ပြောခဲ့ပါတယ်၊ တိကွဉ္ဇာဏ, သိကွကာမ, ကိစ္စကာရ, ဣဋ္ဌဝါစ, ဂုဏာဝန္တ, ဒီလို ဆရာတော်ကြီးရဲ့ ခြေတော်ရာကို ကြည့်ပြီး ဆရာတော်ကြီးရဲ့ ဂုဏ်ကိုပြောခဲ့ဖူးပါတယ်။

နောက်(၁)နှစ်မှာ ဆိုလို့ရှိရင် "လာဘကမျာ နံ သိကွတိ၊ အံ လာဘေစ နံ ကုပ္ပတိ" အစရှိသည်ဖြင့် ဆရာတော်ကြီးဟာ ဂုဏ်,လာဘ်ရဖို့ အားမထုတ်ဘူး၊ ဂုဏ်လာဘ် မရလို့လဲ စိတ်မပျက်ဘူး စသည်ဖြင့် ရဟန်းကောင်းတို့ရဲ့ ပြည့်စုံရမည့် ဂုဏ်နှင့် နှိုင်းယှဉ်ပြီး ဟိုတုန်းက ပြောခဲ့ဖူးတာ ရှိပါတယ်။

ရဟန်းကောင်းတို့ ပေတံ

ယနေ့ ဆရာတော်ကြီးရဲ့ ရဟန်းတော်များ၏ ကြည်ညိုထိုက်တဲ့ဂုဏ် တိုင်းတာရမယ်၊ ဘယ်လို တိုင်းတာရမလဲ၊ ရဟန်းကောင်း ရဟန်းမြတ်ဆိုတာ ဘယ်လို ရဟန်းကောင်း ရဟန်းမြတ်လဲ၊ ကြည်ညိုထိုက်တဲ့ ပုဂ္ဂိုလ်ဆိုတာက ဘယ်လိုပုဂ္ဂိုလ်ကို ဆိုတာလဲ၊ ဘုန်းကြီးတို့ ပြောမယ်ဆိုရင် ရဟန်းကောင်း, ရဟန်းမြတ်ဆိုတာ ကြည်ညိုထိုက်တဲ့ ပုဂ္ဂိုလ် ဆိုတာ။

၁။ အပိစ္ဆတာဂုဏ်။ ပစ္စည်းပစ္စယဒ္ဒ်လည်းကောင်း, ဂုဏ်သတင်း ကျော်ဇောမျှဒ္ဒ်လည်းကောင်း အလိုနည်းတဲ့ဂုဏ်၊ အပိစ္ဆတာဂုဏ်။

၂။ သန္တုဋ္ဌိတာဂုဏ်။ ရတတ်သမျှပစ္စည်းနဲ့ ရောင့်ရဲတင်း တိမ်တဲ့ဂုဏ်၊ သန္တုဋ္ဌိတာဂုဏ်။

၃။ ပဝိဝေကတာဂုဏ်။ ဆိတ်ငြိမ်ရာ အရပ်မှာ ကပ်ခြင်းတည်းဟူသောဂုဏ်၊ ပဝိဝေကတာဂုဏ်။

၄။ အာရဒ္ဓဝိရိယတာဂုဏ်၊ အာရဒ္ဓဝိရိယတာဂုဏ် ဆိုတာက ရဟန်းတို့ ပြုလုပ်ရမည့် အလုပ်ကိစ္စတို့မှာ ကြိုးကြိုးစားစား ပြုလုပ်တယ်ဆိုတဲ့ဂုဏ်။

ဒီ ဂုဏ်လေးချက်နဲ့ ဒီ ပေတံလေးပိုင်းနဲ့ တိုင်းတာလို့ ရတဲ့ ရဟန်း၊ တိုင်းတာလို့ရတဲ့ပုဂ္ဂိုလ်ဟာ ကြည်ညိုထိုက်တဲ့ ပုဂ္ဂိုလ်၊ ဂုဏ်ရှိတဲ့ ရဟန်းလို့ ဘုန်းကြီးတို့ ဒီလိုပြောရမှာ ဖြစ်ပါတယ်။ ဟုတ်ပါတယ်နော်၊ ဟုတ်ပါတယ်၊ ဘုန်းကြီး စာလွတ် ပေလွတ် ပြောတာမဟုတ်ပါဘူး။။

တခြားမှာလဲပဲရှိတော့ ရှိပါသေးတယ်၊ ကထာစတ္ထ အနေနဲ့ ရဟန်းတော်တို့ ကြည်ညိုထိုက်တဲ့ ဂုဏ်ဆယ်ပါးဆိုတာ ရှိပါသေးတယ်၊ ဘုန်းကြီး ဒီစကားကိုတော့ မပြောလိုသေးပါဘူး၊ နောက် အလျဉ်းသင့်တဲ့ အခါကျမှ ပြောကြပါစို့။

သပြေကန်နဲ့ အပိစ္ဆတာ

သပြေကန် ဆရာတော်ဟာ အပိစ္ဆတာဂုဏ်နဲ့ အလိုနည်းတဲ့ဂုဏ်နဲ့ ဘာ့ကြောင့် ပြည့်စုံသလဲ၊ ဘုန်းကြီးတို့ မေးခဲ့လို့ရှိရင် အပိစ္ဆတာဂုဏ်ဆိုတာက စာထဲမှာ "စတူသုပစ္စယေသု အပိစ္ဆတာ နိတ္တဏှာဘာဝံ အာပန္နတိ"၊ ပစ္စည်းလေးဖြာမှာ အလိုနည်းတဲ့ တဏှာကင်းနေသည်၏ အဖြစ်သို့ ရောက်စေနိုင်တယ်တဲ့၊ တဏှာကင်းတဲ့ ပုဂ္ဂိုလ်၊ ဘုန်းကြီး သပြေကန်ဆရာတော်ကို တဏှာကင်းနေပါတယ်လို့ အတိအကျ မပြောရဲပေမယ့် တဏှာနည်းသူလို့တော့ အသေအချာ ပြောရဲပါတယ်။

တနည်းအားဖြင့် အပိစ္ဆတာဂုဏ်ကို အမှီပြုပြီးတော့ သိက္ခာပုဒ်တော်ကို လွန်ကျူးခြင်း မရှိပါဘူးတဲ့၊ သပြေကန်ဆရာတော်ဟာ ပါဝိစ္ဆကင်းနေလို့ ပါဝိစ္ဆ အလိုဆိုးကြောင့် သိက္ခာပုဒ်ကို လွန်ကျူးတယ်လို့ အရိပ်အမြွက်မျှတောင်မတွေ့ရပါဘူး။ ဘုန်းကြီး သပြေကန်ဆရာတော်ကြီးနဲ့ စပ်ပြီး အပိစ္ဆတာဂုဏ်ကို အားရကြည်ညိုခွင့်ရအောင် တစ်ခုပေါ့လေ၊ ဘုန်းကြီး များများပြောဖို့ အချိန်မရတော့ပါဘူး။ ဘုန်းကြီး

ဟိုတုန်းက ပြောခဲ့ဖူးပါတယ်၊ သပြေကန်ဆရာတော်ကြီးဟာ "ဗြဟ္မာ့ပြည်ကများ ဆဋ္ဌသံဂါယနာအတွက် သူတော်ကောင်း နတ်ကောင်း နတ်မြတ်ဗြဟ္မာကြီးများက တာဝန်ပေး စေလွှတ်လိုက်သလား" လို့၊ ဘုန်းကြီး အဲသလို ကြုံဆပြီးတော့ ကြည်ညိုပူဇော်ခဲ့ဖူးပါတယ်။

ဒီတော့ ဆရာတော်ဟာ ဆဋ္ဌသံဂါယနာမှာ ဘယ်လောက် အားကိုး အားထားပြုရသလဲလို့ ဆိုလို့ရှိရင် ဘုန်းကြီးတို့ ခက်ရာခက်ဆစ်ပုဒ်တွေ ဝိဝါဒကွဲပြားတဲ့ နေရာတွေ အထူးသဖြင့် "ဝိသောဓက" ပုဒ်ပါဠိအကွာရာ ရှင်းလင်းသုခ်သင်ရမည့် အရာတွေ သပြေကန်ဆရာတော်ဟာ အားအကိုးရဆုံးပဲ၊ ဘုန်းကြီးတို့ ဆဋ္ဌသံဂါယနာမှာ အမေးပုဂ္ဂိုလ်ဖြစ်တဲ့ မဟာစည်ဆရာတော်ဘုရားကြီးက ဆိုရင် "ဆဋ္ဌသံဂါယနာတင်စဉ် အချိန်အခါမှာ အခက်အခဲ တစ်စုံတစ်ရာတွေ့တိုင်း သပြေကန်ဦးဝါသေဋ္ဌနှင့် တိုင်ပင်လိုက်ရင် အခက်အခဲ အားလုံးဟာ ပြေပျောက်သွားတယ်" လို့ မိန့်တော်မူကြောင်းကိုခိုင်ခိုင်လုံလုံ ကြားသိခဲ့ရပါတယ်၊ ဒီလောက် လေးပဲပြောလိုက်ရင် သပြေကန်ဆရာတော်ဟာ ဆဋ္ဌသံဂါယနာမှာ ဘယ်လောက်ကျေးဇူးများတယ်ဆိုတာ သိနိုင်လောက်ပါတယ်။

သို့သော် ဆရာတော်ဟာ ဂုဏအပိစ္ဆတာဂုဏ် ပိုင်ရှင်ပီပီ သိုသိုသိပ်သိပ် အလုပ်,လုပ်ခဲ့တယ်၊ တစ်ခါတစ်ရံ သပြေကန်က နေပြီးတော့ စာတွေကို ပြင်ပေး၊ တစ်ခါတစ်ရံ ကမ္ဘာအေးက၊ တစ်ခါတစ်ရံ မဟာစည် ရိပ်သာကနေ ပြင်ပေး၊ ဆဋ္ဌသံဂါယနာ ပြီးတဲ့အခါကျတော့ အချို့က အဂ္ဂမဟာပဏ္ဍိတဘွဲ့ရကြ၊ အချို့က မီးရထား မီးသင်္ဘော အခမဲ့စီးခွင့် လက်မှတ်တွေ ရကြ၊ သပြေကန် ဆရာတော်မှာ ဘာမှ မရဘူး။ နောက်တော့ ဒီအကြောင်းကို ဘုန်းကြီး သိလို့ ဆရာတော်နှင့် စကားစပ်မိတဲ့အခါ "ဆရာတော် ဆဋ္ဌသံဂါယနာမှာ ဆရာတော်က ထိုက်ထိုက်တန်တန်ကြီးကိုပဲ အလုပ်-လုပ်ရပြီးတော့ အဂ္ဂလဲ မရ၊ ရထား,သင်္ဘော အခမဲ့စီးခွင့် လက်မှတ်လဲ မရ၊ ဘာမှ မဟုတ်တဲ့ ခဲတံချွန် ထွေးခဲသွန်တဲ့ သူတွေတောင် ရကြတယ်တဲ့၊ ဆရာတော်လို တကယ် ထိုက်တန်တဲ့ပုဂ္ဂိုလ်ကို သူတို့ စဉ်းစားဖို့ ကောင်းတယ်" စသည်ဖြင့် အားမလို အားမရ လျှောက်ထားမိတယ်။ ဒီတော့ သူတို့ လုပ်ချင်ရာတွေ လုပ်ကြတာပါ၊ လက်လှည့်သင့်ရာ ဆရာတော်ခေါ်ကြတာပါ၊ ဘုရားပေးတဲ့ ဘွဲ့မဟုတ်ရင် ဘယ် နေရာမှာဖြစ်ဖြစ် မမှန်မကန်တွေဟာ ပါတတ်တာပါပဲ၊ မထိုက်တန်တာတွေ ပါတာပါပဲ၊ ဒီလိုများ မကျေမနပ် ပြောမယ်လို့ ထင်တာ၊ ဆရာတော်က ကျေနပ်နေတာပဲ၊ ဆရာတော်ပြောလိုက်တာက " ဦးခေမာ ဘာပြောနေတာလဲ၊ ဘုန်းကြီးက မရထိုက်လို့ကို မရတာ" တဲ့၊ ဒီစကားကို ဘုန်းကြီးကြားရတော့ ဆရာတော်ရဲ့ အပိစ္ဆတာဂုဏ်ကြီးကို ကြိတ်ပြီး ချီးကျူးမိပါတယ်၊ "အော် တကယ့်ကို ကြည်ညိုထိုက် ကြည်ညိုသင့်တဲ့ သူတော်ကောင်းကြီးပါလား" လို့၊ အပိစ္ဆတာဂုဏ်နဲ့ စပ်လို့ ပြောချင်ပါသေးတယ်၊ ဒါပေမယ့် အချိန်က မရတော့ပါဘူး။

ငြိမ့်ငြိမ့် ညောင်းညောင်းလေး

အပိစ္ဆတာဂုဏ်ပြီးတော့ သန္တုဋ္ဌိတဂုဏ် ၊ သန္တုဋ္ဌိတဂုဏ် ဆိုတာက "သန္တုဋ္ဌိတာတိ စတူသု ပစ္စယေသု တိဝိဓေန သန္တုဋ္ဌောဟောတိ၊ ဣတရီတရပစ္စယသန္တောသေန သမန္နာဂတော ၊ သန္တုဋ္ဌောတိ သကေန ဥစ္စာဝစေန ပစ္စယေန သမမေဝစ တုဿနတော" ၊ စာထဲမှာ သန္တုဋ္ဌိတ ဆိုတာ ပစ္စည်းလေးမျိုးတို့၌ ရောင့်ရဲခြင်းသုံးမျိုးဖြင့် ရောင့်ရဲတယ်၊ ရတတ်သမျှသော ပစ္စည်းဖြင့် ငြိမ်းအေးခြင်းနှင့် ပြည့်စုံတယ်၊ တစ်နည်းဆိုရင် သန္တုဋ္ဌိတဂုဏ်ဆိုတာ ကောင်းကောင်း ညှဉ်းညှဉ်း မိမိရသမျှ ပစ္စည်းဖြင့် နှစ်သက်မျှတတယ်။

ဆရာတော်ရဲ့ သန္တုဋ္ဌိတဂုဏ်နဲ့ ပတ်သက်လို့ မောင်ရင့်ကျူး(မြောင်းမြ)က ဟောပြောသွားတာလေးကို ဘုန်းကြီးကြားယောင်နေပါသေးတယ်၊ မောင်ရင့်ကျူးက အခြားခြားထင်ပေါ်ကျော်ကြားသူတို့တွင် လာဘသက္ကာရသိလောကလှိုင်းဂယက်မှာ လူးလှိမ့်ခံနေကြရသော်လည်း သပြေကန်ဆရာတော်မှာတော့ လှိုင်းဂယက်များထက်တွင် ညင်ညင်သာသာ ငြိမ့်ငြိမ့်ညောင်းညောင်းလေး ကြွသွားတော်မူပါတယ်တဲ့၊ ဒါ ဘုန်းကြီး ပြောတဲ့စကား မဟုတ်ဘူးနော်၊ မောင်ရင့်ကျူး ပူဇော်တဲ့စကား၊ သပြေကန် ဆရာတော်ဟာ ဒီ သန္တုဋ္ဌိတဂုဏ်ရှိရုံမျှ ရှိတာမဟုတ်ဘူးနော်၊ ဘုန်းကြီး ဒါကို ပေါ်လွင်အောင် မပြောတတ်ဘူး၊ ပြောရတာအားမ

ရဘူး၊ ရှိတာမှအပြည့် အဝအသိပ် အနှိပ်အဖိ အသိပ်ကြိုးကို ရှိနေတာ၊ နေရာတိုင်းမှာ အကဲခပ်လို့ရတယ်။

ခနို မိုးပါလား

ကဲ တစ်ခု ပြောကြရအောင်နော်။ သပြေကန်ဆရာတော် ဒီ ရွှေကျင်ကျောင်းတိုက်ကို ရောက်စက အဆောက်အအုံတွေ ဒီလို ပြည့်ပြည့်စုံစုံ မဟုတ်သေးပါဘူး၊ ဆရာတော် စီစဉ်ကြပါတယ်၊ ဒီတော့ အခက်အခဲက ဘာတွေလဲဆိုရင် မိုးဖို့အတွက် သွပ်၊ သွပ် အခက်အခဲရှိနေတယ်၊ အဲ ဒီနှစ် ဝါမှာလဲ ဆရာတော်က ကျောက်ပုံတောရ ဝိနိစ္ဆယအတွက် ကမ္ဘာအေး ပုဗ္ဗဝိဒေဟ ကျောင်းဆောင်မှာ ဝါဆိုရတယ်၊ နောက်တော့ ဒကာတွေ ကြားတယ်၊ ကမ္ဘာအေး သာသနာရေးဦးစီးဌာနက သာသနာရေးအတွက် သွပ်ပြားတွေ ထုတ်ပေးနေတယ်ပေါ့၊ ကျောင်းပုံစံနဲ့ ကျောင်းထိုင်ဘုန်းကြီး လက်

သီတင်းသုံးရတာကလဲ ကျောင်းအိုကြီး အောက်ထပ်က ခြေရင်းခန်း ဆယ်ပေ-ပေနှစ်ဆယ်မျှသာ ကျယ်တယ်၊ တဖက်က သွပ်ပြားကာထား၊ တဖက်က သုံးထပ်သား ကာထားတယ်၊ ကျနေဆိုရင် သိပ်ပြီး ပူတာပဲ သည်ကြားထဲ ကြွက်တွေကလဲ ရှိသေး၊ အပေါ်က စာသင်သား ဦးပဉ္ဇင်းငယ်များ ကိုရင်များ နေကြတယ်၊ သူတို့လဲ သတိထား နေပေမယ့် တဒိုးဒိုး တဒေါက်ဒေါက် အသံက မပြတ်ကြားနေရ သီတင်းသုံးရတာ ဆင်းဆင်းရဲရဲပါ၊ ဒါပေမယ့် ဆရာတော်ဟာ သန္တုဋ္ဌဂုဏ်နဲ့ သည်းခံပြီးတော့ နေတာပဲ၊ မငြီးငြူဘူး၊ နောက်တော့ ဂေါပကအဖွဲ့နဲ့ ဒါယကာ ဒါယိကာမတွေ တိုင်ပင်ကြပြီး ဒို့ ရတနာကတော့ ရှိနေပြီ၊ ရတနာထုပ်တဲ့ ပုဝါ မရှိသေးဘူး၊ ကျောင်းတစ်ဆောင်တော့ ဆောက်ကြဦးစို့ပေါ့၊ စုပေါင်းပြီးတော့ ဆရာတော်အတွက် ကျောင်းဆောက်ကြပါတယ်၊ ဆရာတော် အနေဆင်းရဲတာကို ကြည့်ပြီး မှတ်ပါရင် ရတယ်တဲ့၊ ဒီတော့ လာ သွားကြစို့ ဆရာတော်လဲ ဟိုမှာရှိနေတာ အတော်ပဲပေါ့၊ အဲဒီ သွားတဲ့ အထဲမှာ အခုရွှေမှာ ထိုင်နေတဲ့ နာယကကြီး ဦးဘွေ လဲပါတယ်၊ သူ ခေါင်းဆောင်ပေါ့ သွပ်ပြားတွေ ပေးနေတာကလဲ ဆရာတော်တို့ သီတင်းသုံးတဲ့ ပုဗ္ဗဝိဒေဟအောက်မှာ ကြိုးကြပ် စီစစ်ပေးနေတာက သာသနာရေးအရာရှိ ဦးအုန်းလွင်၊ ဒကာကြီးတွေ ဦးအုန်းလွင်နှင့် ဝင်တွေ့ သပြေကန်ဆရာတော် ကျောင်းကပါ သပြေကန်ဆရာတော့် အတွက်ပါ အကျိုးကြောင်း တင်ပြ "ဟာ သပြေကန်က ကျနော့် ဆရာတော် ပဲဗျာ့ ကျနော် သိပ်ကြည်ညိုတာ ဆရာတော်နဲ့ နေ့တိုင်း နံနက်တစ်ကြိမ် ညနေတစ်ကြိမ် တွေ့ရတယ်ဗျာ၊ ဆရာတော် ဒီအကြောင်း ဘာမှ မပြောဘူး၊ ကျနော် သွပ်ပြားခွဲတမ်း ပေးနေတာလဲ ဆရာတော် သိတယ်၊ ဒီလို လုပ်ဗျာ၊ ကျနော် ရန်ိုင်သမျှ လုပ်ပေးလိုက်မယ်၊ ဆရာတော် သူ့အခန်းထဲမှာ

ရှိရင် လက်မှတ်ထိုးခိုင်း''၊ ဒီတော့ ဒကာကြီးတွေ ဆရာတော့်အခန်း တက်သွား၊ ဆရာတော့်လက်မှတ် လိုလို့ပါ ဘုရား စသည် အကျိုးအကြောင်းလျှောက်ထား၊ ဆရာတော်က ဒကာကြီးတို့ကျောင်းက ဘုန်းကြီးလက်မှတ်ပါမှ ပြီးမှာလား၊ သွပ်ပြားအတွက်က ဆရာတော့် လက်မှတ်ပါမှ အဆင်ပြေမှာပါ ဘုရား၊ ဒီလို လုပ်ရင်ကော ဘုန်းကြီးလက်မှတ် မပါဘဲ ရနိုင်တဲ့ ဓနိမိုးရင်ကော မပြီးဘူးလား၊ ဆရာတော်က ဒါရွဲ့ပြီးပြောတာ မဟုတ်ဘူးနော်၊ လေးလေးနက်နက် ပြောလိုက်တဲ့ စကား၊ ဆရာတော်ရဲ့ သန္တုဋ္ဌိတာဂုဏ် ဘယ်လောက် ကြည်ညိုစရာကောင်းလိုက်သလဲ၊ ဒကာကြီးတွေ အသွားတုန်းကတော့ သွပ်ပြား ရတော့မှာပဲ ဆိုတဲ့ အထင်ကြီးနဲ့ တက်တက်ကြွကြွ ပြုံးပြုံးနဲ့ပေါ့၊ အပြန်ကျတော့ သူတို့ အပြုံးနဲ့ပါပဲ၊ ဒါပေမယ့် ဒီအပြုံးနှစ်ခုဟာ အဓိပ္ပါယ်ချင်းတော့ တူမယ်မထင်ပါဘူး၊ ဒကာကြီးတွေလဲ အားရကြည်ညိုစိတ်နဲ့ ပြန်သွား သွပ်ပြားလဲ ရ,မသွားပါဘူး ၊ ဒကာကြီးတွေ ရသွားတာကတော့ တန်ဘိုးဖြတ်လို့ မရတဲ့ ဂုဏ်ကို သိတဲ့ ဂုဏ်ပါပဲ၊ သဒ္ဓါ,ပညာနော်။

''ပဝိဝေကတာ''

နောက်တစ်ခု ကြည်ညိုကြရအောင်၊ အချိန်က အတော်နည်းနေပါပြီ၊ နောက်တစ်ခုက ပဝိဝေကတာဂုဏ် ဆိတ်ငြိမ်ရာသို့ ကပ်တဲ့ဂုဏ်၊ ပဝိဝေကတာကို ဒွီဟိပိ ကာမေဟိ ပဝိဝေကော ယောနိသောမနသိကာရဗဟုလော ပုဂ္ဂလော တဿ ဘာဝေါ ပဝိဝေကတာ၊ ဝတ္ထုကာမ ကိလေသာကာမ တို့မှ ကင်းဆိတ်ပြီး ပညာအဆင့်အခြင့်ဖြင့် နေတယ်ပေါ့လေ၊ ဆရာတော်ဟာ ကာယဝိဝေက ကိုယ်လဲ ငြိမ်းချမ်းအောင်၊ စိတ္တဝိဝေက စိတ်လဲ ငြိမ်းချမ်းအောင် အမြဲသီတင်းသုံးတော်မူပါတယ်၊ ဒီ ကျောင်းတိုက် မရောက်ခင် သပြေကန်တောရမှာ သီတင်းသုံးစဉ် အခါကလဲ သူတစ်ပါးတည်း နေတဲ့ကျောင်းမှာ အဝင်တံခါးကို အမြဲတမ်းပဲ ပိတ်ထားပါတယ်၊ ရွှေကျင်ကျောင်းတိုက် ရောက်တဲ့အခါမှာလဲပဲ နှစ်ထပ်ကျောင်းမှာ အပေါ်ထပ်အခန်းတွင်းမှာနေပြီး အခန်းကိုလဲ အတွင်းကနေ အမြဲ သော့ခပ်ထားပါတယ်၊ အောက်ထပ် အဝင်ဝ တံခါးကြီးကိုလဲ ဘုန်းကြီးတို့က အမြဲတမ်း သော့ခပ်ပေးထားရပါတယ်၊ ဆရာတော်ဟာ မြို့လယ်ဖြစ်တဲ့ ဒီရွှေကျင်ကျောင်းတိုက် သာဓုဇနာနန္ဒ ကျောင်းလေးကို တောကျောင်းလေးအသွင် ဖန်ဆင်းထား ပါတယ်၊ တကယ်ဆိုရင် ဒီကျောင်းလေးဟာ ရွာလယ်က တောကျောင်းပေါ့နော်၊ ဣန္ဒြေငါးပါးတို့ကို စောင့်စည်းလျက်။

တခါက ဆရာတော်က ဘုန်းကြီးကို မေးတယ်၊ ''ဦးခေမာ ဘုရားရှိခိုး ပျက်တဲ့ ရက်များ ရှိသလား'' တဲ့၊ ဘုန်းကြီးက ခပ်လျော့လျော့လေး ပြန်လျှောက်လိုက်ပါတယ်၊ တစ်ခါတစ်ရံ အလုပ်များတဲ့ အခါ ရှိကြောင်းပါ ဘုရားပေါ့၊ မပျက်အောင် လုပ်ထားရင် မပျက်ပါဘူးလေတဲ့၊ ဒါပဲ ဆက် မပြောဘူး၊ ဆရာတော်က ဘယ်အချိန် ဘုရားရှိခိုးသလဲဆိုရင် ဆရာတော်ရဲ့ ကိုယ်ပိုင် ဘုရားရှိခိုးချိန်ဟာ အဓိကအားဖြင့် ည(၂)နာရီတိတိ အချိန်ပဲ၊ ဘာကိစ္စရှိရှိ ဘာအလုပ်ရှိရှိ ဘယ်နေရာပဲရောက်ရောက် ပျက်တယ်လို့ကို မရှိဘူး၊ ဒါ ဆရာတော်က အမိန့်ရှိလို့ သိရတာ မဟုတ်ဘူး၊ ဘုန်းကြီးက အချိန်ကြာကြာ အနေနီးလို့ သိရတာ၊ ဆရာတော်ဟာ အဲလောက်ထိပင် ရဟန်းတို့ ပြုလုပ်ရမည့် အလုပ်ကို ကြိုးကြိုးစားစား ဝီရိယ ထားတော်မူပါတယ်၊ အာရဒ္ဓဝီရိယ တာဂုဏ်နဲ့ ဘယ်လောက်ပြည့်စုံတယ်ဆိုတာ ခန့်မှန်းကြည်ညိုနိုင်ကြပါတယ်၊ သပြေကန် ဆရာတော်ဟာ စောစောပိုင်းက ပြောခဲ့တဲ့ ဂုဏ်လေးချက်နဲ့ ပေတံလေးပိုင်းနဲ့ တိုင်းတာလို့ရတဲ့ ရဟန်းကောင်းဖြစ်တယ်ဆိုတာ ထင်ရှားပါပြီနော်။

ပုဂ္ဂိုလ်သုံးဦးနှင့် သပြေကန်

နဲနဲလေး ဆက်ပြီး ကြည်ညိုပူဇော်ကြရအောင်နော်၊ ထိပ်တန်းပညာရှင်များက ဆရာတော်အား ပညာကြောင့် အားထားကြသလို သီလမြတ်နိုးတဲ့ သီလဝန္တပုဂ္ဂိုလ်များလဲ ဆရာတော်ကို သီလကြောင့် ကြည်ညိုကြပါတယ်၊ လေးနက်တဲ့ သဘောရှိတဲ့ သမာဓိပိုင်ရှင်တို့ကလဲ ဆရာတော်ကို သမာဓိကြောင့် လေးစားကြပါတယ်။

ပညာရှင်များက အားထားကြ

ထိပ်တန်းပညာရှင်ကြီးတွေက ဆရာတော်ကို အားထားကြပုံလေးများ အချိန်လေးကြည့်ပြီး ပြောကြရအောင်နော်၊ ဆရာတော် သာမဏေဘဝမှာပဲ ရှိစဉ် စတုတ္ထအကြိမ်

ရွှေကျင်နိကာယ ဂိဏ်းလုံးကျွတ် အစည်းအဝေးကြီးကို (၁၂၉၁)ခု ကဆုန်လပြည့်ကျော်(၂-၃-၄)ရက်မှာ မော်လမြိုင်မြို့ ပန်းပဲတန်းရပ် ပုဂံတောင်ကျောင်းတိုက်မှာ ပြုလုပ်ခဲ့ပါတယ်၊ အဲဒီ အစည်းအဝေးကြီးပြီးလို့ အစည်းအဝေးမှတ်တမ်းစာအုပ်ကြီး ထွက်တဲ့အခါမှာ ပထမသပြေကန်ဆရာတော်ကြီး ထံ ခွင့်တောင်းပြီး သာသနာတော်၏ အားတက်ဂုဏ်ယူဖွယ်ရာအဖြစ် ဝိနည်းငါးကျမ်း ပြန်ဆိုတော်မူသော "ရှင်ဝါသေဋ္ဌ"လို့ ဓာတ်ပုံ အတ္ထုပ္ပတ္တိနှင့်တကွ မှတ်တမ်းတင် ဂုဏ်ပြုဖော်ပြခံရပါတယ်၊ ရှင်ဝါသေဋ္ဌကိုလဲ သာသနာမှာ အမြဲနေရန် ညောင်လေးပင်တောရ ဆရာတော် စသည်တို့က တိုက်တွန်းခဲ့ပါတယ်၊ ရွှေကျင်ဂိဏ်းမှာ ဂိဏ်းလုံးကျွတ် အစည်းအဝေးကြီးလုပ်တာ (၁၆)ကြိမ်ရှိသွားပါပြီ၊ မှတ်တမ်းစာအုပ်ကြီးများလဲ အကြိမ်ကြိမ်ထွက်ခဲ့ပါပြီ၊ ဒါပေမဲ့ သာမဏောဘဝနှင့် မှတ်တမ်းတင် ဂုဏ်ပြုခံရတာ တိုက်တွန်းခံရတာ ဒီဆရာတော်မှ လွဲလို့ ဘယ်သူမှ မရှိခဲ့သေးပါဘူး။ အဲဒီလို ထိပ်တန်းပညာရှင်များကပင် ဆရာတော်ကို သာမဏောဘဝကပင် အားထားခဲ့ကြပါတယ်၊ အားထားသည့် အတိုင်းလဲ သာသနာမှာ ထိုက်ထိုက်တန်တန်ကြီးပင် အားကိုးအားထားပြုရပါတယ် ။

လယ်တီပဏ္ဍိတ ဦးမောင်ကြီး

တစ်ခါက လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်မှာ ရောက်လာပါတယ်။ အဲဒီအခါမှာ ဝိနည်းငါးကျမ်း ပြန်ဆိုတဲ့ ပေါ်လွင်မှုရှိအောင် ဘွဲ့မည်တော် ခေါ်ပါရစေ ကိုရင်ဝါသေဋ္ဌပေါ့လေ။ သူနဲ့တွေ့ပေး၊ အဲဒီလိုတွေ့တော့ လယ်တီပဏ္ဍိတ ဦးမောင်ကြီးက ပရိဝါလာ သေဒမောစနဂါထာတွေက သိပ်ပြီးခက်တာကိုရင် ဘယ်လိုလုပ်ကျက်သလဲ ကိုရင်ရဲ့ ဉာဏ်ကိုရော သဒ္ဒါတရားကိုရော ချီးကျူးပါတယ်၊ တပည့်တော်လိုတော့ မဖြစ်ပါစေနဲ့။ သာသနာအတွက် အားထားပါရစေလို့ အဲဒီ ချီးကျူးလျှောက်ထားသွားတယ်၊ ဒီ အကြောင်းအရာကို ဘုန်းကြီး ပဲခူးက ဆရာတော်နှင့်အတူ သီတင်းသုံးတဲ့ ဆရာတော်ကြီးတွေ ဒီကျောင်းမှာလာတော့ ဆရာတော်နဲ့ ပြောတာကိုရော တစ်ပိုင်းတစ်စကြားရတယ်၊ ဘုန်းကြီးကိုယ်တိုင် ဆရာတော်ကို လျှောက်ကြည့်တော့လဲ ဟုတ်တဲ့အကြောင်း ဒီအတိုင်းပဲ မိန့်တယ်၊ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ပြောသလိုပါပဲ၊ ဆရာတော်ရဲ့ ဉာဏ်ကိုရော သဒ္ဒါတရားကိုပါ တကယ် ချီးကျူးထိုက်ပါတယ်၊ ဘာကြောင့်လဲဆိုရင် အဲဒီ အချိန်အခါက ပိဋကပါဠိတွေမှာ အခုလို ပုဒ်ခွဲ ဝိုဒ်ခွဲ ဂါထာခွဲတွေက ရှင်းရှင်းလင်းလင်း မရှိသေးပါဘူး၊ တစ်မျက်နှာလုံးဟာ တပြင်ချည်းထဲပဲ၊ နောက်မှ ဆဋ္ဌသံဂါယနာရဲ့ ကျေးဇူးကြောင့် ပုဒ်ခွဲ ဝိုဒ်ခွဲ ဂါထာခွဲတွေ ရှင်းရှင်းလင်းလင်း ကြည့်ရရှုရ လွယ်သွားတယ်၊ ဒီတော့ ဟိုတုန်းက ကျက်ရတာဟာ ခုခေတ်ထက်ပိုခက်တာပေါ့၊ ဒါကိုပဲ ကိုရင်လေး ဘဝနဲ့ ကျက်နိုင်တယ်ဆိုတော့ ဒီဉာဏ်ရှင်ဟာ ချီးကျူးထိုက်တဲ့ဉာဏ်ရှင် မဟုတ်လား၊

နောက်ပြီး သဒ္ဒါတရားဖက်ကို လှည့်စဉ်းစားကြည့်လိုက်ဦး၊ အဲဒီ အချိန်က တိပိဋကစာမေးပွဲကြီး ပေါ်သေးတာ မဟုတ်ဘူး။ ဒီတော့ ဒါကိုရရင် ဘယ်လို ဆုလာဘ်တွေ ရမယ်။ ဘယ်လို ဂုဏ်သတင်းကျော်ကြားမယ်ဆိုတဲ့ မျှော်လင့်ချက် မပါဘူး၊ ဝိနည်းသာသနာတော်ကို ကြည်ညိုသဒ္ဓါစိတ် သက်သက်နဲ့ပဲ ကျက်တာ ပြန်ဆိုတာ ဘယ်လောက် ကြည်ညိုလေးစားစရာ ကောင်းလိုက်သလဲ သေသေချာချာတွေးနော်။

သက္ကသီဟ စာမေးပွဲ

ပညာရှင်များ အားထားပုံကို တစ်ခုလေး ဆက်ကြရအောင်နော်၊ မန္တလေးမြို့ သက္ကသီဟ ဘုရားအတွင်းမှာ ကျင်းပလို့ သက္ကသီဟစာမေးပွဲလို့ နာမည်ရတဲ့ ပရိယတ္တိသာသနဟိတစာမေးပွဲမှာ မြန်မာနိုင်ငံ ဘုန်းကြီးလောကမှာ နာမည်ကြီးတဲ့ စာမေးပွဲကြီးပါပဲ၊ အချို့ ဆရာတော်များက ဒီစာမေးပွဲကြီးကို လူသတ်ပွဲကြီးဟုပင် ပြောဆိုကြသည်၊ အမှန်တော့လဲ တကယ့် စွမ်းရည်ပြည့်ဝသူတို့၏ အရာသာဖြစ်ပါတယ်၊ ထို စာမေးပွဲကို အောင်မြင်ရန် ကြိုးစားကြသူ အများစုမှာ ထိုစာမေးပွဲ၌ သင်္ကြိုဟ်ပုစ္ဆာထုတ်တဲ့ ဘုန်းကြီးဆီမှာ သင်္ကြိုဟ်စာဝါလိုက်တက်၊ သဒ္ဒါပုစ္ဆာထုတ်တဲ့ ဘုန်းကြီးဆီမှာ သဒ္ဒါစာဝါလိုက်တက် စသည်ဖြင့် အဲလို အာဘော်မိအောင်လိုက်ကြရတယ်၊ သပြေကန်ဆရာတော်လောင်းလျှာ

အာဘယာက နိဒါန်းရေးခိုင်း

နောက်တစ်ခု ဆက်ကြရအောင်၊ မန္တလေးမြို့ အာဘယာရာမ ရွှေဂူကျောင်းတိုက်ဆိုတာ ပညာဖက်ရော ဝိနည်းဖက်ရော နာမည်ကြီး ကျောင်းတိုက်တစ်ခုပါ၊ မန္တလေးလေးပြင် လေးရပ်က မသိတဲ့ ရဟန်းသံဃာရယ်လို့ မရှိဘူး၊ အာဘယာရာမဆရာတော်ဟာ မာဂဓ,သက္ကတ စွယ်စုံရမြန်မာပြည်မှာ သက္ကတအတတ်ဆုံးလို့ အဲဒီခေတ် အဲဒီအခါက ပညာရှင်များ အသိအမှတ်ပြုကြတာပါ၊ ဆရာတော်ကတော်သလို တပည့်စာချဆရာတော်များကလဲ အကျော်အမော် စာချဆရာတော်တွေပါ၊ ပညာကျော်တွေ ထွန်းကားတဲ့ ကျောင်းတိုက် ထိပ်တန်းပညာရှိတွေပေါတဲ့ ကျောင်းတိုက်လို့ ဆိုရမှာပေါ့၊ သပြေကန်ဆရာတော်ဟာ အဲဒီကျောင်းတိုက်မှာ ပညာဆည်းပူးနေပါတယ်။

အာဘယာရာမ ရွှေဂူဆရာတော်ကြီး သမ္မန္တစိန္တာစာကိုယ် ဦးကာနိဿယရေးပြီး ပုံနှိပ်မည်ပြုသောအခါ အခြားစာချအကျော်အမော် တပည့်တွေ ရှိပါလျက် သပြေကန်ဆရာတော်လောင်းလျာ ဦးဝါသေဋ္ဌ ဆိုသည်မှာလဲ(၄-၅)ဝါမျှသာ ရှိသေးသည့် ရဟန်းငယ် တစ်ပါးပါ၊ အနေအထိုင်ကလဲ သိပ်သိပ်သည်းသည်း၊ အပြောအဆိုကလဲ အေးအေးဆေးဆေးပါ၊ သူတော်ကောင်းစိတ်ဓာတ် ရှိသူပီပီ ကိုယ်တတ်ကြွေးကိုယ်သိကြောင်းကိုလဲ ပေါ်လွင်မှု မပြုပါဘူး၊ ဒါပေမယ့် ပညာရှင်ဖြစ်သော အာဘယာရာမ ဆရာတော်ကြီးဟာ "အသွေးမြင်အသွင်သိ,အပွေးမြင် အပင်သိ" ဆိုသလို သပြေကန် အရှင်ဝါသေဋ္ဌရဲ့ အစွမ်းကို ရိပ်စားမိပါတယ်၊ ရိပ်စားမိလို့ပဲ သပြေကန်အရှင်ဝါသေဋ္ဌအား နိဒါန်းရေးပေးရန် အာဘယာရာမ ဆရာတော်ကြီးက တိုက်တွန်း စေခိုင်းခဲ့ပါတယ်၊ ပညာရှင်ကြီးများက ဘယ်လောက်အားကိုး အားထားပြုခဲ့သလဲ။ မသိသာ မထင်ရှားဘူးလား၊ အဲဒီဆရာတော်ရေးတဲ့ နိဒါန်းကို အာဘယာရာမ ဆရာတော်ကြီးက အလွန်နှစ်သက် သဘောကျတယ်၊ ဆရာတော်ရဲ့ စွမ်းရည်ကို သိတင်းသုံးဖော်များကလဲ သိသွားကြပါတယ်၊ ဒါကြောင့် ဒီ နိဒါန်းရဲ့အောက်မှာ "ဦးဝါသေဋ္ဌ၊ ဓမ္မာစရိယ" လို့ အာဘယာရာမဆရာတော်ကြီးက ရေးသားချီးမြှင့်လိုက်တယ်၊ အဲဒီအချိန်အခါတုန်းက ဓမ္မာစရိယလို့ ခေါ်တဲ့ စာချတန်း ဦးပဉ္ဆင်းကတော့ မိမိနေတဲ့ ကျောင်းတိုက် ပဓာနနာယက အာဘယာရာမဆရာတော်ထံမှ လွဲ၍ ဘယ်မှာမှ လိုက်မတက်ဘူး၊ ဒါပေမဲ့ လွတ်လွတ်ကျတ်ကျတ် လွယ်လွယ်ကူကူ အောင်မြင်တာပဲ၊ လွတ်လွတ်ကျတ်ကျတ် လွယ်လွယ်ကူကူ ဆိုတာ ဒီစာမေးပွဲကို ရေးဖြေ ဖြေဆိုတဲ့အခါ အခြားပုဂ္ဂိုလ်တွေမှာ(၁၂)နာရီကနေ (၄)နာရီအထိ အချိန်ပေးတာ အချိန်ပြည့် ထိုင်ကြတာပဲ၊ စောတယ်ဆိုရင် (၃)နာရီ ဝန်းကျင်တော့ ထိုင်ရတာပဲ။ သပြေကန်ဆရာတော်ကတော့ အများဆုံး(၁)နာရီပဲ ထိုင်တယ်၊ ဘေးက ပြီးပြီလား၊ မေးရင် ပြီးပြီလေ၊ သူတို့က ဒါလေးပဲ မေးတာကိုး၊ ဉာဏ်ရည်က ဘယ်လောက်ထက်သလဲလို့ ဒီအကြောင်းကို ဆရာတော်နဲ့ အတူစာမေးပွဲဖြေခဲ့တဲ့ ကျောင်းတော်ရာ ရွှေကျင်တိုက်ဆရာတော် ဦးတိက္ခိန္ဒြိယ.ကဘုန်းကြီးကို ပြောပြဖူးပါတယ်၊ ဘုန်းကြီး ဒီလောက်လေးကိုပြောချင်တာ မဟုတ်သေးဘူး၊ ပြောချင်တာ ရှိသေးတယ်၊ အဲဒီအသင်း မှာလဲ အာဘယာရာမတိုက်က ဦးဝါသေဋ္ဌဟာ စာတော်တယ်၊ စာရတယ်လို့ နာမည်ကြီးနေတယ်၊ နာမည်ကြီးနေတော့ ဆရာတော်အတွက် နေ့ဝါကို စာပြန်ခိုင်းတာကြမ်းတယ်ဆိုတဲ့ ဦးစံမင်းက ပြန်ခိုင်းတယ်၊ ဆုတ်ဆိုင်းမရှိ အဖုအထစ်မရှိ ပြန်နိုင်တော့ ဦးစံမင်းဟာ ကုလားထိုင်ပေါ်က ဝတ်စင်း ဦးချကာ သာသနာတော် အတွက် အားတက်ဖွယ်ကောင်းလှပါတယ်ဘုရားလို့ ဝမ်းပမ်းတသာ လျှောက်ထားပါတယ်၊ ညဝါ ယမိုက် အကောက် စသည်ကိုတော့ အာဘိဓမ္မာ သိပ်တော်လို့ သိပ်တတ်လို့ ဘုရားလေးလို့ ရင်းနှီးသူများက ဘုရားလေးလို့ ခေါ်ကြတဲ့ ဦးသိန်းအောင်က စိတ်ကြိုက် ပြန်ခိုင်း မူဘောင်ကျော်ပြီး ပြန်ခိုင်းတယ်၊ ဘယ်နေရာမှ မရတာမရှိဘူးတဲ့။ အမှတ်ပြည့် ရတာပဲတဲ့၊ ဦးသိန်းအောင် ပြန်ခိုင်းတဲ့အထဲမှာ ဆရာတော်တစ်ပါးပဲ အမှတ်ပြည့် ရဖူးတယ်တဲ့၊ အခြားပုဂ္ဂိုလ်တွေ ရတယ်ဆိုပေမယ့် အောင်မှတ်ပြည့်ရုံသာ ရကြတာ၊ သပြေကန်ဆရာတော်ကတော့ အမှတ်ပြည့်ရတာတဲ့၊ ဒီအကြောင်းကို ဟိုနေ့ညက တရားဟောတဲ့ ဓမ္မစေတီ အရှင်ကောသလ္လ MA (Buddhism)က အားရပါးရ ပြောပြတာပါ၊ ပညာကြောင့် ပညာရှင်ကြီးများက အားထားကြပုံ အကြောင်းနော်။

စာမေးပွဲ ပေါ်တောင် မပေါ်ပေါက်သေးပါဘူး။ ဆရာတော်ကို ပညာရှင်ကြီးတွေက အသိအမှတ်ပြုကြတာနော်...။

ဝိသုဒ္ဓိမဂ္ဂ နိဒါန်း

ဘုန်းကြီးတို့ ရန်ကုန်မြို့ မဟာစည်ဆရာတော်ဆိုရင် လဲ အားလုံးသိကြတဲ့အတိုင်း၊ တပည့်ပညာရှင်တွေ အများကြီး ဝိုင်းဝိုင်းလည်နေတာပါပဲ၊ သပြေကန်ဆရာတော်ဟာ မဟာစည်ဆရာတော်ထံမှာ မနေဖူးပါဘူး၊ ဆဋ္ဌသံဂါယနာကိစ္စစသည်ဖြင့် ခေတ္တာမျှသာ တည်းခိုဖူးတာပါ၊ မဟာစည်ဆရာတော် ဝိသုဒ္ဓိမဂ္ဂနိဿယရေးပြီး ပုံနှိပ်မည် ပြုသောအခါလဲ တောမှာ ရိုးရိုးအေးအေးနေတဲ့ သပြေကန်ဆရာတော်ကိုပဲ၊ ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ ရေးခိုင်းတယ်၊ တိုက်တွန်းတယ်ပေါ့။

သပြေကန်ဆရာတော်ဟာ အလွယ်တကူပင် လက်ခံပြီး ရက်ပိုင်းအတွင်းမှာပဲ အရိယာဂီတိဂါထာ(၇၃)ဂါထာဖြင့် ပါဠိပညာအဆင့်ဆင့် မြင့်မြင့်ရေးပေးလိုက်တယ်၊ ဆရာတော်ရေးတဲ့ ဂါထာမျိုးဟာ ယနေ့ ပါဠိပညာရှင် ပါဠိပါရဂူဆိုတဲ့ ပုဂ္ဂိုလ်တွေ မစွမ်းနိုင်တဲ့ ပါဠိအရေးအသားပါ၊ စဉ်းစားကြည့်နော်၊ ဆရာတော်ကို ပညာရှင်ကြီးတွေက ဘယ်လောက် အားထားသလဲ ဆိုတာ။

ပရိတ်ကြီး နိဿယသစ်

နောက်တစ်မျိုး ကြည့်ညို ပူဇော်ကြရအောင်၊ မန္တလေးဝိဇ္ဇာလင်္ကာရတိုက်ဆရာတော် အရှင်ဝိသုဒ္ဓ,တို့စစ်ကိုင်းက အနီးစခန်း ဆရာတော်တို့ဆိုတာ သပြေကန်ဆရာတော်နဲ့ အဘယာရာမတိုက်မှာ အတူနေခဲ့တဲ့ သီတင်းသုံးဖော် ဆရာတူတပည့် ဒဋ္ဌိမိတ္တတွေပါ၊ သို့သော် ဆရာတော်ထက် သိက္ခာဝါ အများကြီး ကြီးကြပါတယ်၊ အတူနေလဲဖြစ် စိစစ်လေ့လာ အကဲခပ်တတ်တဲ့ ဉာဏ်ကလဲရှိ၊ အဘယာရာမ ဆရာတော်ကြီး ကိုယ်တိုင်က သပြေကန်ဆရာတော်ကို ချီးမွမ်းတယ်၊ ချီးမြှောက်တယ် ဆိုတာက သူတို့ကိုယ်တွေ့၊ ဒီတော့ ဆရာတော်ရဲ့ စွမ်းရည်ကို သူတို့သိကြတယ်၊ အဲလိုသိလို့ ဝိဇ္ဇာလင်္ကာရ ဆရာတော် အရှင်ဝိသုဒ္ဓ က ပရိတ်ကြီး နိဿယရေးရန် တိုက်တွန်းခဲ့ပါတယ်၊ ဆရာတော်ကလဲ တိုက်တွန်းသူကိုလေးစားသည်မို့ အလွယ်တကူ လက်ခံကာ အချိန်ယူ ရေးသားခဲ့ပါတယ်။

ဒီနေရာမှာ အလျှဉ်းသင့်လို့ အမှတ်ရလို့ ဆရာတော်ကျမ်းစာရေးပုံလေးကို ပြောပါရစေဦး၊ ဆရာတော်ဟာ ပရိတ်ကြီးနိဿယကို နေ့ခင်းမှာရေးပြီး၊ ညကျတော့ ရေးပြီးသား စာကို ရအောင်ကြည့်၊ စာမူကို ဘုရားရှေ့မှာထား၊ စာမူကို ရွတ်ပြီးတော့ ဘုရားကို လေးလေးနက်နက် ပူဇော်ပါတယ်၊ ဒါ နေ့စဉ်ပဲ၊ ဒါကြောင့်မျှား စိတ်ကကြည်လင် ဉာဏ်တွေက ဝိပွင့်ပြီး ကောင်းချင်တိုင်း ကောင်းနေသလားတော့မပြောတတ်ဘူး။

ပဲကြီးလော်နဲ့ လဲစားတာကိုး

ပရိတ်ကြီးနိဿယသစ် ရေးပြီးသောအခါ အလိုနည်းသော ဂုဏ်နှင့် ပြည့်စုံသော သပြေကန်ဆရာတော်သည် မိမိ၏ ပရိတ်ကြီးနိဿယသစ် စာမူကြီးကို အပြီးအပိုင် မုတ္တာစာအဖြစ် ဝိဇ္ဇာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓ အား လှူဒါန်းလိုက်ပါ၏၊ အနီးစခန်းဆရာတော် အနေဖြင့်ကား သပြေကန်မှာ ဆွမ်းကွမ်းစသည်က ပြည့်ပြည့်စုံစုံ မဟုတ်တော့ ပရိတ်ကြီးနိဿယသစ်မှ ဖြစ်ပေါ်လာသော ဝတ္ထုဖြင့်ပင် ဆရာတော်နှင့် သပြေကန်ကျောင်းတိုက်ကို ဆွမ်း·ဆွမ်းဟင်းစသည် မျှတဖို့ လိုလားသည်၊ သပြေကန် ဆရာတော်က ထိုသို့ မလိုလား၊ သူလိုလားသည်က ပညာပါရမီနှင့် လောကသားတို့အတွက် အသိဉာဏ်ရစေခြင်းသာ လိုလားသည်၊ အဲဒါကြောင့် လွတ်လွတ်ကျတ်ကျတ်ပင် ဆရာတော် ဦးဝိသုဒ္ဓအား လှူဒါန်းလိုက်တယ်၊ ဒီလို လှူဒါန်းတာကို အကြောင်းပြု၍ သပြေကန်ဆရာတော်က ကျွန်းမာရေးအရ နွားနို့သောက်ပြီး ပဲကြီးလော် ဘဉ်းပေးသည်ကိုသိသော ဆရာတော် ဦးဝိသုဒ္ဓက ပဲကြီးလော် လူလေ့လူထ ရှိတာကို အကြောင်းပြုကာ အနီးစခန်း ဆရာတော်က "ဆရာတော်ဦးဝါသေဋ္ဌ·ဟာ ပရိတ်ကြီးနိဿယသစ်ကြီးကို ပဲကြီးလော် တစ်ထုပ်နဲ့ လဲစားတာကိုး" ဟု ဟာသနှောရွဲ့ ပြောလိုက်ပါသေးသည်။

ဒီအကြောင်း ဘုန်းကြီးကို သိမ်ချောင်းရွာ အခုတော့ တောင်ဒဂုံပေါ့လေ။ မင်္ဂလာရာမကျောင်းဆရာတော် ဦးဣန္ဒဝံသ ပြောတာလေးကို ဘုန်းကြီး မကြာမကြာ သတိရနေပါတယ်၊ ဘာပဲဖြစ်ဖြစ် ဘုန်းကြီးတို့ အနေနဲ့ ဆရာတော်ရဲ့ "အလိုနည်းခြင်း၊ လောဘပါးခြင်း" ဂုဏ်နဲ့ ဆရာတော်ကို

ပညာရှင်များ အားထားတဲ့အကြောင်း သိရ ကြည်ညိုခွင့်ရတာ ဘုန်းကြီးတို့အတွက် အမြတ်ပါပဲ။

ဆဋ္ဌသံဂါယနာမှူ နိဒါန်း

နောက်တစ်မျိုး နားထောင်ကြရအောင်နော်၊ ဆဋ္ဌသံဂါယနာဝန်ဆောင်အဖွဲ့တွင် အကျိုးဆောင် ဆရာတော်များမှာ ဦးနာဂဝံသတို့ ဝိဇ္ဇာလင်္ကာရ ဦးဝိသုဒ္ဓတို့ပါပဲ၊ ထိုအထဲမှာ ပိုပြီးတော့ သွက်သွက်လက်လက်ချက်ချက်ချာချာရှိတာကတော့ ဝိဇ္ဇာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓပေါ့၊ ဆဋ္ဌသံဂါယနာမှူ ပါဠိတော်,အဋ္ဌကထာများ ဝိသောဓက ပဋိဝိသောဓက ဩသာနဝိသောဓကတို့ အဆင့်ဆင့် ပြင်ဆင်သုမ်သင်ပြီးတဲ့ အခါ ပုံနှိပ်ဖို့ စီစဉ်ကြရတယ်၊ ဒီလို ပုံနှိပ်ရာမှာ ဆဋ္ဌမှုနိဒါန်း အဖြစ် အဆင့်မီရုံမက အဆင့်မြင့်မြင့် ပါဠိနိဒါန်းလိုအပ်တယ်ပေါ့။ ဒါကြောင့် သာမန်ပုဂ္ဂိုလ်တို့အရာမဟုတ်၊ မာဂဓ, သက္ကတ ထူးထူးချွန်ချွန်တတ်တဲ့ သူတို့ရဲ့ အရာသာ ဖြစ်တယ်၊ ဟုတ်တယ်နော်၊ ဆန်းသစ်ပြီး ပေါ်လွင်သိလွယ်တဲ့ ပါဠိဝေါဟာရ ရွေးချယ်တတ်ဖို့ ပြေပြစ်ချောမောဖို့ သဒ္ဒါ, ဆန်းအရ အပြစ်ကင်းဖို့ အလင်္ကာနည်းအရ ဂုဏ်မြောက်ဖို့ လိုအပ်ပါတယ်၊ ဒါကြောင့် တာဝန်ပေး ရွေးချယ်မှု မှန်ကန်ဖို့ သိပ်ပြီးအရေးကြီးပါတယ်၊ အကျိုးတော်ဆောင် ဆရာတော်များ လျှို့ဝှက်တိုင်ပင်ကြကာ နောက်ဆုံးတွင် သပြေကန်ဆရာတော်အား တာဝန်ပေး တောင်းခံကြရာ သပြေကန်ဆရာတော်လဲ အလွယ်တကူပင် လက်ခံကာ မြန်မာနိုင်ငံတစ်သာသနာလုံး၏ ကိုယ်စားပြုလို့ ဆိုရမှာပေါ့။ ဆဋ္ဌသံဂါယနာမှူ ပါဠိတော်,အဋ္ဌကထာကျမ်းစာများ၏ ပါဠိနိဒါန်းကြီးကို ရေးသားပေးရပါသည်။ ဒါ ပညာရှင်များက ဆရာတော်အား ပညာကြောင့်အားထားကြပုံကို ပြောတာနော်။

ဆဋ္ဌသံဂါယနာမှူ ပါဠိတော်, အဋ္ဌကထာ ကျမ်းစာများ၏ ပါဠိနိဒါန်းကို ဆရာတော်ရေးသားတယ်ဆိုတဲ့ အကြောင်းကို "သပြေကန် ထေရဂုဏ်ရည်" စာစောင်မှာလဲ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း ဆရာတော် အရှင်အဂ္ဂညာဘိဝံသ ကလဲ ရေးခဲ့ဖူးပါတယ်၊ ဒါကို ဆရာတော်ကလဲ သူရေးတာ ဟုတ်တယ်လို့ မပြောပေမဲ့ မဟုတ်ဘူးလို့ မငြင်းဆိုခဲ့ဘူး၊ တကယ်လို့သာ မဟုတ်ဘူးဆိုရင် ဆရာတော်က ခါးခါးသီးသီးကို ငြင်းဆိုမှာပြင်ပေးပါလို့ ပြောမှာ၊ အခုတော့ ဘာမှ မပြောဘူး။

နောက်တစ်ခု အထောက်အထားက ဆဋ္ဌသံဂါယနာမှူ ပါဠိတော်,အဋ္ဌကထာကျမ်းစာများ၏ ပါဠိနိဒါန်းကို ဆရာတော်ရေးခဲ့ကြောင်း(၁၉၉၇)ခု မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်စာအုပ်မှာ တိတိကျကျ ဖော်ပြထားပါတယ်၊ မြန်မာ့စွယ်စုံကျမ်းဆိုတာ မြန်မာနိုင်ငံမှာ ကမ္ဘာအေးက ရိုက်တဲ့ ဆဋ္ဌမှု ပါဠိတော်, အဋ္ဌကထာ, ဋီကာကလွဲရင် ဒုတိယ အကြောင်းအရာ အမှန်အကန်ဆုံး အတိအကျဆုံး အခိုင်အမာဆုံး စာအုပ်ပဲ။

ရွှေတောင်ကုန်း ဆရာတော်

ပညာရှင်များ အားထားပုံအကြောင်း နောက်တစ်ခု ဆက်ကြရအောင်၊ ရန်ကုန်မြို့ ဗဟန်း ရွှေတောင်ကုန်းရပ် ပဏ္ဍိတာရာမကျောင်းတိုက် ရွှေတောင်ကုန်းဆရာတော် အရှင် ပဏ္ဍိတာဘိဝံသဟာ အမေးအမြန်း အတော်ဝါသနာထုံသူပါ၊ သူကိုယ်တိုင်ကလဲ ပိဋကပညာရှင် ဖြစ်ရုံသာမက ပြည်တွင်းပြည်ပ လှည့်လည်နေပြီး ဗဟုသုတကလဲ ပြည့်သူဖြစ်လို့ သူမေးတတ်တဲ့ မေးခွန်းဟာ သာမန်မေးခွန်းမျိုး မဟုတ်ဘူး၊ ခက်ရာခက်ဆစ် မေးခွန်းတွေချည်းပဲ။

သူဟာ သပြေကန်ဆရာတော်ထံ တပည့်ခံဖူးပြီး သပြေကန်ဆရာတော်ကို အလွန်ပဲ ကြည်ညိုအားကိုးသူပါ၊ သူပြည်ပသို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီးသွားခါနီးတိုင်း ဆရာတော်ထံမှာ မေးခွန်များ မေးရင်း ဆရာတော် ဩဝါဒကို ခံယူပြီး၊ ပြည်ပမှပြန်လာတော့လဲ တွေ့ကြုံရသည့် အခက်အခဲ ပြဿနာများကိုတင်ပြ မေးခွန်းများ မေးလေ့ရှိပါတယ်။

သူ မေးသမျှ မေးခွန်းများကို သပြေကန်ဆရာတော်ဟာ ယထာဓမ္မကျကျ ရွှေတောင်ကုန်း ဆရာတော် ကျေနပ်အောင် ဖြေပြနိုင်လို့ သပြေကန်ဆရာတော်ကို အလွန်အားကိုးတဲ့ ဆရာတော်ပါ၊ သူ မေးတဲ့ မေးခွန်းအချို့ကိုတောင် "ရွှေတောင်ကုန်းဆရာတော်မေး၍ သပြေကန်ဆရာတော်ဖြေ သည်" ဟူသည့် စာအုပ်ကလေးတောင် သာမဏေကျော်က ထုတ်ဝေခဲ့ပါသေးတယ်။

အဲ ရွှေတောင်ကုန်း ဆရာတော်ထံ ဘုန်းကြီးပြီးခဲ့

တဲ့ ဝါဆိုဦးမှာ သံဃာတော်များနဲ့ သွားကန်တော့တုန်းက ရွှေတောင်ကုန်းဆရာတော်က အမိန့်ရှိလိုက်သေးတယ်၊ "သပြေကန်ဆရာတော်ဟာ မေးသမျှကို အထောက်အထား အပြည့်အစုံနဲ့ တရားလမ်းကျကျ ဖြေပြ ရှင်းလင်းပေးတော်မူတယ်၊ အခု ဆရာတော် မရှိတော့ အခက်အခဲရှိရင် မေးရမယ့် ပုဂ္ဂိုလ် မရှိတော့ဘူး၊ ဘုန်းကြီးတို့အတွက်ရော သာသနာ အတွက်ရော နှမြောစရာ ကောင်းလှပါတယ်၊ ဘုန်းကြီး သပြေကန်ဆရာတော်လို ဖြေကြားနိုင်မယ့် ပုဂ္ဂိုလ်ရှာနေတယ်၊ ခုထိ မတွေ့သေးဘူး" တဲ့ ။ ကဲ ဘယ်လောက်ထိအောင် ပညာရှင်များက အားထားကြသလဲ၊ ဘုန်းကြီးက ပြန် လျှောက်ထားလိုက်တယ်၊ "တွေ့ဖို့ မလွယ်တော့ပါ ဘုရား" လို့ ရွှေတောင်ကုန်း ဆရာတော်က "အဲ ဟုတ်တယ်"၊ တဲ့ ဘုန်းကြီးစကားကို ထောက်ခံလိုက်ပါတယ်။

သပြေကန်နှင့် တိပိဋကဆရာတော်

တိပိဋကဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ နဲ့ သပြေကန် ဆရာတော်တို့ အချင်းချင်း လေးစားပုံလေးကို ကြည်ညိုကြရအောင်၊ တိပိဋကဆရာတော်ကြီးနဲ့ သပြေကန် ဆရာတော်ဟာ အတူတကွ နေခဲ့ကြဖူးတာ မဟုတ်ပါဘူး၊ နှစ်ပါးစလုံးက ပညာကြီးကြ သူတော်ကောင်းကြီးများ ဖြစ်ကြသူများပီပီ ဂါရဝနိဝါတတရားများကား ကြီးမားလှပါတယ်။

သပြေကန် ဆရာတော်ဟာ (၁၂၇၂)ခု နှတ်တော် လဆန်း(၁၃)ရက်နေ့မှာ ဖွားမြင်ပြီး၊ တိပိဋက ဆရာတော်က တော့ (၁၂၇၃) တန်ဆောင်မုန်းလဆန်း(၁၁)ရက် ဖွားဖြစ်လို့ တိပိဋကထက် သပြေကန်ဆရာတော်က (၁၁)လခန့်ကြီးပါတယ်၊ သိက္ခာလဲ (၁)ဝါမျှသာ ကြီးပါတယ်။

တစ်ခါက တိပိဋက ဆရာတော်လဲ သန်လျင်မှာ တရားဟောပြီး နောက်က တပည့်ဒကာများနဲ့ သီတာသင်္ဘော နဲ့ ရန်ကုန်ဘက်ကို ကြွလာတယ်၊ တိပိဋကဆရာတော်ကို တော့ ထင်လဲထင်ရှား ဒကာများကလဲ ပါတော့ သင်္ဘော ဝန်ထမ်းများက အောက်ထပ်ဆလင်ခန်းမှာ အေးအေး ချမ်း ချမ်းနေရအောင် နေရာပေးထားကြတယ်၊ သပြေကန် ဆရာတော်ကလဲ ကပွဲယ ဦးမြစ်ဆိုတဲ့ ဒကာကြီးနဲ့ အဲဒီ သင်္ဘောနဲ့ပင် ရန်ကုန်ကိုကြွလာတယ်၊ သပြေကန် ဆရာတော်က ရိုးရိုးစင်းစင်း အေးအေး ဆေးဆေးလာသည်မို့ ပုဂ္ဂိုလ်ထူး အဖြစ်ကို သင်္ဘောဝန်ထမ်းများက မသိကြတော့ နေရာအထူး မပေးကြဘူး၊ သင်္ဘောအပေါ်ထပ် သာမန် အများသူငါစီးတဲ့ -ထောင့်တစ်နေရာ တန်းလျားခုံမှာ ထိုင်လျက် လိုက်လာတယ်၊ ဆရာတော်နှစ်ပါး သင်္ဘောပေါ်မှာ မတွေ့ကြပါဘူး။

သင်္ဘော ရန်ကုန်ဘက် သီတာဆိပ်ကမ်း ရောက်တော့မှ ဆိပ်ခံဗောတ်တား ပေါ်မှာ တည်တည်ငြိမ်ငြိမ် ကြွသွားတဲ့ သပြေကန်ဆရာတော်ကို တိပိဋကဆရာတော်နဲ့ အတူပါလာတဲ့ သပြေကန်ကိုလဲ ကြည်ညိုတဲ့ ဟိုတုန်းက ကျောက်တန်းအမတ်ဟောင်း ဦးတင်မောင်လေးက လှမ်းမြင် လိုက်တယ်၊ ဒီတော့ ဦးတင်မောင်လေးက တိပိဋကဆရာတော်ကို သပြေကန်ဆရာတော် သင်္ဘောပေါ်မှာပါလာကြောင်း၊ ယခု ဆိပ်ခံတဲ့တား ပေါ်မှာ ရောက်နေကြောင်း လျှောက်ထားတယ်၊ ဒီတော့မှ တိပိဋကဆရာတော်က "ဖြစ်မှဖြစ်ရလေ ဒကာကြီးရေ၊ ခပ်သွက်သွက် လူတစ်ယောက် လောက် သပြေကန်ဆရာတော်ကို ခဏလေး သည်းခံပါဦးလို့ သွားလျှောက်ထားပါ" ဟုဆိုကာ သူကိုယ်တိုင်လဲ ကဗျာ ကရာပင် ထတော့သည်၊ ဆရာတော်နှစ်ပါး ဗောတ်တားထိပ် ကမ်းပေါ်မှာ တွေ့ကြသည်၊ တစ်ပါးနှင့်တစ်ပါး လက်များကို ဆုတ်ကိုင်ထားကြ၊ လက်မောင်းကိုကိုင်ကြ ဝမ်းပမ်းတသာ အကျွမ်းတဝင် ပြောကြသည်၊ တိပိဋက ဆရာတော်က "တပည့်တော် အမှတ်တမဲ့ နေမိတာ စိတ်မကောင်းပါဘူး၊ ဆရာတော် ကားအဆင်ပြေလား"၊ "ကပွဲယ ကားခေါ်နေပါတယ်"၊ "မလုပ်ပါနဲ့ ဆရာတော် တပည့်တော်ကို ခြိုးမြောက်ပါဦး" ဟု ဆိုကာ သူ့ဒကာ တစ်ယောက်အား ဘုန်းကြီး လိုက်ပို့မယ့် ကားကို သပြေကန်ဆရာတော်ပင်ပြီး ရွှေကျင် ကျောင်းထိ လိုက်ပို့ပေးပါ၊ ပြီးမှ ပြန်လာခဲ့ပါ၊ ဘုန်းကြီး နားနေဆောင်က စောင့်နေပါ့မယ်ဟု မိန့်ကာ သပြေကန် ဆရာတော်အား ဒီ ရွှေကျင်ကျောင်းတိုက်သို့ ပို့စေကာ၊ ဆရာတော် ကားပေါ်တက်၍ ထွက်သွားမှ နားနေဆောင်သို့ ကြွသွားတော့၏ ။

ဦးတင်မောင်လေး.က တိပိဋက ဆရာတော်အား သပြေကန်ဆရာတော်နှင့် ရင်းနှီးကျွမ်းဝင်ဖူးသလားဟု

လျှောက်ထားရာ "အတူ မနေခဲ့ဖူးပါဘူး၊ ဟို ကိစ္စ ဒီကိစ္စ တွေမှာ တွေ့ဖူးရုံမျှပါ၊ စာပေနှင့် ပတ်သက်လို့ ရင်းနှီးနေတယ်လေ၊ သပြေကန်က သာသနာနဲ့စပ်လို့ သိပ်ပြီး အားကိုးရတာ" တဲ့ ဒီ အကြောင်းကို ဦးတင်မောင်လေး.က ဘုန်းကြီးကိုပြောတာ အကြိမ်ပေါင်း မနဲဘူး ။

ဒါကိုကြည့်လိုက်ရင် တကယ့်ထိပ်သီးပညာရှင်ကြီးတွေက သပြေကန်ဆရာတော်ကို ဘယ်လောက်အားကိုး ဘယ်လောက် အရေးထားတယ်ဆိုတာ ထင်ထင် ရှားရှားကြီး ပေါ်လွင်ပါတယ်နော်။

သီဟိုဠ်ကို အန်တုနိုင်တဲ့ ပါဠိအရေး

ဆက်ပြောဦးမယ်နော်။ အခုပြောမယ့် အကြောင်းအရာလေးကိုတော့ ပိုပြီးဂရုတစိုက် မှတ်သားစေချင်ပါတယ်။ မြန်မာလူမျိုး အနေနဲ့ရော မြန်မာ့သာသနာအနေနဲ့ပါ ဂုဏ်ယူဝင်ကြွားစရာကောင်းလို့ပါ။

ဟိုတုန်းက သီဟိုဠ်ကျွန်းသား ရဟန်းများဟာ မြန်မာရဲ့ ပါဠိအရေးအသားကို သိပ်ပြီး အထင်မကြီးလှဘူး၊ တိုတိုပဲ ပြောတော့မယ်နော်၊ ဒါပေမယ့် ခေတ်အဆက်ဆက်မှာ သီဟိုဠ်ဘုန်းကြီးတွေ အလေးထား အံ့သြရတဲ့ မြန်မာ့ပါဠိ အရေးအသားများ ပေါ်ပေါက်ခဲ့ဖူးပါတယ်၊ ပုဂံခေတ်မှာဆိုရင် အရှင်အဂ္ဂဝံသ က "သဒ္ဒနီတိ" ကျမ်းကြီးနဲ့ သီဟိုဠ်ပါဠိ အရေးအသားကို အန်တုနိုင်ခဲ့တယ်၊ ရတနာပုံခေတ် နောက်ပိုင်းလို့ ဆိုရမလားပဲ၊ လယ်တီဆရာတော်ကြီးဟာ "ပရမတ္ထဒီပနီကျမ်း" စာသင်သားများ အခေါ်ဆိုရင် "ဋီကာမော်ကျမ်းကြီး"နဲ့ သီဟိုဠ်ပါဠိကို အန်တုနိုင်ခဲ့တယ်၊ ယနေ့ မျက်မှောက်ခေတ်မှာတော့ ယခု ဘုန်းကြီးတို့ သပြေကန်ဆရာတော်ဟာ ဝိသုဒ္ဓိမဂ္ဂမြန်မာပြန် ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ "ဂိတိဂါထာကြီးများ"နဲ့ သီဟိုဠ်ကိုအန်တုနိုင်ခဲ့တယ်၊ သပြေကန်ရဲ့ ဂီတိဂါထာကြီးများကိုတော့ သီဟိုဠ်လွန် အရေးလို့ပင် ပညာရှင်ကြီးများ လက်ခံကြပါတယ်။

ဒီအကြောင်းကို အခြားခြား ဆရာတော်များလဲ ပြောဖူးပါတယ်၊ ဒါပေမယ့် ဘုန်းကြီးတို့ "တေရသမ ရွှေကျင်သာသနာပိုင် ညောင်ရွှေကံကြီး" ဆရာတော်က ဘုန်းကြီးနှင့်တကွ သံဃာ့ပရိသတ် စကားဝိုင်းမှာ သုံးလေးခါလောက် ပြောဖူးနေလို့ ဘုန်းကြီး ပိုပြီး အမှတ်ရနေပါတယ်။

တေရသမ ရွှေကျင်သာသနာပိုင် ဖြစ်တဲ့ ညောင်ရွှေကံကြီး ဆရာတော်ဟာ "သပြေကန် ပျံတော်မူတာ စောလို့နမြော်တယ်၊ သာသနာအတွက်ရော ဂိုဏ်းအတွက်ရော ဆုံးရှုံးတယ်၊ သူ့ကို ဆရာတော်အားလုံးက အားကိုးကြရတာ သာသနာပိုင်ဟာ သူနဲ့ ပိုပြီး ထိုက်တန်တယ်" ဘုန်းကြီးတို့နဲ့ပဲ ဖြစ်ဖြစ်၊ သပြေကန်ဆရာတော်ရဲ့ တပည့်ဒကာဒကာမများနဲ့ပဲ ဖြစ်ဖြစ်၊ စကားပြောခွင့် ကြုံရင် အမြဲတမ်း မိန့်တော်မူလေ့ရှိတယ်။

ကဲ ဒီတော့ အခု ဘုန်းကြီးတို့ ပူဇော်ဂုဏ်ပြုနေတဲ့ ဆရာတော်ဟာ တကယ့် ဂုဏ်ပြုထိုက် ပူဇော်ထိုက်လို့ ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲ လုပ်နေရတာ မဟုတ်လား။

သီလဝန္တများက ကြည်ညို

ဘုန်းကြီး စောစောက စကားခင်းခဲ့တယ်နော်...၊ "ဆရာတော်ကို ထိပ်တန်းပညာရှင်တွေက ပညာလေးစားတယ်၊ သီလဝန္တပုဂ္ဂိုလ်များက သီလကြောင့် ကြည်ညိုတယ်၊ လေးနက်သူများက သမာဓိကြောင့် လေးစားတယ်" စကားခင်းခဲ့တယ်နော် ...။

ဆရာတော်ကို ထိပ်တန်းပညာရှင်တွေက ပညာကြောင့် အားထားတဲ့အကြောင်း တစေ့တစောင်းတော့ ပြောပြီလို့ ဆိုကြပါစို့ ၊ အခု သီလဝန္တပုဂ္ဂိုလ် သီလရှိ သီလမြတ်နိုးတဲ့ ပုဂ္ဂိုလ်များက ကြည်ညိုကြတဲ့အကြောင်း အနည်းငယ် ပြောကြဦးစို့။

သီလရှိတဲ့ သီလမြတ်နိုးတဲ့ ပုဂ္ဂိုလ်ဆိုတာ သာမန် မြတ်နိုးတဲ့သူကို ပြောတာ မဟုတ်ဘူးနော်၊ ပိဋကစာပေနည်းနဲ့ဆိုရင် အတိသယနည်း အလွန်အလွန်ကို မြတ်နိုးတဲ့သူ၊ ဗဟုတ္တ-များစွာဖြစ်တယ် ၊ ပသံသ- ချီးမွမ်းလောက်တယ်၊ နိန္ဒာယ-ကဲ့ရဲ့လောက်တယ်ဆိုတဲ့ အဖြစ်မျိုးနဲ့ အလွန်အလွန်ကို သီလလိုလားတဲ့သူ၊ ဘုန်းကြီးကလဲ အချိန်နည်းနေတဲ့ကြားက အာ,က လာတွေ့နေသေးတယ်၊ တကယ်သီလမြတ်နိုး ထိပ်တန်းသီလစောင့်ရှောက်တဲ့ အရှင်မြတ်တွေကကို သပြေကန်ကို ကြည်ညိုကြတာ။

ကဲ စ,ကြရအောင် ၊ စောစောက ဘုန်းကြီးပြောသ

လို ဆရာတော်မှာ အာဝါသသပ္ပါယမဖြစ်လို့ ကျောင်းတစ်ဆောင် လိုအပ်လို့ ဂေါပကအဖွဲ့နဲ့. ဒကာများက သာဓုခေါ်နှုန်ကျောင်းတစ်ဆောင် ဆောက်ကြတယ်ပေါ့၊ ဒကာတွေ အမြင်နဲ့ ဘုန်းကြီးတို့ အမြင်က ဆရာတော်အတွက် ကျောင်းတစ်ဆောင် လိုလားတယ်၊ ဆရာတော်ကတော့ ကျောင်းမလိုလားဘူး၊ သူလိုလားတာက စင်ကြယ်မှု သီလပဲ၊ ဒါကြောင့် ဘုန်းကြီးကို သတိပေးထားတယ်၊ "ဦးခေမာ အခု ကျောင်းဆောက်တဲ့ အထဲမှာ ဦးခေမာ ဆွေမျိုးတွေလဲ ဟုတ်မှာ မဟုတ်ဘူး၊ အကုန်လုံး ပစ္စည်းလေးပါး ဖိတ်ထားတဲ့ သူတွေလဲ မဟုတ်လောက်ဘူး၊ ဒီတော့ အချို့အချို့ကျောင်းတွေမှာ ဘုန်းကြီးပစ္စည်း မပါလို့ နိဿဂ္ဂိ မထိုက်ပေမယ့် ဘုန်းကြီးတွေက မကောင်းသဖြင့် စီစဉ်လို့ ဒုဗ္ဗိစာရဏာဒုက္ကဋ် ဆိုတာ သင့်တတ်တယ်၊ အဲဒီတော့ ဒါကို ဦးခေမာ သတိထားပါ" တဲ့၊ ဆရာတော်ဟာ ဘယ်လောက် အနေဆင်းရဲ ဆင်းရဲ ကျောင်းကို လိုလားတာမဟုတ်ဘူး၊ သီလကိုပဲ လိုလားတာ။

အဲဒီတော့ ဘုန်းကြီးတို့က ဆရာတော် စိတ်မချမ်း မြေမှာစိုးလို့ ကျောင်းဆောက်တဲ့နေရာမှာ ဘာမှ ဝင်မပြောရဲဘူး၊ ဘာမှ အကြံ မပေးရဲဘူး၊ ဆရာတော်ဆိုတာက ပြောဖို့ နေနေသာသာ လှည့်တောင် မကြည့်ဘူး၊ ဘယ်လို အခြေအနေ ရှိလဲလို့ မမေးဘူး။ ဒီ အကြောင်းကိုသိတဲ့ သပြေကန် ရွာသား ဆရာတော့်တပည့် ဦးအောင်သန်းဆိုတဲ့ ဒကာက စကားကလဲ ခပ်များများလူ၊ သူ ရန်ကုန်မြို့က နာမည်ကြီး ရိပ်သာကြီးတစ်ခုမှာ တရားဝင်တယ်၊ ဘုန်းကြီး ဒီရိပ်သာကို ပုတ်ခပ်ပြောတာ မဟုတ်ဘူးနော်၊ အဲ ဒီရိပ်သာဆရာတော်ကို ဘုန်းကြီးလဲ ကြည်ညိုပါတယ်၊ အဲဒီ ဆရာတော်ရဲ့ ရိုးသားဖြောင့်စင်းတဲ့ "ဥဇုက" ဂုဏ်ကိုပြောမှာ ၊ ဦးအောင်သန်းတရားဝင်တဲ့ အချိန်မှာရိပ်သာမှာ ကျောင်းတစ်ဆောင် ဆောက်နေတယ်၊ ဒကာများကလဲ ဆရာတော့်ကို အဆင်ပြေအောင်စီမံပါဘုရားလို့ လျှောက်ထားတာလဲ ဖြစ်ပါလိမ့်မယ်၊ ရိပ်သာဆရာတော်က ကျောင်းဆောက်တဲ့နားကို မကြာမကြာကြွ၊ဘယ်လိုလုပ်ရင် တော်မယ် စသည်အကြံပေး၊ ဒါကို မြင်တဲ့ ဦးအောင်သန်းဟာ အဲဒီ ဆရာတော်နား သွားပြီး ၊ "ဆရာတော်ဘုရား၊ ဆရာတော်ကျတော့်လဲ ကျောင်းဆောက်တဲ့နားမကြာမကြာသွား ဟိုခိုင်း ဒီခိုင်းနဲ့၊ တပည့်တော်တို့ သပြေကန်ဆရာတော်ကျတော့ ကျောင်းဆောက်နေတာလှည့်တောင်မကြည့်ဘူးဘုရား" တဲ့ ၊

ဒီတော့ အဲဒီ ရိပ်သာဆရာတော်က ပြုံးပြုံးနဲ့ ပြောတယ်တဲ့၊ စိတ်မဆိုးဘူး "ဒကာကြီးရယ် သပြေကန်က သီးခြားလက္ခဏာရှင်လေ၊ ဘုန်းကြီးတို့က သာမန်လက္ခဏာရှင်ပါ၊ သပြေကန်ကိုတော့ မမီသေးပါဘူး၊ အဲဒါကြောင့် ဘုန်းကြီးတို့က သပြေကန်ဆရာတော်ကို ကြည်ညိုသို့ သပြေကန်ဆရာတော်ကို အမြဲ ဦးခိုက်နေရတာပေါ့" တဲ့။ ဒီအကြောင်းကို ဦးအောင်သန်းက ဆရာတော်ကို ပြန်လျှောက်ပြတယ်၊ ဆရာတော်က "မောင်အောင်သန်း မင်း လိမ္မာသလား အောက်မေ့တာ မင်း လူမိုက်ကိုးကွ" တဲ့ ၊ သပြေကန် ဆရာတော်ကို သီလဝန္တ ပုဂ္ဂိုလ်တို့က ကြည်ညိုပုံနော် ။

ကဲ အချိန်ကလဲ ကုန်သွားပါပြီ။ ပြောလို့ကတော့ မဝသေးပါဘူး၊ သမာဓိကြောင့် လေးစားပုံအကြောင်းကို နောင် အလျဉ်းသင့်မှ ပူဇော်ကြပါစို့၊ အဆုံးသတ်ကြရအောင် နော်၊ အဆုံးသတ်တော့ ကထိက ရဟန်း ဆရာတော့်ကို ပူဇော်ဖူးတဲ့ ကဗျာလေးကို ပြင်ဆင်သုံးပြီးပူဇော် အဆုံးသတ်ကြရအောင်။

ခေတ်နှောင်း သာသနာ ခုအခါဝယ် ၊
ပညာကဲမြင့် အကျင့်ကဲလွန် ၊
သုတဝန်ဖြစ် ထေရ်စစ် ရှင်မွန် ၊
ပုဂ္ဂိုလ်ချွန်ကို
ဒို့မှာ ဂုဏ်ပြု ပူဇော်မှုသည် ၊
ဒို့တွက် ဂုဏ်ထည်....
မြင့်တော့ သတည်း ။

(သာဓု...သာဓု...သာဓု...)

အရှင်ခေမာစာရ(အဂ္ဂမဟာပဏ္ဍိတ)

ရှင်ဝါသေဋ္ဌ ဘဝစံသဟု

ဇမ္ဗုဇနုပဇီဋ္ဌ

ဆိုခဲ့ဆိုခဲ့ဝဲခဲ့ပျောက်ခဲ့

သပြေကန်ဆရာတော်ဘုရားကြီး၏ ၁၁ ကြိမ်မြောက် ပူဇော်ပွဲ အခမ်းအနားတွင်

အမျိုးသားစာပေဆုရ စာရေးဆရာ၊ သတင်းစာဆရာ၊ ချစ်စံဝင်း

ပူဇော်သော စာတမ်း

ကြွရောက်လာကြသော ဆရာတော် ကြီးများ၊ သံဃာတော်များ၊ ပညာရှိ သူတော်ကောင်း ဧည့်ပရိသတ်၊ မင်းပရိသတ် အပေါင်းတို့ ခင်ဗျာ...

ကျွန်တော်ကတော့ အမျိုးသား စာပေဆုရ စာရေး ဆရာ၊ သတင်းစာဆရာ ချစ်စံဝင်း ဖြစ်ပါသည်။

ကျွန်တော်သည် စာရေးဆရာ၊ သတင်းစာဆရာ ဖြစ်သည့် အလျောက် စာရေးခြင်းအလုပ်၌ မွေ့လျော်ပျော်ပိုက်မှုရှိသူတစ်ဦး ဖြစ်သော်လည်း ယခုနှစ်ဦး ကာလက ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် လက်ရှိပမာန ဆရာတော် အရှင်ခေမာစာရက "ဒကာကြီး... ၁၃၆၇ခုနှစ် တပို့တွဲ လပြည့်နေ့တွင် ကျေးဇူးရှင် ပထမသပြေကန် ဆရာတော်ကြီး ရဲ့ (၁၁)ကြိမ်မြောက် ပူဇော်ပွဲအခမ်းအနားကို ကျင်းပမည်၊ အဲဒီ အခမ်းအနားမှာ ဆရာတော်ကြီးအား ဒကာကြီး ရေးသား၍ဖြစ်စေ၊ ပြောကြား၍ဖြစ်စေ ပူဇော်စေလိုသည်" ဟု မိန့်မှာမြွက်ကြားသောအခါ ကျွန်တော်သည် အတော်အတန် တုန်လှုပ်ခဲ့ရပါ၏။ ကျွန်တော်သည် စာပေရေးသားမှု၌ မွေ့လျော်မှု ရှိသော်လည်း သပြေကန်ဆရာတော်ကြီးနှင့် ပက်သက်၍ ရေးသားပူဇော်မှု အလုပ်ကို

ကျွန်တော်၏ဘဏ်၊ ကျွန်တော်၏အတွေးမျှဖြင့် ပူဇော်မှုပြုရန် အမှန်ပင် အခက်အခဲ ရှိခဲ့ပါသည်။ဤအလုပ်ကို လုပ်နိုင်ပါ့မလား၊ ဆောင်ရွက်နိုင်ပါ့ မလား?ဟု တွေးတောကာ ချောက်ခြားမှုလည်း ဖြစ်ရပါ၏။ ကြီးကျယ်မြင့်မြတ်လှသော သပြေကန်ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာအကြောင်းတို့သည်ကား ဖွင့်ဟပူဇော်ပါလျှင် အစရှိမည် ဖြစ်သော်လည်း အဆုံးကား ရှိမည် မထင်ပါ။

ထို့ကြောင့် ယင်းကိစ္စရပ်အား တပည့်တော် ထမ်းဆောင်ရန် ပညာဉာဏ်မရှိ၊ လက်လှမ်း၊ ဉာဏ်လှမ်း စိတ်မှန်းမမီ ရှိလှပါ၍ အခြားသင့်တော်သူ တစ်ဦးကိုသာ ရွေးချယ်ပါရန် ဆရာတော်ကြီး အရှင်ခေမာစာရထံ လျှောက်ထားရန် ကျွန်တော်သည် တရပ်တည်းနေ ပုဒ္ဓန်တောင် ရွှေကျင်ကျောင်းတိုက် ဘဏ္ဍာရေးမှူးလည်းဖြစ်၊ ဥပါသကာလူကြီးလည်းဖြစ်သော ဦးလှသိန်းနှင့်အတူ သွားရောက်သောအခါ၊ ဆရာတော်ကြီး အရှင်ခေမာစာရက (၁၁)ကြိမ်မြောက် ပူဇော်ပွဲမှာ သပြေကန်ဆရာတော်ကြီးအကြောင်း ပြောကြားပူဇော်ရန် ဒကာချစ်စံဝင်းကို ရွေးထားပြီးဖြစ်သည်။ ယခင် ယခင်ကလည်း စာရေးဆရာကြီးများဖြစ်ကြသော ဆရာကြီးဦးသုခနှင့် အဆိုတော် ဒေါ်သင်းသင်းမြတ်၊ ဒေါက်တာ မင်းတင်မွန်၊ ဆရာမောင်ရင့်ကျူး (မြောင်းမြ)၊ ဆရာမြဝင်း (ဒဿန)၊ ဆရာဦးကျော်လွိုင် (မဟာဝိဇ္ဇာ ဂုဏ်ထူး၊ သက္ကတ)၊ ဆရာဦးအောင်မွန်၊ ဆရာ ပါရဂူ အစရှိသောသူတို့သည်လည်း သပြေကန်ဆရာတော်ကြီးအား ဖတ်ကြား၍လည်းကောင်း၊ ရေးသား၍လည်းကောင်း ပူဇော်ခဲ့ကြဖူးပြီ၊ ဒကာ မငြင်းလေနှင့်ဟုဆိုသောအခါ ကျွန်တော်သည် ပြန်လည်လျှောက်တင်ရန် မဆိုဝံ့၊ မပြောဝံ့ရှိသောကြောင့် ကြီးလေးသောဝန်ကို လက်ခံ၍ ဦးလှသိန်းနှင့်အတူ နှုတ်ဆိတ်၍ ပုဒ္ဓန်တောင် ရွှေကျင်ကျောင်းတိုက်မှ ပြန်လာခဲ့ပါ၏။

ရောင်လွှဲ၍မရသော ဤတာဝန်ကို ထမ်းဆောင်ဖို့ ကျွန်တော်သည် မိမိကိုယ်မိမိ ကြိုးစားတည်ဆောက်ရပါသည်။လွန်ခဲ့သော (၁၁)နှစ်ကာလ၊ နတ်ပြည်နတ်ရွာ၊ ဗြဟ္မာပြည်၊ ဗြဟ္မာရွာကို ကျော်လွန်၍ နိဗ္ဗာန်တွင်သာ စံနေတော်မူမည်ဖြစ်သော သပြေကန် ဆရာတော်ကြီးအား အာရုံပြု၍ ရည်မှန်းပူဇော်ရပါသည်။ ထို့နောက် ဤစာတမ်းကို ကြိုးစား၍ ရေးသားခဲ့မိပါသည်။ ထို့ကြောင့် ကျွန်တော်ရေးသား ပူဇော်မှုပြုသော စာတမ်းတွင် မှားယွင်းချွတ်ချော်မှု၊ အကဲဝရဖြစ်မှု၊ အချွတ်အချော် တိမ်းပါးမှုတို့ရှိပါက ခွင့်လွှတ်၍ အမှန်ကို တည့်မတ်ပေးကြပါရန် မေတ္တာရပ်ခံလျက် စာတမ်းကို ဖတ်ကြားအပ်ပါသည်။

ကျွန်တော်သည် မူလသပြေကန်ဆရာတော်ကြီးနှင့် အနေမနီးခဲ့သော်လည်း ရွှေကျင်သာသနာနှင့်သော်လည်းကောင်း၊ အဘိဓမ္မာဂရုဂုရု တွဲဖက်ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး၏ စာပေနှင့်သော်လည်းကောင်း မစိမ်းလှပါ။ ရင်းနှီးမှု၊ လေ့လာမှုရှိပါသည်။ သို့ပါ၍ ပထမဦးစွာ ကျွန်တော့်အား ရွှေကျင်သာသနာတော်နှင့် ပက်သက်၍ အနည်းငယ် ပြောကြားခွင့် ပြုပါရန် ပန်ကြားအပ်ပါသည်။

ရွှေကျင်သာသနာ

ရွှေကျင်သာသနာသည် ဗုဒ္ဓသာသနာတွင် အကျိုးကျေးဇူးကြီးမားများပြားသော သာသနာ့ဂိုဏ်းကြီး တစ်ဂိုဏ်းဖြစ်ပါသည်။ ရွှေကျင်နိကာယသည် ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းစင်ကြယ်စွာ တောက်ပစေရေးအတွက် မန္တလေးမြို့တည်၊ နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး၏ အထူးတလည်အားပေးမှုဖြင့် မန္တလေးမြို့တော်ကို တည်ထောင်ပြီး တစ်နှစ်အကြာ ၁၂၂၂ခုတွင် မန္တလေးမြို့၌ စတင်ပေါ်ပေါက်လာသော သာသနာဆိုင်ရာဂိုဏ်းကြီး တစ်ဂိုဏ်း ဖြစ်ပါသည်။

ရွှေကျင်နိကာယဟူသော သန့်စင်သော သံဃာ့အဖွဲ့အစည်းကြီးကို စတင်တည်ထောင်ခဲ့သူမှာ ပထမရွှေကျင်ဆရာတော်ကြီး ဖြစ်သည်။ ပထမရွှေကျင်ဆရာတော်ကြီးကို သက္ကရာဇ် ၁၁၈၄ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ရက် အင်္ဂါနေ့တွင် ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ရွှေကျင်ရွာ၌ ခမည်းတော်နှင့် မယ်တော်တို့ဖြစ်ကြသော ဦးမောင်၊ ဒေါ်မိတို့မှ ဖွားသန့်စင်၍ ငယ်မည်မှာ မောင်သန့်ဖြစ်သည်။ ပထမရွှေကျင်ဆရာတော်လျှောင်းလျာသည် ငယ်စဉ်က ရွှေကျင်ရွာ မဟာဗောဓိကျောင်း ဆရာတော်ထံတွင် ဥပဇ္ဈာယ်ပြု၍ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး ဘွဲ့အမည်မှာ အရှင်ဇာဂရ ဖြစ်သည်။ အသက် ၂၀-ပြည့်သောအခါ မဟာဗောဓိ

ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်ကြီး

မြန်မာနိုင်ငံတွင် ရွှေကျင်ကျောင်းတိုက်ပေါင်း ၂၇၅၁-ကျော် ရှိသည့်အနက် ပုဇွန်တောင်မြို့နယ်ရှိ ရွှေကျင်ကျောင်းတိုက်သည် တစ်ကျောင်းအပါအဝင် ဖြစ်သည်။ သပြေကန်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝါသေဋ္ဌဘိဝံသသည် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော်ကြီး ဖြစ်သည်။ နှစ်ပေါင်း ၁၄၅နှစ်တိုင် ရှည်ကြာခဲ့ပြီဖြစ်သော ရွှေကျင်သာသနာ့ခရီးတွင် ထူးခြားထင်ရှားသော အဆူဆူသော သာသနာ့အာဇာနည် ဆရာတော်ကြီးများအနက် သပြေကန်ဆရာတော်ကြီးသည် ထင်ရှားသော ရွှေကျင်ဆရာတော်ကြီးတစ်ပါး ဖြစ်ပါသည်။

သပြေကန်ဆရာတော်ကြီး

ရွှေကျင်တွဲဖက် သာသနာပိုင် ကျမ်းပြု ကျမ်းတတ် အကျော် အဘိဓဇမဟာရဋ္ဌဂုရု သပြေကန်ဆရာတော်ကြီး အလောင်းလျာကို ၁၂၇၂ခု နတ်တော်လဆန်း ၁၃ရက် ဗုဒ္ဓဟူးနေ့ ညဉ့် သန်းခေါင်ယံအချိန်တွင် သံလျင်မြို့နယ် ချောင်းဝရွာတွင် ဖခမည်းတော် ဦးဘိုစိန်၊ မယ်တော် ဒေါ်အိမ်တို့မှ မီးရှူးသန့်စင်ဖွားမြင်သည်။ ငယ်မည်မှာ မောင်လှိုင် ဖြစ်သည်။ ဖခမည်းတော်ကြီး ဦးဘိုစိန်သည် တမီလ်အမျိုးသားတစ်ဦးဖြစ်၍ မိခင်ကြီးမှာ ကရင်သွေးမကင်းသူ ဖြစ်သည်။ ခမည်းတော်နှင့် မယ်တော်တို့မှာ ကုန်ရောင်း ကုန်ဝယ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းကြသူများ ဖြစ်၍ မိဘနှစ်ပါးက သားသုံးယောက် ထွန်းကားရာတွင် သပြေကန်ဆရာတော်ကြီးအလောင်းလျာ မောင်လှိုင်သည် သားကြီးဩရသဖြစ်သည်။ ခမည်းတော်နှင့် မယ်တော်တို့သည် ဗုဒ္ဓဘာသာကို ယုံကြည်နှစ်သက်စွာ ကိုးကွယ်ဆည်းကပ် သူများဖြစ်၍ ခမည်းတော်ကြီးသည် အသက်အရွယ်ကြီးရင့်လာသောအခါ ရသေ့ဘဝသို့ ကူးပြောင်း နေထိုင်ခဲ့၏။ ခမည်းတော်ကြီးသည် အိန္ဒိယနိုင်ငံ မြတ်စွာဘုရား တရားထူးရရာဒေသ ဗုဒ္ဓဂါယာသို့ ခြေလျင် အသွားအပြန် သွားရောက်ခဲ့ပြီး ဘုရားပွင့်ရာ သာသနာ့အောင်မြေမှ ဗောဓိညောင်ရွက်နှင့် အောင်မြေတို့ကို ယူဆောင်လာကာ သံလျင်ကျောင်း ဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိ၏။ ရဟန်းဘဝတွင် အမရပူရတွင် ရှစ်နှစ်တိုင်ပညာဆည်းပူးခဲ့ပြီး မင်းတုန်းမင်းတရားကြီး လက်ထက်တွင် မင်းတုန်းမင်း၏ အထူးလွှဲအပ်ချက်အရ ရွှေဘိုနယ်တွင် သာသနာပြုလုပ်ငန်းကို လုပ်ဆောင်သည်။ ၁၂၂၂-ခုနှစ် သက်တော် ၃၉-နှစ်တွင် မင်းတုန်းမင်းကြီးသည် မဟာမဓိကာရာမ ရွှေကျင်ကျောင်တိုက်ကြီးကို တည်ထောင်၍ ရွှေကျင်ဆရာတော် အရှင်ဓာဂရအား ဆက်ကပ်လှူဒါန်း သီတင်းသုံးစေ၏။ ပထမရွှေကျင်ဆရာတော်ကြီးသည် ၁၂၃၉-ခုနှစ်တွင် သီဟိုဠ်နိုင်ငံသို့ ကြွရောက်၍ ပြည်ပ သာသနာပြုလုပ်ငန်းနှင့် သီရိလင်္ကာ သံဃာညီညွတ်ရေးကိစ္စတို့ကို အောင်မြင်စွာ ဆောင်ရွက်သည်။ ရွှေကျင်ဆရာတော်ကြီးသည် ရွှေကျင်ဂိုဏ်း ကျင့်ထုံးကြီးနှင့် အခြားကျမ်းပေါင်း ၁၀၀ကျော် ပြုစုခဲ့သည်။ ပထမ ရွှေကျင်ဆရာတော်ကြီး၏ အဆုံးအမကို ခံယူကျင့်သုံးကြသော သံဃာတော်များကို ရွှေကျင်ဂိုဏ်းဟု ခေါ်ကြသည်။ရွှေကျင်သာသနာတော်သည် ယခုအခါ မြန်မာနိုင်ငံ တစ်ဝှန်းတွင်သာမက ကမ္ဘာအရပ်ရပ်တွင်ပါ နေရောင်လရောင်ပမာ ထွန်းပလျက်ရှိ၏။ ယခုအခါ မြန်မာတစ်နိုင်ငံလုံးတွင် ရွှေကျင်ကျောင်းတိုက်ကြီးပေါင်း ၂၇၅၁ ကျော်ရှိ၍ ရဟန်းသံဃာတော် ၁၆၃၀၀ ကျော်၊ ရှင်သာမဏေပေါင်း ၂၂၃၉၃ ကျော်တို့သည် ယင်းရွှေကျင်ကျောင်းတိုက် အသီးသီးတွင် သီတင်းသုံးကာ မြတ်စွာဘုရား၏ သာသနာတော်ကြီးထွန်းကားပြန့်ပွား အရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်း အရပ်ရပ်ကို လုပ်ဆောင်လျက် ရှိကြသည်။

ရွှေကျင်ဂိုဏ်းကြီး၏ ဒုတိယမြောက် သာသနာပိုင် ဆရာတော်မှာ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး ဖြစ်သည်။ တတိယမြောက် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးသည် ဒီပဲယင်း ဆရာတော်ကြီး ဖြစ်ပါသည်။ ၁၂၂၂-ခုနှစ်မှ ယခု ၁၃၆၇-ခုနှစ်အထိ နှစ်ပေါင်း ၁၄၅-နှစ်တိုင် ရွှေကျင်သာသနာ ပိုင်ဆရာတော်ကြီးများ အဆက်ဆက်ရှိခဲ့ရာတွင် သပြေကန် ဆရာတော်ကြီးသည် တေရသမ(၁၃)ဆက်မြောက် တွဲဖက် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး ဖြစ်သည်။

မြို့နယ် မင်္ဂလွန်းကျေးရွာတွင် စေတီတည်ထား ကိုးကွယ်ခဲ့သည်။

သပြေကန်ဆရာတော်ကြီးလျော်းလှာ မောင်လှိုင်သည် ယေစဉ်ကပင် မှတ်ဉာဏ်ကောင်း၍ အသက်ငါးနှစ်အရွယ်တွင် သာမဏေဘောင်သို့ ဝင်ခဲ့၏။ ပြီးမှ အသက်အရွယ်ငယ်လွန်းခြင်း၊ အတန်းပညာသင်စေလိုခြင်းတို့ကြောင့် မိဘများက လူဝတ်လဲစေခဲ့ပြီး အသက် ခုနစ်နှစ်အရွယ်တွင် မြန်မာစာသင်ကျောင်း၌ နေ၍ စာပေများကို စတင်သင်ကြား ဆန်စပါးများ ကွင်းလုံးပြည့် စိုက်ထားမှုကြောင့် အစိမ်းရောင်လွင်ပြင်ကြီးအဖြစ် ပြောင်းလဲကာ စိမ်းတစ်ခါ ဝါတလှည့် ဖြင့် ရွှန်းပဝေလျှံ ကျွန်းမြသပြေကန်ဟု တင်စားရလောက်အောင် တင့်မောသာယာသော ရွာကြီးတစ်ရွာလည်း ဖြစ်ပါ၏။ သပြေကန်ဆရာတော်၏ ဘွဲ့အမည်မှာ ရှင်ဝိမလ ဖြစ်သော်လည်း မဟာဓမ္မိကာရာမ ဆရာတော်ကြီးက ရှင်ဝေါသေဋ္ဌဟု အမည်ပြောင်းပေးခဲ့၏။ သပြေကန်ဆရာတော်လောင်းလှာ အရှင်ဝါသေဋ္ဌသည် ငယ်စဉ်ကပင်

> ယခုအခါ မြန်မာတစ်နိုင်ငံလုံးတွင် ရွှေကျင်ကျောင်းတိုက်ကြီးပေါင်း ၂၇၅၁ ကျော်ရှိ၍ ရဟန်းသံဃာတော် ၁၆၃၀၀ ကျော်၊ ရှင်သာမဏေပေါင်း ၂၂၃၉၃ ကျော်တို့သည် ယင်းရွှေကျင်ကျောင်းတိုက် အသီးသီးတွင် သီတင်းသုံးကာ မြတ်စွာဘုရား၏ သာသနာတော်ကြီးထွန်းကားပြန့်ပွားအရှည်တည်တံ့ ခိုင်မြဲရေးလုပ်ငန်း အရပ်ရပ်ကို လုပ်ဆောင်လျက် ရှိကြသည်။

သည်။ ထို့နောက် မိဘများ မင်္ဂလွန်းရွာသို့ ပြောင်းရွှေ့နေထိုင်သောကြောင့် မင်္ဂလွန်းကျေးရွာသို့ ပြောင်းရွှေ့နေထိုင်၏။ မင်္ဂလွန်းဆရာတော် အရှင်ရေဝတကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘောင်သို့ ဝင်သည်။ ကိုရင်ဘဝ မိမိငယ်ဆရာဦးရေဝတထံတွင် ဗုဒ္ဓဘာသာ အခြေခံစာပေးများနှင့်တကွ သဒ္ဒါကျမ်း၊ ဗေဒင်ကျမ်းများကို သင်ယူပြီး သပြေကန်ရွာ မဟာဓမ္မိကာရာမ ဆရာတော်ထံတွင် ဆက်လက်ပညာသင်ကြား၏။ သို့သော် ဆရာတော် ဦးရေဝတသည် မင်္ဂလွန်းမှ ရန်ကုန်သို့ကြွသွားသည်မှာ ပြန်မလာတော့သဖြင့် သပြေကန်ဆရာတော်လောင်းလှာ သာမဏေငယ်သည် မင်္ဂလွန်းမှ အလှမ်းမဝေးသော သပြေကန်ရွာရှိ မဟာဓမ္မိကာရာမတိုက်သစ်သို့ ပြောင်းရွှေ့စာပေသင်ကြားသည်။ သပြေကန်ရွာမဓမ္မိကာရာမတိုက်သစ်ကြီးသည် စာသင်သားများနှင့် အလွန်စည်ကားသော စာသင်တိုက်ကြီးဖြစ်၏။

ဆရာတော်ကြီးသည် သပြေကန်ရွာကို အမှီပြု၍ပင် သပြေကန်ဆရာတော်ဟု ထင်ရှား၏။ သပြေကန်ရွာသည် ရာသီဥတုကောင်းမွန်၍ ဆန်ရေစပါး ပေါများသော ဟံသာဝတီလွင်ပြင်တွင်ရှိ၍ သာယာဝေစည်သော ရွာကြီးတစ်ရွာဖြစ်၏။ ဟံသာဝတီလွင်ပြင်သည် မိုးအခါတွင် မှတ်ဉာဏ်ကောင်း၍ ၁၃-နှစ်သားအရွယ်တွင် သဒ္ဒါ၊သင်္ကြံဟ်၊ ဋီကာကျော်၊ ဘေဒစိန္တာကျမ်းနှင့် ဓာတုကထာ စသော ကျမ်းများကို သင်အံပြီးစီးသည်။

ဆရာတော်လောင်းလှာ အရှင်ဝါသေဋ္ဌသည် ၁၅-နှစ် အရွယ်တွင် အစိုးရပထမငယ်စာမေးပွဲကို အောင်မြင်သည်။ ၁၂၈၈-ခုနှစ် အသက် ၁၆-နှစ်တွင် ပထမလတ်၊ ၁၂၈၉-ခုနှစ် အသက် ၁၇-နှစ်တွင် ပထမကြီးအတန်းများကို နှစ်ချင်းပေါက် အောင်မြင်သည်။ ဆရာတော်ကြီး ရှင်သာမဏေဘဝ၌ ဝင်ရောက်ဖြေဆိုခွင့်ရသော စာမေးပွဲအရပ်ရပ်တို့ကို ဝင်ရောက်ဖြေဆိုခဲ့ရာ ထိတ်တန်းမှ အောင်မြင်သည်ချည်းဖြစ်၏။

သပြေကန်ဆရာတော်လောင်းလှာ အရှင်ဝါသေဋ္ဌသည် အသက် ၂၀ ပြည့် ရောက်လာသောအခါ သပြေကန်မဟာဓမ္မိကာရာမတိုက်သစ် ဆရာတော်ဘုရားကိုပင် ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝသို့ တက်လှမ်းခဲ့သည်။ ဆရာတော်သည် ရဟန်းနှစ်ဝါတွင် ပိဋကတ်စာပေထွန်းကားကျော်ကြားသော ပခုက္ကူတွင် (၂)နှစ် သီတင်းသုံးပညာသင်ယူပြီး၊ မန္တလေးမြို့သို့ သွားရောက်ကာ အာဘာရာမ ရွှေဂူတိုက်သစ်ဆရာတော်ဘုရားထံတွင် ဆက်လက်

ဖြည့်ဆည်း ပညာသင်ယူသည်။ အဘယာရာမရွှေဂူတိုက် သစ်သည် ထင်ရှားသော အကျော်အမော် စာသင်သားများ ထွက်ရှိရာကျောင်းဖြစ်၍ အမရပူရ မဟာဂန္ဓာရုံဆရာတော် ကြီးသည်လည်း အဘယာရာမကျောင်းထွက်ပင် ဖြစ်၏။ အဘယာရာမဆရာတော်ကြီးသည် သက္ကတစာပေကို ကျွမ်းကျင်သော ဆရာတစ်ဆူဖြစ်၍ အဘယာရာမဆရာ တော်ကြီးထံတွင် သပြေကန်ဆရာတော်သည် သက္ကတကိုပါ လေ့လာသင်ယူ၏။ သပြေကန်ဆရာတော်သည် သက္ကတ ဘာသာ သင်ယူမှုတွင်လည်း ထူးခြားမှုရှိသောကြောင့် အဘယာရာမဆရာတော်ကြီးက သပြေကန်ဆရာတော်အား အိန္ဒိယနိုင်ငံသို့ စေလွှတ်၍ ဆက်လက်ပညာသင်ကြားရန် စီစဉ်တော်မူသော်လည်း အထမမြောက်ခဲ့ပါ။ ဆရာတော် သည် အဘယာရာမ ဆရာတော်ထံတွင် စာချဆရာတော် အဖြစ် တာဝန်ယူစဉ် မိမိ၏ ဆရာရင်းဖြစ်သော သပြေကန် မဟာဓမ္မိကာရာမ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသော ကြောင့် ဥပဇ္ဈာယ်ဆရာတော်၏ မှာကြားချက်နှင့်အညီ၊ မန္တလေး အဘယာရာမကျောင်းတိုက်မှ အောက်ပြည် အောက်ရွာ သပြေကန်သို့ ပြန်ကြွကာ အနုနာယက စာချ ဆရာတော်အဖြစ် သာသနာ့တာဝန်ကို ဆက်လက်ထမ်း ဆောင်၏။

ဆရာတော်သည် ၁၃၀၁ မှ ၁၃၄၀-ပြည့်နှစ်တိုင် ၃၉-နှစ်ကြာ သပြေကန် မဟာဓမ္မိကာရာမတိုက်တွင် စာချ ဆရာတော်အဖြစ် သီတင်းသုံးနေထိုင်သည်။ ၁၃၄၀ ပြည့်နှစ် (၁၉၇၈-ခုနှစ်) အသက် ၆၈-နှစ်တွင် ဆရာတော်သည် ရွှေကျင်ဂိုဏ်းဆရာတော်များ၏ ပင့်လျှောက်ချက်နှင့် ဒကာ များ၏ လျှောက်ထားချက်ကြောင့် ရန်ကုန် ပုဇွန်တောင် ရွှေကျင်တိုက်တွင် ပဓာနနာယက ဆရာတော်အဖြစ် ကြွ ရောက်သီတင်းသုံးတော်မူသည်။

ဆရာတော်အား ၁၃၄၆-ခုနှစ်(ခရစ်နှစ် ၁၉၈၄ ခုနှစ်)တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ဆက်ကပ်လှူဒါန်းခဲ့၍ ၁၃၅၃-ခုနှစ်(၁၉၉၁-ခုနှစ်)တပိုတွဲ လတွင် ရွှေကျင်ဂိုဏ်းကြီး၏ တေရသမအကြိမ် (၁၃)ကြိမ် အစည်းအဝေးကြီးက သပြေကန်ဆရာတော်ကြီးအား ရွှေကျင်တွဲဖက် သာသနာပိုင် ဆရာတော်ကြီးအဖြစ် တင် မြှောက်သည်။

၁၃၅၅-ခု(၁၉၉၃-ခုနှစ်)တွင် နိုင်ငံတော်အစိုးရက သပြေကန်ဆရာတော်ကြီးအား သာသနာတော်ဆိုင်ရာ အမြင့်ဆုံး ဘွဲ့တံဆိပ်ဖြစ်သော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ကို ဆက်ကပ်လှူဒါန်းသည်။

ဆရာတော်ကြီးသည်
အခြားသူများ
သေကောင်ပေါင်းလဲ
တက်ဟယ်၊ ကျက်ဟယ် ပြုလုပ်ရသော
ပါဠို၊ အဋ္ဌကထာ၊
ဋီကာကျမ်းကြီး
ကျမ်းငယ်များကို အပင်ပန်းခံပြီး
သင်ယူရသည်မရှိ၊
အသင့်အတင့်
အားထုတ်ရုံလောက်ဖြင့်
တတ်မြောက်ကြောင်း သိရသည်။

ဆရာတော်ကြီး၏
ဉာဏ်ရည်၊ ဉာဏ်သွေး၊ ဂုဏ်ရည် ဂုဏ်သွေးများ

ကြွရောက်လာကြသော ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သူတော်ကောင်း ဧည့်ပရိသတ်၊ မင်းပရိသတ်အပေါင်းတို့ခင်ဗျား၊

သပြေကန်ဆရာတော်ကြီး၏ ဂုဏ်ရည် ဂုဏ်သွေးတို့ကို ကျွန်တော် ဆက်လက်ကြိုးစားတင်ပြအပ်ပါ၏။ သပြေကန်ဆရာတော်ကြီး၏ ဂုဏ်ရည် ဂုဏ်သွေးများကို တင်ပြရန် ကြိုးစားခြင်းသည် သမုဒ္ဒရာနှင့် အပြောကျယ်သော ရေပင်လယ်ကို လက်ပစ်ကူးရန် ကြိုးစားသည်နှင့် တူကြောင်း ကျွန်တော်သိရှိပါသည်။ သမုဒ္ဒရာကို အကြင်ယောကျ်ားသည် လက်ပစ်ကူးရန် မဖြစ်နိုင်သကဲ့သို့ သပြေကန် ဆရာတော်ကြီး၏ ဉာဏ်ရည် ဉာဏ်သွေးအကြောင်း ဂုဏ်ရည် ဂုဏ်သွေးအကြောင်းကို ပြည့်စုံအောင် တင်ပြခြင်းငှာ စွမ်းဆောင်မှုရှိနိုင်မည် မဟုတ်ကြောင်းကို ကျွန်တော် ကောင်းစွာသိရှိပြီး ဖြစ်ပါ၏။ ကြားသိရသမျှ လေ့လာသိရှိသမျှများဖြင့် ကျွန်တော်သည် ကြွရောက်စုဝေးလျက်ရှိကုန်သော မင်းပရိသတ်ဧည့်သည်အပေါင်းကို ဆရာတော်ကြီးအား ရည်မှန်း၍ ကြည်ညိုသဒ္ဓါပွားများနိုင်ရန်၊ ကုသိုလ်တရား ပွားများစေရန်ကို ရည်စူးတင်ပြရခြင်းသာ ဖြစ်ပါ၏။ ဆရာတော်ကြီး၏ အံ့ချီးဖွယ်ရာဂုဏ်ရည်များ အနက်၊ အံ့သြဖွယ်ရာ ဂုဏ်ရည်တစ်ရပ်မှာ ဆရာတော်ကြီး၏ မှတ်ဉာဏ်ဖြစ်ပါ၏။ ဆရာတော်ကြီးသည် အလွန် မှတ်ဉာဏ်ကောင်းသည်ဟု သိရှိရပါသည်။ ဆရာတော်ကြီးသည် မှတ်ဉာဏ်အရာတွင် စံပြုရလောက်အောင် ကောင်းသည်။ ပါဠိဂါထာများကို ကျက်မှတ်ရာတွင် တစ်နာရီကို ဂါထာ ၃၀ မျှ အလွတ်ပြန်ဆိုနိုင်သည်။ ထိုမျှမက တစ်ကြိမ် ကျက်မှတ်ပြီးသော စာများကို ပြန်မဆို လေ့ကျင့်မှုမပြုဘဲ သုံးနှစ်အထိ မှတ်မိသည်ဟု ဆိုပါသည်။ မည်သည့် ခက်ခဲသည့် အကြောင်းအရာမဆို ဆရာတော်ကြီးသည် အနည်းငယ်မျှ အစမျှကို ထုတ်ဖော်ပြရုံဖြင့် အဆုံးတိုင် အလိုအလျောက် သိမြင်နိုင်တော်မူ၏။ သပြေကန်ဆရာတော်ကြီးသည် ဆင်ခြင်တွေးတောမှုတွင်လည်း ထက်မြက်မှုရှိ၏။ ခက်ခဲသော ပါဠို၊ အဋ္ဌကထာ စာတစ်မျက်နှာ အလွတ်ရ စေရန် နှစ်ခေါက်သုံးခေါက်ထက်ပို၍ မဖတ်ရ။ စာသင်သားဘဝ၌ အခြားသူများ စာအံနေလျှင်ပင် ထိုစာကို နားဖြင့် ကြားရရုံမျှဖြင့် အလိုလို အလွတ်ရသည်။ ဦးပဉ္ဇင်းဘဝ၌ စာသင်သားအချင်းချင်းက သပြေကန်ဆရာတော်ကြီး၏ မှတ်ဉာဏ်ကို စမ်းသပ်လိုသောကြောင့် ကုဋ္ဌိမ အဆင်းတွင် သတင်းစာတစ်စောင်ကို ထိုးပေး၍ ခေါင်းကြီးကို ဖတ်စေရာ တစ်ခေါက်ဖတ်ရုံမျှနှင့် သတင်းစာခေါင်းကြီးတစ်ပုဒ်လုံးကို အလွတ်ဆိုနိုင်သည်ဟု သိရ၏။ ဆရာတော်ကြီးသည် အခြားသူများ သေကောင်ပေါင်းလဲ တက်ဟယ်၊ ကျက်ဟယ် ပြုလုပ်ရသော ပါဠို၊ အဋ္ဌကထာ၊ ဋီကာကျမ်းကြီး ကျမ်းငယ်များကို အပင်ပန်းခံပြီး သင်ယူရသည်မရှိ၊ အသင့်အတင့် အားထုတ်ရုံလောက်ဖြင့် တတ်မြောက်ကြောင်း သိရသည်။ သပြေကန်ဆရာတော်ကြီး တတ်သည်၊ သိသည်ဟု ဆိုသည်မှာ အခြားသူများလို အပေါ်ယံသိသည်၊ တတ်သည်မဟုတ်၊ မည်မျှခက်ခဲသော ကိစ္စရပ်များကိုမဆို နှံ့နှံ့စပ်စပ်၊ ထဲထဲဝင်ဝင်၊ ကျွမ်းကျွမ်းကျင်ကျင်သိခြင်း၊ နားလည်သဘောပေါက်ခြင်း၊ တတ်မြောက်ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ခဲရာခဲဆစ် ပြဿနာများနှင့် ကြုံကြိုက်လာသောအခါ

သပြေကန်ဆရာတော်ကြီးအား မေးမြန်းလျှောက်ထားပါက ဆရာတော်ကြီးသည် ခဏခြင်းပင် ဘုရားဟော ဒေသနာကျမ်းဂန်များနှင့်အညီ မည်သည့် ခက်ခဲသော ခဲရာခဲဆစ်များကိုမဆို တစ်မှုဟုတ်ခြင်း တိုတောင်းသော အချိန်ကာလတွင် ဖြေနိုင်သည်။ ထို့ကြောင့်လည်း ပညာရှိပညာရှင်အများက ဆရာတော်ကြီးအား အထူးလေးစားကြကြောင်း သိရသည်။ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးက ခဲရာခဲဆစ် အမေးရှိတော်မူသော ပုစ္ဆာခုနစ်ရပ်ကို ဆရာတော်ကြီးက လေးလေးစားစား ဖြေကြားတော်မူခဲ့၏။ ထိုသို့ အသိဉာဏ်ပညာတွင် ထူးခြားသော ဆရာတော်ကြီးသည် သီလတည်းဟူသော ဂုဏ်ရည်နှင့် ပတ်သက်လာလျှင် စံပြုစရာ ဆရာတော်ကြီးတစ်ပါးလည်း ဖြစ်ပါ၏။

ဆရာတော်ကြီး၏ သီလဂုဏ်ရည်

ကြွရောက်လာကြသော ပရိသတ်သူတော်ကောင်းအပေါင်းတို့ခင်ဗျား-

ဆရာတော်ကြီးသည် ဝိနည်း၊ သီလနှင့် ပတ်သက်ပါက လိုက်နာလေးစားရုံမျှမက ဝိနည်းနှင့် ပတ်သက်သမျှကို ကျွမ်းကျင်လိမ္မာသူ၊ ကျွမ်းကျင်တတ်သိသူ၊ ဝိနည်းဆိုင်ရာ ပါရဂူဆရာတစ်ဆူဟု ခေါ်ဆိုထိုက်သော ပုဂ္ဂိုလ်မြတ်ဖြစ်ပါ၏။ သပြေကန်ဆရာတော်ကြီးသည် သူသိနားလည်သမျှသော အကျင့်သီလ ဝိနည်းသိက္ခာအားလုံးကို ကိုယ်တိုင်လိုက်နာကျင့်သုံးသူလည်း ဖြစ်သည်။ လိုက်နာကျင့်သုံးသူလည်း ဖြစ်သည်။ ဆရာတော်ကြီးသည် ငယ်ရွယ်စဉ် ရှင်သာမဏေဘဝကပင် ဝိနယဓရဘွဲ့ကို ရရှိသည်။ ဝိနည်းကို သိရှိနားလည်သည်နှင့်အညီ ဝိနည်း သိက္ခာပုဒ်များနှင့်အညီလည်း ကျင့်ကြံနေထိုင်၏။ ဝိနည်းနှင့်ပတ်သက်၍ အသေးစား အာပတ်များကိုပင် မကျူးလွန် မိအောင် ကိုယ်နှုတ်နှလုံး သုံးပါးကို စောင့်စည်း၏။ ဆရာတော်ကြီးသည် ကိုယ်ကျင့်သီလကို မြဲမြံစောင့်ထိန်း၏။ ဆရာတော်ကြီး၏ ဗီဇမှာ တစ်ဦးတည်း တစ်ယောက်တည်း အေးချမ်းစွာ နေထိုင်ရသည်ကို နှစ်သက်သော်လည်း တပည့်ဒကာများက အဝေးမှ လာရောက်ကြရတာပါဘုရား၊ ပူဇော် ခွင့်ပြုပါဘုရားဟု ဆိုပါက အယုတ်အလတ် အမြတ်မရွေး ပူဇော်ကန်တော့စေ၍ ပူဇော်ပြီးသည်နှင့် ပြန်စေပါ၏။ ဆရာတော်ကြီးသည် မည်သူ့ကိုမဆို အားလုံးကို လေးလေးစားစား ဂရုတစိုက်ရှိ၏။

ဆရာတော်ကြီးသည် သူတော်ကောင်းတရားနှင့် မစပ်ဟပ်သော ကိစ္စများကို မပြုလုပ်၊ ဆရာတော်ကြီးသည် စကား စောင့်စည်းသူအဖြစ်လည်း ထင်ရှားလှပါသည်။

ဆရာတော်ကြီး၏ သမာဓိဂုဏ်ရည်

ဆရာတော်ကြီးသည် သီလဂုဏ်ရည်နှင့်သာ ပြည့်စုံသည်မဟုတ်၊ သမာဓိဂုဏ်ရည်နှင့်လည်း ပြည့်စုံသူ ဖြစ်ပါ၏။ သပြေကန်ဆရာတော်ကြီး၏ မျက်နှာ၊ လူပ်ရှားမှုစသည်တို့သည် တည်ကြည်ရင့်ကျက်မှု အမြဲရှိ၍ သတိတရား အမြဲမကွာ စောင့်ထိန်းထားသော အသွင်ရှိ၏။ ကြီးကျယ်သော ဣန္ဒြေလည်းရှိသည်။ ထို့ကြောင့်လည်း ကြည်ညိုဖွယ်ရာအဆင်း အသွင်ရှိ၏။

အချို့သော သူတို့က သပြေကန်ဆရာတော်ကြီး၏ သူမတူသော ကျက်မှတ်သည့်ဉာဏ်၊ စဉ်းစားဝေဖန်ပိုင်းခြားတတ်သော သဘော သဘာဝဉာဏ်၊ စိစစ်ဝေဖန်ပိုင်းခြားနိုင်မှု၊ နှိုင်းချိန်စဉ်းစားနိုင်မှုတို့သည် ဆရာတော်ကြီး၏ သမာဓိစွမ်းအားကြီးမားမှုကြောင့် ယင်းသို့သော ဉာဏ်ရည်ဉာဏ်သွေးများဖြစ်သည်ဟု ဆိုကြ၏။

ဆရာတော်ကြီး၏ သမာဓိဂုဏ်ရည် ခိုင်မြဲလွန်းသောကြောင့် အစဉ်ထာဝရ ဖြူသော စိတ်ထားလည်းရှိ၏။

သပြေကန်
ဆရာတော်ကြီးသည်
သူသိနားလည်သမျှသော
အကျင့်သီလ
ဝိနည်းသိက္ခာအားလုံးကို
ကိုယ်တိုင်လိုက်နာကျင့်သုံးသူလည်း
ဖြစ်သည်။

သမာဓိအားကြောင့် နှုတ်ထွက်စကားများသည်လည်း အမှားမရှိ။ အမှန်စကားသာ ထွက်ရှိ၏။ ဆရာတော်ကြီးသည် ရောင့်ရဲတတ်သော သဘောလည်း ရှိ၏။ တစ်ခါတစ်ရံမျှ စိတ်ဆိုးသည်ကို မတွေ့ဖူး။ စိတ်ဆိုးစိတ်ညှိုးတတ်ခြင်း အကျင့်မရှိ။ တည်ကြည်အေးချမ်းသော မျက်နှာတော်ကိုသာ အစဉ်ဖူးတွေ့ရသည်။ ဆရာတော်ကြီးသည် လေးလံထိုင်းမှိုင်းခြင်း၊ ပျင်းရိငိုက်မြည်းခြင်းလည်း အလျဉ်းမရှိတတ်၊ စိတ်ပျံ့လွင့်တတ်မှုလည်း မရှိဘဲ သပြေကန် ဆရာတော်ကြီး အလွန်တရာမှ သမာဓိအားကောင်းသည်ဟု ဆိုကြပါ၏။

ဆရာတော်ကြီး၏ ပညာဂုဏ်ရည်

သပြေကန်ဆရာတော်ကြီးသည် မှတ်ဉာဏ် ဆင်ခြင်ဉာဏ်၊ သဘောဉာဏ်တို့မှာ သူမတူအောင် ကောင်းမွန်သောကြောင့် တွေ့သမျှ မြင်သမျှ အရာများ အားလုံးကို မှတ်မိသည်။ မှတ်မိသည်များကိုလည်း ဆင်ခြင်သုံးသပ်ပိုင်းဖြတ်ချင့်ချိန်နှိုင်းဆနိုင်သော ပညာဖြင့် ပြည့်စုံသူ ဆရာတော်ကြီး ဖြစ်ပါ၏။ သပြေကန်ဆရာတော်ကြီးသည် မိမိကိုယ်တိုင် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို အရှုပ်အထွေးမရှိ မှတ်မိတတ်သိသည်သာမက မိမိတတ်သိသမျှကို အခြားသူများ မိမိကဲ့သို့ သိရှိနားလည်သဘောပေါက်အောင် ပြောကြားသင်ကြားပေးနိုင်သည်။ ထို့ကြောင့်လည်း ပညာနှင့်ပတ်သက်၍ သိရှိလိုသည်များရှိပါက ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့သည် ဆရာတော်ကြီးထံ ကိုယ်တိုင်လာရောက်၍လည်းကောင်း၊ စာတစ်တန် ပေတစ်တန်ဖြင့် ရေးသားလျှောက်ထား၍သော်လည်းကောင်း မေးမြန်းကြသည်။ မေးမြန်းသမျှကိုလည်း ရှင်းလင်းနားလည်၍ သံသယကွယ်ပျောက် အမှန်ရောက်အောင် ဖြေကြားသည်။ ပညာရှိသူတို့သည် မိမိ၏ ပညာဉာဏ်ရည်ကြောင့် ပညာဂုဏ်၊ ပညာမာန်တက်တတ်၊ မောက်တတ်သော်လည်း သပြေကန်ဆရာတော်ကြီးမူကား ဆရာတော်သည် ပညာအရာနှင့် ပတ်သက်၍ ပြည့်စုံကုံလုံကြွယ်ဝသော်လည်း မာန်မာန အလျဉ်းမရှိသည်မှာ အံ့သြဖွယ်ရာဖြစ်သည်။ ဆရာတော်ကြီးသည် ပိဋကတ်ကျမ်းဂန်များကိုသာမက ဘာသန္တရစာပေများကိုလည်း တတ်သိကျွမ်းကျင်၍ သက္ကဋဘာသာကို တတ်ကျွမ်းသူဖြစ်၏။ သပြေကန်ဆရာတော်ကြီးသည် သက္ကဋ သာမက မာဂဓကိုပါ နှစ်ဘက်နှစ်လမ်း တတ်ကျွမ်းသူဖြစ်၏။ ဆရာတော်က စိတ်ကို စာပေနှင့်မွေ့လျော်စွာ နေတတ်သူဖြစ်၏။ သပြေကန်ဆရာတော်ကြီးသည် ပညာကြီးမားသူဖြစ်ကြောင်းနှင့် ပတ်သက်၍ ဆရာတော်ကြီးထံ ရပ်နီးရပ်ဝေးမှ မေးမြန်းကြသော မေးခွန်းများနှင့် အဖြေများကို ဖတ်ကြားလေ့လာရုံနှင့် သိသာလှပါ၏။

သပြေကန်ဆရာတော်ကြီးအား ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က မေးခွန်း(၇)ရပ် မေးရာတွင်-

(က) သက်သတ်လွတ်စားခြင်းသည် မြတ်သလော၊

(ခ) မာဂဏ္ဍီ၏ မိဘ(၂)ပါးကို တရားထူးရစေသော တရားသည် သမီးမာဂဏ္ဍီကိုမူ အဘယ်ကြောင့် ဒေါသပွားစရာ ဖြစ်စေသနည်း၊

(ဂ) အရှင်မောဂ္ဂလာန်က နန္ဒောပနန္ဒ နဂါးမင်းကို နှိမ်နင်းဆုံးမရာတွင် အရှင်မောဂ္ဂလာန်မှာ အပြစ်ဖြစ်/မဖြစ်၊

(ဃ) သီဟသေနာပတိသည် သောတာပန် ဖြစ်ပါလျက် ဗိုလ်ချုပ်ကြီးတာဝန် ထမ်းဆောင်ခြင်းသည် ပါဏာတိပါတကံ ထိုက်/မထိုက်၊

(င) မိဂါရသူဌေးက ဝိသာခါနှိ့ကို စို့/မစို့၊

(စ) ဝိသာခါကို ဘုရားရှင် မိန့်တော်မူသော စကားတစ်ရပ်သည် မှန်/မှန်၊

(ဆ) နိုင်ငံခြားရဟန်းတော်များ နှင့် ဒေါ်လာကိစ္စ၊

စသည်တို့ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ပညာအရာ ကြီးမားမှုနှင့် ပတ်သက်၍ တင်ပြရပါက ဆရာတော်ကြီးကိုယ်တိုင်ရေးသားတော်မူသော ပရိတ်ကြီး နိသယသစ်ကို ထုတ်ဖော်လှစ်ဟပြောဆိုမှုမပြုပါက ပြည့်စုံစရာအကြောင်းမရှိ။ ဆရာတော်ကြီးသည် ပရိတ်ကြီး နိသယသစ်ကို ၁၃၂၄-ခုနှစ်တွင် ရေးသားပြုစုခဲ့သည်။ ဆရာတော်၏ ပရိတ်ကြီး နိသယသည် မြန်မာစာပေတွင်ပါ အစဉ်ဝင့်ကြွား ထင်ရှားလှသည့် ကျမ်းမြတ်တစ်ဆူ ဖြစ်၏။

ဆရာတော်ကြီးသည် ပရိတ်ကြီး နိသယသစ်ကို ရေးသားရာတွင် ပရိတ်ကြီးနှင့်ပတ်သက်၍ မှတ်သားဖွယ် အဓိပ္ပါယ် အချက်အလက်၊ ဝတ္ထုပုံသက်သေတို့ကို ပါဠိ အဋ္ဌကထာ ကျမ်းများထဲမှ ထုတ်နုတ်ရေးသား၏။ ပရိတ်ကြီး နိသယပါ ဆရာတော်ကြီး၏ သဒ္ဒါအနက် နှစ်ဖက်သော အဆုံးအဖြတ်တို့မှာ ထူးခြား၏။ သပြေကန်ဆရာတော်ကြီး၏ ပရိတ်ကြီး နိသယနှင့်ပတ်သက်၍ ပညာရှင်တို့က သပြေကန်ဆရာတော်ဘုရားကြီး၏ နိသယသစ်သည်-

(က) ပရိတ်ကြီးပါဠိတော်၏ အနက်များကို ရေးသားထားသဖြင့် ပရိတ်ကြီး နိသယလည်း မည်၏။

(ခ) ပရိတ်ကြီးကို မြန်မာဘာသာဖြင့် အကျယ်ပြအပ်သော ကျမ်းဖြစ်၍ ပရိတ်ကြီးမြန်မာဋ္ဌကာဟုလည်း ဆိုထိုက်သည်။

(ဂ) ထိုမျှမက အချုပ်အားဖြင့် ပရိတ်ကြီးနှင့် စပ်လျဉ်း၍ သိဖွယ်မှတ်ဖွယ်ကုန်သောကြောင့်၊ ပရိတ်ကြီး စွယ်စုံကျမ်းဟုလည်း ဆိုထိုက် သည်။

(ဃ) ခေတ်အဆက်ဆက်က ရေးသား ဖွင့်ဆိုခဲ့ကြသည့် ပရိတ်ကြီးစာအုပ်များထက် ပို၍အကြောင်းခြင်းရာ အဓိပ္ပာယ်ပြည့်စုံ၍ အပြည့်စုံဆုံး ပရိတ်ကြီးစာအုပ်ဟု လည်းဆိုကြ၏။

(င)မြန်မာပြည်တွင် သပြေကန်ဆရာတော်ကြီး ရေးသားသော ပရိတ်ကြီးနိသယသစ်ကို မီသော ပရိတ် နိသယများ တစ်စောင်မျှ မပေါ်ပေါက် ဖူးသေးသော တစ်စောင်တည်းသော ပရိတ်ကြီး စာအုပ်ဟု ရေးသားကြပါ၏။

မြန်မာပြည်တွင်
သပြေကန် ဆရာတော်ကြီး
ရေးသားသော
ပရိတ်ကြီး နိသယသစ်ကို မီသော
ပရိတ်နိသယများ
တစ်စောင်မျှ မပေါ်ပေါက်ဖူးသေးသော
တစ်စောင်တည်းသော
ပရိတ်ကြီး စာအုပ်ဟု
ရေးသားကြပါ၏။

ဆရာတော်၏ ပရိတ်ကြီး နိသယတွင် လူမိုက် နှင့် ပညာရှိကို ခွဲခြားဖော်ပြရာ **လူမိုက်**။ ။လူမိုက်ဟု သိနိုင်သော အမှတ်အသားများကား မကောင်းသောအကြံကို ကြံခြင်း၊ မကောင်းသော စကားကို ပြောခြင်း၊ မကောင်းသော အလုပ်ကို လုပ်ခြင်းတို့တည်း။ ဤလက္ခဏာသုံးပါးရှိသူကား အမျိုးမြတ်သူပင်ဖြစ်စေ မည်သူမဆို (ဗာလ= လူမိုက်)ပင်

တည်း··· ဟု ဆို၏။

ပညာရှိ။ ။ကောင်းသောအကြံကို ကြံခြင်း၊ ကောင်းသော စကားကို ပြောခြင်း၊ ကောင်းသောအလုပ်ကို လုပ်ခြင်း ဤသုံးပါးကား ပညာရှိဟု သိရန် အမှတ်အသားတည်း··· အကယ်၍ အကြင်သူသည် အတတ်ပညာနှင့်လည်း ပြည့်စုံမည်။ အကျင့်လည်းကောင်းမည် ဆိုပါလျှင် ထိုသူက ပဏ္ဏိတအရ အပြည့်ဝဆုံးအနက်ကို ဆောင်လျက်ရှိရာ တကယ်အားကိုးမှီခိုထိုက်သော ပုဂ္ဂိုလ်ဖြစ်ပေသည်ဟု ဆိုပါ၏။

သပြေကန်ဆရာတော်ကြီး၏ ဉာဏ်ပညာကြီးမားပုံ အစုံစုံတို့ကို တင်ပြ၍ ကုန်နိုင်ဖွယ် မရှိပါ။

ဘုရားရှင်တစ်ပါး၏ တန်ခိုးတော်ကို အခြားသော ဘုရားရှင်တစ်ပါးက ပြောကြားမှသာ ပြည့်စုံနိုင်မည်ဟု ဆိုပေရာ ကျွန်တော်သည် သပြေကန်ဆရာတော်ကြီး၏ ဂုဏ်ရည်များကို စလေဦးပုညပြောသကဲ့သို့ ဗြဟ္မာပရမေထံမှ လျှာတစ်ကုဋေငှား၍ ပြောဆိုသည့်တိုင်အောင်လည်း ပြည့်စုံမည်မဟုတ်ပါ။ ယခု ကျွန်တော်၏ တင်ပြချက်သည် ဆရာတော်ကြီး၏ ဂုဏ်ရည်နှင့် နှိုင်းယှဉ်ပါက သမုဒ္ဒရာရေပင်လယ်ကို ယင်ကောင်ငယ် တစ်ခါသောက်မျှပင် ပြောကြားနိုင်ခြင်း ရှိမည်မဟုတ်ကြောင်းကို ကျွန်တော်ဝန်ခံ တင်ပြအပ်ပါ၏။

ကြွရောက်လာသော သူတော်ကောင်း ပရိတ်သတ် အပေါင်းတို့ခင်ဗျား

ကျေးဇူးရှင် ရွှေကျင်ဂိုဏ်း၏ တွဲဖက် သာသနာပိုင် သပြေကန်ဆရာတော်ကြီး ဘဝနိဗ္ဗာန် စံလွန်တော်မူခဲ့သည်မှာ (၁၁)နှစ် တင်းတင်းပြည့်မြောက်ခဲ့ပြီ ဖြစ်ပါ၏။ (၁၁)နှစ်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း တပည့်၊ ဒါယကာ၊ ဒါယိကာမ အပေါင်းသည် ဆရာတော်ကြီးအား တစ်နေ့မျှ မေ့မရနိုင်သေး ဘဲ ဆရာတော်ကြီးအား သတိတရ တမ်းတလွမ်းဆွတ် သတိရလျက်ပင် ရှိနေချိန်တွင် ဆရာတော်ကြီး၏ အဆုံးအမ ဩဝါဒများကို တဖန်ပြန်၍ ကြားရပြီး ထိုအဆုံးအမများကို လိုက်နာကျင့်သုံးခြင်းသည် ကုသိုလ်တရား ပွားများစေရုံသာမက လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးတရားများ ပွားများနိုင်မည်ဖြစ်၍ ဆရာတော်ကြီး၏ အမှာစကားများ၊ ဆိုဆုံးမစကားအချို့ကို ဤအခမ်းအနားတွင် ပြန်လည် ပြောကြားတင်ပြ ခွင့်ပြုပါရန် ပန်ကြားအပ်ပါသည် ခင်ဗျား။

မြတ်စွာဘုရားက တရားရှိနေခြင်းသည် ငါဘုရားရှိနေခြင်းမည်ပေသည်ဟု မြွက်ကြားတော်မူခဲ့ပါ၏။ ထို့ကြောင့် ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီး ဘဝနိဗ္ဗာန် စံလွန်တော်မူခဲ့သည်မှာ (၁၁)နှစ်ပင် ကြာမြင့်ခဲ့သော်လည်း တပည့်၊ ဒါယကာ၊ ဒါယိကာမ အပေါင်းသည် ဆရာတော်ကြီး ဟောကြားခဲ့သော တရားဓမ္မများကို ကြားသိလိုက်နာ နေပါက သပြေကန်ဆရာတော်ကြီး အသက်ရှင်ထင်ရှား ရှိနေသည်နှင့် မခြားဟု ဆိုနိုင်ပါ၏။ ဆရာတော်ကြီး၏ တစ်ဘဝသာသနာတွင် ဟောကြားဆုံးမတော်မူခဲ့သော မြောက်များစွာသော ဒေသနာထဲမှ လက်လှမ်းမှီသမျှသော ဓမ္မအချို့ပြန်လည် တင်ပြဖော်ထုတ်ရင်း ဆရာတော်ကြီးအား အမှန်တကယ် သတိရလွမ်းဆွတ် တသကြောင်းကို ပြသလိုပါ၏။

ဆရာတော်ကြီး၏ ဆုံးမစကား၊ ဆရာတော်ကြီး၏ ဓမ္မတရားများရှိနေခြင်းသည် ဆရာတော်ကြီး အသက်ရှင် ထင်ရှားရှိနေခြင်းလည်း မည်ပါ၏။

သပြေကန်ဆရာတော်ဘုရား မိန့်မှာစကား

ဓမ္မတရား

ကြွရောက်လာကြသော ဇည့်ပရိတ်သတ်၊ မင်းပရိတ် အပေါင်းတို့ ခင်ဗျား-

ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီးက

"ကျောက်တုံးကို တောင်ပေါ်တင်ချင်လိုပါက အတော်ကြီး ကြိုးစားရ၏။ အောက်သို့ချလိုလျှင် ခဏာကလေးနှင့် အလွယ်တကူ ချနိုင်၏။ ဂုဏ်အပြစ်အရာ၌ ဤနည်းအတိုင်းပင်။

ဤကား နီတိစကား

ဂုဏ်လိုလျှင် အတော်ကြိုးစားရ၏၊ အပြစ်လိုလျှင် တော့ အလွယ်ပင်···· အခက်လမ်း လိုက်လိုသလား၊ အလွယ်လမ်း လိုက်လိုသလား ကြိုက်ရာရွေး၊ လမ်းနှစ်သွယ်"

ဟု မြွက်ကြားခဲ့ပါ၏။

ဆရာတော်ကြီးက အထက်သို့ တက်လိုလျှင် ကြိုးစားရမည်။ အားထုတ်မှ လိုသည်။ အောက်သို့ ဆင်းလိုလျှင်ကား ကြိုးစားစရာ မလိုဘဲနှင့် ရောက်လွယ်၏။ ထို့

ကြောင့် သင်သည် အထက်သို့ တက်မှာလား အောက်သို့ ဆင်းမှာလား ကြိုက်ရာကို ရွေးပါဟု တစ်နေရာတွင်တော့ ဆရာတော်ကြီးက လမ်းနှစ်သွယ်ကို ချပြပါ၏။

တစ်နေရာတွင်တော့ သပြေကန်ဆရာတော်ကြီးက

"ကိုယ့်အမှုလျှောက် အထက်ရောက်ခဲ့
အောက်ကျသည်သာ၊ ကိုယ်မှုသာတည်း ။
ပမာနှိုင်းထောက်၊ တံတိုင်းဆောက်သူ
တွင်းတူးသူ၊ နှစ်မူစံထား ကျင့်လေလော့"။

ဟု ထပ်မံမြွက်ကြား ပြန်ပါသည်။

အထက်သို့ ရောက်ခဲ့ခြင်းသည်လည်း ကိုယ့်ဟာကို ကြိုစား၍ ရောက်ခဲ့ခြင်းဖြစ်၍ အောက်သို့ကျခြင်းသည်လည်း ကိုယ့်ဟာကိုယ် ပြုလုပ်ခြင်းဖြစ်သည်။ အထက်သို့ တက်သူသည် တံတိုင်းဆောက်သူနှင့်တူ၍ အောက်သို့ကျသူသည် တွင်းတူးသူနှင့် တူ၏။ အထက်ဆိုသည်မှာ လောကုတ္တရာလမ်းကြောင်းအရ နတ်ပြည်နိဗ္ဗာန်သို့ လှမ်းတက်ခြင်းဖြစ်၍ အောက်ကျခြင်းမှာ ငရဲကျခြင်း တိရစ္ဆာန်ဘုံဘဝသို့ ရောက်ခြင်းဖြစ်၏။ အလားတူ လောကီနယ်ပယ်တွင် အထက်သို့ တက်ခြင်းဆိုသည် ကြွယ်ဝချမ်းသာခြင်း၊ စိတ်လက်ချမ်းသာခြင်း၊ ကုသိုလ်ကောင်းမှုပြုနိုင်ခြင်း၊ ပေးကမ်းလှူဒါန်းနိုင်ခြင်းတို့ မည်၍ အောက်ကျခြင်းဆိုသည်မှာ ဆင်းရဲခြင်း၊ မွဲတေခြင်း၊ အနာရောဂါထူပြောခြင်း၊ စိတ်လက်မချမ်းမသာရှိခြင်းတို့ဖြစ်၏။ အထက်သို့ တက်ရန်အတွက်သော်လည်းကောင်း၊ အောက်သို့ ဆင်းရန်အတွက်သော်လည်းကောင်း ကိုယ့်ဟာကိုယ်လုပ်ခြင်းသာ ဖြစ်၍ ဆရာတော်ကြီးက

"တံတိုင်းဆောက် မလား?"

"တွင်းတူး မလား?"

ဟူ၍ မေးထားပါသည်။ တံတိုင်းဆောက်မည်ဆိုပါက ဆရာတော်ကြီး (၁၁)နှစ်မြောက် ပူဇော်ပွဲကာလမှစ၍ တံတိုင်းဆောက်ကြပါစို့။ ဆရာတော်ကြီး၏ တပည့်ဒါယကာများဖြစ်၍ တွင်းတူးရန်ကား မကြံစည်အပ်ပြီဖြစ်ပါ၏။ဆရာတော်ကြီးက တစ်နေရာတွင်

"လူ့ဘဝမှာ ဘာအရေးကြီးဆုံးလဲ'ဟု
မေးလာလျှင် ကောင်းသည့်စိတ်များ တိုးပွားအောင်
ကြိုးစားမိဖို့ အရေးကြီးသည်။ ထိုစိတ်တို့ တိုးပွား
လာသည်နှင့်အမျှ မိမိတို့၏ သန္တာန်တွင် ကောင်း
သောစိတ်များ အဖြစ်ဖြင့် ကိန်းအောင်းလိုက်ပါ၍
နောင်အကြောင်း ညီညွတ်ပါက ကောင်းကျိုး
ချမ်းသာပေးပြီးလျှင် သာသနာတော်၌ နောက်ဆုံး
အကောင်းဆုံးဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်
စွာ မျက်မှောက်ပြုနိုင်ကြမည်"

ဟု မြွက်ကြားခဲ့ပါ၏။

ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီးသည် စိတ်ကောင်း စိတ်မြတ်ထားရေးကို တပည့်ဒကာတို့အား တရံမလပ် ဆုံးမတော်မူ၏။ ဘဝတွင် စိတ်ကောင်း စိတ်မြတ်ရှိရေးကို ဆရာတော်ကြီးက အစဉ်တစိုက် အလေးထားတော်မူသည်။ အခြားတစ်နေရာတွင် ဆရာတော်ကြီးက

"ပညာရှိဖို့ထက် စိတ်ထားကောင်း မကောင်း
က ပိုအရေးကြီး၏။ စိတ်ထားကောင်းသူ၏
အတတ်ပညာသည် မိမိ၊ သူတစ်ပါးနှစ်ဦးသား
အတွက် အကျိုးရှိစေ၏။ စိတ်ထား မကောင်းသူ၏
အတတ်ပညာသည် မိမိ၊ သူတစ်ပါး နှစ်ဦးသား
အတွက် ထိခိုက်စေ၏။ ဥပမာ ဆရာဝန် အတတ်
မှာ မွန်မြတ်လှ၏။ သို့သော် စိတ်ထားမကောင်း
လျှင် လူနာများ ဆင်းရဲရသည်သာ။ မိမိမှာလည်း
အကျိုးပျက်ရတတ်၏။"

ဟု မှာကြားခဲ့ပါသည်။

ထို့ပြင် ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီးက

"အလုပ်မှာ ညံ့သည်ဖြစ်စေ၊ ကောင်းသည်
ဖြစ်စေ ပဓာနမဟုတ်၊ သူတစ်ပါးကို မထိခိုက်၍
အကုသိုလ် မဟုတ်သော အလုပ်ဖြစ်လျှင်
အကောင်းချည်းပင်"

× × × × ×

"လက်၏ တန်ဆာသည် လက်စွပ်၊
လက်ကောက် မဟုတ်၊ ပေးကမ်းစွန့်ကြဲခြင်းသာ၊
နား၏ တန်ဆာသည် ပုတီးနားတောင်းမဟုတ်၊
တရား ဓမ္မကြားနာခြင်းသာ၊
ကိုယ်၏ တန်ဆာသည် ဘယက်ဒွါဒရာ မဟုတ်၊
ကရဏာစိတ်ဖြင့် သူတစ်ပါး အကျိုးဆောင်ရွက်

မြောက်တတ်ကြ၏။ ဥစ္စာဟူသည် ပျက်စီးတတ်၏။ ပညာနှင့် အလိမ္မာတို့သည် မပျက်မစီး ထာဝရ တည်ရှိ၍ ကောင်းကျိုးကိုလည်း ရှည်ကြာစွာပေးတတ်၏။ ထို့ကြောင့် ထိုချီးမြောက်မှုမှာ မှန်ကန်သော ချီးမြောက်မှုဖြစ်၏။ ထိုကဲ့သို့ ချီးမြောက်ကြသော မိဘတို့သည် သားသမီးတို့ကို တကယ်ချစ်သော သားသမီးတို့၏ မိတ်ဆွေစစ်များတည်း။သားသမီးတို့ကို အလိုလိုက်တတ် မဆုံးမတတ်သော မိဘများသည် ချစ်ရာမရောက် နှစ်ရာရောက်သူများ မည်ပေ၏။"

ဟု ဆုံးမတော်မူပါ၏။

ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီး တပည့်၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား လောကအကြောင်း၊ ဓမ္မအကြောင်း အထွေထွေ အရပ်ရပ် ဆုံးမရာတွင် အလုပ်၏ ဂုဏ်ကို ဖော်ထုတ်၍လည်း ဩဝါဒစကားမြွက်ကြားခဲ့ပါ၏။

"လောကဌ အလုပ်မရှိသူ အလုပ်ဌ စိတ်မဝင်စားသူ လူဖျင်းမှာ ဂုဏ်ကျက်သရေမဲ့သူသာ ဖြစ်၏။ မိမိ၏ အလုပ်ကို စိတ်ဝင်စားစွာ အားထုတ်နေသူမှာ ဂုဏ်တက်လျက်သာ ရှိနေ၏။ ထို့အတူ သာသနာဌ ဖျင်းရိမ့်လျှောပေါ့ဆစွာ ကိုယ့်ကိစ္စ ခြင်းသာ"

× × × × ×

"တရားဆိုသည်မှာ၊ နောက်ဘဝအထိ ဆိုင်းနေသည်မဟုတ်၊ တရားရှင်ကို ယခုဘဝပင်စိတ်ချမ်းသာစေခြင်း၊ လောကဓံကို ခံနိုင်ရည်ရှိစေခြင်း၊ မိမိက အထူးကြိုးစားလျှင် မဂ်ဖိုလ်အထိ ရနိုင်စေခြင်း စသည်ဖြင့် စောင့်ရှောက်တတ်သည်"

ဟု မြွက်ကြားခဲ့ပါသည်။

ဆရာတော်ကြီးသည် မိမိကိုယ်တိုင် စာပေတွင် မွေ့လျော်မှုရှိသလို တပည့်၊ ဒါယကာ၊ ဒါယိကာမတို့အားလည်း စာပေ၌မွေ့လျော်စေလိုသော ဆန္ဒရှိ၏။ ထို့ကြောင့်

"စာပေကျမ်းဂန်များမှ မျက်မှောက် အကျိုး၊ တမလွန် အကျိုး အမျိုးမျိုးကို သိရ၏။ စာပေတတ်ခြင်းဖြင့် လောကရေး၊ ဓမ္မရေး၌ နည်းမှန်၊ လမ်းမှန်သို့ လိုက်ကာ၊ ဘေးကင်း၊ ရန်ကင်း ချမ်းသာခြင်းသို့ ရောက်ကြရ၏။ စာမတတ်သူကား စမ်းတဝါးဝါး၊ အရမ်းသွားရသဖြင့် မှားတခါ မှန်တလှည့်ဖြင့် နှစ်နာရတတ်၏။"

ဟု ဆုံးမတော်မူခဲ့၏။

"အလိမ္မာ စာမှာရှိရာ၊ ထိုအလိမ္မာကို ကိုယ်မှာရှိအောင် ပြုသင့်၏။ သို့သော် ပြုသူတို့ကား ရှားပါးလှ၏။ အလိမ္မာဂုဏ်သည် နှစ်သက်ဖွယ် ရတနာပင်၊ ထိုအလိမ္မာကို ကိုယ်မှာ ဆင်ပေးခြင်းဖြင့် မတူတစ်မူထူးအောင် ပြုကျင့်သင့်ပေသည်။"

သပြေကန်ဆရာတော်ကြီး၏ အဆုံးအမတို့သည် ဗုဒ္ဓ၏အဆုံးအမများ၊ ဘုရားဟော ကျမ်းဂန်လာ တရားဓမ္မများနှင့် အကိုးအကား မလွတ်မြွက်ကြားဟောကြား ပြောဆိုမှုများဖြစ်သော်လည်း ဆရာတော်ကြီးသည် လူတကာ နားလည်အောင် ရိုးရိုးရှင်းရှင်း ဒဲ့ဒိုးပင် ဆိုဆုံးမတတ်ပါ၏။ ဆရာတော်ကြီးက မိဘက သားသမီးများကို နှစ်ရာမရောက် ချစ်ရာရောက်အောင်

"မိဘကောင်းတို့သည် သားသမီးများကို ပစ္စည်းဥစ္စာထက် အလိမ္မာနှင့် ပညာကိုပေးကာ ချီး

အစစ် ပစ်ပယ်ထားသူတို့ သည် ဂုဏ်ကျက်သရေမဲ့သူများဖြစ်ကြ၍ ဘာဝနာအလုပ် ကြိုးပမ်း အား ထုတ်နေသူသာ ဂုဏ်ကျက်သရေမျိုး နေ့တိုင်း တိုးလျက်ရှိ၏" ဆို မြွက်ကြားခဲ့ပါ၏။

ထို့ပြင် ဆရာတော်ကြီးသည် တပည့်ဒကာတို့အား အချိန်နှင့် ပက်သက်၍လည်း ရှင်းလင်းစွာ ဆုံမစကား ထား ရစ်ခဲ့ပါ၏။ ဆရာတော်ကြီးက

"အလုပ်တစ်ခုကို သူ့အချိန်နှင့်သူ မှန်မှန် လုပ်လျှင် ထိုအလုပ်မှာ ချောမောစွာ ပြီးမြောက် ရ၏။ အလုပ်၌ ချို့တဲ့ချက်မရှိရာ၊ ထိုသို့မဟုတ် ပါဘဲ အချိန်လွန်မှ စလုပ်လျှင် အလုပ်သေသပ်မှု မရှိနိုင်၊ အချိန်မီ မပြီးဘဲ တစ်ပိုင်းတစ်စနှင့် သော်လည်း သိမ်းလိုက်ရပေလိမ့်မည်။ ထို့ကြောင့် အချိန်လွန်ခြင်းသည် အလုပ်အစမသတ်၊ မသေ သပ်ခြင်းတို့ဖြင့် အလုပ်ရှုပ်ထွေးသော အလုပ် ဖြစ်ကြောင်း တစ်ခုပင်" ဟု ဆုံးမတော်မူပါ၏။

သပြေကန်ဆရာတော်ကြီးက တရား၏သဘောကို ဖော်ထုတ်ဆုံးမရာတွင်

"တရားကို အလေးစားသူတို့အဖို့ မာနကို အပြစ်မမြင် အကောင်းထင်လျက် မာန်တက် ကြ၏။ တရားကို လေးစားသူတို့မှာ မိမိတို့၏မာန ကို တမင်တကာပင် ကျအောင် ကြိုးစားကြ၏။

× × × × ×

နားလည်မှုသည် အင်မတန်အရေးကြီး၏။ နားလည်မှုရှိမှသာလျှင် ကိုးကွယ်မှု လေးနက်၏၊ လေးနက်မှုရှိမှ ကောင်းကျိုးလည်းရတတ်၏။ ထို့ကြောင့် ပညာရှင် ဗုဒ္ဓသာသနာဝင်ဖြစ်ဖို့ အလွန် အရေးကြီးသည်။"

ဟု မြွက်ကြားဆုံးမတော်မူခဲ့ပါ၏။

"ကိုယ့်အား အမျက်ထွက်သူကို ပြန်စိတ်ဆိုး သူမှာ ထိုသူအောက် ယုတ်ညံ့သူသာဖြစ်၏။ စိတ် ဆိုးသူကို ပြန် စိတ်မဆိုးသူမှာ အောင်နိုင်ခဲသော စစ်ပွဲကို အောင်သူဖြစ်တော့သည်။

× × × × ×

စင်ကြယ်သော ပန်းချီကားချပ်ပေါ်မှာသာ ပန်းချီ ဆေး တောက်ပပေါ်လွင်စွာ ထင်ရှား၍ ညစ်ပေ နေသော ပိတ်ကားချပ်ပေါ်တွင် ဆေးရောင်မပေါ် လွင် မထင်ရှားနိုင်၊ ထို့အတူ ကောင်းမြတ်သော တရားများသည် သန့်ရှင်းသောစိတ်၌သာ စွဲမြဲစွာ ထင်နိုင်၍ စိတ်ဓာတ်မသန့်ရှင်းသူ၌ တည်နိုင်ခွင့် မရ။

× × × × ×

သုစရိုက်တရား ကျင့်သူတို့အား နက္ခတ်ကောင်း၊ မင်္ဂလာကောင်း၊ အခါကောင်း၊ ခဏကောင်း အားလုံးအကောင်းချည်းဖြစ်၍ မကောင်းသော နက္ခတ်မင်္ဂလာ အခါမရှိ၊ နက္ခတ်မင်္ဂလာ အခါ ကောင်း ကြံ့ရန် ဓာတ်ရိုက်၊ ယတြာစသော ပြုပြင် မှုပြုရန်မလို၊ သူတော်ကောင်းတရား ကျင့်ရန်သာ လိုသည်"။

ဟု ဆရာတော်ကြီးက ဆုံးမတော်မူပါ၏။

ဆရာတော်ကြီး၏ တစ်ဘဝသာသနာတွင် တပည့် ဒကာအပေါင်းတို့အား ပြောဆို ဆုံးမမှုတို့သည် များပြား လှပါ၏။ ဆရာတော်ကြီး၏ ဆုံးမမှုများထဲမှ တစ်ခုကို လိုက်နာ နေလျှင်ပင် လူ့ဘဝ လူဖြစ်ကျိုး နပ်လှပေသည်။ သို့ပါ၍

(၁၁)ကြိမ်မြောက် သပြေကန်ဆရာတော်ကြီးအား ပူဇော်ပွဲ အခမ်းအနားတွင် ဆရာတော်ကြီး၏အဆို အဆုံးအမများကို လိုက်နာရန် သန္နိဋ္ဌာန်ပြု၍ ဆရာတော်ကြီး၏ တရားဓမ္မများ၊ အဆိုအဆုံးအမများ၊ မိမိရင်တွင်း၌ အစဉ်ထာဝရ ရှင်သန် နေရန် ကြိုးစားအားထုတ်ခြင်းသည် ဆရာတော်ကြီးကို ကိုယ် စိတ်နှလုံးသုံးပါးတို့ဖြင့် လေးစားစွာ ဂါဝရပြု ပူဇော်ခြင်း မည်ကြောင်း တင်ပြအပ်ပါသည်။

နိဂုံး

ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု သပြေကန် ဆရာတော်ကြီး၏ (၁၁)နှစ်မြောက် ပူဇော်ပွဲ အခမ်းအနားသို့ ကြွရောက်လာကြသော ပညာရှိသူတော်ကောင်း ဧည့်ပရိသတ်အပေါင်းတို့ ခင်ဗျား။

ကျွန်တော်၏ စာတမ်းကို ကိုတိုး(မြစ်ခြေ)၏ ကဗျာကို ဖတ်ကြား၍ နိဂုံးပြုကာ အဆုံးသတ်ခွင့်ပြုပါရန် ပန်ကြား အပ်ပါသည် ခင်ဗျား။

သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းတည့်
ပင်ကောင်းပင်ကြီး၊ ရွက်ထီးအုပ်မိုး
သီးပွင့်ဖြိုးက၊ အကျိုးများစွာ
နားသူ ခိုသူ၊ ဟူဟူသမျှ
ခံစားရ၏၊ ရကြ၏။

သာမဏေကျော်၊ စာပေတော်၍
မွေ့ပျော်ဝန်ထမ်း၊ ရဟန်းဘဝ
"ရှင်ဝါသေဋ္ဌ၊ ဘိဝံသဟု"
ဓမ္မနေမင်း၊ ထိန်ထိန်ဝင်းလျက်
ထွန်းလင်းရောင်လျှံ၊ သပြေကန်က
နိဿယကျော်၊ ပရိတ်တော်ဟု
မော်တဝင့်ဝင့်၊ လွင့်တလူလူ
ကြူတသင်းသင်း၊ ဝင်းတပြောင်ပြောင်
ဂုဏ်ထူးဆောင်ဘီ၊ စာကဝိအား
တပည့်သားနှင့်၊ အများရှင်လူ
ပူဇော်ဦးခိုက်၊ ဂုဏ်ယူထိုက်စွာ
ထေရ်ဆရာ။

ရွှေကျင်ဂိုဏ်းမှာ၊ "တွဲဖက်သာသနာဝိုင်"
နိုင်ငံကျော်ဟိုး၊ ဂုဏ်ရှိန်ဖြိုးစွ
ဝိသေသဋ္ဌ၊ မည်မျှထင်ပေါ်
မည်မျှကျော်စော၊ အနေသိပ်သည်း
ဟန်မကြီးဘဲ၊ ဂုဏ်လည်းမလုပ်
ဂုဏ်ပုဒ်မဖော်၊ ဂုဏ်ဖော်မကြွား
ဂုဏ်အားမတင်၊ ဂုဏ်ဝင်မတင်း
ဂုဏ်မာန်ကင်းလျက်၊ ရိုးစင်းစင်းသာ
ရဟန်းဝါဒ၊ အနေကျ၏
ဗုဒ္ဓသားစစ်၊ ဝီဝီပြင်။

"အဘိဓဇ၊ ပဏ္ဍိတ" နှင့်
များလှဂုဏ်ပေါင်း၊ ဆောင်း၍မကုန်
ထုံ၍မငြီး၊ ချီး၍မနိုင်
လိုင်၍မခန်း၊ ယူနိုင်စွမ်းအောင်
ကျမ်းလည်းတတ်သိ၊ နီတိလည်းပိုင်
ကြံခိုင်ဝိနည်း၊ ပညာကြီးလျက်
သီးပွင့်ခက်ဝေ၊ မဟာထေရ်၏
ရှိသမျှဂုဏ်၊ အဖုံဖုံကို
ယုံကြည်လေးမြတ်၊ ဆည်းကပ်ကော်ရော်
ပူဇော်ရသူ၊ အများလူတို့
တူစွန်ဦးရာ၊ ပင်ရိပ်သာတည့်
ဆယ်ဖြာလက်မိုး၊ ဦးနှိမ်ချိုးသည်
အကျိုးအနန္တပါတကား။

ချစ်စံဝင်း ၁၀ ၂၀၀၆

စာပေကျမ်းဂန် စွယ်စုံတတ်မြောက်၍ အကျင့်သီလဂုဏ်၊ တည်ကြည်ခြင်းသမာဓိဂုဏ်၊ ပိုင်းခြားဝေဖန် အမှန်ကို သိမြင်ခြင်း ပညာဂုဏ်တို့နှင့် ပြည့်စုံလျက် "စိရပဗွဇိတ" "ရတ္တညူမဟာနာယက" "သံယပရိဏာယက"ဆရာတော်တစ်ပါးကို ဖူးချင်ပါတယ် ညွှန်ပြစမ်းပါဟု တစ်စုံတစ်ယောက်က ဆိုပါက ဤသပြေကန်ဆရာတော်ကို အားရပါးရ ညွှန်ပြရပါမည်။

နှစ်ဆယ်ရာစု၏ သုတ၊ ဗုဒ္ဓတစ်ဆူ



သပြေကန်ဆရာတော်ဘုရားကြီးကို ၁၉၈၁-ခုနှစ်က ဓမ္မ ဃောသက ဦးမောင်မောင်၏ ကျေးဇူးကြောင့် အနီးကပ် ဖူးမြင်ခွင့်၊ သိကျွမ်းကြည်ညိုခွင့် ရရှိခဲ့ပါသည်။ အခါအခွင့် ကြုံတိုင်း ဆရာတော်ကြီးထံဝင်ရောက် ဖူးမြော်ခဲ့ပါသည်။ ၁၉၈၀-ပြည့်နှစ်က ဆူးလေဓာတိတော် ရင်ပြင်ပေါ်ရှိ အာဘိဓမ္မာ ပြန့်ပွားရေးအသင်းတွင် သင်္ဂြိဟ်သင်တန်းကို အငြိမ်းစား နိုင်ငံတော်ကောင်စီဝင် ဆရာကြီး ဦးလှမောင်က ပို့ချပါသည်။ သက်ကြီးပင်စင်စားများ တက်ရောက်သည်က များပါသည်။ ထိုသင်တန်းကို ဦးအောင်မွန်(မြတ်ဆုမွန်)နှင့်အတူ စာရေးသူလည်း တက်ရောက်သင်ယူခဲ့သည်။

ထိုစဉ်အခါက ဆရာကြီး ဦးလှမောင်က သပြေကန် ဆရာတော်သည် "ပရိတ်ကြီး နိဿယသစ်" ကျမ်းစာ တစ်စောင်ဖြင့် တစ်ဟုန်ထိုး နာမည်ကျော်ကြားသော ဆရာတော် တစ်ပါးဖြစ်ကြောင်း၊ ပရိတ်ကြီးနိဿယသစ်သည် ပရိတ်ကြီး အနက်ပြန်ကျမ်းသာမက ဗုဒ္ဓတရားတော်ဆိုင်ရာ ဗဟုသုတ ပဒေသာပင်ကြီးဖြစ်ကြောင်းလည်း ပြောခဲ့သည်။ ပရိတ်ကြီး နိဿယသစ် ထွက်ပေါ်လာပြီးနောက်တွင်ကား ဆရာတော်၏ ထူးခြားသော စွမ်းရည်ကို ရဟန်း၊ ရှင်၊ လူ အများသိရှိလာကြပြီး ဆရာတော်၏ တရားများ၊ ကျမ်းစာများကို သူထက်ငါ ဦးအောင်နာယူ ဖတ်ကြသဖြင့် ဆရာတော်သည် နိုင်ငံမဆံ့ ပြန့်နှံ့ကျော်ကြားသော

မောင်ရင့်ကျော်(မြောင်းမြ)

ဆရာတော်ရှိရာပြေးပြီး
"အဟော အစ္စရိယံဝတ
တဝဉ္စာဏံ၊
အဟော အစ္စရိယံတဝ ဉာဏံ"လို့
လျှောက်ချင်တဲ့စိတ်တွေ ဖြစ်လာလို့
အားရပါးရကြိုး
လျှောက်နေမိကြောင်း
ပြောပြပါသည်။

ဆရာတော်တစ်ပါး ဖြစ်တော်မူခဲ့ပါသည်။

သပြေကန်ဆရာတော်သည် စာသင်သားဘဝတွင် "ဝိဋ္ဌကတ္တယဆေက၊ သက္ကတဝိဒူ" ဟု ပညာရှင်များ လေးစားရသော မန္တလေးမြို့၊ စိန်ပန်းရပ်၊ အဘယာရာမ ဆရာတော်ထံ ဆည်းကပ်၍ ဝိဋ္ဌကစာပေ၊ သက္ကတစာပေများစွာကို သင်ကြားနည်းခံခဲ့သည်။ အဘယာရာမတိုက်ကား ဘာသာဋီကာကျမ်းပေါင်း များစွာကို ပြုစုတော်မူသော မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၊ ပထမကျော်ဦးတင်ရွှေ၊ စစ်ကိုင်းအနီး စခန်းဆရာတော်စသော ထင်ရှားသည့်ဆရာတော်များ၏ ကွန်းခိုရာ ပညာဆည်းပူးခဲ့သော တိုက်ဖြစ်ပါသည်။

သပြေကန်ဆရာတော်သည် အဘယာရာမတိုက်၌ သီတင်းသုံးစဉ်က သာမညစာသင်သား တစ်ပါးမဟုတ်ပေ။ အဘယာရာမဆရာတော် ရေးသားတော်မူသော သမ္မန္ဓစိန္တာနီသယ နိဒါန်းကို ဆရာတော်က တာဝန်ပေး၍ ရေးသားခဲ့ရသည်။ စာပေရေးသားရာတွင် စိစစ်လှသော ဆရာတော်တစ်ပါးက နိဒါန်းရေးသားရန် တာဝန်ပေးခြင်းကား ဆရာတော်၏ စာပေအရည်အသွေးကို သိတော်မူသော ကြောင့်ဖြစ်သည်။ ထိုနိဒါန်း ရေးသားပြီးသောအခါ အဘယာရာမဆရာတော်က "ဦးပဉ္စင်းက နေတော့ ရိုးရိုးနေပြီး၊ စိတ်ကူးတော့ အဆန်းသား" ဟု ချီးကျူးကြောင်း ကြားသိရပါသည်။ အသက်(၂၆)နှစ်အရွယ်သာ ရှိသေးသော အရှင်ဝါသေဋ္ဌ ရေးသားသော နိဒါန်းကို အဘယာရာမ ဆရာတော်က သဘောကျတော်မူသဖြင့် နိဒါန်းအဆုံးတွင် "ဥူးဝါသေဋ္ဌမွာစရိယ" ဟု အဘယာရာမဆရာတော်ကြီးက ကိုယ်တော်တိုင်ရေးသားကာ ဓမ္မာစရိယဟူသော ဘွဲ့ထူးကို ချီးမြှင့်တော်မူခဲ့ပါသည်။

သပြေကန်ဆရာတော်သည် သက္ကသီဟ စာသင်တန်းကို ဖြေဆိုစဉ်က နာမည်ကြီးလှသော သစ္စယမိုက်ဝါရယ်ကြီးများကို ပြန်ဆိုစေရာ အရှင်ဝါသေဋ္ဌက မြင်းကောင်းစိုင်းသလို ပြန်ဆိုပြနိုင်သဖြင့် အဘိပါကဋ္ဌဝိသေသ ပုဂ္ဂလအဖြစ် ထူးကဲသောဂုဏ်ကို ထိုစာမေးပွဲမှာပင် ရယူနိုင်ခဲ့သည်ဟု ကြားသိရပါသည်။

တစ်ခါက ဝိသုဒ္ဓါရုံဆရာတော် ဥူးအဋ္ဌိယ (ယခု ရွှေကျင်သာသနာပိုင်ဆရာတော်)နှင့်အတူ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်များဖြစ်ကြသော မြသိန်းတန်ဆရာတော် အရှင်သောဘန၊ သရက်တောတိုက် အရှင်ဥတ္တရ၊ မြန်မာစာ သြဝါဒါစရိယ ပါဠိမြန်မာစွယ်စုံလှ အရှင်တိလောကသာရ (ရဝေထွန်း)နှင့် ရန်ကုန် ဗဟန်း မဟာဝိသုဒ္ဓါရုံ အရှင်ကောဏ္ဍညတို့၏ စကားဝိုင်းတွင် စာရေးဆရာကြီး ဥူးဆန်းထွန်း (ဆန်းထွန်း-မန်းတက္ကသိုလ်) ရောက်ရှိလာပြီး ထိုစကားဝိုင်းတွင် သပြေကန်ပရိတ်ကြီး နိဿယသစ် အကြောင်း ပြောကြရာ ဥူးဆန်းထွန်းက "မဟောသဓသာနှင့် မဟိဿသာနှစ်ပုဒ်"ကို မည်သည့် သဒ္ဒါတတ်၊ စာတတ် မဟာကောဝိဒတို့ မစိစစ် မစဉ်းစားမိကြဘဲ ကျန်နေသည်ကို အကြောင်းပြပြီး အဆုံးအဖြတ်ကို ဖော်ထုတ်ပေးနေတာကို တွေ့လိုက်ရတော့၊ ဆရာတော်ရှိရာပြေးပြီး "အဟော အစ္စရိယံဝတ တဝဉ္စာဏံ၊ အဟော အစ္စရိယံတဝ ဉာဏံ"လို့ လျှောက်ချင်တဲ့စိတ်တွေ ဖြစ်လာလို့ အားရပါးရကြိုး လျှောက်နေမိကြောင်း ပြောပြပါသည်။

စာပေကျမ်းဂန် စွယ်စုံတတ်မြောက်၍ အကျင့်သီလဂုဏ်၊ တည်ကြည်ခြင်းသမာဓိဂုဏ်၊ ပိုင်းခြားဝေဖန် အမှန်ကို သိမြင်ခြင်း ပညာဂုဏ်တို့နှင့် ပြည့်စုံလျက် "စိရပဗ္ဗဇိတ"

"ရတ္တညူမဟာနာယက" "သံဃပရိဏာယက" ဆရာတော်တစ်ပါးကို ဖူးချင်ပါတယ် ညွှန်ပြစမ်းပါဟု တစ်စုံတစ်ယောက်က ဆိုပါက ဤသပြေကန်ဆရာတော်ကို အားရပါးရ ညွှန်ပြရပါမည်ဟု ရေးသားထားသည်ကို ကိုယ်တွေ့မှတ်သားရပါသည်။ သပြေကန်ဆရာတော်၏ "အဘယာရာမိကဂုဏ်ရည်၊ ဝိသုဒ္ဓိမဂ္ဂဒါနကထာနှင့် ပရိတ်ကြီးနိသယသစ်စသော ကျမ်းတို့သည် ပညာရှင်ဆရာတော်၏ အစွမ်းသတ္တိကို ဖော်ပြပြီး ဖြစ်နေပါသည်။

၁၉၅၄-၅၆ ခုနှစ်က ကမ္ဘာအေးကုန်းမြေတွင် ဆဋ္ဌသင်္ဂါယနာတင်ချိန်၌ ပါဠိပုဒ်ပါဠ် တစ်စုံတစ်ရာနှင့် ပက်သက်၍ အခက်အခဲရှိလာပါက ပညာရှင်တစ်ပါးဟု ကျော်ကြားနေသော သပြေကန်ဆရာတော်ကြီးထံ လာရောက်၍ အကူအညီတောင်းပါက ဖြေရှင်းပေးခဲ့ရပါသည်။ သပြေကန်ဆရာတော်ကြီးသည် ဆဋ္ဌသင်္ဂါယနာ ပါဠိတော်အဋ္ဌကထာနိဒါန်းများ ရေးပေးရပါသည်။

တစ်ခါက မြောင်းမြ ဇေယျမေဒနီ၏ ရွှေရတုသဘင်စာစောင်ထုတ်ဝေရေးတွင် စာရေးသူက စာမူကိစ္စတာဝန်ယူရပါသည်။ သပြေကန်ဆရာတော်ဘုရားကြီးထံသို့ ချဉ်းကပ်၍ စာမူချီးမြှင့်ပေးနိုင်ပါရန် တောင်းခံခဲ့ပါသည်။ "ဆရာတော်ကြီးက စာရေးသူအား ပြုံးပြီးကြည့်နေပြီး ဦးခေါင်းကို လက်နှင့်ပွတ်နေကာ၊ ဘုန်းကြီး စာကောင်းကောင်း မရေးတတ်ပါဘူး" ဟု မိမိကိုယ့်ကိုနှိမ်ချ၍ ပြောခဲ့ပါသည်။ သို့ရာတွင် နှစ်ရက်သုံးရက်အတွင်း စာမူကောင်းတစ်ပုဒ်ကို စာရေးသူအား ခေါ်ယူ၍ ချီးမြှင့်ခဲ့ပါသည်။

သပြေကန် ဆရာတော်ဘုရားကြီးသည် ကျက်ဉာဏ်၊ မှတ်ဉာဏ်၊ သဘောဉာဏ် သုံးမျိုးစလုံး စုံလင်အကုန်ပင် ပြည့်စုံတော်မူပါသည်။ ဆရာတော်သည် ကျမ်းတတ် ပေတတ် ပညာရှိတစ်ပါး ဖြစ်သော်လည်း မာန်မာန မရှိ၊ မိမိကိုယ်ကို နှိမ့်ချသည့် နိဝါတ နိမာနဂုဏ်နှင့် လွန်စွာပင် ပြည့်စုံတော်မူပါပေသည်။ ထို့ကြောင့် ဆရာတော်ကို ဖူးမြော်ဦးခိုက်သူတိုင်းပင် ဆရာတော်၏ အေးဆေးတည်ငြိမ်သော ဣန္ဒြေတော်နှင့် မာန်မာနရှင်း၍ အပြစ်ကင်းသော အသွင်အပြင်ကို ဖူးတွေ့၍ ကြည်ညိုသဒ္ဓါ ပွားကြရပါသည်။

ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ပူဇော်သည့်အနေဖြင့် နိုင်ငံတော်က ၁၉၈၄-ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တော်ကို ဆက်ကပ်တော်မူခဲ့ပါသည်။ နောင် (၉)နှစ်အကြာ ၁၉၉၃-ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တော်ကို ဆက်ကပ်တော် မူခဲ့ပါသည်။ စာရေးသူတို့ တပည့်၊ ဒကာ၊ ဒကာမတို့က ယခုရွှေကျင်ကျောင်း ပဓာနနာယက ဆရာတော် အရှင်ခေမာစာရနှင့် တိုင်ပင်၍ ဂုဏ်ပြုပူဇော်လိုကြသည်။ သပြေကန်ဆရာတော်ကြီးက လက်ခံတော် မမူခဲ့ပေ။ ဆရာတော်ကြီးသည် အလိုနည်းမူ "အပိစ္ဆာ" ဂုဏ်နှင့်လည်း လွန်စွာမှ ပြည့်စုံတော်မူပါသည်။ အလိုရမ်းနည်းခြင်း၊ မရှိခြင်း အပိစ္ဆာဂုဏ်၏ အကျိုးကျေးဇူးတို့ကို ဗုဒ္ဓက ဟောပြတော်မူခဲ့သည်။ အပိစ္ဆာဂုဏ်သည် အထင်အရှားရှိသော မိမိဂုဏ်ကို မဖော်ပြဘဲ၊ လျှို့ဝှက်ထားခြင်းနှင့် သူတစ်ပါးပစ္စည်းကို အလှူခံယူရာ၌ အတိုင်းအရှည်သိခြင်းပင်ဖြစ်သည်။ ယင်းအပိစ္ဆာဂုဏ်နှင့် ပြည့်စုံသူကား မိမိ၌ အထင်အရှားရှိသော သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာစသော ဂုဏ်တို့ကို သူတစ်ပါးတို့အား မသိစေလို၊ မပြောကြား

၁၉၅၄-၅၆ ခုနှစ်က
ကမ္ဘာအေးကုန်းမြေတွင်
ဆဋ္ဌသင်္ဂါယနာတင်ချိန်၌
ပါဠိပုဒ်ပါဠ် တစ်စုံတစ်ရာနှင့် ပက်သက်၍
အခက်အခဲရှိလာပါက
ပညာရှင်တစ်ပါးဟု
ကျော်ကြားနေသော
သပြေကန်ဆရာတော်ကြီးထံ
လာရောက်၍
အကူအညီတောင်းရပါသည်။

သက ဆရာတော်အဖြစ် ဆောင်ရွက်ပေးသော ဆရာတော်မှာ စတုတ္ထမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ ဖြစ်ပါသည်။ ထိုစဉ်ကာလက သဖြေကန် ဆရာတော်ကြီးကိုယ်တိုင် အနီးကပ်စောင့်ရှောက်၍ သြဝါဒ ပေးခဲ့သည်။ ဒုလ္လဘဦးပဉ္ဉင်းတွေ ဆွမ်း၊ ကွမ်း၊ သပ္ပါယ မျှတကြရဲ့လားဟု တိုက်အုပ်ဆရာတော် ဦးခေမာစာရကို မေးပါသည်။ ညစဉ် သဖြေကန်ဆရာတော်ကြီးနှင့် ကျောင်းရှိ သံဃာကုန်နှင့်အတူ ဘုရားဝတ်တက်ရသည်။ သဖြေကန် ဆရာတော်ကြီးက ဥုးဓင်းတို့ကို ဆရာတော် ဦးခေမာက ဘယ်လိုသြဝါဒပေးခဲ့သလဲဟု မေးပါသည်။ ဆရာတော် ဦးခေမာက ဒုလ္လဘရဟန်းတွေကို ဒုလ္လဘဝတ်ချိန်အတွင်း လောကရေးရာ၊ ဓမ္မရေးရာတို့အပြင် ဝိနည်းနှင့်အညီ နေထိုင် ကျင့်ကြံ အားထုတ်သွားဖို့ သြဝါဒပေးကြောင်း လျှောက်ထား ခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် စာရေးသူတို့ ဒုလ္လဘရဟန်းဘဝရချိန်တွင်ပင် ဝိနည်းတော်အတိုင်း နေထိုင် စေကာ ကုသိုလ်တရားပွားများစေရန် မေတ္တာထားတော်မူ ခဲ့သည်ဖြစ်၍ ဆရာတော်၏ မေတ္တာဓါတ် ကြီးမားပုံကို သတိပြုမိခဲ့ပါသည်။

စာရေးသူသည် သာသနာရေးလောကတွင် ဘုန်း တန်ခိုးကြီးမားတော်မူသော သက်တော်ရှည် ဆရာတော်ကြီး များစွာတို့နှင့် အနီးကပ်ကြည်ညိုခွင့်၊ ပူဇော်ခွင့်၊ ဆည်းကပ် ခွင့် ရရှိခဲ့ပါသည်။ ထိုသို့ များစွာသော ဆရာတော်ကြီးများ အနက် သဖြေကန်ဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာ ထူး ခြားချက်များကို သတိပြုမိပါသည်။ ဆရာတော်ကြီးသည် ဘယ်သောအခါမှ သတိလက်လွတ် မနေခဲ့ပါ။ ဆွမ်းစားရာ တွင်လည်းကောင်း၊ သီတင်းသုံး နေထိုင်သွားလာရာတွင် လည်းကောင်း ဝိနည်းတော်နှင့်အညီ နေထိုင်သွားသည်ကို သတိပြုမိပါသည်။

လိုပေ။ ရှေးသူတော်ကောင်းတို့သည် ပစ္စည်းလေးပါး တို့၌ လိုလားတပ်မက်ခြင်း မရှိသည့်အပြင်၊ ဓုတင်အင်္ဂကို ကျင့်နေပါလျက် မကျင့်လေဟန်၊ ကျမ်းဂန် စာပေ တတ် မြောက်ပါလျက် မတတ်လေဟန်၊ ရဟန္တာအစစ် ဖြစ်နေပါ လျက် မဖြစ်လေဟန် သည်းခံစောင့်စည်းကာ ကျင့်သုံးတော် မူကြပါပေသည်။

ဝိနည်းတော်ကို အသက်နဲ့လဲပြီး ကာကွယ်စောင့် ရှောက်သည်ကို တွေ့ရုပ်ကို တင်ပြပါမည်။
သဖြေကန်ဆရာတော်ကြီးသည် အမှတ် (၂)၊ စစ်ဆေးရုံတွင်
ဆီးရောဂါအတွက် စစ်ဆေးကုသရန် ဆေးရုံတက်နေချိန်ဖြစ်ပါသည်။

ယခုမျက်မှောက်ခေတ်တွင် ယင်းဂုဏ်နှင့်ပြည့်ဝ စုံလင်၍ ဂုဏ်တင်ထိုက်သော ပုဂ္ဂိုလ်ကို ညွှန်ပြပါဆိုလျှင် ကျမ်းပေါင်းများစွာကို ရေးသားစီရင်တော်မူ၍ ရှင်လူအများ လေးစားကြည်ညိုအပ်သော ''အဂ္ဂမဟာပဏ္ဍိတ'' ''အဘိဓဇမဟာရဋ္ဌဂုရု'' ရွှေကျင်နိကာယဥပဉ္ဇာဋ္ဌ (တွဲဖက်ရွှေကျင်သာသနာပိုင်) အရှင်ဝါသေဋ္ဌာဘိဝံသကို ညွှန်ပြရပေမည်။

သဖြေကန်ဆရာတော်သည် ဂါထာဗန္ဓစသည် ဖွဲ့သီမှုဌ္ဌ ကျွမ်းကျင်တော်မူလှပုံကား၊ ယခုခေတ်တွင် အတူ ပင် မရှိဟု ဆိုနိုင်ပါသည်။ သာမန်ပညာရှင်များ မဆိုထား ဘိ ရွှေကျင်နိကာယကြီး၏ ဥပဉ္ဇာဋ္ဌ၊ မဟာနာယက၊ ဓမ္မ သေနာပတိ၊ အဘယာရာမဆရာတော်ဘုရားကြီး၊ ဘာသာ ဋီကာကျမ်းပြုအကျော် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်၊ ဆဋ္ဌသံဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ဘုရားကြီးစသော တကယ့်ထိပ်သီးပညာရှင် ဆရာတော် ဘုရားကြီးများ၏ နှုတ်တော်မှ ထုတ်ဖော်ကာ ချီးကျူးမှု ခံတော်မူခဲ့ရကြောင်း သတင်းကောင်းသည်လည်း သာသနာ နယ်တစ်ခွင်တွင် အမြဲပင်ပေါ်လွင် ထင်ရှားလျက် ရှိခဲ့ပါ သည်။

စာရေးသူသည် သဖြေကန်ဆရာတော်ကြီး၏ ဘုန်း ရိပ် ကံရိပ်ကို ခိုလှုံ၍ ၁၂-၄-၁၉၉၃ နေ့က ပုဇွန်ထောင်၊ ရွှေကျင်ကျောင်းတွင် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု ပြီး ဒုလ္လဘရဟန်းဘဝကို ရယူခဲ့ပါသည်။ ထိုစဉ်က အနုသာ

သပြေကန်ဆရာတော်ကြီးသည် သီလ ဝိနည်းနှင့် ပတ်သက်သမျှကို ကျွမ်းကျင်လိမ္မာသူ ကျွမ်းကျင်တတ်သိသူ၊ ဝိနည်းဆိုင်ရာ ပါရဂူတစ်ဆူဟုခေါ်ဆိုထိုက်သော ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်ပါသည်။ ဝိနည်းကို သိရှိနားလည်သည်နှင့်အညီ ဝိနည်းသိက္ခာပုဒ်များနှင့်အညီလည်း ကျင့်ကြံနေထိုင်ခဲ့သည်။ ဝိနည်းနှင့်ပတ်သက်၍ အသေးစားအာပတ်များကိုပင် မကျူးလွန်မိအောင်၊ ကိုယ်နှုတ်နှလုံးသုံးပါးကို စောင့်စည်းတော်မူခဲ့သည်။ ဝိနည်းသည် သာသနာတော်၏ အသက်ပင်မဟုတ် ပါလော။

သပြေကန်ဆရာတော်သည် ပရိယတ္တိဝိသာရဒ ပရိယတ္တိစာပေဖက်မှာ ရွံရှာခြင်းကင်း၊ ရဲတင်းပြတ်သားစွာ တတ်မြောက်ခြင်း ဂုဏ်၊ ပဋိပတ္တိမာမက ပဋိပတ်အကျင့်မြတ်ကို မြတ်မြတ်နိုးနိုး ကျင့်ကြံပွားများခြင်း ဂုဏ်၊ လဒ္ဓိပေသလသိက္ခာကာမ ဝိနည်းအကျင့်ဘက်တွင် မြူမျှမတင် အလွန်သန့်စင်ခြင်းဂုဏ် စသော ဂုဏ်တော်များနှင့် ပြည့်စုံတော်မူပါသည်။

ဗဟုသုတရှိလျက် သီလမရှိလျှင် ရေမရှိသောကန်နှင့်တူ၏။ ပညာရှိလျက် သီလမရှိလျှင် အသီးမရှိသော သစ်ပင်နှင့်တူ၏။ စာပေပို့ချနိုင်လျက် သီလမရှိလျှင် အသီး ဝိနည်းတော်ကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်သည်ကို တွေ့ရပုံကို တင်ပြပါမည်။ သပြေကန်ဆရာတော်ကြီးသည် အမှတ် (၂)၊ စစ်ဆေးရုံတွင် ဆီးရောဂါအတွက် စစ်ဆေးကုသရန် ဆေးရုံတက်နေချိန်ဖြစ်ပါသည်။ သမားတော်ကြီးများက ဆီးစစ်ရန် မတ်တပ်ရပ်စေကာ ကျင်ငယ်စွန့်ဖို့ လျှောက်ထားခဲ့ပါသည်။ ဆရာတော်က ဒုက္ကဋ်အာပတ်သင့်မည့်အတွက် ဝိနည်းနှင့်မညီလို့ မတ်တပ်ရပ် ကျင်ငယ်မစွန့်ဘဲ၊ ကုလားထိုင်ပေါ်တွင်ထိုင်၍ ကျင်ငယ်စွန့်ပြီး ဆီးကိုစစ်ဆေးနိုင်ရန် ပေးပါသည်။

တစ်ခါက ပုဇွန်တောင်ရွှေကျင်ကျောင်းတွင် ဆရာတော်ကြီးကို ကျန်းမာရေးစစ်ဆေးရန် ဆရာဝန်၊ ဒေါက်တာဒကာမ က လာရောက်၍ သွေးပေါင်ချိန်ပေးသည်။ သို့ရာတွင် ဆရာတော်ကြီးကို ဆရာဝန် ဒေါက်တာဒကာမက လက်ကိုကိုင်၍ သွေးပေါင်ချိန်တွယ်မည်အပြုတွင် ဆရာတော်ကြီးက အာပတ်သင့်မည် ဖြစ်သည့်အတွက် လုံးဝခွင့်မပြုခဲ့ပေ။ ဆရာဝန် ဒကာတစ်ဦးကိုခေါ်၍ သွေးပေါင်ချိန်ပေးမှသာ ခွင့်ပြုပါသည်။ ဆရာတော်သည် ဝိနည်းကို အသေးအဖွဲ့ကလေးကစ၍ ဂရုပြုအလေးထား လိုက်နာခဲ့သည်ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပေသည်။



ဘုရားပညာကြီးမားပုံ အစုံစုံကိုတင်ပြ၍ ကုန်နိုင်ဖွယ် မရှိပေ။

မချို့သော သစ်ပင်နှင်တူ၏။ တရားဟောကောင်းလျက် သီလမရှိလျှင် အနှံ့မရှိသော ပန်းနှင့်တူ၏။ ကျမ်းဂန်တတ်လျက် သီလမရှိလျှင် အဆိပ်သီးပင်နှင့်တူ၏။ ဘုန်းကြီးလျက် သီလမရှိလျှင် အနှစ်မရှိသော သစ်ပင်နှင့်တူ၏- ဟူသော ပထမရွှေကျင်ဆရာတော်ကြီး၏ သြဝါဒတော်အရဆိုရလျှင် သပြေကန်ဆရာတော်ကြီးသည် ရေရှိသော ရေကန်၊ အသီးချို့သော သစ်ပင်၊ အနံ့မွှေးသော ပန်း၊ အနှစ်ရှိသော သစ်ပင်တို့နှင့် တူလှပါပေ၏။

သပြေကန်ဆရာတော်ကြီးသည် သမာဓိအားကြောင့် နှုတ်ထွက်စကားများသည်လည်း အမှားမရှိ။ အမှန်စကားသာ ထွက်ရှိ၏။ ဆရာတော်ကြီးသည် လေးလံထိုင်းမှိုင်းခြင်း၊ ပျင်းရိငိုက်မြည်းခြင်းလည်း အလျဉ်းမရှိတတ်။ ဆရာတော်ဘုရားကြီး၏ သီတင်းသုံးတော်မူရာ နှစ်ထပ်တိုက်ကျောင်းအပေါ်ရှိ အခန်းကျဉ်းသို့ အချိန်မရွေးတက်သွား၍ တံခါးခေါက်ဖွင့်ပါလျှင် ကျမ်းစာဖတ်ခြင်း၊ စာရေးနေခြင်း အလုပ်ကိုသာ တွေ့ရပါသည်။ ဆရာတော်သည် စိတ်ပျံ့လွင့်တတ်မှုလည်းမရှိဘဲ အလွန်တရာမှ သမာဓိအားကောင်းသည်ကို ဖူးတွေ့သူတိုင်း သိရှိကြပါသည်။

သပြေကန်ဆရာတော်ကြီးသည် မိမိကိုယ်တိုင် နိကာယ် ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ပါဠိ၊ အဋ္ဌကထာ ဋီကာ ကျမ်းများကို အရှုပ်အထွေးမရှိ မှတ်မိတတ်သိသည် သာမက၊ မိမိတတ်သိသမျှကို အခြားသူများ မိမိကဲ့သို့ သိရှိနားလည်သဘောပေါက်အောင်လည်း ပြောကြားသင်ကြားပေးနိုင်သည်။ ထို့ကြောင့်လည်း ပညာနှင့်ပတ်သက်၍ သိရှိလိုသည်များရှိက ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ မေးမြန်းသမျှကို ရှင်းလင်းနားလည်၍ သံသယကွယ်ပျောက် အမှန်ရောက်အောင် ဖြေကြားခဲ့သည်။

သပြေကန်ဆရာတော်ကြီးသည် ပညာအရာနှင့် ပတ်သက်၍ ပြည့်စုံကုံလုံကြွယ်ဝသော်လည်း မာန်မာန အလျဉ်းမရှိသည်မှာ အံ့သြဖွယ်ရာဖြစ်သည်။ ဆရာတော်ကြီးသည် ပိဋကတ်ကျမ်းဂန်များကိုသာမက ပါဠိ၊ ဟိန္ဒီ၊ သင်္ကရိ၊ မာဂဓ ဘာသန္တရ စာပေများကိုလည်း တတ်သိကျွမ်းကျင်သော ဆရာတော်ဖြစ်သည်။ သပြေကန်ဆရာတော်ကြီး၏ ဂုဏ်ရည်ဂုဏ်သွေးတို့ကို တင်ပြရန် ကြိုးစားခြင်းသည် မဟာသမုဒ္ဒရာနှင့် အပြောကျယ်သော ရေပင်လယ်ကို လက်ပစ်ကူးရန်ကြိုးစားသည်နှင့် တူပေလိမ့်မည်။ သမုဒ္ဒရာကို အကြင်ယောက်ျားသည် လက်ပစ်ကူးရန် မဖြစ်နိုင်သကဲ့သို့ သပြေကန်ဆရာတော်ကြီး၏ ဉာဏ်ရည်ဉာဏ်သွေးအကြောင်း၊ ဂုဏ်ရည်ဂုဏ်သွေးအကြောင်းကို ကုန်စင်ပြည့်စုံအောင် တင်ပြခြင်းငှာ စွမ်းဆောင်နိုင်မည် မဟုတ်ပေ။

ဘုရားရှင်တစ်ပါး၏ တန်ခိုးတော်ကို အခြားသော ဘုရားရှင်တစ်ပါးက ပြောကြားမှသာ ပြည့်စုံနိုင်မည်ဟု ဆိုပေရာ သပြေကန်ဆရာတော်ကြီး၏ ဂုဏ်ရည်များကို စလေဦးပုညပြောသကဲ့သို့ ဖြဟ္မာပရမေဆံမှ လျှာတစ်ကုဋေ့ငှား၍ ပြောဆိုသည့်တိုင်အောင်လည်း ပြည့်စုံနိုင်မည် မဟုတ်ပါပေ။

စာပေပညာရှင်အများ ဝိုင်းဝန်းထုတ်ဖော်ရေးသား ပူဇော်ကြသော သပြေကန်ဆရာတော်ကြီး၏ ဂုဏ်ရည်များကို ပမာ နှိုင်းယှဉ်ပါက၊ မဟာသမုဒ္ဒရာပင်လယ်ကို နှံ့ပီစုတ် ငှက်ငယ်များစွာတို့က တစ်ခါသောက်မျှပင် ကုန်နိုင်ဖွယ်ရာ၊ ပြောကြားနိုင်ဘွယ်ရာ ရှိမည်မဟုတ်ပါပေ။ သပြေကန်ဆရာတော်ကြီး၏ဂုဏ်ကိုကုန်စင်အောင် ဖော်လို့မရနိုင်သလို၊ ဖော်ထုတ်လို့လည်း မပြည့်စုံနိုင်ပါပေ။ ထင်သာမြင်သာအောင်သာ တင်ပြနိုင်မှာ ဖြစ်ပါသည်။ သီဟိုဠ်ကျောင်းဆရာတော် အရှင်ဥက္ကံသက သပြေကန်ဆရာတော်ကြီးဟာ "ကျော်တာထက် တော်တာက ပိုပါတယ်"လို့ အမိန့်ရှိဖူးပါသည်။

သပြေကန်ဆရာတော်ကြီးကို သာသနာတော်၏ ကြယ်တစ်ပွင့်ဟူ၍ တင်စားဖွင့်ဆိုရင် မှားပါလိမ့်မည်။ ဆရာတော်သည် ထေရဝါဒသာသနာတော်မှာ နေမင်းတစ်ဆူ၊ လမင်းတစ်စင်း ဟူ၍သာ တင်စားရပါမည်။ သပြေကန်ဆရာတော်ကြီးထံသို့ လာရောက်ကြသူ ပညာရှင်တိုင်း၊ ပညာရှိတိုင်းသည် ဆရာတော်ကြီးကို မချီးမွမ်းဘဲ မနေနိုင်ကြပေ။ ပညာရှင်ကြီးတို့၏ ဦးထိပ်မှာအမြဲရှိပြီး အလေးဂရုပြုရသည့် ဆရာတော်ကြီးတစ်ပါးပင် ဖြစ်ပါသည်။

သပြေကန်ဆရာတော် ဩဝါဒတစ်ချို့ကို ထုတ်နုတ်တင်ပြပါမည်။ **"အနေကောင်းနဲ့ နေကြရအောင်၊ အသေကောင်းနဲ့ သေကြရအောင်"** တရားရှိဖို့ အရေးကြီးတယ်။ အဲ-လူ့ဘဝမှာ တရားသည်သာ မိမိတို့ရဲ့အားကိုးရာ၊ တရားသည်သာ မိမိတို့ရဲ့မှီခိုရာ၊ တရားသည်သာ မိမိတို့ရဲ့ဆောက်တည်ရာ၊ တရားရှိရင် ဒီဘဝနေရတာ ချမ်းသာတာပဲ၊ တရားရှိထားလို့ ထောက်တည်မှု အားကိုးရပြီး ချမ်းသာမှာပဲ။

မသေခင် လူကောင်းသူကောင်း ဖြစ်ဖို့အရေးကြီးတယ်။ ကောင်းတဲ့အမှုပြုနေတဲ့ ပုဂ္ဂိုလ်အဖို့မှာ အဲ-ငါသေရင် ကောင်းရာ ရောက်မှာပဲလို့ စိတ်ထဲမှာ စိုးရိမ်ပူပန်မှု မရှိတော့ဘူး၊ သေမှာလည်း မကြောက်ဘူး။

တရားသည်သာ လူ့အသက်
တရားသည်သာ လူအဖို့အသက်
တရားမရှိဘူးဆိုရင် ဒီလူဟာ အသက်ရှင်နေပေမည့် အသေပဲ။

တရားရှိရင် ဟော... လူအရှင်ပဲ။

လောကမှာ ကောင်းတယ်ဆိုတဲ့နေရာမှာ တရားနဲ့ကောင်းတဲ့ အကောင်းမျိုးမှ စိတ်ချရတယ်။ တရားနဲ့ကောင်းတဲ့ အကောင်းမျိုးမဟုတ်ရင်တော့ မိမိရဲ့သူတစ်ပါးအပေါ်မှာ အကျိုးလိုလားတဲ့ မေတ္တာတွေ၊ ခန္တီသည်းခံခြင်းတရားတွေ ပြောင်းသွားမယ်။

ကျွးဇူးရှင် သပြေကန်ဆရာတော်ကြီးက ကျောက်တုံးကို တောင်ပေါ်တင်ချင်လိုပါက အတော်ကြီး ကြိုးစားရ၏။ အောက်သို့ချလိုလျှင် ခဏကလေးနှင့် အလွယ်တကူ ချနိုင်၏။ ဂုဏ်အပြစ်အရာ၌ ဤနည်းအတိုင်းပင်။ ဤကားနီတိစကား။ ဂုဏ်လိုလျှင် အတော်ကြိုးစားရ၏။ အပြစ်လိုလျှင်တော့ အလွယ်ပင်။ အခက်လမ်း လိုက်လိုသလား၊ အလွယ်လမ်း လိုက်လိုသလား။ ကြိုက်ရာရွေး၊ လမ်းနှစ်သွယ်ဟု မြွက်ကြားခဲ့ပါ၏။

အထက်သို့ တက်ရန်အတွက်သော်လည်းကောင်း၊ အောက်သို့ ဆင်းရန်အတွက်သော်လည်းကောင်း ကိုယ့်ဟာကို လုပ်ခြင်းသာဖြစ်၏။ သင်သည် အထက်သို့ တက်မှာလား၊ အောက်သို့ ဆင်းမှာလား။ ကြိုက်ရာကိုရွေးပါဟု ဆရာတော်က လမ်းနှစ်သွယ်ကို ချပြပါ၏။ အထက်လမ်း ဆိုသည်မှာ လောကုတ္တရာ လမ်းကြောင်းအရ နတ်ပြည်နိဗ္ဗာန်သို့ လှမ်းတက်ခြင်းဖြစ်၍ အောက်ချခြင်းမှာ ငရဲကျခြင်း၊ တိရစ္ဆာန်ဘုံဘဝသို့ ရောက်ခြင်းဖြစ်၏။

မြတ်စွာဘုရားရှင်၏ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်များ ရှိနေခြင်းသည် တပည့်သားသာဝကတို့အတွက် ငါဘုရားကိုယ်စား ရှိနေခြင်းမည်ပေ၏ဟု မြွက်ကြားတော်မူခဲ့ပါသည်။ ဤသို့နှယ် ကျွးဇူးရှင်သပြေကန်ဆရာတော်ကြီး ဟောကြားတော်မူခဲ့သော တရားဓမ္မဩဝါဒများသည် ဗုဒ္ဓဘာသာဝင် သူတော်စင်၊ ဒကာ၊ ဒကာမတို့အတွက် ဆရာတော် အသက်ရှင်ထင်ရှား ရှိနေသည်နှင့် မခြားဟု ဆိုနိုင်ပါသည်။

သပြေကန်ဆရာတော်ကြီးကို ဖူးမြင်နေရခြင်းသည် ဘုရားရှင်လက်ထက်က အရိယာသံဃာတော်တစ်ပါးကို

ဖူးမြင်နေရသလို စိတ်ထဲတွင် ခံစားရမိပါသည်။ ဆရာတော်ကြီး၏ မျက်နှာတော်သည် ကြည်လင်၍ နေပါသည်။ တည်ငြိမ်ရင့်ကျက်လှပါသည်။ ဆရာတော်ကြီး၏ ဆိုဆုံးမဩဝါဒစကားသံသည် တိုးညှင်း၍ သာယာနာပျော်ဖွယ်ရှိပါသည်။ ဆရာတော်ကြီး စကြံကြွနေပုံသည် ဖြည်းညှင်းစွာလှမ်းကြွတော်မူသည်မှာ ငြိမ်သက်လှပါသည်။ ဆရာတော်ကြီးသည် ကိလေသာ ငြိမ်းသဖြင့် စိတ်လည်း ငြိမ်တော်မူပါ၏။ စိတ်ငြိမ်သဖြင့် ရုပ်လည်း ငြိမ်တော်မူပါ၏။ ဆရာတော်ကြီးကို ဖူးတွေ့ရသည်မှာ သမဏာနုဿဒဿနမင်္ဂလာနှင့် ပြည့်စုံပါဘိ၏။

သပြေကန်ဆရာတော်ကြီးသည် ဆေရဝါဒ သာသနာတော်အတွက် ပွင့်ထွန်းပေါ်ပေါက်လာသော "နှစ်ဆယ်ရာစု၏ သုတဇုဒ္ဓတစ်ဆူ" ပင်ဖြစ်ပါသည်။ ဆရာတော်ကြီး အလောင်းလျာကို ၁၂၇၂-ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက်၊ ဇုဒ္ဓဟူးနေ့ ညဉ့်သန်းခေါင်ယံ အချိန်တွင် သန်လျင်မြို့နယ်၊ ချောင်းဝရွာတွင် ဖခမည်းတော် ဦးဘိစိန်၊ မယ်တော် ဒေါ်အိမ်တို့မှ မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။

သပြေကန်ဆရာတော်ကြီးသည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလဆန်း (၇)ရက်၊ တနလာနေ့ (၆-၂-၁၉၉၅)နေ့တွင် ဘဝနိဗ္ဗာန်စံလွန်တော်မူခဲ့ပါသည်။ မြန်မာ့သာသနာဝယ် သီလသုတဂုဏ်အရာမှာ စံထား၍ ဖြစ်တော်မူသော ပုဇ္ဈန်တောင် ရွှေကျင်ကျောင်းတိုက်ကြီး၏ ပဓာနနာယက ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌ၊ တွဲဖက်ရွှေကျင် သာသနာပိုင်၊ အာဒိကမ္မိက သိရောမဏိ၊ အဘိဓဇမဟာရဋ္ဌဂုရု ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီး၏ သက်တော်ရာပြည့် အထိမ်းအမှတ် (၁၂၇၂-၁၃၇၂)အဖြစ်၊ သပြေကန်ထေရဂုဏ်ပူဇာနှစ် (၁၀၀)စာစောင်တွင် ဂုဏ်ပေါင်းခရံ သပြေကန်ဆရာတော်ဘုရားကြီးကို စာရေးသူသည် လက်ဆယ်ဖြာ ဦးထိပ်မိုးကာ ရိုခိုးဦးနှိမ့်ချ၍ ကန်တော့လိုက်ပါသည်။

မောင်ရင့်ကျူး (မြောင်းမြ)

စေးရိပ်သာ

သာသနာကို ဦးထိပ်တင်ထားသောသူတစ်ဦးမှာ
ဗုဒ္ဓရှင်တော် အဆုံးအမအတိုင်း လိုက်နာလျှင်
လောကရေးခွံလည်း စိတ်ချမ်းသာ၏။
အကျင့်ကောင်း၏။
တိုးတက်ကြီးပွား၏။
တကယ့်ငြိမ်းချမ်းရေး
လိုသောအခါမှာလည်း မှီခိုရာ
တကယ့် "အေးရိပ်သာ" ဖြစ်၏။
သို့ဖြစ်လျှင်
မိမိတို့ ရရှိထားသော
ထိုအမွေကို သားသမီးများ တစ်သက်လုံး
ထိန်းသိမ်းထားနိုင်အောင် မအပ်နှင်းဘဲ
နေထိုက်ပါမည်လော။

အရှင်ဝါသေဋ္ဌာဘိဝံသ

No Better Gift Than This

ANY PERSON who truly cherishes and follows the Buddha`s teaching becomes good and righteous, and enjoys peace of mind and contentment throughout life. During times of worldly stress and tribulation, the Buddha`s teaching becomes a haven of rest and tranquillity. This being so, what better gift to give our children than the gift of the Buddha`s teaching.

သပြေကန်ဆရာတော်ဘုရားကြီး(၁၃)နှစ်မြောက် ဂုဏ်ရည်မွန်းဆပူဇော်ပွဲ

ကျမ်းပြုအကျော် သပြေကန်ဆရာတော်မြတ်ကြီး (၁၃)နှစ်မြောက် ဂုဏ်ရည်မွန်းဆပူဇော်ပွဲတွင် ဖတ်ကြားပူဇော်လွှာ (၁၂-၂-၂၀၀၈)

ဂုဏ်ဧကဇိုဝါဒက

ဦးသက်စိန် (ဖြူး)

သပြေကန်ဆရာတော်ဘုရားကြီးရဲ့ စံလွန်တော်မူတဲ့(၁၃)နှစ်မြောက် ဂုဏ်ရည်မွန်းဆပူဇော်ပွဲမှာ လက်ရှိပဓာနနာယက ဆရာတော်ကြီးရဲ့ ဩဝါဒကို ခံယူ၍ ကျွန်တော်ရဲ့ ဆရာရင်းဖြစ်တဲ့ သပြေကန်ဆရာတော်မြတ် ကြီးရဲ့ ဂုဏ်ကို မိမိစွမ်းနိုင်သလောက် ပူဇော်ခွင့်ရ၍ အထူးပဲ ဝမ်းမြောက်ဝမ်းသာ ပီတိသောမနဿ ဖြစ်မိပါတယ်။ ယခုလို ပူဇော်ရာမှာ ကျွန်တော့်အနေနဲ့ ပညာရှင်တစ်ယောက် အနေနဲ့ မဟုတ်ဘဲ ဆရာတော်ကြီးရဲ့ တပည့်ရင်း ဒကာတစ်ယောက်အနေနှင့်သာ ဆရာတော်ကြီးကို ဂုဏ်ပြုပူဇော်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြတဲ့ ဂုဏ်တွေဟာ ဆရာတော်ကြီးအတွက် ဂုဏ်မတက်ဘဲ ဂုဏ်ပျက်ဖွယ် ဖြစ်ခဲ့ပါက ရဟန်းပညာရှိ လူပညာရှိပုဂ္ဂိုလ် များက မေတ္တာရှေ့ထား၍ ကျွန်တော့်အား ခွင့်လွှတ်ပေးကြ ပါရန် ကြိုတင် အနှုးအညွှတ် မေတ္တာရပ်ခံအပ်ပါတယ်။

ယခု ဂုဏ်ပြုပွဲသို့ တက်ရောက်လာကြတဲ့ ဆရာတော် သံဃာတော်များ၊ ဆရာတော်ကြီးရဲ့ တပည့်ရင်း ဒကာ ဒကာမများ၊ ဓမ္မမိတ်ဆွေလူကြီးမင်းအပေါင်းကို ဆရာတော်ကြီးရဲ့ ဆန္ဒတော်နှင့်အညီ အခါခပ်သိမ်း ဆင်းရဲအပေါင်းမှ ပယ်ပျောက်ငြိမ်းကြပြီး ချမ်းသာအလုံးစုံ ပြည့်စုံနိုင်ကြပါစေလို့ ပဏာမအနေနဲ့ ဂါရဝခွေ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

ကျွန်တော့်အနေနဲ့ ကိုယ့်ရဲ့ အနန္တဂုဏ်အင် ဆရာသခင်ကို ပူဇော်ရမှာဖြစ်လို့ ပထမဦးစွာ လောကရဲ့ အမြတ်ဆုံးအရာ၊ အတုမရှိဆရာ ဖြစ်တော်မူသော သုံးလောက

ထွတ်ထား ဘုရားရှင်ကိုယ်တော်မြတ်ကို မာန်ကိုလျှော့၍ ဦးတိုက်ကန်တော့ပါတယ်။ ကျွန်တော့်ရဲ့ ဆရာသခင် အနန္တ ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီးအားလည်း မာန်ကိုလျှော့၍ ဦးခိုက်ကန်တော့လိုက်ပါတယ်။

သူတော်စင် ဓမ္မမိတ်ဆွေ အပေါင်းတို့.....။

ဆရာတော်ကြီးရဲ့ ဂုဏ်အစုံစုံကို ရဟန်းပညာရှိ၊ လူပညာရှိများက ဆရာတော် သက်တော်ထင်ရှားရှိစဉ်မှာရော၊ စံလွန်ပြီးသည်နောက် ယခုအချိန်ထိပါ ဂုဏ်ပြုပူဇော်ကြရာမှာ အတော်ပဲ စုံစုံလင်လင်ရှိပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ဘယ်လောက်ပဲစုံစုံ ဆရာတော်မြတ်ကြီး၏ ရှိရင်းစွဲဂုဏ်နှင့် နှိုင်းယှဉ်ပါက မြင့်မိုရ်တောင်နှင့် ပရမာအနုမြူပမာဏာလောက်ပဲ ရှိဦးမယ်လို့ဆိုရင် လွန်အံ့မထင်ပါ။

ဒီလောက် ဂုဏ်အင်ကြီးမားလှတဲ့ ပါရမီရှင်ဆရာတော်ဟာ ဂုဏ်မမက်တဲ့ ဆရာတော်တစ်ပါး ဖြစ်တာမို့ ပိုပြီးတောင် အံ့အားသင့်စရာ ဖြစ်ပါတယ်။ ဂုဏ်ကို လုံးဝမမက်မောတာမို့ ဂုဏ်ကြောင့်ဖြစ်တတ်သော တဏှာ၊ မာန၊ ဒိဋ္ဌိတရားဆိုးတွေကိုလည်း ဆရာတော်မှာ လုံးဝမတွေ့ရှိရတာ မဆန်းလှပါဘူး။ နောက်တစ်ခါ ဒီလို တဏှာ၊ မာန၊ ဒိဋ္ဌိတရားဆိုးတွေ မရှိတဲ့အတွက် ဆရာတော်မှာ ကိုယ်အမူအရာက အမြဲတမ်း သိမ်မွေ့နူးညံ့စွာ ရှိနေသည့်အပြင် အပြောမှာလည်း သူတကာ နားချမ်းသာအောင် ပြေပြစ်လျက် ရှိနေပေရာ အလွန်ချစ်မြတ်နိုးဖွယ်ကောင်းသည့် မာနကင်းပြီး မိမိကိုယ်ကို နှိမ့်ချတတ်သောဂုဏ်သည် ဆရာတော်အတွက် ထိပ်တန်းက ရှိနေပါသည်။ ဆရာတော် သည် မိမိထံသို့ ဓမ္မပြဿနာများကို မေးလျှောက်လာသော ရဟန်းပုဂ္ဂိုလ်များကို စာပြန်သည့်အခါတိုင်းတွင် "တပည့် တော်များ၌ မသင့်မလျော်ဟု ထင်သောအရာ ရှိပါက အားမနာပါးမနာ စောဒနာစေချင်ပါတယ်။ တပည့်တော်က မိမိအမှားကို ထောက်ပြလျှင် ဝမ်းမြောက်တတ်ပါသည် ဟူ၍လည်းကောင်း၊ "တပည့်တော်၏ အဆုံးအဖြတ်သည် သင့်သလော၊ မသင့်သလောဟု စဉ်းစားဆင်ခြင်၍ သင့်လျော်သည်ထင်ကလက်ခံပါလေ" ဟုလည်းကောင်း ပြောတတ်ပါသည်။ ဆရာတော်ရဲ့ ပညာနဲ့ ကျွန်တော်ရဲ့ ပညာဟာ မိုးနဲ့မြေမက မနှိုင်းသာအောင် ကွာခြားပေမယ့် ကျွန်တော့်ထံ ရေးပေးသောစာများတွင်ပင် "မောင်သက်စိန် ...စိတ်ကြိုက်တွေ့မှလက်ခံပါ။ မသင့်လျှင် ပယ်နိုင်ပါ၏" ဟု ရေးသားပါရှိလာတာကို တွေ့ရစဉ် အလွန်ပင် ကြည်ညိုခဲ့ရ ဖူးပါသည်။

ဆရာတော်သည် ပရိယတ္တိအရာ၌ စာအတတ်ဆုံးဆရာတော်အဖြစ်လည်းကောင်း၊ ပဋိပတ္တိအရာ၌လည်း ထိပ်တန်းကရှိသော ဆရာတော်အဖြစ်လည်းကောင်း၊ ရဟန်းပညာရှိ၊ လူပညာရှိများက သတ်မှတ်ဂုဏ်တင်ကြသော်လည်း ဤမျှလောက် အထင်အရှားရှိသော မိမိဂုဏ်ကို မဖော်ပြလိုဘဲ လျှို့ဝှက်ထားခြင်းနှင့် အလိုလောဘနည်းခြင်းတည်းဟူသော အဝိစ္ဆာဂုဏ်သည်ပင်လျှင် ဆရာတော်၌ ရှိသောနောက်ထပ်အံ့သြဖွယ်ဂုဏ်တစ်ပါးဟု ဆိုရမည်ဖြစ်သည်။ အာယ်ကြောင့်ဆိုသော် ယခု မျက်မှောက်ကာလမှာ ဤဂုဏ်နှင့် ပြည့်စုံဖို့မပြောနှင့်၊ ဤဂုဏ်ကို မြတ်နိုးတတ်သူပင် ရှားနေပြီဖြစ်သည်။

ဆရာတော်ကြီးရှိစဉ်က ဆရာတော်ကြီးရဲ့ ထေရပွတ္တိကို ကျွန်တော့်အနေနှင့် ပြည့်ပြည့်စုံစုံ မတွေ့ရ၍ ပြုစုလိုပါကြောင်း ဆရာတော်ကြီးထံ လျှောက်တင်ဖူးပါသည်။ အဲဒီအခါ ဆရာတော်ကြီးက "ဘုန်းကြီးရဲ့ အကြောင်းတွေဟိုမှာ ဒီမှာ ပါနေတာပဲလေ၊ မလိုတော့ ပါဘူး" ဟု ပြန်လည်မိန့်ကြားတော်မူပါတယ်။ ကျွန်တော်လည်း ခွင့်ပြုချက်ထပ်မံလျှောက်ထားတဲ့အခါ နှစ်ကြိမ်တိတိ ပယ်တော်မူပါတယ်။ သုံးကြိမ်မြောက် လျှောက်ထားတော့မှ ကျွန်တော့်ရဲ့ ပြင်းပြတဲ့ဆန္ဒကို အသိအမှတ်ပြုတဲ့အနေနဲ့ ဆိတ်ဆိတ်နေတော်မူခြင်းဖြင့် ခွင့်ပြုတော်မူပါတယ်။ ဒါကို ကြည့်ခြင်းဖြင့် ဆရာတော်ဟာ မိမိကိုယ်ကို ကျော်ကြားလို သောစိတ် မရှိကြောင်း သိသာလှပါတယ်။

ကျွန်တော်လည်း ယခုလက်ရှိ ပဓာန နာယက ဆရာတော်ရဲ့ လမ်းညွှန်ချက်အရ ဆရာတော်အချို့ထံမှာ ဆရာတော်ကြီးနဲ့ ပတ်သက်တဲ့ အကြောင်းအခြင်းအရာတွေကို လေ့လာလျှောက်ထားတဲ့အခါမှာ ဆရာတော်ကြီးဟာ ထူးခြားလေးနက်လှသော ဆဋ္ဌသင်္ဂါယနာ နိဒါန်းဂါထာတော်

ဆရာတော်ကြီးရဲ့ တရားတော်ကိုသာ သူမတူအောင်မြတ်နိုးပုံ၊ ကျင့်ကြံပုံ၊ ထိန်းသိမ်းပုံ၊ စောင့်ရှောက်ပုံ၊ တန်ဖိုးထားပုံနှင့် ပြန့်ပွားအောင် ဆောင်ရွက်ပုံ တို့ကို

များကို တစ်ပါးတည်း ရေးတော်မူခဲ့တာရယ်၊ ဆရာတော်ကြီးဟာ မိမိမှာ မရှိတဲ့ဂုဏ်ကို ရှိသယောင် ပူဇော်ကြတာတွေကို မနှစ်သက်တာတွေ၊ ဆရာတော်ငယ်စဉ်ကာလကတည်းက ကျန်းမာရေး မကောင်းတာကလွဲပြီး ပါရမီထူးထူးခြားခြား ကောင်းခဲ့တာမို့ အရာရာမှာ စာတင်လောက်အောင် အခက်အခဲမရှိ လွယ်လွယ်ကူကူ လွန်မြောက်နိုင်ခဲ့တာတွေကိုတော့ သိခဲ့ရပါတယ်။

ထူးခြားလေးနက်သော ဆဋ္ဌသင်္ဂါယနာ နိဒါန်း ဂါထာတော်များကို သပြေကန်ဆရာတော်ကြီး ရေးဖွဲ့တဲ့ အကြောင်းကို ယခုနောက်ပိုင်းကျမှ မြန်မာ့စွယ်စုံကျမ်းမှာ တရားဝင် ဖော်ပြလာတာကို တွေ့ရပါတယ်။

ဆရာတော်ဟာ အမြဲတမ်း တရားနဲ့အညီ မသွေမဖီ နေထိုင်ခြင်းဟာ တရားတော်ကို အလွန်မြတ်နိုးခြင်းကြောင့် ဖြစ်ကြောင်း၊ ဆရာတော်နှင့် အနေနီးပါက ထင်ထင်ရှားရှား တွေ့ရမှာ ဖြစ်ပါတယ်။ ဆရာတော်ဟာ မိမိအတ္တတစ်ခုတည်းကြောင့် မဟုတ်ဘဲ တရားကို မြတ်နိုးမှု၊ တရားကို စောင့်ရှောက်လိုမှု၊ တရားကို အစဉ်ထွန်းကားစေလိုမှုတွေကြောင့် တရားနှင့်ပတ်သက်၍ အစွန်းအထင်းမဖြစ်အောင် အစဉ်အမြဲ နေထိုင်ကျင့်ကြံတော်မူပါတယ်။

ဆရာတော်ဟာ တရားတော်ကို ကိုယ်တိုင်မြတ်နိုး၊ ကိုယ်တိုင်ကျင့်ကြံတဲ့အပြင် ဒကာ၊ ဒကာမတွေကိုလည်း တရားတော်ကို အလေးထားဖို့၊ မြတ်နိုးဖို့၊ တရားတော်နှင့် အညီသာ ကျင့်ကြံနေထိုင်ကြဖို့ ဆန္ဒရှိကြောင်း ဆရာတော်၏ ဟောကြားတော်မူခဲ့သော တရားတော်များကို ဂရုပြုပြီး စိစစ်ကြည့်လျှင် တွေ့ကြရမှာ ဖြစ်ပါတယ်။

ဆရာတော်ဟာ အမြဲတမ်း လောကကိုမဖက်၊ တရားကိုသာ ဖက်လေ့ရှိပါတယ်။ လောကရေးထက် ဓမ္မရေးကိုသာ ဦးစားပေးလေ့ရှိပါတယ်။ ဆရာတော်ဟာ နှစ်စဉ် ကျင်းပမြဲဖြစ်တဲ့ ရှင်ပြုပွဲတစ်ခုမှာ တရားဟောရာမှာ "ဒီနှစ်တော့ ခါတိုင်းနှစ်တွေလို ရှင်လောင်းမလှည့်တော့ဘူးလို့ သိရတယ်။ ဒါဟာ အတော်ကို တိုးတက်လာတာပဲ၊ လောကမှာ အပိုအလုပ်တွေ မလုပ်ရဘူး" ဟု မိန့်တော်မူခဲ့ဖူးပါသည်။ နောက်ပြီး "တရားပူဇော်တယ်ဆိုတာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ရဲ့ အလေ့အလာ၊ ဒီအလေ့အလာကို ဘုရားတပည့်ဖြစ်တဲ့ မိမိတို့က ပူဇော်တော့၊ အလေးအနက် ပြုကြတော့ အဲဒါ တကယ့်ဘုရားရှင် ကိုယ်တော်မြတ်တို့ လိုက်တဲ့ လမ်းကောင်း လမ်းမှန်ကို လိုက်ကြတာပဲ" ဟူ၍ တရားကို အမြတ်ဆုံးရတနာအဖြစ် ပြဆိုတော်မူခဲ့ပါတယ်။

"တရားတန်ခိုးကို တကယ် ယုံကြည်နိုင်ပြီဆိုရင် ဘုရားကြည်ညိုမှုဟာလည်း စွဲသွားတယ်။ ဒါကြောင့် ဘုရားအပေါ်မှာ ကြည်ညိုမှု၊ တရားအပေါ်မှာ ကြည်ညိုမှုဟာ အရေးကြီးတယ်၊ ဘုရားကိုးကွယ်တယ်ဆိုတာ ဒီတရားတန်ခိုးကြောင့်၊ တရားကိုးကွယ်တယ်ဆိုတာလည်း ဒီတရားတွေကြောင့်၊ သံဃာကိုးကွယ်တယ်ဆိုတာလည်း ဒီတရားတွေကြောင့်ပဲ" ဟူ၍လည်း တရားတန်ခိုးကို ပြဆိုတော်မူခဲ့ပါတယ်။

နောက်ပြီး "တရားတော်ဆိုတာ ဘုန်းကြီးတို့ ဒကာဒကာမတွေ အလေးပြုကြရတယ်နော်။ ရွတ်ဖတ်ဖို့ ကျက်မှတ်ဖို့ မပျင်းကြရဘူး၊ ဘာကြောင့်လဲဆိုတော့ တရားတော်တွေမှာ အစွမ်းသတ္တိရှိတယ်၊ အစွမ်းသတ္တိရှိတော့ တရားတော်ကို အကြောင်းပြု၍ နှစ်သက်ရွင်လန်း ဝမ်းမြောက်ကြရတယ်၊ ဓမ္မသတ္တိကြောင့် မိမိတို့မှာ ရောဂါကင်းနိုင်တယ်၊ အန္တရာယ်ကင်းနိုင်တယ်၊ လာဘ်လာဘ တိုးချဲ့ရင်လည်း တိုးနိုင်တယ်။ ဒါပေမယ့် အန္တရာယ်ကင်း အောင်၊ လာဘ်သပ်ပကာ တိုးတက်အောင်၊ စီးပွားတိုးတက်အောင် စသည်ဖြင့် လိုလားမှုနဲ့တော့ မရွတ်ရဘူးနော်။ ဒီတရားပေါ်မှာ ကြည်ညိုတဲ့စိတ်၊ မြတ်နိုးတဲ့စိတ်ထားနဲ့သာ ရွတ်ကြရတယ်" ဟူ၍ ဓမ္မသတ္တိကိုလည်း ပြဆိုတော်မူခဲ့ပါတယ်။

"လောကမှာ ပွင့်တော်မူကြကုန်သော ဘုရားရှင်အပေါင်းဟာ တရားနဲ့အညီ ပွင့်ကြရတယ်၊ တရားကို အမှီပြုပြီး ပွင့်ကြရတယ်။ တရားနဲ့ကင်းပြီး ပွင့်နိုင်တဲ့ ဘုရားဆိုတာ မရှိဘူး၊ နောက်ပြီး ပွင့်တော်မူကြသော ဘုရားရှင်အပေါင်းတို့ဟာ တရားတော်ကို အစဉ်အမြဲ အလေးအမြတ်ပြုကြတယ်" ဟူ၍ တရားတော်၏ အတုမရှိဂုဏ်ကို ပြဆိုတော်မူခဲ့တယ်။

ဤကဲ့သို့ တရားတော်ကို မြတ်နိုးအလေးထားတော်မူသော ဆရာတော်အရှင်သည် မိမိကိုယ်တိုင် တရားနဲ့အညီ မစွန်းမထင်းဘဲ နေထိုင်ကျင့်ကြံသလို ဒကာ ဒကာမများကို တရားပြဆိုရာမှာလည်း မိမိဂုဏ်တက်ဖို့၊ မိမိနာမည်ကြီးဖို့ ရည်ရွယ်ချက်မထား၊ သတ္တဝါတွေကို တရားသိကြပါစေ၊ တရားရှိကြပါစေ၊ တရားကျင့်ကြပါစေ ဟူသော ဘုရားရှင်လက်ထက်က ရှင်မဟာကဿပမထေရ် မြတ်ကြီး၏ စေတနာကဲ့သို့ ပမာထားနိုင်သော ဆရာတော် တစ်ပါးပင် ဖြစ်ပါ၏။

တစ်ခါက ကျွန်တော့်အနေနှင့် ဆရာတော်ကို ဓမ္မပြဿနာအချို့ လျှောက်တင်ခဲ့ဖူးပါသည်။ ကျွန်တော် လျှောက်တင်သော ဓမ္မပြဿနာအချို့သည် ဆရာတော်အတွက် ဆရာတော်၏ ဉာဏ်ပညာအနေနှင့် အလွယ်တကူ ဖြေဆိုနိုင်သည်ကို တထစ်ချ ယူဆထားသော်လည်း ဆရာတော်သည် တရားတော်နှင့် ပတ်သက်လာလျှင် မည်သည့် အရာကိုမျှ အသေးအဖွဲဟူ၍ မထင်မှတ်၊ သဘောမထား၊ အလေးအနက်ထားတော်မူရာ "မောင်သက်စိန်ရဲ့ အမေးတွေကို ဖြေဖို့ ပိဋကတ်တော်နဲ့ စိစစ်ရမှာမို့ သုံးရက်မြောက်နေ့မှာ လာခဲ့ပါ" ဟု မိန့်တော်မူသည်။ သုံးရက်မြောက်နေ့မှာ ဆရာတော်ထံ သွားရောက်သောအခါ ထပ်မံလျှောက်တင်စရာ မလိုဘဲ ဆရာတော်၏ မှတ်မှတ်ရရ အဖြေပေးတော် မူခဲ့ပါတယ်။ ကျွန်တော်လျှောက်ထားတဲ့ ဓမ္မပြဿနာအချို့မှာ-

(၁) ဒုလ္လဘရဟန်းခံခြင်းသည် အကျိုးနှင့်အပြစ် ဘယ်အရာက ပိုများပါသလဲ။

(၂) ရဟန်းခံရာမှာ သိမ်အတွင်း ရဟန်းလောင်း ဆုံးမရာ၌ ရဟန်းလောင်း၌ အကြွေးကင်း မကင်း မေးပါသည်။ တပည့်တော်တို့လို အရောင်းအဝယ်လုပ်သူတွေမှာ နေ့စဉ်လိုလို ကိုယ်က အကြွေးပေးစရာ ရှိသလို ရစရာလည်း ရှိပါတယ်။ ဒါကြောင့် သိမ်ထဲမှာ အကြွေးမရှိပါဟု ပြန်ဖြေရာတွင် လိမ်ညာရာကျ,မကျ မေးလျှောက်ခဲ့ပါသည်။

ဆရာတော် က-

(၁) ဓမ္မပြဿနာနှင့်ပတ်သက်ပြီး ဒုလ္လဘ ရဟန်းခံရာမှာ ဥပဇ္ဈာယ်ဆရာရဲ့ အဆုံးအမအတိုင်း နေထိုင်ကျင့်ကြံမည်ဆိုရင်တော့ အကျိုး ပိုများဖွယ် ရှိပါတယ်။

ဟု ပြန်လည် ဖြေကြားတော် မူခဲ့ပါတယ်။

(၂) ဓမ္မပြဿနာနှင့်ပတ်သက်၍ ဆရာတော်က ဒီမေးခွန်းမျိုး ဘယ်သူမှ မမေးဖူးဘူး၊ မေးဖို့ အလွန်သင့်တော်တဲ့ မေးခွန်းဖြစ်တယ်။ သိမ်ထဲမှာ ရဟန်းလောင်းဟာ လိမ်ညာရင် ရဟန်းလောင်း အနေနဲ့ကတော့ ရဟန်းဖြစ်ပါတယ်၊ ဒါပေမယ့် သိမ်ထဲဝင်တဲ့ ရဟန်းပြုပေးတဲ့ ရဟန်းအားလုံး အာပတ်ပြစ်သင့်ကြတယ်။ ဒါကြောင့် ဒုလ္လဘရဟန်းခံတော့မယ်ဆိုရင် ပထမဦးစွာ မိမိတို့၏ ကြွေးရှင်များကို ကြွေးမြီမှ ခေတ္တကင်းလွတ်ခွင့်ပေးဖို့ ကြိုတင်ပန်ကြားထားနိုင်ရန် ပိုကောင်းပါတယ်ဟု ဖြေကြားတော်မူခဲ့ပါတယ်။

နောက် ဆရာတော်ဟာ လောကမဖက် တရားကိုသာ ဖက်ကြောင်း ဥပမာတစ်ခု တင်ပြလိုပါတယ်။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က ဘီစကွတ်စက်ရုံမှူး ဦးမြင့်ဦးနှင့်ဇနီး ဆရာမ ဒေါ်ဝါဝါဦးတို့ မိသားစုဟာ လစဉ် နီးပါး ကျောင်းတိုက်တွင်းရှိ သံဃာကုန် ဆွမ်းကပ်လေ့ရှိပါတယ်။ တစ်နေ့မှာ ဆရာတော်က "ဒကာကြီး၊ မကြာမကြာ ဆွမ်းကပ်လှချည့်လား" ဟု မေးရာ ဦးမြင့်ဦးက ဆရာတော်ကြီးမေးတဲ့ ရည်ရွယ်ချက်ကို မသိ၍ ပြန် မ

လျှောက်တင်ပါ။ ထိုအခါ ဆရာတော်ကြီးက "ဒကာကြီးက ဘယ်မှာ အလုပ်လုပ်သလဲ၊ လစာ ဘယ်လောက်ရသလဲ၊ ဘယ်လိုလုပ်ပြီး မကြာမကြာ ဆွမ်းကျွေးသလဲ" ဟု ပြန်မေးတော်မူပါသည်။ ထိုအခါကျမှ ဦးမြင့်ဦးသည် ဆရာတော်ကြီး မေးတဲ့ ရည်ရွယ်ချက်ကို ရိပ်မိ၍ "တပည့်တော်၏ လှူဖွယ်ပစ္စည်းများသည် ဓမ္မိယလဒ္ဓ စင်ကြယ်သော ပစ္စည်းများဖြစ်ပါကြောင်း" ပြန်လျှောက်ရာ ဆရာတော်က "ဘယ်လို ဓမ္မိယလဒ္ဓပစ္စည်းဖြစ်သလဲ" ဟု ထပ်မေးပြန်သည်။ ထိုအခါ ဦးမြင့်ဦးက "တပည့်တော်၏ ဘီစကွတ် စက်ရုံက အထူးမုန့်များကို နှိုင်ငံတော် အကြီးအကဲထံ ပို့ပေးရပါတယ်။ နှိုင်ငံတော်အကြီးအကဲက တပည့်တော်အား နှိုင်ငံတော်ကဖွင့်ထားတဲ့ အထူးဆိုင်က နို့ဆီ၊ သကြား စသော လူသုံးကုန်ပစ္စည်းများကို ဝယ်ယူခွင့် ပြုပါတယ်။ အဲဒီပစ္စည်းတွေကို ရောင်းပြီး ဆွမ်းကပ်တာမိုလို့ စင်ကြယ်ပါတယ် ဘုရား" ဟု ပြန်လျှောက်မှ ကျေနပ်တော်မူပါတယ်။

ဒီအချက်ကို ကြည့်လျှင် မိမိကျောင်းတိုက်အတွက် ဆွမ်းကွမ်းပြည့်စုံတာ၊ အကျိုးများတာထက် ဒကာ ဒကာမတွေကို တရားနဲ့အညီ ပို၍ အကျိုးများစေလိုသော စေတနာမေတ္တာဖြင့် လောဘမဖက်၊ တရားဖက်ပြီး မေးတော်မူခဲ့ခြင်း ဖြစ်ပါသည်။

၁၉၈၉-ခုနှစ်လောက်က ကျွန်တော်ရဲ့ မြတ်ဗုဒ္ဓသာသနာ အခြေခံကျမ်းကြီးကို ရိုက်နှိပ်အပြီး စာအုပ်ကလည်းထူ၊ အုပ်ရေကလည်း များတော့ ထားစရာနေရာ အခက်အခဲရှိတာနဲ့ ဆရာတော်ကျောင်းမှာလည်း အခန်းအားတွေ ရှိနေတာကြောင့် ကျမ်းစာအုပ်များ ထားခွင့်ပြုဖို့ လျှောက်ထားခဲ့ပါတယ်။ ထိုအခါ ဆရာတော်က "ဘုန်းကြီးတို့ ကျောင်းမှာက ဘုန်းကြီးရေးတဲ့ ကျမ်းစာအုပ်တွေတောင် ဓမ္မဒါနပြုဖို့ထားတဲ့ စာအုပ်လောက်ပဲ ကျောင်းတွင်းမှာ ထားခွင့်ပြုတယ်။ ရောင်းတဲ့ကျမ်းစာအုပ်တွေတော့ လုံးဝ ထားခွင့်မပြုဘူး၊ အဲဒီမှာတော့ရှိတယ်။ အဲ တစ်ခုတော့ရှိတယ်။ ဒကာကြီးရဲ့ ကျမ်းစာအုပ်တွေက ရောင်းတယ်ဆိုပေမယ့် အမြတ်မယူဘူး၊ အရင်းအတိုင်း ဓမ္မဒါနအဖြစ်နဲ့ ရောင်းတာဆိုတော့ ဘုန်းကြီးတို့ သံဃာစုံတဲ့အခါ ပြန်ပြီး စဉ်းစားပေးပါ့မယ်" ဟု မိန့်တော်မူပါတယ်။ ကျွန်တော်လည်း ဆရာတော်ကို လောကမဖက်၊ ဓမ္မဖက်ကိုသာလိုက်၍ မိန့်တော်မူခြင်းကြောင့် ကြည်ညိုမဆုံးဖြစ်ရကား "ဆရာ တော်ဘုရား၊ တပည့်တော်အတွက် ကြောင့်ကြစိုက်တော် မမူပါနဲ့တော့ဘုရား" ဟု လျှောက်တင်လိုက်သောအခါ ဆရာတော်က "အေး အေး" ဟုသာဆို၍ ဆိတ်ဆိတ် နေတော်မူပါသည်။

ဆရာတော်ကို ဆွမ်းစားကွမ်းစား ပင့်ရာမှာလည်း မျက်နှာကြီးငယ်မလိုက် တရားနဲ့အညီသာ လက်ခံတော်မူပါသည်။ ဆရာတော်ကို အလေးထားပင့်ဆောင်တဲ့ ပွဲကြီးလမ်းကြီး အခမ်းအနားကြီးမျိုးကိုပင် ဆရာတော်သည် အခြားတစ်နေရာက ကြိုတင်ပင့်ထားပါက လက်ခံတော် မမူပါ။ ဆရာတော်ကိုယ်တိုင် ကွမ္မဖြစ်မယ်ဆိုလျှင် အဲဒီ အခမ်းအနားကို ဆရာတော်အားသည့် အချိန်သို့ ရွှေနှိုင်လျှင် ရွှေ့ခိုင်းပါသည်။ မရွှေ့နိုင်လျှင်တော့ မျက်နှာမလိုက်ဘဲ ကွတော် မမူပါ။

ဆရာတော် ကွတော်မူသည့် ဆွမ်းစားကွမ်းစား တို့၌လည်း တရားတော်ကို အလေးထား ဟောကြားတော်မူလေ့ရှိသည်။ တစ်ခါက ကျွန်တော့်အိမ်မှာ ဝါဆိုလပြည့်နေ့ ညနေ ၆-နာရီလောက်မှာ ဓမ္မစကြာအခါတော်နေ့အတွက် ပင့်လျှောက်ထားလို့ ဆရာတော်ကွတော်မူလာပါတယ်။ ဆရာတော်က သီလပေးပြီးနောက် "မောင်သက်စိန်... ဘုန်းကြီး ဘာလုပ်ပေးရဦးမလဲ" ဟု မေးတော်မူပါသည်။ ကျွန်တော်ကလည်း ဝါဆိုလပြည့်နေ့မို့ ဆရာတော်ကြီး တစ်နေကုန် ပင်ပန်းနေမှန်း သိပေမယ့် ဆရာတော်၏ အဖိုးမဖြတ်နိုင်သော တရားတစ်ပုဒ်လောက် လိုချင်လှသော အာသီသဖြစ်ပေါ်နေရာ "ဆရာတော်ဘုရား တရားတစ်ပုဒ် လောက်တော့ ချီးမြှင့်ပါဦး" ဟု လျှောက်ထားသောအခါ ဆရာတော်က "ဒီနေ့ ဘုန်းကြီး အတော့်ကို ဖားနေပြီ" ဟု ပြုံးပြုံးလေး ပြောသော်လည်း ပင်ပန်းနေသည့်ကြားမှ ရတနာ့ဂုဏ်ရည်တရားတော်ကို ပြည့်ပြည့်စုံစုံနဲ့ အချိန်ယူဟောကြားသွားတာကို ကြည့်လျှင် ဆရာတော်၏ မိမိခန္ဓာကိုယ်ကို မငဲ့ညှာဘဲ တရားတော်ကို မြတ်နိုးကြောင်း ထင်ရှားလှပါသည်။

ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးဖြစ်တဲ့ ရွှေဟင်္သာဆရာတော်ကြီးက သပြေကန်ဆရာတော် စံလွန်တော်မူသည့်အခါ "သပြေကန်ဆရာတော်ဟာ ဆွမ်းစားကွမ်းစားတွေကို ပင့်တိုင်းလိုက်ပြီး အရွယ်နဲ့မမျှ တရားတွေလည်း မနေမနား ဟောကြားတယ်။ ဘုန်းကြီးကတော်ဆရာတော်ကို အသက်ရပြီမို့ ဆွမ်းစား,ကွမ်းစား လျှော့ဖို့ ပြောတာ မရဘူး၊ လိုက်မြဲလိုက်တာပဲ၊ တရားတော်တွေလည်း ဟောမြဲဟောနေတာပဲ"ဟု မိန့်တော်မူခဲ့ပါသည်။

ဆရာတော်ရဲ့ တရားတော်ကို ချစ်မြတ်နိုးမှု၊ အလေးထားမှုတွေကို တင်ပြရရင် ကုန်နိုင်ဖွယ်မရှိပါ။

ဆရာတော်က တရားတော်ကို ချစ်မြတ်နိုးမှု၊ စိတ်ရင်းကောင်းရှိမှုတွေကြောင့် ဆရာသမား၏ဂုဏ်ကိုလည်း အစဉ်အလေးထားသူ ဖြစ်ပါတယ်။ လောကဌ ဆရာကောင်းသမားကောင်းရှိဖို့က အလွန်အရေးကြီးပါတယ်။ မဟာစည် ဆရာတော်ဘုရားကြီးနဲ့ တောင်ပုလု ကမ္မာအေး ဆရာတော်ဘုရားကြီးတို့ဟာ သထုံ၊ မင်းကွန်း၊ ဓေတဝန် ဆရာတော်ကြီး၏ တပည့်ရင်းချာများဖြစ်ကြသလို အမရပူရမဟာဂန္ဓာရုံဆရာတော်ကြီးနှင့် သပြေကန်ဆရာတော်ကြီးတို့ဟာလည်း မန္တလေး အဘယာရာမ ဆရာတော်ဘုရားကြီးရဲ့ တပည့်ရင်းချာများ ဖြစ်ကြပါတယ်။ ဒီအချက်ကို ကြည့်လျှင် ဆရာကောင်း သမားကောင်းတို့ရဲ့ အခန်းကဏ္ဍာသည် အလွန်အရေးကြီးကြောင်း ထင်ရှားပါတယ်။

မြတ်ဗုဒ္ဓက "ချစ်သား အာနန္ဒာ...လောကဌ ဆရာကောင်း,သမားကောင်း၊ မိတ်ကောင်း,ဆွေကောင်း ရှိခြင်းဟာ မိမိလိုရာဆန္ဒ တစ်ဝက်ပြီးတာ မဟုတ်ဘူး။ အားလုံး ပြီးတယ်၊ ငါဘုရားလို ဆရာကောင်းသမားကောင်း ရှိလို့ သတ္တဝါတွေ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပေပြီ" ဟု ဟောကြားတော်မူခဲ့ပါသည်။

တစ်နေ့မှာ သပြေကန်ဆရာတော်သည် ကျွန်တော့်အား ဆရာတော်ကြီး၏ ဆရာဖြစ်တော်မူသော ရွှေကျင်ဓမ္မသေနာပတိ အဘယာရာမဆရာတော်ကြီး၏ ထေရပွတ္တိတော်စာအုပ်ကို ဖတ်ရန် ပေးလိုက်ပါသည်။ ကျွန်တော်က ဆရာတော်ကြီး၏ ထေရပွတ္တိကို ဖတ်ရှုလိုက်တော့မှ သပြေကန်ဆရာတော်ဟာ မိမိရဲ့ ဆရာသမားကို မြတ်နိုးတတ်ပုံ၊ လေးစားတတ်ပုံ၊ အတုယူတတ်ပုံတို့ကို မျက်ဝါးထင်ထင် တွေ့ရှိခဲ့ရပါသည်။

အားလုံးကိုခြုံရလျှင် ကျွန်တော့်အနေနှင့် သပြေကန်ဆရာတော်ကြီးရဲ့ မိမိအတ္တအကျိုးကို ရှေ့တန်းမတင်ဘဲ လောကကို မဖက်ဘဲ တရားတော်ကိုသာ သူမတူအောင် မြတ်နိုးပုံ၊ ကျင့်ကြံပုံ၊ ထိန်းသိမ်းပုံ၊ စောင့်ရှောက်ပုံ၊ တန်ဖိုးထားပုံနှင့် ပြန့်ပွားအောင် ဆောင်ရွက်ပုံ တို့ကို ဖော်ငြေးတင်ပြလိုက်ရပါတယ်။

ဒီလို တင်ပြရာမှာလည်း "ဒရယ်၊ ယုန်၊ ကြောင်၊ တွေ့တိုင်းအောင်၊ တောတောင်သနင်း၊ ခြင်္သေ့မင်း"ဟူသော စကားလို ကျွန်တော့်ရဲ့ ဂုဏ်တင်ချက်တွေဟာ ဆရာတော်ကြီးအတွက် ဂုဏ်မတက်ဘဲ ဂုဏ်ပျက်ဖွယ်၊ ဂုဏ်ငယ်ဖွယ်များ ဖြစ်သွားနိုင်လို့ ဆရာတော်ကြီးအနေနဲ့ ဟိန္ဒဒေါသများဖြစ်သွားလေမလားလို့တောင် စိုးရိမ်မိပါသေးတယ်။

နိဂုံးချုပ်အနေနှင့် ကျွန်တော်တို့ရဲ့ အနန္တကျေးဇူးရှင် ဆရာသမားဖြစ်တဲ့ သပြေကန်ဆရာတော်ကြီးကို ကျေးဇူးဆပ်လိုတယ်ဆိုရင်ဖြင့် ဆရာတော်မြတ်ကြီးရဲ့ ဆန္ဒတော်အတိုင်း လောကဌ အတုမရှိ တရားတော်မြတ်ကို ချစ်မြတ်နိုးကြပါ၊ ကျင့်ကြံကြပါ၊ ထိန်းသိမ်းကြပါ၊ စောင့်ရှောက်ကြပါ၊ တန်ဖိုးထားကြပါ၊ ပြန့်ပွားအောင် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ကြိုးစားဆောင်ရွက်ကြရင်း ကိုယ့်အတွက်ရော သာသနာတော်အတွက်ပါ မြင့်သထက်မြင့်အောင်၊ လူဖြစ်ရကျိုး နပ်သထက်နပ်အောင် လူ့ဘဝမှာ ဆရာတော်ကြီး ရရှိစေလိုသော အမြတ်များများရအောင် ကြိုးစားကြပါလို့ မေတ္တာရှေ့ထား နှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

ဦးဆက်စိန်(မြူး)

မဇရေးဖြစ်ခဲ့သေးတဲ့ သပြေကန်ဆရာတော်ကြီးရဲ့ အရုပ်တို

စာရေးဆရာ၊ သတင်းဆရာ မောင်စံသစ်၏ ဟောပြောချက်

ပုဖွန်တောင်၊ ရွှေကျင်ကျောင်းတိုက်၊ ၁၂ ဖေဖော်ဝါရီ ၂၀၁၀

လေးစားအပ်သော ဆရာတော် သံဃာတော်များနှင့် သပြေကန်ဆရာတော်ဘုရားကြီးကို ကြည်ညိုစိတ်အရင်းခံဖြင့် ကြွရောက်လာကြသော သူတော်ကောင်း ပရိသတ်များ ခင်ဗျား။

သပြေကန်ဆရာတော်ဘုရားကြီးအား ဂုဏ်ယူစာပူစော်ပွဲမှာ ကျွန်တော် ပါဝင်ပူစော်ခွင့်ရတဲ့အတွက် အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း ရှေးဦးစွာ ပြောလိုပါတယ်။

တကယ်က ယခင် နှစ်တွေကတည်းက ဆရာတော် ဦးခေမာစာရက ကျွန်တော့်ကို ခုလို အစီအစဉ်ထဲမှာ ထည့်သွင်းပြီး တာဝန်ပေးခဲ့ပါသေးတယ်။ ကျွန်တော့်မှာစာပေလုပ်ငန်းတွေနဲ့ မအားမလပ်နိုင်တာကြောင့် နောက်နှစ်မှ ပြောတာပေါ့ ဆရာတော်လို့ လျှောက်ထားပြီး ရက်ရွှေ့ နေခဲ့မိပါသည်။ ဆရာ

နိုင်ငံပိုင် သတင်းစာတိုက်တွေမှာ နှစ်ပေါင်းများစွာ အယ်ဒီတာ လုပ်ခဲ့သူဖြစ်လို့ အစိုးရက အာဏာစက်နဲ့ ပြုလုပ် ခဲ့တဲ့ သာသနာ သန့်ရှင်းရေး စစ်ဆင်ရေးတွေကို ထဲထဲဝင်ဝင် လေ့လာပြီး သတင်းအချက်အလက်တွေကို သာမန်သူတွေ ထက် အများကြီး ပိုသိခဲ့ရသူ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ဗုဒ္ဓဘာသာ သာသနာတော်ကြီးကို ဘယ်တုန်းကမှ သံသယ မရှိခဲ့ပါဘူး။ ဗုဒ္ဓသာသနာအပေါ်မှာ သံသယဆိုလို့ မြူတစ်မှုံ မျှ မရှိခဲ့ပါဘူး။ သို့ပေမယ့် အဲဒီ သာသနာသန့်ရှင်းရေး ဆောက်ရွက်ချက်တွေထဲက ကျွန်တော်သိခဲ့ရတဲ့ သတင်း အချက်အလက်တွေကို ကြည့်ပြီး အများကြီး ထိတ်လန့်မိ ပါတယ်။ အဲဒီ အချို့ကတည်းက ကျွန်တော်ဟာ တန်ခိုးကြီး တယ်၊ နာမည်ကြီးတယ်၊ ဒကာဒကာမ အခြေအရံတွေ ပေါများတယ်ဆိုတိုင်း ရောယောင် နောက်လိုက်လုပ်ပြီး မဆည်းကပ်ရဲတော့ပါဘူး။ အင်မတန် စိစစ်ပြီးမှ ဆည်းကပ် တော်ဘုရားကြီးရဲ့ ဂုဏ်ရည်များကို ပြောနိုင် ဆိုနိုင် ပူဇော် နိုင်သူတွေ အများကြီးရှိတာမို့ ကျွန်တော့်အနေနဲ့ သက်သာခိုလို့ ကောင်းနေခဲ့ပါတယ်။ သို့ပေမယ့် မနှစ်က တော့ ဆရာတော် ဦးခေမာက "ဒကာကြီး၊ နောက်နှစ်တော့ ပြောဖြစ်အောင် ပြောဖို့ ကြိုးစားပါ။ သပြေကန်ဆရာတော်ကြီးရဲ့ ဆရာ ဒကာအရင်းအချာ တစ်ယောက်အနေနဲ့ ဒကာကြီးပြောဖို့ ကောင်းပြီ" လို့ မိန့်ကြားပါတယ်။ ဆရာတော်ကြီးကို နီးနီး ကပ်ကပ် ဆည်းကပ်ပြီး ကောင်းကောင်း သိမီခဲ့သူတွေ အတော်နည်းသွားပြီ ဒကာကြီးတဲ့။

သည်တော့မှာ ကျွန်တော်လည်း နီးကြားသွားပါ တယ်။ သပြေကန်ဆရာတော်ကြီးရဲ့ ဆရာ ဒကာအရင်းအချာ လို့ ဆရာတော် ဦးခေမာက ပြောလိုက်တော့မှ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ကျော်က အတိတ်ကို ပြန်လွှမ်းမိပါတယ်။

ကျွန်တော်ဟာ အလွန်ကံကောင်းထောက်မစွာဖြင့် လက်ဖျားခါလောက်အောင် တော်တဲ့ ဆရာတစ်ဆူဆိုတာ ဘယ်သူမှ မပြောလဲ သိနိုင်ပါပြီ။ ပြီးတော့ သပြေကန်ဆရာတော်ကြီးကို ပင့်ဖိတ်တဲ့အခါ ဆရာပါရဂူကလည်း နာမည်သုံးခွင့် ပေးထားပြီဆိုတော့ အားလုံး အဆင်ပြေနေပါတော့တယ်။

သပြေကန်ဆရာတော်ဘုရားကြီးကို နှစ်အတော်ကြာကြာ အနီးကပ် ဆည်းကပ်ခွင့် ရခဲ့ပါတယ်။ ဆရာတော်ကြီးဆီ ကျွန်တော့်ကို နတ်လမ်းညွှန် လုပ်လိုက်သူကတော့ ကျွန်တော် တို့ ချစ်ခင်လေးစားရတဲ့ စာရေးဆရာကြီးပါရဂူ ဖြစ်ပါတယ်။ ဆရာပါရဂူရဲ့ ကျေးဇူးကြောင့် သပြေကန်ဆရာတော်ဘုရား ကြီးဆီကို ချဉ်းကပ်ခွင့် ရခဲ့တယ်။ အဲဒီနောက် နှစ်အတော် ကြာ ဆရာတော်ရဲ့ မေတ္တာရိပ်မှာ ခိုလှုံခွင့် ရခဲ့တယ်။ ဆရာကောင်းလည်း ရှားပါး၊ တပည့်ကောင်းလည်း ရှားပါး နေတဲ့ သည်ခေတ်ကြီးမှာ ကျွန်တော်ဟာ အင်မတန် ကုသိုလ် ထူးစွာနဲ့ မည်သူမှ လိုက်မမီတဲ့ ဆရာကောင်းတစ်ဆူကို ရခဲ့ပါတယ်။

ကျွန်တော်ဟာ စာရေးဆရာ၊ သတင်းစာဆရာ၊ တဲ့ အလေ့အကျင့် ဖြစ်လာခဲ့ပါတယ်။

ကျွန်တော်ဟာ မိဖ မျိုးရိုး အစဉ်အဆက် ဗုဒ္ဓ ဘာသာ ဥပသကာမျိုးဆက် ဖြစ်ပါတယ်။ ကျွန်တော့် ဖခင်ကြီးနဲ့ မိခင်ကြီးဟာ အလွန်ထင်ရှားတဲ့ ဝေါ အဗျား ကသစ်ဝိုင်ဆရာတော်ဘုရားကြီးရဲ့ မူလလက်ဟောင်း ယောဂီ များ ဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်မိသားစုလုံးဟာ ကသစ်ဝိုင်ဝိပဿနာ တရားစခန်းတွေမှာ အသုတ်လိုက် တရားစခန်းဝင်ပြီး သတိပဋ္ဌာန်တရား အားထုတ်ခဲ့ကြတာပါ။ လွန်ခဲ့တဲ့နှစ် ၅၀လောက် ကျွန်တော် တက္ကသိုလ်ကျောင်းသား ဘဝမှာကို ကသစ်ဝိုင် ဝိပဿနာတရားစခန်းတွေ ဝင်ခဲ့ဖူးပါ တယ်။ အဲဒီခေတ်က ဝိပဿနာ တရားအားထုတ်တယ် ဆိုတာ လူကြီးတွေရဲ့အလုပ်ပဲလို့ အများက နားလည်ထားချိန်

မှာ အသက် ၁၇နှစ်၊ ၁၈နှစ် တက္ကသိုလ်ကျောင်းသားလေးတွေ တရားစခန်းဝင်နေတယ်ဆိုပြီး ကျွန်တော်တို့ကို အထူးအဆန်း လာကြည့်သူတွေတောင် ရှိခဲ့ပါတယ်။

ကျွန်တော် ပြောချင်တာက ကျွန်တော်ဟာ အဲသလို ဘာသာတရားကိုင်းရှိုင်းတဲ့ မိသားစုကနေ ပေါက်ဖွား ကြီးပြင်းလာခဲ့တာကို ပြောချင်တာပါ။ ဒါကြောင့်လည်း ရန်ကုန် တက္ကသိုလ်တက်တော့ တစ်ဖက်က ကျောင်းသားအရေးကိစ္စတွေမှာ ပါဝင်ခဲ့သလို တစ်ဖက်လည်း ရန်ကုန် တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီးရဲ့ ၁၉၆၁-၆၂ အမှုဆောင်တစ်ယောက် ဖြစ်ခဲ့ပါတယ်။

ကျွန်တော် သတင်းစာလောကထဲ ရောက်ပြီးချိန်မှာ အမရပူရ တောင်မြို့ဆရာတော် အရှင်ဇနကာဘိဝံသရဲ့ စာအုပ်တွေ ဖတ်ရတယ်။ အနာဂတ် သာသနာရေးကျမ်းကို ဖတ်ပြီး ဆရာတော်ကြီးကို ဖူးတွေ့ချင်လိုက်တာ။ ဒါပေမယ့် အမရပူရကို သွားမယ်ကြံလိုက် မသွားဖြစ်လိုက်နဲ့။ တော်သေးတယ်၊ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခင် တစ်နှစ်မှာမှ ကျွန်တော် ရောက်ဖြစ်သွားတယ်။ ဆရာတော် ဘုရားကြီးက ကျွန်တော့်ကို တစ်နာရီလောက်ကြာအောင် လက်ခံတွေ့ပါတယ်။ ကျွန်တော် သိချင်တာတွေ လျှောက်ထား မေးမြန်းတာကိုလည်း ဆရာတော်ကြီးက စိတ်ရှည်ရှည်နဲ့ ဖြေကြားတော်မူပါတယ်။

တောင်မြို့ ဆရာတော်ကြီးကို ကျွန်တော် လှိုက်လှဲလဲ ကြည်ညိုမိတာကတော့ ဆရာတော်ကြီး ပြုစုခဲ့တဲ့ စာပေကျမ်းဂန်တွေကို ဉာဏ်မီသလောက် လေ့လာဖတ်ရှုပြီး ပညာအရာမှာ ရှာမှ ရှားပါလားလို့ အံ့သြတကြီးနဲ့ ကြည်ညိုခဲ့တာ ဖြစ်ပါတယ်။

ဆရာတော်ကြီး ပျံလွန်တော်မူတော့ ကျွန်တော်က မြန်မာ့အလင်းသတင်းစာမှာ အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင် နေပါတယ်။ ဆရာတော်ကြီး ပျံလွန်တော်မူတဲ့ သတင်းရရချင်း နှမျောတသလွန်းလို့ ကျွန်တော် ချက်ချင်း ဆောင်းပါးရေးပြီး သတင်းစာထဲ ထည့်လိုက်တယ်။ ကျွန်တော့်ဆောင်းပါကို ဖတ်မိတဲ့ တောင်မြို့ဆရာတော်ကြီးရဲ့ တပည့်ရင်းချာတွေ ဖြစ်တဲ့ ဆရာကြီးဦးထိန်ဝင်းတို့ ဓမ္မဃောသက ဦးမောင်မောင်တို့က ကျွန်တော့်ကို ဆက်သွယ်ပြီး အရှင်ဇနကာဘိဝံသ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပဖို့နဲ့ ကျွန်တော်ကို စာတမ်းဖတ်ပေးဖို့ တာဝန်ပေးပါတယ်။ ဒီလိုနဲ့ ၁၉၇၈ခု ဖေဖော်ဝါရီလ ၄ရက် နေ့မှာ ဗိုလ်တထောင်ဘုရားလမ်းက ရာမာခရစ်ရှ်နာ မစ်ရှင် ခန်းမမှာ ကျွန်တော် စာတမ်းဖတ်ပါတယ်။ ခေါင်းစဉ်က "အရှင်ဇနကာဘိဝံသ၏ အနာဂတ် သာသနာရေး မျှော်မှန်းချက်များ" ဖြစ်ပါတယ်။ နောက်တော့ အဲဒီစာတမ်းကို စာအုပ်ထုတ်ခဲ့ပါသေးတယ်။

တောင်မြို့ဆရာတော်ကြီး မရှိတဲ့နောက် နှစ်အတန်ကြာမှာ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးထံ ကျွန်တော်တို့ သွားရောက်ဖူးတွေ့ ပူဇော်ပါတယ်။ နောက်တော့ အရှင်အာဒိစ္စရံသီအဖြစ် ပျံလွန်တော်မူသွားတဲ့ စာရေးဆရာဦးဆန်းလွင်ဟာ ကျွန်တော် ခေါ်သွားလို့ မင်းကွန်းဆရာတော်ကြီးကို ဖူးတွေ့ခဲ့ရတာပါ။ အဲဒီအကြောင်းကို သူ့ရဲ့ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်လာသူ တစ်ယောက် အကြောင်း စာအုပ်ထဲမှာ ထည့်ရေးခဲ့ပါတယ်။

အချိန်ကို ငဲ့သောအားဖြင့် ကျွန်တော် အသေးစိတ်တွေ မပြောတော့ပါဘူး။ တောင်မြို့ဆရာတော်ကြီးနဲ့ တိပိဋကဆရာတော်ကြီးကို ကျွန်တော် ဘာကြောင့် သာမန်ထက် ထူးထူးကဲကဲ ကြည်ညိုသလဲဆိုရင် ဤဆရာတော်ကြီးများဟာ ပညာရေးအရာမှာ အလွန် ဉာဏ်ကြီးသူများ ဖြစ်လို့ပါပဲ။ ကျွန်တော်က စာရေးဆရာ တစ်ယောက်အနေနဲ့ ပညာ

ဉာဏ်ကြီးသူတွေကို သာမန်ထက်ဝိုပြီး ကြည်ညိုပါတယ်။

သပြေကန်ဆရာတော်ဘုရားကြီးကိုလည်း ပညာဉာဏ်ထူးကဲ ကြီးမားလွန်းလို့ ကျွန်တော် ဦးခိုက်ပူဇော်ခဲ့တာ ဖြစ်ပါတယ်။ ဆရာတော်ကြီးကို ကျွန်တော် ဆည်းကပ်ပူဇော်ခွင့် ကြုံခဲ့ရပုံကို အနည်းငယ် တင်ပြပါရစေ။

ကျွန်တော်ဟာ စောစောက ပြောခဲ့တဲ့အတိုင်း ဘာသာတရားကိုင်းရှိုင်းတဲ့ မိသားစုက ပေါက်ဖွားခဲ့ပြီး ဘာသာရေးဘက်မှာ ဆရာအလွန်ရွေးသူ၊ တော်ရုံပုဂ္ဂိုလ်ကို ဆရာမတင်လိုသူ ဖြစ်ခဲ့ပါတယ်။

တစ်ခါတော့ ကျွန်တော်တို့နေတဲ့ တိုက်ခန်းလေးကို ပြင်ဆင်ပြီး ဘုရားအနေကစာတင်မယ်၊ အိမ်တက်မင်္ဂလာပွဲလေး ကျင်းပမယ်ဆိုတော့ သံဃာတော်များ ပင့်ဖိတ်ရတော့မယ်။ ကသစ်ဝိုင်ဆရာတော်ဘုရားကြီးရဲ့ ဥပဿကာ တစ်ယောက် ဖြစ်ခဲ့တဲ့ ကျွန်တော့်အနေနဲ့ သံဃာရွေးရပါတယ်။ နာမည်ကြီးတယ်ဆိုတိုင်း၊ ဒကာဒကာမ အသိုင်း အဝန်း တောင့်တင်းတယ်ဆိုတိုင်း ဆည်းကပ်ချင်တဲ့ အမျိုးအစားထဲမှာ ကျွန်တော်မပါပါဘူး။ ဒါကြောင့် ကျွန်တော်နဲ့ အလွန်ခင်မင်ရင်းနှီးတဲ့ စာရေးဆရာကြီး ပါရဂူကို မေးမြန်းရပါတယ်။ ဆရာပါရဂူက ခင်ဗျား ပရိတ်ကြီးနိဿယသစ် စာအုပ်ဖတ်ဖူးလား လို့ မေးတယ်။ ဖတ်ဖူးတာပေါ့ဆရာရယ် အင်မတန်ကောင်းတဲ့ စာအုပ်ပဲ၊ ဘာဖြစ်လို့လဲ ဆရာလို့ မေးတော့ "အဲဒီ ပရိတ်ကြီးနိဿယသစ်ကျမ်းပြုဆရာ သပြေကန်ဆရာတော်ကို ပင့်ပေတော့။ ကျုပ်နာမည်ပြောပါ။ ကျုပ်နဲ့က ရဟန်းငယ်ဘဝမှာ စာမေးပွဲတွေ အတူတူဖြေခဲ့ကြတာ။ သပြေကန်ဘုန်းကြီးက စာလည်း အလွန်တော်တယ်။ ဝိနည်းအရာမှာလည်း ပြိုင်စံရှားပဲဗျ" တဲ့။

ကျွန်တော် အရမ်းဝမ်းသာသွားတယ်။ ကျွန်တော်က ကိုးကွယ်ဆည်းကပ်ရမယ့် ဆရာကောင်း ရှာဖွေနေတာ။ ပရိတ်ကြီးနိဿယသစ် ကျမ်းပြုဆရာ ဆိုကတည်းက ဘာမှ ဆက်မေးစရာ မလိုတော့ဘူး။ လက်ဖျားခါလောက်အောင် တော်တဲ့ ဆရာတစ်ဆူဆိုတာ ဘယ်သူမှ မပြောလဲ သိနိုင်ပါပြီ။ ပြီးတော့ သပြေကန်ဆရာတော်ကြီးကို ပင့်ဖိတ်တဲ့အခါ ဆရာပါရဂူကလည်း နာမည်သုံးခွင့် ပေးထားပြီဆိုတော့ အားလုံး အဆင်ပြေနေပါတော့တယ်။

ကျွန်တော် ဆရာတော်ကြီးဆီ လာရောက်လျှောက်ထားတော့ ဆရာပါရဂူရဲ့ မိတ်ဆွေ၊ စာရေးဆရာ မောင်ဝံသပါလို့ လျှောက်ထားတော့ ခဲ့ဩဇ္ဈကောင်းတာက ဆရာတော်ကြီးဟာ ကျွန်တော့်စာတွေကို သိနေတယ်။ ကျွန်တော်က အဲဒီတုန်းက သတင်းစာဆောင်းပါတွေ အများကြီးရေးနေတဲ့အချိန်။ နိုင်ငံရေးအတွေ့ပ္ပတွေ စာအုပ်တွေလည်း ရေးနေတယ်။ ဆရာတော်ကြီးကို တစ်ယောက်ယောက်က လျှောက်ထားဖူးလို့ စဉ်းစားမိပါတယ်။ ဆရာတော်ကြီးရဲ့ ဟောတရားတွေထဲက မေတ္တာတရားတော်မှာ "ခုနေအခါ ပိုပြီးတော့ မေတ္တာပွားဖို့ရာ အရေးကြီးသေးတယ်။ ကမ္ဘာမှာ ဘယ်လိုဘေးအန္တရာယ်တွေ ကြုံနေတယ်ဆိုတာ အားလုံးအသိပဲ။ သတင်းစာတွေထဲပါ၊ ရေဒီယိုတွေ ဘာတွေထဲလည်း လွှင့်ကြ ပြကြဆိုတော့ သိကြတယ်" လို့ မိန့်ကြားထားတာ တွေ့ရတော့မှ ဆရာတော်ကြီးဟာ သတင်းစာဖတ်တယ်၊ ရေဒီယိုသတင်းနားထောင်တယ်ဆိုတာ သိရပါတော့တယ်။ နောက်ပိုင်း ကျွန်တော်ကျောင်းကို မကြာမကြာ ဝင်ထွက်သွားလာနေပြီး ကျွန်တော့် စာအုပ်တွေ ထွက်တိုင်း ကပ်လှူပါတယ်။ ကျွန်တော်ထုတ်တဲ့ အတွေးအမြင် မဂ္ဂဇင်းကိုလည်း လတိုင်း ကပ်လှူပါတယ်။

ကျွန်တော် သတိထားမိတာက သပြေကန်ဆရာတော်ဘုရားကြီးဟာ မည်သည့် ဒကာဒကာမပဲ လာလာ၊ လှူဖွယ်ပစ္စည်း ဘာပဲ လှူလှူ၊ "ဟဲ့ ဘာတွေများလဲဟဲ့" ဆိုပြီး ကိုင်ကြည့်တာ ဖွင့်ကြည့်တာမျိုး လုံးဝမရှိဘူး။ ဘာလာလှူတယ်ဆိုတာကို ဒကာဒကာမက လျှောက်တင်တာကိုပဲ ဆိတ်ဆိတ်နေပြီး နားထောင်တယ်။

လှူဖွယ်ပစ္စည်းထဲက ဆရာတော်ကြီး ကိုင်ကြည့်တာဆိုလို့ ကျွန်တော့် အတွေးအမြင် မဂ္ဂဇင်းပဲ ဖြစ်မယ်ထင်တယ်။ စာအုပ်စာစောင်ဆိုရင်တော့ ဆရာတော်ကြီးက ချက်ချင်း ယူကြည့်တော့တာပါပဲ။

ဆရာတော်ကြီးဟာ ပညာဉာဏ်ကြီးတာနဲ့အမျှ ကြည်ညိုလေးစားတဲ့ တပည့်တပန်း အဆွေအရံတွေလည်း အလွန်များပါတယ်။ ဆရာတော်ဘုရားကြီးကို လာရောက်

ဆည်းကပ်သူ ပရိသတ်များဟာ သာသနာတော်ကို နှစ်နှစ်ကာကာ ကြည်ညိုပြီး သာသနာတော် တိုးတက်ပြန့်ပွားရေးကို လိုလားသူတွေ ဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးကို ဆည်းကပ်တဲ့ ပရိသတ်များဟာ လူတန်းစားပေါင်းစုံပါပဲ။ ငွေကြေးချမ်းသာပြီး ဘဝမှာ တိုးတက်အောင်မြင်နေသူတွေရှိသလို ရိုးရိုးသားသား ခြိုးခြိုးခြံခြံ လုပ်ကိုင်စားသောက်နေရသူတွေလည်း ပါဝင်ပါတယ်။ ဆင်းရဲ ချမ်းသာ ဘယ်လိုပဲ ကွာခြားပါစေ။ ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်တွေကို ကြည်ညိုလေးစားရာမှာတော့ သူတို့အားလုံး တူညီကြပါတယ်။

ဆရာတော်ဘုရားကြီးကလည်း တပည့်ဒကာ အားလုံးကို တစ်ပြေးတည်း ဆက်ဆံပါတယ်။ မကြာခဏ ဆိုသလို ဧည့်ပရိတ်သတ်များ ၁၅ယောက် နှစ်ဆယ်ဆိုသလို ဆရာတော်ဘုရားကြီး ရှေ့မှောက်မှာ လာရောက်စုဝေး ဆုံစည်းမိကြတယ်။ လှူဖွယ်ဝတ္ထုများနဲ့ ပူဇော်ကန်တော့ကြတယ်။ ကျွန်တော် အဲသလို အချိန်နဲ့ ကြုံတိုင်းမှာ သတိထားမိတာက ဆရာတော်ဘုရားကြီးဟာ ဘယ်သူ့ကိုမှ ပိုပြီးသော်လည်းကောင်း၊ လျော့ပြီးသော်လည်းကောင်း အလေးပေးဆက်ဆံတာမျိုး မတွေ့ရပါဘူး။ ငွေကြေးဥစ္စာကြောင့် ရာထူးဌာနန္တရကြောင့်ဆိုပြီး အလေးပေးတာမျိုး လုံးဝမရှိပါဘူး။

ကျွန်တော်က ဒီအချက်ကို ဘာကြောင့် တင်ပြရပါသလဲဆိုရင် အဲသလို ခွဲခြားဆက်ဆံတဲ့ နာမည်ကြီးပုဂ္ဂိုလ်အချို့နဲ့ ကျွန်တော်ကြုံဖူးပြီး အလွန်မှ မချင့်မရဲ စိတ်ဆင်းရဲခြင်း ဖြစ်ခဲ့ရဖူးလို့ပါပဲ။

သပြေကန်ဆရာတော်ဘုရားကြီးကတော့ ဒကာဒကာမအားလုံးကို ပကတိတည်ငြိမ်အေးချမ်းတဲ့ မျက်နှာနဲ့ မေတ္တာထားပြီး ဆက်ဆံပါတယ်။ အာလာပ သလ္လာပ ပြောခဲပါတယ်။ မာကြောင်း သာကြောင်းကလွဲလို့ ထူးထူးထွေထွေ မပြောဘဲ ဆိတ်ဆိတ်နေချိန် ပိုများပါတယ်။

ကျွန်တော်က စာရေးဆရာကြီးပါရုဂူကို အကြောင်းပြုပြီး ဆရာတော်ဘုရားကြီးဆီ ရောက်ခဲ့တာဆိုတော့ နောက်များမှာ ဒကာကြီးပါရုဂူ နေကောင်းလားဆိုတဲ့ ပဋိသန္ဓာရစကားကို ပြောလေ့ရှိပါတယ်။ ကျွန်တော် အိမ်မှာမရှိဘဲ နှစ်နဲ့ချီကာ အဝေးရောက်နေချိန်များမှာလည်း ကျွန်တော့်အိမ်သူကို ဒကာကြီး နေကောင်းရဲ့လားဆိုတာ လောက်တော့မေးတယ်လို့ ကျွန်တော့်အိမ်သူက ပြောပြပါတယ်။

ကျွန်တော်မရှိတဲ့ အချိန်များမှာ ကျွန်တော့်အိမ်မှာ အလှူအတန်းလုပ်လို့ သွားပင့်တိုင်း ဆရာတော်ဘုရားကြီးဟာ ဘယ်တော့မှ မငြင်းဘူး။ ဆရာတော်ဘုရားကြီးနဲ့အတူ ယခု ရွှေကျင်ကျောင်း ပဓာနနာယကဆရာတော် အရှင်ခေမာစာရလည်း အမြဲတမ်းလိုလို ပါလာတတ်ပါတယ်။ ကျွန်တော့်အိမ်က ရန်ကုန်မြို့လယ် တိုက်ခန်းတွေထုံးစံ ခပ်ကျဉ်းကျဉ်း၊ ထပ်ခိုးပေါ်မှာ ဘုရားစင်ထားပြီး သံဃာတော်များကို ထပ်ခိုးမှာပဲ ဆွမ်းကပ်လှူ တရားနာကြရတာပါ။ ထပ်ခိုးခန်းကို တက်တော့လည်း ခေါင်းငုံ့ဝင်ရသေးတယ်။ အဲသလို နေရာမျိုး ဖြစ်ပေမယ့် ဆရာတော်ဘုရားကြီးဟာ မိမိချီးမြှောက်ရမယ့် ဒကာရင်းတွေကို ဘယ်တော့မှ မငြင်းဘဲ မေတ္တာကရုဏာ ရှေ့ထားပြီး ကြွရောက်ချီးမြှင့်ပါတယ်။

၁၉၉၂ခု မေလ ကျွန်တော် ဒုတိယအကြိမ် အိမ်ပြန်ရောက်လာတုန်းက ဆရာတော်ကြီးဆီမှာပဲ ဒုလ္လဘရဟန်းခံပါတယ်။ ကျွန်တော့်ကို သိမ်ထဲမှာ နေရာချထားပေးတယ်။ ညပိုင်း ဝတ်ပြုချိန်များမှာ အခြားသံဃာများနဲ့အတူ ဆရာတော်ဘုရားကြီးရဲ့ ဆုံးမသြဝါဒတွေကို နာယူခဲ့ရတယ်။ နာယကဂုဏ်မြောက်တဲ့ အနေအထိုင် အပြောအဆိုတွေကို စံနမူနာအဖြစ် တွေ့ကြုံခဲ့ရပါတယ်။

ကျွန်တော့် စာအုပ်ထွက်တဲ့ အချိန်တိုင်းမှာ ဆရာတော်ဘုရားကြီးထံ ကိုယ်တိုင်ကိုယ်ကျ သွားပြီး ကပ်လှူပါတယ်။ တစ်ခါတလေလည်း ပုထုဇဉ်များသဘာဝအလျောက် ကျွန်တော် စိတ်တွေညစ်ညူးပြီး အာရုံတွေ စုစည်းလို့မရဘူးဆိုရင် ဆရာတော်ကြီးထံ သွားဖြစ်အောင် သွားလိုက်ပါတယ်။ ဆရာတော်ဘုရားကြီးမျက်နှာတော်ကို ဖူးမြော်လိုက်ရရင်ပဲ ကျွန်တော့်လေးလံနေတဲ့ စိတ်တွေ တစ်ဝက်လောက် ပေါ့ပါးသွားတယ်လို့ ခံစားလိုက်ရတယ်။ ဆရာတော်ရဲ့ အေးဆေးတည်ငြိမ်တဲ့ စကားသံကို ကြားလိုက်ရရင်ကျန်တဲ့ တစ်ဝက်ထဲက ထက်ဝက်လောက် ထပ်ပြီး လျော့ပါးသွား

ပါတယ်။ ဆရာတော်ဆီက ပြန်လာတဲ့အခါ ကျွန်တော့်ရင်ထဲ ပေါ့ပါးသွားသလို ခံစားရတယ်။ စိတ်ညစ်ညူးတာတွေ ကွယ်ပျောက်သွားတာကတော့ ကျွန်တော့် ကိုယ်တွေ့ပါပဲ။

အဲဒီတုန်းက ဆရာတော်ကြီးထံ ကျွန်တော်သွားရင် တိုက်အုပ်ဆရာတော် အရှင်ခေမာစာရဆီက သော့တောင်းပြီး ဆရာတော် စံကျောင်း အောက်ထပ်တံခါးကို ကိုယ့်ဘာသာ ဖွင့်ဝင်ခွင့် ရှိပါတယ်။ ပြီးတော့ အပေါ်ထပ် တက်သွားပါတယ်။ အပြင်ခန်းမှာ ခဏထိုင်ပြီး အသံလေး နည်းနည်း လောက်ပေးလိုက်ရင် ဆရာတော်က အိပ်ခန်းထဲကနေ ဘယ်သူလဲလို့ မေးပါတယ်။ ကျွန်တော်က တပည့်တော် မောင်ဝံသပါဘုရားလို့ လျှောက်ထားလိုက်ရင် ဝင်ခဲ့လေလို့ ခေါ်ပါတယ်။ ကျွန်တော်က ဆရာတော်ရဲ့ အိပ်ခန်းလေးထဲ အထိ ဝင်သွားတဲ့အခါ ဆရာတော် စကြိုလျှောက်နေရာက ကုတင်ပေါ်မှာ ထိုင်တယ်။ ပြီးရင် ကျွန်တော်က တင် လျှောက်စရာရှိတာကို တင်လျှောက်ပါတယ်။ ကျွန်တော့် စိန်းပါလာတဲ့အခါဆိုရင်တော့ ဆရာတော်ကအပြင်ခန်းကို ထွက်လာပြီး အကန့်တော့ခံပါတယ်။ အဲဒီအချိန်ကာလလေး တွေကို ပြန်ပြောင်းသတိရတိုင်း ကျွန်တော့်အနေနဲ့ ဆရာတော် ဘုရားကြီးရဲ့ အချိန်အခါမရွေး တည်ငြိမ်အေးချမ်းတဲ့ အမှု အရာကို မျက်စိထဲမြင်ယောင် နေမိပါတယ်။ သပြေကန် ဆရာတော်ဘုရားကြီးရဲ့ ပုံရိပ်ကို ကျွန်တော့်အာရုံထဲ စုစည်း မြင်ယောင်လိုက်တာနဲ့ ကျွန်တော့်စိတ်ထဲမှာပါ အေးခနဲဖြစ် သွားတယ်။ ငြိမ်းချမ်းသွားပါတယ်။ သူတော်ကောင်း မာတ် ကူးတယ်လို့ ပြောနိုင်မယ် ထင်ပါတယ်။

သပြေကန်ဆရာတော်ဘုရားကြီးရဲ့ ထေရပွတ္တိကို ဆရာကြီး ဒေါက်တာမင်းတင်မွန်က ရေးသားပြုစုပြီး ၁၉၉၉ ခုနှစ်က စာအုပ်ထုတ်ဝေချိန်မှာ ကျွန်တော် အပြင်မှာ မရှိပြန် ပါဘူး။ သို့ပေမယ့် အိမ်က မိသားစုက ပို့ပေးလို့ ဖတ်ရ ပါတယ်။ သာဓုလည်း ခေါ်မိပါတယ်။ သို့သော် စိတ်ထဲမှာ တော့ မနာလိုစိတ်လည်း ပေါ်မိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ တစ်နေ့တစ်ချိန်မှာ သပြေကန်ဆရာတော်ဘုရားကြီး ရဲ့ ထေရပွတ္တိကို ကျွန်တော် ရေးဖြစ်အောင် ရေးမယ်လို့ အားခဲထားပေမယ့် ကျွန်တော်က လောကဓံတရားတွေရဲ့ ရိုက်ပုတ်ချက်ကို အလူးအလဲ ခံနေခဲ့ရတာမို့ မရေးဖြစ်ခဲ့တဲ့ အတွက်ဖြစ်ပါတယ်။ တကယ်က ဆရာတော်ဘုရားကြီးရဲ့ တပည့်အရင်းအချာတွေထဲမှာ ကျွန်တော်ဟာ စာရေးဆရာ တစ်ယောက်လည်း ဖြစ်တယ်။ အတ္ထုပ္ပတ္တိ စာအုပ်တွေ အထူးသဖြင့် နိဒ်ဒေးအတ္ထုပ္ပတ္တိ စာအုပ်တွေအများကြီး ကျွန်တော်ရေးခဲ့တယ်။ တောင်မြို့ဆရာတော်ကြီး အရှင် ဓနကာဘိဝံသအကြောင်းလည်း စာတမ်းဖတ်၊ စာအုပ် ထုတ်ခဲ့တယ်။ သပြေကန်ဆရာတော်ဘုရားကြီးကို အနီးကပ် နှစ်အတော်ကြာ ဆည်းကပ်ခွင့်ရခဲ့ဖူးတယ်။ ဆရာတော်ကြီး ရဲ့ အကြောင်းထုပ္ပါတ်ထဲမှာ အပြင်လူအတော်များများ မသိရ သေးတဲ့ အချက်တွေကို မေးမြန်းစူးစမ်းလို့ ရနိုင်တဲ့ လက်ရှိ ဆရာတော် အရှင်ခေမာစာရနဲ့လည်း ကျွန်တော်က အလွန် မတန် ရင်းနှီးတဲ့ ဆရာဒကာတွေ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် ရေးမယ် ရေးမယ် အားခဲထားရာက မရေးဖြစ် လိုက်တာကို ဝမ်းနည်းနေမိတာပါ။ တစ်နေ့တစ်ချိန်မှာတော့ ဆရာတော်ဘုရားကြီးရဲ့ အကြောင်းထုပ္ပါတ်ကို ပို၍ ကျယ်ပြန့်တဲ့ ရှုထောင့်အမြင်များနဲ့ ရေးသားနိုင်ဖို့ ကျွန်တော် ကြိုးစားသွားပါမယ်လို့ ကတိပြုပါတယ်။

ယခု ကျွန်တော့်ရဲ့ တင်ပြချက်ဟာ သပြေကန် ဆရာတော်ဘုရားကြီးကို ကျွန်တော် ကုသိုလ်ကံကောင်း လှစွာဖြင့် ဆည်းကပ်ပူဇော်ခွင့်ရခဲ့ပုံကိုပဲ အဓိကထား၍ တင် ပြ ခဲ့တာဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ ဟောတရား၊ သဝါဒများ၊ ရေးသားပြုစုခဲ့တဲ့ စာအုပ်များအကြောင်းကို ပြောမယ်ဆိုရင် ၇ရက်၊ ၇လီ မဆုံးနိုင်အောင် ပြောလို့ရပါ သေးတယ်။ ယခုတင်ပြချက်မှာတော့ သပြေကန် ဆရာတော် ဘုရားကြီးကို ဆည်းကပ်ကိုးကွယ်ခွင့် ရခဲ့ခြင်းကြောင့် ကိုယ်စိတ်အေးငြိမ်းရတဲ့အကြောင်းကို တင်ပြရင်း ကြွရောက် လာကြတဲ့ သူတော်ကောင်းပရိသတ်များလည်း သောက ကင်းဝေးလျက် အေးငြိမ်းသာယာ ချမ်းသာကြပါစေလို၊ ဆုတောင်းလိုက်ပါတယ်ခင်ဗျား။

သတင်းစာဆရာ မောင်ဝံသ

အာဒိကမ္မိကသိရောမဏိ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင်နိကာယဥပဉ္ဇ္ဈာဋ္ဌ ကျမ်းပြုအကျော် သီလသုတစွယ်စုံ သပြေကန်ဆရာတော်ကြီးအား (၁၅)နှစ်မြောက် ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲတွင် ဖတ်ကြားသည်။

ဓာတ်တော်လေးပါးများ

ဘဒ္ဒန္တပညာသီရိဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ၊ သက္ကသီဟမွှာစရိယ၊ အစိုးရမွှာစရိယ၊

ပါဠိပါရဂူ

၁။ (ဘဒ္ဒန္တ) ဝါသေဋ္ဌာဘိဝံသော ၊
(ဝါသေဋ္ဌာ)ဘိ သိရိန္ဒရော ။
(ဘိဝံ)သော ဘဂျသမ္ပန္နော ၊
(သ)သီဝံ ဘာတိ ဘာကရော ။

ဝါသေဋ္ဌာဘိသိရိန္ဒရော - ကမ္ဘာတစ်ခွင် ဆရာရှင်ဟု ခေါ်တွင်သတ်မှတ် ဆရာမြတ်တို့ထက် မြင့်မြတ်စုံလင် ဂုဏ်အင်ပြည့်ဝ ဂုဏ်ပေါင်းခြ၍ သာသနာ့ဥဿော်ဘင် သာသနာ့ ကျက်သရေဆောင် ဖြစ်တော်မူထသော၊ **အဘိဝံသော** - ပထမသံဂါယနာတင် ဓုတင်တေရသဖက်မှ ဇေတဒဂ်ရထွတ်ထီး အရှင်မဟာကဿပ ရဟန္တာအရှင်မြတ်ကြီးနှင့် ဝိနည်းဘက် ဆိုင်ရာ ပြိုင်လာလျှင် ရှုံးလောက်အောင် တစ်ကမ္ဘာလုံး အတုမရှိ ဥပါလိမထေရ်နှင့် အဆက်အနွယ် မပျက်ပြယ်ဘဲ စင်ကြယ်ခိမိုင်း ရွှေကျင်ဂိုဏ်း ဥပဉ္ဇ္ဈာဋ္ဌ သာသနာ့အဆက်အနွယ် စင်ကြယ်မြင့်မြတ်တော်မူပေထသော၊ **အဘိဝံသော** - ကမ္ဘာအစ ဗြဟ္မာကလျှင် မဟာသမ္မတနွယ်ရိုး ကမ္ဘာစိုးခဲ့သည့် မဟာမျိုး မဟာနွယ် စင်ကြယ်သော မိဘအမျိုးအနွယ် ရှိပေထသော၊ **ဘဂျသမ္ပန္နော**-ရန်ကုန်မြို့ထက်ဗွေ ကနက်မြေဝယ် ကျက်သရေရှိန်ဝါ ထိန်ထိန်သာ၍ ဝတီသာလော နိမ္မာလောဟု တွေးတောထင်မှား စိတ်ဝင်စားလောက်အောင် ကြီးမားဖိတ်လှဲ ကျောင်းဗိမာန်တို့ကို စီမံဖန်တီး ဘုန်းကံ ကြီးတော်မူပေထသော၊ **ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသော** - ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ နိုင်ငံတော်ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ပြည်ထောင်စု ဆရာသခင် ရွှေကျင်နိကာယ ဥပဉ္ဇ္ဈာဋ္ဌ ကျမ်းပြုအကျော် ပုဇွန်တောင် ရွှေကျင် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက သပြေကန်ဆရာတော်ဘုရားကြီးသည်၊ **သသီ ဝိယစ** - ကမ္ဘာသူ,ကမ္ဘာသား လူအများတို့ ရှုစားမဝ ရောင်အေးမြသည့် ကမ္ဘာ့ဆည်းဆာ လစန်းရတနာ ကဲ့သို့လည်းကောင်း ၊ **ဘာကရောဝိယစ** - ကမ္ဘာတိုက်ဘောင်မှာ အမိုက်မှောင် ဟူသမျှတို့ကို မြူမျှမကျန် တွန်းလှန်ဖြိုခွင်း ရှင်နေမင်းကြီး ကဲ့သို့လည်းကောင်း၊

ဘာတိ-ဤကမ္ဘာ ထက်ဗြေမှာ ကြည်သဒ္ဓါ မက်မပြေအောင် ကျက်သရေရောင် တဝင်းဝင်းဖြင့် ထွန်းလင်းတောက်ပတော်မူပေထသော၊ **ဘာတိ** - သာသနာ့ ထက်ကောင်းကင်မှာ စက်ဒေါင်းယာဉ် နေလန္ဓန်းကဲ့သို့ ကမ္ဘာလုံးထက်ဝေ သမ္ဘာဘုန်းလက်ဝေ အသာဆုံး ကျက်သရေ တက်ဝေဝေမြင့်မား ဂုဏ်ဝင့်ကြွားကာ ထင်ရှားတောက်ပတော်မူပေသတည်း။

၂။ **(အာဘိ)ဒွစော ဂဏိသရော၊**
(ဓ၀)ဂ္ဂေါ ဂန္ဓကာရကော။
(မဟာ)ထေရော မဟာတေစော၊
(ရဋ္ဌဝုရ)တိ ပါကဋော။

အာဘိဒွစော - သီလ,သမာဓိ,ပညာ သာသနာဝယ် ကဲသာထူးချွန် သာသနာ့အောင်လံ တံခွန်ရှိပေထသော၊ **ဂဏိသရော**၊ အင်ကြင်ခက်ကြိုင်း ရွှေကျင်ဂိဏ်းဟု သမိုင်းဝေလွင် နှိုင်းနေသွင်သို့ ဂိဏ်းရွှေကျင်ဦးကိုင်တွဲဖက်သာသနာပိုင် ဖြစ်တော်မူပေထသော၊ **ဓ၀ဂ္ဂေါ** - သီလ,သမာဓိ,ပညာ သိက္ခာသုံးတန် သာသနာ့အောင်လံကို နဘံမိုးမြင့် ဖြိုးဖြိုးတင့်အောင် ဝင့်တလူလူ လွှင့်ထူတော်မူနိုင်ပေထသော၊ **မဟာတေစော** - လက်ဝဲတော်ရံ ဘွဲ့ထူးခံ၍ မိုးပျံမြေလျှိုး တန်ခိုးတောက်လျှံ အရှင်မောဂ္ဂလာန်ကဲ့သို့ ဘုန်းကံမြင့်မား တန်ခိုးတော်ဝင့်ကြွား၍ ထင်ရှားတော်မူပေထသော၊ **မဟာထေရော**-ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေကျင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်တွဲဖက်သာသနာပိုင် ကမ္ဘာတိုင်ကျော်ကြား သပြေကန်ဆရာတော်ဘုရားကြီးသည်၊ **ဂန္ဓကာရကော** - ပရိတ်ကြီးနိသယသစ်၊ ဥပါသကာဂုဏ်ရည်၊ သပြေကန် တရားပေါင်းချုပ်စသော ကျမ်းစာအုပ်တို့ကို ရေးသားပြုပြင် ဂန္ဓကာရက ပညာရှင်ဖြစ်တော်မူ၍ ၊ **မဟာရဋ္ဌဂုရုတိ** - နိုင်ငံတော်အစိုးရမင်းတို့က ဝပ်စင်းဦးခိုက် ပူဇော်ထိုက်သည့် မကိုဋ်ဥဿျောင် သာသနာ့ကျက်သရေဆောင် အဘိဓဇမဟာရဋ္ဌဂုရု ပြည်ထောင်စု ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူ၍၊ **ပါကဋော** - ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး ကြည်ညိုလို့ မဆုံးနိုင်အောင် အမြတ်ဆုံး အသာဆုံး ထေရ်အရှင်တစ်ပါးဟူ၍ ထင်ရှားကျော်ကြားတော်မူပါပေသတည်း ။

၃ ။ **ဂုဏာကရံ မဟာထေရံ ၊**
အနုဗ္ဗသံ အနုသရံ ။
အဂ္ဂပုညံ သဂ္ဂါရဋ္ဌံ ၊
ပူဇေမေ ဂုဏသမ္ပဒံ ။

ဂုဏာကရံ - သီလမှာ အသာမရှိ သမာဓိမှာ မယှဉ်သာ ပညာမှာ မနှိုင်းအပ် ဂိဏ်းမြတ်ရွှေကျင် ဂုဏ်အင်ပြည့်ဝ ဂုဏ်ပေါင်းခတော်မူထသော၊ **မဟာထေရံ** - နိုင်ငံတော်ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယဥပဇ္ဈာဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် ကမ္ဘာတိုင်ကျော်ကြား သပြေကန်ဆရာတော်ဘုရားကြီးကို၊ **အနုဗ္ဗသံ** - နှစ်စဉ်နှစ်တိုင်း၊ အနုသရံ(အနုသရန္တော) ယနေ့တိုင်လည်း မမေ့နိုင်ဘဲ အမြဲတောင့်တ သတိရကြသည်ဖြစ်၍၊ **သဂ္ဂါရဋ္ဌံ**-ချမ်းသာပြည့်စုံ ထက်နတ်ဘုံသို့ ခိုလှုံတက်လှမ်းနိုင်ပေထသော၊ **အဂ္ဂပုညံ** - ဒါန,သီလ,ဘာဝနာ သာသနာဝယ် ရတနာ အမျိုးမျိုး အနုဂါမိက ရွှေအိုးတို့ကို စိုက်ပျိုးမြူပြံနှံ အဓိဋ္ဌာန်ဖြင့် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှု ကုသိုလ်အပေါင်းကို၊ **မယံ** - သာသနာ့စက်ရှိန် လက်လက်ထိန်၍ ဂုဏ်သိရှိတင့်ရေး ပစ္စည်းလေးဖြင့် အားပေးစောင့်ရှောက် ချီးမြှောက်ပျော်ရွှင် သူတော်စင်တပည့်တော်တို့သည်၊ **ပူဇေမေ** - လက်အုပ်အဋ္ဌလီ တင်ကာချီ၍ ရွှင်ကြည်သဒ္ဓါ စေတနာဖြင့် ကောင်းစွာကော်ရော် ပူဇော်ကြပါကုန်၏ အရှင်ဘုရား ၊ **ပူဇေမေ** - ထူးလှသည့် ဆရာရှင် ဦးချပဏာတင် ထာဝစဉ်မှန်းဆတမ်းတ လွမ်းမဝဘဲ ဂါရဝကော်ရော် ပူဇော်ကြပါကုန်၏ အရှင်ဘုရား ။

ဘဒ္ဒန္တပညာသီရိဘိဝံသ
မဂ်လာဗိမာန်ကျောင်းဆရာတော်

ဂုဏ်ပေါင်းဝန်းဂုံ သပြေကန်

၁၆ ကြိမ်မြောက် ဂုဏ်ရည်ပူဇော်ပွဲတွင် ဖတ်ကြားပူဇော်သည်။

၁၃၇၂-ခုနှစ် တပို့တွဲလဆန်း ၉ ရက် (စနေနေ့) ၁၂-၂-၂၀၁၁

စကားခင်း ။ ယနေ့ အာဒိကမ္မိကသိရောမဏိ၊ အဘိဓေ မဟာရဋ္ဌဂုရု၊ ရွှေကျင်နိကာယ ဥပဥဏ္ဏ ကျမ်းပြုအကျော်၊သီလသုတအရာမှာတစ်သာသနာလုံးက စံထားရာဖြစ်သော သပြေကန်ဆရာတော်ဘုရားကြီးအား (၁၆)ကြိမ်မြောက် ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲမှာ "ဂုဏ်တွေ ဝန်းရံ သပြေကန်" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောပြောပူဇော်ဖို့ ဘုန်းကြီး တာဝန်ကျရောက်လာပါပြီ ။

ယနေ့ သပြေကန်ဆရာတော်ကြီးကို သက်တော် အားဖြင့် ကြည့်မယ်ဆိုရင် နှစ်တစ်ရာပြည့်ပါပြီ။ ဘဝနတ်နန်း စံမြန်းတာဆိုရင်(၁၆)နှစ်ပါ။ ဘဝနတ်နန်း စံမြန်းတယ်လို့ ပြောလိုက်တော့ စကားက မှားများသွားမလား၊ နိမ့်သွားလေ မလားဘဲ၊ ဗြဟ္မာနန်းကို ကြွသွားတယ်ဆိုရင် သင့်တော်လေ မလား၊ ဒါမှမဟုတ် နိဗ္ဗာန်ဘုံကို ခိုလှုံသွားပြီ ဆိုရင်ကော အမှန်တရားလား၊ ကွဲပြားသွားအောင် ခွဲခြားပြီး မပြောတတ် သေးပါဘူး၊ ဘုန်းကြီးအထင် ဘုန်းကြီးအမြင်နှင့် ခမ်နိမ့်နိမ့် လေး ပြောရမယ်ဆိုရင်၊ ဗြဟ္မာနန်းကို ကြွသွားတယ်...လို့ ပြောလိုက်ချင်ပါတယ်။ ဘာကြောင့်လဲလို့ဆိုရင် ဆရာတော် ဟာ -

အရှင်ဓမ္မာစာရ(အင်္ဂမဟာပဏ္ဍိတ)

ထက်မြက်တဲ့ ဉာဏ်ပညာရှိတယ် ။
ကိလေသာတို့မှ ဝေးကွာတော်မူတယ် ။
သီလသိက္ခာအထူး လုံခြုံတယ် ။
မေတ္တာတရား အမြဲထားတယ် ။
စသည်စသည် အကြောင်းတွေပေါ့လေ ၊ ဒါကြောင့်ဘဝနှုတ်
နှုန်း စံမြန်းသည်လို့မဆိုဘဲ ဗြဟ္မာနှုန်းကို ကြွသွားတယ်
ဆိုရင် နီးစပ်တဲ့ အဖြေမှန်လို့ ဘုန်းကြီး ထင်ပါတယ် ။
အတူပူတော် ။ ထားပါတော့ အခု ဘုန်းကြီးတာဝန်ကျ

လောကအားလုံး အပေါ်မှာလည်း
မေတ္တာထားတယ်၊ တရားကိုလည်း
ဆည်းပူးတယ်၊ ဆည်းပူးသည့်အလျောက်လည်း
ပေါက်မြောက်တယ်၊ လောကကိုလည်း
အကျိုးပြုတယ်၊
သာသနာတော်ကိုလည်းအကျိုးပြုတယ်၊

တာက "ဂုဏ်ပေါင်းဝန်းရဲ့ သပြေကန်" ဆိုတဲ့ခေါင်းစဉ်နဲ့ ဆရာတော်ကြီးကို ပူဇော်ဖို့တာဝန်ပါ။ ဘုန်းကြီး တာဝန် ဆိုပေမယ့် အခု ဒကာ ဒကာမများနှင့် ဘုန်းကြီးတို့ဟာ အတူတကွ ပူဇော်ကြတာမို့လို့ ဒကာ, ဒကာမများနဲ့ ဘုန်းကြီး တို့ဟာ သဟပုညကာရီ ၊ သဟ အတူတကွ၊ ပုညကာရီ ကောင်းမှု ပြုဖက်တွေ ဆိုတော့ စိတ်နဲ့လည်း ပူဇော်ကြသလို နှုတ်နဲ့လည်း ပူဇော်ကြပါ။ လိုက်ပြီးဆိုကြပါနော် ...။

၁။ ငါးမာရ်အောင်မြင် ဘုရားရှင် ဦးတင်ပူဇော်ပါသည် ဘုရား။
၂။ ချမ်းသာပေးတတ် တရားမြတ် ဆည်းကပ်ပါ၏ဘုရား။
၃။ တရားဆောင်ထား သံဃာအား ဝတ်တွားပါ၏ဘုရား။
၄။ ဂုဏ်တွေဝန်းရံ သပြေကန် နီစွဲပူဇော်ပါ၏ဘုရား။
၅။ သပြေကန်ထေရ မြတ်ဂုဏ ဦးချပူဇော်ပါ၏ဘုရား။
၆။ ထေရ်ရှင်၏ဂုဏ် စွဲမြဲယုံ စိတ်ဝယ်ထုံကြပါသည်ဘုရား။

၇။ ရာပြည့်ရာကျော် ဆရာတော် မှန်းချော်ပူဇော်ပါ၏ဘုရား။
၈။ ရည်မှန်းပူဇော် မြတ်ပွဲတော် နွဲ့ဖျော်ပါသည်ဘုရား။

သပြေကန်မည်ရ ၊ မြတ်ထေရ၏ ၊
သီလ,သမာ၊ ထက်ပညာဟု၊ ဂုဏ်ပေါင်းထုကို၊
တပည့် ဒကာ၊ ပေါင်းစုကာဖြင့်၊
လေးမြတ်ကော်ရော်၊ ပူဇော်ကြရာ၊ စေတနာနှင့်၊
သဒ္ဓါဗလ၀၊ မြတ်ပုညကား၊
ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ သမ္မတ္တိတို့၊
ရရှိဖြိုးလက်၊ အကျိုးထွက်သည်၊
တိုးတက်စေဖို့ပါ-- ဘုရား ..... ။

အားလုံး လက်အုပ်လေးတွေ ချီပြီးတော့ မိမိတို့ ကျန်းမာရေးနှင့်မျှတအောင် သက်တောင့်သက်သာ ပူဇော် နာယူနိုင်ကြပါပြီ ။ စ,ကြ,ရ,အောင်နော် ....

ရှားပါးပုဂ္ဂိုလ် နှစ်ဦး ။ ယနေ့ ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲကို သုံးသပ်မည် ဆိုလို့ရှိရင် ဘုန်းကြီးတို့လောကမှာ ရှားပါးသည့် ပုဂ္ဂိုလ်နှစ်ဦးကို တွေ့ရတဲ့ပွဲ၊ ရှားပါးသည့် ပုဂ္ဂိုလ်နှစ်ဦးတို့ ဆုံရကြုံရသည့်ပွဲပဲလို့ အဲဒီလို ဘုန်းကြီး နိဒါန်းအနေနဲ့ ပြောချင်ပါတယ်၊ ပြောလို့ရပါတယ် ။ ရှားပါးတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်လဲလို့ မေးလို့ရှိရင် တိပိဋကတ(ယော)ဆရာတော်ကြီးက မိန့်ကြားတယ်၊

"လာဘ်လည်းမဖက်၊ ဂုဏ်မမက်ပါ၊
မေတ္တာရွှေထား၊ တရားဆည်းပူး၊
စွမ်းရည်ထူးဖြင့်၊ ကျေးဇူးပြုတတ်၊
ပုဂ္ဂိုလ်မြတ်၊ မချွတ်ရခဲသည် .... တဲ့။

လောကမှာ လာဘ်လာဘလည်း မဖက်ဘူး၊ လောကဂုဏ်ကိုလည်း မမက်ဘူး၊ အားလုံးအပေါ်မှာ အညီအမျှ မေတ္တာတရားလည်းထားတယ်၊ တရားလည်း ဆည်းပူးတယ်၊ ဆည်းပူးသည့်အတိုင်း တရားတော်ကြောင့် စွမ်းရည်ထူးလည်း ရှိတယ်၊ စွမ်းရည်ထူး ရှိသည်နှင့်အမျှ လောက လူအများကိုရော သာသနာကိုရော ကျေးဇူးပြုတယ်၊ အဲ ဒီပုဂ္ဂိုလ်ဟာ လောကမှာ တကယ်ရှားပါးတဲ့ ပုဂ္ဂိုလ်ပဲ၊ အဲဒီ ရှားပါးတဲ့ ပုဂ္ဂိုလ်ကို ယနေ့ ဘုန်းကြီးတို့တတွေ တကာ တကာမတို့

တစ်တွေ တွေ့ရတယ်လေ၊ အဲဒါ ဘယ်သူလဲလို့ မေးရင် သပြေကန်ဆရာတော်ကြီးပေါ့ ။

ဟုတ်တယ်လေ သပြေကန်ဆရာတော်ကြီးဟာ တကယ့်ကို လာဘ်လာဘကိုလည်း လိုလားတာ မဟုတ်ဘူး။ လောက ပကာသန ဘာဂုဏ်မှ မမက်မော မတွယ်တာဘူး။ လောကအားလုံး အပေါ်မှာလည်း မေတ္တာထားတယ်၊ တရား ကိုလည်း ဆည်းပူးတယ်၊ ဆည်းပူးသည့် အလျောက်လည်း ပေါက်မြောက်တယ်၊ လောကကိုလည်း အကျိုးပြုတယ်၊ သာသနာတော်ကိုလည်းအကျိုးပြုတယ်၊ ဆရာတော်အကျိုး ပြုလို့ လောကလူသားများ အသိဉာဏ်ရကြတယ်၊ သာသနာ အတွက် စာသင်သားများသာမက ပညာရှင်လို့ ဆိုတဲ့ ဆရာတော်,သံဃာတော်ကြီးများပါ အသိဉာဏ် တိုးတယ်။ ဒါကြောင့် သပြေကန်ဆရာတော်ဟာ လောကမှာ တကယ် ရှားပါးတဲ့ ပုဂ္ဂိုလ်ကြီးပါ၊ ထင်ရှားတယ်နော်။

တိပိဋကဓရ(ယော)ဆရာတော်ကြီး မိန့်ကြားတော် မူသေးတယ်-

"အသိမြင့်မား ၊ တရားဆည်းပူး ၊
စွမ်းရည်ထူးကြောင့် ကျေးဇူးသိတတ် ၊
ထုတ်ဖော်လတ် ၊
လူမြတ်ကိုလည်း ရခဲသည် "။

နောက် ရှားပါတဲ့ ပုဂ္ဂိုလ်တစ်ဦး ရှိသေးတယ်၊ မူလပဋိသန္ဓေကပင် အသိဉာဏ်ပါလာပါလာ၊ ဒါမှမဟုတ် ဆရာသမားတို့ရဲ့ အသိဉာဏ်ပေးမှုကြောင့် အသိဉာဏ် မြင့်မားမယ်၊ တရားဆည်းပူးမယ်၊ တရားဆည်းပူးခြင်းကြောင့် အထိုက် အလျောက် စွမ်းရည်ထူးရှိမယ်၊ သူတပါးရဲ့ ကျေးဇူးတရား ကိုလည်းသိမယ်၊ သိပြီးတော့ ထိန်ဝှက်မထားဘူး၊ ထုတ်ဖော် ပြောကြားမယ့်သူဟာလဲ လောကမှာ ရှားပါးတဲ့သူပဲ။

ဒီတော့ ယနေ့ ဒကာ,ဒကာမကြီးတို့ ဘုန်းကြီး တို့တစ်တွေဟာ သာသနာတော်ရဲ့ကျေးဇူး၊ သပြေကန် ဆရာ တော်ကြီး ကျေးဇူးများကြောင့် အထိုက်အလျောက် အသိ ဉာဏ်ရှိကြတယ်၊ တရားဆည်းပူးခွင့်လည်း ရကြတယ်၊ သပြေကန်ဆရာတော်ကြီးရဲ့ ကျေးဇူးဂုဏ်တွေကိုသိလို့ ထုတ် ဖော်ခွင့်ရတယ်၊ ထုတ်ဖော်ကြတယ်၊ ချီးကျူးခွင့်ရတယ်၊ ချီးကျူးကြတယ်၊ ပူဇော်ခွင့်ရတယ်၊ ပူဇော်ကြတယ်၊ သာသနာတော်ကို အဓိကထားပူဇော်ကြတယ်။ ဒါကြောင့် ဒကာ-ဒကာမကြီးတို့ ဘုန်းကြီးတို့တတွေဟာ ရှားပါးတဲ့ ပုဂ္ဂိုလ် စာရင်းမှာ ပါဝင်တာပဲ၊ ယနေ့ ပွဲကို လောကမှာ ရှားပါးတဲ့ ပုဂ္ဂိုလ်နှစ်တို့ တွေ့ဆုံတဲ့ပွဲလို့ ဆိုရင်လဲ မလွဲနိုင်ပါဘူး။

"ပုဂ္ဂိုလ်ထူးများ ၊ပေါ်လာငြားရှိ၊
အများတကာ ၊ ရွှင်လန်းပါ ၊
ချမ်းသာကြရသည်..." ။တဲ့

(ယော)ဆရာတော်ကြီးပဲ သပြေကန်ဆရာတော်နှင့် စပ်ပြီး မိန့်ကြားတာပဲ။ ရှေးဦး ကျေးဇူးပြုတဲ့ ဒို့ အရှင်မြတ်ကြီးကို ကျေးဇူးကို ထုတ်ဖော်ပူဇော်မှဟာ လောကမှာ ချမ်းသာ ကြောင်း အစစ်ပါ၊ ယနေ့ ဘုန်းကြီးတို့နဲ့ ပရိသတ်ကြီးတို့ဟာ တကယ့် ချမ်းသာကို ရအောင်ယူတာပါလို့။ ဘုန်းကြီးရဲ့ ဒီစကားဟာ ဇကန်ပြောတဲ့ စကား၊ ရဲရဲဝံ့ဝံ့ပြောတဲ့ စကား၊ လက်ရုံးကို ဆန့်တန်းပြီး ပြောတဲ့စကား၊ လက်မကို ထောင်ပြီး ပြောတဲ့စကား၊ ရင်ကို ကော့ပြီး ပြောတဲ့စကား ။

သပြေကန်ဆရာတော်ကြီးကို
"စန္ဒကူးအစစ် နံ့သာနှစ်"လို့
ဥပမာပေး တင်စားရတာ
သိပ်ကို အရသာရှိ
သိပ်ကို မြိန်ရေ ယှက်ရေ ရှိတာပဲ ။

ပြောလို့ မဝ။ ထားပါတော့လေ အခု ပြောရမှာက ဆရာတော်ကြီးရဲ့ ဂုဏ်နဲ့စပ်ပြီး ပြောရမှာ၊ ဘုန်းကြီး ဆရာတော်ကြီးရဲ့ ဂုဏ်နဲ့စပ်ပြီး အတော်များများ ပြောခဲ့ပါတယ်၊ အခု ဂုဏ်ပြုပူဇော်ပွဲဟာ (၁၆)ကြိမ်မြောက် ဆိုတော့ ဘုန်းကြီး မပြောဖြစ်တာ အခု ပလ္လင်ပေါ်မှာ သီတင်းသုံးနေတဲ့ ကထိကရဟန်းလို့ နိုင်ငံတော်က သိတဲ့ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယက အကျိုးတော်

ဆောင်လည်းဖြစ် နိုင်ငံတော် သံဃမဟာနာယက အဖွဲကြီး ရနိုင်လောက်ပါသေး၏၊ ဘုရားရှင်ရဲ့ ဂုဏ်တော်တို့ကိုကား မှာလည်း တွဲဖက်အကျိုးတော်ဆောင်ဖြစ်တဲ့ ဆရာတော် ဟောပြောတဲ့ နှစ်ကရယ်၊ ဆရာတော် အရှင်အဂ္ဂညာနာဘိဝံသ ဟောပြောတဲ့ နှစ်ကရယ်၊ (၁၄)ကြိမ်မြောက်က ကျောင်း ရေစက်ချပွဲနဲ့ကြုံတဲ့နှစ်ကရယ် ၊ ဒီသုံးနှစ်ပဲ မဟောဖြစ်တာ၊ ကျန်တဲ့နှစ်တွေမှာ နှစ်စဉ်နှစ်တိုင်း ဟောပြောခဲ့တာချည်းပဲ၊ ဒီနှစ်မှာဆိုလို့ရှိရင် သပြေကန်ရွာမှာ ဆရာတော်ကြီးရဲ့ နှစ်တစ်ရာပြည့် အထိမ်းအမှတ်လုပ်လို့ ဟောပြောခဲ့ရသေးတယ်။ ဘယ်လောက်ပဲ ဟောဟော ပြောပြော ဟောလို့ ပြောလို့ကို မစုံနိုင်ဘူး၊ ပူဇော်လို့ မကုန်နိုင်ပါဘူး၊ သပြေကန် ဆရာတော်ကြီးရဲ့ ကျေးဇူးဂုဏ်တွေက သိပ်ကိုများတာ၊ ဟောရတာလဲအားမရ၊ ပြောရတာလဲ ဝ,ကို မဝခဲ့ဘူး။

ပမာပြုမှုလေး ။ ဆိုကြပါစို့၊ ဘုရားရှင်တော်မြတ် လက်ထက်တော်က အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ပူဇော်ရာမှာ၊ "သမုဒ္ဒရာရှိရေကို ရေတွက်သော် ရသော် ရနိုင်ကောင်းပါ၏၊ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ရေတွက်လို့ မရနိုင်ပါတဲ့။ မဟာပထဝီမြေကြီးကို ချိန်ခွင်ဖြင့်ချိန်သော် ချိန်ဆ၍ မရနိုင်ပါ။ ကောင်းကင်ပြင်ကြီးကို ကြိုးဖြင့် တိုင်းတာသော် ဖြစ်နိုင်ဖွယ် ရှိပါ၏၊ ဘုရားရှင်ရဲ့ ဂုဏ်တော်တို့ကား တိုင်းတာလို့ကို မဖြစ်နိုင်ပါတဲ့" ။

ဒါက အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ပူဇော်ရာမှာ လျှောက်ထားတဲ့ စကားနော်၊ ဘုန်းကြီးလဲ တိုင်းတာတာ မဟုတ်ပါဘူး၊ ပမာပြုချင်တာပါ၊ ဘုန်းကြီးလဲပဲ "သမုဒ္ဒရာရှိရေကို ဂါလံ ဘယ်လောက် ကီလိုဂရမ် ဘယ်လောက်လို့ သိပ်ပဲပညာများက သိပ်ကိရိယာနဲ့ တိုင်းတာလို့ တိုင်းတာလို့ ရချင်ရမယ်၊ သပြေကန်ဆရာတော်ဂုဏ်ဟာ ဘယ်ရွေ့ဘယ်မျှလို့ တိုင်းတာလို့ ရမယ်မထင်ပါဘူး၊ မဟာပထဝီမြေကြီးဟာ ဘယ်မျှ လေးတယ်၊ ဘယ်လောက် ထုထယ်ကြီးမားတယ်၊ သိပ်ပဲကရိယာနဲ့ပဲ ဒါမှမဟုတ် အာကာသဉာဉ်တန်ခိုးနဲ့ပဲ ချိန်ဆလို့ ရချင်ရပါလိမ့်မယ်၊ သပြေကန်ဆရာတော်ရဲ့ဂုဏ်တော်ဟာ ဘယ်မျှ ထုထယ်ကြီးမားတယ်၊ ဘယ်မျှ လေးနက်တယ်၊ ဘယ်သိပ်ပဲ ကိရိယာ ဘယ်တန်ခိုးနဲ့မှ တိုင်းလို့,ချိန်ဆလို့ မရနိုင်ပါဘူး၊ ကောင်းကင်ပြင်ကြီး ဘယ်မျှ ကျယ်တယ်ဆိုတာ အဝေး

ကြည့် မှန်ပြောင်းတွေနဲ့ စကြဝဠာ ဂြိုဟ်တွေကို လှမ်းကြည့်ပြီး တွက်ဆလို့ ရချင်ရမယ်၊ သပြေကန်ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေ ပညာဉာဏ်တွေဟာ ဘယ်မျှ ကျယ်ပြန့်တယ်လို့ တွက်ဆလို့ကို မရနိုင်ပါဘူး။

ဘုရားလောက်ကြည်ညို ။ နောက်တစ်မျိုး ကြည့်မယ်ဆိုရင် ဘုန်းကြီးတို့ သပြေကန် ဆရာတော်ကြီးကို "စန္ဒကူးအစစ် နဲ့သာနှစ်" လို့ ဟို နှစ်တွေက တင်စား ပူဇော်ခဲ့ပါတယ်။ တကယ့် စန္ဒကူးအစစ် နဲ့သာ အနှစ်ဟာ ဘယ်ပိုင်းက မမွှေးဘူး၊ ဘယ်ပိုင်းကမှ,မွှေးတယ်၊ ဒီလိုပြောလို့မရဘူး၊ စန္ဒကူးအစစ် စန္ဒကူးနှစ်ဟာ အပိုင်းတိုင်းကို မွှေးတာပဲ၊ မမွှေးတဲ့ အပိုင်းရယ်လို့ကို မရှိဘူး။

ဒီလိုပါပဲ သပြေကန်ဆရာတော်ကြီး ဘဝကို အပိုင်းသုံးပိုင်းနဲ့ ကြည့်မယ်ဆိုရင် သပြေကန်ဆရာတော်ဟာ သာမဏေဝတ်က စပြီး ကိုရင်ဘဝကို ကြည့်မယ်ဆိုရင်လဲ သီလဖက်မှာလဲ သတင်းက မွှေးလျက်ပဲ၊ သမာဓိဖက်က ကြည့်မယ်ဆိုရင်လဲ အများရဲ့ လေးစားမှုကို ခံနေရတာပဲ၊ ပညာဘက်က ကြည့်မလား ရွှေကျင်ဂိုဏ်းစောင့် ဆရာတော်ကြီးတော်တွေရဲ့ အားပေးမှု,အားကိုးမှု,မျှော်လင့်မှုကို ခံရလို့ သူ့ရဲ့ နယ်ပယ်မျှသာ မကဘူး၊ မြန်မာပြည် သံဃာ့လောကသာသနာ့လောကမှာ ရွှေကျင်,သုဓမ္မာမရွေး သတင်းက မွှေးနေတာပဲ။ အားကျစရာပဲ၊ ကြည်ညိုစရာပဲ၊ ပါရမီနဲ့ လာတာကိုးတဲ့။

ရဟန်းငယ်ဘဝ စာသင်စဉ်အပိုင်းကို ကြည့်လိုက်ဦး။ သီလကို ဘယ်လိုမှ အစွန်းအထေးမရှိ၊ အညစ်မခံ၊ အပွန်းအပဲ့ မရှိစေခဲ့၊ သမာဓိကို အတိမ်းအစောင်းမပြု၊ စာချဆရာတော်ဘဝ၊ နာယက ပမာနနာယကဆိုတဲ့ အပိုင်းကြည့်လိုက် သပြေကန်ဆရာတော်ဟာ သီလဖက်မှာရော သုတဖက်မှာရော မြန်မာ့သာသနာမှာ စံထားစရာပုဂ္ဂိုလ်တစ်ဦးလို့ သတင်းက မွှေးလျက်မွှေးလျက်ပဲ ။

ဒါကြောင့် အချို့ဆရာတော် သံဃာတော်များက ပြောကြတယ်၊ "ဒို့က သပြေကန် ဆရာတော်ကို ဘုရားလောက်ကိုပဲ ကြည်ညိုတာ" လို့ ပြောကြတယ်။ ဟိုနေ့ညက တရားချီးမြှင့်သွားတဲ့ ဓမ္မဒူတ ဇေတဝန်တောရ ဆရာတော် အရှင်ဆေကိန္နကလဲ " ဒို့က သပြေကန်ဆရာတော်ကို ဘုရားလောက်ကိုပဲ ကြည်ညိုတယ်" လို့ ပြောကြားသွားတာ။ တရားနာပရိသတ်များ အသိပဲ၊ ဆရာတော်အရှင်ဆေကိန္နတွင် မဟုတ်ပါဘူး အခြားအခြားသော ဆရာတော်တွေ မိန့်ကြားတာကိုလဲ ဘုန်းကြီးတို့ကိုယ်တိုင် ကြားခဲ့ဖူးပါတယ်၊ ဒါကြောင့် သပြေကန်ဆရာတော်ကြီးကို "စန္ဒကူးအစစ် နဲ့သာနှစ်" လို့ ဥပမာပေး တင်စားရတာ သိပ်ကို အရသာရှိသိပ်ကို မြိန်ရေ ရှက်ရေ ရှိတာပဲ ။

အဲ ဒီလောက် ဆရာတော် သံဃာတော်များက တစ်နည်းပြောရရင် ပိုင်းခြားသိမြင် ဝေဖန်တတ်တဲ့ သူများက လေးစားကြကြည်ညိုကြတဲ့ သပြေကန်ဆရာတော်ဟာ ဂုဏ်တွေ ဘယ်လောက် ရှိတယ်၊ ဘယ်မျှ များပြားတယ်လို့ ဘုန်းကြီးတို့ မပြောနိုင်ဘူး၊ မပြောဝံ့ဘူး၊ မပြောရဲဘူး၊ ပိုင်းခြားမရဘူး၊ ပရိသတ်အနေနဲ့ မှန်းဆလို့သာ ကြည့်ကြပါတော့လို့သာ ပြောရတော့မှာပေါ့ ။

ဆန္ဒလေးတွေ ။ ဘုန်းကြီးတို့ သပြေကန်ဆရာတော်ရဲ့ အကြောင်း ဟောပြောတဲ့ နေရာမှာ သပြေကန်ဆရာတော်ဟာ သီလပိုင်းနဲ့စပ်ပြီး ဝိနည်းတရားကို ဘယ်မျှ အရေးထားတယ်၊ ဘယ်လိုရှိသေတယ် ပြောချင်တာပဲ၊ သမာဓိနဲ့စပ်ပြီး ထင်သမျှ မြင်သမျှ တင်ပြချင်တာပဲ၊ လောကဓံကို ခံနိုင်ရည်ရှိပုံ အကောင်းလောကဓံနှင့် တွေ့တော့လဲ ခံနိုင်ရည်ရှိပုံနဲ့ အဆိုးလောကဓံနဲ့ ကြုံတဲ့အခါလဲ မတုန်လှုပ်ပုံကို ပြောချင်တာပဲ၊ ပညာအားဖြင့် မည်မျှ နက်ရှိုင်းကျယ်ပြန့်တယ် ဆိုတာလဲ သိသမျှလေးနဲ့ ပူဇော်ချင်တာပဲ၊ ဒကာ,ဒကာမများနဲ့ တစ်လောကလုံးကို ဘယ်လို မေတ္တာထားတယ်ဆိုတာလဲ ချန်မထားခဲ့ချင်ဘူး။

ဉာဏ်သုံးမျိုး ။ ဒါပေမယ့် ဘုန်းကြီး ချင့်ချိန်ရပါမယ်၊ ချင့်ချိန်ရမယ်ဆိုတာ အချိန်လွန်သွားမှာစိုးလို့ အချိန်ကို ချင့်ချိန်ရမှာ ဂုဏ်တော်ကို ချင့်ချိန်စရာမလိုဘူး၊ ဘုန်းကြီး မှတ်တမ်းလေး အနည်းငယ် ထုတ်လာပါတယ်၊ ထုတ်လာတာဟာ မှတ်တမ်းထဲကဟာ အကုန်

ပြောဖို့ မဟုတ်ဘူး၊ အချိန်မလွန်ရအောင် ထိန်းသည့်သဘော ထုတ်လာတာ။

ဘုန်းကြီး ဒီနေ့ ဆရာတော်ရဲ့ သီလဝိုင်းအားဖြင့် ဝိနည်းလေးစား အရေးထားပုံကိုလဲ မပြောသေးပါဘူး၊ သမာဓိကြီးမား ကြည်ညိုစရာများကိုလဲ မပြောသေးပါဘူး၊ မေတ္တာစွမ်းအား ကြီးမားပုံကိုလဲ မပြောသေးပါဘူး၊ လာဘ်လာဘစသည့် လောကဓံကြောင့် မတုန်လှုပ်ပုံကိုလဲ မပြောသေးပါဘူး၊ ဟိုတစ်နှစ်ကတော့ မောင်ရင့်ကျူး(မြောင်းမြ)က ပြောတယ်လေ... "ထင်ပေါ်ကျော်ကြားကြသူ ထင်ပေါ် ကျော်ကြားကြသည့် ဆရာတော် သံဃာတော်တို့တွင် လာဘ သက္ကာရ သိလောက လှိုင်းဂယက်များအကြားမှာ လူးလိမ့် နေကြရသော်လည်း သပြေကန်ဆရာတော်မှာတော့ လှိုင်းဂယက်များထက်တွင် ညင်ညင်သာသာ ငြိမ့်ငြိမ့်ညောင်းညောင်းလေး ကြွသွားတော်မူပါတယ်။" လို့ တင်ပြ ပူဇော်ခဲ့ဖူးပါတယ်။

ဒီနေ့ ဘုန်းကြီး ပြောမှာကတော့ ဆရာတော်ရဲ့ ဉာဏ်ပညာအကြောင်း အနည်းငယ်မျှသာပါပဲ၊ ဉာဏ်ဟာ ကျက်ဉာဏ်ရယ်,မှတ်ဉာဏ်ရယ်,သဘောဉာဏ်ရယ်,လို့ သုံးမျိုးရှိပါတယ်၊ အချို့မှာ ကျက်ဉာဏ်ကောင်းပေမယ့် သဘောဉာဏ်,မှတ်ဉာဏ်တို့မှာ အားနည်းတယ်၊ အချို့မှာ မှတ်ဉာဏ်ကောင်းပေမယ့် ကျက်ဉာဏ်,သဘောဉာဏ်တို့မှာ အတော်ကို အားနည်းတယ်၊ အချို့မှာ သဘောဉာဏ်ရှိပေမယ့် ကျက်ဉာဏ် မှတ်ဉာဏ်တို့မှာ အားရစရာ မဟုတ်ဘဲ ဖြစ်နေကြတယ်၊ သပြေကန် ဆရာတော်မှာတော့ ကျက်ဉာဏ်, မှတ်ဉာဏ်, သဘောဉာဏ် သုံးမျိုးလုံးကို ထူးထူးခြန်ခြန်ကောင်းတယ်။

တစ်နည်းပြောရရင် "၈ဝန တိက္ခ ဂမ္ဘီရနှင့် ဟာသ တဖုံ ဉာဏ်မျိုးစုံ၍" ဆိုသလို သပြေကန်ဆရာတော်ဟာ လျှင်မြန်တဲ့ ဧဝနဉာဏ်လဲ ရှိတယ်၊ ထက်မြက်တဲ့ တိက္ခဉာဏ် လဲပြည့်ဝတယ်၊ နက်နဲတဲ့ ဂမ္ဘီရဉာဏ်လဲ အားကောင်းတယ်၊ ဟာသဉာဏ်လဲ ရှိတာပဲ၊ ဒါပေမယ့် ဆရာတော်ဟာ လေးနက်သည့် စိတ်ထားနဲ့ သမာဓိတရားကြီးမားတော့ ဟာသဉာဏ်ဟာ မထင်ပေါ်ဘူး၊ မရှိမဟုတ်၊ ရှိကိုရှိတယ်၊ နက်နဲတဲ့ စိတ်ထားရှိတဲ့သူတိုင်းမှာ ဟာသဉာဏ်က မထင်ရှားဘူး။

ဆရာတော်ဟာ ကျက်ဉာဏ်အားကောင်းလို့ပဲ ကိုရင်ဘဝနဲ့ပဲ ဝိနည်းပါဠိတော်ကြီး ငါးကျမ်းကို ပြန်ဆိုနိုင်တာ၊ ဆရာတော်ဟာ သူများတွေလို ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲကြီး ကျက်ရတာ မဟုတ်ဘူး။ သက်သက်သာသာ လွယ်လွယ်ကူကူ ချမ်းချမ်းသာသာလေးပဲ ကျက်ဉာဏ်, မှတ်ဉာဏ်, သဘောဉာဏ် ပေါင်းစပ်လိုက်တော့ တစ်ခေါက်လောက် ကြည့်ရုံနဲ့ ရတာပဲ၊ မှတ်ဉာဏ် အားကောင်းလို့လည်း ဘယ်နေရာ ဘာစာရှိတယ်ဆိုတာ ထိထိမိမိကို သိနေတာပဲ၊ သဘောဉာဏ် အားကြီးလို့ပဲ ဆရာတော်မှာ ဟို နိုင်ငံတော်မှာ ဟို ဓမ္မ,အဓမ္မ စတဲ့ ဟိုရှေ့ပိုင်းက တော်တော်များများ နိုင်ငံတော်ဝိနိစ္ဆယတွေမှာ ဆရာတော်မှာ ထင်ထင်ရှားရှား ဆောင်ရွက်ရတာနဲ့ နောက်ပိုင်းက အတိုင်ပင်ခံ ဆောင်ရွက်ရတာ ဒါပဲကွာတယ်၊ ဆရာတော်နဲ့ကင်းတဲ့ နိုင်ငံတော် ဝိနိစ္ဆယဆိုတာ မရှိသလောက်ဘဲ။

သဒ္ဓါပဗ္ဗဇိတ ။ ဆရာတော်ရဲ့ ဉာဏ်နဲ့ပတ်သက်လို့ ဘုန်းကြီး ကြားဖူးတာ တစ်ခု၊ တစ်ခု မဟုတ်ပါဘူး၊ ကြားဖူးတာက အများကြီးပါ၊ အများကြီးထဲက တစ်ခုပြောမလို့။ ဆရာတော် ရဟန်း(၂)ဝါရပြီးတော့ ပခုက္ကူအရှေ့တိုက်ခေါ် မဟာဝိဇယာရာမတိုက်ကို ရောက်သွားတယ်၊ အဲဒီမှာ ဆရာတော်နေရတဲ့ကျောင်းက တန်းလျားကျောင်းလို့ ခေါ်တယ်၊ ဝါးကပ်မိုး ဝါးထရံကာမိုးက မလုံချင်ဘူး၊ ဆရာတော်ရဲ့ မှတ်ဉာဏ်အကြောင်း ပြောမှာနော်၊ မှတ်ဉာဏ်အကြောင်း မပြောသေးခင် ကြည့်ညိုစရာ ကောင်းလွန်းလို့ သဒ္ဓါတရားအကြောင်း ထည့်ပြောပါရစေဦး၊ ဆရာတော်ဟာ ရောက်စက ဆွမ်းမခံဘူး၊ သပြေကန် ဝိနည်းစာပြန်ပွဲက ဆရာတော့်ဆွမ်းအတွက် ထောက်ပံ့ငွေကို ဦးရင်းဆိုတဲ့ ဒကာကြီးက ထိန်းသိမ်းထားပြီး မန်နီအော်ဒါနဲ့ လစဉ်,လစဉ် တင်ပို့ရတယ်၊ စာတိုက်မှာ ငွေသွားထုတ်ဖို့ ကပ္ပိယကတော့ ကျောင်းမှာ ရေရောင်းတဲ့သူပဲ၊ သူက ဆရာတော်အတွက် ဆောင်ရွက်ပေးရတိုင်း တစ်ပဲတစ်ပဲ ရတယ်ပေါ့။ အဲဒီ ထောက်ပံ့တဲ့ငွေနဲ့ တစ်လတစ်လကို လေးကျပ် လေးကျပ် ပေးပြီး ထမင်းဆိုင်မှာဆွမ်းစားတယ်။

နောက်တော့ အတူနေ သံဃာများက ဆွမ်းဆိုင်မှာ မစားပါနဲ့ ဆွမ်းခံစားပါ၊ ဆွမ်းဆိုင်မှာစားရင် နေထိုင်မကောင်းတဲ့ အခါကျတော့လဲ ခက်တယ်၊ အများနဲ့ကျလဲ ရင်းနှီးမှုမရဘူးလို့ အကြံဉာဏ်ပေးတာနဲ့ ဆွမ်းခံတယ်၊ ဆွမ်းခံတော့လဲ မြို့ထဲမှာ ဖိတ်ရမှာ ရှက်တယ်ဆိုပြီး ပခုက္ကူရဲ့ အရှေ့ဖက် လေးဖာလုံလောက်ဝေးတဲ့ ပုဏ္ဏားကုန်းဆိုတဲ့ ရွာမှာ ဆွမ်းခံတယ်၊ ရွာကလဲ ဆင်းရဲတဲ့ရွာဆိုတော့ ဆွမ်းကလဲ ကြမ်းကြမ်း၊ ဟင်းကလဲ ပဲနီပြုတ်နဲ့ နှမ်းပတ်ချဉ်ပဲရတာ၊ တစ်နေ့တော့ သန်လျင် ဗူးဘုရားကျောင်းက ပခုက္ကူ အလယ်တိုက်မှာ ရောက်နေတဲ့ ဦးကုသလဆိုတဲ့ ကိုယ်တော်နဲ့ တွေ့ရော၊ တွေ့တော့ ပြပါဦး ကိုယ့်တော် သပိတ်ဆိုတော့ ဆရာတော်နဲ့ မပြချင် ပြချင်နဲ့ ပြလိုက်ရတယ်၊ ဒီတော့ "အို ဘုန်းကံက နည်းတာကိုး၊ နေ့တိုင်း ဒီလိုပဲရလား၊ ဘယ်မှာ ဆွမ်းခံတုန်း၊" စသည်ဖြင့် မေးတော့သည်။ ဆရာတော်ကတော့ ၊ "အင်း ပုဏ္ဏားကုန်းရွာ"။ အို ဝေးလဲဝေး ရွာကလဲ ဆင်းရဲသေး၊ မနက်ဖြန်ညနေ ကိုယ်လာခဲ့မယ်လေ၊ ကိုယ့်လူကို အစီအမံနဲ့ ဆွမ်းခံအိမ်ကောင်းကောင်း ဖိတ်ပေးမယ်" တဲ့၊ နောက်နေ့ ညနေချိန်တွင် ဦးကုသလ ရောက်လာသည် "လာ ဆွမ်းခံအိမ် သွားဖိတ်ရအောင်" ဤသို့ဆိုကာ ဆရာတော်နဖူးကို လက်ယာဖက် လက်ခလယ်နဲ့ ဘာမှမပါဘဲ ဝလုံးရေးပြီး ပါးစပ်က ဘာတွေဆိုမှန်း မသိ ဆိုလိုက်သေးသည်၊ ဖိတ်သမျှ လက်မခံတဲ့အိမ်မရှိ အားလုံးလက်ခံကြတာပဲ၊ အိမ်ကလဲ ရွေးဖိတ်တယ်၊ ဆေး ပွဲစားအိမ်, ဆေးလိပ်ဖက်ပွဲစားအိမ်, ပန်းတိမ်အိမ်၊ ဆွမ်းခံတော့လဲ ရလိုက်တာ၊ ဆန်ကလဲ ကောင်းကောင်း၊ ဟင်းကလဲ ဝက်သား ကြက်သား အမဲသား အကောင်းတွေချည်းပဲ သည်ကြားထဲ လက်ကိုင်ပဝါ လှူတဲ့သူ လက်သုပ်ပုဝါ လှူတဲ့သူ သင်္ကန်းလျော်ဖို့ ဆပ်ပြာလှူတဲ့ သူနဲ့။

နှစ်ပတ်လောက်ကြာတော့ ဆရာတော်က စဉ်းစားတယ်၊ "ငါ့ သူတို့ဆွမ်းလောင်းတာ သဒ္ဓါစစ်စစ်မှ ဟုတ်ရဲ့လား၊ ငါတို့ဖက်ကလှည့်ပတ်တတ်တဲ့ မာယာများ ပါနေရော့လား။ ဒါဆို အနေသန မအပ်သော ရာမှီးခြင်းပဲ၊ ငါ ဒီအိမ်တွေသွားလို့ မသင့်ပါဘူး"၊ ဒီလို စဉ်းစားပြီးအဲဒီကောင်းကောင်းရတဲ့ ဆွမ်းခံအိမ်တွေ မသွားတော့ဘဲ နဂိုကသွားတဲ့ ပုဏ္ဏားကုန်းရွာကိုပဲ အသွားဆင်းရဲ အစားဆင်းရဲနဲ့ ပြန်ကြွတယ်။ အဲဒီ ပုဏ္ဏားကုန်းဆိုတဲ့ ရွာက အခုတော့ စွန်သိုက်ရပ်ဆိုတဲ့ အမည်နဲ့ ရပ်ကွက်တစ်ခု ဖြစ်သွားပြီ။ နောက်အလွန်ကြီး မကြာခင်ဘဲ ဆွမ်းခံဖိတ်ပေးတဲ့ ဦးကုသလနဲ့ တွေ့ပြန်ရော ၊"ဘယ့်နဲ့လဲ ကိုယ့်လူ၊ ဆွမ်း,ဆွမ်းဟင်း အဆင်ပြေတယ် မဟုတ်လား"၊ သူကမေးတယ်၊ ဆရာတော်က ပြုံးလို့ ဘာမျှ ပြန်မပြောဘူး၊"ပြပါအုန်း သပိတ်" ဆိုတော့ သပိတ်ကို ပေးလိုက်တယ်၊ ဖွင့်ကြည့်တယ်၊ "ဟာ ဘယ်လိုလဲ ပဲပြုတ်တောင်မှ ဆီမပါပါလား" စသည်မေးတော့ ဆရာတော်က အကျိုးအကြောင်း ပြောပြတယ်၊ အဲဒီတော့ ဦးကုသလ,က "ကိုယ့်လူရာ ဘုရားသာ သက်တော်ထင်ရှားသာ ရှိသေးရင်တော့ ကိုယ့်လူအတွက်စေတဒဂ်ဘွဲ့တစ်ခု စီစဉ်ပြီး ပေးရဦးတော့မှာပဲ၊ ကိုယ်ကတော့ သာဓု မခေါ်ပါဘူး" ဤသို့ စသည်ဖြင့် ပြောသွားသည်။

ဒီ အကြောင်းကို ဆရာတော်ကိုယ်တိုင် ဘုန်းကြီးကို ပြောသွားတာကို မှတ်မိနေတာနော်၊ ဒီအကြောင်းကို ဆရာတော် မိန့်ကြားတော့ ဘုန်းကြီးစိတ်ထဲမှာ ဝိသုဒ္ဓိမဂ်ကလာတဲ့ ဂါထာလေးကို သွားသတိရတယ်။ ဂါထာလေးက

အနေသနာယ စိတ္တာနိ ၊ အဇနေတ္တာ ဝိစက္ခဏော။
အာဇီဝံ ပရိသောဓေယျ ၊ သဒ္ဓါပဗ္ဗဇိတော ယတိ။ တဲ့ ပညာအမြင်အမြော်ရှိ၍ သဒ္ဓါတရားကြောင့် ရဟန်းပြုသောစောင့်စည်းသော အရှင်မြတ်ဟာ မအပ်သော ရာမှီးခြင်း၌ စိတ်ကိုပင် မဖြစ်စေမူ၍ အသက်မွေးမှုကို စဉ်ကြယ်စေရာ၏ တဲ့။ ဒါလေးကို သတိရတော့ ဆရာတော်ကို ကြည်ညိုလိုက်တာ ဆရာတော်ဟာ မြတ်ဘုရား၏ သာသနာတော်မှာ သူတော်စင် သားကောင်းအစစ်ပါပဲလို့။

ဘုန်းကြီး ဒီအကြောင်းကို ပြောမလို့ မဟုတ်ဘူး။ ပြောမှာက မှတ်ဉာဏ်အကြောင်း၊ ဒါပေမယ့် ပခုက္ကူနဲ့စပ်လို့ ကြည်ညိုစရာလဲ ကောင်းလို့ မေတ္တာလက်ဆောင်လေးပါသွားတာ။

မှတ်ဉာဏ်အကြောင်းပြောရအောင်နော်၊ ဆရာတော် ပခုက္ကူမှာရှိစဉ် ပခုက္ကူအရှေ့တိုက်ဆရာတော် အရှင်ဇဝန

(အဂ္ဂမဟာပဏ္ဍိတ)လဲ စာသင်သားသံဃာတွေကို သံယုတ် နိကာယ်ကျမ်းကြီး ပို့ချနေတယ်၊ စာပေပို့ချပြီး အရှင်ဓဝန,က ငြိုးငြူရင်း သံဃာတွေကို ပြောလိုက်သတဲ့ "**ဦးဇင်းတို့ရယ် ဟို ရှေးရှေးတုန်းကတော့ သာသနာတော်မှာ သမာဓိကလဲ ကြီး၊ ဉာဏ်တွေကလဲ ထက်ကြတော့ ဒီကျမ်း ဒီကျမ်းတွေကို နှုတ်ငုံဆောင်ကြတာကွဲ့။ ခုခေတ်မှာတော့ကွယ် သဒ္ဒါပညာတရားတွေက ပါးကြတော့ ဒို့က စပြီး နှုတ်ငုံဆောင်နိုင်တဲ့ သူရယ်လို့ မရှိကြတော့ပါဘူးကွယ်**" တဲ့။ ဒီတွင် အဲဒီစာဝါလိုက်ရာမှာပါတဲ့ ဆရာတော့်အရင် ပခုက္ကူအရှေ့တိုက်မှာ ဆရာတော်တစ်ပါး အဲ ဦးဇင်းတစ်ပါးဆိုပါတော့ ဦးဇောတိက ဆရာတော့် မိတ်ဆွေပါပဲ။ ဆရာတော်ထက် အသက်ရော ဝါရောကြီးပါတယ်၊ သူကနောက်တော့ ဒီရန်ကုန် ဘူတာကြီး နား အရှေ့ပိန္နဲကုန်းကျောင်းတိုက်က ဇမ္မူမိတ်ဆွေကျောင်း ပဓာနနာယကပေါ့။ အဲဒီဦးဇောတိက-က ဆရာတော်ကြီးကို လျှောက်တယ်၊ "ဆရာတော်ဘုရား ဆရာတော်ရဲ့ ဘုန်းကံကြောင့် သံယုတ်ငါးကျမ်းကို ပြန်ဆိုနိုင်တဲ့ ရဟန်းတော်လေး တစ်ပါး ဆရာတော့် ခြေတော်ရင်းမှာ ရောက်ရှိနေကြောင်းပါဘုရား"။ အဲဒီခေတ်က တိပိဋကသုံးပုံ စာမေးပွဲကြီး မပေါသေးဘူးနော်၊ ပေါ်လဲ သံယုတ္တနိကယ်ဆိုတာ သင်ရိုးပိဋကမှာ မပါဘူး၊ အခြံအရံအဖြစ်သာ ပါတာ၊ ထားပါတော့။ ခုနဟာ ဆက်ရအောင်။ ဒီတော့ ဆရာတော် ဦးဇဝနက "ဟာ ဟုတ်လား၊ သူက ဘယ်သူလဲ ဘယ်ကလဲ"၊ စသည်ဖြင့် မေးမြန်းတော့ "သန်လျင်မြို့ကပါ ဘုရား"ပေါ့ ၊"အဲဒီ ဦးဇင်း သွားခေါ်စမ်းပါဦး"၊ ခိုင်းတော့ ဆရာတော်ကို လာခေါ်ပြီး ဆရာတော်ကြီးဆီ ပို့ကြတယ်၊ ဆရာတော်ကြီးက မေးတယ်၊ "ဦးဇင်းသံယုတ်ငါးကျမ်း ပြန်ဆိုနိုင်တယ်ဆိုဟုတ်လား" တဲ့ "မှန်ပါ၊ ဟိုတုန်းကတော့ ပြန်ဆိုခဲ့ဖူးပါတယ် ဘုရား"ပေါ့၊ "အခုကော ပြန်ဆိုနိုင်ပါဦးမလား"၊ "ဆရာတော် အချိန်ပေးရင် ပြန်ဆိုကောင်း ပြန်ဆိုနိုင် ပါလိမ့်မယ် ဘုရား"ပေါ့ ၊"ဦးဇင်းဘယ်လောက် အချိန် ယူမလဲ"၊ "နံနက်ဖြန်ထိအောင်တော့ အချိန်ပေးပါ ဘုရား" တဲ့၊ ဆရာတော်ဦးဇဝန အံ့အားသင့်ပြီး မျက်လုံးကို ပြူးသွားတာပဲတဲ့၊ သူထင်ထားတာက တစ်လ, နှစ်လ, သုံးလ အချိန်တောင်းမယ်ထင်တာ၊ အခုတော့ နံနက်ဖြန်ဆိုတော့ အံ့အားသင့်သွားတာပေါ့။

သံယုတ္တနိကာယ်ဆိုတာ ဆဋ္ဌမ အုပ်ရေအားဖြင့် သုံးအုပ်၊ ကျမ်းအားဖြင့် ငါးကျမ်း၊ စာမျက်နှာအားဖြင့် (၁၄၅၀)ကျော်ရှိတယ်၊ တောင်းတဲ့အချိန်နဲ့ဆိုရင် စာမျက်နှာ နဲ့အောင်တောင်ကြည့်ဖို့ အချိန်ရမယ် မဟုတ်ဘူး၊ နောက်နေ့ကျတော့ ဆရာတော်အရှင်ဇဝနက ဟိုကျော် ဒီကျော် စမ်းသပ်ပြန်ခိုင်းတယ်၊ အပြည့်အစုံတော့ မဟုတ်ဘူး၊ လေးဆယ့်ငါးမိနစ်လောက်ပြန်ခိုင်းတာ စဉ်းစားနေတာ။ တို့ ကြိယာအပြောင်းအလွဲ မရှိတာတို့ကြောင့် ကျေနပ်အားရ တော်မူပြီး "ဦးဇင်းကို ဘယ်သူကိုမှ မပေးခဲ့တဲ့ အခွင့်အရေး ပေးမယ်၊ နံနက်ဖြန်က စပြီး ဦးဇင်း ဆွမ်းမခံတော့နဲ့၊ သံချောင်းခေါက်ရင် ဆွမ်းစားကျောင်းမှာ တက်စား "ခေါက်စားပေါ့" ၊ ဦးဇင်း အားမနာနဲ့၊ ဦးဇင်းကို ပေးတာ မဟုတ်ဘူးနော်။ ဦးဇင်းရဲ့ ပညာဉာဏ်ကို ဒို့က ပူဇော်တာ"၊ အဲ ဒီကစပြီး ဆရာတော်ဟာ "ခေါက်စား"ဖြစ်သွားပြီပေါ့၊ အဲဒီ ခေါက်စား ဆိုတာ ပဓာနနာယကဆရာတော်ရယ် နာယက စာချဘုန်းကြီးများရယ်၊ ဒါပဲရှိတာ၊ စာချဘုန်းကြီးလဲ မဟုတ်၊ ပဓာနနာယကလဲမဟုတ်ဘဲနဲ့ စာသင်သားဘဝနဲ့ ခေါက်စားဆိုတာ ဆရာတော်တစ်ပါးတည်းသာ ရှိခဲ့တာပဲ၊ ဒါတောင် ဆရာတော်အရှင်ဇဝန-က ကျောင်းသီးခြားခန်း ပေးချင်သေးတယ်။ အခန်းအား မရှိလို့ မပေးရတာ။ ဒီ အကြောင်းဘုန်းကြီးကို ဆရာတော် ဦးဇောတိက ကိုယ်တိုင် ပြောပြသွားတာ၊ မယုံရင် မင့်ဆရာတော် လျှောက်ကြည့်တဲ့၊ နောက် ဆရာတော်နဲ့ တန်းလျားကျောင်းမှာ အတူနေခဲ့တဲ့ ဆရာတော်ရဲ့ မိတ်ဆွေ မြင်းခြံမြို့ မင်းကျောင်းတိုက် ပုပ္ပားကျောင်း ဆရာတော် ဦးနန္ဒိယကလဲ ပြောပြဖူးတာပဲ။ ဒါကိုကြည့်ရင်ပဲ ဆရာတော်ရဲ့မှတ်ဉာဏ်ဟာ ဘယ်လောက် ကောင်းတယ်ဆိုတာ ခန့်မှန်းလို့ကို မရနိုင်ဘူး၊ အလွယ်တကူ ပြောရင်တော့ မှတ်ဉာဏ်ကောင်းတယ်ဆိုတဲ့ သူတွေ လိုက်မမီတဲ့ မှတ်ဉာဏ်မျိုး။။

စမ်းကြည့်ပါလား။။ နောက်တစ်မျိုးပြောင်းချင် ပါသေးတယ်။

ဒီအကြောင်းကိုတော့ သိတဲ့သူတွေ ပါမလား မပြောတတ်ဘူး၊ တစ်ခါက ချောက်မြို့နယ် ဆီးချိုပင်ရွာက ဆရာတော် ဦးတိက္ခ၊ဦးကုသလ၊ သြဇာတေဇာကန်ကလေးကျောင်း ဆရာတော် ဦးဝါယာမိန္ဒ၊ လင်းသကိုင်းရွာ ဦးဩသမ၊ ဆားတောင်ရွာက ဦးသုမန-သူတို့ အလှူကိစ္စတစ်ခုနဲ့ ရန်ကုန်ရောက်လာပြီး ဒီမင်္ဂလာတောင်ညွန့်မြို့နယ် ဂုဏ်ဝတီကျောင်းဆရာတော်ဦးဝိမလထံမှာ တည်းကြတယ်။ ဂုဏ်ဝတီဦးဝိမလကလဲ ချောက်ကပါပဲ၊ ဆရာတော်ငါးပါးနံနက်(၈)နာရီလောက် လမ်းလျှောက်ရင်း ဆရာတော်ကိုလဲ ဖူးကြရအောင် ဒီကျောင်းကို လာကြတယ်၊ အချိန်က ဆရာတော် ရေနွေးကြမ်း ဘုဉ်းပေးတဲ့ အချိန်ပေါ့။ ဆရာတော်နဲ့ အလှာပသလ္လာပပြော ဟိုမေး ဒီမေး၊ အဲဒီအချိန်မှာ သတင်းစာသမားက သတင်းစာ လာပို့တယ်၊ ဆရာတော် အရေးတကြီး ကုဋ္ဌဝင်သွားတယ်၊ ဒီအချိန်မှာသူတို့အချင်းချင်း စကားပြောနေကြတာက၊"ဆရာတော်ကြီးက ငယ်ငယ်ကဆိုရင် သတင်းစာခေါင်းကြီးပိုင်းကို တစ်ခေါက်ကြည့်ရုံနဲ့ ရတယ်လို့ကြားဖူးတယ် ၊ ခုတော့ ရသေးလား မပြောတတ်ဘူး"၊ "ကိုယ်တော် လျှောက်ကြည့်ပါလား""ဟာ လျှောက်ရဲပါဘူး"၊"မငေါက်ပါဘူး၊ သိရတာပေါ့"၊ "ဒီ လိုဆို ကိုယ်တော်လျှောက်ပါလား"၊ထိုသို့ အချင်းချင်း ပြောနေတုန်း ဆရာတော်က ပြန်ထွက်လာတယ်၊"ဘာတွေ ပြောနေကြတာတုန်း"လို့ ဆရာတော်က မေးလိုက်တော့ သူတို့အချင်းချင်း ပြုံးစိစိနဲ့။ တစ်ပါးကို တစ်ပါး မေ့ငေါ့ နေကြတယ်၊ "ဘာလဲ ပြောပါအုန်းလို့" ဆရာတော်က ထပ်ပြီး မိန့်လိုက်တော့မှ သူတို့ပြောတဲ့စကား အကျိုးအကြောင်း လျှောက်တယ်၊ ဆရာတော်က ရတယ် မရဘူး မပြောဘဲနဲ့ "စမ်းကြည့်သေးတာပေါ့လေ"တဲ့၊ ဒီတော့မှ "တပည့်တော်တို့ ကြည်ညိုရတာပေါ့ဘုရား"တဲ့ "ဘယ်ဟာ လဲပြ ၊ "ဆိုတော့ သတင်းစာခေါင်းကြီးပိုင်းကို လက်ညှိုး ထောက်ပြလိုက်တယ်၊ ဆရာတော်က တစ်ခေါက် ကြည့်ပြီး "ရော့ ကြည့်ထား"ဟု သတင်းစာကို ပေးလိုက် သည်၊ သူတို့ထဲက နှစ်ပါးက သတင်းစာကို ကြည့်ထားသည်၊ ဆရာတော်က ပြန်ပြရာ တစ်လုံးမှ မလွဲဘူးတဲ့၊ သူတို့ကဆရာတော်ကို လျှောက်တယ်၊ "ဟာဆရာတော်ဒီ အသက်အရွယ်မှာ တောင် ကျက်ဉာဏ်က ကောင်းတုန်းပါလား" လို့ လျှောက်တယ်၊ ဆရာတော်က "ဒါဟာ ကျက်တာချည်း မဟုတ်ဘူး၊ သဘောကော, မှတ်တာကော ပါတယ်"လို့ ပြောလိုက်သတဲ့ ။

ဒီတော့မှ သူတို့အချင်းချင်း လက်ကုတ်ပြီး "တပည့်တော်တို့ ခွင့်ပြုပါဦး"ဆိုပြီး ဆရာတော်ကို အတင်းဝတ်ချကြတယ်၊ ဆရာတော်က "နေပါဦး ဘာအရေးကြီးနေတာလဲ"လို့ တားမြစ်ရင်း မေးလိုက်တယ်၊ သူတို့က "ဆွမ်းစားသွားစရာ ရှိလို့ပါဘုရား"ဟု လျှောက်ရင်း ထသွားကြတော့သည်။ ကျောင်းအောက်ရောက်တော့မှ သူတို့ချင်း ပြောကြတယ်၊ တော်သေးတယ်ကွ ဒို့ဆွမ်းစားက ကယ်လို့၊ တော်ကြာ မင်းတို့ ငါကိုတော့ ခိုင်းတယ်၊ မင်းတို့ ပရိတ်ကြီးပြန်ပြစမ်းလို့ ခိုင်းရင်တောင် ဒို့ ရမှာမဟုတ်ဘူးတဲ့၊ ဘုန်းကြီး အဲဒီဘုန်းကြီးတွေ လာတာတော့ သိလိုက်ပါတယ်၊ သတင်းစာခေါင်းကြီးပိုင်း ပြန်ပြခိုင်းတာကိုတော့ မသိလိုက်ပါဘူး။ သူတို့ ပြန်သွားတာလဲ မသိလိုက်ဘူး။ ဘယ်သိမလဲ၊ သူတို့က ခပ်သုတ်သုတ်ပြန်သွားမှာကိုး၊ ဒါကို ဆရာတော်ကလဲ ပြောမပြဘူး၊ နောက်မှ အဲဒီဘုန်းကြီးတွေနဲ့တွေ့လို့ သူတို့က သေသေချာချာ ပြောပြတာ၊ ကဲ ဆရာတော်ရဲ့ မှတ်ဉာဏ်ကို ဘယ်လောက် အားကျ ကြည်ညိုစရာကောင်းလဲ၊ မှတ်ဉာဏ် ကောင်းလှပါတယ်ဆိုတဲ့ သူတွေလိုက်မမီတဲ့မှတ်ဉာဏ်နော်။

ပညာကြီး လူကြီး။။ နောက်တစ်ခု သပြေကန်ဆရာတော်ရဲ့ ပညာကြီးကျယ်မြင့်မြတ်ပုံကို ကြည်ညိုပူဇော်ဂုဏ်ပြု ကြရအောင်နော်၊ သပြေကန်ဆရာတော်မန္တလေးမြို့၊ အဘယာရာမတိုက်မှာရောက်တော့ ငါးဝါပဲ ရှိသေးတယ်၊ အဘယာရာမဆရာတော်ထံမှာလဲ ပညာရှင်တပည့်ကြီးတွေ, စာချဆရာတော်တွေ ဝိုင်းဝိုင်းလည်လို့၊ ဒါပေမယ့် "အသွေးမြင် အသွင်သိ၊ အပွေးမြင် အပင်သိ"ဆိုတဲ့ ပညာရှင် အဘယာရာမ ဆရာတော်ကြီးဟာ သူ့ရဲ့စာအုပ်မှာ စာချဘုန်းကြီးလဲမဟုတ်၊ ဝါကလဲ ငါးဝါမျှသာ ရှိသေး

သည့် သပြေကန်ဆရာတော်လောင်းလျာ ဦးဇင်းလေးကို သူ့ရဲ့ သမ္မန္တစီန္တာစာကိုယ်ဦးကနိသယဆိုတဲ့ ကျမ်းကြီးထဲမှာ နိဒါန်းရေးခိုင်းတယ်၊ ဦးဇင်းလေးလဲ ငြင်းပယ်မှု မပြုဘဲ စံပြုလောက်တဲ့ နိဒါန်းတစ်ဆူ ရေးသားပေးလိုက်တယ်၊ လူငယ်ပေမယ့် ပညာကြီးတော့ လူကြီးဖြစ်သွားတာပေါ့။ဆရာတော်ကို ပညာရှင်တွေက ဘယ်လောက် အားကိုးလဲလို့၊ ဒါ ဘုန်းကြီးတို့ ကြည်ညိုမှန်းဆလို့ ရတယ်နော်။

ပညာရှင်တွေ ဝန်းရံနေတဲ့ မဟာစည်ဆရာတော်ကလဲ သူ့ရဲ့ ဝိသုဒ္ဓိမဂ္ဂကျမ်းကြီးထဲမှာ သပြေကန်ဆရာတော်ကိုပင် ဝိသုဒ္ဓိမဂ္ဂနိဒါနကထာကို ရေးခိုင်းပါတယ်၊ ဆရာတော်ကလည်း ပါဠိုအဆင့်အတန်းမြင့်မြင့် အရိယာဂိတိဂါထာကြီးများနဲ့ ရေးလိုက်တယ်၊ အခုခေတ်မှာ ပါဠိဂါထာ ရေးကြတာတွေ ရှိတော့ ရှိပါတယ်၊ ဒါပေမယ့် ဝတ္တဂါထာမျိုးလောက်သာ ရေးကြတာပါ၊ အရိယာဂါထာကြီးတွေရေးတယ်ဆိုတာ မရှိသလောက်ပါပဲ၊ ဆရာတော်ကတော့ တကယ် ခက်ခဲတဲ့ အရိယာဂါထာကြီးတွေ၊ ဒီတော့ ဉာဏ်အားဖြင့် ဘယ်လောက် ထက်မြက်သလဲ ဘယ်လောက်သွက်လက်သလဲ ဆိုတာ ဘုန်းကြီးတို့ ပြောကို မပြောနိုင်ပါဘူး၊ မပြောရဲပါဘူး။

ပြောနေကြ စကားလေးပါပဲနော်၊ ပြောပါရစေဦး၊ မန္တလေး ဝိဇ္ဇာလင်္ကာရဆရာတော်ကြီးက ဆရာတော်ကို ပရိတ်ကြီးနိသယသစ် ရေးခိုင်းတယ်၊ ဆရာတော်ကရေးတယ်၊ အဲလို ပရိတ်ကြီးနိသယသစ်နဲ့ တူတဲ့ ပရိတ်ကြီးနိသယမျိုး ပေါ်ထွက်ဖူးသလားမေးရင် ဘယ်တုန်းကမှ မပေါ်ခဲ့ဘူးဖူး၊ နောက်ကော အဲလို နိသယမျိုး သူထက်သာတဲ့ နိသယမျိုး ပေါ်ပေါက်နိုင်သလားမေးရင် ဘယ်တော့မှ မပေါ်ပေါက်နိုင်ဘူးတဲ့၊ ပညာရှင်တွေက ဒီလိုကို ပြောကြ၊ ဒီလိုကို ဝေဖန်ကြတာ၊ ကဲ မပေါ်ပေါက်နိုင်တော့ဘူး၊ မပေါ်ပေါက်ခဲ့ဘူးဖူးဆိုတော့ ကုန်ပြီပေါ့ စုံပြီပေါ့၊ ဆရာတော်ဉာဏ်နဲ့ ပတ်သက်လို့ ဘာခြွင်းချက်မှ ထားစရာ မရှိတော့ဘူး။

လက်တွေ့ပါ။ ဘုန်းကြီး ဆရာတော်ဉာဏ်ပညာအရာနဲ့ စပ်ပြီး အနည်းအကျဉ်းပဲ ပြောသေးတာ နာရီဝက်တောင် ကျော်သွားပြီ၊ ဒါပေမယ့် စိတ်ထဲမှာတော့ ငါးမိနစ်လောက်ပဲ ထင်နေတာ၊ လက်တွေ့သက်သေနဲ့ ပြောပြချင်ပါသေးတယ်၊ ဆရာတော်ဟာ ဓမ္မပဒနိသယသစ် သပြေကန် ဓမ္မပဒနိသယသစ်ကို ရေးခဲ့တယ်၊ ဘုန်းကြီးတို့ သပြေကန်ဆရာတော် သက်တော်ထင်ရှားရှိစဉ်အခါက ထုတ်ဖို့ပါပဲ၊ ဒါပေမယ့် ဆရာတော်မရှိတဲ့ အခါမှပဲ ထုတ်ဖြစ်ခဲ့ပါတယ်၊ ဒီစာအုပ် မထုတ်ခင် မူပွါးရှိလို့ မူပွါးတစ်ခုကို သီတဂူဆရာတော်ထံ ဘုန်းကြီးသွားလှူတယ်၊ မကြာခင် ပုံနှိပ်မည့်အကြောင်းလည်း လျှောက်ထားလိုက်တယ်၊ သီတဂူဆရာတော်က "များများရိုက် မြန်မြန်ရိုက်၊ ဒီစာအုပ် နိဒါန်းရေးရင်တော့ ရှည်ရှည်လေးရေးပါ"တဲ့ ဘုန်းကြီးက လျှောက်တယ်၊ "ဒီစာအုပ်နိဒါန်းကိုတော့ တပည့်တော်မရေးတော့ဘူး ဘုရား၊ ဆရာတော်ဦးသီလာနန္ဒကိုပဲ ရေးခိုင်းမယ်"လို့ လျှောက်လိုက်တယ်၊ ဒီတော့ သီတဂူဆရာတော်က "ဆရာတော် ဦးသီလာနန္ဒ ရေးရင် ကောင်းပါတယ်၊ ဒါပေမယ့် ကြာမယ်၊ တစ်ပါးပါးကို ရှာကြည့်ပါဦး"၊လို့ မိန့်ကြားတယ်၊ အဲဒီတုန်းက ဆရာတော်ဦးသီလာနန္ဒက အမေရိကမှာကိုး၊ ဒါနဲ့ ဘုန်းကြီး အခုပလ္လင်ပေါ်မှာ သီတင်းသုံးနေတဲ့ ဆရာတော်ကို သပြေကန် ဓမ္မပဒနိသယအတွက် နိဒါန်းရေးပေးပါလို့ လျှောက်ထားတယ်၊ လက်ခံပါတယ်၊ ရှောရှောရှူရှူပဲ ရေမလောင်းရပါဘူး။

ပလ္လင်ပေါ်က ဆရာတော်က နိဒါန်းရေးပြီးတော့ မန္တလေး လာခဲ့ပါဦးလို့ ဘုန်းကြီးကို လှမ်းခေါ်တယ်၊ ဒါနဲ့ ဘုန်းကြီး မန္တလေး မဟာဝိသုဒ္ဓါရုံသွား၊ ဟိုရောက်တော့ ဆရာတော်က မိန့်ကြားတယ်၊" သပြေကန် ဆရာတော်ရဲ့ ဉာဏ်ဟာ အဋ္ဌကထာဆရာတော် အရှင်မဟာဗုဒ္ဓဃောသထက် မည့်ဘူး၊ အရှင်မဟာဗုဒ္ဓဃောသဉာဏ်မျိုးကိုရှိတယ်၊ သူလဲ အဋ္ဌကထာဆရာပဲ၊ အဋ္ဌကထာမှာ မပါတဲ့ဟာကို သူက ထုတ်ထုတ်ပြီး ပြောပြ,ရေးပြနိုင်တယ်"တဲ့၊ ဒါ ဘုန်းကြီးလက်တွေ့ ပြောပြလိုက်တာပဲ၊ မယုံရင် ပြီးတော့ ပလ္လင်ပေါ်က ဆရာတော်ကို မေးကြည့်၊ အဋ္ဌကထာဆရာဆိုတာ ဘုရားရဲ့ အလိုကို သိတဲ့သူလို့ ဆိုကြတယ်။

ပြောအုန်းမယ်နော်၊ ပရိတ်ကြီးနိသယကို ဘယ်သူပဲ ရေးရေး၊ ဘယ်ဆရာတော်ပဲ ရေးရေး၊ ဝဋ္ဋသုတ်မှာ အတ္ထိ

လောကေ စသည့် လေးဂါထာကိုသာ အနက်ပေးကြတယ်၊ သပြေကန်ဆရာတော်ကတော့ ပုနာပရံ ယဒါ ဟောမိ စသည့် ခုနစ်ဂါထာကိုပါ ဖြည့်စွက်အနက်ပေးထားတယ်၊ ဆရာတော် အကြောင်းပြတာကတော့ "တရားသဘောများ ပါဝင်၍ လို ရင်းပဓာနဟု ယူဆကာ ရှေးဆရာတို့က အချို့ကိုသာ ရွေး ထုတ်စီစဉ်ခြင်း ဖြစ်ဖွယ်ရှိ၏" ဟု ပြထားပါတယ်၊ ဘုန်းကြီး က အခြားအကြောင်းများ ရှိလေဦးမလားလို့ ဆရာတော်ကို လျောက်ကြည့်တော့ "သူတို့က ဇာတ် အဋ္ဌကထာကိုသာ ကြည့်ပြီး၊ စရိယာပိဋကကို အာရုံ မပြုမိတာလဲ ဖြစ်နိုင် သေးတယ်" လို့ မိန့်ကြားပါတယ်။

နက်နဲတဲ့ ဉာဏ် ။ နောက် တစ်ခုနော် ဓမ္မပဒမှာပဲ ဆရာတော်ရေးတဲ့ နိဿယထဲ မှာ ဗုဒ္ဓဝင်ကနောက်ဆုံးတဲ့ နံပါတ်(၁၉၅-၁၉၆)ပူဇာရဟော ပူဇယတော စသည့် နှစ်ဂါထာကို ဆရာတော်က အနက် မပေးဘဲ ချန်ထားခဲ့ပြီး ဆဋ္ဌသံဂါယနာမူ၌ နှစ်ဂါထာရှိသေး၏ လို့ မှာကြားရေးထားခဲ့တယ်၊ မေ့တာ မဟုတ်ဘူး ချန်ကို ချန်ခဲ့တာ၊ ဘုန်းကြီးက ဘာလို့များ ချန်ထားခဲ့သလဲလို့ တွေး မိတယ်၊ မဝေခွဲနိုင်ဘူး၊ အခြားအခြား ဆရာတော်များကို လျောက်ကြည့်တော့ သူတို့ကပြောတယ်၊ "ဒို့လဲ သိဘူးကွ" တဲ့ ဘယ်လောက်ရှင်းလဲ။ နောက်တော့မှ ဆရာတော်တွေ စုံလို့ ဆွေးနွေးကြရင်း သပြေကန်ဆရာတော်ကြီးက စာပေ လဲ နှံ့စပ်တယ်၊ သမိုင်းကိုလဲ သိတယ်၊ သူမှာတာနဲ့ စဉ်း စားတိုက်ဆိုင်ကြည့်တော့မှ "ပူဇာရဟော ပူဇယတော" စတဲ့ နှစ်ဂါထာဟာ ပဌမသံဂါယနာထိအောင် မပါသေးဘူး၊ ဆဋ္ဌ သံဂါယနာမှ ပါလာတာ၊ သပြေကန်က အနက်မပေးဘူးဆို တော့ ပညာရှင်တွေ စိစစ်ဖို့ တစ်ခု ဖြစ်နေတာပေါ့တဲ့။ သပြေကန်ဆရာတော်ရဲ့ဉာဏ်ဟာ လေးနက်တယ်လို့ ဘုန်း ကြီးတို့တတွေ ခံစားကြရတယ်နော်။

ဆက်ပြီးတော့ ခံစားကြည်ညိုကြရအောင်နော်၊ ပရိတ်ကြီးနိဿယသစ်ထဲမှာပါပဲ၊ ဂတိ ဗန္ဓုမဟောသာသာ ဟု ကြာရှည်စွာ ရှိလာ လက်ခံကြရရာ ဆရာတော်က ဘယ်သူကိုမျှ မထိပါး မပုတ်ခတ်ဘဲ ရိုးရိုးအေးအေးလေးဖြင့် ပင် သဒ္ဒါအနက် အကြောင်းအကျိုး ဝေဘန်ပြကာ ဘယ်ပုဒ် လဲ သင့်တယ် ကောင်းတယ် ယုတ္တိရှိတယ်၊ သို့သော် "မဟာ သာသာ" ပုဒ်သည်သာ ယုတ္တိပို၍ သင့်ကြောင်း ကျမ်းဆရာ အလို အဟော်ပို၍ကျမည်ဖြစ်ကြောင်း ဖော်ညွှန်းသွားသည်မှာ ပါဠိပညာရှင်ကြီးတိုင်း အံ့သြရတဲ့ ဆုံးဖြတ်ချက် တစ်ခုပါ ပဲလို့။

အော် နောက်တစ်ခုပေါ်လာလို့ ပြောအုံးမယ် ပြော ရအုံးမယ်၊ တစ်ခါက ဘုန်းကြီးနေတဲ့ကျောင်းက ဖျက်ပြီး ပြင်ဆောက်နေလို့ ဘုန်းကြီး သိမ်ထဲမှာ နေရတယ်၊ အဲဒီအခါ ကမ္ဘာအေးက ဝိနည်းဓိရ်ဆရာတော်များက ဒွိသန္တကအဆုံး အဖြတ်နဲ့ ပတ်သက်ပြီး ဘုန်းကြီးကို တယ်လီဖုန်းနဲ့ လှမ်းပြီး ပြောတယ်၊ ဆရာတော်ကို မေးပေးပါ၊ မေးပြီး တယ်လီဖုန်း ပြန်ဆက်ပေးပါ၊ ဒွိသန္တကနှင့် ပတ်သက်ပြီး ဘယ်ဆရာတော် ကြီးက ဘယ်လို ဆုံးဖြတ်ခဲ့တယ်၊ အဲဒီ ဆရာတော်ကြီး အဆုံးအဖြတ်ကို ခိုင်မာတဲ့ ပါဠိတော်,အဋ္ဌကထာ,ဋီကာ အထောက်အထား ဘယ်မှာပါတယ်ဆိုတာ ညွှန်ပြပေးပါလို့၊ အဲဒီတော့ ဘုန်းကြီးက သူတို့ပြောတဲ့အတိုင်း ဆရာတော်ကို သွားလျှောက်တယ်၊ ဆရာတော်က ပြုံးပြီး နားထောင်နေ တယ်၊ ပြီးမှ အေးလေ ဘုန်းကြီး ဘဲလ်တီးရင် လာခဲ့ပေါ့တဲ့၊ ဘုန်းကြီး သိမ်ထဲပြန်သွားလို့ ရောက်ခါရှိသေး ကုတင်ပေါ် တောင် မထိုင်ရသေးဘူး၊ ဘဲလ်က မြည်လာတယ်၊ ပြန်သွား လို့ ရောက်သွားတော့ စာရွက်လေး ပေးလိုက်တယ်၊ ရှေ့ ဦးခေမာ ဖတ်ကြည့်ပါအုံးတဲ့၊ ဖတ်ကြည့်တယ် "ထို ဆရာ တော်ကြီး ဆုံးဖြတ်သည့် အဆုံးအဖြတ်မျိုး အခြားအခြားမှာ ဆုံးဖြတ်ထားသည်ကို မတွေ့ဘူးသေးပါ၊ ထို ဆရာတော်ကြီး ၏ အဆုံးအဖြတ်ကို ခိုင်လုံသော ပါဠိတော်,အဋ္ဌကထာ,ဋီကာ အထောက်အထား ရှာသင့်ပါသေး၏" တဲ့၊ ဘုန်းကြီး လဲ စာရ,ရချင်း ကမ္ဘာအေးကို လှမ်းဖုံးဆက်တယ်၊ သူတို့ က မြန်လှချည့်လား ဦးခေမာ တဲ့၊ ဖတ်ပြပါမယ် နားထောင် ပါဘုရားဆိုပြီး ဖတ်ပြတော့ သူတို့က "ဟာ ဦးခေမာ ဝက္ကတာပဲဗျာ ဒီကမရှာတတ်လို့ ရှာမရလို့ ဆရာတော်ကို လျှောက်တာ ဆရာတော်က ခိုင်လုံသော ပါဠိတော်, အဋ္ဌ ကထာ, ဋီကာ အထောက်အထား ရှာသင့်ပါသေး၏လို့ ဆိုတော့ ဝက္ကတာပေါ့ဗျာ၊ ဆရာတော်ကို ပြန်လျှောက်ပါဦးလို့ ခိုင်းတော့ ဘုန်းကြီး ဆရာတော်ထံ ပြန်သွားပြီး သူတို့ပြောတဲ့

သာယာကုန်းရွာ ဓမ္မိကာရာမကျောင်းတိုက်ဆရာတော် အရှင်အရိယ ပျံလွန်တော်မူတယ်၊ အရှင်အရိယ ပျံလွန်မူတော့ ဆရာတော်က ဘုန်းကြီးပင့်စာလေး တစ်ဂါထာရေးပြီး ရိုးရိုးလေးပဲ အနှက်ပေးထားတယ်၊ ဂါထာလေးကတော့-

သာယာကုန်း ဓမ္မိကာရာမော -
ဓီပေါ ရိယော ထိရော ဂတော ၊
ဧဝံ နိမန္တျာမာယျေ -

သာဓု ကီဠန သဘံ ဣဓ။ တဲ့ ပထျာဝတ္တ ဂါထာပါပဲ၊ ဂါထာပါဦးလေးက ရေလှိုင်းသံလေးနဲ့ ရေးထားတာ အတော်ကို ဆိုလို့ကောင်းတာ၊ ဂါထာကို ရွတ်ရတာက သီချင်းဆိုရသလိုပဲ၊

သာယာကုန်း ဓမ္မိကာရာမော -
ဓီပေါ ရိယော ထိရော ဂတော ။
ဧဝံ နိမန္တျာမာယျေ -
သာဓု ကီဠန သဘံ ဣဓ ။ ဒီ ဂါထာကို ဘယ်သူက ချီးမွမ်းသလဲဆိုရင် ဟို ပျံလွန်တော်မူသွားတဲ့ တိပိဋကဓရ တိပိဋကကောဝိဒ ဒေါက်တာ ဦးသုမင်္ဂလ က သိပ်ပြီး ချီးမွမ်းတာ၊ ဦးသုမင်္ဂလ,က ပြောတယ်၊ သူ ဂါထာတွေ တော်တော်များများရေးဖူးပါတယ်၊ ဒါပေမယ့် ဆရာတော့်လို လက်ရာမျိုး တစ်ခါမှ ထွက်မလာပါဘူးတဲ့၊ ဘုန်းကြီးလဲ တွေးမိပါတယ်၊ ဦးသုမင်္ဂလ-သာ မဟုတ်၊ အခြားအခြား ဆရာတော်တွေရေးလဲ ဒီလို လက်ရာမျိုး ထွက်လာမယ် မဟုတ်ပါဘူးလို့။

ဒီတော့ ဘုန်းကြီးနဲနဲလေး ပြောချင်ပါသေးတယ်၊ ဒီ စကားလေးဟာ ဟိုတုန်းကလဲ ပြောဖူးတဲ့စကားလေးပါ၊ မြန်မာအတွက် ဂုဏ်ယူစရာ ကောင်းလို့လွန်းလို့ ထပ်ပြီး ပြောပါရစေဦး၊ ရှေးယခင်က သီရိလင်္ကာခေါ်တဲ့ သီဟိုဠ် ရဟန်းတော်များဟာ ပါဠိအရေးအသားနဲ့ ပတ်သက်လို့ မြန်မာကို သိပ်အထင် မကြီးဘူး၊ နောက်ကျမှ အသိအမှတ်ပြုလာကြတယ်လို့ ဗဟုသုတကြွယ်ဝတဲ့ ဆရာတော်ကြီးတွေ ပြောကြတာ အမြဲနှုတ်ကြတာ ဘုန်းကြီး ကြားဖူးတယ်၊ သီဟိုဠ်ကို အနှံတုန်ိင်တဲ့ ပါဠိအရေးအသားဟာ ပုဂံခေတ်က သဒ္ဒနီတိဆရာ၊ ရတနာပုံခေတ်မှာ လယ်တီဆရာတော်၊ ယခုခေတ်

သပြေကန်ဆရာတော်ဟာ သီဟိုဠ်ကို အနှံတုန်ိင်ရံသာ မဟုတ်ဘူး၊ သီဟိုဠ်ရဲ့ စံချိန်ကို ချိုးနှိုင်တာ ပါဠိအရေးအသားလို့ ပြောကြဝေဖန်ကြပါတယ်၊

ဦးခေမာရာ တပည့်တော်တို့က မတွေးမိဘူးဗျာ တပည့်တော်တို့ကလဲ အ,လိုက်ကြတာ လွန်ပါရော၊ ဆရာတော်က အဲဒီ ဆရာတော်ကြီး အဆုံးအဖြတ်ကို မှားတယ်လို့ မပြောချင်လို့ စဉ်းစားလို့လဲ ရအောင် ရေးပေးလိုက်တာကိုး" တဲ့ ၊ ဒီတော့ ဆရာတော့် ဉာဏ်ဟာ ဘယ်လောက် နက်နဲတယ်ဆိုတာ ဘုန်းကြီး ကြည်ညိုအားကျလိုက်တာ။

နောက်တစ်ခု ပြောပါရစေဦးနော်။ အင်း ဘုန်းကြီး ဟောပြောတာ အချိန်တော်တော်များသွားပြီ၊ အချိန်မသိလို့ တော့ မဟုတ်ပါဘူး၊ အချိန်ကိုတော့ သိပါတယ်၊ ဘုန်းကြီး ဘယ်မှာဖြစ်ဖြစ် တရားဟောဟော၊ ဘာလုပ်လုပ် အချိန်တိုတိုပဲ ဟောလေ့ရှိပါတယ်၊ လေမရှည်တဲ့ပါဘူး၊ အခု ဆရာတော်ကြီး အကြောင်းပြောတော့ ပြောချင်တာတွေက များတော့ အချိန်အတိုင်းအဆ မရှိသလို ဖြစ်သွားတယ်၊ တခါက ဆရာတော်ရဲ့ ညီအရင်းဖြစ်တဲ့ သန်လျင်မြို့နယ်

မှာတော့ သပြေကန်ဆရာတော်ဟာ သီဟိုဠ်ကို အနှံတုနိုင်ရံသာ မဟုတ်ဘူး၊ သီဟိုဠ်ရဲ့ စံချိန်ကို ချိုးနိုင်တဲ့ ပါဠိအရေးအသားလို့ ပြောကြဝေဖန်ကြပါတယ်၊ ဘယ်လောက် ဂုဏ်ယူစရာ ကောင်းလဲလို့၊ ဒီမျှဆိုရင် ဆရာတော်ရဲ့ ပညာဂုဏ်ရည်ကို အနည်းငယ်မျှတော့ မှန်းဆလို့ ရပါပြီ။

အဲသည်လို မြန်မာ့ဂုဏ်ဆောင်၊ သာသနာ့ဂုဏ်ဆောင် ဌာနဂုဏ်ဆောင်နိုင်ပြီး မိမိအတွက်မှာတော့ လာဘ်မဖက် ဂုဏ်မမက်ဘဲ မေတ္တာရှေ့သွားဖြင့် ရှေးဦးစွာ ကျေးဇူးပြုသွားသည့် ထူးခြားတဲ့ ဆရာတော်ကြီးကို အကြိမ်အားဖြင့် (၁၆)ကြိမ်မြောက် သက်တော်အားဖြင့်တော့ ရာပြည့် ရာကျော်မှန်းဆ ပူဇော်ခဲ့ရပါပြီ။

ပူဇော်ဦးစို့။ သက်တော်ရာပြည့်ရာကျော်ဆိုလို့ အခုန အခမ်းအနား မစခင်လေးမှာ စာရေးဆရာဧယျာနရိန်တို့၊ ပုသိမ်အရှင်ထေရဝံသတို့ မောင်ရင့်ကျူး(မြောင်းမြ)တို့က ဘုန်းကြီးကို ပြောကြတယ်၊ သပြေကန်ဆရာတော်ကြီးရဲ့ ရာပြည့်အထိမ်းအမှတ် စာအုပ်စာစောင်ထုတ်ဝေသင့်တယ်လို့၊ ဘုန်းကြီးကဟာ မလွယ်ဘူး ထင်တယ်၊ ဒီမှာကလဲ အလုပ်က သိပ်များတယ်၊ အစီအစဉ်လဲ မရှိခဲ့ဘူး၊ ပြီးတော့ ရာကလဲကျော်သွားပြီလေလို့ ဆိုတော့၊ ရာကျော်တာက ကိစ္စမရှိပါဘူး၊ ခုလို ထင်ရှားကျော်ကြားတဲ့ ဆရာတော်ဆိုတော့ ထုတ်ကိုထုတ်သင့်ပါတယ်တဲ့၊ ဘုန်းကြီး စိတ်ထဲမှာလဲ သိပ်ကို သဘောကျသွားတယ်။

ဒီတော့ ထုတ်လဲ ထုတ်ဖြစ်သွားရအောင် ဒီနေရာကပဲ နေပြီး လျှောက်ထားပါရစေဘုရား၊ ဆားလင်းကြီးဆရာတော် ကလောင်နာမည်ကတော့ ဆားလင်းကြီးဌေးလွင်ပေါ့လေ၊ တပည့်တော်များ သပြေကန်ဆရာတော်ကြီးရဲ့ ရာကျော်စာစောင်မှာ ဆောင်းပါးလေး ချီးမြှင့်ပေးပါဦးလို့ ပရိသတ်ကြီးကို သက်သေထားလို့ တပည့်တော် ဒီနေရာကနေပြီးတော့ လျှောက်ထား တောင်းခံပါတယ်ဘုရား၊ ထိုနည်းအတူပါပဲ အခုပလ္လင်ပေါ်မှာ သီတင်းသုံးနေတဲ့ ကျေးဇူးတော်ရှင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကထိက ရဟန်း ဆရာတော်ကိုလဲ လျှောက်ထားပါတယ်ဘုရား၊ အခြားဆရာတော်များကိုလဲ စွမ်းနိုင်သမျှ သပြေကန်ဆရာတော်ကြီးရဲ့ ဂုဏ်ကို ရေးသားပူဇော်ကြပါဦးလို့ ပရိသတ်ကြီးထဲကလည်း စွမ်းနိုင် စွမ်းနိုင်သလို ပူဇော်ကြမည်ဆိုလျှင် စိစစ်လက်ခံပါ့မယ်လို့ ပြောကြားပါရစေ။ ဟိုတုန်းကတော့ စဉ်းစားမိခဲ့ပေမယ့် ဟိုအရေး ဒီအရေးတွေးပြီး မထုတ်တော့ပါဘူးလို့ ထားခဲ့တာပါ။

အဲ အချိန်အားဖြင့် ကြည့်မယ်ဆိုရင် ဘုန်းကြီးဟောပြောချက်ဟာ တစ်နာရီနီးပါး ရှိသွားပါပြီ ၊ ဒါကြောင့် ဘုန်းကြီးရဲ့ ပူဇော်ဟောပြောမှုကို အဆုံးသတ်ကြရ အောင်နော်။

သီလ,သမာ,ထက်ပညာနှင့်
သုတစုံလင် ဂုဏ်အင်ပြည့်ဝ
မြတ်ထေရဟု၊
သပြေကန်တွင် ဒို့ဘုန်းရှင်ကို
ထက်သန်သဒ္ဓါ စေတနာဖြင့်
ဒို့မှာဂုဏ်ပြု ပူဇော်မှုကား၊
သံသရာဝဋ် တဏှာညွှတ်မှ
လွတ်မြောက်ကြရန် စိတ်ရည်သန်သည်၊
ပန်သည့်ဆုတိုင်း .. ပြည့်ပါစေ...ဘုရား.....။
(သာ...ဓု ၊ သာ...ဓု ၊ သာ...ဓု)

အရှင်ခေမာစာရ(အဂ္ဂမဟာပဏ္ဍိတ)

သပြေကန်ဆရာတော်ဘုရားကြီး

အဂ္ဂဝံသာဘိဓဇ

သန်လျင်ပြို့၊ သပြေကန်ရွာ၊ မဟာစမိုကရာမကျောင်းတိုက် စာချုပ်ဆရာ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

၁ ။ ဝိသိဋ္ဌေသု ဝိသိဋ္ဌော ယော - ဇိန,သာသန,သောဘိတေ ၊
ဝိသိဋ္ဌ,အင်္ဂီမဏ္ဍိတော ၊ နဒီ,မုခ,သညိတေ ယော -
ဝိသိဋ္ဌ,မေသိတော ဒေန္တော - ဂါမေ ဥပ္ပဇ္ဇိ ဒါရကော ။
ဝိသိဋ္ဌံ ဒေတု မေ ဇိနော ။ ၄ ။ တဿ တံ မာတာပိတရော -
၂ ။ သာဓု ဘောန္တော နိသာမေထ - ဒါရက် တိက္ခ,ဉာဏိက် ၊
ဝါသေဋ္ဌဿ သီရိန္ဓရော ၊ ဝါသေသုံ ဝိဟရေ တမှိ -
ဥပ္ပတ္တိ ဒါနိ မောဒါယ - ဇာတိယာ သတ္တ,ဝဿိက် ။
သံခေပေန ကထိယတေ ။ ၅ ။ တတော သော နဝ,ဝဿိကေ -
၃ ။ ဝေရိ,ကွယဿ ပါစိနေ - ပတ္တေ ရေဝတ,သန္တကေ ၊

သာမဏ်ဝေရ,ဘာဝံ ပတ္တော -
မင်္ဂလဿန,ဂါမကေ ။
၆ ။ ဓမ္မိကာရာမ,အာရာမော -
ပါကာရေဟိ ပရိက္ခတော ၊
သက္ယ,ကုဋ္ဌရသေဝိတော -
နာနာ,ပုပ္ဖ,ဒုမာလယော ။
၇ ။ တသ္မိံ နိဝသမာနော ယော -
ပိဋ္ဌက,တ္ထယ,ကောဝိဒေါ ၊
နေက,ဂန္ထ,ကရော ထေရော -
ဝိနယဒ္ဓရော,တိ ဝိဿုတော ၁ ၊
၈ ။ တဿာပိ မဟာ,ထေရဿ -
ဓမ္မိကာရာမ,သာမိနော ၊
နာနာ,ဂန္ထေ ဥဂ္ဂဏှန္တော -
နိစ္စံ သော ဝသိ သန္တိကေ ။
၉ ။ ကေဠီ,သီလာ အလဿာ စ -
လောလာစီတရဒါရကာ ၊
လာလေတိ သံ နာ တေ တမှိ -
မာတာ,ဝ မိဂ,ပေါတကာ ။
၁၀ ။ မဟု,ဿဝေသု သဗ္ဗေသု -
ပဌာယ ပန္နရသတော ၊
ဇယ,မာလံ ပိလန္ဓေဝ -
နေဝါ,ဟောသိ ပရာဇယော ။
၁၁ ။ ဇယံ ပတ္တော အဟော,ဒါနိ -
ဇယံ မဟု,ဿဝေ,ခိလံ ၊
ဇယေသု ပထမ,ဇ္ဈယံ -
ဇယမှိ တဿ ဉာဏိကံ ၊
၁၂ ။ ကွာပိပိန္ဒာနံ ဇယံ လဒ္ဓေါ -
ဥဿဝေ,စ ဇယကိံရော ၊
ပန္ထ,ဝယေ ဇယ,ဂ္ဂမော -
အဟော တဿ ဇယံ ဂုဏော ။
၁၃ ။ ဝါစု,ဂုတ္တေ,ကဝါရံ ယော -
ဂန္ထော တိဋ္ဌတျနဋ္ဌကော ၊
သေလက္ခရံ,ဝ သုစိရံ -
တဿ ဝိမှယ,ဉာဏိကံ ။
၁၄ ။ နိစ္စံ နိဝါတ,စိတ္တော သော -
သောဝစဿတ,သမ္ဗုဇ္ဈော ၊
သမော ရာဟုလတ္ထေရေန -
အဟော ဘော သမဏုဒ္ဒေသော ။
၁၅ ။ သု,သုခါ,ဝတ သာ မာတာ-
သု,သုခေါ,ဝတ သော ပိတာ ၊
သု,သုခေါ,ဝတ သွာစေရော -
ဤဒိသော ယံ သမဏုဒ္ဒေသော ။
၁၆ ။ အဂ္ဂဓမ္မော,တိ နာမေန -
အဂ္ဂ,ဓမ္မ,ဂဝေသိနာ ၊
အဂ္ဂ,ဓမ္မဿ သွာကာရော -
အဂ္ဂ,ဓမ္မေန ဝဏ္ဏိတော ။
"ဣတိ ဝါသေဋ္ဌပုတ္တိကထာ နိဋ္ဌိတာ"

ရှင်ဝါသေဋ္ဌ၏ အတ္ထုပ္ပတ္တိ

၁ ။ ဝိသိဋ္ဌေသု ဝိသိဋ္ဌော ယော -
ဝိသိဋ္ဌ,အက်ံမဏ္ဍိတော ၊
ဝိသိဋ္ဌ,မေသိတော ဒေန္တော -
ဝိသိဋ္ဌံ ဒေတု မေ ဇိနော ။

ယော ဇိနော - ငါးမာရ်အောင်မြင် များရန်နှင်သည့် အကြင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဝိသိဋ္ဌေသု - အံ့ချီးဖွယ်ရာ အဖြာဖြာ အဖုံဖုံ ရန်ဂုဏ်ဖြင့် လူဘုံနတ်ပေါ် ချီငေါထပ်ထပ် ချီးမွမ်းအပ်၍ ထူးမြတ်သောသူတို့ထက်၊ ဝိသိဋ္ဌော - ပါရမီဘုန်းညွှန့် ထိန်ထိန်ကွန့်သဖြင့် လွန်ထက်လွန်လတ် မြတ်ထက်မြတ်ဖြစ်တော်မူလျက်၊ ဝိသိဋ္ဌ, အက်ံမဏ္ဍိတော - ထူးမြတ်တုံဘိ သီရိမင်္ဂလာ သုံးဆယ့် နှစ်ဖြာသော လက္ခဏာတော်ကြီး အသီးသီးဆန်းကြယ် ရှစ်ဆယ်အပြား လက္ခဏာတော်ငယ် အများတို့ဖြင့် ငွေးငွေးတင့်လတ်၍ မြင့်မြတ်သော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ပေ၏ ၊ ဝိသိဋ္ဌံ - စကြဝဠာ ကမ္ဘာအနန္တ စံမရသည့် ဘဝရောင်ဖိတ် သဗ္ဗညုတ ဘွဲ့ထူးတံဆိပ်ကို၊ ဒေသိတော - ကိုယ်အသက်ကို ငဲ့ကွက်မခွါ သတ္တဝါများကို သနားကယ်

တင်တော်မူလိုလှ၍ လုံ့လထန်သီး ရရှိအောင် ရှာမှီးတော်မူပြီး၍၊ ဝိသိဋ္ဌ - အဂ္ဂမဟာသာဝက ဆုမျိုးနှင့်တကွ အဂ္ဂ, ဖလအရပ်ရပ် ထူးမြတ်သော မင်္ဂလာအကျိုးကို၊ ဒေန္တော-ကရုဓာတ်ရေ မိုးကြိုးစွေသို့ ပေးဝေတော်မူတတ်ပါပေ၏၊ သော ဇိနော - အောင်မင်္ဂလာ အောင်ချမ်းသာနှင့် အောင်ရာဆွတ်ခူး အောင်မှူးဥက္ကဋ္ဌ ထိုဘုရားရှင် ကိုယ်တော်မြတ်သည်၊ မေ - အဂ္ဂမဂ္ဂ နာမမှည်ခေါ် တပည့်တော်အား၊ ဝိသိဋ္ဌ - ထူးမြတ်ဖွဲ့ဖြိုး ကောင်းကျိုးချမ်းသာ မင်္ဂလာဟူ စဉ်လာသတ်မှတ် အောင်ဆုမြတ်ကို၊ ဒေတု - ငြိမ့်လေး ကြည်စွာအေးချမ်းသာအောင် ပေးတော်မူပါစေသတည်း။

၂ ။ သာဓု ဘောန္တော နိသာမေထ -
ဝါသေဋ္ဌသ သိရိန္ဓရော ၊
ဥပ္ပတ္တိ ဒါနိ မောဒါယ -
သံခေပေန ကထိယတေ ။

ဘောန္တော - အို သူတော်ကောင်း အပေါင်းတို့၊ သာဓု - တောင်းပန်စကား ပြောကြားလို၍၊ နိသာမေထ၊ သူတော်နှလုံး ရွှင်ပြုံးစွာ နာယူကြပါကုန်၊ သိရိန္ဓရော-သာသနာတော်၏ ကျက်သရေဆောင်ဖြစ်သော၊ ဝါသေဋ္ဌသ-ပထမကြိုးတန်းတွင် အောင်ပန်းအထပ်ထပ် ပန်ဆင်လတ်၍ ငါးရပ်ဝိနည်း ကျမ်းကြီးအာဂုံ လုံးစုံမကြွင်း ပြန်ဆိုနိုင်ခြင်း၌ အစွမ်းသတ္တိ ဂုဏ်ထူးရှိသည့် "ရှင်ဝါသေဋ္ဌ" သာမဏေ၏၊ ဥပ္ပတ္တိ - ပါရမီမြင့်မောက် တံခွန်ဆောက်သို့ ပြောင်မြောက်သောဂုဏ် ဖြစ်သမျှ အလုံးစုံကို၊ ဒါနိ - ချီးကျူးရန်သင့် အခွင့်ကြုံလာ ယခုအခါ၌၊ သာဓုနံ - သူတော်ကောင်းတို့၏၊ မောဒါယ - ဝမ်းမြောက်နှစ်သိမ့်စေခြင်းငှာ၊ သံခေပေန-ဂုဏ်နှင့်ဂုဏော် ပမေးပမာ မဝါမသိုင်း ဟုတ်တိုင်းဖော်ပြ အကျဉ်းမျှဖြင့်၊ ကထိယတေ - ကျူးမိန့်ချီချီ ဖွင့်ဆို ထုတ်ဖော်၍ ပြအပ်ပေသတည်း···။

"ဗုဒ္ဓါဒီနံ ဂုဏော ပကာသေတဗ္ဗော" ဟူသော အဋ္ဌကထာပါဠ် မိန့်ဆိုအပ်သည်နှင့်အညီ ဘုရားအစရှိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ ဂုဏ်ပုဒ်ကို ထုတ်ဆို ချီးကျူးမှု ထင်ရှားအောင် ပြုသင့် ပြုထိုက်သော သဘောရှိသောကြောင့် အကြင်အခြင်းအရာဖြင့် ချီးကျူးထောမနာသည် ရှိသော်ထိုပုဂ္ဂိုလ်ဂုဏ်သည် တိုးတက်မြင့်မြတ်သော အဖြစ်သို့ ရောက်လေရာ၏၊ ထိုသို့ ရှေးကရှိရင်းဂုဏ်ထက် တိုးတက်ဆင့်ပွါး ရသင့်ရထိုက်သော ဂုဏ်များကို အမှန်အတိုင်း ချီးကျူးရာ၏။။ ချီးကျူးရန်သင့် အခွင့်ရောက်နေသည်အား လျော်စွာ ချီးမွမ်းသင့် ချီးမွမ်းထိုက်သော ဂုဏ်အချက်ကို ကွယ်ဝှက်၍ မထားရသောသဘော ရှိရကား။ ယခု ၁၂၉၁-ခုနှစ် တန်ဆောင်မုန်းလ၌ သပြေကန် "မဟာဓမ္မိကာရာမ တိုက်သစ်ကြီး" အတွင်း ကျင်းပပြုလုပ်အပ်သော "ဝိနည်းစာပြန်ပွဲကြီး" ၌ လည်းကောင်း၊ ပုဂံတောင်ရွာ "ဓမ္မာရုံကြီး" အတွင်း ကျင်းပပြုလုပ်အပ်သော ဝိနည်းစာပြန်ပွဲကြီး" ၌ လည်းကောင်း၊ ရန်ကုန်မြို့ ကျောင်းတော်ရာ "မဟာဓမ္မဒီပိကာရာမ" ရွှေကျင်ကျောင်းတိုက်ကြီးအတွင်း၌ ဟံသာဝတီဆိုင်ရာ ဝိနည်းစာပြန်ပွဲကြီး၌လည်းကောင်း "ဝိနည်းငါးကျမ်းပါဠိတော်" ကို အကြွင်းအကျန်မရှိ နိဒါန်းဝတ္ထုနှင့်တကွ အကုန်အစင် ပြန်ဆိုအောင်မြင်သော သာမဏေ "ရှင်ဝါသေဋ္ဌ" ၏ဂုဏ်ကို ဖွင့်ဆိုချီးကျူး အထူးထောမနာထိုက်သည် အားလျော်စွာ မပိုမသိုင်း ဟုတ်တိုင်းမှန်စွာ အကျဉ်းမျှ ဖော်ပြပါအံ့ ။

၃ ။ ဝေရိ,ကွယသ ပါစိနေ -
ဇိန,သာသန,သောဘိတေ ၊
နဒီ,မုခ,သညိတေ ယော -
ဂါမေ ဥပ္ပန္နိ ဒါရကော ။

ဝေရိ,ကွယသ - သေနင်ဗိုလ်ပုံ ရန်မျိုးကုန်၍ ဘွဲ့ပုံခပ်နိပ် ဂုဏ်ဟိတ်မချို ရန်ကုန်မြို့၏၊ ပါစိနေ-ကျားမင်းပျော်ရာ ရေမျက်နှာ၌၊ ဇိန,သာသန,သောဘိတေ-အောင်ပွဲသခင် ဘုရားရှင်၏ သုံးခွင်သာသနာ ကောင်းစွာပွင့်လင်းတင့်တယ်ခြင်းရှိပေထသော၊ နဒီမုခသညိတေ- "ချောင်းဝ" ဟု မှည့်ခေါ်အပ်သော၊ ဂါမေ - ရွာကြီး၌၊ ယော ဒါရကော-ပါရမီဂုဏ်မြင့် ဉာဏ်ဟုန်တင့်၍ မြင့်သမ္ဘာကြွယ် အကြင် သာမဏေအလောင်းဖြစ်သော သူငယ်သည်၊ ဥပ္ပန္နိ - မယ်တော်ဝမ်းတိုက် ကိန်းပိုက်သန္ဓေ တည်နေစွဲကပ် ထင်ရှားဖြစ်ပေါ်လာအပ်ပေသတည်း။

ဤဂါထာဖြင့် သာမဏော ''ရှင်ဝါသေဋ္ဌ'' ၏ မွေးရာဇာတိဌာနကို ဖော်ပြပေး၏။ ထိုသာမဏောအလောင်းဖြစ်သော သူငယ်သည် ဟံသာဝတီ ဒီစတြိတ် နယ်နိမိတ် အဝင်အပါ ''ချောင်းဝရွာ'' ဌာနတွင် သမ္မာအာဇီဝ အလုပ်ဖြင့် အသက်မွေးလျှက် နေထိုင်ကြသော ကုန်သည်ကြီး ''ဦးဖိုးစိန်+ဒေါ်အိမ်'' တို့မှ ၁၂၇၂-ခုနှစ် ဥတုဟေမန္တ နတ်တော်လဆန်း (၁၃)ရက် ဗုဒ္ဓဟူးနေ့ ညဉ့်သန်းခေါင်ယာမ် အချိန်တွင် ဖွားမြင်လေသည်။ ထူးခြားသောအကြောင်းမှာ ထိုသူငယ် ပဋိသန္ဓေနေသောအခါမှစ၍ မွေးဖွားသည်တိုင်အောင် သူငယ်အားလည်းကောင်း၊ မိခင်အားလည်းကောင်း၊ အနည်းငယ်မျှ ဆင်းရဲခြင်း မရှိ၊ ပကတိ ချမ်းသာစွာနှင့် မွေးဖွားနေထိုင်ရခြင်းပင် ဖြစ်သည်။

၄ ။ တသ တံ မာတာပိတရော -
ဒါရကံ တိကွ,ဉာဏိကံ ၊
ဝါသေသုံ ဝိဟရေ တမှိ -
ဇာတိယာ သတ္တ,ဝဿိကံ ။

တသ-ထိုသူငယ်၏၊ မာတာပိတရော-မိခင်,ဖခင်ကျေးဇူးရှင်တို့သည်၊ တိကွဉာဏိကံ - ထက်မြက်သောဉာဏ်ပဋိဘာန်ရှိသော၊ ဇာတိယာ- စွဲကပ်တည်နေ သန္ဓေအားဖြင့်၊ သတ္တ,ဝဿိကံ - ခုနစ်နှစ်အရွယ်မျှသာ ရှိသေးသော၊ ဒါရကံ-သာမဏောကျော်အလောင်း ဂုဏ်ပေါင်း စုံကြွယ်ထိုသူငယ်ကို၊ တမှိ-ပဲခူးမြစ်ဝှမ်း ရွှေဘက်ကမ်း၌ ကူးသန်းသွားလာ ဝါဏိဇ္ဇာတို့ နေရာသာလှ ထိုချောင်းဝရွာ ဌာန၌၊ ဝိဟာရေ - လောကဓာတ်ပညာ တတ်အပ်ရာသား ဂဏန်းပညာများကို သင်ကြားအားစိုက် မြန်မာလောကဓာတ်ပညာသင်ကျောင်း၌၊ ဝါသေသုံ - ပညာသင်ရန် အပ်နှံနေစေကြကုန်ပြီ။

ဤဂါထာဖြင့် ထို ''ရှင်ဝါသေဋ္ဌ'' အလောင်း သူငယ်၏ ရှေးဦးစွာ ပညာသင်ကြားရာ ဌာနကို ပြဆိုပေ၏။ သာမဏောကျော်အလောင်းဖြစ်သော သူငယ်၏ မိခင်,ဖခင်တို့သည် သူငယ်၏ထက်မြက်သော ဉာဏ်စွမ်းကို သိရှိရကား မိဘတို့ဝတ္တရားရှိသည်နှင့်ညီစွာ ရပ်ရွာရှိ မြန်မာစာသင်ကျောင်းတွင် အပ်နှံကြကုန်၍ ခုနစ်နှစ်အရွယ်ကပင် သင်ပုန်းကြီး, မင်္ကလသုတ်စသော သူငယ်တို့ သင်အပ်ရာ စာပေများနှင့်တကွ ဂဏန်းကျမ်းများကို အရွယ်နှင့်မမျှ တတ်မြောက် ရရှိပေ၏၊ ထိုစဉ်အခါကပင် ရပ်ရွာရှိ လူ အပေါင်းတို့၏ ချီးမွမ်းခြင်းကို ခံယူရရှိသော သူငယ်တစ်ဦးဖြစ်၏။

၅။ တတော သော နဝ,ဝဿိကေ -
ပတ္တေ ရေဝတ,သန္တကေ ၊
သာမဏေရ,ဘာဝံ ပတ္တော -
မင်္ကလဗုန,ဂါမကေ။

တတော - ထိုနောင်မှ၊ သော - ပါရမီ ထူးကြွယ်ထိုသူငယ်သည်၊ နဝ,ဝဿိကေ - ပဋိသန္ဓေ တည်နေသည်မှ စ၍ တွက်စစ် ကိုးနှစ်အရွယ်သို့၊ ပတ္တေ-ကြီးပွါး ထွန်းပေါက် ရောက်လတ်သည်ရှိသော်၊ မင်္ကလဗုန, ဂါမကေ-မင်္ကလွန်း အမည်ရှိသောရွာ၌၊ ရေဝတ, သန္တကေ-ဘုန်းတော်ကြီးအရှင် ရေဝတအထံ၌၊ သာမဏေရ, ဘာဝံ-ပထမဘိသိက် ဂုဏ်ဟိတ်ဆွတ်ချွေ ရှင်သာမဏော အဖြစ်သို့၊ ပတ္တော - သာသနာ့ တာဝန် အားသွန်ကြိုးပမ်း ထမ်းဖို့မသွေ ရောက်ရချေပြီ။

ဤဂါထာဖြင့် သာမဏောအဖြစ်သို့ ရောက်သည်ကို ပြဆိုပေ၏။ ထို သူငယ်၏ မိဖနှစ်ပါးတို့သည် မိမိတို့နေရင်းဌာနဖြစ်သော ''ချောင်းဝရွာ''မှ ''မင်္ကလွန်းရွာ''သို့ ပြောင်းရွှေ့သောကြောင့် မိဘတို့နှင့်အတူ လိုက်ပါရလေ၏၊ ထိုသို့ မင်္ကလွန်းရွာ၌ နေစဉ် ထိုသူငယ်မှာ ရှေးရှေးသော ဘဝက ဆည်းပူးခဲ့သော ပါရမီဓာတ် နှိုးဆော်တိုက်တွန်းအပ်ရကား မည်သူမျှတိုက်တွန်းခြင်းမရှိ၊ မိမိ အလိုအလျောက် ရှင်သာမဏေပြုလိုသော စိတ်ဆန္ဒ ဖြစ်ပေါ်လာသည်ဖြစ်၍ မိဘတို့ထံဝယ် ပူဆာတောင်းပန်လေရကား သူငယ်၏ ကျေးဇူးရှင် မိဘတို့သည် ငါတို့သည် အဖိုးထိုက်လှစွာသော သာသနဒါယဒ္ဓ၊ သာသနဒါယာဒ၊ သာသနာ့ အမွေခံ သာသနာ့ဆွေမျိုး တော်ရပေတော့မည်ဟု ဝမ်းမြောက်သော စိတ်နှလုံးရှိသည်ဖြစ်၍ ရပ်ရွာရှိ ဘုန်းတော်ကြီး အရှင်ရေဝတထံ အပ်နှံ၍ သာမဏေရပဗ္ဗဇ္ဇာမင်္ကလာသဘင် ဆင်ယင်

ကျင်းပ ပြုလုပ်ကြသဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိလာလေသတည်း။

၆ ။ ဓမ္မိကာရာမ,အာရာမော -
ပါကာရေဟိ ပရိက္ခတော ၊
သက္ယ,ကုဋ္ဌရသေဝိတော -
နာနာ,ပုပ္ဖ,ဒုမာလယော ။

၇ ။ တသ္မိ နိဝသမာနော ယော -
ပိဋ္ဌက,တ္တယ,ကောဝိဒေါ ၊
နေက,ဂန္ထ,ကရော ထေရော -
ဝိနယဒ္ဓရော,တိ ဝိဿုတော ၊

၈ ။ တဿပိ မဟာ,ထေရဿ -
ဓမ္မိကာရာမ,သာမိနော ၊
နာနာ,ဂန္ဆေ ဥဂ္ဂဏှန္တော -
နိစ္စံ သော ဝသိ သန္တိကေ။

ပါကာရေဟိ - မြင့်မောက်ကာဝိုင်း အုတ်တံတိုင်းတို့ဖြင့် ၊ ပရိက္ခတော-ထက်ဝန်းကျင်မှ အစဉ်အတိုင်း ရစ်ဝိုင်းကာပတ် ခြံရံအပ်ပေထသော၊ သက္ယ,ကုဋ္ဌရသေဝိတော - သာကီမျိုးနွယ် တန်ခိုးကြွယ်လတ် ရဟန်းမြတ်တို့၏ မှီဝဲဆည်းကပ်ရာလည်း ဖြစ်ပေထသော၊ နာနာ,ပုပ္ဖ,ဒုမာလယော - ပွင့်မျိုးစုံထွက် အယှက်ယှက်လျှင် ကိုင်းခက်ဝေဆာ သာယာစိမ်းညို ပန်းပင်ပျိုတို့၏ တည်ရာ ဂန္ဓာပြန့်လိုင် ပန်းစုံမြိုင်ကြီးလည်း ရှိပေထသော၊ ယော ဓမ္မိကာရာမ အာရာမော - အကြင်ဓမ္မိကာရုံ အာရာမ်ကျောင်းတိုက်ကြီးသည်၊ အတ္ထိ - ထင်ရှားမသွေ တည်ရှိပါပေ၏ ။

တသ္မိ - ထို ဓမ္မိကာရုံ အာရာမ်ကျောင်းတိုက်ကြီး၌၊ နိဝသမာနော - သာသနာအကျိုးသည်ပိုးအား၍ အမြဲနေထိုင်တော်မူသော၊ ပိဋ္ဌက, တ္တယ, ကောဝိဒေါ - သုံးပုံပိဋကတ် ပရိယတ်တွင် ကျမ်းကျင်ပေါက်ရောက် တတ်မြောက်တော်မူပေထသော၊ နေက, ဂန္ထ, ကရော - သံဓိတ္တာဒီပနီ အစရှိသော ကျမ်းဂန်များကို ရေးသားပေတတ်ဂုဏ်သကတ်ကြောင့် ဂန္ထကာရက တစ်ဆူလည်း ဖြစ်တော်မူပေထသော၊ ဝိနယဒ္ဓရော,တိ - ဂိုဏ်းသံဃာများ မြောက်စားခပ်နှိပ် ဝိနည်းဓိရ်ဟူသော ဘွဲ့တံဆိပ်ဖြင့်၊ ဝိဿုတော - မခဲ့သဘင် ကျော်စောခြင်း ရှိပေထသော၊ ယော မဟာထေရော - ပုရိသဇာနည် ကေသရီဇာတ် အကြင်မဟာထေရ်မြတ်ကြီးသည်၊ အတ္ထိ - နေမင်းကြီးအလား ထင်ရှားရှိပေ၏။

ဓမ္မိကာရာမ,သာမိနော - ဓမ္မိကာရုံတိုက်ကြီး၏ အရှင်ဖြစ်တော်မူပါပေထသော၊ တဿ မဟာထေရဿ - ထို ဓမ္မိကာရုံ ဆရာတော်ဘုရားကြီး၏၊ သန္တိကေ-နီးကပ်ဝတ်စင်း ထံတော်ရင်း၌၊ နာနာ,ဂန္ဆေ - ပါဠို အဋ္ဌကထာဋီကာအဖုံဖုံ ကျမ်းမျိုးစုံကို၊ ဥဂ္ဂဏှန္တော - လုံ့လကြိုးကုတ်သင်ကြားအားထုတ်လျက်၊ နိစ္စံ - အမြဲမကွာ၊ ဝသိ - သူတော်မြတ်အလေ့ဖြင့် ပျော်မွေ့စွာ နေထိုင်လေပြီ။

ဤဂါထာများဖြင့် မဟာဓမ္မိကာရာမ ဆရာတော်ဘုရားကြီး၏ အထံတော်၌ ပရိယတ်သင်ကြားခြင်းကို ပြပေ၏၊ ထို သာမဏေ "ရှင်ဝါသေဋ္ဌ" သည် မင်္ဂလွန်းရွာ အရှင်ရေဝတထံ၌ နေထိုင်၍ သုံးလမျှ ကြာမြင့်လတ်သော် အရှင်ရေဝတသည် မင်္ဂလွန်းရွာ၌ မပျော်ဝိုက်သဖြင့် ရပ်ရွာရှိ ကျောင်းမှ ခွဲခွါထွက်ကြွသွားလေသောကြောင့် "ရှင်ဝါသေဋ္ဌ" ၏ ကျေးဇူးရှင်မိဘတို့မှာ ဤကဲ့သို့အကြံ ဖြစ်ပေါ်လေ၏ "ငါတို့၏ သားဖြစ်သော သာမဏေငယ်သည် သာသနာတော်၌ ပရိယတ်,ပဋိပတ်ကို အားထုတ်၍ နောင်အခါ သာသနာ့ဝန်ဆောင် သာသနာ့ကျက်သရေဆောင် ပုဂ္ဂိုလ်တစ်ဦး ဖြစ်စေရန် ဆရာကောင်းထံ အပ်နှံမှ တော်လိမ့်မည်" ဟူသော အကြံဖြစ်ပေါ်ကြလေ၏။

ထိုသို့ ဖြစ်ပေါ်လာသည်အားလျော်စွာ သာယာဆန်းကြယ် ကျောင်းငယ်ကျောင်းကြီး ပွင့်သီးစုံလင် ပန်းဥယျာဉ် စသည်တို့ဖြင့် ရှုချင့်စဘွယ် တင့်တယ်ခံ့ငြား စာသင်သားတည်းဟူသော ပျားဝိတုန်းတို့၏ စားသုံးမှီဝဲရာ သာယာပြန့်လိုင် ပန်စုံမြိုင်ကြီးသဖွယ် တင့်တယ် ရှုမည်း သပြေကန် "မဟာဓမ္မိကာရာမတိုက်သစ်" ကြီးဝယ် များစွာသော တပည့်အပေါင်းတို့၏ မှီခိုအားထားရာ လင်္ကာ,ပေသလ, သိင်္ဂါကာမ, ပိဋ္ဌကတ္တယကောဝိဒ, ဘာသန္တရဆေက, ဂန္ထကာရက,ဝိနယဓရ-စသည်လောက်လုံ ဂုဏ်ပေါင်းစုံတို့ဖြင့် သင်းထုံကျော်ကြား "မဟာဓမ္မိကာရာမ" ဆရာတော်ဘုရားကြီး၏အထံတော်သို့ လာရောက်အပ်နှံခြင်း အမှုကို

ပြုကြလေကုန်၏။ ဆရာတော်ဘုရားကြီးသည် သာမဏေငယ်၏ ထက်မြက်သော ဉာဏ်စွမ်းကို ခန့်မှန်းမျော်မိ တစ်စ တစ်စ သိရှိလာလေရကား သာမဏေငယ်၏ နောင်အခါ ကြီးပွါးမည့်အရေးကို မျော်တွေးပြီးလျှင် အထူးပင်အားထုတ်၍ ကျမ်းဂန်များစွာ ပို့ချသင်ကြားပေးတော်မူ၏။

၉။ ကေဠီ,သီလာ အလသာ စ -
လောလာစီတရ,ဒါရကာ ၊
လာလေတိ သံ နှ တေ တမိ -
မာတာ,ဝ မိဂ,ပေါတကာ ။

ဤတရဒါရကာ - "ရှင်ဝါသေဋ္ဌ"သာမဏေငယ်မှ တပါး အခြားသော သူငယ် ရှင်ငယ်တို့သည်၊ ကေဠီ, သီလာ - သူငယ်တို့သဘာဝ ယေဘုယျအားဖြင့် ကစား ရွှင်မြူး အပျော်ကြူး၍ ရှုးမူးခြင်းကိုသာ အားထားလေ့ရှိကြလေကုန်၏၊ အလသာ စ - ဆရာ,မိဘ သုံးမရအောင် မှိုင်းကျသည့်ပုံ အပျင်းဆွဲ၍သာ နေတတ်ကြကုန်၏။ လောလာ စ - လျှပ်ပေါလည် မတည်ယွင်းပျက် ကလက် သော စိတ် ရှိတတ်ကြကုန်၏၊ တမိ - ကိုးနှစ်သားအရွယ် ထို"ရှင်ဝါသေဋ္ဌ"သာမဏေငယ်၌မူကား၊ တေ -ကစားပျင်း ပျက် ကလက်ပြောင်ချော် မတော်မသင့် ထိုသူငယ် ရှင်ငယ် တို့၏ အလေ့အကျင့်မျိုးတို့သည်၊ နှ သန္တီ - မရှိကုန် ၊ မိဂ,ပေါတကော - သမင်ငယ်သည်၊ မာတာ မာတုယာ-အမိနှင့်၊ လလေတိ ဝိယ - တင့်တယ်ပျော်ပါး ကစားစံပယ် ၍သာ နေသကဲ့သို့၊ သံ သေန ဓနေန - အမိပမာ မိမိဥစ္စာ ဖြစ်သော သင်အံ့လေ့ကျက် ဆောင်ရွက်ရသော ကျမ်းဂန်များ နှင့်သာလျှင်၊ လလေတိ - ကြည့်ရှု,ကျက်ကြံ ကြံစည် ရေးသား အလုပ်များဖြင့် ကစားစံမွှယ်၍သာနေတတ်ပေ၏။

ဤဂါထာဖြင့် ကိုးနှစ်သားအရွယ် "ရှင်ဝါသေဋ္ဌ" သာမဏေငယ်၏ အနေအထိုင် ထူးခြားပုံကို ဖော်ပြပေ၏။ ဤအရွယ်၌ အခြားသော သူငယ်,ရှင်ငယ်တို့မှာ များသော အားဖြင့် အပျော်အပါး ကစားမြူးခုန်ခြင်းကိုသာ အမြဲ အားထားလေ့ရှိသည့်အပြင် ပျင်းရိခြင်း လျှပ်ပေါလော်လည် မတည်ကြည်သော အမူအယာဖြင့်သာ နေတတ်ကြ၍ ဆရာ မိဘတို့ စိတ်မအေးစရာ များစွာဒုက္ခ ပေးတတ်ကြကုန်၏၊

"ရှင်ဝါသေဋ္ဌ"သာမဏေငယ်မှာမူကား ထိုသူငယ် ရှင်ငယ် တို့၏ အလေ့သဘောမျိုးမရှိဘဲ ဆရာမိဘတို့ကို ဒုက္ခမပေး သည့်ပြင် အပေါင်းအဖော်တို့နှင့် ကြာမြင့်စွာတွဲဖက်၍မနေဘဲ၊ မိမိသင်အံ့ကျက်မှတ်ရသော ကျမ်းဂန်များကိုသာ ကြည့်ရှု မှတ်သား၍နေတတ်သဖြင့် ဆရာ,မိဘတို့၏ စိတ်အေးချမ်း ဖို့ရာကိုသာ များစွာပြုတတ်ပေ၏။

၁၀။ မဟု,ဿဝေသု သမ္မေသု -
ပဌာယ ပန္နရသတော ၊
ဧယ,မာလံ ပိလန္ဓေဝ -
နေဝါ,ဟောသိ ပရာဧယော ။

သော သာမဏေရော-ဉာဏ်မာတ်မမှိန် လင်းထိန်ဖြိုးကြွယ် ထိုသာမဏေငယ်သည်၊ ပန္နရသတော-အရွယ်တွက်စစ် တစ်ဆယ့်ငါးနှစ်မှ၊ ပဌာယ - စ၍၊ သမ္မေသု - ပြန်ဆိုသမျှ ဥဿုံ အလုံးစုံကုန်သော၊ မဟုဿဝေသု-အစိုးရစာပြန်ပွဲ နယ်လုံးဆိုင်ရာ ဝိနည်းစာပြန် ပွဲကြီးတို့၌၊ ဧယ, မာလံ-အောင်မြင်သဖြင့် အောင်ပန်းပွင့်ကို၊ ပိလန္ဓေ ဝ ပိလန္ဓေ ဧဝ-ပန်ဆင်ရသည်ချည်းသာလျှင်တည်း၊ ပရာ ဧယော - မအောင်ပျက်ပြုန်း ကျရှုံးရခြင်းသည်၊ နေဝ အဟောသိ - မဖြစ်ဘူးလေပြီ။

ဤဂါထာဖြင့် သာမဏော"ရှင်ဝါသေဋ္ဌ" သည် ပြန်ဆိုသမျှ စာပြန်ပွဲတို့၌ ကျရှုံးခြင်း မရှိ၊ အောင်မြင်ကြောင်းကို ပြပေ၏။ ထိုသာမဏေသည် တစ်ဆယ့်သုံးနှစ် အရွယ် လောက်ကပင် သဒ္ဒါ, သင်္ဂြိဟ်, ဋီကာကျော်, ပုဒ်စစ်, ဘေဒစိန္တာ စသော ကျမ်းများနှင့် ညဝါဘက် မာတိကာ,ဓာတုကထာကျမ်းများ ပေါက်မြောက်ပြီးဖြစ်၍ အစိုးရစာပြန်ပွဲသို့ ဝင်ပြန်ဖြေဆိုနိုင်လောက်သော်လည်း အစိုးရမင်းတို့ ပြဋ္ဌာန်းသော နှစ်သို့ မရောက်သေးသဖြင့် ဆိုင်းလင့်နေခဲ့ရာ (၁၂၈၇)ခုနှစ်၌ ပြဋ္ဌာန်းသောနှစ် လုံလောက်ပြီဖြစ်၍ ထိုနှစ် နယုန်လအတွင်း ကျင်းပအပ်သော အစိုးရ ပထမပြန်စာမေးပွဲ၌ ဝင်ပြန်ဖြေဆိုရာ ပထမငယ်တန်းတွင် အောင်ပန်းဆင်ယဉ်ရပေ၏။ထိုနှစ် ဝါတွင်း၌ပင် "ရှင်ဝါသေဋ္ဌ"သာမဏေငယ်၏ ဉာဏ်စွမ်းကို စူးစမ်းလိုသဖြင့် တက်မြဲစာဝါကို မပျက်စေဘဲ ဉာဏောဝိဘင်း ပါဠိတော်ကို ဝတ္ထု နိဒါန်းနှင့်

၁၂။ ကွာပိန္နာနံ ဇယံ လဒ္ဓေါ -
ဥဿဝေ,စ ဇယဂ္ဂါဏော ၊
ပန္ဆ,ဝယေ ဇယ,ဂ္ဂမော -

ယော - အကြင်"ဝါသေဋ္ဌ"မည်သော သာမဏေ သည်၊ ဒါနိ ၁၂၉၁-ခုဖြစ်သော ယခုနှစ်၌၊ မဟုဿဝေ-တန်ဆောင်မုန်းလအတွင်းက ကျင်းပအပ်သော 'ပုဂံတောင်' သပြေကန်"ဝိနည်းစာပြန်ပွဲကြီးနှစ်ရပ်နှင့်တကွ နတ်တော်လအတွင်းကျင်းပအပ်သော ရန်ကုန် အမြို့ 'ကျောင်းတော်ရာ' ဝိနည်းစာပြန်ပွဲကြီးများ၌၊ဇယံ အ,ဇယံ-လူသာမန်တို့ ရ, ဆောင် အောင်မြင်ရန် ခဲခက်လှသော၊ အခိလံ - အခြွင်း အချုန်မရှိ အလုံးစုံ ဝတ္ထုနိဒါန်းနှင့်တကွ ဝိနည်း ငါးကျမ်း ပါဠိတော်မြတ်ကြီးကို၊ ဇယံ - ဝင်ရောက် ပြန်ဆိုသဖြင့် အောင်မြင်ခြင်းသို့ ၊ ပတ္တော - ပထမတန်း တစ်ဂဏန်းဖြင့် အောင်ပန်းဆုထူးကို ဆွတ်ခူးပန်ယူ ရလေပြီ။

ဇယမှိ - ဝိနည်းပြန်အောင်ပွဲကြီး၌၊ ဇယေသု - ကျမ်းကြီးအတန်းတွင် ဝင်ရောက်ပြန်ဆို အောင်မြင်သော ပုဂ္ဂိုလ်တို့တွင်၊ ပထမဇ္ဈယံ - မချုန်မခြွင်းအလုံးစုံ ပြန်ဆိုနိုင်ခြင်းဖြင့် ပထမတန်း တစ်ဂဏန်းဟူ အောင်ပန်း ဆင်ယူရခြင်းသို့ ၊ ပတ္တာသ - ရောက်သော၊ တာသ - ထို သာမဏေ"ရှင်ဝါသေဋ္ဌ"၏ ၊ဉာဏိက် - ကျယ်ဝန်း များပြားလှသည့် ဝိနည်းပါဠိတော်ငါးကျမ်းလုံးကို မမေ့မယောက် စောင့်ရှောက် ဆောင်ရွက် နှုတ်တက်ပြန်ဆိုနိုင်သည့် စိန်ဆိုင်စိန်ခဲတမျှ ထက်မြက်စူးရှလှသော ဉာဏ်ကောင်းဉာဏ်မြတ်ကြီးသည်၊ အဟော-သြော် အံ့ချီးဖွယ်ကြီးပါပေတကား။

ဇ - ဝိနည်းငါးကျမ်းကိုသာ ပြန်ဆိုအောင်မြင် သည် မဟုတ်သေး၊ ကွာပိန္နာနံ - အစိုးရမင်းတို့၏၊ ဥဿဝေ - ကျင်းပအပ်သော ပါဠိဘာသာ ပထမကျော် စာပြန်ပွဲကြီး၌၊ အဇယံ ကရော - လူသာမန်တို့ အောင်မြင်ပြေကျအောင် ဖြေဆိုရန် ပြုလုပ်ခဲယဉ်းလှသော်လည်း၊ ဇယဂ္ဂမော-အသက်(၁၅)နှစ်အရွယ် ပထမငယ်တန်းမှ စ၍ ဝင်ရောက်ဖြေဆိုခဲ့ရာ မခက်မခဲ အမြဲကျရှုံးခြင်းမရှိဘဲ နှစ်စဉ်အောင်ပန်း ရခဲ့သည်ဖြစ်၍၊ ပန္ဆဝယေ - အသက်ကို တွက်စစ်က

တကွ မခြွင်းမချုန် ကျက်မှတ်စေရာ တန်ဆောင်မုန်းလဆန်း လျှင်ပင် အလုံးစုံကျေပွန်စွာ အာဂုံရရှိသဖြင့် တန်ဆောင်မုန်း လဆုတ်(၁)ရက်မှ(၃)ရက်တိုင် ကျင်းပအပ်သော ပုဂံတောင် ရွာ ဓမ္မာရုံကြီးအတွင်း ဝိနည်းစာပြန်ပွဲကြီး၊ နတ် တော်လဆန်း (၁၀)နေ့မှ လပြည့်နေ့အထိ ကျင်းပပြုလုပ်သော ကျောင်း တော်ရာ ဝိနည်းစာပြန်ပွဲကြီးများ၌ ဝင်ရောက်ပြန်ဆိုရာ အောင်မြင်ခြင်းသို့ ရောက်ရှိလေ၏။ ထို့နောက် အသက် အရွယ် နှုန်းသေးသည့်အတွက် ဝိနည်းပါဠိတော်ကြီးများကို ဆက်လက်ကျက်မှတ် ပြန်ဆိုရန်ကို ခေတ္တဆိုင်းငံ့၍ နေရမည်ဟူသော ဆရာတော်ဘုရားကြီး၏ အမိန့်တော်မှတ်ချက် ကြောင့် နှစ်နှစ်မျှ ဆိုင်းငံ့ပြီးလျှင် အစိုးရစာပြန်ပွဲကိုမူကား မရပ်ဆိုင်းဘဲ အစဉ်အတိုင်း ဆက်လက်၍ ၁၂၈၈-ခုနှစ်၌ ကျင်းပပြုလုပ်အပ်သော အစိုးရပထမပြန်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရာ ပထမလတ်တန်းတွင် အောင်ပန်းဆင်ရပေ၏။ ထို့နောက် ဆက်လက်၍ ပထမကြီးပြန်ဆိုရန် အတွက် အားထုတ်လေရာ၊ ၁၂၈၉-ခုနှစ်၌ ပထမကြီးတန်း အောင်ပန်းဆင်ရပေ၏။ ၁၂၉၀-ပြည့်နှစ်၌ ဥဘတောဝိဘင်း နှင့်တကွ မဟာဝါပါဠိတော်ကြီးကို ယခင်ကကဲ့သို့ပင် ကျက်မှတ်စေရာ ဝါတွင်း၌ပင် ကျေပွန်စွာရသဖြင့် ပုဂံ တောင်ရွာ ဓမ္မာရုံကြီးအတွင်း ကျင်းပအပ်သော ဝိနည်း စာပြန်ပွဲကြီး၌လည်းကောင်း၊ သပြေကန် မဟာဓမ္မိကာရာမ တိုက်သစ်ကြီးအတွင်း ကျင်းပအပ်သော ဝိနည်းစာပြန်ပွဲကြီး၌လည်းကောင်း၊ ရန်ကုန်မြို့ ကျောင်းတော်ရာ"မဟာဓမ္မဒီပိကာရာမ"တိုက်ကြီးအတွင်း ကျင်းပအပ်သော ဝိနည်း စာပြန်ပွဲကြီး၌လည်းကောင်း၊ ဝင်ရောက်ဖြေဆိုပြန်ရာ အောင် မြင်ခြင်းသို့ ရောက်ရှိလေ၏။ ယခုအခါ ၁၂၉၁-ခုနှစ်တွင် ပြဆိုအပ်ခဲ့ပြီးသော ဝိနည်းစာပြန် ပွဲတော်ကြီးတို့၌ ဝတ္ထုနိဒါန်း နှင့်တကွ ပဒဘာဇနီမကျွန် အကုန်ပြန်ဆို အောင်မြင်လေသ တည်း။

၁၁။ ဇယံ ပတ္တော အဟော,ဒါနိ -
ဇယံ မဟု,ဿဝေ,ခိလံ ၊
ဇယေသု ပထမ,ဇ္ဈယံ -
ဇယမှိ တာသ ဉာဏိက်၊

တစ်ဆယ့်ခုနစ်နှစ်အရွယ်၌၊ ဇယံ လဒ္ဓေါ - ပထမကြိုးတန်း အောင်ပန်းမြတ်မင်္ဂလာကို ကြည်သာအေးမြ ဆွတ်ယူ ပန်ဆင်ရလေပြီ၊ တဿ - ထို သာမဏေ "ရှင်ဝါသေဋ္ဌ" ၏၊ ဇယဂ္ဂိဏော - အရွယ်နှင့်မမျှ အလွန်ခက်ခဲလှသည့် ပထမကြိုးတန်း ဇယမင်္ဂလာ အောင်ပန်းကို၊ ဆွတ်လှမ်း ပန်ယူနိုင်အောင် ကြိုးခိုင်ထူးမြတ် ပါရမီဂုဏ် အရပ်ရပ်သည်၊ အဟော-သြော် အံ့ချီးဖွယ်ပါပေတကား။

၁၃။ ဝါစု,ဂွတ္တေ,ကဝါရံ ယော -
ဂန္ဆော တိဋ္ဌတျနုဋ္ဌကော ၊
သေလက္ခရံ,ဝ သုစိရံ -
တဿ ဝိမှယ,ဉာဏိကံ ။

ယဿ - အကြင် သာသနာညွှန့်ညောက် ထွန်းပေါက်ဖြစ်ပေါ် သာမဏေကျော်အား၊ ဧကဝါရံ -တစ်ကြိမ်တစ်ခါ၊ ဝါစုဂ္ဂတော- နှုတ်တက်ရွရွ အာဂုံရအောင် ကျက်မှတ်၍ ဆောင်အပ်သော၊ ယော ဂန္ဆော - အမှတ်မထင် တစ်စုံတစ်ခုသော အကြောင်ကျမ်းဂန်သည်၊ အတ္ထိ - ရှိပေ၏၊ သော ဂန္ဆော - ကျက်မှတ်ရပြီး ထိုကျမ်းဂန် အသီးသီးသည်၊ သေလက္ခရံဝ - ကျောက်ထက်ဝယ်တင် အက္ခရာအစဉ်ကဲ့သို့၊ အနုဋ္ဌကော - ထက်မြက်သောဉာဏ် ပဋိဘာန်ရှိသည့် အတွက် မပျောက်ပျက်မူ၍၊ သုစိရံ - နှစ်,လရှည်ကြာ အခါလေးမြင့်၊ တိဋ္ဌတိ - ဉာဏ်အစဉ်၌ ထင်မြင်တည်ရှိပေ၏၊ တဿ သာမဏေရဿ - သာသနာညွှန့်ညောက် ထွန်း တောက်ဖြစ်ပေါ် ထိုသာမဏေကျော်၏၊ ဉာဏိကံ - ဝရဇိန် တခဲ ခိုင်မြဲထက်သန် ထူးခြားသော ဉာဏ်ရှိခြင်းသည်၊ ဝိမှယံ - အလွန်အကြူး အထူးပင် အံ့သြဖွယ် ကောင်းလှပေ၏။ ဤဂါထာဖြင့် သာမဏေ "ရှင်ဝါသေဋ္ဌ" ၏ ထက်မြက် ထူးခြားသောဉာဏ် ,ပဋိဘာန် ရှိသည်၏ အဖြစ်ကိုပြဆိုပေ၏။ ဤလောကဌ္ဌ အချို့သော စာကျက်ဉာဏ်ရှိသော ပုဂ္ဂိုလ်တို့သည် စာကျက်ခဲ့လျှင် များစွာပင် လွယ်လင့်တကူ ရရှိငြားသော်လည်း မိမိရရှိသောစာကို လ,ရက်ရှည်စွာ မလေ့လာမူ၍ ပစ်ထားခဲ့ပါမူ မကြာမြင့်မီ ရရှိသော စာတို့သည် မေ့ပျောက်ခြင်းသို့ ရောက်ကြသော ပုဂ္ဂိုလ်ကသာ များကုန်၏၊ ယခု ပြဆိုအပ်ခဲ့ပြီးသော "ရှင်ဝါသေဋ္ဌ" မှာမူကား ထိုပုဂ္ဂိုလ်မျိုး အတန်းအစားထဲက မဟုတ်ပေ၊ တစ်ကြိမ်တစ်ခါ နှုတ်တက်ကျေမွ အာဂုံရအောင် ကျက်မှတ်အပ်သော စာတို့သည် မလေ့လာမူ၍ ကြာရှည်စွာ ပစ်ထား သော်လည်းမေ့ပျောက်ခြင်း မရှိ၊ ကြာမြင့်စွာ တည် ဘိသောကြောင့် ထိုသာမဏေဝယ်၏ ဉာဏ်ကဲ့သို့သော ဉာဏ်မျိုးသည် အလွန်ပင်ရှားပါးလေရကား များစွာပင် အံ့သြချီးမွမ်းဖွယ်ရာ ဖြစ်ပေသတည်း။

၁၄။ နိစ္စံ နိဝါတ,စိတ္တော သော -
သောဝစဿတ,သမ္မုဏ္ဍော ၊
သမော ရာဟုလတ္ထေရေန -
အဟော ဘော သမဏုဒ္ဒေသော။

ဘော - အို လူအပေါင်း သူတော်ကောင်းတို့၊ နိစ္စံ - အမြဲမပြတ်၊ နိဝါတ,စိတ္တော - အစွယ်ကျိုးငြား မြွေအလားသို့ ပယ်ထားမာန နှိပ်ချသော စိတ်လည်းရှိပေ ထသော၊ သောဝစဿတ,သမ္မုဏ္ဍော - ဆုံးမစကား ပြောဆို ငြားက မရှားမပယ် ဆိုလွယ်သောအဖြစ်နှင့် ပြည့်စုံခြင်း လည်း ရှိပေထသော၊ ရာဟုလတ္ထေရေန - ဘုရားသား တော် ထေရ်ကျော်မျက်ရှု ရှင်ရာဟုလာနှင့်၊ သမော - တူမျှပေထသော၊ ယော သမဏုဒ္ဒေသော- အကြင်ဝိနည်း ငါးကျမ်းပြန် ထက်သန်ထူးမြတ် ဉာဏ်ဓာတ်ရှိပေ ထိုသာ မဏေသည်၊ အဟော - မြန်ပြည်တွင် မပေါ်စဘူးပေမို့ အလွန်အထူး ချီးကျူးမြွက်ခါ အံ့သြဖွယ်ရာ ကောင်းလှပေ စွာ့တကား။

ဤဂါထာဖြင့် သာမဏေ "ရှင်ဝါသေဋ္ဌ" ၏ နိဝါတ နိမာန သောဝစဿတ ဂုဏ်ထူးရှိသည်၏ အဖြစ်ကို ပြဆိုပေ၏။ လောကဌ္ဌ အချို့ချို့သောပုဂ္ဂိုလ်တို့သည် မိမိတို့၏ အမှတ်မရှိ တစ်စုံတစ်ခုသောဂုဏ်ကို အစွဲပြု၍ ထိုဂုဏ် ဖြင့် မြှောက်ပင့်၍ ပေးသောကြောင့် လူမြင်တိုင်း မုန်းစရာ မာန၏ အမူအရာ ညစ်ဆိုး အမျိုးမျိုးတို့သည် ဖြစ်ပေါ်၍ ဆရာနှင့်တကွ သီတင်းသုံးဘော်တို့၏ ချီးပင့်မြှောက်စား အာရုံပြုခြင်းများကို မခံယူရဘဲ ရှိကြကုန်၏။ ယခု ပြဆိုခဲ့ ပြီးသော "ရှင်ဝါသေဋ္ဌ"မှာမူကား ထိုကဲ့သို့ မဟုတ်ပေ။ ဆရာသမား၏ ဆုံးမချက်ကြောင့်လည်းကောင်း မိမိ၏

ယောနိသော ဓာတ်ခံ ရင့်သန်သောကြောင့်လည်းကောင်း၊ မတက်မကြွမူ၍ နိမ့်ချသော မာန်မာနရှိသည်ဖြစ်၍ နိဝါတဂုဏ်နှင့်လည်း ပြည့်စုံပေ၏။ ထိုမှတပါး ဆရာသမားနှင့် တကွ သီတင်းသုံးဖော်တို့၏ ပြောဆိုဆုံးမသမျှတို့ကို ပြန်လှန်ပြောဆိုခြင်းမပြု၊ ရိုသေစွာလိုက်နာသော သောဝစဿတာဂုဏ်နှင့်လည်း ပြည့်စုံပေ၏။ ဤသို့ ပြဆိုအပ်ပြီးသော "ရှင်ဝါသေဋ္ဌ"၏ နိဝါတ,နိမာန,သောဝစဿတာဂုဏ်များကို များစွာပင်အတုခိုးဖို့ရာ ကောင်းလှပေသတည်း။

၁၅။ သု,သုခါ,ဝတ သာ မာတာ-
သု,သုခေါ,ဝတ သော ဝိတာ ၊
သု,သုခေါ,ဝတ သွာစေရော -
ဤဒိသော,ယံ သမဏာဒ္ဒေသော ။

ယာယ မာတုယာ - အကြင် ကျေးဇူးအရှင် မွေးမိခင်အား၊ ဤဒိသော - တိကွ,ဂမ္ဘီ ဉာဏ်ဝဇိနှင့် စုံညီပြန့်ပြော ဤသို့သဘောရှိသော၊ အယံ သမဏာဒ္ဒေသော- သာသနာညွှန်ကြားတော်မူသော သူတစ်ယောက်ဟု ထွန်းတောက်ဖြစ်ပေါ် အကြင်သာမဏေကျော်တည်းဟူသော သားကောင်းရတနာသည်၊ အတ္ထိ - ရှိ၏၊ သာ မာတာ - သားကောင်းလက်ရှိ ထိုအမိသည်၊ သု,သုခါဝတ - ကိုယ်စိတ်နှစ်ဝ အေးမြကြည်သာ အလွန်ပင် ချမ်းသာပေလိမ့်တကား၊ ယသ ပိတုနော-အကြင်ကျေးဇူးတော်ရှင် မွေးဖခင်အား၊ ဤဒိသော - တိကွ,ဂမ္ဘီ ဉာဏ်ဝဇိနှင့် စုံညီပြန့်ပြော ဤသို့သဘောရှိသော၊ အယံ သမဏာဒ္ဒေသော- သာသနာညွှန်ကြားတော်မူသော သူတစ်ယောက်ဟု ထွန်းတောက်ဖြစ်ပေါ် အကြင်သာမဏေကျော်တည်းဟူသော သားကောင်းရတနာသည်၊ အတ္ထိ - ရှိ၏၊ သော ဝိတာ - သားကောင်းလက်ရ ထိုအဖသည်၊ သု,သုခေါ ဝတ - ကိုယ်စိတ်နှစ်ဝ အေးမြကြည်သာ အလွန်ပင် ချမ်းသာပေလိမ့်တကား၊ ယသ အာစေရသ-အကြင် ဆရာသခင်ကျေးဇူးရှင်အား၊ ဤဒိသော-တိကွ,ဂမ္ဘီ ဉာဏ်ဝဇိနှင့် စုံညီပြန့်ပြော ဤသို့ သဘောရှိသော၊ အယံ သမဏာဒ္ဒေသော- သာသနာညွှန်ကြားတော်မူသော သူတစ်ယောက်ဟု ထွန်းတောက်ဖြစ်ပေါ် အကြင်သာမဏေကျော်တည်းဟူသော တပည့်ကောင်း ရတနာသည်၊ အတ္ထိ - ရှိ၏၊ သော အာစေရော - ထို ဆရာသခင် ကျေးဇူးရှင်သည်၊ သု,သုခေါ ဝတ - ကိုယ်စိတ်နှစ်ဝ အေးမြကြည်သာ အလွန်ပင် ချမ်းသာပေလိမ့်တကား။

နိဂမ

၁၆။ အဂ္ဂဓမ္မော,တိ နာမေန -
အဂ္ဂ,ဓမ္မ,ဂဝေသိနာ ၊
အဂ္ဂ,ဓမ္မသ သွာကာရော -
အဂ္ဂ,ဓမ္မေန ဝဏ္ဏိတော ။

အဂ္ဂ,ဓမ္မ,ဂဝေသိနာ - အမြတ်ဆုံး ဓမ္မ ဝိရာဂကို ရှိုအလုပ် ရှာဖွေအားထုတ်လျက်ရှိသော ၊ နာမေန-ခေါ်လွယ်စေလို မှည့်ဆိုဘွဲ့ထား အမည်အားဖြင့်၊ အဂ္ဂဓမ္မော တိ - အဂ္ဂဓမ္မဟူ၍ ၊ ဝိသုတာ -ကျော်စောထင်ရှားသော၊ မယာ-ငါသည်၊ အဂ္ဂ,ဓမ္မသ-မြတ်သော ဝိနည်းငါးကျမ်း ပါဠိတော်မြတ်ကြီးကို အာဂုံပြုနိုဆို ဆောင်စွမ်းနိုင်သော သာမဏေကျော် "ရှင်ဝါသေဋ္ဌ"၏၊ သွာကာရော - ဖြစ်ပွါးထုတ်ပတ်သရုပ်ဓာတ်ဟု ကောင်းမြတ်သော အခြင်းအရာကို၊ အဂ္ဂ, ဓမ္မေန - ရိုးသားဖြောင့်မတ် ဖြူစင်သော သဘောစိတ်ဓာတ်ဖြင့်၊ ဝဏ္ဏိတော - အကြာ အရှည် ကမ္ဘာတည်ဖို့ မာဂဓိတန်း ဂါထိဆန်းဖြင့် တခမ်းတနား ရေးသားဖွင့်ဆိုအပ်သတည်း။

ဣတိ - တခမ်းတနား ရေးသားမွန်းတင် ဤစကားအစဉ်ဖြင့်၊ ဝါသေဋ္ဌပ္ပတ္တိကထာ - "ရှင်ဝါသေဋ္ဌ"၏ ခြင်းရာထုပ်တ် သရုပ်ဓာတ်ကို ဖွင့်ဆိုရာဖြစ်သော၊ "ဝါသေဋ္ဌပ္ပတ္တိကထာ" စာတမ်းသည်၊ နိဋ္ဌိတာ - ခပတ်ဖုံး၍ ပြီးဆုံးအောင်မြင်လတ်သတည်း။

အရှင်အဂ္ဂဓမ္မ

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရာဘွဲ့တံဆိပ်တော်ရ
ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့်သဘင်၌ ပူဇော်အပ်သော

ထေရပုတ္တိ သံကိတ္တ သံဝေဂဂါထာများ

မင်းဘူး-မျိုးသက်အောင်

အာဏာတ္တောဟံ ကရီသာမိ၊ သိသေန ထိရသိလိနော၊
ဝါသေဋ္ဌာဘိဝံသထေရဿ၊ ဥပ္ပတ္တိဒီပကံ သုဘံ။

အဟံ-ခန္ဓာကိုယ်ရုပ်အကောင်ပုပ်ကို အဟုတ်ငါထင် ဘုံတစ်ခွင်ဝယ် များဖြင်ဂုဏ်ဝေ မင်းဘူးမြေမှ ဖွားလေ ထွန်းပြောင် မျိုးသက်အောင်ခေါ် တပည့်တော်သည်၊ ဝန္ဒိတွာ-သုံးပါးအစုံ မြတ်သရဏဂုံနှင့် ဂုဏ်အင်ကြီးမား သပြေကန် ဆရာတော်ဘုရားကြီးအား လေးစားရိုကျိုး လက်စုံမိုးလျက် ရှိခိုးပြီး၍၊ သိသေန-ဆရာ့ဂုဏ်အင် ထိပ်မှာတင်ပြီး မဂ္ဂင် ရှစ်ဖြာ ဒေသနာနှင့် သူတော်ဥစ္စာ ခုနှစ်ဖြာကို ရင်မှာစွဲငြိ မြတ်တပည့်ဟု တိုင်းသိပြည်တင့်(ဦး)ကျော်ခင်မြင့်နှင့် ဝင့်ထယ် ဂုဏ်ကြွား ဆရာတော်ဘုရား၏ တပည့်အများတို့သည်၊ အာဏာတ္တော-သံဃာ့ထိပ်တင် တို့အရှင်၏ ဆင်ယင်ကျင်းပ ရာပြည့်သမယ ပူဇော်ကြမည့် ပူဇသဘင် ခမ်းနားခွင်တွင် ပါဝင် လေးစား စာရေးသား၍ ဝတ်တွားပူဇော် ရေးစေနော်ဟု ခိုင်းတော်မူ၍၊ ထိရသိလိနော-မြဲမြဲခိုင်ကျည် တည်ကြည်သန့်ရှင်း ဖြူဝင်းရွှန်းပ မြတ်သီလလည်း ရှိတော်မူထသော၊ ဝါသေဋ္ဌာဘိဝံသထေရဿ၊ အဂ္ဂါဘိဓဇ ထေရ်မွန်လှဟု ဂုဏာပေါ်ထင် ဂိုဏ်းရွှေကျင်ဝယ် သခင်ထွတ်ခိုင် ဥပသာသနာပိုင်ဟု မိုးတိုင်ကျော်ကြား ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ထေရ်ဘုရား၏။ သုဘံ-ထေရ်ရသခင် ဆရာရှင်၏ များဖြင်ကြီးမား ဂုဏ်တော်များကို ရေးသားဖော်ပြ တင့်တယ်လှသော၊ ဥပ္ပတ္တိဒီပကံ-ဖြစ်စဉ်ကိုပြ

မြတ်ထေရ်ရဏ၏ ဖြူလွှလွှက်ရည် စာအဆီကို၊ ကရိသာမိ-ကြည်ညိုဝတ်တွား လွန်လေးစားကာ ထိပ်ဖျားငန်ဆင် ရေးစီရင်အံ့။

လောင်းလျှာမွေးဖွား သတို့သား ထင်ရှားလှစွာ ပေါ်ထွန်းလာ

ဒွယသတ္တဒွယေကမှိ၊ ချောင်းဝဂါမေ ဝိစာယိသော။
ဥိးဖိုးစိန်စ ဝိတာ တဿ၊ ဒေါ်အိန်တုဇနိမတာ။

ထေရကိုရော-အဂ္ဂါဘိဓ ဝါသေဋ္ဌခေါ် ထေရ်လောင်းတော်ကို၊ ဒွယသတ္တဒွယေကမှိ-လူတို့ဝေါဟာ မြတ်ကောဇာဟု သညာမှတ်ဆောင် တစ်ထောင့်နှစ်ရာ ခုနှစ်ဆယ်သာသည့် နှစ်ဖြာစွန်းလစ် သက္ကရာဇ်ဝယ်၊ ဥိးဖိုးစိန်စ ဝိတာတဿ ဒေါ်အိန်တုဇနိမတာ-သဒ္ဓါသီလ သုတ စာဂါ ခုနှစ်ဖြာကို လက်မှာစွဲကိုင် မြဲမြဲခိုင်ကျည် ဖမည်ဂုဏ်ရှိန် ဥိးဖိုးစိန်နှင့် နတ်ကုန္နာမှူး သက်နံဖူးသည့် ဂုဏ်ထူးထင်ပေါ် မြတ်မယ်တော်တို့ ခေါ်ဝေါ်မည်ရှိန် ဒေါ်ဒေါ်အိန်ဟု လင်းထိန်မြသား ဖမိများသည်၊ ချောင်းဝဂါမေ-ဟံသာဝတီခရိုင်မည်သည့် တလိမြို့ဝယ် သံလျင်နယ်မှ တင့်တယ်လှပ ရွာချောင်းဝဋ်၌၊ ဝိစာယိသော-တောက်မည့်မီးခဲ၊ အလှဲရဲသို့ ဝှန်ကဲစံထား ကျော်မည့်သားကို ထူးခြားသန့်စင် ဖွားမြင်တော်မူခဲ့ပါသည် ဘုရား။

ငယ်စဉ်ဘဝ ကြီးလို့လ သိပ္ပရွာဖွေ ကြိုးစားပေ

ထေရကိုရော ဒဟရောဝ၊ ဓိတိမာ တိကွဉာဏိကော။
သိက္ခိတမ္မေ အသိက္ခိသော၊ ပဟာယ ကီဋ္ဌံ သဒါ။

ထေရကိုရော-မြန်မာဇွေတိုင်း ဇွေကျင်ဂိုဏ်း၌ တုန္ဒိုင်းမမီ မြတ်သာကီတို့ ဇာနည်ထွတ်တင် ကျေးဇူးရှင်ကြီး ဖြစ်တော်မူသော တွဲဖက်သာသနာပိုင် လောင်းလျှာလေးသည်၊ ဒဟရောဝ-ငါးနှစ်အရွယ် ကျောင်းသားငယ်ဘဝကပင်လျှင်၊ ဓိတိမာ-အားသစ်လုံလ ဝိရိယလည်း ရှိတော်မူပါပေ၏။ တိကွဉာဏိကော-လျင်မြန်သွက်လက် ထက်မြက်သော ဉာဏ်တော်လည်း ရှိပါပေ၏။ သော-လုံလကြီးမား ဉာဏ်သွားထက်မြက် အဖက်ဖက်က ပြည့်ဝစုံရာ ထိုဆရာတော်လောင်းလျာကလေးသည်၊ ကီဋ္ဌံ-ဟေးလား၀ါးလား သူတစ်ပါးလို ကစားမက်မှုကို၊ ပဟာယ-အချိန်လေးစား ပယ်စွန့်ထား၍၊ သဒါ- အခါခပ်သိမ်း၊ သိက္ခိတမ္မေ-သင်သင့်သင်ထိုက် အခွင့်ဆိုက်လာ တတ်ပညာတို့ကို၊ အသိက္ခိ-မနေမနား ကြိုးစားရှာဖွေ သင်ယူခဲ့လေပြီ။

ပဗ္ဗဇ္ဇာအမွေရှင်သာမဏေ ရှာဖွေသိပ္ပ စာသင်ကြွ

သာမဏေရော တုဝံ အာသိ၊ နဝမဝဿုဒ္ဒေသိကော။
အဂ္ဂို တေရသ ဝဿေ၊ ဓမ္မိကာရာမဝိဟာရံ။

မဟာထေရ-သာသနာတခွင် မိုးကောင်းကင်ဝယ် ကြယ်စင်နေလ တောက်ထွန်းပသို့ ရွှန်းပြလင်းရောင် ဂုဏ်ရောင် ကြီးမား အိုဆရာတော်အရှင်သူမြတ်ကြီးဘုရား၊ တုဝံ-ကျေးဇူးတော်ရှင်ဆရာသခင် အရှင်ဆရာတော်ဘုရားကြီးသည်၊ နဝမဿုဒ္ဒေသိကော-ကိုးနှစ်သားအရွယ် လူမမယ်အခါ၌၊ သာမဏေရော-ဗုဒ္ဓမြတ်စွာ သာသနာဝယ် ရှစ်ဖြာပရိက္ခရာစုံလင်စွာဖြင့် ဒဿသီလ သေခိယနှင့် ခန္ဓကဝတ် မချွတ်စောင့်ပေ ရှင်သာမဏေသည်၊ အာသိ၊ ထင်ရှားပေါက်ရောက် ရွှင်အားမြောက်ဖို့ မဖောက်မပွေ ဖြစ်တော်မူပါပေ၏။ တေရဿဝဿေ-အရွယ်တော်စစ် ဆယ်သုံးနှစ်သို့ စင်စစ်ရောက်လာရှိသောခါ၌၊ ဓမ္မိကာရာမဝိဟာရံ၊ ဟံသာဝတီ တိုင်းဌာနီမှ သညီတင့်ဆန်း ထိန်ထိန်လျှမ်းသည့် ရှင်ရဟန်းခိုလှုံ၊ ဓမ္မိကာရံ

ကျောင်းရွှေဘုံသို့၊ အဂ္ဂ-ပရိယတ်ကျမ်းဂန် တတ်ကျွမ်းရန်ကို အမှန်လိုလား စာသင်ကြားဖို့ ထင်ရှားမသွေ ကြွရောက်တော်မူခဲ့ပါပေသတည်း။

ဝဏ်ရောင်တင်လျှမ်း မြတ်ရဟန်း တက်လှမ်းရောက်ရာ ထေရ်သမဏာ
ဝါသေဋ္ဌော သော သာမဏေရော၊ သပြေကန်ထေရမုတ္တမံ။
ဥပဇ္ဈာယ ကရိတွာန၊ အလဘိ ဥပသမ္ပဒံ။

ဝါသေဋ္ဌော သော သမဏေရော-ဝါသေဋ္ဌမည် ဘွဲ့တော်ချီသည့် ဂုဏ်ရည်များထွေ ထိုသာမဏေသည်၊ ဒါနိုက္ကဒါနိ-သက်တော်တွက်စစ် နှစ်ဆယ်ပြည့်ရာ ထောင်နှစ်ရာဝယ် ကိုးဆယ်နှစ်စွန်း လူ၌ထွန်းရာ ဤအခါ၌၊ သပြေကန်ထေရမုတ္တမံ၊ ထေရ်ရထွတ်ခေါင် အမြတ်ဆောင်သည့် လင်းရောင်ပညာ ထွန်းတောက်ရှာသည့် မဟာဓမ္မိက ကျောင်းမသခင် သပြေကန်ထေရ်အရှင် ဆရာတော်ဘုရားကြီးကို၊ ဥပဇ္ဈာယ ကရိတွာန၊ သွန်သင်ပြသ ဩဝါဒပေး ဆုံးမထွေးပိုက် မြတ်အမြိုက်ကို လင်းထိုက်ရောင်ခြည် ရစေရည်၍ နွှင်ကြည်ညွှန်းထယ် ဥပဇ္ဈာယ်ပြု၍၊ ဥပသမ္ပဒံ၊ နှစ်ရှာနှစ်ဆယ် ခုနှစ်သွယ်ကို ရင်ဝယ်ဆင်မြန်း မြတ်ရဟန်းအဖြစ်ကို၊ အလဘိ ကောင်းစွာမသွေ ရရှိပါပေ၏။

သိရောမဏိ ဘွဲ့သိရီ၊ ရှိခဲ့ပေ ကဝိထေရ်
တသ္မ မဟာထေရော ပါဠိ၊ တက္ကသီလ မဟုဿဝေ၊
သမ္ဘူလပကရဏော ဇိတော၊ သဗ္ဗဂုဏာဝိသိဋ္ဌကေ၊
တေနာလဘိ ဓမ္မာစရိယ သိရောမဏိဘိ လဉ္ဆကေ။

တသ္မမဟာထေရော-ရုံးသပြေကန် ရွာနာမံတွင် ဓမ္မိကာရုံ ကျောင်းရွှေဘုံမှ စွယ်စုံမာတင် ထေရ်အရှင်သည်၊ ပါဠိတက္ကသီလမဟုဿဝေ-ပါဠိတက္ကသိုလ် ဗဟိုဆင်နွှဲ ဓမ္မာစရိယစာမေးပွဲ၌၊ သမ္ဘူလပကရဏော-ပါရာဇိကာဏ် သီလကွန်နှင့် ဓမ္မသင်္ဂဏီ ပါဠိ အဋ္ဌကထာ ဋီကာအစုံ ကျမ်းရင်းသုံးကျမ်းနှင့်တကွ ဖြစ်ကုန်သော၊ သဗ္ဗဂုဏာဝိသိဋ္ဌကေ၊ ပါစိတျာဒိနိကာယ်လေးဖြာ ဘိဓမ္မာဟု ခြောက်ဖြာစုံပြွမ်း ဂုဏ်ထူးကျမ်းအားလုံးတို့ကို၊ ဇိတော-ပိဋ္ဌကတ်သုံးပုံ ကျမ်းကိုးစုံကို အကုန်လုံးပင် နှစ်ချင်းအောင်မြင်တော်မူခဲ့ပါသည် ဘုရား။ တေန-ထိုသို့ ကျမ်းရင်းဂုဏ်ထူး နှစ်မကျူးဘဲ အထူးဉာဏ်ကြီးတစ်နှစ်တည်းဖြင့် အပြီးအောင်မြင်ခဲ့လေသောကြောင့်၊ ဓမ္မာစရိယသိရောမဏိဘိလဉ္ဆတေ-ဓမ္မာစရိယ ဘွဲ့နာမနှင့် ဂုဏ်ကလျှံတက် ဦးထိပ်ထက်၌ ကျောက်မျက်တပ်ဆင် မကိုင်ပင်ဟု အစဉ်ခေါင်ကျူး သိရောမဏိဘွဲ့ထူးကို၊ အလဘိ-ပညာရဲရင့်ပွဲလယ်တင့်ဖို့ အသင့်ပိုင်ပိုင် ရယူတော်မူနိုင်ခဲ့ပါပြီဘုရား။

အဂ္ဂါဘိဓေ ဘွဲ့တော်ရ၊ မြတ်လှဂုဏ်ဝေ တို့မထေရ်
ဝါသေဋ္ဌော သော မဟာထေရော၊ နာနာဂန္ထေသု ကောဝိဒေါ။
ဣသရေဟိ ဒိန္နော အဂ္ဂ၊ မဟာဘိဓေလဉ္ဆကော။

ဝါသေဋ္ဌော သော မဟာထေရော-သပြေကန်ပရိတ်ကြီး နိဿယသစ် ဓမ္မနှင့်ဂုဏ်အဖွဲ့စုံ ဗောဇ္ဈင်ခုနှစ်ပါး မြတ်တရား၊ ဓမ္မပဒကျမ်းနိဿယနှင့် သပြေကန်ဟောစည် ကျမ်းတို့အရှင် ဖြစ်တော်မူသော ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသမဟာထေရ်မြတ်သည်၊ နာနာဂန္ထေသု-ပိဋ္ဌကတ်သုံးပုံ အလုံးစုံနှင့် ကျမ်းကုန်များထွေ ပါဠိ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ ကျမ်းအလီလီတို့၌။

ကောဝိဒေါ- နှံ့စပ်သိမြင် ကျွမ်းကျင်လိမ္မာတော်မူလှပါပေ၏။ တံထေရ်-ကျမ်းမြတ်ကုန်စင် နှံ့စပ်စုံလင် ကမ်းခပ်ပုံသွင် ထိုမဟာ ထေရ်အရှင်ကို၊ ဣသရေဟိ-ကမ္ဘာတိုင်အောင် သမိုင်းဆောင်သည် အခေါင်သနင်း အစိုးရမင်းတို့သည်၊ အဂ္ဂမဟာ ဘိဓလဿကော-မြတ်သောပညာရှိကြီးနှင့် တိုင်းပြည်အမွန် မဟာတံခွန်ဟု အချွန်ထိပ်ဖျား ဘွဲ့တံဆိပ်တော်များကို၊ ဒီဿော- ဘွဲ့ထူးဂုဏ်မြတ် ပေးနှင်းအပ်သည့် လွတ်လပ်ရေးနေ့ ထုတ်ပြန်ပေး၍ လပြည့်နယုန် နေ့ကောင်းကြုံ၌ ကြည် ဟုံဓောတ်၊ သောမနသ်ဖြင့် လေးမြတ်ရွှင်ကြည် ပေးအပ်ဆက်နှင်းတော်မူပါပေသည်ဘုရား။

ထက်ခွင်နတ်ရွာ၊ ကြရောက်ရှာ၊ တို့မှာပူရကြီးဒုက္ခ

သီလံ ယသ မဟီတုလျံ၊ ဓိတိမေရသမောမတိ။

ဝဓိရံဝ ထေရော ကိတ္တိ၊ သေသတံ ဒါနိ သော ဂတော။

ယသ ထေရသ-ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့ ရွှေကျင်ကျောင်းတိုက်ကြီး၏ ပဓာနနာယကရွှေကျင် ဂိုဏ်းကြီး၏ တွဲဖက်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ အကြင် သပြေကန်ဆရာတော် ဘုရားကြီး၏၊ သီလံ-ပါတိမောက္ခ ဣန္ဒြိယနှင့် ပစ္စယအာဇီ လေးလီသော သီလ ကျေးဇူးဂုဏ်တော်သည်၊ မဟီတုလျံ-မဟာပထဝီမြေကြီးပမာ ထုထယ်ကြီးမားလှပါပေ၏။ ဓိတိ-ခိုင်မာတည်ကြည် ဓိတိအမည်ရှိ သမာဓိကျေးဇူး ဂုဏ်တော်ထူးသည်၊ မေရ-တောင်များသနင်း မြင်းမိုရ်မင်းနှင့် မယွင်းပုံတူ တည်တံ့တော်မူလှပါပေ၏၊ မတိ၊ ဉာဏသမုတ် တိဟိတ်ဥက္ကဋ္ဌ ဉာဏ်တော်မြတ်သည်၊ ဝဓိရံဝ-သိကြားမင်းလက်နက် ဝရဇိန်စက်ကဲ့သို့ ထိန်လက်တော်မှော် မြမြထက်တော်မူလှပါပေ၏။ သော ထေရော-သာသနာဓိလ်ချုပ် သမုတ်ထင်ပေါ် နိုင်ငံကျော်သည့် ဘုန်းမော်ဥက္ကဋ္ဌ ထွတ်မြတ်ထင်ပေါ် ရွှေကျင်သာသနာပိုင် သပြေကန်ဆရာတော်ဘုရားကြီးသည်၊ ဒါနိ ဣဒါနိ-သတ္တရာဇာ ထောင့်သုံးရာ၌ စွန်းလာငါးခြောက် နွေဦး ပေါက်သည့် ပေါက်လဲ့စံ တဝိတွဲလရာသီ စန္ဒီဆန်းစ သတ္တရက် ဤအခါ၌၊ ကိတ္တိသေသတံ-ဤမျှသီလ ဂုဏ်ရည်ခၽွ ဤမျှဓိတိ ပညာရှိဟု ကဝိဂိဏ်းဝင် သူတော်စင်တို့ ရင်သပ်ရှုမော အံ့တသြလျှင် ကျော်စောခြင်းမျှ အကြွင်းရသည့် ဤအဖြစ်သို့၊ ဂတော-ရောက်တော်မူခဲ့ရပြီတကား၊ ဂတော-တပည့်အပေါင်း များထောင်သောင်းတို့ ဦးခေါင်းညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးဖူးမြော်ဆဲတွင်ပင် ထက်ခွင်နတ်ရွာ မငြင်းဆန်သာတော့ဘဲ ဓမ္မတာအချိန်ထောက် ရောက်တော်မူခဲ့လေပြီ တကား။

ဧဝမာဒိဂုဏူပေတော၊ ထေရော ဒါနိ ဒိဝံဂတော။

အဟော အာသိ မဟာဇာနိ၊ အမှံ သိဿံ ဥပသက်။

ဘောန္တော-အရိယာနွယ်ဝင် သူတော်စင်တို့ ထေရ်ရှင်သံဃာ မြတ်ဆရာတို့နှင့်တကွ အနန္တဂုဏ်အင် ဘုန်းသခင်၏ တိုင်းထင်ပြည်ကျော် ကဝိမော်တို့ ဖူးမြော်ပွဲယင် ရာပြည့်သဘင်သို့ လှမ်းပြင်ခြေကြွ ဒကာ ဒကာမအပေါင်း အို သူတော် ကောင်းတို့၊ ဧဝမာဒိဂုဏူပေတော-ဤသို့ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် စသော ဂုဏ်အင်အနန္တ ဂုဏ်ပေါင်းခတော် မူသော၊ ထေရော-လောကသုံးပါး၏ ပတ္တမြားဥသျှောင် အောင်သူတကာတို့၏ ဝဓိရာသင်းကျစ် ဒေဝရာဇ်၊ ဒေဝိန္ဒာယ-ဗြဟ္မာတို့ဥသျှောင် ဖူးအောင်ဖွဲ့မှူး ဖြစ်တော်မူသော၊ မုနိကုဉ္ဇရ သကျမာရဇိန် သိရိန္ဒရ-ဂေါတမနွယ်ဖွား ရှင်တော်ဘုရား၏ ဖဝါးစက်ရောင် ပြောင်တည်းညီး ရွှေလက်ထက်တော်ကြီးမှ ဝိနည်းပါရဂူ တံခွန်ထူ၍ ဝှန်းဆူလျှမ်းတက် ဗျာဒိတ်တော် မြွက်ရသော စတဒဂ်ဂိဏ်းဝင် အရှင်ဥပါလိ တပည့်ဒါသက ယင်းမှစ၍ အာစရိယပရမ္ပရာ ဂုဏ်ဝါထွန်းတက် မပျက်မပြယ်၊ အလွန်စင်ကြယ်သည့်၊ အနွယ်ဝံသမှ၊ မူလမြစ်ရင်း၊ နွယ်သက်ဆင်းခဲ့သည့်၊ ပထမမူလ ရွှေကျင်သာသနာပိုင် ရွှန်းလှိုင်

ဆင်းသက် အဆက်ဆက်မှ ထွန်းလက်ရောင်ဝါ ဂုဏ်ရည်ပြည့်လျှံ သပြေကန်နှင့် ဝေလျှံဂုဏ်ဝါ အာဘယာရာမ ထေရ်မွန်လှနှင့် အာစရိယတစ်ဆူ ပခုက္ကူမှ မွေးကြူတိုက်မ ဝိဇယသခင် ကျေးဇူးရှင်တို့ နည်းဥပဒေသ နယဂ္ဂါယ လဒ္ဓါပဒေသ နယမုဒ္ဒ လက်ကိုင်ရှိသဖြင့် နိကာယ်ငါးရပ် ပိဋကတ်ကို လှည့်ပတ်မွှေနှောက် အခေါက်ခေါက်အပြန်ပြန် သူမတန်အောင် စွမ်းဆောင်လောက်လွေ့ ညက်ညက်မွေ့တော်မူပါပေသည့် ကျေးဇူးတော်ရှင် ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်ကြီး၏သခင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု တွဲဖက်ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည်၊ ဒါနိ-သက္ကရာဇ်ကောဇာ ထောင့်သုံးရာမှ ငါးဆယ်ထွန်းပေါ် ခြောက်ခုကျော်သည် ပေါက်လဲ့စံ တပိုလရာသီ၌ စန္ဒီထွန်းတောက် ခုနစ်ရက်မြောက်ရာ ဤအခါသမယ၌၊ ဒိဝံဂတော-တုသိတဘုံနန်း နတ်ကြင္နာန်းသို့ စခန်းတစ်ထောက် ကွန်းချီ သီတင်းသုံးစံမြန်းတော်မူလေပြီ၊ အမှံ သိသဲ ဥပသက်-များလှသောင်းသောင်း တပည့်အပေါင်းနှင့် ဥပါသကာ ဥပါသကီတို့၏၊ အဟောမဟာဇာနိ-ညော် ကြီးစွာသော ဆုံးရှုံးခြင်းသည်၊ အာသိ-ဖြစ်ခဲ့လေပြီတကား၊ အဟောအာသိမဟာဇာနိ-လှေပြေးတုန်းတက်ကျိုး ရှေးဆိုရိုး အတိုင်းပင် သာသနာတော်သန့်စင်၍ ကမ္ဘာတွင် တည်တံ့ အရှည်ခံလျက် ပြန့်ပွားရန်ကြိုးကုတ်၊ ရှေ့တန်းမှာ အားထုတ်စဉ် တို့ဆရာမထေရ် နတ်ပွဲဝင်သဖြင့် များလူရှင်တို့တတွေ အားလုံးမှာ ညော် အဆုံးရှုံးကြီး ဆုံးခဲ့ရလေပြီတကား။

ဓမ္မသံဝေ ရှကြလေ ရပေဓမ္မ ဒေးသုဒ

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ဘောန္တော-ပုထုဇ္ဇနာအရိယာဟု နှစ်ဖြာပေါင်းစပ် သံဃာတော်အရှင်သူမြတ်တို့နှင့် ရာပြည့်သဘင်ပွဲကြီးယင်သို့ ဦးတင်ပူဇော် မြတ်ကော်ရော်ဖို့ ကြွတော်မူတောင်း အို တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့-

သင်္ခါရာ-သညာစိတ္တာ ဒိဋ္ဌပြဿာ သုံးဝဝိပလ်လှည့်ပတ်မှု သူ့ဒဏ်ကြောင့် အမှန်ကိုမမြင် သူ ငါထင်ရသည့် နှစ်ပြင်သော ရုပ်နာမ်ဓမ္မသင်္ခါရတို့သည်၊ အနိစ္စာဝတ-တစ်ဘဝတာအနေအား မဆိုထားဘိ လျင်လျားကာလ တစ်မှုဟုတ်မျှ ကိုပင် မူလအနေ မတည်ပေနိုင် မမြဲခိုင်ကုန်စွတကား၊ ဥပ္ပါဒဝယဓမ္မိနော-ဖြစ်ပျက်ဖြစ်ပျက် အနှစ်မဖက်သည့် ရေပွက်နှင့် တူသော သဘောရှိကုန်ပေစွတကား၊ ဥပဇ္ဇိတ္ဝာ-ဥပတ္ထမ္ဘက ဇနကဟု ကြောင်းနှစ်ခုတို့ ပေါင်းစုဖန်တီး ဖြစ်ကုန်ကြပြီးလျှင်၊ နိရုဇ္ဈန္တိ-တစ်မှုဟုတ်ခန့်ပင် တည်တံ့ကာမနေ ချုပ်ပျောက်ကြလေကုန်သတည်း၊ တေသံ-ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်နှင့် တရံမကင်း ဒုက္ခသင်း ဒုက္ခစု ဖြစ်ကြသည့် ထိုရုပ်နာမ်ဓမ္မ သင်္ခါရတို့၏၊ ဝူပသမော ငြိမ်းရာဇကန် မြတ်နိဗ္ဗာန်သည်၊ သုခေါ-ချမ်းသာဇကန် စင်စစ်မှန်ပေစွတကား၊ သုခေါ-သန္တိလက္ခဏာ သူ့သဘာဝဖြင့် ဒုက္ခဟူသရွေ့ မြူမငွေ့ဘဲ၊ ပြကတ်သန့်စင် အေးကြည်လင်လျက် အမြဲပင်တစေ နိစ္စထာဝရ သုခချမ်းသာ စစ်မှန်လှပေတကား။

သာဓု သာဓု သာဓုပါဘုရား။

မင်းဘူး-မျိုးသက်အောင်

သပြေကန်ဆရာတော်ဘုရားကြီး၏
ဇာတုပုတီ အာနုစ်ချုပ်

ကျော်ဝင်း (စကြည့်တိုက်မှူး)

မွေးဖွားရာဇာတိ

၁၂၇၂-ခုနှစ်၊ နတ်တော်လဆန်း(၁၃)ရက်၊ ဗုဒ္ဓဟူးနေ့၊ ခရစ်နှစ် ၁၉၁၁-ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ရွှေကျင်ကျောင်းတိုက်ဆရာတော် လောင်းလွှာသည် ဦးဖိုးစိန် (ခေါ်) ဦးနာရာယနား၊ ဒေါ်အိမ်တို့မှ ဟံသာဝတီခရိုင်၊ သန်လျင်မြို့နယ်၊ ချောင်းဝကျေးရွာ ယခု (ကံသာမြင့်) ကျေးရွာ၊ (ပဲခူးမြစ်နှင့် ခရမ်းချောင်းထိပ်တွင် တည်ရှိခဲ့သော) ချောင်းဝရွာတွင် ဖွားမြင်ခဲ့ပါသည်။ မွေးချင်း(၇)ယောက် ရှိသည့်အနက် ဆရာတော်သည် ဒုတိယမြောက်သားရတနာ ဖြစ်သည်။

စာပေပရိယတ္တိများ သင်ကြားဆည်းပူးတော်မူခြင်း

၁၂၇၇-ခုနှစ် သက်တော် ၅-နှစ်အရွယ်တွင် ချောင်းဝရွာ၊ ကိုရင်ကြီးစာသင်ကျောင်း၌ သူငယ်တို့ သင်ဖွယ်ရာစာပေများ၊ သင်ပုန်းကြီးစာပေများကို သင်ကြားခဲ့ရာ အများထက် ထူးချွန်သော ကျောင်းသားကလေးအဖြစ် ကျော်ကြားခဲ့သည်။ အသက် ၅-နှစ်အရွယ်ကပင် ရှင်ပြုခဲ့ရာ သာသနာဘောင်မှ လူ့ဘဝသို့ မပြောင်းလိုသော်လည်း အသက်ငယ်ရွယ်သေးသည့်အတွက် လူထွက်ခိုင်းကြသဖြင့် လူထွက်ခဲ့ရသည်။ ထို့နောက် မိဘဖြစ်သူတို့ ချောင်းဝကျေးရွာမှ မင်္ဂလွန်းရွာသို့ ပြောင်းရွှေ့ခဲ့သည်။

၁၂၈၁-ခုနှစ် သက်တော် ၉-နှစ်အရွယ်တွင် သန်လျင်မြို့နယ်၊ မင်္ဂလွန်းကျေးရွာ ဘုန်းတော်ကြီး ဦးရေဝတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့အမည်မှာ "ရှင်ဝိမလ" ဖြစ်သည်။ ဘုန်းတော်ကြီး ဦးရေဝတ ထံတွင် သဒ္ဒါ၊ ဗေဒင်များ သင်ကြားခဲ့သည်။ ဘုန်းတော်ကြီး ဦးရေဝတသည် ရန်ကုန်မြို့သို့ ကြွသွားပြီးနောက် ပြန်ရောက်မလာသဖြင့် သပြေကန်ရွာရှိ မဟာဓမ္မိကာရာမတိုက်သို့ ပြောင်းရွှေ့လာရသည်။ သုတ္တသင်္ဂဟ နိဿယသစ်၊ သပြေကန်သဒ္ဒါကြီးနိဿယသစ်ကျမ်းပြု အကျော် အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်နိကာယ မဟာနာယက

ဟံသာဝတီခရိုင် သန်လျင်မြို့၊ ရုံးသပြေကန်ရွာ၊ မဟာဓမ္မိကာရာမတိုက်သစ်ဆရာတော်ဘုရားကြီးနှင့် စာချ ဆရာတော်များထံမှ စာပေသင်ကြားတော်မူခဲ့သည်။

၁၂၈၄-ခုနှစ် သက်တော် ၁၂-နှစ်အရွယ်ကပင် ပထမငယ်ကျမ်းစာများ အပြည့်အစုံ သင်ယူပြီးဖြစ်၍ စာမေးပွဲဝင်ရန် စာရင်းသွင်းခဲ့ရာ အသက် ၁၅-နှစ်မပြည့်သေးသဖြင့် ဖြေခွင့်မရခဲ့ပေ။ ၁၅-နှစ်ပြည့်ရန် ဆိုင်းငံ့နေရသော သုံးနှစ်တာ ကာလအတွင်း ယမိုက်၊ အဘိဓာန်၊ အလင်္ကာ၊ဆန်းများ ရပြီးဖြစ်သည့်အပြင် ဥဘတောဝိဘင်း ဝိနည်းပါဠိတော် ၂-ကျမ်းကိုလည်း ရပြီးဖြစ်သည်။

၁၂၈၇-ခုနှစ် သက်တော် ၁၅-နှစ်အပြည့်တွင် ပထမငယ်တန်းကို အောင်မြင်ခဲ့သည်။

၁၂၈၈-ခုနှစ် သက်တော် ၁၆-နှစ်တွင် ပထမလတ်တန်းကို အောင်မြင်ခဲ့သည်။

၁၂၈၉-ခုနှစ် သက်တော် ၁၇-နှစ်တွင် တစ်နိုင်ငံလုံး အောင်မြင်ခဲ့သော ပထမကြီးတို့တွင် အသက်အငယ်ဆုံး ပထမကြီးဘွဲ့ရခဲ့သူ ဖြစ်သည်။ ထို့ပြင် မဟာဓမ္မိကာရာမတိုက်၏ အာဒိကမ္မိက ပထမဆုံး အကြီးတန်းအောင် သာမဏေအဖြစ် စံတင်ခံခဲ့ရသည်။

၁၂၉၀-ပြည့်နှစ်တွင် ပုဂံတောင် စာပြန်ပွဲကြီး ရန်ကုန်ကျောင်းတော်ရာ ရွှေကျင်တိုက် ဝိနည်းစာပြန်ပွဲတွင် ဝိနည်းပါဠိတော် ၂-ကျမ်း ပြန်ဆိုအောင်မြင်ခဲ့၍ "ဥဘတော ဝိဘင်္ဂံဓရဘွဲ့" ရခဲ့သည်။

၁၂၉၁-ခုနှစ်တွင် ထိုသုံးခုသော စာပြန်ပွဲကြီးတို့၌ ဝိနည်းငါးကျမ်းပါဠိတော်ကို ဝတ္ထု နိဒါန်း ပဒဘာဇနီတို့ပါ မကျန် အကုန်ပြန်ဆိုအောင်မြင်ခဲ့သဖြင့် "ဝိနယဓရဘွဲ့" ကို ခံယူရရှိခဲ့သည်။ ထိုခေတ် ရဟန်းတော်များပင် ပါဠိတော် ပြန်ဆိုသူ အနည်းအကျဉ်းသာ ရှိခဲ့ရာ၊ သာမဏေဘဝနှင့် အောင်မြင်သူကား ဤအရှင်တစ်ပါးတည်း ဖြစ်ခဲ့သည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

၁၂၉၂-ခုနှစ် ဝါဆိုလဆန်း ၁၅-ရက် ကြာသပတေးနေ့ နေ့လယ် ၂-နာရီအချိန်၌ သပြေကန်ရွာ၊ မဟာဓမ္မိကာရာမဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မဟာဓမ္မိကာရာမတိုက် ခဏ္ဍသီမ်တွင် ရတနဗိမာန်ကျောင်း အစ်မကြီး ဒေါမမကြီး၊ ဒေါဒေါင်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ဆရာတော်ဘုရားကြီးက ပေးတော်မူသော ဘွဲ့အမည်မှာ "ရှင်ဝါသေဋ္ဌ" ဖြစ်သည်။

၁၂၉၃-ခုနှစ် ရဟန်းတစ်ဝါအရတွင် စေတိယင်္ဂဏစာမေးပွဲ အာဂုံပြန်တန်း၌ သံယုတ်ငါးကျမ်း ပြန်ဆိုအောင်မြင်တော်မူ၍ "ဝါသေဋ္ဌာဘိသိရီပဝရသာသနဓဇ သံယုတ္တဘာဏကဘွဲ့" ရရှိခဲ့သည်။

၁၂၉၄-ခုနှစ် ကျောင်းတော်ရာ ရွှေကျင်တိုက် ဝိနည်းစာပြန်ပွဲတော်ကြီး၌ ယင်းသံယုတ်ငါးကျမ်းကိုပင် ထပ်မံပြန်ဆိုခဲ့၍ "သံယုတ္တဘာဏကဘွဲ့" ကို ၂-ကြိမ် မြောက် ရရှိခဲ့သည်။

ပခုက္ကူမြို့သို့ ရောက်ရှိခြင်း

၁၂၉၄-ခုနှစ် ရဟန်းနှစ်ဝါအရတွင် ပခုက္ကူမြို့၊ မဟာဝိဇယာရာမအရှေ့တိုက်၊ အာဘိဓမ္မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးထံတွင် ဆရာတော်ဘုရားကြီး၏ အချီးမြှောက်ကို ခံယူကာ ပိဋကတ်ကျမ်းစာများကို သင်ယူခဲ့သည်။ ဆရာတော်ဘုရားကြီးက စာဆိုခွင့်ပေးသော်လည်း ကျန်းမာရေးမကောင်းသဖြင့် စာမဆို၊ စာမချနိုင်ခဲ့။ ကိုရင်ဘဝကတည်းက ဝိနည်းပါဠိတော်များ၊ သံယုတ်ပါဠိတော်များ ဖြေဆိုအောင်မြင်တော်မူခဲ့ခြင်းကို အားရကျေနပ်မိ၍ ဆွမ်းမခံစေဘဲ ဆွမ်းကျွေးထားကာ အထူးချီးမြှောက်တော်မူခဲ့သည်။

မန္တလေးမြို့သို့ ရောက်ရှိခြင်း

ဤအရှင်သည် ကျန်းမာရေးမကောင်းသဖြင့် သကျသီဟစာမေးပွဲဝင်ရောက်ဖြေဆိုရန် စိတ်မကူးခဲ့သော်လည်း၊ အများက တိုက်တွန်းသဖြင့် သကျသီဟစာမေးပွဲဝင်ရန် ရည်ရွယ်ချက်ဖြင့် ၁၂၉၅-ခုနှစ်တွင် မန္တလေးမြို့သို့ ရောက်ရှိခဲ့သည်။ မန္တလေး သကျသီဟစာမေးပွဲသည် မြန်မာနိုင်ငံတွင် နာမည်ကြီး၍ စာမေးပွဲကို စာသင်တန်း၊ စာချတန်းဟူ၍ အဆင့် ၂-ဆင့် ခွဲထားသည်။ စာသင်တန်းဖြေမည့်သူသည် အသက် ၂၇-နှစ်အတွင်းရှိမှသာ ဝင်ရောက်ဖြေဆို

ခွင့်ရှိသည်။ စာသင်တန်းတွင် နှုတ်ထောက်အကဲ့ကို(၁၈)ကြိမ် တိတိ မေးမြန်းစမ်းသပ်ပြီး၊ အနည်းဆုံး(၁၂)ကြိမ် ပြန်ဆို နိုင်မှသာ အောင်ပေးသည်။

မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်အုပ်ဆရာတော် ဘုရားက ဤအရှင်အား သာသနာ၌ အမြဲနေဖို့ရာအထိ တောင်းခံခဲ့သည့်အပြင်၊ အတ္ထုပ္ပတ္တိပါတောင်း၍ ရွှေကျင်နိကာယ မှတ်တမ်းတွင် မော်ကွန်းတင်စေခဲ့သည်။

အရှင်ဝါသေဋ္ဌအလှည့်တွင် အခြားသော စာသင်သားများထက် ပိုမေးပြီး မိနစ် ၆၀(တစ်နာရီ)ကျော်အောင် ဓာတုကထာနောက်ပိုင်း နယကြီးများ၊ ပါဠိတော်အရကောက်များ၊ သစ္စယမိုက် ဝါရယှက်ကြီးများကို ပြန်ဆိုစေရာ ပြည့်ပြည့်စုံစုံနှင့် ရှင်းလင်းပြန်ဆိုပြနိုင်သဖြင့် "အဘိပါကဋ္ဌ ဝိသေသပုဂ္ဂလ" အဖြစ် ထူးကဲသောဂုဏ်ကို ရယူနိုင်ခဲ့သည်။ သက္ကသီဟစာသင်တန်း အောင်မြင်သောအခါ "ဝါသေဋ္ဌာ ဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့" တံဆိပ် ရရှိခဲ့ပြီး၊ ဆရာတော်ဘုရားကြီးကလည်း ဆွမ်းမခံစေဘဲ ဆွမ်းစားချီးမြှောက်တော်မူသည်။

ထို့နောက် မန္တလေးမြို့၊ အနောက်တောင်မြို့နယ်၊ စိန်ပန်းရပ် အဘယာရာမဆရာတော်ဘုရားကြီး၏ အချီးအမြှောက်ကို ခံယူကာ မာဂဓကျမ်း၊ သက္ကတကျမ်းများကို သင်ယူခဲ့သည်။ တစ်ဖက်ကလည်း စာပေများကို တတ်စွမ်းသမျှ ပို့ချပေးခဲ့သည်။ ဆရာတော်ဘုရားကြီးကိုယ်တိုင် နှင်းအပ်သော "ဓမ္မာစရိယဘွဲ့" ကိုလည်း ရယူနိုင်ခဲ့သည်။ ထိုအခါက စာပေပို့ချနေသော်လည်း ဆရာတော်ဘုရားက စာချအဖြစ် မခန့်အပ်သေးပါ။ သက္ကတ၊ မာဂဓ၊ ဗျာကရဏ်းကျမ်းအဆူဆူတို့၌ အလွန်အကျွမ်းဝင်၊ အလွန်နှံ့စပ်ပြီး သတ္ထန္တရပါရဂူတစ်ဆူဟူ၍ တစ်သာသနာလုံးက အသိအမှတ်ပြု လေးစားအားထားခဲ့ရသော အဘယာရာမဆရာတော်ကြီးသည် "သမ္မန္နစိန္တာစာကိုယ်ဋ္ဌီကာနိဿယ" ကျမ်းကို ရိုက်နှိပ်မည်ပြုရာတွင် အရှင်ဝါသေဋ္ဌအား နိဒါန်းရေးခိုင်းတော်မူရာ ကောင်းမွန်တော်မူလှသဖြင့် ကိုယ်တိုင် ဤအရှင်၏ နိဒါန်းအောက်၌ "ဦးဝါသေဋ္ဌ(ဓမ္မာစရိယ)" ဟု ရေးသားချီးမြှင့်တော်မူခဲ့သည်။ ဘွဲ့ရရှိခဲ့သည်မှာ ၁၂၉၈-ခုနှစ် သက်တော် ၂၆-နှစ်အရွယ် ဖြစ်သည်။ ထိုစဉ်က သပြေကန် ဆရာတော်အပြင် အခြားတစ်ဦးတစ်ယောက်ကို ဓမ္မာစရိယဘွဲ့ ပေးခဲ့သေးသည်ဟူ၍ အမှတ်အသားမထင်ခဲ့ချေ။

ဤအရှင်သည် အေးမြသော ဆရာသခင်တို့၏ အရိပ်ကို အေးချမ်းစွာ ခိုလှုံခဲ့ရသည်။ ကျေးဇူးရှင် အဘယာရာမဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသကို အမြဲခိုလှုံလိုလှ၏။ ဆရာတော်ကြီးကလည်း သက္ကတစာပေများသင်ယူရန် အိန္ဒိယသို့ လွှတ်ဖို့ ရည်ရွယ်ထားကြောင်း၊ ဝိဇ္ဇာလင်္ကာရ ဆရာတော်ကို မိန့်ကြားတော်မူခဲ့ဖူးကြောင်း၊ ဝိဇ္ဇာလင်္ကာရဆရာတော်ကြီးမှတစ်ဆင့် ပြန်ပြောခဲ့၍ သိရသည်။ သို့ရာတွင် လိုလားတောင့်တချက်များ မပြည့်ဝခဲ့ပေ။ ကျေးဇူးရှင် သပြေကန် မဟာဓမ္မိကာရာမဆရာတော်ဘုရားကြီး ပျံလွန်တော်မူသဖြင့်၊ မန္တလေး၊ ရွှေဝူတိုက်၊ အဘယာရာမဆရာတော်ဘုရားကြီးထံမှ ခွဲခွာကာ ၁၃၃၀-ပြည့်နှစ်တွင် နေရပ်ဖြစ်သော သပြေကန်ဓမ္မိကာရာမသို့ ပြန်လာခဲ့ရသည်။

သန်လျင်မြို့၊ သပြေကန်သို့ ပြန်လည်ရောက်ရှိခြင်း

သပြေကန် မဟာဓမ္မိကာရာမတိုက်သို့ ရောက်ပြီးနောက်၊ တွဲဖက်နာယကစာချအဖြစ် သာသနာ့တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခဲ့သည်။ ဤသို့ ထမ်းဆောင်ရင်း ၁၃၀၈-ခုနှစ်တွင် ရန်ကုန်မြို့ အစိုးရဓမ္မာစရိယစာမေးပွဲကို ကျင်းပရာ ဝင်ရောက်ဖြေဆိုတော်မူရာ တစ်နှစ်တည်းကိုးဘာသာလုံး အောင်မြင်ပြီးဆုံး၍ "သာသနဓဇသိရီပဝရ ဓမ္မာစရိယ သိရောမဏိဘွဲ့" ကို ပထမဆုံးခံယူရရှိခဲ့သည်။

ရန်ကုန်မြို့၊ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်သို့ ရောက်ရှိလာခြင်း

ရန်ကုန်မြို့၊ ရွှေကျင်ကျောင်းတိုက်ဆရာတော် အရှင်ကောသလ္လ[ဘီအေ၊(ရန်ကုန်)၊ ဘီအေဂုဏ်ထူး(ရန်ကုန်)] ပျံလွန်တော်မူသောအခါ ဆရာတော်သည် သံဃာတော်များ ရွှေကျင်ဂိုဏ်းဆရာတော်များ၊ ဒါယကာများ၏ ဆန္ဒကို မလွန်ဆန်သာသဖြင့်၊ ၁၃၄၀-ပြည့်နှစ်၊ သက်တော် ၆၈-နှစ်တွင် ပဓာနနာယကဆရာတော် ဖြစ်လာသည်။ ဤတာဝန်ကို အသက်ထက်ဆုံး ပျံလွန်တော်မူသည့် ၁၃၅၆-ခုနှစ် (၁၉၉၅)အထိ ထမ်းဆောင်ခဲ့သည်။

၁၃၄၃-ခုနှစ်(၁၉၈၂)တွင် မြန်မာနိုင်ငံတော်အတွင်း အငြင်းပွားလျက်ရှိသော ကျောက်ပုံတောရဝါဒနှင့် ပတ်သက်၍ စိစစ်သုံးသပ်ဆုံးဖြတ်ချက်ပေးရန်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ဖွဲ့စည်းပေးသည့် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်များသာ ပါဝင်သည့် "နိုင်ငံတော် သီးခြား ဝိနည်းဓိရ်အဖွဲ့ အမှတ်(၄)"တွင် ဥက္ကဋ္ဌဆရာတော် အဖြစ် ဆောင်ရွက်ခဲ့သည်။

ဆရာတော် ရေးသားပြုစုတော်မူခဲ့သော ကျမ်းများ

၁။ ပရိတ်ကြီးနိဿယသစ်
၂။ ဓမ္မနှင့်ဂုဏ်အဖွဲ့စုံကျမ်း
၃။ ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော်
၄။ ဆဆက္ကသုတ္တန်တရားတော်နှင့်သက္ကိန် တရားတော်
၅။ နိဗ္ဗာန်ချမ်းသာတရားတော်
၆။ ဗောဇ္ဈင်ခုနစ်ပါးတရားမြတ်ရတနာ
၇။ ထေရဂုဏ်ရည်
၈။ သပြေကန်တရားပေါင်းချုပ် အမှတ်(၁)
၉။ သပြေကန်တရားပေါင်းချုပ် အမှတ်(၂)
၁၀။ စေတီနှင့်ရိုသေမှု
၁၁။ ဓမ္မပဒပါဠိတော်နိဿယသစ်
၁၂။ မရဏာနုဿတိဘာဝနာ
၁၃။ သပြေကန်စာတိုပေစ
၁၄။ သီဂ်ါလောဝါဒ ပါဠိဂါထာ မြန်မာအနက် လက်ရေးမူစာတို
၁၅။ ရွှေဂူကြီးဘုရားကျောက်စာ ဂါထာတစ်ရာ နိဿယ

သာသနာရေးဆောင်ရွက်ချက်များ

၁။ မန္တလေး၊ အဘယဘာရာမရွှေဂူတိုက်သစ်တွင် ၁၉၃၄-ခုနှစ်မှ ၁၉၃၉-ခုနှစ်အထိ ၅-နှစ်ကြာမျှ စာပေပို့ချခဲ့သည်။
၂။ သန်လျင် သပြေကန် မဟာဓမ္မိကာရာမတိုက်သစ်တွင် ၁၉၃၉-ခုနှစ်မှ ၁၉၇၈-ခုနှစ် အထိ ၃၉-နှစ်ကြာအောင် အနုနာယက တွဲဖက်စာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။
၃။ ရန်ကုန် မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ရွှေကျင်ကျောင်းတိုက်တွင် ၁၉၇၈-ခုနှစ်မှ ၁၉၉၅-ခုနှစ်အထိ ၁၇-နှစ်ကြာအောင် ပဓာနနာယကအဖြစ် တာဝန်ယူခဲ့သည်။
၄။ ကျောက်ကုန်း မဟာဗောဓိကျောင်းတိုက် ဝိဝါဒါဓိကရဏ်းမှဋ္ဌ ဝိနည်းဓိရ်အဖြစ် ဆောင်ရွက်ခဲ့သည်။
၅။ နိုင်ငံတော် သီးခြားဝိနည်းဓိရ်အဖွဲ့(၄)ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။
၆။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဩဝါဒါစရိယအဖြစ် ဆောင်ရွက်ခဲ့သည်။
၇။ ရန်ကုန်တိုင်းလုံးဆိုင်ရာ ရွှေကျင်နိကာယ ဂိုဏ်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။
၈။ ရန်ကုန်တိုင်းလုံးဆိုင်ရာ ရွှေကျင်နိကာယ ဂိုဏ်းချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။
၉။ နိုင်ငံလုံးဆိုင်ရာ ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက(တွဲဖက်သာသနာပိုင်)အဖြစ် ဆောင်ရွက်ခဲ့သည်။
၁၀။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်ခဲ့သည်။
၁၁။ တိပိဋကဩဝါဒါစရိယအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သည်။
၁၂။ ပိဋကဘာသာပြန်အဖွဲ့ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်ခဲ့သည်။
၁၃။ မင်္ဂလာဗျူဟာ၊ ပိဋကဗျူဟာနိကာယ်ငါးရပ်၊ ဓမ္မသာကစ္ဆာအဖွဲ့၊ ပရိယတ္တိသာသနနဂ္ဂဟ အသင်းတို့၏ ဩဝါဒါစရိယအဖြစ်လည်း ဆောင်ရွက်တော်မူခဲ့သည်။
၁၄။ မြန်မာစာအဖွဲ့၏ ဩဝါဒါစရိယအဖြစ်လည်း ဆောင်ရွက်တော်မူခဲ့သည်။
၁၅။ အခြားအသင်းအဖွဲ့များစွာတို့၏ ဩဝါဒါစရိယအဖြစ်လည်း ဆောင်ရွက်တော်မူခဲ့သည်။

ကြည်ညိုဖွယ်ရာ ထူးခြားသော ဂုဏ်ရည်များ

ဆရာတော်သည် ကျွန်ုပ်သိကွာ ကြီးမား၍ ဝိနည်းတော်ကို ရိုသေခြင်း၊ သည်းခံခြင်း၊ ခမာဂုဏ်တို့နှင့် ပြည့်စုံခြင်း၊ မေတ္တာဓာတ်အားကြီးခြင်း၊ စာပေကျမ်းဂန် ဇံစပ်ကျော်ကြား၍သာမက စာပေအရေးအသား ကောင်းမွန်ခြင်းတို့ကြောင့် ကျော်ကြားထင်ရှား၍ ရဟန်းရှင်လူ ပြည်သူတို့က လေးစားကြည်ညိုခြင်းကို ခံယူရရှိတော်မူသည်။

ထို့ပြင် ဆရာတော်သည် မိမိဆရာသမားဖြစ်ခဲ့ဖူးသော ပုဂ္ဂိုလ်များ၏ ဘွဲ့ကိုမခေါ်လို၊ ဆရာသမားအပေါ် အလွန်လေးစားတော်မူ၏။ တံတေးဆရာတော်ကြီး၏ ဘွဲ့တော်မှာ အရှင်နာဂ ဖြစ်ရာ၊ ရဟန်းခံ၊ ကမ္မဝါဖတ်သော အခါပင် "နာဂ" ဟု မဖတ်စေဘဲ၊ တခြား "ဒတ္တ" စသော အမည်တစ်ပါးဖြင့် ဖတ်ခိုင်းလေ့ရှိသဖြင့် ဆရာသမားတို့အပေါ် လေးစားပုံကို အတုယူသင့်လှသည်။

ဤသို့လျှင် ရဟန်းရှင်လူပြည်သူတို့၏ ကြည်ညိုသည့် အရေးထားခံရသည့် အားလျော်စွာ နိုင်ငံတော်အစိုးရက ၁၉၈၄-ခုနှစ်၊ ဧနှစ်ဝါရီလ ၄-ရက် လွတ်လပ်ရေးနေ့တွင် မြင့်မြတ်သော ပညာရှိကြီးအဖြစ် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို သက်တော် ၇၄-နှစ်၊ သီကျွာတော် ၅၄-ဝါတွင် ဆက်ကပ်လှူဒါန်းခြင်း ခံခဲ့ရသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်၏ အကျိုးကို ထက်သန်သော လုံ့လဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညုမဟာနာယက ဂုဏ်၊ ဂန္ထန္တရဇာဟုသစ္စဂုဏ်၊ လောကဗဟုပကာရ ဂန္ထကာရက ဂုဏ် စသည်တို့နှင့် ကုံလုံ ပြည့်စုံတော်မူသည့် ဆရာတော် "ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ" သည် ၁၃၅၄-ခုနှစ်(၁၉၉၃)တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ဦးစီးပြုသည်ဆောက်ရေးအဖွဲ့က ဆက်ကပ် လှူဒါန်းသော အမြင့် မြတ်ဆုံး တစ်ပြည်လုံး၏ ဆရာအဖြစ် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်ကို သက်တော် ၈၃-နှစ်၊ သီကျွာတော် ၆၃-ဝါတွင် အလှူခံရရှိတော်မူသည်။

ဘဝနှတ်ထံ ပျံလွန်တော်မူခြင်း

၁၃၅၆-ခုနှစ် တပိုတွဲလဆန်း ၇-ရက်(၁၉၉၅-ခု၊ ဖေဖော်ဝါရီလ ၆-ရက်)တွင် သာသနာ့တံခွန် စံပြ ပုဂ္ဂိုလ်ထူးဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု တွဲဖက် ရွှေကျင်သာသနာပိုင် သပြေကန်ဆရာတော်ဘုရားကြီးသည် ဘုရား၊ ရဟန္တာတို့သော်မှ မလွန်ဆန်နိုင်သောအဖြစ်ကြောင့် ကျန်းမာရေးချို့ယွင်းကာ သက်တော် ၈၄-နှစ် မှ ၈၅-နှစ် အရောက်(၈၄-နှစ် နှင့် ၂-လပြည့်ရန် ၆-ရက်အလို) ပျံလွန်တော်မူခဲ့သည်။

ကျော်ဝင်း(စာကြည့်တိုက်မှူး)

ကိုးကားသောကျမ်းများ

၁။ ၁၉၈၄-ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာ နိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းခဲ့သည့် အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မင်းဂေါင်က ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အစီအစဉ်နှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်တို့၏ ထေရပွတ္ထိများ။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၄၊ ၈၁-စာ။

၂။ မင်းတင်မွန်၊ ဒေါက်တာ။ သာသနာ့တံခွန်စံပြပုဂ္ဂိုလ်ထူး သပြေကန်ဆရာတော်ဘုရား။ ရန်ကုန်၊ ရတနာမင်းစာပေ၊ ၁၉၉၉။

၃။ အဘိဓဇမဟာရဋ္ဌဂုရု တွဲဖက်ရွှေကျင်သာသနာပိုင် သပြေကန်ဆရာတော်ဘုရားကြီး ထေရဂုဏ်ရည်စာစောင်၊ ရန်ကုန်၊ ရွှေကျင်ကျောင်းတိုက်၊ ၁၉၉၃။ ၂၂၇-စာ၊

သပြေကန်ဆရာတော်ကြီး၏
သင်္ကြန်စာရေးတော်ကို
လေ့လာကြည့်ရှုခြင်း

အရှင်ရဝတ(သာသနာ့ပျိုးခင်း)

နိဒါန်း

သပြေကန်ထေရ ရာပြည့်ဂုဏ်ပူဇော်စာစောင် ထုတ်ဝေမည်ဖြစ်သဖြင့် ပုဇွန်တောင်ရွှေကျင်ဆရာတော် ဘဒ္ဒန္တခေမာစာရမှ စာရေးသူတို့အား အစည်းအဝေးတက် ရောက်ပါရန် ဖိတ်ကြားတော်မူသည်။ ထိုအစည်းအဝေးတွင် မိမိတို့၏ဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် လက်ထောက်မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တနရိန္ဒ(ဇေယျာနရိန်-မြောင်းမြ)တို့နှင့်အတူ အစည်းအဝေးတက်ရောက်ခွင့်ရခဲ့သည်။

ထိုအစည်းအဝေးကို အကြောင်းပြု၍ စာတည်းတာဝန်ပေးကြသဖြင့် စာရေးသူတို့ ကျေးဇူးတော်ရှင် သပြေကန် ဆရာတော်ကြီးအား ပူဇော်သော စာပေများကို ဖတ်ရှုကြည့်ရှုခွင့်ရခဲ့သည်။ မိမိတို့ ရဟန်းစာဆိုတော်များအဖွဲ့မှ ဆရာတော်ဘုရားကြီး ရေးသားသော ဟောကြားသော စာအုပ်များကို ဝိုင်းဝန်းပြီး စာအုပ်အညွှန်း ရေးသားခွင့်ရကြပါသည်။ စာအုပ်အညွှန်း ဝိုင်းဝန်းရေးသားရသောအခါ ဆရာတော်ကြီး၏ စာအုပ်ပေါင်းများစွာကို လေ့လာဖတ်ရှုခွင့် ရခဲ့ပါသည်။ ထိုစာအုပ်များကို လေ့လာဖတ်ရှုရသော အခါ ဆရာတော်ကြီးအား မည်သို့ပူဇော်ရမည်နည်းဟု စဉ်းစားမိပါသည်။ ထို့ကြောင့် ဤဆောင်းပါးစာတမ်းကို ရေးသားပူဇော်လိုက်ရခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပရိယတ္တိ၊ ပဋိပတ္တိအရာတွင် ထင်ရှားကျော်ကြားသော ဆရာတော်ကြီးများ များစွာရှိကြပါသည်။ ယင်းဆရာတော်ကြီးများသည် ပရိယတ္တိစာပေ ပို့ချခြင်း၊ ကမ္မဋ္ဌာန်းနည်းပေးခြင်း၊ ကျန်းကန်စာပေ ရေးသားပြုစုခြင်း၊ တရားဟောခြင်း၊ ပရဟိတသာသနာပြုလုပ်ငန်း

များ ဆောင်ရွက်ကြခြင်း စသည်ဖြင့် နည်းပေါင်းစုံ သာသနာပြုတော်မူကြပါသည်။ သို့သော် စာချဆရာတော်တိုင်း ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ မဟုတ်ကြ၊ တရားဟော ဓမ္မကထိကများ မဟုတ်ကြ။ (လူအများအား ဟောကြားခြင်းကို ဆိုလိုသည်။) ကျမ်းပြုအကျော် ဆရာတော်များ မဟုတ်ကြ။

ကမ္မဋ္ဌာန်းနည်းပြဆရာတော်တိုင်းလည်း စာပေပို့ချကြသည်မဟုတ်ကြ၊ ကျမ်းပြုဆရာတော်များ မဟုတ်ကြ၊ တရားဟောဆရာတော်တိုင်းလည်း စာပေပို့ချကြသည် မဟုတ်ကြ။ ကျမ်းပြုကြသည်မဟုတ်ကြ၊ ကျမ်းပြုဆရာတော်တိုင်းလည်း စာပေပို့ချကြသည် မဟုတ်ကြ၊ တရားဟော ဓမ္မကထိကများ မဟုတ်ကြပေ။ မိမိတို့ အားသန်ရာ တစ်မျိုးမျိုးဖြင့် သာသနာပြုတော်မူကြသည်။ တရားဟော စာချ နှစ်မျိုးလုံးဖြင့် သာသနာပြုသော ဆရာတော်ကြီးများလည်း ရှိကြသကဲ့သို့ အဆိုပါ နည်းမျိုးစုံဖြင့် သာသနာပြုတော်မူကြသော ဆရာတော်ကြီးများလည်း ရှိကြပါသည်။ ထိုတွင် လယ်တီဆရာတော်ဘုရားကြီးသည် ထင်ရှားလှပါသည်။ တရားလည်းဟော၊ စာပေလည်းပို့ချ၊ ကျမ်းလည်းပြု၊ ကမ္မဋ္ဌာန်းတရားလည်း ဟောပြောပြသတော်မူနိုင်သော ဆရာတော်ကြီးဖြစ်သည်။ လယ်တီဆရာတော်ဘုရားကြီး အပြင် အခြားခြားသော ဆရာတော်ကြီးများလည်း ရှိကြပါသည်။

ထိုဆရာတော်ကြီးများထဲတွင် သပြေကန်ဆရာတော်ကြီးသည်လည်း ကျမ်းပြု၊ စာချ၊ ကမ္မဋ္ဌာန်းနည်းပြ၊ တရားဟော တရားပြ စွယ်စုံပုဂ္ဂိုလ်ထူး ဆရာတော်ကြီးဖြစ်တော်မူပါသည်။ သပြေကန်ဆရာတော်ကြီးသည် ရွှေကျင်နိုင်ငံ ဥပဥဏ္ဍဋ္ဌ ကျမ်းပြုအကျော်ဟူသော ဂုဏ်ထူးဝိသေသများဖြင့် ကျော်ကြားထင်ရှားရုံမျှမက သာသနာတော်တစ်ခုလုံးက အားကိုးပြုရသော ဆရာတော်ကြီးလည်းဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သော ကျမ်းစာအုပ်များစွာထဲမှ သင်္ကြန်တရားတော်စာအုပ်ကို စာရေးသူ ဖတ်ရှုလေ့လာရသောအခါ ကြည်ညိုပူဇော်လိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာခဲ့ရာမှ ဤဆောင်းပါးစာတမ်းကို ရေးသားပူဇော်လိုက်ရခြင်း ဖြစ်ပေသည်။

သပြေကန်ဆရာတော်ဘုရားကြီး၏ သင်္ကြန်တရားတော်

ဤသင်္ကြန်တရားတော်များ ကျမ်းစာသည် ဆရာတော်ဘုရားကြီး ၁၃၄၆-ခုနှစ်မှ ၁၃၄၉-ခုနှစ်အထိ (၃)နှစ်တာ သင်္ကြန်ကာလအတွင်း ဟောကြားခဲ့သော တရားတော်များကို ပြန်လည်ကူးယူ စုစည်းထားသော ကျမ်းစာဖြစ်သည်။ သင်္ကြန်တရားတော် (၁၀)ပုဒ် ပါရှိပါသည်။ ဤစာအုပ်ကို သပြေကန်ဆရာတော်ဘုရားကြီး၏ တပည့်ရင်းကြီး ယခု ပုဒ္ဓန်တောင်ရွှေကျင်တိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တခေမာစာရ က အမှာစာဖြင့် ပူဇော်ထားသည်။ သင်္ကြန်တရားတော်(၁၀)ပုဒ်ကို အနှစ်ချုပ်လိုက်လျှင် မေတ္တာတရား၊ ခန္တီတရား၊ ဆန္ဒရာဂကို ပယ်သတ်ရန်တရား၊ ဗုဒ္ဓါနုဿတိဘာဝနာတရားဟူ၍ ဤလေးမျိုးကို ယေဘုယျအားဖြင့် တွေ့ရသည်။ ယင်းလေးမျိုးကို အဓိကထား၍ အခြားအခြံအရံအဖြစ် အခြားဝတ္ထုသာဓကများဖြင့် တန်ဆာဆင် ဟောပြောရေးသားတော်မူခဲ့ကြောင်း တွေ့နိုင်သည်။ ယင်းသင်္ကြန်တရားများကို လေ့လာကြည့်ရှုပါသော်-

သင်္ကြန်တရားတော်(၁)

၁၃၄၆-ခုနှစ် တန်ခူးလဆုတ်(၉)ရက် (၁၃-၄-၈၅)စနေနေ့တွင် ဟောကြားသော တရားတော်ဖြစ်ပါသည်။ မေတ္တာတရားကို ပဓာနပြု ဟောကြားထားသော တရားတော် ဖြစ်သည်။

"မင်္ဂလာကျက်သရေရှိအောင် မေတ္တာကို ကြပ်ကြပ်ပို့ကြရတယ်၊ မေတ္တာဟာ မိမိလည်း အကျိုးရှိ၊ အများသတ္တဝါတွေမှာလည်း အကျိုးရှိ၊ ကိုယ်လည်းပဲ မေတ္တာအကျိုးကို ခံစားရ၊ ကိုယ့်မေတ္တာ အရှိန်အဝါကို ခံစားရတဲ့ သတ္တဝါတွေဟာလည်း ထိုက်သည့်အားလျော်စွာ ချမ်းသာသုခ ကြုံရတတ်တယ်" ဟု မိန့်ကြားတော်မူသည်။ မေတ္တာကို အထင်မသေးမိစေရန် "ကမ္ဘာနဲ့ချီပြီး မေတ္တာပို့လို့ အလကား နေမှာပေါ့လို့ ဆိုစရာရှိတယ်၊ သို့သော်လည်းပဲ သူတို့ရတာ မရတာ အသာထား၊ ကိုယ်ကတော့ ရပြီးပြီ" ဟု

မေတ္တာအကျိုး ကိုယ်ရရှိပုံကို မိန့်တော်မူ၏။ ''သည်းခံတတ်တဲ့ ခန္တီတရားရှိတဲ့ ပုဂ္ဂိုလ်သာ မေတ္တာဖြစ်နိုင်တယ်၊ ဒါကြောင့် မေတ္တာရန်သူဖြစ်တဲ့ ဒေါသတရားကို ကြိုးစားပြီးတော့ နှိမ်ပေးကြရမယ်'' ဟု ထိမိသော စကားလုံး အသုံးများဖြင့် မေတ္တာတရားကို မေတ္တာတရား မပျက်စီးရအောင် ဆုံးမတော်မူခဲ့ခြင်းဖြစ်၏။ ''လောကမှာ တရားမရှိတဲ့ ပုဂ္ဂိုလ်ကတော့ ခန္တီကို အပြစ်မြင်တယ်၊ တရားရှိတဲ့ ပုဂ္ဂိုလ်ကတော့ ခန္တီရဲ့ ဂုဏ်ကျေးဇူးကို သိတော်မူတယ်၊ ဒီတော့ ခန္တီဆိုတာ မေတ္တာတရားဖြစ်ပွားဖို့ ကောင်းသောအကြောင်းတစ်ရပ်ပဲ'' ဟု မေတ္တာတရား ခိုင်မာရန် မိန့်တော်မူပြီး သိကြားမင်း၏ ခန္တီတရား ဥပမာဖြင့် ဆုံးမတော်မူထားခြင်းဖြစ်သည်။

သကြိန်တရားတော်(၂)

၁၃၄၆-ခု၊ နှောင်းတန်ခူးလဆုတ်(၁၁)ရက် (၁၅-၄-၈၅) တနလာနေ့တွင် ဟောကြားသော တရားတော်ဖြစ်သည်။

ဤတရားဒေသနာတော်တွင် ဆရာတော်ကြီးက ''ပျော့ပျောင်းတဲ့ နူးညံ့တဲ့ စိတ်ထားသာလျှင် လိုရာလိုရာ တရားဖက်ကို ရောက်အောင် ဆွဲဆောင်နိုင်တယ်'' ဟု မိန့်တော်မူပြီး မေတ္တာပွားများနည်းများကို ဆက်လက်ဟောကြားတော်မူထားခြင်းဖြစ်သည်။ ''မေတ္တာပွားတဲ့ပုဂ္ဂိုလ်ဆိုတာ စွမ်းနိုင်တဲ့ပုဂ္ဂိုလ်မှ မေတ္တာပွားနိုင်တယ်၊ မစွမ်းနိုင်တဲ့ပုဂ္ဂိုလ် မေတ္တာမပွားနိုင်ဘူး'' ဟု မိန့်တော်မူပြီး ''ပဓာနိယင်္ဂတရားရှိမှ စွမ်းနိုင်မည်ဖြစ်သောကြောင့် စွမ်းနိုင်သူများ ဖြစ်ကြရန် ပဓာနိယင်္ဂတရားငါးမျိုးကို ဟောကြားတော်မူသည်။ ပဓာနိယင်္ဂတရားငါးမျိုးမှာ-

၁။ (သဒ္ဓါတရား)ဘုရားရှင်ကိုယ်တော်မြတ် အပေါ်မှာ အားထားတဲ့ ယုံကြည်ချက်တရား ရှိရမယ်။

၂။ (အာရောဂျသမ္ပဒါ) ရောဂါဝေဒနာ ကင်းရှင်းကျန်းမာခြင်းနဲ့လည်း ပြည့်စုံရမယ်။

၃။ (ဥဇု)ဖြောင့်မတ်တည်ကြည်တဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်။

၄။ (ဝီရိယ)အင်မတန် ကြိုးစားအားထုတ်တဲ့ တရားမျိုး ရှိရမယ်။

၅။ (ပညာ)ရုပ်နာမ်ခန္ဓာစဉ်များ ဖြစ်ပျက်နေတာကို သိမြင်တဲ့ပညာ ရှိရမယ်'' တို့ဖြစ်သည်။

''အဲဒီတရားငါးပါး ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ မေတ္တာဘာဝနာ ပွားဖို့လည်း မခက်၊ ဒီပြင်တရားတွေ ပွားများဖို့လည်း မခက်ဘူး'' ဟု ပဓာနိယင်္ဂတရားငါးပါးနှင့် ပြည့်စုံစေရန် တစ်ခုချင်းစီ လိုတိုရှင်း ဟောကြားထားတော်မူခဲ့သည်။ စိတ်ထားနူးညံ့သော ရဟန်းတစ်ပါး၏ အကြောင်းကို ပြောပြတော်မူပြီး ''ကောင်းမြတ်တဲ့ တရားတွေ လက်ခံနိုင်အောင် အစဉ်သဖြင့် မိမိစိတ်ဓာတ်ကို နူးညံ့အောင် ပြေပြစ်အောင် ချောမွေ့အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း'' ဟု နိဂုံးချုပ်ပေးတော်မူခဲ့သည်။ စိတ်ထားနူးညံ့လျှင် အရာရာအဆင်ပြေချောမွေ့ပြီး တရားထူး

သကြိန်တရားတော်(၂)

၁၃၄၆-ခုနှစ်၊ တန်ခူးလဆုတ်(၁၀)ရက်(၁၄-၄-၈၅)တနင်္ဂနွေနေ့တွင် ဟောကြားသော တရားတော်ဖြစ်သည်။ ယခင်နေ့က ဟောကြားခဲ့သော မေတ္တာတရားတိုးပွားခိုင်မာစေဖို့ ခန္တီတရား လက်ကိုင်ထားရေး ဆက်၍ ဟောကြားတော်မူသော တရားဖြစ်သည်။ မနုဿနီပုဏ္ဏားမဝတ္ထုကို တန်ဆာဆင်ပြီး ဟောကြားထားသည်။ မနုဿနီပုဏ္ဏားမကြီး၏ ခန္တီစွမ်းအားနှင့် ဘုရားရှင်၏ ဒေသနာတော်စွမ်းအားကြောင့် ပုဏ္ဏားကြီး ရဟန္တာအဆင့်ထိ ရောက်ရှိသွားပုံကို ဟောကြားပြီး ''တို့တစ်တွေဟာ သင့်ကို ပြန်မဆဲဘူး၊ မချုပ်ချယ်ဘူး၊ မစောင်းမြောင်းဘူး၊ ရန်မဖြစ်ဘူး၊ ဒါကြောင့် လက်မခံဘူး၊ အဲဒီ ဆဲရေးမှုစသည်တွေဟာ သင့်အဖို့သာ ဖြစ်ပါစေတော့လို့ သူ့ကို ပြန်အပ်တော်မူတယ်'' ဟု ဒေါသဖြင့် ဆဲရေးလာသူအား သူ၏ဆဲရေးမှုကို လက်မခံလျှင် ကိုယ့်ဆီကို မရောက်ကြောင်း ဟောကြားတော်မူခြင်း ဖြစ်သည်။ ''သည်းခံနိုင်ရင် အောင်ပြီ၊ တကယ့်အောင်ခြင်းဟာ သည်းခံခြင်းပဲ'' ဟု အောက်မြင်ခြင်း ဒဿနကို လိုတိုရှင်း ထိမိစွာဖြင့် သုံးနှုန်းဟောပြတော်မူကြောင်း တွေ့ရှိရသည်။

တရားမြတ်များပင် ရရှိနိုင်ကြောင်း ဟောကြားသော တရားတော် ဖြစ်ပါသည်။

သင်္ကြန်တရားတော်(၄)

၁၃၄၆-ခုနှစ်၊ နောင်းတန်ခူးလဆုတ်(၁၂)ရက်၊ (၁၆-၄-၈၅)အင်္ဂါနေ့တွင် ဟောကြားသည်။

ဤတရားတော်တွင် "ဥပါသကာ ဥပါသိကာမတွေဟာ လိုရင်းတရားကို လိုက်နာလိုကြတယ်"ဟု မိန့်တော်မူပြီး လိုရင်းတရားမှာ ဆန္ဒရာဂကို ပယ်နိုင်ရန် ဟောကြားတော်မူခဲ့သည်။ ဆန္ဒရာဂကို ပယ်ရမလဲဆိုသော လိုရင်းတရားတော်ကို ဟောရခြင်း ရည်ရွယ်ချက်ကို ဆရာတော်ဘုရားကြီးက "ဗုဒ္ဓဝါဒဟာ တွယ်တာမှုကို ပယ်ဖျောက်ရတဲ့ ဝါဒ၊ (ပ) ဥပုသ်စောင့်သုံးတာလဲ တွယ်တာမှုကို ပယ်ဖျောက်တာပဲ၊ တွယ်တာမှုတွေ ဖြတ်တယ်၊ ဒါနပြုတယ် ဆိုတာလည်း ဒီတွယ်တာမှုတွေ ဖြတ်တာပဲ၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းတယ်ဆိုတာ ပြောစရာမရှိဘူး"ဟု ဆုံးမတော်မူသည်။ "တွယ်တာမှု မရှိရင် ချမ်းသာသုခရနိုင်တယ်။ မိမိမှာ တွယ်တာမှုလေးတွေ ရှိနေပြီဆိုရင် ဧရာမဒုက္ခကြီးတွေရောက်၊ ဆင်းရဲအမျိုးမျိုးနဲ့ တွေ့ကြုံကြရတယ်" ဟု ဆန္ဒရာဂ အဝွယ်အတာကို ပယ်နိုင်ရန် တိုက်တွန်းတော်မူခြင်း ဖြစ်သည်။ "လောကမှာ နှစ်သက်ဖွယ် တွယ်တာဖွယ်ဆိုတာ ကိုယ်ကအပြစ်မမြင်ရင် နှစ်သက်လို့ မဆုံးဘူး၊ တွယ်တာလို့ မဆုံးဘူး"ဟု ဆန္ဒရာဂ၏ မဆုံးနိုင်မကုန်နိုင် ဒုက္ခအမျိုးမျိုး ဖန်တီးပေးနိုင်ပုံကို ဟောတော်မူခဲ့ပေသည်။

သင်္ကြန်တရားတော်(၅)

၁၃၄၇-ခုနှစ်၊ တန်ခူးလဆုတ်(၁၃)ရက်(၁၇-၄-၈၅)ဗုဒ္ဓဟူးနေ့ နှစ်ဆန်းတစ်ရက်နေ့တွင် ဟောကြားသော တရားတော်ဖြစ်သည်။ ဤတရားတော်တွင် ရုပ်,စင်ကြယ်ရုံနှင့် လူ,မစင်ကြယ်နိုင်ပါသဖြင့် စိတ်မစင်ကြယ်လျှင် လူပါ နွမ်းတတ်ပါသည်။ သည်သဘောတရားကြောင့် ဆရာတော်ကြီးက "အတွင်းစိတ်က လိုချင်တပ်မက်မှုလောဘ၊ စိတ်ဆိုးမှု ဒေါသ၊ တွေဝေမှု မောဟ၊ အာဘိဇ္ဈာ၊ သူ့ကို ငြူစူစောင်းမြောင်းတဲ့ ဣဿာ၊ ကိုယ်စည်းစိမ်ကို လှုံ့ဆော်တဲ့ မစ္ဆရိယ၊ အရှက်မရှိတာ သြတ္တပ္ပ၊ အလန့်မရှိတဲ့ အနောတ္တပ္ပ တရားများကို စိတ်ညစ်နွမ်းကြောင်းတရားများအဖြစ် ဟောကြားဆုံးမတော်မူပြီး ကောင်းမြတ်တဲ့ စိတ်ထားတွေ ဖြစ်နေတဲ့ ပုဂ္ဂိုလ်ဟာ ချောဖို့မလိုဘူး၊ မချောပေမဲ့ လူဟာ ကြည့်လို့ကောင်းတယ်။ သူများကြည်ညိုတယ်"၊ "စိတ်ကြောင့်ဖြစ်ပေါ်လာတဲ့ မကောင်းမှုအညစ်အကြေးကိလေသာဆိုတဲ့ တရားတွေကို စိတ်ဖြင့်ပဲ ဆေးကြောရတယ်"၊ "ကုသိုလ်ဆိုတဲ့ ကောင်းတဲ့စိတ်တွေနဲ့ ဆေးကြောသုတ်သင်ရတယ်"ဟု စိတ်ကောင်းထားရန် မိန့်ကြားတော်မူသည်။

သင်္ကြန်တရားတော်(၆)

၁၃၄၈-ခုနှစ်၊ တန်ခူးလဆုတ်(၂)ရက် (၂၆-၄-၈၆) စနေနေ့တွင် ဟောကြားတော်မူသော တရားတော်ဖြစ်သည်။

ဤတရားတော်တွင် ဗုဒ္ဓါနုဿတိဘာဝနာကို ဟောကြားတော်မူသည်။ ဆရာတော်ကြီး၏ မိန့်ကြားချက်များတွင် "ဘုရားကို အမြဲတန်းအာရုံပြုပေးရင် ကိုယ့်နားမှာ ဘုရားရှိနေသလိုပဲ၊ ဘုရားနဲ့ အတူတူနေရသလိုပဲ၊ ဒါကြောင့် ကုသိုလ်တွေ တိုးပွားရုံမျှမက အကုသိုလ်တွေ မဖြစ်ပွားအောင်လဲ ရှောင်တတ်တယ်"ဟူသော စကားတော်တစ်ခုတည်းဖြင့်ပင် ဗုဒ္ဓါနုဿတိကို ပွားများလိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာစေပေလိမ့်မည်။ ထို့ပြင် မစ္ဆရိယကောသိယသူဌေးအကြောင်းနှင့် ရတနာသုံးပါး ဂုဏ်တော်များကို သိရှိပြီး သဒ္ဓါတရားဖြစ်ပေါ်လာကြပုံများ၊ သဒ္ဓါတရားနှင့် ပညာတရားရှိပြီးဆိုရင် အဲဒီ ဒကာ ဒကာမတွေဟာ စွမ်းနိုင်တဲ့ ဒကာ ဒကာမတွေအဖြစ် ရောက်သွားတယ်၊ စွမ်းနိုင်ရင် ပြီးရော၊ ဘာစွန့်ရမတုန်း၊ စွမ်းနိုင်တာချည်းပဲ" ဟု တကယ်ဘုရားရှင်ကို အာရုံပြုနိုင်ရန် ဟောကြားတော်မူသည်။

သင်္ကြန်အကျဉ်း(၁၃၄၉-ခ)တရားတော်(၇)

ဤသင်္ကြန်တရားတော်တွင် မေတ္တာတရားတော်ကို ပဓာနပြု ဟောကြားတော်မူသည်။ သြဓိသ၊ အနောဓိသ

မေတ္တာနှစ်မျိုး၊ မေတ္တာတရားကို သစ္စာတရား အထွတ်တပ် ပုံတွင် "သစ္စာနဲ့ မေတ္တာပွားတာ၊ ဒါဘာမှ မခက်ပါဘူး၊ အလွယ်ကလေး၊ အလွယ်ကလေး ပွားများကြရတယ်။ ဒါက ပိုပြီးတော့ ထက်တယ်။ သစ္စာဆောင်းလိုက်တဲ့အတွက် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ သစ္စာဆောင်း ပေးလိုက်တဲ့အတွက် မေတ္တာဟာ ပိုပြီး ထက်သွားတယ်။ အဲဒါကြောင့် မေတ္တာပွားရတယ်" ဟု ဆိုတော်မူပြီး မဠုသကပန်း မေတ္တာ၊ စန်းလသော်တာ အေးမေတ္တာ၊ စန္ဒကူးနဲ့သာချစ်မေတ္တာ၊ မေတ္တာရေချမ်း ဖျန်းပုံ ဟူသော ဥပမာတန်ဆာတို့ဖြင့် မေတ္တာတရားကို ဖွဲ့ဆိုရှင်းပြဟောကြားတော်မူပြီး "အေးမြတဲ့ မေတ္တာရေစင်တွေကို သတ္တဝါတွေ အပေါ်မှာ ဆွတ်ကြဖျန်းကြ သွန်းလောင်းနိုင်ကြပါစေကုန်သတည်း" ဟု နိဂုံးချုပ်တရားသိမ်းတော်မူသည်။

သင်္ကြန်အကြတ်နေ့(၁၃၄၉-ခု)တရားတော်(၈)

ဤ သင်္ကြန်တရားတော်တွင် ခန္ဓီတရား၏ အကြောင်းပုံကို ဟောတော်မူထားခြင်း ဖြစ်ပါသည်။ နူးညံ့သိမ်မွေ့လှပါသည်ဆိုသော ဝေဒေဟိကာ အမျိုးသမီးကို သူ၏ ကျွန်မ ကာဠီ၏ စုံစမ်းမှုများကို ပုံပြုဟောကြားတော်မူပြီး "တကယ် တရားမရှိသေးရင် တရားအကြောင်းပြုပြီး ငြိမ်သက်တာ မဟုတ်ရင် အဲဒီ ငြိမ်သက်မှုဟာ သိပ်မခံဘူး၊ တော်ကြာ အကြောင်းမဆုံသေးလို့ မပေါ်လာသေးတောင် စိတ်ဆိုးဖို့ အကြောင်းပေါ်လာလို့ရှိရင် သူက ပေါ်လာတာပဲ" ဟု တရားမရှိလျှင် ခန္ဓီတရား မခိုင်မြဲသေးကြောင်း၊ တရားကြောင့် ကောင်းမှုသာ စိတ်ချရကြောင်း ဟောကြားတော်မူသည်။

"မိမိ၏ မေတ္တာတရားကိုလည်း ဘယ်သူကမှ မဖျက်နိုင်အောင် မြေကြီးနဲ့တူတဲ့ စိတ်ထားဖြင့် မေတ္တာတရား ပွားများကြရမယ်" ဟု မြေကြီးဥပမာတရား၊ ကောင်းကင်ကို ဘယ်သူကမှ ပျက်မသွားအောင် မလုပ်နိုင်သလို ကောင်းကင်နဲ့တူတဲ့ စိတ်ထားဖြင့် မေတ္တာတရား ပွားများကြရမယ်" ဟု ကောင်းကင်ဆေးရေး ဥပမာတရား၊ ဂင်္ဂါမြစ်ရေဟာ ဘယ်သူကမှ ပူအောင်မလုပ်နိုင်သလို ထို့အတူ မိမိကလည်း ဂင်္ဂါမြစ်ရေနဲ့တူတဲ့ စိတ်ထားဖြင့် ဒေါသမဖြစ်ပွားစေရဘူး" ဟု မြစ်ရေ ဥပမာတရား၊ မိမိတို့နားမခံသာနိုင်စရာ စိတ်မနှစ်သက်စရာ စကားတွေ ကြားလာရပေမယ့် အဲဒီစကားတွေ အရေးမထားဘဲနဲ့ မိမိစိတ်ကို ကြောင်ရေအိတ်ကြီးနဲ့တူအောင် နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ဖြစ်အောင် မေတ္တာတရား ပွားများခြင်းဖြင့် ကြိုးစားကြရမယ်" ဟု ကြောင်ရေအိတ် ဥပမာတရား၊ မိမိကိုယ်ကို နှစ်ဖက်အရိုးရှိတဲ့ လွှကြီးနဲ့ လာဖြတ်တာကိုပဲ အဲဒီသူခိုးဓားပြတွေအပေါ်မှာ ဒေါသဖြစ်မယ်ဆိုရင် အဲဒါ ငါဘုရားအဆုံးအမကို မင်းတို့ မလိုက်နာတာဘဲ" ဟု လွှတိုက်ဥပမာတရားတို့ဖြင့် တန်ဆာဆင်ဟောကြားတော်မူပြီး ခံနိုင်ရည်ရှိတဲ့ မေတ္တာမျိုးရောက်အောင် တိုက်တွန်းနိုဂုံးချုပ် တရားသိမ်းတော်မူသည်။

သင်္ကြန်အတက်နေ့တရား(၁၃၄၉-ခု)(၉)

ဤသင်္ကြန်တရားတော်တွင် တရားနာပရိသတ်များ တရားနာကြပုံချင်းတူသော်လည်း မိမိတို့ ဓာတ်ခံအလိုက် ရရှိသွားကြသော အကျိုးတရားများကို ဟောကြားတော်မူထားသည်။ "ဓာတ်ခံကောင်းရှိတဲ့ ပုဂ္ဂိုလ်ကတော့ အသိအရာမှာလည်း သူက ပိုပြီး သိတတ်နားလည်တယ်။ ဒီထက်ပိုပြီး ထူးခြားတဲ့ ဓာတ်ခံရှိလို့ရှိရင် တရားနာတုန်းသော်လည်း တရားထူးရနိုင်တယ်၊ အဲသလို ကွာခြားချက်တွေ ရှိတယ်" ဟု မိန့်တော်မူပြီး နကုလပိတာ ဒါယကာကြီး၏ ဘုရားရှင်အား "ဒီခန္ဓာကိုယ်ကြီးကလည်း နာကျင်ပြီးနေတဲ့ ခန္ဓာကိုယ်ကြီး ဖြစ်နေတော့ မိမိစိတ်သွားတိုင်း ကိုယ်မပါတဲ့အဖြစ်မျိုးရောက်ရတဲ့အကြောင်း" လျှောက်ထားချက် စကားအရ "အမြဲတမ်းနာနေတဲ့ ခန္ဓာကိုယ်ကြီးကို တစ်ခဏလေးမျှ ကျန်းမာတယ်၊ ရောဂါကင်းတယ်၊ အနာကင်းတယ်ဆိုရင် အဲဒီ ပုဂ္ဂိုလ်ဟာ မိုက်မဲလို့ ပြောတာပဲ" ဟု ဘုရားရှင် မိန့်တော်မူပုံ၊ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကမူ "စိတ်လည်းနာ၊ ကိုယ်လည်း နာတဲ့ပုဂ္ဂိုလ်၊ ကိုယ်သာနာ၍ စိတ်မနာတဲ့ပုဂ္ဂိုလ် ခွဲခြားပြီး ဟောတော်မူပုံ၊ မေတ္တာတရား ဝင်လာလျှင် စိတ်ကျန်းမာ၊ စိတ်ချမ်းသာ၊ စိတ်ကြည်လင်တယ်ဟု မိန့်တော်မူပြီး စိတ်မနာအောင် တိုက်တွန်းဟောကြားတော်မူခဲ့သည့် တရားတော်ဖြစ်ပါသည်။

နှစ်ဆန်းတစ်ရက်နေ့(၁၃၄၉-ခုနှစ်)(၁၀)

ဤ တရားတော်ကား ၁၃၄၉-ခုနှစ်၏ နှစ်ဆန်း တစ်ရက်နေ့တွင် ဟောကြားသော တရားတော်ဖြစ်၏။ ဤသင်္ကြန်တရားတော်စာအုပ်၏ နောက်ဆုံးတရားလည်း ဖြစ်သည်။ တရားတော်တွင် ဗုဒ္ဓ၏ဝါဒဖြစ်သော "ဆန္ဒ ရာဂကို ပယ်သတ်ရန် နည်းပေးသော တရားတော်ဖြစ်သည်။ ယခင်သင်္ကြန်တရားတော်များတွင်လည်း ဆန္ဒရာဂကို ပယ်သတ်ရန် တရား ဆရာတော်ကြီး ဟောကြားခဲ့ပြီးဖြစ်၏။ စာအုပ်တွင် သင်္ကြန်တွင်းဟော တရားများ ပေါင်းထားသော်လည်း မတူကွဲပြားခြားနား၍နေပါသည်။ ပစ္ဆာဘူမ-တိုင်းတစ်ပါးသို့ ကြွတော်မူမည့် ရဟန်းတော်များ မြတ်စွာဘုရားရှင်ကို လျှောက်ထားကြရာ မြတ်စွာဘုရားရှင် က ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးထံ လျှောက်ထား ခွင့်ပန်ပြီးမှ သွားရန် မိန့်ကြားတော်မူ၏။ တိုင်းတစ်ပါးသို့ ကြွမည့် ရဟန်းတော်များအား ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက အရှင်ဘုရား တို့.ရဲ့. ဆရာဘုရားဟာ အဘယ်ဝါဒ ရှိပါသတုန်းဟု မေးလာလျှင် "လိုချင်နှစ်သက်မှု တပ်မက်မှု တရားကို ပယ်ရှားဖို့ ဟောကြားတော်မူတယ်"လို့ အဖြေပေးကြ"ဟု မိန့်ကြားတော်မူသည်။ ဆန္ဒရာဂဖြစ်ရာ၊ ဆန္ဒ ရာဂ မပယ်ခြင်း၏အပြစ်၊ ပယ်ဖျောက်ခြင်း၏ အကျိုးတရား တို့ကို ဟောကြားထားခြင်းဖြစ်သည်။

ထို့ကြောင့် တရားနိဂုံးချုပ်တွင် "မည်သည့် ကုသိုလ်ပြုပြု၊ ဒါနပဲပြုပြု၊ သီလပဲ စောင့်စောင့်၊ ဘာဝနာပဲ အားထုတ်အားထုတ်၊ အဲဒီ တွယ်တာမှုလေးတွေ ဆန္ဒရာဂ လေးတွေ မဝင်လာအောင် အမြဲတမ်း သတိထားပြီးတော့ ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း"ဟု မိန့်တော်မူခဲ့သည်။

နိဂုံးချုပ်

သပြေကန်ဆရာတော်ဘုရားကြီး၏ သင်္ကြန်တရားတော်များကို ဖတ်ရှုကြည့်ညှိရရာတွင် အမှာစာတွင် ဆိုတော်မူသည့်အတိုင်း သပြေကန်ဆိုသည့် စာသည် ဂုဏ်ရောက်မှုနှင့် အပြစ်ကင်းမှုတို့ကား နေ့အခါတွင် နေမင်း၊ ညဉ့်အခါတွင် လ,တစ်စင်းကဲ့သို့ ဖြစ်နေပေသည်။ သပြေကန် ဆရာတော်ကြီး၏ စာပေနှင့်စပ်၍ ဂုဏ်တင်ရေးသားနေလျှင် ဇွေရာသီတန်ခူးလ၊ ကဆုန်လ နေမွန်းတည့်ချိန်မှာ နေမင်းကြီးကို ဆလိုက်ထိုးပြနေသလို၊ ရာဟုသူရိန် မြူတိမ် မီးခိုး ဆီးနှင်းကင်းစင်သည့် လပြည့်ညမှာ လမင်းကြီးကို မီးမောင်းထိုးပြနေသလိုသာ ဖြစ်ပါတော့မည်ဟုပင် ဆိုရတော့ပေမည်။ စာတမ်းတစ်ခု၏ အကြံနှင့်ညီညွတ်အောင် ဝေါဟာရ၊ စကားလုံး အသုံးအနှုန်းတို့ကစ လေ့လာကြည့်ညှိရမည် ဖြစ်သည်။ သို့သော် မဂ္ဂဇင်းစာမျက်နှာနှင့် လျော်ညီသောစာဖြစ်ရန် ရေးသားရသေး၏။ သို့ဖြစ်၍ ဆရာတော်ကြီး၏ စာပေများကို တူရာတူရာ စုစည်းထုတ်ဝေခြင်းကြောင့် သပြေကန်စာပေများ ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများ ဖတ်ရှုခွင့် ရနေပေသည်။

အချုပ်အားဖြင့် ဆိုရသော် ဤသင်္ကြန်တရားစာများတွင် ဆရာတော်ကြီး၏ ဆိုလိုချက်မှာ အပူမီးငြိမ်းရာ ဘဝစာတ်များ ပြတ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အကျိုးငှာ ရည်ရွယ်တော်မူသည်။ ဆန္ဒရာဂကို ပယ်ရန် ဟောထားသော တရားမှာ နှစ်ကြိမ်တိုင်တိုင် ပါဝင်သည်။ မေတ္တာတရား၊ ခန္ဓိတရား၊ ဗုဒ္ဓါနုဿတိတရား၊ ဆန္ဒရာဂကို ပယ်ရန် တရားဟု ယေဘုယျ သတ်မှတ်ရပေလိမ့်မည်။ ဆန္ဒရာဂတည်းဟူသော အတွယ်အတာ တဏှာဖြစ်နေသမျှ ဥပါဒါန်ဖြစ်နေပေလိမ့်မည်။ ဥပါဒါန်ဖြစ်နေသမျှ ဘဝစာတ် သိမ်းနှိုင်တော့မည် မဟုတ်ပေ။ ဘဝဖြစ်လျှင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ သောက စသည် တမျှော်တမှျင်ကြီး ဆက်လက်ဖြစ်ပေါ်လာပေတော့မည်။ သို့အတွက်ကြောင့် နှစ်သစ်တိုင်းက အစပြု၍ ဆန္ဒရာဂတည်းဟူသော တဏှာ အတွယ်အတာကို ပယ်သတ်ပြီး တဏှာချုပ်မှ နိဗ္ဗာန်ကို ရရှိနိုင်မည်ဟု ဆရာတော်ကြီးက မေတ္တာရှေးရှုဟောပြတော်မူခဲ့ခြင်း ဖြစ်ပေသည်ဟု သင်္ကြန်တရားတော်များကို စာရေးသူ ဉာဏ်စွမ်းရှိသရွေ့ လေ့လာကြည့်ညှိမိပါတော့သည်။

အရှင်ရေဝတ(သာသနာ့ဟိုးခင်း)

သပြေကန်ဆရာတော်ကြီး၏
စာအုပ်များကို သုံးသပ်ခြင်း

စာတည်းအဖွဲ့

ဓမ္မနှင့်ဂုဏ်အဖွဲ့စုံ

ရေးသားသူ - အရှင်ဝါသေဋ္ဌာဘိဝံသ
(သပြေကန်ဆရာတော်)

ထုတ်ဝေသူ - ဦးမောင်ကလေး
(သောကြာစာပေ)

ဖြန့်ချိရေး - မိခင်ဧရာဝတီ စာအုပ်တိုက်
တိုက်(၄)အမှတ်(၄၀၂)
ကျီတော်အိမ်ရာ၊ မင်္ဂလာ
တောင်ညွန့်၊ ရန်ကုန်။
မိခင်ဧရာဝတီ စာအုပ်တိုက်
မှ စီစဉ်ထုတ်ဝေသည်။

စာမူခွင့်ပြုချက်အမှတ် - ၄၈၀/၂၀၁(ဂ)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၄၆/၂၀၀၁(၈)
အကြိမ် - ဒုတိယအကြိမ်
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၀၀ ကျပ်

သပြေကန်ဆရာတော်ဘုရားကြီး၏ ဓမ္မနှင့်ဂုဏ် အဖွဲ့စုံ စာအုပ်ကို မိခင်ဧရာဝတီစာပေတိုက်မှ ၂၀၀၁-ခုနှစ်၊ စက်တင်ဘာလက ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေထားခြင်း စာအုပ်ဖြစ်သည်။ ဆရာတော်ဘုရား၏ တပည့်ရင်း ဆရာတော်ဘဒ္ဒန္တခေမာစာရက "ဤစာအုပ်သည် သုတ၊ ရသ၊ ဓမ္မရသ၊ အတ္ထရသတို့သာမက အမွန်အမြတ်ဆုံးဖြစ်သည့် ဝိမုတ္တိရသကိုပါ ပေးစွမ်းနိုင်သောစာအုပ်" ဟု အမှာစာဖြင့် ညွှန်းဆိုပူဇော်ထားသည်။

ထို့ပြင် သံလျင်မြို့နယ် ဓမ္မိကာရာမတိုက်ဆရာတော်ကလည်း အဖွင့်နိဒါန်းဖြင့် ရေးဖွဲ့ပူဇော်ထားပြန်သည်မှာ "ဘုရားရှင်၏ မင်းသားဘဝမှ လောကစည်းစိမ် ရရှိခံစားပုံများမှ အစပြုန်ကာ ဘုရားဖြစ်တော်မူပြီး ပဉ္စဝဂ္ဂိငါးဦးတို့အား ဓမ္မစက္ကာတရား၊ အနတ္တလက္ခဏသုတ်ဒေသနာတော်တရား ဟောကြားပုံများကို စာမျက်နှာ(၈၆)မျက်နှာအထိ တစ်ခမ်းတနား ရေးဖွဲ့ပူဇော်ထားသည်။ တကယ်လက်တွေ့မျက်မြင်တွေ့ရှိနေရသည့်ပမာ ထင်ယောင်မြင်ယောင် ရှိလာအောင် ရေးဖွဲ့ထားသည်။

"မွေစကြာအဖွဲ့၊ အနတ္တလက္ခဏသုတ်၊ မင်္ဂလာအဖွဲ့၊ ဂုဏ်တော်အဖွဲ့များကို ရေးသားထားသည်" ကို တွေ့ရှိရသည်။ အဖွဲ့တိုင်းတွင် ဥယျောဧည့်၊ အာသီသ၊ နိဂုံးဆော်ချက်၊ ဂါထာနိဿယများဖြင့် တစ်ဖုံ၊ အမေးအဖြေ ရှစ်လုံးဖွဲ့ ကဗျာများဖြင့် တစ်မျိုး၊ လင်္ကာများဖြင့် တစ်သွယ် စာဂဟေအသွယ်သွယ်ဖြင့် ခြယ်မှုန်းရေးဖွဲ့ထားသော ကျမ်းစာဖြစ်သည်။

ရွတ်ဆိုပူဇော်သူများအဖို့ ကြည်နူးဝိတိဖြစ်စေသည် သာမက ကဗျာဉာဏ်စာဉာဏ်များမှသည် အထက်အဆင့်ဖြစ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်များတိုင်အောင် အကျိုးရှိစေမည့်စာအုပ်ဖြစ်သည်။

သပြေကန်တရားတော်ပေါင်းချုပ်အမှတ်(၁)

ရေးသားသူ - အရှင်ဝါသေဋ္ဌာဘိဝံသ (သပြေကန်ဆရာတော်)

ထုတ်ဝေသူ - ဦးအဂ္ဂညာဏ ရွှေကျင်တိုက်၊ ကျီတော်အိမ်ရာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက်အမှတ် - ၈၅၁/၉၂(၉)

ပုံနှိပ်သူ - ဦးသိန်းဝင်း၊(ဝ၂၁၅)၊ သုခဝတီပုံနှိပ်တိုက်၊ အမှတ်(၅၃)၊ဖိုလ်ရွဲလမ်း၊ရန်ကုန်မြို့

ထုတ်ဝေသည့်ခုနှစ် - ၁၉၉၂-ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၀၊

တန်ဖိုး - ဓမ္မဒါန

ထိုတရားတော်ပေါင်းချုပ် အမှတ်(၁)စာအုပ်ကိုပင် မိခင်ဧရာဝတီစာအုပ်တိုက်မှ (၁၉၉၉)ခုနှစ်တွင် တတိယအကြိမ် ထပ်မံရိုက်နှိပ်ထုတ်ဝေသည်။

ဤကျမ်းစာအုပ် အရွယ်အစားမှာ (၈)ချိုးဆိုက် ဖြစ်သည်။ စာမျက်နှာ(၅၁၉)မျက်နှာပါရှိပြီး ဆရာတော် ဟောကြားတော်မူခဲ့သော တရားပုဒ်ရေ(၆၅)ပုဒ် ပါရှိသည်။

ဤကျမ်းစာတွင် ပါဝင်သော တရားတော်များမှာ စုံလင်လှပါသည်။ မွေးနေ့မင်္ဂလာ၊ ရဟန်းခံရှင်ပြု၊ ဘုရားအနေကဓာတင်၊ ဝါဆိုသင်္ကန်းကပ်နှင့် ကထိန်ဆိုင်ရာ၊ ဥပုသ်သီတင်း၊ စာပြန်ပွဲတရား စသည်ဖြင့် စုံလင်လှသည်။ ထို့ပြင် နာရေးဆိုင်ရာ၊ ရက်လည်ဆွမ်းကျွေးပွဲနှင့် ကွယ်လွန်သူများကို ရည်စူး၍ တစ်နှစ်ပြည့်၊ ၂-နှစ်ပြည့် စသည်ဖြင့် သံဝေဖြစ်စေရန်၊ အလှူဒါနလုပ်ရာ၌ လုပ်သလောက် အကျိုးကျေးဇူးရရှိစေရန် ခြေခြေမြစ်မြစ် ဟောကြားထားသည့် တရားတော်များဖြစ်သည်။

ထိုတရားတော်များကို ရတနာမွန်မဂ္ဂဇင်း၊ မြတ်ဆုမွန်မဂ္ဂဇင်း၊ ဓမ္မတံခွန်မဂ္ဂဇင်း၊ မြတ်ပန်းရံဂုံမဂ္ဂဇင်း၊ ဘာသာသွေးမဂ္ဂဇင်း၊ ဓမ္မဗျူဟာမဂ္ဂဇင်းများ၌ လစဉ်ဖော်ပြခဲ့ပြီး၊ တစ်စုတစ်စည်းတည်း အနေဖြင့် တရားတော်များကို စုပေါင်း၍ သပြေကန်တရားပေါင်းချုပ်အမှတ်(၁)ဟု အမည်ပေးကာ ဆရာတော်ကြီး သက်တော်(၈၂)နှစ် မွေးနေ့အမှီ ဓမ္မဒါနပြုနိုင်ရန် ပုံနှိပ်ထားခြင်းဖြစ်သည်။

ကျမ်းစာအုပ်၏ ရှေ့ပိုင်း၌ ဦးထွန်းလွင်(ဓမ္မာစရိယ၊ ဘီအေ)အယ်ဒီတာချုပ်၊ ရတနာမွန်မဂ္ဂဇင်းက နိဒါန်းရေးသားထားပြီး ဆရာတော်ကြီး သီလ၊ သမာဓိ၊ ပညာ ဂုဏ်များကို အံ့ချီးဖွယ် ပူဇော်ရေးသားထားသော စာရေးဆရာကြီး ပါရဂူ၏ "သူလိုရဟန်း" ဆောင်းပါးနှင့် ဆရာတော်၏ ဘဝ ဖြစ်စဉ်ထေရပွတ္တိအကျဉ်းကို ဖော်ပြထားသည်။

ဆရာတော်သည် တရားဟောရာ၌ ဒေသနာတော်၏ အနှစ်သာရကို နာကြားရသူ နားထဲသို့ စိမ့်ဝင်သွားအောင် အေးအေးဆေးဆေးနှင့် တိတိကျကျ ဟောပြနိုင်စွမ်းရှိသည်။ ဟောရသည့်နေရာ၌ ကိစ္စဌာန ကာလနှင့် လိုက်လျောညီထွေ ဟောကြားလေ့ရှိပါသည်။

ဆရာတော်သည် ဘုရားဟောပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ကိုယ်တိုင်ရေးသားထားသော ပါဠိဂါထာနှင့် မြန်မာကဗျာများ၊ သက္ကတ နီတိကျမ်းကြီးများလာ ဂါထာများ၊ အခြားဆရာတော်ကြီးများ၏ အဆိုအမိန့်များကို တရား ဟောကြားရာတွင် လိုအပ်သလို ထည့်သွင်း ဟောကြားထားပါသည်။

ထို့ကြောင့် သပြေကန်တရားပေါင်းချုပ်သည် ကျောင်းထိုင်ဆရာတော်များ၊ ဓမ္မကထိကများ၊ ကျင့်ကြံလိုက်နာသူများ၊ ဗဟုသုတရှာမှီးသူများအတွက် မရှိမဖြစ် လိုအပ်သော ကျမ်းစာအုပ်ဖြစ်ပါသည်။ နိဒါန်းရေးသားသူက "အမှန်မှာ ဤကျမ်းစာအုပ်မျိုး ကျွန်တော်တို့လက်တွင်းသို့ အစောကြီးရောက်နေရမည် ဖြစ်ပါသည်။ သို့မှသာ ဘာသာရေးဆိုင်ရာ လုပ်ငန်းကိစ္စတို့ကို ဆောင်ရွက်ရာတွင် ဆိုင်ရာ အကြောင်းအရာကို ဤကျမ်းစာအုပ်ကြီးတွင် ရှာဖွေဖတ်နှင့် ထားပြီး ကျွန်တော်တို့၏ စေတနာသဒ္ဓါတရားတို့ကို ဦးစွာ သန့်စင်ပြီးမှ လှူကြတန်းကြမည်ဆိုလျှင် လုပ်သမျှ အကြောင်းသည် အသိဉာဏ်ပါသော အကျိုးသက်ရောက်မှုချည်း ဖြစ်နေမည်မှာ သေချာလှပေသည်" ဟု ကျမ်းစာအုပ်၏ အနှစ်သာရကို ဖတ်ရှုရသူတိုင်း အကျိုးများစေချင်သည့် ဆန္ဒဖြင့် နိဒါန်း၏အဆုံးတွင် ရေးသားတင်ပြထားသည်ကို တွေ့ရပါသည်။

ကျမ်းစာအုပ်၏ နောက်ဆုံးတွင် "သပြေကန်တရားပေါင်းချုပ် အလှူရှင်များစာရင်း" ဟု ပါရှိပြီး အလှူရှင်တို့၏ အမည်နေရပ်လိပ်စာနှင့် လှူဒါန်းငွေတို့ကို တွေ့ရှိရပြီး အလှူရှင်(၆၉)ဦး ပါရှိပါသည်။

သပြေကန်တရားတော်ပေါင်းချုပ်အမှတ်(၂)

ရေးသားသူ - အရှင်ဝါသေဋ္ဌာဘိဝံသ (သပြေကန်ဆရာတော်)

ထုတ်ဝေသူ - ဦးထွန်းထွန်းဦး နှင့်ဦးလွင်စာပေ။

စီစဉ်သူ - မိခင်ဧရာဝတီ စာအုပ်တိုက်မှ ဒေါ်ရွှေဝါစိုးနှင့် မိခင်ဧရာဝတီမိသားစု

စာမူခွင့်ပြုချက်အမှတ် - ၆၇၀/၂၀၂(၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၅၅/၂၀၀၂(၁၂)

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ် ၂၀၀၃-ခုနှစ်၊ စက်တင်ဘာလ

ဤကျမ်းစာအုပ်သည် မိခင်ဧရာဝတီစာအုပ်တိုက်၏ အမှတ်စဉ်(၄၅)အဖြစ် ထုတ်ဝေပူဇော်ထားသော စာအုပ်ဖြစ်သည်။ မိခင်ဧရာဝတီတိုက်၏ ကျေးဇူးစကား၊ ပုဒ္ဓန်တောင် ရွှေကျင်ကျောင်းတိုက် သာသနပါလအဖွဲ့ဥက္ကဋ္ဌကြီး၏ ဥယျောဇဉ်၊ ရွှေကျင်ကျောင်းတိုက်ဆရာတော်၏ အမှာစာတို့ဖြင့် ဝေဝေဆာဆာ တင်ပြထားသည်။

စာအုပ်တွင် ဆရာတော်ကြီး၏ ဆွမ်းဘုဉ်းပေးကြွတော်မူစဉ် အလျဉ်းသင့်သလို ဟောကြားတော်မူသော

အနုမောဒနာ တရားများ အပါအဝင် အဆုံးအမသြဝါဒများ ပုဒ်ရေ(၉၀)ပါရှိပါသည်။

ထိုဒေသနာတော်များတွင် ပရိတ်အမွမ်း ၁-ပုဒ်၊ ပဌာန်း ၃-ပုဒ်၊ ဗုဒ္ဓါနုဿတိစသော အနုဿတိနှင့်ဆိုင်သော ဒေသနာ ၈-ပုဒ်၊ မွေးနေ့တရား ၉-ပုဒ်၊ သြဝါဒဒေသနာ ၅-ပုဒ်၊ ဆွမ်းစသော အနုမောဒနာတရား ၇-ပုဒ်၊ အနေကဇာတင်တရား ၂-ပုဒ်၊ ဥပုသ်တရား ၃-ပုဒ်၊ ဝါဆိုသင်္ကန်း ၂-ပုဒ်၊ ရဟန်းခံရှင်ပြုသိက္ခာထပ်အလှူတရား ၈-ပုဒ်၊ အိမ်သစ်တက်တရား ၂-ပုဒ်၊ ရက်လည် နှစ်ပတ်လည် တရား ၁၈-ပုဒ်၊ အထွေထွေတရား ၂၁-ပုဒ်၊ စုစုပေါင်း ၉၀-ပုဒ် ဖြစ်သည်။ ထိုဒေသနာတော်များက ဓမ္မကထိကများနှင့် ကျောင်းထိုင်ဘုန်းကြီးများ၊ တရားလက်သင် သောတုဇနများပါ ခွူးပြီးခပ်ပြီး ထမင်းပွဲကို ဝင်ရောက်စားသုံးခွင့် ရသူကဲ့သို့ ဖြစ်စေပါသည်။ ယန်းပေါင်းစုံပွင့်သော ဥယျာဉ်တွင်းမှ မိမိလိုရာလိုရာ ပန်းပွင့်များကို အလွယ်တကူ ဆွတ်ခူး ပန်ဆင်နိုင်သကဲ့သို့ ဆွတ်ချုသုံးစွဲနိုင်သော ဓမ္မပဒေသာပင်ကြီး ဖြစ်ပါသည်။ ထို့ပြင် ဓမ္မစာပေလိုက်စား ဖတ်ရှုလိုသော မည်သူမဆို အသိရှင်းစွာ ဖတ်ရှုရလွယ်ကူသော ဟောတရား ဒေနာတော်ပေါင်းချုပ်စာအုပ်ကြီးဖြစ်သည်။

ဥပါသကာဂုဏ်ရည်နှင့်သရဏဂုံတရားတော်

ရေးသားသူ - အရှင်ဝါသေဋ္ဌာဘိဝံသ
(သပြေကန်ဆရာတော်)
ဒုတိယအကြိမ်
၁၉၉၁-ခုနှစ် နိုဝင်ဘာလ

အုပ်ရေ - ၄၀၀၀
တန်ဖိုး - ဓမ္မဒါန
စာမူခွင့်ပြုချက်အမှတ် - ၁၆၁/၉၀(၂)ကင်း ၃၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၆/၉၁(၁၁)
ထုတ်ဝေသူ - ဥူးစန္ဒာဝရ

ထိုစာအုပ်ကိုပင် မိခင်ဧရာဝတီစာအုပ်တိုက်မှ ၂၀၀၂-ခုနှစ်၊ ဇူလိုင်လတွင် တတိယအကြိမ်အဖြစ် ထပ်မံထုတ်ဝေ၍ သာသနာပြုဥပါသကာ မိသားစုများအတွက် ရည်မှန်းဖြန့်ချိသည်။

ဤစာအုပ်သည် သပြေကန်ဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် ထားရှိသော မေတ္တာတော်ကို ဖော်ပြသော စာအုပ်ဟု ဆိုရပေမည်။ ဗုဒ္ဓဘာသာဝင်တိုင်း သာသနာတော်ကို ယုံကြည်လေးမြတ်ဆည်းကပ်သူတိုင်း၏ ဂုဏ်ရည်ကို သိထားသင့်သည်။ သိထားမှသာ မိမိသည် ဥပါသကာ ဂုဏ်ရည်နှင့် ပြည့်စုံ၏၊ မပြည့်စုံ၏ ဟု ခွဲခြားသိမြင်မှသာ မိမိရောက်ရှိနေသော အဆင့်အတန်းကို သိရှိနိုင်ပါလိမ့်မည်။ သို့အတွက် ဥပါသကာ ဂုဏ်ရည်ကို သာသနာတော်အတွက် ရေးသားတော်မူခဲ့ခြင်းဖြစ်ပေသည်။ ဤဥပါသကာဂုဏ်ရည်တွင် ခေါင်းစဉ်ငယ် ၄၀ ဖြင့် ဥပါသကာဂုဏ်ရည်ကို ဖွင့်ပြတော်မူခဲ့သည်။ ဤစာအုပ်တွင် ဆရာကြီးဦးထွန်းလှိုင်(ဝိနယပါရဂူ) သက္ကသိဟ ဓမ္မာစရိယ ဝဋ်ဆံသကာ၊ အစိုးရဓမ္မာစရိယ၊ သိရောမဏိ၊ စေတီယင်္ဂဏ ဓမ္မာစရိယ ဂဏဝါစက-အမှာစာဖြင့် ပူဇော်ထားသည်။

သူ၏ အမှာစာတွင် "ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံ တရားတော်" တရားနှစ်ဆူကို အကျဉ်းချုံးကြည့်လိုက်လျှင်-

(၁) သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အထောက်အကူကြီးမားစွာ ပေးနိုင်သည်။
(၂) ဥပါသကာ သဘောအဓိပ္ပါယ်ကို တိကျစွာ ဖော်ပြသည်။
(၃) ဥပါသကာအဖြစ် ခံယူပုံကို ရှင်းလင်းစွာ ရေးပြသည်။

(၄) ဥပါသကာဖြစ်ရန် အရေးကြီးသည့် သရဏဂုံကို အစုံလင်ဆုံး ဖော်ပြသည်။
(၅) ဥပါသကာ၏ ပြည့်စုံပုံကို ဖော်ပြသည်။
(၆) ဥပါသကာ၏ ပျက်စီးပုံကို ဖော်ပြသည်။
(၇) ဥပါသကာ၏ တိုးတက်ပုံ၊ ဆုတ်ယုတ်ပုံ။
(၈) ဂုဏ်ထူးဆောင် အရေးအသားများဟူသော ကောင်းမြတ်သော အကြောင်းရင်းကြီးများကို တွေ့ရပါသည်"ဟု ညွှန်းဆိုထားပေသည်။

ထို့ပြင် အရေးကြီးဆုံး သရဏဂုံကို ပြဆိုခြင်းဟူသော ခေါင်းစဉ်ဖြင့် အမှာစာတွင် "ဗုဒ္ဓဘာသာဝင်ဟု မြန်မာပြန်ဆိုရသည့် ဥပါသကာဖြစ်ရန်မှာ ဦးစွာ သရဏဂုံတည်ရမည်ဖြစ်သည်။ သရဏဂုံတည်ရန်အတွက် သရဏဂုံဆောက်တည်ပုံ များစွာရှိရာ ကျမ်းဂန်စာပေ၊ ဗုဒ္ဓစာပေ သရဏဂုံဆောက်တည်ပုံ အမျိုးမျိုးကို ဤကျမ်းစာ စာမျက်နှာ (၁၂)မှ စ၍ ရှင်းလင်းရေးပြသည့်အပြင် သရဏဂုံတရားတော်၌လည်း သရဏဂုံဖြစ်ပေါ်လာပုံမှစ၍ အကျယ်တဝင့် ဖွင့်ပြရေးသားပြထားပေသည်။

ယင်းသရဏဂုံသည်ကား ဥပါသကာဖြစ်ရန် အရေးကြီးသကဲ့သို့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ ခံယူဆောက်တည်ရာ၌လည်း မပါလျှင်မပြီး အရေးကြီးသောကြောင့် သရဏဂုံတရားတော်၌ သရဏဂုံဖြစ်ပေါ်လာပုံမှစ၍ သရဏဂုံဆိုင်ရာ အကြောင်းအရာမှန်သမျှ အနှည်းငယ်မျှ မကျန်ရအောင် ဟောပြရေးသားထားသည်ကို တဝကြီး ဖတ်ရှုမှတ်သားနိုင်ကြမည် ဖြစ်ပါသည်"ဟု ညွှန်းဆိုထားပါသည်။



၁၆၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

သပြေကန်ဆရာတော်ဘုရားကြီး ပြုစုတော်မူသော မရဏာနုဿတိဘာဝနာ သံဝေဂဓမ္မကဗျာများ စာအုပ်ကို မြတ်ဆုမွန်စာပေမှ ထုတ်ဝေထားသည်။ ဤစာအုပ်၌လည်း သပြေကန်ဆရာတော်စာအုပ်များ၏ ပင်တိုင်အမှာစာ စာရှင်အဖြစ် ဆရာတော်ကြီး၏ တပည့်ရင်းကြီး ဆရာတော် ဘဒ္ဒန္တ ခေမာစာရကပင် အမှာစာ ရေးတော်မူသည်။

အမှာစာတွင် "သပြေကန်ဆရာတော်ကြီးသည်လည်း ပွားများဆင်ခြင်လျက်သာ၊ ဤမရဏာနုဿတိဘာဝနာ သံဝေဂကထာအချို့ကား ကိုယ်တော်တိုင် သံဝေဂဉာဏ်ပွားများ ရေးသားခြင်းဖြစ်ပါ၏။ အချို့ကား တောင်းပန်သူ ရှိသဖြင့် ကရဏာရှေ့ထားကာ ရေးသားပေးခြင်း၊ သံဝေဂဉာဏ်ယူစေခြင်း ဖြစ်ပါ၏။ ဆရာတော်ကြီးသည် ဤမရဏာနုဿတိဘာဝနာကို အားထုတ်သဖြင့် ဆရာတော်ကြီးမှာ လောကအပူ၊ သောကအပူတို့

မရဏာနုဿတိဘာဝနာ

ရေးသားသူ - အရှင်ဝါသေဋ္ဌာဘိဝံသ (သပြေကန်ဆရာတော်)
စာမူခွင့်ပြုချက်အမှတ် - ၄၉/၂၀၀၁(ခ)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၄/၂၀၀၁(ခ)
ထုတ်ဝေသူ - မြတ်ဆုမွန်စာပေ၊ အမှတ်

ဆ ဆက္ကသုတ္တန် တရားတော်

ရေးသားသူ - အရှင်ဝါသေဋ္ဌာဘိဝံသ
(သပြေကန်ဆရာတော်)

စာမူခွင့်ပြုချက်အမှတ် - ၇၄၈/၂၀၀၁(၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၂/၂၀၀၂(၁)

အကြိမ် - စတုတ္ထအကြိမ်

အုပ်ရေ - ၁၀၀၀

ရောင်းဈေး - ၄၀၀ ကျပ်

စီစဉ်သူ - ဒေါ်ရွှေဝါစိုး
မိခင်ဧရာဝတီ စာအုပ်တိုက်
တိုက်(၄)၊ အခန်း(၄၀၂)
ကျီတော်အိမ်ရာ၊ မင်္ဂလာ
တောင်ညွန့်မြို့နယ်၊ ရန်ကုန်

ထုတ်ဝေသူ - ဦးထွန်းထွန်းဦး
နှင်းဦးလွင်စာပေ

ဆဆက္ကသုတ္တန်တရားတော်ကို သပြေကန်ဆရာတော်ကြီး၏ တပည့်ရင်း အရှင်ခေမာစာရ၊ ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ကပင် အမှာစာရေးတော်မူသည်။ ဆရာတော်၏ အမှာစာတွင် ထူးခြားသည့် လက်ရာ ခေါင်းစဉ်ဖြင့် "သပြေကန်ဆရာတော်ကြီးသည် (၁၉၈၂)ခု လောက်ဆီက တရားဟောဟန်ဖြင့် ရေးသားခဲ့ရာ သပြေကန်ဆရာတော်ကြီး၏ ထူးခြားသော လက်ရာဟု ဆိုလျှင် မှားမည်မထင်ပါ။ တရားဟောဟန်ဖြင့် ရေးသားသောကြောင့် ထူးခြားသည်ဟု ဆိုနိုင်သည် မဟုတ်သေးပေ။ တရားနိဒါန်းအဖွင့် တရားစာကိုယ် တရားနိဂုံးသတ်တို့မှာ လိုသည်မရှိ ပြည့်စုံသည်ထက် ပြည့်စုံအောင် ဗုဒ္ဓမတ္တညူပဂ္ဂိုလ် အဋ္ဌကထာဆရာကြီး၏ အတ္တနောမတိ အလိုတို့ကိုပါ နှလုံးသွင်းပြီး ကြည့်ရှုသူတို့ နားရှင်း အသိဉာဏ်လင်းအောင် ရေးသားထားခြင်းကြောင့်လည်း ထူးခြားသည်ဟု မြင်မိပါသည်" ဟု ညွှန်းဆိုထားသည်။

ဤစာအုပ်သည် ဓမ္မကထိကဆရာတော်တစ်ပါးက လူတို့၏ အကျိုးစီးပွားကို ထူးထူးခြားခြား ဆောင်ရွက်နိုင်ထိုက်သင့်သလို ငြိမ်းနေသည်ကို ဆရာတော်ကြီးအား ဖူးမြင်ကြသူ ဒကာဒကာမများ ကိုယ်တွေ့ပင်။ ဆရာတော်ကြီး ဟောပြောပြသ ရေးပေးခြင်းဖြင့် မိဘဆွေမျိုး စသည်တို့ သေခြင်းကြောင့် ပူဆွေးသောကရောက်နေသူများ သောကကင်းပျောက် အပူငြိမ်းတွေငြိမ်း၍ အရုံးထဲမှအမြတ် ရှာနိုင်သူများပြားစွာ ရှိခဲ့ပါ၏" ဟု သပြေကန်ဆရာတော် ဘုရားကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများ အပေါ်ထား ရှိသော မေတ္တာတော်များ ပေါ်လွင်အောင် ရေးပြုတော် မူခဲ့သည်။

ဆရာတော်ကြီး၏ မရဏာနုဿတိဘာဝနာ သြဝါဒကထာတွင် "သူသူငါငါ သတ္တဝါမှန်သမျှတို့၏ ခန္ဓာ သည်လည်း ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ဥစ္စာ ရှိသည် ဖြစ်စေ၊ ဥစ္စာမဲ့သည်ဖြစ်စေ၊ ပညာရှိသည်ဖြစ်စေ၊ ပညာမဲ့သည်ဖြစ်စေ၊ တန်ခိုးကြီးသည်ဖြစ်စေ၊ တန်ခိုးငယ်သည်ဖြစ်စေ၊ ဘယ်လိုပင်ကွဲကွဲ သေရခြင်း ပျက်စီးရခြင်း သဘော အတူတူချည်းပါပဲ၊ ဒီသဘာဝမှ လွန်မြောက်နိုင်အောင် ဘယ်သူမှ မတတ်နိုင်ကြဘူး" ဟု မရဏာနုဿတိဘာဝနာ ဖြစ်လာအောင် ထိမိပြည့်စုံသော စကားအသုံးတို့ဖြင့် ရေးပြဆုံးမတော်မူခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာမှန်သမျှသည် မရဏာနုဿတိဘာဝနာကို ကြိုတင်ပွားများထားကြခြင်းဖြင့် ကြုံလာဆုံလာမည့် အရာရာတိုင်းသော လောကဓံများကို ကျော်ဖြတ်နိုင်ပါလိမ့်မည်ဟု ထပ်မံညွှန်းဆိုချင်တော့သည်။

စေခြင်းအကျိုးငှာ မည်သည့်တရားကို ဟောလျှင် ကောင်းပါ မည်နည်းဟု ဆရာတော်ကို လျှောက်ထားရာ ဆရာတော်က ဤတရားတော်ကို ညွှန်ပြတော်မူပါသည်။ နောက်တစ်ဖန် အဆိုပါ ဓမ္မကထိကသည် နှစ်ပတ်လောက်အကြာတွင် ပြန်ကြွလာပြီး သပြေကန်ဆရာတော်ကြီးအား "ဆဆက္ကသုတ္တန်က ဝိပဿနာသဘောတွေ သက်ဝင်နေတော့ ခြောက်သွေ့သွေ့ကြီး ဖြစ်နေတယ်ဘုရား" ဟု လျှောက်ထားရာ "စိုပြေအောင်ဟောလျှင် မခြောက်သွေ့ပါဘူး" ဟု အမိန့်ရှိတော်မူရာ ဓမ္မကထိကအရှင်က "ဆရာတော်ကိုယ်တိုင်ပဲ တရားဟောဟန်ဖြင့် ရေးပြီး တပည့်တော်ကိုရော လောကကိုပါ ချီးမြှောက်တော်မူပါ" ဟု လျှောက်ထားသဖြင့် ပေါ်ပေါက်လာရသော ကျမ်းစာဖြစ်ပေသည်။

ဆရာတော်ကြီးက တရားကျမ်းစာ စစချင်းမှာ "ဒီတရားတော် နာရ,ခဲတဲ့ တရားဖြစ်သောကြောင့် ကြုံတဲ့အခါမှာ အလေးထားပြီးတော့ နာကြားကြဖို့ တိုက်တွန်းလိုက်တယ်" ဟု မေတ္တာရှေးရှု သတိပေးတော်မူသည်။

ဤဆဆက္ကသုတ္တန်တရားတော်သည် ဝိပဿနာတရားတော်ဟု ဆိုသော်လည်း ဆရာတော်၏ စာပေဉာဏ်ကွန့်မြူးထားခြင်းကြောင့် အသိမခက် ဉာဏ်အမြင်ထက်သန်စေသောနည်းမျိုးဖြင့် ရေးသားချယ်မှုန်းထားသော ကျမ်းစာဖြစ်သည်ဟုဆိုလျှင် မှားမည်မဟုတ်ပါ။ အတွင်းအာယတနခြောက်ပါး၊ အပြင်အာယတနခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး၊ ဖဿခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ အတွင်းအာယတနခြောက်ပါး၊ အပြင်အာယတနခြောက်ပါး၊ တဏှာခြောက်ပါးတို့ကို ဆင့်ကဲဆင့်ကဲ ဖြစ်စဉ်များ ပေါ်လာပုံကို တရားဟောဟန်ဖြင့် ရေးပြ,ဟောပြတော်မူသည်။ ယင်းနောက် ဤဆဆက္ကသုတ္တန်တရားတော်တွင် တရားခြောက်ခုခြောက်လီများသည် အကြောင်းအကျိုး ဆက်စပ်ဖြစ်ပေါ်နေပုံ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ဟောပြထားတော်မူပြန်သည်။ ထိုမှ ထပ်၍ အကြောင်းအကျိုးဆက်လျှင် ဒုက္ခဖြစ်ရသည့်အတွက် ဝေဒနာကနေ တဏှာကို မဆက်၊ တဏှာချုပ်လျှင် ဥပါဒါန်စသည်ချုပ်ကြောင်း ဟောခဲ့သည်။ ဝေဒနာကမှ တဏှာဖြစ်မလာအောင် ကာယဂတာသတိ ပွားရမည်ဟု မိန့်တော်မူပြီး ဆက်စပ်ပတ်သက်သော သုတ္တန်များကို ထပ်မံဟောပြခဲ့သည်။ ဆင့်ကဲဆင့်ကဲအားဖြင့် တဏှာချုပ်ရင် နိဗ္ဗာန်ရောက်ပြီဖြစ်၏။ သို့သော် ဆရာတော်ကြီးက အတ္တအဖြစ် စွဲလမ်းတတ်ကြသော လူတို့အား အနတ္တသဘောကို သိမြင်ရန် ဥဒါယိသုတ်ကို အကျဉ်းချုပ် အမိန့်ရှိခဲ့ပြန်ပါသည်။ ထို့နောက် ဝေရဟစ္စာနိသုတ်၊ ရပ်နာမ်သိမှ အနတ္တကို မြင်မည်ဖြစ်သဖြင့် ဆဆက္ကတရားများ၏ အနတ္တဖြစ်ပုံကို ဟောပြသည်။ ဆဆက္ကတရားတို့၏ နယ်ချဲ့ပုံကို ဆက်လက် ရှင်းပြတော်မူပြီး ကိန်းဝပ်နေသော အနုသယကိလေသာတရားများကို ချုပ်ပျောက်ရေးအထိ ဟောကြားခဲ့ပြီး ဆဆက္ကသုတ္တန်တရားတော်ကို နိဂုံးချုပ်တော်မူသည်။ ဤဒေသနာတော်ကို ကြားနာရသဖြင့် ဘုရားရှင်ဟောတော်မူသည်မှာ လက်ယာရံ၊ လက်ဝဲရံ အသီတိမဟာသာဝကများဟောသည့်တိုင် ခြောက်ကျိပ်၊ ခြောက်ကျိပ်သော သံဃာတော်များ ရဟန္တာဖြစ်တော်မူသည်မှာ ၄၉၈၀ အရေအတွက်ရှိသည်သာမက အခြားသော မထေရ်များ ဤဆဆက္ကဟောသောအခါတွင်လည်း အားလုံး ရဟန္တာ၊ အရိယာသာဝကများ ဖြစ်ကုန်ကြ၍ ပုထုဇဉ်အဖြစ် ကျန်ရစ်သူသည် တစ်ယောက်ပြောက်ကျားလောက်သာ ရှိသည်ဟု အဆုံးသတ် ဟောကြားရေးသားထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ ယင်းသို့လျှင် ဤဆဆက္ကသုတ္တန်တရားဒေသနာတော်အတိုင်းသာ ကျင့်ကြံလိုက်နာကြပါလျှင် အထက်အဆင့်အတန်း မဂ်ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ရမည်မှာ မလွဲဧကန်အမှန်ပင်ဖြစ်ပေသည်။

သပြေကန် စာတိုပေစ

ရေးသားသူ - အရှင်ဝါသေဋ္ဌာဘိဝံသ (သပြေကန်ဆရာတော်)

စာမူခွင့်ပြုချက်အမှတ် - ၆၆/၂၀၀၃(၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၁/၂၀၀၃(၂)

အကြိမ် - ပထမအကြိမ် ၂၀၀၃-ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ - ၁၀၀၀

စီစဉ်သူ - ဒေါ်ရွှေဝါစိုး နှင့်
မိခင်ဇရာဝတီ စာအုပ်တိုက်
မိသားစု

ထုတ်ဝေသူ - ဦးထွန်းထွန်းဦး
နှင်းဦးလွင်စာပေ
အမှတ်၊ ၅၃၃-အေ၊ (၈)
ရပ်ကွက်၊ ပြည်လမ်း

သပြေကန်ဆရာတော်ကြီး၏ စာတိုပေစများကို စုစည်းထုတ်ဝေထားခြင်းဖြစ်သဖြင့် သပြေကန်စာတိုပေစဟု အမည်ပေးထားခြင်းဖြစ်သည်။ ဆရာတော်ဘုရားကြီး၏ စာအုပ်ကို အရှင်ခေမာစာရကပင် အမှာစာရေးတော်မူသည်။ သံယံဇာတဟူသမျှတို့သည် လောကအတွင်းဝယ် ထင်ရှားရှိနေကြသော်လည်း ထုတ်ယူသုံးစွဲရကောင်းမှန်း သိသူတို့ အတွက်သာ တန်ဖိုးရှိပေသည်။ အကျိုးရှိပေသည်။ မည်မျှပင် အဖိုးအနှုံထိုက်တန်သော်လည်း ထုတ်ယူသုံးစွဲခြင်းမရှိပါက အကျိုးမရှိနိုင်ပေ။

ယခု ဤစာအုပ်တွင် သပြေကန်ဆရာတော်ကြီး ထားတော်မူခဲ့သည့် အဖိုးအနှုံထိုက်တန်စွာသည့် စာပေအတိုအစများကို စုစည်းထားခြင်းကြောင့် ရတနာအထုတ်အဖြစ် ရောက်ရှိနေပြီဖြစ်သည်။ ထိုရတနာထုတ်သည် မည်မျှသုံးစွဲသုံးစွဲ မကုန်နိုင်သော ရတနာမျိုးဖြစ်သည်။ စာတိုပေစပေါင်း ၈၅-မျိုးပါဝင်ပြီး ရှုထောင့်စုံဘက်စုံ အားကိုးရသော စာတိုအပိုင်းအစများဖြစ်ပေသည်။ စာရှုသူများအနေဖြင့် လိုအပ်သလို သုံးစွဲနိုင်ကြမည်ဖြစ်ပါသည်။ ဤစာအုပ်၏ အမှာစာတွင် စာတိုပေစများနှင့် ပတ်သက်၍ "ဆရာတော်၏ နုနုလှလှ စကားလုံးလေးတွေက စာရှုသူအပေါ် ဆွဲအားကောင်းလှပြီး ရွှန်းကြွကြွ စကားလုံးတွေက စာရှုသူ၏ အသိဉာဏ်ကို ရှင်သန်စေခဲ့သည်။ ဆန်းသစ်ပြီး နုနုလှလှ စကားလုံးတွေက စာဖတ်နေစဉ် ကြည်နူးမှုရစေကာ သုတရသကို ခံစားစေပြီး ရွှန်းကြွကြွ စကားလုံးတွေက ပြန်လည်တွေးတောစဉ်အခါမှာ စိတ်ကိုချမ်းသာစေပြီး အတ္ထရသကို ခံစားစေနိုင်ခဲ့ပါသည်။ ဤသို့ ဆွဲအားလည်းကောင်းလှပြီး အတ္ထရသကို ခံစားစေနိုင်ခဲ့သည်။ ဤသို့ ဆွဲအားကောင်းလှပြီး ကြည်နူးစေမှု၊ ခံစားစေမှုကို ပေးနိုင်သောကြောင့် စာပေအရေးအသားနှင့် ပတ်သက်လျှင် စုတ်ချက်ပီသည့် ပန်းချီဆရာဟုပင် ဆိုလိုက်ချင်ပါတော့သည်" ဟု မှတ်ချက်ပြု အမှာစကားဆိုထား၏။



ရေးသားသူ - အရှင်ဝါသေဋ္ဌာဘိဝံသ
(သပြေကန်ဆရာတော်)

ထုတ်ဝေသူ - ဦးမိုးကြည်၊ မိုးကြည်စာပေ
(၂၂၆)ငါးထပ်ကြီး မြောက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

စာမူခွင့်ပြုချက်အမှတ် - ၆၆၃/၈၉(၁၁)

ပုံနှိပ်သူ - ဒေါ်မြသန်း(ဝဒ္ဓဝဒ္ဓ)၊
သီတာဦးပုံနှိပ်တိုက်၊ ၂၄၊
လမ်းသွယ်(၂)၊ ဗိုလ်တ

ထောင်မြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသည့်ခုနှစ် - ၁၉၈၉-ခုနှစ်၊ ဒီဇင်ဘာလ (ဆဋ္ဌမအကြိမ်)

အုပ်ရေ - ၃၀၀၀

တန်ဖိုး - ၇၀၀၀ ကျပ်

၄င်းပရိတ်ကြီးနိဿယသစ်ကျမ်းကိုပင် မိခင်ဇရာဝတီစာအုပ်တိုက်မှ စီစဉ်သူ ဒေါ်ရွှေဝါစိုး၊ ထုတ်ဝေသူ ဒေါ်ချယ်ရီသိန်း(မြ-၀၃၉၈၁၁)ဖြင့် ရွှေခြသေ့ပုံနှိပ်တိုက်တွင် ၁၉၉၉-ခုနှစ်တွင် အဋ္ဌမအကြိမ်အဖြစ်လည်းကောင်း၊ ဆဋ္ဌမူအတိုင်း စာပြင်သန့်စင်လျက် ၂၀၀၈-ခုနှစ်တွင် နဝမ အကြိမ်အဖြစ်လည်းကောင်း ထုတ်ဝေဖြန့်ချိခဲ့သည်။

ဤကျမ်းစာအုပ်၏ အရွယ်အစားမှာ (၁၆)ချိုးဆိုက်ဖြစ်ပြီး ကပ်ထူဖုံးဖြစ်သည်။ စာမျက်နှာ(၅၄၉)မျက်နှာပါရှိသည်။ ဆရာတော် သာယာဝတီခရိုင်၊ သံလျင်မြို့နယ်၊ သပြေကန်ရွာ၊ မဟာမွှိကာရာမတိုက်၌ သီတင်းသုံးစဉ် ရေးသားပြုစုသော ကျမ်းဖြစ်ပါသည်။

စာအုပ်၏ နိဒါန်းတွင် ပရိတ် စီစဉ်ပုံ၊ ပရိတ်ကြီး၊ ပရိတ်ငယ်၊ ပရိတ်ရွတ်မှု အစဉ်အလာ၊ (ဘုရားရှင် မျက်မှောက်ခေတ်၊ နှောင်းခေတ်၊ (အိန္ဒိယ၊ သီဟိုဠ်၊ အင်းဝ၊ ကုန်းဘောင်ခေတ်)၊ အလွန်တွင်ကျယ်ခဲ့၍ အစဉ်ထိန်းရမည့် အမွေအနှစ်၊ ပရိတ်အကျိုးရအောင် ဆောင်ရွက်နည်း၊ ပရိတ်ကြီးဋီကာ၊ ပရိတ်ကြီး ဋီကာ နိဿယ၊ ပရိတ်ကြီးနိဿယများ၊ ကျမ်းပြုအမည်မသိမူ၊ စလင်းဆရာတော်မူ၊ တွံတေးဆရာတော်မူ၊ ဝိသုဒ္ဓါရုံမူ၊ မြင်းခြံကိုးဆောင်မူ၊ အရှင် အာဒိစ္စမူ၊ ဦးစိုးဝင်းမူ၊ ဦးအောင်မြင့်မူ" ဟူ၍ စုံလင်စွာ ရေးသားတင်ပြပြီးသည့်နောက် ကျမ်းပြုဆရာတော်၏ ဂုဏ်ရည်၊ ကျမ်းပြုစုပုံ၊ ပုံနှိပ်ပုံနှင့် ကျမ်း၏ ဂုဏ်ရည်များကို ထိုစဉ်က ကမ္ဘာအေး၊ သီရိမင်္ဂလာကုန်းမြေ၊ ဇမ္ဗူဒီပကျောင်းဆောင်၌ သီတင်းသုံးတော်မူသော အရှင်သီလာနန္ဒာဘိဝံသ၊ ပရိယတ္တိသာသနာ့နုဂ္ဂဟဓမ္မာစရိယ၊ သာသနဓဇသီရိပဝရဓမ္မာစရိယ (၂၄)မျက်နှာရှိသော နိဒါန်းရှည်ကြီးဖြင့် ကြည်ညိုဖွယ်ရာ ရေးသားဖော်ပြထားသည်။

နတ်ပင့်စသည့် နိဿယသစ်ပုဒ်စဉ်၊ မင်္ဂလသုတ်

နိဿယသစ်၊ ပုဒ်စဉ်မှစ၍ ပုဗ္ဗဏှသုတ် နိဿယသစ်ပုဒ်စဉ်အထိ အစဉ်အတိုင်း စာဖတ်ရှုသူများအတွက် ကွက်ကွက်ကွင်းကွင်း နားလည်သဘောပေါက်လာစေရန် လွယ်ကူရှင်းလင်းသော အရေးအသားများဖြင့် ရေးသားထားသည်ကို တွေ့ရသည်။

ဗုဒ္ဓဘာသာဝင်များ၊ ဗဟုသုတရှာမှီးလိုသူများ၊ လိုက်နာကျင့်ကြံပွားများ၊ အားထုတ်မည့်သူများအတွက် မရှိမဖြစ် လိုအပ်သော အမြဲဆောင်ထားသင့်သော ကျမ်းစာအုပ် တစ်အုပ်အဖြစ် လေ့လာသုံးသပ်မိပါသည်။

စေတီနှင့်ရိုသေမှု

ထုတ်ဝေသူ - ဒေါ်ရွှေအိမ်(၀၁၂၉၉) တိုင်းလင်းစာပေတိုက်၊ အမှတ်၊ ၈/၆၅၊ အုပ်စု(၃) အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်။

စာမူခွင့်ပြုချက်အမှတ် - ၃၄/၉၈(၁၂)

မျက်နှာဖုံးခွင့်ပြုချက် - ၈/၉၉(၁)၊ ငြိမ်းရောင်စုံပုံနှိပ်တိုက်၊ အမှတ်(၄၂) ဧရာတိကလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသည့်ခုနှစ် - ၁၉၉၉-ခုနှစ်၊ ဧန်နဝါရီလ

အုပ်ရေ - ၁၀၀၀(ဓမ္မဒါန)

ဓမ္မပဒပါဠိတော် နိဿယသစ်

ရေးသားသူ - အရှင်ဝါသေဋ္ဌာဘိဝံသ
(သပြေကန်ဆရာတော်)

ထုတ်ဝေသူ - ဒေါ်ရွှေအိမ်(ဝ၁၂၉၉)
တိုင်းလင်းစာပေတိုက်၊
အမှတ်၊ ၈/ဖရ၊ အုပ်စု(၃)
အောင်သီဒွိလမ်း၊ စော်ဘွား
ကြီးကုန်း၊ အင်းစိန်။

စာမူခွင့်ပြုချက်အမှတ် - ၄၄၃/၂၀၀၀(ဖ)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၁၅/၂၀၀၀(၁၂)

ပုံနှိပ်သူ - ရတနာမိုးပုံနှိပ်တိုက်၊ ၁၂၇၊
၁၄/၃ ရပ်ကွက်၊ သံသုမာ
လမ်း၊ တောင်ဥက္ကလာပ
မြို့နယ်၊မြင်သာ၊ ရန်ကုန်မြို့

စီစဉ်သူ - ဒေါ်ရွှေဝါစိုး
မိခင်ဖရာဝတီ စာအုပ်တိုက်

စာပြင်တည်းဖြတ်သူ - ဦးသင်းအောင်
(သင်းအောင်-မဟာဓမ္မာ
စရိယ)

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၆၀၀၀ ကျပ်

ဤကျမ်းစာအုပ်၌ မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၊ ပုဗ္ဗာရုံကျောင်းတိုက်၊ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတိုက် စသည်တို့၌ ဟောကြားတော်မူသော "မနောပုဗ္ဗင်္ဂမာ" အစချီသည့် ရွှတ်ဖတ်နာယူချင်စဖွယ် တရားစု ဂါထာပေါင်း (၄၂၃)ဂါထာကို စုစည်း၍ ဓမ္မပဒအမည်ဖြင့် အရှင်မဟာကဿပ မထေရ်မြတ်အမှူးပြု၍ ရဟန္တာအရှင်မြတ် (၅၀၀)တို့ ညီနှိုင်းတည်းဖြတ် စုပေါင်းရွတ်ဆိုအတည်ပြု သံဂါယနာတင်ခဲ့ကြသည်။ ထို ဓမ္မပဒပါဠိတော်သည် ခုဒ္ဒကနိကာယဝင် ဖြစ်၍ ဂါထာမျိုးစုံပါဝင်သော ဂါထာညွှန်ပေါင်းပါဠိတော်များဖြစ်သည်။

ဤစာအုပ်၏ အရွယ်အစားမှာ (၁၆)ချိုးဆိုက် ဖြစ်သည်။ စာမျက်နှာ(၁၀၃)မျက်နှာ ပါရှိပြီး အလှူရှင်မှာ မိခင်ဖရာဝတီစာအုပ်တိုက်မိသားစု၊ တိုက်အမှတ်(၄) အခန်း(၄၀၂)၊ စတုတ္ထထပ်၊ ကျီတော်အိမ်ရာ၊ အထက်ပုန္တန်တောင်လမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖြစ်သည်။

စာအုပ်၏ အမှာစာကို အရှင်ခေမာစာရ၊ ပဓာနနာယက၊ ပုဗ္ဗန်တော်ရွှေကျင်တိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ (ယခုလက်ရှိဆရာတော်)က ရေးသားထားသည်။ ရွှေတိဂုံစေတီတော်ကြီးသို့ ဘုရားဖူးတက်ရောက် ပူဇော်သမ္မပြုကြရာ၌ အချို့နေရာတို့တွင် စေတီမြတ်အပေါ် ဂါရဝ၊ အဂါရဝ အငြင်းပွားဖွယ် ကိစ္စရပ်များ ပေါ်ပေါက်လာ၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆရာတော်အား အဆုံးအဖြတ်ပေးရန် လျှောက်ထားသောကြောင့် ရေးသားဆုံးဖြတ်ခဲ့သော ကျမ်းစာအုပ်ဖြစ်သည်။ စေတီပုထိုးအမျိုးမျိုး၌ ရှိခိုးပူဇော်ချဉ်းကပ်နည်းတို့ကို လမ်းညွှန်ထားသဖြင့် ရဟန်းပညာရှိ၊ လူပညာရှိများစွာ လက်ခံပြီး ဗုဒ္ဓမြတ်စွာ သာသနာတော်အတွက် ရှိသင့်ရှိထိုက်၊ ဆောင်သင့်ဆောင်ထိုက်သော ကျမ်းစာအုပ်တစ်အုပ် ဖြစ်ပါသည်။

စာအုပ်၏ နိဒါန်းကို ဆရာတော်ဦးမာနိတာဘိဝံသ

မတူဘဲ မြန်မာပြန်ဆိုရာ၌ ကာရန်အချိတ်အဆက်များဖြင့် ပဒါဌတို့မရုရတာဂုဏ်မြောက်၍ သာယာနာပျော်ဖွယ်ရှိကြောင်း ထပ်မံဖော်ပြထားပါသည်။

ထို့နောက် နိဒါန်း၏ အဆုံးပိုင်း၌ "ထို့ကြောင့် ဤမမ္မပဒပါဠိတော်နိဿယသစ်ကို လေ့လာသောအခါ ပရိတ်ကြီးနိဿယသစ်ကို လေ့လာသကဲ့သို့ ကြည့်ရှုလေ့လာရုံမျှ မဟုတ်ဘဲ အသံထွက်ပြီး ဓမ္မရသကို ရှာဖွေကြပါက ဘုရားရှင်ဟောကြားတော်မူသော ဂါထာဟူ၍ အမည်ဖြင့်လည်းကောင်း၊ ကျမ်းပြုဆရာတော်ကြီး နှလုံးသွင်းတော်မူရင်း အာဘော်နှင့်လည်းကောင်း၊ ကိုက်ညီမည်ဖြစ်ကြောင်း ရေးသားညွှန်ပြ ပါသတည်း" ဟု အဆုံးသတ်ထားသည်ကို တွေ့ရပါသည်။

ယမကဝဂ်မှစ၍ ဗြာဟ္မဏဝဂ်အထိ (၂၆)ခု ရှိပြီး ဂါထာပေါင်း (၄၂၄)ဂါထာရှိပြီး မြတ်စွာဘုရားရှင်၏ ဟောမိန့်မှုတို့ကို ရေးသားပြုစုသူ အရှင်မြတ်၏ သဘာဝပဋိဘာန်ပင်ကိုယ်ဉာဏ်တို့ဖြင့် စုပေါင်းကာရေးသား ပြုစုထားသဖြင့် ဗုဒ္ဓဘာသာဝင်များ၊ လေ့လာသူများအတွက် ဖတ်ရှုရုံသာမက လိုက်နာကျင့်ကြံပွားများ အားထုတ်ခြင်းဖြင့် နိဗ္ဗာန်တံခါးကို ဖွင့်နိုင်သော "သော့" နှင့်တူသော ကျမ်းတစ်ဆူဖြစ်ကြောင်း တင်ပြရပါသည်။

မရဏာနုဿတိကထာ

ရေးသားသူ - တွဲဖက် ရွှေကျင်သာသနာပိုင် သပြေကန် ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသ

စီစဉ်သူ - ဒေါ်ရွှေဝါစိုး (မိခင်ဧရာဝတီစာအုပ်တိုက်)

ထုတ်ဝေသူ - ဒေါ်ချယ်ရီသိန်း(မြဲ-၀၃၉၈၁)

ပုံနှိပ်သူ - ရွှေခြည်သွေ့ပုံနှိပ်တိုက်(မြဲ-၀၅၄၁၇)

စာမူခွင့်ပြုချက်အမှတ် - ၃၂၀ ၈၂၅ ၁၂၀၇

မျက်နှာဖုံးခွင့်ပြုချက် - ၃၂၀ ၄၆၉ ၁၀၀၈

ထုတ်ဝေသည့်ရက် - ၂၀၀၈-ခုနှစ်၊ နိုဝင်ဘာလ



ပုံနှိပ်စာလုံးဖြင့် စီစဉ်ထုတ်ဝေခြင်း မပြုရသေးသော သပြေကန်ဆရာတော်ကြီး၏ လက်ရေးမူကထာများကို စုစည်းလျက် မိခင်ဧရာဝတီစာအုပ်တိုက်မှ ပထမဆုံးအကြိမ် စီစဉ်ထုတ်ဝေခြင်း ဖြစ်သည်။

ဤစာအုပ်တွင် မရဏတရား၏သဘောရပ်များကို ကဗျာလင်္ကာများပုံစံဖြင့် ရေးဖွဲ့ထားသဖြင့် ပညာရှင်များနှစ်သက်ဖွယ်ရာဖြစ်သည်။ ပါဠိတော်များကို ရှင်းလင်းပြေပြစ်သော မြန်မာစာသားဖြင့် အနက်ပေးထားသောကြောင့် ဖတ်ရှုရာတွင် မြင်လွယ်ထင်လွယ်သောကြောင့် ပညာရှင်များသာမက အများပြည်သူ မည်သူမဆို ဖတ်ရှုနားလည် လွယ်ပေသည်။ လေးနက်သော တရားသဘောများကို အမိအရဖမ်းယူ၍ လင်္ကာဖွဲ့ပြတတ်သောကြောင့် ဖတ်ရှုသူ၏နှလုံးသားထဲအထိ သံဝေရသတီစွဲမြဲသွားစေသည်။ ဥပမာ အောက်ပါလင်္ကာကို ဖတ်ကြည့်ပါ-

ပုံနှိပ်စာလုံးဖြင့် စီစဉ်ထုတ်ဝေခြင်း မပြုရသေးသော သပြေကန်ဆရာတော်ကြီး၏ လက်ရေးမူကထာများကို စုစည်းလျက် မိခင်ဧရာဝတီစာအုပ်တိုက်မှ ပထမဆုံးအကြိမ် စီစဉ်ထုတ်ဝေခြင်း ဖြစ်သည်။

ဤစာအုပ်တွင် မရဏာတရား၏သဘောရပ်များကို ကဗျာလင်္ကာများပုံစံဖြင့် ရေးဖွဲ့ထားသဖြင့် ပညာရှင်များနှစ်သက်ဖွယ်ရာဖြစ်သည်။ ပါဠိတော်များကို ရှင်းလင်းပြေပြစ်သော မြန်မာစာသားဖြင့် အနက်ပေးထားသောကြောင့် ဖတ်ရှုရာတွင် မြင်လွယ်ထင်လွယ်သောကြောင့် ပညာရှင်များသာမက အများပြည်သူ မည်သူမဆို ဖတ်ရှုနားလည် လွယ်ပေသည်။ လေးနက်သော တရားသဘောများကို အမိအရဖမ်းယူ၍ လင်္ကာဖွဲ့ပြတတ်သောကြောင့် ဖတ်ရှုသူ၏ နှလုံးသားထဲအထိ သံဝေရသတီစွဲမြဲသွားစေသည်။ ဥပမာ အောက်ပါလင်္ကာကို ဖတ်ကြည့်ပါ-

သေမင်းအလုပ်

- ငါ့ဟာငါ့ဟာ ငါ့ဥစ္စာနှင့် တွယ်တာမကင်း အာသာပြင်းလည်း သေမင်းခေါ်လာ သင့်တွက်တာ ဥစ္စာဘယ်မျှပါမည်နည်း။
- ရုပ်, နာမ် နှစ်ဝ သခါရမို့ အနိစ္စနယ်ဝင်တို့ အရှင်မမြင်ပျောက်၍သွား။
- သခါရမမှ အနိစ္စနယ်တွင် ပါအဝင် အသင်လွတ်မည်လား။
- နံနက်ခင်းက အမြင်သား ညကျဘယ်ပျောက်သွား၊ မရဏာရဲ့ လုပ်ထုံးအင် အသင်မမြင်လား။
- ညနေက တလူပ်လူပ် နံနက်ကျတော့ချုပ်၊ ချိန်ခါမယွင်း ဇီဝိန်ခွင်း၊ သေမင်းသူ့အလုပ်။

သဘာဝမမှုဖြစ်သော သတ္တဝါတိုင်း မရှောင်လွဲနိုင်သော မရဏာသဘောကို ပုဒ်ရေပေါင်း (၂၄)ပုဒ်ဖြင့် ကဏ္ဍများခွဲခြားကာ ပေါ်လွင်အောင် ရေးဖွဲ့ထားသဖြင့် သံဝေဂမမှ ဖြစ်ပေါ်စေကာ သံဝေဂမှ သစ္စာဆိုက်အောင် ရှုပွားလိုသူတိုင်း လက်မလွတ်တမ်း ဖတ်ရှုသင့်သော စာအုပ်ကောင်း ဖြစ်သည်။

သင်္ကြန်တရားစာတော်

စာမူခွင့်ပြုချက်အမှတ် - ၁၆၁/၂၀၀၂(၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၆၅/၂၀၀၂(၃)
တတိယအကြိမ်၊ ၂၀၀၂-ခု၊ ဧပြီလ
အုပ်ရေ - ၁၀၀၀
ရောင်းဈေး - ၄၅၀ ကျပ်
ထုတ်ဝေသူ - ဦးထွန်းထွန်းဦး၊ နှင်းဦးလွင်စာပေ၊ အမှတ်(၅၃၃-အေ) ၈-ရပ်ကွက်၊ ပြည်လမ်း၊ ကမာရွတ်။
ပုံနှိပ် - အင်ကြင်းဦးပုံနှိပ်တိုက်၊ (မြ-၀၆၄၂၆)
စီစဉ်သူ - မိခင်ဧရာဝတီ စာအုပ်တိုက်
မျက်နှာဖုံး - ကိုဝင်းဌေး
ဖြန့်ချိရေး - မိခင်ဧရာဝတီ စာအုပ်တိုက်

ဤ **သင်္ကြန်တရားတော်**သည် ထူးခြားသော ကျမ်းစာတစ်စောင်ဟု ဆိုနိုင်သည်။ သပြေကန်ကျမ်းစာများ၏ ထုံးစံအတိုင်း ဆရာတော်ကြီး၏ တပည့်ရင်း ဆရာတော် အရှင်ခေမာစာရကပင် အမှာစာရေး ပူဇော်ထားသည်။ ၁၃၄၆-ခုနှစ်မှ ၁၃၄၉-ခုနှစ်အတွင်း သင်္ကြန်တွင်းကာလတွင် ဆရာတော်ဘုရားကြီး ဟောကြားထားသော တရားတော်များကို အသံသွင်းတိတ်ခွေမှ ပြန်လည်

ကူးယူပြီး ပုံနှိပ်စာအုပ်အဖြစ် ထုတ်ဝေထားခြင်းဖြစ်သည်။ ဤစာအုပ်တွင် ဆရာတော်ဘုရားကြီး ဟောကြားထားသော သင်္ကြန်တရား(၁၀)ပုဒ်ပါဝင်သည်။ တရားတော်(၁၀)ပုဒ်တွင် ပထမဆုံးတရားတော်မှာ မေတ္တာတရားနှင့် ခန္ဓိတရားကို ပဓာနပြုဟောကြားထားသည်ကိုလည်းကောင်း၊ ဒုတိယတရားတော်မှာ ဒေါသအမျက် တရားကို ခန္ဓိတရားဖြင့် အနိုင်ရရှိပုံကို ဟောကြားထားသည်ကိုလည်းကောင်း၊ တတိယ တရားတော်မှာ မေတ္တာတရားနှင့် ပဓာနိယင်္ဂတရား ငါးပါးကို ပဓာနပြုဟောကြားထားသည်ကိုလည်းကောင်း၊ စတုတ္ထတရားတော်မှာ ဆန္ဒရာဂကို ပယ်သတ်နိုင်ရန် နည်းလမ်းပေး ဟောကြားထားသည်ကိုလည်းကောင်း၊ ပဉ္စမတရားတော်မှာ ရုပ်စင်ကြယ်ရုံမျှဖြင့် လူမစင်ကြယ်နိုင်ကြောင်း၊ လူစင်ကြယ်ဖို့ရန် မကောင်းမှု ညွှန်များကို ကုသိုလ်ရေစင်မှာ ဆေးကြောရမည်ဟု ဟောကြားထားသည်ကိုလည်းကောင်း၊ ဆဋ္ဌမတရားတော်မှာ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများရန် တိုက်တွန်းဟောကြားထားသည်ကိုလည်းကောင်း၊ သတ္တမတရားတော်မှာ မေတ္တာမျိုးစုံအကြောင်းကို ဟောကြားထားသည်ကိုလည်းကောင်း၊ အဋ္ဌမတရားတော်မှာ ခန္ဓိတရားနှင့် ဘာဝနာရှိမှ မေတ္တာထားနိုင်ကြောင်း ဟောကြားထားသည်ကိုလည်းကောင်း၊ နဝမတရားတော်မှာ ကိုယ်မှာနာသော်လည်း စိတ်မှာမနာအောင် ဟောကြားထားသည်ကိုလည်းကောင်း၊ ဒသမတရားတော်မှာ ရုပ်ဝေဒနာသညာ သင်္ခါရ ဝိညာဉ်ဆိုသည့် တရားများအပေါ် တွယ်တာမှုကင်းပြီဆိုလျှင် ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ တရားတွေ ပျက်စီးခြင်းကြောင့် သူ့မှာ ငိုကြွေးမှု၊ ပူဆွေးမှု အစရှိသော ဆင်းရဲဒုက္ခများ မဖြစ်တော့ကြောင်း၊ ထိုအကျိုးကို မြင်သဖြင့် ဆန္ဒရာဂကို ပယ်သတ်နိုင်ရန် ဟောကြားထားသည်ကိုလည်းကောင်း တွေ့ရှိနိုင်ပါသည်။

ဤသင်္ကြန်တရားတော်များကား အမှာစာတွင် ဆိုထားသည့်အတိုင်း "သပြေကန်ဆရာတော်၏ ဂုဏ်မှာ ထင်ရှားပြီး ဆရာတော်စာများကို အမွမ်းတင်ပေးစရာမလိုတော့ပါ။ ပညာရှင်တို့ လိုလားခြင်းက သက်သေထူလိုက်ပေပြီ" ဟု ဆိုသည့်အတိုင်း ပြည့်စုံကောင်းမွန်သည့် တရားတော်များဖြစ်ကြောင်း ညွှန်းဆိုလိုက်ရပါသည်။

နိဗ္ဗာန်ချမ်းသာတရားတော်

စာမူခွင့်ပြုချက်အမှတ်	- ၃၂၀ ၄၁၈ ဝဖဝဖ
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	- ၃၂၀ ၅၅၉ ဝဖဝ၉
တန်ဖိုးဈေး	- ၄၅၀ ကျပ်
အုပ်ရေ	- ၁၀၀၀
ထုတ်ဝေသည့်အကြိမ်	- ဒုတိယအကြိမ်
ထုတ်ဝေသည့်ရက်စွဲ	- ၂၀၀၆ခု၊ ဒီဇင်ဘာလ
စီစဉ်သူ	- ဒေါ်ရွှေဝါစိုး မိခင်ဧရာဝတီ စာအုပ်တိုက်
ကွန်ပျူတာ	- မိခင်ဧရာဝတီ
ထုတ်ဝေသူ	- ဒေါ်ချယ်ရီညိမ်း(မြို-ဝဒ္ဓနာ)
ဖြန့်ချိရေး	- မိခင်ဧရာဝတီ စာအုပ်တိုက်

ဤကျမ်းစာအုပ်ကို မိခင်ဧရာဝတီစာအုပ်တိုက်မှ နိဗ္ဗာန်သိမြင်ရေးဆိုင်ရာ ကျမ်းများ များများပေါ်ထွက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ခြင်း ဖြစ်သည်။ သာသနာတော်ကို ချီးမြှောက်သောအားဖြင့် ဤစာအုပ်ကို ထုတ်ဝေပူဇော်ခြင်း ဖြစ်ပေသည်။ မိခင်ဧရာဝတီစာအုပ်တိုက်အနေဖြင့် စာဖတ်ပရိသတ်ကြီးနှင့် ဗုဒ္ဓဘာသာဝင် ဓမ္မမိတ်ဆွေများအတွက် အထူးလိုအပ်လျက်ရှိသော နိဗ္ဗာန်သိမြင်ရေးဆိုင်ရာ ကျမ်းစာတို့ကို စေတနာ သဒ္ဓါအရင်းခံ၍ ထုတ်ဝေဖြန့်ချိလျက်ရှိပေသည်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူသော လယ်တီဒီပနီတရားတော်များကို တတ်နိုင်သမျှ စုစည်းလျက်

လယ်တီနိဗ္ဗာန်တရားတော်များပေါင်းချုပ် စာအုပ်ကို အင်္ဂလိပ်၊ မြန်မာ (၂)ဘာသာဖြင့် ထုတ်ဝေဖြန့်ချိခဲ့ပြီး ထားသကဲ့သို့ ယခုလည်း ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရား ကြီး ရေးသားပြုစုတော်မူသော "သပြေကန် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်" စာအုပ်ကို ဖော်ထုတ်ဖြန့်ချိပေးလိုက်ပြန် ပါပြီ"ဟု ဆိုထားပါသည်။

ဤစာအုပ်ကိုလည်း သပြေကန်ဆရာတော်ဘုရား ကြီး၏ တပည့်ရင်း ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက် ဆရာတော် အရှင်ခေမာစာရက အမှာစာရေးပူဇော်ထားခြင်း ဖြစ်သည်။ အမှာစာရေးဥွန်းသူက "ကျမ်းစာများတွင် ပို၍ ခက်ခဲသည်ကား-

(၁) နိဗ္ဗာန်အပါအဝင် သစ္စာလေးပါးတရားတော်

(၂) သတ္တဝါတို့ဖြစ်ပုံ အကြောင်းအရာ

(၃) ပဋိသန္ဓေတည်နေပုံ

(၄) ပဋိစ္စသမုပ္ပါဒ်တရား၊

ဤလေးပါးတို့ကို ဟောပြောရေးသားရန်ကား ပို၍ပင် ခက်ခဲပါသည်ဟု ဆိုထားပြီး ခက်ခဲပုံကို "ကြေအေး အောင် ရွှေရေးဆောင်ကာ အဖြေပေးသော်လည်း ရှည်ဝေး ပါလို့ ချာချာလည်"ဟု ဆိုထားကာ ငကန်းပုံပြင်၊ ကွမ်း ယာဆိုင်ပုံပြင်တို့ဖြင့် ထုတ်ဆောင် ဥပမာပေးပြီး ကျမ်းဂန် ရေးသားခြင်း၏ ခက်ခဲပုံကို တင်ပြထားသည်။ ဤနိဗ္ဗာန် ချမ်းသာစာအုပ်ကို ဖတ်ရှုလေ့လာပွားများခြင်းဖြင့် အနုမာန နိဗ္ဗာန်ကို ခံစားနိုင်မည်ဖြစ်ကြောင်း အာမခံချက်ပေးထား သည်ကိုပါ တွေ့ရသည်။

ဤစာအုပ်တွင် ဆရာတော်ကြီးက "တရားနာယူ သူများအား နိဗ္ဗာန် ချမ်းသာကို ဟောကြားရာတွင် နိဗ္ဗာန်နဲ့ စပ်တဲ့တရားပဲ ဟောရမှာပဲ"ဟု အစချီကာ တရားပွဲအကြိမ် (၁၄)ကြိမ် ဟောကြားထားသော အခန်းဆက် တရားရှည် ဒေသနာတော်ကြီး ဖြစ်သည်။ ဤကျမ်းကို ခေါင်းစဉ်ပေါင်း ၁၃၈ မျိုးဖြင့် ရှင်းလင်းစွာ ဟောကြားထားခြင်းလည်း ဖြစ်သည်။ ဤနေရာ၌ နိဗ္ဗာန်ချမ်းသာ တရားတော်များကို တစ်ပုဒ်ချင်း သုံးသပ်မပြတော့ဘဲ သူတော်ကောင်းများ နိဗ္ဗာန် မရသေးပါဘဲလျက် နိဗ္ဗာန်ကို ဥပသမာနုဿတိဘာဝနာ ဖြစ်အောင် ပွားများလိုသည်ဟု ဆိုပါလျှင် သပြေကန်ဆရာတော်ကြီး၏ နိဗ္ဗာန်ချမ်းသာတရားတော်ကို ဖတ်ရှုလေ့လာ ပွားများ ကြပါဟုသာ တိုက်တွန်းလိုက်ရပါသည်။

ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာ

သပြေကန်ဆရာတော်ဘုရားကြီးအရှင်ဝါသေဋ္ဌာဘိဝံသ

စာမူခွင့်ပြုချက်အမှတ် - ၈၁၃/၂၀၀၄(၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၀၆၉၀၅၀၂

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ - ဒေါ်ချယ်ရီသိန်း(မြဲ-၀၃၉၈၁)

စီစဉ်သူ - ဒေါ်ရွှေဝါစိုး (မိခင်ဧရာဝတီ စာအုပ်တိုက်)

ကွန်ပျူတာ - ပုဇွန်တောင် ရွှေကျင်ကျောင်း

မျက်နှာဖုံးဒီဇိုင်း - Eagle

ဖြန့်ချိရေး - မိခင်ဓရာဝတီ စာအုပ်တိုက်
တိုက်(၄)၊ အမှတ်(၄၀၂)၊
ကျီတော်ရပ်၊ ပုဇွန်တောင်
စာတိုက်အနီး၊ ရန်ကုန်မြို့
ဖုန်း-၀၁ ၇၀၁၄၃၁။

သပြေကန်ဆရာတော်ကြီးသည် သပြေကန်ပရိတ်ကြီးနိဿယသစ်ကျမ်းဖြင့် တိုင်းပြည်လုံးအနှံ့ ကျမ်းတတ်အကျော် ဆရာတော်ကြီးများ၏ အလေးပြုအားထားခြင်း၊ စာချစာသင်တို့၏ အားထားခြင်း၊ ကျောင်းထိုင်ဘုန်းကြီးများ၏ အားထားခြင်းများကို ခံယူရရှိတော်မူသည်။ ဤကျမ်းစာသည် ပရိတ်ကြီး(၁၁)သုတ်တွင် ပါဝင်သည့် ဗောဇ္ဈင်သုတ် ဒေသနာတော်ကို အကျယ်တဝင့် ရေးသားထားတော်မူသော ကျမ်းစာဖြစ်သည်။ ဗောဇ္ဈင်ခုနစ်ပါးတရားတော်သာမက ဒါရကွန္ဓောပမသုတ်တရားတော်၊ ဗုဒ္ဓါနုဿတိဘာဝနာတရားတော်တို့ပါ ပူးတွဲထည့်သွင်း ရိုက်နှိပ်ထားသော သုံးကျမ်းတွဲ ကျမ်းစာအုပ်ဖြစ်သည်။ သာသနာ့ပါလအဖွဲ့ ဥက္ကဋ္ဌကြီး ဦးခင်လှက အဖွင့် ဥယျောဇဉ်ရေးသားထားပြီး ဆရာတော်ကြီး၏ တပည့်ရင်း အရှင်ခေမာစာရကပင် အမှာစာဖြင့် ရေးသားပူဇော်ထားသည်။

ဤကျမ်းစာအုပ်၏ နောက်ကျောတွင်လည်း မိခင်ဓရာဝတီစာအုပ်တိုက်မှ ဤစာအုပ်ကို-

၁။ လောကီစီးပွားရေး ကြီးပွားတိုးတက်လိုသူများ၊
၂။ ကိုယ်နှင့်စိတ် ကျန်းမာအောင် စောင့်ရှောက်လိုသူများ၊
၃။ လောကီလောကုတ္တရာ စီးပွားရှာရာ၌ ပေါင်းသင်းသင့်သူ၊ ရှောင်ခွါသင့်သူတို့ကို သိလိုသူများ၊
၄။ ကမ္မဋ္ဌာန်းနည်းပြဆရာများ၊
၅။ သမထဝိပဿနာကမ္မဋ္ဌာန်းကို နောက်မဆုတ်တမ်း အားထုတ်နေသူများ၊
၆။ ဓမ္မကထိကဆရာတော်များ၊
၇။ ဓမ္မ၏ အဖိုးတန်ရတနာထိုက်ပုံကို ကိုယ်တွေ့ ကြုံတွေ့ သိရှိလိုသူများ၊
၈။ မိမိစွမ်းအားနှင့် မိမိကိုယ်ကို ယုံကြည်အားကိုးလိုသူများ၊
၉။ မြတ်ဗုဒ္ဓ၏ တကယ့်အသုံးအဆောင်တို့ကို သိလိုသူများ၊
၁၀။ လွတ်မြောက်မှု တကယ့်အသုံးအဆောင်တို့ကို သိလိုသူများ၊
၁၁။ ရတနာသုံး ပါးဂုဏ်ကို သက်ဝင်ယုံကြည်သူများ ကြည့်ရှုသင့်ပါကြောင်း ညွှန်းဆိုမှုပြုထားသေးသည်။

ဤကျမ်းစာအုပ်တွင် ဗောဇ္ဈင်တရားတော်၌ ခေါင်းစဉ်ငယ် ၂၃၃၊ ဒါရကွန္ဓောပမာသုတ်တရားတော်၌ ခေါင်းစဉ်ငယ် ၄၃၊ ဗုဒ္ဓါနုဿတိဘာဝနာတရားတော်၌ ခေါင်းစဉ်ငယ် ၈-ခုတို့ဖြင့် တန်ဆာဆင်ရေးသားထားသော ကျမ်းစာကြီး ဖြစ်ပေသည်။ တကယ်အကျိုးရရှိလိုပါက ဤကျမ်းစာပါ အကြောင်းအရာများကို ဖတ်ရှုမှားများကျင့်ကြံကြည့်လိုက်ပါဟုသာ ညွှန်းဆိုလိုက်ရပါတော့သည်။

သပြေကန်ဓမ္မရတနာပြည့်ဝကာယူဇာစာတည်းအဖွဲ့.

ရောဂါကို ပျောက်စေမှ ဆေးမည်သည်

ကျမ်းဂန်အများအပြား သင်ထားပါလျက် လူမိုက် ဖြစ်တတ်၏။ ကျမ်းအန်ဆိုတိုင်းကျင့်သူသာ ပညာရှိဖြစ် သည်။ နှိုင်းချိန်စဉ်းစားကောင်းစွာ ဖော်စပ်ထားသော ဆေးသည်သာ လူနာတို့ရောဂါကို ပျောက်အောင်ပြုနိုင်၏။ ဆေးအမည်ကလေးမျှဖြင့် ရောဂါပျောက်အောင် မပြုတတ်။

အရှင်ဝါသေဋ္ဌာဘိဝံသ

Dhamma Medicine

EVEN MEDICINE which is correctly prescribed must be taken if a sick person is to be cured. It is not enough to merely recite the name of the medicine. In like manner, one learned in the Dhamma can still be lacking in goodness, for merely reciting the Dhamma is also in itself not enough. The Dhamma must be put into practice for a person to become wise and righteous.

သမ္မာသမ္ဗုဒ္ဓဘုရားတော်ကြီး၏ အဆိုအဓိပ္ပာယ်များ

သာမဏေကျော်

ကြီးမွားတိုးတက်လိုလျှင်

ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသော လောကအရေးမှန်သမျှမှာ အပွမာဒ အရေးပါလှ၏။ လောကဌ် ကြီးပွားတိုးတက်နေသူများသည် သတိမလစ်သူများ ဖြစ်ကြ၏။ ဆုတ်ယုတ်ပျက်စီးနေသူများကို ကြည့်လျှင် မေ့လျော့နေသူများဖြစ်သည်ကို တွေ့နိုင်၏။

တရားရှင်အား တရားစောင့်သည်

တရားဆိုသည်မှာ နောက်ဘဝအထိ ဆိုင်းနေသည် မဟုတ်၊ တရားရှင်ကို ယခုဘဝပင် စိတ်ချမ်းသာစေခြင်း၊ စိတ်ဓာတ်ခိုင်မာစေခြင်း၊ လောကဓံကို ခံနိုင်ရည်ရှိစေခြင်း၊ မိမိက အထူးကြိုးစားလျှင် မဂ်ဖိုလ်အထိရနိုင်စေခြင်း စသည်ဖြင့် စောင့်ရှောက်တတ်သည်။

The Benefits of Dhamma are Not Postponed

FOR YOGIS who live according to the Dhamma, the benefits are not postponed until their next existences. In this very life, they attain bliss, contentment and equanimity even in the face of life's hardships. If yogis strive especially ardently, they can achieve Nibbāna, or the release from the sufferings of Saṁsāra.

The Root of Success

DILIGENCE(OR APPAMĀDA) is the cause of success in all things, whether in business, or education, or in just maintaing our good health. People who are successful are also mindful of their needs and sapirations. Unsuccessful and degenarate people are negligent and lax.

The Pāli appamada, sometimes translated as"zeal", is a quality compoun ded of motivation, enthusiasm and diligence.

အများအကျိုး ဆောင်ရက်ျိုး

အများအကျိုး အစဉ်ဆောင်သူမှာ အများက ချစ်ခင်လေးစား အရေးထားခြင်းခံရသည့်အပြင် မိမိ၏ ထိုကောင်းမှုများကို မြင်တွေ့ရတိုင်း စိတ်ကြည်နူးခြင်း ရွှင်မြူးချမ်းသာကာ ပျော်လျက်ရှိ၏။ ဘေးကင်းရန်ကင်း စိတ်ချမ်းသာခြင်းဖြင့် အစဉ်အမြတ်ထွက်လျက်ရှိ၏။

Benefits of Benefiting Others

A PERSON who works for the good of others eams their love, gratitude and respect. Assuredly, such a person lives happy and content, free from enmity and danger, and reflecting on the good deeds done, is filled with gladness.

တဏှာနှင့် သံသရာ

အချို့က ဒါနကို သံသရာရှည်စေတတ်သော တရားဟု ကြောက်လန့်ဖွယ်အဖြစ် ဆိုကြ၏။ တဏှာသည်သာ သံသရာရှည်ကြောင်း ဖြစ်၏။ နည်းမှန်လမ်းမှန်ပြုသော ဒါနမှာ တဏှာကို ပယ်နိုင်ကြောင်း ဖြစ်၏။

Craving and Samsāra

SOME PEOPLE say that even Dāna, the giving of alms and donations, can prolong the cycle of Saṁsāra- of lives, deaths, rebirths and attendant suffering, but it is craving (for the benefits of our giving, for example) that prolongs Saṁsāra. To give alms and donations in a correct manner, with noble intention and volition, is to diminish such craving.

ဒါနနှင့် သံသရာ

တဏှာဆန္ဒ မကင်းသော ဝဋ္ဋနိဿိတဒါနမျိုးမှာ သံသရာလည်ကြောင်းဖြစ်သော်လည်း တဏှာမပါသော ဝိဝဋ္ဋနိဿိတဒါနမှာ သံသရာမှ မြန်စွာ လွတ်ကြောင်းပင် ဖြစ်၏။

Dāna and Saṁsāra

IF OUR Dāna is not free of craving, it keeps us chained to Saṁsāra. If our Dāna is free of craving, it brings us nearer our liberation from Saṁsāra.

ချစ်တတ်ပါစေ၊ မနှစ်ပါလေနှင့်

မိဘကောင်းတို့သည် သားသမီးကို ပစ္စည်းဥစ္စာထက် အလိမ္မာနှင့် ပညာပေးကာ ချီးမြှောက်လိုကြ၏။ ပစ္စည်းဟူသည် ပျက်စီးတတ်၍ မပျက်မစီး ထာဝရတည်သော ကောင်းကျိုးကိုလည်း အရှည်ပေးတတ်သော ထိုချီးမြှောက်မှုမှာ မှန်ကန်သော ချီးမြှောက်မှုပင် ဖြစ်၏။

ထိုကဲ့သို့ ချီးမြှောက်သော မိဘများမှာ သားသမီးကို တကယ်ချစ်သော သားသမီး၏ မိတ်ဆွေစစ်များတည်း။ သားသမီးကို အလိုလိုက်တတ်၊ မဆုံးမတတ်သော မိဘများမှာ ချစ်ရာမရောက် နှစ်ရာရောက်၍ ရန်သူများပင် ဖြစ်၏။

Wise Love

WISE PARENTS teach their children good manners and learning, which bring lifelong benefits, rather than give them material riches, which decay with age and diminish with use. Such parents are true friends to their children.

Therefore, take care not to drown our children with excessive indulgence, which leave our children spoiled and ill-disciplined.

လူတိုင်းတွေးမိကြ
အကျိုးကြီးပေး

အာရှင်ဝါသဝ(ပဉ္စနိကာယ်)

မြတ်စွာဘုရားရှင်လက်ထက်တော်အခါက တပည့်သာဝကအားလုံးတို့တွင် ပညာအရာ၌ ဇာတဒင်ရရှိတော်မူသော လက်ယာတော်ရံ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် မြတ်စွာဘုရားရှင်အား "ဘုန်းတော်ခြောက်စုံကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တပည့်တော် သာရိပုတ္တရာသည် အလုံးစုံသော အာယုကပ်တစ်ကပ်လုံး အမြဲမပြတ် ရွာသွန်းနေသော မိုးရေပေါက်တွေ

ကိလေသာလုံးဝမရှိသော
ဘုရားရှင်အဖို့
ဘယ်သောအခါမှ အကုသိုလ်မှု မရှိနိုင်။

ကို သမုဒ္ဒရာထဲ မည်မျှလောက်၊ မြေကြီးပေါ် မည်မျှလောက် တောင်ပေါ် မည်မျှလောက် အသီးသီးကျရောက်သည်တို့ကို ရေတွက် ပိုင်းခြားခြင်းအားဖြင့် စာရင်းတင်ပြခြင်းငှာ စွမ်းနိုင်ပါသည် မြတ်စွာဘုရား" ဟူ၍ လျှောက်ထားပါသည်။ ထို့ပြင် သံဃာ့ ပရိသတ်တို့အလယ်၌လည်း ရဲရဲတောက် လျှောက်ထားပြန်သည်မှာ-

ဂင်္ဂါယ ဝါဠုကာ ခီယေ၊ ဥဒက် ခီယေ မဟာဏ္ဏဝေ။
မဟီယာ မတ္တိကာ ခီယေ၊ နု ခီယေ မမ ဗုဒ္ဓိယာ။ (ခမ္မပဒ၊ အဋ္ဌကထာ)

"ဂင်္ဂါမြစ်၌ရှိသော သဲလုံးတွေကို တစ်လုံးချင်း ရေတွက်သော် ကုန်နိုင်ဖွယ်ရာရှိပါ၏။ မဟာသမုဒ္ဒရာ၌ ရှိသော ရေတွေကို တစ်စက်ချင်း ရေတွက်သော် ကုန်နိုင်ဖွယ်ရာ ရှိပါ၏။ မဟာပထဝီမြေကြီးကို ဆီးကင်းခန့်လုံး၍ ရေတွက်သော် ကုန်နိုင်ဖွယ်ရာ ရှိပါ၏။ တပည့်တော်သာရိပုတ္တရာ၏ ကြီးမားလှစွာသော ဉာဏ်ပညာတို့ကိုကား ရေတွက်လို့ မကုန်နိုင်ရာ" ဟူ၍ ဖြစ်ပါသည်။

ဤသို့ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင် သာရိပုတ္တရာမထေရ်မြတ်၏ ဉာဏ်ပညာကြီးမားတော်မူရခြင်း အကြောင်းမှာ လျှဒါန်းမှု ဒါနကုသိုလ်ကြောင့်လည်း မဟုတ်ပါ။ စောင့်ထိန်းမှု သီလကုသိုလ်ကြောင့်လည်း မဟုတ်ပါ။ အနေမဒဿီ မြတ်စွာဘုရားရှင်၏ ဉာဏ်တော်ကို ဂါထာသီကုံး၍ ချီးကျူးရှိခိုးခဲ့သော ဗုဒ္ဓါနုဿတိ သမထ ဘာဝနာဖြင့် ဘုရားဂုဏ်တော် ကျေးဇူးတော်တို့ကို ရွတ်ဆို ပွားများခြင်းကြောင့် ဤကဲ့သို့ ဉာဏ်ပညာကြီးမားရသည်ဟု ပါဠိတော်, အဋ္ဌကထာတို့၌ ထင်ရှားစွာ ပြဆိုထားပါသည်။ ထို့ကြောင့် ဘဝသံသရာ၌ ဉာဏ်ပညာ ကြီးမားလိုပါလျှင် မြတ်စွာဘုရားရှင် ဂုဏ်တော်များကို အမြဲမပြတ် ရွတ်ဖတ် ပူဇော်ကြဖို့လိုပါသည်။

ကျမ်းဂန်များ၌လည်း ဘုရားဂုဏ်တော်ပွားများခြင်းကြောင့် ရရှိနိုင်သော အကျိုးတရားတို့ကို "စေတီအတူ စိတ်မူတည်ကြည် ရောက်မည်နတ်ရွာ တွေ့ခါသိလွယ် မြတ်နွယ်အမျိုး ရိကျိုးခံရ ပြည့်ဝအင်္ဂါ ဆင်းလှစွာဖြင့် ကာယ, ခံတွင်း ကြိုင်သင်းမွေးကြ၊ ကြီးမူပညာ နက်စွာ, ထက်, ရွှင်, လျင်မြန်, ဆန်းကြယ် ကောင်းကြွယ်စကား ဆိုနိုင်ငြားသည် ဘုရားဂုဏ်တော်ပွားကျိုးတည်း" ဟူ၍ မိန့်ဆိုထားပါသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို ရွတ်ဆိုပွားများကြသောသူတို့သည် -

(၁) စေတီနှင့်တူသည်ဖြစ်၍ သူတစ်ပါးတို့၏ ရိုခိုးမှုကို ခံယူထိုက်ခြင်း
(၂) စိတ်ဓာတ်တည်ကြည်ရဲရင့်ခြင်း၊
(၃) သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ ရောက်ရခြင်း၊
(၄) ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့နှင့် တွေ့သောအခါ သစ္စာလေးပါးတို့ကို သိလွယ်ခြင်း၊
(၅) ဖြစ်လေရာဘဝတွင် မြတ်သောအမျိုး၌ ဖြစ်ရခြင်း၊
(၆) သူတစ်ပါးတို့၏ ရိုသေလေးစားမှုကို ခံရခြင်း၊
(၇) ချီးမွမ်းထိုက်သော ကိုယ်အင်္ဂါ ကြီးငယ်တို့နှင့် ပြည့်စုံရခြင်း၊
(၈) ရုပ်ရည်အဆင်းလှပခြင်း၊
(၉) ကိုယ်ရုံ့သင်းပျံ့မွှေးကြိုင်ခြင်း၊
(၁၀) ခံတွင်းရုံ့ သင်းပျံ့ မွှေးကြိုင်ခြင်း၊
(၁၁) ကြီးကျယ်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
(၁၂) နက်နဲသော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
(၁၃) ထက်မြက်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
(၁၄) ရွှင်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
(၁၅) လျင်မြန်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
(၁၆) ဆန်းကြယ်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
(၁၇) ကောင်းသောစကားကို ဆိုနိုင်ခြင်း

ဟူသော (၁၇)ပါးသော အကျိုးတရားတို့ ရရှိကြမည် ဖြစ်ပါသည်။

ထို့ပြင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌လည်း ဘုရားဂုဏ်တော်ကို ရွတ်ဆိုပွားများကြသော သူတို့သည် -

(၁) လိုချင်တပ်မက်သော ရာဂစိတ် မဖြစ်ခြင်း၊
(၂) အမျက်ထွက်မှု ဒေါသစိတ်မဖြစ်ခြင်း၊
(၃) တွေဝေမှု မောဟစိတ် မဖြစ်ခြင်း၊
(၄) နှစ်သက်ဝမ်းမြောက်မှု များစွာဖြစ်ခြင်း၊
(၅) ဖြောင့်မတ်သောစိတ် ရှိခြင်း၊
(၆) မြတ်စွာဘုရား၌ ရိုသေလေးစားခြင်း၊
(၇) မြတ်စွာဘုရား၌ ကြည်ညိုစိတ်များ တိုးပွားလာခြင်း၊
(၈) စေတီနှင့်တူသည်ဖြစ်၍ အပူဇော်ခံထိုက်ခြင်း
(၉) မြတ်စွာဘုရားနှင့် အတူနေရသည့်အသွင် မှတ်ထင်ခြင်း၊
(၁၀) ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုတို့နှင့် ကြုံတွေ့လာလျှင် သည်းခံနိုင်ခြင်း၊
(၁၁) ကြောက်မက်ဖွယ် ဘေးရန်အမျိုးမျိုးနှင့် ကြုံတွေ့လာလျှင် မတုန်မလှုပ်ဘဲ ရဲရင့်တည်ကြည်ခြင်း၊

(၁၂) သဒ္ဒါ,သတိ စသော သူတော်ကောင်း တရားနှင့် ပြည့်စုံရခြင်း၊

(၁၃) သေသည်၏ အခြားမဲ့၌ ကောင်းရာသုဂတိဘဝသို့ ရောက်ရှိခြင်း

ဟူသော အကျိုးတရား(၁၃)ပါး နှင့် ပြည့်စုံရ၏ဟု မိန့်ဆိုထား ပါသည်။ အဂိုတ္တိရ်ပါဠိတော်, အဋ္ဌကထာတို့၌ ပြဆိုထား သော ဘုရားဂုဏ်ပွားများခြင်းကြောင့် ရရှိနိုင်သော အကျိုး တရားတို့မှာ -

(၁) သံသရာဝဋ်ဆင်းရဲ၌ အမြဲ ငြီးငွေ့ခြင်း၊

(၂) သံသရာ ဝဋ်ဆင်းရဲ၌ မတပ်မက်ခြင်း၊

(၃) ရာဂ စသော ကိလေသာတရားတို့ကို ကင်းဝေးခြင်း၊

(၄) ရာဂစသော ကိလေသာ တရားတို့ မဖြစ်ပေါ်အောင် အားထုတ်ခြင်း၊

(၅) ဝဋ်ဆင်းရဲကို ချုပ်ငြိမ်းစေခြင်း၊

(၆) ကိလေသာတို့ကို ငြိမ်းအေးစေခြင်း

(၇) သခ်ိတတရားတို့ကို အနိစ္စ စသည်ဖြင့် လက္ခဏာ ယဉ် တင်၍ သိမြင်ခြင်း၊

(၈) သစ္စာလေးပါးကို ကောင်းစွာ သိခြင်း၊

(၉) မဂ်ဉာဏ်လေးပါးတို့ကို ထိုးထွင်း၍ သိမြင်ခြင်း၊

(၁၀) နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း။

ဤသို့ ပါဠိတော်အလိုအားဖြင့်(၇)ပါး၊ အဋ္ဌကထာ အလိုအားဖြင့်(၁၀)ပါးသော အကျိုးတရားတို့ ရရှိကြသည်ဟု မိန့်ဆိုထားပါသည်။

ထိုသို့ ရွတ်ဖတ်ပူဇော်သူတို့အား အကျိုးတရား ကြီးမားစေသည့် ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးကို ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီးက အောက်ပါ အတိုင်း အနက်ပြန်ဆိုတော်မူခဲ့ပါသည်။

အရဟံဂုဏ်တော်

သော ဘဂဝါ-ဘုန်းတော်ခြောက်စုံ ဂုဏ်တော် ထင်ရှား ထိုရှင်တော်မြတ်ဘုရားသည်။ **ဣတိပိ**-အရဟတ္တ မဂ်အရဖြင့် ဗုဒ္ဓဂုဏ်အင် စုံလင်ခဲ့ရာ ဗြဟ္မာနတ်လူ သုံးဘုံ လူတို့၏ အလျှောတော်အတန်တန် အပူဇော်မှန်သမျှကို ခံတော် မူထိုက် နှစ်ခြိုက်ဖွယ်ကောင်း ဤအကြောင်းကြောင့်လည်း၊ **အရဟံ**-အရဟံဟု သုံးတန်ဘုံခွင် လွှင်တလူလူ ကျော်ကြား တော်မူပါပေ၏။

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

သော ဘဂဝါ-(ပ)သည်၊ **ဣတိပိ**-အမှန်အတိုင်း သာ ဆရာမပြ သဘာဝဖြင့် ဓမ္မအဖုံဖုံ တရားစုံကို အကုန် သိတော်း ဤအကြောင်းကြောင့်လည်း၊ **သမ္မာသမ္ဗုဒ္ဓေါ**-သမ္မာသမ္ဗုဒ္ဓ ဘွဲ့တော်ရလျက် လောကတစ်ခွင် ထင်ထင် ပေါ်ပေါ် ကျော်ကြားတော်မူပါပေ၏။

ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

သော ဘဂဝါ-(ပ)သည်၊ **ဣတိပိ** - ဝိဇ္ဇာဉာဏ် နှင့် အကျင့်စရဏ ပြည့်ဝစုံလင် ဂုဏ်တင်ဖွယ်ကောင်း ဤအကြောင်းကြောင့်လည်း၊ **ဝိဇ္ဇာစရဏသမ္ပန္နော** - ဝိဇ္ဇာ စရဏသမ္ပန္န ဟု လောကတစ်ခွင် ထာဝစဉ်ထင်ပေါ် ကျော်ကြားတော်မူပါပေ၏။

သော ဘဂဝါ-(ပ) သည်၊ **ဣတိပိ**-စကားကောင်း ဆို နိဗ္ဗာန်ကိုကြွ ဗုဒ္ဓဖြစ်ထိ လွဲမရှိဘဲ သတိသမ္ဗောဇ္ဈင် မြဲယှဉ် ကောင်းစွာ လာတော်မူတတ် သိမှတ်ဖွယ်ကောင်း ဤ အကြောင်းကြောင့်လည်း၊ **သုဂတော**-သုဂတဟု ဂုဏ် မြတ်မွန် တံခွန်ထူကာ ကျော်ကြားတော်မူပါပေ၏။

လောကဝိဒူ ဂုဏ်တော်

သော ဘဂဝါ-(ပ) သည်၊ **ဣတိပိ**-သတ္တဝါအဖုံဖုံ ဘုံအနှံ့ သခ်ါရဟု လောကအစုံ အကုန်သိတတ် မြတ် အရှည်ကောင်း ဤအကြောင်းကြောင့်လည်း၊ **လောကဝိဒူ**-လောကဝိဒူ တံခွန်ထူလျက် ဝှန်းဆူဖြိုးမော် ကျော်ကြားတော် မူပါပေ၏။

အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်

သော ဘဂဝါ-(ပ) သည်၊ **ဣတိပိ**-ဆုံးမထိုက် သား သတ္တဝါများကို တရားပြပေး ဆုံးမရေးတွင် ယှဉ်ဖွယ်

ကင်းလတ် အမြတ်ဆုံးပုံ ဂုဏ်အရည်ကောင်း ဤအကြောင်းကြောင့်လည်း၊ **အနုတ္တရောပုရိသ ဒမ္မသာရထိ**-အနုတ္တရောပုရိသဒမ္မသာရထိ မည်ရှိဝေးပျံ့ ဂုဏ်ရနံ့ကြ။ ကျော်ကြားတော်မူပါပေ၏။

သတ္ထာဒေဝမနုဿာနဂုဏ်တော်

သော ဘဂဝါ-(ပ) သည်၊ **ဣတိပိ**-ကုန်သည်ကြီးမှူး ဦးစီးပမာ သတ္တဝါတို့ကို သံသရာတစ်ဝှမ်း ခရီးကြမ်းမှ ရွေနန်းနိဗ္ဗာန်ပြ၍ ထုတ်ကယ်ယူလျက် နတ်လူဗြဟ္မာမြတ်ဆရာဟု မှတ်စရာအရည်ကောင်း ဤအကြောင်းကြောင့်လည်း၊ **သတ္ထာဒေဝမနုဿာနံ**-သတ္ထာဒေဝမနုဿာနံ ခေတ်လုံးလျှံအောင် ဆူညံခြိမ့်ဝေ ကျော်ကြားတော်မူပါပေ၏။

ဗုဒ္ဓဂုဏ်တော်

သော ဘဂဝါ-(ပ)သည်၊ **ဣတိပိ**-သစ္စာလေးတန်တရားမှန်ကို ရွေဉာဏ်တော်ထူး မဂ်အမှူးဖြင့် လက်ဦးတွင်ဘိ မြင်သိတော်မူ နတ်လူတကွေ မြင်သိစေတတ် ထူးမြတ်ဘိတောင်း ဤအကြောင်းကြောင့်လည်း၊ **ဗုဒ္ဓေါ**-ဗုဒ္ဓနာမံ ဘွဲ့တော်ခံလျက် သုံးတန်ဘုံဗွေ ထင်ရှားတော်မူပါပေ၏။

ဘဂဝါဂုဏ်တော်

သော ဘဂဝါ-(ပ) သည်၊ **ဣတိပိ**-သစ္စာလေးတန်တရားမှန်ကို ရွေဉာဏ်တော်ထူး မဂ်အမှူးဖြင့် လက်ဦးတွင်ဘိ မြင်သိတော်မူ နတ်လူတကွေ မြင်သိစေတတ် ထူးမြတ်ဘိတောင်း ဤအကြောင်းကြောင့်လည်း၊ **ဗုဒ္ဓေါ**-ဗုဒ္ဓနာမံ ဘွဲ့တော်ခံလျက် သုံးတန်ဘုံဗွေ ထင်ရှားတော်မူပါပေ၏။

ဘဂဝါဂုဏ်တော်

သော ဘဂဝါ-(ပ)သည်၊ **ဣတိပိ**-သစ္စာလေးတန်တရားမှန်ကို ရွေဉာဏ်တော်ထူး မဂ်အမှူးဖြင့် လက်ဦးတွင်ဘိ မြင်သိတော်မူ နတ်လူတကွေ မြင်သိစေတတ် ထူးမြတ်ဘိတောင်း ဤအကြောင်းကြောင့်လည်း၊ **ဗုဒ္ဓေါ**-ဗုဒ္ဓနာမံ ဘွဲ့တော်ခံလျက် သုံးတန်ဘုံဗွေ ထင်ရှားတော်မူပါပေ၏။

ဘဂဝါဂုဏ်တော်

သော ဘဂဝါ-(ပ) သည်၊ **ဣတိပိ**-သစ္စာလေးတန်တရားမှန်ကို ရွေဉာဏ်တော်ထူး မဂ်အမှူးဖြင့် လက်ဦးတွင်ဘိ မြင်သိတော်မူ နတ်လူတကွေ မြင်သိစေတတ် ထူးမြတ်ဘိတောင်း ဤအကြောင်းကြောင့်လည်း၊ **ဘဂဝါ**-ဘဂဝါဟု သူငါပြောရလောကတစ်ခွင် ထာဝစဉ် ထင်ပေါ်ကျော်ကြားတော် မူပါပေ၏။

ဤကဲ့သို့ ဘုရားရှင်၏ ဂုဏ်တော်တို့ကို ကြည်ညိုဖွယ်ဖြစ်ရုံသာမက ရွတ်ဖတ်ရာ, ကျက်မှတ်ရာ၌လည်း လွယ်ကူစေရန်အတွက် ဆရာတော်ဘုရားကြီးမှ လက်ံာသဘောသွားဖြင့် ရေးသားတော်မူခဲ့ခြင်းဖြစ်ပါသည်။

အရဟံ၏အနက်ကွဲပြားကြပုံ

ဘုရားဂုဏ်တော်ကိုးပါးတို့တွင် အစဆုံးဖြစ်သည့် ''အရဟံ'' ဟူသော ပုဒ်ကို ပညာရှင်ဆရာမြတ်တို့က အရဟံ, အရ+ဟံ, အ+ရဟံ ဟူ၍ သုံးမျိုးခွဲ၍ ရွတ်ဖတ်ကြသည်။ ပါဠိစာပေတို့မည်သည် သဒ္ဒါကွဲပြားလျှင် အနက်အဓိပ္ပါယ်ပါ ကွဲပြားသွားသည်။ ထို့ကြောင့် အရဟံပုဒ် သုံးမျိုးကွဲပြားသွားသည့်အတွက်ကြောင့် အနက်အဓိပ္ပါယ်မှာလည်း သုံးမျိုး(တစ်နည်းအားဖြင့်) လေးမျိုးကွဲပြားသွားလေသည်။ ကွဲပြားပုံမှာ (က)**အရဟံ**-လူမင်း နတ်မင်းဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား...ဟူ၍လည်းကောင်း၊ (ခ) အရ+ဟံ(အရိ-ရန်သူ၊ ဟံ-သတ်တတ်သည်။ ''အရိ'' သည် သဒ္ဒါနည်းအရ ''အရ'' ဖြစ်နေသည်။ ရန်သူကား ကိလေသာများဖြစ်သည်။) ထို့ကြောင့် **အရ+ဟံ** -ကိလေသာမန် ကိုယ်တွင်းရန်ကို မဂ်ဉာဏ်မြတ်ဖြင့် ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား ဟူ၍လည်းကောင်း၊ တစ်နည်းအားဖြင့် အရ+ဟံ ၌ အရ-အကန့်တို့ကို၊ ဟံ-ဖျက်ဆီးတတ်သည် ဟူ၍လည်း အနက်အဓိပ္ပါယ်ပြန်ဆိုကြသည်။ ဤနေရာ၌ ''အကန့်'' ဆိုသည်မှာ ပဋိစ္စသမုပ္ပါဒ်

နည်းအရ သခ်ါရတရားများကို ဆိုလိုသည်။ သခ်ါရတရားတို့သည်ကား ကုသိုလ် အကုသိုလ် စေတနာများ ဖြစ်ကြသည်။ ထိုသခ်ါရရှိလျှင် ဓာတိဖြစ်၍ ဧရာမရဏဖြင့် တစ်ဘဝအဆုံးသတ်ရမြဲ ဖြစ်သည်။ ဤသို့ဆိုလျှင် ဘဝသံသရာ၌ လည်ပတ်ရဦးမည်ဖြစ်သည်။ ထို့ကြောင့် သခ်ါရဟူသော အကန့်ကို အရဟတ္တမဂ်ဖြင့် ဖျက်ဆီးတော်မူသည့် အတွက် ဘဝသံသရာ၌ လည်ပတ်မှု မရှိနိုင်တော့သည်ကို အကြောင်းပြု၍ **အရ+ဟံ**-သံသရာစက် ကန့်အကွက်ကို အရဟတ္တမဂ် ဉာဏ်သံလျက်ဖြင့် ပယ်ဖျက်တော်မူပြီးသော မြတ်စွာဘုရား ဟူ၍လည်းကောင်း၊ (ဂ) **အ+ရဟံ** (အ-မရှိ၊ ရဟ-ဆိတ်ကွယ်ရာ)မကောင်းမှုပြုခြင်း၌ ဆိတ်ကွယ်ရာမရှိ။ ဆိတ်ကွယ်ရာ၌ မကောင်းမှုမပြုဟု ဆိုလိုသည်။ လောက၌ ပညာရှိအမည်ခံ အချို့သော ပုဂ္ဂိုလ်ကြီးတို့ပင် မျက်မြင်၌ မကောင်းမှု မပြုသော်လည်း ကွယ်ရာ၌ ပြုတတ်ကြသေးသည်။ ဘုရားရှင်သည်ကား ဆိတ်ကွယ်ရာ အရပ်၌ပင် မကောင်းမှုကို ပြုတော်မမူ။ ကိလေသာမကင်းသေးသူ၌သာ အကုသိုလ်မှု ရှိသော်လည်း ကိလေသာလုံးဝမရှိသော ဘုရားရှင်အဖို့ ဘယ်သောအခါမှ အကုသိုလ်မှု မရှိနိုင်။ အချို့သော ပုဂ္ဂိုလ်တို့မှာ ကိုယ်နှင့်နှုတ်ကိုသာ ထိန်းသိမ်းနိုင်သော်လည်း စိတ်၌ဖြစ်တတ်ကြသေးသည်။ ဘုရားရှင်သည်ကား စိတ်၌ပင် အလွန်သန့်ရှင်းစင်ကြယ်လျက် ရှိပေသည်။ ဤသည်ကား အရဟတ္တမဂ်ကြောင့် ရအပ်သော ဂုဏ်တော်ဖြစ်သည်။ ထို့ကြောင့် **အ+ရဟံ** ရှက်ရမည်ကြောက်ရ လူ့ဗာလတို့ ကွယ်ပညစ်ကျူ၊ မကောင်းမှုကို အလျဉ်းပြုခြင်း ကင်းတော်မူသော မြတ်စွာဘုရား ဟူ၍ အနက်ပြန်ဆိုကြသည်။

ဘုရားဂုဏ်တော်(၁၀)ပါးဖြစ်ရပုံ

ဆိုအပ်ခဲ့ပြီးသော ဘုရားဂုဏ်တော်ကိုးပါးတို့တွင် "အနုတ္တရောပုရိသဒမ္မသာရထိ" ဟူသော ဂုဏ်တော်ကို ပညာရှင် ဆရာမြတ်တို့က "အနုတ္တရ" ဂုဏ်တော်၊ "ပုရိသဒမ္မသာရထိ" ဂုဏ်တော်ဟူ၍ နှစ်မျိုးခွဲ၍ ယူကြသည်။ ထိုနှစ်မျိုးတို့တွင် "အနုတ္တရ-သာလွန်သူမရှိသော ပုဂ္ဂိုလ်" ဟု ဆိုရာ၌ ဘုရားရှင်သည် လူမျိုနဂ်ယျာဉ်၌ မယ်တော်ဝမ်းကြာတိုက်မှ မွေးဖွားပြီးပြီးချင်း မြောက်အရပ်သို့ မျက်နှာမူကာ ခုနှစ်ဖဝါး လှမ်းကြွတော်မူလျက် လောကကို ကြည့်တော်မူရာ မိမိထက်သာသောသူကို မတွေ့ရ၍ "အဂ္ဂေါဟမသ္မိ လောကဿ-ငါသည်ကား တစ်လောကလုံးထက် အမြတ်ဆုံးဖြစ်၏။ သေဋ္ဌောဟမသ္မိ လောကဿ-ငါသည်ကား တစ်လောကလုံးထက် ထူးခြားသာလွန်သူဖြစ်၏။ ဇေဋ္ဌောဟမသ္မိ လောကဿ-ငါသည်ကား တစ်လောကလုံးထက် အကြီးဆုံးဖြစ်၏" ဟု သုံးခွန်းသောစကားကို မကြောက်မရွံ့ ရဲဝံ့စွာ ကြုံးဝါးတော်မူခဲ့၏။ ထိုအကြောင်းကို ထောက်ဆ၍ အနုတ္တရကို ဂုဏ်တော်တစ်ခုအဖြစ် သီးခြားယူကြသည်။ **ပုရိသဒမ္မ**-ဆုံးမထိုက်သော သတ္တဝါတို့ကို **သာရထိ**-ဆုံးမတော်မူထိုက်၏ဟု ဆိုရာ၌ ဆုံးမသင့်ဆုံးမထိုက်သော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူရာ၌ အတုမရှိ အသာဆုံးဖြစ်သည်ကို အကြောင်းပြု၍ ပုရိသဒမ္မသာရထိကို ဂုဏ်တော်တစ်ခုအဖြစ် သီးခြား ယူကြသည်။ ထိုသို့ နှစ်မျိုးခွဲခြား၍ ယူထားသော ဘုရားဂုဏ်တော်တို့ကိုလည်း ကျေးဇူးရှင် သပြေကန်ဆရာတော် ဘုရားကြီးကအောက်ပါအတိုင်း အနက်ပြန်ဆိုတော်မူခဲ့ပါသည်။

အနုတ္တရဂုဏ်တော်

သော ဘဂဝါ-နတ်လူလေးမြတ် ဆည်းကပ်အပ်သား ထိုရှင်တော်မြတ်ဘုရားသည်၊ **ဣတိပိ**-သီလစသည် ဂုဏ်အရည်ဖြင့် မီသူကင်းကွာ သာသူမထင် ဂုဏ်တင်ဖွယ်ကောင်း ဤအကြောင်းကြောင့်လည်း၊ **အနုတ္တရော**-အနုတ္တရ ဘွဲ့တော်ရလျက် လောကလုံးတွင် ထင်ထင်ရှားရှား ကျော်ကြားတော်မူပါပေ၏။

ပုရိသဒမ္မသာရထိဂုဏ်တော်

သော ဘဂဝါ-ဘုန်းတော်ကြီးမား ထိုရှင်တော်မြတ်ဘုရားသည်၊ **ဣတိပိ**-ဆုံးမထိုက်သူ နတ်နှင့်လူကို ကျင့်မူတဝ အသုံးကျအောင် ဆုံးမပဲ့ပြင် သွန်သင်ပေတတ်မြတ်အရည်ကောင်း ဤအကြောင်းကြောင့်လည်း၊ **ပုရိသ**

ဒမ္မသာရထိ-ပုရိသဒမ္မသာရထိ ဂုဏ်အရှိဖြင့် နှံ့သိကြောင်းကျော်ကြားတော်မူပါပေ၏။

ဤသို့လျှင် ပညာရှင်ဆရာမြတ်တို့က နှစ်မျိုးခွဲ၍ ယူကြသောကြောင့် ဘုရားဂုဏ်တော်မှာ(၁၀)ပါး ဖြစ်ရသည်။ သို့သော် လောကၥ် အသုံးများသည်မှာ ကိုးပါးသာဖြစ်သည်။ ဆယ်ပါးဖြစ်ပုံကိုကား ဗဟုသုတအဖြစ်သာ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အများက လက်ခံထားကြသည့် ဂုဏ်တော်ကိုးပါးအဖြစ်သာ ရွတ်ဆိုပွားများ သင့်ပါသည်။

ဂုဏ်တော်တစ်ပါးစီ၏ ရွတ်ပွားရသောအကျိုးများ

အထက်၌ ဆိုခဲ့ပြီးသော ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးကို အကုန်လုံး ပွားများမှသာ အကျိုးတရား ကြီးမားသည် မဟုတ်ပါ။ မိမိနှစ်သက်ရာ ဂုဏ်တော်တစ်ခုစီကို ပွားများသော်လည်း အကျိုးတရားကြီးမားသည်ဟု ဆရာမြတ်တို့ မိန့်ဆိုတော်မူခဲ့ပါသည်။ အကျိုးတရားကြီးမားပုံမှာ အရဟံဂုဏ်တော်ကို ရွတ်ဆိုပွားများလျှင် ဘေးအန္တရာယ်ကင်းခြင်း၊ ကျန်းမာခြင်း၊ လာဘ်လာဘပေါများခြင်း စသော အကျိုးတရားတို့ ရရှိနိုင်ပါသည်။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ရွတ်ဆိုပွားများလျှင် စိတ်ရွင်လန်းခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်း၊ စာမေးပွဲအောင်မြင်ခြင်း စသော အကျိုးတရားတို့ ရရှိနိုင်ပါသည်။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကို ရွတ်ဆိုပွားများလျှင် အသက်မွေးဝမ်းကျောင်းအတတ်ပညာရပ်များ၌ ပြိုင်ဘက်မရှိ တတ်မြောက်ခြင်းဟူသော အကျိုးတရားတို့ ရရှိနိုင်ပါသည်။ သုဂတဂုဏ်တော်ကို ရွတ်ဆိုပွားများလျှင် စကားစစ်ထိုးခြင်း၊ အမှုအခင်းဖြစ်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း စသော ကိစ္စရပ်တို့၌ အောင်မြင်မှုများ ရရှိနိုင်ပါသည်။ လောကဝိဒူဂုဏ်တော်ကို ရွတ်ဆိုပွားများလျှင် လောကရေးရာ လူမှုရေးရာအဖြာဖြာတို့၌ အဆင်ပြေချောမွေ့စွာ ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်ကို ရွတ်ဆိုပွားများလျှင် လောကအလယ်၌ ထင်ပေါ်ကျော်ကြားခြင်း၊ အရိအသေပြုမှုကို ခံရခြင်း စသော အကျိုးတရားတို့ ရရှိနိုင်ပါသည်။ သတ္ထာဒေဝမနုဿာနဂုဏ်တော်ကို ရွတ်ဆိုပွားများလျှင် သြဇာအာဏာထက်မြက်၍ မိမိပြောဆို လုပ်ကိုင်ရသော ကိစ္စရပ်တို့၌ အောင်မြင်မှုများ ရရှိနိုင်ပါသည်။ ဗုဒ္ဓဂုဏ်တော်ကို ရွတ်ဆိုပွားများလျှင် ဘေး၊ ရန်ဆိုး၊ ကြမ္မာဆိုး အမျိုးမျိုးတို့မှ ကင်းလွတ်နိုင်ပါသည်။ ဘဂဝါဂုဏ်တော်ကို ရွတ်ဆိုပွားများလျှင် - ဘုန်းတန်ခိုး အာနုဘော်ကြီးမားခြင်း၊ အခြံအရံပေါများခြင်း စသော အကျိုးတရားတို့ ရရှိနိုင်ပါသည်။

ဂုဏ်တော်ပွားများသည့်ကုသိုလ်ကြောင့် ရဟန္တာဖြစ်ရပုံ

အပါဒါန်ပါဠိတော်၌ "သုဘူတိ" အမည်ရှိသော ရဟန္တာအရှင်မြတ်သည် တစ်ခုသော အလောင်းတော်ဘဝ၌ ဘုရားရှင်၏ ဂုဏ်တော်များကို အမြဲမပြတ် ရွတ်ဆိုပွားများသူတစ်ယောက် ဖြစ်ခဲ့ပါသည်။ ထိုသို့ ဂုဏ်တော်ပွားများသည့် ကုသိုလ်ကြောင့် ထိုဘဝမှ သေလွန်သောအခါ နတ်ပြည်၌ နတ်သားအဖြစ် အကြိမ်သုံးသောင်း၊ သိကြားမင်းအဖြစ် အကြိမ်တစ်ထောင်၊ ဗြဟ္မာမင်းအဖြစ် အကြိမ်ပေါင်း မရေတွက်နိုင်အောင် ဖြစ်ပြီးလျှင် ဘုရားရှင်လက်ထက်၌ အဘိညာဉ်ဝင်စားတော်မူသည့်နေရာမှာ အတော်ဆုံးဖြစ်သည့် 'ဇေတဝန်' ဘွဲ့ထူးကို ဆွတ်ခူးရရှိတော်မူသော ရဟန္တာအရှင်မြတ်တစ်ဆူဖြစ်တော်မူခဲ့ပါသည်။ ဤဝတ္ထုသာဓကကို ထောက်ဆသောအားဖြင့် လောကမှာ အမြတ်ဆုံး ဖြစ်သည့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တွေကို ရွတ်ဆိုပွားများကြသောသူတို့သည် အမြတ်ဆုံးဖြစ်သောဘဝကို ရောက်ရှိကြမည်မှာ အမှန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တွေကို အမြဲမပြတ် ရွတ်ဖတ်ပူဇော်ကြပါဟု တိုက်တွန်းရင်း ကျေးဇူးရှင်သပြေကန်ဆရာတော်ဘုရားကြီးအား ဤဆောင်းပါးဖြင့် ရှိခိုးကော်ရော်ပူဇော်အပ်ပါ၏။ စာဖတ်သူများအားလုံး ကောင်းကျိုးလိုအင်ဆန္ဒနှင့် ထာဝရပြည့်စုံနိုင်ကြပါစေ။

အသျှင်ဝါသဝ(ပဉ္စနိကာယ်)

မှီငြမ်း

- ပရိတ်ကြီးနိဿယသစ်
- သပြေကန်တရားပေါင်းချုပ်
- သဗ္ဗမင်္ဂလာဓမ္မဒေသနာ

သဗ္ဗညုတဉာဏရတနပရိတ္တသုတ်တော်ကြီး ဟောကြားခဲ့သော

သာသနာ ကြီးပွားစေကြောင်း

သုဝဏ္ဏသာမဇာတက

အရှင်ဃောသရဝံသ (ပုသိမ်)

"သူတော်သူစင်၊ ပညာရှင်တို့
မိန့်ကျင့်စကား၊ တစ်ခွန်းကြားက
ပတ္တမြားဆန်ကျိုး၊ အဖိုးပြည်တန်
ဒေကန်မုချ၊ တစ်လုံးရဖို့
အနှစ်ဖိုးမှန်၊ ကျိုးကဲလွန်၏။"

မန်လည်ဆရာတော်ကြီး မဟာသုတကာရီမဃ ဒေဝလင်္ကာသစ်၊ ပိဒ်ရေ -၃၂၀

လောကသားတို့ရဲ့ အနှိုင်းမဲ့ကိုးကွယ်ရာဖြစ်တော်မူတဲ့ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ကတည်းက ညွှန်ကြားပြသ ဆိုဆုံးမသြဝါဒပေးခဲ့တဲ့ အစဉ်အလာတွေ ရှိခဲ့ပါတယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်လည်း ကျင့်သုံးတော်မူခဲ့တဲ့ အစဉ်အလာရှိခဲ့ပါတယ်။ မိမိရဲ့ တပည့်သာဝကတို့ကိုလည်း ဝေနေယျသတ္တဝါအပေါင်းတို့အား အဆုံးအမသြဝါဒပေးဖို့အတွက်-

၁။ ဖြစ်ပေါ်လာတဲ့အခါ ပြောဆိုဆုံးမ သြဝါဒပေးရမယ်။

၂။ မဖြစ်ပေါ်ခင် ပြောဆိုဆုံးမ သြဝါဒ ပေးရမယ်။

၃။ အကုသိုလ်တရားတွေ မဖြစ်ပွားရအောင် တားမြစ်တဲ့အနေနဲ့ ကြိုတင်ပြောဆို ဆုံးမသြဝါဒပေးရမယ်။

၄။ ဆုံးမတဲ့သူကို လူဆိုးလူမိုက်တွေက မုန်းပေမယ့် ပညာရှိများက ချစ်ခင်လေးစား မေတ္တာထားကြတယ်လို့ ဟောကြားထားပါတယ်။ မြတ်စွာဘုရားရှင်က "ရဟန်းတို့၊ ရဟန်းဆိုတာ ရာဓရဟန်းကဲ့သို့ ဆိုဆုံးမလွယ်သူဖြစ်ရမည်။ မိမိအဖြစ်ကို ဖော်ထုတ်ကာ ဆရာလုပ်ပြီး ဆုံးမစေကာမူ ဒေါသတရားမဖြစ်ပွား၍၊ အဆုံးအမသြဝါဒပေးလာသူကို မြေတွင်မြှုပ်ထားသော ရွှေအိုးကို ညွှန်ကြားထုတ်ဖော်ပေးသူအလား မြင်ကြရမည်" လို့လည်း ဟောကြားတော်မူခဲ့ပါသေးတယ်။ အဆုံးအမသြဝါဒပေးမှုကြောင့် ရရှိတဲ့အကျိုးတရားတွေကိုလည်း-

၁။ နာကြားရသူကို ဗဟုသုတရရှိတဲ့ ဗာဟုသစ္စမဂ်လာဖြစ်ပွားစေတယ်။

၂။ လိုက်နာသူတွေအတွက် သောဝစဿတာ၊ ပူဇနိယမမ္မပူဇာမဂ်လာ ကုသိုလ်တွေဖြစ်ပွားစေတယ်။

၃။ အဲဒီမဂ်လာ ကုသိုလ်တရားတွေဖြစ်ပွားစေတဲ့ စီးပွားချမ်းသာကျက်သရေတိုးပြီး ကောင်းကျိုးများပြားဘေးအန္တရာယ်ကင်းတဲ့ အကျိုးထူးတွေဖြစ်ပွားစေတယ်။

၄။ လိုက်နာသူတွေအပေါ် မူတည်ပြီးတော့ လောကီစီးပွားချမ်းသာမက လောကုတ္တရာချမ်းသာ မဂ်ဖိုလ်နိဗ္ဗာန်ထိ ရရှိဖြစ်ပွားစေပါတယ်။

မြတ်စွာဘုရား၏ ဟောမိန့်ချက်တွေကို ပြန်လည်လို့ သတိပြုရင်း ဤအရှင်အား ကျေးဇူးတော်ရှင် သပြေကန် ဆရာတော်ကြီးကိုယ်တိုင် ရေးသားချီးမြှင့်တော်မူခဲ့တဲ့ သာသနာကြီးပွားကြောင်း သြဝါဒကထာ လက်ရေးမူရင်း စာရွက် (၂၂)ရွက်ကို စာအုပ်စင်မှ ထုတ်ယူလို့ကြည့်လိုက် မိပါတယ်။

နှစ်ပေါင်းများစွာ ကြာနေပြီးဖြစ်တဲ့အတွက် စာရွက် များက ဝါကျင့်ကျင့်အရောင်ပင် ဖြစ်ပေါ်နေပါပြီ။ ဤအရှင် ရန်ကုန်မြို့သို့ရောက်တိုင်း ရောက်တိုင်း ဆရာတော်ကြီးထံ ဝင်ကာ အဆုံးအမသြဝါဒများကို ခံယူလေ့ရှိပါတယ်။ ဆရာ တော်ကြီးကလည်း နှုတ်ဖြင့်ဆုံးမသြဝါဒပေးတဲ့အပြင် လက်ရေးဖြင့် ရေးသား၍လည်း ချီးမြှင့်လေ့ရှိခဲ့ပါတယ်။

ယခု ဤအရှင်တင်ပြတဲ့ သြဝါဒကထာကတော့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများသာမက ဗုဒ္ဓဘာသာဝင်များ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ လှူဒါန်းနေကြတဲ့ ဒါယကာ၊ ဒါယိကာမများပါ ကောင်းကျိုး ထူးတွေ ရရှိနိုင်စေမှာမို့ ကြည်ညိုလေးစားဖော်ပြ ပူဇော်လိုက် ရပါတယ်။

ယခု မိမိသြဝါဒစကားမြွက်ကြားရတော့မည်။ သာသနာကြီးပွားကြောင်း သြဝါဒကထာ ပြောကြားရမှာက သာသနာကြီးပွားကြောင်း၊ သာသနာဆုတ်ယုတ်ကြောင်းကို ထုတ်ဖော်ပြသရမည်ဖြစ်၏။ **ဝိနယောနာမ သာသနဿ အာယူ=** ဝိနည်းသည် သာသနာတော်၏အသက်။ **ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ=** ဝိနည်းတည်က သာသနာတော်တည်၏။ ဤအဋ္ဌ ကထာဆရာ ထေရ်မဟာတို့စကားအရ သာသနာကြီးပွားစည်ပင် အရှည်တည်ဖို့ရာအရေးဦး ဝိနည်းကပဓာနဆိုသည်မှာ ငြင်းဖွယ်မရှိပါ။

မှန်ပါသည်။ ဝေရဉ္ဇကဏ္ဍပါဠိဋ္ဌ ဘယ်ဘုရားရှင်တို့၏ သာသနာကြာရှည်စွာ တည်ပါသနည်း။ ဘယ်ဘုရားရှင်တို့၏ သာသနာ ကြာရှည်စွာ မတည်ပါသနည်း- ဟူသော လက်ယာတော်ရံ ပညဝါဇတဒဂ်ရ သာရိပုတ္တရာမထေရ်မြတ်၏ အမေးကို ဖြေကြားတော်မူရာ၌- ဝိပဿီ၊ သိခီ၊ ဝေဿဘူ ဘုရားရှင်တို့၏သာသနာ ကြာရှည်စွာမတည်ကြောင်း၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ ဘုရားရှင်တို့၏သာသနာ ကောင်းစွာတည်ကြောင်း မိန့်တော်မူခဲ့၏။ ဤသို့လည်း အကြောင်းပြခဲ့ ၏။ ဝိပဿီ၊ သိခီ၊ ဝေဿဘူဘုရားရှင်တို့သည် သိက္ခာပုဒ် ပညတ်တော် မမူကြ။ ထို့ကြောင့် ထိုဘုရားရှင်များ ပရိနိဗ္ဗာန်ဝင်စံ သွားတော်မူသောအခါ ထိုဘုရားတပည့်ရဟန်းတို့သည် ဇာတ်အလီလီ၊ အမည်အသွယ်သွယ်၊ မျိုးနွယ်အရပ်စုံမှ ရဟန်းပြု လာကြသည့်အတိုင်း ထိုသာသနာကို မကြာမီပင် ကွယ်စေကြကုန်၏။ ချည်ကြိုးဖြင့် မသီထားသောပန်းတို့ကို လေကလွင့်နိုင်၊ ဖျက်နိုင်၊ ဖရိဖရဲပြုကွဲအောင် ပြုနိုင်သကဲ့သို့ သင်္ဂီယနာတင်ခြင်း စသည်ဖြင့် မစုရုံး၊ မသိမ်းသွင်းထားအပ်သော ထိုသာသနာ တော်မှာ ကြာရှည်စွာ မတည်နိုင်ကြောင်း မိန့်တော်မူခဲ့၏။ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ ဘုရားရှင်တို့ကား သိက္ခာပုဒ်တွေ ပညတ်ကြ၏။ ပါတိမောက်ကို ပြကြ၏။ ထိုဘုရားရှင်တို့၏ တပည့်အဆက်ဆက်တို့သည် ထိုသာသနာကို ကြာရှည်စွာ တည်တံ့အောင် ထားနိုင်ကြ၏။ ချည်ကြိုးဖြင့်သီအပ်သော ပန်းတို့ကို လေမတိုက်၊ မလွင့်၊ မပြန့်ကြဲစေ၊ မပျက်စေသကဲ့သို့ သင်္ဂီယနာ စသည်ဖြင့် အစောင့်အရှောက်ခံခဲ့ကြရသည်ဖြစ်ရာ မပျောက်မပျက် ကြာရှည်စွာတည်ကြောင်း အကြောင်းပြတော်မူခဲ့၏။

ဤအချက်၌ ပါတိမောက်ပြခြင်းကို သာသနာတည်ကြောင်းအဖြစ် မိန့်တော်မူသည်ကို သတိထားသင့်၏။ ပါတိ မောက်ပြနေကြသေးသမျှ မိမိတို့သာသနာ ပျောက်လိမ့်မည်မဟုတ်၊ ထိုမျှမက ပါတိမောက်ပြတယ်ဆိုသဖြင့် သိက္ခာပုဒ်တွေ ရနေမှ ပါတိမောက်ပြမှု ပြုနိုင်မည်ဖြစ်ရာ သိက္ခာပုဒ်တွေ ပညတ်ခြင်းကလည်း အရေးကြီးသော အကြောင်းတစ်ရပ် ဖြစ်တော့၏။

ဤနေရာ၌ ဘုရားရှင်များ သိက္ခာပုဒ်ပညတ်၊ ပါတိမောက်ပြကြသည်ဆိုသော်လည်း သိက္ခာပုဒ်ကို ဘုရားရှင်များ ပညတ်ကြသော်လည်း အာဏာပါတိမောက်ခေါ် ထိုသိက္ခာပုဒ်တော်တွေ ရွတ်ပြမှုကိုတော့ ဘုရားရှင်များ ပြုတော်မူလေ့ မရှိကြ။ ဘုရားရှင်များပြုတော်မူသော ပါတိမောက်မှာ သြဝါဒပါတိမောက်သာဖြစ်သည်။ ဤသို့ဆိုလျှင် ပါတိမောက်က သြဝါဒပါတိမောက်၊ အာဏာပါတိမောက်ဟု နှစ်မျိုးရှိကြောင်း သိနိုင်ပါသည်။ ဘုရားရှင်တို့သည် အာဏာပါတိမောက်

မပြကြ၊ သြဝါဒပါတိမောက်သာ ပြတော်မူကြ၏။ ထိုဘုရားရှင်များ သြဝါဒပါတိမောက်ပြတော်မူရာ၌ လခွဲတစ်ကြိမ် ပြတော်မူကြသည်မဟုတ်၊မှန်ပါသည်။ ဝိပဿီရှင်တော်မြတ်ဘုရားသည် ၆နှစ်ရောက်တိုင်း၊ ၆နှစ်တိုင်း တစ်ကြိမ် တစ်ကြိမ် သြဝါဒပါတိမောက်ကို ပြတော်မူခဲ့၏။ ထိုသို့ပြခြင်းမှာ ကိုယ်တော်တိုင်ပြတော်မူခြင်းဖြစ်၏။ သာဝကများက မိမိ မိမိတို့ နေရာဌာန၌ ပြကြသည်မဟုတ်၊ ဓမ္မဒြိပ်တစ်ကျွန်းလုံးတွင် တစ်နေရာတည်းဖြစ်သော ဗန္ဓုမတီမင်းနေပြည် ဝိပဿီဘုရား သီတင်းသုံးတော်မူရာဌာန၌သာ ရဟန်းမှန်သမျှ ဥပုသ်ပြုကြ၏။ ထိုဥပုသ်လည်း သံဃဥပုသ်သာဖြစ်၏။ ဂဏဥပုသ်၊ ပုဂ္ဂလဥပုသ်၊ ပါရိသုဒ္ဓိဥပုသ်၊ အဓိဋ္ဌာန်ဥပုသ် မပြုကြ။ ထိုအခါ ဓမ္မဒြိပ်မှာ ကျောင်းပေါင်းရှစ်သောင်းလေးထောင်ရှိနေကြ၏။ ကျောင်းတစ်ကျောင်း၌ ရောပြွန်းခြင်းမရှိကုန်သော တစ်သောင်း နှစ်သောင်းရဟန်းတော်တို့ နေကြကုန်၏။ ထို့ထက်အလွန်လည်းနေကြကုန်၏။ ဥပုသ်နေ့ကြား နတ်အများတို့သည် ရဟန်းတော်တို့ရှိရာ ထိုထိုအရပ်သို့သွားကြကုန်၏။ အရှင်ဘုရားတို့ ၁ နှစ်လွန်ပါပြီ၊ ၂-၃-၄-၅ နှစ်လွန်ပါပြီ။ ယခု ၆-နှစ်မြောက်ပါပြီ၊ လာမည့်လပြည့်နေ့မှာ ဘုရားဖူးဥပုသ်ပြုဖို့ရာသွားရပါတော့မည်။ အရှင်ဘုရားတို့ စည်းဝေးဖို့ရာ အချိန်တန်ပါပြီဟု လျှောက်ထား၏။ တန်ခိုးအာနုဘော်ရှိကြသော ပုဂ္ဂိုလ်တို့က မိမိအာနုဘော်ဖြင့်သွားကြ၏။ တန်ခိုးမရှိသော ပုဂ္ဂိုလ်တို့က နတ်တို့အာနုဘော်ဖြင့် သွားကြ၏။ ရောက်တဲ့အခါ ဝိပဿီဘုရားရှင်ကို ရှိခိုးနေကြ၏။ ဝိပဿီရှင်တော်က စည်းဝေးနေသော သံဃာ့ပရိသတ်၌ **ခန္ဓိ ပရမံ တပေါ တိတိက္ခာ** စသော သြဝါဒပါတိမောက် ၃-ဂါထာကို ရွတ်ဆိုပြသတော်မူခဲ့၏။ အားလုံးဘုရားရှင်တွေ ဤသြဝါဒပါတိမောက် ၃-ဂါထာကိုသာ ရွတ်ဆိုပါတိမောက်ပြကြ၏။ သက်တော်ရှည်ဘုရားရှင်များအဖို့ သာသနာတော်ဆုံးသည့်တိုင်အောင် ဤသြဝါဒ ၃-ဂါထာကိုသာ ပြဆိုမိန့်ကြားတော်မူကြ၏။ သက်တော်တိုကြသော ဘုရားရှင်များကား ပထမဗောဓိဝါတော် ၂၀-အတွင်းသာ ပြတော်မူကြသည်။ သိက္ခာပုဒ် ပညတ်ရာအခါမှစ၍ အာဏာပါတိမောက်ကိုသာ ရွတ်ဆိုပြသတော်မူကြ၏။ ထိုအာဏာပါတိမောက်ကိုကား ရဟန်းတော်တို့သာ ပြကြ၏။ ဘုရားရှင်များကား ပြတော် မမူကြ။ ထို့ကြောင့် အကျွန်ုပ်တို့ ဗုဒ္ဓရှင်တော်မြတ်သည် ပထမဗောဓိဝါ ၂၀-မျှသာ ဤသြဝါဒပါတိမောက်ကို ပြတော်မူ၏။ နောင်အခါ တပည့်တို့အား တာဝန်လွှဲခဲ့၏။

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဝိသာခါကျောင်းအမကြီး၏ ပုဗ္ဗာရုံကျောင်းတော်မှာ သီတင်းသုံးစံနေတော်မူခိုက် ဥပုသ်နေ့အခါ ရဟန်းသံဃာအပေါင်းခြံရုံလျက် ထိုင်နေတော်မူခဲ့၏။ ညဉ့်ကုန်လာ၍ ပထမယံလွန်လာသောအခါ အရှင်အာနန္ဒာက လက်ကန်တော့တင်ကာ မြတ်စွာဘုရား၌ရှိရာ လက်အုပ်ချီလျက် "မြတ်စွာဘုရား....ညဉ့်ကုန်လာပါပြီ၊ ပထမယံလွန်ခဲ့ပါပြီ၊ ရဟန်းသံဃာများ ထိုင်နေရသည်မှာ ကြာခဲ့ပါပြီ၊ ပါတိမောက်ရွတ်ဆိုပြတော်မူပါ" ဟု လျှောက်ထား၏။ ဘုရားရှင်က ဆိတ်ဆိတ်နေတော်မူခဲ့၏။

သန်းခေါင်ယံလွန်သောအခါ သန်းခေါင်ယံလွန်ခဲ့ပြီဖြစ်ကြောင်း၊ ရဟန်းသံဃာများ ထိုင်ရသည်မှာ ကြာလှပြီဖြစ်ကြောင်း၊ ပါတိမောက်ပြဖို့အကြောင်း လျှောက်ထားပြန်ရာ ဆိတ်ဆိတ်ပင်နေတော်မူခဲ့ပြန်၏။ တစ်ခါပစ္ဆိမယံကုန် အရုဏ်တက်သောအခါ ရှေးကလိုပင် လျှောက်ထားခဲ့သော် ထိုအခါကျမှ "အာနန္ဒာ... ပရိသတ်မစင်ကြယ်" ဟု မိန့်တော်မူခဲ့။ ထိုအခါ အရှင်မောဂ္ဂလ္လာန်က ဘယ်ပုဂ္ဂိုလ်ရည်ရွယ်ပြီး ပရိသတ်မစင်ကြယ်ဟု ဘုရားရှင်မိန့်တော်မူပါလိမ့်ဟု ရဟန်းအလုံးစုံတို့၏ စိတ်ကို နှလုံးသွင်းဆင်ခြင်သောအခါ ရဟန်းများအလယ်မှာထိုင်နေသော ဒုဿီလတစ်ပါး မြင်ရတော့သည်။

ထိုအခါ အရှင်မောဂ္ဂလ္လာန်က ထိုရဟန်းထံသွားကာ ငါ့ရှင် ထလော့၊ သင့်ကို ဘုရားရှင်မြင်တော်မူပြီ၊ သင့်မှာ ရဟန်းကောင်းတို့နှင့်အတူ ပေါင်းသင်းခွင့်မရှိတော့ပြီဟု ပြောသော် ထိုရဟန်းကမလှုပ်၊ ဆိတ်ဆိတ်နေခဲ့၏။ အရှင်မောဂ္ဂလ္လာန်က ဒုတိယအကြိမ်ပြောသောအခါ ထို့အတူ ဆိတ်ဆိတ်ပင် နေခဲ့၏။ တတိယအကြိမ် ပြောပြန်တော့လည်း ဆိတ်ဆိတ်ပင်။ ထိုအခါမှ အရှင်မောဂ္ဂလ္လာန်က ထိုရဟန်းလက်မောင်းဆွဲကာ တံခါးမုခ်အပြင်ဘက်ထုတ်လျက် မင်းတုပ်ထိုးကာ ဘုရားရှင်ကို လျှောက်ထား၏။ မြတ်စွာဘုရား တပည့်တော် ထိုရဟန်းကို ထုတ်ပြီးပါပြီ၊ ပရိသတ်စင်ကြယ်ပါပြီ၊ ရဟန်းတို့အား ပါတိမောက် ပြတော်မူပါဟု လျှောက်၏။ "အံ့ဖွယ်ရှိပါပေစွ မောဂ္ဂလ္လာန်၊ မဖြစ်စဖူး ထူးဆန်းလှပါပေစွ၊ ထိုအချီးနှီးသော

ယောကျ်ားသည် လက်မောင်းကိုင်ဆွဲထုတ်ရသည်အထိ ပေတေဆိုင်းငံ့နေနိုင်ပါပေစ့''ဟု မိန့်တော်မူ၏။ ထို့နောက် သာသနာ့အံ့ဖွယ်ရှစ်ပါး ဟောကြားတော်မူပြီးနောက် ရဟန်းတို့ ယနေ့မှစ၍ ငါဘုရားဥပုသ်ပြုတော့မည်မဟုတ်၊ ပါတိမောက်ပြတော့မည် မဟုတ်၊ ငါဘုရား မစင်ကြယ်သောပရိသတ်၌ ဥပုသ်ပြု၊ ပါတိမောက်ပြခြင်းမှာ ဖြစ်နိုင်စရာအကြောင်းအခွင့် မဟုတ်ပါဟု မိန့်တော်မူခဲ့၏။ ထိုအခါမှစ၍ ရဟန်းတော်များသာ ပါတိမောက်ပြ၊ သံဃာ့ဥပုသ်ပြုကြတော့သည်။

သက်တော်ရှည်ဘုရားရှင်များ လက်ထက်တော်မှာ ဘုရားရှင်များက တရားလည်း ကျယ်ကျယ်များများမဟောကြားကြ။ သိက္ခာပုဒ်များလည်း မပညတ်ကြဆိုလျှင် ရဟန်းတွေဘယ်သို့ ကျင့်နေကြသနည်း။ မှန်ပါသည်။ တရားများများမဟောကြားသော်လည်း သစ္စာလေးပါးဆိုင်ရာ တစ်ဂါထာမျှလောက်ဖြင့် တရားရကြပါသည်။ သက်တမ်းရှည်ကြာသောကာလ၌ ဖြစ်ကြသော သတ္တဝါတို့သည် ပညာမျက်စိ၌ ကိလေသာနည်းပါးကြ၍ပင် အလွယ်ဖြင့် ကျဉ်းကျဉ်းဖြင့် တရား ပေါက်ခြင်းဖြစ်၏။

သိက္ခာပုဒ် မပညတ်ခြင်းမှာလည်း အသက်ရှည်ရာကာလ ထိုအခါကဖြစ်နေကြသော ရဟန်းတော်တို့မှာ အပြစ်ဒေါသ ကင်းစင်ကြ၍ အပြစ်အလျောက် ပညတ်ရသောသိက္ခာပုဒ်များ မပညတ်ခဲ့ခြင်းဖြစ်၏။ ဩဝါဒပါတိမောက်မျှသာ ပြတော်မူခဲ့ကြ၏။ အပြစ်ကင်းကြသော် ပုဂ္ဂိုလ်တို့အဖို့ ဩဝါဒပါတိမောက်မှာ လုံလောက်ပါ၏။ အကုသိုလ်မှန်သမျှ မပြုရခြင်း၊ ကုသိုလ်မှန်သမျှ ပြည့်စုံအောင်ပြုရခြင်း၊ မိမိစိတ်ကို ဖြူစင်အောင်ကြိုးပမ်းခြင်း၊ ဤသုံးပါးမှာ ဘုရားအဆုံးအမတော်တည်းဟူသော အဆုံးအမမျှဖြင့်ပင် ပိဋ္ဌကတ်သုံးပုံအကုန်ခြုံမိ ငုံမိ သကဲ့သို့ ဖြစ်ရ၏။

ထိုဩဝါဒပါတိမောက်များမှာ အသက်ရှည်ရာခေတ်အခါက လုံလောက်သော်လည်း ဤခေတ်ယခုလိုအခါကား မလုံလောက်ပါ။ ထို့ကြောင့်ပင် မိမိတို့ခေတ်၌ သိက္ခာပုဒ်တွေကျင့်၊ ပါတိမောက်တွေပြုရခြင်းဖြင့် သာသနာအရှည်တည်ရေး ကြိုးပမ်းပေးနေရခြင်းဖြစ်ပါသည်။

ပါတိမောက်ပြခြင်း အရေးပါပုံကို ဂေါပကမောဂ္ဂလ္လာန (မဇ္ဈိမနိကာယ်) ဥပရိပဏ္ဏာသမှ ကောက်နုတ်ချက်ကလေး ထုတ်ပြရပါဦးမည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံ၍ မကြာမီပင် ရာဇဂြိုဟ်ပြည် ဂေါပကမောဂ္ဂလ္လာန ပုဏ္ဏားကြီး၏ အလုပ်စခန်းသို့ ရောက်နေသော အရှင်အာနန္ဒာမထေရ်မြတ်ကို ထိုအလုပ်စခန်းရောက်နေသော ဝဿကာရ ပုဏ္ဏားကြီးက မေးမြန်းခဲ့၏။ ငါဘုရားမရှိသည့်နောက် ချစ်သားတို့ ကိုးကွယ်ရစ်ကြလို့ ရဟန်းတစ်ပါးကို ရှင်ဂေါတမက ထားခဲ့တာရှိပါသလားဟူသော သူ့အမေးကို အရှင်အာနန္ဒာက မရှိကြောင်း ဖြေခဲ့၏။ သံဃာများက သို့မဟုတ် မထေရ်ကြီးအများကဘုရားရှင်မရှိသည့်နောက် သင်တို့ကိုးကွယ်ရာဖြစ်လိမ့်မည်လို့ထားတဲ့ ရဟန်းတစ်ပါးများရှိသလား မေးမြန်းတော့ မရှိကြောင်းမိန့်တော်မူ၏။ ဒီလို ကိုးကွယ်ရာမရှိတဲ့ သာသနာမှာ ညီညွတ်ခြင်း၏အကြောင်းမှာ ဘာပါလဲ၊ ဤသို့ မေးမြန်းလျှောက်ပြန်၏။ ဗြာဟ္မဏ- ငါတို့မှာ ကိုးကွယ်ရာရှိ၏။ ဗြာဟ္မဏ- ငါတို့မှာ တရားတည်းဟူသော ကိုးကွယ်ရာရှိ၏။ ဤသို့ အရှင်အာနန္ဒာအမိန့်တော် ရှိသောအခါ ဘယ်သို့ပါလဲဟု ထပ်မေးလျှောက်သော ဝဿကာရကို အရှင်က ဤသို့မိန့်တော်မူခဲ့၏။

ဗြာဟ္မဏ- ငါတို့ဆရာ သမ္မာသမ္ဗုဒ္ဓဘုန်းတော်ရှင် မြတ်စွာဘုရားရဟန်းတော်တို့အား သိက္ခာပုဒ်တွေ ပညတ်တော်မူအပ်၏။ ငါတို့သည် ဂါမခေတ်တစ်ခုအတွင်း မှီတင်းနေထိုင်ကြသူမှန်သမျှ တပေါင်းတည်းစုဝေးကြ၏။ စုဝေးပြီးသောအခါ ထိုပါတိမောက်ရသောရဟန်းကို တိုက်တွန်းကြ၏။ ထိုရဟန်းက ပါတိမောက်ပြသောအခါ အာပတ်သင့်သော၊ လွန်ကျူးမိသောရဟန်း ရှိနေခဲ့မူ ထိုရဟန်းကို တရားတော်အရ အဆုံးအမဝိနည်းတော်အတိုင်း ပြုစေကြပါသည်။ ငါတို့ကို အရှင်တို့က ပြုကြသည်မဟုတ်၊ ငါတို့ကို တရားကပြုကြသည်။

ဆိုခဲ့ပြီးစကားကိုကြည့်လျှင် ပါတိမောက်ပြခြင်း၏ သာသနာအရှည်တည်ရေးဝယ် အရေးပါ အရာရောက်ပုံကို သိနိုင်လောက်ပါပြီ။

ဤနေရာ၌ စကားဖြတ်ထားပြီး ဆိုခဲ့ပြီး ဩဝါဒပါတိမောက် သုံးဂါထာ၏အနက် ရှင်းလင်းချက်ကလေးများ ပြပါဦးမည်။ ၄င်းမှာ ပါရာဇိကဏ်ဘာသာဋ္ဌကာမှ ယူရေးခြင်းဖြစ်ပါသည်။

တိတိကွာ- သည်းခံခြင်းတည်းဟူသော၊ ခန္တီ- ခန္တီတရားသည်၊ ပရမံ- ထူးမြတ်သော၊ တပေါ- အကျင့်ပေတည်း။ သည်းခံခြင်းသည် ထူးမြတ်သောအကျင့် "တပ"ဖြစ်ပါသည်။ ဘာ့ကြောင့် သည်းခံခြင်းက မြတ်သော တပ-အကျင့် ဖြစ်ရပါသနည်း။

သီလာဒီနံ ပဋိပက္ခဓမ္မေ- သီလစသည်တို့၏ ဆန့်ကျင်ဘက်လောဘ ဒေါသစသောတရားတို့ကို၊ (သဝိသေသံ) အထူးနှင့်တကွ၊ တပတိ- လောကိမြိုက် (ပယ်ဖျက်၊ ဖျက်ဆီး)တတ်၏။ ဣတိ- ထို့ကြောင့်၊ တပေါ- တပမည်၏။ ခဲ့ပါဦးမည်။ ဆာလောင်မွတ်သိပ်ခြင်းကို သည်းမခံနိုင်လျှင်၊ သည်းမခံနိုင်၍ စိတ်လည်းဆင်းရဲလျှင် စားသောက်ချင်သော လောဘနှင့် လိုတာမရ၍ဆင်းရဲသော ဒေါမနဿ- ဒေါသဖြစ်၏။ ဤသို့ လောဘ၊ ဒေါသစသော တရားများဖြစ်လျှင် ပါဏာတိ ပါတစသော သီလဖျက်မှုဖြစ်တော့သည်။ ထိုသီလဖျက်ကြောင်းတရားတို့ကို လောင်မြိုက်တတ်သောကြောင့် ခန္တီသည် အမြတ်ဆုံးအကျင့် ဖြစ်တော့သည်။

ဤ၌ တိတိကွာကလည်း သည်းခံခြင်း၊ ခန္တီကလည်း သည်းခံခြင်း၊ အနက်တူပုဒ်နှစ်ပုဒ် ထပ်ဆိုခြင်းဖြင့် ပုနရုတ္တိဒေါသမရောက်ပြီလော... ပုဒ်တစ်ပုဒ်က အနက်ထူး မပြနိုင်လျှင်တော့ ပုဒ်ထပ်အဖြစ်ရောက်တယ် ဆိုမယ်ဆို ဆိုနိုင်ပါ၏။ သည်မှာတော့ တိတိကွာက ခန္တီအတွက်အနက်ထူး ဖြည့်ပေးလျက်ရှိနေပါတယ်၊ ဒီနေရာမှာ အဓိဝါသနခန္တီကို ဆိုကြပါဦးစို့၊ သီတသ- အအေးကို၊ ဥဏှသ- အပူကို၊ ဇိဃစ္ဆာယ- ဆာလောင်ခြင်းကို၊ ပိပါသာယ- မွတ်သိပ်ခြင်းကို၊ ဍံသမကသဝါတာတပ သရီသပ သမ္ဖဿာနံ-မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်း တို့၏ အတွေ့တို့ကို၊ ခမော-သည်းခံတတ်သည်၊ ဒုရုတ္တာနံ-မကောင်းသဖြင့် ပြောဆိုအပ်ကုန်သော။ ဒုရာဂတာနံ-မကောင်းသဖြင့် ရောက်လာဆိုက်လာကုန်သော။ ဝစနပထာနံ-ကြမ်းတမ်းဆိုးဝါး စကားတို့ကို။ အဓိဝါသက စာတိကော-သည်းခံတတ်သော သဘောရှိသည်၊ ဟောတိ-ဖြစ်၏။ မကောင်းတဲ့အရာတွေ အထွေထွေ အလာလာ ကြုံလာတဲ့အခါ မပယ်မမြစ်၊ မိမိအပေါ်မှာ နေစေတဲ့၊ တင်ထားတတ်တဲ့ ခန္တီလို့ ဆိုတယ်။

ပရူပဝါဒံ-သူတစ်ပါးတို့၏ ကဲ့ရဲ့စွပ်စွဲခြင်းလည်းဖြစ်သော၊ ပရာပကာရံ(ပရအပကာရံ)သူတစ်ပါးတို့၏ ကျေးဇူးမဲ့ပြုခြင်းလည်းဖြစ်သော၊ သီတုဏှာဒိဘေဒေစ-သီတ၊ ဥဏှ စသည်လည်းဖြစ်သော၊ (အာဒိသဒ္ဒါဖြင့် ယခင် ဆိုခဲ့သော ဇိဃာစ္ဆာ ပိပါသ ဍံသမကသ သရီသပ သမ္ဖဿ-ကိုယူ)ဂုဏော ပရောဓံ-(ဂုဏဥပရောဓံ)အကောင်းဂုဏ်ကို နှောင့်ယှက်ဖျက်ဆီးမှုကို၊ ခမတိ သဟတိ-သည်းခံတတ်၏။ အဓိဝါသေတိ-ပြန်၍မပြော ပြန်၍မပြုဘဲ သူတစ်ပါးက ပြောသမျှ၊ ပြုသမျှကို(အဓိ)-မိမိအပေါ်၌သာ၊ ဝါသေတိ-တည်နေစေ၏။ (မိမိကသာ အနာခံ၏ဟူလို)ဣတိ-ထို့ကြောင့်၊ ခန္တီ-ခန္တီမည်၏။ (ခန္တီပုဒ်ရင်း၊ ဆန်းကြောင့်ဒီဃ)

ဆိုခဲ့ပြီးစကားအရ ခန္တီအရ အဓိဝါသနခန္တီကို ယူရမည်ဖြစ်၏။ သူတစ်ပါးပြု ပြောသမျှတွေကို မပစ်မပယ်၊ မပြန်မလှန် မိမိအပေါ်မှာ နေစေတဲ့ သည်းခံမှုကို ခန္တီဆိုသည်၊ ဤစကားအရ ခန္တီမှာ အဓိဝါသနခန္တီကို ဆိုကြောင်း သိရပြီ၊ အဓိဝါသန ခန္တီ ယူရမည်ဆိုတော့ တခြားခန္တီ ရှိသေးလို့လား၊ ရှိပါသည်။

ဥပနိဈာယနခန္တီ-ခေါ် အာရုံ၌ ရှုဆင်ခြင်လျက် နှစ်သက်တတ်သော ဉာဏ်ကို ခန္တီဆိုရသော ခန္တီလည်းရှိ၏။ တိတိကွာဆိုတာက ထိုခန္တီကို တားမြစ်သည်။ ခန္တီ ပရမံ တပေါ က ခန္တီမှာ ဥပနိဈာနခန္တီ ခေါ်တဲ့ ရှုဆင်ခြင်လျက် နှစ်သက်တတ်သော ခန္တီမဟုတ်၊ အဓိဝါသနခန္တီ ဖြစ်သည်ဟု တိတိကွာဖြင့် သိရသည်။ အနက်ထူးသိရသော ပရိယာပုဒ်မို့ ပုနရုတ္တိဖြင့် စောဒနာဖွယ် မရှိတော့ပါပေ။

ဤသြဝါဒပါတိမောက်အရာ၌ ရှင်တော်မြတ်ဘုရား ခန္တီကို ရှေ့တန်းတင်သြဝါဒပြုသည်မှာ လွန်စွာအချက်ကျလှပါ၏။ အဘယ်ကြောင့်ဆိုသော် ခန္တီဆိုသည်မှာ အားလုံးတရားတို့၏ အခြေခံမူလ အချက်အချာကျတဲ့တရား ဖြစ်နေ၏။

သီလသမာဓိပညာနံ၊
ခန္တီပဓာန ကာရဏံ။

သဗ္ဗေပိ ကုသလာဓမ္မာ၊

ခန္ဓာ ယတ္တာဝ ဝဗ္ဗရေ။

ခန္ဓီ-သည်းခံခြင်းဆိုတဲ့ ခန္ဓီတရားသည်၊ သီလ သမာဓိ ပညာနံ-သီလ သမာဓိ ပညာ သိက္ခာတရားမှန်သမျှတို့၏၊ ပဓာနကာရဏံ-လိုရင်းကျတဲ့ ပဓာန အချုပ်အခြာအကြောင်း ဖြစ်ပါပေသတည်း။ သဗ္ဗေပိကုသလာဓမ္မာ-ကုသိုလ်တရားမှန်သမျှတို့သည်၊ ခန္ဓာ ယတ္တာဝ -ခန္ဓီနှင့်စပ်လျက် ဆက်သွယ်ရကုန်မှသာလျှင်၊ ဝဗ္ဗရေ-ဝတ္တန္တီ-အသစ်အသစ် ထဖြစ်ကြပေါ်ကြရလေကုန်သတည်း။

သည်းမခံနိုင်-ဒေါထနေသူအဖို့ ဘယ်သီလဖြစ်နိုင်ပါ့မလဲ၊ သမာဓိလည်း ဝေလာဝေး၊ ပညာလည်း ပြောစရာမရှိ၊ ခန္ဓီဖြင့် အိမ် သာနေမှ ကုသိုလ်ဧည့်ကောင်းတွေ လာကြမှာ။

ဗုဒ္ဓါ-ဘုရားရှင်တို့သည်၊ နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ ပရမံ-အမြတ်ဆုံးဟူ၍ ဝဒန္တီ-ဂုဏ်တင်မြွက်ဟ-မိန့်မြွက်တော်မူကြလေကုန်၏။ ဝါန-(တဏှာ)မှ ထွက်မြောက်သောကြောင့်၊ နိဗ္ဗာန-(နိဗ္ဗာန်)တရားသည်၊ သန္တ-ငြိမ်သက်၊ ပဏီတ-မွန်မြတ်၊ နိပုဏာ-သိမ်မွေ့၊ သိဝ-အေးမြ၊ ခေမ-ဘေးမရှိဟူသော အားလုံးသော အခြင်းအရာအားဖြင့်(ဘယ်တရားနှင့်ယှဉ်ယှဉ်) အသာဆုံးဟု ဘုရားရှင်တို့ ဟောကြသည်။

ပရူပဃာတီ-သူတစ်ပါးကို ညှဉ်းဆဲတတ်သောပုဂ္ဂိုလ်သည်၊ န ဟိ ပဗ္ဗဇိတော-ပဗ္ဗဇိတအစစ် မဖြစ်နိုင်၊ ပရံ-သူတစ်ပါးကို၊ ဝိဟဌေယန္တော-ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်သည်၊ သမဏော-သာမဏေအစစ်သည်၊ နဟောတိ-မဖြစ်နိုင်ပေ။

ဤဒေသနာအရ သူတစ်ပါးကို နှိပ်စက်တတ်သူသည် ဆိုခဲ့ပြီး ခန္ဓီပရမံဆိုတဲ့အကျင့် မရှိသောကြောင့် ပဗ္ဗဇိတ မဟုတ်နိုင်၊ ပဗ္ဗဇိတအနက်က ပဗ္ဗာဇေတိ-အကုသိုလ်တရားတို့ကို မိမိသန္တာန်မှ ထွက်သွားစေတတ်၏ဟု ဖြစ်ရာ ပရူပဃာတီ-သူတစ်ပါးနှိပ်စက်သူမှာ ထိုအနက်နှင့် မကိုက်ညီ၍ ပဗ္ဗဇိက-မဟုတ်ပါပေ။ စတုတ္ထပါဒ-န သမဏော ဟောတိ ပရံဝိဟေဌယန္တောမှာ တတိယပါဒ-န ဟိ ပဗ္ဗဇိတော ပရူပဃာတီနှင့် အနက်တူဖြစ်ရာ ၄င်းတို့နှစ်ပိုဒ်သည် ဝေဂုစ်ပရိယာယ်ဖြစ်၏။ သူတစ်ပါးကို ညှဉ်းဆဲသူသည် သမေတိ-ဒေါသစသော ကိလေသာတို့ကို ငြိမ်းစေတတ်၏ဟူသော ဝစနတ္ထနှင့် မကိုက်ညီသောကြောင့် သမဏာအစစ် မဖြစ်နိုင်တဲ့။

ပရိယာယ်စကားသုံးခြင်းဖြင့် ကိုယ်တော်၏စကား ထင်ရှားအောင် ခြယ်လှယ်မွမ်းမံခြင်းဟု ဆိုရလိမ့်မည်။ ပရိယာယ် အဖြစ်မဆိုဘဲ မုချအဖြစ်၊ တစ်နည်း အနက်ပေးလည်း ရနိုင်ကြောင်း ဋီကာများ ဖွင့်ပြကြပါသည်။ ပရူပဃာတီဌ် ပရကို ဥတ္တမ(အမြတ်ဟု အနက်ယူ၍)အနက်ပေး၊ ဤနည်းအလို-ယော စ သမဏော-အကြင်ရဟန်းသည်ကား၊ ပရံ-အခြား သတ္တဝါ ကို၊ -ဝိဟေဌယန္တော-ညှဉ်းဆဲလျက်၊ ပရူပဃာတီ-မိမိ၏မြတ်သောသီလကို ဖျက်ဆီးတတ်၏ဟု အနက်ပေး။ သော သမဏော-ထိုရဟန်းသည်၊ န ဟိ ပဗ္ဗဇိတော-ပဗ္ဗဇိတမဟုတ်။ တစ်နည်းလည်း ရှိလေသေးရဲ့၊ ပရူပဃာတီဖြင့် သူတစ်ပါး သေအောင် သတ်သူကိုယူ၍ ဝိဟေဌယန္တောဖြင့် အသေမသတ်ဘဲ ညှဉ်းဆဲရုံညှဉ်းဆဲသူ-ဟု ယူသောနည်းတည်း။

သဗ္ဗပါပသ-အလုံးစုံသော အကုသိုလ်ကို၊ အကရဏံ-မပြုမကျင့် ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ ကုသလသ-စတုဘူမကကုသိုလ်ကို၊ ဥပသမ္ပဒါ-ပြီးစေခြင်းသည်လည်းကောင်း၊ သစိတ္တပရိယောဒပနံ-မိမိစိတ်ကို ဖြူစင်စေခြင်းသည်လည်းကောင်း၊ ဧတံ-ဤ ၃-မျိုးသည်၊ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏။ သာသနံ-သုံးကြိမစေ အဆုံးအမတော်ပါပေတည်း။

သဗ္ဗပါပ-အလုံးစုံအကုသိုလ်ဆိုသည်မှာ အကုသိုလ်စိတ္တုပ္ပါဒ်တွင် ပါဝင်သော၊ အပြစ်ရှိသော တရားအားလုံးတည်း၊ ထိုတရားအားလုံးကို မိမိသန္တာန်၌ မဖြစ်အောင် ရှောင်ကြဉ်ခြင်းကို 'အကရဏံ'ဟု ဆိုသည်။

ကုသလအရ ကာမ - ရူပ - အရူပ - လောကုတ္တရာဟူသော စတုဘူမိက(ဘုံလေးပါး၌ဖြစ်သော) ကုသိုလ်ကိုယူ။ ထိုကုသိုလ်ကို မိမိသန္တာန်၌ ဖြစ်စေခြင်းကို ဥပသမ္ပဒါ ဆို၏။

စိတ်ကို ဖြူစင်စေခြင်းသည် အရဟတ္တမဂ်ကျမှ ပြီး၏။ ဦးကာ။ ထို့ကြောင့် အစွမ်းကုန်ဖြူစင်သော အရဟတ္တ ဖိုလ်ကို ရည်ရွယ်၍ သစိတ္တပရိယောဒပန် ဟု မိန့်၏။

အနုပဝါဒေါ-နှုတ်ဖြင့် မစွပ်စွဲခြင်းသည်လည်းကောင်း၊ အနုပဃာတော-ကိုယ်စိတ်တို့ဖြင့် မညှဉ်းဆဲ မနှိပ်စက်ခြင်းသည်လည်းကောင်း၊ ပါတိမောက္ခေ-ပါတိမောက္ခသီလ၌၊ သံဝရော-စောင့်စည်းခြင်းသည်လည်းကောင်း၊ ဘတ္တသ္မိ-ဆွမ်း၌ မတ္တညုတာစ-ခံယူသုံးဆောင်ခြင်း၌ အတိုင်းအရှည်ပမာဏကို သိသူ၏ အဖြစ်သည်လည်းကောင်း၊ ပန္တံ-အစွန်အဖျား ကျ၍ ဆိတ်ငြိမ်သော၊ သယနာသနံစ-အိပ်ရာနေရာကျောင်းသည်လည်းကောင်း၊ ဝါ-အိပ်ရာနေရာကျောင်း၌ ကိန်းအောင်းခြင်းသည်လည်းကောင်း၊ အဓိစိတ္တေ-ဝိပဿနာ၏ အခြေခံဖြစ်သော လွန်ကဲသော သမာပတ်စိတ်၌၊ ဝါ-မဂ်ဖိုလ်စိတ်၌၊ အာယောဂေါစ-လွန်စွာကြိုးကုတ်အားထုတ်ခြင်းသည်လည်းကောင်း၊ ဂတံ-ဤငါးမျိုးသည်၊ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ သာသနံ-သုံးကြပစေ အဆုံးအမပေတည်း။

အနုပဝါဒ-ဝါစာယ ကဿစိ အနုပဝါဒနံ=နှုတ်ဖြင့် တစ်စုံတစ်ယောက်ကိုမျှ မစွပ်စွဲခြင်းသည် အနုပဝါဒမည်၏။ အနုပဃာတ-ကာယေန မနသာစ ကဿစိ အနုပဃာတာကရဏံ-ကိုယ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း တစ်စုံ တစ်ယောက်ကိုမျှ မညှဉ်းဆဲ၊ ညှဉ်းဆဲဖို့ရန် မကြံခြင်းသည် အနုပဃာတမည်၏။

ပါတိမောက္ခေစသံဝရော၊ ပ-အတိမောက္ခ-အလွန်မြတ်သော-ဝါ-တစ်နည်း။ ပါတိသုဂတိဘယေဟိ-သုဂတိဘဝ၌ ဖြစ်တတ်သော အတ္တာနုဝါဒ စသော ဘေးတို့မှ စောင့်ရှောက်တတ်၊ မောက္ခေတိ ဒုဂ္ဂတိဘယေဟိ-ဒုဂ္ဂတိဘေးတို့မှ လွတ်စေတတ်သောကြောင့် ပါတိမောက္ခမည်သော သီလကို(ဝိနည်း ပိဋကတ်၌လာသော သီလအားလုံးကို) ပါတိမောက္ခသီလဟု ခေါ်၏။ ထိုသီလကို မလွန်ကျူးခြင်းသည် ပါတိမောက္ခသံဝရ၊ စောင့်စည်းခြင်းမည်၏။

မတ္တညုတာစ ဘတ္တသ္မိ-ဤပါဠိဖြင့် ဘောဇနေ မတ္တညုတာဟူသော စရဏ(အကျင့်)ကို ပြ၏။ လှူသောအခါ မိမိအား မျှတလောက်ရုံသာ ခံခြင်းဟူသော ပဋိဂ္ဂဟဏမတ္တညုတာ၊ သုံးဆောင်သောအခါ မိမိနှင့် သင့်တော်သော အစာကို စားခြင်းဟူသော ပရိဘောဂ မတ္တညုတာ ၂မျိုးရှိ၏။

ပန္တဉ္စ သယနာသနံ-ပန္တ-ပ+အန္တ၊ ပရိယန္တနှင့် အနက်တူပုဒ်။ ဇနသံယဉ္ဇနဝိရဟိတံ-လူအများ၏ ရှုပ်ထွေးထိပါးခြင်းမှ ကင်းသော၊ နိဒ္ဒုနသမ္မာဓံ-လူအပေါင်းဖြင့် ကျဉ်းမြောင်းခြင်းမရှိသော၊ ဝိဝိတ္တသေနာသနံ-လူတို့မှ ဆိတ်ငြိမ်သောကျောင်း၊ ထိုကျောင်းမျိုး၌ နေခြင်းဟူလို။

မတ္တညုတာစ ဘတ္တသ္မိ သယနာသနံ-ဆွမ်း၊ ကျောင်းဟူသော ပစ္စည်း ၂-ပါး၌ သန္တောသ-(တင်းတိမ်ရောင့်ရဲမှု) အကျင့်ကိုပြ၏။ ထို ၂-ပါး၌ တင်းတိမ်ရောင့်ရဲမှုကို တိုက်ရိုက်ပြသဖြင့် သင်္ကန်း၊ ဆေး ဟူသော အခြား ၂-ပါး၌ သန္တောသ ဖြစ်ပုံကိုလည်း (သန္တောသ လက္ခဏာချင်း တူသောကြောင့် ဥပလက္ခဏနည်း၊ လက္ခဏာဟာရ နေတွိနည်းအားဖြင့် ယူပြီးဖြစ်တော့သည်။)

အဓိစိတ္တေ စ အာယောဂေါ-ဝိပဿနာပါဒက် အဋ္ဌသမာပတ္တိ စိတ္တံ(ဈာန်သမာပတ်ကို အခြေခံ၍ ဝိပဿနာအားထုတ် ရာ၌) ဝိပဿနာ၏ အခြေခံဖြစ်သော သမာပတ် ၈-ပါး စိတ်သည် အဓိစိတ္တ(လွန်ကဲသောစိတ်) တတော ပိ စ မဂ္ဂဖလ စိတ္တမေဝ အဓိစိတ္တံ-ထိုသမာပတ် အဓိစိတ္တထက် မဂ်ဖိုလ်စိတ်သာ အဓိစိတ္တ(လွန်ကဲသောစိတ်)၊ ထိုအဓိစိတ္တ၌ အားထုတ်ခြင်း။ အနုပဝဒန၊ အနုဃာတန၊ ပါတိမောက္ခသံဝရ၊ ပန္တ သေနာသန သေဝန-အဓိစိတ္တာနုယောဂ-ဤငါးပါးလည်း ဘုရားရှင် တို့၏ ဩဝါဒတော်တည်း။

ယခု ပြောခဲ့တာက ဩဝါဒပါတိမောက်။ ဝိပဿီ စသော ဘုရားရှင်တွေ-သိက္ခာပုဒ်မပညတ်ကြ၊ ပါတိမောက်မပြကြ၊ ဒါ့ကြောင့် သာသနာကြာရှည်မတည်ဆိုရာ၌ ပါတိမောက်မပြကြဆိုသည်မှာ ဩဝါဒပါတိမောက်ကို ဆိုလို၏။

အားလုံးညီညွတ်သင့်မြတ်စွာ ပါတိမောက်ပြခြင်း၊ သိက္ခာပုဒ်တွေ ကျင့်ကြံခြင်းမှာ သာသနာအရှည်တည်တဲ့ခြင်း

ဖြစ်သည်ကို သိဖို့ရာ သိက္ခာပုဒ် ပညတ်ခြင်းကြောင့် ရရှိခဲ့သော အကျိုးထူး ဝိသေသ ၁၀-ပါးကိုလည်း သိသင့်ပါသေး၏။

၁။ သံဃ သုဋ္ဌုတာယ-သံဃာတော်၏ ကောင်းပါပြီဘုရားဟု စကားတော်ကို လက်ခံခြင်းအကျိုးငှာ···။

ဘုရားရှင်သည် ကိုယ်တော်မြတ်၏ တန်ခိုးအား အခြံအရံအားဖြင့် အသုံးပြု၍ ငါ့စကားနားထောင်ရမည်ဟု အတင်းအကျပ် ပညတ်တော်မူခဲ့သည်မဟုတ်၊ သိက္ခာပုဒ်လက်မခံလျှင် ယခုပစ္စုပ္ပန်၊ နောင်သံသရာ၌ မည်ကဲ့သို့ အပြစ်ရကြလိမ့်မည်ဟူ၍ အကျိုးအပြစ်တို့ကို ပြတော်မူပြီးနောက်မှ ပညတ်ခြင်းဖြစ်ရာ သံဃာတော်များက ကောင်းစွာလက်ခံကျင့်ကြံတော်မူခဲ့ကြ၏။

၂။ သံဃဖာသုတာယ-သံဃာတော်၏ ကျရိယာပုတ်လေးဖြာ ချမ်းသာသည်၏ အဖြစ်အကျိုးငှာ···။

သိက္ခာပုဒ်တွေကျင့်ကာ အတူတကွ အသက်မွေးနေကြသည်ကို သံဃာ၏ ကျရိယာပုတ်လေးဖြာ ချမ်းသာခြင်းအကျိုးငှာ ဆိုပါသည်။

၃။ ဒုမ္မင်္ကုပုဂ္ဂလာနံ နိဂ္ဂဟာယ-မျက်နှာမလှ အရှိန်အဝါ မရှိကြကုန်သော ဒုဿီလပုဂ္ဂိုလ်တို့ကို နှိပ်ခြင်းငှာ။

သိက္ခာပုဒ်တွေမရှိလျှင် အရှင်ဘုရားတို့ ဘာမြင်သလဲ၊ ဘာကြားသလဲ၊ တပည့်တော်ဘာလုပ်သလဲ၊ ဘယ်ဝတ္ထုအကြောင်းဖြင့် ဘာအာပတ်တင်ပြီး တပည့်တော်ကို နှိပ်ကြသလဲ။ ဤသို့ ပြောဆို၍ သံဃာကို ညှဉ်းဆဲလတ္တံ့၊ သိက္ခာပုဒ်ရှိတော့ ဒုဿီလတို့ကို သံဃာက သိက္ခာပုဒ်ပြလျက် ဓမ္မဝိနယ သတ္ထုသာသနပြု နှိပ်ကွပ်နိုင်ကြလိမ့်မည်၊ ဤသို့ဖြင့် ဒုဿီလတွေ၏ အနှောင့်အယှက်မခံရ၊ သာသနာအရှည်တည်သွားလိမ့်မည်။

၄။ ပေသလာနံ ဘိက္ခူနံ ဖာသု ဝိဟာရာယ-သီလချစ်မြတ်နိုးကုန်သော လဇ္ဇီရဟန်းတို့၏ ချမ်းသာစွာနေရခြင်းအကျိုးငှာ-

ချမ်းသာစွာနေရခြင်းဆိုသည်မှာ သိက္ခာပုဒ်ကျင့်ဖို့ရာ၊ အားထုတ်ရာ၌ ကိုယ်စိတ်နှစ်ပါး၏ ချမ်းသာခြင်းကို ဆိုလို၏။ သိက္ခာပုဒ်တွေမရှိလျှင် သီလချစ်မြတ်နိုးသူ ရဟန်းတို့မှာ ပြုသင့်မပြုသင့်၊ အပြစ်ရှိ မရှိသော စည်းကမ်းအပိုင်းအခြားကို မသိကြကုန်၍ သိက္ခာသုံးပါးပြည့်စုံအောင် အားထုတ်ရေးတွင် ပင်ပန်းကြရ၊ သံသယဖြစ်ကြရ၏။ သိက္ခာပုဒ်တွေ ရှိနေက ဆိုခဲ့ပြီးသော အချက်အလက်တို့၌ မဆင်းရဲရ၊ မပင်ပန်းရ၊ ချမ်းသာစွာ ကျင့်ကြံကြရ၊ ထို့ကြောင့် သိက္ခာပုဒ် ပညတ်ခြင်းသည် ချမ်းသာစွာ နေရခြင်းငှာ ဖြစ်ရတော့သည်။

၅။ ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရာယ-မျက်မှောက်ဘဝ၌ ဖြစ်ပေါ်လာမည့် ဘေးရန်တို့ကို စောင့်စည်းတားမြစ်ခြင်းငှာ။

ဝိနည်းပညတ်တော်မရှိလျှင် မေထုန်မှု၊ အဒိန္နာဒါန်အမှု စသည်တို့ကို ပြုကြလိမ့်မည်။ ထိုသို့ပြုမူကြောင့် ယခုဘဝ၌ပင် လက်နက်စသည်ဖြင့် အနှိပ်စက်ခံရခြင်း၊ အကျော်အစောမဲ့၊ အခွေအရံမဲ့၊ နှလုံးမသာ စသော ဘေးရန်များဖြစ်နိုင်ရာ သိက္ခာပုဒ်ပညတ်ခြင်းဖြင့် ထိုဘေးများ ကင်းကွာ ချမ်းသာရတော့သည်။

၆။ သမ္မာယိကာနံ အာသဝါနံ ပဋိဃာတာယ-တမလွန်ဘဝ၌ဖြစ်ကုန်သော ပြုခဲ့သော မကောင်းမှုကံအားလျော်စွာ ဖြစ်ပေါ်လာကုန်သော ဘေးရန်တို့ကို ပယ်ဖျောက်ခြင်းငှာ။

တမလွန်ဘဝ၌ဖြစ်သော ဘေးရန်ဆိုသည်မှာ အပြစ်ကျူးလွန်သော ရဟန်း၏ တမလွန်ဘဝငရဲစသည်၌ ခံရမည့်ဆင်းရဲအထူးများပင်၊ သိက္ခာပုဒ်တွေ ပညတ်ထားခြင်းဖြင့် ရဟန်းတွေ မကျူးလွန်ကြ၊ ထိုဒုက္ခတွေ လွတ်ခြင်းအကျိုးတော့ရှိ၏။

၇။ အပ္ပသန္နာနံ ပသာဒါယ-မကြည်ညိုသေးသော ပုဂ္ဂိုလ်တို့ ကြည်ညိုစေခြင်းငှာ···။

သိက္ခာပုဒ်ပညတ်မှုရှိနေတော့ သာသနာမကြည်ညိုကြသေးသော ပဏ္ဍိတပုဂ္ဂိုလ်တို့ပင် သိက္ခာပုဒ်ပညတ်တော်ကို သိသော်လည်းကောင်း၊ပညတ်တော်အတိုင်း ကျင့်နေကြသော ရဟန်းတို့ကို မြင်ရသော်လည်းကောင်း၊ လောကမှာ လူအများ

၏ နှစ်သက်မက်မောဖွယ်၊ စိတ်ဆိုးဖွယ်၊ တွေဝေဖွယ်ရာတို့မှ ဤအရှင်တို့သည် ဝေးဝေးရှောင်နိုင်ကြပါဘိ၏။ ပြုနိုင်ခဲကျင့်နိုင်ခဲသောအမှုကို ပြုကျင့်နိုင်ကြပါပေစ၊ ဝန်လေးဖွယ်အမှုပြုနိုင်ကြပါပေစွဟု ကြည်ညိုခြင်းသို့ ရောက်လာကြကုန်၏။ မိစ္ဆာဒိဋ္ဌိဝေဒပညာတတ် ဗြာဟ္မဏာတစ်ဦး ဝိနည်းပိဋကတ်စာအုပ်တွေ့ရသော် ကြည်ညိုလာသကဲ့သို့တည်း။ ဒကာ ဒကာမ ကြည်ညိုမှု သာသနာ့တာဝန် ထမ်းဆောင်နိုင်ကြမည်ဖြစ်ရာ ဤအကျိုးမှာသာသနာအရှည်တည်ရေး၌ အရေးကြီးသော အကျိုး တစ်ရပ်ပင် ဖြစ်တော့သည်။

၈။ ပသန္နာနံ ဘိယျောဘာဝါယ-ကြည်ညိုပြီးသော ပုဂ္ဂိုလ်တို့၏ အကြည်ညိုတရား တိုးပွားစေခြင်းငှာ···။

သာသနာကြည်ညိုပြီး အမျိုးသား အမျိုးသမီးတို့သည်လည်း သိက္ခာပုဒ်ပညတ်တော်တွေသိရ၊ ပညတ်တော်အတိုင်း ကျင့်ကြသော ရဟန်းတော်တွေကို မြင်ရသော် သြော်···အရှင်မြတ်တို့သည် ခဲယဉ်းသောအကျင့် ကျင့်နိုင်ကြပါပေစွ၊ အသက်ထက်ဆုံး တစ်ထပ်သာစား လျက် ဗြဟ္မစရိယ-ဝိနည်းစောင့်စည်းမှုကြီး စောင့်စည်းတော်မူနိုင်ကြပါပေစွဟု တိုးကာတိုးကာ ကြည်ညိုလာကြကုန်၏။ ဤလည်း အရေးကြီးသော သာသနာအသက်အရှည်တည်ရေးအကြောင်း တစ်ရပ်ပါပေတည်း။

၉။ သဒ္ဓမ္မဋ္ဌိတိယာ-သဒ္ဓမ္မသုံးဖြာ သာသနာတော် အရှည်တည်ခြင်းငှာ ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ အဓိကမသဒ္ဓမ္မ(အဓိဂမကို ပဋိဝေဓဟုလည်း ဆိုရ၏။) သဒ္ဓမ္မ ၃-ပါး၊ ၃-ပုံပဋိဋ္ဌကတ် ဘုရားမြတ်စကားတရားတော်တို့ကို ပရိယတ္တိသဒ္ဓမ္မဆိုရ၏။ ဓုတင်ကျင့်ဝတ်တို့နှင့် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ ၃-ပါးအကျင့်တရားကို ပဋိပတ္တိသဒ္ဓမ္မဆိုရ၏။ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်တရားတို့ကို အဓိဂမသဒ္ဓမ္မဆိုရ၏။ သိက္ခာပုဒ်ပညတ်တွေရှိနေလျှင် ရဟန်းတို့သည် ထိုသိက္ခာပုဒ်၊ ၄င်း၏ဝိဘင်း၊ တခြားဘုရားစကားတော်တွေ သင်ကြ၏။ ပညတ်တော်မူအတိုင်းကျင့်ကြ၍ ပဋိပတ္တိဖြင့် ရအပ်သော ကိုးပါးသော လောကုတ္တရာတရား ရကြတော့၏။ ဤသို့အားဖြင့် သိက္ခာပုဒ်ပညတ်ရှိခြင်းကြောင့် သာသနာသုံးဝ၊ အဓိဂမသုံးဖြာ ကြာမြင့်စွာ တည်တော့သည်။

၁၀။ ဝိနယာနုဂ္ဂဟာယ-သံဝရ စသော ဝိနည်းတို့ကို ချီးမြှောက်ခြင်းငှာ။

သိက္ခာပုဒ်ပညတ်ခြင်းရှိသော် သံဝရစသော ဝိနည်းတရားတို့ကို ချီးမြှောက်ထောက်ပံ့အပ်သည်မည်တော့သည်။ သိက္ခာပုဒ်ပညတ်ခြင်းရှိမှ သိက္ခာပုဒ်ပါဠိတော် ရှိသင့်သောကြောင့် ပညတ်အပ်သော သိက္ခာပုဒ်ခေါ် ဝိနည်းတော်ကိုလည်း သိက္ခာပုဒ်ပညတ်ခြင်းဖြင့် ချီးမြှောက်အပ်ရာရောက်သည်။ သံဝရ စသော ဝိနည်းဟူရာ၌ သီလ သတိ ဉာဏ ခန္တီ ဝီရိယ ဟူသော သံဝရငါးပါးကိုပင် သံဝရဝိနည်းဆိုသည်။ တဒင်္ဂစသော ပဟာန်ငါးပါးကို ပဟာနဝိနည်းဆိုသည်။ အဓိကရဏ သမထ ၇-ပါးကို သမထနည်းဆိုသည်။ သိက္ခာပုဒ်ကို ပညတ္တိဝိနယဆိုသည်၊ ဝိနယာ နုဂ္ဂဟာယ၌ ယူရမည့် ဝိနယ ၅-ပါး။

သံဃာတော်၏ ကောင်းပါပြီဟု လက်ခံခြင်း သံဃသုဋ္ဌုဖြင့် သံဃဖာသု-သံဃာတော်၏ ချမ်းသာစွာနေရခြင်း ဖြစ်၏။ သံဃာဖာသုကြောင့် ဒုမ္မင်္ကံနိဂ္ဂဟ ဒုဿီလတို့ကို နှိမ်နင်းခြင်းဖြစ်သည် စသည်ဖြင့် အချင်းချင်းဆက်ကာ ကြောင်းကျိုး အဖြစ်ဖြင့် ယူလေဦး···။

ဆိုခဲ့ပြီး သိက္ခာပုဒ်ပညတ်ခြင်းကြောင့် ရသောအကျိုး ၁၀-ပါး တရားထူးတို့ကို တွေ့ရလျှင် ပါတိမောက်ပြခြင်း၊ သိက္ခာပုဒ်တွေကိုသိခြင်း၊ ကျင့်ခြင်းသည် သာသနာအရှည်တည်ရေး၌ မည်မျှအရေးပါ အရာရောက်သည်ကို သိနိုင်ကြပါပေသည်။

အပွမာဒေန သမ္မာဒေထ
သတိရှိကြစေ-မမေ့ကြပါနှင့်။
သပြေကန်ဆရာတော်။

အရှင်ထေရဝံသ



ကလျာဏမိတ် ပဏ္ဍိတဘွဲ့ စု မြှုံဂုရုတည့်

အရှင်သုဂတာနန္ဒ

ဘဝသမိုက်၊ ခဏ္ဍိလျှင်၊ ကြုံကြိုက်ခဲစွာ
ကလျာဏမိတ်၊ ပဏ္ဍိတ်ဘွဲ့စု၊ မြှုံဂုရုတည့်။
ကျေးဇူးဖြုံကြဲ၊ ဂုဏ်နုံကဲရှင့်၊
ခပဲ ရှင်လူ သုတယူတို့၊ ကြည်ဖြူဆည်းကပ်၊
ဆရာမြတ်၏၊ ဂုဏ်ဓာတ် သွန်ဖြိုး၊
ကျွန်ထိပ်မိုးသည်၊ ရှိခိုးမပြတ်၊
မပြတ်နေ့စဉ်သောဝ် ...။
ဤကဗျာကို ဆရာတော်ကြီးအား အာရုံယူ ပူဇော်နိုင်ရန် အမြဲ ရွတ်ဖတ်ပါသည်။ တစ်နေ့ တစ်ကြိမ် အမြဲတမ်း ဂုဏ်တော်ရည်မှန်း ပူဇော်ပန်း ဆက်သပါသည်။

ကြောင့်သာ နိုင်ငံတော်အတွက် သြဝါဒများပေးနိုင်သူ ဆရာတစ်ဆူ ဖြစ်တော်မူ၏၊ နေရာတကာမှာ ဆရာတော်ဘုရားကြီး၏ ဂါထာ,ပဒတစ်ခု တွင်ကျယ် ရေပန်းစားနေသည်မှာ ထက်အောက် နိုင်ငံအနှံ့ပင် ဖြစ်လေသည်၊ အနှံ့အပြား စိမ့်ဝင်သောကြောင့်လည်း သူတော်ကောင်းတို့၏ နှုတ်ဖျားတွင် စကြံသွားနေခြင်းဖြစ်၏၊ ၄င်းကား ''မေတ္တာနိသာကရော-လရောင်တော် ရစနာဂါထာပင်တည်း၊ ဆရာတော်သည် တာရှည်ခံသော စာကိုသာ ရေးသားတော်မူ၏၊ ဆရာတော် ရေးသားခဲ့သော စာတို,ပေစတိုင်း မက်မောစွာ လိုက်ရှာနေကြရသော ရတနာများကဲ့သို့သာ ဖြစ်ပါသည်၊ သြဝါဒများများ မပေးဘဲ ဆိတ်ဆိတ်နေတော်မူသည်သာ များပါသည်။

ဆရာတော်၏ နိဝါတ နိမာန ဂုဏ်ရိုကြောင်းကို အများသိပြီးဖြစ်၏၊ ရှေးက လွန်တော်မူသော ပါရမီတော်ခန်း ပို့ဆိုကာ,ဗြဟ္မနိရုတ္တိနယ သင်္ဂဟခေါ် မြန်မာစကားလုံးပြောင်းထုံးကျမ်းကြီးများကို တစ်ပါးတည်း ပြုစုတော်မူသော ပုဇွန်တောင် ရွှေကျင်ကျောင်းဆရာတော် အရှင်ကောသလ္လ၊ ဘီအေ-ရန်ကုန်၊ ဘီအေဂုဏ်ထူး(လန်ဒန်)၏ သံယုတ္တနိကာယ် အင်္ဂလိပ်သို့ ပြန်ဆို စာမူကို စာရေးသူအား ခေါ်၍ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အရှင်သေဋ္ဌလ ဆရာတော်ထံ သွားရောက်အပ်နှံကြပါသည်၊ ဆရာတော်လည်း ကော်ဇော ပေါ်မှာပင် ကြံ့ရုံထိုင်၍ အဂိုအသေပေးကာ နေ၏ ၊ ''စာမူတွေကတော့ ရေးကြတာပဲ၊ စာမူကောင်းရင် ရွေးယူကြမှာပါ''ဟု အမိန့်ရှိလေသည်၊ ဆရာတော်လည်း ဆိတ်ဆိတ်ပင် နေတော်မူ၍ ပြန်လာခဲ့ကြပါသည်။ ၄င်းစာမူကို ဆရာတော်သုံးသပ်တော်မူပြီး ဖြစ်ကြောင်း စာရေးသူတို့ သိထားပါသည်။

''အည်း ဆရာတော်က ခဲရာ ခဲဆစ်တွေ ပြန်ထားတာပဲ''ဟုမိမိတို့အား မိန့်ကြားဖူးပါသည်၊ လွန်လေပြီးသော ရွှေကျင်ဆရာတော်မှာ သပြေကန်ဆရာတော်အောက်(၈)ဝါမျှ ငယ်တော်မူပါသည်၊ သပြေကန်ဆရာတော်ကို အလွန်မြတ်နိုးကြည်ညိုတော်မူပါသည်။ စာရေးသူ၏ ရဟန်းအဖြစ်ကို

စာရေးသူသည် ကြုံကြိုက်ခဲလှစွာသော ဥပသမ္ပဒါ စရိယ, ဓမ္မာစရိယ, ပဓာနနာယက, အာရာမိဿရ အဖြစ် ဆုံတွေ့ခဲ့ရသော ဆရာတော်ကြီးအား ဘုရားဝတ်တက်ရာဝယ် အနားမှာ အမြဲရှိနေသည်ဟု အထင်ရှိနေပါသည်။

မိမိဘဝတာတွင် သပ္ပုရိသ,ကလျာဏမိတ္တအဖြစ် ချဉ်းကပ်ပူဇော်ခွင့်ရခဲ့ပါသည်။ ဆရာတော်ကြီး ပြောဆိုမိန့်ကြားသော စကားများသည် မိမိအကျိုးငှာသာ ဖြစ်ပါပေသည်။ အိပ်မက်ထဲတွင် တစ်ခါတစ်ရံတွေ့ရလျှင်ပင် များစွာအကျိုးဖြစ်ထွန်းမှု တွေ့ရှိခံစားရပါသည်။

တစ်ခါက ဆရာတော်မေးဖူးပါသည်၊

''ဦးသုဂတာ နဒ္ဒ စာမရေးဘူးလား''ဟု အမိန့်ရှိပါသည်၊ ထိုအခါ မိမိမှာ ဘာကို ရေးရပါအံ့နည်းဟု ကိုယ့်ကိုယ့်ကို ပြန်မေးပါသည်၊ အဖြေမထွက်ပေ၊ ယခုအခါ ဤမှု မိမိ စာရေးနေရပြီ၊ ရေးစရာလည်း အများကြီးပင် ရှိနေခဲ့ပါပြီ။

ဆရာတော်အား သက္ကတနှင့်ဆိုင်ရာ တစ်လုံးနှစ်လုံး လျှောက်ထားတင်ပြမိရာ ဆရာတော်က ''မိမိတို့ ဘာသာရပ်ကို ကျွမ်းကျင်အောင် လေ့လာစမ်းပါ''ဟု အမိန့်ရှိပါလေသည်၊ ထို အခါက စိတ်တွင် အားမလို အားမရဖြစ်မိပါ၏၊ မကြာပါ ပါဠိဘာသာရပ်အတွက် အဘိဓာန်စာအုပ်များကို ကောက်ကိုင်လိုက်ရုံနှင့် ခက်ခဲသော ဘာသန္တရမှာ ပါဠိဠီ နွယ်သည်၊ ပါဠိမှလာသည်၊ အတူတူဖြစ်နေသည်ကို ချည်း တွေ့ရပါသည်၊ ဆရာတော်ကြီး၏ ဂုဏ်ကား အနန္တ ဖြစ်၏။

အခါတစ်ပါး ဆရာတော်ကြီးနှင့် အတူတူ ကားစီး၍ တိုက်ကြီးတစ်ခု၏အမြင့်တွင် မိမိအား တင်ထားခဲ့သည်ဟု အိပ်မက်မြင်ပါလေသည်၊ မကြာတင်သော အချိန်မှာ ဆရာတော်၏ ကျေးဇူးမကင်းသော စာရေးသူအဖို့ ဂုဏ်သတင်းကောင်း တစ်ခုကို လက်ခံရရှိလေသည်။

မြန်မာပြည်၏ ရဋ္ဌဂုရုဘွဲ့ခံ ဆရာတော်ဖြစ်သော

ချီးမြှောက်ကြသော ဆရာတော်များလည်း ဖြစ်ပါကုန်၏။

စာရေးသူတို့ အရပ်သို့ ပြန်၍ အရပ်ဆရာတော်ကြီးအား လုပ်ကျွေး အကူအညီပေး သာသနာပြုနေစဉ် ရန်ကုန်ပုဇွန်တောင် ရွှေကျင်ကျောင်းသို့ တစ်ကြိမ်သွားရောက်ကာ အဖူးအမြော် ရောက်နေခိုက် တစ်နေ့ စာရေးသူ ဖျားပါတော့သည်၊ တစ်ရက်ခန့်နှင့် အဖျားကား ပျောက်၏၊ စိတ်လက်မခွင်ပျသေး၊ဆရာတော်ခေါ်၍ ရေနွေးကြမ်းဝိုင်းတွင် ဝင်ထိုင်စေကာ မေးမြန်းပြောဆိုနေခိုက် မိမိ သတိမထားမိလိုက်သော အကြောင်းအရာတစ်ခုကို အဖြေမပေးနိုင်ဘဲ တွေဝေနေရာ "အင်း ဘဝင်ချုပ်နေသည်"ဟူသော စကားတစ်ခွန်းကို အမိန့်ရှိတော်မူပါသည်၊ (ဘဝင်စိတ် များနေ၏ဟူ) ချက်ခြင်းပြန်၍ သတိထားမိပေသည်၊ ထိုအခါမှ မိမိတို့ "နောက်ကြ" အောင် စာမေးစာဖြေခဲ့သော ဘဝင်စိတ် ဇောစိတ်ဟူသည်မှာ ဤအရာပါလား၊ စာအုပ်ထဲမှာ မဟုတ်ပါလား'ဟု တွေးမိတော့သည်။

ထိုအခါမှစ၍ တရားထိုင် နေစဉ်မှာလည်း စိတ်တို့၏ အမူအကျင့်များကို လေ့လာလိုစိတ်ရောက်ကာ ဝသီပါလာတော့သည်။ ဆရာတော်၏ **အာဒေသနာပြာဋိဟာသည် မိမိအား အုပ်ချုပ်လွှမ်းနိုင်ပါပေသည်ဟူ၍ အမြဲအောက်မေ့သတိရမိနေပါသည်၊ မိမိကိုသာ မဟုတ်ပါ၊ ကြားမြင်သူတိုင်းကို လွှမ်းမိုးနိုင်ပါလိမ့်မည်။**

စာရေးသူ ငယ်စဉ်-၁၄-နှစ်သား ကိုရင်ဝတ်စအရွယ်တွင် မာန်အောင် ဆင်နားချောင် ဆရာတော်ကြီးကျောင်း၌ ဓာတ်ပုံငယ်တစ်ခုကို လူမြင်ကွင်း နေရာတွင် ချိတ်ဆွဲထားသည်ကို တွေ့ရပါသည်၊ အောက်နားက "ဦးဝါသေဋ္ဌ သပြေကန် ဝိနည်းဂါးကျမ်းပြန်"ဟု ကမ္ဘည်းထိုးထားပါ၏၊ မျက်လုံးတော်ကား သူတပါးတို့ထက် ထူးကဲနေပါသည်၊ မေ့ပျောက်သည် မရှိတော့၊ အသက်(၁၈)နှစ်အရွယ်တွင် ရန်ကုန် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်သို့ မိမိတို့ စာသင်ရန် ရောက်ရှိ၍ ထိုနှစ် တန်ဆောင်မုန်းလတွင် သပြေကန် စာပြန်ပွဲကို သွားကြပါသည်၊ ကန်တော့ဖူးတွေ့ရသည်မှာ တစ်ပါးတည်း သီတင်းသုံးတော်မူသည့် ရတနာ

ဆရာတော်၏ **အာဒေသနာပြာဋိဟာသည်**
မိမိအား အုပ်ချုပ်လွှမ်းနိုင်ပါပေသည်ဟူ၍
အမြဲအောက်မေ့ သတိရမိနေပါသည်၊
မိမိကိုသာ မဟုတ်ပါ၊ ကြားမြင်သူတိုင်းကို လွှမ်းမိုးနိုင်ပါလိမ့်မည်။

ဗိမာန်ကျောင်းတွင် ဖြစ်ပါသည်၊ အနီးကပ် ဖူးတွေ့ခွင့်ရပါတော့သည်။

စာရေးသူ ရဟန်းအဖြစ်သို့ ရောက်စဉ်မှာလည်း ဆရာတော်နှင့်တကွ သိမ်ကျောင်းဆရာတော်, ကွမ်းခြံကုန်း သဒ္ဓမ္မဇောတိကာရုံဆရာတော် ,မာန်အောင် ဆင်နားချောင် ဆရာတော်, ဆရာတော်၏ ညီတော် အရှင်အရိယထေရ် (သပြေကန် ဆရာတော်ဦးမုနိန္ဒကိုယ်စား)ဟု ဆိုအပ်သော သပြေကန် ဓမ္မိကာရာမတိုက်ထွက် ဆရာတော်များ၏ ချီးမြှောက်ခြင်းကို ခံယူရသဖြင့်လည်းကောင်း ငယ်ငယ်က မှတ်မိခဲ့သော ဆရာတော်များကို ဆုံရသဖြင့်လည်းကောင်း ဒုလ္လဘအဖြစ် အထူးပင် ဂုဏ်ယူမိရပါတော့သည်။

ဆင်နားချောင် ဆရာတော် သဒ္ဒါစာဝါ ပို့ချစဉ် သပြေကန် သဒ္ဒါကြီး နိဿယကို တစ်ကိုင်ကိုင်ဖြင့် ဆရာတော်ကြီးဂုဏ်ကို ဖော်ကျူး ပြောဆိုလေ့ရှိပါသည်၊ နိဿယကိုကြည့်၍ စာပို့ချခြင်း မဟုတ်ပါ၊ အကြောင်းသင့်၍ စာအုပ်ကို ကိုင်ပြခြင်းသာ ဖြစ်ပါသည်၊ ပရိတ်ကြီး နိဿယ

တစားပင် စာရေးသည်မှာ ဆရာတော်အမည်တတ်၍ ရေးတော်မူလေရာ ကြောချမ်းဖွယ်ပင် ကောင်းပါတော့သည်။ ၁၃၅၆-ခုနှစ်ကျမှ ရပ်ဆိုင်းသွားပြန်ပါသည်၊ "ရဟ္ဟဂုဏ်နှင့် တွဲဖက် ရွှေကျင်သာသနာပိုင်" ဂုဏ်ပြုပွဲကား ၁၃၅၅-ခုနှစ် ပျံလွန်တော်မူ ပူဇော်ပွဲကား ၁၃၅၆-ခုနှစ်။

တို့ ခုနှစ်မှစ၍ ရွှေကျင်ဆရာတော်(၂)ပါး၏ ခြေတော်ရင်း၌ အတူနေလာခဲ့သော ယခု ရွှေကျင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်နှင့် ဆက်သွယ်ရေးသားရပြန်ပါသည်၊ ယခုဆရာတော်မှာ သပြေကန်ဆရာတော်ကြီးအား (၁၇)နှစ်တိုင်တိုင် အနီးနေ လုပ်ကျွေး ဩဝါဒခံ နီသရည်း ရလိုက်သော ဆရာတော်ပါတည်း။

ရှေးကာလများတွင်သာ စာနှင့်ပေနှင့် ဆက်သွယ်အကြောင်းကြား တောင်းယူပါသည်၊ နောက်ကာလများတွင်မူ "ကလင် ကလင် ဟဲလို" ကိုသာ ယခုတိုင် အကြောင်းအား ဖြင့် ဆက်သွယ်ရေး ပြုကြပါသည်။

စကားကျန်နေပါသေး၏သည်၊ ရွှေကျင်ကျောင်း သပြေကန်ဆရာတော်ဘုရားအား "ဟိတောပဒေသနီသယ" များ ရှိပါသလား ဘုရားဟု လျှောက်ထားမိရာ "အေး ရတန် ကောင်းပါတယ်၊ နောက်မှ ရှာပေးမယ်" ဟု အမိန့်ရှိ၍ မကြာမီ ရက်အတွင်း ကဒ်ထူဗလာစာအုပ်တစ်အုပ် ထုတ်ပေးကာ "ကျက်လည်းကျက် ရေးလည်းရေးလေ" ဟု အမိန့်ရှိပါလေသည်၊ "စာအုပ်ကိုတော့ စိတ်ချရသော လူကြုံနှင့်သာ ပြန်ပို့လေ" ဟု ပြောပါသည်။ စာအုပ် နီဒါန်း နေရာတွင် အာဘယာရာမဆရာတော် ချုနက် နီသယကို ဆရာတော်ပို့ချသဖြင့် ကူးယူထားလိုက်သည်၊ ဦးဝိစက္ခဏ သပြေကန်ဟုလည်း မှတ်ထားပါသည်။ စာရေးသူသည် စာမျက်နှာ(၈၀)ရှိ စာအုပ်(၇)အုပ်ကုန်အောင် (၂)လ ရေးရပါသည်။ (ဦးဝိစက္ခဏ စာအုပ်ကို ယူပေးဟန် ရှိပါသည်)

နီသယစာမူ၏ သမိုင်းမှတ်တမ်းကိုသာ ပြုပါတော့မည်၊ ဤမှတ်တမ်းဖြင့် ဆရာစဉ်ဆက် ဆင်းသက်လာပုံကို သိသာပါလိမ့်မည်။

ဆရာတော်၏ ဂုဏ်ကိုလည်း ထုတ်ဖော်မြွက်ကြားလေ့ ရှိပါသည်။ ဤဆရာတော် လက်စွဲပြုသော စာအုပ်ကား စာသင်သားဘဝက ကိုင်လာသော ဝိသုဒ္ဓါရုံ သုတ်နှက် စာအုပ်ငယ် ဖြစ်ပါသည်၊ မိမိတို့ကို ပို့ချသော အချိန်တွင် အနားက မြည့်မြည့်ရှိနေပါသည်။

ဤစာအုပ်ငယ်ကို -၁၃၄၀-ခုနှစ်မှ စ၍ စာရေးသူက ဆက်ခံကာ ရဟန်းငယ် ရှင်သာမဏေငယ်များကို ပို့ချခဲ့ပြန်ရာ ၁၃၅၅-ခုနှစ်တွင် ကြောင်ငယ် တစ်စုက ဆုတ်ဖြဲဆော့ကစား အညစ်အကြေး စွန့်သွားလေမှ စာအုပ်ငယ် အလုပ် ရပ်နားသွားရပါတော့သည်။ ကိုယ့်အတွက်မှာမူ "မိမိပေါ့ဆမှု အမည်းစက်ကြီးပါပေ" ဟု ယူကြုံးမရ ရှိ၏။

ဆင်နားချောင် ဆရာတော်က အရိုအသေ ပေးသော အားဖြင့်လည်းကောင်း၊ လေးစားအားကိုးသော အားဖြင့်လည်းကောင်း ဝိနည်းကိစ္စကြုံတိုင်း အလိုရှိတိုင်း စာရေးအကြောင်းကြားလေ့ရှိပါသည်၊ သပြေကန် ဓမ္မိကာရာမ၊ ပုဇွန် တောင် ရွှေကျင်ကျောင်း နှစ်ဌာနတို့မှ ကာလကြာမြင့်စွာ ပေးပို့ခဲ့သော ဝိနည်းအဆုံးအဖြတ်နှင့်တကွ မော်ကွန်းကဗျာ, တရားစာ,စာတို စာစများ, အစုလိုက် ရှိနေပါသည်၊ ထားခဲ့သည်တို့ကို တွေ့ရပါသည်။

စာရေးသူ မာန်အောင် ပြန်ရောက်စဉ်က ယဉ်ကျေးမှုအဖွဲများ ဖွဲ့ပေး၍ ဆောင်ရွက်၏၊ ဗုဒ္ဓဂုဏ်တော်အဖွဲ့, ဓမ္မဂုဏ်တော်အဖွဲ့, သံဃာ့ဂုဏ်တော်အဖွဲ့, မင်္ဂလာဓမ္မအဖွဲ့ ဓမ္မစကြာအဖွဲ့ကြီး အဖွဲ့ငယ်တို့ကို မကြာမကြာ ပြုလုပ်ပေးပါသည်၊ ၄င်းစာ,ကဗျာတို့မှာ ဆရာတော်၏ အရေးအသားများသာ ဖြစ်ပါသည်၊ မိမိတို့က မွမ်းမံ ပြင်ဆင်ရုံသာ ဖြစ်၏၊

၁၃၅၂-ခုနှစ် မာန်အောင် ဆရာတော်ပျံလွန်တော်မူသော အခါမှ ရပ်ဆိုင်း သွားပါသည်၊ စာရေးသူ လက်ထက်တွင်လည်း အလိုရှိလျှင် အားနာစွာနှင့် လျှောက်ထားတောင်းပန် ရေးသားရပြန်ပါသည်၊ ဆရာတော်ဘုရားအထံမှ စာရေးသား ချီးမြှောက်ပြန်ပါသည်၊ မိမိတို့အား တလေး

၁။ ဟိတောပဒေသ နိဿယများ ရှေးယခင်က ရှိဖူးသော်လည်း ထိုစာအုပ်များမှာ ပုဒ်အနက် ပြည့်စုံမှု မရှိချေ၊တသွတ် - ထို့ကြောင့်၊ တသျ -ထို ဟိတောပဒေသ ၏၊ တတြွဘာဝါ - ထို အဂ္ဂမဟာဘိဝံသမှ အမွန်အစ ဖြစ်သော၊ ဋီကာ - ဘာသာဋီကာကို ၊ ပုနေး -အသစ်တဖန်၊ မယာ- ဂုဏ်ာလင်္ကာရမည် ငါ အနုထေရ်သည်၊ ကြိတိ - ရေးသား ပြုပြင် စီရင်အပ်သတည်း၊ ။ပ။ သံဂေါဓယန္တ္ရ - သုမ်သင် ပြင်ဆင်ကြစေကုန်သတည်း ။

၂။ ဤစာမူကို ဘုန်းတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသ-အထံမှ သင်ကြားနည်းယူနေစဉ် ကူးယူ ရေးသားထားပါသည်။ ၁၃၂၉-ခု အရှင်ဝိစက္ခဏ ၊ ဓမ္မိကာရာမ-တိုက်ကြီးမြို့။

၃။ ဤစာမူကို ရန်ကုန်မြို့ ပုဇွန်တောင် ရွှေကျင်ကျောင်းနာယက ဆရာတော်အထံမှ ချီးမြှင့်သည်ကို ခံယူ၍ ကူးယူ ရေးသားထားပါသည် ။

အရှင်သုဂတာနန္ဒ
ဓမ္မိကာရုံ ရွှေကျင်ကျောင်း၊
မာန်အောင်မြို့၊
၁၃၄၅-ခု တန်ခူးလဆုတ်(၁၁)ရက်

ဆက်လက်၍

၁။ ဤဆရာတော်သည် (၁၃၄၅)ခုနှစ် ပြာသိုလဆန်း(၂)ရက် (၁-၁-၁၉၈၄)နေ့တွင် နိုင်ငံတော်မှ ဆက်ကပ်သော ''အဂ္ဂမဟာပဏ္ဍိတ'' ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူသည်။

၂။ ဤဆရာတော်ဘုရားကြီးသည် တွဲဖက် ရွှေကျင်သာသနာပိုင်အဖြစ် (၁၃၅၃)ခုနှစ် ရွှေကျင် နိကာယလုံးဆိုင်ရာတရားသမ အစည်းအဝေးကြီးက ခန့်အပ် ချီးမြှင့်တာဝန်ပေးအပ်ခြင်းကိုခံရပါသည်။

၃။ ဤဆရာတော်သည် (၁၃၄၅)ခုနှစ် ပြာသိုလ(၄-၁-၉၃) နေ့တွင် နိုင်ငံတော်က ဆက်ကပ်သော ''အဂ္ဂမဟာရဋ္ဌဂုရု'' ဘွဲ့တံဆိပ်တော်ကို လက်ခံရရှိတော်မူပါသည် ။

အထက်ပါ မှတ်ချက်များမှာ နိဿယစာမူ၌ စာရေးသူက ဆက်၍ မှတ်တေးထားသော ဆရာတော်၏ ဂုဏ်နှင့် ဆိုင်သော အရေးပါ မှတ်တိုင်များ ဖြစ်ပါသည် ။

ပစ္စက္ခမှတ်တမ်းများရှိ မြင်သမျှ,ထင်သမျှ မှတ်တမ်းတင်အပ်သော ဂုဏ်တော်များကို နှစ်စဉ် ပြည်ထောင်စုနေ့၌ ပြုလုပ်သော ဆရာတော်ကြီးအား ဂုဏ်ရည် မှန်းဆပူဇော်ပွဲများ၌ ရွှေကျင်ကျောင်းတိုက် ပဓာနနာယက အရှင်ခေမာစာရ (အဂ္ဂမဟာပဏ္ဍိတ)၏ ဟောပြောပူဇော်ချက် အခြားအခြားသော စာရေးဆရာကြီးများ၏ ဟောပြောပူဇော်မှုနှင့် ယခု ''သပြေကန်ထေရဂုဏ်ပူဇော်နှစ်(၁၀၀)'' စာအုပ်ကို ကြည့်ရှုကာ ကြည်ညိုပူဇော်နိုင်ပါပြီ။

မာရ်နတ်၏ စားကျက် ကာမာဝစရနိုင်ငံ၌ မှန်းဆဆင်ခြင် ဝေဖန်တတ်သော ပညာဉာဏ်သည် မိစ္ဆာဒိဋ္ဌိအရာသို့သာ သက်ဝင်တတ်သောကြောင့် ပညာမဖက် သဒ္ဓါသက်သက်ဖြင့် ဆရာတော်ဘုရားကြီး၏ အနှစ်(၁၀၀)ပြည့်ပွဲမှာ ဂုဏ်တော်ကို မြင်ရ၊ ကျေးဇူးတော်ကို အောက်မေ့ရကာ ပူဇော်ခွင့်ရသော တပည့်တော်သည် အဏ္ဏတ္တ,ဗဟိဒ္ဓ မိစ္ဆာဒိဋ္ဌိ ရန်မာရ်အန္တရာယ်မှ ကင်းလွတ်ရ၍ ဤသို့သော ပညာရှိ ကလျာဏမိတ္တ သပ္ပုရိသအစစ်ကြီးများနှင့်သာ တွေ့ရလို ပါ၏ဟု လက်အုပ်မိုး၍ ဆုတောင်းလိုက်ပါတော့သည်။

အရှင်သုဂတာနန္ဒ

မေမရသော ကျေးဇူးရှင်တို့

အရှင်စန္ဒာဝရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

ကျမ်းပြုအကျော် ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီး၏ "သပြေကန် ထေရ-ဂုဏ-ပူဇာ" နှစ်(၁၀၀)စာစောင် ထုတ်ဝေရမည်ဟု (၂၀၁၁-ခု၊ မေ ၂၉-ရက်နေ့ထုတ်)မော်နီတာသတင်းစာစောင်၌ ဖတ်ရှုရပါသည်။ စာစောင်တွင် ဆရာတော်ကြီး၏ ဓာတ်ပုံတော်ကို ဖူးတွေ့ရသဖြင့် ရွှေဟောင်း နှောင်းဖြစ် အတွေးသမုဒ္ဒရာပင်လယ်မျက်ရည်ဝေပါတော့သည်။ ရွှေကျင်ကျောင်းဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)အရှင်ခေမာစာရထံ ဖုန်းဆက်ရပါသည်။ သပြေကန်ဆရာတော်ကြီး အဆုံးအဖြတ်ရေးပို့ပါရန် ဖုန်းဆက်ပါသည်။ ဤစာရေးသူ၏ ကျေးဇူးရှင် မာန်အောင်ဆရာတော်ကြီးနှင့် ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီး

(၂)ပါးမှာ သပြေကန် သဒ္ဓါကြီးနိုဿယသစ် ကျမ်းပြု(အဂ္ဂမဟာပဏ္ဍိတ)ပထမ ဆရာတော်ဘုရားကြီးထံ ဥပဇ္ဈာယ်ယူ ဒဋ္ဌိမိတ္တ ပိယ သဟာယ သီတင်းသုံးဖော်များ ဖြစ်ကြပါသည်။ စာရေးသူ ရဟန်း(၁)ဝါရလောက်ကပင် သပြေကန်ဆရာတော်ကြီး၏ ပရိယတ္တိ အရိပ်အာဝါသ အောက်မှာ ပညာရင်နှီးသောက်စို့ ကြီးပြင်းခဲ့ရပါသည်။ လွန်ခဲ့သည့် ၁၃၅၆-ခု၊ တပိုတွဲလဆန်း (၇)ရက်၊ အင်္ဂါနေ့ နံနက်(၇)နာရီ(၂၅)မိနစ်မှာ ဘဝနတ်ထံ စံလွန်တော်မူပါကြောင်း၊ ကျောင်းတော်တောရကပင် ရေဒီယိုနှင့် တီဗွီသတင်းကို ကြားရသဖြင့် "ဝိဋ္ဌကတ် မြင်းမိုရ်တောင်ကြီး ပြိုကွဲလေပြီ" ဟု မျက်ရည်ကျမိပါတော့သည်။

[ရာမည ရဋ္ဌ ဝါသီ အုတ်ဖိုဆရာတော်ဘုရားကြီး ၁၂၆၇-ခု၊ တပေါင်းလပြည့်ကျော်(၂)ရက်၊ တနင်္ဂနွေနေ့ (အုတ်ဖို သာသင်္ကန် ကပ္ပဋ္ဌကျမ်းနှင့် ရခိုင်ပြက္ခဒိန်အလို တနင်္ဂနွေနေ့) (မန္တလေး သံဒီဋ္ဌအလို စနေနေ့) စံလွန်တော်မူရာ အင်္ဂပူဆရာတော် အရှင်ဝိစိတ္တာမထေရ်သည် "ယနေ့ ငါတို့၏မိုခိုရာ ပိဋကတ်မြင်းမိုရ်ရွှေတောင်ကြီး ပြိုခဲ့လေပြီ" ဟု နှုတ်မြွက်၍ ငိုယိုမြည်တမ်းတော်မူရာလေကြောင်း တစ်ဆင့်ကြားဖူးပါသည်။]

"မွေးဆံနက်ကျော၊ ကျီးဖြင်ပေါဝယ်၊ မွေးနှာမပါ၊ အဖြူရှာလည်း၊ တည်မှာ မရ၊ ခဲးခက်လှသို့" ဟူသော အရှင်အဂ္ဂသမာဓိ၏ နေမိပျို့ကဗျာဋ္ဌကဲ့သို့လည်းကောင်း။

"ရွက်စိမ်းညွန့်လန်း၊ ရေသဖန်းဋ္ဌ၊ လိုပန်းကြီးစွာ၊ အပွင့်ရှာလည်း၊ ရဋ္ဌာခဲး၏" ဟူသော အရှင်မဟာ သီလဝံသ၏ ဆုတောင်းခန်းပျို့ကဗျာဋ္ဌကဲ့သို့လည်းကောင်း။

"ကဝိမနုည အတိ ဒုလ္လဘ၊ တဂုဏ်ကြွအောင်၊ ပုဂ်ဝမှိုးငြိမ်းဟု၊ ချီးမွမ်းထိုက်တော်မူပါသော၊ သပြေကန်ကျေးဇူးရှင်ကြီးပါတကား" ဟု သတိရတွေးမိပါ၏။ တစ်ဖန် လွန်ခဲ့သော နှစ်ပေါင်း(၆၀)လောက်က အကြောင်းခြင်းရာများကို တစ်စတစ်စ အတွေးဝင်လာခဲ့ပါသည်။ "တအောက်မေ့မေ့၊ တစေ့ငုငု၊ အာရုံပြု၍၊ လွမ်းမှကြေကွဲး၊ တလဲးလဲးလျှင်၊ ယိုရွဲးမျက်ရည်၊ ဆည်အံ့မတတ်" ဟူသော အရှင်မဟာရဋ္ဌသာရ၏ ကဗျာစပ်ထုံး ရှိလေသည်ပမာ ဤစာရေးသူသည်လည်း သပြေကန်ထွက်၊ ကျေးဇူးရှင် မာန်အောင်ဆရာတော်ကြီး အရှင်ကဝိန္ဒာစာရနှင့် သပြေကန်ကျေးဇူးရှင် အရှင်ဝါသေဋ္ဌာဘိဝံသ ဆရာတော်ကြီး၊ ဤဆရာတော်ကြီး(၂)ပါးကို မျက်ဝါးထင်ထင် သက်တော်ရှိစဉ်အခါကဲ့သို့ပင် ရုပ်ပုံသွင်ပြင် ထင်မြင်ပြန်ပြောင်း အောက်မေ့သတိရလွမ်းဆွတ်ခြင်း ရှိလှသဖြင့် ဤစာစောင်ရေးစဉ်ပင် မျက်ရည်ကျမိပါ၏။ သပြေကန်ဆရာတော်နှင့် ဒီဋ္ဌီ မိတ္တ ဝိယ သဟာယ စာသင်ဖက်ဖြစ်တော်မူသော မာန်အောင်ဆရာတော်ကြီး၏ ငယ်တပည့်ရင်းဖြစ်သဖြင့် ဤစာရေးသူ အရှင်အားလည်း အထူးအရေးပေးကာ သားချစ်တပည့် (ပုတ္တ ဝိယ သိဿ)အဖြစ် သဘောထားပါသည်။ ချီးမြှင့်ပေးတော်မူသော စာစောင် စာတမ်း အဆုံးအဖြတ်တွေလည်း အများအပြားပင် ဖြစ်ပါသည်။ ဤစာရေးသူ လျှောက်ထားချက်အရ သပြေကန် စာချုပ်အကျော် ဂဏဝါစက အရှင်သာသနဓဇ ဆရာတော်ရေး "သပြေကန်သဒ္ဒါကြီးနိသယသစ်နိဒါန်း(ကျမ်းပလ္လင်)လာ သီဟ ပရာဝတ္တုန ဂါထာ" နှင့် နိသယအတွက်, ပညာရှင်များ ချီးကျူး ထောမနာ ဂါထာများ၊ နိသယသစ် ကျမ်းပြု ပထမဆရာတော်ကြီး၏ ဆုတောင်း ပတ္ထနာဂါထာ၏ အနက် ယောဇနာများကို သုတေသီတို့အတွက် သပြေကန်ကျေးဇူးရှင် လက်ရာအဖြစ် ဖော်ပြပါဦးမည်။

* သပြေကန် သဒ္ဒါကြီးနိသယသစ်နိဒါန်းမှ
ပဏာမာ သီသ ဂါထာ။
* နိဒါန သေသကံ ဇိနံ၊ ဇိနံ နမေ နိဒါန-ဂံ။
နိဒါန-နာယကံ သေဋ္ဌံ၊ သေဋ္ဌံ ဒေတု နိဒါန-ဇံ"။

နိဒါန သေသကံ-ပဋိစ္စ သမုပ္ပါဒ် တခန်း, ပဋ္ဌာန်း ဒေသနာ အစဖြာသား အကြောင်းတရားတို့ကို ဟောကြားမိန့်မြွက်တော်မူတတ်ထသော၊ ဇိနံ-မာရ်အပွဲပွဲ နွဲတိုင်းအောင်မြင်တော်မူတတ်ထသော၊ နိဒါန-ဂံ-မဂ်ဖိုလ်ဓမ္မ တို့၏၊ အာရမ္မဏ-ပစ္စယအကြောင်း ကောင်းမြတ်သော နိဗ္ဗာန်သို့ ဆိုက်ရောက်တော်မူထသော၊ နိဒါန နာယကံ-ပါရမီ, စရိယ, စာဂ အပေါင်း ဆကြောင်းများစွာဖြင့် သတ္တဝါတို့၏ အကြီးအမှူး ဦးစီး ဗုဒ္ဓနာယကတစ်ဆူ ဖြစ်တော်မူထသော၊ သေဋ္ဌံ-လူ လူ နတ် နတ် ချီးမွမ်းအပ်သား ထူးခြားမွန်မြတ်တော်မူထသော၊ ဇိနံ-အောင်တော်မူသခင် ရှင်တော်မြတ်ဘုရားကို၊ အဟံ-ဂုဏ်ပန်းချပ်တွင် ရွှင်တပျော်ပျော်၊ ဘုရားတပည့်တော်သည်၊ နမေ နမာမိ-ဦးညွတ်ခါခါ ရှိခိုးပါ၏၊ အရှင်ဘုရား၊ သော-ထိုအောင်ပွဲ အမြဲယူ အောင်တော်မူရှင်တော်မြတ်ဘုရားသည်၊ နိဒါန ဇံ-အကြောင်းမင်္ဂလာပဏာမ စေတနာကြောင့် ဖြစ်လာရသော၊ သေဋ္ဌံ-အန္တရာယ်ကင်းကာ ချမ်းသာစေတတ် ချီးမွမ်းအပ်သား ကောင်းမြတ်သော အကျိုးတရားကို၊ မေ-လောကုတ် လောကီ နှစ်လီရည်မျှော် ဘုရားတပည့်တော်အား၊ ဒေတု-သနားကြင်နာပေးစောင်မတော်မူပါစေသတည်း။ ဝါ-ဒေတု-ရာဟုလာသား ပမာထားကာ ပေးသနားတော်မူပါ့ ...ရွှေဘုန်းတော်သခင် အရှင်သူမြတ်ကြီးဘုရား။ [သီဟ ပရာဝတ္တုန ဂါထာ

"ခြသေ့လည်ပြန်ကြည့်ဂါထာ" ဤဂါထာမျိုး အနက်ယော ဇနာရသည်မှာ ခက်ခဲကြောင်း သပြေကန်ဆရာတော်ကြီး မိန့်ဆိုဖူးပါသည်။]

* ဂုရုနာ အဘိသခီတ် သုဘ် သက္ကတာဒီဟိ မာဂဓေဟိ"ဒံ၊
မေဒံ အာဒါယ စာဂတံ နယ သမ္မုဇ္ဇော် နိစ္ဆယ် ဝရံ။

ဂုရုနာ-အဂ္ဂမဟာပဏ္ဍိတ် တံဆိပ်တော်ဆင်၊ ဆရာအရှင်သည်၊ အဘိ သခီတ်-အာဘက်ဘက်၌ တိုးတက် သပ်ရပ် အထူးပြုစီရင်အပ်သော၊ သုဘ်-အနက်အဓိပ္ပါယ် ဝင့်ထယ် အစစ တင့်တယ်လှသော၊ သက္ကတာ"ဒီဟိစ-သာသနာအပြင်မှ အချက်ကျသည့် သက္ကတ-စသား ကျမ်းတစ်ပါး၊တို့မှလည်းကောင်း၊ မာဂဓေဟိစ-မာဂဓ သဒ္ဒါသုံး ဗျာကရဏ်းအတန်တန် ကျမ်းဂန်အရပ်ရပ်တို့မှ လည်းကောင်း၊ နယ သမ္မုဇ္ဇော်-နည်းအဖုံဖုံ ဂုဏ်တင်အတိ စုံလင်ပြည့်ပေထသော၊ ဝရံ-စာသင်သားတို့ လိုလားတောင့် တ အပ်ထသော၊ နိစ္ဆယ်-သဒ္ဒ-အတ္ထ နှစ်ဝထုံးမှတ် အဆုံး အဖြတ်တည်းဟူသော၊ မေဒံ-အများစွင်ပြုံး သုံးဖွယ်အလီလီ နှစ်အဆိတို့၊ အဒါယ-အမျိုးမျိုးစုံ အဖုံဖုံဖွဲ့. သွင်းယူခဲ့၍၊ ဣဒံ-ကစ္စာနတ္ထဒီပနီ အမည်တော်ရ ဤသပြေကန်သဒ္ဒါ ကြီး နိဿယသစ်သည်၊ အာဂတံ-အများမျက်မြင် ထင်ရှား ပျော်စရာ ပေါ်လာခဲ့ပါပေပြီတကား။

* နာနာ နယေဟိ ဂုရုနာ အတိ သောဘနတ္ထံ၊
မဏ္ဍိယ တသ ယာဝံ အာဘိ သခီတသ၊
သိသေန တသ ယတိနာ ရစိတံ နိဒါန်၊
ဘဒ္ဒန္တ သာသန ဓဇဂ္ဂဟိတာ"ဂ္ဂယေနာ"တိ။

ဂုရုနာ-စာသင်သားတို့ တိုးပွားဖို့ဟု မချို့ဒယာ ပွား၊ ဆရာတော်ဘုရားသည်၊ အတိ-သောဘနတ္ထံ-သူ့ထက်ကဲးလွန် အမွန်ဝင့်ခြယ်၊ လွန်တင့်တယ်ခြင်းငှာ၊ နာနာ နယေဟိ-ကျမ်းဂန် အသီးသီး မှီးရိုး အဖုံဖုံ နည်းမျိုးစုံ တို့ဖြင့်၊ မဏ္ဍိယ-အဆန်းရတနာ ပန်းမာလာသွင် တန်ဆာ ဆင်၍၊ ပဘဝံ-မာဂဓ-တစ်ချက်, သက္ကတ တခန်း, အဆန်းနည်းညွှန်, လက်မွန်-ရှေးဦးပင်၊ အဘိ သခီတသ-ဖတ်သူရွှင်ရွှင် မြင်သူအား၏ လှအောင်ဆင်ပြင် အထူးစီရင် အပ်သော၊ တသ-သပြေကန်သဒ္ဒါကြီးနိဿယသစ်၊ ကစ္စာနတ္ထ ဒီပနီ အမည်လွှမ်းအပ် ထိုကျမ်းမြတ်အကျော်၏၊ နိဒါန်-ဖြစ်ပေါ်ရေးမှာ ကြောင်းအရာကို ဖွေရှာသွယ်တန်း, ကျမ်းဦးအချီ, နိဒါန်းမည်ကို၊ တသ-ထိုကျမ်းပြုဆရာ, မဟာထေရ်အကျော်, သပြေကန် မဟာခမ္မိကာရာမတိုက်သစ် ဆရာတော်ဘုရားကြီး၏၊ သိသေန-အန္တေဝါသိက-စာချ အကျော်, တပည့်ဆရာတော်ဖြစ်သော၊ ဘဒ္ဒန္တ-သာသ နဓဇဂ္ဂဟိတာ"ဂ္ဂယေန-ဆရာမြတ်တို့. ယူအပ်မှည့်ခေါ် သာသနဓဇ အမည်တော်ရှိသော၊ ယတိနာ-ကျမ်းဦးနိဒါန်း ရေးသားခန်း၌ အစွမ်းကိုဖော် ရဟန်းတော်သည်၊ ရစိတံ-ဤကျမ်းပြန့်ရေး ထုတ်ဖော်ပေးလျက်၊ အလေးထားလတ် ရေးသားအပ်ပါပေသတည်း၊ ဣတိ-အချိန်ဒါန်း ဤစာတမ်း ကား တစ်ခန်းဆုံးလတ် အဆုံးသတ်ခဲ့ပါပေပြီတကား။

* "ဝါယာမေန ဣဒံ ဒိန္နံ၊ ညောင်တုန်း နဂရ ဝါသိနာ။
ရွေဟသ်ာတောရ အာရာမေ၊ ဇေဋ္ဌ-ဘူတေန ဘိက္ခုနာ။
ဥပသမွဒ"မာဂမ္မ၊ ဇက တာလီသ ဝဿိနာ"။

ညောင်တုန်း နဂရ ဝါသိနာ-ညောင်တုန်းဟုခေါ် မြို့တော်အနီးတွင် ကြည်လင်ရွှင်ပြုံး၊ သီတင်းသုံးတော် မူသော၊ ရွေဟသ်ာတောရ အာရာမေ-ရွေဟသ်ာတောရ သာစွ ရတနာ၊ တိုက်တာအတွင်း၌၊ ဇေဋ္ဌ-ဘူတေန-ပဓာန ဦးစီး အကြီးအမှူးဖြစ်တော်မူသော၊ ဥပသမွဒံ-အထက်တန်း ခေတ်, ရဟန်းအဖြစ်ကို၊ အာဂမ္မ-ရည်ရွယ်သမှု အစွဲပြု၍၊ ဇက တာလီသ ဝဿိနာ-၄၁ ဝါ သီကျွာတော် ရှိနေသော၊ ဝါယာမေန-အရှင်ဝါယာမအမည်တော်ရသော၊ ဘိက္ခုနာ-ဘိက္ခုတွင်ခေါ် ရွေဟသ်ာတောရ ဆရာတော်ကြီးသည်၊ ဣဒံ-ကစ္စာနတ္ထ ဒီပနီ အမည်တွင်ဆန်း သပြေကန်သဒ္ဒါကြီး နိဿယျသစ် ကျမ်းထူးချီးကျူး ဝဏ္ဏနာ ဤစာလွှာကို၊ ဒိန္နံ- လွန်စွာလေးမြတ် ပေးဆက်ကပ်အပ်ပါပေသတည်း။

အရှင်စန္ဒာဝရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

ဥူးသီလာနန္ဒာဘိဝံသ ရေးသော နိဒါန်းကို တစ်ခေါက်ပြန်ဖတ်ပြခိုင်းပါသည်။ ဆရာတော် ဥူးသီလာနန္ဒာဘိဝံသ က သပြေကန်ပရိတ်ကြီးနိသယသစ် ကို "ပရိတ်ကြီး စွယ်စုံကျမ်း" ဟု အမည်ပေးသင့်ကြောင်း ရေးသားထားရာ စံကင်းဆရာတော်ဘုရားကြီးက "ဒို့က တော့် "ပိဋကစွယ်စုံကျမ်း" လို့ အမည်ပေးချင်တယ်"

မှားပြားကြီးကျယ် ဝုဏ်ပင်လယ်

အရှင်ဩဒါတသိရိဘိဝံသ(အဝေရာရာမ)

စာရေးသူသည် ၁၃၂၇-ခုနှစ် တပိုတွဲလဆန်း ၈-ရက်နေ့တွင် နဝမရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ် ပြု၍ ရဟန်းဖြစ်ခဲ့သည်။ ထိုအချိန်က စံကင်းဆရာတော်ဘုရားကြီးမှာ သက်တော် ၉၅-နှစ် ရှိနေပြီ ဖြစ်သည်။

ထို ၁၃၂၇-ခုနှစ် တပေါင်းလတွင် "သပြေကန် ပရိတ်ကြီးနိသယသစ်" ထွက်ပေါ်လာသည်။ ထိုစာအုပ်ကို ရေးသားဖို့ တိုက်တွန်းသည့် ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃာ့အဖွဲ့အကျိုးတော်ဆောင် မန္တလေး ဝိဇ္ဇာလင်္ကာရ ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ က ကျေးဇူးရှင်စံကင်း ဆရာတော်ဘုရားကြီးအား ကပ်လှူသဖြင့် စာရေးသူကို စံကင်းဆရာတော်ဘုရားကြီးက ဖတ်ပြခိုင်းသည်။ သာမဏေ ကျော်တန်း ဖြေပြီးသည့်နှစ်ဖြစ်၍ ထိုနှစ်၌ အဓိဋ္ဌာန်မေးပွဲ ကို မဖြေဘဲ နားနေသဖြင့် နေ့စဉ်နေ့စဉ် ဆရာတော်ဘုရား ကြီးအား ထိုသပြေကန်ပရိတ်ကြီးနိသယသစ်ကို ဖတ်ပြရ သည်။ စံကင်းဆရာတော်ဘုရားကြီးက စူးစူးစိုက်စိုက် နားထောင်တော်မူသည်။

ထိုစာအုပ်ဖတ်၍ မေတ္တာသုတ်အကုန်တွင် စံကင်း ဆရာတော်ဘုရားကြီးက "ဒို့ ဒီစာအုပ် ဓမ္မဒါနပြုချင်တယ်၊ စာအုပ် ၃၀-ကပ်ပေးဖို့ ဝါဆိုဘုန်းကြီးကိုလျှောက်ပါ" ဟု အမိန့်ရှိသဖြင့် ဝါဆိုဆရာတော် (ယခု နိုင်ငံတော်ဩဝါဒါ စရိယ စုဒ္ဓသမ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဝါဆိုဆရာတော်)အား လျှောက်သဖြင့် ဝါဆိုဆရာတော်က ကျောင်းသားကပ်ပိုယ မောင်ပေါမင်းကို ဝိဇ္ဇာလင်္ကာရတိုက်သို့ သွားရောက် ကပ်ပို စေပါသည်။

စံကင်းဆရာတော်ဘုရားကြီးက စာအုပ်များရလာ သောအခါ စာအုပ်၏ အတွင်းမျက်နှာဖုံးတွင် စာရေးသူအား ရေးစေပါသည်။ စာရေးသူ၏ ရဟန်းအစ်မကြီးများဖြစ်သော မန္တလေးစာတိုက်တန်းရပ် ဒေါ်အေးတင့်၊ ဒေါ်အေးဆင့် တို့အား ရှေးဦးဆုံး ရေးခိုင်းပါသည်။

"မအေးတင့်+မအေးဆင့် ဆရာတော်သည် ၁၂၅၂-ခုနှစ် တပေါင်းလပြည့်နေ့တွင် ရဟန်းဖြစ်ခဲ့သည်။ ယခုအခါ သီကျွာဝါ ၇၅-ဝါ ရှိပြီဖြစ်သည့် ရဟန်း တပေါင်း လပြည့်နေ့ကို အကြောင်းပြု၍ မအေးတင့်+မအေးဆင့်တို့ ဖတ်ရန်စာအုပ်ကို ဓမ္မဒါနပြုလိုက်သည်။ နေ့စဉ်နေ့စဉ် ဖတ်ပြီး တရားနာ ကုသိုလ်ယူပါ။

စံကင်းဆရာတော် ဟူ၍ ဖြစ်ပါသည်။

အခြားပေးသင့် ပေးထိုက်သော ပုဂ္ဂိုလ်များအားလည်း (နာမည်ပြောင်းလွဲ၍)ဤကဲ့သို့ ရေးပြီး ဓမ္မဒါနပြုပါသည်။

စာရေးသူမှာ ဆရာတော်ဘုရားကြီးအား ပရိတ်ကြီးနိသယကို အစအဆုံး ဖတ်ပြရလေရာ များစွာသော ဗဟုသုတများ ရရှိပါသည်။ ထိုစဉ်က စာရေးသူမှာ သာမဏေကျော်တန်း ဖြေပြီးဖြစ်သဖြင့် ဝိနည်းငါးကျမ်း၊ အဂ်ိုတ္တိရ် ၁၁-ကျမ်း၊ ဓမ္မပဒပါဠိ+အဋ္ဌကထာ ၂၆ ဝဂ်တို့ကို သဒ္ဒါနည်း, သဒ္ဒြိဟ်နည်း, ဉာဿကောက်နည်းများဖြင့် လေ့လာပြီးဖြစ်ရာ ပရိတ်ကြီးနိသယသစ်ကို ဖတ်ပြလိုက်ရသောအခါ ကျမ်းစာရေးသားသည့် သပြေကန်ဆရာတော်ကို ကြည်ညိုစိတ်များ များစွာဖြစ်ရပါသည်။

ပရိတ်ကြီးနိသယသစ် နိဒါန်းရေးသားသော ဆရာတော်ဥုးသီလာနန္ဒာဘိဝံသ(နောင်အခါ အပြည်ပြည် ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဒေါက်တာဘဒ္ဒန္တသီလာနန္ဒာဘိဝံသဆရာတော်)၏ စာတွင် ပရိတ်ကြီးနိသယသစ် ကျမ်းပြုဆရာတော်၏ အထူးပုဂ္ဂိုလ် အကျဉ်းကိုလည်း ဖော်ပြထားရာ ကျမ်းပြုဆရာတော်သည် ကိုရင်ဘဝကပင် ဝိနည်းပါဠိတော်ကြီးငါးကျမ်းကို အာဂုံပြန်ဆိုနိုင်သည်။ ရဟန်းတစ်ဝါအရွယ်တွင် သံယုတ်ပါဠိတော်ငါးကျမ်းကို အာဂုံဆောင်နိုင်သည်ဟူသော ရေးသားချက်များက စာရေးသူ၏စိတ်ကို များစွာ ဖမ်းစားခဲ့ပါသည်။

တစ်ဖန် နိဒါန်းရေးသူ ဆရာတော် ဥုးသီလာနန္ဒာဘိဝံသ ရေးသားသည့်-

ဤ ပရိတ်ကြီးနိသယသစ်ကား နိသယမည်ကား မတွေ့မဟုတ်ပေ။ ပရိတ်ကြီးပါဠိတော်များကို ရေးသားထားသဖြင့် "ပရိတ်ကြီးနိသယ" လည်း ဟုတ်၏။ ပရိတ်ကြီးပါဠိတော်၌ ပုဒ်ပါဠ်အနက် အဓိပ္ပါယ်ဆိုင်ရာ အဆစ်အဖုတို့ကို ဖြေရှင်းထားသဖြင့် "ပရိတ်ကြီးဂဏ္ဌိ" ဟုလည်း ဆိုသင့်၏။ ပရိတ်ကြီးကို မြန်မာဘာသာအားဖြင့် အကျယ်ဖွင့်ပြသော ကျမ်းဖြစ်၍ "ပရိတ်ကြီးမြန်မာဋီကာ" ဟုလည်း ခေါ်နိုင်သော ကျမ်းဖြစ်၏။ အချုပ်အားဖြင့် ဆိုရလျှင် ပရိတ်ကြီးနှင့်စပ်၍ သိမှတ်ဖွယ်ကုန်အောင် အစုံစုံတို့ကို စုပေါင်းရေးသားထားသော ကျမ်းဖြစ်၍ "ပရိတ်ကြီး စွယ်စုံကျမ်း" ဟု အမည်ပေးသင့်သော ကျမ်းဖြစ်ပေသည်။

ဟူသော စကားကို တွေ့ရ မြင်ရ ဖတ်ရပြန်သောအခါ ကျမ်းပြုဆရာတော်ကို ကြည်ညိုသောစိတ်၊ ဖူးတွေ့ချင်သောစိတ်တို့က ပို၍ ဖြစ်လာရပြန်ပါသည်။

ဤနေရာ၌ သက်တော်ရှည် ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး၏ မှတ်ချက်စကားကိုလည်း ဖော်ပြချင်ပါသေးသည်။

အထက်က ဆိုခဲ့သည့်အတိုင်း သပြေကန်ပရိတ်ကြီး နိသယသစ်ကို စံကင်းဆရာတော်ဘုရားကြီးအား အစမှ

အဆုံးတိုင် စာရေးသူ ဖတ်ပြခဲ့ရာ စံကင်းဆရာတော်ဘုရားကြီးက ဆရာတော် ဥူးသီလာနန္ဒာဘိဝံသ ရေးသောနိဒါန်းကို တစ်ခေါက်ပြန်ဖတ်ပြခိုင်းပါသည်။ ဆရာတော် ဥူးသီလာနန္ဒာဘိဝံသ က သပြေကန်ပရိတ်ကြီးနိဿယသစ်ကို "ပရိတ်ကြီး စွယ်စုံကျမ်း" ဟု အမည်ပေးသင့်ကြောင်း ရေးသားထားရာ စံကင်းဆရာတော်ဘုရားကြီးက "ဒို့က တော့ "ပိဋကစွယ်စုံကျမ်း" လို့ အမည်ပေးချင်တယ်" ဟု မိန့်ကြားတော်မူပါသည်။

ပိုပြီး ကြည်ညိုပိုပြီး စိတ်ဝင်စား

ဤပရိတ်ကြီးနိဿယသစ်ကို "သပြေကန် ပရိတ်ကြီး နိဿယသစ်" ဟု အမည်ပေးထားရာ "သပြေကန်" ဟူသော အမည်ကို ဖတ်လိုက်ရလျှင်ပင် ထိုကျမ်းစာအပေါ်၌ ပိုပြီး စိတ်ဝင်စားမှု ဖြစ်ရပါသည်။ အကြောင်းမှာ သပြေကန်ဟူသော ဤအမည်သည် စာရေးသူနှင့် ဆက်နွယ်နေသည့် အမည် ဖြစ်သောကြောင့်ပင်တည်း။

ဆက်ပါဦးမည်။ ဤစာရေးသူ(မိမိ) သည် "သပြေကန်သဒ္ဓါကြီး နိဿယသစ်" ကို ရေးသားတော်မူခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ ပထမသပြေကန်ဆရာတော်ဘုရား(ဘဒ္ဒန္တဉာက်ံသမဟာထေရ်)၏ မြေး တော်စပ်ပါသည်။ စာရေးသူ၏ ခမည်းတော်ကြီး ဦးအောင်သူမှာ ပထမသပြေကန်ဆရာတော်ဘုရားကြီး၏ တူအရင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ သပြေကန် သဒ္ဓါကြီးနိဿယကို တွေ့မြင်ဖတ်ရှုရသည့် အချိန်မှစ၍ အဖိုးဖြစ်သူ ပထမသပြေကန်ဆရာတော်ဘုရားကြီးနှင့် ဆက်စပ်နေသော "သပြေကန်" ကို စိတ်ဝင်စားနေမိပါသည်။

ထို့ကြောင့် သပြေကန်ကို ရောက်ဖူးချင်သလို ပရိတ်ကြီးနိဿယသစ်ကို ရေးသားပြုစုတော်မူသည့် ဆရာတော်(ဥူးဝါသေဋ္ဌာဘိဝံသ)ကိုလည်း ဖူးချင်တွေ့ချင်သော ဆန္ဒ ဖြစ်နေပါသည်။

ဆန္ဒပြည့်ပြီ

စာရေးသူသည် ၁၃၃၂-ခုနှစ်တွင် ပါဠိပါရဂူဘွဲ့ကို ရခဲ့ပါသည်။ ၁၃၃၃-ခုနှစ် နတ်တော်လတွင် ကျင်းပသည့် ကျေးဇူးတော်ရှင် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး၏ သက်တော် (၁၀၁)ပြည့် မွေးနေ့ပွဲတော်တွင် ကျေးဇူးရှင် စံကင်းဆရာတော် ဘုရားကြီးအား ထုတိဝေဒလ္လမဟာထေရ ဂုဏ်ပူဇော်ဂါထာ ငါးပုဒ်ကို ရေးသားပြီး ပူဇော်ပါသည်။

ထို ဂါထာငါးပုဒ်ကို စာရေးသူ၏ ဆရာရင်း မတ္တရာမြို့နယ် စကျင်ရွာ မဟာသိမ်ရွှေကျင်ကျောင်း ဆရာတော် ဘဒ္ဒန္တတိသမဟာထေရ်က သပြေကန် လူကြုံရှိသဖြင့် ပရိတ်ကြီးနိဿယသစ် ဆရာတော်ထံ ဆက်ကပ်လိုက်သည်။

ထို့အပြင် သပြေကန် မဟာဓမ္မိကာရာမတိုက်တွင် ပထမသပြေကန်ဆရာတော်ဘုရားကြီး အထံ၌ ဆရာတော် ဥူးဝါသေဋ္ဌနှင့်အတူနေခဲ့သည့် ပထမသပြေကန် ဆရာတော်ဘုရားကြီး၏ မွေးဇာတိ မတ္တရာမြို့နယ် မွေပုန်ကန် အရှေ့ရွာသာသနပါလကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂဝံသ မဟာထေရ်(ယခု သက်ရှိထင်ရှားရှိဆဲဖြစ်သည်၊ သက်တော် ၁၀၃-နှစ်သို့ ရောက်နေပြီ ဖြစ်သည်။)ကလည်း ဥူးဩဒါတသပြေကန်သို့ လာရောက်ပြီး ဆရာတော်ကြီးများကို ဖူးမြော်ကန်တော့မည်ဖြစ်ကြောင်း ကြိုတင်၍ စာဆက်ကပ်ထားသည်။

ဤသို့ဖြင့် ၁၃၃၃-ခုနှစ် တပိုတွဲလတွင် တွံတေးဆရာတော်၏ အတ္ထုပ္ပတ္တိဆိုင်ရာ အချက်အလက်များကို သပြေကန်ဆရာတော်ကြီးများအား မေးမြန်းလျှောက်ထားမှတ်သားလိုသောကြောင့် သပြေကန်သို့ သွားခဲ့ပါသည်။ သန်လျင်မှ ကုန်ကားကြီးဖြင့် လိုက်ပါလာခဲ့ရာ သပြေကန်သို့ ညနေ ၅-နာရီကျော်ကျော် ရောက်ပါသည်။ သူဌေးကွင်းမှ သပြေကန်အထိ အလွန်ကြမ်းတမ်းသော ရှေးဟောင်းကတ္တရာလမ်းအတိုင်း လာခဲ့ရသဖြင့် ကိုယ်လက်များ နာကျင်နေပါသည်။

ရောက်လျှင်ရောက်ချင်း ဆရာတော်ကြီး ဥူးမုနိန္ဒ (အသက် ၈၀-ကျော်)ကို ကန်တော့ ဦးချပြီး ဆရာတော်ကြီးညွှန်ပြသည့် ဆွမ်းစားကျောင်းကြီးပေါ်တွင် အိပ်ရပါသည်။ ဆရာတော် ဥူးဝါသေဋ္ဌမှာ ရတနာဗိမာန်ကျောင်းဆောင်တွင်

သီတင်းသုံးနေသည်။ ဆရာတော်သည် ညနေ ၅-နာရီခွဲ ကျော်သည်နှင့် ကျောင်းတံခါးများပိတ်ကာ အထဲတွင် တစ်ပါးတည်း သီတင်းသုံးသည်။ ထို့ကြောင့် ရောက်ရောက် ချင်း ဖူးတွေ့ခွင့် မရဘဲ နောက်တစ်နေ့ နံနက်မှ သွားရောက် ပြီး ပါလာသည့် ပဂ္ဂးရည် ထောပတ်များဖြင့် ကန်တော့ ပါသည်။

ဆရာတော်က စာရေးသူ ရေးသားပူဇော်ခဲ့သည့် စံကင်းဆရာတော်ဘုရားကြီး၏ မွေးနေ့ပူဇော်ပွဲ ထုတိဝေဒလ္လ ဂါထာများကို ရည်ညွှန်းပြီး "ဥုးသြဒါတက မြန်မာစာ ဝါသနာပါတယ်နဲ့တူတယ်။ ပို့ကဗျာတွေကိုလည်း လေ့လာ ထားတယ်နဲ့တူတယ်။ မြန်မာအနက်ပေးလေးတွေ ကောင်း တယ်" ဟု မိန့်ကြားပါသည်။

ထို့နောက် ဆရာတော်နှင့်အတူ ရေနွေးကြမ်း သောက်ပြီး ဆရာတော်က "နိဗ္ဗာနဓောတိကကျမ်း" ကို ပေး၍ ဖတ်ခိုင်း လေ့လာခိုင်းပါသည်။ "ဥုးဇင်း ဖတ်ပြီး ရင် ထင်မြင်ချက်ကလေးလဲ ပြောပြပါဦး" ဟု မိန့်ကြား သဖြင့် ထိုစာအုပ်လေးကို ယူခဲ့ပြီး တစ်နေ့လုံး ဖတ်ပါသည်။

နောက်တစ်နေ့နံနက် ရေနွေးကြမ်းသောက်ချိန်တွင် စာရေးသူကို ခေါ်ခိုင်းပြီး ရေနွေးကြမ်း ဘုဉ်းပေးဖို့ အမိန့် ရှိပါသည်။ ရေနွေးကြမ်းသောက်နေစဉ် ဆရာတော်က "မနေ့က စာအုပ်လေး ဖတ်ပြီးပြီလား၊ ဘယ်လိုသဘော ရသလဲ" ဟု မေးရာ စာရေးသူက "ဖတ်လို့မပြီးသေးပါ ဘုရား၊ ဖတ်ပြီးသလောက် ထင်မြင်ချက်ကို လျှောက်ထား ရမယ်ဆိုလျှင် "သူလဲ သူ့နိဗ္ဗာန်နဲ့သူ၊ ကိုယ်လဲ ကိုယ့် နိဗ္ဗာန်မို့၊ နိဗ္ဗာန်တွေက အများကြီးဆိုတဲ့ အဓိပ္ပါယ်ရောက် နေပါတယ်ဘုရား" ဟု လျှောက်ထားရာ ဆရာတော်က "ဘုန်းကြီးတို့လည်း နိဗ္ဗာန်အကြောင်း ငယ်ငယ်လေးထဲက လေ့လာနေတာ ပါဠိတော်ကြီးတွေနဲ့ အဋ္ဌကထာဖွင့်ဆိုချက် တွေ ကြည့်ကြည့်ပြီး လေ့လာနေတာ ယနေ့ အချိန်အထိ စိတ်ထဲမှာ ရှင်းမသွားသေးဘူး၊ တကယ်တော့ နိဗ္ဗာန်ကို ကိုယ်တိုင်မျက်မှောက် မပြုနိုင်သေးသမျှ ဒီအတိုင်းပဲ ဖြစ်နေ မယ်လို့ ထင်တယ်" ဟု မိန့်ကြားပါသည်။

စာရေးသူက "ဆရာတော်ဘုရား တုံပစ္စည်းနဲ့ ယှဉ်တဲ့အခါမှာ အဝုတ္တကတ္တားပဲ ထားရပါမလားဘုရား။ ဗုဒ္ဓါနံ စီဝိတသ နှ သတ္တာ ကေနစိ အန္တရာယော ကာတုံ စသည်ဖြင့် အဝုတ္တကတ္တားနဲ့ အတွေ့များကြောင်း" လျှောက် ထားရာ ဆရာတော်က အနည်းငယ် စဉ်းစားပြီး "အင်း စာတွေကလဲ မှေကုန်ပါပြီ။ အသက်ကြီးလေ မှေ့လေ့ဖြစ်နေ တယ်။ တုံပစ္စည်းနဲ့ ယှဉ်ရာမှာ ဝုတ္တကတ္တားလည်း ရှိနိုင် ပါတယ်။ 'နှ သော သတ္တာ နှ ဟောတုယေ' ဆိုတဲ့ ပါဠိမှာ တုံပစ္စည်းနဲ့ အလားတူတဲ့ တာယေပစ္စည်းယှဉ်ရာမှာ သော-လို့ ဝုတ္တကတ္တား ထားတာရှိတယ်။ အဲဒီ ပါဠိလေးရတယ် မဟုတ်လား" လို့ မိန့်ပါသည်။ စာရေးသူက "ဝိသုဒ္ဓါရုံ ကစ္ဆည်းသုတ်နက်မှာ အဲဒီပါဠိလေးပါကြောင်း" လျှောက် ထားတော့ ဆရာတော်က ပြုံးနေပါသည်။ သဒ္ဒါနှင့် စပ်လျဉ်း၍ အခြား သိလိုသော အကြောင်းအရာများကိုလည်း လျှောက်ထားပါသည်။

သပြေကန်ရွာ မဟာဓမ္မိကာရာမကျောင်းတိုက်တွင် သုံးညအိပ်နေပြီး ရန်ကုန်မြို့သို့ ပြန်လာခဲ့ပါသည်။ တည်းခိုရာ ဖြစ်သည့် ကျောင်းတော်ရာ ရွှေကျင်တိုက် သုံးထပ်ကျောင်း သို့ ပြန်ရောက်သောအခါ စာချုပ်နှံးကြီး ဥုးသီရိပဝရ က "မောင်ရင် ဘယ်နယ်လဲ ကိုယ်ပြောတာ မှန်တယ် မဟုတ် လား" ဟု မေးပါသည်။ သပြေကန်သွားဖို့ တိုင်ပင်စဉ်က "မောင်ရင်..မောင်ရင်က အပင်ပန်းခံနိုင်ပါ့မလား။ သပြေကန် သွားတဲ့ ကားကြီးကို စီးရတာ အင်မတန် ပင်ပန်းတယ်နော်။ တင်ပါးနဲ့ ထိုင်ခုံ ထိနေရတယ်ကိုမရှိဘူး။ မောင်ရင် ဟို ရောက်ရင် ကိုယ်လက်တွေ တစ်ကိုယ်လုံး နာနေလိမ့်မယ်" ဆိုတဲ့ စကားကို ရည်ညွှန်းပြီး မေးခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် မိမိရောက်လိုလှသော သပြေကန်သို့ ရောက်ခဲ့ရပြီး တွေ့ချင်မြင်ချင်သည့် အဖိုးဆရာတော်ကြီး၏ ကျောင်းတိုက်၊ ပရိတ်ကြီးနိဿယသစ် ရေးသားသည့် ဆရာတော်တို့ကို တွေ့မြင် ဖူးတွေ့ခဲ့ရသဖြင့် ဝမ်းသာပီတိတွေ ဖြစ်ရပါသည်။

သပြေကန်မှ ပြန်ခါနီးတွင် ဆရာတော် ဥုးဝါသေဋ္ဌ က စာရေးသူအား အိပ်ရာခင်း တစ်ထည် စွန့်လှူပါသည်။ အိပ်ရာခင်းမှာ ရွာထဲက ချုပ်လှုထားသည်ဟု ထင်ရသော ပေါ်ပလင်ပိတ်ဖြူကို အနှားကွပ်၍ အထဲက သရက်ထည်

လုံချည်ကို ထည့်သွင်းချုပ်ထားသော အိပ်ရာခင်းဖြစ်ပါသည်။

ဆရာတော်ထံမှ ရောက်လာသော ဂါထာ

သပြေကန်မှ ပြန်ရောက်ပြီးနောက် တွံတေးပရိတ်ကြီး နိဿယ၊ ကစ္စာယနသံခိပ် ပါဠိနိဿယ စသည်တို့ကို ရေးသားခဲ့သည့် စာရေးသူတို့၏ စကျင်ရွာဇာတိ တွံတေးဆရာတော်(ဘဒ္ဒန္တနာဂ)၏ အထွဋ်ပွတ္တိ လေ့လာရေးအတွက် တွံတေးမြို့၊ ကွမ်းခြံကုန်းမြို့၊ ကော့မှူးမြို့တို့သို့ သွားရောက်ခဲ့ပြီး မန္တလေးသို့ ပြန်ခဲ့ပါသည်။

မန္တလေး ပြန်ရောက်ပြီးနောက် တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး ခရီးစဉ်တို့မှ ရရှိလာသည့် တွံတေးဆရာတော်၏ အကြောင်းများကို ဆရာတော်ထံ စာဖြင့် ရေးသားလျှောက်ထားခဲ့ပါသည်။

ဆရာတော်ထံမှ စာရှည်ကြီး တစ်စောင်ပြန်လာပါသည်။ တွံတေးဆရာတော်နှင့်စပ်၍ မသိဘူး မကြားဘူး သေးသော အကြောင်းအရာများကို သိရ၍ ဝမ်းမြောက်ကြောင်း၊ တွံတေးကျောင်းဘုန်းကြီး ဖြစ်ပြီးမှ ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးထံ ရောက်သည့်အကြောင်း၊ ကွမ်းခြံကုန်း ကြားကျောင်းဆရာတော်ကြီးက တွံတေးဆရာတော်ဦးနာဂသည် သကျသီဟဘွဲ့ရ ဆရာတော်ဖြစ်သည်ဟု အမိန့်ရှိကြောင်း စသည့် အကြောင်းအရာများသည် လူမသိကြသေးသော အကြောင်းများဖြစ်၍ တွံတေးဆရာတော်၏ ထေရပွတ္တိကို မြန်မြန်ဖြစ်မြောက်အောင် ကြိုးစားစေလိုကြောင်း တိုက်တွန်းရေးသားပါသည်။

ထိုစာတွင် အောက်ပါဂါထာလေး တစ်ပုဒ်ကိုလည်း ရေးသားလိုက်ပါသည်။

ဩဒါတသီရီ ဩဒါတ၊
သီရီ ဟောတု ဣတောဓိကော၊
ဧဝံ ပတ္ထေမ တုယ္ဟံ ဟိ
ဝုဒ္ဓိမိစ္ဆာမ သာသနေ။

ဆရာတော်၏ ထိုစာကို ပြန်ကြားလျှောက်ထားသော စာတွင် ဆရာတော်၏ ထိုမေတ္တာအာသီသပတ္ထနာကို ဖတ်ရှုရ၍ ဝမ်းမြောက်ဝမ်းသာ ရှိလှပါကြောင်း-

တုမှာကံ ပေသိတံ ပဏ္ဏံ၊
လဒ္ဓါ မေတ္တာဝိဘာဝိတံ။
မဏိဇောတကလဒ္ဓေါ
ဘိယျော မောဒါမ နပ္ပကံ။

ဂါထာလေးကို ပြန်လည်ရေးသား လျှောက်ထားပါသည်။

အောင်ပွဲကြို့ ဂါထာ

စာရေးသူသည် ၁၃၃၈-ခုနှစ်တွင် သကျသီဟ စာချုတန်း စာမေးပွဲကို အောင်သဖြင့် "အဘိဝံသ" ဘွဲ့ကို ရခဲ့ပါသည်။

ထိုစာမေးပွဲ အောင်မြင်ရေးအတွက် ကြိုးစားနေရသောကြောင့် ဆရာတော်ထံ စာမရေးနိုင်ခဲ့ပါ။ ထိုအကြောင်းကို စကျင်ဇာတိ ရဟန်းတစ်ပါးက ဆရာတော်ထံ ရောက်သွား၍ လျှောက်ထားသဖြင့် "ဥူးဩဒါတ စာမေးပွဲအတွက် လုံးပန်း အားထုတ်နေကြောင်း သိရသဖြင့် စာမေးပွဲကို အပြီးအဆုံး အောင်မြင်ပြီး အောင်ပန်းဆင်နိုင်ပါစေဟု မေတ္တာပို့နေကြောင်း" အောက်ပါ အောင်ပွဲအကြို့ဂါထာလေး ကိုလည်း ရေးသားချီးမြှင့်ပါသည်-

ဇယနာရီသမာနီတ၊
သုခပီတိရသာယနော၊
သိဒ္ဓတံ သိဒ္ဓိမောဒါတ၊
သိရီ ပတ္တော သလဉ္ဆနော။

"ဘုန်းကြီးတို့လည်း နိဗ္ဗာန်အကြောင်း ငယ်ငယ်လေးထဲက လေ့လာနေတာ ပါဠိတော်ကြီးတွေနဲ့ အဋ္ဌကထာဖွင့်ဆိုချက်တွေ ကြည့်ကြည့်ပြီး လေ့လာနေတာ ယနေ့အချိန်အထိ စိတ်ထဲမှာ ရှင်းမသွားသေးဘူး၊ တကယ်တော့ နိဗ္ဗာန်ကို ကိုယ်တိုင်မျက်မှောက် မပြုနိုင်သေးသမျှ ဒီအတိုင်းပဲ ဖြစ်နေမယ်လို့ ထင်တယ်"

ထိုစာ နယုန်လဆန်း ၉-ရက်(စာဖြေပြီး နောက် တစ်ရက်)ရောက်လာပါသည်။ နယုန်လဆန်း ၁၄-ရက် အောင်စာရင်းထွက်သည့်အခါ ဆရာတော်၏ ဗျာဒိတ်တော် အတိုင်း သက္ကသီဟစာမေးပွဲကြီးကို အောင်ကာ "အာဒိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဘွဲ့ကို ရရှိခဲ့ပါသည်။

ကျမ်းပြုအကျော်

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာ ဘိဝံသသည် အခြေခံကျမ်း(သဒ္ဒါ သင်္ဂီဟစသည်)များမှ စု၍ အထက်တန်းဖြစ်သော သင်ရိုးပိဋကသုံးပုံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာဆိုင်ရာ ဘာသာဋီကာကျမ်းများနှင့် အနာဂတ် သာသနာရေး၊ ကိုယ်ကျင့်အဘိဓမ္မာ စသည့် တိုင်းပြုပြည်ပြု သာသနာပြု ကျမ်းပေါင်းများစွာကို ရေးသား ပြုစုတော်မူခဲ့သောကြောင့် "ကျမ်းပြုအကျော် မဟာဂန္ဓာရုံ ဆရာတော်" ဟူသော ဘွဲ့ကို ပညာရှင်များက တညီတညွတ် တည်း ဂုဏ်ပြုပူဇော်ခဲ့ကြ၏။

ထို့အတူ ပရိတ်ကြီး နိဿယသစ်ကျမ်းပြု သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသကိုလည်း "ပရိတ်ကြီး နိဿယသစ်" တစ်ကျမ်းတည်းဖြင့် "ကျမ်းပြု အကျော် သပြေကန်ဆရာတော်" ဟု ပညာရှင်များက တညီတညွတ်တည်း သတ်မှတ်ဂုဏ်ပြုပူဇော်ခဲ့ကြပေသည်။

စွမ်းရည်ကြီးမား ဆရာတော်ဘုရား

ဆရာတော်၏ စွမ်းရည်များကား များပြားလှပါသည်။ စာရေးသူလို သာမညပုဂ္ဂိုလ်များကို မဆိုထား ဘိ တကယ့်ပညာရှင်များပင် ကုန်စင်အောင် ရေးနိုင် ပြောနိုင် မည် မထင်ပေ။

သာမဏေဘဝဖြင့် ဝိနည်းပါဠိတော်ကြီး ငါးကျမ်း ကို နှုတ်ဆောင်နိုင်သဖြင့် "ဝိနယဓရ" ဘွဲ့၊ ရဟန်းတစ်ဝါ အရတွင် သံယုတ်ပါဠိတော်ကြီး ငါးကျမ်းကို ပြန်ဆိုနိုင် သဖြင့် "သံယုတ္တဘာဏက" ဘွဲ့၊ ခက်ခဲလှသော သက္က သီဟ စာမေးပွဲကြီးကို အောင်မြင်သဖြင့် "အာဒိဝံသ" ဘွဲ့၊ ဓမ္မာစရိယစာမေးပွဲတွင် ပြဋ္ဌာန်းထားသော ကျမ်းရင်း သုံးကျမ်းနှင့် ဂုဏ်ထူးခြောက်ကျမ်းကို ၁-နှစ်တည်း အောင် မြင်သောကြောင့် "သိရောမဏိ" ဘွဲ့၊ "တွဲဖက်ရွှေကျင် သာသနာဓိပ" ဘွဲ့၊ "နိုင်ငံတော် ဩဝါဒါစရိယ" ဘွဲ့၊ "အဘိဓမ္မဟာရုဠှဂုရု" ဘွဲ့၊ "ကျမ်းပြုအကျော်" ဘွဲ့. ဟူသော အထက်တန်းစား ဘွဲ့ထူးကြီးများကို ရရှိသော ဆရာတော်ဖြစ်ရာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ပါ ထူးခြားသော ဆရာတော် ဖြစ်ပေသည်။

နောက်ဆုံးပူဇော် မြတ်ဂုဏ်တော်

ဆရာတော်သည် သက်တော် (၈၄)နှစ်အရွယ် ၁၃၅၆-ခုနှစ် တပိုတွဲလဆန်း ၇-ရက်နေ့တွင် ဘဝနှတ်ထံ စံလွန်တော်မူခဲ့ပါသည်။

ဆရာတော်၏ အန္တိမစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပရေး ဗဟိုကော်မတီ အစည်းအဝေးက စာရေးသူအား သာဓုကီဠနပူဇော အခမ်းအနား၌ ဖတ်ကြား ရန် ဂါထာများရေးဖို့ တာဝန်ပေးပါသည်။ သီတဂူဆရာ တော် အရှင်ဉာဏိဿရ က "ဘုန်းကြီးဥူးဩဒါတ ရေးမည့် ဂါထာများကို အခမ်းအနား၌ သူကိုယ်တိုင် ဖတ်လိုပါ ကြောင်း" အဆိုပြုသဖြင့် အစည်းအဝေးက သဘောတူခဲ့ ပါသည်။

ထိုသို့ စျာပနကော်မတီက မိမိအား သာဓုကီဠန ပူဇော ဂါထာများရေးဖို့ ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ဆရာတော်ဂုဏ်ရည်များအနက် စာရေးသူ သဘောအကျဆုံး အကြည်ညိုဆုံးဖြစ်သည့် ဂုဏ်ရည်များကို ဖော်ကျူး၍ ဂါထာလေးပုဒ်ကို ရေးသား ပူဇော်ပါသည်။ ထိုဂါထာလေးပုဒ်ကို သီတဂူဆရာတော်က အခမ်းအနားတွင် ဖတ်ကြားပူဇော်ရာ အများမသိသည့် ဆရာတော်၏ ဂုဏ်ရည်များကို သိကြရသဖြင့် ဆရာတော် ကြီး တော်တော်များများက စာရေးသူအား ချီးမွမ်းစကား မိန့်ကြားကြပါသည်။

စာရေးသူ ရေးသားထားသော ထိုဂါထာလေးပုဒ် ကို ဤ နှစ်(၁၀၀)ပြည့်စာစောင်၌ ထည့်သွင်းဖော်ပြခြင်း ဖြင့် သပြေကန်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်များကို ထပ်မံ ပူဇော်ပါသည်။

တစ်ဘဝဇာတ်သိမ်း ချုပ်ငြိမ်းတော်မူသော နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ
ဥပဥဉ္ဇ္ဈ မဟာနာယက တွဲဖက်သာသနာပိုင်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ကျမ်းပြုအကျော်
ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီးအား ပူဇော်အပ်သည့်
မဟာထေရဂုဏ်ထောမနာ ပူဇော်လွှာ

ထုတ်ဝေဒါယကများ

၁။ သင်္ကောပိဟာသု နော ထေရော၊ သုထဒ္ဓေါ သီလသံဝရေ။
စိတ္တဉာဏော အစိတ္တော ပိ၊ အပ္ပဝါစော ပိ ဝါစကော။

နော ထေရော-ရွှေကျင်နိကာယဥပဥဉ္ဇ္ဈ မဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ မင်းဂုဏ်ပြုပူဇော် ဇမ္မူကျော်သည့် မဟော်ဉုံးစီး ကျွန်ုပ်တို့၏ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီးသည်။ ဤ ဟာသု-နေထိုင်သွားလာ ကိုယ်မူရာနှင့် ချိုသာညက်ညော နူတ်အပြောတို့၌။ သင်္ကောပိ-ဒေါသ,မာန၊ မြူမျှမငွေ့ အလွန့်အလွန် သိမ်မွေ့လှပါသော်လည်း။ သီလဝံဝရေ-သက္ကပုတ္တ သာမဏေအကျော် ရဟန်းတော်တို့ ရွှင်ပျော်ချမ်းမြ ကျင့်သုံးရသည့် ဝိနယဓမ္မ ပါတိမောက္ခ သံဝရသီလတော်အရာ၌ကား။ သုထဒ္ဓေါ-နည်းနည်းမျှမလျော့ မပျော့မည့် ခိုင်ခံ့တည့်မတ် အလွန်တင်းမာသောစိတ်ဓာတ် ရှိတော်မူပါပေ၏။

နော ထေရော-မျက်မှောက်ခေတ်သာသနာ စာပေမှာထိပ်တန်း ကျမ်းဂန်တတ်အကျော် ကျွန်ုပ်တို့၏ ကျေးဇူးရှင် သပြေကန်ဆရာတော်သည်။ အစိတ္တောပိ-အနေအစား အသွားအလာ အရာရာဝယ် မပါဟိတ်ဟန် ခေတ်မဆန်ပါသော်လည်း။ စိတ္တဉာဏော-တရားဒေသနာ ဟောကြားရာနှင့် ကျမ်းစာပြုစု စာပေမူတွင် နှိုင်းတုမမြင် အလွန်လျှင်ဆန်းကြယ် အံ့ဖွယ်သော ဉာဏ်ထူး ဉာဏ်မြတ်လည်း ရှိတော်မူပါပေ၏။

နော ထေရော-မင်္ဂလာတောင်ညွန့်မြို့နယ် ဂုဏ်ကြွယ်ကျော်ဟီး ရွှေကျင်ကျောင်းတိုက်ကြီး၏ ဉုံးစီးပဓာန မဟာနာယက ဂန္ထကာရကအကျော် ကျေးဇူးရှင်သပြေကန် ဆရာတော်သည်။ အပ္ပဝါစောပိ-တိဟိတ်ဂမ္ဘီ ဉာဏ်ဝသီ ကြောင့် ပွေလီဆန်းပြား စကားအရာ အလွန်နည်းပါးလှပါသော်လည်း။ ဝါစကော-ဆန်းကြယ်နက်နဲ ခက်ခဲပုစ္ဆာ မေးလျှောက်လာလျှင် ဌကထာပါဠို ဋီကာညီလျက် ယုတ္တိအာဂုံ ထုံးပုံသက်သေ အထွေထွေဖြင့် ဝေဝေဆာဆာ ခိုင်မာပြည့်စုံ ပြောမကုန်အောင် ဖုံဖုံဆန်းကြယ်၊ ပေါကြွယ်သောစကားတော်လည်း ရှိတော်မူပါပေသတည်း။

၂။ အ-ဂိဒ္ဓေါ ယသလာဘေသု၊ ဓမ္မေသု ပန မာနိတော။
ထေရော ဝိဝေကနိန္နော ပိ၊ သာဝကာနံ ဟိတံ စရေ။

ထေရော-ဘုရားဆုံးအမြဲဝါဒကို လုံးဝလိုက်နာ မဟာသာကီ ဇာနည်တွတ်များ ကျေးဇူးရှင် သပြေကန်ဆရာတော် ဘုရားသည်။ ယသလာဘေသု-နာမည်သတင်း ကျော်စောခြင်းနှင့် ဝပ်စင်းခ,ယ ပူဇော်ကြသည့် လာဘသက္ကာရ သိလောဟူငြား အကာအဖျင်း တရားတို့၌။ အ ဂိဒ္ဓါဝိ-ကြောင်းကျိုးဆင်ခြင် အပြစ်မြင်သဖြင့် မချစ်ခင် မနှစ်သက် မစုံမက် မမြတ်နိုးပါသော်လည်း။ ဓမ္မေသု ပန-ပါတိမောက္ခ မြတ်သီလနှင့် သမထ ဝိပဿနာ ဖြာဖြာ ကောင်းမှု သူတော်ကောင်းတရား အစုတို့၌ကား။ မာနိတော-အနှစ်ရတနာ အစစ်သာမို့ လွန်စွာနှစ်သက် စုံမက်အားကိုး အလွန်အလွန် မြတ်နိုးတော်မူတတ်ပါပေ၏။

ထေရော-စာမရီသား ရစ်မ လားသို့ ဘုရားမိန့်မြွက် ဝိနည်းတော် ဓမ္မစက်ကို အသက်ထက်မက မြတ်နိုးတော် မူလှသည့် ဂန္ဓကာရကအကျော် ကျေးဇူးရှင် သပြေကန်ဆရာတော်သည်။ ဝိဓေကနိန္နောပိ-ရှင်လူရဟန်း မရောပြွမ်းဘဲ အေးချမ်းတိတ်ဆိတ် တရားရိပ်တွင် မှေးမှိတ်ခိုမှီး တစ်ကိုယ်တည်းသာ နေလိုလှပါသော်လည်း။ သာဝကာနံ-သီလ သမာဓိ ပညာ၊ မေတ္တာတရား ဆွေငင်အားကြောင့် ထေရ်ဘုရားထံမှောက် ချဉ်းကပ်ရောက်သည့် မြားမြောက်သွယ်သွယ် တပည့်သာဝကကြီးငယ်တို့၏။ ဟိတံ-ပစ္စုပ္ပန်သံသရာ၊ နှစ်ဖြာကရဏာ ဆပွား မေတ္တာထားလျက်၊ လူပ်ရှားသွားလာ ဟောပြောကာဖြင့် ကောင်းစွာမသွေ ဆောင်ရွက်တော်မူခဲ့ပါပေသတည်း။

၃။ မာလိစ္စာ မာလိနံ ယန္တိ၊ ဥဒမီ သြဒကာ တထာ။
သုတကာမာ သုတာ သန္တိ၊ သီတလံ သုတသာဂရံ။

သာဓဝေါ-ထေရ်ရှင့်ဂုဏ်ရည် စုံအညီကို ယုံကြည်လေးစား သူတော်ကောင်းအများတို့။ မာလိစ္စာ-ညို ရွှေ ဖြူ နီ ရောင်စုံစီ၍ ဝင်းကြည်သင်းပျံ့ ရနံ့မွှမ်းထုံ ပန်းမျိုးစုံကို ခုံတမင်မင် လိုချင်တောင့်တ အလှမက်သူ အများပြည်သူတို့သည်။ မာလိနံ-မြင်သူငေးမော သဘောနှစ်ခြိုက် ဘဝင်ဆိုက်မျှ သိုက်မြိုက်ပွင့်ဖူး အထူးစုံလင် ပန်းဥယျာဉ်ကြီးသို့။ ယန္တိ-တေးသီချင်းကိုယ်စီ ကျူးကာသီလျက် ရွှင်ကြည်ချမ်းမြ သက်ဝင်ချဉ်းကပ်ကြလေကုန်၏။

သြဒကာ-ရေများစွာကို အလိုရှိသူ ခပ်သိမ်းလူတို့သည်။ ဥဒမီ-တစ်ကမ္ဘာလုံး ခပ်ယူသုံးလည်း လုံးလုံးမရွေ့ ခပ်တိုင်းပြွေ(ပြည့်)သည့် ချမ်းမြေ့နက်ကျယ် ရေပင်လယ်ကြီးသို့။ ယန္တိ-မလွဲမသွေ ချဉ်းကပ်ကြရပါပေကုန်၏။

တထာ-ပန်းစုံလိုချင်၊ ပန်းဥယျာဉ်နှင့်၊ ရေစင်များစွာ လိုရှိပါက မဟာသမုဒ္ဒ ချဉ်းကပ်ရသည့် လောကဥပမာ ထို့အတူသာလျှင်။ သုတကာမာ-လောက ဓမ္မ သုတဖုံဖုံ ရတနာမျိုးစုံကို ခုံတမင်မင် လိုချင်တောင့်တ ကလျာဏ ဂုဏ်းဝင် သူတော်စင်တို့သည်။ သီတလံ-ဓမ္မစွမ်းအား ဂုဏ်ရည်များကြောင့် ထူးခြားကိန်းဝပ် အအေးဓာတ်သဒၶ အငြိမ်းဓာတ်ပိုင်ရှင်လည်း ဖြစ်ပေသော။ သုတသာဂရံ-သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကျမ်းသွယ်သွယ်နှင့် မှတ်ဖွယ် ပေါင်းရုံး ဗျာကရဏ်း အလင်္ကာ သဒ္ဒါအခန်းခန်း ဆန်းကျမ်းဒဿန တက္ကနိတိ စရိုဖုံဖုံ သုတအမျိုးစုံတို့၏ ပေါင်းဆုံ စုဝေးရာ မဟာအတုလ သုတသမုဒ္ဒရာကြီး ဖြစ်တော်မူပေသော။ သုတံ-ကျမ်းတတ်အကျော် သပြေကန်ဆရာတော်ဟု ပြည်ပေါ်မက ပြည်ပကျအောင် နာမထင်ပေါ် ကျော်ကြားတော်မူပေသော။ သုတံ-သုတဗုဒ္ဓ နာမသင်းကြူ တံခွန်ထူ သည့် ပြိုင်တူကင်းငြား အရှင်ဆရာတော်ဘုရားသို့။ အာသန္တိ-သုတမြိုက်ရည် သောက်သုံးမည်ဟု ယုံကြည်လေးမြတ် သဒ္ဓါဓာတ်ဖြင့် ချဉ်းကပ်ရွှင်ပြုံး စုရုံးရောက်ရှိကြရပါကုန်တော့သည်ဘုရား။

၄။ **အပိုဈ်ဆောပိ မဟာထေရ၊ ဂုဏာ တံ့ မနုဝတ္တရေ။**
ဧဝမာဒိ ဂုဏောပေတံ၊ ဝန္ဒေ ထေရံ ဂုဏာကရံ။

မဟာထေရ- သီလ သုတ ဘက်စုံလှ၍ သာသနာ့ကျက်သရဆောင် မြန်မာ့ကျက်သရဆောင် ဂုဏ်ရောင်ထင်ရှား ကျေးဇူးတော်သခင် အရှင်မြတ်ကြီးဘုရား။ တံ့- တစ်ဆူဘုရား ပွင့်သောလားသို့ တရားစည်ကြီး ခြိမ့်ခြိမ့်တီး၍ နတ်ထီးခိုလှုံ ရွှေဘုံစံပျော် အရှင်ဆရာတော်သည်။ အပိုဈ်ဆောပိ- ထင်ပေါ်ကျော်ကြား လူသိများဖို့ လိုလားတောင့်တစိတ်အလိုဆန္ဒ မရှိပါသော်လည်း။ ဂုဏာ- လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ ပဋိပတ္တိမာမက သံသာရဘယဘီရုက ရွှေကျင်နိကာယ ဥပဥ္ဈာဒ္ဓ မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု မင်းဂုဏ်ပြုပူဇော် ဂုဏ်တော်ကျေးဇူးတော်တို့သည်။ ဂုဏာ- ဝိနယဓရ သံယုတ္တဘာဏက ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ သိရီပဝရ ဓမ္မာစရိယ သိရောမဏိစရှိထင်ရှား ဂုဏ်မမင်သည့် သန့်စင်ထူးခြား အရှင်ဆရာတော်ဘုရားသို့။ အနုဝတ္တရေ= အနုဝတ္တန္တိ- ထေရ်ဘုရားသခင်မလိုချင်လည်း အရှင်နှင့်သာ ထိုက်တန်ပါသဖြင့် မှန်စွာမသွေ လိုက်ပါဖြစ်ပေါ်ခဲ့ကြရပါပေသည်ဘုရား။

မဟာထေရ- ဆည်းကပ်လာသူ ရှင်နှင့်လူကို စင်ဖြူသီလ ပြည့်စုံကြဖို့၊ ဆုံးမဟောကြား ကျေးဇူးတော်သခင် အရှင်မြတ်ကြီးဘုရား။ ဧဝမာဒိဂုဏောပေတံ- ထေရ်ဘုရားဂုဏ်ဟိတ် ကုဋ္ဌေစိတ်လည်း တစ်စိတ်မျှပင် ရာမဝင်သည့် ပီပြင်ထုတ်ပြ ဤသို့စ,သား များလှသောင်းသောင်း ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတော်မူပေသော။ ဂုဏာကရံ- ရှိရှိသမျှ အာဇာနည် အလီလီတို့၏ ဂုဏ်ရည်သေတ္တု အနှစ်စုရာ မဟာသမုဒ္ဒရာသဖွယ် ဂုဏ်ပင်လယ်ကြီး ဖြစ်တော်မူပေသော။ ထေရံ- သီလမြေထု မေရုသမာဓိန် ဝရဇိန်ပညာ ဆယ်ဖြာထင်ရှား ထေရကရဏတရားတို့နှင့် ထူးခြားစုံလင် ဂုဏ်ပေါင်းယင်ပေသော။ တံ- ထက်ဖျားဗြဟ္မာ့ပြည် ကြွချီတော်မူသွား ထေရ်အရှင်ဘုရားကို။ မယံ- သာသနာ့ဇာနည် မြတ်မထေရ်က သာကြည်မိန့်မြွက် နှုတ်မဆက်ဘဲ ရုတ်တရက်ခွဲခွာ သွားသည့်တာကြောင့် ကံကြမ္မာညှိုးလျော် ဘုရားတပည့်တော်တို့သည်။ ဝန္ဒေ ဝန္ဒာမ- နှစ်ဝရပ်နာမ် ဖြစ်ပျက်ဟန်ကို ဖန်ဖန်ရှုပွား ဘာဝနာအားဖြင့် လေးစားကော်ရော် ပူဇော်ကန်တော့ကြပါကုန်သည်ဘုရား။

ဩဒါတသိရီဘိဝံသေန၊ ထေရသိဿေန ဂန္ထိတာ။
သံခိပါ မဟာထေရဿ၊ ဂုဏမာလာ ပသီဒနာ။

အရှင်ဉာဏိသရ
မဟာဓမ္မကထိကဗဟုဇနဟိတဓရ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
စစ်ကိုင်းမြို့။
ဖတ်ကြားပူဇော်သည်။

ဥဩဒါတသိရီဘိဝံသ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။
ရေးသားပူဇော်သည်။

၁၃၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်နေ့။



ရေပွဲ့မကုန် ကျေးဇူးဂုဏ်

အရှင်အာဒိစ္စဝံသ(ဆားလင်းကြီး)

ကျေးဇူးတော်ရှင် ရွှေကျင်နိကာယ ဥပဥဏ္ဍ (တွဲဖက်သာသနာပိုင်) အဘိဓေမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် တော်ရ သပြေကန်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ လောင်းလျှာကို သန်လျင်မြို့နယ် ချောင်းဝကွာ၌ မြန်မာ သက္ကရာဇ် ၁၂၇၂-ခုနှစ်၌ ဖွားမြင်တော်မူခဲ့ရာ ယခု မြန်မာ သက္ကရာဇ် ၁၃၇၂-ခုနှစ်တွင် နှစ် ၁၀၀ ပြည့်ခဲ့လေပြီ။

ဆရာတော်သည် သက်တော်-၈၄၊ သိက္ခာတော် ၆၅-ဝါအရ ၁၃၅၆-ခုနှစ်တွင် လွန်တော်မူခဲ့သည်။ ဆရာတော် လွန်တော်မူခဲ့သည်မှာ ၁၇-နှစ် ရှိခဲ့လေပြီ။ ဆရာတော် လွန်တော်မူခဲ့သော်လည်း ဆရာတော်၏ မြင့်မြတ်လှသော သီလ၊ သမာဓိ၊ ပညာဂုဏ်တော် ရန်ဲ့တိုက်ား သင်းပုံကြိုင်လှိုင်လျက် ရှိပါသည်။

ရွှေပံ ဇီရတိ မစ္စာနံ၊ သတ္တဝါတို့၏ ရုပ်တရားသည် ဆွေးမြေတတ်၏။

နာမ ဂေါတ္တံ နံ ဇီရတိ=အမည်နှင့် အနွယ် အဆက် သည်ကား ဆွေးမြည့်ခြင်းမရှိပေ ဟူသည့်အတိုင်း ဆရာတော်၏ ဘွဲ့အမည်တော်ကား သာသနာ့လောကတွင်သာ မက လူ့လောကတွင် စာပေလောကတွင် ပို၍ ထင်ရှားလာသည် ဟု ဆိုရပါမည်။ သပြေကန်ဆရာတော်ဟု ဆိုလိုက်လျှင် ဘာသာရေးစာပေလောကတွင် မသိသူ မရှိပါပေ။ ဆရာတော်

ပွဲဦးထွက် ရေးသားပြုစုခဲ့သော ပရိတ်ကြီးနိသယသစ်ကား ထင်ရှားလှသည်။ ကျော်ကြားလှသည်။ တစ်ကျမ်းတည်းဖြင့် ထင်ရှားကျော်ကြားသော ဆရာတော်ဟု ဆိုရလျှင် အများကပင် ထောက်ခံကြမည်ဟု ယူဆမိပါသည်။ ထိုပရိတ်ကြီးနိသယသစ်ကို ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃာ့အကျိုးတော်ဆောင် ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ၊ ဝိဇ္ဇာလင်္ကာရ ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ ဆရာတော်၏ တိုက်တွန်းမှုကြောင့် ရေးသားပြုစုခြင်းဖြစ်သည်။ ဝိဇ္ဇာလင်္ကာရ ဆရာတော်သည် ငယ်စဉ်ကပင် သပြေကန်ဆရာတော်၏ မြင့်မားသော ပရိယတ်ဂုဏ်ရည်ကို ယုံကြည်ပြီးဖြစ်၍ တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ တိုက်တွန်းသည့်အတိုင်း ရေးသားပြုစုပေးသော ဆရာတော်၏ မွန်မြတ်သော စိတ်သဘောထားမှာ ချီးကျူးဖွယ် ကောင်းလှပါသည်။

ဆရာတော်သည် ကျမ်းပြုဆရာတော်ဟူသော ဂုဏ်ကိုလိုလား၍ ရေးသားတော်မူသည် မဟုတ်ပေ။ ပရိတ်ကြီးနှင့် စပ်၍ သိအပ်သိထိုက်သော ဘာသာရေး၊ သာသနာရေး အနှစ်သာရတို့ကို ပြည့်ပြည့်ဝဝ သိစေချင်သော မေတ္တာစေတနာဖြင့် ရေးသားတော်မူခြင်း ဖြစ်သည်။ မျက်မှောက်ခေတ် လူ့လောကတွင် သံသယဖြစ်နေသော ပြဿနာများကို ရှင်းလင်းရေးသားထားသည်မှာ အားရ ကျေနပ်ဖွယ်ကောင်းလှပါသည်။

ဆရာတော်သည် ကျော်ကြားထင်ရှားမှုကို မလိုလားသော အပို့ဆွတာဂုဏ်နှင့် ပြည့်စုံလှပါသည်။ ဆရာတော်သည် မိမိ၏ ကျေးဇူးရှင် ဖြစ်တော်မူသော အာဘယာရာမ ဆရာတော်၏ အာဘယာရာမိကပွဝတ္တိ ဝိဘာဝိနီမည်သော အာဘယာရာမိက ထေရပွတ္တိကို ပါဠိဘာသာဖြင့် ရေးသားပြုစုခဲ့သည်။ ရေးသူအမည် မဖော်၍ အတွင်းကျသော ပုဂ္ဂိုလ်အချို့သာ သိကြသည်။ ဆရာတော်သည် ဆဋ္ဌသံဂါယနာခေတ် အဋ္ဌကထာစာအုပ်နိဒါန်းကို ပါဠိဘာသာဖြင့် ရေးသားပေးခဲ့သည်။ ဝိဇ္ဇာလင်္ကာရဆရာတော်၏ တိုက်တွန်းချက်ပင် ဖြစ်ပေလိမ့်မည်။ ဆရာတော်ရေးသည်ဟု မည်သူမျှ မသိကြပေ။ စာရေးသူသည် (၈)ပါးဖြင့်သာ ဖွဲ့တည်သော မြန်မာစာ ဩဝါဒါစရိယအဖွဲ့တွင် ပါဝင်ခဲ့သည်။ သပြေကန်ဆရာတော်သည်လည်း မြန်မာစာ ဩဝါဒါစရိယအဖွဲ့တွင် ပါဝင်ပါသည်။

ဆရာတော် ကမ္ဘာအေးကြ၍ ကမ္ဘာအေးမှာ ဆွမ်းဘဉ်းပေးလျှင် ဒကာများက ဆွမ်းပို့ပေးရာ ဆရာတော်သည် ဆွမ်းစားကျောင်းသို့ ဆွမ်းဘဉ်းပေး မကြွတော့ဘဲ ဥတ္တရဂုရုကျောင်းဆောင်မှာ ဆွမ်းဘဉ်းပေးတော်မူသည်။ ဆရာတော်က ခေါ်သဖြင့် ဆရာတော်နှင့် ဆွမ်းအတူ စားရသည်။ အဋ္ဌကထာများ၏ ပါဠိနိဒါန်းများကို ဆရာတော်ရေး,မရေး လျှောက်ထားကြည့်ရာ ဆရာတော်က ရေးပေးရကြောင်း၊ ပဋိဝေသောဓကအဖွဲ့က တချို့ပြင်ဆင်ကြောင်း အမိန့်ရှိပါသည်။

ဆရာတော် ဘဝနတ်ထံ စံလွန်တော်မူသောအခါ ဆရာတော်၏ ဈာပနသို့ သွားရောက်ခဲ့ပါသည်။ ရန်ကုန် ရောက်သောအခါ "ကျမ်းပြုအကျော် သပြေကန်ဆရာတော်" ခေါင်းစီးဖြင့် သတင်းစာတွင် ဆောင်းပါး ရေးသားပူဇော်ခဲ့ပါသည်။ ထိုဆောင်းပါးတွင် အဋ္ဌကထာနိဒါန်းများ ဆရာတော် ရေးသားကြောင်း ထည့်၍ ရေးလိုက်ပါသည်။

ကမ္ဘာအေး သာသနာရေးဦးစီးဌာနမှ အယ်ဒီတာအဖွဲ့ဝင် တစ်ဦးက စာရေးသူနှင့်တွေ့သောအခါ "အဋ္ဌကထာများ နိဒါန်းရေးသူကို မသိခဲ့ရပါ။ ယခုဆောင်းပါးဖတ်ရမှ သိရ၍ ဝမ်းသာလှပါသည်။ သတင်းစာကို သိမ်းထားရပါသည်ဟု ဖြေပါသည်။

သပြေကန်ဆရာတော်၏ ဘဝဖြစ်စဉ်ကား ချီးကျူးမကုန် ဂုဏ်ပေါင်းစုံသည့် အံ့ဖွယ်ပုဂ္ဂိုလ်ထူး ဖြစ်ပါသည်။ မြန်မာသာသနာဝင် သမိုင်းတွင် ရာမှရား ထူးခြားလှသော ပုဂ္ဂိုလ်ထူး ဖြစ်ပါသည်။ သာမဏေဘဝ အသက်(၁၈)နှစ်အရွယ်တွင် ဥာဘတောဝိဘင်းနှင့် မဟာဝါပါဠိတော်ကို အာဂုံပြန်ဆိုခဲ့သည်။ (၁၉)နှစ်သားအရွယ်တွင် ဝိနည်းပါဠိတော် ငါးကျမ်းလုံး ပြန်ဆိုနိုင်၍ ဝိနယဓရဘွဲ့ကို ရရှိခဲ့သည်။ သာမဏေဘဝမှာပင် ထူးခြားလှ၍ ရွှေကျင်နိကာယ အစည်းဝေးမှတ်တမ်းတွင် ရေးသားဖော်ပြခြင်း ခံရသည်။ အသက် ၁၅-နှစ်တွင် ပထမငယ်၊ ၁၆-နှစ်အရွယ်တွင် ပထမလတ်၊ ၁၇-နှစ်အရွယ်တွင် ပထမကြီးအောင်မြင်ပြီးဖြစ်သည်။

ရှိမှ သိနိုင်သည်
မိမိက ဂုဏ်ရှိနေလျှင် သူတစ်ပါး ဂုဏ်ကို ပိုမို နားလည်နိုင်၏။
အရှင်ဝါသေဋ္ဌာဘိဝံသ

It Takes One to Know Another

A PERSON must himself have honour to better appreciate the honour of another.

ပထမပြန်စာမေးပွဲတွင် အောင်မြင်သော သာမဏေများ ရှိသော်လည်း သာမဏေဘဝဖြင့် ဝိနည်းငါးကျမ်း အောင်မြင်သော သာမဏေကား မြန်မာ့သာသနာဝင် သမိုင်းတွင် မတွေ့ရသေးပေ။ သက်တော်(၂၁)နှစ် ရဟန်းတစ်ဝါအရွတွင် သံယုတ်ပါဠိတော်ငါးကျမ်းကို ပြန်ဆိုအောင်မြင်၍ **ဝါသေဋ္ဌာဘိဝံသ သီရိပဝရ သာသနဓဇ သံယုတ္တဘာဏက** ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည်။ ပရိယတ္တိသာသနဟိတအသင်း(သကျသီဟ)စာမေးပွဲတွင်လည်း လေးနှစ်အတွင်း စာသင်တန်းနှင့် စာချတန်းကို ထူးချွန်စွာ အောင်မြင်၍ **ဝါသေဋ္ဌာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့**ကို ရရှိခဲ့သည်။ နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲကို (၁၃၀၇)ခု (၁၉၄၅)ခုနှစ်တွင် စတင်ကျင်းပခဲ့၏။ ၁၃၀၈-ခုနှစ် ဒုတိယအကြိမ် ကျင်းပသော ဓမ္မာစရိယစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူး(၆)ကျမ်း (၉)ကျမ်းလုံးကို တစ်နှစ်တည်း ဖြေဆိုအောင်မြင်၍ **သာသနဓဇ သီရိပဝရဓမ္မာစရိယ(သီရောမဏိ)**ဘွဲ့ကို ပထမဆုံးရရှိခဲ့သည်။ ဤကား စာသင်သားဘဝတွင် ထင်ရှားသော အောင်မြင်မှု ဖြစ်သည်။

ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသသည် ပရိယတ္တိဂုဏ်သာ ထူးချွန်သည်မဟုတ်ပေ။ ပဋိပတ္တိဖြစ်သော ဝိနည်းသိက္ခာကို ရိုသေလေးစားလျှက် သံဃာအများကပင် ရိုသေလေးစား ကြည်ညိုကြသည်။ သံဃာချင်း လေးစားရိုသေမှုမှာ ဝိနည်းသိက္ခာကို သာမည လေးစားရုံဖြင့် အသိအမှတ်မပြုကြပေ။ ကြည်ညိုလောက်အောင် ဝိနည်းသိက္ခာကို ကျင့်သုံးခြင်းကြောင့် ရိုသေလေးစားခြင်းဖြစ်သည်။

ဆရာတော်၏ ပရိယတ္တိဂုဏ်ကား ရှာမှရှားဟုပင် ဆိုရပါမည်။ ဘာကြောင့်နည်း၊ ပါဠိတော်များကို တစ်ခေါက် နှစ်ခေါက် ဖတ်ရုံမျှဖြင့် အာဂုံရ၍ ပါဠိတော် အဋ္ဌကထာဋီကာ ဂဏ္ဌိတို့၌ သူမတူအောင် ကျွမ်းကျင်တော်မူသည်။ သက္ကတ၊ မာဂဓ၊ ဗျာကရဏ်းကျမ်း၊ ကောသကျမ်း၊ ကာဗျကျမ်းတို့၌ အထူးကျွမ်းကျင်တော်မူရာ ဆရာတော်၏ ပရိယတ္တိဂုဏ်ကား အမှန်ပင် ရှာမှရှား၍ ထူးခြားလှသော ပဂ္ဂိုလ်ဖြစ်တော်မူသည်။ သမာဓိဂုဏ်ကြီးမားပုံကို ဆည်းကပ်ဖူးမြင်ဖူးသော ပုဂ္ဂိုလ်များက ပို၍ သိပါသည်။

ဤရွေ့. ဤမျှ ရှိ၏ဟု ညွှန်ပြနိုင်သော ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကြီး၏ ချီးကျူးမကုန်ကျေးဇူးဂုဏ်ကို မပြောပလောက်သော ဆောင်းပါးလေးတစ်ပုဒ်ဖြင့် ရေးသားပူဇော်ခြင်းမှာ သမုဒ္ဒရာရေကို ခွက်ငယ်လေးတစ်ခွက်ဖြင့် ခပ်သည်နှင့် တူပေမည်။

အထိမ်းအမှတ်စာစောင် ထုတ်ဝေခြင်းထက် ဆရာတော်၏ ဘဝသမိုင်း ထေရပွတို့ကျမ်းတစ်စောင် ရေးသားပြုစုထုတ်ဝေနိုင်ပါစေဟု အာသီသပြုမိပါသတည်း။

အရှင်အာဒိစ္စဝံသ(ဆားလင်းကြီး)

တံ-ရှင်တော်မြတ် မုခပါဒ် ထိုပရိတ်တော်မြတ်ကို၊ သာဓု-ပါဠိမပျက် အနှက်ကိုသိ မေတ္တာကရုဏာရှိဟု တြိအင်္ဂါ ညီညာပြည့်ဝ ကောင်းမွန်လှစွာ၊ မယံ-ပရိတ်တရား စွမ်းပကားကို အားထားယုံကြည် ငါတို့သည်၊ ဘဏာမဟေ-ရှိသေ လေးစားစွာ ရွတ်ဆိုပူဇော်ကြပါကုန်ဟို့...

ယ မဟံ ဝဒါမိ

သပြေကန်ဆရာတော်ကြီး သက်တော်ထင်ရှား ရှိစဉ် တစ်ချိန်အခါက စာရေးသူသည် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်သို့ အာဂန္တုကအဖြစ် ရောက်ခဲ့ရဖူးပါသည်။ ဆရာတော်ကြီးကိုလည်း ဖူးရ၊ သာသနာ့ ဗဟုသုတ၊ စာပေ ဗဟုသုတများကိုလည်း ဆရာတော်ကြီးထံမှ စာရေးသူ ဉာဏ်နားလေး ရှိသလောက် ရယူခဲ့ရပါ၏။ ဆွမ်းစားချိန် နီးတော့ ကဲ ရပ်ကွက်ထဲ ဆွမ်းစားလေး လိုက်ခဲ့ပါဦးလေဟု ဆရာတော်ကြီးက အမိန့်ရှိလိုက်သည်။

စာရေးသူမှာ မှန်ပါဟု လျှောက်ထားပြီး ဝမ်းသာမှု တစ်ဝက် စိုးရိမ်မှုတစ်ပိုင်းဖြင့် ဆရာတော်ကြီးနှင့် မိမိအပါအဝင် ရဟန်းတော်ငါးပါး ကုန်းကြောင်းခရီးရပ်ကွက်တွင်းသို့ သွားခဲ့ရသည်။ဝမ်းသာမှုက သာသနာ့ထိပ်သီး ဆရာတော်ကြီးနှင့် ဆွမ်းအတူ စားဖူးသည် ဆိုသည့်ဂုဏ်နှင့် ဆရာတော်ကြီး၏ ဟောပြောမှုကို အတုယူနိုင်ခွင့်ကြုံသောကြောင့် ဖြစ်သည်။ စိုးရိမ်မှုတစ်ပိုင်းက မိမိစားတာ သောက်တာ သေခိယသိက္ခာပုဒ်တော်နှင့်မညီဖြစ်မှာကို စိုးရိမ်သည်။ တော်ပါသေး၏။ ဆရာတော်ကြီးကို တစ်ဝိုင်းသပ်သပ်ကပ်ပြီး ကျန်လေးပါးကို တစ်ဝိုင်း ကပ်ကြသည်။

ဦးဘဘယာစာရ

ဆွမ်းစားပြီးသောအခါ၌ကား အညီအညွတ် တန်းစီ၍ စက္ကူနွေ့ချကာ သံဃာတော်များ နေထိုင်ကြသည်။ ဒကာများက သံဃာတစ်ပါးစီ၏ ရှေ့တွင် ဖယောင်းတိုင်ထုပ် နှစ်ထုပ်စီ လှူရန်အဖြစ် လာချထားကြသည်။ ဆရာတော်ကြီးအတွက်လည်း ဖယောင်းတိုင် နှစ်ထုပ်ပင်ဖြစ်သည်။ ဆရာတော်ကြီးက ငါးပါးသီလပေးသည်၊ သီလပေးပြီး ပရိတ်ရွတ်မည်ပြုသောအခါ ဆရာတော်ကြီးက တိုက်တွန်းနှိုးဆော်သောအားဖြင့်-

ပရိတ္တံ နာမ ဗုဒ္ဓဿ-
အန္တရာယ နိဝါရဏံ၊
မင်္ဂလံ ဇနနံ တဉ္စိ- ဒါနိ သာဓု
ဘဏာမသေ။ ဗုဒ္ဓဿ-သဗ္ဗညူ
ဟု နတ်လူထွတ်တင် ရှင်တော်
မြတ်ဘုရား၏၊ ပရိတ္တံ နာမ-
ပရိသမန္တာ ဘယံ တာယတိ
ရက္ခတိ စာရှိအလာ အာဏာတော်မုခပါဒ် ပရိတ်တရား တော်မြတ်မည်သည်၊ အန္တရာယ နိဝါရဏံ-ဘေးရန် အန္တရာယ် အသွယ်သွယ်ကို ကာကွယ်တားဆီးတတ်ပါပေ၏။ တံ-ရှင်တော်မုခပါဒ် ထိုပရိတ်တော်မြတ်သည်၊ မင်္ဂလံ-ကျက်သရေအမျိုးမျိုး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာကို၊ ဇနနံ ဟိ, ဇနနံ ဇဝ-ဖြစ်စေတတ်သည် သာလျှင်တည်း၊ ဒါနိ ဣဒါနိ-စည်းဝေးညီညာ ယခုအခါ၌၊

တံ-ရှင်တော် မြတ် မုခပါဒ် ထိုပရိတ်တော်မြတ်ကို၊ သာဓု-ပါဠိမပျက် အနက်ကိုသိ မေတ္တာကရဏာရှိဟု တြိအင်္ဂါ ညီညာပြည့်ဝ ကောင်းမွန်လှစွာ၊ မယ်-ပရိတ်တရား စွမ်းပကားကို အားထားယုံကြည် ငါတို့သည်၊ ဘဏာမသေ-ရိသေ လေးစားစွာ ရွတ်ဆိုပူဇော်ကြပါကုန်စို့...။

ဤ တိုက်တွန်းချက်ကလေးကို ကြည့်လိုက်လျှင် သပြေကန်ဆရာတော်ကြီးမှာ ပရိတ်ရွတ်သူ နာယူသူတို့ ပရိတ်အကျိုး ရစေချင် ခံစားစေချင်သော စေတနာ မေတ္တာတို့ အပြည့်အဝ ရှိနေသည်ကို မှန်းဆကြည်ညိုမိပါ၏။ ပရိတ်တရားတော်၏ အကျိုးအာနိသင်ကိုလည်း ပြ၏။ ပရိတ် ရွတ်သူတို့ ထားရမည့် စိတ်ထားကိုလည်း တစ်ပြိုင်နက် ညွှန်ပြပြန်ရာ တစ်ဂါထာတည်းဖြင့် အကျိုးနှစ်ပါး ပြီးစေ နိုင်သည့် ဂါထာပင်ဖြစ်ပါသည်။ ဒါ ပညာရှင်၏ လက်ရာ ကိုး၊ ထိုနေ့က မင်္ဂလသုတ်, မေတ္တသုတ်, ဝဋ္ဋသုတ် ပရိတ် တို့ကို ရွတ်သည်၊ သို့သော် စာရေးသူမှာ ဆရာတော် ညွှန်ပြ သည့် စိတ်ထားဖြင့် မဟုတ်ပေ။ ဖယောင်းတိုင် (၂)ထုပ်ကို မျက်စိက ရောက်သွားပြီး စိတ်က ဟိုတွေး သည်တွေး အတွေးတွင် လွင့်မျောလျက်၊ ပရိတ်ကို နှုတ်ကသာ အမျှားနှင့် လိုက်မှေးရွတ်ပြီး၊ ရွတ်ဆိုရာ အသံသာ ထွက်နေ သော်လည်း ကိုယ်တိုင်ကတော့ ဘယ်သုတ်ရောက်လို့ ရောက်နေမှန်း မသိပါ။

တစ်ချိန်က စာရေးသူနှင့် ရင်းနှီးနေသော ဆွမ်းခံ အိမ်မှ ဒါယကာကြီးတစ်ယောက်က ဆွမ်းလောင်း အပြီးတွင် "ကိုယ်တော် ကိုယ်တော် မကြွသေးနဲ့ ထိုင်ဦး, ထိုင်ဦး ဒီစာလေး ဖတ်သွားဦး" ဟုဆိုကာ ကာတွန်းစာအုပ် တစ်အုပ် ကို လက်ထဲ အတင်းထည့်ပါတော့၏။ "မဖတ် သေးဘူး ဗျာ၊ နောက်နေ့မှ ဖတ်မယ်၊ ကျောင်းမှာ အလုပ်တွေက ရှိသေးတယ်"။ "မဖတ်လို့ မဖြစ်ဘူး၊ ဒီစာအုပ်က ကိုယ်တော်နဲ့ တူနေလို့ ဖတ်ကို ဖတ်သွားဦး"။ "ရှုပ်လိုက် တာ ကဲ ဘယ်ဟာလဲ ပြ"၊ စာရေးသူက ဒါယကာကြီး ထောက်ပြသော စာမျက်နှာကို ဖတ်ကြည့်လိုက်သည်။

တစ်ခါက အညာကျေးလက် ရွာငယ်လေးတစ်ရွာ တွင် အလွန်ဆင်းရဲသော မုဆိုးမတစ်ယောက် ရှိသည်။ ထိုမုဆိုးမတွင် သားလေးတစ်ယောက် သေဆုံးသွားရာ မျက်နှာမရှိ မွဲတေသော မုဆိုးမဖြစ်သောကြောင့် ရွာက ကူညီမည့်သူ များများစားစား မရှိ၊ သရဏဂုံတင် သင်္ဂြိဟ်ရန် ကန်တော့ပွဲအတွက် အုန်းသီးကို မဝယ်နိုင်၊ ငှက်ပျောမှာ လည်း ဈေးသက်သာသည့် ငှက်ပျောနှစ်ဖီးသာ ဝယ်နိုင်၏၊ သရဏဂုံတင် သင်္ဂြိဟ်မြေမြှုပ်ရန် ရွာဦးကျောင်း ဘုန်းကြီး တစ်ပါးကိုသာ ပင့်၍ လူအနည်းငယ်နှင့် သုသာန်သို့ သွားကြ သည်။ သုသာန် ဓရုပ်ပေါ်ရောက်၍ သရဏဂုံတင်ပြသော အခါ ဘုန်းကြီးက ကန်တော့ပွဲကို လှမ်းကြည့်လိုက်၏။ "ဟာ အုန်းသီးလဲမပါ ငှက်ပျောဖီးကလဲ ပိန်တိန်လိန်တိန်၊ ဒီလောက် သဒ္ဓါမဲ့တဲ့ သူနဲ့မှ ငါ့မှာ လာတွေ့ရသေး"၊ ဤကား ဘုန်းကြီး၏ စိတ်ထဲမှ မကျေနပ်ချက်၊ ဘုန်းကြီးက ဆက်ပြီး စဉ်းစားသည်၊ "အေးလေ တစ်ကျပ်တန်ဆိုတော့ လည်း တစ်ကျပ်တန်တရား၊ တစ်မတ်တန်ဆိုတော့လည်း တစ်မတ်တန်တရား ပဲပေါ့"။

ဤသို့ စဉ်းစားကာ သီလပေး သရဏဂုံ တင်သော အခါ၌ ဘုန်းကြီးက "ဗုဒ္ဓံ သရဏံ မိ၊ ဓမ္မံ သရဏံ မိ၊ သံဃံ သရဏံ မိ" ဟုသာ ဆိုတော့၏။ ဂစ္ဆာ မပါတော့ချေ။ ထိုအခါ အသုဘရှင် မုဆိုးမ ဒါယကာမကြီးက ဘုန်းကြီးကို စောင်း၍ "ဂစ္ဆာမပါ ငါ့သားမှာ မြေဝယ် ဘယ်နဲ့ မြှုပ်ပါ့ မယ်" ဟု ငိုလိုက်တော့သည်။

ထိုအခါ ဘုန်းကြီးကလည်း ဒီတစ်ခါတော့ ငါ့အလှည့်ပေါ့ဟု တွေးတောခါ တရားဟောရင်း "ငှက်ပျော ပိန်တာ အုန်းမပါ၊ ဂစ္ဆာဘယ်နဲ့ ထည့်ပါ့မယ်" ဟု တရား အဆုံးသတ်လိုက်သော ဟူ၏။ စာရေးသူမှာ မပြုံးမရယ်ဘဲ "မှတ်သားလောက်သည့် ကာတွန်းစာအုပ်ပါလား" ဟု စိတ်ထဲက တွေးတောကာ-

"ရွှေဗျာ ခင်ဗျားစာအုပ်၊ ဟုတ်လဲမဟုတ်ဘဲနဲ့၊ အလကား အချိန်ကြာအောင်" ဟု ဆိုကာ စာအုပ်ကို ပြန်ပေး လိုက်သည်။

"ဟုတ်တယ် ဟုတ်တယ်၊ ကိုယ်တော်နဲ့ သိပ်တူ တာ"

"ဘယ်က တူရမှာတုန်း"

"တူတာပေါ့ ဟိုနေ့က ဒေါ်အေးမော်တို့အိမ်မှာ ကိုယ်တော် သီလပေးတုန်းက သူရာမေရယမဇ္ဈပမာဒဋ္ဌာနာ ဆိုတာ မပါဘူး"

"အဲဒါက ဒကာကြီး ပါနေလို့၊ ဒကာကြီးကို ငဲ့ပြီး တမင် ချန်ခဲ့ရတာ သိလား"

"ဟား ဟား ဟား ထားပါတော့၊ ထားပါတော့၊ နံနက်ဖြန်မှ ထပ်လျှောက်ထားဦးမယ်၊ ကြွပါတော့၊ ကြွပါတော့"

ဤသို့ အနိုင်ပိုင်းကာ ဆွမ်းခံအိမ်မှ ခပ်သွက်သွက် ပင် ထွက်လာခဲ့ရပါတော့သည်။

ဦးအာလောကတစ်ပါး ကထိန်အလှူပွဲတစ်ပွဲမှ အပြန် ကျောင်းသို့ ဝင်လာ၏။ လက်တွင်းမှာလည်း အိတ် တစ်လုံးပါလာသည်။ စာရေးသူနှင့် သုံးလေးပါးတို့က နေရာ ပေးကာ ဝတ်ပြုဦးချပြီး "ဘုန်းကြီး ဘယ်က ကြွလာ တာလဲ"။

"ဟိုဖက်ရွာ ကထိန်က ပြန်လာတာကွ"

"ဟာ ဘုန်းကြီးက သိပ်ပြီး ဘုန်းကြီးတာကိုး"

"ဘယ်ကလာ့ ဘုန်းကြီးရမှာလဲကွ"

"အိတ်ထဲက သင်္ကန်းမဟုတ်လား"

"ဒါက ယ,မဟံ ဝဒါမိ၊ သင်္ကန်းပါ ဟ"

"ဟာ ဘုန်းကြီး ဆန်းလှချည့်လား၊ ဘယ်လို ယ,မဟံ ဝဒါမိ သင်္ကန်းလဲ၊ မိန့်ပါဦးဘုရား"

"မင်းတို့ ဒကာဒကာမတွေကို သီလပေးတော့ အဟံ ဘန္တေ ပြီးတော့ ဘာဆိုလဲ"

"တိသရဏေန သဟ ပဉ္စသီလံ"

"အဲဒါ မဟုတ်ဘူးကွာ့ အဲဒီပုဒ်အပြီး နမော တဿ မဆိုခင်လေးမှာ"

"အော် ဘုန်းကြီး ယ,မဟံ ဝဒါမိ တံ ဝဒေထ ပါ"

"အဲဒါ မင်းတို့ အနက်ပေးပြစမ်း"

"ဘုန်းကြီးပဲ အနက်ပေးပြပါဘုရား"

"အေး မင်းတို့ သေသေချာချာမှတ်ထား၊ ယ,မဟံ ဝဒါမိ တံ ဝဒေထ၊ ယ-ရတော့ရပါ၏၊ မဟံ-ပိတ်ကြမ်း သင်္ကန်းကြီး ဖြစ်နေ၍ မဟန်ပါဘူးဟူ၍၊ ဝဒါမိ-ငါက ဆိုလိုက်ပါ၏၊ တံ-ထိုမဟန်သည်၏ အဖြစ်ကို၊ တုမှေ-မောင်အာဘယာ အမှူးပြုသော အသင်လူအ မောင်လူနတို့ သည်၊ ဝဒထ-အလှူရှင်သိအောင် သွားပြီးပြောလိုက်ကြပါ ကုန်လော"။

"ဟား ဟား ဟား တပည့်တော်တို့တော့ သွား မပြောပါရစေနဲ့ ကိုယ်လဲရတာ မဟုတ်ဘဲနဲ့၊ ဘုန်းကြီး အမိန့် ရှိလို့ မနေ့က ဓမ္မသုခကျောင်းဘုန်းကြီး ဦးကုသလ ပြောသွားတာလေးကို ဘုန်းကြီးကို လျှောက်ရဦးမယ်"

"အေး ပြောပါဦးကွ"

"မနေ့ နံနက်ပိုင်းက ဦးကုသလကျောင်းဝင်လာ သေးတယ်၊ တပည့်တော်လည်း ရေနွေးသောက်တုန်း အဆင်သင့်လို့ ကောက်ညှင်းပေါင်းနဲ့ ငါးရံ့ခြောက်နဲ့ ရေနွေး ကပ်ပါတယ်။"

"ဘယ်က ဝယ်လာတာတုန်း" မေးတော့

"ရွာသစ်ကျောင်း ကထိန်က" တဲ့။

"ဘုန်းကြီး ကု တို့တော့ နားနေရမှာမဟုတ် ပါဘူး လို့ တပည့်တော်ကလျှောက်တော့ သူကပြောတယ်"

"မောင်အာဘယာရေ ငါ့မှာတော့ ဒီနှစ် ကထိန် ရာသီတစ်ခုလုံး ငါးလွတ်ကထိန်နဲ့ချည်း တွေ့နေရတာပဲကွာ" တဲ့

"လုပ်ပါဦး ဘုန်းကြီးကု ဒီအသက်အရွယ်ထိ ငါးလွတ်ကထိန်ဆိုတာ ကြားကို မကြားဖူးသေးဘူး"

"ငါးလွတ်တာနဲ့ ကထိန်နဲ့ ဘာဆိုင်လဲ၊ မွေးနေ့ ဆိုရင် ဟုတ်သေးရဲ့"

"ဟာ အာဘယာ မင်းကလည်း ဗဟုသုတက နည်းသကိုးကွ၊ ပင့်တာကတော့ကွာ၊ လက်နှိပ်စက် စာလုံးနဲ့ တောင်မှ ဗျာ၊ သင်္ကန်း စသော ဒါတမျိုးဝတ္ထုအစုစု အလှူခံ တဲ့၊ ဟိုရောက်တော့ အရာထမ်မှာ ဘုန်းကြီးတွေ မုန့်ဟင်းခါး လေးကပ်၊ စာအိတ်ထဲ ငွေ ငါးကျပ်ထည့်ပြီး အရှင်ဘုရားတို့ ပြန်ကြွနိုင်ပါပြီဆိုပြီး ပြန်လွှတ်လိုက်တာပဲ၊ ငါးကျပ်နဲ့ ပြန်လွှတ်လိုက်တဲ့ ကထိန်ဟာ အဲဒါ ငါးလွတ်ကထိန် ပေါ့ကွ" တဲ့၊

"ဟား ဟား ဟား။ ဟုတ်လိုက်လေကွာ

ဦးကုသလ က ကြဲကြဲဖန်ဖန် ပြောလည်းပြောတတ်တယ်''

''ဘုန်းကြီးကတော့ ဘာထူးလဲ''

''ငါက ဇောတိကာရဲ့ဆရာတော်ကြီးပြောတာ မှတ်ထားပြီး ပြောတာကွ''

သံဃာတော်များက ပရိတ်ရွတ်ဆဲ စာရေးသူက တော့ အသံသာထွက်ပြီး ဘာဆိုနေမှန်းမသိ၊ သံဃာနာ ဝေန ဝိနာသ,မေန္တု-ဟု အသံကျယ်ကျယ် ရှည်ရှည် ကြားလိုက်ရတော့မှ ပရိတ်ရွတ်၍ ပြီးပါပေါ့လားဟု မိမိ အတွေးက ပြတ်သွားတော့သည်။ ကိုယ့်အတွေးနှင့်ကိုယ်မို့ မျက်နှာမှာ ပြုံးစစဖြစ်မိရာ ပရိသတ်မမြင်အောင် ယပ်တောင်နှင့် အလျင်အမြန် ကာထားလိုက်ရသည်။

ဆရာတော်ကြီးက အနုမောဒနာအဖြစ် ပုဗ္ဗဏှသုတ်လာ တရားတော်ကို (၁၅)မိနစ် ကျော်ကျော်ခန့် ဟောပြီး (၅)မိနစ်ခန့် ရေစက်ချလိုက်ဆိုစေပါသည်။ ဒီအချိန်မှာတော့ စာရေးသူရဲ့ စိတ်အစဉ်ဟာ လွင့်မျော မနေတော့ပါ ဆရာတော်ကြီး တရားကိုသာ စူးစူးစိုက်စိုက် နာယူမိပါသည်။

ကျောင်းပြန်ရောက်တော့ မိမိအတွက်ရသော ဖယောင်းတိုင်ထုပ်ကို သပြေကန်ဆရာတော်အား ပြန်ပြီး ဆက်ကပ်ပါ၏။ ဆရာတော်ကြီးက စာရေးသူ စိတ်ချမ်းသာစေရန် လက်ခံတော်မူပြီး၊

''လူတွေမှာ အလှူတစ်ခုဆိုတာ စစ်ပွဲတစ်ပွဲ တိုက်ရတာနဲ့ တူတယ် မဟုတ်လား ဦးအာယာ၊ ပွဲနဲ့ လမ်းနဲ့ များများလှူနိုင်မှ အလှူကြီး မဟုတ်ဘူး၊ အလောဘ, အဒေါသ, အမောဟ အကြောင်းသုံးပါး ပြည့်စုံနေရင် မြင့်မြတ်တဲ့အကျိုးကို ဖြစ်စေမှာမို့ အလှူကြီးပဲ၊ ဘုန်းကြီးတို့ ဖက်ကလဲ ပြည့်စုံဖို့ တာဝန်ကျေဖို့လိုတယ်''ဟု ဆရာတော်ကြီး မိန့်တော်မူသည်၊ စာရေးသူမှာ အတော်ပင် တုန်လှုပ်သွားသည်၊ ဟာ ဆရာတော်ကြီးဟာ ငါဆွမ်းစားအိမ်တုန်းက ဖြစ်နေတဲ့ စိတ်ကို သိလို့ ဆုံးမနေတာလား၊ ကိုယ့်ကိုကိုယ် မလုံမလဲ ဖြစ်မိသည်။ ငါတော့ ရှက်စရာကြီး၊ ဒါမှမဟုတ် ဗဟုသုတရစေချင်လို့ သင်ပြတာလား၊ မဝေခွဲတတ်၊ စာရေးသူမှာ ဆရာတော်ကြီးနား ကြာကြာမနေရဲတော့ဘဲ ''ခွင့်ပြု ပါဦး''ဟု လျှောက်ထားကာ ဆွမ်းစားအတူပါသော ဦးပဉ္စင်း တစ်ပါးထံ မိတ်ဆက် သွားရောက်ခဲ့သည်။

ရောက်သွားပြီး ''အရှင်ဘုရား အခုန ဆရာတော်ကြီး ရွတ်တဲ့ ပထမဆုံး ဂါထာလေး ရလား''

''ရတယ် သဘောကျလို့ ကျက်ထားတာ''

''ရှင် တပည့်တော် ရေးပေးစမ်းပါ''

''တပည့်တော် ဆိုပြမယ်၊ နောက်က လိုက်ရေး'' ဟု ဆို၍ ဂါထာကို လိုက်ရေးကာ အရယူခဲ့ရပါသည်။

''ဆရာတော်ကြီး ပရိတ် သုံးသုတ်တောင် ရွတ်တာနော်''၊ ဦးပဉ္စင်းကို ပြောလိုက်သောအခါ-

''ဒါတောင် အရှင်ဘုရားပါလို့ ဝဋ္ဋသုတ်ကို အကျယ် မရွတ်တာ''

''ဟာ ဝဋ္ဋသုတ်အကျယ်လို့ ရှိသေးလား''

''ရှိတယ်လေ စရိယာပိဋကမှာပါတဲ့ ခုနစ်ဂါထာ ရှိသေးတယ်၊ ဆရာတော်ကြီးရဲ့ ပရိတ်ကြီးနိုဿယသစ်မှာလဲ အပြည့်အစုံ ရေးထားတယ်လေ၊ ဆရာတော်ကြီးက ပြောမှုးတယ်၊ ဝဋ္ဋသုတ်ကို အကျယ်ရမှ ငုံးမင်းဖြစ်စဉ်ကို အပြည့်အစုံ ဆင်ခြင်ရလို့ ကြည်နူးပြီး သဒ္ဓါတရား ပိုဖြစ်တယ်တဲ့''။

''အကျယ်ရွတ်ရင်တော့ အခက်ပဲ တပည့်တော်က ရဖို့ထား၌ သိတောင်မသိ၊ ကြားတောင်မကြားဖူးဘူး''

''ဆရာတော်က အလိုက်သိပါတယ်၊ တပည့်တော်တို့က အမှတ်တမဲ့နဲ့ အကျယ်ဆိုမိမှာစိုးလို့၊ အဲဒီနားရောက်တော့ ရှေ့ကနေ အတ္ထိလောကေ သီလဂုဏောလို့ ခပ်ကျယ်ကျယ်ဆိုတာ၊ ဗောဇ္ဈင်္ဂသုတ် ရွတ်လဲ အကျယ်ရွတ်တာပဲ''

''ဗောဇ္ဈင်္ဂသုတ်အကျယ်တော့ သိတယ်၊ ရတော့ မရဘူး''။ ဤသို့ စသည် ဆွေးနွေးခြင်းဖြင့် ဆရာတော်၏ မေတ္တာ, ကရုဏာ ကြီးမားပုံကို ပို၍ ပို၍ အားကျကြည်ညိုမိပါတော့သည်။

ပရိတ်ရွတ်သူ ပရိတ်နာသူတို့ ပရိတ်အကျိုးကို ပြည့်ပြည့်ဝဝ ခံစားနိုင်ကြပါစေဟု အာသီသပြုရင်း...

ဦးအာယာစာရ

တကယ်မဟုတ်သော်လည်း
အဟုတ်သဖွယ် တွင်ကျယ်နေသည့် အကြောင်းအရာတစ်ခုမှာ
"အရှင် သာရိပုတ္တရာ ရေမြောင်းခုန်ကျော်သည်"
ဟူသော အကြောင်း ပင်ဖြစ်သည်

ပညာရှိသူကော်ကောင်းတို့၏ သဘောထား

အရှင်စန္ဒဝရ(မြောင်းမြ)

ဘုရား,ရဟန္တာ အရှင်မြတ်တို့သည် လောဘ, ဒေါသ, မောဟ စသော ကိလေသာရန်ဘေးတို့မှ ကင်းဝေးတော်မူကြကုန်၏။ ကိလေသာရန် အမျက်တို့ကို အရဟတ္တမဂ်တည်းဟူသော ဓားသံလျက်ဖြင့် အမြစ်ပါမကျန် အပြီးသတ်ခုတ်ရှင်းချေဖျက်ပြီးတော်မူသဖြင့် ထိုကိလေသာ တို့သည် ဘုရားရဟန္တာတို့၏ သန္တာန်၌ ဘယ်သောအခါမျှ ပြန်ပေါ်ရိုးထုံးစံ မရှိပါတော့ချေ။ ထိုကို အကြောင်းပြု၍ပင် အရဟံ, အရဟန္တ ဟူသော အနွတ္တအမည်တော်များ ထင်ရှားဖြစ်ပေါ်လာကြရပေသည်။

ထို အရဟံ ပုဒ်၌ အရဟန္တပုဒ်တို့ တူပုံ,ထူးပုံ နှင့် စပ်၍ တိပိဋကပါဠိမြန်မာ အဘိဓာန်၌ အကျယ်ဖွင့်ပြထားပြီး..

"ဤ အရဟံပုဒ်သည် ပြုလတ္တံသော အရဟန္တ ပုဒ်ထက် အနက်ပိုလွန်သော်လည်း ထိုပိုလွန်သော အနက်များလည်း မြတ်စွာဘုရားအပါအဝင် ရဟန္တာပုဂ္ဂိုလ် အားလုံးနှင့် သက်ဆိုင်တန်ရာ၏။ သို့သော်...အဋ္ဌကထာ, ဋီကာတို့၌ မြတ်စွာဘုရား၏ အရဟံဂုဏ်တော်ကို ရိုးရိုး အရဟန္တပုဒ်ထက် ပိုလွန်၍ ဖွင့်ထားသောကြောင့် ဤ၌ မြတ်စွာဘုရားကို ပဓာနထား ပြန်ဆိုထားသည်"

ဟူ၍လည်းကောင်း၊

"အရဟံပုဒ်၏ အဖွင့်(ဝိ၊ ဋ္ဌ၊ ၁၊ ၈၄)နှင့် ဤ 'အရဟန္တ' ပုဒ်၏အဖွင့်(ဝိမာန၊ ဋ္ဌ၊ ၉၅။ ပေတ၊ ဋ္ဌ၊ ၇)တို့သည် အတူတူပင် ဖြစ်၏။ ထို့ကြောင့် ဋီကာတို့၌ အာရကာ စသည်မှ အရဟန္တဖြစ်အောင်လည်း ရုပ်စီရင်ရမည်ကဲ့သို့ ဖြစ်၏"

ဟူ၍လည်းကောင်း မှတ်ချက်ပြုထားပါသည်။

ထိုတွင် ဘုရားရှင်၏ ကိလေသာတို့မှ ကင်းဝေးပုံ, ကိလေသာတို့ကို ပယ်သတ်တော်မူပုံနှင့်စပ်၍ အရဟံဂုဏ်တော်အဖွင့် အဋ္ဌကထာတို့၌ ဖွင့်ဆိုထားသည်မှာ-

"မဂ္ဂေန သဝါသနာနံ ကိလသာနံ ဝိဒ္ဓံသိတတ္တာတိ အာရကတ္တာ အရဟံ"

"မဂ်ဖြင့် ဝါသနာနှင့်တကွ ကိလေသာတို့ကို ပယ်သတ်တော်မူပြီးဖြစ်၍ ကိလေသာတို့မှ ကင်းဝေးတော် မူသောကြောင့် အရဟံမည်တော်မူ၏။

ဟူ၍ဖြစ်သည်။ ဤ၌ ထူးခြားသည်မှာ "ဝါသနာနှင့်တကွ" ဟူသော အထူးပြုချက်ပင် ဖြစ်သည်။ မဂ်ဖြင့် ကိလေသာတို့ကို ပယ်သတ်ရာ၌ ဘုရားရှင်တို့လည်း ကိလေသာတို့ကို တစ်စမကျန် အပြီးသတ် ပယ်သတ်တော်မူကြသည်။ ရဟန္တာ အရှင်မြတ်တို့လည်း ကိလေသာတို့ကို တစ်စမကျန် အပြီးသတ်

ပယ်သတ်တော်မူကြသည်။ ထိုသို့ ဘုရားရှင် နှင့်ရဟန္တာတို့ ကိလေသာတို့ကို တစ်စမကျန် အပြီးသတ် ပယ်သတ်ပုံခြင်း တူညီကြသော်လည်း ဘုရားရှင်တို့မှာ ဘဝါဘဝ သံသရာက ပါလာသည့် အထုံအငွေ့ ဝါသနာ ဓလေ့ကိုပါ တစ်စမကျန် ပယ်သတ်တော်မူနိုင်ကြသည်။ ရဟန္တာတို့မှာမူ ကိလေသာတို့ကို အကုန်အစင် ပယ်သတ်နိုင် သော်လည်း ဘဝါဘဝ သံသရာက ပါလာသည့် အထုံအငွေ့ ဝါသနာဓလေ့ကိုမူ ကင်းပျောက်အောင် မပယ်သတ်နိုင်ကြ ပါချေ။ ဥပမာ-သေရည် အရက် ကြာရှည်စွာ ထည့်စိမ် အပ်သော အိုးသည် သေရည်အရက်များကို ကုန်စင်အောင် မောက်သွန်ပြီး အကြိမ်ကြိမ် ပွတ်တိုက်ဆေးကြောသော်လည်း အနံ့အသက်မူ စွဲကျန်နေသေးသကဲ့သို့ပင် ဖြစ်ပါ၏။

ဘုရားရှင်လက်ထက်တော်အခါက တန်ခိုးအစွမ်း အာနုဘော်လည်း ကြီးမား၊ နတ်များ ချစ်ကြည်ညှိခံရမှုတွင် အသာဆုံးဖြစ်သည့် "ဒေါဝါနံပိယ မနာပ" စတဒဂ်ပိုင်ရှင် လည်းဖြစ်သော အရှင်ပိလိန္ဒဝစ္ဆ ရဟန္တာအရှင်မြတ်ကြီး သည် အတိတ်ဘဝငါးရာတို့၌ ပုဏ္ဏားမျိုးတွင် ဖြစ်ခဲ့ပြီး ဇာတိမာန်အဟုန် ကြာရှည်စွာ ထုံခဲ့သောကြောင့် ကိလေသာ ကင်းကွာ ရဟန္တာပင် ဖြစ်သော်လည်း တစ်ဖက်သားကို စကားပြောဆိုရာ၌ နှိမ်လိုချိုးလိုစိတ် မပါသော်လည်း တစ်ဘက်သား နာခံရခက်သည့် "ဝသလ=လူယုတ်မာ" ဟူသော ကြမ်းတမ်းသည့် စကားလုံးဖြင့် သုံးနှုန်းခေါ်ဝေါ် လေ့ရှိသည်။ ဤသည်မှာ ဘဝများစွာမှာ ပါလာသည့် မာနအထုံ ဝါသနာဓလေ့၏ အငွေ့အသက်ကျန်ရှိနေမှု သဘောပင် ဖြစ်ကြောင်း ဘုရားရှင်ကိုယ်တိုင် ဖြေရှင်း မိန့်ကြားတော်မူခဲ့သည်။

ဘုရားရှင်တို့မှာကား ထိုကဲ့သို့သော ကိလေသာ အငွေ့ ဝါသနာအထုံဓလေ့များပါ မကျန်အောင် အပြီးသတ် ပယ်တော်မူပြီး ဖြစ်ပါသည်။ ဤသို့သော ထူးခြားချက်ကို ပေါ်လွင်အောင် ထုတ်ဖော်ပြလိုသောကြောင့် "ဝါသနာနှင့် တကွ" အဋ္ဌကထာတို့၌ ဖွင့်ပြထားခြင်း ဖြစ်ပါသည်။

ရဟန္တာအရှင်မြတ်များ ဝါသနာကို မပယ်နိုင်မှုနှင့် စပ်၍ တကယ်မဟုတ်သော်လည်း အဟုတ်သဖွယ် တွင်ကျယ်နေသည့် အကြောင်းအရာတစ်ခုမှာ "အရှင် သာရိပုတ္တရာ ရေမြောင်းခုန်ကျော်သည်" ဟူသော အကြောင်း ပင်ဖြစ်သည်။ အခြား ရဟန္တာတွေ အသာထား၊ လက်ရာ တော်ရဲ့ အရှင်သာရိပုတ္တရာမထေရ်ကြီးသော်မှ မျောက်ဘဝ၌ ဖြစ်ခဲ့ဖူးသည့် အထုံဝါသနာကြောင့် ရေမြောင်းတွေ့လျှင် ခုန်ကျော်၍ သွားလေ့ရှိသည်ဟု ထိပ်ဆုံးပုဂ္ဂိုလ်ကို ပုံစံထိုး၍ ပြောတတ်ကြသည်။ ထိုအကြောင်းသည် ဘုရားရှင်၏ အရဟံဂုဏ်တော်နှင့် ဆက်စပ်၍ ပုံစံပြရန်လည်း အကောင်း ဆုံးလို ဖြစ်နေသည်။ သို့အတွက်ကြောင့်လည်း ဝိဋ္ဌကတ် တော်ထွက် အကြောင်းမဟုတ်ဘဲ ဟုတ်သယောင် ထင်ရှား ရှိနေခြင်း ဖြစ်ပုံရ၏။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ သပြေကန် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က သာသနာ ရေးဌာနမှ တာဝန်ကြီးကြီးယူထားသည့် ဒါယကာကြီး တစ်ဦးနှင့် သပြေကန်ဆရာတော်ဘုရားတို့ မေး ဖြေ ဆွေးနွေး ခဲ့ကြဖူးပါ၏။

ဆရာတော်ဘုရား...၊ အများသူငါ ပြောနေ,သိနေကြတဲ့ အရှင်သာရိပုတ္တရာ၏ အကြောင်းတွင် အရှင်သာရိပုတ္တရာ ဟာ အတိတ်ဘဝက မျောက်ဘဝ ဖြစ်ခဲ့ဖူးတဲ့ ဝါသနာအထုံပါလာလို့ မြောင်း တွေကို ခုန်ပြီး ကျော်လေ့ရှိတယ်ဆိုတဲ့ အကြောင်းဟာ ဝိဋ္ဌကတ်တော်လာစကား ဟုတ်ပါသလား ဘုရား၊ ဟုတ်လျှင်လည်း ဘယ် ဝိဋ္ဌကတ်လာစကားဆိုတာကို သိလိုလှပါတယ်ဘုရား...။

ဒါယကာကြီး။ ဆရာတော်။

ဘုန်းကြီးလည်း ဒီအကြောင်းကိုတော့ ကြားဖူးနေတာပဲ။ ဒါပေမယ့် ဘုန်းကြီး ကြည့်ဖူးသလောက်တော့ ဝိဋ္ဌကတ်တော် မှာ မတွေ့ဖူးပါဘူး။

ဒါဆို.... ဝိဋ္ဌကတ်တော်လာ စကား မဟုတ်လျှင် ဒီအကြောင်းအရာဟာ မှားတဲ့ အကြောင်းအရာဖြစ်လို့ ပယ်သင့် တဲ့

အကြောင်းအရာဖြစ်ပါလျက်နှင့်
မပယ်မရှားဘဲ ဘာကြောင့်များ တွင်တွင်
ကျယ်ကျယ် ပြောဆိုနေကြရပါသလဲ
ဘုရား။ ဒါဟာ ဘုရားဟောမဟုတ်လို့
ပယ်သင့်တဲ့အကြောင်း မဟုတ်ပါလား
ဘုရား···။

ဆရာတော်။ ဘုန်းကြီးအထင်တော့ ဒီအကြောင်းအရာ
ဟာ ဘုရားဟော ပိဋကတ်တော်တွေမှာ
မပါတာ မှန်ပေမယ့်၊ ဒီအကြောင်းအရာ
ကြောင့် ဘုရားရှင်နှင့် အနှိုင်းခံရတဲ့
အရှင်သာရိပုတ္တရာရဲ့ဂုဏ် လျော့မသွား
သလို၊ ဘုရားရှင်ရဲ့ အရဟံ ဂုဏ်တော်
ဟာလည်း နိမ့်ကျမှေးမှိန် မသွားတဲ့အပြင်
ပိုလို့တောင် တောက်ပြောင်လာတဲ့
သဘော သက်ရောက်လို့ ရှေးရှေးဆရာ
များကလည်း ပစ်ပစ်ခါခါ မပယ်ခဲ့တာ
လို့ တွေးမိတာပဲ···။

ဟု အေးအေးလေးပင် မိန့်ကြားတော်မူခဲ့ပါသည်။ မေး
လျှောက်သူ ဒါယကာကြီးလည်း ကျေနပ်အံ့သြစွာဖြင့်
ဆရာတော်၏ မျက်နှာတော်ကို မော်ဖူးရင်း ဘာစကားမှ
ဆက်လက် မလျှောက်ကြားဖြစ်တော့ပါပေ။

ဤလိုနေရာမျိုး၌ ဤလိုအတွေးမျိုး တွေးမိဖို့,
တွေးရဖို့ ဆိုသည်မှာ အလွန်တရာ ခက်ခဲလှပေမည်ဟု
ထင်ပါသည်။ ဆရာတော်လို ပုဂ္ဂိုလ်မို့သာ ဤလိုအတွေး
အကြံမျိုး တွေးရဲကြံရဲပေသည်ဟု တစ်ဆင့်ကြားရသူ မိမိ
လည်း အံ့သြကြည်ညိုရပါသည်။ ဆရာတော်၏ အကောင်း
မြင်ဝါဒနှင့် ကြည်ညိုဖွယ် ဉာဏ်စွမ်းကား အံ့မခန်းရှိပါပေစွ။

ဆရာတော်ဘုရား၏ ဂုဏ်ရည်အစုံကို ယုံကြည်စွာ
ဦးခိုက်လျက်····။

အရှင်စန္ဒဝရ(မြောင်းမြ)

သမ္မုတိသံဃာအား လှူဒါန်းရပေမယ့်

အရိယာတစ်ပါးပါးအား လှူရ
သော ပုဂ္ဂလိက ဒါန ထက် သံဃာအဖွဲ့အား
လှူရသော သံဃိကဒါနက ပို၍ အကျိုး
ကြီး၏။ ပုဂ္ဂလိကဖြစ်စေကာမူ ဘုရားအား
လှူရခြင်းမှာမူ ထိုသံဃိကဒါနထက် ပို၍
အကျိုးကြီးသည်ဟု ခြွင်းချက် ရှိသေး၏။

ထို့ကြောင့် သံဃိကလှူသောအခါ
သမ္မုတိသံဃာများ၌ လှူရစေကာမူ အရိယာ
သံဃာများကိုလည်း ရည်မှန်း၍ လှူဒါန်း
သင့်ပေသည်။

အရှင်ဝါသေဋ္ဌာဘိဝံသ

Alms-Giving to the Sangha

ONE WINS GREATER MERIT by alms-giving to the Sangha (order of monks) than to an individual Ariya(unless the alms giving is to the Buddha himself). In giving alms where there may be only unaccomplished sangha (Samimuti Sangha), one should also be mindful of the wish or volition to donate to the Noble Sangha of olden days.

အပြစ်ကင်းစင် ထေရ်ဘုန်းရင်

အရှင်ပဏ္ဍိတာဘိဝံသ

ဤကျမ်းပြုအကျော် သပြေကန်ဆရာတော်ဘုရားကား နေထိုင်ပုံ အေးဆေးတည်ငြိမ်တော်မူ၏။ ဣန္ဒြေသိက္ခာကြီးမားတော်မူ၏။ ဝိနည်းတရားကို ရိုသေလေးစားတော်မူ၏။ ခမာဇာဂရိယဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ အပိုစ္ဆဂုဏ်, သန္တောသဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ ကြီးမားခန့်ထယ် ကျယ်ပြန့်သော ပညာဉာဏ်လည်း ရှိတော်မူ၏။ ကျမ်းတတ်အကျော် ဆရာတော်ဟု ထင်ပေါ်ကျော်ကြားသော်လည်း မာန်ထောင်တက်ကြွခြင်းမရှိ၊ ဟိတ်ဟန်လည်း နည်းပါးတော်မူ၏။ သံဃာကိုလည်း လေးစားတော်မူ၏။ အဆင့်အတန်းလည်း ခွဲခြားဆက်ဆံတော်မမူ၊ စာပေ အသိတရားတွေက ဆရာတော်၏ နှလုံးသားကို စိုးမိုးချုပ်ကိုင်ထားဟန် ရှိပါသည်။ သို့ဖြစ်၍ ဆရာတော်ဘုရားသည် အပြစ်ရှာမရလောက်အောင်ပင် အပြစ်ကင်းစင်သည့် ဆရာတော် တစ်ပါး ဖြစ်ပါသည်။

ပုဂ္ဂိုလ်လေးမျိုး

လောကဌ် အချို့ပုဂ္ဂိုလ်တို့သည် အဝေးမှနေ၍ ဖူးမြင်ရသော် ကြည်ညိုဖွယ်ကို ဆောင်သည့် ဥပဓိသမွတ္တိဂုဏ်, ပါသာဒိကဂုဏ်တို့နှင့် ပြည့်စုံသဖြင့် ကြည်ညိုဖွယ်ရာ ဖြစ်ပါသော်လည်း အနီးကပ်၍ ဆည်းကပ်ကိုးကွယ်သည့် အခါ မကြည်ညိုဖွယ်ရာ အပြစ်ဒေါသကို တွေ့မြင်ရတတ်သည်။

အချို့ပုဂ္ဂိုလ်တို့ကား ကြည်ညိုဖွယ်ကို ဆောင်သည်၊ ဥပဓိသမွတ္တိဂုဏ် ပါသာဒိကဂုဏ် နည်းပါသဖြင့် အဝေးမှ ဖူးမြင်ရသော် ကြည်ညိုဖွယ်ကို မတွေ့မြင်ရသော်လည်း အနီးအနား ကိုးကွယ်ဆည်းကပ်သည့်အခါ ထိုပုဂ္ဂိုလ်၏ ဖြောင့်မတ်မှန်ကန်သော ဥဇုဂုဏ်၊ အများအပေါ် သည်းခံခွင့်လွှတ်တတ်သည့် ခန္တီဂုဏ်၊ ရသမျှ ရောင့်ရဲတင်းတိမ်နိုင်သည့် သန္တုဋ္ဌိဂုဏ်၊ အများအပေါ် မေတ္တာထားကာ အများအကျိုးကို လိုလားသည့် မေတ္တာတရား၊ ကြင်နာသနားတတ်သည့် ကရုဏာတရား၊ အများအကျိုးကိုဆောင်သည့် ပရဟိတာဝဟဂုဏ် စသော ကောင်းဂုဏ်တွေကိုသာ တွေ့မြင်ရသဖြင့် ကြည်ညိုသဒ္ဓါတရား တိုးပွားကြရသည်။

အချို့ပုဂ္ဂိုလ်တို့ကမူ ကြည်ညိုဖွယ်ကိုဆောင်သည့် ဥပဓိသမွတ္တိဂုဏ် ပါသာဒိကဂုဏ် နည်းပါးသဖြင့် အဝေးမှ ဖူးမြင်ရသော်လည်း ကြည်ညိုဖွယ်ကိုမဆောင်၊ အနီးအနား ကိုးကွယ်ဆည်းကပ်သော်လည်း ကြည်ညိုဖွယ်ရာ ကောင်းမြတ်သောဂုဏ်ကို မတွေ့မြင်ရသဖြင့် ကြည်ညိုသဒ္ဓါတရား မဖြစ်ပွားရသည့် ပုဂ္ဂိုလ်မျိုးလည်း ရှိတတ်ပေသည်။

အချို့ပုဂ္ဂိုလ်တို့ကား ကြည်ညိုဖွယ်ကိုဆောင်သည့် ဥပဓိသမ္ပတ္တိဂုဏ်၊ ပါသာဒိကဂုဏ်တို့နှင့် ပြည့်စုံသဖြင့် အဝေးမှ ဖူးမြင်ရသော်လည်း ကြည်ညိုဖွယ်ကိုဆောင်၏၊ အနီးကပ် အမြဲမပြတ် ဆည်းကပ်ကိုးကွယ်သော်လည်း မကြည်ညိုဖွယ် အပြစ်ဒေါသ မတွေ့မြင်ရဘဲ ကြည်ညိုဖွယ်ကို ဆောင်သည့် ဥဇုဂုဏ် ဉာနဂုဏ် အပ္ပိစ္ဆဂုဏ် သန္တောသဂုဏ် ဂိဟိအသံသဋ္ဌဂုဏ် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် စသော ကောင်းမြတ်သော ဂုဏ်ကျေးဇူးတို့ကိုသာ တွေ့မြင် ရသဖြင့် ကြည်ညိုသဒ္ဓါတရား ပို၍တိုးပွားရသည့် ပုဂ္ဂိုလ် မျိုးလည်း ရှိသည်။

ကျမ်းပြုအကျော် သပြေကန်ဆရာတော်

ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကား ပုဂ္ဂိုလ်လေးမျိုးတို့တွင် စတုတ္ထပုဂ္ဂိုလ်မျိုးဖြစ်သည်။ ဆရာတော်သည် နေထိုင်ပုံ အေးဆေးတည်ငြိမ်၍ ဣန္ဒြေသိက္ခာကြီးမားတော်မူသဖြင့် အဝေးမှနေ၍ ဖူးမြင်ရသော်လည်း ကြည်ညိုဖွယ်ကိုဆောင်သည့် ဥပဓိသမ္ပတ္တိဂုဏ် ပါသာဒိကဂုဏ် တို့နှင့် ပြည့်စုံသဖြင့် ကြည်ညိုဖွယ်ကိုဆောင်၏။ အနီးကပ်၍ အမြဲမပြတ် ကိုးကွယ်ဆည်းကပ်သော်လည်း ဥဇုဂုဏ် ဉာနဂုဏ် အပ္ပိစ္ဆဂုဏ် သန္တောသဂုဏ် ဂိဟိအသံသဋ္ဌဂုဏ် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် စသော ကောင်းမြတ်သော ဂုဏ်ကျေးဇူးတို့ကိုသာ တွေ့မြင်ရသဖြင့် ဆည်းကပ်ကိုးကွယ်သူတို့မှာ သဒ္ဓါတရားတိုး၍ ဖြစ်ပွားရပေသည်။

ဥပမာအားဖြင့် မာရ်နှတ်မင်းသည် ခုနှစ်နှစ်ပတ်လုံး ဘုရားရှင်နောက် အစဉ်လိုက်ကာ "ဘုရားရှင်၏ ကာယကံမှ စသည်တို့တွင် တစ်စုံတစ်ခုမျှ မလျော်ကန်သောအပြစ် မလျော်ကန်သောအမှုကို တွေ့မြင်ငြားအံ့၊ ဘုရားရှင်ကို စွပ်စွဲပြောဆိုအံ့" ဟု နှလုံးပြုလျက် ဘုရားရှင်၏အပြစ်ကို ရှာကြံပါသော်လည်း မြဲမှုန်မျှလောက်သော အပြစ်ကို မတွေ့မြင်ရသကဲ့သို့ ထိုနည်းတူစွာပင် သပြေကန်ဆရာတော်ဘုရား၏ အပြစ်ကို နှစ်,လများစွာ အနီးအနားချဉ်းကပ် ပြုစုလုပ်ကျွေးကာ ရှာပါသော်လည်း တွေ့မြင်ရမည် မဟုတ်ပေ။ (သတ္တဝဿာနုဗန္ဓသုတ်၊ သံ၊ ၁၊ ၁၂၃။)



အခြားသူ၏ အပြစ်ကိုလည်း ရှုမြင်တော်မမူတတ်။

ပရဝဇ္ဇာ နုပသိဿ၊
နိစ္စံ ဥဇ္ဈာနသညိနော။
အာသဝါ တဿ ဝဍ္ဎန္တိ၊
အာရာ သော အာသဝက္ခယာ။ (ဓမ္မပဒ)

ဆရာတော်သည် "သူတစ်ပါးအပြစ်ကို ကြည့်ရှုလေ့ရှိသော အမြဲမပြတ် ကဲ့ရဲ့လိုသော အမှတ်သညာ ရှိသော သူအား ကိလေသာ အာသဝေါတရားတို့သည် တိုးပွားကုန်၏။ အာသဝေါတရားတို့၏ ကုန်ခန်းရာ နိဗ္ဗာန်မှဝေးကွာ၏" ဟူသော ဒေသနာတော်ကို နှလုံးထားဟန် ရှိတော်မူပါသည်။ အခြားသူ၏ အပြစ်ကိုလည်း ရှုမြင်တော်မမူတတ်ပေ။ ယခုလက်ရှိ ပုဇွန်တောင် ရွှေကျင်ကျောင်းဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမာစာရထံမှ တစ်ဆင့်စကား ကြားရဖူး၏။ ဆရာတော်သည် နံနက် (၈)နာရီခန့်တွင် ရေးနွေးကြမ်း ဘဉ်းပေးတော်မူ၏။ ဆရာတပည့်နှစ်ပါး ရေနွေးကြမ်း ဘဉ်းပေးတော်မူရင်း အရှင်

ခေမာစာရက ဆရာတော် ယခုခေတ် ဦးဇင်း ကိုရင်တွေဟာ သိပ်ဆိုးကြတာဘဲ၊ ကျပန်ဘိန်ပစ်စီး သက်နိုးပုခုံးပေါ်လုံးတင်ပြီး မြို့ထဲလျှောက်သွားနေကြတယ်ဘုရားဟု လျှောက်ထား လိုက်၏။ ထိုအခါ ဆရာတော်က "ဦးခေမာစာရ အဲဒီ ဦးဇင်း,ကိုရင်တွေ အဲဒီလို မပြုအောင် ဦးဇင်းပြောနိုင် သလား" ဟု မေးတော်မူသတဲ့။ ထိုအခါ "ဦးခေမာစာရက ဆရာတော် တပည့်တော် မပြောနိုင်ပါဘုရား" ဟု လျှောက် ထားတဲ့အခါ ဆရာတော်က "မပြောနိုင်ရင် မပြောနဲ့၊ တို့လည်း ဆရာကောင်း သမားကောင်းနဲ့တွေ့လို့ အဲဒီလို မဖြစ်တာ" ဟု မိန့်တော်မူသတတ်၊ သို့ဖြစ်၍ ဆရာတော်သည် အခြားသူ၏ အပြစ်ကိုလည်း ရှုမြင်တော်မမူတတ်ပေ။

ဆရာတော်၏ ပညာစွမ်းရည်

ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကား ပင်ကိုယ် ပဋိဘာန်ဉာဏ်အားကောင်းသူဖြစ်၏။ ကျက်ဉာဏ်လည်း ကောင်း၏။ မှတ်ဉာဏ်လည်းကောင်း၏။ သဘောဉာဏ်လည်း စူးရှထက်မြက်၏။ စာတစ်ပိုဒ်ကို တစ်ခေါက် နှစ်ခေါက် ဖတ်ရှုရုံနှင့် ရ၏။ မေ့လည်း မမေ့ပျောက်၊ ထို့ကြောင့်ပင် သာမဏေဘဝ ၁၅-နှစ်အရွယ်မှာပင် ကျောင်းတော်ရာ ရွှေကျင်တိုက် ဝိနည်းစာတော်ပြန်ပွဲ၌ ဥဘတောဝိဘင်းကျမ်းကို ပြန်ဆိုအောင်မြင်တော်မူပြီး၊ သာမဏေဘဝမှာပင် ဝိနည်းငါးကျမ်းလုံးကို ပြန်ဆိုအောင် မြင်တော်မူသဖြင့် "**ဝိနယဓရ**" ဘွဲ့ကို ရရှိတော်မူသည်။

ရဟန်းတစ်ဝါအရတွင် စေတီယင်္ကဏ်စာမေးပွဲ အာဂုံပြန်တမ်း၌ သံယုတ်ငါးကျမ်းကို ပြန်ဆိုအောင်မြင် တော်မူ၍ "**ဝါသေဋ္ဌာဘိသိရီပဝရ သံယုတ္တဘာဏက**" ဘွဲ့ကို ရရှိတော်မူပါသည်။ ထိုပြင် ဆရာတော်ရေးသား ထားသည့် ပရိတ်ကြီးနိဿယသစ်၊ ဝိသုဒ္ဓိမဂ္ဂနိဒါန အနုဂီတိ ဂါထာ ပါဠိအနက်၊ အာဘယာရာမိကထေရဂုဏ်ရည် စသော ကျမ်းစာများကို ကြည့်ရှုလေ့လာခြင်းဖြင့်လည်း ဆရာတော်၏ ဉာဏ်ပညာစွမ်းကို သိမြင်နိုင်ပါသည်။

ဘုရားရှင်နှင့် အရှင်အာနန္ဒာ သုသိမနတ်သားတို့က အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ ပညာစွမ်းနှင့် ဂုဏ် ကျေးဇူးကို အရှင်သာရိပုတ္တရာသည် ပညာရှိ၏။ ကြီးသော ပညာရှိ၏၊ ထက်မြက်စူးရှသော ပညာလည်းရှိ၏။ ထိုးထွင်း သိမြင်နိုင်သော နိဗ္ဗေဓိက ပညာလည်းရှိ၏။ အလိုနှည်း၏။ ရောင့်ရဲလွယ်၏၊ ကာယစိတ္တ ဥပဓိတို့မှ ကင်းဆိတ်တော်မူ၏။ လုံ့လဝီရိယရှိ၏။ ပြောဟောလည်း ပြောဟောတတ်၏။ ပြောသည့်စကားကို သည်းခံတော်မူတတ်၏။ အဆုံးအမကိုလည်း ပေးတော်မူတတ်၏။ မကောင်းမှုကိုလည်း စက်ဆုပ်ရွံရှာတော်မူ၏ဟု ချီးမွမ်းစကား ပြောကြားတော်မူကြ၏။(သုသိမသုတ်၊ သံ၊ ၁။ ၆၂)

ထိုနည်းတူစွာပင် စာရေးသူအနေဖြင့် သပြေကန်ဆရာတော်ဘုရားသည် ပညာရှိ၏။ ကြီးမားသော ပညာရှိ၏။ အထူးထူးအပြားပြား များသောပညာရှိ၏၊ ရွင်လန်းတက်ကြွသော ပညာလည်းရှိ၏။ ထက်မြက်စူးရှသော ပညာလည်း ရှိ၏။ ထိုးထွင်းသိမြင်နိုင်သော နိဗ္ဗေဓိက ပညာလည်းရှိ၏၊ အလိုနှည်း၏၊ ရောင့်ရဲလွယ်၏၊ အကုသလဓမ္မတို့မှ ကင်းအောင် နေထိုင်တော်မူ၏။ လုံ့လဝီရိယ ရှိ၏။ ပြောဟောလည်း ပြောဟောတတ်၏။ အခြားသူတို့၏ ပြောစကားကိုလည်း သည်းခံတတ်၏။ အဆုံးအမကိုလည်း ပေးတော်မူတတ်၏။ မကောင်းမှုကိုလည်း စက်ဆုပ်ရွံရှာတော်မူ၏ဟု ချီးမွမ်းစကား မြွက်ကြားပြောဆိုပါသော် လွန်အံ့မထင်ပါ။ ကျေးဇူးရှင်ဆရာတော်ဘုရား၏ ကျေးဇူးဂုဏ် အဖုံဖုံကို စိတ်ဖြင့် အာရုံယူ၍ ဆရာတော်ဘုရားအား ဤစာပန်းဖြင့် ရှိခိုးဦးတင်ကန်တော့ပန်းဆင်ပါ၏။

အရှင်ပဏ္ဍိတာဘိဝံသ

ဒုတိယဆရာတော်ဘုရားကြီး၏ သပြေကန်သဒ္ဒါကြီးနိဿယသစ်

"သပြေကန်" ဟူသော အမည်နာမကို စာရေးသူတို့ ငယ်ငယ် ရှင်သာမဏေဖြစ်စ သဒ္ဒါကြီးစာဝါလိုက်စဉ်ကပင် ကြားဖူးနေခဲ့ပါ၏။ စာရေးသူတို့၏ ရေစကြုံမြို့နယ် ဖူလုံရွာ၊ ပတ္တပိုဏ်ကျောင်းတိုက်တွင် ပတ္တပိုဏ်ဆရာတော်ကြီး အရှင်ဥတ္တရနှင့် တိုက်ကြပ်ဆရာတော် အရှင်ဣန္ဒာစာရ တို့က ဦးပဉ္စင်း ကိုရင်များကို သဒ္ဒါစာဝါ၊ ဝိနည်းပါဠိတော်ကြီးများ စာဝါ စသည်ဖြင့် ပို့ချတော်မူလေ့ရှိ၏။ တိုက်အုပ် ဆရာတော် အရှင်သောဘနကမ္မ ပရိတ်ကြီး၊ နမက္ကာရ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ လောကနီတိ၊ သင်္ဂြိဟ် စသည်တို့ကို ကိုရင်၊ ကျောင်းသားများအား ပို့ချတော်သင်ပြတော်မူပါ၏။ ထိုအချိန်က စာရေးသူသည် သဒ္ဒါစာဝါကို ပတ္တပိုဏ်ဆရာတော်ကြီးနှင့် တိုက်ကြပ် ဆရာတော်တို့ထံ လိုက်ရ၏။ သင်ယူရ၏။ ထိုအခါ ဆရာ တော်ကြီးများက နိသျကျမ်းများ မကိုင်ပေမယ့် မြို့အသီးသီး ရှိစာသင်တိုက်ကြီး ငယ်များသို့ စာသင်ရာမှ ခေတ္တခဏ အလည်ပြန်ရောက်လာကြသော နောင်တော်ကြီးငယ်များထံမှ "သပြေကန် သဒ္ဒါကြီးနိသျ" အကြောင်း ပြောကြ၊ ဆွေးနွေး ကြ၍ စာရေးသူတို့ နားရည်ဝအောင်ပင် ကြားသိရဖူးပါ၏။

အရှင်ဝိစိတ္တာသာရ(စရစ်ကြီး)

သပြေကန်သဒ္ဒါကြီး နိဿယသစ်

အဆိုပါ သပြေကန်သဒ္ဒါကြီးနိသျကျမ်းစာမှာ ဆရာတော်အရှင်ဝါသေဋ္ဌာဘိဝံသ၏ ဆရာရင်းဖြစ်တော် မူသော မဟာဓမ္မိကာရာမတိုက် ဆရာတော်ကြီး ရေးသားတော်မူသော ကျမ်းစာဖြစ်၏။ အမည်နာမအပြည့်အစုံမှာ "သပြေကန်သဒ္ဒါကြီး နိဿယသစ်" ဖြစ်ပါ၏။ စာရေးသူ အနေဖြင့် မှတ်မှတ်ရရ အဆိုပါ သဒ္ဒါကြီးနိဿယကျမ်းကို စာသင်တိုက်အသီးသီးသို့ စာသင်ရောက်မှ တွေ့ရဖူးခြင်းဖြစ်၏။ ယခင်က သဒ္ဒါကြီးနိဿယနှင့် ပတ်သက်၍ နန်းကျောင်းမူ သဒ္ဒါကြီးနိဿယ ကျမ်းကိုသာ တွေ့ဖူး၊ လေ့လာဖူးပါ၏။ နန်းကျောင်းမူရော၊ သပြေကန်မူရော သူ့နည်းသူ့ဟန်နှင့်သူ ကောင်းသည်ချည်းပင် ဖြစ်ပါ၏။ စာရေးသူ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင် ကျောင်းသို့ ရောက်သောအခါ သဒ္ဒါကြီးနှင့်ပတ်သက်၍ နန်းကျောင်းမူရော၊ သပြေကန်မူရော၊ ဝိသုဒ္ဓါရုံသုတ်နက် ရော၊ ဘာသာဋ္ဌီကာများရော စသည်ဖြင့်

သဒ္ဒါဆိုင်ရာ ကျမ်းစာအုပ်တွေ စုံနေ၏။ ဝိသုဒ္ဓါရုံသုတ်နက် မှာမူ စာရေးသူ ကိုရင်ကလေးဘဝကပင် တော်တော်များများ အလွတ်ရနေခဲ့ပါ၏။ စာရေးသူတို့၏ မူလဆရာရင်းများ ဖြစ်တော်မူကြသော ပတ္တာပိုဏ်ဆရာတော်ကြီး အရှင်ဥတ္တရနှင့် တိုက်အုပ် ဆရာတော် အရှင်သောဘန၊ တိုက်ကြပ်ဆရာတော် အရှင်ဣန္ဒာစာရအပါအဝင် စာချဘုန်းကြီးများက ဝိသု ဒ္ဓါရုံသုတ်နက်ကို အထူးအလေးထားကာ တစ်လေးတစား သင်ပြပေးကြ၏။ ကျက်မှတ်စေကြ၏။ "သပြေကန် သဒ္ဒါကြီးနိသယသစ်" ကျမ်းစာသည် ပရိယတ္တိစာသင်တိုက်ကြီး,ငယ်များ၊ စာချဘုန်းကြီးများ၊ စာသင်သားများ အစရှိသည့် ပရိယတ္တိ နယ်ပယ်အတွင်းရှိ ပုဂ္ဂိုလ်အသီးသီးတို့၏ အတွင်းသို့ အရိုန်အဝါကောင်းကောင်း ခန့်ခန့်ညားညား တည်တည်ငြိမ်ငြိမ်ဖြင့် ထိုးဖောက်ဝင်ရောက်လာ၏။ ယခင်ရှိပြီးသား နိသယများနှင့် ရင်ဘောင်တန်းကာ နေရာရနေ၏။ အားလုံးက လေးလေးစားစား မြတ်မြတ်နိုးနိုး တန်ဖိုးထားကြ၏။

သပြေကန်နာမည် မွေးပုံစည်

"သပြေကန်" ဆိုသော နာမည်သည် ရှေးအခါကတည်းကပင် ပုံလွှင့်ကျော်ကြားနေ၏။ သပြေကန်ရဲ့သင်းပုံမွှေးကြူစည်ပင်နေပါ၏။ နောင်အခါတွင် ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၏ ဆရာရင်းဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ သပြေကန်ဆရာတော်ဘုရားကြီး ပုံလွှန်တော်မူသွား၍ အရှင်ဝါသေဋ္ဌာဘိဝံသကို သပြေကန် မဟာဓမ္မိကာရာမတိုက်သို့ ပြန်ခေါ်ကြ၏။ အရှင်ဝါသေဋ္ဌာဘိဝံသ မပြန်၍ မဖြစ်တော့၊ ခေါ်နေသည်ကို မထူး၍ မဖြစ်တော့။ ပြန်ရထူးရ၏။ ထိုအချိန်အတွင်းတွင် ၁၉၄၁-ခုနှစ် ရန်ကုန်မြို့တွင် ဒုတိယအကြိမ် ကျင်းပသော အစိုးရဓမ္မာစရိယ စာချတန်းစာမေးပွဲ၌ တစ်နှစ်တည်းဖြင့် ကျမ်းကိုးကျမ်းလုံးကို ဖြေဆိုအောင်မြင်တော်မူ၏။ ၁၉၄၀-ခုနှစ်တွင် ကျင်းပသော ပထမအကြိမ် အစိုးရဓမ္မာစရိယ စာချတန်းစာမေးပွဲကို အရှင်ဝါသေဋ္ဌ မဖြေဖြစ်ခဲ့ပေ။ အရှင်ဝါသေဋ္ဌသည် ကျမ်းကိုးကျမ်းလုံးကို တစ်နှစ်တည်းဖြင့် အောင်မြင်၍ "ဓမ္မာစရိယ၊ သိရောမကို" ဘွဲ့ကို ပထမဦးစွာ ဆွတ်ခူးရရှိတော်မူသော အာစာနည်ပုဂ္ဂိုလ်ထူးတစ်ပါး ဖြစ်၏။

အရှင်ဝါသေဋ္ဌာဘိဝံသ၏ ပရိတ်ကြီးနိသယသစ်

သပြေကန်ပရိတ်ကြီးနိသယသစ် ကျမ်းစာအုပ်ကြီးသည် အလွန်နာမည်ကြီးနေ၏။ သပြေကန်သဒ္ဒါကြီးနိသယသစ်ကျမ်းစာအုပ်က ရှေးယခင်ကတည်းက နာမည်ကြီးနေပြီးသား ဖြစ်၏။ ယခု ပရိတ်ကြီးနိသယသစ်က ပေါ်လာပြန်ပြီ။ သူကလည်း သပြေကန်ပဲဖြစ်၏။ သပြေကန်ဆို အထင်ကြီးပြီးသားဖြစ်သည့်အတိုင်း အထင်ကြီးလိုက်၏။ ရေးသည့်ပုဂ္ဂိုလ်က ဘယ်သူတဲ့လဲ။ ကြည့်မိ၏။ လေ့လာမိ၏။ ပရိတ်ကြီးနိသယသစ်ရေးသော ပုဂ္ဂိုလ်မှာ သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ ဖြစ်၏။ စာရေးသူ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်းမှာ တော်တော်ကြာအောင် ပညာသင်ကြားနေထိုင်ခဲ့ဖူး၏။ ထို အချိန်က အရှင်ဝါသေဋ္ဌာဘိဝံသကို မှတ်မှတ်ရရ သိပ်မကြားဖူးခဲ့။ အခု ပရိတ်ကြီး နိသယသစ်ကျမ်းစာအုပ်ကိုတွေ့မှ ကြားဖူးရုံမျှမက သိလည်း သိတော့၏။ ပရိတ်ကြီး နိသယသစ်ကျမ်းစာအုပ်မှာ အထင်ကြီးထိုက်၏။ လေးစားထိုက်၏။ မြတ်မြတ်နိုးနိုး ဖတ်ရှုလေ့လာပြီး ကိုယ်နှင့်မကွာ သိမ်းထားသင့်၏။ ကျမ်းပြုအကျော် ထိပ်တန်းဆရာတော်ကြီးများဖြစ်ကြသည့် အာဘယာရာမ ဆရာတော်နှင့် မဟာဂန္ဓာရုံဆရာတော်တို့ကပင် ချီးကျူးဂုဏ်ပြုကြ၏။ စာရေးသူ ပရိတ်ကြီး နိသယသစ်ကျမ်းစာအုပ်ကို တွေ့ရှိဖတ်ရှုရချိန်မှာ လောကုတ္တရာစာမေးပွဲများ အတော်အသင့် အောင်မြင်ပြီး၍ လောကီစာမေးပွဲဖြစ်သော အဝေးသင်တက္ကသိုလ် မြန်မာစာအဓိက စာမေးပွဲဖြေဆိုချိန်က ဖြစ်၏။

ပရိတ်ကြီးနိသယသစ်ကျမ်းစာမှာ ရေးသားပြီး၍ စာအုပ်ထွက်နေတာ အတော်လေးကြာပြီဖြစ်၏။ သို့သော်လည်း စာရေးသူမှာ အဆိုပါကျမ်းစာအုပ်ကို ကြားသာကြားဖူး၏။ တော်တော်နှင့် မတွေ့ဖူးချေ။ နောက်မှ တက္ကသိုလ် စာမေးပွဲတွေဖြေရန် စာတွေသင်မှ သင်တန်းတွေတက်မှ ပရိတ်ကြီးနိသယသစ်စာအုပ်ကို တွေ့ဖူးခြင်း

ဖြစ်၏။ သိပ်ကောင်းပြီး လိုက်ကက်၊ ဟာကွက်၊ ပျော့ကွက် မရှိဟု ဆိုရလောက်အောင် ပြီးပြည့်စုံသော ကျမ်းစာအုပ်ပင် ဖြစ်၏။

ပရိတ်ကြီးနိဿယနှင့်ပတ်သက်၍ ယခင်က စာရေးသူတို့ ကလေးဘဝတုန်းက "ဆယ်စောင်တွဲ" စာအုပ်ထဲတွင် ပါဝင်သော ပရိတ်ကြီးနိဿယသာ မှတ်မှတ်ရရ တွေ့ဖူး၏။ ယခုကဲ့သို့ စာအုပ်ဆိုက်က ခပ်ကြီးကြီး၊ စာသားက ပြည့်ပြည့်စုံစုံ၊ အခြံအရံတွေ၊ အသိုင်းအဝိုင်းတွေ၊ ဝတ္ထုသာဓကတွေ၊ အထောက်အထားတွေနှင့် ဝေဝေဆာဆာ ခမ်းခမ်းနားနား စာရွက်စာသားက ကောင်းကောင်းနှင့် ဆိုတော့ အချို့ပေါ်သကာလောင်းသကဲ့သို့ အကောင်းပေါ် အကောင်းဆင့်ဖြစ်၍ ထူးခြားအံ့သြဖွယ်ပင် ဖြစ်ပါ၏။ စာရေးဆရာကြီး ပါရဂူကမူ "ဆရာတော်အရှင်ဝါသေဋ္ဌာဘိဝံသ ရေးသားပြုစုထားသော ကျမ်းစာများအနက် 'ပရိတ်ကြီးနိဿယသစ်'သည် ဆရာတော်၏ 'မာစတာပိစ်' ဖြစ်သည်" ဟူ၍ ၁၉၉၁-ခုနှစ်၊ ဇန်နဝါရီလထုတ် "ရတနာမွန်မဂ္ဂဇင်း" တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရ၏။

အသက် ၁၇-နှစ် ပထမကြီးတန်းအောင်

ပထမပြန်စာမေးပွဲနှင့်ပတ်သက်၍ ဒုတိယကမ္ဘာစစ်မဖြစ်ခင်က အောင်မြင်ဖို့အလွန်ခက်ခဲကြောင်း မှတ်သားရဖူး၏။ တစ်နှစ်တစ်နှစ် တစ်နိုင်ငံလုံးမှာမှ ပထမကြီးတန်း အောင်မြင်သော ပုဂ္ဂိုလ်များမှာ နှစ်ဆယ်ကျော်လောက်သာ ရှိသည်ဟု ဆို၏။ အရှင်ဝါသေဋ္ဌာဘိဝံသသည် အသက် ၁၅-နှစ်တွင် ပထမငယ်တန်း၊ အသက် ၁၆-နှစ်တွင် ပထမလတ်တန်းနှင့် အသက် ၁၇-နှစ်တွင် ပထမကြီးတန်းတို့ကို နှစ်မခြားဘဲ ဆက်တိုက် အောင်မြင်တော်မူခဲ့၏။ ဒုတိယကမ္ဘာစစ်မဖြစ်ခင် ပထမပြန်စာမေးပွဲသမိုင်း၌ အသက် ၁၇-နှစ်နှင့် ပထမကြီးတန်းအောင်မြင်သော ပုဂ္ဂိုလ်များမှာ အရှင်ဝါသေဋ္ဌနှင့် အခြားကိုရင်တစ်ပါး၊ ပေါင်း နှစ်ပါးသာ ရှိခဲ့ဖူးသည်ဟု ဆိုပါ၏။ ထို့ပြင် အသက် ၁၈-နှစ်အရွယ်တွင် ဝိနည်း ၅-ကျမ်းလုံး ပြန်ဆိုနိုင်၍ "ဝိနယဓရ" ဘွဲ့၊ ရဟန်း တစ်ဝါအရတွင် သံယုတ် ၅-ကျမ်းကို ပြန်ဆိုအောင်မြင်၍ **"ဝါသေဋ္ဌာဘိသိရီပဝရသာသနဓဇ သံယုတ္တာဘာဏက"** ဘွဲ့ တို့ကို ရရှိခဲ့၏။ ရဟန်းနှစ်ဝါ အရတွင် ပခုက္ကူမြို့မဟာ ဝိဇယာရာမတိုက် ဆရာတော် ဘုရားထံ ချဉ်းကပ်၍ ပညာများကို ဆက်လက် သင်ယူခဲ့ပြန်ပါ၏။ ထို့နောက် မန္တလေး မြို့တွင် နာမည်ကြီး သက္ကသီဟ စာသင်တန်းကို ဝင်ရောက်ဖြေဆိုရာ အောင်မြင်ခဲ့၏။ အဘယာရာမရွှေဂူတိုက် ဆရာတော်ဘုရားကြီးက ဆွမ်းမခံစေဘဲ ချမ်းသာစွာ နေထိုင်စာကြည့်နိုင်ရန် ချီးမြှောက်တော်မူခဲ့ပါ၏။ သက္ကသီဟ စာချတန်းအောင်မြင်၍ **"အဘိဝံသ"** ဘွဲ့ကို ရရှိခဲ့၏။

ပူဇော်ပွဲသဘင်

သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၏ အထိမ်းအမှတ် ပူဇော်ပွဲသဘင်ကြီးကို ခမ်းခမ်းနားနား သိုက်သိုက်မြိုက်မြိုက် စည်စည်ကားကား ထည်ထည်ဝါဝါ ကျင်းပမည်။ တပည့်ပေါင်းများစွာက ညီညာထက္ကြ စိတ်အားထက်သန်စွာ ပြင်ဆင်နေကြပြီ။ ကောင်းမှုရှင်တွေ အသီးသီး ရှိနေကြပြီ။ လှူကြတန်းကြမည့် ပါရမီရှင်များက ပေါများလှပါ၏။ စာအုပ်စာတမ်းတွေလည်း ထုတ်ဝေကြဦးမည်။ တစ်နေ့က စာရေးသူ အရေးကြီးသော ခရီးစဉ်တစ်ခု ရှိ၍ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းသို့ ခရီးကြုံ၍ စည်ရှင်ဆရာတော်ဘဒ္ဒန္တအဂ္ဂဉာဏာဘိဝံသအား ဝင်ရောက်ကန်တော့ပါ၏။ စည်ရှင်ဆရာတော်နှင့် စပ်မိစပ်ရာ ပြောကြရင်း သပြေကန်ဆရာတော် အထိမ်းအမှတ်ပွဲအကြောင်း ရောက်သွား၏။ "အေး ဒို့ဆီလည်း သပြေကန်ဆရာတော်ဘုရားကြီး အထိမ်းအမှတ်စာအုပ်အတွက် စာမူတောင်းထားတယ်ကွ။ အလုပ်တွေ မအားလပ်သေးလို့ ရေးတောင်မရေးရသေးဘူး။ ငါ့တပည့်အနေနှင့် တစ်ပုဒ်လောက်ရေးသင့်တယ်။ မရေးဘူးလား" ဟု အမိန့်ရှိတော်မူပါ၏။ သို့နှင့်စာရေးသူက "မှန်လှပါဘုရား၊ ရေးမယ်လို့တော့ စိတ်ကူးထားပါတယ်ဘုရား" ဟူ၍ လျှောက်ထားလိုက်ပါ၏။ စည်ရှင်ဆရာတော်ဘဒ္ဒန္တအဂ္ဂဉာဏာဘိဝံသ

အရှင်မြတ်သည် စာရေးသူ၏ စာချဆရာ၊ အာမခံဆရာ ဖြစ်၏။ ရွှေကျင်ဂိုဏ်းဝင် ကျောင်းတိုက်များမှာ တိုက်တွင်းနေထိုင်ခွင့်ရရန် အာမခံဆရာ ရှာရ၏။ အာမခံဆရာ မရှိလျှင် တိုက်တွင်းနေထိုင်ခွင့်ရမည် မဟုတ်ချေ။ ထိုနေ့က စာရေးသူ မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက်သွားချိန်တွင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်ပွဲတော် ရှိနေချိန်ဖြစ်၏။ စည်ရှင်ဆရာတော်က "မောင်ဝိစိတ္တ ရောက်လာတာနှင့်အတော်ပဲဟော့။ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အထိမ်းအမှတ်ပူဇော်ပွဲရှိတယ်။ အဲဒါ ကြံ့တုန်း အထိမ်းအမှတ်ပွဲကို တက်ရောက်ပူဇော်လိုက်ဦးပေါ့ကွာ။ မင်းတို့ သူငယ်ချင်းတွေနှင့်လည်း တွေ့ရတာပေါ့" ဟူ၍ အမိန့်တော်ရှိပါ၏။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

အရှင်ဝါသေဋ္ဌာဘိဝံသအား ၁၉၄၄-ခုနှစ်၊ ဧန်နဝါရီလ ၄-ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရက "**အဂ္ဂမဟာပဏ္ဍိတ**" ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းတော်မူခဲ့ပါသည်။ ထို့ပြင် အရှင်ဝါသေဋ္ဌာဘိဝံသသည် နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ တိပိဋကဩဝါဒါစရိယ၊ ပိဋကတ်တော်ဘာသာပြန်အဖွဲ့၏ ဩဝါဒါစရိယ၊ မင်္ဂလာဗျူဟာ၊ ပိဋကဗျူဟာ ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဗဟိုသံဃာဝန်ဆောင် စသည့်တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါ၏။ ဤမျှဖြင့် စာရေးသူ၏ ဆရာတော်ကြီးအား ပူဇော်မှုဆောင်းပါးကို နိဂုံးချုပ်ပါ၏။

အရှင်ဝိစိတ္တာသာရ(ရေစကြို)

တိရစ္ဆာန်နှင့်လူ မတူရစေလစ်အောင်

ကိရစ္ဆာန်များ၌ မနာလိုခြင်း၊ ဝန်တိုခြင်း၊ လောဘ၊ ဒေါသကြီးခြင်းများ လွန်ကဲလျက်ရှိရာ ထိုစိတ်မျိုးတွေ ပါးအောင် နည်းအောင် ပြုခြင်းအားဖြင့် တိရစ္ဆာန်နှင့်မတူ၊ လူအဆင့်အတန်းမီအောင် ကြိုးစားသင့်ပေသည်။

အရှင်ဝါသေဋ္ဌာဘိဝံသ

For Man to Differ from Animals

WHEN MOVED by extremes of envy, greed, meanness or anger, animals differ from Man in that animals make no conscious effort to curb or decrease such feeling. Man, to differentiate himself from animals and to be worthy of his higher evolution, must strive to curb such unwholesome feelings.

အင်ကြောင်း သီလလေ ပိုဖြိုး ကြည်ညိုလေလေ

ရေယျာနရိန်(မြောင်းမြ)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေကျင်ကျောင်းတိုက်၊ ပဓာန နာယကဆရာတော် ဘဒ္ဒန္တဓမ္မာဓရ (အဂ္ဂမဟာပဏ္ဍိတ)ရဲ့ အဆုံးအမသြဝါဒကို ခံယူတော်မူပြီးတော့ ၁၃၅၆-ခုနှစ်၊ တပိုတွဲလဆန်း(၇)ရက်၊ အင်္ဂါနေ့ က ဘဝနတ်ထံ ပျံလွန်တော်မူသွားတဲ့ အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယဥပဥ္ဇ္ဈာ၊ ကျမ်းပြုအကျော် ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ မထေရ်မြတ်ရဲ့ သီလ၊ သမာဓိ၊ ပညာ ဂုဏ်ရည်တွေကို မှန်းဆပူဇော်တဲ့အနေနဲ့ တပည့်သံဃာတော်များ၊ ရဟန်းပညာရှိ၊ လူပညာရှိများ၊ ဒါယကာ၊ ဒါယိကာမများက စုပေါင်းလို့ သပြေကန်ထေရ ဂုဏ်ပူဇော် နှစ်တစ်ရာမော်ကွန်းစာစောင်ကြီး ဖြစ်မြောက်လာစေဖို့ ကြိုးပမ်းဆောင်ရွက်နေတာကို ကြားသိလိုက်ရတော့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်။

မကြာမီမှာ ဆရာတော်ကြီးရဲ့ ထူးခြားတဲ့ဂုဏ်တွေကို ရှုထောင့်အမျိုးမျိုးကနေ အရေးအသားစုံလင်စွာနဲ့ သာသနာ့သမိုင်းမှာ မော်ကွန်းတင်နိုင်မယ့် ကျမ်းမြတ်တစ်ဆူ ထွက်ပေါ်လာတော့မယ်ရယ်လို့လည်း သာဓုအကြိမ်ကြိမ် ခေါ်ကာ ပုံဖော်ကြည့်လိုက်မိပြန်တယ်။

စာရေးသူအဖို့ ဆရာတော်ကြီးနဲ့ ရင်းနှီးကြည်ညိုခွင့်၊ အဆုံးအမသြဝါဒခံယူခွင့် ရခဲ့သည်မှာ ဆယ်စုနှစ်နှစ်ခုလောက် ရှည်ကြာခဲ့ပါတယ်။ အဲဒီကာလအတွင်းမှာ စာရေးသူရဲ့ဘဝဟာ လမ်းဖြောင့်လမ်းမှန်ပေါ်ကို ရောက်ခဲ့ရသလို လောကီ၊လောကုတ္တရာဆိုင်ရာ ဗဟုသုတတွေလည်း အများကြီး ရရှိခဲ့ပါတယ်။ နောက်ပြီးတော့-

ဆရာတော်ကြီးဟာ မြတ်ဗုဒ္ဓရဲ့ ဝိနည်းဒေသနာတော်အတိုင်း အသက်ထက်ဆုံး လိုက်နာကျင့်ကြံနေထိုင်တော်မူသွားခဲ့သလို သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ၊ ဒါယကာဒါယိကာမများနဲ့ ဗုဒ္ဓဘာသာကို လေ့လာလိုက်စားနေသူတွေအတွက် ကောင်းကျိုးဖြစ်ထွန်းစေမယ့် ပရိတ်ကြီးနိသယသစ် အပါအဝင် ကျမ်းပေါင်းများစွာကို ရေးသားပြုစုတော်မူခဲ့တာဟာ သာသနာ့သမိုင်းမှာ အထင်အရှားပါ။ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့တဲ့ ဒေသနာအတိုင်း အဋ္ဌကထာ၊ ဋီကာ၊ သင်္ကတဘာသာတို့နဲ့ ညှိနှိုင်းကာ ရေးသားပြုစုတော်မူခဲ့တာပါ။ အနေအထိုင် ရိုးသားကျစ်လစ်ပြီး အရေးအသားကောင်းမွန်ပြောင်မြောက်တဲ့ မထေရ်မြတ်တစ်ပါးပါ။ ဒါ့ပြင် ဘယ်သူမှ မသိသေးတဲ့၊ ဘယ်သူမှ မဖတ်ရှုသေးတဲ့ ဆရာတော်ကြီးကိုယ်တိုင် စာရေးသူကို ရေးသားချီးမြှင့်တော်မူခဲ့တဲ့ အဆုံးအမသြဝါဒစာတွေထဲက တချို့ကို တင်ပြပူဇော်ရရင်-

- "အဝေးရောက်သည့်၊ ကိုယ့်တပည့်၊ ပြည့်ပြည့်စုံစုံရှိပါစေ။
- တစ်နေ့တခြား၊ ဥစ္စာပွား၊ တရားထိုနည်းတိုးပါစေ။

- ဘုရားအာရုံ၊ စိတ်မှာထုံ၊ ဘေးလုံရန်လုံရှိပါစေ။
- နှတ်များစောင်မ၊ လာဘ်လာဘ၊ အရာများပါစေ။
- အာဘက်ဘက်တွင်၊ တိုးအောင်မြင်၊ ပေါ်ထင်ကျော်ကြားစေ။
- ဤရှင့်မေတ္တာ၊ ဓာတ်ရောက်ကာ၊ ကျွန်းမာရွှင်လန်းစေ။"

အထက်ဖော်ပြပါ ဆရာတော်ကြီး၏ အရေးအသားကို ကြည့်ပြီးတော့ တပည့်ဒကာအများအပေါ် ထားရှိတဲ့ ဆရာတော်ကြီး၏ မွန်မြတ်ကြည်ညိုအတုယူစရာကောင်းလှတဲ့ မေတ္တာ၊ စေတနာ၊ ကရုဏာနဲ့ အကြင်နာတွေကို ထင်ထင်ရှားရှား တွေ့မြင်နေရပါတယ်။ နောက်ပြီးတော့-

"စာပေကဗျာ အရေးအသားကောင်းဖို့ရာ အကြောင်းသုံးပါးရှိ၏။ သဘာဝပဋိဘာန် ပင်ကိုယ်ဉာဏ်ရှိရမည်။ အလွန်အညစ်အကြေးကင်းသော ဗဟုသုတရှိရမည်။ မနည်းသော အလွန်များသော ကြိုးစားမှု ရှိရမည်။ ဤသုံးပါးပြည့်စုံလျှင် စာပေကဗျာ အရေးအသား အများလေးစား ဂုဏ်တင်ခံရလောက်အောင် ပြောင်မြောက်ထူးချွန်တတ်၏။ ဤသုံးပါးတွင် "သဘာဝပဋိဘာန် ပင်ကိုယ်ဉာဏ်" က ပဓာနဖြစ်၏။ အဘယ်မျှ ဗဟုသုတ ရှိသည်ဖြစ်စေ၊ ဘယ်လိုပင် ကြိုးစားကြိုးစား သဘာဝပဋိဘာန်ဉာဏ် မရှိက တကယ်ကျော်ကြားလောက်သူတစ်ယောက်ဖြစ်ဖို့ခဲယဉ်း၏"။

ဖော်ပြပါ အဆုံးအမစာဟာ စာပေကဗျာ အရေးအသားကောင်းဖို့ တစ်နည်းအားဖြင့် ပြောရရင် စာကောင်းစာမွန်တွေထွက်ပေါ်လာစေဖို့အတွက် ဆရာတော်ကြီးတိုက်တွန်းထားတဲ့စာ ဖြစ်ပါတယ်။

ရှင်းရှင်းလင်းလင်း ထိထိမိမိ လိုရင်းကို ရေးသားထားတာမို့ တန်ဖိုးဖြတ်လို့ မရတဲ့ အဆုံးအမတစ်ခုလည်း ဖြစ်ပါတယ်။ အကြောင်းသုံးပါးကို ရှင်းထားတဲ့နေရာမှာ ပင်ကိုယ်ဉာဏ်၊ ဗဟုသုတနဲ့ ကြိုးစားမှုကို အဓိကထားပေမယ့် ဆရာတော်ကြီးရဲ့ဆန္ဒက ပင်ကိုဉာဏ်ကိုတောင် သဘာဝပဋိဘာန် ပင်ကိုယ်ဉာဏ်လို့ သုံးထားတာ တွေ့ရတယ်။ အလေးပေးထားတာကို တွေ့ရတယ်။

သဘာဝ ပဋိဘာန် ပင်ကိုယ်ဉာဏ်ရှိရမယ်ဆိုတာ လူတစ်ဦးတစ်ယောက်မှာ ရှေးရှေးက ပြုခဲ့တဲ့ ကုသိုလ်ပါရမီထူးကြောင့် ပဋိသန္ဓေက ပါလာတဲ့ ပင်ကိုဗီဇ၊ တစ်ဦးတစ်ယောက်က သင်ပြပို့ချ ပြုပြင်ပေးရတဲ့ ဉာဏ်မဟုတ်ဘဲ၊ မိမိကိုယ်တိုင် ပင်ကိုဗီဇ ဓာတ်ခံက သိမြင်လာတဲ့ဉာဏ်မျိုးကို ဆိုလိုပါတယ်။ (ဥပမာ-ကဗျာ လင်္ကာဂါထာများကို တစ်ဦးတစ်ယောက်ထံမှ နည်းစနစ်များ သင်ယူမှု မပြုရဘဲ ကိုယ်တိုင်ရေးတတ် စပ်တတ်ခြင်းမျိုးကို ဆိုလိုပါသည်။)

ဗဟုသုတရှိရမယ်ဆိုတဲ့နေရာမှာ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာမှု မရှိတဲ့၊ အညစ်အကြေး ကင်းစင်သန့်ရှင်းတဲ့ ဗဟုသုတမျိုးကို ဆရာတော်ကြီးက ဆိုလို့ထားတယ်။ နောက်ပြီး ကြိုးစားတဲ့အခါမှာလည်း မနည်းသော၊ အလွန်များသောလို့ ဝိသေသနတွေ တပ်ပြီးတော့ ဆိုထားတာကို တွေ့ရပါတယ်။ တကယ့်ကို လိုက်နာစရာ၊ မှတ်သားစရာကောင်းတဲ့ အဆုံးအမပါ။

ဒါကြောင့်မို့ စာပေဝါသနာပါတဲ့သူတိုင်း စာရေးဝါသနာပါတဲ့သူတိုင်း ဆရာတော်ကြီးရဲ့ အဆုံးအမကို ဖတ်ပြီး အကြောင်းအရာတစ်ခုခုကို အမျှားသိအောင် ရေးတော့မယ်ဆိုရင် ကြိုတင်ပြီး သတိချပ်ရမယ်ဆိုတာကို တွေ့ရပါတယ်။ နောက်ဆုံးတစ်ခု တင်ပြချင်တာက...

ယော ဏ္ဍွေ ပုရိသော ဟောတုံ၊
စာတိ စာတိ ပုနပ္ပုနံ။
ပရဒါရံ ဝိဝဇ္ဇေယျ၊
ဆောတပါဒေါ ကဒ္ဒမံ။

ယော-အကြင်ယောကျ်ားသည်၊ စာတိ စာတိ-ဘဝတိုင်း ဘဝတိုင်း၊ ပုနပ္ပုနံ-အဖန်တလဲလဲ၊ ပုရိသော-ယောကျ်ားချည်းသာ၊ ဟောတုံ-ဖြစ်ခြင်းငှာ၊ ဏ္ဍွေ-အလိုရှိငြားအံ့၊ သော-ထိုယောကျ်ားသည်၊ ဆေါတပါဒေါ-ခြေဆေးပြီးသော ပုဂ္ဂိုလ်သည်၊ ကဒ္ဒမံ-ရွံဖွယ်ကို၊ ဝိဝဇ္ဇေယျ-ရှောင်ကွင်းဘိသကဲ့သို့၊ တထာ-ထို့အတူ၊ ပရဒါရံ-သူတစ်ပါးသားမယားကို၊ ဝိဝဇ္ဇေယျ-မိစ္ဆာမသက်ဝင်ရှောင်ကြဉ်ရာ၏။

ယာ ဣဏ္ဍော ပုရိသော ဟောတုံ၊
ဇာတိ ဇာတိ ပုနပ္ပုနံ။
သာမိကံ အပစာယေယျ၊
ဣဒံ ပါရိစာရိကာ။

ယာ-အကြင်မိန်းမသည်၊ ဇာတိ ဇာတိ-ဘဝတိုင်းဘဝတိုင်း၊ ပုရိသော-ယောကျ်ားသည်၊ ဟောတုံ-ဖြစ်ခြင်းငှာ၊ ဣဏ္ဍော-အလိုရှိငြားအံ့၊ သာ-ယောကျ်ားဖြစ်လိုသော မိန်းမသည်၊ ပါရိစာရိကာ-သိကြားမင်းမိဖုရား သုဇာတဒေဝီသည်၊ ဣဒံ-သိကြားမင်းကို၊ အပစာသတီဝ-ရိုသေစွာလုပ်ကျွေးပြုစုသကဲ့သို့၊ တထာ-ထို့အတူ၊ သာမိကံ-မိမိလင်ယောကျ်ားကို၊ အပစာယေယျ-ရိုသေသမှုပြုစုရာ၏။

ဗလာစာရွက်လေးမှာ ရေးပြီးပေးခဲ့တဲ့ ဆရာတော်ဘုရားကြီးရဲ့ လက်ရေးမူရင်းကို ဖတ်ကြည့်ရင်း ကြည်ညိုစိတ်တွေ တဖွားဖွားပေါ်လာပြန်တယ်လေ။ အဓိပ္ပါယ်ကယောကျ်ားတစ်ယောက်ဟာ ဘဝဆက်တိုင်း ဆက်တိုင်းမှာ အဖန်တလဲလဲ ယောကျ်ားဖြစ်ချင်ရင် အဲဒီယောကျ်ားခြေဆေးပြီးရင် ခွံ့ညွှန်အညစ်အကြေးတွေကို ရှောင်ကွင်းသလိုပဲ သူတစ်ပါး သားမယားကို မကောင်းစိတ်မထားဘဲ မိစ္ဆာစာရအမှုကို ရှောင်ကြဉ်ရမယ်တဲ့။

မိန်းမဖြစ်သူတွေကလည်း ဘဝဆက်တိုင်းဆက်တိုင်းမှာ အဖန်တလဲလဲ ယောကျ်ားဖြစ်ဖို့ အလိုရှိရင် မိမိလင်ယောကျ်ားကို ရိုသေသမှုပြုစုရမယ်လို့ ရေးသားထားတာ ဖြစ်ပါတယ်။ မှတ်သားထိုက်စရာ အဆုံးအမပါ။ နောက်ထပ် ရှင်းမပြရအောင် ထိထိမိမိရှိလှတဲ့ အရေးအသားပါ။ ဇနီးမောင်နှံတွေအတွက်ရော အိမ်ထောင်မကျသေးတဲ့ အမျိုးသား၊ အမျိုးသမီးတွေကိုပါ ကွင်းခနဲ ကွက်ခနဲ မြင်သွားရအောင် ဆရာတော်ကြီးက မေတ္တာ၊ စေတနာ၊ ကရုဏာ အပြည့်အဝနဲ့ ရေးသားထားသလို ဥပမာပေးထားတာကလည်း လူသိများတဲ့ ဥပမာတွေကို ထည့်သွင်းရေးသားထားတာမို့ ဖတ်သူတိုင်း သဘောပေါက်လွယ်သွားပါတယ်။

စာရေးသူ ဉာဏ်မီသလောက် တွေးကြည့်ရရင် ဆရာတော်ဘုရားကြီးဟာ သီလ၊ သမာဓိ၊ ပညာဂုဏ်တွေ ပြည့်စုံနေရုံသာမက အကျင့်က ဖြစ်ပေါ်လာတဲ့ အသိတရားတွေကို ရဟန်းရှင်လူ ပြည်သူအများ ဖတ်မှတ်လေ့လာပွားများလာအောင်၊ သဒ္ဓါတရား နည်းပါးသူတွေ သဒ္ဓါတရား ထက်သန်လာအောင်၊ သဒ္ဓါထက်သန်သူတွေ ပိုလို့တိုးလို့ ထက်သန်များပြားလာအောင် ဖော်ဆောင်ညွှန်ပြတဲ့ ကျမ်းမြတ်များ ရေးသားပြုစုတော်မူတာကိုပဲ အသိများကြတာမဟုတ်ပါလား။

စာသင်သား တပည့်ရဟန်းငယ် သာမဏေငယ်လေးတွေအပေါ် သနားကြင်နာတတ်တဲ့ လောကီ လောကုတ္တရာကောင်းကျိုးတွေ ဖြစ်ပေါ်စေတဲ့ စာပေအရေးအသားတွေ ထွန်းကားတိုးတက်စေချင်တဲ့ ဒါယကာ ဒါယိကာမများအပေါ် အသိအလိမ္မာ ဉာဏ်ပညာတွေ တိုးပွားစေချင်တဲ့ မေတ္တာ၊ စေတနာ၊ ကရုဏာတွေက အဖျတ္တသန္တာန်မှာ အစဉ်အမြဲ ကိန်းအောင်းနေကြောင်းကို ဆရာတော်ကြီး ရေးသားချီးမြှင့်ခဲ့တဲ့ ကဗျာ၊ လင်္ကာ၊ အဆုံးအမစာတွေက သက်သေပြနေတာပါ။

ဆရာတော်ကြီးကိုယ်တော်တိုင် စာရေးသူကို ရေးသားချီးမြှင့်ခဲ့တဲ့ အဖိုးမဖြတ်နိုင်တဲ့စာမို့ အမှတ်တရရှိသေစွာ သိမ်းဆည်းထားရတယ်။ မကြာခဏ ထုတ်ပြီးဖတ်ခဲ့ရတယ်။

ဖတ်တိုင်း, ဖတ်တိုင်း ဆရာတော်ကြီးရဲ့ ဂုဏ်တော်တွေကို ပုံဖော်မှန်းဆကာ ရှိခိုးကန်တော့မိတယ်။ တွေ့ဆုံရင်းနှီးကြည်ညိုခွင့်ရခဲ့တဲ့ ကာလအတွင်းက ဖြစ်အင်တွေကိုလည်း တွေးထင်ပြီး ကြည့်လိုက်တဲ့အခါ ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ကြီးဟာ အကြောင်းသိလေလေ ပိုပြီးကြည်ညိုလေလေပါ။

ဒေယျာနရိန်(မြောင်းမြ)



အာသဘာ လူစွမ်းကောင်း

အာရုဏဝဋ္ဌာလင်္ကာရ(ပေါင်းဝ-ရွှေသီမင်တော်)

ကမ္ဘာ့ရာဇဝင်နှင့် မြန်မာ့ရာဇဝင်တွင် လူစွမ်းကောင်းတွေ များစွာရှိကြ၏။ အချို့က ရှင်ဘုရင်၊ အချို့က စစ်သူကြီး၊ အချို့က မှူးကြီးမတ်ကြီး၊ အချို့က သူဌေးသူကြွယ် စသည်ဖြင့် ရွေးခေတ်ကလည်း ရှိခဲ့ကြ၏။ ယခုခေတ်မှာလည်း ရှိနေဆဲပင်။ သူ့အစွမ်းနှင့်သူ လူစွမ်းကောင်းတွေက များလှ၏။ သူ့တိုင်းပြည် သူ့လူမျိုး သူ့ဒေသအတွက် များစွာ စွမ်းဆောင်ခဲ့ကြ၏။ ထို့ကြောင့် လောကဝေါဟာရအားဖြင့် လူစွမ်းကောင်းဟု အမြတ်တနိုး ခေါ်ဝေါ်ကြ၏။ ရပ်ထုများထု၍လည်းကောင်း၊ အထိမ်းအမှတ်ကျောက်တိုင်များ စိုက်ထူ၍လည်းကောင်း ဂုဏ်ပြုထားကြ၏။ လမ်းအမည်၊ မြို့အမည်၊ ရပ်ကွက်အမည်များအဖြစ်ဖြင့်လည်း အမှတ်တရ မှည့်ခေါ်ထားကြ၏။ လူစွမ်းကောင်းကို မချစ်သော လူမျိုးဟူ၍မရှိ။ လူသားတို့တောင့်တကြသည့် တည်ငြိမ်အေးချမ်းမှု၊ ပြည့်စုံကြွယ်ဝမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို လူစွမ်းကောင်းများကသာ ဖန်တီးပေးနိုင်ကြ၏။ လောကကြီး၏ နေရာဒေသအသီးသီး၌ လူစွမ်းကောင်းတွေ များများရှိဖို့လိုအပ်၏။ လူစွမ်းကောင်းများများရှိသည့် လူ့အဖွဲ့အစည်းသည် ပို၍ ပို၍ ချမ်းသာသုခနှင့် ပြည့်စုံ၏။ သာသနာတော်၌လည်း လူစွမ်းကောင်းတွေ များစွာရှိပါ၏။ လူစွမ်းကောင်း၏ အရည်အသွေးကို သတ်မှတ်ရာ၌ အမျိုးမျိုး အဖုံဖုံရှိနိုင်၏။ ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရား၏ ထီးရိပ်ကိုခို၍ လူစွမ်းကောင်း၏ အဓိပ္ပါယ်ကို ဤသို့ ဖွင့်ဆိုကြည့်မိ၏။

စွမ်းနိုင်သူ

လောက၌ အကျိုးဖြစ်ထွန်းလိမ့်မည်ဟု ယုံကြည်ချက် မရှိသူ၊ မကျန်းမာသူ၊ ပျင်းရိသူ၊ ဉာဏ်မရှိသူကား ဉာဏ်ဖြင့် လုပ်ကိုင်ရမည့် အလုပ်မျိုးကို လုပ်ကိုင်လိမ့်မည်မဟုတ်။ လုပ်သော်လည်း ဖြစ်မြောက်အောင် ပြုစွမ်းနိုင်

လိမ့်မည်မဟုတ်။ ယုံကြည်ချက်ရှိသူ၊ ကျန်းမာသူ၊ ဝီရိယရှိသူ၊ ဉာဏ်ရှိသူများသာ ထိုအလုပ်မျိုးကို ဖြစ်မြောက်အောင် လုပ်နိုင်ကြ၏။ ဓမ္မအရာ၌လည်း ဤနည်းပင်ဖြစ်၏။ ဤအကြောင်းကို မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရသုတ် (၂၉၇)၌ ဗောဓိမင်းသားက မြတ်စွာဘုရားကို လျှောက်ထား၏။

"အရှင်ဘုရား မြတ်စွာဘုရားတည်းဟူသော နည်းညွှန်ပြသ ဆုံးမတတ်သူကို ရရှိသော ရဟန်းသည် အဘယ်မျှကြာမှ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တရားထူးကို ရရှိနိုင်ပါသနည်း"။ မြတ်စွာဘုရားက ဗောဓိမင်းသားကိုပင် ပြန်၍ မေးခွန်းထုတ်တော်မူ၏။

"မင်းသား သင်သည် ဆင်စီး ချွန်းကိုင်အတတ်ကို တတ်သည်မဟုတ်လော။ တပည့်တစ်ယောက်သည် သင့်ထံ ဆင်စီးချွန်းကိုင်အတတ်ကို လာ၍ သင်၏။ ထိုသူသည် တတ်လိမ့်မည်ဟု ယုံကြည်မှုလည်းမရှိ၊ ကျန်းမာရေးလည်းမကောင်း၊ ကောက်ကျစ်လှည့်ဖြား လိမ်ညာတတ်၏။ အပျင်းလည်းကြီး၏။ အသိဉာဏ်ပညာလည်းမရှိ၊ ထိုတပည့်ကို တတ်မြောက်အောင် သင်ကြားပေးနိုင်မည်လော"။

"ဤအင်္ဂါငါးပါးလုံးကို မဆိုထားဘိ၊ တစ်ပါးပါးနှင့် ပြည့်စုံနေလျှင်ပင် တတ်မြောက်အောင် သင်ကြားပေးနိုင်မည်မဟုတ်ပါဘုရား" ဟု ဗောဓိမင်းသားက လျှောက်ထား၏။ မြတ်စွာဘုရားက ထပ်၍ မေးတော်မူပြန်၏။

"တပည့်တစ်ယောက်ကား တတ်လိမ့်မည်ဟု ယုံကြည်ချက်လည်း ပြင်းထန်၏။ ကျန်းမာရေးလည်းကောင်း၏၊ ရိုးသားဖြောင့်မတ်၏၊ မပျင်းမရိ ကြိုးကြိုးစားစား သင်ယူ၏။ အသိဉာဏ်ပညာလည်း ထက်မြက်၏။ ထိုတပည့်မျိုးကိုကား တတ်မြောက်အောင်သင်ကြားပေးနိုင်ပါမည်လော"

"ငါးပါးလုံးကို မဆိုထားဘိ၊ တစ်ပါးပါးနှင့် ပြည့်စုံလျှင်ပင် တတ်မြောက်အောင် သင်ကြားပေးနိုင်ပါသည်ဘုရား" ဟု ဗောဓိမင်းသားက လျှောက်ထား၏။

"မင်းသား၊ ထို့အတူ တရားအားထုတ်သူ၏ ဖြစ်ကြောင်း(ပဓာနိယင်္ဂ)အင်္ဂါများကား ငါးပါးရှိ၏-

၁။ ဘုရား၌ ယုံကြည်သောသဒ္ဓါတရားရှိခြင်း၊
၂။ ကျန်းမာရေးကောင်းခြင်း၊
၃။ မစဉ်းလဲမလှည့်ဖြားဘဲ မိမိ၏အဖြစ်မှန်ကို တင်ပြတတ်ခြင်း၊
၄။ ကြိုးစားအားထုတ်မှုရှိခြင်း၊
၅။ ထိုးထွင်းသိမြင်တတ်သည့် ဉာဏ်ပညာရှိခြင်း တို့ဖြစ်၏။

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော် တရားထူးကို လျှင်မြန်စွာ ရနိုင်၏"ဟု မြတ်စွာဘုရားက ဗောဓိမင်းသားကို ဟောကြားတော်မူ၏။

ဤသာသနာတော်၌ စွမ်းနိုင်သူဟူသည်မှာ ပဓာနိယင်္ဂတရားငါးပါးနှင့် ပြည့်စုံသူဖြစ်ရပေမည်။

ဖြောင့်မတ်သူ(သို့မဟုတ်)ကောင်းမြတ်သူ

ဖြောင့်မတ်သူ၊ အလွန်ဖြောင့်မတ်သူဟူသည်မှာ ပဓာနိယင်္ဂတရားပါးပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော မစဉ်းလဲမလှည့်ဖြားတတ်သူ ဖြစ်သည်။ မိမိ၏ အဖြစ်မှန်ကို မြတ်စွာဘုရားထံမှာဖြစ်စေ၊ သီတင်းသုံးဖော်များထံမှာ ဖြစ်စေ ရဲဝံ့ရိုးသားစွာ တင်ပြတတ်သူဖြစ်သည်။ စင်ကြယ်သော ပိတ်ကားချပ်ပေါ်မှာသာ ပန်းချီဆေးရေးရုပ်သည် တောက်ပပေါ်လွင်စွာ ထင်ရှားနိုင်ပေ၏။ ညစ်ပေနေသော ပိတ်ကားချပ်ပေါ်တွင် မပေါ်လွင် မထင်ရှားနိုင်ပေ။ ထို့အတူ ကောင်းမြတ်သော တရားများကား သန့်ရှင်းသောစိတ်ဓာတ်ရှိသူ၌သာ စွဲမြဲစွာ ထင်နိုင်၏။ စိတ်ဓာတ်မသန့်ရှင်းသူ၌ တည်နိုင်ခွင့်မရှိပေ။ ရိုးသားဖြောင့်မတ်မှုသည် သူတော်ကောင်းတရားတို့ပွားရေး၌ အလွန်အရေးကြီးလှ၏။ သူတော်ကောင်းအကျင့်ကို ကြိုးစားအားထုတ်ခြင်းဖြင့် အရဟတ္တမဂ်ဆိုက်ကာ ကိလေသာ အညစ်အကြေးကုန်စင်ပါမှ တကယ်ဖြောင့်မတ်သူဟု ဆိုထိုက်၏။ တကယ့်ဖြောင့်မတ်သူ အဖြစ်သို့ ရောက်အောင် မိမိစိတ်ဓာတ်ကို ပဋိပတ်ဘာဝနာများဖြင့် အမြဲတစေ ဖြောင့်မတ်ပေးနေသူကိုလည်း ဖြောင့်မတ်သူလူကောင်းဟု ဆိုရမည်သာ ဖြစ်ပါ၏။ ဤစွမ်းနိုင်သူ၊

စွမ်းနိုင်သူ

(၁၅)နှစ်အရွယ် သာမဏေငယ်ဘဝကပင် စာမျက်နှာ (၈၅၁)ရှိ ပါရာဇိကဏ်၊ ပါစိတ်ပါဠိတော်ကြီးများကို အလွတ်အာဂုံပြုနိုင်ဆိုတော်မူနိုင်သဖြင့် ဥဘတောဝိဘင်္ဂဓရဘွဲ့ကို ရရှိခဲ့သည်။ အောင်မြင်ရန်ခက်ခဲသော ရွေးခေတ် ပထမကြိုးတန်းကို သက်တော်(၁၇)နှစ် အရွယ်ကပင် အောင်မြင်တော်မူခဲ့သည်။ သက်တော်(၁၉)နှစ်အရွယ်၌ စာမျက်နှာ(၂၂၆၀)ရှိ ဝိနည်းငါးကျမ်း ပါဠိတော်ကြီးများကို အလွတ်အာဂုံပြန်ဆိုတော်မူနိုင်သဖြင့် ဝိနယဓရဘွဲ့ထူးကို ရရှိခဲ့သည်။ ရဟန်းတစ်ဝါအရတွင် စာမျက်နှာ(၁၄၅၄)ရှိ သံယုတ်ပါဠိတော်ငါးကျမ်းကို အလွတ်အာဂုံပြန်ဆိုနိုင်သဖြင့် ဝါသေဋ္ဌာဘိသိရီပဝရသာသနဓဇ သံယုတ္တဘာဏကဘွဲ့ကို ရရှိခဲ့သည်။ ပါဠိသက္ကတ ပညာရှင် ဖြစ်တော်မူသည့် အာဘာရာမ ဆရာတော်ဘုရားကြီးက သက္ကသီဟဓမ္မာစရိယဘွဲ့ မရသေးသည့် အရှင်ဝါသေဋ္ဌအား သမ္မန္တစိန္တာစာကိုယ် နိသယဓာတ်နိဒါန်းကို ရေးသားစေ၏။ ရှင်ဝါသေဋ္ဌ၏ စာပေလက်ရာကို အားရကျေနပ်တော်မူလျက် "ဥူးပဥ္စင်းက နေတော့ရိုးရိုး၊ စာရေးတော့ အဆန်းသား" ဟု ချီးကျူးတော်မူ၏။ ထိုနိဒါန်းအောက်၌ အာဘာရာမ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဥူးဝါသေဋ္ဌ(ဓမ္မာစရိယ)ဟု ရေးသား၍ ဓမ္မာစရိယတပ်လျက် ချီးမြှောက်တော်မူခြင်းကို ခံခဲ့ရ၏။

ဖြောင့်မတ်သူ(သို့မဟုတ်)ကောင်းမြတ်သူ

သပြေကန်ဆရာတော် အလောင်းလျာ ရဟန်း(၂)ဝါအရ ပဉ္စင်းငယ်ဘဝ အာဘာရာမတိုက်၌ နေထိုင်စဉ်က ဖြစ်၏။ တစ်နေ့သော် အရှင်ဝါသေဋ္ဌသည် သံဃာအများသုံးဆောင်ရန် လှူဒါန်းထားသော ထန်းလျက်တောင်းအတွင်းမှ ထန်းလျက်နှစ်ခဲကို အမှတ်မဲ့နှိုက်ယူမိလိုက်၏။ အာဘာရာမဆရာတော်ကြီး၏ တူဖြစ်သူ ကပ္ပိယလေးက မြင်သွားရာ "အဲဗျာ ဒီဥူးပဥ္စင်းက ကိုရင်ဘဝနဲ့ ဝိနည်းငါးကျမ်း ပါဠိတော်ကြီးတွေကို အလွတ်ပြန်တယ်၊ သံယုတ်ငါးကျမ်းလဲ အလွတ်ပြန်တယ် ဆိုသေး၊ အကပ်မခံဘဲနဲ့ ဖြောင့်မတ်သူ စသည့် အကျင့်များကို မေတ္တာ၏ ရွေးအဖို့က ကျင့်ရမည့် အကျင့်များဟု ခေါ်ဆိုကြ၏။ အမှန်မှာ၊ ဤအကျင့်များ မပြည့်စုံဘဲ ယုတ်ပြားနေပါက မည်သည့် ဘာဝနာမျိုးမှ ဖြစ်ပွားနိုင်ခွင့်မရှိပေ။ အခြားဘာဝနာများလည်း စွမ်းနိုင်သူ ဖြောင့်မတ်သူများ၌သာ ဖြစ်နိုင်၍ ဘာဝနာမှန်သမျှ၏ ရွှေသွားအကျင့်ဟု ဆိုသင့်၏။ စွမ်းနိုင်သူ၊ ဖြောင့်မတ်သူမဟုတ်လျှင် သာသနာတော်၌ လူစွမ်းကောင်းမဖြစ်နိုင်ပေ။

ပဓာနိယင်္ဂတရားငါးပါးလုံးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်မျိုးကို စွမ်းလည်းစွမ်း ကောင်းလည်းကောင်းသောကြောင့် သာသနာ့ဝေါဟာရအားဖြင့် လူစွမ်းကောင်းဟု ခေါ်ဆိုထိုက်ပါ၏။ ဤသည်မှာ သပြေကန်ဆရာတော်ဘုရားကြီး၏ ပရိတ်ကြီး နိဿယသစ် မေတ္တာသုတ်လာ သက္ကော၊ ဥဇု၊ သုဟုဒု အဖွင့်တို့ကို မှီငြမ်း၍ "လူစွမ်းကောင်း" ၏ အဓိပ္ပါယ်ကို ဖွင့်ဆိုကြည့်မိခြင်းဖြစ်၏။

ယုံကြည်သဒ္ဓါ၊ ကျန်းမာခြင်းတွဲ၊ စဉ်းလဲမပြု၊
အားထုတ်မှုပါ၊ သိပညာ၊ စုံလာ လူစွမ်းကောင်း။

၂၅၀၀ သာသနာခေတ်ဝန်းကျင်၌ ပေါ်ထွန်းခဲ့သည့် အုံသြဖွယ်ရာ မဟာလူစွမ်းကောင်းတစ်ဦးကို ညွှန်ပြပါဆိုလျှင် ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကို ညွှန်ပြရမည် ဖြစ်ပါသည်။ မှန်၏။ သပြေကန်ဆရာတော်ဘုရားကြီးသည် စွမ်းလည်းစွမ်း၏။ ကောင်းလည်းကောင်း၏။ ဆရာတော်ဘုရားကြီး၏ ငယ်စဉ်ဘဝကာလများမှ ကျန်းမာခြင်းက အကြွင်းမဲ့ တိမ်မြုပ်သွားအောင် မလွမ်းမိုးနိုင်ပေ။ အခိုက်အတန့် အနည်းငယ်သာ မှေးမှိန်အောင် ပြုစွမ်းနိုင်၏။ သပြေကန်ဆရာတော်ဘုရား၏ အစွမ်းအစမှာ ကျန်းမာရေးမကောင်း၍သာ ကျန်းမာရေးများ ဒေါင်ဒေါင်မြည် ကောင်းခဲ့လျှင် အဘယ်မျှ စွမ်းဦးမည်မသိ။ ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရား၏ မဟာလူစွမ်းကောင်းပီသပုံကို အောက်ပါဘဝဖြစ်တော်စဉ် အချို့က သက်သေခံလျက် ရှိပါသည်။

ထန်းလျက်တွေ နှိုက်ယူရသလား" ဟု ဆိုလိုက်လေသည်။ သပြေကန်ဆရာတော်လောင်းလျာ အရှင်ဝါသေဋ္ဌက ချက်ချင်းပင် "အေး၊ ဟုတ်သားပဲ၊ ဥူးပဋ္ဌင်း မှားသွားတယ်" ဟု ပြောဆိုပြီး ထန်းလျက်နှစ်ခဲကို သင့်တော်ရာ ထားလိုက်၏။ ထိုအပြစ်အတွက် အာဃာရာမဆရာတော်ကြီးထံမှာပင် ဒေသနာကြားခဲ့၏။

၁၃၆၄-ခုနှစ်တွင် နိုင်ငံတော်အစိုးရက သပြေကန်ဆရာတော်ဘုရားကြီးအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်း၏၊ အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ပြုပူဇော်ပွဲကို တပည့်များက ကျင်းပပြုလုပ်ရန် စီစဉ်ကြ၏။ ထိုအဂ္ဂပူဇော်ပွဲအတွက် သရက်တောတိုက် မေဃဝတီကျောင်းဆရာတော် ဥူးပရမက ဂုဏ်ပူဇောစာတမ်းတစ်စောင် ရေးသားပူဇော်၏။ ထိုစာတမ်းတွင် "သပြေကန်ဆရာတော်ဘုရားကြီးလောင်းလျာ ဖွားမြင်စဉ်က ကောင်းကင်ယံ မှ ကြွေးစည်သံ၊ စည်မောင်းသံ၊ တူရိယာသံများ ကြားကြရ၏" ဟု ဆရာတော်ဘုရားကြီး၏ ဂုဏ်ကိုရည်မှန်းကာ ထည့်သွင်းရေးသားခဲ့၏။ ထိုစာသားကို ဆရာတော်ဘုရားကြီး ဖတ်ရှုတော်မူရလျှင် "ဟုတ်ကို မဟုတ်ဘူး" ဟု ငြင်းဆိုတော်မူ၏။ ကျောင်းဘုန်းကြီးတစ်ပါးကို ဦးပရမထံ စေလွှတ်၍ ထိုစာပိုဒ်ကို ပယ်ဖျက်စေခဲ့သည်။ ယတ္ထ သော ဇာယတိ ဓိရော၊ တံ ကုလံ သုခ မေဓတိ=ဟူသော ဒေသနာတော်အရ သပြေကန်ဆရာတော်ဘုရားကြီး ကဲ့သို့သော လူစွမ်းကောင်း အာဇာနည်တစ်ပါး ၂၅၀၀ သာသနာခေတ် ဝန်းကျင်၌ ပေါ်ထွန်းခဲ့ခြင်းသည် အနာဂတ်သာသနာတော်အတွက် အခက်အလက်စည်ပင်ရန် တွန်းအားကြီးတစ်ရပ် ဖြစ်ခဲ့ရပါသည်။ ဆရာတော်ဘုရားကြီး၏ အဆုံးအမနှင့် တရားစာပေများကို နာကြားကြည့်ရှုလိုက်နာ၍ သာသနာ့လူစွမ်းကောင်း မျိုးဆက်သစ်များ ပေါ်ထွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းရပါသတည်း။

အရှင်စန္ဒနာလင်္ကာရ(ပေါင်းဝ-ရွှေသိမ်တော်)

ကမ္မသကာ

ဗုဒ္ဓဘာသာဝင်များ၌ အဆိုးလောကဓံနှင့် ကြုံရသောအခါ "ကမ္မသကာပေါ့၊ ကံအတိုင်းပါပဲ၊ ကံကို ဘယ်သူလွန်နိုင်တာမှတ်လို့" စသော အတွေးများဖြင့် အချို့သောသူတို့ စိတ်ကို နှိမ်လေ့ရှိကြ၏။ ကြာသော် စိတ်ဓာတ်များ ရင့်ကျင်လာရ၏။

အဆိုးလောကဓံနှင့်တွေ့သော် မတုန်လှုပ်သကဲ့သို့ အကောင်းလောကဓံ များနှင့် ကြုံရသောအခါ၌လည်း "ကံရှိတုန်းသာ၊ ကံမရှိလျှင် ပျက်မှာပဲ" ဟူသော အတွေးကြောင့် မော်ခြင်း၊ ပျော်ခြင်းမရှိတတ်။

အရှင်ဝါသေဋ္ဌာဘိဝံသ

Only While Good Fortune Lasts

TRUE BUDDHISTS accept with composure the woes and difficulties of life, realising "Such is one's Kamma, for who is there who can escape the repercussions of his past actions". With time, such calm acceptance of life's hardships strengthens one's mental fortitude.

One remains composed in the face of life's hardships, and equally so, when blessed with good fortune, realises "Only while good fortune (Kamma) lasts. When good Kamma is exhausted, hardships will follow". One is not given to unrestrained elation and empty hopes.

သဖြေကန်ဆရာတော်ကြီး နှင့် နတ်ပြည်, ဗြဟ္မာပြည်

အရှင်ဓဇဋ္ဌရိယ(ဓမ္မရိပ်ငြိမ်)

ရဟန်းစာဆို အရှင်မြတ်များဖြစ်ကြသည့် အရှင်ထေရဝံသ(ပုသိမ်)နှင့် ဓေယျာနရိန်(မြောင်းမြ)တို့၏ ချီးမြှောက်မှုဖြင့် ၇-၈-၂၀၁၁(တနင်္ဂနွေ)နေ့ နေလယ်ပိုင်းက ပုဇွန်တောင်မြို့နယ်၊ ရွှေကျင်ကျောင်းတိုက်၌ ကျင်းပပြုလုပ်သော "သဖြေကန်ထေရ ဂုဏ်ပူဇော် နှစ်တစ်ရာ" စာစောင်ဖြစ်မြောက်ရေးအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၆)သို့ တက်ရောက်ကြည်ညိုခွင့်ရခဲ့၏။ အစည်းအဝေးတွင် မော်ကွန်းတင် စာစောင်ကြီး ခမ်းနားဝင့်ထည်စွာပေါ်ထွက်လာရေးအတွက် ဆရာတော်ဘုရားကြီး၏ တပည့် သံဃာတော်အရှင်မြတ်များ၊ ဒါယကာ၊ဒါယိကာမများက အားတက်သရော ပါဝင်ဆွေးနွေးကြ၏။ သူတစ်မျိုး၊ ငါတစ်ဖုံ အကြံပြုကြ၏။ တစ်ဦးနှင့်တစ်ဦး အကြံပြုပုံ၊ တင်ပြပုံချင်းတော့ မတူညီကြပေ။

သို့သော် အားလုံး၏ရင်ထဲနှလုံးသားထဲတွင် တူညီသည့် ဆန္ဒ(သို့မဟုတ်) ဦးတည်ရာရှိကြသည်ကို သတိထား မိ၏။ ယင်းကား ဆရာတော်ဘုရားကြီး၏ ထုတ်ဖော်၍ မကုန်နိုင်သည့် သီလ၊ သမာဓိ၊ ပညာ ကျေးဇူးဂုဏ်တော်များကို အထူးထုတ်ဖော်အောက်မေ့၍ အထူးကျေးဇူးဆပ်ပူဇော်ကြမည်ဟူသော ဆန္ဒပင် ဖြစ်ပါသည်။

သတင်းစာတွင်ပါသော သတင်းကို ဖတ်ခဲ့ရစဉ်ကပင် ဆောင်းပါးတစ်ပုဒ်လောက် ရေးသားပူဇော်ချင်စိတ် ဖြစ်ပေါ်ခဲ့ပါ၏။ သို့သော်လည်း သဖြေကန်ဆရာတော်ကြီးဆိုသည်မှာ နယ်နယ်ရရမဟုတ်၊ သာသနာတော်တွင် နေအသွင်၊ လမခြား ထင်ရှားတော်မူလှသော ကျမ်းတတ်အကျော် ဆရာတော်ကြီး ဖြစ်သည့်အပြင်

ထုတ်ဝေမည့်စာစောင် ကလည်း "ဂုဏ်ပူဇော် နှစ်တစ်ရာ" မော်ကွန်းတင် စာစောင် ဖြစ်နေ၍ ရေးသားပူဇော်ရန် မဝံ့မရဲ ဖြစ်ခဲ့ရပါသည်။ သို့သော်လည်း အထက်ပါ အစည်းအဝေးသို့ တက်ရောက်ခွင့် ရခဲ့ခြင်းက စာရေးသူအတွက် ခွန်အားတွေ ဖြစ်ခဲ့ရပါသည်။ အစည်းအဝေးသို့ ကြွရောက်ဆွေးနွေးခဲ့ကြသည့် သံဃာတော်များ၊ ဒကာ ဒကာမများ၏ ရင်တွင်းမှ လာသည့် ဆရာတော်ကြီး၏ဂုဏ်တော်၊ ကျေးဇူးတော်များကို ထုတ်ဖော်ပူဇော်လိုသော ထက်သန်သည့် ဆန္ဒ၊ အာသီသများက စာရေးသူထံ ကူးဆက်လာပြီး ဆောင်းပါးရေးသားပူဇော်ချင်စိတ်များလည်း တဖွားဖွား ပေါ်ပေါက်လာရပါသည်။ သို့ဖြစ်၍ ယနေ့ခေတ်တွင် လူအများ စိတ်ဝင်စားကြသည့် နတ်ပြည်၊ ဗြဟ္မာပြည်နှင့်စပ်၍ ပရိတ်ကြီးနိသယသစ်ကျမ်း၊ စာမျက်နှာ ၆၂၊ ၆၃၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀ တို့တွင် အောက်ပါ အတိုင်း မှတ်ချက်ပြုတော်မူခဲ့ပါသည်။

နတ်၊ နတ်ပြည် ရှိသလော

နတ်ပြည်၊ ဗြဟ္မာပြည်များ ထင်ရှားရှိ၍ ထိုနတ်ပြည်၊ ဗြဟ္မာပြည်များသို့ ဘုရားရှင် ကြွတော်မူခြင်းကိုလည်းကောင်း၊ တန်ခိုးကြီး ရဟန္တာအရှင်မြတ်တို့ ကြွရောက်တော်မူကြောင်းကိုလည်းကောင်း၊ ဘုရားလက်ထက်တော်က ဘုရားမြတ်ထံ နတ်ဗြဟ္မာများ ရံခါ တစ်ဦးချင်း၊ ရံခါ အစုအဝေးဖြင့် အဖူးအမြော် တရားနာ လာရောက်ကြကြောင်းကိုလည်းကောင်း၊ ပါဠိအဋ္ဌကထာများ၌ များစွာပင် တွေ့ရ၏။ သဘာဝဓမ္မများ ဆန်းကြယ်ပုံကိုလည်းကောင်း၊ ထိုသို့ ဆန်းကြယ်သည်နှင့်အမျှ သဘာဝဓမ္မများဖြင့် တည်ရှိနေသော သက်ရှိသက်မဲ့ သတ္တဝါ အရာဝတ္ထုတို့၏ ထူးခြားဆန်းပြားပုံကိုလည်းကောင်း၊ ထိုတွင် အချို့ကို ပကတိ မျက်စိဖြင့် မမြင်ရဘဲ ဉာဏ်ထူးများဖြင့်သာ တွေ့မြင်နိုင်သည်ကို လည်းကောင်း၊ မထောက်မထား မိမိတို့ မမြင်ရ၍ မရှိဟုဆိုသူများက နတ်ဗြဟ္မာနှင့် သူတို့၏ ဘုံဌာနများကို လက်မခံလို၊ ငြင်းပယ်လိုကြ၏။ နတ်ဗြဟ္မာကို ငြင်းပယ်လိုကြသော ထိုသူများကား နတ်ဗြဟ္မာကိုသာမက အဆက်မပြတ်ဖြစ်ရသော သံသရာသဘာဝကိုပင် ပစ်ပယ်လျက် တမလွန်ဘဝ မရှိဟုပင် ဆိုလျက် ရှိကြ၏။

ဗြဟ္မာပြည်

တမလွန်ဘဝ ဆိုရာ၌ မျက်မြင် လူ၊ တိရစ္ဆာန်ဘဝသာမက လူတို့ မမြင်ကောင်းရာ ဘဝများစွာပင် ရှိသေး၏။ ထိုတွင် ဗြဟ္မာဘဝလည်း ပါရှိခဲ့ရာ ထိုဘဝကို ဘုရားအစရှိသော ဉာဏ်ထူးရှင်များကို ယုံကြည်ချက်အရ မှတ်သားလက်ခံကြရ၏။ သို့လက်ခံရာ၌ မှန်းဆထောက်ထားဖွယ် မရှိမဟုတ်၊ ရှိသည်သာတည်း။ ကုသိုလ်များမှာ ကာမ၊ မဟဂ္ဂုတ်၊ လောကုတ္တရာဟု ရှိခဲ့ရာ နည်းမှန်၊ လမ်းမှန် ဘုရားအဆုံးအမခံ ကျင့်သူများ၌ လောကုတ္တရာကုသိုလ်မဂ်ကို ရသောအခါ ထိုမဂ်ဖြင့် နိဗ္ဗာနဓာတ် ထူးမြတ်သောအာရုံ တွေ့ကြုံရခြင်း၊ မဂ်၏အကျိုး ဖိုလ်ချမ်းသာ ခံစားရခြင်းဖြင့် လောကုတ္တရာကုသိုလ်၏ အစွမ်းအာနုဘော်ကို သိကြရ၏။ ထိုကုသိုလ်ကား ဘဝမှ လွတ်မြောက်စေတတ်သော အစွမ်းသတ္တိရှိခဲ့ရာ ထိုမျှစွမ်းရည်ရှိသော ကုသိုလ်သို့ ပို့ဆောင်တတ်သော ဘာဝနာ၏ အစွမ်းကို နားလည်အံ့သြကြရ၏။ ဘဝမှ လွတ်မြောက်သည်အထိ စွမ်းဆောင်နိုင်သော ဘာဝနာအစွမ်းကို သိရသကဲ့သို့ ဘဝသို့ ပို့ဆောင်တတ်သော ကုသိုလ်များတွင်လည်း ဘာဝနာအစွမ်းဖြင့် ရအပ်သော ကုသိုလ်များရှိခဲ့ရာ ထိုကုသိုလ်မှာ ထူးခြားသော ဘဝသို့ ပို့တတ်သော မဟဂ္ဂုတ်ကုသိုလ်များသာတည်း။ ထိုမဟဂ္ဂုတ်ခေါ် စျာန်စိတ်များမှာ လွန်စွာ အာနုဘော်ရှိကြ၏။ နိဝရဏတွေ ခွာနိုင်၍လည်း ကာမကုသိုလ်များထက် ထူးခြားသော စွမ်းရည်ရှိကြ၏။ အထူးဆက်ကြိုးစားလျှင် အမြင်အကြား အမျိုးမျိုး၊ တန်ခိုးအဖုံဖုံ၊ မြင်၊ ကြားဖန်ဆင်းနိုင်လောက်အောင် အံ့ဖွယ်အဖြစ် ကြုံကြရ၏။

ထိုဘာဝနာအစွမ်းကြောင့် ရသော စျာန်ကုသိုလ်များသည်လည်း နိဝရဏကင်းသောကြောင့် ထိုကုသိုလ်ထူးများ၏ အကျိုးပေးရာမှာ ကာမဘုံသား မဖြစ်နိုင်၊ နိဝရဏကင်းရာ ဘုံတစ်မျိုး၌ သတ္တဝါတစ်မျိုးသာ ဖြစ်ရမည်မှာ သေချာ၏။ ထိုဘုံကား ကာမချမ်းသာ ကင်းရှင်း၍ စျာန်ချမ်းသာတည်ရာ ဗြဟ္မာ့ဘုံသာတည်း။ ထိုတွင် ရုပ်သာရှိသော

ဗြဟ္မာ(အသညသတ်)၊ နမ်သာရှိသော ဗြဟ္မာ(အရူပ)၊ နာမ်ရုပ်နှစ်ပါး အပြည့်အစုံရှိသော ဗြဟ္မာ(ကြွင်း ရူပ)ဟု ထူးခြားသော ဘာဝနာများအစွမ်းအရ သုံးမျိုးရှိခဲ့ရာ နာမ်သာရှိသော ဗြဟ္မာကို သိရန်ကား ဘုရားရှင်၏ သမ္မာသျှတဉာဏ်မှတစ်ပါး အခြားဉာဏ်ထူးရှင်များ၏ အရာမဟုတ်ပေ။ အကယ်၍ ဗြဟ္မာမရှိဆိုလျှင် ထိုစျာန်ကုသိုလ်ထူးတို့၏ အကျိုးမှာ အချည်းနှီးဖြစ်ရာ၏။ ကုသိုလ်၏ အကျိုးမှာ အချည်းနှီး မဖြစ်ကောင်းရာ။ ထိုကုသိုလ်တို့၏ အကျိုးပေးရာ ဗြဟ္မာ၏ အဖြစ်မှာ ထင်ရှားရှိရမည်သာတည်း။

ဗြဟ္မာများရုပ်ကို တန်ခိုးကြီးနတ်များပင် မမြင်ရ။ သူတို့က ရုတ်တစ်မျိုးပြုပြင်ဖန်ဆန်းပြမှ မြင်ကြရသည် ဆို၏။ သာမန်လူများမှာ ဘယ်မှာမြင်ကြရပါအံ့နည်း။ ထိုမျှ သိမ်မွေ့သော ရုပ်ဖြစ်သောကြောင့်ပင် ပကတိမျက်စိမျိုး၊ သာမန်ကမ္မဇိဒ္ဓိ(ကံကြောင့်ဖြစ်သော တန်ခိုး)ဉာဏ်မျိုးဖြင့် မမြင်ရဘဲ အဘိညာဉ်ဉာဏ်ထူးများဖြင့်သာ တွေ့မြင်ရ၏။ ထိုသို့ အဘိညာဉ်ဖြင့်သာ သိနိုင်သော ဗြဟ္မာကို မိမိတို့ မမြင်ရ၍ မရှိဆိုလျှင် မှန်ဘီလူးဖြင့်ကြည့်မှ မြင်ရသော အရာကို ပကတိမျက်စိဖြင့် မတွေ့ရ၍ မရှိဟု ဆိုသကဲ့သို့သာ ရှိတော့သည်။

နတ်ပြည်

ဗြဟ္မာတို့ ရုပ်များလောက် မသိမ်မွေ့သော်လည်း လူတို့၏ ပကတိမျက်စိဖြင့် မမြင်ရ။ ပကတိအသွားဖြင့် မရောက်နိုင်။ တန်ခိုးအဘိညာဉ်ဖြင့်သာ မြင်နိုင်ရောက်နိုင်သော ဘုံဌာနနှင့် သတ္တဝါမှာ နတ်ပြည်နှင့် နတ်များတည်း။ ၄င်းဘုံဌာနကား စျာန်လောက် အရှိန်မကြီးသော ကာမကုသိုလ်၏ အကျိုးပေးရာပင်။ ရှေးက ဘုရင်များ၊ တန်ခိုးရှင် ရဟန္တာများ၊ သာသနာပ ရသေ့များ၊ နတ်ပြည်၊ ဗြဟ္မာပြည်သို့ သွားရောက်ကြပုံများမှာ ကျမ်းဂန်၌ အထင်အရှားပင်။ အချို့ မမြင်ရ၍ နတ်လောကကို ဝိညာဉ်လောကဟု ဆိုကြ၏။ အမှန်မှာ ဝိညာဉ်သာမက ရုပ်နာမ်ကလာပ်စည်းများဖြင့် ဖွဲ့ထားသော ခန္ဓာများသာတည်း။ သိမ်မွေ့သော ရုပ်ဖြစ်သောကြောင့် မမြင်ရခြင်းပင်။ လောကတွင် လေ၌ရှိသောရုပ်မှာ အထိအတွေ့ ရှိသော်လည်း မမြင်ရ။ အသံအဆက်ဆက်ပြန့်လာသော အသံလှိုင်းရုပ်ဆိုလျှင် တိတွေ့မှုပင် မထင်ရှား။ ထိုရုပ်များထက် သိမ်မွေ့သော ရုပ်ဖြစ်၍ နတ်ဗြဟ္မာများကို ပကတိမျက်စိဖြင့် မမြင်ရခြင်း ဖြစ်သည်။

အာဠဝီပြည်အနီး ညောင်ပင်ကြီး၌ အာဠဝက ဘီလူး၏ ဗိမာန်ရှိ၏။ ထိုဗိမာန်သို့ ရှင်တော်မြတ်ကြွကာ အာဠဝကမရှိခိုက် ဝင်ရောက်သီတင်းသုံးလျက် အာဠဝက၏ ဇနီးအခြွေအရံ နတ်သမီးများအား တရားဟောတော်မူသည့် အကြောင်း အာဠဝကသံယုတ်အဋ္ဌကထာ၌ လာ၏။ ထို အာဠဝကဗိမာန်မှာ လူတွေ့လည်း မမြင်ရ၊ သွားလာနေသူတို့ ထိခိုက်သည်ဟူ၍လည်းမရှိ။ ဤခေတ်၌ အချို့ နတ်ရဲ့ သစ်ပင် စသည်မှာ နတ်၊ သရဲ၊ တစ္ဆေများ ရှိသော်လည်း မမြင်ရ။ သူတို့နေရာ အသုံးအဆောင်များကိုလည်း မတွေ့ရ။ သူတို့က ထင်ရှားပြသောအခါမှ မြင်ကြရ၏။ အချို့ နတ်ပူးသူ၊ သရဲပူးသူများကို တွေ့ကြုံကြရ၏။ လူကို ဝင်ပူးနေသော နတ်သရဲများကို မမြင်ရသော်လည်း သူတို့ အပြောအရ နတ်ပူးမှန်း သိကြရ၏။ ထို့ကြောင့် ပကတိမျက်စိဖြင့် မမြင်နိုင်လောက်အောင် သိမ်မွေ့သော ရုပ်ဓာတ်ရှိ၍ ၄င်းတို့က ထင်ရှားပြမှ မြင်နိုင်ကြရသော ကမ္မဇိဒ္ဓိတန်ခိုးရှိသော သတ္တဝါမျိုးတွေ ရှိနေသည်မှာ ထင်ရှားလှပါသည်။ ထိုသတ္တဝါများမှာ အချို့ ပြိတ္တာမျိုး အပါအဝင်ဖြစ်၍ အချို့မှာ နတ်အညံ့စားများပင် ဖြစ်၏။ ထိုသို့သော သတ္တဝါမျိုးရှိသည်ဟု သိရသော သဲလွန်စမှာ နတ်ပြည် ရှိသည်ဆိုရာ၌ အထောက်အထားပင် ဖြစ်တော့သည်။

သိပ္ပံပညာ ထွန်းကားနေသော ယခုခေတ်၌ သိပ္ပံပညာဖြင့် စမ်းသပ်၍ မရက လက်မခံလိုကြ။ သိပ္ပံပညာ မမီနိုင်အောင် သိမ်မွေ့ထူးဆန်းလှသော သဘာဝများ အများအပြားပင် ရှိနေသေးသည်ကို မမေ့အပ်။ နတ်ပြည်သိရေးမှာ ဒိဗ္ဗစက္ခုဉာဏ်၏ အရာသာဖြစ်၍ သိပ္ပံပညာ၏အရာကား မဟုတ်ပါပေ။ နတ်ပြည်သို့ ရောက်နိုင်ရေးမှာ ဣဒ္ဓိဝိဓတန်ခိုးအဘိညာဉ်အရာသာ။ ဘာဝနာအစွမ်းဖြင့် ရနိုင်သော နိဗ္ဗာန်ကို ထိုဘာဝနာမှု မကြိုးစားဘဲလျက် နိဗ္ဗာန်ဆိုသည်မှာ

မပြောသာ။ အဟုတ်မရှိဆိုလျှင် ထိုသူ၏ အပြစ်သာ ဖြစ်သကဲ့သို့ ဘာဝနာ၏ အစွမ်းကြောင့် ရနိုင်သော တန်ခိုးများဖြင့်သာ မြင်နိုင်၊ ရောက်နိုင်သော နတ်ပြည်၊ ဗြဟ္မာ့ပြည်များကို ထိုဘာဝနာမူ မပြု၍ ထိုတန်ခိုးမျိုးမရသော ကြောင့် မမြင်ရသဖြင့် မရှိဟုဆိုလျှင် ထိုသူ၏ အပြစ်သာတည်း။ ယခုခေတ်၌ အကြောင်းကြောင်းတို့ကြောင့် ထိုတန်ခိုးရသူကို မတွေ့ရသော်လည်း ထိုအဘိညာဉ်တန်ခိုးများမှာ တစ်ချိန်က အလွန်ထွန်းကားခဲ့သည်ဟု ဆိုနိုင်ပါသည်။ အကြောင်းမှာ ထိုတန်ခိုးများရကြောင်း ဘာဝနာအကျင့်များမှာ ထင်ရှားစွာ ရှိနေသောကြောင့်ပင်တည်း။

ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကြီးသည် နတ်ပြည်၊ ဗြဟ္မာပြည်နှင့်စပ်၍ မှတ်သားသတိမူသင့်သည့် အချက်များကို "ပရိတ်ကြီးနိသယသစ်" ကျမ်း၌ အထက်ပါအတိုင်း ထိထိမိမိ ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်သုံးသပ်ပြထားပါသည်။ နတ်ပြည်၊ ဗြဟ္မာပြည် တကယ်ရှိ၊ မရှိ သိနိုင်ရေးမှာ ဒိဗ္ဗစက္ခုဓာတ်၏ အရာသာဖြစ်၍ သိပ္ပံပညာ၏ အရာ မဟုတ်ကြောင်း၊ သိပ္ပံပညာဖြင့် လက်လှမ်းမမီသော သိမ်မွေ့ထူးဆန်းသည့် သဘာဝတရား အများအပြားပင် ရှိကြောင်းကိုလည်း သတိပေးတော်မူထားပါသည်။

သို့ဖြစ်၍ ဤစာစုကို ဖတ်ရှုသူများအနေဖြင့် နတ်ပြည်၊ ဗြဟ္မာ့ပြည် တကယ်ရှိ၊ မရှိဆိုသည့် ကိစ္စနှင့်စပ်၍ ကျေနပ်နှစ်သက်နိုင်ကြမည်ဟု ယုံကြည်သမှု ဆန္ဒပြုရင်း ဆရာတော်ကြီး၏ ကျေးဇူးတော်၊ ဂုဏ်တော်အနန္တကို မှန်းဆကြည်ညိုကာ ပူဇော်ရေးသားလိုက်ရပါသည်။

အရှင်ဝေဠုရိယ(ဓမ္မရိပ်ငြိမ်)

သမ္မုတိသံဃာအား လှူဒါန်းရမည်မယ့်

အရိယာတစ်ပါးပါးအား လှူရသော ပုဂ္ဂလိကဒါနထက် သံဃာအဖွဲ့အား လှူရသော သံဃိကဒါနက ပို၍ အကျိုးကြီး၏။ ပုဂ္ဂလိကဖြစ်စေကာမူ ဘုရားအား လှူရခြင်းမှာမူ ထိုသံဃိကဒါနထက် ပို၍ အကျိုးကြီးသည်ဟု ခြွင်းချက် ရှိသေး၏။

ထို့ကြောင့် သံဃိကလှူသောအခါ သမ္မုတိသံဃာများ၌ လှူရစေကာမူ အရိယာသံဃာများကိုလည်း ရည်မှန်း၍ လှူဒါန်းသင့်ပေသည်။

အရှင်ဝါသေဋ္ဌာဘိဝံသ

Alms-Giving to the Sangha

ONE WINS GREATER MERIT by alms-giving to the Sangha (order of monks) than to an individual Ariya(unless the alms giving is to the Buddha himself). In giving alms where there may be only unaccomplished Sangha(Saṁmuti sangha), one should also be mindful of the wish or volition to donate to the Noble Sangha of olden days.

မဂ်ဖိုလ်လိုလည်း မာက်ခဲသည် ကျေးဇူးတော်ရှင် သပြေကန် ဆရာတော်ဘုရားကြီး

——— အရှင်နာဂသေန (သဒ္ဓမ္မမဏ္ဍိုင်)

၁၃၄၁-ခုနှစ်က ဖြစ်သည်။ ဤအရှင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားကျေးရွာ (ယခု တံတားမြို့) ရွာလယ်ကျောင်း၌ နေထိုင်စဉ် ရန်ကုန်မှ သန်လျင်သို့ သီတာသင်္ဘောဖြင့်အသွား သင်္ဘောပေါ်တွင် အလွန်ကြည်ညိုဖွယ်ကောင်းသော ဆရာတော်ကြီးတစ်ပါးကို ဖူးတွေ့ရပါသည်။

ကြည်ညိုလှ၍ "ဘယ်ကိုကြွတော်မူမှာပါလဲ ဘုရား" ဟု လျှောက်ထားမေးမြန်းကြည့်ရာ "သပြေကန်ရွာကို ကြွတော်မူမည်" ဟု မိန့်တော်မူသဖြင့် နောက်ပါ ဒါယကာအား "သပြေကန်ဆရာတော်ကြီးလား" ဟု မေးကြည့်ရာ ဟုတ်မှန်ကြောင်း ပြန်လည်ဖြေကြားပါသည်။ ဤအရှင် ဆရာတော်ဘုရားကြီးအား ပထမဆုံးအကြိမ် ဖူးတွေ့ရခြင်း ဖြစ်ပါသည်။

၁၉၉၄-ခုနှစ်၊ ဇန်နဝါရီလ ၂၆-ရက်နေ့၌ ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်သို့ သွားရောက်ဖူးမြော်ခွင့် ဒုတိယအကြိမ် ရခဲ့သည်။

ကျေးဇူးတော်ရှင် ရွှေကျင်နိကာယ ဥပဥ္ဈာဒ္ဓ (တွဲဖက်ရွှေကျင်သာသနာပိုင်) အဘိဓဇမဟာရဋ္ဌဂုရု သပြေကန် ဆရာတော်ဘုရားကြီးက ဤအရှင်၏ **ဆရာတော်ဘုရားကြီးများ၏ အမှတ်တရဩဝါဒ ဒိဋ်ယာရီစာအုပ်** ၌ အောက်ပါအတိုင်း ကိုယ်တော်တိုင် ဩဝါဒကထာကို ရေးသားချီးမြှင့်တော်မူခဲ့ပါသည်။

အတ္တာ ဆိန္နမို့ ဝါသေတိ၊ သုဂန္ဓေနိဝ စန္ဒနံ။
သန္တော မေတ္တာ သုဂန္ဓေန၊ အတ္တာ ဆိန္နမို့ ဝါသယေ။

စန္ဒကူးတုံးသည် မိမိကို ဖြတ်သောသူကိုသော်လည်း မွှေးကြိုင်ကောင်းမြတ်သော ရနံ့ဖြင့် ထုံပေးသကဲ့သို့ သူတော်ကောင်းတို့သည် မေတ္တာတည်းဟူသော ရနံ့ဖြင့် မိမိကို ဖြတ်သောသူကိုသော်ပင် မွှေးစေလျက်တုံ ထုံပေးနေပါသည်။

သင်္ဂီဏာဆရာတော်
အရှင်ဝါသေဋ္ဌာဘိဝံသ
၂၆-၁-၉၄

ထိုအချိန်က ဤအရှင်သည် ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၌ နေထိုင်၍ စာချတာဝန် ထမ်းဆောင်နေဆဲဖြစ်ပါသည်။

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၈/တောင်ရပ်ကွက်၊ ဆေဖယန္တာလမ်းမကြီးပေါ်၌ သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်ကို စတင်တည်ထောင်သည့် ၁၃၅၆ ခုနှစ်၌ ဤအရှင်၏ သက်တော် ၄၁-နှစ်ပြည့် ဝိဇာတမင်္ဂလာအထိမ်းအမှတ် ကုသိုလ်ပွဲ ကျင်းပရာ သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်သို့ သပြေကန်ဆရာတော်ဘုရားကြီး၊ ဤအရှင်၏ ဥပဇ္ဈာယ် ဆရာတော် ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ဆရာတော်၊ ထုံးဘို ဆရာတော် စသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှောက်တော်မူကြသည်။ ဆရာတော်ဘုရားကြီးအား တတိယအကြိမ်မြောက် ဖူးမြော်ခွင့်ရခြင်းဖြစ်၏။

သပြေကန်ဆရာတော်ဘုရားကြီးသည် တည်ထောင်စ ထရံကာ သွပ်မိုးကျောင်းဟောင်းလေးသို့ ကြွတော်မူကာ ဩဝါဒစကား မိန့်ကြားတော်မူပါသည်။

ဩဝါဒစကားမိန့်ကြားတော်မူရာတွင် -

- ယနေ့ မွေးနေ့မင်္ဂလာဟာ သာသနာတော်ကို တိုးတက်အောင် ဆောင်ရွက်ပေးနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ မွေးဖွားလာခြင်းမို့ တကယ့် ဓာတမင်္ဂလာ၊
- ဦးနာဂသေနဟာ သာသနာ့မဏ္ဍိုင်သာသနာမှာ နောင်အခါအားကိုးရမယ့် ပုဂ္ဂိုလ်တစ်ယောက်။
- သာသနာ့မဏ္ဍိုင်ဆရာတော်ရဲ့ သာသနာတော်က တော်တော်လေးပဲ တိုးတက်စည်ပင်သာယာခဲ့တယ်။
- မဏ္ဍိုင်တိုက်ကြီးကလည်း ဘုန်းကြီးတို့ ရွှေကျင်နိကာယမှာ ထူးခြားတဲ့ပုဂ္ဂိုလ်တွေ မွေးဖွားပေးခဲ့တဲ့ တိုက်ကြီး၊ တိုက်ကြီးတွင်မက အရံတိုက်တာတွေ အဖြစ်နဲ့ တိုက်တာပေါင်းများစွာ ပေါက်ဖွားပြီးတော့ ရွှေကျင်ဂိုဏ်းရဲ့ ကျက်သရေဆောင်အဖြစ်၊ မြန်မာပြည်ရဲ့ ကျက်သရေဆောင်အဖြစ် တပည့်ကောင်းလေးတွေမွေးပြီးတော့ အဆက်ဆက် သာသနာပြုခဲ့တာ အားလုံးသိကြတဲ့အတိုင်းပဲ ... စသည်ဖြင့် ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ဆရာတော်ဘုရား၏ ဂုဏ်ပုဒ်များကိုထုတ်ဖော်၍ မုဒိတာစကား မိန့်ကြားတော်မူခဲ့ပါသည်။ ဆရာတော်ဘုရားကြီးကား ပညာရှိ သူတော်ကောင်း ပီသတော်မူလှ၏။ ဆရာတော်ဘုရားကြီး၏ မေတ္တာတော်ကြောင့် ဤအရှင် ဤမျှအတိုင်းအတာအထိ အောင်မြင်မှုရခဲ့သည်ဟု ယုံကြည်ပါသည်။

ဆရာတော်ဘုရားကြီးကား တစ်ခါဖူးမြင်ရသော် တစ်သက်မေ့မရနိုင်လောက်အောင် ကုသိုလ်ကိုတိုးပွားစေနိုင်သော မနောဘာဝနီယ ရဟန်းတော်မျိုး ဖြစ်ပါသည်။ ပရိယတ္တိဝိသာရဒဂုဏ်ကို သာမဏေဘဝကပင် ဝိနည်းငါးကျမ်းပါဠိတော်ကို အာဂုံပြန်ဆိုအောင်မြင်ခဲ့ခြင်း၊ ရဟန်း(၁)ဝါ အရတွင် သံယုတ်ပါဠိတော်ငါးကျမ်းကို အာဂုံပြန်ဆိုအောင်မြင်ခဲ့ခြင်း၊ အစိုးရစာချတန်းကို တစ်နှစ်တည်းဖြင့် (၉)ကျမ်းလုံး အောင်မြင်ခြင်းနှင့် အောင်မြင်ထားသော စာမေးပွဲများကြောင့် ရထားသည့် ဘွဲ့တံဆိပ်တော်များဖြစ်သည့် ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ သာသနဓဇ

သိရိပဝရမ္မာစရိယ၊ သိရောမဏိ စသည့် ဘွဲ့တံဆိပ်တော်များ၊ ပြုစုတော်မူထားသော ကျမ်းဂန်များအရ သိရိနိုင်သော်လည်း ပဋိပတ္တိမာမကဂုဏ်တော်၊ ဓမ္မာဘိသမယဂုဏ်တော်များကား ခန့်မှန်းရန်ခက်လှပါသည်။

သာမန်ပုဂ္ဂိုလ်များအတွက် မဂ်ဖိုလ်တရားရနိုင်ရန် ခက်ခဲလှသော်လည်း သပြေကန်ဆရာတော်ဘုရားကြီးကဲ့သို့သော တိဝိဇ္ဇကဝိဒူ၊ လဒ္ဓီပေသလသိက္ခာကာမ၊ ဝိနယဓရ၊ ဥဒုက၊ သင်္ခိတ္တဝိနိယ၊ သင်္ခမာနသ၊ မနောဘာဝနီယစသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ပါးအတွက်မူ ခက်ခဲတော်မူမည်မဟုတ်ပါ။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြုစုတော်မူခဲ့သော ဝိသုဒ္ဓိမဂ်-မြန်မာပြန်ပထမတွဲ စာမျက်နှာ ၁၄၇ ၌ -

ကလျာဏပုထုဇဉ် ရဟန်းတို့၏ သီလသည် ပဋ္ဌင်းဖြစ်သည်မှ ကောင်းစွာသွေးအပ်သော ပတ္တမြားစစ်ကဲ့သို့လည်းကောင်း၊ ကောင်းစွာကြည်အပ်ပြီးသော ရွှေစင်ကဲ့သို့လည်းကောင်း အလွန် စင်ကြယ်သည်၏ အဖြစ်ကြောင့် ကိလေသာစိတ် ဖြစ်ကာမျှသော်လည်းဖြစ်သော အညစ်အကြေးမှ ကင်းသည်ရှိသော် အရဟတ္တဖိုလ်၏သာလျှင်နီးသောအကြောင်း (ပဒဋ္ဌာန်)ဖြစ်ပေ၏။

ထို့ကြောင့် ယင်းသီလကို ပရိပုဏ္ဏာပါရိသုဒ္ဓိ (ထက်ဝန်းကျင်ပြည့်စုံသော ထက်ဝန်းကျင်စင်ကြယ်ခြင်းရှိသော သီလ) ဟူ၍ ဆိုအပ်ပေ၏။ အဘယ်ကဲ့သို့နည်းဟူမူ မဟာသံဃရက္ခိတမထေရ်နှင့်တူတော် ဗုဇ္ဈသံဃရက္ခိတမထေရ်တို့၏ သီလကဲ့သို့ပေတည်း ဟူ၍ ဖတ်ရှုရ၏။

ဆက်လက်ပြီး မဟာသံဃရက္ခိတမထေရ်နှင့် တူတော် ဗုဇ္ဈသံဃရက္ခိတမထေရ်တို့၏ အရဟတ္တဖိုလ်အတွက် အဆင်သင့် အခြေခံအကြောင်းဖြစ်နေသော သီလစင်ကြယ်ပုံကို ဤသို့ပြထား၏။

ဝါတော်ခြောက်ဆယ်လွန်ပြီးသော မဟာသံဃရက္ခိတမထေရ်ကြီးသည် ပျံလွန်တော်မူခါနီး နောက်ဆုံးလျှောင်းခြင်းဖြင့် ညောင်စောင်းပေါ်၌ လျှောင်းနေစဉ် ရဟန်းသံဃာသည် ရရှိထားသော လောကုတ္တရာ တရားကို မေး၏။

မဟာသံဃရက္ခိတမထေရ်က "ငါ့မှာ လောကုတ္တရာတရားမရှိ" ဆို၏။ ထိုအခါ မထေရ်၏ အလုပ်အကျွေးဖြစ်သော ရဟန်းငယ်က "အရှင်ဘုရား၊ အရှင်တို့သည် ပရိနိဗ္ဗာန်ပြုကုန်အံ့ ဟု သတင်းကြား၍ ၁၂ ယူဇနာတိုင်အောင်သော ပတ်ဝန်းကျင်အရပ်မှ လူတို့သည် စုရုံးရောက်ရှိလှုက် နေကြပါကုန်ပြီ။ အရှင်ဘုရားတို့၏ ပုထုဇဉ်အဖြစ်ဖြင့် ပျံလွန်တော်မူခြင်းကြောင့် များစွာသောလူအပေါင်းအားနှလုံးမသာယာခြင်းဖြစ်ပါလိမ့်မည်" ဟု လျှောက်၏။

"ငါ့ရှင်...ငါသည် မေတ္တေယျမြတ်စွာဘုရားကို ဖူးအံ့ဟု ကြံ၍ ဝိပဿနာကို အားမထုတ်ဘဲ နေခဲ့၏။ ထိုသို့ သင်ပြောသည့်အတိုင်းဖြစ်ပါမူ ငါ့ကိုထူ၍ အားထုတ်ရန် ခွင့်ပြုဦးလော့" ဟု ဆိုလတ်သော် ထိုရဟန်းငယ်သည် မထေရ်ကြီးအား ထူပေးပြီး လျှင် အပြင်သို့ ထွက်လေ၏။ မထေရ်ကြီးသည် ထိုရဟန်းငယ် အခန်းအပြင်သို့ ထွက်သည်နှင့် တစ်ပြိုင်နက် အရဟတ္တဖိုလ်သို့ရောက်၍ လက်ဖျစ်သံဖြင့် အမှတ်သညာကို ပေး၏။

ရဟန်းသံဃာသည် စည်းဝေးလာရောက်၍ "အရှင်ဘုရား ဤသို့သဘောရှိသော သေခါနီးကာလ၌ လောကုတ္တရာတရားကို အလျှင်အမြန် ဖြစ်စေနိုင်သော အရှင်ဘုရားတို့သည် ပြုနိုင်ခဲသော အမှုကို ပြုတော်မူပါပေကုန်၏" ဟု လျှောက်၏။

"ငါ့ရှင်တို့ ဤသေခါနီး၌ လောကုတ္တရာတရားကို လျင်စွာဖြစ်စေခြင်းသည် ခဲယဉ်းသော အမှုမဟုတ်သေး၊ စင်စစ်သော်ကား ခဲယဉ်းသောအမှုကို သင်တို့အား ငါပြောကြားပေအံ့၊ ငါ့ရှင်တို့ ငါသည် ရဟန်းဖြစ်သောကာလမှစ၍ အမှတ်သတိကင်းသဖြင့် မသိမူ၍ ချွတ်ယွင်းစွာပြုမိသော အမှုမည်သည်ကို မမြင်ပေ" ဟု မိန့်ဆိုပြောကြားတော်မူ၏။

ထို မဟာသံဃရက္ခိတမထေရ်၏ တူတော်သည်လည်း ဝါတော်ငါးဆယ်ရှိသောအခါ၌ ဤအတူပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။

ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ (၂၆၀) ၌ လာရှိသော မဟာသဋ္ဌိဝဿဆထေရ်အကြောင်းမှာ-

သီဟိုဠ်ကျွန်း၊ ကန္ဒရသာလာကျောင်း၌ သီတင်းသုံး နေထိုင်သော ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီးသည် သေရာညောင်စောင်း၌ လဲလျောင်းနေစဉ် ဝေဒနာပြင်းထန်စွာ အနှိပ်စက်ခံရသဖြင့် ညည်းညူတော်မူမိရှာသည်။ ထိုအချိန် အလွန် သဒ္ဓါတရားကြီးမားသော တိသဘုရင်ကြီးသည် မထေရ်ကြီးကို ဖူးမြော်ရန် ရောက်ရှိလာ၏။ မင်းကြီးသည် မထေရ်ကြီး၏ ညည်းညူသံကို ကြားရသဖြင့် "ဝါတော်ခြောက်ဆယ် ရနေပါလျက် ဝေဒနာ သိမ်းဆည်းမှုကိုမျှ မပြုလုပ်နိုင်သောမထေရ်ကို ရှိမခိုးတော့" ဟု ဆိုကာ ပြန်လှည့်ထွက်သွား၏။

ထိုအကြောင်းကို အလုပ်အကျွေးဖြစ်သော ရဟန်းငယ်၏ လျှောက်တင်ချက်အရ မထေရ်ကြီးသိသွားပြီး အလုပ်အကျွေးရဟန်းငယ်အား အခန်းပြင်သို့ ထွက်စေပြီး ချက်ချင်း ဝိပဿနာကို ရှုမှတ်ပွားများရာ ရဟန္တာဖြစ်သွား၏။ မထေရ်မြတ်ကြီးက မင်းကြီးအား ရှိခိုးစေ၏။ တိသမင်းကြီးသည် မိကျောင်းကဲ့သို့ မြေ၌ဝပ်သဖြင့် မထေရ်ကြီးအား ရှိခိုးပြီး "တပည့်တော်သည် အရှင်ဘုရား၏ အရတ္တဖိုလ်ကို ရှိခိုးသည်မဟုတ်ပါ၊ အဟုတ်အမှန်ကား ပုထုဇဉ်ဘုံ(ဘဝ)၌ တည်၍ စောင့်ရှောက်ထိန်းသိမ်းအပ်သော သီလကိုသာလျှင် ရှိခိုးပါ၏" ဟု လျှောက်၏။

ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကြီး စောင့်ရှောက်တော်မူခဲ့သော စတုပါရိသုဒ္ဓိသီလသည်ကား ထိုမထေရ်မြတ်ကြီးများ စောင့်ထိန်းတော်မူခဲ့ကြသော မဂ်ဖိုလ်ကို အလိုရှိတော်မူပါက အချိန်မရွေးယူနိုင်သည့် သီလမျိုးဖြစ်ပေသည်တကားဟု ကြည်ညိုပူဇော်မိပါသည်။

ဤစာစုဖြင့် ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကြီးအား ပူဇော်ပါ၏။

အရှင်နာဂသေန (သဒ္ဓမ္မမဏ္ဍိုင်)



မာနတက်သူနှင့် မာနကျသူ

တရားကို မလေးစားသူတို့အဖို့ မာနကို အပြစ်မမြင်၊ အကောင်းထင်လျက် မာန်တက်ကြွသော်လည်း တရားကို လေးစားသူတို့မှာ မိမိတို့မာနကို တမင် တကာပင် ကျအောင် ကြိုးစားကြ၏။

အရှင်ဝါသေဋ္ဌာဘိဝံသ

Pride

PEOPLE WHO do not respect the Dhamma take pride to be a virtue and not a vice, and err towards arrogance. People who respect the Dhamma know pride to be a sin, and strive to weaken pride in themselves.



ဒါန သံသရာ ရှည်သလော

အရှင်ကုမာရ(ပန်းတနော်)

မိမိသည် မကြာမီတစ်ရက်က ရန်ကုန်မြို့သို့ သွားရောက်ခဲ့ပါသည်။ ထိုစဉ်က ကမ္ဘာအေး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် အရှင်နရိန္ဒ(ဧယျာနရိန်) ထံသို့လည်း ရောက်ရှိခဲ့ပါသည်။ အရှင်နရိန္ဒသည် မိမိအား တက္ကသိုလ်ဌေးရုတုမှတ်တမ်းစာအုပ်ကြီး နှစ်အုပ်ကို လှူလိုက်ပါသည်။ ၄င်းနောက် မိမိအား စာမူနှစ်စောင် ရေးပေးရန် လျှောက်ထားပြောကြားပြီး စာမူတောင်းခံလွှာများကိုပါ ဆက်ကပ်လိုက်ပါသည်။

စာစောင်က စစ်ကိုင်း ရွှေဟင်္သာကျောင်းတိုက်ကြီး၏ စိန်ရတုစာစောင် မဂ္ဂဇင်းအတွက် ဖြစ်ပါသည်။ တစ်စောင်က သပြေကန်ပရိတ်ကြီး နိဿယသစ်ကျမ်းပြု ဆရာတော်အရှင်ဝါသေဋ္ဌာဘိဝံသ၏ သက်တော်ရာပြည့် စာစောင်အတွက် ဖြစ်ပါသည်။

မိမိသည် အမှန်တကယ်ဆိုရပါလျှင် မရေးဝံ့ ဖြစ်ခဲ့ရပါသည်။ အကြောင်းသည်ကား ရွှေဟင်္သာဆရာတော်ကြီး သပြေကန်ဆရာတော်ကြီးတို့ ဆိုသည်မှာ တကယ့် ထိပ်ထိပ်ကြဲ ဆရာတော်ကြီးများ ဖြစ်တော်မူနေကြခြင်း ကြောင့်ပင် ဖြစ်ပါသည်။ မိမိသည် အရှင်နရိန္ဒအား မယုတ်မလွန်ပင် လျှောက်ထားခဲ့ရပါသည်။ အရှင်နရိန္ဒသည် မဖြစ်မနေ ရေးပေးပါရန် ထပ်မံ၍ လျှောက်ထားလိုက်ပါသေးသည်။

မိမိသည် ပန်းတနော်သို့ ပြန်ရောက်သောအခါ ရှေးဦးစွာ သပြေကန်ဆရာတော်ကြီး၏ ပူဇော်ပွဲစာစောင် မဂ္ဂဇင်းအတွက် ဆောင်းပါးတစ်ပုဒ်ကို ဤသို့ရေးသား လိုက်ရပါသည်။

မိမိသည် ဘာသာရေးစာစောင်မဂ္ဂဇင်းများ၌ စာရေးလာခဲ့သည်မှာ နှစ်ပေါင်း(၄၀)နီးပါးရှိပြီ ဖြစ်ပါသည်။ စာရေးသားရာတွင် အကြောင်းအရာ ရှာမရဖြစ်ခဲ့သော်

သပြေကန်ဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယသစ်ကျမ်းနှင့် တောင်မြို့ဆရာတော်ကြီး၏ သဂြိုဟ်ဘာသာဋီကာကျမ်းတို့ကို အမြဲတမ်းဖတ်ရှုလေ့ ရှိပါသည်။ ထိုကျမ်းနှစ်ကျမ်းသည်ကား မိမိ၏ လက်စွဲကျမ်းများပင်တည်း။

ပရိတ်ကြီးနိဿယသစ်ကျမ်းသည် အထူးသဖြင့် သုတ္တန်၊ ဝိနည်းကျမ်းဂန်များကို မွေနှောက်ပြီး ရေးသားတော်မူခဲ့သော ကျမ်းစာ ဖြစ်ပါသည်။ ယင်းကျမ်းကို ဖတ်ရှုလျှင် သုတ္တန်+ဝိနည်းကျမ်းဂန်များကို တစ်အုပ်တည်းဖြင့် ဖတ်ရှုနေရသကဲ့သို့ ရှိပါသည်။ အယူအဆ+အကြောင်းအရာ+သဒ္ဒါ+အဆုံးအဖြတ်များဖြင့် စုံလင်လှပါသည်။

တောင်မြို့ဆရာတော်ကြီး၏ သဂြိုဟ်ဘာသာဋီကာကျမ်းသည်ကား အဘိဓမ္မာကျမ်းကြီးများကို မွေနှောက်ကာ (၀၊)နောက်ခံထားကာ ရေးသားပြုစုတော်မူခဲ့သော ကျမ်းကြီးတစ်ဆူဖြစ်ပါသည်။ ခက်ခဲနက်နဲသော အဓိပ္ပါယ်များ အဆုံးအဖြတ်များ၊ သဒ္ဒါနည်းများ၊ အဆုံးအဖြတ်များဖြင့် အလွန်ပင် စုံလင်လှပါသည်။ အဘိဓမ္မာကျမ်းကြီးများကို ဖတ်ရှုနေရသကဲ့သို့ ခံစားမိပါသည်။

မိမိသည် သပြေကန်ဆရာတော်ကြီး၏ အထံတွင် ပညာသင်ယူခဲ့ဖူးခြင်း မရှိခဲ့ပါ။ ဆရာတော်ကြီးအား အနီးကပ် မဖူးမြော်ခဲ့ဖူးပါချေ။ သို့သော်လည်း မိမိသည် ဆရာတော်ကြီး၏ထံတွင် ပညာသင်ယူလျက် ရှိနေသည်။ ဆရာတော်ကြီးအား အနီးကပ် ဖူးမြော်နေသည်ဟုပင် ဆိုချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိမိသည် ဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယသစ်ကျမ်းစာကို အမြဲတမ်း လက်စွဲလက်ကိုင်ပြုပြီး ဆောင်းပါးများ တရားဟောနည်းများကို အတုယူကာ ရေးသားဟောပြောနေခြင်းကြောင့် ဖြစ်ပါသည်။

မိမိစာရေးသောအခါ သို့မဟုတ် သူတစ်ပါးတို့က ဘာသာရေး ပြဿနာများ မေးမြန်းကြသောအခါ ပရိတ်ကြီးနိဿယသစ်ကျမ်းကို အကိုးအကား သာဓကထား၍ ဖြေရှင်းချက်များ ပေးခဲ့ရပါသည်။ ၄င်းအပြင် သပြေကန်ဆရာတော်ကြီး ဟောကြားတော်မူခဲ့သော တရားတော်များကိုလည်း စာစောင်,မဂ္ဂဇင်းများမှ ထုတ်နုတ်၍ တရားဟောခဲ့ရပါသည်။ ယခုအခါ၌ သပြေကန်တရားတော်(၁)(၂)ဟူ၍ စာအုပ်များအဖြစ်သို့ပင် ရောက်ရှိနေပေပြီ။ တရားဟောနေကြသော ဓမ္မကထိကဆရာတော်များ လက်စွဲလက်ကိုင်ပြုနေကြရသော စာအုပ်များပင် ဖြစ်ပါသည်။

မိမိသည် လွန်ခဲ့သောအနှစ်(၂၀)လောက်က အဖြစ်အပျက်တစ်ခုကို သတိရနေမိပါသည်။ စခန်းပွဲတစ်ခုတွင် ဝိပဿနာတရား အားထုတ်နေသော ယောဂီဒါယကာကြီး တစ်ဦးသည် မိမိထံသို့ လာရောက်ပြီး "အရှင်ဘုရား၊ ဒါန မပြုနဲ့တော့၊ ဒါနက သံသရာရှည်တယ်၊ ဟိုတုန်းက တပည့်တော် ဒါနပြုခဲ့တာတွေ အခုမှ တွေးကြောက်မိတယ်။ အရှင်ဘုရားရယ် ဝိပဿနာတရားကိုသာ အားထုတ်ပါ" ဟု ဆိုလာပါသည်။

ထိုအခါ မိမိက "ဒကာကြီး ဒီလိုအစွန်းမလွတ်တဲ့ စကားမျိုးကို မပြောနဲ့။ ဒါနက သံသရာရှည်တာ မဟုတ်ပါဘူး၊ တဏှာကသာ သံသရာရှည်တာ ဒကာကြီး" ဟု ပြောဆိုခဲ့ရပါသည်။ ယင်း ယောဂီဒါယကာကြီးသည် မိမိ၏ အဖြေစကားကို မနှစ်သက်၊ လက်မခံ၊ တွင်တွင်ကြီးသာ ခေါင်းခါနေပါသည်။ ထိုယောဂီဒါယကာကြီးသည် မိမိ၏ ပြောစကားကို မည်မျှပင် ပြောပြော လက်ခံမည်မဟုတ်ဟု သိသဖြင့် မိမိ၏စာအုပ်ခုံပေါ်မှ သပြေကန်ပရိတ်ကြီးနိဿယသစ်စာအုပ်ကို ယူပြီး အောက်ပါအတိုင်း ဖတ်ပြလိုက်ရပါသည်။

ဒါန သံသရာရှည်သလော

အချို့က ဒါနကို သံသရာရှည်စေတတ်သော တရားဟု ကြောက်လန့်ဖွယ်အဖြစ် ဆိုကြ၏။ သံသရာဝဋ်မှ ကျွတ်လွတ်ရန် လိုလားကြသော အလောင်းတော်များ၊ ဒါနကို လိုလိုလားလား ပြုခဲ့ကြသည်မှာ သံသရာမှ လွတ်ကြောင်းဖြစ်သောကြောင့်သာ ဖြစ်သည်။ တဏှာသည်သာ သံသရာရှည်ကြောင်းဖြစ်၏။ နည်းမှန်လမ်းမှန် ပြုသော ဒါနမှာ တဏှာကို ပယ်နိုင်ကြောင်းဖြစ်၏။

အလောင်းတော်များမှာ ခုဘဝ နောင်ဘဝ သာယာရေးအတွက် မိမိဖို့ရာ ဘာတစ်ခုမှ မတောင့်တကြ၊ သတ္တဝါအများ ကောင်းစားစေလို၊ ချမ်းသာစေလိုသော စေတနာ

သာထား၍ ပေးကမ်းကြ၏။ ဤဒါနမျိုးကို ပါရမီမြောက် ဒါနဟု ဆို၏။ အကယ်၍ တောင့်တလိုလျှင်လည်း သံသရာဝဋ်မှ လွတ်ရေးကိုသာ တောင့်တသင့်၏။ သံသရာဝဋ်မှ လွတ်ရန် တောင့်တခြင်းမှာ တဏှာမဖြစ်ပေ။ ထိုဒါနမျိုးကို ဝိဝဋ္ဋနိဿိတဒါနဟု ဆို၏။

တဏှာဆန္ဒ မကင်းသော ဝဋ္ဋနိဿိတဒါနမျိုးမှာ သံသရာလည်ကြောင်းဖြစ်သော်လည်း တဏှာမပါသော ဝိဝဋ္ဋနိဿိတဒါနမျိုးမှာ သံသရာမှ မြန်စွာလွတ်ကြောင်းပင် ဖြစ်သည်။

မကြောက်ထိုက်

ဒါနရှင်မှာ ပေးလှူခိုက် မေတ္တာ, ကရုဏာ, မုဒိတာများ ဖြစ်ပွားလျက်ရှိရာ အလှူခံတို့ ခံယူသုံးဆောင်သည်ကို အားရကြည်နူး ရွှင်မြူးဝမ်းသာ စိတ်ချမ်းသာလျက် ရှိနေ၏။ နောင်အခါ တွေးမိတိုင်းလည်း ဝမ်းသာကြည်နူး ရွှင်မြူးလျက်ရှိ၏။ ဤသည်တို့မှာ လက်တွေ့ခံစားရသော ဒါနအကျိုးတရားများပင်။ သူတစ်ပါးအပေါ် မေတ္တာ ကရုဏာ မုဒိတာ ပွားလျက် ရှိသောကြောင့်လည်း မာန ဒေါသ လောဘ ဣဿာ မစ္ဆရိယ စသော တရားဆိုးများ ကင်းရှင်းလျက်ရှိရာ ထိုတရားပွားကြောင်းဖြစ်သော ဒါနကို မလိုက်နာ မပြုကျင့်ထိုက်ဘဲ ရှိပါမည်လော။ ဒါနကို ကြောက်သူမှာ ဥဿုံစီး ကြွေကျသည်ကို မြေပြိုပြို အထင်ဖြင့် ကြောက်ပြီး ပြေးလာသော ယုန်မိုက်ပမာ မကြောက်ထိုက်သည်ကို ကြောက်ခြင်းသာ။

ဆုံးရှုံးမှု

အချို့ မယုံ၍ မလှူ၊ မိမိမူကား သုံးစား၏။ ထိုသူများကား ဘဝနောင်ရေးအတွက် ဆုံးရှုံးသူ ဖြစ်သော်လည်း ဤဘဝ မရှုံး၍ တော်သေး၏။ တချို့မူ လှူလည်း မလှူ၊ စားလည်းမစား၊ ထိုသူများမှာ သာ၍ ဆုံးရှုံးသော သူတည်း။ ထိုသူများကို ပန်းတိမ်သမားတို့၏ ဖားဖိုကဲ့သို့ အသက်ရှူလျက် အသက် မရှင်သူ(သေသူ)ဟု ပညာရှိတို့ ဆိုကြသည်။

ကောသလသံယုတ်(၉)၌ သူဋ္ဌေးကြီးတစ်ဦးမှာ သားသမီးလည်းမရှိ၊ ချမ်းသာလိုက်သည်မှာလည်း အသာပြာက သိန်းရှစ်ဆယ်၊ ရွှေ ငွေ စသည်ဖြင့်ပြီးသော ပစ္စည်းအသုံးအဆောင်များမှာ ပြောမဆုံးအောင် များမြောင်ပေါကြွယ်လှ၏။ ဤမျှအထိ ကြွယ်ဝသူဖြစ်ပါလျက် ပုန်းရည်နှင့် ဆန်ကွဲစားပြီး ရထားအို, ကလေး အမြဲစီးလျက် သစ်ရွက်ထီးသာ ဆောင်းတတ်၏။ သေသောအခါ ဥစ္စာအားလုံး မင်းဘဏ္ဍာ ဖြစ်ရသည်။ ဤအဖြစ်ကို အကြောင်းပြု၍ ဘုရားရှင်က-

"လူသူမရှိရာ တောထဲ၌ ဘယ်သူမျှ မသောက်သုံးရဘဲ ခြောက်ခန်းသွားသော ရေကန်ကြီးပမာ လူညံ့များမှာ ဥစ္စာရသော် မိမိလည်း မစား၊ ပေးလည်း မပေးရက်ကြ၊ ပညာရှိကား ဥစ္စာရသော် မိမိလည်းသုံး၊ အများကိစ္စလည်း ဆောင်လျက် ဆွေမျိုးအပေါင်းကို ကျွေးမွေးကာ အကဲ့ရဲ့မခံရ၊ အချီးမွမ်းသာ ခံရ၍ နတ်ပြည်သို့ ရောက်ရသည်" ဟု ဟောတော်မူသည်။

နီတိဆရာတို့က "စုဆောင်းထားအပ်သော ဥစ္စာတို့ကို စွန့်လှူခြင်းသာ စောင့်ရှောက်ခြင်း မည်၏။ ရေကန်ဦ တည်သော ရေတို့ကို ထုတ်လွတ်ရာ ရေပြွန်သည်သာ စောင့်ရှောက်ခြင်း မည်သကဲ့သို့တည်း" ဟု ဆိုခဲ့သည်။

ပရိတ်ကြီး နိဿယသစ် စာမျက်နှာ(၁၆၀၊ ၁၆၁၊ ၁၆၂)

ပရိတ်ကြီးနိဿယသစ်ကျမ်းလာ အထက်ပါ အကြောင်းအရာများကို မိမိသည် ထိုယောဂီဒါယကာကြီးအား တစ်လုံးချင်း တစ်လုံးချင်း ဖတ်ပြပေးခဲ့ရပါသည်။ သို့သော်လည်း ထိုယောဂီဒါယကာကြီးသည် ကျေနပ်ပုံ မပေါ်သေး။ သူ့အယူကို မစွန့်လွှတ်နိုင် ဖြစ်နေသည်။ ထိုယောဂီဒါယကာကြီးသည် -

"အရှင်ဘုရား၊ သဘောပါပဲ၊ တပည့်တော်က အရှင်ဘုရားတို့ကို သနားလို့ပါ" ဟူ၍ မိမိအား ပြောဆိုကာ ထပြန်သွားခဲ့ပါသည်။ မိမိသည် ထိုယောဂီဒါယကာကြီးအား သူ၏နောက်မှ ကြည့်ပြီး သနားနေမိပါသည်။

"တရားစစ်မှန်၊ ကျင့်ဖို့ရန်၊ အမှန်ဆရာတွေ့ပါစေ"

ဟူ၍ ဆုတောင်းနေမိသည်သာ.....။

အရှင်ကုမာရ(ပန်းတနော်)

စာတစ်ကြောင်း
မှန်တစ်ချပ်
ဆိတ်စပ်အတွေး

အပါယ်လေးဘုံသို့ ရောက်သွားပြီးလျှင် သုဂတိဘုံသို့ ပြန်ရောက်ရန် မလွယ်ဟု ကျမ်းဂန်တို့၌ ပြဆိုထားခြင်း ဖြစ်သည်။

တစ်နေ့ အခန်းထဲ စာကြည့်နေစဉ် စာလေး တစ်ကောင်သည် ဖွင့်ထားသည့် ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲသို့ ပျံသန်းဝင်ရောက်လာသည်။ စာရေးသူလည်း စာကလေး ဘာလုပ်မည်နည်းဟု စူးစမ်းရန် စိတ်ကူးပေါ်လာသောကြောင့် မလွှဲမယွင်း လိုက်ကြည့်နေမိ၏။ လှုပ်လှုပ်ရှားရှား လုပ်လိုက်လျှင် လန့်ဖြန့်၍ အထိတ်တလန့်နှင့် ပျံထွက်သွားမည်စိုးသောကြောင့်လည်း ငြိမ်ငြိမ်ပင် ထိုင်နေလိုက်၏။

စာသူငယ်သည် အခန်းထဲသို့ ဝင်လာပြီး ဟိုကြည့် ဒီကြည့်ဖြင့် ပတ်ဝန်းကျင်ကို ပထမဆုံး စူးစမ်း၏။ ထို့နောက် မျက်နှာကျက်တွင် တွယ်ငင်နေကြသော ပင့်ကူအိမ်များထဲမှ ပိုးကောင် မွားကောင်တို့ကို နှုတ်သီးဖြင့် ဖမ်းယူစားသောက်၏။ အရောင်အတိမ်း မကောင်းသော ပင့်ကူအချို့တို့သည်လည်း မိမိလှောင်အိမ်၌ ဖမ်းယူထားသော ပိုးကောင် ပိုးမွှားတို့နှင့်အတူ ဖမ်းယူစားသောက်ခြင်း ခံကြရ၏။ မျက်နှာကျက်ပေါ်မှ ပိုးကောင်များ ကုန်သွားသောအခါ ဘေးနံရံတို့၌ တွယ်ကပ်နေသော ပိုးကောင် ပိုးမွှားတို့ကို လိုက်လံဖမ်းယူစားသောက်ပြန်၏။

စာရေးသူလည်း စာသူငယ်၏ လှုပ်ရှားမှုများကို ငေးကြည့်ရင်း အတွေးများ ပလုံစီတက်သလို တက်လာရ၏။ ပထမဆုံးအနေဖြင့် "ဪ...ဒါဟာ သူ့ရဲ့ (စာကလေးရဲ့) ဘဝရှင်သန်မှုဖြစ်စဉ် Life style ပါလား" ဟု တွေးမိ၏။ ဒုတိယအနေအားဖြင့် "မိမိအသက် ရှင်သန်ရေးအတွက် သူတစ်ပါးရဲ့ အသက်ကို သတ်ဖြတ်စားသောက် စတေးနေရပါလား" ဟု တွေးမိ၏။ တတိယအနေအားဖြင့်မူ "ဪ... အပါယ်လေးဘုံသားရဲ့ ရှင်သန်နေထိုင်မှုဟာ စက္ကန့်နာရီနှင့် အမျှ နေ့စဉ်ရက်ဆက် မကောင်းမှုအကုသိုလ်တွေနဲ့ပါလား" ဟူသော အတွေးတို့ ဖြစ်၏။

ယင်းနောက် "သူတစ်ပါးရဲ့ အသက်မို့ မိမိရဲ့ အသက် တစ်ချောင်းလိုပဲ တန်ဖိုးရှိတယ်ဆိုတာ စာကလေး သိမှသိပါရဲ့လား၊ မသိတာသေချာပါတယ်" ဟူသော အတွေး၊ "လက်တစ်ထောက်သာသာရှိတဲ့ သူ့ရဲ့ တစ်ဝမ်း တစ်ခါး ဝဖို့အတွက် တစ်နေ့ကို ပိုးကောင်အရေအတွက် ဘယ်လောက် စားသောက်ရမလဲ? အကောင်ရေ သုံးဆယ် ဖြစ်လျှင် အသက်ပေါင်းသုံးဆယ်၊ အကောင်ရေ ငါးဆယ် ဖြစ်ရင် အသက်ပေါင်း ငါးဆယ်ကို နေ့စဉ်သတ်ဖြတ် နေရတာပါလား" ဟူသော အတွေး၊ "ဒါဖြင့် ဒီစာကလေး တစ်နှစ်သက်တမ်းရှည်မယ်ဆိုရင် ပိုးအကောင်ရေ ဘယ်လောက်၊ အသက်ပေါင်း ဘယ်လောက် ဖြစ်လာမလဲ" ဟူသော အတွေး၊ "အသက်တစ်ချောင်းကို ဘဝပေါင်း ငါးရာ ပြန်ဆပ်ရမယ်ဆိုရင် ဘဝပေါင်း ဘယ်လောက် ပြန်ဆပ်ရမလဲ" ဟူသော အတွေး၊ ထိုအတွေးပေါင်းများစွာတို့မှတစ်ဆင့် လူသားနှင့် တိရစ္ဆာန်တို့၏ ခြားနားမှုကို ပီပီပြင်ပြင် ပိုသဘောပေါက်လာရသည်။ ထို့ကြောင့်လည်း အပါယ်လေးဘုံသို့ ရောက်သွားပြီးလျှင် သုဂတိဘုံသို့ ပြန်ရောက်ရန် မလွယ်ဟု ကျမ်းဂန်တို့၌ ပြဆိုထားခြင်း ဖြစ်သည်။

ထိုအခိုက်မှာပင် လေတစ်ချက် ဝှေ့တိုက်လိုက်သောကြောင့် (ချိတ် ချိတ်မထား‌သည့်) စာကလေးဝင်လာခဲ့ရာ ပြတင်းပေါက်သည် "ဂျိုင်း" ဟူသော အသံကျယ်နှင့်အတူ အလိုလိုပိတ်သွား၏။ လေနှင့်အတူ ပိတ်သွားရသော ပြတင်းပေါက်ကြောင့် "အော် ပြတင်းပေါက်သည်ပင် အထိန်းအကွပ်တည်းဟူသော ချိတ်မရှိလျှင် သာမန်လေကြောင့်ပင် ပျက်စီးနိုင်ပါလား" ဟု တွေးမိသလို "ဘဝတစ်ခုတွင်လည်း တံခါးချိတ်နှင့်တူသော အသိဉာဏ်တရားနှင့် ကိုယ်ကျင့်သီလတည်းဟူသော အထိန်းအကွပ် ကင်းမဲ့ပါလျှင် မည်သို့ အပြစ်ကင်းစင်နိုင်ပါမည်နည်း" ဟုလည်း ဖျပ်ကနဲ တွေးမိလိုက်သေး၏။

ယင်းခဏာ၌ပင် "ဂျိုင်း" ဟူသော တံခါးပိတ်သံကြောင့် စာကလေးလည်း နံရံပေါ်ရှိ ပိုးကောင်ပိုးမွှားတို့ကို လိုက်လံစားသောက်နေရာမှ လန့်ဖြန့်၍ အခန်းထဲမှ ပြန်ထွက်ရန် ကြိုးစားလေတော့၏။ ကြိုးစားပုံမှာ စာကလေးသည် သူဝင်လာခဲ့ရာ ပြတင်းပေါက်ဆီသို့သာ ဦးတည်ပြီး ပျံသွားခြင်း ဖြစ်၏။ သို့သော် စာကလေးသည် အပြင်သို့ ရောက်မသွားဘဲ "ဒုန်း" ဟူသော အသံနှင့်အတူ အောက်သို့ ပြုတ်ကျသွား၏။ အကြောင်းမှာ မှန်ပြတင်းပေါက်ဖြစ်၍

ထိုမှန်ကို စာကလေး ဝင်တိုးမိသောကြောင့်ဖြစ်သည်။ စာကလေးသည် တစ်ကြိမ်လည်းမက နှစ်ကြိမ်လည်းမကဘဲ ထိုမှန်ကြီးကို လေးငါးကြိမ်ဆက်တိုက် အတင်းတိုးဝှေ့နေတော့၏။

စာကလေးက တံခါးမှန်ကို ပထမဆုံး ဝင်တိုက်မိကတည်းကပင် စာရေးသူ သဘောပေါက်လိုက်ပါသည်။ စာကလေးသည် အတွင်းနှင့်အပြင်ကို မှန်တစ်ချပ်ကာထားကြောင်း လုံးဝမသိချေ။ သိရှိနိုင်သော ဉာဏ်အဆင့်အတန်းလည်း သူ့၌ မရှိပေ။ အတွင်းကနေ ကြည့်လိုက်လျှင် အပြင် ဖက်မှ အရာအားလုံးကို မြင်နေရသောကြောင့် မှန်ကို အရာဝတ္ထုတစ်ခုဟု မသိမမြင်ဘဲ ဒိုးယိုပေါက် ပွင့်နေသည်ဟု ထင်၏။ ကြား၌ ဘာမှမရှိဟုလည်း စာကလေးက ယူဆထားပေလိမ့်မည်။ သည်ဘက် ဟိုးဘက် ထိုးဖောက်မြင်နိုင်သော မှန်ဆိုသည့် အရာဝတ္ထု ရှိကြောင်းလည်း တိရစ္ဆာန်တစ်ကောင်အနေဖြင့် မည်သို့မျှ မသိနိုင်သောကြောင့် တစ်ကြိမ်မဟုတ် တစ်ကြိမ် အပြင်သို့ ရောက်နိုင်လိမ့်မည် အထင်ဖြင့် မှန်တံခါးကို အဆက်မပြတ် ဝင်တိုးနေတော့၏။ နောက်ဆုံးတွင် စာရေးသူကပင် ထိုတံခါးကို ဖွင့်ပေးလိုက်ရသည်။

ထိုဖြစ်ရပ်ကိုကြည့်၍ သတ္တလောကဌ် ဘုမ္မစိုး၊ ရက္ခစိုး၊ ပြိတ္တာ၊ နတ်ဗြဟ္မာတို့ အမှန်တကယ် ရှိမရှိနှင့် ပတ်သက်ပြီး လက်တွေ့ဆန်သော အဖြေတစ်ခုကို ရလိုက်သလို ခံစားရသည်။ ဗုဒ္ဓစာပေ၌ ပါရှိသော ငရဲ ပြိတ္တာ နတ် ဗြဟ္မာ တို့၏ အကြောင်းကို သိပ်မနည်းမကျသောကြောင့် အချို့က သိပ်မယုံကြည်ချင်ကြပေ။ ငရဲပြည် နတ်ပြည်၌ ဗြဟ္မာ့ပြည်တို့သည် အောက်အရပ် အထက်အရပ်တို့၌ သီးခြားကင်းကွာ တည်ရှိနေသောကြောင့် မတွေ့မမြင်နိုင် ဖြစ်ရသည်မှာ ယုံကြည်နိုင်သော်လည်း အထူးသဖြင့် လူတို့နှင့် အနီးကပ်ဆုံးဖြစ်၍ လူတို့၏ အိမ်နီးနားဝန်းကျင် အကြိုအကြားတို့၌ အညစ်အကြေးများကို ရှာဖွေစားသောက်လျက် လှည့်လည်ကျက်စားနေသော ပြိတ္တာများကို မမြင်ရသည်မှာ သဘာဝမကျဟု ဆိုလာသူများလည်း ရှိခဲ့ဖူးသည်။

ထိုသို့ ပြောဆိုမှုများသည် လက်တွေ့ရှိမှ ကိုယ်တွေ့မြင်မှ ယုံကြည်မည်ဟူသော သိပ်ပံပညာရပ်ကို ဆုပ်ကိုင်ဖက်တွယ်ထားလွန်းရာ ရောက်ပြီး၊ ကံအရာ ဉာဏ်အရာတို့ကို အနည်းငယ်မျှ စဉ်းစားထည့်သွင်းခြင်းမရှိသောပြောဆိုမှုဟု ဆိုနိုင်ပါသည်။ သပြေကန်ဆရာတော်သည်လည်း နတ်ပြည် ဗြဟ္မာ့ပြည် စသည်တို့နှင့်ပတ်သက်၍ သိပ်ပံအရာမဟုတ်၊ ဉာဏ်အရာသာဖြစ်ကြောင်း ပရိတ်ကြီး နိဿယ၌ ရှင်းပြတော်မူခဲ့ဖူးပါသည်။ အမှန်တကယ်လည်း ဟုတ်လှပါသည်။ စာကလေးက မှန်ကိုမမြင်နိုင်ခြင်းမှာ မှန်က အမှန်တကယ် မရှိခြင်းမဟုတ်၊ မှန်ကို တွေ့နိုင် မြင်နိုင် သိမြင်နိုင်သော အသိဉာဏ်မရှိခြင်းကြောင့်သာ ဖြစ်သည်။ ထို့အတူ သာမန်ပုဂ္ဂိုလ်တို့၏ ငရဲပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် စသည်တို့ကို မမြင်ရခြင်းမှာလည်း ငရဲပြည် နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့ အမှန်တကယ်မရှိခြင်းမဟုတ်၊ ထိုဘုံ ထိုဘဝနှင့် ထိုဘုံသားတို့ကို တွေ့မြင်နိုင်သော ဉာဏ်အဆင့်အတန်း မရှိခြင်းကြောင့်သာ ဖြစ်သည်။ ယင်းဉာဏ်မှာ အရာခပ်သိမ်းကို ထိုးထွင်းသိမြင်နိုင်သော ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြစ်ကြသည်။ စာကလေး၏ အသိဉာဏ်နှင့် လူသားတို့၏ အသိဉာဏ်မှာ လွန်စွာ ကွာခြားဘိသကဲ့သို့ သာမန်လူတို့၏ အသိဉာဏ်အပိုင်းအခြားနှင့် ဘုရားပစ္စေက ဗုဒ္ဓါစသော အရိယာသူတော်စင်တို့၏ အသိဉာဏ်သည်လည်း နှိုင်းယှဉ်ခြင်းငှာ မစွမ်းနိုင်အောင် ကွာခြားရမည်မှာ သေချာပါသည်။ သို့ဖြစ်လျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့်သာ ထိုးထွင်းသိမြင်နိုင်သော ကံအရာ ဉာဏ်အရာတို့ကို သာမန်ပုဂ္ဂိုလ်တို့ မည်သို့သိမြင်နိုင်ပါအံ့နည်း။

ကံအရာ ဉာဏ်အရာ ဆိုသည်မှာ အလွန်ပဟေဠိဆန်သော သဘောတရားမျိုးဖြစ်ပြီး ကြယ်တာရာတို့ကို တွေ့မြင်ရသော အနေအထားမျိုးလည်း ဖြစ်သည်ဟု ဆိုနိုင်ကောင်းပါသည်။ ကျွန်ုပ်တို့သည် အလင်းရောင်မရှိသော ညကောင်းကင်၌ ကြယ်တာရာတို့ကို တွေ့မြင်ရသော်လည်း အလင်းရောင်ရှိသော နေ့အခါတွင်မူ ညတွင် တွေ့မြင်ရသော ကြယ်တာရာ စသည်တို့ကို မတွေ့မမြင်ရချေ။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် သာမန်မျက်စိ သာမန်ဉာဏ်ဖြင့် မတွေ့မမြင်နိုင် မသိနိုင်သော ကံအရာ,ဉာဏ်အရာများ ရှိကြောင်း လက်ခံသင့်ပါသည်။

မြိုင်နန်းမြေ-ရဝေသျှင်



သုလိုရဟန်း

ဒီရင်

အတ္ထုပ္ပတ္တိနှင့် ထေရုပ္ပတ္တိ အတော်များများ ရေးသားခဲ့ဖူးပြီ၊ အချို့မှာ ရေးလိုစိတ် မရှိလှသော်လည်း တစ်စုံတစ်ယောက်သောသူက စေခိုင်းသဖြင့် အားနာပါးနာနှင့် ရေးရသော အတ္ထုပ္ပတ္တိမျိုးဖြစ်သည်။ အချို့ကား မိမိ မသိသော မိမိလက်လှမ်းမမီသော၊ မိမိနှင့် ခေတ်ပြိုင်မဟုတ်သော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိမျိုးဖြစ်သည်။ အချို့မှာမူ အထိမ်းအမှတ်စာစောင် တစ်ခုခုတွင် မိမိ၏ စာမှမပါလျှင် စာအုပ်ဖြစ်တော့မည် မဟုတ်သည့်ပုံစံမျိုးဖြင့် အတင်း နားပူနားဆာ လာလုပ်နေသဖြင့် မင်းတိုင်းကြရေးပေးလိုက်ရသည့် အတ္ထုပ္ပတ္တိမျိုးဖြစ်သည်။

ယခုရေးမည့် အတ္ထုပ္ပတ္တိ သို့မဟုတ် ထေရုပ္ပတ္တိကား အထက်ပါ အမျိုးအစားထဲက တစ်ခုမှ မဟုတ်ပေ။ ဤထေရုပ္ပတ္တိရေးရန် မည်သူကမှလည်း အတင်းမတိုက်တွန်းပေ၊ မည်သူကမှလည်း သွေးဆောင်စည်းရုံးမှု မပြုလုပ်ပေ၊ ဤထေရုပ္ပတ္တိရှင်သည် မိမိနှင့်အလှမ်းဝေးသူလည်းမဟုတ်ပေ။ မိမိသည် ဤထေရုပ္ပတ္တိရှင်နှင့် တွေ့ထိဆက်စပ်မှုပင် ရှိသည်။ လက်လှမ်းမမီသော မိမိမသိသော ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ အကြောင်းကို ရေးရခြင်းထက် မိမိနှင့် ထိတွေ့ဆက်စပ်မှုရှိသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အကြောင်းကို ရေးရခြင်းက ပို၍ အမှန်နှင့်နီးစပ်နိုင်သည်။ ပို၍ သဘာဝကျနိုင်သည်။ ဤထေရုပ္ပတ္တိကို ရေးရာ၌ ခိုင်မာအားကောင်းသော အခြား အခြေခံအကြောင်းတရား တစ်ခု ရှိသေးသည်။ ဤထေရုပ္ပတ္တိသည် လစဉ်ရေးနေကျ ပါနေကျ စာတစ်ပုဒ်အဖြစ် ဝတ်ကျေတန်းကျေ ရေးလိုက်သည့် စာမျိုးမဟုတ်ပေ၊ ကြီးမားထက်သန်သော ဆန္ဒက လှုံ့ဆော်သဖြင့် ရေးလိုက်ရသည့် စာမျိုးသာဖြစ်သည်။

ဆရာတော်အရှင်ဝါသေဋ္ဌကို သူ၊ ရဟန်းပျို ဘဝ၊ မိမိ ကိုရင်ဘဝကပင် စတင်သိခဲ့သည်၊ ဆရာတော်က ခရမ်းချောင်း အရှေ့ကမ်းပါးက သပြေကန်ရွာ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်တွင် သီတင်းသုံးပြီး မိမိတို့က ခရမ်းချောင်း အနောက်ဘက်ကမ်းနှင့် နှစ်မိုင်သုံးမိုင်လောက် ဝေးသော လဟာရပ်ရွာ ပထမပြန်စာသင်တိုက်၌ နေကြသည်။ အရှင်ဝါသေဋ္ဌက မဟာဓမ္မိကာရာမတိုက်၌ သဒ္ဒါကြီး နိဿယသစ် ကျမ်းပြုဆရာတော်ကြီး၏ အရိပ်အာဝါသ အောက်၌ နေထိုင်သီတင်းသုံးသည်။ မိမိတို့က လဟာရပ်ရွာ ပထမပြန် စာသင်တိုက်၌ နေကြသည်။ စာချဆရာ အရှင်တေဇောသာရနှင့်မှ သက်တူရွယ်တူဖြစ်သည်။ သပြေကန်နှင့် လဟာရပ်မှာ ချောင်းတစ်ခုသာခြားပြီး ခရီး အလှမ်းမဝေးလှသော နှစ်ရွာတစ်ရွာလို ဖြစ်နေသဖြင့် သပြေကန် မဟာဓမ္မိကာရာမကျောင်းတိုက်မှာ အရှင်ဝါသေဋ္ဌ၏ ဂုဏ်သတင်းသည် မိမိတို့၏ကျောင်းတိုက်မှ ဖြတ်သန်းပြီးမှသာလျှင် တခြားရွှေကျင်သာသနာနှင့် မြန်မာနိုင်ငံ သာသနာအတွင်းရှိ ရဟန်းသံဃာလောကထဲ ရောက်သွားရခြင်း ဖြစ်သည်။

အရှင်ဝါသေဋ္ဌ၏ ဂုဏ်သတင်းကို မိမိတို့ နားမဆံ့ကြားနေရသည်။ အရှင်ဝါသေဋ္ဌ၏ ဂုဏ်သတင်းသည် မိမိတို့လို စာသင်သားငယ်များအား နမူနာ စံပြအဖြစ် အားပေးလှုံဆော်မှု ပြုနေသည်။ အရှင်ဝါသေဋ္ဌ၏ဘဝသည် ငယ်ရွယ်စဉ် ရှင်သာမဏေ ဘဝကပင် တောက်ပြောင်လာခဲ့သည်။ သူမတူသည့် သူ၏စံပြအရည်အသွေးများသည် သာမဏေဘဝကပင် တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာခဲ့လေသည်။

ဒုတိယကမ္ဘာစစ် မဖြစ်ခင်က ပထမပြန်စာမေးပွဲ၏ အခြေအနေသည် စစ်ပြီးခေတ်နှင့် မတူပေ၊ စစ်ပြီးခေတ် သည်ဘက်ပိုင်း၌ ပထမကြီးတန်းအောင်ဖို့ရန် သည်လောက် ခက်ခဲမှုမရှိလှသော်လည်း စစ်မဖြစ်မီအချိန်က ပထမကြီးတန်းအောင်ဖို့ရန်မှာအလွန်တရာ ခက်ခဲလှပေသည်။ ယင်းသို့ ခက်ခဲခြင်းမှာ အချို့ဘာသာရပ်များ၌ ကျမ်းစာကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသောကြောင့် ဖြစ်သည်။ တစ်နှစ်တစ်နှစ် တစ်နိုင်ငံလုံးမှာမှ ပထမကြီးတန်းအောင်မြင်သူ နှစ်ဆယ်ကျော်လောက်သာရှိသည်။ အရှင်ဝါသေဋ္ဌသည် ၁၅-နှစ်အရွယ်၌ ပထမငယ်ကိုလည်းကောင်း၊ ၁၆-နှစ်အရွယ်၌ ပထမလတ်ကိုလည်းကောင်း၊ ၁၇-နှစ်အရွယ်၌ ပထမကြီးကိုလည်းကောင်း ဆက်တိုက်အောင်မြင်သည်။ ၁၅-နှစ်နှင့် ၁၆-နှစ်၌ ပထမငယ်နှင့် ပထမလတ်အောင်မြင်သူ များသော်လည်း ၁၇-နှစ်၌ ပထမကြီးတန်းကို အောင်မြင်သူမှာ အလွန်တရာမှ ရှားလှပေသည်။ ပထမကြီးတန်း အောင်မြင်ရန်အတွက် နှစ်နှစ်တန်သည် သုံးနှစ်တန်သည် နားကြရ၊ စောင့်ကြရသည်။ မိမိသိရသမျှ စစ်မဖြစ်မီအထိ ပထမပြန်စာပေးပွဲသမိုင်း၌ ၁၇-နှစ်နှင့် ပထမကြီးတန်း အောင်မြင်သော ရှင်သာမဏေမှာ ရှင်ဝါသေဋ္ဌနှင့် အခြား ကိုရင်တစ်ပါးသာရှိသည်။ အခြားကိုရင်၏ အမည်ကိုမူ မဖော်ပြလိုပေ။

ကိုရင်ဝါသေဋ္ဌ၏ အခြားအောင်မြင်မှုများ ရှိသေးသည်။ အသက် ၁၅နှစ်အရွယ်တွင် ရှင်ဝါသေဋ္ဌသည် ဝိနည်းပါဠိတော်နှစ်ကျမ်းကို ပြန်ဆိုနိုင်၍ 'ဥဘတောဝိဘင်္ဂရေ' ဘွဲ့ရခဲ့သည်။ ပိဋကတ်သုံးပုံကို အာဂုံပြန်ဆိုသည့် အလေ့အထမှာ တိပိဋကရေ စာမေးပွဲကြီးပေါ်လာသည့် သည်ဘက်ခေတ်ကျမှ ခေတ်စားလာခဲ့သည်၊ ထိုခေတ်က ပိဋကတ်သုံးပုံကို အာဂုံပြန်ဆိုသည့် အလေ့အထ ခေတ်မစားသေးပေ။ ထိုအချိန်ကပင် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ရှင်ဝါသေဋ္ဌသည် ပိဋကတ် ပါဠိတော်ကျမ်းများကို အာဂုံပြန်ဆိုရခဲ့သည်။ ၁၈-နှစ်အရွယ်လောက်တွင် ဝိနည်းငါးကျမ်းလုံးကို ပြန်ဆိုနိုင်၍ 'ဝိနယဓရ' ဘွဲ့ထူးကို ရရှိခဲ့သည်။ ထူးခြားသောပါရမီရှင်ဖြစ်၍ ရွှေကျင်နိကာယမှတ်တမ်း၌ မှတ်တမ်းတင်ထားခြင်း ခံရလေသည်။ ရဟန်းတစ်ဝါအရတွင် သံယုတ် ၅-ကျမ်းကို ပြန်ဆိုအောင်မြင်၍ "ဝါသေဋ္ဌာဘိသိရီပဝရသာသနဓဇ သံယုတ္တဘာဏက" ဘွဲ့တံဆိပ်ကို စေတီယင်္ဂဏအသင်းကြီးက အရှင်ဝါသေဋ္ဌအား ကပ်လှူခဲ့လေသည်။

ထိုအချိန်က အရှင်ဝါသေဋ္ဌမှာ သက်ရွယ်နုနယ်သေးသည်ဖြစ်၍ သင်အံ့လေ့ကျက်သောကျမ်းဂန်၏ ပမာဏမှာ ထုထည်ကြီးမား များပြားလှသဖြင့် အရွယ်နှင့်ကျမ်းဂန်များ၏ ပမာဏမှာ မြင်းမိုရ်နှင့် ဆီးစေ့လောက်ပင် ကွာခြားနေသည်။ ထို့ကြောင့် အရှင်ဝါသေဋ္ဌသည် ငယ်ရွယ်စဉ်အခါကပင် ကျန်းမာရေး ချို့တဲ့လာခဲ့သည်။ စကားပြောလျှင်လေသံမျှလောက်သာ ထွက်တော့သည်။ အမြဲတမ်းချုချာနေသည်။ အရှင်ဝါသေဋ္ဌအား မည်သူကမှ သက်ဇိုးရှည်လိမ့်မည်ဟု မထင်ကြပေ။ သို့ရာတွင် အရှင်ဝါသေဋ္ဌသည် အားလုံးထင်သလို မဟုတ်ဘဲ သာသနာတော်၌ ဆက်လက် တာဝန်ထမ်းရွက်လာခဲ့ရာ ယနေ့သက်တော်နှစ် ၈၀-ပြည့် မွေးနေ့ကျင်းပနိုင်သည့် အခြေအနေသို့ပင် ရောက်ရှိလာခဲ့ပြီ။

အရှင်ဝါသေဋ္ဌအား အဝေးက သို့မဟုတ် ခပ်လှမ်းလှမ်းမှ သိရှိခွင့်ရလာခဲ့ရာမှ အနီးကပ်သိရှိရသည့် အခါအခွင့်တစ်ကြိမ် ပေါ်လာခဲ့သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၃၅-ခုနှစ်လောက်က ဖြစ်သည်။ ထိုအချိန်က မိမိမှာ ၁၃-နှစ် ၁၄-နှစ်အရွယ် ရှင်သာမဏေမျှသာ ရှိသေးသည်။ ဆရာဖြစ်သူ အရှင်တေဇောသာရနှင့်အတူ မိမိသည် မန္တလေးမြို့ အဘယာရာမရွေဂုတိုက်သို့ အဘယာရာမဆရာတော်ထံ ပါဠိနှင့်သက္ကတသင်ကြားရန် ရောက်ရှိသွားသည်။ အဘယာရာမ ရွေဂုတိုက်တွင် နေခွင့်ရရန် မလွယ်ပေ။ လူခံမရှိဘဲ

နေခွင့်ရရန် အလွန်ခဲယဉ်းသည်။ မိမိတို့၏လူခံမှာ အရှင်ဝါသေဋ္ဌဖြစ်သည်။ အရှင်ဝါသေဋ္ဌက အာမခံသည့်အတွက် မိမိတို့ ရွှေဂူတိုက်တွင် နေခွင့်ရခြင်းဖြစ်သည်။ သို့သော် ခြင်းချက်နှင့်ဖြစ်သည်။ တစ်ပတ်အတွင်း ရဟန်းက ရဟန်းကျင့်ဝတ် ဘိက္ခုပါတိမောက်ကို အာဂုံပြန်ပြရမည်ဖြစ်ပြီး၊ သာမဏေက သာမဏေကျင့်ဝတ် သေခိယကို အာဂုံပြန်ပြရမည်ဖြစ်သည်။ ယင်းစည်းကမ်းမှာ ရွှေဂူတိုက်တွင် နေထိုင်လိုသူ ရဟန်းသာမဏေများအတွက် သံမဏိစည်းကမ်းဖြစ်သည်။

ထိုအချိန်က အရှင်ဝါသေဋ္ဌသည် အာဘယာရာမဆရာတော်ကြီးထံတွင် ပညာရင်နှီ့ သောက်စို့နေသည်။ အထူးအားဖြင့် သက္ကတဘာသာ သင်ကြားဆည်းပူးနေသည်။ မန္တလေးသက္ကသီဟ စာသင်တန်းနှင့် စာချုတန်းစာမေးပွဲ အောင်သည်မှာလည်း အာဘယာရာမတိုက်တွင် သီတင်းသုံးနေစဉ်ကပင် ဖြစ်လေသည်။

ထိုအချိန်၌ ဆရာတော်အရှင်ဇနကာဘိဝံသသည် အာဘယာရာမရွှေဂူတိုက် အာရာမ်ထဲတွင် သီးသန့်ကျောင်းကလေးနှင့် နေထိုင်သီတင်းသုံးပြီး စာပို့ချနေသည်။ အရှင်ဝါသေဋ္ဌကလည်း တစ်ဖက်ကစာသင်ပြီး တစ်ဖက်ကလည်း တတ်နိုင်သလောက် စာချနေသည်။ အာဘယာရာမဆရာတော်ကြီးက အရှင်ဝါသေဋ္ဌအား ထူးထူးခြားခြား အသိအမှတ်ပြုထားသည်။ သူရေးသားသော သမ္မန္တစိန္တာ စာကိုယ်ဦးကာ နိဿယအတွက် အရှင်ဝါသေဋ္ဌအား တလေးတစား နိဒါန်း အရေးခိုင်းသည်။

ထိုအချိန်က အာဘယာရာမရွှေဂူတိုက်သည် ပရိယတ္တိအကျော်အမော် ထိပ်တန်းဆရာတော်များ စုဝေးရာနေရာဖြစ်ခဲ့သည်။ ပါဠိသက္ကတ၌ သမိုင်းတင်ထားလောက်အောင် ကျွမ်းကျင်တတ်မြောက်သော အာဘယာရာမဆရာတော်ကြီးကိုယ်တိုင် စာပေပို့ချနေသည်။ အရှင် ဇနကာဘိဝံသတို့လို အရှင်ဝါသေဋ္ဌတို့လို တခြားစာချဆရာတော်များလည်း ရှိနေကြသည်။ ထိုကျောင်းတိုက်၌ စာသင်သားအဖြစ် နေခွင့်ရခြင်းမှာ အလွန်တရာ ကံကောင်းသည်ဟု ဆိုရမည်။ သို့ရာတွင် မိမိတို့မှာ ဓိကုတ်နတ်ပြည် အတင်ခံရသော်လည်း နတ်ပြည်မှ မပျော်သည့်အတွက် လူ့ပြည် ပြန်ဆင်းလာသူများ ဖြစ်နေသည်။ စိုင်ကော်လို့ ချုပေါ်ရောက်သော်လည်း ချုပေါ်က ပြန်ခုန်ချလာသည့်လူနှင့် တူနေသည်။ ရွှေဂူတိုက်တွင် မပျော်၍ တစ်ပတ်လောက်သာနေလိုက်ပြီး တခြားကျောင်းတိုက်တစ်တိုက်သို့ ပြောင်းရွှေ့သွားလေသည်။

အလွန်တရာစည်းကမ်းတင်းကျပ်နေသော ရွှေဂူတိုက်မှ လွတ်လွတ်လပ်လပ်နေရသော တောင်ပြင်ထိုးလင်းတိုက်သို့ ရောက်သွားသည်။ ပခုက္ကူ၊ မဟာဝိသုတာရာမတိုက် ဆရာတော်သုန်၏တူ ဦးလက္ခဏာမှာ အရှင် တေဇောသာရ၏ မိတ်ဆွေဖြစ်သည်။ ထိုးလင်းတိုက်တွင် ဦးလက္ခဏာနှင့် အတူသွားနေကြသည်။ မိမိမှာမူ လောင်အိမ်ထဲက လွတ်လိုက်သည့် ငှက်ငယ်ပမာ လွတ်လွတ်လပ်လပ် အတောင်ဆန့်ခွင့် ရသွား၏။

အရှင်ဝါသေဋ္ဌမှာ မိမိအတွက်မျက်နှာပူရကျာသည်။ သူအာမခံထားသူများက ခုစာကလေးကြော် ခုဆီထမင်းလုပ်သည့်အတွက် အာဘယာရာမ ဆရာတော်ရှေ့တွင် ရှေ့မျက်နှာနောက်ထားပြီး၊ တစ်ဖန် မိမိတို့အတွက် လျှောက်ပေးရပြန်ရှာသည်။ ထိုအချိန်က အာဘယာရာမဆရာတော်ကြီး အမိန့်ရှိသည့် စကားတစ်ခွန်းကို ယခုထက်တိုင် ကြားယောင်နေမိသည်။ "အလုပ်တစ်ခုခုလုပ်မယ်ဆိုရင် စဉ်းစဉ်းစားစားလုပ်ပါ" ဟူ၍ တုံးတိတိအမိန့်ရှိလိုက်သည့် စကားဖြစ်သည်။ ရွှေဂူတိုက်တွင် တစ်ပတ်လောက်နေခဲ့သည့်အချိန်ကလေးအတွင်း အာဘယာရာမ ဆရာတော်ကြီးအား လျှပ်တစ်ပြက် လေ့လာကြည်ညိုခွင့် ရရှိခဲ့သည်။ ဆရာတော်ကြီးက ကျောင်းတိုက်အထက်တွင် သီတင်းသုံးသည်။ မိမိတို့က ကျောင်းတိုက်အောင်ထပ်၌ နေကြသည်။ ညနေတိုင်း အုတ်လှေကားမှ ကျောင်းအောက်ဆင်းလာသော ဆရာတော်အား ဖူးတွေ့ရသည်။ ညနေတိုင်း ဆရာတော်ကြီးသည် သင်္ကန်းကို မ,မပြီး ဆင်းလာတတ်သည်။ မျက်နှာထား အလွန်တည်သည်။ တစ်ပတ်အတွင်း တစ်ကြိမ်တစ်ခါမှ ပြုံးသည်ကို မတွေ့ခဲ့ရ။ တစ်ပတ်အတွင်းမျှသာမက တစ်လအတွင်း တစ်နှစ်အတွင်း၌လည်း ပြုံးသည်ကို တွေ့ရလိမ့်မည် မဟုတ်ပေ။

အရှင်ဝါသေဋ္ဌအား သူ၏ အမိကျောင်းတိုက်ဖြစ်သော သပြေကန် မဟာဓမ္မိကာရာမကျောင်းတိုက်ကြီးက ပြန်ခေါ်လေပြီ။ အရှင်ဝါသေဋ္ဌအနေဖြင့် သူ့အမိကျောင်းတိုက်၏ခေါ်သံကို ပြန်မထူးဘဲနေ၍ မဖြစ်တော့။ သူ၏ဆရာရင်း ဒဂ္ဂမဟာပဏ္ဍိတ သပြေကန်ဆရာတော်ကြီးပုံလွန်တော်မူသွားပြီ။ အရှင်ဝါသေဋ္ဌသည် သပြေကန် မဟာဓမ္မိကာရာမကျောင်းတိုက်သို့ ပြန်ကြွလာရသည်။ ထိုအတွင်း ၁၉၄၁-ခုနှစ် ရန်ကုန်တွင် ဒုတိယအကြိမ်ကျင်းပသော အစိုးရစာချတန်းစာမေးပွဲ၌ တစ်နှစ်တည်းဖြင့် ကျမ်းကိုးကျမ်းလုံးကို ဖြေဆိုအောင်မြင်သွားလေသည်။ ပထမအကြိမ် အစိုးရမမွာစရိယ စာချတန်းစာမေးပွဲကို ၁၉၄၀-ခုနှစ်၌ မန္တလေးတွင် ကျင်းပသည်။ အရှင်ဝါသေဋ္ဌသည် ပထမအကြိမ် အစိုးရစာချတန်းစာမေးပွဲကို ဖြေဆိုခြင်း မပြုပေ။ ပထမအကြိမ် အစိုးရစာချတန်းစာမေးပွဲ၌ မည်သူမျှ တစ်နှစ်တည်းနှင့် ကိုးကျမ်းမကျွတ်ပေ၊ နောက်တစ်နှစ် ရန်ကုန်၌ကျင်းပသော အစိုးရစာချတန်း စာမေးပွဲတွင် အရှင်ဝါသေဋ္ဌဖြဆိုရာ တစ်နှစ်တည်းဖြင့် ကိုးကျမ်းလုံးကျွတ်သွားသည်၊ ထို့ကြောင့် အရှင်ဝါသေဋ္ဌသည် ဓမ္မာစရိယသိရောမဏိဘွဲ့ကို ပထမဆုံး ဆွတ်ခူးရရှိသွားသော ပုဂ္ဂိုလ်ဖြစ်လာလေသည်။

ဆရာတော်အရှင်ဝါသေဋ္ဌသည် ပါဠိဋီကာဋီကာကျမ်းများနှင့်တကွ သက္ကတကျမ်းများကို နံ့နံ့စပ်စပ် ကျွမ်းကျင်တတ်မြောက်သော်လည်း ရိုးရိုးကုပ်ကုပ်ပင် နေတော်မူသည်ဖြစ်၍ သူ၏အရည်အသွေးကို သိသူဦးရေ မများခဲ့။ အချိန်ကြာမြင့်စွာ မီးခဲပြာဖုံးဖြစ်နေခဲ့ရသည်။ ညွှန်ထဲတွင် ကျွံနှစ်နေသော ပတ္တမြားဘဝဖြင့် နေလာခဲ့ရသည်။ ထို့နောက် မှ ကျောက်တူးသမားများ အရည်မီသော ကျောက်တစ်လုံးတူးဖော်ရရှိသွားကြသည်။ ရွှေကျင်သူများ ရွှေစစ်ရွှေမှန် ရရှိသွားကြသည်။ ဆရာတော်သည် ယခင်ကကဲ့သို့ စည်ကားခြင်းမရှိသော သပြေကန် မဟာဓမ္မိကာရာမတိုက်မှ ရန်ကုန် ပုဇွန်တောင် ရွှေကျင်တိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးရလေသည်။

ဆရာတော်သည် ပညာတတ်သော်လည်း မာန်မာန မရှိပေ။ ကျမ်းတတ်အကျော် ဆရာတော်ဖြစ်နေသော်လည်း နှိမ့်နှိမ့်ချချ စကားပြောသည်။ သူ၏စကားပြောသံသည် ယခင်ကျန်းမာရေးချို့တဲ့စဉ်ကလောက် တိမ်ဝင်မနေသော်လည်း ဒေါသ မာန်မာန လုံးဝကင်းရှင်းနေသည့် အသံမျိုးဖြစ်သည်။ ဝိနည်းသိက္ခာပုဒ်ကို လေးစားပြီး သီလ သမာဓိနှင့် ပြည့်စုံသူဖြစ်သော်လည်း လူတိုင်းနှင့်အဆင်ပြေအောင် ဆက်ဆံသည်။ လူတိုင်းလူတိုင်းနှင့် အဆင်ပြေအောင်နေသော်လည်း မိမိ၏ တော်တည့်ဖြောင့်မတ်သောမူနှင့် မိမိ၏ သီလ သမာဓိကိုမူ မည်သည့်အခါမျှ အပွန်းအပဲ့မခံ၊ ရိုးရိုး အေးအေး သီတင်းသုံးသော်လည်း စာအရေးအသားသွက်လက်သည်။ စိတ်ကူးဉာဏ် ကောင်းသည်။ အနေရိုးသော်လည်း စာအရေးဆန်းသည်။ ကျမ်းဂန်များကို အမြောက်အများ ရေးသားပြုစုသွားခဲ့သော ထိပ်တန်းဆရာတော်ကြီးများဖြစ်သည့် အာဘယာရာမဆရာတော်နှင့် မဟာဂန္ဓရုံဆရာတော်တို့ကပင် ဆရာတော်အရှင်ဝါသေဋ္ဌ၏ လက်ရာကို မချီးကျူးဘဲ မနေနိုင်ကြပေ။

ဆရာတော် အရှင်ဝါသေဋ္ဌရေးသားပြုစုထားသော ကျမ်းစာများအနက် 'ပရိတ်ကြီးနိဿယသစ်'သည် ဆရာတော်၏ 'မာစတာပိစ်'ဖြစ်သည်။ ဤမျှကောင်းသော၊ ဤမျှစုံလင်သော၊ ဤမျှအသုံးဝင်သော ပရိတ်ကြီးဆိုင်ရာ စာအုပ်မျိုး တခြားမည်သူမျှ ရေးနိုင်တော့မည်မဟုတ်ဟု ဖတ်ရှုလေ့လာသူတိုင်းက ထင်မြင်ချက်ပေးကြသည်။ ဆရာတော်သည် အနေရိုးသော်လည်း အရေးဆန်းသည်။ ထို့အတူပင် အပြောလည်းကောင်းသည်။ အပြောကောင်းသည်ဟုဆိုရာ၌ အာဝဇ္ဇန်းရွှင်သော ဓမ္မကထိကတစ်ပါးဖြစ်သည်ဟု မဆိုလို။ သက်တော် (၈၀)ပြည့်နေပြီဖြစ်သည့် ဆရာတော်ကြီးတစ်ပါး ဖြစ်နေသော်လည်း တရားဒေသနာဟောကြားရာ၌ ဒေသနာတော်၏ အနှစ်အရသာကို တရားနာပရိသတ်၏ နားထဲဝင်သွားအောင် ဟောနိုင်စွမ်းပြောနိုင်စွမ်းရှိလေသည်။ 'သူလိုရဟန်း'မျိုးကား သာသနာတွင် ရှာမှရှားဟုဆိုလျှင် ပိုအံ့မထင်။

ပါရဂူ

အဖက်ဖက်က ပြည့်စုံသော

သပြေကန်ဆရာတော်

မောင်လင်းဟန် (သံတွဲ) ဓမ္မာစရိယ၊ ပါဠိဒိပါရဂူ

သပြေကန်ဆရာတော်ဘုရားကြီးနှင့် ပတ်သက်၍ ကျွန်တော်သိရှိလေ့လာလို့ရသမျှ ဖော်ပြလိုရင် ဆောင်းပါးတစ်ပုဒ်ရေးမည်ပြုသောအခါ "လာလာချင်း ဆောက်နဲ့ထွင်း" ဆိုသလို ရှေးဦးစွာ ဆောင်းပါးခေါင်းစဉ်တပ်ဖို့ အခက်တွေ့နေ၏။ ဆရာတော်၏ ဂုဏ်နှင့် ထိုက်တန်သော ဆောင်းပါးခေါင်းစဉ်ကို စာရေးသူ ဉာဏ်မမီသဖြင့် "သပြေကန်ဆရာတော်" ဟုပင် ရိုးရိုးလေး တပ်လိုက်ပါသည်။ "ရိုးရိုးလေးသည် ဘယ်တော့မျှ မရိုး" ဟူသော ဆိုရိုးအရ ကျွန်တော်တပ်ထားသော ခေါင်းစဉ်ကို စာရှုသူများ နှစ်သက်သဘောကျမည် ထင်ပါသည်။

စာရေးသူ ပထမကြိုးတန်းဖြေသော နှစ်က မြောင်းမြမြို့တွင်းသို့ စာမေးပွဲဖြေဖို့ ရဟန်းသာမဏေများ စုရုံးနေချိန်တွင် ပဒေသာရုံ တိုက်အုပ်ဆရာတော် ဥဒ္ဒေသိကက "ဒီစာအုပ် ခဏကိုင်ခဲ့ပါ" ဟု အမိန့်ရှိကာ စာရေးသူအား စာအုပ်တစ်အုပ် ကိုင်ခိုင်း၏။ စာအုပ်အမည်ကို ဖတ်ကြည့်လိုက်ရာ "ပရိတ်ကြီးနိဿယသစ်" ဟု တွေ့ရ၏။ စာရေးသူစိတ်ထဲတွင် "အမယ်လေးဗျာ ပရိတ်ကြီးများ နိဿယသစ်ရေးရတယ်လို့၊ စာအုပ်ကလည်း အထူကြီး၊ ပရိတ်ကြီးမှာ ဘာတွေရေးစရာရှိလို့ ဒီလောက်ရေးထားတာလဲ" ဟု စိတ်ထဲက ရေရွတ်မိ၏။ ထိုအချိန်က သပြေကန်ဆရာတော်နှင့် ဆရာတော်၏ဂုဏ်ကို စာရေးသူ မသိသေးပေ။ သပြေကန်ဆရာတော်သည် ပရိတ်ကြီး နိဿယသစ်စာအုပ် ရိုက်နှိပ်ပြီးချင်း ထင်ရှားသော ဆရာတော်များကို ဓမ္မဒါနအဖြစ် လှူဒါန်းသဖြင့် စာရေးသူတို့ ပဒေသာရုံဆရာတော်ထံ ထိုစာအုပ် ရောက်လာဟန်တူ၏။ များမကြာပါ၊ ထိုစာအုပ်မှာ လူကြိုက်များ၍ အကြိမ်ကြိမ် ထပ်မံရိုက်နှိပ်ရပါသည်။

အစိုးရပထမကြီးတန်းဆိုသည်မှာ သင်္ဂြိဟ်, သဒ္ဒါ, ကဗျာ, ရူပသိဒ္ဓိလောက်နဲ့ ကိစ္စပြီးကြသည်မို့ ဘုရားနှင့် တွေ့ကြသူများဟု မဆိုနိုင်သေးပါ။ ဒါတောင် စာရေးသူအဖို့ ငယ်ဆရာ၏ အမြော်အမြင်ကြီးမှုကြောင့် အငယ်တန်း အလတ်တန်းလောက်ကပင် ဓမ္မပဒအဋ္ဌကထာ၊ ဝိနည်း မဟာဝါတို့ကို တက်ရောက်သင်ကြားပြီး၍ ဘုရားနှင့် တွေ့ရုံ ရှိပါသေး၏။ ပရိတ်ကြီးနိဿယသစ်၏ ကျေးဇူးကား ကြီးမားလှပါသည်။ ယခုခေတ် စီဒီ၊ ဗွီစီဒီဖြင့် သွင်းကာ ပရိတ်တရား ဟောနေကြသော ပုဂ္ဂိုလ်များသည် အသံနေ အသံထား အဖြတ်အတောက် မှန်ကန်ဖို့ ပရိတ်ကြီးနိဿယ သစ်ကို သေချာစွာ လေ့လာသင့်ကြသည်။ မည်မျှပင် အဖြတ်အတောက် အသံထွက်မှားနေသော်လည်း မိမိရွတ်တာ အမှန်ဟု ထင်နေကြ၏။

များစွာသော အမှားထဲမှ နမူနာပြရလျှင် မောရသုတ်၌ ''ဟရိဿဝဏ္ဏော'' ကို ဟရိတ်သ+ဝဏ္ဏော ဟု အသံ ထွက်ကြ၏။ သူတို့အယူက ဟရိဿ-ရွေ၏၊ ဝဏ္ဏော-အဆင်းဟု ယူကြဟန်ရှိ၏။ ထိုသို့ အသံမထွက်ရပါ။ ''ဟရိတ်+သဝဏ္ဏော'' ဟုသာ အသံထွက်ရပါမည်။ ရွေ ဟော-ဟရိ-နောက်က သ-သည် သဒိသအနက် ရှိသော ကြောင့် ဟရိ+သဝဏ္ဏော=(ဟရိတ်+သဝဏ္ဏော)ဟုသာ အသံထွက် အမှန်ဖြစ်၏။ သဝဏ္ဏော ဟု ဆိုလိုလျက် ဒွေဘော်လာ ထားခြင်းဖြစ်ကြောင်း သိရ၏။ အကျယ်ကို ပရိတ်ကြီး နိဿယသစ်၌ ကြည့်ပါ။ ရွတ်ဖတ်သူတို့၏ အသံထွက် အဖြတ်အတောက်အကြောင်း ရေးရလျှင် ဆုံးနိုင်ဖွယ်မရှိပါ။

ရတနသုတ်၌ ဆစ္စာဘိဋ္ဌာနာနိ-ကို ဆရာတော်က ဆ,စာဘိဋ္ဌာနာနိဟု ပါဠိတော် အဋ္ဌကထာ အထောက်အထား များစွာပြပြီး ဆုံးဖြတ်တော်မူ၏။ သီဟိုဠ်မူ၊ ယိုးဒယားမူ တို့၌လည်း ''ဆစာဘိ'' ပင် ရှိပါသည်။ ဆစ္စာဘိဋ္ဌာနာနိ ကို ပုဒ်ခွဲလျှင် ဆ+စ+အဘိဋ္ဌာနာနိ ဟု ဖြစ်သဖြင့် ဆ-ပုဒ် နောက်တွင် ဒွေဘော်မရှိသင့်ပေ။ ဝိမတိဋ္ဌီကာ(ဒုတွဲ) ၁၈၂-၌ **ဆဋ္ဌာနာနိ**တိ ဆကာရဏာနိဟု လာရှိပါသည်။ ဆ-နောက်တွင် ဒွေဘော်မရှိပါ။ ဆရာတော်၏ အခြားသော ဆုံးဖြတ်ချက်တို့မှာလည်း နှစ်သက်လက်ခံနိုင်ဖွယ်ချည်းသာ ဖြစ်ပါသည်။

စာရေးသူ အကြီးတန်းကို ပါဠိဘာသာဖြင့် ဖြေဆို အောင်မြင်ပြီး ဓမ္မာစရိယတန်း ရောက်သောအခါ ကျမ်းရင်း ပါဠိတော် အဋ္ဌကထာတို့၌ ပထမသံဂါယနာမှ ဆဋ္ဌသံဂါ ယနာထိ ပါဠိဘာသာဖြင့် နိဒါန်းရေးထားသည်ကို ဖတ်ကြည့်ရာ ထိုပါဠိနိဒါန်းသည် စာရေးသူ၏ စိတ်နှလုံးကို လှုပ်ရှား စေ၏။ ဤမျှထည်ဝါ၍ ပါဠိဂတိကျသော နိဒါန်းကြီးကို မည်သည့်ပုဂ္ဂိုလ်ရေးသနည်းဟု သိချင်သည်မှာ ရေဆာ သကဲ့သို့ ဆာလောင်နေ၏။ သို့ဖြင့် ဆဋ္ဌသံဂါယနာနှင့် နီးစပ်သူများကို စုံစမ်းကြည့်ရာ မည်သည့်ပုဂ္ဂိုလ်မျှ အတိအကျ မပြောနိုင်ကြပေ။

အချို့ ပညာရှင်တို့သည် ပါဠိဘာသာဖြင့် ရေးနိုင်ကြ၏။ သို့သော် အသွားအလာမှာ မြန်မာဆန်နေတတ်၏။ ဆဋ္ဌသံဂါယနာနိဒါန်းက အသုံးအနှုန်း သိုသိပ်ပြီး ပါဠိဘာသာ လိုက်စားသူတို့ အတုယူဖွယ်ကောင်းလှ၏။ မဟာပါသာဏလိုဏ်ဂူနှင့် ပတ်သက်၍ ''**ကေသံဝစ္ဆရေနေဝ ပရိနိဋ္ဌာပိတံ ဣဒ္ဓိယာမညေ နိမ္မိတံ**'' ဟူသော အသုံးအနှုန်း အရေးအသားများမှာ အံ့သြငေးမောလောက်ပါသည်။ ဆရာတော် ရေးသားသော ပါဠိစုဏ္ဏိယနှင့် စုဏ္ဏိယာနုဂီတိဂါထာ (၂၅)ပုဒ်မှာ ပသာဒဂုဏ်, သြဇဂုဏ်တို့နှင့် ပြည့်စုံလှ၏။ ထိုနိဒါန်းကိုကြည့်ပြီး ဂျာမန်ပညာရှင်များက ''မြန်မာတို့သည် ပါဠိဘာသာကို အခေါင်အဖျားရောက်အောင် တတ်ကြသည်'' ဟု မှတ်ချက်ချကြပါသည်။

စာရေးသူကဲ့သို့ ထိုဆဋ္ဌသံဂါယနာနိဒါန်းရေးသား သူကို သိလို၍ ရေဆာနေသော အခြား ဆရာတော်တစ်ပါး မှာ မန္တလေး မဟာဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော် ဥူးအဂ္ဂ ဉာနာဘိဝံသဖြစ်၏။ စာရေးသူနှင့်လည်း ရင်းနှီးပါသည်။ ဆရာတော် ဥူးသီလာနန္ဒာဘိဝံသ အဂ္ဂမဟာပဏ္ဍိတဘွဲ့ ယူရန် နိုင်ငံခြားမှ ပြန်ကြွလာသောအခါ ဆရာတော် ဥူးအဂ္ဂ ဉာနာဘိဝံသ လျှောက်ထားသဖြင့် ဆရာတော် ဥူးသီလာ

နန္ဒ၏ မိန့်ကြားချက်အရ ယင်းပါဠိနိဒါန်းမှာ သပြေကန်ဆရာတော် ရေးကြောင်း သိရ၏။ စာရေးသူ သိရသည်မှာ ဆရာတော် ပျံလွန်တော်မူ၍ "ဝိဋ္ဌကတ်အကျော် သပြေကန်ဆရာတော်"ဟု ခေါင်းစဉ်ဖြင့် ဆားလင်းကြီးဆရာတော်၏ သတင်းစာဆောင်းပါးဖတ်ရမှ "ငါအနှစ်နှစ်အလလက ရေဆာနေတာ ယခုမှ ရေဆာပြေသည်"ဟု နှလုံးပိုက်ကာ ထိုသတင်းစာကိုဖြတ်၍ နံရံတွင် ကပ်ထားလိုက်ပါသည်။ ဆရာတော်အား အထူးကြည်ညိုဖွယ်ကောင်းသည်မှာ ဤမျှကြီးကျယ် ခမ်းနားသော နိဒါန်းကြီးကို ရေးသည့်အကြောင်း မည်သူ့ကိုမျှ ထုတ်ဖော်မပြောခဲ့ဘဲ မေးလျှောက်မှ "အေး ငါရေးပေးလိုက်ရတယ်"ဟု အကျဉ်းမျှ ဖြေဆိုတော်မူ၏။ သီလောက-ထင်ပေါ်ကျော်ကြားမှုဂုဏ်ကို မက်မောမှုကင်းသော ဆရာတော်ဘုရားအား အကြိမ်ကြိမ် ဥူးချမိပါသည်။

"သဗ္ဗာကာရေန သမ္မန္နော နာမ ဒုလ္လဘော" (အံ-ဋ္ဌ-၁။ ၃၁၄) အဖက်ဖက်က ပြည့်စုံသူဆိုတာ လောကမှာ ရှားတယ်ဟု ဆိုသော်လည်း ဆရာတော်ကား ထိုရှားပါးသော အထဲတွင် တစ်ပါးအပါအဝင်ဖြစ်ကြောင်း တစ်သာသနာလုံး သိကြပါသည်။ ဉာဏ်ပညာထက်မြက်သည့် အရာတွင်လည်း နှစ်ပါးမဆံ အတုလဲဖြစ်ကြောင်း အများသိပါ၏။ အသက် ၁၅-နှစ် ကိုရင်ငယ်ဘဝက ဝိနည်းငါးကျမ်း အာဂုံပြန်ခဲ့၍ ရဟန်းတစ်ဝါအရမှာ သံယုတ္တနိကာယ်ငါးကျမ်း အာဂုံပြန်ဆိုခဲ့၏။ နိကာယ်ငါးရပ်တွင် သံယုတ္တနိကာယ်သည် ရှည်လျားသောသုတ်များ နည်းပါးသော်လည်းသုတ်အရေအတွက် အလွန်များ၏။ ပါဠိတော်ကို အရကျက်ဖို့ထက် သုတ်စဉ်ကိုသိဖို့ပင် အလွန် ခဲယဉ်းမည်ဖြစ်၏။ ဆရာတော်၏ဉာဏ်ကား အံ့သြမကုန်ပါတကား။

ဤနေရာ၌ သပြေကန်ဆရာတော်၏ ဆရာဖြစ်သော အာဘယာရာမဆရာတော်အကြောင်း အနည်းငယ် ပြောချင်ပါသည်။ အာဘယာရာမဆရာတော်သည် သက္ကတမဂဓ၌ သူမတူအောင် ကျွမ်းကျင်တော်မူ၏။ အာဘယာရာမဆရာတော်၏ တပည့်တစ်ပါးသည် ထိုခေတ် ထိုအချိန်က မန္တလေးတွင် စာချကောင်းသည်။ စာအလွန်တော်သည်ဟု ကျော်ကြားနေသော ဆရာတော်တစ်ပါးထံသို့ ကိစ္စတစ်ခုဖြင့် ရောက်သွားရာ ယင်းဆရာတော်က "ကိုယ်တော်တို့ ဆရာကသာ စာတော် စာတတ်တာ၊ တပည့်တော်တို့က ညာနေတာပါ"ဟု ဝန်ခံဖူးကြောင်း မှတ်သားဖူးပါသည်။

သပြေကန်နေမင်း ရောင်လင်းထွန်းပေါ် ဆရာတော်ကား ၁၉၉၅-ခုနှစ်၊ ဖေဖော်ဝါရီလ ၆-ရက် နံနက် ၇-နာရီ ၁၅-မိနစ် အချိန်တွင် စုတိစိတ်၏ ဘင်ခဏသို့ရောက်ကာ သခ်ါရ၏ သဘောကို ကြည်ဖြူစွာ လက်ခံတော်မူလေသည်။ ဆရာတော် ပျံလွန်တော်မူသော်လည်း ဆရာတော်၏ လက်ရာကျမ်းစာများကား သာသနာဆုံးသည့်တိုင်အောင် လောကကို အလင်းရောင် ပေးနေဦးမည် ဖြစ်ပါသည်။

ဒုလ္လဘ ပုရိသာဇည ဖြစ်တော်မူသော သပြေကန်ဆရာတော်ဘုရားကြီးအား အောက်ပါဂါထာများဖြင့် ဦးညွှတ်ပူဇော်ပါ၏-

၁။ သဗ္ဗသတ္တမဟာရည - သဒ္ဓာရံ ထိရပဏ္ဍိတံ။
သိရသာဟံ နမဿာမိ၊ ဂုဏောနေကမနုဿရံ။

၂။ အကာလော ဝတ ဒါနိ ဘော၊ လဒ္ဓါ ဆေ ပဋိတာဒိသံ။
နိဿေသ ဂုဏာ သမ္ပန္နံ၊ ထိရေဟိ ထိရပဏ္ဍိတံ။

၃။ အနေကာ တာရကာ သန္တိ၊ ဥဒ္ဒံ ဝေ နီလခေတလေ။
ဧလန္တိ တာရကာ တာသု၊ ယထာ ဒုလ္လဘဒဿနာ။

၄။ အနေကာ သမဏာ သန္တိ၊ ဒေဝဒေဝသ သာသနေ။
သဗ္ဗာကာရေန သမ္မန္နာ၊ တထာ ဒုလ္လဘဒဿနာ။

၅။ ယာဝ တိဋ္ဌတိ လောကမှိ၊ ဇိနစက္ကော အကောပယံ။
တာဝ တိဋ္ဌန္တု ထေရဿ၊ သုဂန္ဓာ ရစိတာ ဗဟူ။

မောင်လင်းဟန်(သံတွဲ)

သာရိပုတ္တရာအလား
ဒီဘုရင်ကြီးဘုရား

သပြေနွယ်

အားလပ်ရက် တစ်နေ့တွင် ကြေးမုံသတင်းစာကို ဟိုလှန်သည်လှန် ကြည့်လိုက်ရာ "သပြေကန်ထေရဂုဏ်ပူဇော နှစ်တစ်ရာ" စာစောင်ထုတ်ဝေမည်ဟုသတင်းကို မမျှော်လင့်ဘဲ ဖတ်လိုက်ရ၏၊ စိတ်ဝင်စားသွားသည်၊ ထပ်ကြော့်ကာ ဖတ်မိပြန်သည်၊ ဝမ်းသာသလိုလို အတွေးက ဝင်နေသည်၊ "တွေ...တွေ...တွေ...တွေ..." တယ်လီဖုန်းက အသံမြည်လာသည် ၊ အို ရွှပ်လိုက်တဲ့ ဖုန်း စိတ်ထဲကပြောမိသည်၊ "ဟလို ကျနော် မောင်နွယ်ပါ၊ နားထောင်နေပါတယ် မိန့်ကြားပါခင်ဗျား" ၊ နှုတ်ကတော့ အချိုသာဆုံးဖြစ်အောင် ထူးလိုက်သည်၊"ဟေ့ကောင် မောင်နွယ် ... သပြေကန် ဆရာတော်ကြီးဂုဏ်ပြုစာစောင် ထုတ်ဝေမယ်တဲ့ အင်တာနက်မှာ ငါကြည့်လိုက်ရတယ်" ၊"ဟာ ဟုတ်လား ငါလဲ ခုပဲ ကြေးမုံမှာ သတင်းတွေ့လို့ ဒါကို ကြည့်နေတာ" ၊"မင်းတွေ့တာ အင်တာနက်စာစောင်မှာပေါ့ - ဘယ်အပတ်ကလဲ" ၊ "ဘယ်ကလာ စာစောင်ရမှာလဲ၊ အင်တာနက်ပါဆို၊ ကွန်ပျူတာကနေ ဗဟုသုတဆိုပြီး ကြည့်လိုက်တာ လာတွေ့တာကွ -စာစောင်က·လား၊ ငါ့များ မင်းလို တောသားမှတ်နေလား၊ မင်းက သပြေကန်အကြောင်း ပြောပြောနေတော့ မင်း အဲဒီထဲမှာ ရေးပါလား" ၊"ငါ့ ဆီမှာ စာမူတောင်းခံလွှာ မရောက်ဘူးကွ" ၊

"ဟား×ဟား×ဟား×ဟား× မင်းက စာရေးဆရာမို့လို့ မင်းဆီစာမူတောင်းရမှာလား၊ လူကဖြင့် ဌာသံလင်းချိတ်နဲ့ ခုယင်ကောက်တောင် ကွဲကွဲပြားပြား ရေးတတ်တာ မဟုတ်ဘူး၊ ဒါနဲ့များ စကားကြီး စကားကျယ်" ၊

"ဒါဖြင့်မင်းက ဘာလို့ခိုင်းလဲ" ၊ "မင်းက သပြေကန် အကြောင်း ပြောပြော- တီ-တီ-တီ" ဖုန်းက ကျသွားပြီ ၊ ဖုန်းကျသွားတော့ သတင်း စာကို ပြန်ပြီး ကောက်ကိုင်လိုက်ပြန်သည်။ ထို သတင်းကို အခါခါ ဖတ်မိပြန်သည်၊ စိတ်ဝင်စားသည်၊ ရေးရရင်ကောင်းမလား၊ အဲဒီမှာ အများစုက ပညာရှင်တွေ ရေးကြမှာ၊ မင်း ဘာရေးတတ်

ထို အာဘယာရာမကျောင်းတိုက်၌ ဆရာတော်ကြီး၏ တူဝမ်းကွဲ မြင်းခြံမြို့နယ် ဗလဲရွာသား အောင်ကြီးအမည်ရှိ၊ ကျောင်းသားတစ်ယောက်ရှိ၏။ ထို ကျောင်းသားမောင်အောင်ကြီးကား အရာရာမှာ ဒိုးဒိုးဒေါက်ဒေါက်ပြောတတ်၍ စာသင်သား ရဟန်းသံဃာများက ဘုရားလေးဟု အမည်ပေးခံရသူဖြစ်၏။ ဘုရားလေး မောင်အောင်ကြီးရှေ့မှာဆိုလျှင် စာသင်သား ရဟန်းသံဃာများ တော်တော်လေး ဆင်ဆင်ခြင်ခြင်နေကြ၏။

တစ်နေ့တွင် သပြေကန် ဆရာတော်ဖြစ်လာလတံ့သော ဦးပဉ္စင်း အရှင်ဝါသေဋ္ဌ သည် သံဃာများသုံးဆောင်ရန်ထားသော ထန်းလျက်တောင်းထဲမှ ထန်းလျက်နှစ်ခဲကို နှိုက်ယူလိုက်သည်။ ဤသည်ကို မြင်သွားသော ဘုရားလေးခေါ် မောင်အောင်ကြီး·က "အဲဗျာ ဒီ ဦးပဉ္စင်းက ဘယ်လို ဦးပဉ္စင်းလဲ မသိဘူး၊ ကိုရင် ဘဝနဲ့ ဝိနည်းငါးကျမ်းလဲပြန်တယ်ပြောသေး၊ ပြီးတော့ သံယုတ် ငါးကျမ်းလည်း ပြန်တယ်။ပြောသေး၊ အကပ်လဲမခံဘဲနဲ့ ထန်းလျက်ခဲတွေ နှိုက်ယူရသလား" တဲ့။ ဤတွင် ဦးပဉ္စင်း အရှင်ဝါသေဋ္ဌမှာ စိတ်မဆိုးဘဲ မျက်နှာမှာဝင်းလက်သွားပြီး ဝမ်းမြောက်သည့် အသွင်အပြင် ဖြစ်လာကာ "အေး ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်၊ ငါ မင့်ကို ကျေးဇူးတင်တယ်" ဟုပြောကာ ထန်းလျက်နှစ်ခဲကို သင့်တော်ရာမှာ လွှတ်ပစ်လိုက်သည်။

ထို့နောက် အရှင်ဝါသေဋ္ဌ သည် သင်္ကန်းကို သပ်သပ်ရပ်ရပ် ပြန်လည်ဝတ်ပြီး အာဘယာရာမ ဆရာတော်ကြီးထံသို့ သွားရောက်သည်။ "ဦးပဉ္စင်း ဘာကိစ္စတုန်း"၊ ဆရာတော်ကြီးက တုံးတုံးတိတိပင် မေးလိုက်သည်။

"တပည့်တော် ဒေသနာကြားချင်လို့ပါ"၊

"အေး လာ"

ဟု ဆိုကာ ဒေသနာကြားလိုက်သည်၊ ဒေသနာကြားပြီးမှ "အချိန်မှန် မဟုတ်ဘဲ ဒီအချိန်မှာ ဘာလို့ ဒေသနာကြားရတာတုန်း"၊ အာဘယာရာမ ဆရာတော်ကြီးက မေးရာ အရှင်ဝါသေဋ္ဌက အကျိုးအကြောင်း ပြန်၍ လျှောက်ထား၏။

လို့လဲ၊ ကိုယ့်ကိုကိုယ် ပြန်မေးမိသည်၊ သူတို့က ပညာရှင်၊ ငါက သဒ္ဒါရှင်လေ၊ တိုက်တွန်းသူက ရှိနေသည်၊ ဘယ်လို တွေး၍ ဘာကို ရေးရပါ့မလဲ၊ အော် အတွေးပေါ်ပြီ အတွေးပေါ်ပြီ။

အချိန်အားဖြင့် (၁၂၉၆)ခန့်က ဖြစ်မည်ထင်ပါ၏၊ ကာလကိုတော့ သေချာ မမှတ်မိ၊ အကြောင်းအရာကတော့ မေ့ မထိုက်သော အကြောင်းအရာဖြစ်၍ မေ့ပင် မရပါချေ။ သပြေကန်ဆရာတော် လောင်းလျာ ဦးပဉ္စင်းအရှင်ဝါသေဋ္ဌ

ဗိမိဋ္ဌ အမှတ်တမဲ့သင့်ရောက်သော
အပြစ်(အာပတ်) ကို
ဖုံးလွှမ်းမထားဘဲ ခဏခြင်းပင်
လေးလေးနက်နက် ဒေသနာကြား
ကုစားသောကြောင့်
အလင့်အပြစ်မှ ကင်းလွတ်ပြီး

ကား မန္တလေးမြို့အနောက်ပြင် စိန်ပန်းရပ် အာဘယာရာမတိုက် ပညာရှိအကျော် အာဘယာရာမ ဆရာတော်အရှင် အဂ္ဂမဓမ္မထံတွင် ပညာသင်ယူနေစဉ် အခါကဖြစ်၏။

အာဘယာရာမဆရာတော်ကား ခက်ထန်တင်းမာသည် မဟုတ်သော်လည်း သမာဓိကြီးမား၍ ပြုံးခြင်း, ရယ်ခြင်း မရှိသလောက် အမြဲတမ်းပင် တည်တည်မှန်မှန်နေသည်ဖြစ်ရာ စာသင်သား သံဃာအများနှင့် စာချဉ်းနှံးတော်ကြီးများပါ ရိုသေကြ,ကြောက်ကြ,လန့်ကြ၏။ စာတက်ဘုရားရှိခိုးမှလွဲ၍ ဆရာတော်ကြီး မြင်မှာကိုပင် စိုးရွံ့ကြသည်။ ဆရာတော်ကြီးကို ပြုံးရယ်မှု နည်းသောကြောင့် ဥပေက္ခာဖြင့်ပင် ပဋိသန္ဓေနေခဲ့လေသလားဟု အချို့ ပညာရှင်များက မှတ်ယူကြသည်။

"အေး အောင်ကြီးနဲ့ တွေ့လို့ အောင်ကြီးနဲ့သာ မတွေ့ရင် ဦးပဉ္စင်းက ဘယ်လောက် အကြာကြီး မှားနေ ဦးမလဲ မသိဘူး" မိန့်တော်မူလိုက်သည် ။

ဆရာတော်ကြီးထံ ဒေသနာ သွားကြားသည်ဟု သိသော ပဲခူး ကျောက်တန်း မဟာဗောဓိတိုက်မှ ပညာလာသင်နေသော ဦးပညာသီရိ က "ဦးဝါသေဋ္ဌရယ် တပည့်တော်တို့နဲ့ ဒေသနာကြားလဲ ပြီးတာပဲ၊ ဆရာတော်ကြီးဆီ သွားရတယ်လို့" ဟု လျှောက်တော့ " ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် ပိုပြီး လေးနက်အောင်လို့လေ၊ နောက်ပြီး ကိုယ့်ကိုယ်ကို ဆုံးမလို့မနိုင်မှာစိုးတာလဲ ပါပါတယ်"တဲ့ အရှင်ဝါသေဋ္ဌ·က ပြောလိုက်သည် ။

ဦးပညာသီရိ·က ကျောင်းသား မောင်အောင်ကြီးကို သွားပြောသေး၏။ "ဘုရားလေးရာ ထန်းလျက်တွေက ဒို့ ကိုယ်တွေတော် စားဖို့ ထားတာကွ၊ ဒို့ ဆိုရင်တော့ မင်းပြောရင်တော်သေး ခုတော့ မင်းက တကယ့် ဦးပဉ္စင်းမှ သွားပြောရတယ်လို့"။

"သူက တကယ့် ဦးပဉ္စင်းဆိုတော့ အရှင်ဘုရားတို့က တကယ့် ဦးပဉ္စင်း မဟုတ်ဘူးပေါ့"
ဟု ကျောင်းသား အောင်ကြီးက ပြန်ပက်လိုက်တော့သည်။

"အေး တော်ပြီကွာ မင်းကိုတော့ ငါ အရှုံးပေးပြီ"
ဟု ဆိုကာ ဦးပညာသီရိ ကျောင်းသားနားက ဆုတ်ခွါသွားတော့သည်။

ဤသည့် ဖြစ်ရပ်သတင်းကား တမူဟုတ်ခြင်း မဟုတ်သော်လည်း မကြာမတင် တစ်ပတ်အတွင်းမှာပင် အဘယာရာမကျောင်းတိုက်အတွင်း ပြန့်နှံ့သွားတော့၏။ ဤသို့ ပြန့်နှံ့သွားသဖြင့် အရှင်ဝါသေဋ္ဌ·အား သီတင်းသုံးဘော် ရဟန်းသံဃာတော်များက ပင်ကိုယ်ကပင် ပညာကြောင့် အားကျ,သမာဓိကြောင့် လေးစား,သီလကြောင့် ကြည်ညိုရင်း ရှိကြရာ ယခုအဖြစ်အပျက်ကြောင့် ယခင်က ထက်ပင် အားကျ,လေးစား,ကြည်ညို,ခင်မင်ကြတော့သည်။

ဤ အဖြစ်အပျက်ကို ကြည့်၍ သုံးသပ်မည်ဆိုလျှင် သပြေကန်ဆရာတော်လောင်းလျာ အရှင်ဝါသေဋ္ဌသည် မိမိ၌ အမှတ်တမဲ့သင့်ရောက်သော အပြစ်(အာပတ်)ကို ဖုံးလွှမ်းမထားဘဲ ခဏခြင်းပင် လေးလေးနက်နက် ဒေသနာကြား ကုစားသောကြောင့် အလင်္ကာအဖြစ်မှ ကင်းလွတ်ပြီး မကောင်းမှုမှ ရှက်တတ်သူ "လဇ္ဇီ" ဂုဏ် ၊ထိုအပြုအမူဖြင့်ပင် မိမိ၏ ဖြူစင်သော သီလကို ချစ်မြတ်နိုးရကား "ပေသလ" ဂုဏ် ၊ မိမိ ကျင့်ဝတ်သိက္ခာ၊ သူတပါးတို့ ကျင့်သိက္ခာတို့ကို လိုလားသူ ဖြစ်ရကား "သိက္ခာကာမ" ဂုဏ်တို့နှင့် ပြည့်စုံရာ ရဟန်းကောင်းတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသောကြောင့် တကယ်လေးစားကြည်ညိုထိုက်သော ရဟန်းကောင်းတစ်ဆူ ဖြစ်တော့သည် မဟုတ်ပါလား။

ဤသည့် အဖြစ်နှင့် သဘော ခပ်ဆင်ဆင်တူသော ကြည်ညိုဖွယ်ရာတစ်ခုကိုလည်း တင်ပြချင်ပါသေး၏။ ဤ ကြည်ညိုဖွယ်ရာကား အရှင်ခေမာစာရ ပြောပြသော ကြည်ညိုဖွယ်ရာပါ။ အချိန်အားဖြင့် (၁၃၅၇)ခုနှစ်က ဖြစ်ပါမည် ၊ သပြေကန်ဆရာတော် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၌ ပဓာနနာယကအဖြစ် သီတင်းသုံးနေပြီ၊ ဌာနကား ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၌ပင်၊ တစ်နေ့သော ညနေသုံးနာရီလောက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ လမ်း(၄၉)အောက်လမ်းနေ သဒ္ဓါတရား အလွန်ကောင်းသည့် ဦးမျိုးအောင်ဆိုသည့် ဒါယကာတစ်ဦး ရောက်လာ၏။ လက်ထဲမှာလည်း သင်္ကန်းတစ်စုံနှင့် အခြားလှူဒါန်းဖွယ်ရာလည်း ပါလာသည် ၊ ထိုသူသည် ဆရာတော်အား ရိုသေစွာဝတ်ချပြီး နောက် "တပည့်တော်ရဲ့ အဖေ ဦးတိုးစိန် ကျန်းမာရေးအတွက် ဆရာတော်ကို သင်္ကန်းလာလှူပါသည် ဘုရား၊ အဖေ့ကို ငဲ့သောအားဖြင့် ဆရာတော် ဒီသင်္ကန်းကို ဝတ်ရုံတော်မူပါဘုရား" ဟု လျှောက်ထား၏ ။ ဆရာတော်သည် ကရဏာကြီးမားရုံမျှမက သဒ္ဓါတရားကို ငဲ့၍ "အေး ငါ ခုပဲဝတ်မယ်" ဟု မိန့်တော်မူကာ အလှူရှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရန်သာ စိတ်စောဖြင့် အမှတ်တမဲ့ ဝတ်မည်ပြုသောအခါ အနီးတွင်ရှိသော တိုက်အုပ်ဘုန်းတော်ကြီး ဦးခေမာစာရ က "ဆရာတော် ကပ္ပဖိန္နု ထိုးပြီးပါပြီလား ဘုရား" ဟု မေးလျှောက်သည့် ပုံစံဖြင့် သတိပေးလိုက်၏၊ ထိုအခါမှ ဆရာတော်က "တော်သေးရဲ့၊ တော်သေးရဲ့

အပြစ်ရောက်တော့မလို့''ဟု မိန့်တော်မူကာ သင်္ကန်းကို ဝိနည်းကံအရ ပရိက္ခာရစောင့် အဓိဋ္ဌန်တင်၍ ဘောပလ် ယူခိုင်းကာ ကပ္ပဗိန္ဒုထိုးပြီးမှ ဝတ်ရုံတော်မူသည်။

ထိုနေ့သည် ကိုးနာရီခွဲကျော် အချိန်လောက်တွင် ဆရာတော်သည် အင်တာကွန်း(စကားပြောစက်)ဖြင့် ''ဦးခေမာ လာခဲ့ပါဦး''ဟု လှမ်းခေါ်သည်၊ ဘုန်းကြီး ဦးခေမာသည် ဆရာတော် နေထိုင်များ မကောင်းလို့လား ဘာကိစ္စများ ရှိလဲလို့ဟူသော အတွေးစိတ် စိုးရိမ်စိများဖြင့် ကဗျာကယာသွားခဲ့သည်။ ''တပည့်တော်ခေမာ ရောက်ပါပြီ ဘုရား၊ ဆရာတော် ဘာကိစ္စရှိပါသလဲဘုရား''၊ လျှောက်ထားတော့-

.''အဲ နွေခင်းက ကိစ္စလေး အမှတ်ရလို့ပါ''၊

''အမိန့်ရှိပါဦး ဘုရား''

''နွေခင်းက သင်္ကန်းဝတ်မယ်လုပ်တော့ ဦးခေမာ သတိပေးလို့ ဘုန်းကြီး အပြစ်မရောက်တာ၊ သတိမပေးရင် အပြစ်ရောက်တော့မယ်၊ ဒါလေး ပြောချင်လို့၊ ဆရာတပည့် ဆိုတာ အဲလို စောင့်ရှောက်မှ တာဝန်ကျေတာ၊ ဦးခေမာ တာဝန်ကျေပါတယ်၊ အချို့က မကြောက်ရမယ့် နေရာမှာ ကြောက်နေတတ်တယ်၊ ကြောက်ရမယ့် နေရာကျတော့ မကြောက်ဘူး''ဟု မိန့်တော်မူကာ ''ရော့ ဒါလေး အလှူခံသွားဦး''ဟု ခေါင်းရိပ်စက်လေးတစ်ခု ချီးမြှင့်လိုက်သည်။

ထို ခေါင်းရိပ်စက်လေးကား ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ ဂျာမနီနိုင်ငံမှ အပြန် လှူထားသော ခေါင်းရိပ်စက်လေးဖြစ်၏၊ ဆရာတော်နှင့် လည်း အသုံးဝင်နေ၏၊ ရှားပါး၏၊ တန်ဖိုးကြီး၏၊ ဆရာတော်မှာလည်း သည်တစ်ခုတွင်သာရှိ၏၊ တိုတို ပြောရလျှင် စွန့်လွှတ်နိုင်ခဲသော ပစ္စည်းကို စွန့်လွှတ်ခြင်းသာဖြစ်၏။

ဆရာတော်၏ ဤသို့ စွန့်လွှတ်နိုင်ခဲသော ပစ္စည်းကို စွန့်လွှတ်ခြင်းသည် ဝိနယဂရုကဖြစ်သော မိမိအား ဝိနည်းပြစ်ရောက်မည်ကို မရောက်အောင် သတိပေးသောတပည့်အား ကျေးဇူးတုန့်ပြန်သောအားဖြင့် ချီးမြှင့်ခြင်းသာဖြစ်သည်၊ အကယ်၍ ဝိနယဂရုကမဟုတ်သော ပုဂ္ဂိုလ်တစ်ဦးဦးအား လူရွေ့သူရွေ့ မိမိအောက် အဆင့်အတန်းနိမ့်သော သူတစ်ယောက် ထိသို့ သတိပေးမည်ဆိုလျှင်''မင်း နားမလည်ဘဲနဲ့ လာမရှုပ်စမ်းပါနဲ့ကွ''ဟု ငေါက်ငမ်းမည်မှာ သေချာပါသည်။

ဤသည်ကို ကြည့်၍ ဘုရားရှင်လက်ထက်တော် အခါက အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးနှင့် ခုနစ်နှစ် အရွယ် သာမဏေငယ်တို့၏ ဓာတ်လမ်းကို သတိရမိပါတော့သည်၊ အရှင်သာရိပုတ္တရာအရှင်မြတ်ကြီးဆိုသည်မှာ ဘုရားရှင်၏ လက်ယာတော်ရဲ့ ပညာအရာ စတဒက်ဘွဲ့ခံသည့် အဂ္ဂသာဝကအရှင်မြတ်ကြီးပင်၊ ထိုအရှင်မြတ်ကြီးသည် တစ်နေ့တွင် သတိမထားမိဘဲ သင်္ကန်းဝတ်ရုံရာ တစ်ဖက်စွန်း ထွက် မညီမညာဖြစ်၍ သင်္ကန်းစမှာ မြေကြီးသို့ တိုက်နေ၏။ ထိုသို့ဖြစ်သည်ကို ထိုနေ့၌ပင် ရှင်ပြုသော ခုနစ်နှစ်သား အရွယ် သာမဏေငယ်လေးက မြင်၍ ''အရှင်ဘုရား အရှင်ဘုရား၊ သင်္ကန်းဝတ်တာ မညီမညာဖြစ်ပြီး မြေကြီးမှာ တိုက်နေပါသည်၊ ကြည့်၍ မတော်ပါ၊''ဟု လျှောက်ထားလိုက်၏၊ ဒီတော့မှ အရှင်သာရိပုတ္တရာအရှင်မြတ်ကြီး မိမိ သတိမမူမိဘဲ ဝတ်ရုံ၍ မညီမညာဖြစ်နေသည်ကို သိမြင်သွားရာ လျှောက်ထားသော သာမဏေငယ်အား ကျေးဇူးတင်ကာ သင်္ကန်းကို ကျကျနနပြင်ဆင်ဝတ်၍ သာမဏေငယ်လေးထံသွားပြီး အရိုအသေပြုကာ ''အို အရှင်သာမဏေ ဤမျှဖြင့် သင့်တင့်ကျေနပ်ပါပြီလား''ဟု ဆရာတင် လျှောက်ထားလိုက်ပါတော့သည် ။

ဤမျှသာမကသေး အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးသည် '' ထိုနေ့မှ ရှင်ပြုသော ခုနစ်နှစ်အရွယ်သာ ရှိသေးသော သာမဏေငယ်လေးသည် ငါ့ကို အကယ်၍ ဆုံးမဩဝါဒမပေးခဲ့၊ ထို အဆုံးအမကို ဦးခေါင်းထိပ်၌ ခံယူပါအံ့၊''ဟု ဥဒါန်းကျူးခဲ့သေးသည်။ ဤသည်တို့ကို ကြည့်လျှင် အရှင်သာရိပုတ္တရာအရှင်မြတ်ကြီး၏ သဘောထား ခံယူချက်နှင့် သပြေကန် ဆရာတော်၏ သဘောထား ခံယူချက်တို့ တူမျှသည်၏ အဖြစ်ကို မှန်းဆကြည်ညိုရပါ၏ ။

အရှင်သာရိပုတ္တရာအရှင်မြတ်ကြီးနှင့် သပြေကန် ဆရာတော် တို့ တူမျှပုံကား ဤမျှသာ မဟုတ်သေးပါ၊ အရှင်သာရိပုတ္တရာအရှင်မြတ်ကြီး ပညာဉာဏ်ကြီးသည်၏

အဖြစ်ကြောင့် အဘိဓမ္မာဆောင် ရဟန်းတော်များမှ အစ ထား၍ ပညာလိုလားသော ရဟန်းတော်များ ဇေတဒဂ် ငါးဘွဲ့ရ ဓမ္မဘဏ္ဍာဂါရိကဖြစ်သည့် အရှင်အာနန္ဒာမထေရ် မြတ်တို့ပင် အားထားကြသလို ယနေ့ခေတ်မှာ ပညာဉာဏ် ကြီးမားသော သပြေကန် ဆရာတော်မြတ်ကြီးကို ပညာရှင် များ၊ သုတဂဝေသီများ အားထားကြ၏၊ ပြဿနာနှင့်စပ်၍ ဝိနိစ္ဆယနှင့်စပ်၍ မေးကြမြန်းကြ၏၊ အထူးသဖြင့် တိပိဋကဓရ, ဓမ္မဘဏ္ဍာဂါရိက အရှင်မြတ်တို့ပင် မေးကြ မြန်းကြ အားထားကြ၏၊ ဤသို့ပညာရှင်များ အားထားမှုချင်း တူရကား သပြေကန်ဆရာတော်ကား အရှင်သာရိပုတ္တရာ အလားဟုပင် ဆိုလိုက ဆိုနိုင်ပါသည်။

ပညာရှင်တို့ အားထားခံရပုံချင်း တူသည်သာ မဟုတ်သေးဘဲ မိမိတို့ ဆရာအပေါ်၌ သဒ္ဓါတရားထားပုံခြင်း တူမျှသည်ကိုလည်း သုံးသပ်၍ ရနိုင်ပါသေးသည်၊ အရှင် သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည် မိမိ၏ဆရာ ဘုရား မြတ်စွာ၏ ဂုဏ်တော်တို့ကို အမျိုးမျိုးနှိုင်းယှဉ် ချီးကျူး ပူဇော်ခဲ့သကဲ့သို့ပင် သပြေကန်ဆရာတော် အရှင်မြတ်ကြီး သည်လည်း မိမိ၏ဆရာ အာဘယာရာမဆရာတော်ကြီး၏ ဂုဏ်တော်တို့ကို "အာဘယာရာမိကဂုဏ်ရည်" စသော ကျမ်း စာများဖြင့် ဖော်ထုတ်ချီးကျူး ပူဇော်ခဲ့ပါသည်။

တစ်နည်း ထုတ်ဖော်ရဦးမည်ဆိုလျှင် အရှင်သာရိ ပုတ္တရာမထေရ်မြတ်ကြီးသည် ပညာရှင်အစစ် သူတော် ကောင်း ဇကန်ဖြစ်သောကြောင့် ဂါရဝ,နိဝါတအရာမှာလည်း စံထားရာဖြစ်၏၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ရဟန်းအဖြစ်ရခြင်း၊ သစ္စာလေးပါးတရားကို သိရခြင်းကား ပဉ္စဝဂ္ဂိငါးဦးတို့တွင် အရှင်အဿဇိမထေရ်မြတ်နှင့် စပ်၏၊ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး၏ လောကုတ္တရာနှင့် စပ်၍ ပထမဆုံး ဆရာကား အရှင်အဿဇိပင်ဖြစ်၏၊ အရှင်သာရိ ပုတ္တရာကိုယ်တော်မြတ်ကြီးသည် သာသနာတော် မှာ အထင်အပေါ်ဆုံးဖြစ်၍ ဇေတဒဂ်ဘွဲ့ရ အဂ္ဂသာဝကကြီး ဖြစ်သော် လည်းပညာဉာဏ်ကြီး၍ ဂရုဂါရဝကြီးသည် အားလျော်စွာ ညဉ့်ကျိန်းစက်တော်မူတိုင်း အရှင်အဿဇိ မထေရ်မြတ်ရှိရာ အရပ်ဖက်ကို မျက်နှာမူ မှန်းမျော် ရှိခိုးပြီးမှ ကျိန်းစက် အနားယူတော်မူသည်။

ဤနည်းတူပင် ပညာရှင်ဖြစ်သော သပြေကန် ဆရာတော် အရှင်မြတ်ကြီးသည်လည်း ဂါရဝ,နိဝါတတရား ကို အထူးဂရုပြုကျင့်သုံးတော်မူ၏။ သပြေကန်ဆရာတော် အရှင်မြတ်ကြီး မိန့်ကြားတော်မူဖူးသည်မှာ "ပညာရှင်ဆိုတာ ပညာက ညွှန်ပြသည့် အတိုင်းကျင့်မှ ပညာရှင်လို့ ဆိုနိုင်တယ်၊ မကျင့်ဘူးဆိုရင်တော့ ပညာရှင်လို့ ဆိုရမယ့် အစား သညာရှင်လို့သာ ဆိုထိုက်တယ်" တဲ့၊ သပြေကန်

"ပဏ္ဍိတာနံ မလံ မာနော" ပညာရှင်တို့၏
အညစ်အကြေးကား မာနဟုဆိုကြရာ
ထို မာန အညစ်အကြေး
ကင်းနေသော
ပညာရှင် သပြေကန်ဆရာတော်မှာ
ဂုဏ်ရိုသူတို့ထက်
ဂုဏ်ရိုသူ ဂုဏ်ကြီးသူပင် ဖြစ်ပါတော့၏

ဆရာတော်သည် အသိပညာက ညွှန်ပြသည့်အတိုင်း ဂါရဝ, နိဝါတတရားတို့ကို ကျင့်သုံး၏ ၊ ထို့ကြောင့်ပင် ဖြစ်မည် ထင်သည်၊ ဆရာတော်တစ်ပါးသည် ရန်ကုန်မြို့မှ ပညာ လည်းရှိ အနေအထိုင်လည်းကောင်း ကျော်စောကိတ္တိလည်း အလွန်အမင်းရှိသည့် ဆရာတော်တစ်ပါးကို အလွန်ကြည်ညို ၏၊ မျက်မှောက်ခေတ် သံဃာတော် ဆရာတော်များတွင် ၄င်းဆရာတော်ကို အကြည်ညိုဆုံး နံပါတ်(၁)ဟု ဆို၏၊ နောက်တွင် ထိုဆရာတော်သည် သပြေကန် ဆရာတော်နှင့် တွေ့ဆုံရရာ သပြေကန်၏ ဂါရဝ,နိဝါတတို့ကို တွေ့ရ၍ ၄င်း၏ နံပါတ်(၁)ဆရာတော်သည် အလိုလိုပင် နံပါတ်(၂)

အဆင့်သို့ ရောက်သွားတော့သည်၊ သပြေကန် ဆရာတော်သည်သာ နံပါတ်(၁)ဖြစ်သွားသည်ဟု မိန့်တော်မူ၏ ။

သပြေကန်ဆရာတော် နံပါတ်(၁)ဖြစ်ထိုက်ကြောင်းကို စာရေးသူအနေဖြင့် တင်ပြပါရစေ၊ အချိန်ကား ၁၃၄၆-ခုနှစ်ခန့် ဝါတွင်းကာလဖြစ်သည်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကုန်းသာရွာ ဆရာတော် အရှင်ပညဝါကား ဝါအားဖြင့် သပြေကန်ဆရာတော်ထက်(၂-၃)ဝါခန့်ကြီးပါ၏၊ သို့သော် သပြေကန် ဆရာတော်၏ တပည့်ပါ၊ မန္တလေးအဘယာရာမနေစဉ်က သပြေကန်ဆရာတော်ထံ စာလိုက်ခဲ့ဖူး၏ ၊ လိုက်ဖူးရုံ လေ့လာရုံမျှ မဟုတ်၊ နှစ်ကျမ်းသုံးကျမ်း ပေါက်အောင် လိုက်ခဲ့ဖူး၏ ၊ နောက်တွင်လည်း တရားဟောဖို့ ဂါထာရေးရပေးခြင်း စသည်ဖြင့် သပြေကန် ဆရာတော်က တပည့်တစ်ဦးအဖြစ် အမြဲပင် ချီးမြှောက်ရသည်၊ ထို မြောင်းမြကုန်းသာဆရာတော် ဦးပညဝါ-သည် ၁၃၄၆-ခုနှစ်တွင် မျက်စိခွဲစိပ် ကုသခံယူရန် သပြေကန် ဆရာတော်ကိုပင် မှီခို၍ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၌ ဝါဆိုရ၏။ တစ်နေ့တွင် သပြေကန်ဆရာတော်မှာ သပြေကန်သို့ နေ့ချင်းပြန်ကြွရန် ကိစ္စပေါ်လာ၏၊ ထို အချိန်က သန်လျင်ရန်ကုန်တံတားက မပြီးသေး။ ထို့ကြောင့် သပြေကန်သို့ တိုက်ရိုက်သွားမရဘဲ၊ သဘော်တစ်တန် ကားတစ်တန် ဖြင့်သွားရသော အချိန်ဖြစ်၏၊ သပြေကန် ဆရာတော်သည် နံနက်စောစော အရဏ်ဆွမ်း ဘုဉ်းပေးအပြီး အငှား ကားကလဲ ရောက်လာ သဘော်မမီမှာလည်း စိုးရိမ်စိတ်ကြောင့် ဆရာတော် ဦးပညဝါ-ကို အမှတ်မရဘဲ အလျင်အမြန် သွားခဲ့သည်။ ညနေ သပြေကန်က ပြန်လာတော့ မိမိနေရာသို့ မသွားသေးဘဲ ဆရာတော် ဦးပညဝါ ရှိရာ ကျောင်းဆောင်သို့ ကြွလာကာ မိမိတပည့်ဖြစ်သူ ဦးပညဝါ အား ကျကျနန ရှိခိုးဦးချ၍ "တပည့်တော် နံနက်က တပါးတခြားကို နှလုံးသွင်းမိလို့ ခွင့်မပန်ဘဲ ဖြစ်သွားပါတယ်၊ မထီမဲ့မြင် သဘောဖြစ်သွားပါတယ်၊ တပည့်တော် စိတ်မကောင်းပါဘူး၊ တောင်းပန်ပါတယ်၊ နောင်လဲ ဒါမျိုး မဖြစ်ရအောင် သတိထားပါ့မယ်"ဟု မိမိကိုယ်ကို နှိမ့်ချကာ ဂါရဝ, နိဝါတ တရားဖြင့် လျှောက်ထားတော့၏၊ဆရာတော်ဦးပညဝါမှာ တောင်းပန်လျှောက်ထားသူက မိမိ၏ ဆရာဖြစ်ရုံမျှမက ကိုယ်က မှီခိုနေရသူလည်းဖြစ် အသက်နှင့် ဝါမှလွဲ၍ အရာရာမှာ ကိုယ့်ထက် ဂုဏ်ရိုနိုး မြင့်မားသူက တောင်းပန်နေ၍ အားလဲအားနာ မျက်နှာလဲ မထားတတ်ဖြစ်ခါ "ရပါတယ် ရပါတယ် ကိစ္စမရှိပါဘူး ကိစ္စမရှိပါဘူး" ဟူသော စကားသာ တွင်တွင်ပြော၍ နေတော့သည်၊ သပြေကန်ဆရာတော်၏ ဂါရဝ,နိဝါတ,နိမာနမျိုးကား ရှာမှရှားသော ဂုဏ်ကြီးပင် ၊ခမ္မကထိကဆရာတော်များထဲမှ ကြားနာဖူးသည့်အတိုင်း သုံးသပ်ရလျှင် "ပဏ္ဍိတာနံ မလံ မာနော" ပညာရှင်တို့၏ အညစ်အကြေးကား မာနဟုဆိုကြရာ ထို မာန အညစ်အကြေး ကင်းနေသော ပညာရှင် သပြေကန် ဆရာတော်မှာ ဂုဏ်ရှိသူတို့ထက် ဂုဏ်ရှိသူ ဂုဏ်ကြီးသူပင် ဖြစ်ပါတော့၏။

ဆရာတော် ဦးပညဝါသည် သပြေကန်ဆရာတော်၏ ဂါရဝ,နိဝါတ,နိမာနကြီးမား၍ ပညာရှိသူတော်ကောင်းဖြစ်၍ မိမိ ကိုယ်တွေ့ကို သံဃာ့ပရိသတ်ကို သြဝါဒ ပေးရသည့်အခါတိုင်း အတုယူစရာ, ကြည်ညိုစရာ, မှတ်သားစရာ,လိုက်နာစရာ,ဂုဏ်ယူစရာအဖြစ် သြဝါဒပေးလေ့ရှိပါ၏ ။ သြဝါဒပေး အဆုံးသတ်ဝယ် " သပြေကန်ဆရာတော်ကို ဂါရဝ,နိဝါတအရာဖြင့် ကြည့်လျှင်လည်း အရှင်သာရိပုတ္တရာ၏စိတ်ဓာတ်နှင့် တထပ်တည်းကျသည်၊" ဟု မိန့်ကြားကာ သြဝါဒကို အဆုံးသတ်လေ့ ရှိပါသည်ဟု ကြားဖူးနေပါသည်။

ဤသည်တို့ကို နှိုင်းယှဉ်ထောက်ထားက သပြေကန် ဆရာတော်အရှင်မြတ်ကြီးကို "သာရိပုတ္တရာအလား ဒို့ဆရာတော်ဘုရား"ဟု စာရေးသူ၏ ဉာဏ်အမြင်မှာ ထင်လာ၍ ဂုဏ်တင် ပူဇော်လိုက်ရပါသတည်း။

သပြေနွယ်။

စာအိတ်မပါ ကလစ်ဖြင့်သာ တွဲထားသည့် ဖိတ်စာ ဝါဝါလေးတစ်စောင်
ဖတ်ကြည့်လိုက်တော့
ပုဇွန်တောင်၊ ရွှေကျင်ကျောင်းတိုက်၊ သာသနပါလက အဖွဲ့က ပေးပို့လိုက်သည့်
"သပြေကန် ဆရာတော်ကြီး (၁၁) နှစ်မြောက် ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲ" ဖိတ်စာ

အမြတ်များများကြီးရလိုက်သည့် ပွဲ

ဖိုးပြုံး

ဤဖိတ်စာလေး ကြည့်မိကာမှ အဘိဧမဟာရဋ္ဌဂုရု+ ရွှေကျင် နိကာယဥပဥက္ကဋ္ဌ +ကျမ်းပြုအကျော်သပြေကန်ဆရာတော် အရှင်မြတ်ကြီး လွန်တော်မူသည်မှာ (၁၁)နှစ်တောင် ရှိပါ ပေါ့လား ဆယ်စုနှစ်တစ်ခုတောင် ကျော်ပါပေါ့လားဟု သတိထားမိတော့သည်။

ဘာသာရေးမဂ္ဂဇင်းများ, စာစောင်များတွင် သပြေကန်ဆရာတော်၏ ကြည်ညိုဖွယ်ရာ ဂုဏ်များ ထူးခြားသည့် ပါရမီရှင်,စံပြုထိုက်သည့် သီလဝန္တပုဂ္ဂိုလ်,ပညာနှင့် စပ်၍ သပြေကန်မှာ သူလိုကိုယ်လို သာမန် လက္ခဏာရှင် မဟုတ်ဘဲ ထူးခြားသည့် လက္ခဏာရှင်ဖြစ်ကြောင်း ဖော်ပြကြသည်များကို မကြာ မကြာ တွေ့နေရ၍ လွန်တော်မူသည်မှာ မကြာသေးဟု စိတ်ထဲမှာ မှတ်ထင်နေခဲ့သည်။

ပူဇော်ပွဲရက်က "ပြည်ထောင်စုနေ့" သွားရောက် ရန်ဟု မိမိဒိုင်ယာရီမှာ မှတ်ထား လိုက်သည်၊ နီးခါမှ လူမှုရေးမကင်းသူ, စီးပွားရေး မကင်းသူများထံမှ မင်္ဂလာဆောင် ဖိတ်စာ,မွေးနေ့ဆွမ်းကျွေးဖိတ်စာ,အိမ်သစ်တက် ဖိတ်စာဟူသည့် ဖိတ်စာများက အလျှို့ အလျှို့ရောက်လာ ပြန်တော့သည်။

ဘယ်လိုလုပ်ရပါ့မလဲ၊ မကင်းတတ်သူ မကင်းနိုင် သူချည်းများဖြစ်၍ အခက်ကြုံတော့ သည်၊ စာရေးသူ အတွေးကြောင့် ခေါင်းချာချာလည်နေပြီလား မသိ၊ ဤတွင် စာရေးသူ၏ ငယ်ဆရာ ဆုံးမခဲ့သော အဆုံးအမများက ခေါင်းထဲတွင် ရောက်လာသည်၊ "လောကဝတ်ကို မချုတ်နှင့် ဓမ္မဝတ်ကို မလွတ်နှင့်"တဲ့ "အမြတ်များများရမည့် အလုပ်ဟာ မဖြစ်မနေလုပ်ရ မည့် အလုပ်ကွ၊ အမြတ် နည်းနည်းသာရမည့်အလုပ်ဟာ ပြုခွင့်ကြုံမှ ပြုရတယ်" "အမြတ် များများရမည့်အလုပ်ကို ဦးခေါင်းဝန် ပခုံးဝန်လို့ သဘောထား၊ အမြတ်နည်းနည်းသာရမည့် အလုပ်ကိုတော့ လက်ဆွဲဝန်လို့ သဘောထား"တဲ့ စာရေးသူ ဆုံးဖြတ်ချက်ချနိုင်ပါပြီ။

သပြေကန်ပူဇော်ပွဲကို သွားလျှင် သပြေကန်ဆရာတော်ကား ကိလေသာခေါင်းပါးအောင် ကျင့်သောဆရာတော်ဖြစ်၍ ကိလေသာခေါင်းပါးသူတို့ကို ဖူးမြင်ရခြင်းသည် ရခဲသော ကောင်းမှုတစ်ခု၊ ထို့အတူ ကိလေသာခေါင်းပါးသူ ကိလေသာမရှိသူတို့၏ ဂုဏ်ကိုပူဇော်ရခြင်းသည်လည်း ရခဲ့သော ကောင်းမှုတစ်ခုပင်၊ ထိုမျှမကသေး ဆရာတော်ကြီး၏ဂုဏ်ကို ထုတ်ဖော်ပူဇော်ကြမည်ဖြစ်ရာ မိမိမသိရှိသေးသော ဂုဏ်ရည်များကိုလည်း သိရှိနိုင်ရကား သာသနာတော်နှင့် သံဃာတော်များ ဆရာတော်ကြီးကိုပါဝိုမိုး၍ သဒ္ဓါတရားတွေ ဖြစ်ပွားနိုင်မည်သာမက ဗဟုသုတတွေ တစ်ပွေ့တစ်ပိုက်ကြီး ရမည်ကား ဧကန်ပင်၊ ၎င်းအကြောင့် ပူဇော်ပွဲသွားခြင်းသည်သာ အမြတ်များများကြီး ရမည့် အလုပ် ဟု တိတိကျကျ သိရှိရရာ အခြားသူများကိုတော့ နောက်မှ အကြောင်းအကျိုးရှင်းပြကာ ကျေရာကျေကြောင်းတောင်းပန် ရတော့မှာပဲ၊ စောစောသွားလျှင် ဖြစ်နိုင်သော အိမ်သစ်တက်မင်္ဂလာသို့ ခဏသွားမည်၊ ပြီးလျှင် သပြေကန်ပူဇော်ပွဲသို့ သွားမည်ဟု ဆုံးဖြတ်ချက်ချပြီး စောစောထွက်ခဲ့သည်။

အခက်ကြုံရပြန်ပြီ၊ အိမ်သစ်တက်တွင် မိတ်ဟောင်း, ဆွေဟောင်း အပေါင်းအသင်းဟောင်းတွေနှင့် တွေ့နေသည်က တစ်မျိုး အိမ်ရှင်ကလည်း အာဟာရမသုံးဆောင်ဘဲ မပြန်ရဘူးဟူသော အကြပ်ကိုင်မှုက တစ်ဖုံနည်းအစုံစုံကြောင့် သပြေကန်ပူဇော်ပွဲ ရောက်မှ ရောက်ပါတော့မလား၊ ကမန်းကတန်းထွက်လာ၍ လက်ပွေ့အိတ်ကလည်း ပါမလာ၊ လက်ပွေ့အိတ်ပါလာလျှင် စားပြီးလျှင် စားပြီးခြင်း အငှားကားဖြင့် လစ်လျှင်ဖြစ်နိုင်သေး၏ နာရီကလည်း ရှစ်နာရီတောင်ထိုးတော့မည်၊ ပူဇော်ပွဲက ရှစ်နာရီခွဲတဲ့၊ စိတ်မောရပြန်ပါပြီ ၊" မြန်မြန်နဲ့ကျွေးလေဗျာ "စိတ်ထဲကပြောစကား နှုတ်ကထွက်သွားတော့သည်၊ "ဖြေးဖြေးပေါ့ဘာဖြစ်နေတာလဲ ရောက်ကတည်းက ဣန္ဒြေကို မရဘူးသိပ်ဆာနေပြီလား" ၊ ဟုတ်ပါ၏၊ စာရေးသူ ဆာနေပြီ၊ ပို၍ဆာသည်ကား ဝမ်းအတွက် ဆာနေခြင်းထက် နှလုံးသားအတွက် ဓမ္မအာဟာရ ဗဟုသုတအာဟာရတို့ကို ပို၍ဆာနေခြင်းပင် ဖြစ်သည်။ မီမှ မီပါတော့ မလားဟူသော စိုးရိမ်စိတ်ဖြင့် ?အာဟာရသုံးဆောင်ပြီးလျှင် ကပြာကရာပင် ထွက်လာခဲ့သည်၊ နောက်မှ အိမ်ရှင်အား နှုတ်မဆက်ဖြစ်ခဲ့သည်ကို သတိရကာ အားနာသလိုလို ရှက်မိသလိုလို ဖြစ်ရပြန်သည်၊ တော်ပါသေးရဲ့ လက်ပွေ့အိတ် မပါသော်လည်းအိတ်ထဲမှသော့ကိုစမ်းရင်း မေ့နေသော ငွေသုံးထောင်ကျပ်ကိုတွေ့ရ၍ ဝမ်းသာမိသည်၊ "ဟာ အတော်ပဲ အငှားကား စီးသွားလျှင် မိနိုင်တယ် "အငှားကား တစ်စီးကို နှစ်ထောင့်ငါးရာနှင့် ဈေးဆစ်ကာ ပူဇော်ပွဲ ပြုလုပ်ရာ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ခမ္မပါလခမ္မာရုံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ပြီ။

စာရေးသူရောက်ပြီး မကြာမြင့်မီပင် ပူဇော်ပွဲစသည်၊ ဆရာတော်ကြီး၏ မေတ္တာပို့စာတမ်း, တရားသည်သာ ၁၇,၁၈ယက် တရားတော်နှင့် စာရေး ဆရာချစ်စံဝင်း၏ "ရွှန်းပဝေလျှံ ကျွန်းမြသပြေကန်" စာအုပ်လေးများလက်ဆောင်ရသည် ဝမ်းသာပါဘိခြင်း။

ပူဇော်ပွဲတွင် စာရေးဆရာကြီး ချစ်စံဝင်းက "ရွှန်းပ ဝေလျှံ ကျွန်းမြသပြေကန်" ခေါင်းစဉ်ဖြင့် ဆရာတော်ကြီးဂုဏ်ရည်ကို ပူဇော်ရာ၊ နာကြားရသူ မိမိမှာယခင်က သတိမမူမိသော ဆရာတော်ကြီး၏ ဂုဏ်တို့ကို သိရှိရပြီး၊ သိရှိ သတိမူထားသော ဂုဏ်ရည်များမှာလည်း ဆရာကြီး၏ ပုံဖော်မှု ပီပြင်ခြင်းက အသစ်အဆန်း ပြန်လည်ဖြစ်စေသည်၊ ဆရာတော်ကြီး၏ နေထိုင်သီတင်းသုံးကျင့်ကြံပုံကို ပုံပေါ်အောင် ဖော်ပြနိုင်ရကား ဆရာချစ်စံဝင်းဟာ စာရေးကောင်းသူသာ မဟုတ်သေး၊ အကောင်းပြောလို့ အပြောကောင်းသူ ဖြစ်ကြောင်းကိုလည်း စာရေးသူ သတိမူမိပါသည်။

ထို့နောက် ဆရာတော်ကြီး၏တပည့်ရင်း ရွှေကျင်ကျောင်းတိုက် ပဓာနနာယကဆရာတော်က " ကြည်ညိုဖွယ်ရာ ဂုဏ်ဖြာဖြာ" ခေါင်းစဉ်ဖြင့် ပူဇော်ဟောကြားသည်မှာကား မှတ်သားဖွယ် အချက်ချက်နှင့် ပြည့်နှက်နေသည်ဟု ဆိုရမလားဘဲ၊ နိုင်းခိုင်းလိုက်တဲ့ ဥပမာများကလည်း ပြောင်မြောက်လှသည်၊ "ဆီးစေ့နှင့် မြင့်မိုရ်တောင် မဟုတ်သေး၊ ပရမာဏုမြူနှင့် မြင်းမိုရ်တောင်"တဲ့၊ "နွားခြေရာခွက်ထဲက ရေနှင့်သမုဒ္ဒရာရေ မဟုတ်သေး၊ နှင်းမှုန်လေးတစ်မှုန်နှင့် သမုဒ္ဒရာလေးစင်းမှာ ရှိတဲ့ရေ"တဲ့၊ အထူးမှတ်သားစရာကောင်းသည်ကတော့ ကြည်ညိုအပ် ကြည်ညိုထိုက်သည့်

ရဟန်းကောင်း ရှင်ကောင်းတို့၊ တိုင်းတာနိုင်ရန် ပေတံကိုလည်း ထုတ်ပြသည်၊ ထို ပေတံက-

(၁) အပိစ္ဆတာ-ပစ္စည်းလေးဖြာမှာ အလိုနည်း ရမည်။

(၂) သန္တုဋ္ဌိတာ -ကောင်းကောင်းဆိုးဆိုး ရတတ်သမျှ ပစ္စည်းနှင့် ရောင့်ရဲလွယ်ရမည်။

(၃) ပဝိဝေကတာ -ကိလေသာအာရုံနည်းရာ ဆိတ်ငြိမ်ရာသို့ ကပ်နိုင်ရမည်။

(၄) အာရဒ္ဓဝီရိယတာ-ရဟန်းအလုပ်ကို ကြိုးကြိုးပမ်းပမ်းအားထုတ်ရမည်။ တဲ့၊

ဤပေတံ လေးပိုင်းနှင့် ဆရာတော်ကြီးကို တိုင်းတာပြသွားသည်မှာ နာကြားရသူမှာ နားမဝနိုင်သလို သဒ္ဓါတရားတွေလည်း တက်ကြွရပါတော့သည်။

ရွှေကျင်ကျောင်းတိုက် သာသနပါလက အဖွဲ့ဥက္ကဋ္ဌကြီး သီဟသုဓမ္မမဏိဇောတဓရ ဦးခင်လှ က "ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲပြုလုပ်ရခြင်းအကြောင်း" ပြောကြားရာ၌ကား ရည်ရွယ်ချက် အလွန်မြင့်မား၍ နည်းယူအားကျစရာ ကောင်းလိုက်တာဟုပင် သုံးသပ် မိပါတော့သည်၊ ဥက္ကဋ္ဌကြီးပြောကြားချက်မှ အနည်းငယ် ဖော်ပြရလျှင် ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲ ပြုလုပ်ရခြင်း အကြောင်းမှာ-

(၁) ကျနော်တို့ တကာတကာမများ ကုသိုလ်တရားတိုးပွားစေရေး။

(၂) ကျေးဇူးသိတတ် ကျေးဇူးဆပ်တတ်သော တရားကောင်းများ နောင်လာနောင်သားများထဲ လက်ဆင့်ကမ်းအပ်နှံ၍ သူတို့တတွေ သယ်ယူသွားနိုင်ရေး။

(၃) ဆရာတော်ကြီးလို သီလ,သုတ စွယ်စုံ ပြည့်ဝသော ရှင်ကောင်း ရဟန်းကောင်းများ ဖြစ်ထွန်းထွက်ပေါ်လာနိုင်ရေး။

(၄) ထိုရှင်ကောင်း ရဟန်းကောင်းများကို အမှီပြု၍ သာသနာတော် အစွန့်ရှည်ကြာ တည်တံ့ရေး။

(၅) သပြေကန်ဆရာတော်ကြီး၏ အဆိုအမိန့်ဩဝါဒများ လောကလူသားတို့အလယ် ပြန့်နှံ့၍ ယဉ်ကျေးသိမ်မွေ့သည့် လူ့ဘောင်သစ်ကြီး တည်ဆောက်နိုင်ရေး။

တို့ပင် ဖြစ်ကြောင်းနှင့် ပူဇော်ပွဲမှာ စည်းကမ်း,မူ,ဘောင်အတွင်းမှ သာသနာအတွက် ဓမ္မအတွက် အရှုံးမပါ အမြတ်သက်သက်ချည်းဖြင့်သာ ပြုလုပ်နိုင်ခဲ့ကြောင်းများနှင့်နောက်နောင်နှစ်များတွင်လည်း ဤကဲ့သို့ ပြုလုပ်ပူဇော်ကြမည်ဖြစ်ကြောင်းကိုလည်း ပြောကြားသွားသည်။

ပူဇော်ပွဲသို့ သာသနာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုလည်း တက်ရောက်ပူဇော်ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထား၏၊ ထိုသို့ လျှောက်ထားရာတွင် နိုင်ငံတော်အနေဖြင့် သာသနာရေးကို ယခင်ကထက် အားပေးချီးမြှောက်နေကြောင်းကိုလည်းကောင်း ၊ မြန်မာ့တောင်ပေါ်မြေပြန့်သာမဟုတ်သေး၊ ကမ္ဘာနှံ့အောင် သာသနာပြန့်ရေးကို ကြိုးစားနေကြောင်းကိုလည်းကောင်း အထောက်အထားနှင့် တကွဖော်ပြထည့်သွင်း ပြောကြားသွားပါ၏၊ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်အနေဖြင့်လည်း သာသနာတော် သန့်ရှင်း, တည်တံ့,ပြန့်ပွားရေးအတွက် အားကိုးအားထား ပြုရသောကျောင်းတိုက်ကြီးများတွင် တစ်တိုက်အပါအဝင် ဖြစ်ကြောင်းကို နောက်ခံသမိုင်းနှင့် လက်ရှိအခြေအနေများကို သုံးသပ်၍ ထည့်သွင်း ပြောကြားသွားပါသည်၊ ဤပူဇော်ပွဲနှင့်စပ်၍ ဂုဏ်ရည်မှန်းဆပူဇော်ပွဲ ပြုလုပ်ခြင်းမှာ သာသနာတော်အတွက်ရော လောကအတွက်ပါ နမူနာကောင်းများရရှိပြီး နောင်းသာသနာတော် သန့်ရှင်း ,တည်တံ့, ပြန့်ပွားရေးနှင့် မြန်မာ့လူ့ဘောင် ယဉ်ကျေးအောင် ဆောင်ရွက်နိုင်ရေးအတွက် "ခိုင်မာသည့် အုတ်မြစ်ချသည့် ပွဲကြီး" လို့လည်း သုံးသပ် ရှုမြင်မိကြောင်း ပြောကြားရာ ကြွရောက်လာကြသော ပရိသတ်အချို့မှာ ခေါင်းတညိတ်ညိတ် ဖြစ်နေသည်ကို ဝမ်းသာ အံ့ဩစွာ တွေ့မြင်ရပါ၏။

မိမိအနေဖြင့် ရှုမြင်မိသည်ကား သပြေကန်ဆရာတော်ကြီးအား (၁၁)နှစ်မြောက် ဂုဏ်ရည်မှန်းဆပူဇော်ပွဲကို တက်ရောက်ခွင့်ရ လိုက်ခြင်းသည် မိမိအနေဖြင့် အသိဉာဏ်တွေဖြိုး သဒ္ဓါတရားတွေတိုးရကား "အမြတ်များများကြီး ရလိုက်သည့်ပွဲ "ဟုပင်။

ဖိုးပြုံး

ရတနာမွန်မဂ္ဂဇင်းမှ ကူးယူဖော်ပြပါသည်(စာတည်း)

* စန္ဒကူးသည် ခြောက်သွေ့သော်လည်း အမွှေးနံ့ကို မစွန့်။
* ဆင်ပြောင်ကြီးသည် စစ်မြေပြင်သို့ ရောက်သော်လည်း တင့်တယ်ခြင်းကို မစွန့်။
* ကြံသည် ယန္တယားအဝသို့ ရောက်သော်လည်း ချိုသော အရသာကို မစွန့်။
* သူတော်ကောင်း ပညာရှိသည် ဆင်းရဲခြင်းသို့ ရောက်သော်လည်း တရားကို မစွန့်။

သူတော်ကောင်း ဟူသည်

မောင်ရေချမ်း

ဤ နိဒါန်းစကားလေးကို ယေယျကပင် ကြားဖူး နေပါ၏၊ ရံခါ ရံခါလည်း သတိရကာ အားလည်း အားကျ မိပါ၏၊ အော် သဘာဝပေကိုး ။

သူတော်ကောင်းဟူသည် ဘယ်သို့ ဆင်းရဲ ဆင်းရဲ သေရမည့်ဘေးကြီးနှင့် ကြုံရသည်ဖြစ် သော်လည်း သူတော် ကောင်းတရားကို မစွန့်ပါတကား၊ ဒါမှ အာစာနည် ပုဂ္ဂိုလ်ပင်။ တရားကို မစွန့်ဟူသည် သဒ္ဓါတရားအရင်းခံသော သီလကို ဘယ်အခါမှ မစွန့်ခြင်းပင် ဖြစ်ပေမည်၊ မစွန့်သည် မှာလည်း သီလ၏ အကျိုးအာနိသင်ကို သိ၍သာ မစွန့်ခြင်းပင် ဖြစ်ပေမည်။

ဟုတ်ပေသည်။ စံလွန်တော်မူသော သပြေကန် ဆရာတော်ဘုရားကြီး က "ဗုဒ္ဓမြတ်စွာ သာသနာ ၌ သီလပဋိပတ်အကျင့်မြတ်ကို ဖယ်ထား၍ အခြား တည်ရာ အားထားရာ မရှိ၊ သီလ အကျိုးကို မည်သူမျှ ကုန်စဉ်အောင် မဟောနိုင်" ဟု တပည့်,သာဝကများကို မကြာမကြာ ဆုံးမလေ့ရှိသည်ကို ကြားဖူးပါ၏။

သီလစွမ်းအင်ကို သိရှိတော်မူ၍ ရွှေကျင်သံဃ နိကာယကြီးကို ထွန်းတောက်ပစေတော်မူခဲ့သော ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးမှာ(၁၂၅၅)ခု တပေါင်းလပြည့်ကျော်(၇)ရက် အင်္ဂါနေ့ ညဉ့်ဦးအချိန် သက်တော်ကကြီးရင့် သာသနာရေးကိစ္စအတွက် ကုန်းကြောင်း သွားရလာရသည်က ပင်ပန်း၊ အညာဒေသ လေပူ နေပူ မြေငွေ့တို့ကြောင့် အဖျားရောဂါက ဝင်လာ၊ သည်ကြားထဲ နဂို ရှိနေသော ဒူလာသွေးဝမ်းရောဂါကလည်း ဖောက်ပြန်လာတော့၏။။

အသက်ကိုခွင်းမည့် သေလောက်သောရောဂါဟု ဆရာတော်ကြီးက သိရှိသလို၊ အနီးနေ တပည့်ကြီးများကလည်း သိရှိဟန် တူပါသည်။ တပည့်ကြီး

အသက်နှင့် သီလတစ်ခုခုကို စွန့်ရမည်ဆိုက သီလကို ဘယ်နည်းနှင့်မျှ မစွန့်ရ၊ အသက်ကိုသာ စွန့်ရမည်ဟူသော သူတော်ကောင်း ပညာရှိကြီးတို့၏ ညွှန်ကြားချက်ကို

များသည် ရေတွင်းဒကာ ဦးထွန်း၏ ဂူအတွင်း၌ ခုတင်ကို အရှေ့ အနောက်ချထားပြီး ခုတင်၏ ခေါင်းရင်းဖက်၌ စားပွဲတစ်လုံး ချထား၍ ထိုစာပွဲပေါ်၌ ကလာပ်တစ်ခုတင်ကာ ဆရာတော်ကြီးရေးသားတော်မူခဲ့သော ကျမ်းစာအုပ်များနှင့် ပုရပိုက်လွှာတို့ကို ပူဇော်ထားပြီး ဆရာတော်ကြီးကို ဂူတွင်းသို့ ပင့်ကြ၏။ ဆရာတော်ကြီးသည် အရှေ့အရပ်ကို ဦးခေါင်းတော်ပြုကာ မြောက်ဖက် ဂူဝသို့ မျက်နှာမူလျက် လျှောင်းတော်မူသည်။

အလင်းရောင် ရစေရန် ဂူအတွင်း၌ မှန်မီးအိမ်ကြီးတစ်လုံးကို ခပ်မြင့်မြင့်နေရာ၌ ဆွဲချိတ်ထားသလို ကျမ်းစာမမူစေတီတော်တို့ကို ပူဇော်ထားသော အလင်းရောင်တို့ကြောင့် ဆရာတော်ကြီး မျက်နှာတော်ကို ကောင်းစွာ ဖူးတွေ့နိုင်သည်။ ဆရာတော်ကြီး မျက်နှာတော်ကား ပကတိကြည်လင်လျက်ပင်၊ မြင်ရသူများက အကြီးအကျယ် ရောဂါဝေဒနာခံစားနေရသည်ဟု မထင်ရ။

ဆရာတော်ကြီးအနီး၌ စင်ကြယ်တဲ့ အဝတ်ဖြူကို သေသေသပ်သပ်ဝတ်ပြီး အဝတ်ဖြူတစ်ခုကို လက်ကတော့တင်ကာ အခြေအနေကို အကဲခပ်နေသည့် လူသူတော်ကြီး တစ်ဦး၊ ခြေရင်းပိုင်း၌ ရဟန်းငယ်တစ်ပါးနှင့် သာမဏော တစ်ပါးတို့ ထိုင်လျက် ရှိကြသည်၊ တပည့်ကြီး အချို့ကား ဂူတွင်းသို့ ရံခါရံခါသာဝင်လျက် ဂူအပြင်ဘက်တွင် နေကာ ဆွေးနွေးတိုင်ပင်နေကြ၏။

ဆရာတော်ကြီးကား မိမိ၏ သီလဂုဏ် သီလာနုဿတိကမ္မဋ္ဌာန်းကို ပွါးများရင်း သေမင်းကို ရဲရဲကြီး ရင်

ဆရာတော်ကြီးမှာ ရောဂါကြောင့် ခန္ဓာကိုယ်နွမ်းနေသော်လည်း တစ်သက်လုံး စောင့်ထိန်းသော မိမိသီလကို အောက်မေ့ကာ သီလာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းနေသည် ဖြစ်၍ မျက်နှာတော်မှာ ကြည်လင်ရုံမျှသာမက ပီတိရောင်လွှမ်းလျက် ရှိသည်။ အားအတော်နည်းသော အသံဖြင့် -

ပါတိမောက္ခံ ဝိသောဓေန္တော၊
အပ္ပေဝ ဇီဝိတံ စဇေ။
ပညတ္တံ လောကနာထေန၊
န,ဘိန္နေ သီလသံဝရံ ။

(သီလပဋိပတ် အကျင့်မြတ်ကို အဟုတ်စင်အောင် သုခ်သင်သော ရဟန်းမြတ်သည် အသက်ကို စွန့်သော်စွန့်ရာ၏၊ တို့ဘ,ဘုရား ပညတ်ထားသည့် သီလ စောင့်စည်းမှုကို မဖျက်ဆီးရာ)ဟု နှုတ်တော်မှ မပြတ်အောင် မြွက်ဆိုကျူးရင့်နေသည်။

အနီးရှိ လူသူတော်ကြီးမှာ အံ့ဩကြည်ညိုစွာ ခေါင်းတညိတ်ညိတ်ဖြင့် လက်အုပ်ချီထားခြင်းကို မချနိုင်၊ ခြေတော်ရင်း ရှိနေသော ပဉ္စင်းငယ် သာမဏေတို့ပါ ကြားနေရသည်၊ ရဟန်းငယ်က အရိပ်အကဲပြု၍ သာမဏေက ဂူပြင်ဖက်တွင် ရှိနေသော ဆရာတော်၏ တပည့်ကြီးများအား သွားရောက် လျှောက်ထားသည်၊ အသံတော်မှာ အစပိုင်းတွင် မကျယ်သော်လည်း အလွန်ကြီး မတိုးလှ၊ သည်နောက် အသံတော်က တိမ်, တိမ်လာသည်၊ သည်နောက်မှာတော့ အသံကိုပင် မကြားရတော့၊ နှုတ်ခမ်းတော် လှုပ်နေသည်ကိုသာ ဖူးတွေ့ရတော့သည် ။

တဖြည်းဖြည်းနှင့် ညဉ့်နက်လာပြီ၊(၁၂)နာရီ အချိန်မှာတော့ ဆရာတော်ကြီး နှုတ်ခမ်းတော် လှုပ်သည်ကိုလည်း မတွေ့ရတော့၊ ကလာပ်ပေါ်မှာ ဓမ္မစေတီများကို ပူဇော်ထားသော မီးများလည်း တညီတညာတည်း မီးစာကုန်၍ ငြိမ်းသွားပါလေပြီ ။ လူသူတော်ကြီး၏ " အင်း..... ဘဝခရီး အပြီးသပ်ပါပေါ့လား" ဟူသည့် မှတ်ချက်ချသံကသာ ထွက်ပေါ်လာတော့သည်။

ဆရာတော်ကြီးကား မိမိ၏ သီလဂုဏ် သီလာနုဿတိကမ္မဋ္ဌာန်းကို ပွါးများရင်း သေမင်းကို ရဲရဲကြီး ရင်

ဆိုင်သွားသော သူတော်ကောင်း ပညာရှိ အာစာနည်ကြီးပါတကား။

ထို့ကြောင့်ပင် သေခြင်းတရားကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်သွားနိုင်သူဟာ သူ့ဘဝကို အောင်အောင်မြင်မြင်ကြီး အသုံးချသွားသူဟု ပညာရှင်တို့ မှတ်ချက်ချခြင်း ဖြစ်ပေမည် ။

ထို ပထမရွေကျင်ဆရာတော်ဘုရားကြီး နည်းတူပင် ရဟန္တာဟု ကျော်ကြားတော်မူသော တောရဂိုဏ်းကြီး၏ အဓိပတိ ဘုန်းတော်ကြီး ဦးသီလမှာလည်း သီလကို တစ်သက်လုံး စောင့်ထိန်းလာသလို ပျံတော်မူနီး ကာလ ဇလွန်မြို့သို့ သိမ်သမုတ်သွားရင်း ဒူလာသွေးဝမ်းတွေ သွားလို့ မထနိုင် မထိုင်နိုင်၊ ကိုယ်ဝတ်သင်းပိုင် မစင်တွေ ပေနေ၍ သူနာပြုရဟန်းတော်များက သင်းပိုင်လဲမည်ပြုရာ အလဲ မခံ၊ နောက်မှ ဝိနည်းကျမ်းကျင်သော သူနာပြု ရဟန်းတစ်ပါးက သင်္ကန်းကို ကပွဖိန္နုထိုးကာ ကပွဖိန္နုထိုးပြီးပါကြောင်း လျှောက်ထားမှ အလဲခံတော်မူသည်၊ ဘုန်းတော်ကြီး ဦးသီလမှာ ထိုနေ့ ထိုဝေဒနာဖြင့်ပင် ဘဝစာတ်ငြိမ်းသပ်သွားသည်ဟု ဆိုရပါတော့မည်။ အော်... သူတော်ကောင်း ပညာရှိဟူသည် သေရမည့် ဆင်းရဲနှင့် တွေ့ကြုံနေရပါသော်လည်း မိမိ သီလကို မစွန့်ပါတကား။

ထို ဘုန်းတော်ကြီး ဦးသီလ၏ သိသာနသိသာ အဆက်ဆက်ဖြစ်သော ညောင်လေးပင်တောရကြီး၏ တတိယ မြောက် ပဓာနနာယကဖြစ်ပြီး "ပဋိစ္စသမုပ္ပါဒ်အရသာ" စသည့် သီလကျင့်ဝတ်ပိုင်းဆိုင်ရာ ကျမ်းများကို ပြုစုတော်မူသော ဆရာတော်ဦးအရိယအရှင်မြတ်သည် သက်တော် (၆၆)သီကွာ(၄၇)အရောက် လေငန်းရောဂါကြောင့် ရန်ကုန် ဆေးရုံကြီးသို့ တက်ရောက်ကုသမှု ခံယူရ၏။ ဆရာဝန် ဆရာဝန်မ စသော ဆေးဝန်ထမ်းတို့သည် ဆရာတော်ကြီး ဟာ သာသနာတော်မှာ အကျိုးများသည့် ဆရာတော်ကြီးဟု သိရှိကြရာ ဆရာဝန်စိတ် ဝန်ထမ်းစိတ် သာသနာစိတ်တို့ဖြင့် အစွမ်းကုန် ကုသကြပါ၏။

သို့ပေမဲ့ ဆရာတော်ကြီးမှာ ရောဂါက ပိုမို ဖိစီးလာသလို မွန်းလွဲစာ မစားရသဖြင့် အားတော်က အင်မတန် နည်းနေပြီ၊ အားတော်နည်းလေ ရောဂါဖိစီးလေ၊ ရောဂါက ဖိစီးလေ အားတော်ကနည်းလေဖြင့် ချာချာပတ်လည်နေ၏။ ဆရာဝန်များက ဆရာတော်ကြီး သက်တော်ရှည်လေ သာသနာအကျိုးများလေ ဖြစ်မည်ကို သိရှိကြသဖြင့် ကျန်းမာစေကြောင်း ကြံဆကြ၏။ ဆရာတော်ကြီးအား သာသနာတော်ကို ငဲ့ပြီး ညနေစာ စားပါရန် လျှောက်ထားကြ၏။ သည်အချိန်ဝယ် ဆရာတော်ကြီးမှာ အားတော်က အလွန်နည်းနေပြီ၊ စကားမျှပင် မပြောနိုင်တော့၊ သို့သော် ဆရာတော်ကား ခေါင်းရမ်း လက်ခါ မျက်နှာအမူအရာဖြင့် ငြင်းပယ်တော်မူ၏။ မည်သို့မျှ လျှောက်ထား၍ မရ။ နောက်တော့ ဆရာဝန်တစ်ဦးက ဆေးရုံလူနာဆိုတာ ဆေးရုံမှာ တာဝန်ကျသူရဲ့ ပြောစကားကို လိုက်နာသင့်ကြောင်း လျှောက်ထားရင်း စားဖို့ တောင်းပန်၏။

ဆရာတော်က စာရွက်နှင့် ဖောင်တိန်ယူပေးရန် လက်အမူအရာဖြင့် တောင်းရာ ရှာဖွေဆက်ကပ်ကြ၏၊ ထို အခါမှ ဆရာတော်က အားတော်နည်းစွာဖြင့် ကြိုးစားပြီး "နိုင်ငံသားကောင်းတစ်ယောက်ဟာ နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် ဥပဒေကို လေးစားရသလို ၊ ဗုဒ္ဓ၏ သားကောင်းတစ်ယောက်ဟာ ဗုဒ္ဓပြဋ္ဌာန်းသည့် ဥပဒေကို လေးစားရမည်" ဖြစ်ကြောင်း ရေးသားပြီး တုန်ယင်စွာဖြင့်ပင် စာရွက်လေးကို ပြန်လည်ပေးလိုက်၏။ ဆရာတော်ကြီးမှာ ထို လေငန်းရောဂါ အားနည်းသော ရောဂါဖြင့်ပင် ဝါခေါင်လဆန်း(၁၄)ရက် တနလ်ာနေ့ ည၌(၈)နာရီ မိနစ်(၄၀)အချိန်တွင် တစ်ဘဝစာတ် အဆုံးသပ်တော်မူခဲ့ပြီတကား။

"အော်..... စည်းစိမ်ဥစ္စာနှင့် ကိုယ်အင်္ဂါခြေလက်တစ်ခုခုကို စွန့်ရမည်ဆိုက ကိုယ်အင်္ဂါကို မစွန့်ရ၊ စည်းစိမ်ဥစ္စာသာ စွန့်ရမည်။ ကိုယ်အင်္ဂါနှင့် အသက် တစ်ခုခုကို စွန့်ရမည်ဆိုက အသက်ကို မစွန့်ရ၊ ကိုယ်အင်္ဂါသာ စွန့်ရမည်။ အသက်နှင့် သီလ တစ်ခုခုကို စွန့်ရမည်ဆိုက သီလကို ဘယ်နည်းနှင့်မျှ မစွန့်ရ၊ အသက်ကိုသာ စွန့်ရမည်" ဟူသော သူတော်ကောင်း ပညာရှိကြီးတို့၏ ညွှန်ကြားချက်ကို ဆရာတော်ကြီးက လက်တွေ့ကျင့်သုံး၍ တပည့်တပန်းများအား နည်းပြသွားဖြင်း ဖြစ်ပေမည်။

ရှေးရှေးဆရာတော်ကြီးများ နည်းတူဖင် ၊အဘိဓေ မဟာရဋ္ဌဂုရု+ရွှေကျင်နိကာယဥပဥဇ္ဈဋ္ဌ+ကျမ်းပြုအကျော်+ သပြေကန် ဆရာတော်မြတ်ကြီးမှာလည်း စံလွန်တော်မူသည့် အထိ သတိမလွတ် သီလမချွတ်အောင် စောင့်ထိန်းသည်မှာ လည်း အံ့သြကြည်ညိုဖွယ်ကောင်းပါတော့သည်။ ဆရာတော် မှာ ပြင်းထန်သော နှလုံးရောဂါဝေဒနာကြောင့် (၁၃၅၆)ခုနှစ် တပို့တွဲလဆန်း(၆)ရက်နေ့တွင် မင်္ဂလာဒုံစစ် ဆေးရုံကြီးသို့ ရောက်ရှိနေပေပြီ၊ ထိုနေ့ကား ဆရာတော်ကြီး၏ နောက်ဆုံး နေ့ဟုပင် ဆိုရပါတော့မည်၊ ဆရာတော်ကို မည်သို့မျှ မလှုပ်ရှားရ၊ ငြိမ်ငြိမ်လေး လျောင်း၍သာ နေစေရန် ဆရာဝန် များက ညွှန်ကြားထားသည်။ ဆရာတော်က ကျောင်းပြန်ပို့ ရန်သာ မိန့်တော်မူ၏၊ မည်သို့မျှ မလှုပ်စေရဟု ညွှန်ကြား ထားသဖြင့် ကျောင်းပြန်ပင့်ရန်လည်း မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်၊ ဆရာဝန်များကလည်း ခွင့်ပြုကြမည်မဟုတ်၊ ဆရာတော် ကျောင်းသို့ပြန်ပို့ခိုင်းခြင်းသည်ကား ဆေးရုံ၌ "သဟသေယျသိက္ခာ" ပုဒ်အတွက် သံသယ ရှိနေ၍ ဖြစ်သည် ။

ဆရာတော် ဆေးရုံရောက်သော အချိန်တွင် တပည့်ကြီးတစ်ပါးသည် ခရီးလွန်နေရာ ကျောင်း၌ ပုဂ္ဂိုလ် များက တယ်လီဖုန်းဖြင့် အကြောင်းကြားသဖြင့် သိရလျှင် သိရခြင်း ပြန်လာရာ ဆေးရုံသို့ ညနေ(၆)နာရီလောက်မှသာ ရောက်ရှိလာ၏၊ အခန်းသို့ ဝင်ရောက်၍ ဆရာတော်ကို ဖူးသည်၊ ဆရာတော်မှာ ရောဂါဝေဒနာ ခံစားနေရသည်ဟု မထင်ရ၊ ပကတိ ရွှင်ပျ ကြည်ကြည်လင်လင်ပင်၊ ထို တပည့်ကြီးက ဤဆေးရုံဆောင်သည် စစ်သားများချည်း ကုသခံရာ ဖြစ်၍ အမျိုးသမီး မရှိဟု အထင်ရောက်ကာ ဆရာတော်အား ဤဆေးရုံမှာ "သဟသေယျသိက္ခာပုဒ်" အတွက် လွတ်နိုင်ကြောင်း လျှောက်ထား၏။ ဆရာတော်က မည်သည့် အထောက်အထားဖြင့် ပြောနိုင်သလဲဟု သီလနှင့် စပ်ပြီး အရာရာမှာ သတိမလွတ်သည့် ဆရာတော်မူအတိုင်း မေးမြန်းတော့၏၊ မည်သို့မျှ ပြန်မလျှောက်တတ်၊ ဆရာတော့် အမြင်မှာ အမျိုးသမီးလူနာ မရှိဦးတော့၊ အမျိုးသမီးဆရာဝန် များ အမျိုးသမီးစစ်သူနာပြုများ ရှိကြမည်၊ သူတို့ အိပ်ချိန်တွင် မိမိလျောင်းနေပါက "သဟသေယျ အာပတ်" မလွတ်ဟု ယူဆထားဟန်တူပါ၏။။ ထိုအခိုက် စစ်သူနာပြု ဆရာမ လေးများ ရောက်လာရာ ဦးပဉ္စင်းတစ်ပါးက ဆရာမတို့တော့ တာဝန်နဲ့ဆိုတော့ တစ်ညလုံး အိပ်ရမှာ မဟုတ်ဘူးပေါ့နော်ဟု မေးမြန်းရာ စစ်ဆေးရုံမှာ စည်းကမ်းကြီးသည့်အလောင်း မကြာ မကြာ တယ်လီဖုန်းနဲ့ဖြစ်ဖြစ် အခြားနည်းနဲ့ ဖြစ်ဖြစ် အုပ်ချုပ်သူက တာဝန်ကျ,မကျ စစ်ဆေးနေတော့ ကိုယ် တာဝန်ကျ အဆောင်မှာ မပြတ်လှည့်ပတ် ကြည့်နေရကြောင်း (၃)နာရီလောက်မှသာ ခဏလေးအိပ်ဖြစ်ကြောင်း လျှောက် ထား၏၊ ထို စကားကို နားပါး အကင်းပါးသော ဆရာတော်ကြီး ကြားတော်မူပါလိမ့်မည်။

ဆရာတော် ဆေးရုံရောက်နေသည်ဆို၍ ဆရာ တော်ထံ သံဃာတော်များ ကြည့်ရှု သတင်းမေး အားပေး တဖွဲဖွဲရောက်လာကြသည်၊ ထိုအထဲတွင် မြန်မာသီရိလင်္ကာ ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိန္ဒ ဆရာတော်ကြီးလည်းပါဝင်သည်၊ မြန်မာသီရိလင်္ကာ ဆရာတော်က ဆရာတော်အား "ဂိရိမာနန္ဒ" သုတ်ကို ပါဠိအနက်ရွတ်၍ ပူဇော်သည်၊ ဆရာတော်က အင်း ပါဠို အနက်ပြည့်ပြည်စုံစုံနှင့် ဒီသုတ္တန်ကို ကြားနာရတော့ တရား အရသာ ရှိလိုက်တာဟု မြွက်ကြားရင်း ပူဇော်မှုကို ခံယူ သည်။ မြန်မာသီရိလင်္ကာဆရာတော်က ဒီသုတ္တန်ကို ငယ်ငယ်လေးက ရထားတယ်၊ ဘယ်မှာပါတယ်လို့ မသိဘူး၊ ဘယ်မှာ ပါ,ပါသလဲ ဘုရားလို့ လျှောက်ထားတော့ ဆရာတော်က အင်္ဂုတ္တိရ် တတိယအုပ် ဒသကနိပါတ် စာမျက်နှာ (၃၄၂)မှာပါကြောင်း အတိအကျ ပြောကြားတော် မူသည်၊ မြန်မာသီရိလင်္ကာဆရာတော်မှာ ဆရာတော်၏ သတိနှင့် ဉာဏ်စွမ်းကို ငယ်ငယ်ကပင် ချီးကျူးခဲ့သော်လည်း ယခုလို သက်တော်လည်းကြီးရင့် ရောဂါဝေဒနာ အကြီး အကျယ် ခံစားနေရချိန်မှာပင် မှတ်ဉာဏ်နှင့် သတိပျက်ပြား ခြင်းမရှိဘဲ တိတိကျကျ ဖြေကြားတော်မူနိုင်သည်ကို ပိုမို အံ့သြရုံမျှမက ကြည်ညိုရပါ့မလားဗျာ။

သစ်ပင်ဆိုသည်မှာ အသီးရှိသော်လည်း
အနှစ်ရှိမှ အသက်ရှည်ကြာရှည်
စည်ပင်နိုင်သလို၊
ရဟန်းဆိုသည်မှာ
ဘုန်းကံကြီးမားသော်လည်း
သီလရှိမှ
ရဟန်းအသက်ရှိသည်။

သူနာမေးများလည်း ပြန်သွားကြလေပြီ၊ တဖြည်းဖြည်း ညဉ့်ကလည်းနက်လာပြီ၊ ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ်နေပြီ၊ ဆရာတော်ကြီး မကျိန်းစက်ရသေး၊ ဆရာတော် မကျိန်းစက်တော့ သူနာစောင့်များလည်း မအိပ်ရ။ ဆရာတော်ကို ကျိန်းစက် အနားယူစေချင်သည်၊ မကျိန်းဘဲ လူပ်ရှားလျှင် နှလုံးရောဂါက ပိုဆိုးနိုင်သည် မဟုတ်ပါလား၊ တော်သေးသည် လူပ်တော့ မလူပ်ရှား၊ ဘာဝနာတစ်ခုခု ပွါးများနေဟန်တူသည်။ တော်တော်ကြာတော့ တပည့်ရင်းဖြစ်သော ဦးသောင်းလှိုင်ကို ခေါ်ပြီး မင်း မေတ္တာဘာဝနာပွါးသလား(၅၂၈)သွယ် မေတ္တာပို့ရခဲ့လားစသည်ဖြင့် မေးမြန်းကာ ပါဠိလို(၅၂၈)သွယ်မေတ္တာပို့ကို ဆိုခိုင်းပါတော့သည်၊ ဆရာတော်က တစ်ပိုဒ်ခြင်း တစ်ပိုဒ်ခြင်း အနက်မြန်မာပြန်ပေးသည်၊အော်... ဆရာတော်ကြီးမှာ မိမိ ရောဂါကို ပဓာနမထားဘဲ သတ္တဝါတွေ ချမ်းသာရေးအတွက် တစ်လောကလုံးကို မေတ္တာပို့နေပါလား၊ ကြားနာရသူ ဦးသောင်းလှိုင် အဖို့မှာ ဆရာတော်အသံက ကြည်လင်, မျက်နှာတော်က ရွှင်ပျ, ညဉ့်အချိန် သာယာတိတ်ဆိတ်နေတော့ ကြည်နူးဝမ်းသာမှု မဝနိုင်အောင်ပင်၊ အိပ်ချင်စိတ်တွေ ပ,ပျောက်ပြီး ကြည်နူးပီတိတို့ကသာ စိတ်အစဉ်ကို လွှမ်းမိုးနေတော့သည်။

ကြည်နူးရှုပင် မဆုံးသေး "ဟေ့ ဘယ်နှစ်နာရီရှိ ပြီလဲကွယ့်၊ ဆရာတော်၏ မေးသံထွက်ပေါ်လာပါသည်၊ "သုံးနာရီထိုးခါနီးပါပြီဘုရား" "ဟေ ဟုတ်လား" ဟုဆိုကာ ဆရာတော်က အတင်းထတော့သည်၊ "ဆရာတော် မလှုပ်ရဘူး ဘုရား၊ မထပါနဲ့ ဘုရား" ဦးသောင်းလှိုင်က တားမြစ်နေစဉ် မင်း ဘာသိလို့တုန်းဟုဆိုကာ အတင်းထထိုင်ရင်း ဆရာတော်မှာ ခေါင်းငိုက်စိုက် ကျသွားပါတော့သည်။ သည်အချိန်မှာပင် ဆရာတော်မှာ မိမိ မြတ်နိုးသော သီလနှင့် အသက်ကို လဲသွားဟန်တူပါသည်။

နောက်မှ ဆရာဝန်များကို ပြေးခေါ်၊ အရေးပေါ်ပြုစုကြ၊ နှလုံးခုန်အောင် စက်အား လူအားဖြင့် အစွမ်းကုန်ပြုစုအသက်လှုကြသော်လည်း မရတော့ပါ။ ဆရာတော်ကြီးအား တပ်ဆင်ထားသော နှလုံးတိုင်းစက်များ ပိုက်များ ဖြုတ်ကြသည့် နံနက်(၇)နာရီ (၂၅)မိနစ်အချိန်ကိုသာ ဆရာတော်ကြီး လွန်တော်မူပြီဟု သတ်မှတ်ကြသည်။ အမှန်တကယ်မှာ (၃)နာရီ မထိုးမီကပင် ဆရာတော်ကြီး ဇီဝိန်ချုပ်ငြိမ်းသည်ဟု ထင်မိပါ၏။

ဆရာတော်ကြီးမှာ "သစ်ပင်ဆိုသည်မှာ အသီးရှိသော်လည်း အနှစ်ရှိမှ အသက်ရှည်ကြာရှည် စည်ပင်နိုင်သလို၊ ရဟန်းဆိုသည်မှာ ဘုန်းကံကြီးမားသော်လည်း သီလရှိမှ ရဟန်းအသက်ရှိသည်" ဟု မိမိနှင့် တပည့်သားများကို ဆုံးမတော်မူသလို ကိုယ်တော်တိုင် ရဟန်းအသက်ဟူသော သီလကို အရယူပြကာ ကိုယ်တော်တိုင် ရေးစပ်တော်မူသည့်

"အကျိုးငါးဝ
တိုးပွါးရသည့်
သီလကျင့်သုံး
ငါ့ နှလုံး
ရွှင်ပြုံးအေးခဲ့ပြီ" ဟူသော ကဗျာလေးဖြင့် ကြွေးကြော်သွားလေသည်လားတော့ မသိပါ။

မောင်ရေချမ်း
(ဓမ္မရသစာပေါင်းချုပ်မှ)

ကျေးဇူးဆပ်ချင့်သဏ္ဌပင့်

မောင်ဆွေသက်

ဆရာတော်ဘုရားဖွားမြင်ရာ

ကျမ်းပြုအကျော် သပြေကန်ဆရာတော်ဘုရားသည် သံလျင်မြို့နယ် ချောင်းဝရွာတွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့သူဖြစ်ပါ၏။ အဘဦးဘိုးစိန်၊ အမိ ဒေါ်အိမ်တို့နှင့်အတူ ဆရာတော်လောင်းလျာ မောင်လှိုင်သည် အသက်(၉)နှစ်အရွယ်တွင် ချောင်းဝရွာမှ မင်္ဂလွန်းရွာသို့ ပြောင်းရွှေ့နေထိုင်ကြသည်။

ထို မင်္ဂလွန်းရွာတွင် ဘုန်းတော်ကြီး ဦးရေဝတထံ၌ သာမဏေရ ပဗ္ဗဇ္ဇာမင်္ဂလာသဘင် ဆင်ယင်ကျင်းပ၍ "ရှင်ဝိမလ" ဘွဲ့အမည် ခံယူသည်။

ရှင်ဝိမလအား ပညာသင်ကြားပေးသော ဆရာတော် ဦးရေဝတ ရန်ကုန်မြို့သို့ ကြွမြန်းသွားပြီးနောက် ရှင်ဝိမလသည် သပြေကန်ရွာ မဟာဓမ္မိကာရာမတိုက်သစ်သို့ ရောက်ရှိကာ ပညာသင်ကြား ဆည်းပူးခြင်းဖြင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှုကြောင့် တဖြေးဖြေး ထင်ရှားကျော်ကြားလာသည်။



ပုဂံတောင်ရွာ ဝိနည်းစာပြန်ပွဲကြီးနှင့် ရန်ကုန်ကျောင်းတော်ရာ ဝိနည်းစာပြန်ပွဲများ၌ ကောင်းစွာဖြေဆိုတော်မူနိုင်သဖြင့် ဥဘတောဝိဘင်္ဂဂရဘွဲ့ ချီးမြှင့်ခံခဲ့ရချိန်တွင် အသက်(၁၅)နှစ် ပြည့်စ အရွယ်သာ ဖြစ်ပါ၏။

သပြေကန်ရွာတွင် သီတင်းသုံးရင်း ပညာသင်ကြား ထင်ရှားလာခြင်းကြောင့် သပြေကန်ဆရာတော် ဟူ၍ ကျော်ကြားလာခဲ့ခြင်း ဖြစ်ပါသည်။

အဖိုးမွေးဖွားရာ

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး သီတင်းသုံးရာ သပြေကန်ရွာသည် ကျွန်တော်၏ အဖိုး ဦးလူကလေး မွေးဖွားရာ ပုဂံတောင်ရွာနှင့် တစ်မိုင်မျှသာဝေးသည်။ ကျွန်တော့်အဖိုးသည် ပုဂံတောင်ရွာမှထွက်၍ ပုလိပ်ဖက်တွင် တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြင့် မြန်မာပြည် တစ်နံတစ်လျား လှည့်လည်သွားလာနေရသဖြင့် ကျွန်တော့်အဖေသည် ပုဂံတောင်ရွာတွင် မွေးဖွားသော ပုဂံတောင်ရွာသား စစ်စစ်မဟုတ်ခဲ့ရခြင်းသာ ဖြစ်ပါ၏။

သို့သော် ကျွန်တော့်အဖေ၏ ဝမ်းကွဲ ညီ,ညီမများတူ,တူမများမှာ ပုဂံတောင်ရွာမှာမွေး၍ ပုဂံတောင်ရွာမှာကြီးပြင်းခဲ့ကြလေသည်။

ပဋ္ဌာန်းဆက်ကြောင့်ဟု ဆိုရမည်ထင်သည်။ ကျွန်တော်တို့ အသက်ကြီးလာသောအခါ ပုဇွန်တောင်ရွှေကျင်တိုက်သို့ ရောက်ရှိကာ သပြေကန်ဆရာတော်၏ ခြေတော်ရင်း၌ ဦးခိုက်ခွင့် ရကြပါတော့သည်။ ဆရာတော်ဘုရားထံမှ တရားဒေသနာများ ကြားနာခွင့် ရရှိပါလေတော့သည်။

ကျွန်တော့်အဖေဖက်မှ အဒေါ်ဖြစ်သူ ဒေါ်အေးရင်၊ အစ်ကို ဦးသိန်းဟန်(ဒု-ဝန်ကြီး၊ငြိမ်း)၊ အစ်မဒေါ်ရီ (အာရှ ဓာတ်ပုံတိုက်) စသည် ပုဂံတောင်ဆွေမျိုး အများစုလည်း ဆရာတော်ဘုရားထံ ဆည်းကပ်ကြပါ၏။

၁၉၈၆-ခနှစ်တွင် ကျွန်တော်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခါနီး ဆရာတော်အား သွားရောက်ကြည်ညိုသောအခါ ထိုင်းနိုင်ငံ လန်ပန်းမြို့တွင် သီတင်းသုံးနေသော ဆရာတော် ဦးဓမ္မာနန္ဒ အား မှာကြားစရာစကားများ ပါးလိုက်ပါသေးသည်။

ဆရာတော်ဦးဓမ္မာနန္ဒသည် သပြေကန်ဆရာတော် ဘုရားကြီးအား ပညာအရာတွင် အထူးလေးစား အားထားသူ ဖြစ်ကြောင်းလည်း ထိုင်းနိုင်ငံရောက်မှ သိရပါ၏။

ကျွန်တော်နှင့် ဇနီးတို့သည် မကြာခဏ ရန်ကုန်သို့ တာဝန်နှင့် လာခွင့်ရရှိရာ အမြဲလိုလို ဆရာတော်ဘုရားအား ဝတ်ဖြည့်လေ့ရှိပါသည်။

ဆရာတော်ဘုရားဝေဒနာ

တစ်နေ့မှာ ကျွန်တော်တို့ ဘန်ကောက်သို့ မပြန်မီ တစ်ရက် သွားရောက်ကန်တော့သည့်အခါ ဆရာတော်က နှစ်လက်မခန့်ရှည်သော ဆေးဘူးလေးတစ်ဘူးကိုပြကာ ဆရာတော်ဘုရားကြီး သွားနာသွားကိုက်သည့်အခါ ထိုဆေးကို ထည့်လျှင် သက်သာကြောင်း၊ ဒကာတစ်ယောက်က လှူထားခြင်းဖြစ်ကြောင်း၊ ယခု ဆရာတော်ဘုရားလျှာတွင် အနာဖြစ်နေသည်ကို ဤဆေးလိမ်းလျှင် သက်သာကြောင်း မိန့်ကြားပါသည်။

ကျွန်တော်လည်း စိုးရိမ်သွားပါသည်။

ထိုဆေးသည် သွားကိုက်ခြင်းကို သက်သာစေသော ဆေးအပူဖြစ်နိုင်၏။ လျှာတွင်အနာဖြစ်ခြင်းသည် ဂရုစိုက်ရန်လို၏။ သွားကိုက်သွားနာခြင်း သက်သာစေသော ဆေးကို လျှာအနာတွင် ထည့်ရန် သင့်,မသင့် ဝေခွဲရန် ခက်လှသည်။

ထို့ကြောင့်-

"လျှာမှာ အနာဖြစ်လျှင် တတ်ကျွမ်းသော ဆရာဝန်နှင့် ပြသသင့်ပါသည်ဘုရား" ဟု လျှောက်ထားရာ

"ဒီလောက်လဲ ဟုတ်မယ်မထင်ပါဘူး၊ ဒီလိုနဲ့ ပျောက်သွားမှာပါ" ဟု မိန့်ကြားသဖြင့် ကျွန်တော်လည်း ဆရာတော်ပြသော ဆေးဘူးအခွံကို ယူပြီး "တပည့်တော် ပို့လိုက်ပါမယ်ဘုရား" ဟု အာမခံစွန့် ခံခဲ့ရပါသည်။

အိမ်သို့ရောက်သည်နှင့် သာသနာရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော အစ်မ ဒေါ်ခင်လှသီ(ဗိုလ်မှူး-ငြိမ်း)ထံ တယ်လီဖုန်းဆက်ရပါတော့သည်။

သပြေကန်ဆရာတော်ဘုရားကြီး လျှာတွင် အနာပေါက်နေ၍ သက်ဆိုင်ရာနှင့် တင်ပြညှိနှိုင်းပြီး စစ်ဆေးရုံသို့ ပြသပေးပါရန် မေတ္တာရပ်ခံရာ အစ်မ ဒေါ်ခင်လှသီကလည်း လိုလိုလားလား တာဝန်ယူလိုက်ပါသည်။

[ထိုအချိန်က သွားနာရောဂါ လျှာရောဂါကို စစ်ဆေးရုံတွင် ပြသကုသပုံအကြောင်း အစ်မဒေါ်ခင်လှသီက သီးခြားရေးသားတင်ပြထားပါသည်။]

နိုင်ငံခြားရေးဌာန

၁၉၉၂-ခုနှစ် နိုဝင်ဘာလတွင် ကျွန်တော်သည် ဘန်ကောက်မြို့မှ ရန်ကုန်မြို့သို့ ပြန်လာကာ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရပါသည်။ စနေ တနင်္ဂနွေ နားရက်မရှိသော ဝန်ကြီးဌာနဖြစ်သဖြင့် ဆရာတော်ဘုရားကြီးထံ တစ်လတစ်ခေါက် ရောက်ဖို့ အတော်ကြိုးစားရပါ၏။ ဇနီး မသက်ဆွေ ကတော့ ဝါတွင်းကာလ ဥပုသ်သီတင်းယူချိန်ရောက်တတ်သည်။ ပုဂံတောင်ဇာတိ ကျွန်တော့် အဒေါ် ဒေါ်အေးရင်နှင့် အမြဲတွေ့ရကြောင်း ပြောပြတတ်ပါသည်။

ဝိနည်းမသိသူတို့ ဆည်းကပ်မှု

ဆရာတော်ဘုရားကြီးအား ကျွန်တော်နှင့် ဇနီးသာမက သားကြီး ဇော်ဦးဆွေနှင့် ချွေးမ မနီတာတို့ကလည်း ကြည်ညိုကြ၏။ ကျွန်တော့်သားကြီးသည် ဘာသာရေးနှင့် ပတ်သက်လျှင် မည်သည့် သံဃာကိုမှ မလျှောက်။ ဆရာတော်ဘုရားကြီး တစ်ပါးတည်းကိုသာ မေးလျှောက်လေ့ရှိသည်။

ပဋ္ဌာန်းဒေသနာတော်နှင့် ပတ်သက်၍ အကြိမ်ကြိမ် လျှောက်၏။ ဆရာတော်ဘုရားကြီးကလည်း အကြိမ်ကြိမ် ရှင်းပြ၏။

တစ်ခါတစ်ရံ သားနှင့်ချွေးမတို့ "သွားရောက်ကန်တော့ကြလေရာ ဆရာတော်ဘုရား အခန်းထဲမှာပင် ကန်တော့ခံရင်း သား ဇော်ဦးဆွေက ပစ္စည်းတစ်ခု (လှုဖွယ်တင်ရန် လင်ဗန်း သို့မဟုတ် စာအုပ်)ယူရန် အခန်းမှ ထွက်သည်နှင့် ချွေးမကိုပါ လိုက်သွားရန် ဆရာတော်ဘုရား မိန့်ကြား၏။ လူငယ်တွေက နားမလည်၍ "ရပါတယ်ဘုရား" ဟု ပြောသောအခါ-

"ဒကာမလေး၊ ဒီအခန်းထဲမှာ ဒီလိုနေခဲ့လို့ မရဘူး၊ အခန်းပြင်ကို လိုက်သွား" ဟု တည့်တည့်လင်းလင်း ပြောတတ်ပါလေသည်။ အိမ်သို့ ပြန်ရောက်မှ ဝိနည်းတော်ကို အထူးစောင့်ထိန်းသောကြောင့် ဒကာမ တစ်ယောက်တည်း ဆရာတော်အခန်းမှာ မနေသင့်၍ "နှင်လွှတ်ခြင်း" ဖြစ်ကြောင်း မသက်ဆွေက ရှင်းပြရပါတော့သည်။

ချွေတောင်ကြီး ပြုပြီ

ကျွန်တော်တို့မှာ ကိုယ့်အလုပ်နှင့်ကိုယ် နေ့ည အလုပ်ရှုပ်နေကြ၍ အမြဲမပြတ် ဆည်းကပ်ခြင်း မပြုနိုင်သည့်အတွက် နာတာရှည်ရောဂါမရှိဘဲ ဆရာတော်ဘုရားကြီး ရုတ်တရက် ဆေးရုံတက်သွားရသည်ကို မသိလိုက်ရပါ။

၁၉၉၅-ခုနှစ် ဖေဖော်ဝါရီလ(၄)ရက် သောကြာနေ့ ညနေတွင် မင်္ဂလာဒုံ စစ်ဆေးရုံသို့ တင်ပို့လိုက်ကြောင်း တနင်္ဂနွေနေ့ကျမှ ကျွန်တော်သိရပါသည်။ လှမ်းမေးကြည့်သောအခါ နှလုံးရောဂါဖြစ်ကြောင်း၊ အခြေအနေကောင်းကြောင်း၊ အိပ်ယာထဲမှာ လဲလျောင်းနေရန် သမားတော်များက မှာကြားထားကြောင်း သိလိုက်ရပါသည်။ ထိုအချိန်က ပြည်ပမှ ဧည့်သည်ရောက်နေ၍ ကျွန်တော်ဆေးရုံသို့ မသွားလိုက်ရပါ။ နောက်နေ့-

၁၉၉၅-ခုနှစ် ဖေဖော်ဝါရီလ(၆)ရက်နေ့ နံနက်တွင် ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူသွားလေပြီ။

ဆရာ ဒေါက်တာမင်းတင်မွန် ရေးသားသော **သပြေကန်ဆရာတော်ဘုရား** စာအုပ်တွင် ပွင့်လင်းစွာ ရေးသားထားချက်အရ -

- ဆရာတော်ဘုရားကြီးသည် ခန္ဓာဝန်စွန့်ရတော့မည့် အချိန်ကို သုံးလခန့်က ကြိုတင်၍ သိနေသည်၊
- မလွန်ဆန်နိုင်သော အချိန်နာရီစေ့ရောက်သည်နှင့် တိုက်ဆိုင်လစွာ စစ်ဆေးရုံတွင် သူနာပြုဆရာမလေးများ အနားယူချိန် နံနက်(၃)နာရီထိုးသည်နှင့် ဝိနည်းကို အသက်ထက် တန်ဖိုးထားသော ဆရာတော်ဘုရားကြီးသည် သဟသေယျသိက္ခာပုဒ်အတွက် လဲလျောင်းနေရာမှ ဇွတ်အတင်း ထ၍ ထိုင်သည်။

သီလအတွက် အသက်ကိုမငဲ့ဘဲ စွန့်လွှတ်သွားလေပြီဟု စာမျက်နှာ(၂၄၇)တွင် တွေ့ရပါသည်။

ဘုရားရှင်သော်မှ လွန်ဆန်၍ မရသော မရဏာတရားပင် ဖြစ်သော်လည်း နောက်ဆုံးထွက်သက်ဆုံးချိန်အထိ ဝိနည်းကို ဦးစားပေးခဲ့ပုံကို ဖတ်ရသောအခါ ပို၍ပင် ကြည်ညိုမိရပါတော့သည်။

သဲတစ်ပွင့်

ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ကား ကြီးမားလှပါ၏။ ကိုးကွယ်ဆည်းကပ်ရင်း တရားဒေသနာများ နာကြားရသူများသာမက ဆရာတော်ဘုရားကြီး ရေးသားစီရင်ခဲ့သော တရားစာပေတို့ကို ဖတ်ရှုမှတ်သား ရသူများအတွက်ပါ အကျိုးတရား ကြီးမားလှပါ၏။

ထိုမျှကြီးမားလှစွာသော ကျေးဇူးတော်တို့အနက် သဲတစ်ပွင့်စာမျှ ဆပ်ခွင့်အထူးကို ကျွန်တော်တို့ ရရှိခဲ့ပါသည်။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီး ခုနှစ်ရက်မြောက်သော ၁၉၉၅-ခု၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် အန္တိမစျာပန ဆင်ယင်ကျင်းပသည်။

ဆရာတော်ဘုရားကြီး၏ အရိုးပြာများကို မြေမှာမကြဲမမြုပ်ဘဲ ပင်လယ်ဝအရောက် ရေမှာမျှောရန် စီစဉ်ခဲ့ပါသည်။ နိုင်ငံတော်အစီအစဉ်ဖြင့် ရန်ကုန်မြစ်ဝမှထွက်၍ အရိုးပြာအိုးကို မျှောရမည့် ၁၉၉၅-ခု၊ ဖေဖော်ဝါရီလ(၁၃) ရက်နေ့တွင် နဝတ အတွင်းရေးမှူး(၁)မှ အစ သာသနာရေးဝန်ကြီး အပါအဝင် ဝန်ကြီးများ အရေးကြီး အစည်းအဝေးရှိနေသည်။

ထို့ကြောင့် ဒကာရင်းဖြစ်သော နိုင်ငံခြားရေးဌာန ဒုတိယဝန်ကြီး တာဝန်ယူထားသော ကျွန်တော်နှင့် ဇနီးကို တာဝန်ပေးပါလေတော့သည်။ ကျွန်တော်တို့နှင့်အတူ ရန်ကုန်တိုင်းမှ ဗိုလ်မှူးကြီး ခင်အောင်မြင့်လည်း လိုက်ပါလာသည်။

သတ်မှတ်သောနေရာရောက်သည့်အခါ သင်္ဘောကို စက်ရှိန်သတ်လိုက်သည်။ ကျွန်တော်နှင့် ကျွန်တော့်ဇနီးက အရိုးပြာအိုးကို နှစ်ယောက်ကိုင်ထားကြသည်။ အရိုးပြာအိုးအောက်မှ အပေါက်ဖောက်ထားသည်။ ထိုပြာအိုးကို ရုတ်တရက် ရေပေါ်ချရ မျှောရမှာ နှမြောနေမိသည်။

ကြည်ညိုသောစိတ်နှင့်အတူ သမုဒယက ဒွန်တွဲနေသည်။

ဆရာတော်ကြီး ရေးသားစီရင်တော်မူခဲ့သော ကျမ်းအဆူဆူတို့ ပုံနှိပ်စာလုံးနှင့် ကျန်ရှိခဲ့သည် မှန်ပါသော်လည်း မိန်မြွက်ခြင်း၊ ဟောကြားခြင်း၊ ရေးသားခြင်းမပြုရသေးသော ဘုရားဟောကျမ်းဂန်တွေ ဆရာတော်ဘုရား ဦးနှောက်ထဲတွင် ကျန်နေပေလိမ့်ဦးမည်ဟု ယုံနေသည်။ ထိုကျန်ရှိနေသော ပညာများအား လုံးသည် အရိုးပြာထဲတွင် ပါသွားမည်၊ မြစ်ဝသို့မဟုတ် ပင်လယ်ဝ တစ်နေရာတွင် နစ်မြုပ်နေပေရော့မည်။ ပျောက်ကွယ်သွားတော့မည်ဟု နှမြောတသခြင်း စိတ်ဝေဒနာကို ပြင်းထန်စွာ ခံစားလိုက်ရပါသည်။

မတတ်သာပြီ

ဗုဒ္ဓဘာသာအများတို့ အားထားရာ ကျမ်းပြုအကျော် သပြေကန်ဆရာတော်ဘုရားကြီး မိမိတို့ ကြည်ညိုလှစွာသော ဆရာတော်ဘုရားကြီး ကျွန်တော့်အဖိုးနှင့် တစ်နယ်တည်းသား သာသနာ့အာဇာနည် ဆရာတော်ဘုရားကြီး၏ အရိုးပြာများကို နောက်ဆုံးပူဇော်ခြင်းအဖြစ် စိတ်ကို ဆုံးဖြတ်၍ ရေပေါ်ချရန် မျှောလိုက်ရပါတော့သည်။

ရေစီးမျောရာ တရွေ့ရွေ့ပါလျက် ဖောက်ထားသော အိုးအပေါက်မှ ရေဝင်ကာ တအိအိ ရေတွင်မျောနေသည်ကို မျက်စေ့တစ်ဆုံးကြည့်ရင်း ကျွန်တော်တို့အားလုံး မလှုပ်ရှားနိုင်ခဲ့ကြ။ တဖြေးဖြေးဝေး၍ ဝေး၍ အရိုးအိုး တစ်ခုလုံး နစ်မြုပ်သွားမှ အားလုံးပြိုင်တူ သက်ပြင်းချနိုင်လိုက်ကြပါတော့သည်။

၁၉၉၅-ခု၊ ဖေဖော်ဝါရီလ(၁၃)ရက်နေ့က သဲတစ်ပွင့်စာမျှ ကျေးဇူးဆပ်ခွင့်ရခဲ့သည့် ကုသိုလ်ကို အစဉ်စဉ်းစားရင်း ဂုဏ်ယူဝင့်ကြွားခဲ့ကြသော ကျွန်တော်နှင့် မသက်ဆွေတို့သည် "ငါ" စွဲမပြုတ်သေးသော ပုထုဇဉ်များသာ ဖြစ်ပါကြောင်း ရိုးသားစွာ ဝန်ခံရင်း မှတ်တမ်းတင်ဖော်ပြ လိုက်ရပါသတည်း။

မောင်ဆွေသက်

သပြေကန်သို့

မောင်ဇေကျင်းမြင့်

ဝါဆိုလလည်းဖြစ်ပြန်၊ ဇူလိုင်လ ၁၉-ရက်လည်း ဖြစ်ပြန်သောကြောင့် အမြဲတမ်း မိုးရွာသော အစဉ်အလာ ရှိခဲ့၏။ ထို့ကြောင့် သည်နေ့တွင် ခရီးထွက်ကြဖို့ စီစဉ်သောအခါ မိုးလွတ်ပါ့မလားဟု စိုးရိမ်ကြသည်။ နဂိုကပင် လမ်းခရီးက ခက်သဖြင့် မိုးရွာလေလျှင် ဘယ်မှ မရောက်ဘဲ ပြန်လာရမည်ကို ပူပန်ကြခြင်းဖြစ်၏။ ကျွန်တော်ကမူ လွန်ခဲ့သော ဆယ့်သုံးလေးရက် အစည်းအဝေးမှာပင် ပြောထားပြီးဖြစ်ခြင်းနှင့် မိမိတို့သွားသော ခရီးမှာ သပြေကန် ဆရာတော်ကြီး၏ ရာပြည့် ဂုဏ်ပူဇော်စာစောင်အတွက် ကုသိုလ်စိတ်အခြေခံသော ကောင်းသောသွားခြင်းဖြစ်သော ကြောင့် "မိုးမရွာ" ဟု စိတ်ထဲတွင် ယုံကြည်ထားသည်။ မနက်စောစောအရဏ်တွင် မိုးကလေးတဖွဲ နှစ်ဖွဲ ကျနေ၏။ သို့သော် ကျွန်တော် အိမ်ကထွက်သော် မိုးမရွာတော့ချေ။

ပုဇွန်တောင်ရွေကျင်ကျောင်းတိုက်သို့ ၆-နာရီ သာသာ ရောက်သည်။ စုရပ်အဖြစ် ချိန်းဆိုထားသည်။ ကျွန်တော်၊ ကိုကံမြင့်၊ ကိုသက်စိန်(ဖြူး)တို့ ရောက်ပြီးသော် ကျောင်းမှ ဦးပဉ္စင်း ဦးသာဓိန နှင့် ဦးလှစိုးတို့ကလည်း အဆင်သင့်ဖြစ်နေသည်။ နံနက် ၇-နာရီတွင် ကျောင်းမှ လိုက်ပို့သောကားဖြင့် ထွက်ခဲ့၏။ သံလျင်မြို့ကိုဖြတ်ပြီး

သော် သုံးခွမရောက်မီ သူဌေး ကွင်းရွာ ကားဂိတ်၌ဆင်းကြပြီး မော်တော်ဆိုင်ကယ်(ကယ်ရီ) ဖြင့် ဆက်လက်ထွက်ခဲ့ရသည်။ သူဌေးကွင်းနှင့် ရုံးသပြေကန်မှာ တကယ်တော့ ၆-မိုင်မျှသာရှိပါသည်။သို့သော် ဆိုခဲ့သည့် အတိုင်း လမ်းက ကျောက်ကြမ်းလမ်းဖြစ်ပြီး မိုးရွာထားသောကြောင့် လမ်းအလယ်မှ လည်းသွားမဖြစ်။ ကျောက်လမ်းအောက် မြေသားလမ်း ကလည်းသွားမဖြစ်၍ ကျောက်လမ်းအစပ်မှ တစ်လှည့် မြေမာလမ်းမှတစ်လှည့်စီ မောင်းရလေသည်။ ၄၅-မိနစ်မျှ သွားရသည်။

လမ်း၏ ဝဲယာ တစ်လျှောက်တွင် စပါးပင်ပျိုတွေ စိမ်းလဲ့နေသည်။ ကွင်းအချို့မှာ ကောက်စိုက်နေကြဆဲ ဖြစ်သည်။ မော်တော်ဆိုင်ကယ်ဖြင့်ပို့သော ကလေးများက ကျွမ်းကျင်သည် ဆိုစေကာမူ မြွေလိမ်မြွေကောက် သွားရသောကြောင့် လိမ့်ကျမည်ကို သို့မဟုတ် ဆိုင်ကယ်တိမ်းမှောက်မည်ကိုတော့ စိုးရိမ်မိသည်။ သို့သော် ချောမောစွာပင် သပြေကန်ရွာ မဟာဓမ္မိကာရာမ ကျောင်းတိုက်ကြီးသို့ ဝင်ရောက်ခဲ့ကြလေသည်။

သပြေကန်သည် ရွာဟုဆိုသော်လည်း မြို့နယ်ခွဲ တစ်ခုမျှ ကျယ်ဝန်းပြီး အိမ်ခြေများများနှင့် စာတိုက်၊ ရဲစခန်း စသည်ဖြင့် ပြည့်စုံသည်ဟု ဆိုရပေမည်။

[သပြေကန်ကို အင်္ဂလိပ်ခေတ်က ရန်ကုန်မှ သတင်းစာနှင့် မဂ္ဂဇင်း၊ ဂျာနယ်များ ပို့ခဲ့သော စာတိုက်ချောပို့ တံဆိပ်များကို မဟာဓမ္မိကာရာမ ပိဋကတ်တိုက်ကြီး၏ စာအုပ်များအကြား၌ တွေ့ရှိခဲ့ရသည်။ ၃-၁၀-၂၃ သပြေကန်စာတိုက် တံဆိပ်တုံးထုထားသည်။]

သပြေကန်ကျောင်းတိုက် ဆရာတော် ဦးဝိဇယ (သက်တော်-၅၉၊ ဝါတော်-၄၀)က မိမိတို့အား ခရီးရောက် စေရန် စေတနာဖြင့် နံနက်စောစော မိုးလေကင်းတုန်း မင်္ဂလာနှင့် ပုဂံတောင်ကို သွားကြရန် မိန့်ကြားသည်။ အပြန် ကျောင်းမှာ နေ့လယ်စာအတွက် စီစဉ်ထားပေးမည်ဟု ဆို၏။ ကျွန်တော်တို့သည် သပြေကန်မှ ၂-မိုင်မျှဝေးသော မင်္ဂလာရွာသို့ ဆိုင်ကယ်ဖြင့် ဆက်ထွက်ခဲ့ကြသည်။ လမ်းကတော့ ထုံးစံပါပဲ။ မင်္ဂလာရွာ 'ဘာဝနာရာမ' ကျောင်းတိုက်မှာ လမ်းအတွင်းဘက်ဖြစ်နေ၍ ရွံ့လမ်းကပင် ဖြတ်သွားကြရသည်။ ကျောင်းထိုင်ဆရာတော်မှာ ဦးဇောတိပါလ(သက်တော် ၆၃၊ ဝါတော် ၄၄)ဖြစ်သည်။ ဆရာတော်အား ဖူးတွေ့ပြီးသော် သပြေကန်ဆရာတော်ကြီးနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားကြသည်။

"ယခု ဦးပဉ္စင်းတို့ သီတင်းသုံးနေသောကျောင်းမှာ ဆရာတော်ကြီး၏ ခမည်းတော် ဦးရသေ့၏အမွေ ဖြစ်ပါတယ်။ ကျောင်းဟောင်းက ရွှေ့လာပြီး ပြန်ဆောက်တာပါ။ အခု နှစ်တွေကြာတော့ ထပ်ပြင်ရပါတယ်။ (ဦးရသေ့၏ ကျောင်းဟောင်းနေရာကို ပုဂံတောင်အသွားတွင် ဦးလှစိုးက ပြခဲ့ပါသည်။)



''ဆရာတော်ကြီး ကိုရင်တုန်းက နေခဲ့တာက မဂီလွန်းတောင်ကျောင်းပါ။ လမ်းရဲ့ ဟိုဘက်က ကျောင်းပေါ့။ ဒီကုန်းမှာနေစဉ် သပြေကန်ဆရာတော်ထံ ရောက်ပြီး ပညာသင်ခွင့် ကောင်းကောင်းရခဲ့တာပါ။ ပထမသပြေကန်ဆရာတော်ကြီး ဦးဥက္ကံသ က ''သဒ္ဒါကြီးနိသယ'' ဖြင့် လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ ဆရာတော်ပါ။

''ဆရာတော်ကြီးရဲ့ ခမည်းတော် ဦးရသေ့ဟာ လယ်သမားဘဝက ရသေ့ပြုပြီး ကျောင်း၊ စေတီများ ဆောက်လုပ်ခဲ့တာပါ။ အိန္ဒိယကို ကုန်းကြောင်းသွားပြီး ဗုဒ္ဓဂယာက ဗောဓိပင်ကို ပင့်ခဲ့ပြီး စေတီတည်ခဲ့တာပါ။ ပုဂံတောင်ရောက်ရင် တွေ့ရမှာပါ''။

မဂီလွန်းမှ ပုဂံတောင်သို့ ခရီးဆက်ကြရပြန်သည်။ 'ပုဂံတောင်' ဟူသော အမည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှ၏။ မန္တလေးမြို့တော်ကြီး၏ တောင်ဖက်တွင်ရှိသော အမရပူရကို တောင်မြို့ဟု ခေါ်သကဲ့သို့ ရှေးဟောင်းပုဂံကြီး၏ တောင်ဘက်ရှိ မြန်မာရွာကလေးကို မြန်မာမူဖြင့် ခေါ်ခဲ့ခြင်း ဖြစ်၏။ ပုဂံတောင်ရှိ ဆိုခဲ့သော ဗောဓိပင် စေတီကို လမ်းတွင်တွေ့ခဲ့ရ၍ အပြန်မှ ဝင်ကြရန် ဆက်ခဲ့သည်။ ပင်မ ကား(ကျောက်ကြမ်း)လမ်းမှ ခွဲ၍ ဝင်သော လမ်းမှာ ကားတစ်စီးသွားနိုင်ရုံ အင်္ကျီတေလမ်းဖြစ်သည်။ မကြာမီ 'ခမ္မိကာရာမ ပျိုးဥယျာဉ် ပရိယတ္တိရွှေကျင်စာသင်တိုက်'' ဟူသော ကမ္မည်းဖြင့် ကျယ်ဝန်းလှသော ကျောင်းတိုက်ကြီးသို့ ရောက်ခဲ့လေသည်။ ဆရာတော် ဦးစန္ဒာဝရမှာ သက်တော် ၄၅(ဝါတော်-၂၅)သာ ရှိသေး၍ ဖျတ်လတ်သော ရဟန်းရွယ်တစ်ပါးအဖြစ် ဖူးတွေ့ရ၏။ သီတင်းသုံးရာကျောင်းမှာ လူ ၁၄-၁၅ ယောက် ဝင်ထိုင်လိုက်သောအခါ ပြည့်သွားလေသည်။ ဆရာတော်နှင့် စကားစမြည်ပြောရင်း မုန့်,ကော်ဖီတို့ဖြင့် ကျွေးမွေးပါသည်။

''သပြေကန် ဆရာတော်ကြီးဟာ ဘုန်းကြီးရဲ့ ဥပဇ္ဈာယ်ဆရာတော်ပါ။ ဆရာတော်ကြီးထံမှာ ကိုရင် နှစ်ဝါ၊ ရဟန်း နှစ်ဝါကြာ ပညာသင်ခဲ့ရပါတယ်။ ဒီတုန်းက ငယ်စဉ်မို့ အနေအထိုင်၊ အပြောအဆို၊ အစားအသောက်မှအစ ဝိနည်းတော်နှင့်ညီဖို့အပြင် ပညာသင်ကြားတာအထိ ဆရာတော်က ပြုပြင်ဆုံးမတာ ကောင်းစွာခံယူခဲ့ရပါတယ်။ ဆရာတော်ကြီးရဲ့ သီလ၊ သမာဓိ၊ ပညာကို အနီးကပ်ဖူးတွေ့ခဲ့ရသဖြင့် ကြည်ညိုမဆုံးပါဘူး၊ ဦးပဉ္စင်းကို သံလျှင်

ခေမိကာရာမမှာ တာဝန်ပေးခဲ့ပြီး ယခု ပုဂံတောင်မှ တာဝန်ပေးပြန်တော့လည်း စာပြန်ပွဲများမှာ ကြွရောက်လာပြီး ဆိုဆုံးမခြင်းနှင့် တပည့်ကို ဂုဏ်ပြုချီးမြှင့်ခြင်း ပြုခဲ့ပါတယ်။ ဆရာတော်ကြီး ဂုဏ်ကျေးဇူးကို အမှတ်ရနေဆဲ ဖြစ်ပါတယ်"။

ထို့နောက် ပုဂံတောင်ရွာမှ အသက် ၆၈-နှစ်ရှိ ခြင်းကြားလူဆိုသော အိန္ဒိယလူမျိုး ဝေယျာဝစ္စတပည့် တစ်ဦးက ကိုယ်တွေ့ကို ပြောပြ၏။

"ကျွန်တော်က ဆရာတော် သွားလိုရာကို လှည်းမောင်းပို့ရပါတယ်။ တစ်ကြိမ်မှာ အရှေ့ကွင်းအလှူပင့်လို့ သွားကြတုန်းမှာ လှည်းပေါ်က ဆရာတော် ကျသွားပါတယ်။ နွားနှင့် လှည်းကြားမှာပါ။ နွားတွေကလည်း ရပ်နေတာမို့ ဘာအထိအခိုက်မှ မရှိပါဘူး။ ဆရာတော်ရဲ့ သီလဂုဏ်လို့ ယုံကြည်ပါတယ်"။

ကျွန်တော်တို့သည် ဆရာတော်တည်းခိုရာကျောင်း (ယခုသော် အတော်ပျက်စီးနေပါပြီ) စာပြန်ပွဲကျင်းပရာ နှစ်ထပ်တိုက်ကျောင်းနှင့် မဟာဇိနကျောက်ဆင်းတုကြီးနှင့် လောကဝိဒူ စေတီတော်သို့ သွားရောက်ဖူးမြော်ကြသည်။

ပုဂံတောင်စာပြန်ပွဲမှာ ၈၉-နှစ် ပြည့်ခဲ့ပြီ။ လာမည့် အကြိမ်မှာ နှစ်ကိုးဆယ်မြောက်ဖြစ်သည်။ ၁၂၈၃(၁၉၂၁) ခုနှစ်ကပင် စတင်ကျင်းပခဲ့ရာ ရှေးဦးကျသော စာသင်ပွဲကြီး ဖြစ်သည်။ မိမိတို့အား ဆရာတော်က စိန်ရတု အထိမ်းအမှတ် ဆွမ်းစားကျောင်း(၁၉၉၆-ခုနှစ်တွင် အလှူဒါယိကာမ ဒေါ်ကြင်ရန်၊ ဒေါ်ကြင်မြ၊ ဒေါ်ကြင်မြင့် ညီအစ်မများက ကျပ်သိန်း ၃၀ မ,တည်ကာ ဆောက်လုပ်ခဲ့သည်)တွင် နေ့လယ်စာဖြင့် ကျွေးမွေးပါသည်။ ထို့နေ့မှာ အာဇာနည်နေ့ဖြစ်၍ ရွာမိသားစုက ဆွမ်းကျွေးပွဲ နှစ်စဉ် ပြုခဲ့သည်မို့ ရွာအလိုက် ပြည့်စုံသော အလှူကလေး ဖြစ်နေသည်။

ပျိုးဥယျာဉ် ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်းကိုလည်း ဖွင့်ထားရာ မိမိတို့သည် စာသင်နေဆဲ ဖြစ်၍ ဝင်ရောက်ကြည့်ရှုခဲ့ကြသည်။ သူငယ်တန်းမှ သတ္တမတန်းအထိ ကျောင်းသားကျောင်းသူ ၂၁၀(ကိုရင်ဝတ်ဖြင့် တောင်တန်းဒေသမှ အပါအဝင်)ရှိသည်။ ဆရာ,ဆရာမလေးခုနစ်ယောက်ရှိသည်။ လုပ်အားပေးများဖြစ်ကြ၍ ထောက်ပံ့ငွေ တစ်သောင်းခွဲသာ။ သို့သော် သူတို့သည် ဘွဲ့ရသူများ၊ နောက်ဆုံးနှစ်ဘွဲ့ကြိုများ ဖြစ်ရုံမက အချို့မှာ တစ်နေ့ကို အသွား ၄-မိုင်၊ အပြန် ၄-မိုင်ခန့် ခြေကျင်လျှောက်လာပြီး ပညာသင်ပေးနေသော စေတနာမှာ "တကယ်ပါပဲ"ဟု ဆိုရပါမည်။ [ဤ ပျိုးဥယျာဉ် ဘုန်းတော်ကြီးသင်ကျောင်း အကြောင်း အပြည့်အစုံ အပျိုစင်မဂ္ဂဇင်း အောက်တိုဘာ ၂၀၁၁ တွင် ရေးသားဖော်ပြခဲ့ပါသည်။]

မွန်းလွဲပိုင်းတွင် ပုဂံတောင်မှ ထွက်ခဲ့သည်။ လမ်းတွင် 'ကိုးနဝင်း ကန်ဦးဆုတောင်းပြည့် စေတီ'သို့ ဝင်ရောက်ဖူးမြော်ကြသည်။ ကန်နှင့်ကြာနှင့်စေတီနှင့်သည် မြန်မာဓလေ့ဖြစ်သည်။ ဘရဏေ တည်ခဲ့သောစေတီအနီးမှ ဗောဓိပင်ကို ပင့်ဆောင်ပြီး စေတီပါ တည်ထားခဲ့ခြင်း ဖြစ်၏။ စေတီအနီးကျောက်စာတွင် သမိုင်းမော်ကွန်းကျောက်စာရှိသည်။ "မင်္ဂလွန်းရွာ မြောက်ဖက် ဘရဏေ၏ ကျောင်းတွင် ၁၃၀၂-ခုနှစ်၌ စိုက်ပျိုးခဲ့ကြောင်း၊ ၁၃၄၀-ပြာသိုလဆန်း ၆-ရက်တွင် ယခု တည်နေရာသို့ ရွှေ့ပြောင်းခဲ့ကြောင်း ဖော်ပြထားသည်။

မင်္ဂလွန်းတောင်ကျောင်း(ယခု ရတနာ့မာန်အောင်) တိုက်သို့ ဝင်ရောက်ခဲ့သေးသည်။ ဆရာတော် ကိုရင်ဘဝက နေခဲ့သော ကျောင်းတိုက်မှာ မရှိတော့ပါ။ စေတီကလေးမှာ ရွှေရောင်ဝင်းနေဆဲပင်။

သပြေကန်ကို ပြန်ရောက်တော့ ၂-နာရီကျော်ပြီ။ ဆရာတော်နှင့်အတူ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ သပြေကန်ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသ ငယ်ရွယ်စဉ် ပထမဆရာတော်ကြီ ဦးဥက္ကံသ လက်ထက်ကပင် ရှိခဲ့သော ပိဋကတ်တိုက်တွင် ကျမ်းစာများက စာအုပ်ဘီဒိုကြီး သုံးလုံးအပြည့် တွေ့ခဲ့ရ၏။ ပထမ သပြေကန်ဆရာတော်ကြီးအား အင်္ဂလိပ်အစိုးရက ဆက်ကပ်ချီးမြှင့်တော်မူသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် လက်မှတ်မူရင်းကို တွေ့ရ၏။ ထိုဘွဲ့လက်မှတ်မှာ အိန္ဒိယဘုရင်ခံချုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည်။

သပြေကန်ဆရာတော်ကြီး သီတင်းသုံးရာ နှစ်ထပ်တိုက်ကျောင်း အပေါ်ထပ်ရှိ ကျိန်းစက်ရာနှင့် စာရေးသားရာ စာပွဲအပြင်တို့ကို ပြသထားသည်။ ရိုးရှင်းသော အနေကို မြင်ရသည်မှာ ဝိနည်းတော်အရ နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း သက်သေပင်။ ကျောင်းတိုက်၏ အောက်ထပ်အဝင်ပေါက်၌ ဦးအောင်ဇေယျရပ်တုကြီးကို တွေ့ရ၏။

ဟိုတုန်းက ဆွမ်းစားကျောင်းကြီးကို လိုက်ပြသည်။ ၁၉၂၉-ခုနှစ်လောက်က တည်ဆောက်ခဲ့ခြင်း ဖြစ်ရာ အင်္ဂလိပ်ဟန် အဋ္ဌေအသက်တို့ကို တွေ့ရသည်။ မိမိတစ်ကြိမ် တစ်ခါမှ မတွေ့ဖူးသော ထူးခြားလှသည့် ကုဋ္ဌီမျိုးကို တွေ့ရသည်။ ခြောက်ခန်းတွဲ ကုဋ္ဌီသို့တက်သော လှေခါးမှာ အင်္ဂလိပ်ခေတ်က တည်ဆောက်ခဲ့ကြောင်း သက်သေအဖြစ် ၁၀-ပေခန့် ကျယ်သော အထက်လှေခါး၏ ဝဲယာတွင် လက်ရမ်းများမှာ စံတော်အိမ်များဟန်ဖြင့် ပန်းခုံကြိုးပါ တည်ဆောက်ထားခဲ့သည်။ ကုဋ္ဌီကြွေပြားကြီးများမှာ ၂-ပေခွဲ ပတ်လည်ခန့်ရှိပြီး ခေတ်ဟောင်းအသုံးအဆောင်ဖြစ်ကြောင်း ဖော်ပြနေသည်။ အလှူရှင်မှာ ဦးဘိုးမင်း၊ ဒေါ်လုံးပုံဟု အဝင်ဝ၌ ကျောက်ထွင်း မှတ်တမ်းထိုးထားသည်။

ကျွန်တော်တို့ လျှောက်သွားရာ နတ်လမ်းတစ်လျှောက်၌ ရှေးလက်ရာ ဗုဒ္ဓပန်းချီကားများနှင့် ရုပ်ကြွအချို့မှာ ကောင်းမွန်နေဆဲဖြစ်သည်။ အတော်များများတော့ ပျက်စီးနေပြီ။ အချို့မှ ဖြုတ်ယူ(ခိုး)သွားကြဟန်တူ၏။ ပန်းချီဆရာမှန်း ဟု လက်မှတ်ရေးထိုးကြသည်။ ပန်းချီသက်သက် သာမက ရုပ်ကြွများပါ တွဲထားသည်။ [ရှေးဟောင်းဆွမ်းစားကျောင်းကြီးထဲ၌လည်း အလားတူတွေ့ခဲ့သည်။ ထိုလက်ရာများမှာ ဟောင်းနွမ်းနေသော်လည်း တံခါးရှိသဖြင့် မပျောက် မပျက်ပါ။]

နတ်လမ်းတစ်လျှောက်ကတော့ ခိုးယူသူလွယ်ကူ၍ ဤမျှသာကျန်ခြင်းဖြစ်ပေမည်။ သည်ကြားထဲ မိုးဒဏ် လေဒဏ်နှင့် နာဂစ်ဒဏ်က ဖိစီးလိုက်ပါသေးသည်။ မိမိသည် ဟိုစဉ်က အခြေအနေကို တွေးမိပြီး ဤမျှ တိမ်ကောသွားသော သပြေကန်ကိုပါ စိတ်ထဲ၌ မကောင်းဖြစ်မိလေသည်။ ဆရာတော်ကြီး ရဟန်းခံယူခဲ့သော ခဏ္ဍသိမ်တော်သို့ ရောက်လာ၏။ သိမ်၏ကျောက်စာတွင် ၁၂၆၆(၁၉၀၄) ကပင် တည်ဆောက်ခဲ့ကြောင်း ကမ္မည်းကျောက်စာကို တွေ့ရ၏။ ထိုကျောက်စာ၌ "သပြေကန်မြို့" ဟု သုံးနှုန်းထားသည်။ သိမ်အတွင်း၌ စံပယ်တော်မူနေသော စကျင်ကျောက်ဖြင့် ထုထားသည်။ ဆင်းတုတော်ကြီးမှာ သပ္ပါယ်လှသည်။ အတွင်းတိုင်များတွင် ခေတ်လက်ရာနှင့် ရှေးလက်ရာ(မှန်စီရွှေချ) ရောနေသည်။

ထိုမှတစ်ဆင့် ချောင်းရပ်စေတီနှင့် ညောင်ပင်နှစ်ပင်အား သွားရောက်ကြည်ညိုသည်။ ချောင်းရေစီးတန့်သောနေရာတွင် တည်ထားသော စေတီဖြစ်သည်။ ထို့နောက် အသစ်ပြန်လည်တည်ဆောက်ထားသော တိုက်ကျောင်းသစ်သို့ ဝင်ရောက်ခဲ့ကြ၏။ ဤနေရာသည် ရှေးတုန်းက နှစ်ထပ်တိုက်ကျောင်းကြီး ဖြစ်ခဲ့သည်။ ယခုတော့ ခေတ်လက်ရာတိုက်ကျောင်းဖြစ်နေ၏။ ဆင်းတုတော်ကြီး စံပယ်ရာ၏ ယာဘက်နှင့် ဝဲဘက်တွင် သပြေကန်အကျော် ဆရာတော်ကြီးနှစ်ပါး၏ ဓာတ်ပုံနှင့် ကြေးသွန်းရုပ်တုတော်ကြီးများကို ဖူးတွေ့ရ၏။ သက်တူရွယ်တူ အရွယ်စား ဖြစ်ပြီး လက်ရာကောင်းလှသဖြင့် ဆရာတော်ကြီးများသက်ရှိထင်ရှား သီတင်းသုံးနေသည့်အလား ထင်မှတ်ရသည်။

သပြေကန်ကြီး၊ သဒ္ဒါကြီးကြီး၊ ပရိတ်ကြီးနှင့် ကျောင်းကြီးဟု ဆိုစကားရှိခဲ့သည်။ သပြေကန်မှာ ရုံးသပြေကန် ဘော့သပြေကန်ဟု နှစ်ခွာရှိရာ ရုံးသပြေကန်သည် ဘော့သပြေကန်ရွာထက် ကြီးသောကြောင့် သပြေကန်ကြီးဟု ခေါ်ကြ၏။ ပထမသပြေကန် ဆရာတော်ကြီးသည် သဒ္ဒါကြီးနိသယကို ပြုစုခဲ့၍လည်းကောင်း၊ အရှင်ဝါသေဋ္ဌာ ဘိဝံသသည် ပရိတ်ကြီး နိသယကို ပြုစုခဲ့၍လည်းကောင်း ကြီးနှစ်ကြီး ဖြစ်ပြန်၏။ တစ်ဖန် ရုံးသပြေကန်ရွာတွင် ဘုန်းတော်ကြီး ကျောင်းသုံးကျောင်းရှိရာ ယခု ကျောင်းတိုက် ကို ကြီးကျယ်ခမ်းနားသောကြောင့် ကျောင်းကြီးဟု လည်းကောင်း ခေါ်ကြရာ ကြီး ၄-ကြီးပင် ဖြစ်တော့သည်။ ဆရာတော်ကြီး ဦးဥက္ကံသ၏ ဇာတိမှာ မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ အရွှေ့မွေပုံကန်ကျေးရွာ

(စကျင်တောင် မြောက်ဘက်)ဖြစ်၍ သပြေကန်မှာ ပဝတ္တိ ဖြစ်သည်။ ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသ၏ ဇာတိမှာ ဤ သပြေကန်နှင့်အနည်းငယ်သာ လှမ်းသော ချောင်းဝကြီးရွာ ဖြစ်သည်။ (ယခုခေတ် ဟိုစဉ်က ရွာမှာ ကမ်းပြို၍ ရွာသစ်တည်ရာကို ချောင်းဝရွာသစ်ဟုလည်း ခေါ်ပြီး 'ကံ့သာ ကံမြင့်ရွာ'ဟု အမည်သစ်တွင်နေလေပြီ)

ညနေ ၄-နာရီထိုးပြီးပြီ။ ကျွန်တော်တို့အား ဆရာတော် ဦးဝိဇယက လက်ဖက်ရည်,ကော်ဖီဖြင့် ဧည့်ခံပြန်၏။ ယခု အချိန်အထိ မိုးညိုသည်ကလွဲပြီး မိုးတစ်ပေါက် မျှ မရွာ။ မိုးရွာမှာ စိုးရိမ်ခဲ့သော်လည်း သွားလို့လာလို့ ကောင်းရုံသာ ဖြစ်သဖြင့် သဒ္ဓါအကျိုးဟု ယုံမှတ်ခဲ့သည်။ ကျွန်တော်တို့ကို လိုက်ပို့ခဲ့သော မော်တော်ဆိုင်ကယ် ကယ်ရီ ကလေးများကား တစ်နေ့ကုန် လိုက်ပါပို့ဆောင် ကူညီကြသည်။ သူတို့ဒေသ အကျိုးဆောင်ခြင်းလည်း ဖြစ်၏။

ည ၄-နာရီတွင် သပြေကန်မှ သူဌေးကွင်းသို့အပြန် လမ်းသည် လေပြေအေးအေးဖြင့် စိမ်းစိုသော ဝဲယာလမ်း ဘေးက စပါးပင်ပျိုတို့က ယိမ်းထိုးနေသည်။ ဖြည်းဆေး လှသော ဆိုင်ကယ်များကို မာတလိနတ်သား၏ ယာဉ် အလား မှတ်ထင်လျက် လက်ကိုင်ကွင်းကို မြင်းဇက်ကြိုး အသွင် ဆွဲကိုင်ရင်း ကျွန်တော်တို့သည် လိုက်ပါလာရ တော့သည်။

မောင်ကောင်းမြင့်

[စာကြွင်း။ ထိုနေ့က မိုးသည် မိမိတို့ ရန်ကုန် ရောက်ပြီးမှ သည်းမည်းစွာ ရွာခဲ့ပါကြောင်း။]

လူညံ့တို့၏ အရာမဟုတ်

လူညံ့များမှာ ကောင်းမှုပင်ဖြစ်စေ မိမိအကျိုးရှိမှ ပြုလုပ်လိုကြ၏။ သံသရာမှ လွတ်မြောက်ရေးထက် ဘဝ ကောင်းစားရေး၊ ထင်ပေါ်ကျော်ကြားရေးကိုသာ အလေးပေး တတ်၏။ ထို့ကြောင့် ပါရမီမြောက်သော လုပ်ငန်းမှာ ထိုလူညံ့တို့၏ အရာမဟုတ် ဖြစ်ရ၏။

အရှင်ဝါသေဋ္ဌာဘိဝံသ

The Foolish man

THE FOOLISH MAN works only for personal gain. He thinks always of his fame and fortune, and only of this persent life. He does not concem himself with meritorious deeds that deepen one's pāramis, or that lead one nearer release from the sufferings Saṁsāra.

သပြေကန်ဆရာတော်ဘုရားကြီး၏

ဗုဒ္ဓါနုဿတိ သစ္စာမေတ္တာ ဘာဝနာ

မြဝင်း(ဒဿန)

ကျွန်တော်သည် သပြေကန်ဆရာတော်ဘုရားကြီး အရှင်ဝါသေဋ္ဌာဘိဝံသနှင့် စပ်လျဉ်း၍ ဆောင်းပါး ၂-ပုဒ် ရေးခဲ့ဖူးပါသည်။

တစ်ပုဒ်မှာ "မေတ္တာကို သစ္စာလောင်းမှ" ဟူသော ဆောင်းပါးဖြစ်၍ မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်း(၁၀/၁၉၉၀) ၌ပါခဲ့လေသည်။ အခြားတစ်ပုဒ်မှာ "ဂုဏ်ပြုပူဇော် သပြေကန်ထေရ်မြတ်မဟော်" ဟူသော ဆောင်းပါးဖြစ်၍ မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်း(၁၀/၂၀၀၁)၌ ပါခဲ့လေသည်။ ထို ဆောင်းပါးမှာ သပြေကန်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခြင်း ၆-နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့သော ရန်ကုန်မြို့၊ ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်၌ ကျွန်တော်ဟောပြောခဲ့သော ဟောပြောချက်ကို ဆောင်းပါးအဖြစ် ပြန်ကူးထားခြင်းဖြစ်ပါသည်။

ထိုဆောင်းပါး ၂-ပုဒ်အနက် "မေတ္တာကို သစ္စာလောင်းမှ" ဟူသော ဆောင်းပါးမှ သပြေကန် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော "ဆဆက္ကသုတ္တန် တရားတော်နှင့် သက်္ခံန်တရားတော်များ" စာအုပ်လာ ဟောကြားတော်မူချက်ကို အခြေခံပြီး ရေးထားသော ဆောင်းပါးဖြစ်ပါသည်။ ထိုဟောကြားတော်မူချက်၌ သပြေကန်ဆရာတော်ဘုရားကြီးက မေတ္တာအစွမ်းထက်အောင် မေတ္တာကို သစ္စာလောင်း၍ ပို့ရမည်ဟု ဟောထားပါသည်။ ထိုအချက်သည် ထူးသောအချက် ဖြစ်သည်ဟု ကျွန်တော် ယူဆပါသည်။ ယခု ထိုဟောကြားတော်မူချက်ကို စာဖတ်သူတို့ နှလုံးသွင်းနိုင်ကြစေရန် ကောက်နုတ်ဖော်ပြပါမည်။

သစ္စာမေတ္တာ

"ဝနပ္ပဂုမ္မေ ယထာ ဖုသိတဂ္ဂေ၊
ဂိမှာနုမာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဘုန်းကြီးတို့ ရတနသုတ္တန်မှာလာတယ်။ ဘုရားဂုဏ်တော်ဖွင့် ဗုဒ္ဓါနုဿတိလည်းဖြစ်တယ်။ သစ္စာဆိုတဲ့ သစ္စာလည်းဖြစ်တယ်။ မေတ္တာပို့တဲ့ မေတ္တာလည်း ဖြစ်တယ်။

ဂိမှာနံ-နွေလေးလတို့တွင်၊ ပဌမသ္မိံ ဂိမှေ-ရှေးဦးအစ နွေကာလဖြစ်သော၊ မာသေ-အလှထူးဌာ တန်ခူးလ အခါသမယ၌၊ ဖုသိတဂ္ဂေ-ကားကားစွင့်စွင့် ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော၊ ဝနပ္ပဂုမ္မေ-တောအုပ်ကြီးသည်၊ သသိရိကောယထာ-ရွှန်းရွှန်းအိအိ လှပသော အသရေရှိသကဲ့သို့၊ တထူပမံ-အနက်သဒ္ဒါ ဝေဆာလှဘိ ထိုတောအုပ်ကြီးလျှင် ဥပမာရှိသော၊ နိဗ္ဗာနဂါမိံ-နိဗ္ဗာနဓာတ် အမြိုက်ရပ်သို့ ဆိုက်ကပ်ကြောင်းဖြစ်သော၊ ဓမ္မဝရံ-ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် မြားမြောင်လှစွာ တရားဒေသနာတော်ကို၊ ပရမံဟိ

တာယ-နိဗ္ဗာနဓာတ် အမြတ်ဆုံးအကျိုးစီးပွားအလို့ငှာ၊ အဒေသယိ-ကရဏာရှေ့ထား၍ ဟောကြားတော်မူခဲ့ ပါလေပြီ၊ ဗုဒ္ဓေ-လောကထွတ်ထား မြတ်ဘုရား၌၊ ဣဒမ္မိရတနံ-ရတနာဖြစ်ကြောင်း ကောင်းမြတ်သောဂုဏ်ရည် အပေါင်းသည်လည်း၊ ပဏီတံ-ထူးမြတ်လှပါပေ၏၊ ဧတေနသစ္စေန-ဤသို့မှန်ကန်စွာ ဆိုရသော သစ္စာစကားကြောင့်၊ တုမှာကံ-ရတနာသုံးပါးအားထားကိုးကွယ်ကြသော ဘုရားတပည့် ဥပါသကာ ဥပါသိကာ အပေါင်း သူတော်ကောင်းတို့အား၊ သုဝတ္ထိ-ဘေးဒဏ်ရန်စွယ် အန္တရာယ်ကင်းဝေးအေးချမ်းသာယာခြင်းသည်၊ ဟောတု-မုချမသွေ ဖြစ်ပါစေဘုရား။

တို့ဘုရားရှင်သည် တကယ့်ဘုရားရှင်၊ တကယ့်မွန်မြတ်တဲ့ဘုရား၊ ဤသည်ကား သစ္စာစကား၊ ထိုသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

ထိုတရားတော်သည် တကယ်ကျင့်ရင် တကယ် ငြိမ်းအေးမှု သုခရနိုင်တဲ့ မွန်မြတ်တဲ့ တရားအမှန်၊ ဤသည်ကား သစ္စာစကား၊ ထိုသစ္စာစကားကြောင့် အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ။ ကျန်းမာကြပါစေ။

တို့သံဃာတော်သည် တကယ်ကောင်းအောင် ဘုရားအမိန့်အတိုင်း ကျင့်ကြံနေတဲ့ သံဃာတော်တွေ ဖြစ်သည်။ ဤသည်ကား သစ္စာစကား၊ ဤသစ္စာစကားကြောင့် အားလုံးသော သတ္တဝါတွေ ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ။ အန္တရာယ်ကင်းကြပါစေလို့ မေတ္တာပို့ရတယ်။

ဒါနဲ့ သစ္စာနဲ့ မေတ္တာပွားတာ ဒါဘာမှ မခက်ပါဘူး။ အလွယ်ကလေး၊ အလွယ်ကလေး ပွားများကြရတယ်၊ ဒါက ပြီးတော့ ထက်တယ်။ သစ္စာဆောင်းလိုက်တဲ့အတွက် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သစ္စာဆောင်းပေးလိုက်တဲ့အတွက် မေတ္တာပို့ပြီးတော့ ထက်သွားတယ်"။

(စာမျက်နှာ၊ ၂၂၀-၂၂၁)

ကျွန်တော်သည် သပြေကန်ဆရာတော်ဘုရားကြီး၏ ထိုဟောကြားတော်မူချက်ကို အခြေခံပြီး "မေတ္တာကို သစ္စာလောင်းမှ" ဟူသော ဆောင်းပါးကို ရေးခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ထိုစဉ်အခါက မေတ္တာကို အစွမ်းထက်စေသော နည်းများကို ရှာဖွေစုဆောင်းပြီး ဆောင်းပါးများ ရေးနေခဲ့ပါသည်။

ကျွန်တော်ရှာဖွေစုဆောင်း၍ရသော မေတ္တာကို အစွမ်းထက်စေသောနည်းများတွင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး၏ နည်းလည်း ပါဝင်ပါသည်။ စံကင်းဆရာတော်ဘုရားကြီး၏နည်းမှာ မေတ္တာမပို့ခင် ဂုဏ်တော်ကို ဦးစွာထုံမွှမ်းပြီးမှ ပို့သောနည်းဖြစ်ပါသည်။ ဥပမာဆိုရသော် စစ်ကိုင်းတောင်ရိုး၌ မှီတင်းနေထိုင်ကြသော ပုဂ္ဂိုလ်များအား မေတ္တာပို့မည်ဆိုလျှင် စစ်ကိုင်းတောင်တစ်တောင်လုံးကို ဦးစွာ ဂုဏ်တော်ဖြင့် လွှမ်းခြုံပြီးမှ ပို့သောနည်း ဖြစ်ပါသည်။

ထို့ပြင် ကျွန်တော်ရှာဖွေစုဆောင်း၍ရသော မေတ္တာကို အစွမ်းထက်စေသောနည်းများတွင် မန္တလေး မစိုးရိမ်တိုက်၊ ပဋ္ဌာန်းဆရာတော် ဦးဝိသုဒ္ဓါဘိဝံသဆရာတော်ဘုရား၏ နည်းလည်း ပါပါသည်။ ပဋ္ဌာန်းဆရာတော်ဘုရား၏နည်းမှာ အင်္ဂါလေးပါး စုံညီစွာ မေတ္တာပို့ရမည် ဟူသော နည်း ဖြစ်ပါသည်။ အင်္ဂါလေးပါး ဆိုသည်မှာ ပထမ မိမိခန္ဓာကိုယ်၊ ဒုတိယ ချစ်အပ်ခင်အပ်သော ပုဂ္ဂိုလ်၊ တတိယ အလယ်အလတ်ပုဂ္ဂိုလ်၊ စတုတ္ထ ရန်သူဖြစ်ခဲ့ဖူးသော ပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်လေးမျိုးကို စုံအောင် ပို့ရမည်ဟူသောနည်း ဖြစ်ပါသည်။

သပြေကန်ဆရာတော်ဘုရားကြီး၏နည်းမှာ မေတ္တာကို သစ္စာလောင်း၍ ပို့သောနည်းဖြစ်ပါသည်။ "သစ္စာနှုတ်သီး၊ မန္တာန်ကြီးကား၊ သေပြီးသော်မှ၊ ရှင်ပြန်ရ၏" ဟူသော စာအတိုင်း သစ္စာကလည်း အစွမ်းထက်၊ မေတ္တာကလည်း အစွမ်းထက်သဖြင့် ပို့လွှတ်အပ်သော မေတ္တာသည် အထူး အစွမ်းထက်သည်ဟု ဆိုနိုင်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်သည် ထိုနည်းကို "ဆဆက္ကသုတ္တန်တရားတော်နှင့် သကြိန်တရားတော်များ" စာအုပ်လာ ဟောကြားတော်မူချက်မှ ရခဲ့ပါသည်။ သပြေကန်ဆရာတော်ဘုရားကြီးသည် ထိုမေတ္တာပို့နည်းကို ယခုထက် ပိုမိုကျယ်ပြန့်စွာ ဟောကြားတော်

မူခဲ့လျှင် ကောင်းလေစွ၊ ထိုစဉ်အခါပင် ကျွန်တော်သည် တောင့်တမိခဲ့ပါသည်။

ကျွန်တော်သည် ကံကောင်းသည်ဟု ဆိုရပါမည်။ ခရစ်နှစ် ၂၀၀၃-ခုနှစ်တွင် မိခင်ရောဝတီစာအုပ်တိုက်မှ သပြေကန်ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသ၏ "သပြေကန်စာတိုပေစ" စာအုပ်ကလေး ထွက်လာပါသည်။ ထိုစာအုပ်ကလေး၌ "ဗုဒ္ဓါနုဿတိ သစ္စာ မေတ္တာ ဘာဝနာ" ဟူသော မေတ္တာပို့နည်း ပါလာပါသည်။ ထို မေတ္တာပို့နည်းမှာ ကျွန်တော် တောင့်တနေသော မေတ္တာပို့နည်းပင် ဖြစ်ပါသည်။ စံကင်းဆရာတော်ဘုရားကြီးက ဂုဏ်တော်ထုံမွှမ်းပြီးမှ မေတ္တာပို့သလို သပြေကန် ဆရာတော်ဘုရားကြီးက ဂုဏ်တော်ကို တိုင်တည်သစ္စာပြုပြီးမှ မေတ္တာပို့ထားသည်။ သို့ဖြစ်ရာ ပို့လွှတ်အပ်သော မေတ္တာသည် အထူးပင် ထက်လိမ့်မည်ဟု ကျွန်တော်ယုံကြည်မိပါသည်။ ကျွန်တော်သည် ထိုစာအုပ်ကလေးကို ရသည့်အချိန်မှစ၍ ထို "ဗုဒ္ဓါနုဿတိ သစ္စာ မေတ္တာ ဘာဝနာ" မေတ္တာပို့နည်းဖြင့် အမြဲ မေတ္တာပို့ပါတော့သည်။ ယခု စာဖတ်သူတို့ နှလုံးသွင်းနိုင်ကြစေရန် ညွှန်းဆိုလိုက်ရပါတော့သည်။

သပြေကန်ဆရာတော်ဘုရားကြီး၏ ဗုဒ္ဓါနုဿတိ သစ္စာ မေတ္တာ ဘာဝနာ မေတ္တာပို့နည်းကို အလွယ်တကူ နှလုံးသွင်းနိုင်ကြလိမ့်မည်ဟု ယူဆမိပါသည်။ နှလုံးသွင်းနိုင်ကြပါစေဟုလည်း ဆန္ဒပြုမိပါသည်။

(သပြေကန်ဆရာတော်ဘုရားကြီးအား ဤဆောင်းပါးဖြင့် ရိုသေစွာ ကန်တော့ပါသည်။)

မြဝင်း(ဒဿနှ)

အောင်နိုင်ခဲ့သော စစ်ပွဲကို အောင်နိုင်သူ

ကိုယ့်အား အမျက်ထွက်နေသူကို ပြန်စိတ်ဆိုးသူ မှာ ထိုသူ့အောက် ယုတ်ညံ့သူသာ ဖြစ်၏။ စိတ်ဆိုးသူကို ပြန်စိတ်မဆိုးသူမှာ အောင်နိုင်ခဲသော စစ်ပွဲကို အောင်သူ ဖြစ်တော့သည်။

A Battle Hard to Win

IF YOU ALLOW another person to stir your anger, you merely debase yourself to a level beneath the other person. If you conquer your rising anger, you have won a battle that is truly hard to win.

သပြေကန်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ နှင့်
ပရိတ်ကြီးနိသယသစ်ကျမ်းကြီး ရိုးပုံစံပါရိ

မင်းလှ မြတ်ထွေး

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင်နိကာယ ဥပဥဇ္ဈာဋ္ဌ ကျမ်းပြုအကျော် သပြေကန်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသသည် ထူးခြားသော ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသည်။ ပါဠိတော်များကို တစ်ခေါက်နှစ်ခေါက် ဖတ်ရုံမျှနှင့် အာဂုံဆောင်နိုင်သော ထူးခြားသော ပါရမီရှင်ဆရာတော်ကြီးတစ်ပါး ဖြစ်သည်။ ဂါထာသီကုံးဖွဲ့ဆိုရာတွင် ပြောင်မြောက်လှသဖြင့် အာဘယာရာမဆရာတော်ဘုရားကြီး၏ ထုတ်ဖော်ချီးကျူးမှုကို ခံယူရသော ပုဂ္ဂိုလ်ဖြစ်သည်။ ကျေးဇူးရှင် အာဘယာရာမဆရာတော်ဘုရားကြီးက "ဦးပဉ္စင်းက ကြည့်တော့ရိုးရိုး၊ စာရေးတော့ အဆန်းသား" ဟု မိန့်ကြားခဲ့ဖူးသည်။

သပြေကန်ဆရာတော်ဘုရားကြီးသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ နှံ့စပ်သည်။ မာဂဓ၊ သက္ကတ၊ ဗျာကရဏ်းကျမ်း၊ ကောသကျမ်း၊ ကာဗျကျမ်း စသည်တို့၌လည်း အထူးကျွမ်းကျင်တော်မူသည်။ ထိုသို့ မာဂဓ၊ သက္ကတ စွယ်စုံရ၍ အဖက်ဖက်မှ စိတ်ချရသောကြောင့်ပင်၊ ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃာ့အဖွဲ့အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေး ဝိနယာလင်္ကာရဆရာတော်ကြီး ဦးဝိသုဒ္ဓသည် သပြေကန်ဆရာတော်ကြီးကို ပရိတ်ကြီးနိသယသစ် ရေးသားရန် တိုက်တွန်းတော်မူခဲ့ခြင်း ဖြစ်သည်။

ပရိတ်ကြီးနိသယသစ်ကျမ်းကြီး ထွက်ပေါ်လာသောအခါ တစ်နိုင်ငံလုံး ဂယက်ရိုက်သွားတော့သည်။ ပညာရှင် ရဟန်းပညာရှိ၊ လူပညာရှိများထံမှ ချီးကျူးစာများ ဆရာတော်ဦးဝိသုဒ္ဓထံသို့ မြောက်မြားစွာ ရောက်လာတော့သည်။ သပြေကန်ဆရာတော်ကြီးသည်လည်း ပိုထင်ရှားလူသိများခဲ့သည်။

အရှင်သီလာနန္ဒာဘိဝံသဆရာတော်(အပြည်ပြည်ဆိုင်ရာထေရဝါဒ သာသနာပြုတက္ကသိုလ်၏ ယခင်ပါမောက္ခချုပ်ဆရာတော်)သည် ပရိတ်ကြီးနိဿယသစ်ကျမ်း၏ နိဒါန်းကို ရေးသားခဲ့သော ဆရာတော်ဖြစ်သည်။

၎င်းပရိတ်ကြီးနိဿယသစ်ကျမ်းသည် ကျမ်းဂန်နှံ့စပ်သော စာတတ်ဆရာတော်တစ်ပါး၏လက်ရာဖြစ်၍ စာဖတ်သူတို့ လိုလားသော ဘာသာရေးဗဟုသုတ အဖုံဖုံတို့ကို ပြည့်စုံစွာပေးမည့် ကျမ်းဖြစ်ပေသည်။ ဤကျမ်း၌ ပရိတ်ကြီးပါဠိတော်၊ ၄င်းနိဿယ၊ မြန်မာစကားပြေ၊ အဓိပ္ပါယ်ဖွင့်ပြချက်ဟု အဆင့်လေးဆင့်ခွဲ၍ ရေးသားထားလေသည်။

ဤပရိတ်ကြီးနိဿယသစ်က နိဿယမည်ကာမတ္တမဟုတ်ပေ။ ပရိတ်ကြီးပါဠိတော်၏ အနက်များကို ရေးသားထားသဖြင့် ပရိတ်ကြီးနိဿယလည်း ဟုတ်၏။ ပရိတ်ကြီးပါဠိတော်၌ ပုဒ်ပါဠ်အနက် အဓိပ္ပာယ်ဆိုင်ရာ အဆစ်အဖုတို့ကို ဖြေရှင်းထားသဖြင့် ပရိတ်ကြီးဂဏ္ဌိဟု လည်း ဆိုသင့်၏။ ပရိတ်ကြီးကို မြန်မာဘာသာဖြင့် အကျယ်ဖွင့်သောကျမ်းဖြစ်၍ ပရိတ်ကြီးမြန်မာဋ္ဌီကာဟုလည်း ခေါ်နိုင်သောကျမ်းဖြစ်၏။

အချုပ်အားဖြင့် ဆိုရလျှင် ပရိတ်ကြီးနှင့်စပ်၍ သိမှတ်ဖွယ်ကုန်အောင် အစုံစုံတို့ကို စုပေါင်းရေးသားထားသော ကျမ်းဖြစ်၍ "ပရိတ်ကြီးစွယ်စုံကျမ်း"ဟု အမည်ပေးသင့်သော ကျမ်းတစ်စောင်ဖြစ်ပေသည်ဟု အရှင်သီလာနန္ဒာဘိဝံသက ပရိတ်ကြီးနိဿယသစ်ကျမ်း၏ ဂုဏ်ရည်ကို ဖော်ညွှန်းရေးသားခဲ့သည်။

အမှန်စင်စစ်ကား ပရိတ်ကြီးနိဿယသစ်ကျမ်း၏ ဂုဏ်ရည်သည် ချီးကျူး၍မကုန်နိုင်၊ ဂုဏ်ပြု၍မဆုံးနိုင်အောင် ရှိတော့သည်။ ဤကျမ်းကို အကြိမ်ကြိမ်ဖတ်ပြီး အကြိမ်ကြိမ် ကျင့်ကြည့်သောအခါ နိဗ္ဗာန်မြတ်အား မျက်မှောက်ပြုနိုင်အောင် ပို့ဆောင်ပေးသော ကျမ်းမြတ်တစ်ဆူဖြစ်ကြောင်း ကျွန်တော်သည် ရှိခိုးဦးခိုက်ပူဇော်လိုက်သည်။

သပြေကန်ဆရာတော်အရှင်မြတ်သည် မင်္ဂလသုတ်တော်အရ အကျင့်မြတ်ဖြင့် နိဗ္ဗာန်အား မျက်မှောက်ပြုပုံ အကြောင်းအား ဝိပဿနာတရားအားထုတ်သူများကို စကားပြေဖြင့် ရှင်းလင်းလွယ်ကူစွာ နှလုံးသွင်းနိုင်ရန် ရေးသားပေးခဲ့သော ဆရာတော်ဖြစ်သည်။

တပေါစ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာနသစ္ဆိကိရိယာစ၊ စတံ မင်္ဂလမုတ္တမံ။

> နိဗ္ဗာန်ကား မဖြစ်တရားဖြစ်၍
> ဖြစ်ပေါ်မှု ဥပါဒ်မရှိ၊
> ဥပါဒ်မရှိသောကြောင့်
> ချုပ်မှုဘင်လည်းမရှိ။ အမြဲတမ်း
> မပျက်တော့ဘဲ တည်ရှိနေသော
> ထာဝရဓာတ် နိစ္စဓာတ်ဖြစ်၍
> အမတ(=မသေ)ဓာတ်ဟု ဆို၏။

မင်္ဂလသုတ်ပါဠိတော်လာ ဤဂါထာသည် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးလုံး ပြည့်စုံသော ဝိပဿနာအကျင့်မြတ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်အထိ ဆိုက်ပုံကို ဟောခဲ့ခြင်းဖြစ်သည်။ အထက်ပါ မင်္ဂလသုတ်ဂါထာထဲမှ (အရိယသစ္စာနဒဿနံ)နှင့် (နိဗ္ဗာနသစ္ဆိကိရိယာစ)ပါဠိတော်၏ အဓိပ္ပါယ်အား ဖတ်ရင်း ဖတ်ရင်း လွယ်ကူရှင်းလင်းသွားအောင် သပြေကန်ဆရာတော်ဘုရားကြီးသည် ရေးသားတော်မူခဲ့သည်။

ကျွန်တော်ငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝက သင်ပုန်းကြီးသင်ခန်းစာ သင်ပြီးနောက် "မင်္ဂလသုတ်ကျောလုံးပုပ်"စသည်တို့ကို သင်ခဲ့ရသည်။ ဘုရားဝတ်ပြုတိုင်းလည်း မင်္ဂလသုတ်ကို ရွတ်ဆိုခဲ့သည်။ သို့သော် ကလေးသဘာဝအရ မင်္ဂလသုတ်၏ အဓိပ္ပါယ်ကို မသိခဲ့ချေ။

အရွယ်ရောက်လာချိန်တွင် တရားစာအုပ်များ ဖတ်ခြင်း၊ ဝိပဿနာတရားကျင့်လာသောအခါ သပြေကန် ဆရာတော်ဘုရားကြီး၏ ပရိတ်ကြီးနိသယသစ်ကို ပြန်၍ အသေးစိတ် လေ့လာဖတ်ရှုမိသည်။ ဤတွင်မှ မင်္ဂလသုတ်တော်လာ(အရိယသစ္စာနဒဿနံ)ပါဠိတော်၏ အဓိပ္ပါယ်လေးနက်ပုံကို ရှင်းရှင်းလင်းလင်းကြီး သဘောပေါက်တော့သည်။

(အရိယသစ္စ)၏ အနက်အဓိပ္ပါယ်ကို သပြေကန်ဆရာတော်အရှင်မြတ်သည် ဤသို့ရေးသားပြပါသည်။

အရိယ=မ‌ေ့လျော်မယွင်းသော မှန်ကန်သော။

သစ္စ = သစ္စာ။ အရိယသဒ္ဒါကား မ‌ေ့လျော်မယွင်း မှန်ကန်သော အနက်ကို ဟောရာ မှန်ကန်သော မမှားသော သစ္စာအနက်ရသည်။

မျက်လှည့်သမားတို့သည် ခဲကို ရွှေလုပ်ပြ၏။ မသိသူတို့က အဟုတ်ရွှေမှတ်ရ၏။ သမ္မုတိပညတ်များကား ထိုမျက်လှည့်ကဲ့သို့ပင် တကယ်အဟုတ်မရှိဘဲ အဟုတ်အရှိဟု မသိသူတို့ထင်ရသော အထင်များသာတည်း။ သစ္စာတရားတို့ကား အဖြစ်တွေ့ရ၍ မျက်လှည့်ကဲ့သို့ အမှားမဟုတ်၊ အမှန်သဘောများသာ ဖြစ်ကြ၏။ တံလျှပ်သည် မသိသူအဖို့ ရေထင်မှတ်ရသော်လည်း သွားကြည့်သောအခါ ထင်တိုင်းမဟုတ်။ ဘာမျှမတွေ့ရ၊ တိတ္ထိတို့ ကြံဆအပ်သော အာဏာရှင်အတ္တသည် ဉာဏ်ဖြင့်ကြည့်က တံလျှပ်ပမာ ဘာမျှမဟုတ်သောအရာဖြစ်၏။ ဒုက္ခသစ္စာ=(ဆင်းရဲအမှန်ရုပ်နာမ်)သည်လည်းကောင်း၊ သမုဒယသစ္စာ= (ဆင်းရဲဖြစ်ကြောင်းအမှန် တဏှာသည်လည်းကောင်း)၊ ဝိပဿနာဉာဏ်ဖြင့် အမှန်တွေ့သော ဓာတ်သားရှိသော တရားများဖြစ်၏။ နိရောဓသစ္စာ=(ချုပ်ငြိမ်းခြင်းအမှန်နိဗ္ဗာန်)မှာ မဂ်ဉာဏ်ရလျှင် ကိုယ်တွေ့မြင်ရ၍ တကယ်အမှန်ရှိသော တရားတစ်ခုပင်။ မဂ္ဂသစ္စာ=(နိဗ္ဗာန်ရောက်ကြောင်း အမှန်မဂ္ဂင်ရှစ်ပါး)မှာ မိမိသန္တာန်၌ အထင်အရှားဖြစ်လာသော တရားဖြစ်ရာ အမှန်ရှိသောတရားအဖြစ်မှာ ဆိုဖွယ်ရာ မရှိတော့ပေ။ ထို့ကြောင့် အရိယသစ္စ-(မှန်ကန်သောသစ္စာများ)ဟု ဆိုရ၏။

ဤသစ္စာများသိမှ အရိယာဖြစ်ရသည်ဖြစ်ရာ အရိယာအဖြစ်ကို ပြီးစေတတ်သော သစ္စာဟုလည်း ဆိုနိုင်၏။(အရိယသာဓက=အရိယအဖြစ်ကို ပြီးစေတတ်သော။ သစ္စ=သစ္စာဟု ဆိုလိုလျက် သာဓကပုဒ်ကျေသည်။)

အသိနှစ်မျိုး

သစ္စာကိုသိရာ၌ အနုဗောဓသိ၊ ပဋိဝေဓသိ ဟု နှစ်မျိုးရှိ၏။ ဆရာများထံမှ ဖြစ်စေ၊ ကျမ်းဂန်မှဖြစ်စေ တစ်ဆင့်ကြားသိရခြင်း၊ တစ်ဆင့်ကြားကို အမှီပြုကာ ကြံတွေးစဉ်းစားခြင်းဖြင့်သိခြင်း၊ ကြံတွေးမိသောအချက်ကို မိမိဉာဏ်ဖြင့် နှစ်သက်ဆုံးဖြတ်ခြင်းကို အနုဗောဓသိဟု ဆို၏။ အနု=ထပ်တလဲလဲ။ ဗောဓ=သိခြင်း။ သိမှုမပြီးသေး၍ ထပ်ကာ ထပ်ကာ သိနေရခြင်းဟု ဆိုလိုသည်။

ထိုသို့ သိမှုမပြီးသေး၍ ထပ်တလဲလဲ သိရခြင်းမဟုတ်ဘဲ တစ်ကြိမ်ထဲနှင့် ထွင်းဖောက်သိခြင်းကို ပဋိဝေဓသိ ဆိုသည်။ မဂ်ဉာဏ်၏ သိခြင်းတည်း။ မဂ်ဉာဏ်သည် ကိစ္စအားဖြင့် သစ္စာလေးပါးကို တစ်ပြိုင်နက် သိ၏။ ဒုက္ခကို ပိုင်းခြားခြင်း၊ သမုဒယကို ပယ်ခြင်း၊ နိရောဓကို မျက်မှောက်ပြုခြင်း၊ မဂ္ဂကိုပွားခြင်းဟု ကိစ္စလေးပါးရှိရာ ထိုကိစ္စလေးပါးကို တစ်ပြိုင်နက်ပြုခြင်းဖြင့် မဂ်ဉာဏ်အား သစ္စာလေးပါး ထင်ရှားလာရသည်။ သခ်ါရတို့ကို မလွတ်နိုင်သေးသော မဂ်ဉာဏ်များမှာ ဤကိစ္စလေးချက်ကို တစ်ပြိုင်နက် မပြုနိုင်သေး။ မဂ်ဉာဏ်ကမူ သခ်ါရတွေကို တစ်ခါတည်းပြုနိုင်ခြင်းဖြစ်၏။ မှန်၏။ မဂ်ဉာဏ်ဖြစ်ဖို့ ပုဗ္ဗဘာဂဝိပဿနာမဂ်ကို ပွားရသည်ဖြစ်၍ ထိုပုဗ္ဗဘာဂမဂ်သည် ဒုက္ခကိုသိလျက် သမုဒယကို ပယ်လျက်ရှိ၏။ သို့သော် မိမိမဂ္ဂဘာဝနာလည်းအပြည့်အစုံ အပြီးမသတ်သေး၍ ကိစ္စမပြီးသေး။ မဂ်ရောက်မှ အားလုံးကိစ္စပြီးရာ မဂ်ကသိမှုကိစ္စပြီးသောအားဖြင့် အားလုံးကို တစ်ပြိုင်နက် မတွေဝေ ရှင်းလင်းပြီး အနေသိနိုင်တော့သည်။ ဤ၌ ဒဿနဟူသည် အနုဗောဓအသိမဟုတ်။ ပဋိဝေဓအသိဖြစ်သောမဂ်၏ ဖောက်ထွင်းခြင်းကိုယူ သစ္စာလေးပါးမြင်ရခြင်းထက် ထူးခြားသော ကောင်းမှုဟု မရှိနိုင်တော့ရာ လွန်စွာ အကျိုးကြီးမြတ်လှသော သစ္စာသိရခြင်းမှာ အကောင်းဆုံး မဂ်လာဖြစ်တော့သည်။

ပရိတ်ကြီးနိဿယသစ်ကျမ်းတွင် ကျွန်တော် သဘောကျသော နောက်သုတ်မှာ ရတနာသုတ်ဖြစ်သည်။ ရတနာသုတ်ပရိတ်တော်ထဲမှ အလွန်နက်နဲ၍ လူသာမန်တို့ သိနိုင်မြင်နိုင်ခဲသော နိဗ္ဗာန်အကြောင်းဟောထားသော "ခယံဝိရာဂံ" အစရှိသော ပါဠိဂါထာကို ရှင်းပြခဲ့သော သပြေကန်ဆရာတော်ကြီး၏ ကျေးဇူးသည်လည်း ကြီးမားလှသည်။

နိဗ္ဗာန်သည်အကြောင်းလား၊ အကျိုးလား၊ အပြင် (ဗဟိဒ္ဓ)တရားလား၊ အတွင်း(အဇ္ဈတ္တ)တရားလားဟု ဓမ္မသာကစ္ဆာဝိုင်းများတွင် ပြောနေကြသည်ကို တွေ့နေရသည်။

ထို့ကြောင့် နိဗ္ဗာန်၏ ခယ၊ ဝိရာဂ၊ အမတ၊ ပဏီတ ဖြစ်ပုံများကို သပြေကန်ဆရာတော်ဘုရားသည် မြန်မာစကားပြေဖြင့် အဓိပ္ပါယ်ရှင်းစွာ အောက်ပါအတိုင်း ရေးပေးခဲ့ပုံကိုလည်း အမြဲနှလုံးသွင်း ပူဇော်လျက်ရှိပါသည်။

ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သက္ယမုနိ သမာဟိတော။
နံ တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။

နိဗ္ဗာန်တရား

နိဗ္ဗာနဓာတ်ကို မတွေ့မသိရသေးဘဲ ဗုဒ္ဓဖြစ်သည်ဟု မရှိ။ ပစ္စေကဗုဒ္ဓ၊ သာဝကအရိယာအဖြစ် မှန်သမျှ ဤနိဗ္ဗာနဓာတ် တွေ့ရခြင်းဖြင့်သာ ဖြစ်ကြရ၏။ ဤသာသနာ၌ နိဗ္ဗာန်ကား မရမနေ အရယူရန် အလွန်လိုလားတောင့်တအပ်သော တရားဖြစ်ပေသည်။ ထို့ကြောင့်ပင် ဗုဒ္ဓဂုဏ်တော်ကို ချီးကျူးပြီးနောက် ဗုဒ္ဓဖြစ်ကြောင်းအကောင်းဆုံးတရား မြတ်နိဗ္ဗာနဓာတ်ကို ဂုဏ်ပြုလိုပြန်၍ "ခယံဝိရာဂံ" စသည်ဖြင့် ဟောတော်မူသည်။

သပြေကန်ဆရာတော် အရှင်မြတ်သည် "နိဗ္ဗာနသစ္ဆိကိရိယာ" ဟူသော ပါဠိတော်၏ အနက်အဓိပ္ပါယ်ကောက်ယူပုံကို အဋ္ဌကထာကဖွင့်ပုံနှင့် ဆရာတော်ကြီးကိုယ်တိုင် ကောက်ယူပုံကို ရှင်းလင်းရေးသားခဲ့သည်မှာလည်း ကျွန်တော့်အတွက် တန်ဖိုးအလွန်ကြီးလှပေသည်။

နိဗ္ဗာနသစ္ဆိကိရိယာ

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဆိုသော်လည်း အရိယသစ္စဒဿန၌ နိရောဓသစ္စာခေါ် အသခ်ံတနိဗ္ဗာန်မှာ ပါဝင်ခဲ့ပြီးဖြစ်ရာ ဤ 'နိဗ္ဗာနသစ္ဆိကိရိယာ'၌ နိဗ္ဗာန်အရကို အသခ်ံတနိဗ္ဗာန်ကို မယူရတော့ဘဲ အရဟတ္တဖိုလ်ကို ယူရန် အဋ္ဌကထာဖွင့်၏။ အသခ်ံတနိဗ္ဗာန်ကို ဝါနခေါ် တဏှာမှထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန ခေါ်ရသလို အရဟတ္တဖိုလ်၌လည်း တဏှာမရှိတော့၍ တဏှာဝါနမှထွက်မြောက်တတ်သော အနက်အရ နိဗ္ဗာနပင် ဆိုရတော့သည်။ ထိုနိဗ္ဗာန်အမည်အရ အရဟတ္တဖိုလ်ကိုရခြင်း၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ခြင်းများကို နိဗ္ဗာနသစ္ဆိကိရိယာ ဟု ဆိုသည်ဟု အဋ္ဌကထာ ဖွင့်၏။

တစ်နည်းအားဖြင့် "နိဗ္ဗာနသစ္ဆိကိရိယာ"၌ အသခ်ံတ နိဗ္ဗာန်ကိုပင်ယူ၍ 'အရိယသစ္စဒဿန'၌ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြစ်၍ "နိဗ္ဗာနသစ္ဆိကိရိယာအရ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမှာ ဖိုလ်ပစ္စဝေက္ခဏာတို့၏ မျက်မှောက်ပြုခြင်းဟု ယူသော် သင့်၏။ ဤသို့ယူသော် "အရိယသစ္စဒဿန"၌ မင်္ဂလေးပါးလုံး၏ သစ္ဆိကိရိယာကစ္စရသ ကဲ့သို့ နိဗ္ဗာနသစ္ဆိကိရိယာ၌လည်း ဖိုလ်လေးပါးလုံးနှင့် ပစ္စဝေက္ခဏာတို့၏ သစ္ဆိကိရိယာကိစ္စ အကုန် ရခဲ့ရာပို၍ပင် အဓိပ္ပါယ်ပြည့်စုံသည်ဟုလည်း ဆိုနိုင်သည်။ သစ္ဆိကိရိယာဟူသည် အတ္တပစ္စက္ခ ကိုယ်တွေ့သိ ဖြစ်ရာ လောကီစွာန်ဉာဏ်များ၌ပင် သစ္ဆိကိရိယာအသိ အသုံးရှိခဲ့ရာ ဖိုလ်၏ သစ္ဆိကိရိယာကိစ္စမှာ ယုံမှားဖွယ်မရှိနိုင်တော့ပေ။

ဤသို့ရေးသားရှင်းပြခဲ့သော သပြေကန်ဆရာတော် ဘုရားကြီး၏ ကျေးဇူးကိုကား ဆပ်၍မကုန်နိုင်အောင် ရှိတော့သည်။

ခယဝိရာဂ

နိဗ္ဗာန်ဟူသည် အငြိမ်းဓာတ်ပင်တည်း။ ကိလေသာတို့၏ ငြိမ်းအေးခြင်းသဘော၊ ရုပ်၊ နာမ်၊ သခ်ါရတို့၏ ချုပ်ငြိမ်းခြင်းသဘောဖြစ်၍ "သန္တိလက္ခဏံနိဗ္ဗာနံ"(=နိဗ္ဗာန်ဟု သိရကြောင်း အမှတ်အသားမှာ ငြိမ်းခြင်းသဘော)ဟု ဆို၏။ လောကဋ္ဌ ရောဂါ၏ ပျောက်ငြိမ်းခြင်းစသော အငြိမ်းသဘောဟု ရှိခဲ့ရာ ထိုငြိမ်းခြင်းများမှာ မည်သို့မည်ပုံဟု အထည်ပုံဟန်ဖြင့် မပြနိုင်သော်လည်း သဘာဝအားဖြင့်ကား ရှိနေသော ဓာတ်များပင်ဖြစ်၏။ ထို့အတူ ရုပ်၊ နာမ်၊ သခ်ါရတို့၏ မဖြစ်သောအားဖြင့် ချုပ်ငြိမ်းခြင်းဟူသော အငြိမ်းဓာတ်မှာ ထင်ရှားပါသော်လည်း ငြိမ်းအေးခြင်းတို့၏ သဘောအတိုင်း အထည်ပုံသဏ္ဌာန်နိမိတ်အားဖြင့် ဘယ်သို့ ဘယ်ပုံဟု ပြရန် သိစေရန်ကား မဖြစ်နိုင်၊ ထို့ကြောင့် နိဗ္ဗာန်ကို ကိုယ်တွေ့ဆိုက်ထိ သိနေသော အရိယာတို့မှာ သခ်ါရတို့ကဲ့သို့ နိမိတ်ပုံဟန်တို့ကို မမြင်ရဘဲ သခ်ါရတို့၏ မရှိခြင်း၊ ကင်းခြင်း၊ ပျောက်ငြိမ်းနေခြင်းကိုသာ သိလျက်ရှိနေ၍ အနိမိတ္တာပစ္စုပဋ္ဌာန်(=နိမိတ်ပုံဟန် မရှိသောတရားဟု ယောဂီဉာဏ်တွင် ထင်မြင်ခြင်း ရှိ၏)ဟု ဆိုခြင်းဖြစ်၏။

ကိလေသာ သခ်ါရတို့၏ ချုပ်ငြိမ်းကင်းပျောက်ခြင်းသဘောဖြစ်၍ပင် နိဗ္ဗာန်ကို ဟောရာဋ္ဌ တဏှာ၏ ချုပ်ငြိမ်းပျောက်ပြယ်ရာ၊ ရာဂ၊ ဒေါသ၊ မောဟ ကုန်ရာစသည်ဖြင့် ကိလေသာ ငြိမ်းရာ အဖြစ်ဖြင့်လည်း ဟောခဲ့၏။ ရုပ် နာမ် သခ်ါရတို့၏ ချုပ်ငြိမ်းရာ အဖြစ်ဖြင့်လည်း ဟောခဲ့၏။

အချို့အရာဋ္ဌ ပထဝီ စသော မဟာဘုတ်၊ အာကာသာနဉ္စာယတန စသော အရူပနာမ်များ မရှိရာ ဤဘဝ၊ ဆောက်ဘဝ၊ နေ၊ လ စသည်တို့ မရှိရာအဖြစ်ဖြင့် သခ်ါရတို့နှင့် တစ်ဖက်တစ်လမ်းပြောင်းပြန် ဆန့်ကျင်ဘက်အဖြစ် ဟောခဲ့၏။ ထို့ကြောင့်ပင် သခ်ါရတို့ကဲ့သို့ အဖြစ်အနေအထားဖြင့် ဂုဏ်မပြုနိုင်တော့၍ မဖြစ်မနေအားဖြင့်သာ ဂုဏ်ပြုတော်မူလို၍ "ခယံဝိရာဂံ"ဟု ဟောတော်မူသည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြင့် ရာဂ စသော ကိလေသာများ ကုန်ပျောက်ရသည်ဖြစ်ရာ ကိလေသာ ကုန်ကြောင်းဖြစ်၍ နိဗ္ဗာန်ကို "ခယ" ဟု ဆိုရ၏။ နိဗ္ဗာန်၏ ငြိမ်းခြင်းအနက်ယူ၍ ရာဂ စသော ကိလေသာတို့၏ အနုပ္ပါဒနိရောဓ(=နောက်တစ်ဖန် မဖြစ်ပေါ်သောအားဖြင့် ချုပ်ခြင်း)အားဖြင့် ကုန်ပျောက်ခြင်းအမှုကို 'ခယ'ဟု အဋ္ဌကထာဋ္ဌ တစ်နည်းဖွင့်၏။ ချုပ်ခြင်းကိုပင် ချုပ်ရာဟု အာဓာရအဖြစ် ဟောသော ဒေသနာများအရ ဤဋ္ဌ ကုန်ပျောက်ရာဟု အနက်ပေးခဲ့သည်။

နိဗ္ဗာန်ဋ္ဌ ရာဂစသည် လုံးဝမရှိ၊ နိဗ္ဗာန်ကို ကိလေသာတို့ အာရုံပြုနိုင်ခွင့်လည်း မရှိ၊ ထို့ကြောင့် ယှဉ်ဖက်အနေအားဖြင့် ကြည့်ကြည့်၊ အာရုံအနေအားဖြင့် ကြည့်ကြည့်၊ ကိလေသာတို့နှင့်မယှဉ်၊ လုံးဝ ကင်းလွတ်လျက်ရှိသည်ကိုသာ မြင်ရမည်ဖြစ်၍ "ဝိရာဂ"ဟု ဆိုသည်။ ထို့ပြင် နိဗ္ဗာန်ကို မျက်မှောက်ပြုရသော် ရာဂ စသော ကိလေသာများ ပျောက်ပြယ်ကင်းရှင်းသောကြောင့် ရာဂကင်းကြောင်း အနက်အရ 'ဝိရာဂ'မည်၏။

အမတ(မသေ)ဓာတ်

ဥပါဒေါ သခ်ါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ(=ဖြစ်သောတရားများကား သခ်ါရ၊ မဖြစ်သောတရားများကား နိဗ္ဗာန်တည်း)။ ဤသို့စသော ပါဠိအရ နိဗ္ဗာန်နှင့်သခ်ါရတို့ကား ဖြောင့်ဖြောင့်ဆန့်ကျင်ဖက်တို့တည်း။ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ပင် အပြစ်တရားများဖြစ်သော သခ်ါရတို့၌ အငြိမ်းဓာတ်ကို ရှာမတွေ့သလို မဖြစ်တရားများဖြစ်သော နိဗ္ဗာနဓာတ်၌လည်း သခ်ါရတို့၏ အဖြစ်သဘောများ လုံးဝ ရှာတွေ့လိမ့်မည် မဟုတ်။ သခ်ါရတို့ကား အဖြစ်တရားများဖြစ်၍ ဖြစ်ပေါ်မှု ဥပါဒ်ရှိ၏။ ဖြစ်တတ်၍ ချုပ်မှဘင်လည်း ရှိ၏။ ဖြစ်ပြီးလျှင် ချုပ်မြဲဖြစ်ရာ ၄င်းတို့ကား မတ(=သေ)ဓာတ်တို့သာတည်း။ နိဗ္ဗာန်ကား မဖြစ်တရားဖြစ်၍ ဖြစ်ပေါ်မှု ဥပါဒ်မရှိ၊ ဥပါဒ်မရှိသောကြောင့် ချုပ်မှဘင်လည်းမရှိ။ အမြဲတမ်း မပျက်တော့ဘဲ တည်ရှိနေသော ထာဝရဓာတ်နိစ္စဓာတ်ဖြစ်၍ အမတ(=မသေ)ဓာတ်ဟု ဆို၏။ ထို့ပြင် နိဗ္ဗာန်ရလျှင် မသေရတော့ပြီ၊ သို့ဖြစ်လျှင် နိဗ္ဗာန်ကား မသေခြင်း၏ အကြောင်းတည်း။

အဘာဝ လော

နိဗ္ဗာန်သည် ဖြစ်လည်းမဖြစ်၊ ချုပ်လည်းမချုပ်၊ ရုပ်နာမ်တို့ ချုပ်ငြိမ်းရာမရှိရာဟု ဆိုပါလျှင် ၄င်းသည် ပရမတ္ထအားဖြင့်မရှိ၊ ဘာမျှမရှိသော အဘာဝပညတ်ဖြစ်ဖွယ်ရှိတော့သည်ဟု ဆိုရန်ရှိပြန်သည်။ လောကဌ် သဘာဝတရားများ ရှိခဲ့၏။ ထိုသဘာဝတရားများကား ဉာဏ်၏အရာဖြစ်၍ သစ္ဆိကရဏာ (တိုက်ရိုက်မျက်မှောက်ပြုခြင်း) အတွက် ပစ္စက္ခ(=ကိုယ်တွေ့မြင်သိခြင်း)ဖြင့် ထိတွေ့ ရသောတရားများတည်း။ ပညတ်ဟူသည်မှာ သဘာဝအားဖြင့် မရှိ၊ အထင် အပြောသာဖြစ်၍ ထိုသို့ သိရခြင်းမျိုးဖြင့် တွေ့နိုင်သိနိုင်သော တရားမျိုးမဟုတ်။ နိဗ္ဗာန်ကား မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ အာရုံဖြစ်၍ အရိယာတို့ မျက်မှောက်ဆိုက်ထိကိုယ်တွေ့သိရသော ဓာတ်သဘောဖြစ်ရာ အဘာယ်မှာ ပရမတ္ထအားဖြင့် ထင်ရှားမရှိဘဲ ရှိပါအံ့နည်း။ ဤအရာ၌ ဗုဒ္ဓရှင်တော်မြတ်၏ ယုတ္တိပြပုံကို ပြဆိုဦးမည်။

အဓာတ(မဖြစ်သဘောနိဗ္ဗာန်)

အဓာတ(မဖြစ်သဘောနိဗ္ဗာန်)ပရမတ္ထအားဖြင့် ထင်ရှားရှိနေသည်။ အဓာတသဘော မရှိခဲ့လျှင် အဖြစ်သဘောရှိသော နာမ်ရုပ်ဓမ္မတို့၏ ချုပ်ငြိမ်းခြင်းဟူသော ထွက်မြောက်မှုဟု မရှိနိုင်၊ စင်စစ်သော်ကား အဓာတ သဘောအမှန်ထင်ရှားရှိ၏။ ထင်ရှားရှိသောကြောင့်ပင် ဓာတရုပ်နာမ်တို့၏ ချုပ်ငြိမ်းခြင်းဟူသော ဝဋ်ဆင်းရဲမှ ထွက်မြောက်မှု နိဿရဏသဘော ထင်ရှားဖြစ်ရသည်။

ဆိုလိုသည်မှာ မဂ္ဂင်္ဘာဝနာကို မပွားခဲ့လျှင် ကိလေသာတို့ကား ဖြစ်ဖြစ်နေမည်သာ။ ကိလေသာဖြစ်လျှင် ခန္ဓာတို့လည်း ဖြစ်မြဲ ဖြစ်နေမည်ပ။ မဂ္ဂင်္ဘာဝနာပွားများသူသည် မဂ်အခိုက်၌ အငြိမ်းဓာတ်ကို ဆိုက်တွေ့ရ၏။ ထိုအခိုက်၌ပင် ခန္ဓာချုပ်ငြိမ်းမှု၊ ခန္ဓာကို ဖြစ်စေတတ်သော အဘိသင်္ခါရ ဝိညာဉ်တို့ ချုပ်ငြိမ်းမှုများလည်း ပြီးစီး၏။

ပဏီတ

ရုပ်နာမ်သင်္ခါရတို့၏ ချုပ်ငြိမ်းရာကို နိဗ္ဗာန်ဆိုလျှင် ထိုချုပ်ငြိမ်းချမ်းသာဟု ဘယ်သို့ဆိုနိုင်မည်နည်း။

"ငါ့ရှင်တို့ ဤနိဗ္ဗာန်ကား ချမ်းသာပေတည်း" ဟု မိန့်တော်မူသော အရှင်သာရိပုတ္တရာမထေရ်ကို အရှင်ဥဒါယီက ခံစားဖွယ်မရှိသော နိဗ္ဗာန်မှာ ဘယ်သို့ချမ်းသာ ဖြစ်ပါသနည်း" ဟု မေးသော် "ဤခံစားမှုဝေဒယိတ မရှိခြင်းသည်ပင် ချမ်းသာဖြစ်တော့သည်" ဟု မိန့်တော်မူသည်။

ကြောင့်ကြစိုက်ရခြင်း၊ ဒုက္ခနှင့် ရောနှောခြင်း၊ အမြဲမတည် ပျက်စီးခြင်း၊ ပျက်စီးသောအခါ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ဖြစ်ရခြင်း စသည်ဖြင့် အပြစ်များလှသော ဤဝေဒယိတသုခ၌ သန္တိသုခကို အလိုရှိသော ပညာရှင်တို့ အဖို့ စိတ်ပျက်ဖွယ်အတိသာဖြစ်၏။ ကြောက်မက်ဖွယ် ဒုက္ခအထိသာထင်၏။ ငြိမ်းအေးခြင်း ရလေလေ ဒုက္ခအဖြစ်ပို၍ ထင်ရှားလေလေ ဖြစ်၏။

သုခမည်သည်မှာ နုတ်ပယ်နိုင်သမျှ ပို၍ လာမြဲဖြစ်၏။ ကာမချမ်းသာကို ပယ်လျှင် ပထမစျာန်ချမ်းသာရ၏။ ထိုပဌမစျာန်ကား ကာမသုခထက်ပို၍ ချမ်းသာ၏။ ဝိတက်၊ ဝိစာရကို နုတ်သဖြင့် ရအပ်သော ဒုတိယစျာန်ချမ်းသာသည် ထို့ထက် ပိုလာ၏။ ပီတိနုတ်၍ရသော တတိယစျာန် သုခနှုတ်၍ရသော စတုတ္ထစျာန်၊ ရုပ်ကိုနုတ်ပယ်၍ ရသော အရူပစျာန်သုခတို့ကား အဆင့်ဆင့် ပို၍ ချမ်းသာ၏။ ထို့ထက် နာမ်တရားနှင့် ရုပ်တချို့နုတ်၍ ချုပ်ငြိမ်းသော နိရောဓသမာပတ် ချမ်းသာကား ဆိုဖွယ်မရှိ၊ နာမ်ရုပ်အားလုံး ချုပ်ငြိမ်းသော နိဗ္ဗာန်ချမ်းသာမှာ ချမ်းသာတကာတို့၏ အထွတ်အထိပ်သို့ရောက်ရ၏။ ပရမသုခဖြစ်သောကြောင့် နိဗ္ဗာန်၏ ကောင်းမြတ်သောတရားအဖြစ် သိရ၏။ ကောင်းသော မြတ်သောအရာဆိုလျှင် ၄င်း၌ အပြစ်ကင်းခြင်းဂုဏ်ရှိခြင်းကြောင့်ပင်ဖြစ်၏။ ကိလေသာတို့ကား တကယ့်အပြစ်များဖြစ်၏။ ခန္ဓာကိုယ်တို့လည်း ဒုက္ခဖြစ်၍ အပြစ်များပင်။ ထိုအပြစ်များကင်းသော နိဗ္ဗာန်ကား အလွန်ဂုဏ်တက်၍ "ပဏီတ" ဟု ဆိုရသည်။

သက္ကမုနိသမာဟိတော

နိဗ္ဗာန်သည် ဗဟိဒ္ဓဖြစ်၍ ပုဂ္ဂိုလ်မှ အလွတ်ဆိုရသော်လည်း ပုဂ္ဂိုလ်၏ ကိလေသာ ရုပ်နာမ်တို့ အနုပါဒ

နိရောဓဖြင့် ချုပ်ငြိမ်းခြင်းသဘော၊ ပုဂ္ဂိုလ်၏ မင်္ဂလာဇော်ဖိုလ်ဉာဏ်တို့ဖြင့် တွေ့ရသောသဘောဖြစ်၍ ပုဂ္ဂိုလ်နှင့်ကားကင်း၍မဖြစ်။ ထို့ကြောင့် နိဗ္ဗာန်ရရာပုဂ္ဂိုလ်ကို "သက္ခဖုနိ" ဟု ညွှန်တော်မူ၏။ နိဗ္ဗာန်ကို ဘုရားမှတပါး အရိယာများလည်း သိသည်သာ။ သို့သော် ပရေပဒေသ(=သူတစ်ပါးနည်းပြချက်)ကင်း၍ လက်ဦး မိမိဘာသာသိတော်မူလာသော ပုဂ္ဂိုလ်ထူး ဝိသေသကို ညွှန်လို၍ ဘုရားကို နိဗ္ဗာန်သိသော ပုဂ္ဂိုလ်အဖြစ် ပြခြင်းဖြစ်သည်။

နိဗ္ဗာန်သည် အတုမဲ့တရား

ဇာတရုပ်နာမ်တို့၏ ဆိုင်ရာသဘာဝများနှင့် အနိစ္စလက္ခဏာစသည်ကို အတော် အသိဝင်လျက် ရှိ၏။ သာမန်ဉာဏ်မျိုးရှိသူများ ထိုသဘောများကို သိရန်ပင် ထောက်တည်မရရှိ၏။ ဝိပဿနာဉာဏ်တို့၏ အရာသာတည်း။ အဇာတသဘောဖြစ်သော နိဗ္ဗာန်ကိုမြင်ရန်ကား သာလွန်ခက်ခဲလျက်ရှိ၏။ မဂ်ဉာဏ်ဖိုလ်ဉာဏ်မှတပါး အခြားလောကီဉာဏ်တို့ဖြင့် ထောက်တည်ရာမရအောင် နက်နဲလှ၏။ ထိုသို့ နက်နဲသောကြောင့် သိမြင်နိုင်ရန် ခက်ခဲလှသည်။ အဇာတ(မဖြစ်)တရားဖြစ်၍ပင် သဘာဝအားဖြင့်လည်း သိမ်မွေ့လှ၏။ နူးညံ့လှ၏။ ကိလေသာ ရုပ် နာမ်ဖောက်ပြန်တတ်သောတရားတို့မှ လွတ်လျက်ရှိသောကြောင့် အလွန်လည်း ငြိမ်သက်၊ အလွန်လည်းကောင်းမွန်လျက် ရှိ၏။

ဤသို့သော အကြောင်းများကြောင့် နံ တေန ဓမ္မေန သမတ္တိကိဉ္စိ(=နိဗ္ဗာန်နှင့်တူသောတရား တစ်ခုမျှမရှိ)ဟု ဂုဏ်ပြုခဲ့၏။

ဤသို့ နိဗ္ဗာန်တရားတော်မြတ်အထိ စာအရေးအသား အလွန်ရှင်းလင်းပြေပြစ်စွာ ရေးသားနိုင်တော်မူသော သပြေကန်ဆရာတော် အရှင်မြတ်ကြီးနှင့် ဆရာတော်မြတ်ကြီး စီရင်ရေးသားအပ်သော ပရိတ်ကြီးနိသယသစ်ကျမ်းကြီးအား ဦးအကြိမ်ကြိမ်ညွတ်ကိုင်း၍ ရှိခိုးပူဇော်ပါသတည်း။

မင်းလှ မြတ်ထွေး

နေ့တိုင်း ဂုဏ်တက်နေသူ

လောကဌ် အလုပ်မရှိသူ၊ အလုပ်ဌ် စိတ်မဝင်စားသူ လူပျင်းမှာ ဂုဏ်ကျက်သရေမဲ့သူသာ ဖြစ်၏။ မိမိအလုပ်ကို စိတ်ပါဝင်စားအားထုတ်ပြုလုပ်နေသူမှာ ဂုဏ်တက်လျက်သာ ရှိနေ၏။

ထို့အတူ သာသနာဌ် ပျင်းရိမှေ့လျော့ပေါ့ဆစွာ ကိုယ့်ကိစ္စအစစ် ပစ်ပယ်ထားသူတို့လည်း ဂုဏ်ကျက်သရေမဲ့သူများ ဖြစ်ကြ၍ ဘာဝနာအလုပ် ကြိုးပမ်းအားထုတ်နေသူသာ ဂုဏ်ကျက်သရေမျိုး နေ့တိုင်း တိုးလျက်ရှိ၏။

အရှင်ဝါသေဋ္ဌာဘိဝံသ

Daily Raise Your Worth

THE SLOTHFUL MAN who neither works nor takes interest and care in his work has no worth or honour, but the man who shows diligence in his work daily raises his worth and his honour.

Within the Sangha too, the slothful monk, negligent and unmindful of his duties, has no worth or honour, while the monk who is ever mindful and ever diligent daily raises his worth and his honour.

ဘေးကင်းချမ်းသာစေဖို့ အရံအတား

စိုးနိုင်ဖြန့်လေးတက္ကသိုလ်

ပရိတ်ကြီး ၁၁-သုတ်ကို အလွတ်မရလျှင်သော်မှ မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ရတနသုတ်၊ ခန္ဓသုတ် စတဲ့ ခေါင်းစဉ်တို့နှင့် ယဉ်ပါးပြီးသား အမှန်ပါပဲ။

မေတ္တာသုတ်၊ ဓဇဂ္ဂသုတ်ထဲက ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်နှင့် ယံဒုန္နိမိတ္တံ သုံးဂါထာ၊ ဘဝတု သဗ္ဗမင်္ဂလံ၊ သုံးဂါထာနှင့် အာဋာနာဋိယသုတ်တော်ရဲ့ နိဂုံးဂါထာတော်ကိုတော့ ရကြတာ များပါတယ်။ နှစ်ပေါင်းထောင်ချီပြီး သံဃာတော်များ ရွတ်ဖတ်ချီးမြှင့်ပေးခဲ့ကြတာကိုး။

တချို့ကျတော့လည်း လူသာမန်ပေမယ့် လို့ ပရိတ်ကြီး ၁၁-သုတ်ကို ကျေညက်နေအောင် ရကြတယ်။ သာယာနာပျော်ဖွယ်လည်း ရွတ်ဖတ်နိုင် သရဇ္ဈာယ်နိုင်ကြတယ်။ ဒါတင်မက ပဋ္ဌာန်းအကျယ်၊ ဓမ္မစကြာ၊ မဟာသမယသုတ်တော်တွေကိုပါ ဌာန်ကရိဏ်းကျကျ အလွတ်ဖတ်နေကြတာကို တွေ့ဖူး၊ ကြုံဖူးတဲ့လူတွေ အများကြီးပဲပေါ့။

ဒါပေမယ့် အဲဒီ ပရိတ်ဂါထာတွေရဲ့ နိဿယ၊ အကျယ်အဓိပ္ပါယ် ဖွင့်ဆိုချက်နဲ့ ဆိုင်ရာ နောက်ခံသမိုင်းကျတော့ ဂဃနဏသိတဲ့သူက အလွတ်ရွတ်ဆိုနိုင်သူထက် နည်းသွားပြီဆိုတာကိုလည်း သုတေသန လုပ်ကြည့်ရင် သိနိုင်ကြပါတယ်။ ဒီလိုမျိုး အနေအထားက ဗုဒ္ဓစာပေဘက်ကို ကိုင်းညွတ်သူတွေသာ အလေ့အလာပေါ် မူတည်ပြီး

မြန်မာနိုင်ငံတဝန်းလုံးမှာ မနက်(၇)နာရီထိုးပြီဆိုတာနဲ့ MRTVခလုပ်နှိပ်လိုက်ရင် အလွန်ကြည်ညိုသပ္ပါယ်တင့်တယ်လှတဲ့ ဘုရားစေတီတွေနှင့်အတူ မင်းကွန်းတိပိဋကဓရမဟာဇဏ္ဍာဂါရိက ဆရာတော်ဘုရားကြီးကို သော်လည်းကောင်း၊ တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီးကိုသော်လည်းကောင်း ဖူးမြော်ကန်တော့ခွင့်ရပါပြီ။ ဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်သံကိုပါ နာယူကြည်ညိုမှတ်သားနိုင်ကြပါပြီ။ တစ်ခါတရံမှာတော့ ယောဆရာတော်ဘုရား၏ ဥပ္ပါတသန္တိဂါထာတော်တွေကိုပါ နာကြားကြရတာပါ။

ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း သိနိုင်ကြတာများမို့ အနည်းစုလို့ ဆိုကြရမှာပါ။

မြန်မာဗုဒ္ဓဘာသာဝင်တွေက-

သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တု ဒေဝတာ ဆိုတဲ့အသံများကြားရရင် ဘုန်းတော်ကြီးတွေ ပရိတ်ရွတ်တော့မယ်။ သမ္မာဒေဝနတ်ကောင်း,နတ်မြတ်တွေကို ပင့်ဖိတ်နေပြီဆိုတာ သိကြပြီးပါ။

ပရိတ်ကြီး ၁၁-သုတ်ဆိုတာ-

(၁)မင်္ဂလသုတ်၊ (၂)ရတနသုတ်၊ (၃)မေတ္တာသုတ်၊ (၄)ခန္ဓသုတ်၊ (၅)မောရသုတ်၊ (၆)ဝဋ္ဋသုတ်၊ (၇)ဓဇဂ္ဂသုတ်၊ (၈)အာဋာနာဋိယသုတ်၊ (၉)အင်္ဂုလိမာလသုတ်၊ (၁၀)ဗောဇ္ဈင်သုတ်နှင့် (၁၁)ပုဗ္ဗဏှသုတ်တို့ ဖြစ်ကြပါတယ်။

မြတ်စွာဘုရားသခင် (၄၅)ဝါပတ်လုံး ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတွေဟာ ပိဋကအားဖြင့် သုံးပုံ၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀ အရေအတွက် ရှိပေမယ့် ထိုတရားတော်တွေရဲ့ ဦးတည်ချက်ကတော့ ဝိမုတ္တိ(ကိလေသာမှ လွတ်မြောက်ရေး) တစ်ခုတည်းသာ ဖြစ်ပါတယ်။

ကိလေသာမှ လွတ်မြောက်အောင် ကြိုးပမ်းနေကြတဲ့ လူ, ရှင်, ရဟန်းတို့ရဲ့ ဘေးအန္တရာယ် ကင်းဝေးချမ်းသာရေးအတွက် အရံအတားအဖြစ် ဟောကြားအပ်တဲ့ တရားတွေလည်း ပါဝင်ပါတယ်။ အဲဒီတရားတွေကို ပါဠိလို "ပရိတ္တ" မြန်မာလို "ပရိတ်" လို့ ခေါ်ဝေါ်ကြရပါတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် နှုတ်တော်မှ တိုက်ရိုက်ဟောကြားတော်မူခဲ့တဲ့ ပရိတ်တို့မှာ နိကာယ် ငါးရပ်၊ ပိဋကသုံးပုံ ပါဠိတော်တို့တွင် ကြိုးကြားကြိုးကြားတိုင် ခွင့်ပြုခဲ့တာကို အာဠာနာဋိယသုတ်၊ ခန္ဓသုတ်တွေနဲ့ ပတ်သက်ပြီး အထင်အရှားတွေ့နိုင်ပါတယ်။ ရတနသုတ်တော်ရဲ့ ဖြစ်စဉ်ကို ပြန်ပြီး ကြည့်ညိုကြည့်လိုက်ရင်လည်း ဝေသာလီပြည်မှာ ဘေးကြီးသုံးပါး ကြုံတုန်းက ဘုရားရှင်ကိုယ်တိုင် ကြွရောက်လို့ အရှင်အာနန္ဒာကို သင်ကြားပေးပြီး ရွတ်ဖတ်စေတာကို အားလုံးသိရှိပြီး ဖြစ်ကြမှာပါ။ ဒါ့ကြောင့် ပရိတ်ရွတ်တာ ဘယ်ကစလို့ဆိုရင် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကပဲ အစပြုခဲ့တယ်လို့ သေသေချာချာ ထောက်ပြနိုင်ပါတယ်။

ဒါ့ကြောင့် ပရိတ်ကြီး ၁၁-သုတ်ရဲ့ သက်တမ်းက သာသနာတော်နှစ်ရဲ့ ဟိုဖက် မြတ်စွာဘုရား မျက်မှောက်တော်ကတည်းက စတင်ခဲ့တာမို့ နှစ်ပေါင်း ၂၆၀၀ ရှိနေပြီ ဖြစ်ပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ငြိမ်းအေးတော်မူပြီးသည့်နောက်တွင် သံဂါယနာ သဘင် ၆-ကြိမ်တိတိ

"အဓိပ္ပါယ်ဖွင့်ပြချက်ကား ဤကျမ်း၏ အသက်ပင် ဖြစ်သည်" လို့ ဆရာတော်အရှင်သီလာနန္ဒာဘိဝံသ (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်) မဟာထေရ်မြတ်က ဒီစာအုပ်ရဲ့ နိဒါန်းမှာ ကောက်ချက်ဆွဲ မှတ်ချက်ပြုတော်မူပါတယ်။

ဆင်နွှဲခဲ့ပြီးဖြစ်ရာ နှုတ်ထက်အက္ခရာ တင်ခဲ့သည့် ပထမ၊ ဒုတိယ၊ တတိယသံဂါယနာ သုံးကြိမ်တွင်လည်းကောင်း ပေထက်အက္ခရာတင်ခဲ့သည့် စတုတ္ထသံဂါယနာတွင်လည်းကောင်း၊ ကျောက်ထက်အက္ခရာတင်ခဲ့သည့် ပဉ္စမသံဂါယနာတွင် လည်းကောင်း၊ စက္ကူထက်ပုံနှိပ်အက္ခရာတင်ခဲ့သည့် ဆဋ္ဌသံဂါယနာတွင်လည်းကောင်း ပရိတ်ကြီး ၁၁-သုတ်ပါဠိတော်များသည် ဆရာစဉ်ဆက် ဆက်လက်ဆင့်ကမ်းလျက် မူရင်းမပျက် ပိဋကသုံးပုံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရှင်သန်ရပ်တည်ခဲ့ပုံဟာ ကြည်ညိုဖွယ်အတိပဲတိဖြစ်ဖွယ်ကောင်းလှပါတယ်။

ပရိတ်ကြီး ၁၁-သုတ်ကို စုပေါင်းပြီး ကျမ်းတစ်စောင်တစ်ဖွဲ့ဖြစ်ရန် စီစဉ်ဆောင်ရွက်ကြတဲ့ ရှေးဆရာတော်ကြီးတွေဟာ မိလိန္ဒပဉှာပါဠိတော်၊ အရှင်ဗုဒ္ဓဃောသ မထေရ်ရဲ့ အဋ္ဌကထာတို့မှာ ပါရှိတဲ့ ဟောကြားမိန့်ဆိုချက်တွေကို မှီငြမ်းပြီး ပြုစုခဲ့ကြတယ်လို့ ပညာရှင်တွေက ယူဆကြပါတယ်။ ဒါကြောင့် သာသနာတော်နှစ် ၉၀၀ ကျော် ၁၀၀၀ ခန့်ကနေပြီး ကျမ်းတစ်စောင်အဖြစ် ပေါ်ပေါက်ခဲ့ရာမှာ ပရိတ်ရွတ်မှု အလေ့အထဟာလည်း ကျမ်းစာ အဖြစ် မရောက်ရှိမီ ဘုရားရှင်လက်ထက်တော်က စခဲ့တဲ့ အခြေအနေ ကနေ ကျမ်းစာအဖြစ် ရောက်ရှိပြီးချိန်က ကနေ့အထိ ရွတ်ဖတ်လာခဲ့ကြတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဆိုရင်လည်း ပုဂံခေတ်ကနေ အင်းဝ၊ ကုန်းဘောင်ခတ်အထိ မင်းအဆက်ဆက်တို့ဟာ နန်းသစ်၊ အိမ်သစ်တက်တာကအစ ဘိသိက်ခံတာအဆုံး ပရိတ်ရွတ်မှု အစဉ်အလာကို တဖြိုးတည်း ကျင့်သုံးခဲ့ကြပုံ တွေဟာ ကျောက်စာအထောက်အထား အခိုင်အမာနှင့် တကွတွေ့ကြပြီး ဖြစ်ပါတယ်။

ပရိတ်ကြီးမှာ ပါဝင်တဲ့ သုတ်တွေဟာ မူရင်းပါဠိတော်က ပေါက်ဖွားလာတာဖြစ်လို့ ယင်းသုတ်တွေရဲ့ အဖွင့်ကို ကြည့်လိုလျှင် သက်ဆိုင်ရာ အဋ္ဌကထာတွေမှာ ကြည့်ရှုရမြဲ ဖြစ်ပါတယ်။ ဒါကြောင့် ပညာရှင်ရဟန်းတွေက အဖွင့်ဋီကာ၊ နိဿယတွေ ရေးသားဖွင့်ဆိုခဲ့ကြတဲ့အခါ မြန်မာသက္ကရာဇ် ၉၆၇ အနောက်ဖက်လွန် မင်းတရားလက်ထက်မှာ စစ်ကိုင်းတောင် တိလောကဂုရု ဆရာတော်နှင့် ဂုဏာဓိစက္က ဆရာတော်တို့ရဲ့တပည့် ဒီပဲယင်းမြို့တောင်လက်ကန်ဖျားရွာဇာတိ "အရှင်တေဇောဒီပ" ဟာ ရဟန်း ငါးဝါအရ သက္ကရာဇ် ၉၇၁-ခုနှစ်မှာ ပရိတ်ကြီး ဋီကာကို စီရင်တော်မူခဲ့ပါတယ်။

အဲ ဒီကနေ ဆက်ခါဆက်ခါ ပရိတ်ကြီးနိဿယတွေကို ထပ်မံဖွင့်ဆို စီရင်ခဲ့ကြရာမှာ ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၇၁-လောက်မှာ ဖွင့်ဆိုခဲ့တဲ့ စလင်းဆရာတော်မူက စလို့ တွံတေးဆရာတော်မူ၊ ဝိသုဒ္ဓါရုံမူ၊ မြင်းခြံ ၉-စောင်မူ၊ အရှင်အာဒိစ္စဝံသမူနှင့် အခြားဆရာတော်တို့ရဲ့ နိဿယတွေလည်း မြန်မာ့သာသနာသမိုင်းမှာ ပေါ်ပေါက်ခဲ့ကြပုံတွေကို လေ့လာတွေ့ရှိနိုင်ကြပါတယ်။ ဗိုလ်ကုန်းဆရာတော်ရဲ့ ပရိတ်ကြီးဂဏ္ဌိကိုလည်း တွေ့ဖူးကြမှာ ဖြစ်ပါတယ်။

လူပုဂ္ဂိုလ်တွေ ဖွင့်ဆိုတဲ့ ပရိတ်ကြီးအဖွင့် မြန်မာစကားပြေသက်သက်ကိုတော့ ဦးစိုးဝင်းနှင့် ဦးတင်မြင့်တို့မူအဖြစ် လေ့လာနိုင်ပါတယ်။

ဒီလို ခေတ်အဆက်ဆက် ဖွင့်ဆိုခဲ့ကြပေမယ့် သာမန်လူပုဂ္ဂိုလ်တို့ ဖတ်ရှုနားလည်နိုင်မယ့် မြန်မာဘာသာရေး ပရိတ်ကြီးအဖွင့်ကျမ်းဟာ လိုမြဲလိုနေတာ အမှန်ဖြစ်လို့ အဲဒီလိုအပ်ချက်ကို သိမြင်တော်မူတဲ့ ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မန္တလေး ဝိဇ္ဇာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ အရှင်မြတ်ဟာ ဋီကာသံဂါယနာ မပြီးမီ ၁၉၆၁-ခုနှစ်က ပရိတ်ကြီး နိဿယသစ်တစ်စောင် ထွက်ပေါ်ရေးကို အလေးပြု စဉ်းစားမိပြီး အဲဒီအချိန်က သာသနာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ် သတိုးမဟာသရေစည်သူ ဦးချန်ထွန်းနှင့် တိုင်ပင်ကာ ညီညွတ်တဲ့အခါ ရေးသားနိုင်မယ့်ပုဂ္ဂိုလ်ကို ရှာဖွေရာမှာ ဟံသာဝတီခရိုင်၊ သပြေကန်ရွာ၊ မဟာဓမ္မိကာရာမတိုက်၊ အရှင်ဝါသေဋ္ဌာဘိဝံသ စာချဆရာတော် (နောင်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ၊ တွဲဖက်သာသနာပိုင်)ကို တွေ့ရှိပြီး ထိုမထေရ်ကိုပင် တိုက်တွန်းခဲ့ရာ အရှင်ဝါသေဋ္ဌာဘိဝံသ

မထေရ်ကလည်း ဆရာတော် ဦးဝိသုဒ္ဓရဲ့ တိုက်တွန်းချက်ကို အလေးအနက်ခံယူပြီး နိဿယသစ်တစ်စောင် ရေးသားရန် ဝန်ခံတော်မူခဲ့ပါတယ်။

ဆရာတော်ဟာ ပရိတ်ကြီးနိဿယသစ် ရေးသားတော်မူရန် ဝန်ခံပြီးနောက် အချိန်(၁)နှစ်ခန့်ယူပြီး ပါဠိဋီကာအဋ္ဌကထာ ဋီကာတွေကို ရှာဖွေကြည့်ရှုပြီး ၁၃၂၄-ခုနှစ် (၁၉၆၂)ခုနှစ်မှာ စတင်ရေးသားခဲ့ပါတယ်။

မြန်မာနိုင်ငံသာသနာတော်သမိုင်းမှာ "သပြေကန် ဆရာတော်ဘုရားကြီး" ဟု ဆိုလိုက်လျှင် "ပရိတ်ကြီး နိဿယသစ်" စာအုပ်နဲ့တကွ ပုဂ္ဂိုလ်ရော၊ ကျမ်းပါ အထူးအားဖြင့် ထင်ရှားကျော်ကြားလှပါတယ်။ ဇနတ္ထပကာသနီ ကျမ်းဖြင့် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၊ ဇာတ်ကြီး ဆယ်ဘွဲ့ကျမ်းဖြင့် မင်းဘူးဦးဩဘာသဆရာတော်ဘုရားကြီး၊ ရတနာ့ဂုဏ်ရည်ကျမ်းဖြင့် တောင်မြို့မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးတို့သည် စာအုပ်နှင့် စာဆိုတော်ဟာ ရေနဲ့ကြာလို လိုက်ဖက်တင့်တယ်နေပုံက ပန်းသတင်းလေညှင်းဆောင် ထူးထူးလည်လည် မွှေးပျံ့သင်းထုံနေကြသည်မှာ သာသနာ့မှတ်တိုင်ကြီးများ ဖြစ်နေကြပါတယ်။

သပြေကန်ဆရာတော်ဘုရားကြီးရဲ့ ဒီစာအုပ်ဟာ စတင်ပုံနှိပ်ချိန်ကစပြီး ယနေ့ထက်တိုင် အကြိမ်ကြိမ် ပုံနှိပ်ဖြန့်ချိနေရတဲ့ စာအုပ်ထူးဖြစ်ရုံမက၊ တစ်ကြိမ်ရိုက်ပြီးတိုင်း လက်ကျန်မရှိအောင် အားပေးကြည်ညိုမှု ခံယူရပုံကို ကြည့်ရှုခြင်းအားဖြင့် စာဖတ်သူ ရဟန်းရှင်လူတွေဟာ မည်ရွေ့မည်မျှ နှစ်သက်ကျေနပ်ကြတယ်ဆိုတဲ့ အဖြေကလည်း အလိုအလျောက် ထွက်ပေါ်နေပြီးဖြစ်လို့ "ပရိတ်ကြီး နိဿယသစ်" သမိုင်းတစ်လျှောက်မှာ "သပြေကန်" လို့ အထူးအားဖြင့် ကြည်ညိုပူဇော်ကြမှာ အသေအချာပါပဲ။

ပါဠိစာပေနှင့် ခပ်ဝေးဝေးမှာနေကြတဲ့ မြန်မာဗုဒ္ဓဘာသာဝင် လူပရိသတ်အတွက် ဒီစာအုပ်ဟာ ပရိတ်ကြီး ၁၁-သုတ် နိဿယသစ် မည်ကာမတ္တမဟုတ်ဘဲ၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကိုပါ ပရိတ်လည်းနာ၊ ဘုရားလည်းဖူး...ပရိတ်လည်းသင်၊ တရားလည်းမင်... ပရိတ်လည်းရွတ်၊ သံဃာကိုလည်း ဦးညွတ် ဆိုသလိုမျိုး စွယ်စုံကောင်းကျိုးချမ်းသာများ မချွတ်ယွင်းကန် ရရှိမယ့် ကုသိုလ်ထူးကိုပါ မပင်မပန်း အလွယ်တကူ ရရှိသွားခဲ့၊ ရရှိနေဆဲ၊ ရရှိလတ္တံ့လို့ ဆိုပါမယ်။

မြန်မာစာ ရိုးရိုးပဲ ဖတ်တတ်တဲ့ မြန်မာဗုဒ္ဓဘာသာဝင်တွေအတွက်တော့ ဒီကျမ်းနိဿယသစ်မှာ စီစဉ်ရေးသားထားပုံဖြစ်တဲ့-

၁။ ပရိတ်ကြီးပါဠိတော်၊ ၂။ နိဿယ၊ ၃။ မြန်မာစကားပြေနှင့် ၄။ အဓိပ္ပါယ်ဖွင့်ပြချက်တို့ဟာ မြန်မာထမင်းဝိုင်းမှာ မြိန်ရေယှက်ရေ စားသောက်ခံတွင်းတွေ့လေ့ရှိတဲ့ အသားငါးနှင့်တကွ ငါးပိချက်တို့စရာ၊ ပဲအိုးကပ်၊ သီးစုံချဉ်ရည်ဟင်းတို့ကဲ့သို့ နတ်သြဇာအဖြစ် ပီတိဖြစ်ကြမှာ မလွဲပါဘူး။

"အဓိပ္ပါယ်ဖွင့်ပြချက်ကား ဤကျမ်း၏ အသက်ပင် ဖြစ်သည်" လို့ ဆရာတော်အရှင်သီလာနန္ဒာဘိဝံသ (အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်) မဟာထေရ်မြတ်က ဒီစာအုပ်ရဲ့ နိဒါန်းမှာ ကောက်ချက်ဆွဲ မှတ်ချက်ပြုတော်မူပါတယ်။

ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီးရဲ့ "ပရိတ်ကြီးနိဿယသစ်" ကို တို့ထိရန်မှာ ယခုလို ဆောင်းပါးငယ်တစ်ပုဒ်ဖြင့် မလုံလောက်တာကို ပညာရှိငယ်၊ လတ်၊ ကြီးတို့ အသိဖြစ်တော်မူပါတယ်။

ဤမျှဖောက်သည်ချလိုက်ရသည်ကိုပင် ဓောတိကသူဌေးအိမ်သို့ အမှတ်မထင် ရောက်သွားခိုက် မြောက်ကျွန်းသူ "အတုလကာရီ" ရဲ့ ထမင်းအိုးထဲက နတ်သုဒ္ဓါတမျှ အာဟာရကို တစ်ဇွန်းမျှ စားလိုက်ရသလို ရင်ထဲမှာ ဆိမ့်အိမ့်သွားရပါကြောင်း အတိအလင်း ဝန်ခံလိုက်ပါရစေ...။

သပြေကန်ဆရာတော်ဘုရားကြီးရဲ့ သက်တော်ရာပြည့်အထိမ်းအမှတ်ကို ခြေတော်ဦးခိုက် ရှိခိုးကန်တော့ပူဇော်လျက်....

တပည့်
စိုးနိုင်(မန္တလေးတက္ကသိုလ်)

သပြေကန်ဆရာတော်ကြီး ချီးမြှင့်ခဲ့သော ဥဒါန်းဂါထာ

လှစိုး(သပြေကန်)

တစ်နေ့သောအခါ အကျွန်ုပ်သည် သပြေကန် ဆရာတော်ကြီးထံမှောက် ရောက်ရှိစဉ် ဗုဒ္ဓမြတ်စွာဘုရား၏ "အနေကဇာတိ သံသာရံ ဥဒါန်း" ဂါထာတော်အကြောင်း မေးလျှောက်ခဲ့ပါ၏။

"ဆရာတော် ဥဒါန်းဆိုတာ ဘယ်လိုပါလဲ ဘုရား"

"ဥဒါန်းဆိုတာ ထောပတ်ဆီအိုးကြီးကို မီးဖိုပေါ်တင် ကြိုချက်သည့်အခါ ဆူဝေပြီး လျှံကျလာသလို၊ မိမိ၏ ဝမ်းသာ ကြည်နူးမှု ပီတိအဟုန်တို့ ပြည့်လျှံပြီး နှုတ်က ဖွင့်ဆိုတာကို ဥဒါန်းလို့ ခေါ်တယ်"

ဟု မိန့်ဆိုခဲ့သည်။

"ဆရာတော် တပည့်တော်ဟာလည်း မိမိသိသလို, တတ်သလို တိုးတက်ကြီးပွားခဲ့သလို, သူတစ်ပါးတို့အပေါ်၌ သိစေလို, တတ်စေလို, တိုးတက်ကြီးပွားအောင်မြင်စေလိုသော စိတ်စေတနာသည် အမြဲမပြတ် ဖြစ်ပေါ်၍ နေပါသည်။ တပည့်တော်အား ဥဒါန်းဂါထာတစ်ပုဒ် ရေးသားချီးမြှင့်ပေးပါရန်" လျှောက်ထားပြီး ကျောင်းအောက်သို့ ဆင်းခဲ့ပါ၏။

ခဏအကြာတွင် ဆရာတော်က ဥဒါန်းဂါထာတော်တစ်ပုဒ်အား ခေါ်ပေးခဲ့ပါသည်။

ဥဒါန်းဂါထာ

ဒယာ မေ အတ္ထိ အညေသု၊
ကွသာ နု မစ္ဆရိယံ သယံ။
ဝဇ္ဇိကာမောဝ အညေသံ၊
အဟော မေ သာ ဒုစိတ္တတာ။

အညေသု-ကိုယ်နှင့်ခြားသူ၊ တပါးလူတို့၌၊ မေ-သူတော်ထံးတန်း၊ လမ်းညွှန်မယုတ်၊ အကျွန်ုပ်၏၊ ဒယာ-အရောဂ်ဝယ်၊ စာနာထောက်ထား၊ သနားဝင်ကာ၊ အကြင်နာတရားသည်၊ အတ္ထိ-အစဉ်ပွားဘိ၊ ထင်ရှားရှိပါပေ၏။ ကွသာ-မနာလိုပွား ကွသာ တရားသည်လည်းကောင်း။ မစ္ဆရိယံ - ဝန်တိုတတ်သည့်၊ မစ္ဆရိယတရားသည်လည်းကောင်း။ နတ္ထိ-သတိမကွာ၊ မရှိပါပေ။ သယံ- မိမိကိုယ်တိုင်က။ ဝဇ္ဇိကာမောဝ-အရောရောမြင့်၊ အဆင့်ဆင့်ကြီးမား၊ ကြီးပွားတိုးတက်မှုကို၊ လိုလားသလိုပင်။ အညေသံ-မိမိမှ တပါး၊ လူ့ အခြားသူတို့၏။ ဝဇ္ဇိကာမော-အရောရောမြင့်၊ အဆင့်ဆင့်ကြီးမား၊ စီးပွားဖြိုးလျှက်၊ ကြီးပွားတိုးတက်မှုကို၊ လိုလားလျှက်သာ၊ ရှိနေခဲ့ပါပေ၏။ မေ-သူတော်တရား၊ လက်ကိုင်ထားသည့်၊ အကျွန်ုပ်၏၊ သာဓုစိတ္တတာ-ကရုဏာနှင့်၊ မေတ္တာအရိပ်၊ တံဆိပ်သားလက်၊ စိတ်ထားမြတ်သည်၏ အဖြစ်သည်။ အဟော-တွေးကြည့်တိုင်းပင်၊ စိတ်ရှင်ပျလျှက်၊ ဘဝ အပျော်ရ၊ သြော်-အရတော်လှပါပေစွတကား။

ကျွန်တော့် ဆုတောင်း

မောင်လှသိန်း(ဟသ်ာတ)

ကျေးဇူးတော်ရှင် နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥဉ္ဇ္ဈ မဟာနာယက တွဲဘက် ရွှေကျင် သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ကျမ်းပြုအကျော် သပြေကန်ဆရာတော်ဘုရားကြီး ဘဝနတ်နန်း ပြောင်းရွေ့ စံတော်မူခဲ့သည်မှာ ၁၆-နှစ်ပြည့် ၁၇-နှစ်အတွင်းသို့ ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။ သက်တော်ထင်ရှားရှိမည်ဆိုပါက သက်တော်(၁၀၀)ပင် ရှိတော့မည် ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် ဆရာတော်ကြီးအား ယခုအခါ သက်တော်ထင်ရှား ရှိစဉ်ကလိုပင် နှစ်စဉ်နှစ်တိုင်း ပဓာန မဟာနာယကဆရာတော်ကြီး ဦးဆေမာစာရ(အဂ္ဂမဟာပဏ္ဍိတ) မှ ဦးဆောင်ကာ ဂုဏ်ပေါင်းစုံကို အောက်မေ့တသစွာဖြင့် သာသနပါလကအဖွဲ့ကြီးမှ နှစ်စဉ် ဂုဏ်ရည်မှန်းဆပူဇော်ပွဲကြီးများကို တရားသဘင်များ စီရင်ကာဖြင့် နိုင်ငံကျော် ဓမ္မကထိကများနှင့် စာပေပညာရှင်ကြီးများ၏ ပူဇော်မှုဖြင့် ဖူးမဝ ထူးလှသပြေကန်၊ ကြားနာမဝ အေးချမ်းလှ ထူးလှ သပြေကန်၊ သိက္ခာပြည့်ဝ အေးချမ်းလှ ထူးမြတ်သပြေကန် ဆိုအပ်သည်နှင့်အညီ အောက်မေ့တသစွာဖြင့် သပြေကန် ဆရာတော်ဘုရားကြီး ပူဇော်ပွဲများကို နှစ်စဉ်နှစ်တိုင်း လေးနက်တည်ကြည်စွာဖြင့် တစ်နှစ်မှ မမေ့ဘဲ တရားပွဲများဖြင့်လည်း (၈)ည၊ (၁၀)ည၊ (၁၂)ည တိုင်တိုင် ပူဇော်နိုင်ခဲ့ကြပါသည်။ ယခုအခါ နှစ်(၁၀၀)ပြည့် ထေရပူဇော စာစောင် ထုတ်ဝေနိုင်ရန်လည်း အားခဲကြိုးပမ်းလျက် ရှိနေကြပါသည်။

စာရေးသူအနေဖြင့် ဤသို့ ဖော်ထုတ်ရခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် ပြည့်စုံစွာဖြင့် ဆရာတော်ဘုရားကြီးမှ မိမိနှင့်တကွ တပည့်ဒကာ ဒကာမအပေါင်းတို့အား ဗုဒ္ဓဘာသာဝင်ကောင်း ဖြစ်စေရန် လမ်းပြစောင့်ရှောက်မှုများကို သိရှိစေလို၍ ဖြစ်ပါသည်။

သူတော်ကောင်း ပညာရှိတို့မည်သည် အသက်ရှင်သမျှ လောကကောင်းကျိုး ပွားတိုးစေနိုင်မှုကြောင့်လည်းကောင်း၊ သပြေကန်ဆရာတော်ကဲ့သို့ သူတော်ကောင်း

တို့ ရှိနေသမျှ လောကမျက်လုံးကို ဖွင့်ပေးမည်ဟု ယူဆမိ သောကြောင့် လည်းကောင်း၊ သူတော်ကောင်းကြီးတို့ အမြဲ ပို့သသော မေတ္တာကို တစ်ကမ္ဘာလုံး ခံယူရရှိကြ၍ အေးချမ်း နိုင်သည်ဟု ယူဆမိသောကြောင့်လည်းကောင်း၊ သပြေကန် ဆရာတော်ကြီး သက်တော်ရှည်ရန် ဆုတောင်းမိခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်သည်ပင်လျှင် သပြေကန်ဆရာတော်ကြီး၏ ဉာဏ်မျက်လုံးဖွင့်ပေးမှုကြောင့် မိမိအတွက် ဆုတောင်း သည်မှာ ဘဝတိုင်း ဣသာမစ္ဆရိယတရားကို နှိမ်နင်းနိုင်ရ ပါလို၏။ လောကကို စောင့်ရှောက်နေသော မကောင်းမှုမှ ရုက်တတ်သည့် ဟီရိတရား၊ မကောင်းမှုမှ ကြောက်တတ် သည့် ဩတ္တပ္ပတရားများက မိမိအား အမြဲတမ်း လွှမ်းမိုး နေပါစေဟု ဆုတောင်းမှု ပြုခဲ့ပါသည်။ သူတော်ကောင်း ကြီးများ သက်ရှည်သမှု ရှိရေးသည်လည်း အရေးကြီးလှ ပါသည်။ ဆရာတော်ဘုရားကြီးမှာ မြင့်မြတ်သော ဉာဏ် မျက်လုံးပိုင်ရှင်လည်း ဖြစ်တော်မူပါသည်။ တစ်ချိန်က ကျွန်တော် သာသနာပြုရင်း ဆရာတော်ကြီး ပဓာန နာယက အဖြစ် သီတင်းသုံးရာ ရွှေကျင်ကျောင်းတိုက်ကြီးတွင် ဒုလ္လဘ (၅)ကြိမ် ဝတ်ခဲ့ဖူးရာ (၁)ကြိမ်တွင် ဆရာတော်ဘုရားကြီး သက်တော်ရှည်စေရန် ပြင်းပြစွာ ဆုတောင်းမေတ္တာ ပို့သ ခဲ့ရာ ထူးခြားမှု တွေ့ရှိရခဲ့ခြင်းအကြောင်းကို တင်ပြလို ပါသည်။

ကျွန်တော် ဒုလ္လဘ(၅)ကြိမ်မြောက် ဝတ်စဉ် ၁၃၅၃-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက် နေ့တွင် ကျောင်းတိုက်ကြီး၌ ဆရာတော်ကြီး အမှူးပြု၍ တစ်ကျောင်း လုံး သံဃာများ ဝါပန်ကြပါသည်။ ညနေ (၅)နာရီခန့်တွင် စုဝေး၍ ရွတ်ဆိုကြပါသည်။ တစ်ပါးချင်းလည်း ရွတ်ဆို ကြပါသည်။ ကျောင်းတိုက်စည်းမျဉ်းများလည်း ဖတ်ကြား ပါသည်။ (၅)နာရီ(၃၀)ခန့်တွင် ဆရာတော်ကြီး ဩဝါဒ ပေးပြီး ရောင်တော်ပွင့်စေတီကုန်းတော်ပေါ်တွင် ဆီမီးများကို တစ်ပြင်လုံး ထွန်းညှိပူဇော်ကြပါသည်။ (၁)နာရီခံ ဝါဆို ဖယောင်းတိုင်ကြီးများကိုလည်း ထွန်းညှိပူဇော်ကြပါသည်။

ကျွန်တော် ဦးဇင်းဘွဲ့(ဦးဝိစိတ္တ)မှလည်း ဆရာ တော်ကြီး သက်တော်ရှည်စေရန် (၁)နာရီခံ ဝါဆိုဖယောင်း တိုင် (၃)တိုင်ကို ကျေးဇူးကြီးမားတော်မူသော သီလ၊ သုတ စွယ်စုံရသည့် သူတော်စင် သူတော်ကောင်းဖြစ်၍ လောက အကျိုးကို ဆောင်တော်မူသည့် ဆရာတော်ဘုရားကြီး သက်တော်ရှည်စေရန် ဂုဏ်တော်အသီးသီး ရွတ်ဖွား၍ ဆုတောင်းထွန်းညှိခဲ့ပါသည်။

ထူးဆန်းစွာပင် (၁)နာရီခန့်တွင် (၁)နာရီခံ ဖယောင်းတိုင်များ ချုပ်ငြိမ်းခဲ့သော်လည်း ကျွန်တော်ထွန်း ထားသည့် ဖယောင်းတိုင်များမှာ မူလအတိုင်း အနည်းငယ် သာ လောင်မြိုက်မှု ရှိပါသည်။ ကျွန်တော် တရားထိုင်ပြီး ည(၁၂)နာရီခန့်တွင် တစ်ဝက်မျှပင် မကျိုးသေးသည်ကို လည်း တွေ့ရှိခဲ့ရပါသည်။ အိပ်စက်ခဲ့ပြီး (၄)နာရီမှ တရား ထိုင်ရန် ထကြည့်ခဲ့ရာ ကျန်ရှိနေပါသေးသည်။ နံနက်(၆) နာရီခန့်တွင်မှာ လုံးဝ ပြီးဆုံးသွားသည်ကို အံ့သြဖွယ်ရာ တွေ့ရှိရပါသည်။

ကျွန်တော်လည်း အားရဝမ်းသာစွာ ဆရာတော် ဦးခေမာစာရကိုလည်းကောင်း၊ နာယကကြီး ဦးဘဒ္ဒေအား လည်းကောင်း ပြသပြောဆိုမိရာ၊ နာယကကြီး ဦးဘဒ္ဒေမှ ဆရာတော်ကြီးထံသို့ အပြေးအလွှား သွားရောက်၍ ထူးခြား မှုကို လျှောက်တင်ရာ ဆရာတော်ကြီးမှာ ပြုမြဲအတိုင်း အင်း အင်း ဤမျှသာ ပြောဆို၍ အခန်းတွင်းသို့ ကြွသွား တော်မူပါသည်။

ဤဖြစ်ရပ်မှာ ဖြစ်ရပ်မှန်ဖြစ်၍ ကြုံကြိုက်တုန်း တင်ပြရခြင်းဖြစ်ကြောင်း ဝန်ခံရေးသားအပ်ပါသည်။ (မှတ်ချက်။ တစ်နာရီခံ ဖယောင်းတိုင်သည် ည ၆-နာရီ မှ နံနက် ၆-နာရီထိ(၁၂)နာရီကျော်ခန့် ဆရာတော်ကြီးအား ပူဇော်လျက် ရှိသည်ကို တွေ့ရှိရခြင်းကို တင်ပြရခြင်း ဖြစ်ပါသည်။ တခြားထူးခြားမှုများလည်း ရှိခဲ့ကြောင်း ကျွန်တော် ဒုလ္လဘဝတ်သည့် နှစ်လနှင့် ၁၀-ရက်ခန့်အတွင်း တွေ့ကြုံခဲ့ရပါသေးသည်။)

ဆရာတော်ဘုရားကြီး လက်ရေးမူဖြင့် ရေးသား၍ ကျွန်တော်များ ထာဝရလှူခဲ့သော စတုမဓုဆေးနည်းကိုလည်း မူရင်းအတိုင်း ကြည်ညိုဖတ်ရှုနိုင်ရန် ဖော်ပြအပ်ပါသည်။



ဆရာတော်ဘုရားကြီးမှာ အနေအထိုင် သိမ်မွေ့လှ သော်လည်း ဝိနည်းအရာ၌ တင်းမာသော စိတ်ဓာတ်ဖြင့် ကျင့်ကြံမှုကိုလည်းကောင်း၊

ဉာဏ်မျက်လုံးပိုင်ရှင်ဖြစ်၍ ဉာဏ်ထူးဉာဏ်မြတ် ရှိတော်မူသည်ကိုလည်းကောင်း၊

ဘုရားအဆုံးအမညွှတ်ဒကို မခြွင်းမကျန် လိုက်နာ ကျင့်ကြံသမှု ပြုသည်ကိုလည်းကောင်း၊

မိမိကိုယ် ပင်ပန်းမှုကို မထောက်မရှုဘဲ ရဟန်း ရှင်လူ အများအကျိုးအတွက် သက်တော်မထောက် ဆောင် ရွက်တော်မူခဲ့သည်ကိုလည်းကောင်း၊

ထူးခြားသော ဂုဏ်ရည်များကြောင့် အအေးဓာတ် အငြိမ်းဓာတ်ပိုင်ရှင် ဖြစ်တော်မူသည်ကို လည်းကောင်း လေးစားကြည်ညို ပူဇော်အပ်ပါသည်။

သာသနာ့အကျိုး ရွယ်သယ်ပိုးရင်း ရုတ်ချည်း ထွက်ခွာကာ ထက်အာကာရှိ ဘဝနတ်နန်း ပြောင်းရွှေ့သွား တော်မူသည်ကို လေးစားသမှု ဂါရဝပြုရင်း ရှိခိုးကန်တော့ လိုက်ပါသည်ဘုရား။

တပည့်ရင်းမောင်လှသိန်း(ဟင်္သာတ)

ပညာမှန်ပြင်တွင် တင်ကြည့်ပါ

မိမိကိုယ်၊ နှုတ်၊ စိတ်ထားများကို ပညာမှန်ပြင်တွင် တင်ကာ တင်ကာ ကောင်း မကောင်း ကြည့်၍ မကောင်းလျှင် ကောင်း အောင် ပြင်ပေးရမည်။

အရှင်ဝါသေဠာဘိဝံသ

Mirror on the Wall

LOOK OFTEN in the mirror of wisdom and judge honestly whether the reflection of your actions, words and thoughts are good or bad. Mend your manners if you find yourself wanting in goodness.

နှလုံးသားထဲ စွဲမြဲနေသော သာသနာ့အာဇာနည်

မြတ်ဇံ

သပြေကန် ဆရာတော်ကြီးနှင့် ရွှေဥမင် ဆရာတော်ဘုရားအား ဖူးတွေ့ရစဉ်

မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာ သာသနာသည် တဖုသန နှင့် ဘလွိုက ကုန်သည်ညီနောင်က ဘုရားရှင်၏ ဆံတော်ရှစ်ဆူကို ပင့်ဆောင်ပူဇော်ခဲ့ကြသည်မှ စခဲ့သည့် ခိုင်လုံသော အထောက်အထားများအရ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူစကပင် သန္ဓေတည်ခဲ့ပြီးဖြစ်၏။ သို့သော် ငြားလည်း ပုဂံခေတ်မှာ ပိုမိုထွန်းတောက်ခဲ့ပါသည်။

အရှိန်အဟုန် ကောင်းခဲ့သော သာသနာ့ခရီးစဉ် တစ်လျှောက် ကုန်ဘောင်ခေတ်နှောင်းပိုင်းတွင် ကျော်သော ရဟန်းသံဃာမထေရ်မြတ်တို့ ထွန်းပေါက်ခဲ့၏။ တော်သော မထေရ်မြတ်တို့လည်း ထွန်းပေါက်ခဲ့၏။ တော်လည်းတော်၍ ကျော်လည်းကျော်သော မထေရ်မြတ်တို့ကား ရှားပါးလှ၏။ တချို့ မထေရ်မြတ်တို့သည် ပဋိပတ်၌ ကျော်၏။ တချို့ မထေရ်မြတ်တို့သည် ပရိယတ်၌ တော်၏။ သပြေကန်ဆရာတော်ဘုရားကြီး အရှင်ဝါသေဋ္ဌာဘိဝံသ မထေရ်မြတ်မှာမူ ပရိယတ် ပဋိပတ်နှစ်ဖြာလုံး၌ တော်လည်းတော်၍ ကျော်လည်းကျော်ခဲ့သော ရှားရှားပါးပါး သာသနာ့တံခွန် ဖြစ်ပါသည်။

သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ အလောင်းလျာသည် ရှင်သာမဏေငယ်ဘဝကတည်းက ပင်ကိုဉာဏ်ပါရမီမာတ်ခံ ကြီးမားသူပီသစွာ သဘောဉာဏ်တက်ခဲ့၏။ ရှင်ဝိမလဟူသောဘွဲ့နှင့် သာမဏေဘဝ

လူနှင့်ရဟန်း၊ ရဟန်းနှင့်လူ တမူထူးခြား နှစ်ဦးသားတို့သည် ကျွန်းကိုကိုင်းမှိ ကိုင်းကျွန်းမှိသို့ တူညီမယွင်း အချင်းချင်းလျှင် ရိုင်းပင်းကူညီကြကုန်လျက်

ဆရာတော်သည် ထိုမျှနှင့်အားရ တင်းတိမ်ခြင်း မရှိခဲ့သဖြင့် ရဟန်းရှင်လူ ဒါယကာ၊ ဒါယိကာမ သူတော်ကောင်းတို့ အသည်းစိုင်ကို ဆွဲကိုင်လှုပ်နှိုင်ဖို့အတွက် ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော်ကျမ်းစာကို ထပ်မံပြုစုပါတော့သည်။ မြတ်ဗုဒ္ဓသည် သာသနာတော်ကို ပရိသတ်လေးရပ်နှင့် အခြေချတည်ဆောက်ခဲ့သည်။ ဘုရားရှင်သည် သာသနာအရှည်တည်တံ့ရေးအတွက် ဘိက္ခု(ရဟန်း)၊ ဘိက္ခုနီ(ရဟန်းမ)၊ ဥပါသက(ဒါယကာ)၊ ဥပါသိကာ(ဒါယိကာမ)ဟူသော ပရိသတ်လေးရပ်သာ သာသနာအဓွန့်ရှည်ရေးကို စွမ်းဆောင်မည့်သူများဟူ၍ မြင်တော်မူခဲ့ပါသည်။

ဆရာတော်သည် သာသနာတည်တံ့ခိုင်မြဲရေးမြော်ထောက်ရှုလျက် ၄င်းဥပါသကာ၊ ဥပါသိကာတို့သည် ကောင်းမြတ်ခြင်းဂုဏ်အင်္ဂါမချို့ယွင်းစေလိုသော စေတနာ၊ တရားပြည့်ဝနှလုံးလှစေလိုသည့် စေတနာတို့ရှေ့ထားလျက် ဥပါသကာဂုဏ်ရည်ကို ရေးပြတော်မူခဲ့ပါသည်။

ရဟန်း၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာတို့သည် သာသနာ့တာဝန် ကိုယ်စီထမ်းရွက်ကြရန် ဘုရားရှင်ကိုယ်တော်မြတ်သည်-

ရောက်ခဲ့သော်လည်း သပြေကန်ရွာ မဟာဓမ္မိကာရာမ ဆရာတော်ထံ စာသင်သားအဖြစ် ခိုလှုံခွင့်ရှာဝါသေဋ္ဌ ဟူသောဘွဲ့ကိုပြောင်းခဲ့ရသည်။ စာသင်သားဘဝ၌ ကျက်ဉာဏ်၊ မှတ်ဉာဏ် ထက်သန်မှုသည် အလွန်တည်းညီး ထွန်းတောက်၍ ရဟန်းရှင်လူအပေါင်း ထောပနာပြုရလောက်အောင် ကျော်ခဲ့သည်။

သာမဏေဘဝ သက်တော် ၁၅, ၁၆, ၁၇-နှစ်တို့တွင် ပထမငယ်, ပထမလတ်, ပထမကြီးတန်းတို့ကို အစဉ်လိုက်အောင်မြင်တော်မူခဲ့ပြီး ရဟန်းဘဝမတက်လှမ်းမှီ သက်တော် ၁၉-နှစ် အရွယ်တွင် ဝိနည်းငါးကျမ်း ပါဠိတော်များကို ပြန်ဆိုနိုင်သဖြင့် "ဝိနယဓရ" ဘွဲ့ထူးကို ရခဲ့သည်။

သမဏေဘဝကပင် "ဝိနယဓရ" ဘွဲ့ ရရှိတော်မူခဲ့သော သပြေကန်ဆရာတော်ဘုရားကြီးသည် ဝိနည်းနှင့် ပတ်သက်၍ အသေးအမွှားကစ အလေးထား ရှောင်ရှားတော်မူခဲ့၏။ သီလ သိက္ခာ မကျိုးမပေါက် မပျောက်မရှအောင် ကျင့်ကြံအားထုတ်တော်မူခဲ့၏။

သက်တော် ၂၉-နှစ်တွင် သကျသီဟမဟာစရိယဘွဲ့ရ ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသသည် သာမဏေဘဝ ပညာရင်နှီးသောက်စို့ရာ သပြေကန်ရွာရှိ မဟာဓမ္မိကာရာမတိုက်သစ်၌ အနုနာယက စာချဆရာတော်အဖြစ် သာသနာ့တာဝန်ထမ်းရွက်ခဲ့ပါသည်။ ဂန္ထဓုရတာဝန် အမွန်အမြတ်ထားဆောင်ရွက်ခဲ့သည့်နည်းတူ ဝိပဿနာဓုရကိုလည်း အားကျနည်းယူဖွယ်ဖြစ်အောင် စွမ်းဆောင်တော်မူခဲ့ပါသည်။

ဤသို့ ဂန္ထဓုရ, ဝိပဿနာဓုရ ဓုရနှစ်ဖြာ အကြားအလပ်မရှိ ထမ်းဆောင်နေသည့်အတွင်းမှပင် ပရိတ်ကြီးနိသယသစ်ကို ရေးသားပြုစုတော်မူခဲ့သည်။ ယင်းပရိတ်ကြီးနိသယသစ်သည် ဆဋ္ဌသင်္ဂါယနာတင်ပြီး ထွက်ပေါ်ခဲ့သော ဆရာတော်အရှင်ဝိစိတ္တာသာရာဘိဝံသ မင်းကွန်း တိပိဋကဓရဆရာတော်၏ မဟာဗုဒ္ဓဝင်ကျမ်း၊ မဟာစည်ဆရာတော်အရှင်သောဘဏ၏ ဝိသုဒ္ဓိမဂ်မဟာဋီကာနိသယ ကျမ်းကြီးတို့နှင့် တစ်တန်းစားထဲရအောင်ထိ ရဟန်းရှင်လူ အပေါင်းနှစ်ခြိုက်အားရ စံပြုရသည့်ကျမ်းတစ်ဆူမြောက်ခဲ့ပါသည်။

တရားမသိသူသည် ဂါရဝမှုကိုအောက်ကျသည်ဟု အထင်အမြင်မှားသော်လည်း ဂါရဝသည် အလွန်မွန်မြတ်သော တရားတစ်ခုဖြစ်ရာ တရားသိလေလေ ဂါရဝတရား ပိုရှိလေလေ

'သာဂါရာ အနုဂါရာစ၊
ဥဘော အညောညံ နိသိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊
ယောဂက္ခေမ မနုတ္တရံ။'

ဟူ၍ ဟောဖော်မြွက်ကြားခဲ့ပါသည်။ ဘုရားရှင်ဟော လိုရင်းအနှက်ကို အိမ်ရာတည်ထောင်လူဘောင်ကျက်စား လူအများတို့သည်လည်းကောင်း၊ အိမ်ရာမထောင် ရဟန်းဘောင်တွင် သက်ဝင်ကျက်စား ရဟန်းတော်အများတို့သည် လည်းကောင်း လူနဲ့ရဟန်း၊ ရဟန်းနှင့်လူ တမူထူးခြား နှစ်ဦးသားတို့သည် ကျွန်းကိုကိုင်းမှ ကိုင်းကျွန်းမှသို့ တူညီမယွင်း အချင်းချင်းလျှင် ရိုင်းပင်းကူညီကြကုန်လျက် ယောဂလေးတန် ကုန်ရာမှန်သော အတုမရှိ မြတ်လှပေထသော သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီးကို တူတွဲ ချီးမြှောက်ခရီးရောက်ပေ ပြီးမြောက်စေကြလေကုန် သတည်းဟု သပြေကန်ဆရာတော် မထေရ်မြတ်ကကျစ်လစ် ပြေပြစ်စွာ ပြန်ဆိုရေးပြတော်မူခဲ့ပါသည်။

ထို့ပြင် ဘုရားရှင်လက်ထက်က ဥပါသကာ၊ ဥပါသိကာတို့သည် သရဏဂုံတည်ရုံမျှမဟုတ်၊ မဂ်ဖိုလ်ရသော အရိယာ ဥပါသကာ၊ ဥပါသိကာအဖြစ်လည်းကောင်း၊ အနာဂါမ်ဂုဏ်ထူးဆောင် ဥပါသကာ၊ ဥပါသိကာများ ပဋိသန္ဓေဒါရ သောတာပန်။ ဝိဋ္ဌကတ်သုံးပုံဆောင် အနာဂါမ်သောတာပန်များ ပေါ်ပေါက်ခဲ့ကြသည်။ ဤသည့်ထုံးကို နှလုံးမူလျက် သရဏဂုံတည်ရုံမျှမဟုတ်၊ ထူးခြားသောဂုဏ်ရည် စုံညီပြည့်ဝထူးမြတ်သည့် ဥပါသကာ၊ ဥပါသိကာများဖြစ်ကြလျှင် သာသနာတော် လွန်စွာတင့်တယ် ထည်ဝါမည့်အရေးကို ဆရာတော် အာသာပြင်းပြ ဆန္ဒရှိတော်မူခဲ့ပါသည်။

ထိုဆန္ဒနှင့်အညီ "ရတနာသုံးရပ်၊ အမြတ်ဟုယူ၊ ဆည်းကပ်မူ၊ ထိုသူဥပါသကာတည်း" ဟု ဥပါသကာခေါ်ခံထိုက်ပုံကို ဦးစွာသိစေအပ်ပြီး ရတနာသုံးရပ်ဟုဆိုသော သရဏဂုံသုံးပါးကို ပေါ့ပေါ့တန်တန် မခံယူကြစေရန်အတွက် သရဏဂုံသုံးပါးအနက်ကို သေချာရှင်းပြပုံမှာ-

"သရဏဂုံဆိုသည်မှာ ဘုရား၊ တရား၊ သံဃာဂုဏ်ကို အာရုံပြုရသည်ဖြစ်၍ အနက်သိမှ ဘုရားစသည် ဂုဏ်အာရုံယူနိုင်မည်ဖြစ်ရာ အနက်ကိုလည်း သိအပ်၏"

သရဏဂုံအနက်ကို သိစေအပ်ပြီးကာမှ သရဏဂုံ ၄-မျိုးကို ရေးပြသည်။

၁။ ကိုယ့်ကိုယ်ကာယ၊ အပ်နှင်းက၊ အတ္တိသန္နိယျာတနတည်း။

၂။ သုံးပါးရတနာလည်း လျောင်းရာမှတ်၊ ဆိုဆည်းကပ်တပွဓာယဏာတည်း။

၃။ ရတနာသုံးတန်၊ တပည့်ခံကခေါ်သိသိ ဘာဝဥပဂမတည်း။

၄။ ရိုသေလွန်ရှိ၊ တုပ်ဝပ်ဘိ၊ ပဏိပါတတည်း။

သရဏဂုံအမျိုးမျိုးကို ဆောက်တည်ပြီး ဥပါသကာ၏ အာဇီဝ အသက်မွေး စင်ကြယ်မှုငါးပါးကို သိစေခြင်းငှာ ရေးတော်မူ၏။ ထို့ပြင် ဥပါသကာ၏ ပြည့်စုံခြင်းငါးပါး မပျက်ပြားစေလိုသော ဧကစေတနာသန့်သန့်ဖြင့် ဥပါသကာ၏ ဆုတ်ယုတ်ကြောင်း ခုနစ်ပါးအကြောင်း စေ့စေ့ငုငု ရှင်းပြတော်မူသည်။

ဥပါသကာ ဂုဏ်ပျက်ကြောင်းငါးပါးကို ရှောင်ကြဉ်လျှင် ဥပါသကာဂုဏ်တက်ကြောင်းငါးပါး ဖြစ်သည်ကို

သိစေခဲ့သည်။ ကိုယ်လုပ်မှ ကိုယ်ရသည်။ မိမိကိုယ်သာ မိမိအားထားရာအစစ်ဖြစ်သည်ကို ဓမ္မဒီ ဘိက္ခဝေ ဝိဟရထပါ ဓမ္မ သရဏာ အနည သရဏာ ဟူသော ဘုရားဟောကို ထုတ်ဖော်ရေးပြခဲ့သည်။ မိမိကိုယ်ကို အားထားရမည် ဆိုသည်မှာ မိမိ၏ တရားဓမ္မကို ကျွန်းကြီးပမာ အားထားရမှာ ဖြစ်ကြောင်း အသေးစိတ် ရှင်းပြတော်မူပါသည်။

ဥပါသကာ ဥပါသိကာတို့သည် သာသနာပြုရန် တာဝန်ရှိပုံကို ဘုရားရှင်လက်ထက်က စိတ္တသူကြွယ်က မထေရ်ကြီးများနှင့် တရားအပြန်အလှန် ဆွေးနွေးပြီး နိဂဏ္ဌ နာဋပုတ္တကဲ့သို့သော ဂိဏ်းဆရာကြီးအား နှိပ်ကွပ်နိုင်ခဲ့ကြောင်း၊ စိတ္တသံယုတ်ရှိခဲ့ကြောင်း ရေးခဲ့သည်။ ဥပါသိကာ ခုဇ္ဇုတ္တရာမှာ ဘုရားထံမှ နာကြားခဲ့ရသော တရားတော်ကို သာမာဝတီအမျိုးရှိသော ဥပါသိကာတွေအား ဟောပြချက်ကို ကျတိဝုတ် ပါဠိတော်ဟု ကျမ်းမြတ်တစ်ဆူအဖြစ် ထင်ရှားခဲ့ကြောင်း ဥဒါဟရဏ်ဆောင်ခဲ့သည်။

နန္ဒမာတာ မှာ ပါရာယဏသုတ္တန်ကြီးကို နံနက်စောစော ရွတ်နေစဉ် ဝေဿဝဏ်နတ်မင်းကြီးက ချီးကျူးချီးမြှောက်ခံရပုံကို အားကျစဖွယ် အတုယူစံထားလောက်ဖွယ် ရှိနေပုံကို ရေးပြခဲ့သည်။

ယခုခေတ် ဥပါသကာ ဥပါသိကာတို့သည် ကိုယ့်ပစ္စည်းကိုယ်ပိုင် လောကမှာ ကိုယ့်ပစ္စည်းကိုယ်တိုးပွား အောင်ကြိုးစားသည့်နယ် ကိုယ့်နည်းနှင့်ကိုယ် အသီးသီး သာသနာပြုရန်တာဝန် ရှိ၏။

ဆရာတော်ကိုယ်တိုင်လည်း ကိုယ့်နည်းနှင့်ကိုယ် သာသနာပြုသဖြင့် ရွှေကျင်နိကာယ ဥပဥ္ဇ္ဈ မဟာနာယက အဖြစ် ရွေးချယ်တင်မြှောက်ကြပါသည်။ ထိုကဲ့သို့ တင်မြှောက်ခြင်းခံရလောက်အောင် ရွှေကျင်သာသနာပိုင် ဖြစ်ထိုက်ရန် ချမှတ်သည့် ဂုဏ်ရည်ဖြစ်သော-

၁။ အမျိုးမြတ်၍ သိက္ခာဝါကြီးမားခြင်း၊
၂။ သီလ သိက္ခာ စင်ကြယ်သောဂုဏ်ရှိခြင်း၊
၃။ ရဟန်းရှင်လူတို့၏ ကြည်ညိုမြတ်နိုးမှုကို ခံယူရရှိခြင်း၊
၄။ ကြည်ညိုမြတ်နိုးလောက်သော ရူပကာယနှင့် ပြည့်စုံခြင်း၊
၅။ သံဃာအကျိုးဆောင်နိုင်သော ဝိရိယနှင့် ပြည့်စုံခြင်း၊
၆။ အများမှီခိုလောက်သော ပညာတော်နှင့် ပြည့်စုံခြင်း၊
၇။ ပြဿနာရှိလာပါက အကတိလေးပါး မလိုက်စားဘဲ မှန်ကန်စွာ ဆုံးဖြတ်နိုင်စွမ်းရှိခြင်း၊
၈။ နာယကဏ္ဍ အင်္ဂါခြောက်သွယ် ဥပစ္ဆာယ် အင်္ဂါ ခုနစ်ဖြာနှင့် ပြည့်စုံခြင်း၊
၉။ ရွေးဆရာတော်ကြီးများ ချမှတ်သည့် တစ်သဝေမတိမ်း လိုက်နာခြင်း စသည်တို့ ထက်ပင် လွန်ကဲသော ဂုဏ်တို့နှင့် ကုံလုံကြွယ်ဝနေပါသည်။

ရွှေကျင်သာသနာပိုင်အဖြစ် တင်မြှောက်ခံရသော်လည်း ဆရာတော်သည် အနေပြောင်းမသွားပါ။

"တရားမသိသူသည် ဂါရဝမှုကို အောက်ကျသည်ဟု အထင်အမြင် မှားသော်လည်း ဂါရဝသည် အလွန်မွန်မြတ်သော တရားတစ်ခုဖြစ်ရာ တရားသိလေလေ ဂါရဝတရား ပိုရှိလေလေ ဖြစ်သည်။

တရားကို မလေးစားသူအဖို့ မာနကို အပြစ်မမြင် အကောင်းထင်လျက် မာန်တက်ကြသော်လည်း တရားကို လေးစားသူတို့မှာ မိမိတို့ မာနကို တမင်တကာပင် ကျအောင်ကြိုးစားကြဟူ၍ ဆရာတော် နှလုံးသွင်းထားမှုနှင့်အညီ ဆရာတော်သည် မာနကင်းတော်မူပါသည်။ ကိုယ်တိုင်ကင်းသည့်နယ် ဒါယကာ ဒါယိကာမများ မာနမထားကြအောင် မာနအပြစ်ကို သိစေရန်အတွက် အနာထပိဏ်သူဌေး၏ ကျွန်မလေး ပုဏ္ဏ ပုံဝတ္ထုကို ရေးပြခဲ့သည်။ ဒုက္ခကိုကြောက်သော ဒုက္ခကိုမုန်းသော ပုဏ္ဏားကြီးအား မကောင်းမှုဟူသမျှကို မျက်မှောက်မှာဖြစ်ဖြစ် မျက်ကွယ်မှာဖြစ်ဖြစ် မပြုမိအောင် ရှောင်ကြဉ်အောင် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို အင်္ဂါငါးပါးနှင့် ပြည့်စုံစွာ ဆောက်တည်အောင် ပုဏ္ဏာကျွန်မလေးက ဟောနိုင်စွမ်းခဲ့သည်။ ထိုကျွန်မလေးသည် ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန်, ကောဏာဂမန, ကဿပ ဟူသော ဘုရားခြောက်ဆူလက်ထက်တော်ကတည်းက ပိဋကတ်သုံးပုံဆောင် ဓမ္မ

ကထိကမလေး ဖြစ်ခဲ့သော်လည်း ရဟန္တာဘဝကို မာန ကြောင့် မရခဲ့သည့်ပြင် နောက်ဆုံးဘဝမှာပင် ကျွန်မဘဝ ကို နေခဲ့ရောက်ခဲ့သေးသည်ကို ဥပါသကာဂုဏ်ရည်တွင် ရေးပြခဲ့သည်မှာ မာနကင်းစေရန် ရည်သန်လိုရင်းဖြစ်၏။

ဆရာတော်အရှင်ဝါသေဋ္ဌာဘိဝံသ မထေရ်မြတ်သည် -

၁။ အလိုမရှိသည့်အရာများကို ပြုမိခြင်း၊ အလိုရှိသည့် အရာများကို မပြုမိခြင်း၊ ကျေးဇူးမသိတတ် အမှတ်မဲ့ နေခြင်းရှိသည့် တပည့်တို့အပေါ် သနားသဖြင့် သည်းမခံနိုင်ခြင်း၏ အပြစ်၊ သည်းခံနိုင်ခြင်း၏ အကျိုးကို သိသဖြင့် အလွန်သည်းခံအားကောင်း သော **"ခမာဂုဏ်"**။

၂။ အောက်လူငယ် တပည့်သံဃာများထက် ပရိယတ် ပဋိပတ် တရားကို အားထုတ်ခြင်းများသဖြင့် အအိပ်အနေ နည်းပါး အထူးနိုးကြားရခြင်း **"ဇာဂရိယဂုဏ်"**။

၃။ ဆရာသမားတို့အပေါ် ပြုထိုက်သော အမှုကြီးငယ် ဟူသမျှတို့၌ မပျင်းမရိ ဝီရိယ လုံ့လရှိခြင်း **"ဥဋ္ဌာနဂုဏ်"**။

၄။ မိမိ၌ ရအပ်သော ပစ္စည်းလာဘ်တို့ကို နှမြော စုံမက် ကန့်ကွက်ဝန်တိုခြင်း မရှိ၊ တပည့်သား တို့အား အညီအညာ ကောင်းမွန်စွာ ဝေဖန်ခွဲခြား ပေးကမ်း လေ့ရှိခြင်း **"သံဝိဘာဂဂုဏ်"**

၅။ တပည့်သားတို့အား အနုဂ္ဂဟနှစ်ပါးဖြင့် သနား ချီးမြှောက်လေ့ရှိခြင်း **"ဒယာဂုဏ်"**

၆။ စီရင်ပြောဆိုရန် အမှုကြီးငယ် ဟူသမျှ၌ စိတ်ထင် ရာ ရှောင်တခင်မပြု၊ အမှုအားလျော်စွာ တိုင်ပင် သင့်ရာ တိုင်ပင်သင့်သော မိတ်ဆွေခင်ပွန်း တပည့် သားတို့နှင့် တိုင်ပင်၍ ရွေးနောက်ဆင်ခြင် စဉ်းစား မမှားယွင်းရအောင် စီရင်ပြောဆိုလေ့ရှိခြင်း **"ကုက္ကုစ္စဂုဏ်"**

ဟူသော နာယကဂုဏ်ခြောက်ရပ်နှင့်ညီအောင် အထူး ကျင့်ကြံကြိုးကုတ်နေထိုင်သည်မှာ ယခုမှသာ မဟုတ်။ ငယ်ရွယ်စဉ် သာမဏေဘဝမှစ၍ ရွှေကျင်နိကာယ ဥပ ဥက္ကဋ္ဌ မဟာနာယကအဖြစ် တင်မြှောက်ခံရသည်ထိ ပင်ကိုသဘာဝအနေများက ဤအင်္ဂါရုပ်များနှင့် ညီညွတ် နေခြင်းရှိသည်။ ဤသို့ ညီညွတ်နေရခြင်းမှာလည်း ဆရာတော်၏ သီလ သမာဓိ ပညာတို့က ထပ်ဖြည့်ရန်မလိုအောင် ပြည့်စုံနေခြင်းကြောင့် ဖြစ်သည်။

ဆရာတော်သည် ဒါယကာ ဒါယိကာမများကို ဥပါသကာ ဥပါသိကာဂုဏ်မြောက် နေထိုင်နိုင်ရန် ရည်သန် လျက် သရဏဂုံတရား အပြည့်အစုံကို ၁၃၄၆-ခု ဝါဆို လကွယ်မှစ၍ ၁၃၄၆-ခုနှစ် ဝါခေါင်လပြည့် ဥပုသ်ပတ် အလွတ် ၁၃၄၆-ခုနှစ် သီတင်းကျွတ်လပြည့်နေ့ထိ ဥပုသ် ပတ်(၁၀)ပတ်ကို အပတ်စဉ် ဝတ်မပျက် ဥပမာ ဥပမေယျ စုံစုံလင်လင် ဝေဝေဆာဆာ ဟောပြတော်မူခဲ့ပါသည်။ ထိုဟောပြချက်များကိုပင် ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံ တရားတော်ဟူသော ကျမ်းတစ်စောင်ဖြစ်မြောက်ခဲ့ရပါသည်။

ဗုဒ္ဓအလိုကျ သာသနာ့အာဇာနည် ဆိုသည်ကို အာဇနိယသုတ္တန်တွင် ကိုယ်ကျင့်သိလ၊ အဆင်းလှပခြင်း ဝဏ္ဏသမ္ပန္နေ။ ပါရမီဖြစ်ရန် ပရိယတ် ပဋိပတ် အလုပ်ကို ကြိုးပမ်းအားထုတ်ခြင်း ဗလသမ္ပန္နနှင့် အသိဉာဏ်ပညာ အရှိန်အဟုန်ကြီးမားခြင်း ဧဝသမ္ပန္နဟု အချက်သုံးချက် ရှိပါသည်။

ဆရာတော်၏ ထူးခြားသော ဂုဏ်ရည်ထဲတွင် အထက်ဖော်ပြပါ အာဇနိယသုတ္တန်လာနှင့်လည်း ထပ်တူညီ လျက်ရှိသည်ကို တွေ့ရသဖြင့် ကြည်နူးအံ့သြဝမ်းသာ ဖြစ်ရ သည်မှာလည်း ဖော်ပြခြင်းငှာ မစွမ်းသာအောင် ဖြစ်ရပါ၏။

ဤသို့ ထူးကဲမြင့်မြတ်သည့် ဂုဏ်အပေါင်း စုံလင် လှသည့် သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသသည် ရဟန်းရှင်လူ ပြည်သူများ၏ နှလုံးသားတွင် ကျောက်သား ကို ထွင်းထုထားသည့်အလား မပျောက်မပျက် တည်ရှိ နေမည့် သာသနာ့အာဇာနည်ဖြစ်သည်ဟူ၍ ဂုဏ်ပြုပူဇော် လိုက်ရပါသည်။

မြတ်စံ

ဟောကဲ့

အမြတ်ဆုံး ဂုဏ်နာ

၁၉၉၀ ပြည့်နှစ်ဝန်းကျင် သပြေကန်ဆရာတော် ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် တစ်နေ့သော နေ့လယ် အခါသမယတွင် ဆရာတော်ဘုရားကြီးနှင့် ကျွန်တော်တို့ နှစ်ဦးတည်း ဆရာတော်ကြီး၏ အခန်းထဲ၌ ရှိနေကြစဉ် ဆရာတော်ကြီးက ရုတ်တရက် "မောင်သက်စိန်...ဘုရားနဲ့



ဦးသက်စိန်(ဖြူး)

တရားဟာ ဘယ်အရာဟာ ပိုမြတ်သလဲကွ" ဟု ကျွန်တော့်အား မေးလိုက်ပါသည်။ ကျွန်တော်လည်း ရုတ်တရက်မို့လို့ မှင်သက်မိစွာ သိပ်စဉ်းစားချိန်မရဘဲ "ဘုရားက ပိုမြတ်ပါတယ် ဆရာတော်ဘုရား" ဟု ပြန်လည်လျှောက်တင်လိုက်ပါသည်။ ဆရာတော်ဘုရားက "ဘာကြောင့်လဲကွ၊ ပြောပါအုံး" ဟု ပြန်လည်မိန့်ကြားပါသည်။ ကျွန်တော်ကလည်း ဘုရားရှင်၏ ဂုဏ်တော်များကို တတ်သမျှ ပြန်လည် လျှောက်တင်လိုက်ပါသည်။

(အမှန်တကယ်တော့ ကျွန်တော်သည် "အယုတ်, အမြတ်၊ ထိုနှစ်ရပ်၊ အမြတ်ရှေ့နေမြဲ" ဆိုသည့် စကားကို ဆရာတော်တစ်ပါးထံမှ ကြားသိဖူးရာ အမိနှင့်အဖ၊ သားနှင့် သမီး၊ လင်နှင့်မယားတို့လို ကျေးဇူးများသူကို ရှေ့၌ထားမြဲ ဖြစ်ရာ ဘုရားနှင့်တရားတို့၌လည်း ထိုကဲ့သို့ပင် ဖြစ်လိမ့်မည်ဟု ယူဆမိ၍ "ဘုရားက ပိုမြတ်သည်" ဟု ရုတ်တရက် လျှောက်တင်လိုက်ရခြင်းဖြစ်ပါသည်။

ထိုအခါ ဆရာတော်ဘုရားကြီးက "အေး, ဘုရားနဲ့ တရား ဘယ်အရာက ပိုမြတ်တယ်ဆိုတာကို မေးလည်း မမေးကောင်း၊ ပြောလည်းမကောင်းလို့ ရှေးဆရာတော်ကြီး အချို့ကတော့ ဆိုကြတာပဲ။ မြတ်စွာဘုရားက တရားတော်တွေဟာ တကယ်တော့ မြတ်စွာဘုရားပွင့်တော်မူလာမှ ပေါ်လာတာမဟုတ်ဘူး။ အစကတည်းက ရှိနေတဲ့တရား (တစ်နည်းအားဖြင့်) လောကရဲ့ သဘာဝတရားတွေပဲဖြစ်တယ်။ မြတ်ဗုဒ္ဓ ပွင့်တော်မူလာမှ သဗ္ဗညုတဉာဏ်တော် အစွမ်းနဲ့ ဒီသဘာဝတရားတွေကို စတင်ရှာဖွေ ဖော်ထုတ်ဟောကြားပြသနိုင်ကြတာပဲ။ နောက်ပြီး ပွင့်တော်မူကြကုန်သော မြတ်ဘုရားရှင်အပေါင်းတို့ဟာလည်း အလိုလို ပွင့်တော်မူလာကြတာ မဟုတ်ဘူး။ တရာတော်ကိုမှီပြီး တရားတော်နဲ့အညီ ပွင့်တော်မူလာကြတာချည်းပဲ။ တရားနဲ့ကင်းပြီး ပွင့်တော်မူလာကြတဲ့ ဘုရားရှင်ဆိုတာ လောကမှာ မရှိဘူး။ ဒါ့ကြောင့်မို့လည်း ပွင့်တော်မူကြကုန်သော ဘုရားရှင်အပေါင်းတို့ဟာ တရားတော်ကို အရိုအသေအလေးအမြတ်ပြုပြီး နေတော်မူကြတဲ့ အစဉ်အလာ ဓမ္မတာကြီးရှိတယ်။ နောင်ပွင့်တော်မူလာကြမယ့် ဘုရားရှင်တွေလည်း သည်အတိုင်းပဲလေ။ တကယ်တော့ သဓမ္မဥဿုံ အလုံးစုံသော တရားတွေနဲ့ အကြွင်းမရှိ ပြည့်စုံနေကြတဲ့ ပွင့်တော်မူကြကုန်သော ဘုရားရှင်အပေါင်းတို့ရဲ့ ခန္ဓာကိုယ်ကြီးတွေဟာ တရားတွေနဲ့ ထုံမွှမ်းထားတဲ့ တရားကိုယ်ကြီးတွေသာ ဖြစ်တော်မူကြတယ်။ အဲဒီလိုပဲ မြတ်စွာဘုရားရှင်အပေါင်းတို့ကလည်း တရားတော်တွေဟာ ငါဘုရားပဲလို့ မိန့်ဆိုတော်မူကြကုန်တယ်" ဟု အဆုံးသတ် ဟောကြားတော်မူပြီး ဆိတ်ဆိတ်နေတော်မူသည်။

ကျွန်တော်လည်း ဆရာတော်ကြီး၏ ဟောကြားတော်မူချက်ကို ချက်ချင်းသဘောပေါက်နားလည်ပြီး "ဒါ့ကြောင့်လည်း ဆရာတော်ကြီးဟာ တရားဟောတိုင်း ဟောတိုင်း မကြာခဏ တရားဂုဏ်တော်တွေကို ပဓာန ထားပြီး ကွက်ကွက်ကွင်းကွင်းမြင်အောင် ထုတ်ဖော် ဟောကြားတော်မူလေ့ရှိတာပဲ။ ဆရာတော်မြတ်ကြီး ကိုယ်တော်တိုင် စည်းစိမ်ချမ်းသာနှင့် အသက်ခန္ဓာတို့ကိုစွန့်၍ တရားနှင့် အညီ တစ်သဝေမတိမ်း နေထိုင်တော်မူခြင်း၊ မိမိကိုယ်ကို အမြဲတမ်း တရားနှင့် ထုံမွှမ်းထားခြင်းတို့ဟာလည်း ဆရာတော်မြတ်ကြီး အနေဖြင့် တရားတော်ကို ဘယ်လောက် တန်ဖိုးထားလေးစားတယ်ဆိုတာ ပြသနေတာပဲ" ဟု စဉ်းစားဆင်ခြင်မိသည်။

ထို့ပြင် လောကတွင် တန်ဖိုးမဖြတ်နိုင်သော အရာနှစ်ခုကို နှုတ်ဖြင့်ပြောကြရာတွင်လည်းကောင်း၊ စာဖြင့် ရေးသားရာတွင်လည်းကောင်း၊ တစ်ထပ်တည်းပြော၍ ရေး၍ မရပေ။ တစ်ခုပြီးမှတစ်ခု ရှေ့နှင့်နောက် ပြောရ၏။ ရေးရ၏။ သို့သော် စိတ်၌မူ အာရုံပြုရာတွင်တော့ တစ်ထပ်တည်း ခံစား၍ ရ၏။

ကျွန်တော်သည် ဆရာတော်မြတ်ကြီး၏ ဟောကြားချက်ကို နာကြားရပြီးနောက် ဘုရားကိုမြင်လျှင် တရားကို မြင်တော့၏။ တရားကိုမြင်လျှင် ဘုရားကိုမြင်တော့၏။ ဘုရားနှင့်တရား, တရားနှင့်ဘုရား ခွဲခြား၍ မမြင်တော့။ လောက၌ အမြတ်ဆုံး ရတနာအဖြစ်ဖြင့် တစ်ထပ်တည်းသာ မြင်တော့၏။ တရားတော်အပေါ်၌လည်း အဆုံးအစမရှိ ကြည်ညိုမဆုံး ဖြစ်ရတော့၏။ လောက၌ အမြတ်ဆုံး ရတနာနှစ်ပါးတို့အပေါ်၌ ဂါရဝတရားကို အစဉ် လက်ကိုင်ထား၍ အဂါရဝ မဖြစ်စေရန်လည်း အထူးသတိထားရှောင်ကြဉ်မိ၏။

ဤသည်မှာ ကျွန်တော့်အတွက် ဘဝတစ်သက်တာ အဖိုးမဖြတ်နိုင်သော ပညာကို ရရှိလိုက်ပေရာ အတိုင်းအဆမရှိ အကျိုးများရကား ဆရာတော်ကြီးအနေဖြင့် အနာနှင့်ဆေး တည့်အောင်ပေးလိုက်သကဲ့သို့ပင်။ သို့ကြောင့်လည်း ဆရာတော်မြတ်ကြီး၏ ဂမ္ဘီရဉာဏ်ကို အံ့သြမဆုံး၊ ကြည်ညိုမဆုံး ဖြစ်မိပါသည်။

မကြာမီက မွေးနေ့အလှူတစ်ခုတွင် အလှူရှင်က စည်သည်များကြားတွင် "တို့ကတော့ ဘုရားပဲ၊ ဘုရားပြီး တရားပဲ၊ တရားပြီးသံဃာပဲ" ဟု ပြောလိုက်သံ ကြားရသော အခါ ဆရာတော်မြတ်ကြီး၏ ဟောကြားချက်ကို ချက်ချင်း ပြန်လည် သတိရအောက်မေ့မိသည်။ ထိုစကားကား သာမန်အားဖြင့် မှန်သလိုလို ရှိပေမယ့် မမှန်ဟုပင် ဆိုချင်ပါသည်။

ဘုရားရှင်ကို ကိုးကွယ်လျှင် တရားတော်ကို ကိုးကွယ်ခြင်းမည်ရကား မိမိကိုးကွယ်သည့် တရားတော်ကို ဂါရဝတရား ထားရှိသည့် အနေဖြင့် တရားတော်နှင့်အညီ မိမိစွမ်းနိုင်သမျှ နေထိုင်ကျင့်ကြံ ရပေလိမ့်မည်။ ဘုရားနှင့် တရားကို သီးခြားစီ ခွဲမြင်၍ မရနိုင်ပေ။ ဘုရားရှင်ကို တန်ဖိုးထားကိုးကွယ်ပြီး တရားတော်အပေါ်၌တော့ တန်ဖိုးထား လိုက်နာကျင့်ကြံမှု လျော့ကျနေလျှင်ကား ဘုရားကို ကိုးကွယ်ဆည်းကပ်ရာ မရောက်တော့ပေ။ တန်ခိုးရှင် အဖြစ်နှင့်သာ ကိုးကွယ်ဆည်းကပ်သလို ဖြစ်နေပေတော့မည်။ ထို့ကြောင့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ဗုဒ္ဓဘာသာဝင်ကောင်းတို့မည်သည် တရားနှင့်ဘုရား၊ ဘုရားနှင့် တရားတို့အပေါ်၌ သဒ္ဓါ၊ ပညာ တို့ဖြင့် တစ်ထပ်တည်း ကိုးကွယ်အားထားဆည်းကပ် သိမှတ်ပြုနိုင်ကြမှ မိမိတို့ လိုရာ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ရသည့်တိုင် ချမ်းသာအလုံးစုံ ပြည့်စုံထွန်းတောက်နိုင်ကြပေလိမ့်မည်။ ဤကား အနန္တ ဂုဏ်အင် ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကြီး၏ အဆုံးအမပင်တည်း။

(ကျွန်တော်သည် ပူအိုက်၍လည်းကောင်း၊ ခြင်ကိုက်သဖြင့်လည်းကောင်း၊ မိမိ၏ခန္ဓာကိုယ် အောက်ပိုင်းကို ယပ်တောင်ဖြင့် ယပ်ခပ်မည်ဆိုလျှင် ပထမဦးစွာ ယပ်တောင်ကို ကြည့်၏။ ယပ်တောင်ပေါ်တွင် ပဋ္ဌာန်း ဒေသနာကဲ့သို့ တရားစာသားများ ရေးသားထားလျှင် ထို ယပ်တောင်ကို အသုံးမပြုတော့ပေ။ မိမိအမြတ်တနိုး အလေး အမြတ်ပူဇော်သော လောက၏ အမြတ်ဆုံး ရတနာဖြစ်သည့် တရားတော်တို့သည် ဓမ္မစေတီ ထိုက်ရကား မိမိ၏ခန္ဓာကိုယ် အောက်ပိုင်းနှင့် ထိမိပါက အဂါရဝဖြစ်ပေတော့မည်။ ဤသို့ မိမိအနေဖြင့် ဘုရားနှင့်တရား, တရားနှင့်ဘုရားတို့အပေါ်၌ အသေးအဖွဲ ကိစ္စမျိုး၌ပင်လျှင် ဂါရဝတရား ရှေ့ထားပြီး ဂါရဝတရား မဖြစ်ပွားရလေအောင် စောင့်ထိန်းဆင်ခြင်နိုင်ခြင်းသည် ကျေးဇူးတော်ရှင် ဆရာသခင် သပြေကန်ဆရာတော်မြတ်ကြီး၏ အနန္တကျေးဇူးတော်ကြောင့်ပင် ဖြစ်ပေတော့သည်။)

သို့ဖြစ်ပါ၍ တရားနှင့်ဘုရား, ဘုရားနှင့်တရား ဂုဏ်တော်တို့ကို ထပ်တူထပ်မျှ တန်ဖိုးထား ကိုးကွယ်ဆည်းကပ် သိမှတ်ကြစေရန် သပြေကန်ဆရာတော်မြတ်ကြီး ဟောစဉ်များထဲမှ ဆရာတော်ကြီး မကြာခဏ ဟောလေ့ရှိသည့် ဩဝါဒအချို့ကို ပူဇော်လွှာ ဆောင်းပါးမဆုံးမီ နောက်ဆုံးတွင် ထုတ်နုတ်တင်ပြထားပါသည်။

ဤနေရာတွင်တော့ ဤပူဇော်လွှာ ခေါင်းစဉ်နှင့် မသက်ဆိုင်သော်ငြားလည်း အခါအခွင့်သင့်၍ ဆရာတော် ဘုရားကြီးက ကျွန်တော့်အား ချီးမြှင့်သော ဩဝါဒအချို့ကို မှတ်သားနာယူနိုင်ကြစေရန် တင်ပြလိုက်ရပါသည်။

၁။ ကျွန်တော်သည် မြတ်ဗုဒ္ဓသာသနာ့အခြေခံ ကျမ်းကြီးကို ရေးသားပြုစုပူဇော်ပြီး စာပေစိစစ်ရေးသို့ တင်ရာတွင် တစ်နေရာ၌ "နိဗ္ဗန်ကို ပထမနိဗ္ဗာန်၊ ဒုတိယနိဗ္ဗာန်" ဟု ရေးသားထားရာ အထောက်အထား မပြနိုင်ပါက ပထမနှင့် ဒုတိယ စာသားများကို ပယ်ဖျက်ပေးရန် စာပေစိစစ်ရေးက မှတ်ချက်ပေးလာပါသည်။ ကျွန်တော်ကလည်း ဆရာတော်ပညာရှင်အသီးသီး၏ ကျမ်းကြီးများကို ကိုးကား ရေးသားထားသည်ဖြစ်ရာ အလွယ်တကူ အလျှော့ပေး၍ မပယ်ဖျက်ပေးလိုသော်လည်း ကျမ်းကိုးကိုလိုက်ရှာရာ၌ ရှာမတွေ့ခဲ့ပေ။ ထိုအခါ ဆရာတော်ဘုရားကြီးကို အကျိုးအကြောင်း လျှောက်တင်ခဲ့ရာ ဆရာတော်ဘုရားကြီးက "အေး...မောင်သက်စိန်၊ နိဗ္ဗာန်ကို ပထမနိဗ္ဗာန်နှင့် ဒုတိယနိဗ္ဗာန်ဆိုပြီး သဥပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်တို့ကို တင်စားပြီး ပြောရင်တော့ ရပါတယ်။ ဒါပေမယ့် ဘုန်းကြီးကိုယ်တိုင် စီရင်တဲ့ ကျမ်းတွေမှာလည်း အငြင်းပွားစရာလေးတွေ ရှိခဲ့ဖူးတယ်။ ဒါပေမယ့် ဖျက်ပေးလိုက်ရင်လည်း မိမိဆိုလိုရင်းလည်း မပျက်ဘူး၊ မူလအဓိပ္ပါယ်လည်း ပျက်မသွားဘူးဆိုရင်တော့ အငြင်းမပွားတာ ကောင်းပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကိုယ်သက်ရှိထင်ရှားရှိနေစဉ်မှာတောင် အငြင်းပွားစရာ ဖြစ်နေတာမို့ ကိုယ်မရှိတော့တဲ့နောက်ပိုင်းမှာ နောင်လာနောက်သားတွေအတွက် အငြင်းပွားစရာတွေကို မထားခဲ့တာ ကောင်းပါတယ်" ဟု ဆုံးမသြဝါဒပေးခဲ့ဖူးပါသည်။

၂။ တစ်ခါက ကျွန်တော်သည် ဆရာတော်မြတ်ကြီးအား "ဆရာတော်ဘုရား...( )ကျမ်းစာအုပ် ပြန်ထွက်နေတယ်ဘုရား၊ ပုံတော်တွေ တော်တော်များများပါတယ်ဘုရား၊ ဝေဝေဆာဆာနဲ့ပါဘုရား" ဟု လျှောက်တင်မိသည်။ ဆရာတော်မြတ်ကြီးက "မောင်သက်စိန်...ပုံတော်တွေများများပါလို့ ကောင်းတယ်လို့ ပြောတာလား၊ အဲဒီကျမ်းကနဂိုကတည်းက ကောင်းပြီးသားပါ" ဟု ပြန်လည်မိန့်ကြားတော်မူရာ ဆရာတော်မြတ်ကြီး၏ အကာကိုမလိုချင်၊ အနှစ်ကိုသာ တန်ဖိုးထားကြောင်း တွေ့မြင်ကြည်ညိုမဆုံး ဖြစ်ရပါသည်။

၃။ ကျွန်တော်သည် ဆရာတော်ဘုရားကြီးအား "ဆရာတော်ဘုရား...ခေတ္တ ဒုလ္လဘဝတ်တာဟာ အကျိုးများပါသလား၊ အပြစ်များပါသလားဘုရား" ဟု လျှောက်တင်ခဲ့ရာ ဆရာတော်မြတ်ကြီးက "အေး...ဒုလ္လဘဝတ်ပြီး ကိုယ့်ဆရာသမားရဲ့ စကားတွေကို နားထောင်မယ်ဆိုရင်တော့ အကျိုးများဖွယ်ရှိပါတယ်" ဟု ပြန်လည် မိန့်ကြားတော်မူခဲ့ပါသည်။

၄။ ကျွန်တော်က ဆရာတော်ဘုရားကြီးအား "ဆရာတော်ဘုရား...ရဟန်းခံလို့ သိမ်ဝင်ရာမှာ ရဟန်းလောင်းကို အကြွေးကင်းမကင်း မေးကြရပါတယ်ဘုရား၊ တပည့်တော်တို့ ကုန်ရောင်းဝယ်မှုပြုတဲ့သူတွေမှာ ဆေ့စဉ် ကိုယ်က ရစရာရှိသလို ကိုယ်က ပေးစရာအကြွေးတွေလည်း ရှိနေတတ်ပါတယ်ဘုရား၊ ဒါပေမယ့် အကြွေးကင်းပါတယ်ဟု သိမ်ဆဲ့၌ ပြန်လည်ဖြေကြားရပါတယ်ဘုရား၊ ဒီကိစ္စမှာ ရဟန်းလောင်းမှာ အပြစ်ရှိပါသလား၊ ရဟန်းမြောက်ပါသလား ဘုရား" ဟု မေးမြန်းလျှောက်တင်ခဲ့ရာ ဆရာတော်ဘုရားက "အေး...ဒီအမေးမျိုးကို ဘယ်သူမှမမေးဖူးဘူး၊ တကယ်မေးထိုက်ပါတယ်၊ အခုမေးသလို မိမိမှာအကြွေးတင် ရှိနေပါက ဒုလ္လဘမဝတ်ခင် အကြွေးရှင်များထံ ယာယီအကြွေးကင်းလွတ်ခွင့်တောင်းထားရင် အကောင်းဆုံးပဲ၊ အဲဒီလိုမှ မဟုတ်ရင် မိမိမှာတော့ ရဟန်းဖြစ်ပါတယ်။ ဒါပေမယ့် သိမ်ဝင်ပေးတဲ့ရဟန်းတွေမှာ အာပတ်သင့်ကြရတယ်" ဟု ပြန်လည် မိန့်ကြားလိုက်ပါသည်။

(သပြေကန်ဆရာတော်ဘုရားကြီး ဟောကြား၊ ဩဝါဒ ပေးလေ့ရှိသော ဂါထာတော်များနှင့် ဩဝါဒတော်ကို အောက်တွင်ဖော်ပြလိုက်ပါသည်။)

ဓမ္မဂုဏ်ရည်

(ပါဠိ)

ယေ စ အတီတာ သမ္ဗုဒ္ဓါ၊
ယေ စ ဗုဒ္ဓါ အနာဂတာ၊
ယော စေတရဟိ သမ္ဗုဒ္ဓေါ၊
ဗဟူနံ သောကနာသနော။
သဗ္ဗေ သဒ္ဓမ္မဂရုနော၊
ဝိဟိံသု ဝိဟရန္တိ စ။
တထာဝိ ဝိဟရိဿန္တိ၊
ဧသာ ဗုဒ္ဓါနဓမ္မတာ၊
တသ္မာ ဟိ အတ္ထကာမေန၊
မဟတ္တ အဘိကင်္ခတာ၊
သဒ္ဓမ္မော ဂရုကာတဗ္ဗော၊
သရံ ဗုဒ္ဓါန သာသနံ။

(အနက်)

အတီတာ- ရှေးရှေးအခါက ပွင့်တော်မူပြီးကြကုန်သော၊ ယေစဗုဒ္ဓါ- အကြင်ဘုရားရှင်ကိုယ်တော်မြတ်အပေါင်းတို့သည်လည်းကောင်း၊ အနာဂတာ- နောင်အခါကာလ၌ ပွင့်တော်မူကြမည်ဖြစ်ကုန်သော၊ ယေစဗုဒ္ဓါ- အကြင်ဘုရားရှင် ကိုယ်တော်မြတ်မှန်သမျှတို့သည်လည်းကောင်း၊ ဗဟူနံ- များစွာသော သတ္တဝါအပေါင်းတို့၏၊ သောကနာသနော- စိုးရိမ်ပူဆွေးမှုသောကကို ဖျက်ဆီးပယ်ဖျောက်တော်မူတတ်သော၊ စတရဟိ- ယခုခေတ်ထဲ၌၊ ယောစဗုဒ္ဓေါ- ပွင့်တော်မူသည့် အကြင်ဂေါတမဟု မည်တွင်လောကထွက်တင် ဘုရားရှင်ကိုယ်တော်မြတ်သည် လည်းကောင်း၊ အတ္ထိ- ထင်ရှားမသွေ ရှိကြပါပေကုန်၏။ သဗ္ဗေ- အလုံးစုံသောပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့ဖြစ်ကုန်သော ဘုရားရှင်မှန်သမျှတို့သည်၊ သဒ္ဓမ္မဂရုနော- သဒ္ဓမ္မခေါ်သည့် ဘုရားရှင်ကိုယ်တော်မြတ်တို့ ကိုယ်တိုင်ဟောကြားတော် မူကြကုန်

သော တရားမြတ်ဒေသနာကို ကိုယ်တော်မြတ်တို့ ကိုယ်တိုင် အလေးအမြတ် ပြုကြကုန်၍၊ ဝိဟာရိသု-ရှေးကလည်း နေခဲ့ကြကုန်ပြီ၊ ဝိဟာရန္တိစ- ယခုခေတ်အခါ သမယ၌လည်း နေကြကုန်ဆဲ၊ တထာပိ- ထိုမှတစ်ပါးလည်း၊ ဝိဟာရိဿန္တိ- နောင်အခါကာလတို့၌လည်း အလေးအမြတ် ပြုလျက် နေကြဦးမည်သာ ဖြစ်ကြပါပေကုန်၏။ ဧသာ- ဤသို့ ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့ဖြစ်ကုန်သော ဘုရားရှင် မှန်သမျှတို့၏ ကိုယ်တော်မြတ်တို့ ကိုယ်တိုင်ဟောကြားတော် မူကြကုန်သော တရားမြတ်ဒေသနာတော်ကို အလေးအမြတ်ပြုတော်မူကြခြင်းသည်၊ ဗုဒ္ဓါနံ- ဘုရားရှင် ကိုယ်တော်မြတ် မှန်သမျှတို့၏၊ ဓမ္မတာ- ပူဇော်ရိုး၊ အလေးအမြတ်ပြုရိုး၊ အစဉ်အလာ ဓမ္မတာကြီးအစစ်၊ တကယ်တမ်း ဖြစ်ပါပေကုန်သတည်း။

တသ္မာဟိ တသ္မာဧဝ- ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့ဖြစ်ကုန်သော၊ ဘုရားရှင်ကိုယ်တော်မြတ် မှန်သမျှ တရားတော်ကို ပူဇော်ရိုး၊ အလေးအမြတ် ပြုရိုးဖြစ်ပေသောကြောင့်၊ အတ္တကာမေန - ကိုယ်ကျိုးစီးပွားအမှန်ကို အလိုရှိသော၊ မဟတ္တံ- မြင့်မြတ်သည်၏ အဖြစ်ကို၊ အဘိကင်္ခတာ- လိုလားသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်၊ ဗုဒ္ဓါနံ- ပွင့်တော်မူကြကုန်သော ဘုရားရှင်ကိုယ်တော်မြတ် အပေါင်းတို့၏၊ သာသနံ- အဆုံးအမတော်ကို၊ သရဏ်-သရဏန္တာ- အစဉ်မကွာ အောက်မေ့လျက်၊ သဒ္ဓမ္မော-သဒ္ဓမ္မခေါ်သည့် ဘုရားရှင်ကိုယ်တော်မြတ် အပေါင်းတို့၏ တရားမြတ် ဒေသနာတော်ကို၊ ဂရုကာတဗ္ဗော- အမြဲမပြတ် ပူဇော်အပ် အလေးအမြတ် ပြုအပ်ပါပေသတည်း။

တရားတော်၏ အစွမ်းသတ္တိ

(ပါဠို)

အတ္ထိ ဟိ သတ္တိ ဓမ္မသ-
ဓမ္မော နော ဗုဒ္ဓပူဇိတော၊
ယေ ဓမ္မံ အဘိမာနေန္တိ-
တေ ဟောန္တိ ဥန္နတုန္နတာ။
အတ္ထိ ဟိ သတ္တိ ဓမ္မသ-
ဓမ္မော နော ဗုဒ္ဓဒေသိတော၊
ယေ ဓမ္မံ အဘိမာနေန္တိ-

(အနက်)

ဓမ္မော- တရားတော်မြတ်ကို၊ နော- ငါတို့၏၊ ဗုဒ္ဓပူဇိတော- ဘုရားရှင်မြတ်သည် ကောင်းစွာ အထပ်ထပ် ပူဇော်အပ်ပါပေ၏၊ တသ္မာ- ထိုသို့ဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တော်တိုင် ထပ်ခါတလဲလဲ အမြဲမပြတ် ပူဇော်အပ် ထုံမွှမ်းအပ်သည်၏အဖြစ်ကြောင့်၊ ဓမ္မဿ- တရားတော် မှန်သမျှ၏၊ သတ္တိ- အစွမ်းသတ္တိသည်၊ အာနုဘော်သည်၊ အတ္ထိ ဟိ-အတ္ထိ ဧဝ- ထင်ရှားမသွေ ရှိပါပေသတည်း၊ ယေ- အကြင်ပုဂ္ဂိုလ်တို့သည်၊ တံ ဓမ္မံ- ထိုဘုရားရှင်မြတ် ကိုယ်တော်တိုင် အမြဲမပြတ် ပူဇော်အပ် ထုံမွှမ်းအပ်သော သဒ္ဓမ္မခေါ်သည့် တရားတော်မြတ်ကို၊ အဘိမာနေန္တိ- လွန်စွာအားရမြတ်နိုးကြကုန်၏၊ ရှိသေသမျှ အလေးအမြတ် ပြုကြကုန်၏၊ တေ- ထိုဘုရားရှင်ကိုယ်တော်မြတ်၏ တရားမြတ် ဒေသနာတော်ကို မြတ်နိုးကြကုန်သော အလေးအမြတ် ပြုကြကုန်သော ပုဂ္ဂိုလ်တို့သည်၊ ဥန္နတုန္နတာ- တစ်ဆင့် ထက်တစ်ဆင့် မြင့်သထက် မြင့်ကာ မြတ်သထက် မြတ်ကြပါပေကုန်သတည်း။

ဓမ္မော- တရားတော်မြတ်ကို၊ နော- ငါတို့၏၊ ဗုဒ္ဓဒေသိတော- ဘုရားရှင်မြတ်သည် ထပ်ခါထပ်ခါ အမြဲမပြတ် ဟောကြားတော်မူအပ်ပါပေ၏။ တသ္မာ- ထိုသို့ သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင် ထပ်ခါထပ်ခါ အမြဲမပြတ် ဟောကြားတော် မူလေ့ရှိသည်၏ အဖြစ်ကြောင့်၊ ဓမ္မဿ- တရားတော် မှန်သမျှ၏၊ သတ္တိ- အစွမ်းသတ္တိ အာနုဘော်သည်၊ အတ္ထိဟိ-အတ္ထိဧဝ- ထင်ရှားမသွေ ရှိပါပေသတည်း။

ယေ- အကြင်ပုဂ္ဂိုလ်တို့သည်၊ တံ ဓမ္မံ-ထိုသဗ္ဗညု ဉာဏ်တော်ရှင် ဘုရားသခင် ကိုယ်တော်တိုင် အမြဲမပြတ် ဟောကြားတော်မူလေ့ရှိသော သဒ္ဓမ္မခေါ်သည့် တရားမြတ်ကို၊ အဘိမာနေန္တိ- လွန်စွာအားရ မြတ်နိုးကြကုန်၏၊ ရှိသေသမျှ အလေးအမြတ် ပြုကြကုန်၏၊ တေ - ထိုဘုရားရှင် ကိုယ်တော်မြတ်၏ တရားမြတ်ဒေသနာတော်ကို မြတ်နိုးကြကုန်သော အလေးအမြတ် ပြုကြကုန်သော ပုဂ္ဂိုလ်တို့သည်၊

ဥန္ဒတုန္ဒတာ- တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက် မြင့်ကာ မြတ်သထက် မြတ်ကြပါပေကုန်သတည်း။

တရားတော်ရဲ့ ကျေးဇူးတော်တွေက အနန္တ

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော် ကျေးဇူးတော်ဟာ အနန္တဆိုရင် တရားတော်မြတ်ရဲ့ဂုဏ်တွေ ဟာလဲ အနန္တ အဆုံးမရှိဘူး။ ဒီတရားတွေ အစွဲပြုပြီးတော့ မိမိတို့ ကုသိုလ် သိကြရ၊ အကုသိုလ် သိကြရတယ်။ သီလ ဆောက်တည်နိုင်ကြ၊ သမာဓိ ထူထောင်နိုင်ကြ၊ ဘာဝနာ ပွားများနိုင်ကြ၊ ကုသိုလ်တရားတွေ အမျိုးမျိုး ပွားနိုင်ကြ တယ်။ အဲဒါတရားတော်ရဲ့ ပြောမပြနိုင်အောင်၊ အဆုံးအစမရှိ နိုင်အောင် များပြားတဲ့ အနန္တကျေးဇူးတော်တွေ။

အံ့ဩခြီးကျူးဖွယ်ဂုဏ်

(ပါဠိ)

အဟော ဗုဒ္ဓေါ အဟော ဓမ္မော အဟော ဓမ္မသ သွာက္ခာတတာ ယတြ ဟိ နာမ သာယမနု သိဒ္ဓော၊ ပါတော ဝိသေသံ အဓိဂမိဿတိ၊ ပါတော မနုသိဒ္ဓော သာယံ ဝိသေယံ အဓိဂမိဿတိ။

(အနက်)

ဗုဒ္ဓေါ- မြတ်ဘုရားရှင်သည်၊ အဟော - သြော် အံ့ဖွယ်ကောင်းပါပေစွ။ ဓမ္မော - တရားတော်မြတ်သည်၊ အဟော - သြော် အံ့ဖွယ်ကောင်းပါပေစွ။ ဓမ္မသ - တရား ဒေသနာတော်မြတ်၏၊ သွာက္ခာတတာ - ကောင်းစွာ ဟောကြားအပ်သည်၏ အဖြစ်သည်၊ အဟော - သြော် အံ့ချီးဖွယ်ပါတကား။

ယတြ - အကြောင်ကြောင့်၊ သာယံ - ညချမ်း အခါ၌၊ အနုသိဒ္ဓော - မြတ်ဘုရား၏ အဆုံးအမခံရသည် ရှိသော်၊ ပါတော - နံနက်ခင်းအခါ၌၊ ဝိသေသံ - တရားထူးကို၊ အဓိဂမိဿတိနာမ - ရနိုင်ပါဘိ၏။ ပါတော - နံနက်ခင်းအခါ၌၊ အနုသိဒ္ဓော - မြတ်ဘုရား၏ အဆုံးအမ ခံရသည် ရှိသော်၊ သာယံ - ညချမ်းအခါ၌၊ ဝိသေသံ - တရားထူးကို၊ အဓိဂမိဿတိနာမ - ရနိုင်ပါဘိ၏တကား။

(ဆရာတော်အရှင်မြတ်ကြီးဘုရား... တပည့်တော်သည် ဤပူဇော်လွှာဖြင့် တပည့်တော်၏ အနန္တကျေးဇူးရှင် ဆရာသခင် အရှင်သခင် အရှင်မြတ်ကြီးအား ရိုသေမြတ်နိုး ပူဇော်သမှု ပြုလိုက်ပါသည် ဘုရား။ ဤပူဇော်လွှာကြောင့် အများသူငါ အကျိုးများ တိုးပွားဖွယ် ရှိနိုင်သည်ဟု ထင်မြင်ယူဆ၍လည်း ပူဇော်ရခြင်းဖြစ်ပါသည် ဘုရား။ အကယ်၍ ဆရာတော်မြတ်ကြီးအနေဖြင့် တပည့်တော်တစ်ဦးတည်း အပေါ် ဟောကြားသြဝါဒ ပေးခဲ့သည်ကိုပြန်၍ ဖော်ပြရာ၌ သင့်အပ်လျှောက်ပတ်မှု မရှိခဲ့ပါက တပည့်တော်အား မေတ္တာရှေ့ထား၍ သည်းခံခွင့်လွှတ် ပေးတော်မူပါရန် ရိုသေမြတ်နိုး ပန်ကြားတောင်းပန်လျှောက်ထားအပ်ပါသည် အရှင်မြတ်ကြီး ဘုရား။)

မှတ်ချက်

ဤပူဇော်လွှာပါ လောက၏ အမြတ်ဆုံးရတနာကို ခံယူဆင်ခြင်ရာ၌ မခံယူတတ်ပါက အတွေးမှား၊ အမြင်မှား ဖြစ်နိုင်ပါ၍ ဓမ္မန္တရာယ် အပြစ်ကြီးဖြစ်နိုင်ရကား ကျွန်တော် ရေးသားပြုစု ပူဇော်သော **သပြေကန်အာစေရ သာသနကထာကျမ်း** စာအုပ်မှာပင် အတန်တန်စဉ်းစားပြီး မဖော်ပြဖြစ်ခဲ့ပါ။ ယခုမူ ကျွန်တော့်အနေဖြင့် ပညာရှင်အများ အားထားလက်ကိုင်ပြုရမည့် ဤကျမ်း၌ ဖော်ပြရန် သင့်အပ်လျှောက်ပတ်မည် ထင်မိပါ၍ ယခုမှ ရေးသားပူဇော် လိုက်ရခြင်းဖြစ်ပါသည်။ ပညာရှင်များ အမှားတွေ့ပါက ကျွန်တော့်၏ အမှားသာဖြစ်ပါ၍ မေတ္တာရှေ့ထား ခွင့်လွှတ် ကြပါစေသား။

"သတ္တဝါအပေါင်း လောက၏ အမြတ်ဆုံးရတနာ ဖြစ်သော တရားနှင့်ဘုရား, ဘုရားနှင့်တရားတို့ အပေါ်အမှီ ပြု၍ နိဗ္ဗာန်ရသည့်တိုင် ချမ်းသာအလုံးစုံပြည့်စုံ ထွန်းတောက် နိုင်ကြပါစေသတည်း" ဟု ဆရာတော်ဘုရားကြီး၏ ကြီးမားသော မေတ္တာတော်, ဆန္ဒတော်နှင့်အညီ ဆုတောင်းပတ္ထနာ ပြုလိုက်ရပါတော့သည် အရှင်မြတ်ကြီးဘုရား။

ဦးသက်စိန်(ဖြူး)



စာရေးသူကား ငယ်ရွယ်စဉ်

အချိန်အခါက စာသင် တိုက်ကြီး မဟုတ်သော်လည်း ဆယ့်ငါးပါး အပါးနှစ်ဆယ်ခန့် ရှိသော ကျောင်းတိုက်ဖြစ်သည့် စာသင်သား သာမဏေများ ရဟန်းငယ်များနှင့် ထဲဝင်ပြင်ထွက် ရင်းနှီးခဲ့ဖူးပါသည်၊ ဦးပဉ္စင်း, ကိုရင်များကို အဖော်ပြု၍ နေခဲ့ဖူးပါ၏။ နွေရာသီ ကျောင်းပိတ်ရက်တွင် ကား ဝိုင်ပင် ကြာရှည်ရင်း နှီးခွင့်ကြုံရသည်သာ။ ထိုအချိန်အခါက ထိုရဟန်း သာမဏေတို့တွင် ကာလအလိုက် ကြီးလျှင် ဓမ္မကထိကလုပ်မည်ဟု ရည်ရွယ် မှန်းထားသူများကသာ များ၏။ ရိပ်သာဆရာတော်လုပ်မည် ဟု မှန်းထားသည့် ဦးပဉ္စင်း,ကိုရင် တစ်ပါးမျှ မတွေ့ခဲ့ဖူးပါ။

သူတို့သည် ကျောင်းထိုင်ဆရာတော် မသိအောင် "သာဓုသုန္ဒရီ, အနုဿာရမဏ္ဍရီ" စသော တရားစာအုပ်များ ဖတ်ကြ၏။ ဂါထာများ ကျက်ကြ၏။ ဆရာတော်က တရားစာများ မကျက်ရ၊ သဒ္ဒါ-သဒ္ဒိုဟ်-ဝိနည်းကိုသာ ကျက်ရမည်ဟု ညွှန်ကြားထားသည်။ အလှည့်ကျလည်း သဒ္ဒါစသည်ကို ဆရာတော်ထံ ပြန်ပြကြရ၏။ စာရေးသူကား သူတို့ သဒ္ဒါ-သဒ္ဒိုဟ်အသံထက် တရားစာ ကျက်သည်များ၊ ဗဟုသုတနှီးနှောသည်များ၊ ဟာသပြောသည်များကိုသာ နှစ်ခြိုက်ခဲ့၏။ သဒ္ဒါ-သဒ္ဒိုဟ်ကျက်လျှင်ကား ပြောင်လှောင်ခဲ့ရုံမျှမက "စာမကျက်နဲ့၊ ပျင်းစရာကြီး။ တရားကျက်၊ တရားဟောတဲ့ ဘုန်းကြီးက နှစ်ပွဲစား ဗျာ။" ဟု စာရေးသူ၏ အတွေးအခေါ် နုနုလေးဖြင့် ဆရာလုပ်ခဲ့ဖူးသေးသည်။

မကြာသေးမီက ဆိုကြပါစို့၊ လွန်ခဲ့သော သုံးလေးနှစ်ဆီက မိတ်ဆွေတစ်ဦး၏ တိုက်တွန်းမှုကြောင့် သပြေကန်တရားပေါင်းချုပ်အတွဲ(၁)(၂)နှင့် အမှာစာကို ဖတ်ကြည့်မိတော့ တရားတော်များက မတိုမရှည်၊ စကားလုံးများက သစ်ဆန်းပြီး ပေါ်လွင်နားလည်လွယ်သည့် စကားလုံး၊ ဗဟုသုတကိုလည်း အပြည့်အဝပေး၍ မကြားဖူးသေးသည့် တရားတော်များလည်းပါဝင် အကြောင်းအရာက စုံစုံလင်လင်မို့ စာသင်သား ရဟန်းသာမဏေများထံမှ ငယ်ရွယ်စဉ်က ကြားခဲ့ဖူးသည့်-

၁။ တရားရေစက် နာရီဝက် အချက်မိပါစေ။
၂။ ဘယ်မှုကိစ္စ ဘယ်ဓမ္မ ရွေးချယ်တတ်လှစေ။
၃။ ဟိုလှုပ်,သည်လှုပ် သူတို့လှုပ်,မလှုပ် ကိုယ်ကပြီးနှင့်စေ။

ဟူသည့် သံပေါက် လင်္ကာလေးမှာ စာရေးသူရဲ့ နှုတ်ဖျားက အခါခါ ထွက်ပေါ်လာပါတော့သည်။ သပြေကန်တရားပေါင်းချုပ် အတွဲ(၁)(၂)ကို ကြည့်ထား၍ တရားဟောသော ဘုန်းတော်ကြီးဆိုလျှင် အဆိုပါ သံပေါက်လင်္ကာအရ ဆောင်ရွက်နိုင်လိမ့်မည်ဟုလည်း ထင်မြင်မိပါတော့သည် ။

ဟုတ်ပါ၏။ ညတရားပွဲကြီးများ မဟုတ်ဘဲ ဆွမ်းစား, ဘုရားအနေကဇာတင်စသည့် ကိစ္စတွေမှာ တရားအကြာကြီး ဟောနေလျှင် အလှူရှင်များအတွက် ဖိတ်ကြားထားသော မိတ်ဆွေများအား ဧည့်ခံရဦးမည်ဖြစ်၍ ဗျာများရပါတော့သည်။ တစ်နည်းကြည့်လျှင် မည်မျှပင် စကားပြော တရားဟော ကောင်းသည်ဖြစ်စေ၊ တစ်နာရီထက် ကျော်သွားလျှင်ကား ရပ်ပိုင်းဆိုင်ရာက လက်မခံနိုင်တော့သဖြင့် စိတ်မဝင်စားနိုင်တော့ဘဲ နားထောင်ရသူမှာ အီသွား,ငိုက်သွားနိုင်ပါတော့သည် ။

နာရီဝက် ဝန်းကျင်သာ ဟောသင့်ပါသည်၊ နာရီဝက် ဝန်းကျင်မှာလည်း အမှုကိစ္စအားလျော်စွာ အချက်မိမိ အကွက်စေ့စေ့ ဖြစ်ရပါမည်။ တရားနာသူတို့ မသမ်းမိ မငိုက်မိ ဟိုဖက်,သည်ဖက် မလှုပ်မိ တရားကို အပြီးသတ်နိုင်စေရမည်။ ဤသို့မှသာ တရားနာသော သူတို့ နားထဲမှာ တရားစွဲပြီး နှစ်ခြိုက်ကြမည်သာ ဖြစ်ပါသည်။ ဤသို့ မဟုတ်လျှင်ကား အထက်အညာက သပြေကျောင်းဆရာတော်ကဲ့သို့ ကျန်းမာရေးကောင်းပါလျက် တရားဟောမှု အငြိမ်းစားယူပြီး ဖြစ်ရပေတော့သည်။ သပြေကျောင်းဆရာတော် အငြိမ်းစားရုံးကို ဆက်လက်တင်ပြပါရစေ ။

အထက်အညာ မြို့နယ်တစ်ခုတွင် သပြေတောင်းအမည်ရှိရွာသည် အိမ်ခြေအားဖြင့် နှစ်ရာကျော် သုံးရာနီးပါးရှိ ရွာကြီးဖြစ်၏။ စီးပွါးရေးမှာလည်း မြေကောင်းသောအရပ်ဖြစ်၍ ကောက်ပဲသီးနှံ အထွက်ကောင်းရာ နယ်အလိုက် လူချမ်းသာ ပေါများသော ရွာကြီးပင်။ ထိုရွာ၌ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းရှိ၏၊ တစ်ကျောင်းကား ဗောဓိကျောင်းဟု တွင်၏။ တစ်ကျောင်းကား သပြေပင် ရှိခဲ့ဖူးသည်ကို စွဲ၍ သပြေကျောင်းဟုတွင်သည်။ သပြေကျောင်းဘုန်းကြီးကား ဗိန္ဓောဆေးကိုလည်း နားလည်၏။ ဗေဒင်လည်း အသင့်အတင့်တတ်၏။ တရားဟောလည်းကောင်း၏။ ဓမ္မာစရိယဘွဲ့ရထားသူဟုလည်း နယ်ပယ်တွင်ကျော်ကြားသူ ဖြစ်ရုံမျှမက မန္တလေးတွင် ဆယ်နှစ်ကျော်ကျော် ပညာသင်ကြားခဲ့၍ "မန်းပြန်ကကျမ်းဂန်နှံ့သူ" ဟု ချီးကျူးမှုကိုလည်း ခံရသူ ဖြစ်၏။

ဗောဓိ

ကျောင်းဘုန်းကြီးကား တောမြို့လေးတွင်သာ ဦးလေးတော်သူ ဘုန်းကြီးက ခေါ်ဖူးသဖြင့် သုံးနှစ်ခန့်သာ မြို့နေခဲ့ဖူး၏။ တရားဟောရန်အတွက်လည်း "သီရိဓမ္မာသောကမင်းကြီး၊ ကျောင်းအမကြီးဝိသာခါနှင့် ပဋ္ဌာစာရိဝတ္ထု" ဤသုံးခုသာ ဦးလေးဖြစ်သူ တောမြို့ ဘုန်းကြီး လက်ထပ်သင်ပေးသဖြင့် ရ,ထားသည် ။

ထို့ကြောင့် သပြေတောင်းရွာနှင့် ရွာနီးစပ်များတွင် သာမှု,နာမှုရှိက သပြေကျောင်းဘုန်းကြီးကိုသာ တရားဟောပင့်လေ့ရှိကြ၏။ ဗောဓိကျောင်းဘုန်းကြီးကား တစ်ခါတစ်ရံမျှသာ ဟောရ၏။ သပြေကျောင်းဘုန်းကြီးကား "တရား

ဟော ကောင်းသည်၊ အသံက ကြာလေ ကြည်လေ မြည်လေပဲ" ဟု အချို့က မြောက်ပင့်ပြောဆိုကြ၏။ ဤသည်ကို သပြေကျောင်းဘုန်းကြီး သာယာနေ၏။ ထို့ကြောင့် တရားဟောသောအခါ ပို၍ပင် သွေးကြွနေသည်။

တနေ့တွင် ဒေါ်ကံကောင်းဟု ခေါ်သော ဒါယိကာမ ကြီးတစ်ယောက် တဘက်ဟောင်း အဖြူလေး

တရားရေစက် နာရီဝက် အချက်မိပါစေ။
ဘယ်မှကိစ္စ ဘယ်ဓမ္မ ရွေးချယ်တတ်လာစေ။
ဟိုလူပ်,သည်လူပ် သူတို့လူပ်,မလူပ် ကိုယ်က ပြီးနှင့်စေ။

ပခုံးပေါ်တင် ၍ ပဲကြော်လေးကို ပန်းကန်ပြားလေးဖြင့် ထည့်ကာ သပြေ
ကျောင်းဘုန်းကြီးထံ ရောက်လာပြီး လှူ၏။ အင်္ဂါငါးပါးနှင့် ညီအောင် ဝတ်မချနိုင် မျက်နှာရှုံ့ပြီး တိုင်ကို မှီကာ ထိုင်နေ
လေသည် ။

"ဒကာမကြီး၊ နေကောင်းလား" ဘုန်းကြီးက မေး လိုက်၏။

ဒေါ်ကံကောင်းကား တောသူပီပီ ရိုးသားဖြောင့် မတ် ပရိယာယ် မသုံးတတ်သူဖြစ်၏။ ထို့ကြောင့်ပင် သူ့ အဖြေကား။

"လူက နေကောင်းပါတယ်ဘုရား၊ ခါးနာလို့ ဘုန်းကြီးဆီ ခါးနာပျောက်ဆေး လာတောင်းတာ"။

သပြေကျောင်းဘုန်းတော်ကြီးသည် အတန်ကြာ စဉ်းစားပြီး၊ "ဒကာမကြီး၊ ခါးက မကြာခင် ပျောက်သွား မှာပါ၊ အခု ဒကာမကြီး သက်ရောက်က ဘုမ္မိမှာရောက် နေတယ်လေ။"

"ဘုမ္မိလဲ မရောက်ရပါဘူး ဘုရာ့။ တပည့်တော် ရွာက ဘယ်မှကို မသွားဖြစ်ဘူး။ မန္တလေးဘုရားဖူး သွား ချင်တာတောင် ကိုယ်တော့် ဒကာ ကိုအေးမြင့်က ပဲသိမ်း ပြီးမှ သွားပါ။ နှမ်းသိမ်းပြီးမှ သွားပါဆိုပြီး လ.ရွှေ့, ရက်ရွှေ့နဲ့ ဘယ်မှကို မသွားဖြစ်ဘူး။ ဘုမ္မိရောက်ရ နေနေသာသာ"

"အဲဒါကို ပြောတာ မဟုတ်ဘူး။ ဒကာမကြီး အသက်ကို တည်ပြီး ရှစ်နဲ့စားတယ်။ လေးကြွင်းတယ် ဒကာမကြီးက တနယ်သမီးဆိုတော့ တနယ်စပြီး ရေတော့ စနေရောက်တယ်။ စနေက ဘုမ္မိပဲ"

"စနေဆိုတာ ဘာလဲ။"

"အနောက်တောင်ထောင့် အရပ်လေ။"

"အဲ ကိုယ်တော် စနေချောင်ခေါ်တဲ့ အနောက် တောင်ထောင့်မှာ သမီးအကြီးရှိလို့ သွားချင်တာ ကိုထွန်း အေး-မွေးထားတဲ့ ခွေးက လမ်းထိအောင် လိုက်လိုက်ဆွဲ တယ်ဆိုလို့ ကြောက်တာနဲ့ သွားကို မသွားရပါဘူး၊"

"ကဲ ထားပါတော့ ဒကာမကြီး၊ ခါးက ဘယ်တုန်းက စနာတာလဲ"။

"တပည့်တော် ခါးစနာတာက သပြေကျောင်း ဆရာတော် တရားကို နာပြီးကတည်းက ခါးက နာတော့ တာပဲ ဘုရား" ။

ထိုအခါ ဘုန်းကြီးက ပြုံးရယ်ကာဖြင့် "ဒကာမ ကြီးက ဘုန်းကြီးကို စောင်းပြောတာနဲ့ တူတယ်"။

"ဘုန်းကြီးကို စောင်းမပြောရပါဘူး ဘုရား"။

"အခု စောင်းပြောတာ မဟုတ်လား"။

"အော်၊ ဘုန်းကြီးလဲ တည့်တည့် ပြောတာကြီးကို စောင်းသတဲ့"။

ဤသို့ ပြောရင်းဆိုရင်း ခါးနာပျောက်ဆေးကို ပေး လိုက်ပြီး "ဒကာမကြီး နောက် ခါးမနာအောင် အအေး လဲ မပတ်စေနဲ့၊ တဖက်သတ်ချည်းပဲလဲ စောင်းမအိပ်နဲ့၊ ပက်လက် ကုလားထိုင်နဲ့လဲ ကြာရှည် မထိုင်နဲ့၊ မွေ့ရာ ထူထူနဲ့လဲ မအိပ်နဲ့" ဟု ခါးမနာဖို့ ကြိုတင်ကာကွယ်နည်း ကိုလည်း ပြောလိုက်သည် ။

"မှန်ပါ၊ တပည့်တော် မှတ်ပါပြီ၊ အအေး မပတ် အောင်လဲ နေပါ့မယ်၊ တဖက်သတ်လဲ စောင်းမအိပ်တော့ ပါဘူး၊ မွေ့ယာထူထူနဲ့လဲ မအိပ်ပါဘူး၊ သပြေကျောင်း ဆရာတော် တရားကိုလဲ ဘယ်တော့မှ မနာတော့ပါဘူး" ဟု ပြန်လည်လျှောက်ထားလိုက်၏ ။ သပြေကျောင်းဘုန်းတော်

ကြီးကား ပြုံးနေရုံမှ တပါး ဘာမှ ပြန်မပြောနိုင်တော့ပေ။

ဟုတ်ပါ၏၊ တစ်ခါက သပြေတောင်းရွာ၏ မျက်နှာဖုံးဟု ဆိုရလောက်အောင် စီးပွားဥစ္စာအတော်ကြွယ်ဝသည့် ဦးထွန်းလူ+ဒေါ်သိန်း တို့က သား ရှင်ပြုအလှူကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ပြုလုပ်၏ ။ထို အလှူဝယ် ဧည့်ခံနိုင်ရန်အတွက် မြို့ပေါ်က နာမည်ကြီးဆိုင်းကို ကြေးကြီးပေးပြီး ငှားထား၏။ ဆိုင်းငှား စာချုပ်မှာကား တရားနာအပြီး ဗျောစည်တီးပြီးမှ ငွေအကျေ ချေရမည်ဖြစ်၏၊ အနုမောဒနာတရား ဟောဖို့အတွက် မန်းပြန်က ကျမ်းဂန်နှံ့သူဟုလည်းကောင်း၊ တရားကောင်းသူဟုလည်းကောင်း ချီးကျူးခံရသည့် သပြေကျောင်းဘုန်းတော်ကြီးပင်၊ ထို အလှူမှာ အလှူရှင်ကလည်းမျက်နှာကြီး၊ ဆိုင်းကလည်း နာမည်ကြီး၊ ဓမ္မကထိက-ကလည်း နာမည်ကြီးမို့ အတော်ပင် လူစည်သည်။ တရားနာသူများတွင် ဒေါ်ကံကောင်း တစ်ယောက်လည်း ပါဝင်သည်သာ။

အလှူပွဲကြီးကား ပြီးတော့မည်၊ တရားနာရေစက်ချ အမျှဝေ ဗျောခေါက်ဖို့သာ ကျန်တော့သည်။ သပြေကျောင်းဆရာတော်က တရားဟောရင်း စိတ်ထဲမှာ "သပြေကျောင်းတို့က ကြာလေ ကြည်လေ မြည်လေပဲ" ဟူသော အများ၏ ချီးကျူးသံကို အမှတ်ရနေသည်။ ထို့ကြောင့် အာဝဇ္ဇန်းရွင်ရွင်ဖြင့် တရားကို အကြာအရှည် ဟောနေ၏။ တရားနာ ပရိတ်သတ် အချို့ကား တွန့်လိမ်နေပြီ၊ ဆွေမျိုးတော်နေ၍ မကောင်းတတ်သဖြင့် တရားနာရသော အဝေးဧည့်များကလည်း တရားအဆုံးသတ်နှင့် ဗျောခေါက်သံကိုသာစောင့်မျှော်နေသည်။ ပိုဆိုးသည်မှာ ဆိုင်းဆရာဖြစ်၏၊ ပွဲကူးရန်လည်း ရှိနေသည်၊ ဘုန်းကြီးကလည်း မပြီးသေး၊ တရားအပြီး ဗျောခေါက်ရဦးမည် ၊ ဗျောခေါက်ပြီးမှ ငွေအကျေရမည်ဖြစ်၍ ပြန်လို့လည်း မဖြစ်သေး၊ ကူးရမည့်ပွဲ နောက်ကျ အချိန်မမီမှာလည်း စိုးရိမ်နေရသည်။ ထို့ကြောင့် တရား အဆုံးသတ်စေရန် "ဗေထိ ဗေထိ" ဟု ပတ်မကြီးဖြင့် အချက်ပေးရတော့သည် ။

သပြေကျောင်းဆရာတော်ကား ဆိုင်းသမားကို တားမြစ်ရင်း တရားဆက်ဟောလိုက်တော့သည် ။

ဗေထိ ဗေထိ အသာနေ၊
ဗေထိ ဗေထိ အသာနေ၊
အာသေဝနေ ပစ္စယော။
ကုသိုလ်ဖောတွေ ခါခါစောတော့၊
ပစ္စည်း ဥစ္စာ အလွန်ပေါ။ ဟု အစချီပြန်ကာ မောင်ထွန်းလူ+မသိန်း တို့မှာ ရှေးရှေးဘဝတွေက ကုသိုလ်ကောင်းမှုတွေ ပြုပြီးတော့လည်း အပြန်ပြန် အဖန်ဖန် အမှတ်ရလို့ ကုသိုလ်ဖောတွေ စောနေခဲ့တယ်။ ဒါကို အာသေဝန ပစ္စည်းလို့ ခေါ်တယ်။ အဲဒီ အာသေဝန ကုသိုလ်ဖောတွေကြောင့် ခုဘဝမှာ ပစ္စည်းဥစ္စာတွေ အလွန်ပေါနေတာ။ အခု ပြုတဲ့ အလှူကြီးကိုလဲ ခဏ ခဏ အောက်မေ့ အမှတ်ရနေရမယ်။ မေ့မပစ်ရဘူး စသည်ဖြင့် အာသေဝနပစ္စည်းနှင့် စပ်ပြီး ဟောပြန်ရာ မပြီးနိုင်တော့ပေ။ ဆိုင်းဆရာက မစောင့်နိုင်တော့ရာ နဲ့သမားကို မျက်စပစ်ပြလိုက်သည်၊ နဲ့သမားကလည်း အချက်ပေးသော အနေဖြင့် "တော့... တော်... တော်...တော့...တော်...တော်..." ဟု နဲ့ကို မကျယ်တကျယ် မှုတ်လိုက်သည် ။ ထိုအခါ သပြေကျောင်းဘုန်းကြီးက နဲ့သမားကို တားမြစ်ရင်း ၊

နေပါဦးဟ တော့...တော်...တော်...၊
နေပါဦးဟ တော့...တော်...တော်...၊
မြတ်စိန္တေကို မြဲပူဇော်။
ဗုဒ္ဓမြတ်စွာ ပူဇော်က၊
ဘုန်းတန်ခိုးတွေ ကြီးမား၏ ။ ဤကဲ့သို့ အလှူကြီးပေးတဲ့ အခါပဲဖြစ်ဖြစ် အခြားအခါပဲဖြစ်ဖြစ် မြတ်စွာဘုရားကို အမြဲတမ်း ပူဇော်ရတယ်။ ဘုရားကို ပူဇော်ရင် ဘုန်းတန်ခိုးတွေ ကြီးမယ်... စသည်ဖြင့် ဘုရားဂုဏ်တွေနှင့်စပ်ပြီး ဟောပြန်ရာ မပြီးနိုင်တော့ပေ။ ဤသို့ မပြီးနိုင်ဘဲ တရားရှည်နေရာ စည်းဝါးတီးသမားက စိတ်မရှည်တော့ဘဲ ဟောနေသော တရားအာရုံပျက်ပြီး အဆုံးသပ်စေရန် ရည်ရွယ်ချက်ဖြင့် "ချမ်ချပ် ချမ်ချပ်" ဟု အချက်ပေးပြန်ရာ၊ တရားဟော ဘုန်းကြီးက ၊

ချမ်ချပ်ချမ်ချပ် ဘေးချထား၊
ချမ်ချပ်ချမ်ချပ် ဘေးချထား၊
မြတ်တရားရဲ့ စွမ်းပကား ။
တရားကျင့်သူ လူအများ ၊
ဘေးရန်ကင်းလို့ ချမ်းသာပါး- စသည်ဖြင့် တရားဂုဏ်တော်နှင့် တရားကျင့်ရခြင်း အကျိုးသွားများကို ဟောကြားပြန်ရာ မဆုံးနိုင်တော့ပြီ။

အချို့သော ဆိုင်းသမားများက မလိုတော့သော ဗုံများကို သေတ္တာတွင် ထည့်ရင်း "ဗုံ့...ဗုံ...ဗုံ ဗုံ့... ဗုံ...ဗုံ" ဟု တရားအဆုံးသတ်ရန် အချက်ပေးပြန်သည်။

ဓမ္မကထိကကိုယ်တော်မှာ မော်၍မှု ကြည့်တော်မမူဘဲ-

မလုပ်နဲ့အုံး ဗုံ့...ဗုံ့...ဗုံ့ ။
မလုပ်နဲ့အုံး ဗုံ့...ဗုံ့...ဗုံ့ ။
ကိုးပါးဆိုတာ သံဃာဂုဏ် ။
စွဲမြဲယုံကာ စိတ်မှာထား ။

ကြည်နူးရလို့ ကုသိုလ်ပွါး-ဟု အစချီပြန်ကာ သံဃာဂုဏ်တော်နှင့်စပ်၍ ဟောပြန်ရာ ကြာသည်ထက် ကြာသွားတော့သည်။ ဆိုင်းဆရာက စိတ်ပျက်စွာဖြင့် သူ့တပည့်များအား "ဟော့ ပြီးချင်တဲ့အချိန် ပြီးစေတော့၊ မင်းတို့ ဘာမှ အချက်မပေးတော့နဲ့၊ အချက်ပေးတာနဲ့ တရားအစ ရပြီး ရှည်ပြန်ရော၊ ပါရမီဆယ်ပါး စွန့်ခြင်းကြီး ငါးပါး ပိဋ္ဌကသုံးပုံက အများကြီး ကျန်သေးတယ်" ဟု ပြောကာ ဆောင့်ကြောင့်ထိုင်လျက်သာ တရားအပြီးကို စောင့်နေတော့သည်။ တရားပြီးဆုံး၍ ဗျောခေါက်သည် ဆိုရုံခေါက်ပြီး နောက်ပွဲသို့ ကမန်းကတန်း ကူးသွားသော်လည်း အချိန်နောက်ကျနေ၍ နောက်ပွဲ အလှူရှင်အား အကြောင်းစုံ ရှင်းပြပြီး မနည်းကြီး တောင်းပန်မှ ကျေနပ်မူရတော့သည်။

နောက် နှစ်လခန့်အကြာ သပြေတောင်းရွာ၌ သား ရှင်ပြု အလှူကြီးတစ်ခု ပေါ်ပေါက်ပြန်ရာ၊ နာမည်ကြီး လူကြိုက်များသည့် အဆိုပါ ဆိုင်းကိုပင် သွားငှားပြန်သည်။ ဆိုင်းဆရာက နာမည်ကြီးနေ၍ ကြိုက်စေးဆိုသည်၊ ငှားသောသူများကလည်း နယ်တစ်ဝိုက်က ကြိုက်နေ၍ ဆိုစေးပေးမည်၊ ထိုနောက် သဘောတူကြ၍ စာချုပ်မည် ပြုသောအခါ ဆိုင်းဆရာက "နေပါအုံးဗျာ့၊ အဲဒီအလှူမှာ ဘယ်ဘုန်းကြီး တရားဟောပင့်ထားလဲ"၊

"သပြေကျောင်းဘုန်းကြီးပေါ့ဗျာ့"၊

"ဟာ တော်ပြီ အဲဒီ ဘုန်းကြီးကိုတော့ ကျနော် ဆလံတိုက်ပြီ၊ ခင်ဗျားတို့ နှစ်ဆပေးတောင် ကျနော် မလိုက်တော့ဘူး"၊ ဟု အပြတ်ငြင်းတော့သည်။

ဆိုင်းငှားသူများက-

"ဟာ ဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ လိုက်မှာသာ လိုက်ပါ ကျနော်တို့ သပြေကျောင်းဘုန်းကြီးကို တရားဟော မပင့်တော့ပါဘူး၊"

ဟု ဝန်ခံချက်ဖြင့် ထိုဆိုင်းကို မရအရ ငှားလာရတော့သည်။

ထို အချိန်မှစပြီး သပြေကျောင်းဆရာတော်ကား စာမကျက် စာမေးပွဲမဖြေ အင်တာဗျူး မထိုင်ရဘဲ "**ဆိုင်း ဆလံ ဆရာတော်**" ဟု ဘွဲ့တစ်ခု တိုးလာရုံမျှမကဘဲ တစ်ဖြေးဖြေးဖြင့် နူတ်မထွက်ဘဲလျှင် တရားဟောမှုမှ အနားယူရကာ သပြေတောင်းရွာနှင့် ဝန်းကျင်ရွာတို့တွင် သာမှု,နာမှု ရှိတိုင်း ဗောဓိကျောင်းဘုန်းကြီး၏ သီရိမင်္ဂလာသောကမင်းကြီး, ကျောင်းအမကြီး ဝိသာခါနှင့် မယ်ပဋာစာတို့သာ ဇာတ်လိုက်ဖြစ်သွားသည်ဟု ဆိုရမလား၊ စတားဟု ပြောရမလား နေရာတကာမှာ သူတို့ သုံးဦးသာ တွေ့ရတော့သည်။

သူတို့ သုံးဦးတွေ့ရသည်မှာလည်း နေရာမှန် မဟုတ်ဟု ထင်ပါ၏။ ခြိမ့်ခြိမ့်သဲသဲ ကျင်းပသည့် ရှင်ပြု အလှူတော်ပွဲကြီးမှာ အလှူရှင်နှင့် ဆွေမျိုးသားချင်းတို့ ဝမ်းမြောက်ဝမ်းသာ ပီတိအရသာကို ခံစားနေစဉ် လင်မြွေကိုက်၊ သားငယ်စွန့်ချီ၊ သားကြီးရေမျောပြီး သုံးဦးသာမက မိဖနှင့်မောင်တို့ သဘာဝဘေးဒဏ်ဖြင့် သေဆုံးသည်တို့ကိုပါ ကြုံရ၍ သတိလွတ်ခါ ရူးသွားရသည့် အဝတ်ဗလာနှင့်အရူးမ-မပဋာက

" ပန်ချာပီ ×× ခြေသေးမ × ၊
ဆီဈေးက × နှစ်ထောင်ကျော် ... သရှင့်×
၊
ပတ်×ဇေ×ပုံ×ထုံ...
ပတ်×ပတ်×ဇေ×ပုံ×ထုံ... ။
သမလူကြီး× ကိုဖိုးယုံရယ် ...
နင်လုပ်ပုံ× ဟုတ်ဖူး ...×××
သမလူကြီး× ကိုဖိုးယုံရယ် ...
နင်လုပ်ပုံ× ဟုတ်ဖူး ×
နားထောင် မလားလို့×
ပြောပြချင်တယ်..××
ပြောပြရင်တော့ ×
နားထောင်ပါကွယ် ...××။
မိအေးရယ်× သာအေးရယ်×
အလို×××ရှင် ....×
ထမင်း× ကျက်ပြီ....လား××××
ပတ် ၊ ဇေ့.. ဇေ.... ဗုံ ။"

စသည်ဖြင့် သီချင်း တစ်ကြော်ကြော် သီဆိုရင်း ရောက်လာတတ်သည်။ ညှိုးငယ်သော စိတ်ထားဖြင့် သောကရောက်နေသော နာရေးအိမ်မှာ သီရိမင်္ဂလာသောကမင်းကြီးက ဝင့်ဝင့်ထယ်ထယ်နှင့် သူ၏ ရေတွင်းပေါင်း ရှစ်သောင်းထောင်,ရေကန်ပေါင်း ရှစ်သောင်းလေးထောင် အလှူကို လာပြီး ကြွား

နေသလို တစ်ခါတစ်ရံမှာတော့ ကျောင်းအမကြီး သောတာပန် အရိယာ ဝိသာခါကလည်း သူ့ကျောင်း အလှူရေစက်ချပဲမှာ ပျော်လွန်းလို့ ဆိုပြီး စည်တီးလို့ က-ပြနေရံမျှ မက အမျိုးသမီး အပေါင်းအသင်းများနှင့်

သာဝတ္ထိက ပုဗ္ဗာရုံ ၊
သိကြားဘုံနဲ့ ဒို့ မလဲဘူး ။
သိကြားဘုံနဲ့ ဒို့ မလဲဘူး ၊
သာဝတ္ထိက ပုဗ္ဗာရုံ ။
သင်္ကန်းရောင်နဲ့ ထိန်ထိန်ဝါ ၊
ပုဗ္ဗာရုံဟာ ပျော်စရာကြီး ။
ပုဗ္ဗာရုံဟာ ပျော်စရာကြီး ၊
သင်္ကန်းရောင်နဲ့ ထိန်ထိန်ဝါ ။
သိကြားခေါ်တဲ့ မာဃရေ ၊
ပုဗ္ဗာရုံကို လာ မတုန့် ။
ပုဗ္ဗာရုံကို လာ မတုန့် ၊
သိကြားခေါ်တဲ့ မာဃရေ ။
ဝိသကြုံခေါ်တဲ့ နတ်သားရာ ၊
မင်း ပညာဟာ ခေတ်မမီပါဘူး ။
ဝိသကြုံခေါ်တဲ့ နတ်သားရာ ။
ခေတ်မီချင်ရင် လာခဲ့ပါ ၊
ပုဗ္ဗာရုံကို သေချာကြည့်တော့ ။
ပုဗ္ဗာရုံကို သေချာကြည့်တော့ ၊
ခေတ်မီချင်ရင် လာခဲ့ပါ ။
နိဗ္ဗာန်စခန်း သွားတဲ့အခါ ၊
ပုဗ္ဗာရုံဟာ တထောက်နားဖို့ ။
ပုဗ္ဗာရုံဟာ တထောက်နားဖို့ ၊
နိဗ္ဗာန်စခန်း သွားတဲ့ခါ ။
ရွှင်မြူး ရွှင်မြူး ဒို့ ပျော်ခါ ၊
ကြည်နူး ကြည်နူး ပြုံးလို့သာ ၊
နိဗ္ဗာန်ဘုံမှာ ဆုံကြပါစို့ ...။
ဟေး×××လား×××မယ်တို့××ဝါး×××။

ဤသို့ စသည်ဖြင့် သံချပ်ထိုးချင် ထိုးလိုက်သေးသည်။ ကာယကံရှင်များကား မည်သို့ ခံစားရသည်မသိ၊

ဝေယျာဝစ္စဆောင်ရွက်သူများကတော့ အချိန် မတိုမရှည်ဖြင့် ပြီးသွားသည်မို့ ကောင်းလိုက်တဲ့ တရားပါတဲ့။

အကယ်၍သာ ဗောဓိကျောင်းဘုန်းတော်ကြီးနှင့် သပြေကျောင်းဘုန်းတော်ကြီးတို့ သပြေကန်တရားပေါင်းချုပ် အမှတ်(၁-၂)တို့ကို လက်ကိုင်ထားလျှင်ကား သီရိဓမ္မာသောကမင်းကြီး၊ ကျောင်းအမကြီး ဝိသာခါနှင့် မပဋ္ဌာတို့လည်း ဂုဏ်ရှေရာ ဖြစ်နေမည်။ ဒေါက်ကောင်းလည်း ခါးနာချင်မှ နာပေမည်။ သပြေကျောင်းဆရာတော်လည်း "ဆိုင်းဆလံ" ဘွဲ့နှင့် ဝေးကွာ၍ ဓမ္မဒေသနာကုသိုလ်ထူးများကို မကြာမကြာ ဆည်းပူးနိုင်ခြင်းဟူသော ပုညကြိယာဝတ္ထု မြတ်ကောင်းမှုကို ပြုနိုင်လိမ့်မည်ဟု ထင်မြင်မိပါတော့သည်။

ပြောချင်သည့် စကားလေး တင်ပြပါရစေဦး၊ စာရေးသူကား စာအုပ်ကြော်ငြာဝင်ခြင်း မဟုတ်ပါ။ စာအုပ်ရောင်းရခြင်း၊ မရောင်းရခြင်းသည် စာရေးသူနှင့် မည်သို့မျှ မသက်ဆိုင်ပါ။ သပြေကန် တရားပေါင်းချုပ် အတွဲ(၁-၂)တို့ကို ဖတ်ရှုမိသည့်အခါ ကြားဖူးသည့် စကားလေးက ရင်ထဲမှာ ရောက်လာ၍ မျှဝေခံစားခြင်းမျှသာ ဖြစ်ပါသည်။

ရန်ကင်းမောင်

ဘာဝနာထိုးပွါးများ
သေားဖသပ်ဖုံး

သပြေကန်သား

သပြေကန်ဆရာတော်

ယနေ့မျက်မှောက်ခေတ် ထေရဝါဒသာသနာဝယ် သီလ, သုတအရာတွင် စံထားရာဖြစ်သော သပြေကန် ဆရာတော်အား စာရေးသူ တစ်ကြိမ်တစ်ခါသာမက အကြိမ်ဆယ်ပေါင်းများစွာ ဖူးတွေ့ခဲ့ရဖူးပါသည်။ ဩဝါဒကိုလည်း နာယူခဲ့ရသည်။ နည်းနာနယကိုလည်း သဒ္ဓါတရားမွေးမြူ ဉာဏ်စွမ်းလေးရှိသမျှ ရယူခဲ့ပါသည်။ ဖူးတွေ့ရတိုင်းလည်း ကြည်နူးမှုက အပြည့်အဝ ဖြစ်ခဲ့ပါသည်။

သပြေကန်ဆရာတော်ကြီး စံလွန်တော်မူပြီးသည့် နောက်မှာတော့ ဆရာတော်ကြီး သီတင်းသုံး သာသနာပြုခဲ့ရာ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်သို့ အခါအားလျော်စွာသာ ရောက်ရသော်လည်း ဆရာတော်ရှိစဉ်ကလောက်တော့ အခေါက်မစိပ်တော့ပါ။ ပုံမှန်ရောက်သည်ကတော့ နှစ်စဉ် ဖေဖော်ဝါရီ(၁၂)ရက်တွင် ပြုလုပ်သော "ဆရာတော်ကြီးအား ဂုဏ်ရည်မှန်းဆပူဇော်ပွဲ"ပင် ဖြစ်ပါသည်။

ဂုဏာပူဇော နှစ်(၁၀၀)

သပြေကန်ဆရာတော်ကြီး ရည်မှန်းပြီး "သပြေကန်ထေရ ဂုဏာပူဇော နှစ်(၁၀၀)" စာစောင် ထုတ်ဝေမတဲ့ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားရသည်။ ရက်အတော်ကြာမှ ကြေးမုံသတင်းစာတွင် သတင်းတွေ့ရသည်။ ဝမ်းသာလိုက်သည့် ဖြစ်ခြင်း၊ ဟာ ထုတ်ထိုက်တာပေါ့၊ နှစ် ၁၀၀ တောင်ကျော်သွားပြီ၊ ဘာသာရေး ရှုထောင့်က ကြည့်ကြည့်၊ သာသနာရေးရှုထောင့်ကကြည့်ကြည့်, မြန်မာစာရှုထောင့်က ကြည့်ကြည့်, နိုင်ငံတော်ရှုထောင့်ကကြည့်ကြည့်၊ သည်စာအုပ် သည်စာစောင်မျိုးဟာ ထုတ်ကို ထုတ်သင့်တယ်၊ သာသနာတော်ကိုလည်း ပူဇော်ရာရောက်တယ်၊ ဆရာတော်ကြီးကိုလည်း ပူဇော်ရာရောက်တယ်၊ မြန်မာ့ဂုဏ်ကိုလည်း မြှင့်တင်ဖော်ကျူးရာ ရောက်တယ်၊ မြန်မာ့သာသနာကိုလည်း အခြား ထေရဝါဒ နိုင်ငံများက အထင်သေးလို့ မရနိုင်ဘူးပေါ့။ ဤသည်ကား စာရေးသူ၏ထင်မြင်ချက်ပါ။

သီလအရာမှာ စံထား

သပြေကန်ထေရ ဂုဏာပူဇာနှစ်(၁၀၀)အတွက် ရေးကြ,ပူဇော်ကြမည်ဆိုလျှင် ဆရာတော်ကြီး၏ ဂုဏ်ကား ဤမျှသာ ရှိသည်ဟု တိုင်းတာပိုင်းခြား ကန့်သတ်၍မရနိုင်ပါ။ ဆရာတော်ကြီးမှာ မိမိ၏ဘဝအတွက် သီလကို ခိုင်မာတောင့်တင်း ထုထည်ကြီးမား ကျောက်တိုင်ကြီး အလားထားပြီး အနည်းငယ်မျှ မယိမ်းမယိုင် ထိန်းသိမ်းနိုင်ခဲ့သည်။ မိမိ၏ ကိုယ်ခန္ဓာကား သီလပါရမီအတွက်သာ

ဖြစ်ရမည်ဟု ဆုံးဖြတ်ချက်ထားပြီး၊ သီလကို တန်ဖိုးအကြီးမားဆုံးအရာထားကာ မည်သည့်အရာနှင့်မျှ မလဲခဲ့၊ ဂုဏ်နှင့်လည်း မလဲခဲ့၊ ပစ္စည်းဖြင့်လည်း မလဲခဲ့၊ သူတစ်ပါး အားနာမှုဖြင့်လည်း မလဲခဲ့၊ အသက်ဖြင့်ပင် မလဲခဲ့ပါ။ ဤအကြောင်းကြောင့်ပင် သပြေကန်ဆရာတော်ကြီးအား သီလအရာမှာ စံထားရသည့် ဆရာတော်ဟု သီလလိုလား ရဟန်းရှင်လူများက သတ်မှတ်ခြင်း ဖြစ်မှာပါ။

သုတအရာ

သုတအရာမှာ ပြောလျှင်လည်း ပြောပြ၍ မကုန်နိုင်ပါ။ သပြေကန် ပရိတ်ကြီး နိဿယသစ် စာတစ်အုပ်ကိုပင် အဘိဓဇမဟာရဋ္ဌဂုရု, စာတတ်အကျော်, နဝမရွှေကျင် သာသနာပိုင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးက ''ဒို့ကတော့ သည်စာအုပ်ကို **'ပိဋကတ်စွယ်စုံကျမ်း'** လို့ အမည်ပေးလိုက်ချင်တယ်''ဟု မိန့်ကြားချက်ဖြင့်ပင် သုတအရာမှာ စံထားရာဖြစ်သည်မှာ သေချာနေပြီ မဟုတ်ပါလား။ သပြေကန်ပရိတ်ကြီး နိဿယသစ်ကိုပင် ဤလို စာအုပ်မျိုး မပေါ်ပေါက်ခဲ့သေးဘူး၊ နောင်လည်း ပေါ်ပေါက်နိုင်မည် မဟုတ်ဟု ပညာရှင်ကြီးများ၏ သုံးသပ်ချက်သည်လည်းကောင်း၊ ဘာသာဋီကာကျမ်းပေါင်းများစွာ ပြုစုရေးသားခဲ့သော အမရပူရ မဟာဂန္ဓာရုံ ဆရာတော်အရှင် ဓနကာဘိဝံသ က ''ဒို့က လူပြိန်းနားလည်အောင်သာ ရေးနိုင်တာပါ၊ သပြေကန် ဆရာတော်ကတော့ ပညာရှင်များ ငေးရအောင် ရေးပြနိုင်တဲ့ ဆရာတော်ပါ''ဟူသော သုံးသပ်ပြောကြားသော စကားသည်လည်းကောင်း၊ ''ဆဋ္ဌသံဂါယနာတင်စဉ်က အခက်အခဲ တစ်စုံတစ်ရာ ကြုံတိုင်း သပြေကန်ဆရာတော်နှင့် နီးနှောလိုက်ရလျှင် အခက်အခဲမှန်သမျှ ပြက်ပျယ်သွားရတာပဲ'' ဟူသော မဟာစည် ဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်သည်လည်းကောင်း ယနေ့ ဘာသာရေး လိုက်စားသူ ပညာရှင်လောကမှာ သပြေကန်ပရိတ်ကြီး နိဿယသစ်ကို လက်လွတ်မထားနိုင်ခြင်းကလည်းကောင်း သုတအရာမှာ စံထားရသည်၏ အဖြစ်ကို ထောက်ခံလျက် ရှိပေသည်။ သပြေကန်ဆရာတော်ကား ပရိတ်ကြီးနိဿယသစ်သာ မဟုတ်သေး၊ ပညာရှင်များ အားထားလေးစားရသော အခြားကျမ်းစာအုပ်များကိုလည်း ရေးသားခဲ့ပါသေးသည်။

သုတအရာမှာ စံထားရသည့် အခြားအကြောင်းအရာများ အဆိုအမိန့်များ၊ ဝိနိစ္ဆယများ စသည်တို့ကို ရေးမည်ဆိုလျှင် ကုန်ဆုံးနိုင်ဖွယ် မရှိပါ။ ဤသပြေကန်ဆေရဂုဏ်ပူဇော နှစ်(၁၀၀)စာစောင်မှာ ပညာရှင်ကြီးများ လက်လှမ်းမီသမျှ အတွေးအမြင်များဖြင့် ထုတ်ဖော်ကြလိမ့်မည်ဟု စောင့်စားရပါတော့သည်။

ဆင်ဦးခေါင်း ခွေး, မနိုင်

ဤစာရေးသူ အနေဖြင့်ကား ဆရာတော်ကြီးထံ မကြာခဏ ဆည်းကပ်ခွင့်ကြုံရ၊ ဆရာတော်ကြီးဝန်းကျင် ဆရာတော်ကြီးနှင့် နီးစပ်ရာများမှ ဆရာတော်ကြီး ဂုဏ်ကျေးဇူးကို ပြောသံဆိုသံ ချီးမွမ်းသံတို့ကို ကြားရပါ၏။ ထိုသို့ ကြားရပါသော်လည်း မူလ ပင်ကိုယ်ဉာဏ်၏ အားသေးမှုကြောင့် ဆရာတော်ကြီး၏ ဂုဏ်ကို အကုန်အစင် မသိပါ။ ဆရာတော်ကြီးဂုဏ်နှင့်စာလျှင် အနည်းငယ်မျှ ပရမာဏုမြူမျှလောက်သာ သိသည်ဟု ဆိုရပါမည်။

ယခု သပြေကန်ထေရ ဂုဏ်ပူဇော နှစ်(၁၀၀)မှာ သာသနာတော်အတွက် ဆရာတော်ကြီးအား ထိုက်ထိုက်တန်တန် ဂုဏ်ဖော်ပူဇော်ချင်ပါသော်လည်း စာရေးသူ၏ ဉာဏ်အားက သဒ္ဓါနှင့် ဆန္ဒကို အမှီမလိုက်နိုင်၊ မလိုက်နိုင်၍ မစွမ်းနိုင်၊ ထုထည်ကြီးမားလှသည့် ဆရာတော်ကြီးဂုဏ်ကို ပေါ်လွင်အောင် မဆောင်ရွက်နိုင်၊ စာရေးသူ၏ ဉာဏ်လေးက သေး၍ ဆရာတော်ကြီး၏ ဂုဏ်က ထုထည်ကြီးမား၍ကား၊ ဆင်ဦးခေါင်း ခွေး,မနိုင်သလို ဟူသော စကားကို ရှေးလူကြီးသူမများက စာရေးသူအတွက်များထားခဲ့လေသလားဟု အောက်မေ့မိ, အားငယ်မိပါ၏။

နှမ်းကလေး တစ်စေ့

လူတို့ စားသုံးမှုအတွက် ဆီကြိတ်ရာတွင် နှဖတ်သော နှမ်းကလေးတစ်စေ့ဖြင့် ဆီ မဖြစ်နိုင်သော်လည်း ရင့်သော နှမ်းစေ့များစွာဖြင့် ပေါင်းစပ်၍ ကြိတ်လိုက်သော

ပေးလေ့ရှိသည့် ဩဝါဒတစ်ခု

သပြေကန်ဆရာတော်ကား အရာရာမှာ ယောနိသော မနသိကာရထား တရားလိုလားသူဖြစ်ရာ သူတစ်ပါးကို ဩဝါဒပေး ဆုံးမမည်ဆိုလျှင် မိမိကိုယ်တိုင် ပြည့်စုံကျင့်သုံးပြီးမှ ဩဝါဒပေးလေ့ရှိပါ၏။ ပျိုမျစ်နုနယ်စဉ်မှ စပြီး သက်ရွယ်တော် ကြီးရင့်သည်အထိ ကိုယ်တော်တိုင် ကျင့်၍ အခါအားလျော်စွာ တပည့်ဒကာ, ဒကာမများအား ဩဝါဒပေးလေ့ရှိသည်မှာ ဗုဒ္ဓါနုဿတိဘာဝနာနှင့် မေတ္တာဘာဝနာကို အောက်မေ့ ပွားများစေရန် အမြဲမပြတ် ဩဝါဒပေးလေ့ရှိရုံမျှသာ မကဘဲ ဗုဒ္ဓါနုဿတိနှင့် မေတ္တာဘာဝနာများမှာ စတုရာရက္ခတရား လေးပါးတွင် ပါဝင်၍ လက်ရှိဘဝတွင်ပင် အန္တရာယ်ကင်းခြင်း စသော အကျိုးရရှိကြောင်း ကိုယ်စောင့်တရားဟုပင် ခေါ်ဆိုထိုက်ကြောင်းကို မိန့်ကြားလေ့ ရှိပါသည်။ ထို မိန့်ကြားပုံလေးကို အကျဉ်းမျှ ထုတ်ပြပါမည်။

ဘာဝေဟိ ဗုဒ္ဓါနုဿတိ၊
ဘာဝနာနု မနုတ္တရံ။
ဣမံ သတိ ဘာဝယိတ္ဝာ၊
ပူရယိဿသိ မာနသံ။

(အပါဒါန)

ဘာဝနာတို့တွင် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပါ၊ ဤဗုဒ္ဓါနုဿတိဘာဝနာကို ပွားများခြင်းကြောင့် စိတ်နှလုံး အလိုပြည့်ပါလိမ့်မည်။

ယဿတ္ထိ သသတံ မေတ္တာ
သဗ္ဗလောက သုဝလ္လဘာ၊
ကူပယတေ သမုဒ္ဒေါပိ
အဂ္ဂိ တဿ ဇလာယတေ။
သက္ခရာယတိ မေရုပိ
ဝိသဘက္ခော သုဓာယတေ၊
သသာယတေ မိဂရာဇာ
ဗျာလော မာလာဂုဏာယတေ၊
ဒေါလာယတေ ဆမာစာလော
နာနာဝုဓာ တိဏာယရေ။

(နိဒိမဇ္ဈရီ)

အခါ ဆီထွက်လာရက္ခဲသို့ပင် ရဟန်းရှင်လူ အများပြည်သူတို့ မမှရသ, သုတရသတို့ ခံစားနိုင်ရေးအတွက် ပညာရှင် အများ စုပေါင်း၍ အဆီအနှစ်ထုတ်ရာဝယ် စာရေးသူ၏ သဒ္ဓါဆန္ဒတို့ကြောင့် ဖြစ်ပေါ်လာသော နုဖတ်သော နှမ်းစေ့အလား နုဖတ်ဉာဏ်လေးဖြင့် တစ်တပ်တစ်အား ပါဝင်ပူဇော်ချင်၍ ကလောင်ကို ဆွဲ၍ အားခဲလိုက်ရပါတော့မည်။

နူတ် မှတ်တမ်းလေး

ကလောင်ဆွဲ အားခဲလိုက်တော့ သပြေကန်ရွာဝန်းကျင်မှ လူကြီးသူမများ နူတ်ဖြင့် အဆင့်ဆင့် မှတ်တမ်းတင်ခဲ့သော ဖြစ်စဉ်နှင့် ဆရာတော်ကြီးဂုဏ်အင်ကို ပထမဆုံး သတိရလာသည်။ ဤနူတ်မှတ်တမ်းလေးက သပြေကန်ရွာသူ ရွာသားများနှင့် သပြေကန်နှင့် ဆက်နွယ်သူ မှန်သမျှ မေ့ပျောက်၍ မရသလို၊ ပြည်သူအများကို တင်ပြနိုင်လျှင်လည်း ကြည်ညိုဖွယ်ရာ အားကျအတုယူစရာ ကျင့်သုံးစရာနှင့် ဓမ္မစွမ်းအား တစ်နည်းပြောရလျှင် မေတ္တာတရားကျင့်သုံးသူမှာ ဘယ်သောအခါမှ အချည်းအနှီး မဖြစ်ခြင်းကို ကွက်ကွက်ကွင်းကွင်း ထင်သာမြင်သာ တွေ့ရမည်ဖြစ်၍ များစွာ အကျိုးရှိမည်ဟု မြင်မြော်မိပါသည်။ သို့ဖြစ်၍ လူကြီးသူမများ နူတ်ဖြင့် မှတ်တမ်းတင်ခဲ့သည့် အချက်များထဲမှ အနည်းငယ်မျှကို အားခဲ ဂုဏ်ပြုရေးသား ပူဇော်မှုပြုလိုက်ရပါသည်။

ဆုံးမ ရ အခက်ဆုံးသူ

ရေးသားမည်ကြံတော့ "သူများကို ဘယ်လို ဆိုဆုံးမ၊ အဲသည်လို မိမိကို ဆုံးမ၊ ဆုံးမစရာ ကိုယ်သာ အလွယ်ဆုံးပါ၊ ဆုံးမခက် ကိုယ့်ထက်မရှိရာ" ဟူသည့် ကဗျာလေးက ဝင်လာပြန်သည်။ ယောနိသော မနသိကာရထား တရားလိုလားသူမှာ မိမိကိုယ်ဟာ ဆုံးမ,ရ အလွယ်ကူဆုံး ဖြစ်ပေမယ့်၊ အယောနိသော မနသိကာရထား တရားမလိုလားသူမှာ မိမိကိုယ်ဟာ ဆုံးမ,ရ အခက်ဆုံးသူသာ ဖြစ်ပါတော့သည်။

မေတ္တာ အမြဲထား သူမှာ
လူအားလုံးနှင့် အကျွမ်းဝင်သည်။
သမုဒ္ဒရာသည်လည်း ရေတွင်းငယ်ဖြစ်ရ၏။
မီးသည်လည်း ရေဖြစ်ရ၏။
မြင့်မိုရ်တောင်သည်လည်း ကျောက်စရစ်ခဲ ဖြစ်ရ၏၊
အဆိပ်ဖြစ်သော အစာသည် နတ်သုဒ္ဓါဖြစ်ရ၏။
ခြင်္သေ့မင်းသည်ပင် ယုန်ကလေးဖြစ်ရ၏။
ကြမ်းတမ်းသော မြွေနဂါးသည် ပန်းကုံးဖြစ်ရ၏။
မြေတုန်လှုပ်ခြင်းကား ပုခက်ယာဉ်သဖွယ်ဖြစ်၏။
အထူးထူးသော လက်နက်သည် မြက်ပင်လေး ဖြစ်ရ၏။

အကျိုးခံစားမှု

ဤသို့ စသည်ဖြင့် သပြေကန်ဆရာတော်သည် ဩဝါဒနာယူသူတို့ နားလည်သဘောပေါက် လိုက်နာချင်အောင် အကျဉ်းနည်းဖြင့်ဖြစ်စေ၊ အကျယ်နည်းဖြင့်ဖြစ်စေ၊ မကျဉ်းမကျယ်နည်းဖြင့်ဖြစ်စေ၊ ပုဂ္ဂိုလ်နှင့် အချိန်ကာလ အလိုက် မိန့်ကြားလေ့ရှိပါ၏။ သူများကို ဆုံးမသလို ကိုယ်တော်တိုင်ကလည်း သီလလုံခြုံအောင် စောင့်ထိန်း၍ ငယ်ရွယ်နုနယ်စဉ်ကပင် ဘာဝနာတရား အမြဲပွားများသည်။ အထူးသဖြင့် ဗုဒ္ဓါနုဿတိ ဘာဝနာနှင့် မေတ္တာဘာဝနာကို စိတ်မှာအမြဲ ထုံထားသည်သာဖြစ်ပါ၏။

ထိုသို့ ဗုဒ္ဓါနုဿတိဘာဝနာနှင့် မေတ္တာဘာဝနာကို အမြဲထုံထားခြင်းကြောင့် ထိတ်လန့်မှုနှင့် ဘေးရန်တို့မှ လွတ်ကင်းခဲ့သည်ကို သပြေကန်ဆရာတော်ကြီး ကိုယ်တော်တိုင် မိန့်ကြားချက်ဖြင့်လည်းကောင်း၊ သပြေကန်ရွာ လူကြီးသူမများ၏ လက်ဆင့်ကမ်း နှုတ်မှတ်တမ်းဖြင့်လည်း အနည်းငယ် ထုတ်ဖော်ပြချင်ပါသည်။

ထိတ်လန့်မှု လွတ်ကင်း

သပြေကန် မဟာဓမ္မိကာရာမကျောင်းတိုက်နှင့် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် သုံးထပ်ကျောင်းတို့သည် ရှေးယခင် ကျောင်းတိုက်တည်စက စပြီး နှစ်တိုက်တစ်တိုက်အဖြစ် ဆက်ဆံနေထိုင်ခဲ့ကြသည်။ ထို့ကြောင့် သပြေကန် မဟာဓမ္မိကာရာမကျောင်းတိုက်၌ သာသနာရေးရာ ကိစ္စရှိလျှင် ကျောင်းတော်ရာ ရွှေကျင်တိုက် သုံးထပ်ကျောင်းကို အမြဲပင့်သည်၊ သပြေကန် မဟာဓမ္မိကာရာမကျောင်းတိုက်မှ သံဃာတော်များ ရန်ကုန်ကြွလျှင်လည်း ကျောင်းတော်ရာ ရွှေကျင်တိုက် သုံးထပ်ကျောင်းမှာ တည်းခိုလေ့ရှိသည်။ တစ်ချိန်တွင် အရှင်ဝါသေဋ္ဌာဘိဝံသများ ရန်ကုန်ရှိ ဆိုင်ရာ ဒကာဒကာမများက ရှင်ပြု စသော အလှူများ ပင့်ထားသည်။ ထို့ကြောင့် အရှင်ဝါသေဋ္ဌာဘိဝံသသည် ရန်ကုန်သို့ ကြွသွားပြီး ကျောင်းတော်ရာ ရွှေကျင်တိုက် သုံးထပ်ကျောင်းမှာ တည်းခိုနေသည်။ ပင့်ထားသော အလှူများက ရှိနေသေး၍ မပြန်ရသေး၊ တစ်နေရာတွင် ရန်ကုန်အင်းစိန် ဗြူးကုန်းတောရကျောင်းတိုက်မှ ဆရာတော်နှင့်တွေ့၍ အရှင်ဝါသေဋ္ဌာဘိဝံအား ဧည့်ခံကုသိုလ်ယူချင်၍ ဆိုကာ ဇွတ်အတင်း ပင့်တော့သည်။ အရှင်ဝါသေဋ္ဌာဘိဝံသသည်လည်း ရက်အားသေးသည်ဟူ၍ (၂-၃)ည အိပ်ရန် လိုက်သွား၏။ ထိုလိုက်သွားသော ညမှာပင် ကျောင်းတော်ရာ သုံးထပ်ကျောင်းတွင် ကျောင်းမီးလောင်ခံရသည်။ အကယ်၍သာ ထိုည အရှင်ဝါသေဋ္ဌာဘိဝံသ ရှိသေးလျှင် အနည်းဆုံး ထိတ်လန့်မှုတော့ ကြုံရမည်ဖြစ်၏။ မေတ္တာစွမ်းအင်ကြောင့်များ နတ်တို့က စေ့ဆော်၍ ထိတ်လန့်မှုမှ လွတ်ကင်းရလေသလားဟု နီးစပ်ရာများနှင့် အရှင်ဝါသေဋ္ဌာဘိဝံသတို့က သုံးသပ်ကြသည်။

ပရိတ်နှင့်မေတ္တာဘာဝနာ

၁၃၀၈-ခုနှစ် ဝန်းကျင်က ပင်လယ်ဝမှ ခွဲထွက်လာသော ပဲခူးချောင်း၊ ပဲခူးချောင်းမှ ခွဲထွက်လာသော ခရမ်းချောင်း၊ ဤခရမ်းချောင်းသည်ကား သပြေကန်ရွာ၊ အနီးတစ်ဝိုက်တွင် အကြီးအကျယ် ရေတိုက်စား ကမ်းပြို၏၊ တစ်ခါ တစ်ခါ ပြိုလျှင်ကား ဆယ်ပေခန့် ဆယ်တစ်ပေခန့် အရှိန်အဟုန်နှင့် ပြို၏။ လယ်မြေတွေလည်း များစွာဆုံးရှုံးကြသည်။ ကမ်းပြိုသည့် အရှိန်အဟုန်က အားမာန်ကောင်းနေဆဲ၊ ရွာသူရွာသားအားလုံးမှာ ရှေးယခင်ကလည်း ကျောင်းတိုက်ရော ရွာပါ ကမ်းပြိုခြင်းနှင့် ကြုံခဲ့ဖူး၍ စိုးရိမ်ထိတ်

လန့်နေကြပြီ။ ကမ်းပြိုခြင်းက အရှင်ဝါသေဋ္ဌာဘိဝံသတို့ သီတင်းသုံးရာ မဟာဓမ္မိကာရာမကျောင်းတိုက်နှင့် အလွန်ပင် နီးကပ်နေပြီ၊ ကျောင်းအဆောက်အဦသာ ကမ်းပြိုသည့် အထဲ မပါသေးသော်လည်း ကျောင်းတိုက်တွင်းရှိ အများ အသုံးပြုနေသော ရေကန်မှာ တစ်ဝက်နီးပါး ကမ်းပြိုရာ၌ ပါသွားပေပြီ၊ အထူးသဖြင့် အရှင်ဝါသေဋ္ဌာဘိဝံသ နေထိုင် သီတင်းသုံးရာ ရတနာဗိမာန်ကျောင်းနှင့်ကား ပေနှစ်ဆယ် သာသာမျှသာ ရှိတော့သည်ဆို၏။ ထို့ကြောင့် ဒကာ ဒကာမ များက ဆရာတော်ကိုလည်း အခြားကျောင်းမှာ ရွှေ့နေရန်နှင့် ကျောင်းကိုလည်း ဖြိုဖျက်ရန် လျှောက်ထားကြတော့၏။ ဆရာတော်က စောင့်ပါဦးလေဟု အမိန့်ရှိပြီး ရွှေ့ပြောင်း၍ မနေ၊ ညနေပိုင်း နေအေးချိန်နှင့် ညဦအချိန်များတွင် ကျန်ရှိ နေသည့် ပေနှစ်ဆယ်မျှသော နေရာသို့သွားပြီး ပရိတ်ရွတ် သည်၊ မေတ္တာဘာဝနာပွားသည်၊ တစ်ရက်သာ မဟုတ်၊ ရက်ပေါင်းများစွာ ထိုအချိန်မှစပြီး ကမ်းပြိုခြင်း ရပ်စဲပြီး မြေများပို့လာရာ ကမ်းသည်ကား ကျောင်းတိုက်နှင့် လေးဖာလုံခန့် ဝေးကွာသွားတော့သည်။ ကမ်းပြိုရပ်စဲခြင်း ကား အခြားအကြောင်းများ ပါကောင်းပါမည် ဖြစ်သော်လည်း ရွာသူရွာသားများကတော့ ဆရာတော်၏ ပရိတ်နှင့် ဗုဒ္ဓါနုဿတိ, မေတ္တာဘာဝနာတို့ကား အားကြီးသော အကြောင်းတစ်ရပ်ဟု သုံးသပ်ယုံကြည်ကြပါသည်။

အခြားအကြောင်းအရာတစ်ခု တင်ပြပါဦးမည်။ မြန်မာနိုင်ငံကား လွတ်လပ်ရေးနှင့် ပြည်တွင်းသောင်းကျန်း မှုကား ပူးတွဲပါလာရာ သပြေကန်ရွာ နယ်တစ်ဝိုက်မှာလည်း မလွတ်ကင်း ၁၃၁၈-ခုနှစ် ဝန်းကျင်မှာ အရှိန်အဟုန် လျှော့နည်းသွားသော်လည်း လုံးဝလွတ်ကင်းခြင်းသို့ မရောက် သေးပေ။ တစ်ခုသော နံနက်ပိုင်းတွင် အရှင်ဝါသေဋ္ဌာဘိဝံသ သည် မိမိသီတင်းသုံးရာ ရတနာဗိမာန်ကျောင်းအပေါ်ထပ် လေသာပြတင်း အနီးတွင် တစ်ပါးတည်း စာကြည့်နေ၏။ ထိုအချိန်တွင် အစိုးရတပ်မှ ဗိုလ်စံကွန်း ဦးစီးသော တပ်စိပ် တစ်စိပ် နှင့် သောင်းစိန် ဦးစီးသော သောင်းကျန်းသူရဲဘော် ဖြူတပ်တို့ တိုက်ပွဲဖြစ်ကြ၏။ အစိုးရတပ်မှ ဗိုလ်စံကွန်း ဦးစီးသောအဖွဲ့က သပြေကန်ရွာနှင့် လေးဖာလုံမျှဝေးသော ခရမ်းချောင်းအတွင်း သဘော်ပေါ်မှ လက်နက်များဖြင့် ဒလစပ်ပစ်၏။ သောင်းစိန်ဦးစီးသော ရဲဘော်ဖြူအဖွဲ့က သပြေကန်ဖက်မှနေ၍ ပစ်၏။ အရှင်ဝါသေဋ္ဌာဘိဝံသတို့ သီတင်းသုံးသော ကျောင်းတိုက်သည်ကား ထိုအကြား၌ ဖြစ်နေ၏။ ထို့ကြောင့် ကျည်ဆံသံများက တရှီရှီကြားနေ ရရုံမျှမက ကျောင်းဝင်းအတွင်းမှ သစ်ကိုင်းကြိုးသံ ငှက်တွေ အော်သံတွေကလည်း ဆူညံလို့ပင်၊ အရှင်ဝါသေဋ္ဌာဘိဝံသ သည် မိမိ စာကြည့်နေရာ အပေါ်ထပ်မှ ဆင်းလာ၍ အောက်ထပ်တွင် နေပြန်၏။ အောက်ထပ်ရောက်လျှင် ရောက်ချင်း အပေါ်ထပ်မှ ဒိုင်းဟု ပြင်းထန်သော အသံနှင့် ဝိုင်းဒိုင်းဝွမ်း အသံတို့က တစ်ဆက်တည်း ကြားလိုက်ရ၏။ တစ်ဖန် ထိုနေရာမှ အပြင်ထွက်ကာ အဖော်များရှိရာ ပေသုံး ဆယ်မျှဝေးသော ဆွမ်းစားကျောင်းသို့ လာရန် ဟန်ပြင်၏။ ကျည်ဆံသံများက တရှီရှီကြားနေရဆဲဖြစ်၍ ဆွမ်းစား ကျောင်းမှ သီတင်းသုံးဖော်များက "မလာနဲ့ မလာနဲ့ ဝပ်နေ ဝပ်နေ"ဟု အော်ဟစ်တားမြစ်ကြ၏။ သို့သော် အရှင်ဝါသေဋ္ဌ မှာ အပြေးအလွှားကြီး မဟုတ်ဘဲ ခပ်သွက်သွက်လာခဲ့၏။ "မဆင်မခြင်လာတာကိုး၊ မှန်များမှန်လိုက်ရရင် မသက်သာ ဘူး၊ အသဲယားစရာကြီး"ဟု အပြစ်တင်ကြ၏။ တိုက်ပွဲ ပြီးစီးအေးဆေးသွား၍ ကြည့်လိုက်သောအခါ ပထမ စာကြည့်နေသော ပြတင်းပေါက် တံခါးရွက်မှာ ကျည်ဆံ မှန်၍ အပိုင်းအစများမှာ ကျောင်းပေါ်တွင် ဗလပွာကျဲနေ သည်။ ကျောင်းအောက်ထပ်မှာလည်း ထိုနည်းအတူပင်၊ စောစောပိုင်းက အပြစ်တင်သော သူများမှာလည်း အပြစ် မတင်တော့ဘဲ အံ့သြကြရသည်။ အများ၏ အမြင်မှာ ဆရာတော်၏ မေတ္တာစွမ်းအားကြောင့်ပင် ယခုလို ဘေးရန်မှ လွတ်ကင်းသည်ဟုပင်။

ထူးခြားသည့်ဖြစ်စဉ်

သပြေကန်ဆရာတော်နှင့်စပ်၍ ထူးခြားသည့် ဖြစ်စဉ်တစ်ခု ၁၃၃၄-ခုနှစ်ဆီက ကြုံရပြန်သေးသည်။ သပြေကန်ရွာနှင့် ပုဂံတောင်ရွာကား နှစ်မိုင်ဝန်းကျင်မျှသာ ဝေး၏။ ဘာသာရေး သာသနာရေး နှစ်ရွာတစ်ရွာ အမြဲတမ်း

ဆက်ဆံနေ၏။ ပထမသပြေကန်ဆရာတော်ကြီး လက်ထက်က ဆိုလျှင် ပုဂံတောင်ရွာသို့ နေ့စဉ် ဆွမ်းခံကြွရ၏။ ပုဂံတောင်ရွာသည် သပြေကန်ဆရာတော်တို့ သီတင်းသုံးရာ မဟာဓမ္မိကာရာမကျောင်းတိုက်ကြီး၏ ဂေါစရဂါမ်ဖြစ်၏။

တစ်နေ့တွင် ပုဂံတောင်ရွာ အရှေ့ပိုင်းတွင် သဒ္ဓါတရားကောင်းသောသူတစ်ဦး သားရှင်ပြုအလှူတော်ကြီး လုပ်ရန် သပြေကန် အရှင်ဝါသေဋ္ဌာဘိဝံသအား လေးစားအားထားသောအားဖြင့် ရက်များစွာ ကြိုတင်၍ တရားဟောပင့်ထား၏။ ထိုသူ ပင့်ပြီး မကြာမီ ဆရာတော်မှာ ခြေသလုံးတွင် မွေးကျွတ်နာ ပေါက်လေတော့သည်။ အလှူပွဲနီးသော်လည်း အနာက မပျောက်သေး၊ ပို၍ပင် ရင်းနေတော့သည်၊ ထိုအလှူပွဲကို ဆရာတော်က မလိုက်လိုသော်လည်း အလှူရှင်ကိုလည်း အားနာ အများကလည်း အားထားနေသောကြောင့် နှစ်မိုင်ဝန်းကျင် ဝေးသော ပုဂံတောင်ရွာသို့ ခြေလျင်ခရီးဖြင့်ပင် ကြွသွားခဲ့ရသည်။ ခြေသလုံးက အနာနှင့် ကုန်းကြောင်း လျှောက်ခဲ့ရရာ အနာမှာ သွေးကျ၍ ရောင်အမ်းမို့ဖောင်းလာတော့သည်။ ထို့ကြောင့် အပြန်ခရီးကို ဆရာတော် တပည့် ကုလားလူမျိုး တစ်ယောက်က "နွားလှည်းဖြင့် ကုသိုလ်ယူ ပို့ဆောင်ပါရစေ" ဟု တောင်းခံ၍ အလှူရှင်လည်း စိတ်ချမ်းသာစေရန် မိမိအနာလည်း ပိုမို မဆိုးဝါးစေရန် သီတင်းသုံးရာ သပြေကန် မဟာဓမ္မိကာရာမကျောင်းတိုက်သို့ နွားလှည်းဖြင့် ပြန်အလာ လှည်းလမ်းက ကျောက်တုံးကြီးတွေ ချောက်တွေဖြင့် အလွန်ဆိုးဝါးရာ ဆရာတော်မှာ မင်္ဂလာန်းရွာအနီး ချောက်တစ်ခုအလွန်လေးမှာပင် တင်ပလ္လင်ခွေလျက်သား လှည်းပေါ်မှ ကျသွားတော့သည်။

အံ့သြဖွယ် ကောင်းသည်မှာ ကြောက်တတ်လန့်တတ် ကျွတ်လှ ဆတ်လှသည့် နွားနှစ်ကောင်သည် ဆရာတော်လှည်းပေါ်မှ ကျလျှင်ကျချင်း တုန့်ကနဲ ရပ်သွား၏၊ လှည်းမောင်းသူမှာ ကဗျာကယာ လှည်းပေါ်မှ ဆင်း၍ ဆရာတော်ကို ကြည့်လိုက်တော့ လှည်းဘီးနှင့် နွား၏နောက်ခြေထောက်အကြား တင်ပလ္လင်ခွေလျက်လေး ဆရာတော်မှာ မအော်မပြော မေ့သလိုလို ရှိနေ၏၊ ခေါ်တော့လည်း မထူး၊ အကယ်၍သာ နွားများက ရှေ့ဆက်သွားလျှင် လှည်းဘီးနှင့် လည်ပင်း ကျိတ်မိနှိုင်၍ လန့်ကြောက်၍ နွားကန်လျှင်လည်း မျက်နှာနှင့် ရင်ပတ်တို့မှာ ရစရာ မရှိနိုင်ပေ။ အခုတော့ နွားနှစ်ကောင်က ကျောက်ရပ်အလား ငြိမ်လျက်သား ကောင်းလှ၏။

လှည်းမောင်းသူမှာ မင်္ဂလာန်းရွာထဲသို့ အော်ခေါ်အကူအညီတောင်း၍ ရွာထဲမှ လူများ ရောက်လာကြကာ ထမ်းပိုးတုံးကို ထိန်းကာ နွားကို ဖြုတ်၍ တင်ပလ္လင်ခွေလျက်သား ဆရာတော်ကို ပွေ့ထုတ်ကြ၏။ ဆရာတော်မှာ လှည်းပေါ်မှ ကျခြင်းကြောင့် ပွန်းခြင်း ပဲ့ခြင်း ခါးနာခြင်း ဒူးနာခြင်း စသည် ဘာမှ မဖြစ်၊ ပကတိအတိုင်းသာ။ အကူ အညီ ပေးသူများနှင့် လာရောက် သတင်းမေးသူများမှ အံ့ဩ ကြရ၏။ အမျိုးမျိုး ထင်မြင်ချက်ပေးကြသည်။ ဗုဒ္ဓါနုဿတိ ဘာဝနာကြောင့် မေတ္တာဘာဝနာအစွမ်းကြောင့် သူတော် ကောင်းမို့ နတ်ကောင်းတွေက ကယ်မခြင်းကြောင့် စသည် စသည်ဖြင့် အမျိုးမျိုး ထင်မြင်ချက် ပေးကြသည်။ ဆရာ တော်ကတော့ အဆင်သင့် သွားတယ်လေဟုသာ မိန့်ကြား ပါသည်။

ဆရာတော်လို ဖြစ်ရပ်မျိုးကား မကြုံဖူးအောင် ဆန်းပြားလှ၏။ ငါးရာ့ငါးဆယ်ဇာတ်ထဲမှာရော ယခုလောက မျက်မှောက်မှာရော အချို့ ကလေးများ နွားအုပ်ကြီး အတွင်း၌ လဲကျရာ နွားမကြီးတစ်ကောင်က ကလေးကို ခွထားပြီး အခြားနွားတွေ ကုန်မှ ဆက်သွားတာ ကြားဖူးပါ၏။ သပြေကန်ဖြစ်ရပ်နှင့်ကား မတူပါ။ စာရေးသူ အထင်အမြင်ဖြင့် ပြောရလျှင် သပြေကန်ဆရာတော်မှာ ကြာမြင့်စွာက ထုံထား မပြတ်ပွားများထားခဲ့သော ဘာဝနာစွမ်းအင်ကြောင့်သာ ဖြစ်မည်ဟု ထင်ကြောင်း တင်ပြရင်း ဤဆောင်းပါးဖြင့် "သပြေကန်ထေရ ဂုဏ်ပူဇော နှစ်(၁၀၀)မှာ ပါဝင်ပူဇော်လျက် သတ္တလောကသားတို့ ဘာဝနာစွမ်းအားကို ခံစားနိုင်ကြပါစေဟု တောင်းဆုပြုလိုက်ရပါသတည်း။

သပြေကန်သား

ဝိနည်းတည်မှ	သာသနာတည်မည်။
ဝိနည်းထိန်းမှ	သာသနာကိန်းမည်။
ဝိနည်းကျင့်မှ	သာသနာမြင့်မည်။
ဝိနည်းရှိမှ	သာသနာရှိမည်။
သာသနာအသက်သည်	ဝိနည်း။
ဝိနည်းအသက်သည်	သာသနာ။



ကျွန်ုပ်၏ မပီပြင်သည့် ပူဇော်မှု

မောင်ကျင်ဝက်

ဤသည့် ဩဝါဒလေးကို ကျွန်ုပ် ကြားဖူးသည်မှာ ကြာပါပြီ။ မည့်သည့် ဆရာတော်၏ ဩဝါဒ ဟူ၍ကား မမှတ်မိ။ ဝိနည်းထိန်းသိမ်းရာ၌ အစဉ် အလာကြီးမားသည် ဟူသော "သပြေကန်ပရိတ်ကြီး ဆရာတော်ကြီး" အား ဤသည့် ဩဝါဒလေးကပင် အကျွန်ုပ်ကို လှိုက်လှိုက်လဲလဲ ကြည်ညိုစေခဲ့ပါသည်။

အကျွန်ုပ်၏ နေအိမ်ကား ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်နှင့် မနီးမဝေး မဟာသုခလမ်းတွင်ဖြစ်၍ ကျောင်းတိုက်၏ ဂေါပကအဖွဲ့တွင် ပါဝင်ကာ ကျောင်းတိုက်၏ ဝေယျာဝစ္စကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း သုံးဆယ်ကျော် လေးဆယ်နီးပါး ရှိခဲ့ပါပြီ။ ယခုအချိန်တွင် အဖွဲ့ဝင်အများ၏ တာဝန်ပေးမှုဖြင့် သာသနပါလက ခေါ် ဂေါပကအဖွဲ့၌ အတွင်းရေးမှူး တာဝန်ကို ယူနေရပါသည်။ အကျွန်ုပ် စတင်ဆောင်ရွက်စဉ်က ကျောင်းတိုက် ပဓာနနာယက ဆရာတော်မှာ အရှင်ကောသလ္လ(B.A; London B.A) ဖြစ်ပါသည်။ အရှင်ကောသလ္လ ဘဝ နတ်ထံ ပျံတော်မူမှ ကျောင်းတိုက်သံဃာ၏ မေတ္တာရပ်ခံခြင်း၊ ဒကာ,ဒကာမများ၏ ပင့်လျှောက်ထားခြင်းကြောင့် ရန်ကုန်တိုင်း၊ ရွှေကျင်နိကာယ ဝိနည်းပြန်ဌာနက တာဝန်ပေးခြင်းတို့ဖြင့် သပြေကန်ဆရာတော်ကြီး ရောက်လာပါသည်။

ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်သို့ သပြေကန်ဆရာတော် ရောက်လာတော့ သာသနာရေးဆောင်ရွက်မှု၌ အကျွန်ုပ်မှာ ပိုပြီး တာဝန်ရှိလာသည်ဟူသော အသိဖြင့် လည်းကောင်း၊ ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်ကို အကျွန်ုပ် ဉာဏ်မြင် ရှိသမျှ တွေ့ရ ကြုံရ မြင်ရ၍ ဝမ်းသာလှိုက်လဲ ကြည်ညိုကာ ဆရာတော်ကြီးကို ပူဇော်သောအား ဖြင့် ကာယ,ဉာဏ,ဓန စွမ်းအားရှိ သမျှဖြင့် ဝေယျာဝစ္စကို ဆောင်ရွက်ခဲ့ ပါသည်။

သပြေကန်ဆရာတော်ကြီး နာမကျန်းဖြစ်သောအခါ၌လည်း အများနှင့်နည်းတူ ပူဇော်ဆောင်ရွက်ခွင့် ရခဲ့၏။ လွန်တော်မူ၍ နိုင်ငံတော်က ပြုလုပ်သော စာပနပွဲ၌လည်း ပူဇော်

ခွင့်ကို ရလိုက်၍ ဝမ်းနည်းသည့်ကြား ကြီး ရှိပါသည်၊ ရှိသမျှဂုဏ်တွေကို လောက်သည့် ငယ်သော သီလမှ ထဲမှ ကျွန်ုပ် ကုသိုလ်ထူးလေခြင်းလို့ လည်း ဒို့က အကုန်အစင် မသိပါ။ အနည်းငယ်မျှပင် ဖြစ်ပါသည်။ ကြည်နူးဝမ်းသာမှုနှင့် ကြုံခဲ့ရပါသည်။ ဆရာတော်၏ဂုဏ်နှင့် စာလျှင် ဒို့သိ သို့သော် ဂုဏ်ပြုပူဇော်လို သည့် ဆရာတော် လွန်တော်မူပြီးနောက် တာက အနည်းငယ်မျှပါ၊ သိသမျှ ပြင်းထန်သည့် ဆန္ဒအာသီသကို နှစ်စဉ်မပျက် ကျင်းပပူဇော်သော ဂုဏ်တွေကိုလည်း တကယ့်ကို ဖြည့်သောအားဖြင့် အကျွန်ုပ်ကိုယ်တွေ့ ''သပြေကန် ဆရာတော်ကြီးအား ပေါ်လွင်အောင် မဖော်တတ်, မချီး နှင့် ကြားဖူးသည့်ထဲမှ သဘောတူရာ ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲ''များ၌လည်း ကျူးတတ်ပါ''ဟု မိန့်ကြားထားသည် အကြောင်းဝတ္ထု သုံးခုမျှကို ဆရာတော် သာသနပါလက အတွင်းရေးမှူးတာဝန် ကို ကြားယောင်နေရကား သာမန်လူ ကြီးအား ပူဇော်ရင်း စာဖတ်သူအား ဖြင့် ပူဇော်ခွင့် ရခဲ့သည်သာ ဖြစ်ပါ၏။ ဖြစ်သော အကျွန်ုပ်မှာ ရေးသား တင်ပြပါရစေ။

ယခု သပြေကန်ဆရာတော် ကြီး ဂုဏ်ပြုပူဇော် ဖော်ပြရန်မှာ အလွန်ပင် အကြောင်းဝတ္ထု တူမျှရာ သုံးခု ရာပြည့်ပူဇော်ပွဲ ပြုလုပ်ရာဝယ် လက်တွန့်နေပါသည်။ အကယ်၍ ကို တင်ပြခြင်းမှာလည်း ဆရာတော် ''သပြေကန်ထေရ ရာပြည့် ဂုဏ ကြီးစားပူဇော်ဦးတော့ အကျွန်ုပ်၏ ကြီးသည် ဤသည့် ဝိနည်း သိက္ခာ ပူဇာ''စာအုပ် ထုတ်ဝေရာ၌ အပွဲပွဲ နှဲ ပူဇော်မှုမှာ မပီပြင်သည့် ပူဇော်မှုသာ ပုဒ်နှင့် အခြားသော ဝိနည်း သိက္ခာပုဒ် လာ ပူဇော်ခွင့်ရလာသောအကျွန်ုပ်ထိုက် ဖြစ်မည်လားဟုလည်း တွေးတောမိ တို့ကို ရံခါ ရံခါသာ ထိန်းသိမ်းသည် ထိုက်တန်တန် ရေးသားပူဇော်လိုပါ၏။ ပါသည်။ မဟုတ်၊ အမြဲတမ်းပင် ဂရုတစိုက် သို့သော် ဘယ်အကြောင်း အရာ အကျွန်ုပ်မှာ ဆရာတော်၏ ထိန်းသိမ်း၍ သာသနာကိန်းနေသည် ဖြင့် ရေးရမည်ကို ဉာဏ်ကမထွက် ပညာပိုင်းကို ဘယ်လိုမှ မနှိုင်းယှဉ် ကို စာဖတ်သူတို့ ကြည်ညိုအားကျစေ လာ၊ မထွက်လာသည့်အထဲ ပရိယတ္တိ တတ်၊ မဖော်ပြတတ်၊ သမာဓိပိုင်းကို လိုသာ ဖြစ်ပါသည်။

ကျွမ်းကျင်၍ ထိတ်တန်း ပညာရှင်ဟု လည်း အကဲမခပ်တတ်၊ သီလပိုင်းကို တစ်ရက်တွင် အကျွန်ုပ်အိမ်၌ အများက လေးစား ကြည်ညိုကြသော လည်း သုံးပိုင်း,ပိုင်းလျှင် အကျွန်ုပ် ပင်မှည့် သင်္ကေသီးတစ်လုံး ရရှိ၍ ရဟန်းတော်တစ်ပါး က ''သပြေကန် သိသည်ကား (စူဠသီလ)ဆရာတော်၏ နံနက်(၈)နာရီလောက်တွင် ဆရာတော် ဆရာတော်ကြီးမှာ ဂုဏ်တွေက အများ သီလနှင့်စာလျှင် ချီးမွမ်းဖွယ်ရာ မဟုတ် ကြီးအား သွားရောက်ဆက်ကပ်လှူဒါန်း

သည်။ ''ဆရာတော် အခု ဘုဉ်းပေးလျှင် အတော်ပါပဲ ဘုရား'' ဟုလည်း လျှောက်ထားလိုက်သည်။ ဆရာတော်နှင့်တွေ့ရာ အခန်းကား လေကားပေါက် အပါအဝင် (၂၇ပေ×၂၄ပေ)ခန့်သာ ကျယ်၏။ ထိုအခန်းနှင့် ကပ်လျက် ဆရာတော် အနားယူရာ အခန်းကား (၁၈ပေ×၁၀ပေ)မျှသာ ကျယ်ပါ၏။ ဆရာတော် အနားယူရာ အခန်း၌ ဧွန်းရှိသည်။ ထိုစဉ်တွင် အသက်(၇၀) ကျော် အရွယ်ရှိ အဖွားအိုနှစ်ယောက်လည်း ရောက်လာ၏။ ဆရာတော်အား သူတို့ ဝတ်ပြုပြီး စကားလျှောက်ထားနေချိန်ဝယ် သဘော်သီး ဘုဉ်းပေးရန် ဧွန်းမပါ၍ အကျန့်ပ် အခန်းထဲ ဧွန်းသွားယူရန် ဟန်ပြင်လိုက်၏။ ထိုအခါ ဆရာတော်ထံမှ အလန့်တကြား အသံကျယ်ကျယ်ဖြင့် ''ဟေ့ ဒကာ ဘယ်သွားမှာလဲ'' ဟု ကြားလိုက်ရသည်။ အကျန့်ပ်လည်း တုန်လှုပ်သွားပြီး ဘာမှ ပြန်ပြီး မလျှောက်ထားဘဲ အဖွားအိုကြီးများ ပြန်သည်အထိ ခေါင်းငုံ့လျက်သာ ထိုင်နေ၏။ အဖွားအိုနှစ်ဦး ပြန်သွားတော့မှ ဆရာတော်က ''ဒကာရဲ့ ဘုန်းကြီးအပါးမှာ မာတုဂါမ ရှိနေတဲ့အချိန် ဒကာ တစ်ဦးဦးဖြစ်ဖြစ်၊ ဦးပဉ္စင်း,ကိုရင် တစ်ပါးပါးဖြစ်ဖြစ် ရှိနေရတယ်ကွဲ့'' ဟု မိန့်ကြားပါသည်။ အကျန့်ပ်မှာ ဆရာတော်ကြီး၏ အသေးအဖွဲ ဝိနည်းသိက္ခာပုဒ်လေးက အစ အလေးဂရပြု ထိန်းသိမ်း၍ သာသနာကိန်းနေတဲ့ သီလဝန္တပုဂ္ဂိုလ်မြတ်ကြီး အစစ်ပါလားဟု အောက်မေ့ကာ မိမိလျှာဒါန်းမှုနှင့် ဝေယျာဝစ္စ ဆောင်ရွက်ခွင့် ရသည်တို့ကို ကြည်နူးဝမ်းမြောက်ခဲ့ရပါသည်။

နှစ်စဉ် ပြုလုပ်နေကျဖြစ်သော သပြေကန်ဆရာတော်ကြီးအား ဂုဏ်ရည်မှန်းဆပူဇော်ပွဲ ပြုလုပ်ရာ တစ်ခုသော နှစ် အခမ်းအနားတွင် ဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာ ဂုဏ်များကို ရတနာမွန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဦးထွန်းလွင်(ဓမ္မာစရိယ၊ B.A)က စာတမ်းဖတ်ကြား၏။ ဆရာဦးထွန်းလွင်က ပြောကြားရာတွင် ''ဆရာတော်ကြီးရဲ့ ပညာဂုဏ်, သမာဓိဂုဏ်တို့ကို ကြည်ညိုပူဇော် ဟောပြောမယ်ဆိုရင် အများကြီး ရှိပါတယ်။ ပြောလို့လဲ ကုန်နိုင်ဖွယ် မရှိပါဘူး။ ကျွန်တော် ပြောချင်တာက သာသနာတော်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ဝိနည်းသီလကို အဘယ်မျှ လေးစားမြတ်နိုးတယ်ဆိုတဲ့အကြောင်း ကိုယ်တွေ့လေးဖြင့် ပြောဆိုပူဇော်ချင်ပါတယ်'' စသည်ဖြင့် စကား ပလွင့်ခံ ပြောကြားသွားခဲ့ပါသည်။

ယနေ့အထိ အကျန့်ပ်ရင်ထဲဝယ် စွဲစွဲမြဲမြဲ ရှိနေဆဲ ဖြစ်ပါသည်။ တစ်ကြိမ်တွင် နံနက်(၈)နာရီ ဝန်းကျင်လောက်မှာ ဘုန်းကြီး ဦးခေမာစာရ (ယခု ဆရာတော်) နှင့် တွေ့ချင်လို့ ဒီ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်မှာ လာခဲ့တယ်။ ကျောင်းရောက်တော့ ဘုန်းကြီး ဦးခေမာစာရနှင့် မတွေ့သေးဘူး။ ဆရာတော်ကြီး ကျောင်းပေါ်မှာ ရှိတယ်ဆိုလို့ ဆရာတော်ကြီးကိုလည်း ဖူးရအောင် လိုက်သွားတယ်၊ ဟိုရောက်တော့ ဘုန်းကြီးဦးခေမာစာရက ဆရာတော်နှင့် မလှမ်းမကမ်း ဘေးဖက်ဆီမှာ ပုဆစ်လေးတုတ်လို့ ထိုင်နေတယ်။ အသက်(၇၀)လောက် ရှိမည်ထင်တဲ့ ဒကာမကြီးတစ်ယောက်နှင့် ဆယ်နှစ်လောက်ရှိမယ့် သူ့မြေးလေးတစ်ယောက် သူတို့နှစ်ယောက်လည်း ဆရာတော်ကြီးကို ကြာဆံပြုတ်လာကပ်ကြတယ်။ ကျွန်တော်လည်း ဆရာတော်ကြီးကို ဦးချပြီး ထိုင်နေလိုက်တယ်။ ဆရာတော်ကြီးနှင့် ကျွန်တော် စကား တစ်ခွန်း,နှစ်ခွန်း ပြောနေတုန်း ဦးခေမာစာရ က ထ, သွားပြီး အခန်းထဲ ဝင်သွားတယ်။ ဆရာတော်ကြီး သတိမူမိဟန် မတူဘူး။ ဆရာတော် ကြာဇံပြုတ် ငုံပြီး ဘုဉ်းပေးနေတုန်း ကျွန်တော်လည်း ဘုန်းကြီး ဦးခေမာစာရရှိရာ အခန်းထဲသို့ လိုက်သွားတယ်။ မကြာပါ၊ တစ်မိနစ်တောင် ကြမည် မထင်ပါ။ စကားပြောရာရော သူတစ်ပါးကို ခေါ်တာရော တစ်ခါဖူးမျှ ကျယ်ကျယ်မပြော၊ မခေါ်၊ တိုးတိုး ညင်ညင်သာသာ ခေါ်ပြောတတ်တဲ့ ဆရာတော် အသံ တော်တော်လေး ကျယ်ကျယ် ထွက်လာပါတော့သည်။

''ဟေ့ ကောင် ထွန်းလွင်၊ ဘယ်သွားနေတာလဲ၊ လာ ဒီကို'' တဲ့ ကျွန်တော်လဲ လန့်သွားပြီး အပြင်ဖက်ကို ခပ်မြန်မြန်ထွက်ကာ နှစ်ယောက်သား ဆရာတော်ရှေ့မှောက် ပုဆစ်တုပ်လေးတွေဖြင့် ထိုင်နေကြရသည်။ စကားမပြော၊ ဆရာတော်ကလည်း ဘာမှ မပြော။

ကြာဇံပြုတ်ကပ်ပြီး မြေး အဖွားနှစ်ယောက် ပြန်သွားတော့မှ ဆရာ

တော်က အမိန့်ရှိသည်။

"ဦးခေမာက ဘာလို့ အထဲဝင်သွားရတာလဲ၊ ဒီမှာ ဒကာမ ရှိနေတဲ့ ဥစ္စာ"

"ဦးထွန်းလွင်ရှိနေလို့ပါ ဘုရား"

"ကဲ ထွန်းလွင် ကကော ဘာလို့ အထဲဝင်သွားရတာလဲ"

"တပည့်တော်က ဆရာတော်ဆီလာတာ မဟုတ်ပါဘုရား၊ ဦးခေမာစာရ ဆီ လာတာ။ ဦးခေမာစာရ ရှိတဲ့ဆီ လိုက်သွားမိတာပါဘုရား"

"ဦးခေမာဆီ ဘာများ အရေးကြီးနေရတာလဲ"

"စာအုပ်က ဒီနေ့ ဖောင်ပိတ် ရမှာ ဘုရား၊ သူ့ဆီက စာမူက အခုထိ မရသေးဘူးဘုရား"

"ဒါလေးများ၊ ကောင်းရော ပေါ့ကွာ၊ မင်းတို့နှစ်ယောက် လုပ်လိုက် တာ၀့်မှာ အပြစ်တွေ ရောက် ကုန်ပြီ"

ဦးခေမာစာရက ကျွန်တော်နှင့် လည်း စကားပြောစရာရှိ၊ အခြားအလုပ်များလည်း ရှိနေတာကြောင့်-

"တပည့်တော် ညနေကျတော့ ဒေသနာကြားရအောင် လာခဲ့ပါမည် ဘုရား" လျှောက်လိုက်၏။

"ဟ ဦးခေမာ ညနေမှ လာမယ် တဲ့၊ သည်ကြားထဲများ ဘုန်းကြီး တစ်ခုခုဖြစ်သွားရင် ကိုယ်ကျိုးမနည်း ပါလား၊ ဝိနည်းမှာ သိပ်ပေါ့တာကိုး"

"မှန်ပါ၊ အခုပဲ ဒေသနာကြားပါ့မယ် ဘုရား" ဟု လျှောက်ထားကာ ဆရာတပည့်နှစ်ပါး ဒေသနာကြားကြသည်။ ကျွန်တော်မှာ အပြစ်တင်ခြင်း ခံရပေမယ့် ဆရာတော်ကြီးရဲ့ ဝိနည်းလေးစား အားထားပုံကို ကိုယ်တွေ့ တွေ့ရလို့ ပီတိဖြစ်ရပါတယ်။ ဝမ်းသာရပါတယ်။

ကျွန်တော် ကျောင်းအောက် ရောက်တော့ ဘုန်းကြီး ဦးခေမာစာရကို လျှောက်ထားမိပါတယ်။ "အရှင်ဘုရားတော့ သိပ်ကံကောင်းတာပဲ၊ ဒီလို ဝိနည်းလေးစားတဲ့ ဆရာတော်ကို ဝေယျာဝစ္စ ဆောင်ရွက်ပေးရတာ၊ ဒီလို ဆရာတော်က အင်မတန်တွေ့ရခဲတယ်၊ လုပ်ပေးရတာကို တာ၀န်လို့ သဘောမထားနဲ့၊ အခွင့်အရေးလို့ သဘောထားဘုရား"

ဘုန်းကြီးဦးခေမာစာရက "အေးကွ၊ ငါ ဒီနေ့ဆို ပိုပြီး ဝမ်းသာသေးတယ်" တဲ့။

နောက် ဖြစ်ရပ်တစ်ခု တင်ပြပါဦးမည်။ တစ်ခါက ကမ္ဘာအေးသာသနာရေးဌာနက အရာရှိကြီးကြီးတစ်ယောက် သူ့အမျိုးသမီးနှင့်အတူ ဆရာတော်ထံ ရောက်လာပါသည်။ ရောက်လာပြီး သာသနာရေး ဆွေးနွေးရင်း ဖုန်းဆက်ရန် အကြောင်းကပေါ်လာသည်။ အဲဒီ အချိန်အခါက အခုလို လက်ကိုင်ဖုန်းတွေကလည်း မပေါ်သေးဘူး၊ ဆရာတော်ထံမှာလည်း ကြိုးဖုန်းက မထားဘူး၊ တိုက်အုပ်ဘုန်းကြီး ဦးခေမာစာရ ထံမှာပဲ ထားတယ်၊ "ကိစ္စမရှိပါဘူးဘုရား၊ တပည့်တော် ဦးခေမာနဲ့ ရင်းနှီးပါတယ်။ ဦးခေမာဆီသွားပြီး ဆက်လိုက်ပါ့မယ်"၊ ပြောပြောဆိုဆို ဆရာတော်ကို ဝတ်ချပြီး ထ,သွားမည်အလုပ် လှေခါးရင်းရောက်တော့-

"ဟေ့ ဒကာ မင်းမိန်းမ ခေါ်သွား၊ ဒီမှာ မထားခဲ့နဲ့"။

မမျှော်လင့်ဘဲ ဆရာတော် ထံမှ အသံကျယ်ကျယ်ကြီး ကြားလိုက်ရသည်။ အရာရှိကြီးကတော့ အကျနပ်ကြီး ကျေနပ်ပြီး မျက်နှာ ဝင်းလက်သွားသည်ဟု ထင်ရသည်။ "လာကွာ ဦးခေမာဆီ သွားရအောင်" သူ့အမျိုးသမီးကို ခေါ်သည်။ သူ့အမျိုးသမီးက ဆရာတော်ကိုပင် ဝတ်မချတော့ဘဲ ကဗျာကယာပင် ထလိုက်သွားတော့သည်။ ဖုန်းဆက်ပြီးတော့ ဆရာတော်ထံ ပြန်သွားမည်ပြုသောအခါ-

"ရှင့်ဟာရှင် သွားတော့၊ ကျွန်မဦးခေမာနဲ့ စကားပြောလိုက် ဦးမယ်"

"လာပါကွာ၊ ဦးခေမာက လည်းအားမှာမဟုတ်ပါဘူး" ဟု ချော့မော့ခေါ်သွားရ၏။

အရာရှိကြီးက အိမ်ပြန်ရောက်တော့ သူ့အမျိုးသမီးအား ဆရာတော်ကြီးကို ကြည်ညိုစေချင်၍ အိမ်မှာရှိသော ဝိနည်း မြန်မာပြန်စာအုပ်ကို ထုတ်ယူပေးကာ ဖတ်ခိုင်းစေပြီး သေသေချာချာ ရှင်းပြတော့မှ နားလည်သဘောပေါက်ကာ ဆရာတော်ကြီးကို အလွိုက်သည်းလှိုက် ကြည်ညိုတော့၏။

"အေး... နောက်ထပ် ကျောင်းပေါ် ပြန်ရောက်တော့ ဆရာတော်ကြီးမျက်နှာက တင်းမာမနေဘူးလို့တော့ သတိထားမိသားပဲ၊ ကျွန်မ ဘုန်းကြီးကျောင်းတွေ ရောက်တာ တော်တော်များပြီ၊ သည်လို ဆရာတော်ကြီးမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး"

"ဒီလို ဆရာတော်မျိုးက ရှားကို ရှားတယ်ကွ"

"ဆရာတော်ကြီး မျက်နှာက

ဟန်လုပ်ပြီး ပြုံးနေပုံ မဟုတ်ဘဲ၊ ပကတိကို ကြည်လင်နေသလိုပဲ”

“ဆရာတော်ကြီးက ဒို့ကို ပြောဖူးတယ်။ ရဟန်းဘဝဟာ ဝိနည်းဆိုတာ မြတ်နိုးစရာ အကောင်းဆုံး အရာတဲ့၊ ဝိနည်းဆိုတာ ကိုယ်နှင့်နှုတ်တို့ကို ယဉ်ကျေးစေလို့ ကျင့်သုံးလိုက် နာစဉ် အခါမှာလည်း အကျိုးရတာပဲ၊ နောင် အခါလဲ အပါယ်စသည့် ဒုက္ခဘေးတွေက လွတ်စေတတ်တဲ့ အကျိုးရတာပဲ။ ဒီတော့ ရဟန်းဘဝမှာ ဝိနည်းဟာ မြတ်နိုးစရာ အကောင်းဆုံးပေါ့တဲ့”

“ဟုတ်တာပေါ့နော်၊ ဆရာတော်ကြီးတို့လို ဘုန်းကြီးတွေပဲသာဆိုရင် ဟို အနောက်နိုင်ငံသားတွေ သာသနာကို အထင်မသေးနိုင်ဘူး၊ ပိုပြီး အာရုံစိုက်လာကြမှာ”

ဤသို့ စသည်ဖြင့် သာသနာ ရေးအရာရှိကြီးနှင့် သူ့ဇနီးတို့ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို ယုံကြည်လောက် သည့် စကားရှိသူထံမှ ကြားခဲ့ရသရွေ့ ဆရာတော်ကြီးအား ကြည်ညိုမဆုံး ဖြစ်ရပါသည်။ အကျွန်ုပ်အားကျ ကြည်နူးရသလို၊ စာဖတ်သူတို့ ကြည်ညိုအားကျ ကြည်နူးစေလို၍လည်းကောင်း၊ ဆရာတော်ကြီးကို ပူဇော်လို၍လည်းကောင်း ရေးသား တင်ပြအပ်ပါသည်။

ဝိနည်းတရား သံဃာများ စောင့်ထိန်းနိုင်ပါစေ။

ဗုဒ္ဓမြတ်စွာ သာသနာ ရှည်ကြာအစွန့် တည်ပါစေ။

မောင်ကျင်ဝှက်

ဒီဘဝမှာ အထွတ်အထိပ် ရောက်လိုလျှင်

ဘဝမှာ အထွတ်အထိပ်ရောက်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တို့ရဲ့ နောက်ကြောင်းကို ကြည့်လိုက်မယ်ဆိုရင်”

၁။ စိရကာလဘာဝနာ =
(ကြာမြင့်စွာ အလုပ်လုပ်တယ်)

၂။ နိရန္တရာဘာဝနာ =
(မရပ်မနား အလုပ်လုပ်တယ်)

၃။ နိရဝသေသဘာဝနာ =
(အကြွင်းအကျန် မရှိ အလုပ်လုပ်တယ်)

၄။ သက္ကစ္စဘာဝနာ =
(ရိုရိုသေသေလေးလေးစားစားအလုပ်လုပ်တယ်)

၅။ အဘိရတိဘာဝနာ -
(ပျော်ပျော်ပါးပါး အလုပ်လုပ်တယ်)

ဆိုတဲ့ ကျင့်စဉ်ငါးပါးနှင့် ပြည့်စုံနေတာကိုတွေ့ရတယ်။

အရှင်ဝါသေဋ္ဌာဘိဝံသ

အမှတ်တရများ ရေးသားပူဇော်

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)

ကေပိဒ်လက်ံာ

ရိသေပန်ကြား၊ ကျွန်လျှောက်ထားသည်၊ စကား သစ္စာ၊ ပျားသကာတည့်၊ သာမန်လူနတ်၊ ရဟန်းမြတ်ပုဂ္ဂိုလ်၊ များထိုထိုတို့၊ မဆိုထား နှင့်၊ မြင့်မားဘုံချာ၊ ဗြဟ္မာကုဋ္ဌေ၊ လျှာအသချေဖြင့်၊ ကမ္ဘေကမ္ဘာ၊ ရှည်ကြာသရော်၊ ဆရာတော်ကြီး၊ သန္တုထီးလား၊ ကြီးမားသီလာ၊ သမာဓိပညာ၊ သုံးဖြာဂုဏ်ပုဒ်၊ ပြိုင်ဆိုင်ထုတ်ပြီး၊ ချီးပဟူဇော်၊ ကော်ရော် သမ္မ၊ တောက်လျှောက်ပြုလည်း၊ မိလုနီးမျှ၊ မပြီးပြည့်စုံ၊ မကုန်နိုင်လှ၊ လက်မှိုင်ချကာ၊ နေကြရာမည်၊ ချုချာ ကလောင်၊ ဒကာဆောင်ထား၊ မလောက်လားမို့၊ ကြိုးစား သိမ်းရုံး၊ စာစီကုံးတောင်၊ ဟိုယောင်သည်ရောက်၊ ပြောင် မြောက်ဖို့ရေး၊ ဆေးပါသေးဏ်၊ တွေးဆတစ်ဆိတ်၊ အတိတ် ပုံဟောင်း၊ ပြန်ပြောင်းမြင်မိ၊ ရင်ထဲငိုတွယ်၊ ထိုဝယ်တစ်ဆုံ၊ ဖူးတွေ့ကြုံသား၊ အထုံရေစက်၊ ကြည်ညိုသက်ဝင်၊ လွမ်း ဆက်ငင်တွေး၊ ရေးချင်သည့်ဇာတ်၊ ထေရပွတ်ကို၊ မတတ် နိုင်နိုင်၊ တတ်နိုင်နိုင်ပါ၊ ဆိုင်ဆိုင်ငယ်ဘိ၊ တစ်မိုက်ထိသာ၊ လက်ံာတိုတို၊ စာတစ်ညီမှာ၊ အလိုသာရှိ၊ ပိုမရှိပြီ၊ မမိတမီ၊ လွမ်းစာစီလိုက်၊ ဧကပိုက်ရှင့်၊ မကြိုက်ကမူ၊ ပြစ်မယူလင့်၊ ကြည်ဖြူသင့်ရေး၊ ခွင့်လွှတ်ပေးလျက်၊ အမျက်မသို၊ စိတ်မညိုကာ၊ ချီသာနားဆင်တော်မူပါဘုရား။ ။

နိဒါန်းအချီး

သပြေကန်ဆရာတော်ဘုရားကြီး ရာပြည့်ဂုဏ်ပူဇော်စာစောင်အတွက် စာမူတစ်ပုဒ် ရေးသားပူဇော်ခွင့်ရ၍ ဝမ်းမြောက်မှုနှင့်အတူ သတိရလွမ်းဆွတ်တမ်းတမှုလည်း ဖြစ်ရပါသည်။ ဆရာတော်ကြီး၏ ဂုဏ်ပုဒ်တွေက အလွန်မတန် ကြီးမားမြင့်ခေါင်၊ ကျွန်တော့်ကလောင်က သေးငယ်ပါမှာမို့ မဝံ့မရဲတော့ ရှိလှ၏၊ အလှည့်ကျတော့ မနဲ့စတမ်း သဘောပိုက်ကာ ကြိုးစားစီကုံး၊ ခြယ်မှုန်းပူဇော်လိုက်ရပါတယ်။

ကျွန်တော်သည် ကဗျာဝါသနာထုံ၏။ သို့သော် ပါရမီနည်းတာကြောင့် စီကုံးမှုဌ် စိတ်ထင်တိုင်းမပေါက်သည်က များ၏။ ရတုပိဒ်စုံကိုဖြင့် မရည်မှန်းဝံ့ပါ။ ဧကပိဒ်လက်ံာတစ်ပုဒ်တော့ ကြိုးပမ်းကြည့်၏။ ၆၄-ပါဒ ရှိသွားရာ ကျစ်လျစ်မှုနည်းပါးနေ၏။ ဒေါသသင့်ဖွယ် တွေ့ပါလျှင် ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။

စာအဆက်အသွယ်

ဆရာတော်ကြီးကို မဖူးတွေ့ရသေးမီ၊ သပြေကန် ပရိတ်ကြီးနိသယသစ်ကျမ်းစာအုပ်ကို ဦးစွာဖတ်ခွင့်ရလိုက်၏။ လှုဒါန်းသူကား၊ အတန်းဖော် ဒေါက်တာသိန်းထိုက် (ဖီးလစ်ရှိန်)ဖြစ်၏။ ၁၉၇၉-ခုနှစ်ကတည်းကပါ။ နောင်သော အခါ ဆရာတော်ကြီးထံ စာရေးဆက်သွယ်မိ၏။ ပြန်စာရလိမ့်မည်ဟုကား မမျှော်မှန်းရဲပါ။ တစ်ပတ်ခန့်အကြာမှာ ဆရာတော်ကြီး၏ ပြန်ကြားစာကို ရရှိခဲ့ပါတယ်။

သက်ကြီးဝါကြီး သိက္ခာကြီး ဆရာတော်ကြီး၏ ဂုဏ်မဟာနှင့် ပြန်စာအနေအထားမှာ ဘာမှမဆိုင်ပေ။ အလွန်ရိုးသားလွန်းပြီး ကြည်ညိုဖွယ်အတိ ဖြစ်နေ၏။ လက်ရေးမူ ပြန်စာအဆုံး၌ လက်မှတ်မထိုးဘဲ ဘွဲ့တော်ကိုသာ "အရှင် ဝါသေဋ္ဌာဘိဝံသ" ဟူ၍ ရိုးရှင်းစွာ ဖော်ပြ၏။ တံဆိပ်တုံး ဘာသာ ထုမထားခဲ့ပါပေ။ ပြန်စာအားလုံး ၁၂-စောင် ရရှိခဲ့ဖူး၏။ ကျွန်တော့်စာ လက်ခံရရှိလျှင် ရရှိချင်း၊ ပြန်ကြားသည်ချည်း ဖြစ်၏။

ပထမ ပြန်စာ

ကျွန်တော် အလွန်ကြည်နူး ဂုဏ်ယူရပါသော ဆရာတော်ကြီး၏ ဗွေဆော်ဦးပြန်စာတွင် ၇-၂-၉၂ ဟူ၍ ရက်စွဲတပ်ထား၏။ စာမတိုမရှည်သည် နှစ်လို့ဖွယ် အလွန်ကောင်း၏။ မေတ္တာစိတ်ကြီးမားကြောင်း ပေါ်လွင်နေ၏။ ကလောင်ကိုင်သူချင်းအပေါ်၌ ခင်မင်လေးစား၍ ချက်ချင်း စာပြန်ကြားခြင်းဟု ရိပ်စားမိ၏။ အနည်းငယ်မျှ ကောက်နုတ် ဖော်ပြပါရစေ။

"အလေးထား ရေးသားအပ်ပါသည်။ ဒကာဦးအော်ကျော်တို့ မိသားစု လှုဒါန်းပူဇော်သော သိုးမွေးခြုံထည် ရရှိခဲ့ရာ ဝမ်းသာလှပါသည်။ အထူးလိုလားတောင့်တ စိတ်ဆန္ဒအလိုခပ်သိမ်း ပြည့်မြောက်ပါစေဟု အနုမောဒနာ ပြုရပါသည်။ ဘုန်းကြီး ယခုအခါ စာရေးတယ်မဖြစ်ချင်သလို ဖြစ်နေပါ၏။ သပြေကန် ပရိတ်ကြီးနိသယျသစ် ရေးတုန်းက စျာန်ဝင်စားမှုမျိုး မရသကဲ့သို့ ဖြစ်နေပါသည်။ ထိုနိသယပေါ်လာစဉ် ရဟန်းပညာရှိလူပညာရှိတို့၏ အထူးအားရချီးကျူးဂုဏ်တင်ခြင်းကို ခံခဲ့ရပါသည်။ ယခု စာစောင်ထဲ ပါနေတဲ့ တရားတွေက ဟောတုန်း တိတ်ခွေနဲ့ဖမ်းထားသော တရားများသာ ဖြစ်ပါသည်။

လောက်လောက်လားလား ကျမ်းတစ်စောင်တစ်ဖွဲ့ ရေးဦးမည် စိတ်ကူးသော်လည်း ယခုတိုင် အထမမြောက်သေး။ တဖြည်းဖြည်း သတိက မကောင်းချင်လှ၊ မျက်စိကလည်း အားနည်းလာ၊ စိတ်တော့ကူးထားပါသေး၏။ ဒကာအောင်ကျော်စာတွေကိုလည်း ဖတ်ရပါ၏။ စာရေးစဆိုသော်လည်း ရေးနေကျ စာရေးဆရာတို့၏ အဆင့်ရောက်နေပြီဟု မြင်ရပါပေသည်။ ကြိုးစားလျှင် ကျော်နိုင်ပါသေးသည်။"

တွန်းအားဖြစ်စေ

ဆရာတော်ကြီး၏မှတ်ချက်နှင့် အားပေးမိန့်ကြားချက်တို့သည် ကျွန်တော့်အဖို့ ကြီးစွာသော စိတ်အင်အားကို ဖြစ်စေသလို စာတွေဆက်ရေးဖို့ စိတ်ထက်သန်စေခဲ့သည်မှာ အမှန်ပင်ဖြစ်၏။ စာပေခရီးကြမ်းကို ရှေ့ဆက် ချီတက်စေဖို့ သတ္တိထူးတွေ ဝင်စေခဲ့၍ ကျေးဇူးကြီးမားလှပါသည်။ သို့နှင့် ကျွန်တော်လည်း စာတွေ အဆက်မပြတ်အောင် ဆက်ရေးဖြစ်ရာမှ သေခြင်းတရားဆောင်းပါးတွင် "နောက်ဆုံး ထွက်သက် ဘယ်လိုလဲ၊ ဘယ်ကိုလဲ" စာအုပ်ငယ်သည် ၁၉၉၅-ခုနှစ်၌ ထွက်ပေါ်လာနိုင်ခဲ့၏။ သေသည့်အခိုက်၊ ထွက်သက်နှင့်ဝိညာဉ်ချုပ်သလား၊ ဝင်သက်နှင့်ဝိညာဉ် ချုပ်သလား၊ ကြဲကြဲဖန်ဖန် တွေးမိကာ ဆရာတော်ကြီးထံ စာရေးမေးမိ၏။ ဆရာတော်ကြီး၏ အရှည်ဆုံးသော ယင်းပြန်ကြားစာမှာ၊ ပညာအနှစ်ပြည့်လှပါ၏။ ရှင်းလည်းရှင်း၏၊ ကျွန်တော့်ဆောင်းပါးတစ်ပုဒ်၌ ဤသို့ ကိုးကားရေးသားဖြစ်ပါတော့သည်။ ရှုပါ။

စုတိသဘော

"စိတ်ဖြစ်တိုင်း စိတ္တဇခေါ် စိတ်ကြောင့်ဖြစ်သော ရုပ်တွေ လျှင်လျှင်မြန်မြန် ဖြစ်ပေါ်လျက်ချည်း ရှိရလေသည်။ ထိုကမ္မဇရုပ်ဖြစ်တိုင်း၊ ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်တွေ

လည်း အဆက်မပြတ်ဖြစ်လျက် ဖြစ်လျက်သာ ရှိ၏။ အတွင်း အာဟာရ အပြင်အာဟာရတို့ကြောင့် အာဟာရဇရုပ်တွေလည်း အဆက်မပြတ် ဖြစ်တော့၏။ ထိုသို့ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့ ဆက်တိုက် ဆင့်ကာ ဆင့်ကာ အဆက်မပြတ် ဖြစ်ခြင်းသည်ပင်လျှင် ဖြစ်ခြင်းသဘောဟု ရှင်းလင်းနိုင်ပါသည်။

ဘဝတစ်ခုတွင် အစွန်ဆုံးသော နောက်ဆုံးစိတ်ကို စုတိဟု ခေါ်၏။ စိတ်ချုပ်ငြိမ်းလျှင် ဝိညာဉ်ချုပ်ငြိမ်းသည်သေသည်ဟု ဆို၏။ ထို့ကြောင့် ဝိညာဉ်ချုပ်ချိန်၊ စုတိချုပ်ချိန်သည် ထွက်သက်အချိန်နှင့် တိုက်ချင်လည်း တိုက်မည်။ ဝင်သက်အချိန်နှင့်လည်း တိုက်ဆိုင်ချင်တိုက်ဆိုင်မည်။ သေခြင်းသဘောသည် ထွက်သက်ဝင်သက်ပေါ်မှာ မူတည်။ စုတိစိတ်ချုပ်ငြိမ်းခြင်း၌သာ မူတည်ကြောင်း နားလည် ထားရမည်။

အသက်ရှင်နေစဉ်၊ စောစောက အဆက်မပြတ် ဖြစ်နေသော ရုပ်တွေထဲ ခန္ဓာကိုယ်အတွက် အရေးကြီးသော ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့် အပြိုင်ချုပ်ကြသည်။ စိတ်ဖြစ်တိုင်း စိတ္တဇရုပ်ဟုဆိုသော စိတ်ကြောင့်ဖြစ်သည့် ရုပ်တို့ အဆက်မပြတ် ဖြစ်လာကြသလို စုတိစိတ်ချုပ်ချိန်မှာလည်း ယင်းစိတ္တဇရုပ်တို့သည် စုတိစိတ်နှင့် အချို့ အတူတူ၊ အချို့ အနည်းငယ် လွန်ကာ ချုပ်ခဲ့ကြ၏။ တရုပ်စပ်ဖြစ်ဖြစ်နေသော စိတ္တဇရုပ်တို့သည် စုတိခါနီးတွင် အရှိန်ပျက်လာပြီဖြစ်သည်။

စုတိအထက် စိတ္တက္ခဏ ၁၇-ချက်စာမျှသော စိတ်က စ၍ အသစ်မဖြစ်တော့။ ဤတွင် ထွက်သက်တို့သည်လည်း အသစ်မဖြစ်တော့။ စုတိရောက်နေသော ထွက်သက်ဝင်သက်တို့သည်လည်း အားမရှိလှ။ စုတိစိတ်နှင့် အပြိုင် ထွက်သက်,ဝင်သက်တို့ ချုပ်ကြရကုန်၏။ (ထွက်သက် ဝင်သက်ဆိုသော်လည်း ဘဝဆုံးရာ အသက်နှင့်တော့မဆိုင်၊ ထိုအသက်က ရုပ်ဇီဝိတ၊ နာမ်ဇီဝိတသာ ဖြစ်၏။) ထို့နောက် အာဟာရဇရုပ်များလည်း ချုပ်တော့၏။

ထို့နောက် ကမ္မဇ၊ စိတ္တဇ၊ အာဟာရဇ ရုပ်တွေကင်းရုံမက ဝိညာဉ်ပါကင်းနေသော ကိုယ်ကောင်ကြီးမှာ ဥတုဇခေါ်သော ရုပ်တွေသာ ကျန်တော့၏။ ထို ဥတုဇရုပ်

ဘဝတစ်ခုတွင် အစွန်ဆုံးသော နောက်ဆုံးစိတ်ကို စုတိဟု ခေါ်၏။ စိတ်ချုပ်ငြိမ်းလျှင် ဝိညာဉ်ချုပ်ငြိမ်းသည် သေသည်ဟု ဆို၏။

အကျန်တွေသာ အလောင်းကောင်ကြီး ဖြစ်နေသည်အထိ ဆက်ကာ ဆက်ကာ ဖြစ်နေတော့၏။ ကိုယ်ခန္ဓာကြီး မပုပ်သိုးရအောင် အငွေ့ပေးစောင့်ရှောက်ရသော ဥသွမာဆိုသော တေဇောဓာတ်လည်း စုတိချုပ်စဉ်ကပင် တစ်ပြိုင်နက် ချုပ်ခဲ့ပြီးဖြစ်၍ ကျန်ရစ်သော အလောင်းကောင်ကြီးသည်လည်း တဖြည်းဖြည်း ယိုယွင်းပျက်စီး ပုပ်ပွလာရတော့၏''။

ကိုးကားစာ

''နောက်ဆုံးထွက်သက်'' စာအုပ်ငယ်သည် ဆရာတော်ကြီး၏ ပညာသားပါပါ၊ ရှင်းလင်းစွာ ပြဆိုချက်ကို ကိုးကားနိုင်ခဲ့၍ ပြည့်စုံသွားခဲ့ရ၏။ ဖတ်ရသူတိုင်း ကျေနပ်အားရကြကာ၊ ကျွန်တော်သည်လည်း သိကွာရှိသော ဓမ္မကလောင်တစ်ချောင်း ဖြစ်ခဲ့ရပါသည်။ ပို၍ ဂုဏ်တက်စရာ ဖြစ်လာရသည်မှာ ၁၉၉၉-ခုနှစ်၊ ဒီဇင်ဘာလကုန်ပိုင်း ရက်များတွင် ညောင်ရွှေမြို့၊ ကန်ကြီးပရိယတ္တိစာသင်တိုက်၌ ကျင်းပသော ၁၅-ကြိမ်မြောက် ရွှေကျင်နိကာယ ဂိုဏ်းလုံး ကျွတ် စည်းဝေးပွဲကြီး၌ ကျွန်တော့်ဆရာ ဒေါက်တာမင်းတင်မွန်နှင့်ဆုံစဉ် ''အောင်ကျော်ရေ မင်းကို ဆရာခွင့်တောင်းဖို့ရှိတယ်။ မင်းစာအုပ်ထဲက စာအချို့ ဆရာယူသုံးထားလို့ပါ'' ဟူ၍ ဆိုလာသောကြောင့်ဖြစ်၏။

ဆရာဒေါက်တာမင်းတင်မွန် ရေးသားပူဇော်သော သပြေကန်ဆရာတော်ကြီး ထေရပွတ္တိစာအုပ်ကို ယင်းအစည်းအဝေးပွဲကြီး၌ ဆရာကိုယ်တိုင် လာရောက်လှူဒါန်း၏။ ထို စာအုပ်တွင် အထက်ဖော်ပြပါ ဆရာတော်ကြီး၏ စုတိသဘော ရှင်းလင်းချက်စာပိုဒ်ကို ဆရာထည့်သွင်းကိုးကားဖော်ပြခဲ့ပါသည်။ ကျွန်တော် ၁၉၆၆-ခုနှစ်မှ ၁၉၆၈ ခုနှစ်ထိ၊ ဆေးတက္ကသိုလ် -၁ ပြည်လမ်း၊ လိပ်ခုံး၌ ဆေးအကြို

သင်တန်း ၂-နှစ်တက်တုန်းက ဆရာသည် ဓာတုဗေဒဌာနမှူး၊ ကထိကဆရာဖြစ်၏။ တပည့်၏ စာအုပ်မှ ဆရာက သူ့စာအုပ်အတွက် ယူငင်အသုံးပြုခြင်း၌ ကျွန်တော်ဂုဏ်ယူဝမ်းသာပီတိ ဖြာရပါ၏။ ကျွန်တော့်ကိုယ်ပိုင်အစွမ်းတော့ မဟုတ်ပါ။ စိန်နားကပ်ရောင်ကြောင့် ပါးပြောင် ဆိုသည့်ပမာ၊ ဆရာတော်ကြီးကောင်းမှုကြောင့် ဆရာတော်ကြီးကို မှီ၍ ကျွန်တော်အဆင့်တစ်ဆင့်သို့ ရောက်ခြင်းပါ။

ဖူးတွေ့ရပြီ

ဆရာတော်ကြီး ပြန်ကြားစာများမှ အမှတ်တရ နှစ်ကွက်ကို ဖော်ပြပြီးနောက်၊ ပုဂ္ဂိုလ်ချင်းဆုံတွေ့စဉ်က အားရကြည်ညို ကြည်နူးစရာ အမှတ်တရများကို ဆိုချင်ပါသည်။ ၁၉၉၃-ခုနှစ်၊ ဧပြီလကုန်ရက်ပိုင်းမှာ၊ ကျွန်တော်နှင့် နှစ်တူ လတူ ရက်တူ ၁၆-နာရီစော မွေးဖွားသူ၊ နောင်တော် ရန်ကုန် တိပိဋကဓရ ဆရာတော် သိက္ခာထပ်မွေးနေ့အလှူတော်ကြီးကို ကျွန်တော် ပြုခွင့်ရလိုက်၏။ ပင့်သံဃာများစွာအနက် နောင်တော်ကြည်ညိုလေးစားသော သပြေကန်ဆရာတော်ကြီးလည်း ပါဝင်၏။ အခမ်းအနား၌ ဆရာတော်ကြီးသည် ကုန်နှေကြီးမြင့် တည်ကြည်ငြိမ်သက်လွန်းစွာ အပူဇော်ခံပလ္လင်ပေါ်မှ သီလပေးတော်မူပါသည်။

ညနေပိုင်းတွင် ကျွန်တော့်သူငယ်ချင်း ဒေါက်တာအောင်သွင်ကျော်နှင့် ညီ ဦးကျော်သိန်းတို့ အဖော်ပြု၍ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်သို့ အဖူးမြော်ရောက်၏။ စံကျောင်းတော် အောက်ထပ်တံခါးမကြီး သော့ခလောက် ခတ်ထား၍ လွဲပြီ ထင်မိ၏။ အောင်သွင်ကျော်က ရောက်နေကျမို့ အထာသိသော ကပ္ပိယတစ်ဦးကိုရှာ၊ သော့ဖွင့်စေပြီး ဆရာတော်ကြီးအား လျှောက်ထားစေ၏။ အခမ်းအနားမှာ ကတည်းက ဆရာတော်ကြီး အအေးမိပြီး သိပ်နေမကောင်းလှကြောင်း သိထား၍ ဖူးခွင့်မှ ရပါ့မလား စိတ်ထင့်နေခဲ့၏။ တကယ်တမ်းတွင် ကျောင်းအပေါ်ထပ် တက်ခွင့်ရခဲ့ပါသည်။ ကျောင်းကြီးမှာ တိတ်ဆိတ်နေ၏။ ရန်ကုန် ကဆုန်နွေသည် အတော်ပူအိုက်၏။ အပေါ်ထပ်မှာ လှောင်ပြီး ပိုပူ၏။

ခဏတွေ့စဉ်

ကျွန်တော်တို့ ထိုင်မိကြ၍ တစ်အောင့်အကြာမှာ ဆရာတော်ကြီးသည် အတွင်းခန်းမှ ထွက်လှမ်းလာတော်မူသည်။ သတိထားမိသည်မှာ သင်္ကန်းများ ချွေးတွေနှင့် စွဲနစ်နေ၏။ ရာသီဥတုအပူရှိန်ကြောင့်ရော၊ သောက်ထားသောဆေးဝါး အရှိန်ကြောင့်ရော ချွေးထွက်လွန်းကဲနေခြင်း ဖြစ်ပါမည်။ ချွေးဝင် အအေးပတ် ဖြစ်မည်စိုးသဖြင့် ဆရာတော်ကြီးအား လျင်မြန်စွာ ဦးချကာ သင်္ကန်းလဲလှယ်ရန် လျှောက်ထား၏။ ဆရာဝန်မျက်စိ အမြင်အတွေး ရှေ့ဆောင်နေ၍ ဆရာလုပ်မိသလိုတော့ ဖြစ်သွား၏။ ကြည်ညိုစိတ်အပြင် စေတနာ မေတ္တာတို့ကြောင့် ဖြစ်ကြောင်း အထူးပြောစရာမလို၊ နားလည်ကြမည်ယုံကြည်၏။ ဆရာတော်ကြီးကလည်း သင်္ကန်းစိုကို ချက်ချင်းလဲပါ၏။ ဘေးအခန်း ကြိုးတန်းပေါ်မှ ဖြန့်ကျင်းပေးလိုက်သည်။ ပြီးမှ ပဋ္ဌိသန္ဓာရစကား ဆက်လက်လျှောက်ထားရပါသည်။

ဆရာတော်ကြီးက ဖြည်းအေးစွာ တိုးညှင်းလွန်းစွာ တစ်လုံးချင်း ဖြေကြားတော်မူ၏။ သို့သော်ဖြောင့်တန်းစွာ မမိန့်တော်မူနိုင်ပါ။ ချောင်းဆိုးဆက်နေ၏။ ချဲသလိပ်ကပ်နေ၏။ သလိပ်ဟပ်၍လည်းမလွယ် ဖြစ်၏။ သို့နှင့်ညီ ကျော်သိန်းက မက်လင်ချဉ်ပါသော တိုင်းရင်းချောင်းဆိုးပျောက်ဆေးကောင်းလှချည့်ဆိုကာ မြို့ထဲထွက်ဝယ်ရှာ၏။ ချက်ချင်းဆိုသလို ပြန်ရောက်လာ၏။ ဆေးဘူးကို ကျွန်တော့်လက်ထဲထည့်၏။ ဖွင့်ပြီး ကျွန်တော် ဦးစွာမြည်းစမ်းကြည့်၏။ ချဉ်တင်တင်နှင့် အဝင်မဆိုးလှပါ။

ဝေဒနာကို မည်သည်းမည်သျှဉ်း ဆရာတော်ကြီး ဒေါက်တာများ ကပ်ထားသည့် အင်္ဂလိပ်ဆေးတွေကိုလည်း သုံးနေပါလျက်၊ ကျွန်တော်လျှောက်ထားချက်ကို မပယ်။ ကျွန်တော်ကပ်သည့် ဆေးကို သုံး၍ အံ့သြမိ၏။ ပြီးတော့ဝမ်းသာရ၏။ စကားပြောလို့လည်း အဆင်ပြေလာပြီ။ "ဆေးက အစွမ်းသား" ဟု မိန့်တော်မူပါသည်။

သီစမ်းချင်လွန်း

ကျောင်းတိုက်သို့ အဖူးမြော်မသွားရောက်သေးမီကပင် ကျွန်တော် သိပ်သီစမ်းချင်နေသော အချက်တစ်ချက်

ရှိသေး၏။ ထိုစဉ်တုန်းက ရန်ကုန်-သန်လျှင် မြစ်ကူးတံတားကြီး တည်ဆောက်နေဆဲကာလဖြစ်နေ၏။ ထိုတံတားအကြမ်းထည်မပြီးတတ်သေးပါ။ ကြမ်းခင်ဆိုတာ အဝေးကြီးရှိသေး၏။ နိုင်ငံခြားအင်ဂျင်နီယာများက ဘုန်းကြီးတစ်ပါးဆောက်ဆဲတံတားပေါ်မှနေ၍ လျှောက်လှမ်းကြွမြန်းသွားတာ မျက်စိနှင့်တပ်အပ်သေချာလွန်းစွာ ထူးဆန်းလွန်းစွာ ဖူးတွေ့လိုက်ရသည် ဆိုကြ၏။ လိုက်လံရှာဖွေဖူးတော့ ရန်ကုန်တစ်မြို့လုံး နှံ့ခဲ့ပြီး ရှပ်ရည်ချင်းမတူပါ။ မဟုတ်ပါတဲ့။ သို့နှင့် နောက်ဆုံး သပြေကန်ဆရာတော်ကြီးထံမှောက်ရောက်ကြတော့၏။ ဟုတ်ပြီ။ ဟုတ်ပါသည်။ ဆရာတော်ကြီးနှင့် တော့်တော့ဆိုင် ဖူးမြော်ခွင့်ရလျှင် ယင်းအကြောင်းကို မေးလျှောက်မည်ဟု စိတ်ထဲ တေးမှတ်ထားခဲ့၏။

ဆရာတော်ကြီးက ကျွန်တော့်အတွင်းစိတ်ကို သိနေသလား မပြောတတ်ပါ။ ကျွန်တော် မလျှောက်ကြားရသေးမီမှာပင် ဦးပြည်းခေါင်းကို ပွတ်ကာ ပွတ်ကာ "ခုတလော ဘုန်းကြီးမှာလည် မြို့ထဲ ဟိုသတင်း ဒီသတင်းတွေ ဖြစ်နေသတဲ့" ဟု တိုးတိုး မိန့်တော်မူ၏။ ကျွန်တော်က "နို့ အရှင်ဘုရားကော မှန်နေတယ်မဟုတ်လားဘုရား" ပြန်လျှောက်ထားလိုက်မိ၏။ "မဟုတ်ရပါဘူး၊ ဒကာရယ်။ သပြေကန်ရွာဆီတော့ စိတ်ညွှတ်မိပါတယ်" ဟူ၍ မိန့်တော်မူပါသည်။

တစ်ကြိမ်တည်းသာ

ဆရာတော်ကြီးကို ထိုတစ်ကြိမ်တည်းသာ ဖူးမြော်လျှုဒါန်းခွင့်၊ စကားလက်ဆုံကျခွင့် ကြုံလိုက်ရပါသည်။ ထိုစဉ်တုန်းက နောင်နှစ်တွေမှာလည်း ရန်ကုန်ရောက်တိုင်း ဖူးမြော်ခွင့် ကြုံရလိမ့်ဦးမည် မျှော်လင့်ထားခဲ့မိပါသည်။ ရန်ကုန်သို့ ကျွန်တော် ဆင်းလေ့မရှိသော်လည်း ရန်ကုန်ဆရာတော်အား တစ်နှစ်ခြား တစ်ကြိမ်၊ သိက္ခာထပ်အလှူပြုရန် ရည်မှန်းထားရှိ၏။ ၁၉၉၅-ခုနှစ်မှာ ဒုတိယအကြိမ်အတွက်ကိုပင် ပန်ကြားထားခဲ့ပြီးပါပြီ။ ၁၉၉၇-ခုနှစ်မှာ တတိယအကြိမ်ဟု စိတ်ထဲကြိတ်စီစဉ်ထားခဲ့၍ ဖြစ်ပါသည်။ ရည်ရွယ်ရင်းအတိုင်း အလှူအထမြောက်ခဲ့ပါသော်လည်း သပြေကန်ဆရာတော်ကြီးကား တစ်ဘဝချုပ်ငြိမ်းတော်မူပြီးဖြစ်နေခဲ့ပါပြီ။

ကျွန်တော်မှတ်မိသရွေ့ ၁၉၉၄-ခုနှစ် လွတ်လပ်ရေးနေ့၌၊ သပြေကန်ဆရာတော်ကြီးအား အဘိဓမ္မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် အပ်နှင်းကြောင်း သတင်းဖတ်ရတယ်။ ၁၉၉၅-ခုနှစ် ဖေဖော်ဝါရီလ ၅-ရက် ညပိုင်းမှာ လွန်တော်မူ၏။ ဖေဖော်ဝါရီလ ၁၂-ရက်မှာ အန္တိမအဂ္ဂိစ္စာပန ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပခဲ့ကြပါသည်။ လောင်တိုက်အတွင်း မီးလျှံအကြား ညာလက်တော် ရွှေဝါဝင်းလျက် လက်မလက်ညှိုးတော်များ မင်တံကိုင်ထားဟန် အနေအထားမတ်ပုံတစ်ပုံကိုသာ ကျွန်တော် ပူဇော်ခွင့် ရလိုက်ပါသည်။

သာသနာတော်တည်သရွေ့

သာသနာတော်ခေတ် တည်ရှိသရွေ့ ဆရာတော်ကြီး၏ "ပရိတ်ကြီး နိဿယသစ်" ကျမ်းစာအုပ်သည်လည်း တည်ရှိနေပါလိမ့်မည်။ နာမည်မသေ၊ ဂုဏ်မည်း၊ တိုးလို့သာကျော်ကြားထင်ရှားနေမည်မှာ မုချမလွဲကောန်ဖြစ်ပါမည်။ အာဘယ်ကြောင့်ဆိုသော် လမ်းပြကြယ်ကြီးဆိုအပ်သော ဓူဝံကြယ်ကြီး ထက်ကောင်းကင်ယံမှာ အမြဲထွန်းလင်းကာတောက်ပလမှာ ပြနေမည်ဖြစ်သလို၊ ပရိတ်ကြီးနိဿယသစ်ကျမ်းတစ်ဆူသည်လည်း သာသနာလမ်းပေါ်ဝယ် လျှောက်လှမ်းကြမည့် ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်အပေါင်းတို့အား မီးရှူးတန်ဆောင်သဖွယ် လမ်းပြနေမည်မို့ပါ။

စတုဓမ္မသာရကိုးခန်းပို့ကို စီရင်သီကုံးခဲ့သော ရှင်မဟာရဋ္ဌသာရသည် "သာရဂန္ထ၊ စန္ဒနလျှင်၊ ပင်လှည်းရော်၊ ခြောက်သွေ့သော်လည်း၊ လှိုင်ကျော်စမြဲ၊ နံ့မရဲသို့" (အဝိဒ်၊ ၁၄၆)။ "သီရိထုံသင်း၊ မြက်တံတင်းဝယ်၊ ဟောင်းမြင်းရှည်လျား၊ ခြောက်အောင်ထားလည်း၊ စံကားရွေပွင့်၊ နံ့မလွင့်သို့" (အဝိဒ်၊ ၁၈၁)ဟူ၍ ဥပမာပေးစပ်ဆိုခဲ့သည့်အတိုင်း ဆရာတော်ကြီး၏ ဂုဏ်သတင်းကား မွှေးမြဲမွှေးနေပါမည်ဟု ဂုဏ်ပြုစကားဖြင့် နိဂုံးကမ္မတ် အဆုံးသတ်ကာ ရေးသားပူဇော်လိုက်ရပါတော့သည်။

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)

ဓမ္မနှင့် အတူနေပါ

ကံမြင့်

အခိုန်ကား ညနေချမ်းအခိုန်၊ ၄-နာရီသာသာခန့်။
နေ့ရက်ကား ရွှေကျင်ကျောင်းတိုက်၊ ပုဇွန်တောင်။

ကျောင်းတိုက်အတွင်းရှိသော ဦးပဉ္စင်းလေးအား မိမိက လျှောက်ထားမေးမြန်းလိုက်ရာ ဦးပဉ္စင်းလေးက “ဆရာတော်ဘုရားကြီး ရှိနေသည်။ မကြာခင်လေးကမှ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး ဦးခိုက်ကန်တော့ပြီး ပြန်သွားသည်” ဟုဆိုကာ ခဏကြာတော့ ဆရာတော်ကြီးကို ဦးခိုက်ပူဇော်ခွင့် ပြုလိုက်လေသည်။

ဆရာတော်ဘုရားကြီး၏ ရှေ့မှောက်သို့ မိမိ သွားရောက်ကာ ရှိသေစွာ ရှိခိုးဦးတင်လိုက်ပါသည်။

ဆရာတော်ကြီးက သိမ်မွေ့ညင်သာသော အသံကလေးဖြင့် လာရင်းကိစ္စကို မေးမြန်းတော်မူပါသည်။

"အကြောင်းထူးတော့ မရှိပါဘုရား။ တပည့်တော်ကို သွန်သန်ဆုံးမသြဝါဒပြုပါဘုရား"
ဟူ၍ မိမိကရိုရိုသေသေ လေးလေးစားစား လျှောက်ထားလိုက်ပါသည်။

ဆရာတော်ဘုရားကြီးက တိုးညှင်းသိမ်မွေ့သော အသံကလေးဖြင့် ကရဏာတရားထားကာ သြဝါဒမိန့်ကြားတော်မူပါသည်။

ဆရာတော်ကြီး၏ သြဝါဒကထာမှာ-

"**ဓမ္မနှင့်အတူနေပါ**" ဟူသတည်း။

ဓမ္မဆိုသည်မှာ ယေဘုယျအားဖြင့် အမှန်တရားဟု နားလည်သဘောပေါက်ထားသည်။

နောက်တော့ သီလ သမာဓိ ပညာနှင့် ယှဉ်တွဲနေရမည်ဟူ၍ နားလည်လိုက်ပါ၏။

ဆရာတော်ဘုရားကြီးသည် တိုတောင်းပြီး တန်ဖိုးကြီးမားသည့် သြဝါဒချီးမြှင့်လေ့ရှိသည်။

ယင်းနောက် ဆရာတော်ဘုရားကြီးက မိမိအား ဆရာတော်ဘုရားကြီး ဟောကြားစီရင်တော်မူသည့် "ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော်" ကျမ်းမြတ်ကိုလည်း စွန့်ကြဲတော်မူပါသည်။

ဆရာတော်ဘုရားကြီးမှာ မဂ်လာတောင်ညွန့်မြို့နယ် ပုဇွန်တောင်ရွှေကျင်တိုက်သစ်၏ ပဓာနနာယက၊ ဗုဒ္ဓဘာသာဝင်တိုင်း အလေးအမြတ်ထားရသည့် "ပရိတ်ကြီးနိဿယသစ်" ကျမ်းပြုဆရာတော်၊ သပြေကန်ဆရာတော်ဘုရားဟူ၍လည်း ထင်ရှားတော်မူသည့် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်များပိုင်ရှင် အရှင်ဝါသေဋ္ဌဘိဝံသ ဖြစ်ပါ၏။

ယခုအခါ ဆရာတော်ဘုရားကြီးမှာ ခန္ဓာဝန်ချပြီး ဖြစ်လေသည်။

ဆရာတော်ဘုရားကြီး၏ "ဥပါသကာဂုဏ်ရည်နှင့်သရဏဂုံတရားတော်" ကျမ်းစာမြတ်တွင် ရှေးဦးအမှာနှင့် ခေါင်းစဉ်ငယ်များ ပါရှိသည်။

"သာသနာ အရှည်တည်,မတည်" ခေါင်းစဉ်ငယ်တွင် "ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ဘုရားသာသနာကြာရှည်စွာ မတည်ခြင်းအကြောင်းတရား ငါးပါး ရှိ၏။ အကြောင်းငါးပါးမှာ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတို့၏ ဘုရား၌ မရှိသေခြင်း၊ တရား၌ မရှိသေခြင်း၊ သံဃာ၌မရှိသေခြင်း၊ အကျင့်သိက္ခာ၌ မရှိသေခြင်း၊ အချင်းချင်း မရှိသေခြင်း ဤအကြောင်းများပင် ဖြစ်ပါသည်။ ဟူ၍ ရေးသားထားသည်။

"ဥပါသကာ" ခေါ်ရပုံ ခေါင်းတုံးငယ်တွင် "ဥပါသကာ" ဟူသည် ဆည်းကပ်သူဟု အနက်ရ၏။ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတို့ကို ကိုးကွယ်အားထားရာဟု ဆည်းကပ်သူ သိမှတ်သူတည်း" ဟု ရေးသားထားပြီး ဆောင်ပုဒ်အဖြစ် "ရတနာသုံးရပ်၊ အမြတ်ဟုယူ၊ ဆည်းကပ်မှု၊ ထိုသူဥပါသကာတည်း" ဟုလည်း ရေးသားထားပြန်သေးသည်။

ဆက်လက်ပြီး "ဥပါသကာ၏ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါး" ကို ရေးသားထားသည်။ ယင်းတို့မှာ-

၁။ ရဟန်းတို့ကို ဖူးမြော်မှုမဆုတ်ယုတ်ခြင်း၊
၂။ တရားနာခြင်း၌ မမေ့ခြင်း၊
၃။ လွန်ကဲသော သီလခေါ် ငါးပါးဆယ်ပါး သီလ၌ ကျင့်ကြံအားထုတ်ခြင်း၊
၄။ မထေရ်အငယ်၊ အလတ်၊ ရဟန်းတော်တို့၌ ကြည်ညိုမှုများခြင်း၊
၅။ ချုပ်ချယ်စောင်းမြောင်းသော စိတ်မရှိဘဲ အပေါက်အကြား မရှာ တရားနာခြင်း၊
၆။ ဤဗုဒ္ဓသာသနာ အပြင်အပ၌ အလှူခံ မရှာခြင်း၊
၇။ ဤသာသနာ၌သာ အလှူဒါနမြတ်နိုးခြင်း စသော ရှေးဦးစွာ ကောင်းမှုပြုခြင်း တို့ ဖြစ်ကြလေသည်။

ဆရာတော်ဘုရားကြီးသည် ဥပါသကာတို့၏ အကျင့်ကို ဆက်လက်ရေးသားထားတော်မူသေးသည်။ "သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ တရားငါးပါး ထုံထား(ပွား)ထားအပ်သော စိတ်သည် အထက်တက်ရောက်ကြောင်း၊

မဟာနာမ်အား ဘုရားရှင် ဟောတော်မူခဲ့ရာ ဤတရား ငါးပါးမှာလည်း ဥပါသကာ၊ ဥပါသိကာတို့ အမြဲ သုံးရမည့် တရားများဖြစ်ပါ၏။ ဤတရားငါးပါး အထုံရသော စိတ်ရှိသူ ဥပါသကာ၊ ဥပါသိကာမများကား နောင်ဘဝ အထက်တန်းရောက်ရုံမျှသာမက ဤဘဝ၌ပင် ထူးခြားသော ဥပါသကာ၊ ဥပါသိကာများ ဖြစ်ရပါတော့၏" ဟူ၍ ရေးသားထားခြင်း ဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် ဥပါသကာအကြောင်း ခြင်းရာများကို ရေးသားခဲ့သည့်နည်းတူ "သရဏဂုံ တရားတော်" များကိုလည်း ဆက်လက်ဖွင့်ဆိုရေးသားထား တော်မူသည်။

သရဏဂုံနှင့်စပ်သော သိမှတ်ဖွယ်များခေါင်းစဉ် ငယ်အောက်တွင် "လောကီ,လောကုတ္တရာအားဖြင့် သရဏဂုံ နှစ်မျိုးပြား၏။ လောကုတ္တရာသရဏဂုံဆိုသည်မှာ အရိယာ တို့အား မဂ်ခဏ၌ပင် တည်လေတော့၏။ သီးခြားခံယူ ဆောက်တည်ရန် မလို။ ပုထုဇဉ်တို့၏ လောကီသရဏဂုံ ကား ဆောက်တည်ရ၏" ။

ထို့ပြင် "လောကုတ္တရာသရဏဂုံကား ပျက်စီးခြင်း မရှိ၊ အရိယာပုဂ္ဂိုလ်တို့သည် ဘဝတစ်ပါး ပြောင်းသွားသော အခါ၌ပင် တခြား ဆရာတစ်ပါးကို မကိုးကွယ်တော့" ။

"လောကီသရဏဂုံကား ပျက်စီးတတ်၏။ အပြစ် ရှိသောပျက်ခြင်း၊ အပြစ်မရှိသောပျက်ခြင်းဟု နှစ်မျိုးရှိ၏။ အခြား အမြတ်အနေအားဖြင့် ကိုးကွယ်လျှင် သရဏဂုံ ပျက်၏။ ဤကား အပြစ်ရှိသော ပျက်ခြင်းတည်း။ သေသောအခါ၌လည်း သရဏဂုံပျက်၏။ ဤပျက်ခြင်းကား အကျိုးမပေးသောကြောင့် အပြစ်မရှိ" စသည်တို့ကို ရှင်းလင်းစွာ ဟောကြားရေးသားထားသည်။

ဆရာတော်ဘုရားကြီးသည် သရဏဂုံနှစ်မျိုးကို အထိရောက်ဆုံး ရှင်းလင်းရေးသားပြီး ဆက်လက်၍ သရဏဂုံ ခံယူပုံလေးမျိုးကိုလည်း ရှင်းလင်းရေးသားထား ပြန်သည်။ သရဏဂုံခံယူပုံ လေးမျိုးမှာ-

၁။ မိမိကိုယ်ကို ရတနာသုံးပါးတို့အား အပ်နှင်း ကြောင်း သရဏဂုံ၊

၂။ ထိုဘုရား၊ တရား၊ သံဃာ ရတနာမြတ် သုံးပါးသာ ကိုးကွယ်လေလျောင်းရာ ရှိသည် အဖြစ် ခံယူသော သရဏဂုံ၊

၃။ တပည့်အဖြစ်သို့ ကပ်ရောက်ကြောင်း သရဏဂုံ၊

၄။ တကယ် ရိုသေတုပ်စပ်ခြင်း၊ တုပ်ဝပ်သော အရာဖြစ်သော သရဏဂုံတို့ ဖြစ်ကြလေသည်။

ဤသည်တို့မှာ ဆရာတော်ဘုရားကြီး ရေးသား တော်မူခဲ့သည့် "ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံ" ကျမ်းမြတ်မှ အချို့မျှသော ဥပါသကာနှင့် သရဏဂုံ အကြောင်းများသာ ဖြစ်ပါ၏။

ထေရဝါဒဗုဒ္ဓဘာသာဝင်များ ရေရေရာရာ မသိ သေးသော၊ တိတိကျကျ နားမလည်သေးသော၊ နားလည် သယောင် ဖြစ်နေသော ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ အခြေခံ တရားများကို ဆရာတော်ဘုရားကြီးသည် အရိုးရှင်း ဆုံး အထိမိဆုံးရေးသား ဟောကြားထားခြင်း ဖြစ်ပါ၏။ ကြည်ညိုပူဇော်၍မဆုံး ဖြစ်ရပါ၏။

ဆရာတော်ဘုရားကြီး၏ "ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော်" ကျမ်းမြတ်ကို ပြန်လည်ဖတ်ရှု ပူဇော် နေစဉ် ဆရာတော်ဘုရားကြီး ခန္ဓာဝန်မချမီက၊ တိုးညှင်း အေးဆေးစွာဖြင့် "ဓမ္မနှင့်အတူနေပါ" ဟူသည့် အတိုတကာ့ အတိုတောင်းဆုံးသော ထိမိလှသည့် သြဝါဒကထာလေးကို ပြန်လည်ကြားယောင် ပူဇော်နေမိပါ၏။

ဆရာတော်ဘုရားကြီးကိုလည်း ထပ်ခါထပ်ခါ ဦးခိုက်ပူဇော်နေမိပါ၏။

ဓမ္မနွယ်ဝင် သူတော်စင်အပေါင်းတို့ကိုလည်း ဆရာတော်ဘုရားကြီး၏ "ဓမ္မနှင့်အတူနေပါ" ဟူသည့် သြဝါဒကထာလေးကို ဓမ္မဒါနပြု ဖြန့်ဝေလိုက်ရပါ၏။

"ဓမ္မနှင့်အတူနေပါ"

ကံမြင့်

တိုမျိုးအားထားရာအမှုန် မြတ်သံယာတော်

ဦးကြင်

ကျွန်တော်သည် ထိုအချိန်မှစ၍ ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူသည်အထိ (၁၁)နှစ်တိုင်တိုင် တပည့်ရင်း ကပ္ပိယတစ်ဦးအဖြစ် ကုသိုလ်ယူဆောင်ရွက်ခဲ့ပါသည်။ ဆရာတော်ကြီး သွားလိုသော နေရာများသို့ ကိုယ်တိုင်ကားဖြင့်မောင်း၍ ပို့ပေးခဲ့ရပါသည်။ (၁၁)နှစ်တာအတွင်း ဆရာတော်ကြီး၏ အနီးနေတပည့်အဖြစ် ဆောင်ရွက်ခဲ့ရပုံ အဖြစ်အပျက် အစုံစုံကို ကျွန်တော့်စိတ်အာရုံထဲဝယ် တရေးရေး မြင်ယောင်လာမိပါသည်။

တိုးတက်စည်ပင်လာသော သာသနိက အဆောက်အဦများ

ဆရာတော်ကြီးသည် မူလက ကျောင်းမဲကြီးတွင် ဆင်းရဲပင်ပန်းစွာ သီတင်းသုံးလျက်ရှိရာ ဒေါ်ရင်မေ၊ ဒေါ်ကျင်မြိုင်၊ ဒေါ်ခင်လှ စသော ဆရာတော်၏ တပည့် ဒကာမများက ကျောင်းသစ်ဆောက်လုပ်လှူဒါန်းခဲ့ကြပါသည်။ ကျောင်းတိုက်၏ အမည်မှာ သာဓုဇနာနန္ဒကျောင်း ဖြစ်၍ (၁၄-၁၂-၁၉၈၃)နေ့တွင် ဆောက်လုပ်ပြီးစီးပါသည်။

၁၉၈၀ ပြည့်ကျော် ကာလများက ဖြစ်သည်။ ရန်ကုန်မြို့ပြ မြင်ကွင်း ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်၏ မြင်ကွင်းတို့သည် ယခုကဲ့သို့ မပြောင်းလဲသေး။ ကျွန်တော်တို့ နေထိုင်ရာ တောင်လုံးပြန်ရပ်ကွက်၏ ရှုခင်းများမှာလည်း ယခုကဲ့သို့ မပြောင်းလဲသေး။ ကျွန်တော်တို့ ရပ်ကွက်မှာ ကုန်ရောင်းကုန်ဝယ် လူစုလူဝေး ရှုပ်ရှုပ်ထွေးထွေးနှင့် နေညဆူညံ စည်ကားနေမြဲ ဖြစ်၏။

ဤကဲ့သို့သော ရပ်ကွက်ထဲတွင် အတိတ်ပါရမီ ဘုန်းကံထူးပါရှိ၍ အနေအထိုင် ရိုးသားကျစ်လစ်သိမ်မွေ့သော ဆရာတော်ကြီးတစ်ပါး သီတင်းသုံးလျက် သာသနာပြုနေပါသည်။ ကျွန်တော်လည်း လပြည့်, လကွယ်, ဥပုသ်ရက်များတွင် ရွှေကျင်ကျောင်းသို့ သီလယူတရားနာရင်း ဆရာတော်ကြီးထံပါးဝယ် ဝေယျာဝစ္စဆောင်ရွက်ရင်း ကျောင်းတိုက်ကိစ္စ၊ သံဃာ့ကိစ္စဆောင်ရွက်ရင်း တဖြည်းဖြည်းနှင့် ရင်းနှီးသော ကပ္ပိယဒကာတစ်ဦး ဖြစ်လာခဲ့ပါသည်။

ကျွန်တော့်မှာ ထိုကျောင်းဆောက်လုပ်ရေး တာဝန်များကို နောက်ပိုင်းတွင် ဝင်ရောက်ကြီးကြပ်ဆောင်ရွက်ပေးရပါသည်။ ထိုစဉ်က တာဝန်ယူစီမံနေသော အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌမှာ ဦးဘရင်၊ အတွင်းရေးမှူး ဦးကြွက်နီတို့ဖြစ်၍ ကြီးကြပ်လက်သမားဆရာကြီးမှာ ဦးတင်လှိုင် ဖြစ်ပါသည်။

ဆက်လက်၍ သာသနာ့ကျက်သရေဆောင် ကျောင်းတော်ကို(၂၂-၃-၁၉၈၆)နေ့တွင် ဆောက်လုပ် ပြီးစီးပါသည်။ ပုံစံထုတ် ကြီးကြပ်ပေးသော အင်ဂျင်နီယာမှာ ဦးအောင်လှ ဖြစ်၍ ပန်းရံနှင့် လက်သမားဆရာကြီးမှာ ဦးသန်းအောင်(အင်းတကော်) ဖြစ်ပါသည်။ ကျွန်တော့်မှာ

ဆရာတော်ကြီးက "အဲ အဲ ဒကာကြီး မအား‌လို့ မလှူဖြစ်ဘူး ဆိုပါစို့၊ ဘုန်းကြီး ဒီကနေ့ တစ်ခုခု ဖြစ်သွားခဲ့ရင် အဲဒီအလှူကို ဘုန်းကြီး မရတော့ဘူးပေါ့" ဟု မိန့်သဖြင့်

ပစ္စည်းဝယ်ယူရေးအပြင် အထွေထွေကိစ္စရပ်များပါ တာဝန်ယူရပါသည်။ ကျောင်းတိုက်ကြီး ဆေးသုတ်ရန် ငွေကျပ် (၄,၀၀၀၀၀/-)ဖိုး ကျွန်တော်တို့ မိသားစုက လှူဒါန်းခဲ့ပါသည်။

မူလဆရာတော်ကြီး ဦးကောသလ္လပုံလွန်တော် မူပြီးနောက် အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာကြီး ဦးထွန်းတင်(စံတော်မှီဆေးတိုက်)ဦးဆောင်ပြီး ရောင်တော် ပွင့်စေတီတော် ရင်ပြင်တွင် ဝါးတိုင်စိုက် ထရံကာ ထရံမိုးဖြင့် ယာယီမဏ္ဍပ်ဆောက်လုပ်၍ တရားပွဲများ ကျင်းပခဲ့ပါသည်။ ဆရာတော်များ ပင့်သောအခါ ချမ်းသာလမ်း ဦးလှမောင်၏ ဂျစ်ကားဖြင့် ကျွန်တော်ပင် ကြိုပို့တာဝန် ကုသိုလ်ယူခဲ့ပါသည်။ နောင်တွင် ထိုနေရာ၌ ဓမ္မပါလ ဓမ္မာရုံကြီး ဖြစ်လာ၍ တရားပွဲများ စဉ်ဆက်မပြတ် ဓမ္မသံများ ပြည့်လျှံနေခဲ့ပါသည်။

ကျောင်းတိုက်မှာ သီတင်းသုံးနေသော သံဃာတော်များအတွက် ဆွမ်းစားကျောင်းဆောင် လိုအပ်လျက်ရှိရာ "မဓုရသကာရ" အမည်ရှိ ဆွမ်းစားကျောင်းကို (၂၈-၇-၁၉၈၈)နေ့တွင် အပြီးဆောက်လုပ် လှူဒါန်းနိုင်ခဲ့ကြပါသည်။ ထိုတွင် ဆောက်လုပ်ရေးဆိုင်ရာ အထွေထွေ တာဝန်တို့ကို ကျွန်တော်တို့ အောက်ခြေသိမ်း ဆောင်ရွက်ခဲ့ကြရပါသည်။

ယခုအခါ ပဓာန နာယက ဆရာတော်ကြီး ဦးခေမာစာရ သီတင်းသုံးလျက်ရှိသော "မနောရမာဝါသ" ကျောင်းတော်ကြီးကိုလည်း (၂၅-၂-၁၉၉၃)နေ့တွင် ဆောက်လုပ်ပြီးစီး လှူဒါန်းနိုင်ခဲ့ကြပါသည်။ ဤကဲ့သို့ ကျောင်း(၄)ကျောင်း ဆောက်လုပ်ရေးတွင် အစစ ပါဝင် ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ ကျွန်တော် တော်၍,တတ်၍ မဟုတ်ပါ။ ကျွန်တော်၏ သန့်ရှင်းသော စေတနာစိတ်ထားကို အရင်းခံ၍ ဆရာတော်ကြီး၏ သီလ, သမာဓိ, ပညာ စွမ်းအားများကြောင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤကျောင်းများ ဆောက်လုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ဆရာတော်ကြီးက မေးမြန်းခြင်းလည်း မရှိ၊ လာရောက်ကြည့်ရှုခြင်းလည်းမရှိ၊ ကောင်း/ဆိုး ဝေဖန်ခြင်းလည်း မရှိပါလေ။

ဝိနည်းထိန်းသော တို့ဆရာတော်

သာဓုဇနာနန္ဒကျောင်းတိုက်တွင် ဆရာတော်ကြီး သီတင်းသုံးနေစဉ် ဆရာတော်ကြီးသည် ကျောင်းအဝင် သံတံခါးကြီးကိုလည်းကောင်း၊ အတွင်းတံခါးမကြီးကိုလည်းကောင်း၊ ကျက်သရေခန်းတံခါးကိုပါ သော့ခတ်ထားလေ့ရှိပါသည်။ ဒကာဧည့်သည်များက တံခါးကို လက်သဲနှင့်ခေါက်ပါမှ ဆရာတော်ကြီးက တံခါးဖွင့်ပေးလျက် ဖူးမြော်ခံပါသည်။ ဒကာမများလာပါက ကပ္ပိယဒကာ

ဝိနည်းသီလတော်ကို ရိုသေထိန်းသိမ်း တတ်သဖြင့် ဆရာတော်ကြီးသည် အာပတ်ဖြေရခြင်း၊ ဒေသနာကြားလျှောက်ရခြင်း တစ်ခါမျှ မရှိဘူးပါ။ သိက္ခာ ထပ်ခြင်းကိုလည်း လက်မခံပါ။

တစ်ဦးကို အနီးမှာ အမြဲရှိနေခိုင်းပါသည်။ ကပ္ပိယဒကာ တစ်ယောက် မရှိဘဲ ဒကာမများ၏ ဖူမြော်ခံလေ့ မရှိပါ။

တစ်ခါတွင် ဆရာတော်ကြီး၏ တပည့်ဒကာမ တစ်ဦးက ဆရာတော်ကြီး၏ အသည်းကြီး,မကြီး စမ်းသပ်ရန် မိတ်ဆွေဆရာဝန်မတစ်ဦးကို ခေါ်လာပါသည်။ ဆရာတော်ကြီးက မအပ်စပ်သဖြင့် စမ်းသပ်မခံပါ။ တစ်ခါကလည်း နာမည်ကျော်စော ထင်ရှားသော မာတုဂါမတစ်ဦး၏ ဓာတ်ပုံကို ဒကာတစ်ယောက်က ယူလာပြီး ဆရာတော်ကြီးအား ၄င်းမာတုဂါမကို မေတ္တာပို့ပေးရန် လျှောက်ထားပါသည်။ ဆရာတော်ကြီးက လက်မခံပါ။ ဓာတ်ပုံကိုလည်း မကိုင်ပါ။ အများသတ္တဝါအားလုံးကို ဘုန်းကြီးက မေတ္တာပို့ပေးနေသည်ဟု ပြန်ပြောလိုက်ပါသည်။

ကျွန်တော်သည် ဆရာတော်ကြီး ကြွလိုရာခရီးမှန်သမျှကို ကားနှင့် ပင့်ဆောင်ပေးရမြဲ ဖြစ်ပါသည်။ ထိုသို့ ကြွတော်မူသည့် အခါတိုင်း ဆရာတော်ကြီးသည် လမ်းခရီးဌ အလွှာပ,သလွှာပစကား မေးမြန်းပြောဆိုခြင်း အလျဉ်း မရှိပါ။

ရက်စွဲတော့ ကျွန်တော် မမှတ်မိတော့ပါ။ တစ်ရက်တွင် နိုင်ငံကျော်ဆရာတော်ကြီးတစ်ပါး၏ မွေးနေ့ပူဇော်ပွဲသို့ ဆရာတော်ကြီးနှင့်အတူ ကျွန်တော်တို့ သွားကြပါသည်။ ထိုပွဲတွင် စောင်းတူရိယာ တီးခတ်၍ အဆိုတော်တစ်ဦး ဂုဏ်ပြုတေးထပ် ရွတ်ဆိုပူဇော်နေပါသည်။ စောင်း စ,တီး ခိုက်မှာပင် ဆရာတော်ကြီးက "ဒကာ ကြင်၊ ပြန်ကြမယ်" ဟု အမိန့်ရှိသဖြင့် ကျွန်တော်တို့ ပြန်လာခဲ့ကြပါသည်။ လမ်းတွင် ဆရာတော်ကြီးက "ဘုန်းကြီး ပြန်ကြတာ လွန်များ လွန်သွားသလား" ဟု မိန့်ပါသည်။

ဆရာတော်ကြီးသည် စည်းကမ်းစနစ်ကို မြတ်နိုး၍ အလွန်တိကျသူတစ်ဦးလည်း ဖြစ်ပါသည်။ ကျောင်းသို့ ကျွန်တော်ရောက်နေကျအချိန်ထက် (၁)မိနစ် နောက်ကျရောက်သည်ကိုပင် "ဒကာကြင်၊ နောက်ကျတယ်" ဟု သတိပေးတတ်ပါသည်။ ကျောင်းသို့ (၂)ရက် (၃)ရက်ခန့် မရောက်ဖြစ်လျှင်လည်း ဒကာကြီး ကျောင်းနှင့်ဝေးလျှင် အပါယ်နဲ့နီးတယ်" ဟု ဆုံးမလေ့ ရှိပါသည်။

တစ်ခါက ဆရာတော်ကြီးခေါ်ခိုင်း၍ ကျွန်တော် သွားရာ "သော့တွဲ" ကို ကျွန်တော့်ထံ ပစ်ပေး၍ ဝတ္ထုငွေများကို ရေတွက်စေပါသည်။ အားလုံးရေတွက်ပြီးသောအခါ ကျွန်တော်က "တပည့်တော် ဒီငွေတွေကို ဘယ်လို ဆောင်ရွက်ရမလဲဘုရား" ဟု လျှောက်ထားရာ ဆရာတော်က "တခြားဘယ်သူမှ မသိစေနဲ့၊ အဲဒီနေရာကို သွားလှူ။ ဘုန်းကြီးအမည်လဲ မတပ်နဲ့၊ ဂေါပကအမည်နဲ့လှူ" ဟု မိန့်ပါသည်။

ကျွန်တော်က "တပည့်တော် ဒီနေ့ မအားလို့ပါဘုရား၊ နောက်ရက်မှ သွားလှူပေးပါ့မယ်" ဟု လျှောက်ထားရာ ဆရာတော်ကြီးက "အဲ အဲ ဒကာကြီး မအားလို့ မလှူဖြစ်ဘူး ဆိုပါစို့၊ ဘုန်းကြီး ဒီကနေ့ တစ်ခုခု ဖြစ်သွားခဲ့ရင် အဲဒီအလှူကို ဘုန်းကြီး မရတော့ဘူးပေါ့" ဟု မိန့်သဖြင့် ကျွန်တော့်မှာ ထိုနေ့တွင်ပင် မဖြစ်,ဖြစ်အောင် သွားလှူရပါသည်။

ထိုအချိန်က တီဗွီများ၊ အောက်စက်ခေါ် Viedo Player များ ပေါ်ခါစဖြစ်ပါသည်။ ကျွန်တော်၏အိမ်တွင် အောက်စက်မရှိသေးသဖြင့် ဓမ္မပါလဓမ္မာရုံကြီးတွင် တရား

ခွေများနှင့် အခြားခွေများပါ ကြည့်ဖြစ်ကြပါသည်။ ဆရာတော်ကြီးက ကျွန်တော့်ကိုခေါ်၍ "ဘုန်းကြီး ညက ဓမ္မာရုံထဲမှာ အသံတွေကို ကြားနေရတယ်၊ ဒကာကြီးတို့ ဘာခွေတွေ ကြည့်ကြတာတုန်း" ဟု မေးပါသည်။ ထို့နောက် "ဘုန်းကြီးတော့ မနေ့ ဆရာဦးသုခအိမ်က ဆွမ်းစား ပင့်လို့ သွားတော့ ရဟန်းစားသော ဆွမ်းတစ်နပ်ကို အနည်းငယ် ကြည့်ဖြစ်ခဲ့ပါရဲ့" လို့ မိန့်လိုက်ပါသည်။

ဤကဲ့သို့ ဝိနည်းသီလတော်ကို ရိုသေထိန်းသိမ်းတတ်သဖြင့် ဆရာတော်ကြီးသည် အာပတ်ဖြေရခြင်း၊ ဒေသနာကြားလျှောက်ရခြင်း တစ်ခါမျှ မရှိဘူးပါ။ သိက္ခာထပ်ခြင်းကိုလည်း လက်မခံပါ။ ကျွန်တော့်အတွေ့အကြုံအရ ပုဇွန်တောင်ရွေကျင်ကျောင်းတိုက်တွင် သီတင်းသုံးနေစဉ် ဆရာတော်ကြီး သိက္ခာထပ်သည်ကို တစ်ကြိမ်မျှ မတွေ့ဖူးပါ။

မြန်မာ့ဝေါဟာရ ပြောင်းထုံးကျမ်း

ကျွန်တော်သည် ကျောင်းတိုက်အတွင်း သာသနိကအဆောက်အဦများ ဆောက်လုပ်လျှုဒါန်းမှုတွင် ပါဝင်ကူညီလျှုဒါန်းခဲ့ရရုံသာမက ဆရာတော်ကြီး၏ ဓမ္မကျမ်းစာများကို စာအုပ်အဖြစ် ရိုက်နှိပ်ရေးတို့တွင်လည်း ပါဝင်ကူညီလျှုဒါန်းခဲ့ဖူးပါသည်။

ကျောင်းတိုက်၏ ပထမဆရာတော်ကြီး ဦးကောသလ္လ ရေးသားခဲ့သည့် "မြန်မာ့ဝေါဟာရ ပြောင်းထုံးကျမ်း" စာမူကို ဆရာတော်ကြီးကိုယ်တိုင် ကြီးကြပ်ဖတ်ရှု စိစစ်၍ ပုံနှိပ်စေပါသည်။ တောင်ငူကွန်လာမှ ဆရာကရမက် (ဦးတင်မောင်)၏ အစီအစဉ်ဖြင့် ပုံနှိပ်ရာ ကျွန်တော်က သယ်/ပို့ ကူညီရပါသည်။ ၄င်းကျမ်း အုပ်ရေ(၁၀၀၀) ရိုက်နှိပ်ပြီးသောအခါ "ပညာအလင်းပြ" စာအုပ်တိုက်က ဝယ်ယူမည်ဟု ဆိုပါသည်။ ဆရာတော်ကြီးက စာအုပ်များကို ပြင်ပသို့ မရောင်းဘဲ တက္ကသိုလ်စာကြည့်တိုက်များမှ တစ်ဆင့် နိုင်ငံခြားရှိ စာကြည့်တိုက်များသို့ ဓမ္မဒါနအဖြစ် အားလုံးပေးလှူလိုက်ပါသည်။ ဓမ္မပါလဓမ္မာရုံတွင် ပရိတ်ကြီးနိသယသစ်စာအုပ်များ ရောင်းချနေသည်ကိုလည်း ဆရာတော်ကြီးက မလိုလားသဖြင့် ကျွန်တော့်အိမ်သို့ ပြောင်းရွှေ့ထားခဲ့ရပါသည်။

ဝိနိစ္ဆယဆိုင်ရာ ရေးသားချက် (၀၂) စေတီနှင့်ရိုသေမှုတရားတော်

ဆရာတော်ကြီးအနေနှင့် ရွှေတိဂုံစေတီတော်ကြီး၏ သြဝါဒါစရိယ ဆရာတော်အဖြစ် ဆောင်ရွက်နေစဉ် စေတီတော်ကြီး၏ အထက်ပစ္စယံ ရင်ပြင်ပေါ်သို့ တက်သင့်မတက်သင့် ဂေါပကအဖွဲ့အတွင်း ဝိရောဓိဖြစ်လျက် ရှိသည်။ သြဝါဒါစရိယဆရာတော်(၁၁)ပါး ရှိသည့်အနက် (၁၀)ပါးက စေတီရင်ပြင်ပေါ်သို့ တက်သင့်,မသင့် သပြေကန်ဆရာတော်ကြီးအား ရေးသားပေးတော်မူရန် ပန်ကြားခဲ့ပါသည်။

ဤသို့ ပန်ကြားချက်အရ ဆရာတော်ကြီးသည် စေတီရင်ပြင်တော်ပေါ်သို့ တက်သင့်၊ မတက်သင့် ဗုဒ္ဓ၏ ဂါရဝ၊ အဂါရဝနှင့်ဆိုင်သော ဝိနိစ္ဆယအဆုံးအဖြတ် စာတမ်းတစ်စောင်ကို ရေးသားတော် မူခဲ့ပါသည်။ စာမူကြမ်းရေးသားပြီးသောအခါ ကျွန်တော်က "စာမူကြီးရေးပြီး၍ ဆရာတော်ကြီး ဆယ်ပါးလုံးကလည်း ထောက်ခံပါသောကြောင့် စာအုပ်ရိုက်နှိပ်ကြောင်း" လျှောက်ထားခဲ့ပါသည်။

ဘုရားအစစ်အမှန်၊
တရားအစစ်အမှန်ကို သိမြင်ရန်
သံဃာတော် အစစ်အမှန်က
ဆောင်ရွက်ပေးနိုင်လေသည်။

ဆရာတော်ကြီးက "ဆရာတော်တစ်ပါးတည်း မထောက်ခံပေမယ့်၊ ထိုဆရာတော် ရေးသားတင်ပြသည့် စာမူက ကောင်းနေလျှင် သူ့စာမူကိုပဲ ဦးစားပေးရမည်" ဟု မိန့်ကာ ထိုဆရာတော်၏စာမူကို ကြည့်ရှုရန် ကျွန်တော့်အား စေလွှတ်ပါသည်။ ကျွန်တော် သုံးလေးကြိမ် သွားသော်လည်း စာမူမရခဲ့ပါ။ အဆိုပါ ဆရာတော်သည် ဆရာတော်ကြီး၏ စာမူကို လိုလိုလားလား ထောက်ခံခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ ဆရာတော်ကြီး၏ စာမူကိုပင် စာအုပ်အဖြစ် ဆောင်ရွက်ရန် သာသနာရေးဝန်ကြီးဌာနမှ ဦးကြည်ညွန့်ထံ အကူအညီတောင်းခံကြည့်ရာ ရွှေတိဂုံစေတီတော်နှင့် သက်ဆိုင်သဖြင့် ဂေါပကအဖွဲ့ထံမှ ခွင့်ပြုချက်ယူပါဟု ဆိုခဲ့သည်။ သို့ရာတွင် ဂေါပကအဖွဲ့ဝင် တချို့မှာ စေတီတော်ရင်ပြင်ပေါ်သို့ မတက်သင့်ဟူသော အဆိုကို နှစ်ခြိုက်လျက်ရှိရာ ဆရာတော်ကြီး၏ စာမူမှာ စာအုပ်အဖြစ် ပေါ်ထွက်လာနိုင်ခြင်း မရှိတော့သည်မှာ ဆရာတော်ကြီး ပျံလွန်တော်မူသွားသည့် အချိန်တိုင်အောင်ပင်။ နောင်သောအခါ ထို "စေတီနှင့်ရိုသေမှု" စာမူကို ဒေါ်ရွှေဝါစိုး၊ ဒေါ်စောချယ်ရီသိန်း ညီအစ်မများ၏ မိခင် ဇရာဝတီစာအုပ် တိုက်က အုပ်ရေ(၁၀၀၀)ရိုက်နှိပ်ကာ ဓမ္မဒါန အဖြစ် လှူဒါန်းခဲ့ကြရာ စာအုပ်အဖြစ် ပေါ်ထွက်ခွင့်ရခဲ့ပါသည်။

ဓမ္မစေတီတော်များ တည်ထားခြင်း

ဆိုခဲ့သည့်အတိုင်း ဆရာတော်ကြီး၏ ကျမ်းစာများ စာအုပ်အဖြစ် ရိုက်နှိပ်နိုင်ရေး ကျွန်တော်ကူညီဆောင်ရွက်ခဲ့သည်မှာ ကျွန်တော်ထုတ်ဝေသူအဖြစ် ဆောင်ရွက်၍ ပရိတ်ကြီးနိသယသစ်ကျမ်းစာအုပ် အုပ်ရေ(၁၀၀၀၀)ကို ရိုက်နှိပ်ခဲ့ပါသည်။ ဆရာတော်ကြီး ရေးသားတော်မူသော သပြေကန်တရားပေါင်းချုပ် အမှတ်(၁) ပထမအကြိမ် အုပ်ရေ(၃၀၀၀)နှင့် ဒုတိယအကြိမ် အုပ်ရေ(၂၀၀၀)ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်ဆွေနှင့် ဇနီး ဒေါ်သက်သက်ဆွေ မိသားစုတို့က ဓမ္မဒါနအဖြစ် လှူဒါန်းခဲ့ကြပါသည်။ ကျွန်တော်နှင့် ဇနီး ဒေါ်တင်ရီ မိသားစုက အုပ်ရေ(၂၀၀၀)ကို ဓမ္မဒါနအဖြစ် ထပ်မံလှူဒါန်း၍ ဓမ္မစေတီများ တည်ထားခဲ့ကြပါသည်။ ထို့ပြင် ကျွန်တော်တို့ မိသားစုသည် ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်မှန်းဆပူဇော်ပွဲတွင် ဆရာဦးကျော်လှိုင် ဟောပြောခဲ့သော "အံ့ဖွယ်စွယ်စုံ ပုဂ္ဂိုလ်ထူး" နှင့် ဆရာတော် ဦးခေမာစာရ၏ "ဂုဏ်ရည်မှန်းဆပူဇော်ပွဲ" ဟောပြောချက် အုပ်ရေ(၁၀၀၀)ကိုလည်း ရိုက်နှိပ်၍ ဓမ္မဒါနပြုခဲ့ပါသေးသည်။

ဆီးကြိတ်ဝေဒနာနှင့် နှလုံးရောဂါ ခံစားရခြင်း

တစ်ခါတွင် ဆရာတော်ကြီးသည် ကျင်ငယ်စွန့်၍ မရဘဲ ခေါင်းနှင့် နဖူးတို့မှ ချွေးသီးကြီးများ ကျဆင်းလျက်ရှိပါသည်။ ဤသို့ အလွန်ခံရခက်သော ဝေဒနာကို ခံစားနေရသော်လည်း ဆရာတော်ကြီးသည် ရုံ့မဲ့ခြင်း၊ ညည်းညူခြင်းမရှိ၊ ဝေဒနာကို သည်းခံလျက်သာ ရှိပါသည်။ ကျွန်တော်က "ဆရာတော်ဘုရား၊ ကျင်ငယ်စွန့်မရပါက အလွန်အောင့်တတ်ပါတယ်၊ ဆီးချူကြည့်သင့်ပါတယ် ဘုရား" ဟု လျှောက်ထားရာ ချက်ချင်း လက်မခံပါ။ သို့သော် ဆရာတော်ကြီး ခံစားနေရသော ဝေဒနာမှာ ပို၍ဆိုးဝါးလာရာ အေးဆေးတိုက်မှ ဒေါက်တာစိုးဝေကို ပင့်ပြီး ဆီးပိုက်သွင်း ဆီးချူလိုက်မှ သက်သာသွားပါသည်။ နောက်တစ်ကြိမ်မှာ ဆရာတော်ကြီးကို မကြာခဏ ဒုက္ခပေးနေသော ဆီးကြိတ်ကို ခွဲစိတ်ရန် သန်လျင်မင်းကျောင်း ဆရာတော် ဦးဆောင်၍ ဂျပန်ဆေးရုံကြီးသို့ ပင့်ဆောင်ကြပါသည်။ ဆရာကြီး ဒေါက်တာဦးသန်းအေးမှ တာဝန်ယူ ခွဲစိတ်ပေးသဖြင့် ခွဲစိတ်မှု အောင်မြင်ခဲ့ပါသည်။

နောက်ဆုံးအကြိမ် ဆရာတော်ကြီး၏ အသက်တော် ဇီဝိတိန္ဒြေကို ချွေယူမည့် နှလုံးရောဂါ ဖြစ်ပေါ်လာစဉ်ကလည်း ကျွန်တော်ကိုယ်တိုင် ဒေါက်တာသီဝတင်နှင့် အပ်နှံကုသစေခဲ့ရပါသည်။ ဆရာတော်ကြီး တပ်မတော်ဆေးရုံကြီးသို့ တက်ရောက်နေစဉ်ကလည်း နေ့ပိုင်းတွင် ကျွန်တော် ဆရာတော်ကြီးအနီး၌ ရှိနေပါ၏။ ညဘက်တွင်ကား ကျွန်တော့်မျက်စိတွင် တိမ်စွဲနေသဖြင့် ကားမောင်းမရ၍ ဆရာတော်ကြီးထံ ကျွန်တော်မသွားနိုင်တော့ပါ။ ဆရာတော်

ကြီး အနီးဌ် နေ၍ ပြုစုနေကြသော ကပ်ိယ ကိုသောင်းလှိုင်၊ ကိုအုန်းမြင့်၊ ကိုမြညွန့်တို့ ပြောပြချက်အရ ဆရာတော်ကြီးက "မင်းတို့ ဦးကြင်ခေါ်ပေး၊ ငါ့ကို ကျောင်းပြန်ပို့ပေး" ဟု တဖွဖွ မိန့်ခဲ့ကြောင်း သိရပါသည်။

ဆရာတော်ကြီး နှလုံးရောဂါသည်းနေချိန်တွင် ကျွန်တော်သည် နှလုံးနှိုးစက်သစ်တစ်လုံးကို ကျွန်တော့် မိတ်ဆွေ ဒေါ်မိမိခိုင် အကူအညီနှင့် ယူခဲ့ပြီး ဆရာတော်ထံ ပေးပို့နှိုးစေခဲ့သော်လည်း အခြေအနေ မဟန်ဘဲ ဆရာတော်ကြီးမှာ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရှာပါတော့သည်။

သံဃာကိုးကွယ်စည်းစိမ်ကြွယ်

ကျွန်တော်သည် ဤကဲ့သို့ ဆရာတော်ကြီး၏ ခြေတော်ရင်းဝယ် (၁၁)နှစ်တိုင်တိုင် ကျောင်းတိုက်ဝယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စ စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်လာခဲ့ပါသည်။ သပြေကန်ဆရာတော်ဘုရားကြီး၏ မေတ္တာ, စေတနာတော်တို့ကို ယုံကြည်, အားကိုး, ကြည်ညိုစိတ်တို့ဖြင့် ဝတ်ပြုဆောင်ရွက်ခဲ့သဖြင့် မျက်မှောက်ဘဝ၌ပင် အကျိုးပေးသည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ယုံကြည်လောက်သည့် သာဓကများလည်း ကျွန်တော့်ဘဝတွင် မှတ်တိုင်အဖြစ် ထင်ရှားကျန်ရစ်ခဲ့ပါသည်။

ဆရာတော်ကြီး သီတင်းသုံးသည့် "သာဓုဇနာနန္ဒ" ကျောင်းတော်ကြီး ပြုပြင်မွမ်းမံရန် လက်ခံခဲ့စဉ်က ကျွန်တော့်လက်ထဲတွင် ငွေကြေးပိုင်ဆိုင်မှု(၁)သိန်းကျော် မပြည့်ခဲ့ပါ။ ယခု ကျွန်တော် အသက်(၈၃)နှစ်ရောက်ချိန်၌ သာသနာတော်သို့ အလှူငွေ ကျပ်သိန်းပေါင်း ကျွန်တော့် သက်စေ့ကျော် လှူဒါန်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ဆရာတော်ကြီးကို စတင်ဖူးတွေ့ခဲ့ရစဉ်က ကျွန်တော့်ဘဝသည်လည်း စားသောက်နိုင်ရုံမျှသာ။ ဗုဒ္ဓသာသနာတော် ကြီးပွားကြောင်းကို ဆောင်ရွက်ခဲ့သဖြင့် ကျွန်တော့်ဘဝသည်လည်း စီးပွားတရိပ်ရိပ်တက်ကာ တိုးတက်ကြီးပွားလာခဲ့ဟန် တူပါသည်။ ကျွန်တော့်တွင် သန်းထက်အောင်သဘော်၊ ဘောဂဝတီသဘော် နှစ်စင်းအပြင် နံပါတ် ထ/၁၀၃၇ ဆလွန်းကား တစ်စီးပါ ပိုင်ဆိုင်လာခဲ့ပါသည်။ ဆရာတော်ကြီးကိုယ်တိုင် မေတ္တာ ကရုဏာရှေ့ထား၍ ကျွန်တော်၏ သဘော်များနှင့် ကားပေါ်ဝယ် ပရိတ်တော်များ ရွတ်ဖတ်ပေးခြင်း၊ မေတ္တာပွားပို့ ဆုတောင်းပေးခြင်းကြောင့် ထိုမော်တော်နှင့်ကားများ စက်ပျက်ခြင်း၊ ဒုက္ခပေးခြင်းမျိုးကို တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ရဖူးပါ။ ဆရာတော်ကြီး သွားလိုရာ ခရီးစဉ်မှန်သမျှကိုလည်း ကျွန်တော်သည် ထိုကားနှင့်ပင် လိုက်လံပို့ဆောင်ကုသိုလ်ယူခဲ့ရပါသည်။

သံဃာ့ဂုဏ်ရည်နှင့် ပြည့်စုံသော သံဃာစစ်, သံဃာမှန်ကို ကိုးကွယ်ဆည်းကပ်မိသဖြင့် ကျွန်တော်သည် ဘေးဥပဒ် ရန်စွယ်မှန်သမျှမှလည်း လွတ်မြောက်ခွင့် ကြုံခဲ့ရပါသည်။ ဘုရားအစစ်အမှန်၊ တရားအစစ်အမှန်ကို သိမြင်ရန် သံဃာတော်အစစ်အမှန်က ဆောင်ရွက်ပေးနိုင်လေသည်။ ရတနာမြတ်သုံးပါးအပေါ်၌ ယုံကြည်ကိုးကွယ်ဆည်းကပ်မိသော သဒ္ဓါတရား(၀၀)သရဏဂုံ၏ အစွမ်းကြောင့် ကျွန်တော်သည် ကားကြိတ်ခံရသော်လည်း ခြေတောက် မကျိုးခဲ့ပါ။ ဝမ်းအကြိမ်(၄၀)လျှောပြီး သတိလစ်၍ ဆေးရုံတက်ခဲ့ရသော်လည်း မသေခဲ့ပါ။ တွဲပေါ်က ရေထဲသို့ ကျသွားသော်လည်း ယနေ့တိုင် အသက်ရှင်လျက် ရှိနေခဲ့ပါသည်။

တွဲပေါ်မှ ရေထဲသို့ ပြုတ်ကျသည့်ဖြစ်စဉ်

တစ်နေ့သ၌ ကျွန်တော်သည် သန်းထက်အောင် တွဲဆွဲရေယာဉ်ဖြင့် ရန်ကုန်မြို့မှ ရွှေကျင်မြို့သို့ ကျောက်စရစ်များ သယ်ဆောင်ရန် ထွက်ခွာခဲ့ပါသည်။ သန်းထက်အောင် တွဲဆွဲရေယာဉ်မှာ အင်ဂျင်စက်(၂)လုံးတပ် ရေယာဉ်ဖြစ်၍ ၄၂-လက်မအကျယ် ပန်ကာဒလက်နှစ်လုံး တပ်ဆင်ထားပါသည်။ "တိုင်းဧရာ" အမည်ရှိ ဘေးတွဲမှာ အလျား ၁၄၂-ပေ၊ ဗျက် ၃၆-ပေ ကျယ်ဝန်းပါသည်။

ကျွန်တော်တို့မှာ ထိုနေ့က ရေကြောင်းလမ်းအတိုင်း ခရီးနှင်လာခဲ့ရာ ညောင်တုန်းမြို့သို့ ည(၁၁)နာရီခန့်တွင် ရောက်ရှိလာပါသည်။ ညောင်တုန်းမြို့ (၆)လမ်း တည့်တည့် မြစ်အတွင်း၌ စီဗွီတွဲတစ်စင်း နစ်မြုပ်နေသဖြင့် အပြန်လမ်းကြောင်းသိရန် ကျွန်တော်သည် တိုင်းဧရာ တွဲပေါ်မှ

ထိုစဉ်အခါ၌က ကျွန်တော်သည် ရေထဲသို့ ကျသွားသော်လည်း ကြောက်စိတ်၊ စိုးရိမ်ထိတ်လန့်စိတ် မဖြစ်မိပါ။ အထက်၌ ဖော်ပြထားသကဲ့သို့ ပြုမူလှုပ်ရှားမှုများသည်လည်း ကြိုတင်စဉ်းစားထားရခြင်းမျိုး မဟုတ်ဘဲ သူ့အလိုလို စိတ်၏ လှုံ့ဆော်မှုတစ်ခုအဖြစ်(automatic) လှုပ်ရှားဆောင်ရွက်မိခြင်းသာ ဖြစ်ပါသည်။ ယခုအချိန်၌ ထိုဖြစ်ရပ်ကို ပြန်စဉ်းစားမိသောအခါ၌မူကား အသက်ဆုံးရှုံးနိုင်သည့် ဖြစ်နိုင်ချေ အလားအလာများကို ပြန်တွေးမိပြီး အလွန်ကြောက်လန့်မိပါသည်။

မကြောက်ဘဲ နေပါမည်လား။ ကျွန်တော်သည် ၁၄၂-ပေ ရှည်ပြီး ဗျက်အကျယ် ၃၆-ပေရှိသော တွဲအောက်ထဲသို့ ပြုတ်ကျခဲ့သဖြင့် ကံမကောင်းလျှင် ရေနစ်သေနိုင်ပါသည်။ အင်ဂျင်စက်(၂)လုံးတပ်ထားသဖြင့် (၁)မိနစ်လျှင် ပတ်ရေ(၁၈၀၀)အထိ လည်ပတ်နေသော ပန်ကာ(၂)လက်နှင့် ထိတွေ့မိလျှင်လည်း ဓက်ပြတ်၍ သေနိုင်ပါသည်။

ဤကဲ့သို့ သေတွင်းဝမှ လွတ်မြောက်ခဲ့ရခြင်းသည် သံဃာစစ်, သံဃာမှန်ဖြစ်သော ဆရာတော်ကြီးကို ဆည်းကပ် ကိုးကွယ်၍ သာသနာတော်ကြီးပွားကြောင်း ဆောင်ရွက်ပေးခဲ့ရသော စေတနာကံများ၏ အကျိုးကြောင့် ဖြစ်မည်ဟု ကျွန်တော်ယုံကြည်မိပါသည်။

ရတနာမြတ်(၃)ပါးသည် မိမိကို ယုံကြည်ကိုးကွယ်ဆည်းကပ်မိသူတို့၏ ဘေးရန်ကို ဆင်းရဲဒုက္ခရောက်စေခြင်းကို အစဉ်ပယ်ဖျက် ကာကွယ်ပေးစွမ်းနိုင်သည် မဟုတ်ပါလား။

* ဘုရားကိုးကွယ်၊ တန်ခိုးကြွယ် အပါယ်မကျ၊ နိဗ္ဗာန်ရ။
* တရားကိုးကွယ်၊ ချမ်းသာကြွယ် အပါယ်မကျ၊ နိဗ္ဗာန်ရ။
* သံဃာကိုးကွယ်၊ စည်းစိမ်ကြွယ် အပါယ်မကျ၊ နိဗ္ဗာန်ရ။

ဦးကြင်

ရှေ့သို့ တိုးကြည့်လိုက်ပါသည်။ ညအချိန်မို့ ဝန်းကျင် တဝိုက်မှာလည်း မှောင်မဲနေသဖြင့် ဘာမျှမမြင် မတွေ့ရဘဲ ရှေ့ခြေတစ်လှမ်းတိုးလိုက်မိစဉ်မှာပင် တွဲပေါ်မှ ရေထဲသို့ ပြုတ်ကျသွားပါတော့သည်။ ထိုအချိန်၌ ရေယာဉ်သည် အရှိန်ဖြင့် ခုတ်မောင်းလျက် ရှိနေပါသည်။

ကျွန်တော် တွဲပေါ်မှ ကျစဉ်က နောက်ကျောပေး အနေအထား ဖြစ်ပါသည်။ ရေထဲသို့ ရောက်သွားသောအခါ တွဲနှင့်ကျွန်တော်သည် မျက်နှာချင်းဆိုင် အနေအထား ဖြစ်သွားပါသည်။ ပထမတွင် ကျွန်တော်သည် တွဲဦးပိုင်း ဝမ်းဗိုက်ကို လက်(၂)ဖက်ဖြင့် တစ်စုံတစ်ရာ ကိုင်မိလေမလား ဆုပ်ကိုင်ကြည့်မိသော်လည်း ဆုပ်ကိုင်၍ မရပါ။ ကျွန်တော့်ဦးခေါင်းပေါ်မှ တွဲကြီးတစ်စင်းလုံး ဖြတ်ကျော်နင်းတက်သွားသော်လည်း ကျွန်တော် ဘာကိုမျှ မဆွဲမိလိုက်ပါ။

အချိန်ပိုင်းအတွင်းမှာပင် ကျွန်တော်သည် ဦးခေါင်းပေါ် လက်(၂)ဖက်ဖြန့်တင်၍ ရေထဲ၌ အသာထိုင်ချပြီး ဝဲဘက်သို့ ဘေးစောင်း ဒိုက်ထိုးကြည့်လိုက်ပါသည်။ ထိုအခါ ရေပေါ်ပေါ်လာပါသည်။ မတော်တဆ တွဲဝမ်းဗိုက် နှင့် ဆောင့်မိပါက မူးဝေသွားနိုင်သဖြင့် ချိန်ဆကာ ဤနည်းအတိုင်း ဒုတိယအကြိမ်, တတိယအကြိမ်, စတုတ္ထအကြိမ်ထိ ဆက်ကာ ကျွန်တော်ဘေးစောင်းဒိုက်ထိုး၍ သွားနေသော ရေယာဉ်၏ ပန်ကာဒလက်များ အန္တရာယ်မှ လွတ်တောင် ပြုလုပ်ခဲ့ရပါသည်။

ကျွန်တော်၏ သတိ, ဝီရိယမှန်စွာ ကြိုးစားမှုကြောင့် တွဲကြီးအောက်မှ ကျွန်တော် လွတ်မြောက်ခဲ့ပြီး၊ မော်တော်၏ ရှေ့(ပေ ၂၀)ခန့် အကွာတွင် ရေပေါ်ပေါ်နေပါသည်။ ရေထဲတွင် ကျွန်တော်ကိုယ်ဖော့နေပြီး မော်တော်ပေါ်မှ လူများကို အကူအညီတောင်းရပါသည်။ စက်ရပ်ရန် သင်္ကေတပြရပါသည်။ ရေယာဉ်ပေါ်မှ လူများလည်း ကျွန်တော့်ကို မြင်သွားပြီး စက်ရပ်ကာ မော်တော်ပေါ်သို့ ကူညီဆွဲတင်ပေးကြပါသည်။ မော်တော်ပေါ်ရောက်မှ ကျွန်တော် စိတ်မောလူမောဖြင့် သက်ပြင်းချနိုင်ပါတော့သည်။

ကဿပထေရ်မဟာ စေတနာသို့ပမာ နှင့် အရှင်အာနန္ဒာအလား အံ့ဖွယ်များ

သန်မာဉီး(ဖြူး)

မကျိုးမပြတ်သော သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်နှင့်ပြည့်စုံသော အကြင်သူကို ပညာရှိတို့သည် ဟုတ်တိုင်းမှန်စွာသိ၍ နေ့စဉ်နေ့တိုင်း ချီးမွမ်းကြကုန်ငြားအံ့။ ဇမ္ဗူရာဇ်ရွှေစင်နိကွန့် တူမျှသော ထိုသူ၏ အကျင့်သိက္ခာကို အဘယ်သူသည် ကဲ့ရဲ့နိုင်ပါအံ့နည်း။ ထိုသူကို နတ်တို့သည် ချီးမွမ်းကြကုန်၏။ ဗြဟ္မာတို့သည်လည်း ချီးမွမ်းကြကုန်၏။ (ဓမ္မပဒ)

လွန်ခဲ့သော ၁၉၈၅-ခုနှစ်ဝန်းကျင်က ဖြစ်မည်ထင်ပါ၏။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်၏ ကပ္ပိယကာရကကြီးဦးချမ်းမြ၏ကောင်းမှုကျေးဇူးကြောင့် ဆရာတော်အရှင်သူမြတ်အား စတင်ဖူးမြော်ကြည်ညိုခွင့်ရရှိခဲ့ပေသည်။ ဆရာတော်အား စတင်ဖူးမြော်ခွင့်ရရှိခဲ့သည့် အချိန်ကပင် ဆရာတော်၏ တည်ငြိမ်အေးဆေးသောအသွင်၊ ကြည်လင်ရွှင်ပြ အေးမြသော မျက်နှာတော်၊ မာန်မာနမရှိ နှိမ့်ချတတ်သော လက္ခဏာတော်၊ သာယာနာပျော်ဖွယ် မတိုးမကျယ်အသံတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ရ၍ သူတော်ကောင်းလက္ခဏာတို့နှင့် ပြည့်စုံသော အရှင့်အား လေးစားကြည်ညိုပူဇော်ခဲ့ရပါသည်။

ယင်းနောက် ဆရာတော်အရှင်၏ ကျမ်းစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် လေ့လာဖတ်ရှုရသောအခါ ဆရာတော်အရှင်သည် ပရိယတ်၌ တစ်ဖက်ကမ်းခတ် တတ်မြောက်သော ပါရဂူတစ်ဆူဖြစ်ကြောင်း နေလို၊လလို ထင်ရှားစွာ တွေ့မြင်ခဲ့ရပါသည်။

ဆရာတော်အရှင်မြတ်ကြီးကို စာအတတ်ဆုံးပုဂ္ဂိုလ်အဖြစ် အချို့ပညာရှင်များက ဆိုကြပါ၏။ ဆရာတော် အရှင်သူမြတ်၏ပရိယတ်၌ မည်၍ မည်မျှ ကျွမ်းကျင်တော်မူသည်ကို ပညာရှင်များကပင် အကဲဖြတ်နိုင်စွမ်းရှိမည် မဟုတ်ပေ။ ပညာရှင်များပင် မဖြစ်နိုင်သော ကိစ္စဖြစ်၍ မိမိတို့ လူသာမန်လူများအတွက် မအပ်မရာကိစ္စရပ် တစ်ရပ်ပင် ဖြစ်ပါ၏။

ဆရာတော်အရှင်သူမြတ်အား နီးနီးကပ်ကပ် မကြာခဏ ဖူးမြော်ရသောအခါ မကျိုး၊ မပေါက်၊ မပြောက်၊ မကြားသော ခိုင်မြဲတည်တံ့သည့် သီလ၊ ဝိနည်းအရာ၌ အပွန်းပဲ့မခံသောကြောင့် အညစ်အထေးကင်းစင်၍ အစဉ်သန့်စင်နေသည့် သီလ၊ ပရိယတ်၊ ပဋိပတ်တို့ဖြင့် ထုံးမွမ်းထားသည့် သမာဓိ၊ လောကဘက်မလိုက်၊ ဓမ္မဘက်လိုက်၍ အမှားအမှန်ကို ကောင်းစွာသိမြင်နိုင်သော ပညာတို့ဖြင့် ပြည့်စုံလျက် ပဋိပတ်အကျင့်မြတ်မှာ ဆရာတော်သည်

အမြဲတန်း အထက်တန်းကပင် ရှိနေကြောင်း အလွန်ကြည်ညိုဖွယ် တွေ့မြင်ရပါသည်။

အထူးသဖြင့် ဆရာတော်သည် ခန္ဓီတရား လက်ကိုင်ထား၍ သူတကာတို့နှင့် အဆင်ပြေချောမွေ့စွာ ဆက်ဆံလေ့ရှိသော်လည်း ဝိနည်းနှင့်ပတ်သက်လာလျှင် မည်သည့် အကြောင်းနှင့်မျှ အပွန်းအပဲ့မခံ၊ အစွန်းအထင်းမခံပေ။ ဝိနည်းကို ထိန်းသိမ်းသောအရာ၌ သီတင်းသုံးဖော် ဆရာတော်ကြီးများကပင် ထုတ်ဖော်ချီးမွမ်းသော အသံများ စာရေးသူကိုယ်တိုင် မကြာခဏ ဟိုဟိုဒီဒီမှာ ကြားနေရ၏။ အရှင်၏ ဂုဏ်သတင်းကား လေအောက်၊ လေညာတို့၌ အလွန်ပင် သင်းပျံ့မွှေးကြိုင် တလိုင်လိုင် ဖြစ်ရကား သာသနာအတွက် ဂုဏ်တက်ဖွယ် ကောင်းလေစွ။

ဆရာတော်အရှင်သူမြတ်သည် ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့ပင်လျှင် ပူဇော်ရိုး၊ အလေးအမြတ်ပြုရိုး ဖြစ်သည့် သဒ္ဓမ္မခေါ် တရားမြတ်ဒေသနာတော်ကို ကိုယ်တော်တိုင် အလွန်ပင်အလေးထားပွားများတော်မူသလို တပည့်ရဟန်း ရှင် လူ ပရိသတ်တို့အပေါ်လည်း လောကဘက်မလိုက်၊ ဓမ္မဘက်သာ လိုက်၍ တရားတော်အတိုင်း ကျင့်ကြံပွားများ အားထုတ်ကြရန် တရားရေအေး အစဉ် တိုက်ကျွေးလေ့ရှိပါသည်။

အရှင်သူမြတ်သည် ဒကာ, ဒကာမတို့၏ နေအိမ်များသို့ ကြွသည့်အခါ၌ဖြစ်စေ၊ ကျောင်းတိုက်သို့ ဒကာ၊ ဒကာမများ လာရောက်လှူဒါန်းကြသည့်အခါ၌ ဖြစ်စေ၊ အယုတ်အလတ် အမြတ်မရွေး စိတ်အားထက်သန်စွာ တရားချီးမြှင့်လေ့ ရှိပါသည်။ အချို့နေရာများမှာ ဆရာတော်သည် ပွဲဆက်များ၌ တစ်နေကုန် မနားရဘဲ သက်တော်နှင့် မလိုက်အောင်ပင် ပင်ပန်းဆင်းရဲတော်မူ၏။

သို့သော် ဆရာတော်သည် တရားပွဲဆက်၊ မည်မျှပင် များစေကာမူ ပင်ပန်းဆင်းရဲမှုကို ပဓာနမထား၊ ကိုယ်တော်၏ ကိုယ်ကျိုးမဖက်၊ မငဲ့ကွက်ဘဲ ရဟန်းရှင်လူတို့အကျိုးငှာ တရားဒေသနာတော်များကို ဟောကြားတော်မူလေ့ရှိသည်။ ဤသည်မှာ အရှင်သူမြတ်၏ ကြီးမြတ်သောမေတ္တာ စေတနာကြောင့်ပင် ဖြစ်၏။

တစ်ခါသော ဝါဆိုလပြည့်နေ့ ညနေပိုင်းက ဆရာတော်မြတ်ကြီးသည် စာရေးသူ၏ နေအိမ်သို့ ဓမ္မစကြာအခါတော်နေ့အတွက် ကြွရောက်ချီးမြှင့်ရာတွင် ရှေးဦးပဏာမ သီလချီးမြှင့်ပြီးနောက် "ဘုန်းကြီးက ဒီနေ့တော့ အတော့်ကို ဖားနေပြီ၊ ဒါပေမယ့် တရားတော့ ဟောပေးပါဦးမယ်" ဆိုပြီး သက်တော်နှင့်မလိုက်အောင် အလွန်ပင်ပန်းသည့်ကြားက တရားချီးမြှင့်ပေးတော်မူခဲ့သည်။ ဤသို့ဟောကြားရာတွင်လည်း တရားချီးမြှင့်ရုံအဖြစ်မျှ မဟုတ်ဘဲ မှတ်သားဖွယ် နာယူဖွယ် အလွန်ကောင်းသော တရားတစ်ပုဒ်ကို ဟောကြားပေးတော်မူခဲ့ပါသည်။

ထို့ကြောင့် ရွှေကျင်သာသနာပိုင် ရွှေဟင်္သာ ဆရာတော်မြတ်ကြီးက "သပြေကန်ဆရာတော်ဟာ တရားနာသူတို့ကို နားလည်အောင်၊ ကွက်ကွက်ကွင်းကွင်းမြင်အောင် တိတိကျကျ ဟောပြောနိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ဟိုတစ်လောက ဘုန်းကြီးနဲ့တွေ့တုန်း သက်တော်ရပြီမို့ ဆွမ်းစားကွမ်းစားတွေ သိပ်မလိုက်နဲ့တော့၊ လျှော့ပါလို့ ပြောခဲ့ရတယ်။ ဒါပေမယ့် ဆရာတော်ဟာ ဒကာတွေ အလိုကျ ဆွမ်းစားကွမ်းစားတွေ လိုက်မြဲလိုက်ပြီး တရားဟောကောင်းတုန်းပဲ။ အခု ဆရာတော်ပျံလွန်တော်မူတာဟာ ဒီအကြောင်းတွေလဲ ပါတယ်" ဟု မိန့်ကြားတော်မူခဲ့ဘူးတယ်။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော်မြတ်ကြီးက "ဆရာတော်ဟာ ဘုန်းကြီးများအဖို့ကတော့ အရှင်နာဂသေန လိုပါပဲ။ ခက်ခဲနက်နဲတဲ့ အမေးတွေကို ဆရာတော့်ထံမှ ဖြေကြားပေးတဲ့ အချက်တွေကို ဖတ်ရှုရတိုင်း မိလိန္ဒမင်းကြီးရဲ့ ဉာဏ်ရှေ့ကို ဆရာတော့်ကို သိပ်သတိရလှပါတယ်။ အရှင်နာဂသေနဟာ မိလိန္ဒမင်းကြီးမေးသောပြဿနာ အရှုပ်အထွေးတိုင်းကို အလွယ်တကူ ဖြေရှင်းပေးနိုင်တဲ့လူ ဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့သလို ဆရာတော်လည်း တပည့်တော်အပါအဝင် ရဟန်းရှင်လူများရဲ့ ခဲရာခဲဆစ်ပြဿနာများကို အလွယ်တကူ ဖြေရှင်းပေးနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့တဲ့ ပုဂ္ဂိုလ်များ ဖြစ်လေမလား လို့တောင် စဉ်းစားမိပါတယ်" ဟု မိန့်ကြားတော်မူခဲ့ဘူးသည်။

ဆရာတော်သည် တရားနှင့်စပ်၍ မေးလျှောက်လာသည်များကို ဖြေကြားရာ၌လည်း ဆရာတော်အတွက် မည်မျှပင်လွယ်ကူသော မေးခွန်းပင်ဖြစ်ပါစေ၊ အဆောတလျင် ဖြေကြားလေ့မရှိ။ တရားနှင့်ပတ်သက်၍ တိတိကျကျ၊ မှန်မှန်ကန်ကန်ဖြစ်အောင် ချင့်ချင့်ချိန်ချိန် ဖြေကြားတတ်၏။ လိုအပ်လျှင် ပိဋကတ်လာ ကျမ်းကိုးများဖြင့် ဂဃနဏာ ခိုင်ခိုင်လုံလုံ ဖြေတတ်၏။ ဤသည်မှာ ပညာတတ် အကျော်အမော်ကြီးတစ်ဆူဖြစ်သော ဆရာတော်သည် မိမိပညာအပေါ် မာန်မကျော်ဘဲ မြတ်ဘုရားရှင်၏ တရားတော်ကို အထူးအလေးအနက်ထားကြောင်း ပေါ်လွင်လှပေသည်။

ဆရာတော်သည် မိမိကိုယ်နှိုက်က အချိန်ကို အလဟဿ ဖြုန်းလေ့မရှိဘဲ အချိန်ရှိသရွေ့ ပရိယတ်၊ ပဋိပတ်တို့ဖြင့်သာ ထုံမွမ်းနေတော်မူသကဲ့သို့ ရဟန်းရှင်လူတို့ကိုလည်း အချိန်ရှိသရွေ့ ဒုလ္လဘအစ္ဆရိယ ဓမ္မဒေသနာတော်ကို ကြိုးပမ်းအားထုတ်ခြင်းဖြင့် လူ့ဘဝအမြတ်များများရအောင် ကြိုးပမ်းကြစေလိုသော စေတနာမျိုး အရှင့်မှာ အမြဲတမ်းရှိ၏။ ထို့ကြောင့်လည်း လူ့ဘဝ အမြတ်များများရအောင် လုပ်ဆောင်ခြင်းဖြင့် လူ့ဘဝအနှစ်သာရကို ရယူကြဖို့ မကြာခဏ ဟောကြားတိုက်တွန်းလေ့ရှိပါသည်။

ဆရာတော်အရှင်သည် ကိုယ်တိုင်က ကျမ်းပြုအကျော်အမော် ဆရာတစ်ဆူ ပါရဂူဖြစ်သလို စာရေးခြင်းအမှုကိုလည်း အားပေးတော်မူသည်။

တစ်ခါက ပရိယတ္တိစာပေကို အပတ်တကုတ် လေ့လာအားထုတ်နေသော ဦးပဉ္စင်းတစ်ပါး ဆရာတော်ထံ ရောက်ရှိလာရာ ဆရာတော်က "ဦးပဉ္စင်းကော စာလေးဘာလေးရေးဖို့ စိတ်ကူးမရှိဘူးလား၊ ရည်ရွယ်ချက်ရှိရင်တော့ စမ်းရေးကြည့်ပေါ့၊ စာရေးတယ်ဆိုတာ ကောင်းပါတယ်၊ ကိုယ်ပြောချင်တဲ့ အာဘော်ကို စကားနဲ့ပြောရင် စုံစုံစေ့စေ့ ပြောနိုင်ဖို့မလွယ်ဘူး၊ စာရေးရင်တော့ ကိုယ်ပြောချင်တာတွေ တထိုင်တည်းမှာ ပြောလို့ဆိုလို့ ရတာပေါ့" ဟု မိန့်ကြားတော်မူသည်ကိုလည်း မှတ်သားခဲ့ရပေ၏။

တစ်ခါက ဆရာတော်က နာမကျန်းဖြစ်၍ ဆေးရုံသို့ တက်ရောက်ကုသခဲ့ပြီး ကျောင်းတိုက်သို့ ပြန်အရောက်တွင် ဆရာတော်အား လာရောက်ကြည့်ရှုကြသော ဒကာ ဒကာမများမှာ များပြားလှ၍ တစ်နေ့လုံး ဝင်လာမစဲ တသဲသဲဖြစ်နေရာ ဆရာတော်မှာ နားနေခွင့် ကောင်းကောင်းမရတော့ပေ။ ထို့ကြောင့် ဒကာတချို့က ဆရာတော့်ကျန်းမာရေးအတွက် ဒကာ ဒကာမများ ကြည့်ရှုခွင့် အချိန်သတ်မှတ်ပေးသင့်ကြောင်း လျှောက်ထားသောအခါ ဆရာတော်က "သူတို့ မေတ္တာနဲ့ လာကြတာပဲ၊ ရှိပါစေ" ဟု တိုတိုနှင့် လိုရင်း မိန့်ကြားတော်မူသံ ကြားလိုက်ရသောအခါ စာရေးသူမှာ ဆရာတော့်အပေါ် ကြည်ညိုမဆုံး ဖြစ်ခဲ့မိပါသည်။

ဤမျှ မိမိ၏ ဒကာ ဒကာမများ၏ မေတ္တာကို အလေးထား တုံ့ပြန်သော ဆရာတော်သည် ဒကာ ဒကာမများအပေါ် တရားရေအေး အစဉ်တိုက်ကျွေးနေခြင်းသည်လည်း မေတ္တာကို အစဉ်တုံ့ပြန်နေခြင်း ဖြစ်ပေရာ ဆရာတော်၏ သူတော်ကောင်းလက္ခဏာကို အထင်းသား မြင်တွေ့ရပြန်ပါသည်။

ဆရာတော်သည် နေ့စဉ် နေ့တိုင်း ဒကာ ဒကာမတို့၏ အပူဇော်ခံခြင်း၊ တရားဟောခြင်း၊ ဆရာတော်ထံ ပေးပို့လာသော စာမူများကို တည်းဖြတ်ပြင်ဆင် သုတ်သင်ပေးခြင်း၊ တရားနှင့်စပ်၍ မေးလျှောက်ထားသည်များကို ပြန်လည်ဖြေကြားပေးခြင်း၊ စာပေများ ဖတ်ရှုလေ့လာခြင်းများဖြင့် မအားမလပ်အောင် ရှိပေသည်။

ဆရာတော်သည် တရားနှင့်စပ်၍ မေးလျှောက်သည်များကို အမြဲတမ်း အားတက်သရော ပြန်လည်ဖြေကြားလေ့ရှိပါသည်။ စာရေးသူသည် ဆရာတော့်ထံ မကြာခဏ စာမေးလျှောက်ခဲ့ဖူးရာ ပထမတွင် မိမိနှင့် ဆရာတော်၏ ဒီးစေ့နှင့် မြင့်မိုရ်လောက် ပညာချင်းကွာခြားလွန်းလှသော အခြေအနေကြောင့် မဝံ့မရဲ ဖြစ်ခဲ့ရ၏။ သို့သော် ဆရာတော်၏ စိတ်အားထက်သန်စွာ ဖြေကြားခြင်း၊ အားပေးခြင်းများကြောင့် မိမိမှာ ဝမ်းမြောက်ဝမ်းသာအားရ ကျေနပ်မှုဖြစ်ကာ တရားနှင့်စပ်၍ မရှင်းလင်းသည်များ၊ သိလိုသည်များကို ဆရာတော်ဘုရားကြီးထံ မေးမြန်းလျှောက်ထားခဲ့ဖူးသည်။

ကဿပထေရ်မဟာ စေတနာသို့ပမာ

ဆရာတော်အရှင်သူမြတ်သည် တရားတော်နှင့် ပတ်သက်၍ ဟောကြားခြင်း ဆွေးနွေးဖြေကြားခြင်း အစရှိသည်တို့ကို အသက်အရွယ်နှင့်မလိုက်အောင် ပင်ပန်းနွမ်းနယ်ဆင်းရဲမှုကို ပဓာနမထားဘဲ ရွက်ဆောင်တော်မူခြင်းသည် "ငါ၏တရားကို နာကြားကြကုန်လျှင် ကောင်းလေစွ၊ ငါ၏ တရားကို နာကြားခြင်းဖြင့် ငါ့ကို ကြည်ညိုအားထားလာကြပါက ကောင်းလေစွ" ဟူသော ညံ့လှစိတ်ထား မွေးမထားပေ။

အရှင်သူမြတ်သည် သတ္တဝါများအပေါ် မေတ္တာကရုဏာတော်ဖြင့် "ငါ၏တရားကို နာကြားကြကုန်လျှင် ကောင်းလေစွ၊ နာကြားပြီးက သိကြပါက ကောင်းလေစွ၊ သိကြပြီးက ကျင့်ကြပါက ကောင်းလေစွ" ဟု ဘုရားရှင်လက်ထက်က အရှင်မဟာကဿပမထေရ်တော်ကြီး၏ မဟာစေတနာကဲ့သို့ လာဘ်လည်းမလို၊ ကြည်ညိုမမျှော်၊ ကျော်ဖို့မတွေး၊ သတ္တဝါတွေအပေါ် အေးစေဖို့ရာ ချမ်းသာစေဖို့ရာ ရည်သန်တောင့်တ ဟောပြလေ့ရှိပေသည်။

အရှင်အာနန္ဒာအလား အံ့ဖွယ်များ

အထက်တွင် ဖော်ပြခဲ့သလို ဆရာတော်မြတ်ကြီးသည် ဗုဒ္ဓဘုရားရှင်လက်ထက်တော်က အရှင်ကဿပမထေရ်မြတ်ကြီး၏ စေတနာသို့ပမာ ဒကာ ဒကာမများအပေါ် အယုတ်အလတ် အမြတ်မရွေး ကိုယ်ကျိုးမဖက်တရားသက်သက် ဖြန့်ဝေချီးမြှင့်တော်မူသည့် အကျိုးဆက်ဟု ဆိုရမလားမသိ၊ ဆရာတော်မြတ်ကြီး၏ တရားဒေသနာတော်ကို တစ်ခါနာဖူးသောသူသည် ဆရာတော်ကြီး၏ တရားတော်ကို အားရတင်းတိမ်ခြင်းမရှိဘဲ နောက်ထပ် ထပ်ခါထပ်ခါ နာယူလိုစိတ်များ ဖြစ်ပွားကြရ၏။ နာ၍ မဝအောင်လည်း ခံစားကြရ၏။ ဆရာတော်ဟောကြားသော တရားတော်ကို နာယူ၍ ငြီးငွေ့သွားသည့်ထုံး မရှိ။ ဤသည်တို့မှာ ဆရာတော်မြတ်ကြီး၏ ထူးခြားမြင့်မြတ်သော ဂုဏ်ရည်မြတ်ကြီး ဖြစ်ပါ၏။ ဤသည်မှာ ဆရာတော်မြတ်ကြီး၏ ဗုဒ္ဓရှင်တော်မြတ်လက်ထက်က အရှင်အာနန္ဒာအလား အံ့ဖွယ်များပင်ဖြစ်ပါ၏။

တိပိဋကဓရ အရှင်သုမင်္ဂလာလင်္ကာရ အရှင်သူမြတ်က "ဆရာတော်မှာ အရှင်အာနန္ဒာအလား အံ့ဖွယ်များ ရှိနေသည်ဟု ဆိုချင်ပါသည်။ ရဟန်း ရှင် လူ အားလုံး ဆရာတော်ကို ဖူးရလျှင် ကြည်ရွှင်ကြ၊ ဆရာတော်တရားကို နာရသော ဝမ်းသာကြ၊ တရားတော်ဆုံးသွားချိန်ရောက်တော့ အားရမှုဖြစ်မသွားရဘဲ ဆက်လက် နာယူလိုစိတ်များ တဖွားဖွား ဆက်လက်ဖြစ်နေကြောင်း ကြားဖူးသလို မိမိကိုယ်တိုင်လည်း ဤအတိုင်းပင် ခံစားရပါသည်" ဟု မိန့်တော်မူခဲ့ဘူးပါသည်။

ထိုနည်းတူ ဆရာကြီးမင်းသုဝဏ်က "သပြေကန် ဆရာတော် တရားစာတွေက သိပ်ကောင်းတာပဲဗျာ။ ဟောပုံပြောပုံက စကားလုံး ရိုးရိုးလေးတွေရယ်၊ ဒါပေမယ့် စကားလုံးတွေက ဩဇာရှိလိုက်တာ လွန်ရော၊ သိပြီးသားတွေပေမယ့် ဆရာတော်က ပြောလိုက်တော့ ပိုပြီး ပြည့်စုံ, ပိုပြီးလေးနက်ပြီး နဂိုသိထားတာတွေဟာ တန်ဖိုးပိုကြီးလာတယ်ဗျ" ဟု ဆရာတော်ကြီး၏ ဂုဏ်တော်ကို ကြည်ညိုပူဇော်ခဲ့ဖူးပါသည်။

မဟာပုညကုသိုလ်စေတနာထူးကြောင့်

ဆရာတော်အရှင်သူမြတ်၏ ယင်း မဟာပုညကုသိုလ်စေတနာထူးကြောင့် အရှင်ဟောကြားသော တရားတော်များမှာ အပြစ်ကင်းလွတ်လျက် အပိုအလိုမရှိ တိကျမှန်ကန် အကျိုးပေးသန်ခြင်း၊ ပညာရှိတို့ ချီးကျူးပူဇော်အတုယူရခြင်း၊ နာကြားသူအပေါင်းမှာလည်း ကုသိုလ်ပညာတိုးပွားပြီးရင်း တိုးပွားကြရခြင်း၊ တရားအရသာကို ချုံမြိန်စွာသုံးဆောင်ရမှုများကြောင့် လွန်စွာရွှင်ပြ ကိုယ်စိတ်ချမ်းသာကြရ၍ ပီတိ၊ ပါမောဇ္ဇတရားများ လွှမ်းခြုံခံစားရခြင်းများကြောင့် သာသနာအကျိုး၊ လောကအကျိုးတို့ကို ဆထက်ထမ်းပိုးတိုး၍ သယ်ပိုးရွက်ဆောင်ကြကုန်သည်သာ ဖြစ်ကြပေတော့သတည်း။

သန်မာဦး(ဖြူး)

မေတ္တာစာတိုကြီးမားတော်မူလှသော သပြေကန်ဆရာတော်ဘုရားကြီး

မောင်ကံသစ်
(ပန်းဘဲတန်း)

ကျွန်တော် အမြတ်တနိုး ကိုးကွယ်ဆည်းကပ်ခဲ့ ရသော ဆရာတော်ကြီးများတွင် ယခုနစ်ဆန်းပိုင်းက ပျံလွန်တော်မူသွားသည့် သပြေကန်ဆရာတော်ဘုရားကြီးသည် တစ်ပါး

အပါအဝင်ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသွားသည်မှာ လပေါင်း အတော်ကြာသွားပြီ ဖြစ်သော်လည်း ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ၊ ပညာနှင့် မေတ္တာဓာတ်ကြီးမားလှပုံများမှာ ကျွန်တော်၏ စိတ်အာရုံ၌ ယနေ့တိုင် စွဲထင်လျက် ရှိပါသည်။

၁၉၈၀-ပြည့်နှစ် နှစ်ဆန်းပိုင်းတွင် ဆူးလေစေတီ ရင်ပြင်ပေါ်၌ အဘိဓမ္မာပြန့်ပွားရေးအသင်းက ပို့ချနေသော သင်္ကြိုဟ်သင်တန်းကို ကျွန်တော် စတင်တက်ရောက်သင်ကြား ခဲ့ပါသည်။ သင်္ကြိုဟ်သင်တန်းတွင် သင်တန်းပို့ချသော ဆရာကြီးဦးလှမောင်က ပရိတ်ကြီး(၁၁)သုတ်နှင့် စပ်လျဉ်း၍ ပြောကိုင်း၊ သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၏ ပရိတ်ကြီးနိဿယသစ်အကြောင်း ချီးမွမ်းပြောလေ့ရှိသည်။

ပရိတ်ကြီး(၁၁)သုတ် ရွတ်ပွား ပူဇော်မှုကို ဝါသနာထုံခဲ့သော ကျွန်တော်သည် ပရိတ်ကြီးနှင့် ပတ်သက်၍ ထွက်သမျှ စာအုပ်များကို စုဆောင်းခဲ့ပါသည်။ အရှင်အာဒိစ္စဝံသ မူဖြစ်သော ပရိတ္တသင်္ဂဟခေါ် ပါဠိရွတ်နည်း၊ ဖတ်နည်းတို့နှင့်တကွ စုံလင်စွာ ပြထားသော နိဿယသည် သူ့ခေတ်နှင့် သူ့တွင် ကျယ်လှပါ၏။ တံတားမူ ဟူ၍ နာမည်ကျော်သော တံတားဆရာတော် ဦးနာဂအရှင်သူမြတ်၏ ပရိတ်ကြီးသည်လည်း တစ်ချိန်က နာမည်ကျော်ခဲ့ပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး နှစ်သက်တော်မူ၍ ရွတ်ပွားတော်မူခဲ့သော မြင်းခြံမြို့ အဂ္ဂမဟာပဏ္ဍိတ ပထမဂိုဏ်းချုပ်၊ ကိုးဆောင်တိုက်၊ ဝေဇယန္တာ အုတ်ကျောင်း ဆရာတော်၏ မြင်းခြံကိုးဆောင်မူ မဟာပရိတ် ကြီးနိဿယသစ်ကိုလည်း ကျွန်တော်နှစ်ခြိုက်စွာ ရွတ်ဖတ် ပူဇော်ခဲ့ပါ၏ ထို့ပြင် စလင်းဆရာတော် ဝိသုဒ္ဓါရုံမူတို့မှ စ၍ သုဓမ္မဝတီပုံနှိပ်တိုက် ရိုက် ဦးစိုးဝင်းမူအထိ ဝယ်ယူ စုဆောင်းလေ့လာခဲ့ပါသည်။ သပြေကန်ဆရာတော်ဘုရားကြီး၏ နိဿယသစ်သည် ပါဠိတော်နိဿယ၊ မြန်မာစကားပြေ၊ အဓိပ္ပါယ်ဖွင့်ဆိုချက်တို့ ပြည့်စုံစွာ ရေးသားဖော်ပြထား၍ ဗုဒ္ဓဘာသာဝင်များအတွက် အဖိုးအနှုံးကျမ်းတစ်ဆူဖြစ်သလို၊ ပညာရှင်သုတေသီများအဖို့ ကျမ်းကိုးတစ်စောင်ပင် ဖြစ်ပါ၏။

သပြေကန်ဆရာတော်ဘုရားကြီး၏ ပရိတ်ကြီးနိဿယကို ဗဟုသုတစုံလင်သောကျမ်းမျိုး ထပ်မံ၍ ထွက်ပေါ်လာနိုင်မည် မဟုတ်ပေ။ ကျွန်တော် ပရိတ်ကြီးနိဿယသစ်ကို လေ့လာ ဖတ်ရှုစဉ်ကတည်းက ဆရာတော်ဘုရားကြီးထံသို့ ဆည်းကပ်ကြည်ညိုပူဇော်လိုသော စိတ်ဆန္ဒများ ပေါ်ခဲ့ပါ၏။

ဓမ္မဃောသကဦးမောင်မောင်ကျေးဇူးကြောင့် ဖူးမြော်ခွင့်ရ

၁၉၈၄-ခုနှစ်တွင် ပရိတ်ကြီးနိဿယသစ် ကျမ်းပြုအကျော် သပြေကန်ဆရာတော်ဘုရားကြီးသည် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူပါသည်။ ၎င်းနောက် ပိုင်းတွင် ပဒုန်တောင်မှ ကျွန်တော်နှင့် ရင်းနှီးခင်မင် ကြည်ညိုစွဲရှိသော ဦးလေး ဓမ္မဃောသကက ဦးမောင်မောင်၏ ကျေးဇူးကြောင့် ဆရာတော်ဘုရားကြီးကို အနီးကပ် ဖူးမြော်ခွင့် ရရှိခဲ့ပါ၏။ ဓမ္မဃောသက ဦးမောင် မောင်အိမ်တွင် ကျွန်တော်တို့ ဓမ္မမိတ်ဆွေ တစ်စုတို့သည် မကြာခဏ တရားဆွေးနွေးပွဲများ ပြုလုပ်လေ့ရှိပါသည်။ အခွင့်သင့်တိုင်း တစ်လတစ်ခေါက်မျှ ဦးလေးဓမ္မဃောသကက ဦးမောင်မောင်နှင့်အတူ သပြေကန်ဆရာတော်ဘုရားကြီးထံတွင် သိလိုသည်များကို လျှောက်ထားကာ ဩဝါဒခံယူမြဲ ဖြစ်ပါ၏။

သပြေကန်ဆရာတော်ဘုရားသည် ရွှေကျင်သာသနာလောကတွင် ကြည်ညိုဖွယ်ရာ ထူးခြားသော ဂုဏ်ရည်များနှင့် ပြည့်စုံတော်မူလှသဖြင့် သံဃာ့ပရိသတ်နယ်ပယ်တွင် ဂုဏ်သတင်းကျော်ကြားလှပါ၏။ မြောင်းမြ ပဇ္ဇောတာရုံဆရာတော် အရှင်ဉာနိက အင်္ဂလန်မှ မြန်မာပြည်သို့ ခေတ္တပြန်တိုင်း ဦးစွာပင် ခရီးရောက်မဆိုက် သပြေကန် ဆရာတော်ဘုရားကြီးထံသို့ သွားရောက်၍ ဦးခိုက်လေ့ရှိသည်။ သီတဂူဆရာတော် အရှင်ဉာဏိဿရ(သပိတ်အိုင်)သည်လည်း သပြေကန်ဆရာတော်ဘုရားကြီးအား အလွန်ပင် ကြည်ညိုလေးစားကြောင်း တွေ့ရှိရပါသည်။

ပါဠိကဗျာနှင့် မြန်မာစကားပြေအရေးကောင်းသော သပြေကန်ဆရာတော်

၁၉၉၁-ခုနှစ်က မြောင်းမြ ပဇ္ဇောတာရုံဆရာတော် အရှင်

ဉာနိက၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရရှိခဲ့သည်။ မြောင်းမြ ဆရာတော်၏ တပည့်သံယာများနှင့် လူပုဂ္ဂိုလ် ဒါယကာများက စုပေါင်းပူဇော်ပွဲလုပ်ရန် တိုင်ပင်၍ ဆုံးဖြတ်ကြသည်။ ဂုဏ်ပြုပူဇော်ပွဲတွင် အထိမ်းအမှတ်စာစောင် ထုတ်ဝေရန်အတွက် ကျွန်တော်ကပင် ဦးဆောင်၍ စီစဉ်ပူဇော်ရန် စာမူ စုဆောင်းရပါ၏။

သပြေကန် ဆရာတော်ဘုရားကြီးထံတွင် မြောင်းမြဆရာတော် ပူဇော်ပွဲအတွက် စာမူရေးသား ချီးမြှင့်ပေးပါရန် လျှောက်ထားတောင်းပန်ခဲ့သည်။ ဆရာတော်ကြီးက ပြုံး၍ မိမိ၏ ဦးခေါင်းတော်ကို လက်နှင့်ပွတ်နေကာ၊ စာကောင်းကောင်း မရေးတတ်ကြောင်း၊ မိမိကိုယ်ကို နှိမ့်ချ၍ ကျွန်တော့်အား ပြောပါသည်။ သပြေကန်ဆရာတော်ဘုရားကြီးသည်ကား မိမိကိုယ်ကို အမြဲတမ်း နှိမ့်ချလေ့ရှိတော်မူကြောင်း သတိပြုမိပါသည်။ ကျွန်တော်၏ တောင်းပန် လျှောက်ထားချက်ကြောင့် "သမ္မောဒနိယကထာ"ကို တိုတောင်းသော အချိန်ကာအတွင်း သွက်လက်လျင်မြန်စွာ ခဏချင်း ရေးနိုင်စွမ်းရှိကြောင်း တွေ့ရှိရပါသည်။ ထိုဂါထာကို လေ့လာကြည့်ရာတွင် ဆရာတော်ဘုရားကြီး၏ စာပေကျမ်းဂန် နှံ့စပ်ပုံကို တွေ့မြင်လေ့လာနိုင်ပါ၏။ ဂါထာသီကုံးဖွဲ့ရာတွင် ပြောင်မြောက်လှသဖြင့် ဓမ္မာစရိယ ဖြစ်တော် မူသော ရွှေကျင်နိကာယ ဓမ္မသေနာပတိ အဂ္ဂမဟာပဏ္ဍိတ အဘယာရာမ ဆရာတော်၏ ချီးကျူးမှုကိုပင် ခံယူရတော်မူပါ၏။ သပြေကန်ဆရာတော်ဘုရားကြီး ရေးသားသော "ဓမ္မနှင့်ဂုဏ် အဖွဲ့စုံကျမ်း" "သပြေကန်ပရိတ်ကြီး နိဿယသစ်""ဥပါသကာဂုဏ်ရည်နှင့်သရဏဂုံတရားတော်" "ဗောဇ္ဈင်ခုနစ်ပါးတရားမြတ်ရတနာ"စသော ကျမ်းများစွာကို လေ့လာဖတ်ရှုကြည့်ပါက ရေးသားထုံးဖွဲ့ထားပုံ၊ ဖွဲ့ဆိုရာ၌ ကျစ်လျစ်သိပ်သည်း၍ ပြေပြစ်ချောမွေ့ပုံတို့ကို တွေ့မြင်နိုင်ပါသည်။

ဘာသန္တရဆေကသပြေကန်ဆရာတော်

သပြေကန်ဆရာတော်ကြီး ရေးသားထားသော ကျမ်းစာအုပ်များကို လေ့လာကြည့်ရှုပါက သက္ကတစာပေ ကျွမ်းကျင်ကြောင်း သိရှိနိုင်ပါသည်။ သပြေကန်ဆရာတော် ဘုရားကြီးသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ နှံ့စပ်၍ မာဂဓ၊ သက္ကတ၊ ဗျာကရဏ်းကျမ်း၊ ကောသကျမ်း၊ ကာဗျကျမ်း စသည်တို့၌လည်း အထူးကျွမ်းကျင်တော်မူ၏။ ထိုသို့ မာဂဓ သက္ကတ စွယ်စုံရ၍ အဖက်ဖက်မှ စိတ်ချရသောကြောင့်ပင် ဝိဇ္ဇာလင်္ကာရ ဆရာတော်ဦးဝိသုဒ္ဓသည် သပြေကန် ဆရာတော်ကို ပရိတ်ကြီးနိဿယသစ် ရေးသားရန် တိုက်တွန်းတော်မူခဲ့ခြင်းဖြစ်ပါ၏။ သပြေကန် ဆရာတော်ဘုရားသည် အဘယာရာမ ဆရာတော်ကြီးထံတွင် သက္ကတဘာသာကို သင်ကြားဆည်းပူးခဲ့ပါသည်။ ဘာသန္တရဆေက သပြေကန် ဆရာတော်ဘုရားကြီးသည် ပါဠိတော်အဋ္ဌကထာ၊ ဋီကာကျမ်းများနှင့်တကွ သက္ကတကျမ်းများကို နှံ့နှံ့စပ်စပ် ကျွမ်းကျင်တတ်မြောက်သော်လည်း ရိုးရိုးကုပ်ကုပ်၊ ခြေသုတ် ပုဆိုးမြွေစွယ်ကျိုက်ဝဲသို့ နေထိုင်ကျင့်ကြံတော်မူသည်ကို သိရှိနိုင်ပါသည်။

သပြေကန်ဆရာတော်၏ဉာဏ်ရည်ထက်မြက်စူးရှပုံ

၁၂-နှစ်အရွယ် ကိုရင်ဘဝကပင် ပထမငယ် ကျမ်းစာများ အပြည့်အဝ သင်ပြီးဖြစ်သည်။ အသက် ၁၅-နှစ်မှ စာမေးပွဲဝင်ခွင့်ရမည်ဖြစ်ရာ အသက်မပြည့်၍ အပယ်ခံခဲ့ရ၏။ ဆိုင်းငံ့နေရသော သုံးနှစ်တာ ကာလအတွင်း ယမိုက်၊ အဘိဓာန်၊ အလင်္ကာ ဆန်းများ ရပြီး ဖြစ်နေ၏။ ထို့ပြင် ဥဘတောဝိဘင်း ဝိနည်း ပါဠိတော်နှစ်ကျမ်းကိုလည်း ရပြီးဖြစ်နေခဲ့သည်။ သက်တော် ၁၅-နှစ်တွင် ပထမငယ် အောင်မြင်ခဲ့သည့်အပြင် ကျောင်းတော်ရာ ဝိနည်း စာပြန်ပွဲကြီး၌ ဝိနည်းပါဠိတော် နှစ်ကျမ်းပြန်ဆိုအောင်မြင်ခဲ့၍ "ဥဘတောဝိဘင်္ဂမရ"ဘွဲ့ ရရှိခဲ့ပါသည်။

အသက် ၁၆-နှစ်တွင် ပထမလတ်တန်း အောင်မြင်သည်။ အသက် ၁၇-နှစ်၌ ပထမကြီးတန်း အောင်မြင် ခဲ့သည်။ တစ်နိုင်ငံလုံး အောင်မြင်ခဲ့သော ပထမကြီးတို့တွင် အသက်အငယ်ဆုံး ပထမကြီးဖြစ်သည့်အပြင် မဟာမိုက်ကာရာမတိုက်တာ တည်ထောင်လာသည်မှ သက်တမ်းအတော်ကြာခဲ့ပြီဖြစ်ရာ ပထမကြီး မပေါ်ခဲ့သေးပေ။ အာဒိကမိုက ပထမဆုံး အကြီးအောင် သာမဏေအဖြစ်ဖြင့် စံတင်ခံခဲ့ ရသည်။

ပါဠိတော်များကို တစ်ခေါက်နှစ်ခေါက် ဖတ်ရုံဖြင့် အာဂုံဆောင်နိုင်လောက်အောင် ထူးခြားသော ပါရမီရှင် တစ်ပါးဖြစ်တော်မူပါ၏။ သာမဏေဘဝကပင် ဝိနည်း (၅) ကျမ်း၊ ပါဠိတော်ကို အာဂုံပြန်ဆိုခဲ့သဖြင့် ရွှေကျင်ဂိုဏ်းတွင် မှတ်တမ်းတင်ခံရသော ပုဂ္ဂိုလ်တစ်ပါး ဖြစ်တော်မူပါ၏။ သံယုတ်ပါဠိတော်

(၅)ကျမ်းကိုလည်း ရဟန်းတစ်ဝါ အရမှာပင် အာဂုံပြန်ဆိုခဲ့သော ပုဂ္ဂိုလ်ထူးတစ်ပါး ဖြစ်တော်မူပါ၏။ အစိုးရစာချုပ်နှီးစာမေးပွဲ၌ တစ်နှစ်တည်းဖြင့် (၉)ကျမ်းလုံးကို ဖြေဆိုအောင်မြင်တော်မူသဖြင့် "ဓမ္မာစရိယ သိရောမဏိဘွဲ့" တော်ကို ရှေးဦးဆုံး ခံယူရရှိတော်မူသော ပုဂ္ဂိုလ်ထူးတစ်ပါး ဖြစ်တော်မူပါ၏။ သပြေကန်ဆရာတော် ဘုရားကြီးသည် နှုတ်တက်အာဂုံရအောင် ကျက်မှတ်ပြီးသော စာများကို ကြာမြင့်စွာ မလေ့လာဘဲ ပစ်ထားသော်လည်း မေ့ပျောက်ခြင်း မရှိပေ။

လွန်ခဲ့သော ၅-နှစ်ခန့်က ကျွန်တော် သပြေကန် ဆရာတော် ဘုရားကြီးထံ သွားရောက်၍ ကန်တော့ပါသည်။ ဆရာတော်ဘုရားကြီးက အမိန့်ရှိခဲ့ပါသည်။ သက်တော် ကြီးလာ၍ လားမသိ ဒကာတွေကို လူရော နာမည်ပါ ရုတ်တရက် စဉ်းစား၍ မပေါ်ကြောင်း အမိန့်ရှိပါ၏။ ကျွန်တော်၏ နာမည်နှင့်တကွ ကလောင်နာမည်ကို ဆရာတော်ဘုရားကြီး မှတ်မိနေပါသေးသည်။ အသက်ကြီးလာသည့်အတွက် မှတ်ဉာဏ်တွေ မကောင်းတော့ကြောင်း၊ ဆရာဝန်က မှတ်ဉာဏ်ကောင်းအောင် ဦးနှောက် ကြည်ဆေးကို ကပ်၍ သောက်နေရကြောင်း အမိန့်ရှိခဲ့ပါသည်။ ထိုအချိန်က သပြေကန် ဆရာတော်ဘုရားကြီးသည် သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ ရရှိနေပြီဖြစ်၍ ဇရာဒုဗ္ဗလ အရွယ်သို့ ချဉ်းနင်းဝင်ရောက်နေပြီ ဖြစ်ပါသည်။

ဝိနည်းသိက္ခာသီလကို မြတ်နိုးသော ဆရာတော်

သပြေကန် ဆရာတော်ဘုရားကြီးကိုယ်တိုင် ဝိနည်းသိက္ခာပုဒ်ကို အလွန်လေးစားတော်မူပါသည်။ ဆရာတော်သည် ကုန်ဆွေသိက္ခာကြီးများ၌ ဝိနည်းတော်ကို ရိုသေ လေးစားသည့်အပြင် သည်းခံခြင်း ခမာဂုဏ်တို့နှင့်လည်း ပြည့်စုံပါ၏။ ခေတ္တခဏမျှ ဒုလ္လဘဝတ်သော ရဟန်းများကိုပင် အရေးကြီးသည့် ဝိနည်းနှင့်စပ်သည်များကို သင်ကြား ညွှန်ပြသြဝါဒပေးလေ့ရှိသည်။ ရွှေကျင်ဂိုဏ်းစည်းမျဉ်းနှင့် ဆန့်ကျင်သော အသွေးအရောင်ရှိသည့် သင်္ကန်းများဝတ်ရုံခြင်း၊ အံ့သကိုင့် အစစ်မဟုတ်သော အကျီကိုယ်တစ်ခြမ်းပဲ ဝတ်ဆင်ခြင်းတို့ကို တစ်ခါမျှ မမြင်တွေ့ရပေ။ ကျောင်းသို့ လာရောက်လှူဒါန်းကြသော မာတုဂါမများကို ဒကာများ မပါဘဲ မည်သည့်အခါမျှ အဖူးမြော်မခံခဲ့ပေ။ ဝိနည်းတော်ကို အသက်တမျှ မြတ်နိုးလိုက်နာစောင့်ရှောက်သော ဆရာတော်တစ်ပါး ဖြစ်ပါသည်။

သပြေကန် ဆရာတော်ဘုရားကြီးသည် ယခင်အခါက ရန်ကုန်တိုင်း၊ ရွှေကျင် နိကာယ ဂိုဏ်းချုပ်ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ ပါသည်။ တရားသမအကြိမ်များက သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးက ရွှေကျင်နိကာယ ဥပဥဉ္ဇ မဟာနာယက "တွဲဖက်သာသနာပိုင်" အဖြစ်ဖြင့် ရွေးချယ်တင်မြှောက်တော်မူခြင်း ကိုလည်း ခံတော်မူပါသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်၏ အကျိုးကို ထက်သန်သောလုံ့လဖြင့် သယ်ပိုး ဆောင်ရွက်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ဂန္ထန္တရဓာဟုသစ္စဂုဏ်၊ လောကဗဟုပကာရ ဂန္ထရ ကာရကဂုဏ် စသည်တို့နှင့် ကုံလုံပြည့်စုံတော်မူသောကြောင့် ၁၉၉၃-ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ သာသနာတော်တွင် အကျော်ဒေယျ သပြေကန် ဆရာတော်ဘုရားကြီးသည် သီလသိက္ခာ သမာဓိ ပညာ အရာတို့တွင် လွန်စွာပြည့်စုံတော်မူပါသောကြောင့် ဤဘွဲ့တော်များအပြင် မြင့်မားကြီးကျယ်သောဘွဲ့တံဆိပ်တော်များဖြင့် ထပ်မံ ချီးမြှင့်ဆက်ကပ်ပူဇော်ခဲ့ပါလျှင်လည်း ထိုက်တန်သော ဆရာတော်တစ်ပါးဟု ဆိုချင်ပါသည်။

စာပေနှင့်တရားဓမ္မအာရုံ၌ မွေ့လျော်တတ်သော ဆရာတော်

သပြေကန်ဆရာတော်ဘုရားကြီးကို ကြည်ညိုလွန်း လှသော ကျွန်တော်သည် ဓမ္မမိတ်ဆွေများအား ဖူးစေလိုသောဆန္ဒဖြင့် တိုက်တွန်းစေလွှတ်၍ ဖူးမြော်စေပါသည်။ ဆရာတော်ဘုရားကြီးသည် အကျင့်စရိုက၊ သိက္ခာ၊ သီလ၊ သမာဓိ၊ ပညာတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီး တစ်ပါး ဖြစ်ပါ၏။ "သိသူဖော်စား မသိသူကျော်သွား" ဆိုသော စကားအတိုင်း ဆရာတော်၏ မေတ္တာရိပ်ကို ခိုလှုံချင်၍ ဆရာတော်ဘုရားကြီးထံ မကြာခဏ သွားရောက်ဖူးမြော်ကာ မေတ္တာရိပ်ကို ခံယူခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် "သာဓုဇနာနန္ဒကျောင်း" အပေါ်ထပ်ရှိ အခန်းကျဉ်းကလေးတွင် တစ်ပါးတည်း သီတင်းသုံးတော်မူမြဲ ဖြစ်သည်။ အနားတွင် ကပ်ယ ဦးစံလှိုင် သို့မဟုတ် ဦးပဉ္စင်း တစ်ပါးပါးသာ ဆရာတော်ကြီး၏ ဝေယျာဝစ္စကို ဆောင်ရွက်ပေးရန် ရှိနေပါသည်။

များသောအားဖြင့် ဆရာတော် သီတင်းသုံးတော်မူရာ တိုက်ကျောင်းအပြင်မှ သံတံခါးကို သော့အမြဲခတ် ထားလေ့ရှိသည်။ သော့ခတ်ထားသော်လည်း ဆရာတော် ကျောင်းပေါ်တွင် ရှိနေသည်ပင်။ ဆရာတော်ဘုရားကြီးသည် စိတ်ကို စာပေနှင့် တရားဓမ္မဋ္ဌသာ မြှုပ်နှံထားခဲ့သည်။ ပြင်ပအာရုံနှင့် တတ်နိုင်သမျှ ရောင်ကြဉ်၍ နေတော်မူပါ၏။ မိမိသီတင်းသုံးရာ ကျောင်းတိုက်၌ တိတ်ဆိတ်ငြိမ်သက်စွာ နေတော်မူလေ့ရှိ၏။ ကျောင်းတိုက် ပြတင်းပေါက်များကိုပင် ပိတ်ထားလေ့ရှိသည်ကို တွေ့မြင်ရပါသည်။ ဆရာတော်ဘုရားကြီးသည် ပရိယတ္တိသာသနာတော်တွင် ပိဋကတ်စာပေကျမ်းဂန် နှံ့စပ်ကျွမ်းကျင်သော အကျော် ဒေယျဆရာတော်တစ်ပါး ဖြစ်သည့်အပြင် ပဋိပတ္တိ သာသနာတော်ဆိုင်ရာ ဝိပဿနာကမ္မဋ္ဌာန်းတရားဘက်တွင်လည်း မည်သို့သော အတိုင်းအတာအထိ ခရီးရောက်နေသည်ကို မည်သူမျှ မခန့်မှန်းနိုင်ကြပေ။ ဂန္ဆဓုရနှင့် ဝိပဿနာဓုရ နှစ်ဖြာကို အချိန်ရှိသမျှ ကျင့်ကြံပွားများ အားထုတ်နေကြောင်း ခန့်မှန်းသိရှိနိုင်ပါသည်။ သပြေကန် ဆရာတော်ဘုရားကြီးသည် မဟာစည်ဆရာတော်ဘုရားကြီးနှင့် ရင်းနှီးကျွမ်းဝင် ခဲ့သည်ဖြစ်၍ ဝိပဿနာ တရားတော်များကိုလည်း အစဉ်မပြတ် လေ့လာပွားများ အားထုတ်နေမည်မှာ မလွဲပေကန်ပင်။

တစ်ပါးသူ၏စိတ်ကို သိမြင်နိုင်စွမ်းသော ဆရာတော်

၁၉၉၃-ခုနှစ် သင်္ကြန်ပိတ်ရက်များတွင် ဒုလ္လဘရဟန်း ဝတ်လိုစိတ် ဖြစ်ပေါ်လာ၍ ကြည်ညိုရင်းစွဲရှိနေ ခဲ့သော သပြေကန် ဆရာတော်ဘုရားကြီးထံ သွားရောက် လျှောက်ထားခဲ့ပါသည်။ ရွှေကျင်ကျောင်းတိုက်၌ပင် ရဟန်းခံစဉ်က ဓမ္မမိတ်ဆွေ ဦးကျော်ဇောနိုင်(လက်ထောက် ကထိက၊ ဥပဒေ)နှင့် မဟာဂန္ဓာရုံစာသင်တိုက်မှ ကိုရင် ရှင်အသောက (ဓမ္မာစရိယတန်းဖြေ)တို့အား ပစ္စည်းလေးပါး ဒါယကာခံ၍ အလှူမင်္ဂလာပွဲ ပြုလုပ်ခဲ့ပါသည်။ ဆရာတော်ဘုရားအား ဥပဇ္ဈာယ်ယူ၍ ရဟန်းခံလိုကြောင်း လျှောက်ထားခဲ့ရာတွင် ဆရာတော်ကြီးက ပြုံး၍ အမိန့်ရှိခဲ့ပါသည်။ "ရန်ကုန်မြို့မှာ ဆွမ်းကွမ်းပြည့်စုံပြီး နာမည်ကြီးတဲ့ ကျောင်းတိုက်တွေ ပေါပါလျက်နှင့် ဘာ့ကြောင့် ဘုန်းကြီးတို့ ကျောင်းကို ရွေးရတာလဲ ဒကာ"၊ ကျွန်တော်က သပြေကန် ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ကြည်ညိုမြတ်နိုး ဆရာတော်ဘုရားကြီးထံ ရဟန်း ဝတ်လိုကြောင်း မနောဖြင့်သာ လျှောက်ထားလိုက်ပါသည်။ ရွှေကျင်ကျောင်းတိုက်တွင် အမှန်ပင် ဆွမ်းကွမ်း ပြည့်စုံမှု မရှိသည်ကို ဒုလ္လဘဝတ်စဉ်ကပင် သိရှိခဲ့ရပါသည်။

တစ်ခါက ကပ္ပိယ ဦးစံလှိုင်သည် အပြင်စားပွဲပေါ်တွင် မျက် မှန်ကို မေ့ထားခဲ့ပြီး ဆရာတော်ကြီး အခန်းကျဉ်းတွင်းသို့ ဝင် ဘရောက်ကာ သတင်းစာဖတ်ရန် မျက်မှန် ရှာနေခဲ့သည်။ ဆရာတော်ကြီးက "ဒကာကြီး ဘာရှာနေ တာလဲ"လို့ မေးသည်။ ကပ္ပိယဦးစံလှိုင်က မျက်မှန်ပျောက်၍ ရှာနေကြောင်း လျှောက်ပါသည်။ ဆရာတော်ကြီးက "ကိုယ့်မျက်မှန်ကို အခန်းအပြင်က စားပွဲပေါ် တင်ထားပြီး ဒီမှာ လာရှာလို့ ဘယ် တွေ့ပါ့မလဲ"ဟု အမိန့်ရှိပါသည်။ ကပ္ပိယဦးစံလှိုင်က အပြင် ထွက်ကြည့်ရာ ဆရာတော် ပြောသည့်အတိုင်း စားပွဲပေါ်တွင် ရှိနေကြောင်းတွေ့ရသည်။ ဆရာတော်ဘုရားကြီး မည်သို့ သိလိုက်ကြောင်းကို ကပ္ပိယ ဦးစံလှိုင် အံ့သြမဆုံး ဖြစ်နေသည်ကို ကျွန်တော့်အား ပြောပြ ပါသည်။

ထို့ပြင် ကပ္ပိယဦးစံလှိုင် ဘုရားရှိမခိုးခြင်း၊ ပရိတ် မရွတ်ခြင်း များကို ဆရာတော်ကြီးက သိနေ၍ ဘုရားမှန်မှန် ရှိခိုးရန် သတိ ပေးကြောင်း ပြောပြသည်။ ဖော်ပြရန် ကျန်ရှိနေသော ဆရာ တော်ဘုရားကြီးနှင့် ပတ်သက်သော အံ့ဖွယ်များမှာ အများ အပြားပင် ရှိပါသေးသည်။

သီလသမာဓိပညာဂုဏ်တို့ကြောင့် မိုးကြိုးရွာချပုံ

၁-၁၀-၉၉ နေ့က ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မိုးကုတ်ဆွမ်းစားကျောင်း၌ ကျွန်တော့်မိသားစု ဓမ္မာရုံကြီး ရေစက်ချအလှူပွဲကြီးကို ကျင်းပလှူဒါန်းခဲ့ပါသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်၊ ဝိနယသမဟာဌာန၊ နာယကအရှင် အဘယာလင်္ကာရ(ပါမောက္ခ)(ယခု-နယူးယောက်)ကို ပစ္စည်းလေးပါး ဒါယကာ ခံယူ လျှောက်ထားပွဲနှင့် အိမ်မဲမြို့ အောင်သိပ္ပံ စာသင်တိုက်၏ ဓမ္မာရုံကြီး ရေစက်ချပွဲပင် ဖြစ်ပါသည်။ ထိုအလှူပွဲကြီးတွင် သပြေကန်ဆရာတော်ဘုရားကြီး အမှူးထား၍ ကျောင်းတိုက်ကြီးကိုးတိုက်မှ ဆရာတော်ကြီးကိုးပါးကို ပင့်ခဲ့ပါသည်။ မိဘများသည် ဓမ္မာရုံကြီး ဆောက်လုပ်အုတ်မြစ်ချစဉ်ကပင် ကွယ်လွန်သွားကြပါသည်။ မိဘများ၏ သာသနာ့အမွေကို ကျွန်

တော်တို့ မိသားစုက ဆက်ခံ၍ ပြီးစီးအောင် ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ထိုအလှူပွဲကြီးကို သပြေကန်ဆရာတော်ဘုရားကြီး ကိုယ်တိုင်ကြွရောက်၍ ရေစက်ချပေးပါသည်။ ကျွန်တော်တို့ မိသားစု၏ ချွေးနည်းစာဖြင့် ဆောက်လုပ်ခဲ့သောကြောင့်လည်းကောင်း၊ လှူဒါန်းရေစက်ချချိန်တွင်မိဘများ၏ သာသနာ့အမွေကို ဆက်ခံယူရ၍ ပိတိသောမနဿဖြစ်ရခြင်းကြောင့်လည်းကောင်း၊ သပြေကန်ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့်လည်းကောင်း မိုးနတ်သားတို့ ကောင်းချီးသြဘာပေးသည်ထင်၊ မိုးကြီးသည်းထန်စွာ ရွာချလိုက်ပါသည်။ မိုးကုန်၍ ဆောင်းဝင်စ ရာသီဥတု ကြည်လင်သာယာနေသော ကာလပင်ဖြစ်ပါ၏။ အလှူပွဲကျင်းပချိန်သည် မည်သို့မျှ မိုးရွာနိုင်စေရာ အကြောင်းမရှိပေ။ အလှူပေးပုဂ္ဂိုလ်၊ အလှူခံပုဂ္ဂိုလ်၊ အလှူပစ္စည်းတို့၏ သန့်ရှင်းစင်ကြယ်ခြင်း အကြောင်းများ ဆုံဆည်းမှုကြောင့် သာသနာစောင့် နတ်တို့နှင့်တကွ မိုးနတ်သားတို့ ဝမ်းမြောက်နမော် သာဓုခေါ်လိုက်ခြင်း ဖြစ်ဟန်တူပါ၏။ ထူးခြားသည်မှာ ရေစက်စတင်ချသည့် အချိန်တွင် မိုးသားတိမ်တိုက်များ မဲမှောင်လာ၍ ရေစက်သွန်းချ အမှု ပေးဝေသည်နှင့် တစ်ပြိုင်နက် မိုးကြီးသည်းထန်စွာ ရွာချလိုက်ခြင်း ဖြစ်ပါသည်။ ထိုမိုးကြီး ရွာသွန်းရာတွင် ရန်ကုန်မြို့အခြားနေရာများတွင် မိုးရွာသွန်းခြင်း မရှိဘဲ ကမ္ဘာအေးကုန်းမြေ တစ်ဝိုက်တွင်သာ ကွက်ကြားမိုး ရွာသွန်းသည်ကို ထူးထူးခြားခြား မှတ်တမ်းတင်ထားမိပါ၏။

မေတ္တာမတ်ကြီးမားတော်မူသောဆရာတော်

သပြေကန်ဆရာတော်ဘုရားကြီးသည် တပည့် သံဃာစာသင်သားများအပေါ် အလွန်ပင် မေတ္တာထားကြောင်း သိရှိရပါသည်။ ဆရာတော်ဘုရားကြီးထံ လာရောက်၍ လှူဒါန်းပူဇော်ကန်တော့ကြသော ဒကာ ဒကာမများအပေါ်တွင်လည်း အမြဲပင် မေတ္တာပို့မြဲ ဖြစ်သည်။ ခေတ္တခဏ ဒုလ္လဘဝတ်ကြသော ဒုလ္လဘရဟန်းများ အပေါ်တွင်လည်း အမြဲပင် ဂရုပြုမြဲ မေတ္တာထားမြဲ ဖြစ်သည်ကို သိရှိရပါသည်။ ကျွန်တော် ဒုလ္လဘရဟန်းဘဝကာလအတွင်း ကပ္ပိယဦးစံလိုင်အား "ဦးပဉ္စင်းတွေ ဆွမ်းကွမ်း သပ္ပါယ မျှတကြရဲ့လား" ဟု မေးသည်ကို သိရှိရပါသည်။

ဆရာတော်ဘုရားကြီးသည် မေတ္တာဓာတ် ကြီးမားတော်မူလှကြောင်းကို ဆရာတော်၏ အဆုံးအမသြဝါဒစကားများကို နာယူကြသူတိုင်း သိရှိနိုင်ပါသည်။ ဆရာတော် ဘုရားကြီး၏ မျက်နှာတော်သည် အမြဲပင် ကြည်လင်နေပါသည်။ ဆရာတော်ဘုရားကြီး၏ အမူအရာသည်ကား တည်ငြိမ်ရင့်ကျက်လှပါ၏။ ဆရာတော်ဘုရားကြီး၏ ပြောဆိုဆုံးမ သြဝါဒ လေသံသည် တိုးညှင်းသော်လည်း အေးချမ်းလှပါ၏။ ဆရာတော်ဘုရားကြီး၏ အသံတော်ကား သာယာနာပျော်ဘွယ်အတိပင်၊ ဆရာတော်ဘုရားကြီး စကြံကြွပုံမှာလည်း ငြိမ်သက်လှပါ၏။ ဖြည်းညင်းစွာဖြင့် ခြေလှမ်းများလှမ်းကြွတော်မူပုံသည် ကြည့်ညို့ဖွယ်အတိ ဖြစ်ပါ၏။ ဆရာတော်ဘုရားကြီးသည် ကိလေသာ ငြိမ်သဖြင့် စိတ်လည်း ငြိမ်တော်မူပါ၏။ စိတ်ငြိမ်သဖြင့် ရုပ်လည်း ငြိမ်တော်မူပါ၏။ စိတ်ငြိမ်၊ ရုပ်ငြိမ်၍ ကွန်ဒြေတို့သည်လည်း ငြိမ်သက်လှပါ၏။ သပြေကန်ဆရာတော်ဘုရားကြီးသည် ကိလေသာ ငြိမ်းအေးနေသော အရိယာအရှင်သူမြတ်ကြီးပမာဖြစ်ပါ၍ ဖူးမြင်မိသူတိုင်း နှလုံးစိတ်ဝမ်း အေးချမ်းကြ၍ သာမဏာနဥဒဿနမင်္ဂလာနှင့် ပြည့်စုံပါဘိ၏။ သပြေကန် ဆရာတော်ဘုရားကြီး၏ မေတ္တာရောင်ပြန်ကို ဆည်းကပ် ကိုးကွယ်ခဲ့ကြရသော ဒကာဒကာမတိုင်း၏ နှလုံးအိမ်တွင် အငြိမ်းဓာတ်ကို ခံစားရပါတော့သည်။

(၆-၂-၉၅ နေ့က ပျံလွန်တော်မူခဲ့သော ဆရာတော် ဘုရားကြီးအား ရည်မှော်တမ်းတဦးနှိမ်ချလျက်)

မောင်ကံသစ်(ပန်းဘဲတန်း)

(ဓမ္မဂီရိဓမ္မမဂ္ဂဇင်း၊ အတွဲ(၃) အမှတ်(၁) (၂) ဆောင်းပါးဖြစ်သည်။)

သာသနာ့အကျိုး ရွက်သယ်ပိုး

သာသနပါလကာအဖွဲ့ ဥက္ကဋ္ဌကြီး ဦးခင်လှ

သာသနာ့အကျိုးတော်ဆောင်အဖြစ်သို့

ကျွန်တော့်နာမည် ဦးခင်လှ။ ကျွန်တော်က လက်ရှိ ပုဇွန်တောင်၊ ရွှေကျင်ကျောင်းတိုက် သာသနပါလကအဖွဲ့ ကြီးရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေပါတယ်။ ဆရာတော်ကြီးနှင့် ကျွန်တော် စတွေ့ရပုံက-

ကျွန်တော်ဟာ နေ့စဉ် နံနက်(၄း၃၀)လောက်တွင် ဝတ်ဖြူစင်ကြယ်ဝတ်ပြီး ရွှေတိဂုံဘုရား သွားပါတယ်။ ဘုရားရှိခိုး အဓိဋ္ဌာန်ပုတီးစိပ်ပြီးရင် ဘုရားမှ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်ကို ပြန်လာပါတယ်။ အဲဒီမှာ ဆရာတော်ကြီးကို ဆွမ်းကပ်ပြီး တံမြက်လှည်း သန့်ရှင်းရေးလုပ်ပါတယ်။ ကျောင်းဝေယျာဝစ္စတွေလုပ်ပြီး ကုသိုလ်ယူပါတယ်။ ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးပြီးရင် ကျန်တဲ့ဆွမ်းတွေကို ကျွန်တော်တို့ ကပ်ဖိယတွေကို စွန့်ပါတယ်။ ဆရာတော်ကြီးဟာ အလွန် ဘုန်းကြီးပါတယ်။ သိုသို သိပ်သိပ် နေပေမယ့်လည်း သံဃာ့ဂုဏ်နှင့် ပြည့်စုံလို့ ထင်ပါတယ်။ ဘယ်က ဒကာတွေ လာပို့တာလဲ မသိ၊ ဆွမ်းစားစားပွဲကြီးပေါ်မှာ အမြဲ ဆွမ်းဟင်းတွေ လျှံနေပါတယ်။ ဆရာတော်ကြီးရဲ့ မွေးနေ့ ရောက်တိုင်းလည်း ကျောင်းမှာရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ် ကုသိုလ်ယူလေ့ရှိပါတယ်။

(ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်၊ သပြေကန် ဆရာတော်ကြီး၏ သက်တော်ရာပြည့်ပွဲ နီးလာပြီဖြစ်သည့် အတွက် ရာပြည့်ပူဇော်ပွဲစာစောင် ဖြစ်မြောက်ရေးအတွက် လုံးပမ်းနေကြချိန် ဖြစ်ပါသည်။ စာစောင်ဖြစ်မြောက်ရေးအဖွဲ့၏ တာဝန်ပေးချက်အရ စာတည်းအဖွဲ့ဝင် ဒေါ်ရွှေဝါစိုး၊ ဒေါ်ချယ်ရီသိန်းတို့သည် **ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် သာသနပါလကအဖွဲ့ ဥက္ကဋ္ဌကြီး ဦးခင်လှ (သီဟသုခမွေ မဏိဓောတခရ)** အား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။ ဦးခင်လှ၏ ပြောကြားချက်များမှာ များစွာ စိတ်ဝင်စားဖွယ်ကောင်းသဖြင့် အများသူငါကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန် ရေးသားဖော်ပြလိုက်ပါသည်)

၁၃၅၃-ခုနှစ်မှာ ဂုဏ်ထူးဆောင် နာယကကြီး ဦးဘဒ္ဒေနှင့် ဦးကြင် တို့က ထောက်ခံပြီးတော့ ဆရာတော်ကြီးရဲ့ ခွင့်ပြုချက်ဖြင့် ကျွန်တော် အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် ကုသိုလ် တာဝန်ယူခဲ့ပါတယ်။ ကျွန်တော့်စိတ်ထဲမှာ အကျိုးတော်ဆောင်အဖွဲ့ကို ဂေါပကလို့ ခေါ်ရတာ သိပ်ဘဝင်မကျတာနဲ့ ဆရာတော်ကြီးကို လျှောက်ထားကြည့်တော့ ဆရာတော်ကြီး က "ဒကာ သာသနပါလကအဖွဲ့ ဆိုတဲ့ အမည်နှင့်ဆိုလျှင် ဖြစ်မလား" လို့ ပြောပါတယ်။ အဲဒီ ထူးခြားတဲ့အမည်နဲ့ပဲ ယနေ့တိုင် အကျိုးဆောင်အဖွဲ့ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော် အဖွဲ့ဥက္ကဋ္ဌ ဆောင်ရွက်နေဆဲမှာ အရင်က ရှိခဲ့တဲ့ ဘုရားကုန်းတော်ပေါ်က ရောင်တော်ပွင့် စေတီနှစ်ဆူကို ပြုပြင်မွမ်းမံခဲ့ပါတယ်။ အရင် ဓမ္မာရုံဟောင်းကြီးက ကွယ်နေလို့ စေတီတော်နှစ်ဆူကို ကောင်းကောင်း မဖူးမြင်ကြရဘူးလေ။ ဘာဖြစ်လို့ ရောင်တော်ပွင့်စေတီလို့ ခေါ်သလဲဆိုရင် ရှေးက ရွှေဘုန်းပွင့်ဘုရားမှာ ဓာတ်တော်များ ကိန်းတဲ့အခါ ဒီဘုရားနှစ်ဆူမှာ ရောင်တော်လာလွှတ်လို့ ပြောတာကို ကျွန်တော် ကြားဖူးပါတယ်။

ကျွန်တော်တို့က ဘုရားရှင်တွေ ကိန်းဝပ်နေတဲ့ ဂန္ဓကုဋီတိုက်ဟောင်းကြီးကို ဖျက်ပြီး၊ ဘက်စုံအလှူဖြစ်သွားအောင် မျက်နှာချင်းဆိုင် ကျောခြင်းကပ် ဖြစ်နေပြီး သပ္ပါယ်ကြည်ညိုဖွယ်မဖြစ်တဲ့ ရုပ်တုတော် ဥဒ္ဒိဿစေတီများကို ပန်းပုဆရာ ဦးဇော်ဝင်းအဖွဲ့ အကူအညီဖြင့် သပ္ပါယ်ကြည်ညိုဖွယ်ဖြစ်အောင် ပြုပြင်ပူဇော်ခဲ့ပါတယ်။ ကျွန်တော်လည်း ရုပ်ပွားတော်တစ်ဆူ လှူပါတယ်။

စေတီတော်ကြီးတွေ ပြင်မယ့်နေ့ကျတော့ ဆရာတော်ကြီးကို "ဘယ်နေ့လုပ်ရင် ကောင်းမလဲ ဘုရား၊ ရက်ရွေးပေးတော်မူပါ" ဆိုတော့ "ဘာအတွက်လုပ်တာလဲ ဒကာကြီး" လို့ ပြန်မေးပါတယ်။ ကျွန်တော်က "တပည့်တော် သာသနာအတွက် ကောင်းအောင်လုပ်တာပါဘုရား" လို့ ပြန်လျှောက်တော့ ဆရာတော်ကြီးက "သာသနာအတွက် ကောင်းအောင်လုပ်တာ၊ ရက်ရွေးစရာမလိုဘူး၊ ဘာမှ အန္တရာယ်မရှိပါဘူး။ ပြင်မှာသာပြင်ပါ" လို့ မိန့်တော်မူပါတယ်။

အဲဒီနောက် ကျွန်တော်က သဒ္ဓါထက်ပြီး "ဓမ္မာရုံအသစ်ကြီး ပြန်ဆောက်ဖို့၊ တပည့်တော် ဓမ္မာရုံ ဒကာအဖြစ် လုပ်ပါ့မယ်ဘုရား" လို့ လျှောက်ထားတော့ ဆရာတော်ကြီးက "ဒကာခင်လှ၊ အချိန်သိပ်နောက်ကျတယ်" လို့ မိန့်ပါတယ်။ အဲဒီစကားရဲ့ အဓိပ္ပါယ်ကို အဲဒီအချိန်က ကျွန်တော် သိပ်နားမလည်ဘူး။ အဲဒါကြောင့် ကျွန်တော်က "အချိန်သိပ်နောက်မကျသေးပါဘူးဘုရား၊ တပည့်တော်တို့ အမြန်ပြင်ရင် ပြီးသွားမှာပါ" လို့ လျှောက်ခဲ့တယ်။

ဒါပေမယ့်ဗျာ ဆရာတော်ကြီးပြောတဲ့ အဓိပ္ပါယ်က အဲဒီလို မဟုတ်ဘူး။ ဆရာတော်ကြီးက သူ့ရဲ့နောက်ဆုံး ခရီး နောက်ဆုံးအချိန်ကို သိလို့ ပြောတာကို။ ဆရာတော်ကြီးကို ကျွန်တော် အမြဲတမ်း လျှောက်လေ့ရှိပါတယ်။ "ဘုန်းဘုန်း၊ ကျန်းမာရေး စစ်ဆေးသင့်ပါတယ်၊ တပည့်တော် ကုသိုလ်ယူပါ့မယ်ဘုရား" အဲဒီအခါ ဆရာတော်ကြီးက "ဒကာကြီးရယ်၊ မလိုပါဘူး၊ ဘုန်းကြီးကောင်းနေတာပဲ" ဆိုပြီး ငြင်းပယ်လေ့ရှိပါတယ်။

ဆရာတော်ကြီး၏ နောက်ဆုံးအချိန်

တစ်နေ့တော့ ဆရာတော်ကြီး ခေါ်ခိုင်းလို့ ကျောင်းက ကျောင်းသားတစ်ယောက် ကျွန်တော့်ကို လာခေါ်ပါတယ်။ ကျောင်းရောက်တော့ "ဒကာကြီး၊ ဘုန်းကြီးရဲ့ ဒီဘက်ရင်ညွန့်လေးနားက အောင့်တယ်" တဲ့။ "ခါတိုင်းတော့ ပရုပ်ဆီလေး လိမ်းလိုက်ရင် ပျောက်တယ်၊ အခုသုံးလေးညရှိပြီ မအိပ်ရဘူး၊ ကျန်းမာရေးစစ်မယ်ဆိုရင်လည်း စစ်ပါဒကာ"

အဲဒါနဲ့ ကျွန်တော်တို့ ရွှေဘုံသာလမ်းမှာရှိတဲ့ အေးဆေးခန်းကို ဆက်သွယ်တယ်။ အေး ဆေးခန်းကနေ အခြား ဆရာဝန်တစ်ယောက်နဲ့ ဒေါက်တာသီဝတင်ကို လှမ်းခေါ်ပြီး စစ်ဆေးကြည့်လိုက်တော့၊ မိုးသီးဆေးခန်းမှာ E.C.G စက် အသစ်ကြီးနှင့် ရိုက်တာပါ။ အဖြေက ကောင်းတယ်တဲ့၊ နောက်တစ်ခါ ဒေါက်တာသီဝတင်က ဆရာတော့်သွေးကို ဖောက်ပြီး သွေးကို စစ်ဆေး ဓာတ်ခွဲစေတယ်၊ အဖြေကို သူကိုယ်တိုင် ကြည့်တယ်။ သွေးမှာ

အခြေအနေ မဟန်ဘူးဆိုပြီး ကျွန်တော် ကျောင်းပြန်လာတယ်။ ဆွမ်းစားကျောင်းက ဆရာတော် ဦးအဂ္ဂဆီကနေ သင်ဖြူးဖျာတွေ ရလာတယ်။ သင်ဖြူးဖျာ ခင်းပေးပြီး ည(၁၀)နာရီခွဲ (၁၁)နာရီလောက်မှာ ဖျာတွေက စိုရွဲနေပြန်တယ်။ ဆရာတော်ကြီးဟာ ဝေဒနာအတော်ပြင်းနေပေမယ့် ဝေဒနာကို သည်းခံပြီး မျက်စိမှိတ်ပြီး တရားနဲ့ပဲ ခန္ဓာမှာ ရှုမှတ်ပွားများနေပုံရပါတယ်။

ကျွန်တော် အိမ်ပြန်လာပြီး နောက်တစ်နေ့ မနက် (၄)နာရီလောက်မှာ ဆေးရုံကနေ ကျွန်တော့်ဆီ ဖုန်းလာတယ်။ "ဆရာတော်ကြီး သည်းနေပြီ။ ဦးခင်လှ အမြန်ဆုံး လာပါတဲ့"။ ကျွန်တော် ချက်ချင်းထွက်လာပေမယ့် ကားထဲမှာ ဆီတွေရှိပါလျက် တာမွေနားမှာ စက်ရပ်သွားတယ်။ နောက်ထပ် ဆီထပ်ဖြည့်ပြီး နှိုးတော့မှ စက်နိုးသွားတယ်။ ကျွန်တော်တို့ စိတ်ထဲမှာတော့ ထင့်သွားတယ်။ ငါတို့တော့ ဆရာတော်ကြီးမရှိရင် ရေတိမ်နစ်တော့မှာပဲလို့၊ ဟိုရောက်တော့ နှလုံးနှိုးစက်နှင့် နှိုးထားပြီး အဲဒါနဲ့ပဲ အသက် ရှူနေရတယ်။ ဆရာတော်ကြီး သက်ရှယ်တော်နဲ့လည်း နှလုံးအစားထိုးကုလို့ မလွယ်ဘူး။ နှလုံးနှိုးစက် ရပ်လိုက်တဲ့ အချိန်မှာပဲ ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူသွားရှာတယ်လို့ ထင်တာပါပဲ။ ဆရာတော်ကြီး ပျံလွန်တော်မူတာဟာ မှတ်မှတ်ရရ (၇-၂-၁၉၉၅)နေ့ ဖြစ်ပါတယ်။

နိုင်ငံတော်က ဦးစီးကျင်းပတဲ့ နိုင်ငံတော်ဈာပန

ကျွန်တော်တို့ သာသနပါလကအဖွဲ့က မိမိအစီအစဉ်နဲ့ ဈာပနအခမ်းအနားကျင်းပဖို့ စီစဉ်နေချိန်မှာပဲ သက်ဆိုင်ရာတွေက နိုင်ငံတော်ဈာပနအဖြစ် ကျင်းပမယ်ဆိုတဲ့အတွက် ဆရာတော်ကြီးကို တပ်မတော်ဆေးရုံမှ အခမ်းအနားဖြင့် ပင့်လာပါတယ်။ ဦးခေမာစာရနဲ့ တိုင်ပင်ပြီး တိပိဋကဓရ မဟာဂန္ဓာရုံ ဆရာတော် ဦးသုမင်္ဂလာ လက်ဘ၊ ဝိဇ္ဇောတာရုံဆရာတော် ဦးဝိဇ္ဇောတ၊ မဟာဗောဓိဆရာတော် ဦးပဏ္ဍိတာဘိဝံသတို့ ဦးဆောင်ပြီး သံဃာတော်များကကားပေါ်မှ ဝတ်ရွတ်ပူဇော်ပြီး လိုက်လာကြပါတယ်။

အဆီဓာတ်များနေတယ်တဲ့၊ နှလုံးသွေးကြော ပိတ်နိုင်တယ်။ ဆေးရုံမဖြစ်မနေ ခုချက်ချင်းတက်ရမယ်လို့ ပြောတယ်။ ကျွန်တော်လည်း ကျွန်တော်ရဲ့ Lite Ace ကားအသစ်ကြီး ပေါ်မှာ အောက်ဆီဂျင်အိုးနှင့် အဆင်သင့်သွားဖို့ ပြင်ထားတယ်။ ဆရာတော်ကြီးက တည်ငြိမ်အေးဆေးစွာ သက်ိန်းကို စနစ်တကျရုံပြီး ဆေးရုံကိုလိုက်ဖို့ ပြင်ပါတယ်။

"ဒကာခင်လှ၊ ဘုန်းကြီးရောဂါက နှလုံးရောဂါဆိုရင် ဘုန်းကြီး အငြိမ်း ယူရတော့မယ် ထင်တယ်" "နှလုံး ဟုတ်ချင်မှ ဟုတ်မှာပါဘုရား၊ အခြားရောဂါလည်း ဖြစ်ချင်ဖြစ်မှာပေါ့ ဘုရား"

တပ်မတော်ဆေးရုံကို ရောက်တော့ ဆရာတော်ကြီးကို သီးခြား အခန်းမှာ သီတင်းသုံးစေပါတယ်။ တာဝန်ကျ ဆရာဝန်တွေက စစ်ဆေးစရာ ရှိတာတွေကို စက်ဖြင့် အကုန်လုံး စစ်ဆေးကြတယ်။ ည(၁၂)နာရီခွဲလောက်ကျတော့ ဆရာဝန်ကြီးက "ခင်ဗျားတို့ ဆရာတော်ကြီးရဲ့ နှလုံးသွေးကြောတွေ အားလုံးပွင့်သွားပြီတဲ့" ဝမ်းသာလိုက်တာဗျာ။

စိုးရိမ်ရတဲ့ အဆင့်က ကျော်လွန်သွားပြီဆိုတော့ အေးအေးဆေးဆေး ဖြစ်သွားပြီ။ နောက်တစ်နေ့ ဆွမ်းသွားကပ်တော့ ဆရာတော်ကြီးကို ကုတင်ပေါ်က ပွေ့ပြီး အသာထိုင်စေရတယ်။ နူးနေအောင် လုပ်ထားတဲ့ ကြက်သားတုံးလေးတွေကို ကျွန်တော် အသားနွှင်ပြီး ကပ်ပါတယ်။

ဆရာတော်ကြီးဟာ ဆေးရုံရဲ့ ဘုရားခန်းရှိတဲ့ခြောက်ထပ်တိုက်ပေါ်တက်ပြီး ဘုရားရှိခိုး၊ ပရိတ်ရွတ်တယ်။ မောနေတာကို မမှုဘူး။ ရဟန်းကျင့်ဝတ်အတိုင်း ကျင့်သုံးတော်မူတယ်။

အဲဒီနေ့ ညနေ(၃)နာရီလောက်မှာ ဆရာတော်ကြီးရဲ့ ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေ ရွှဲနစ်နေတယ်။ သက်ိန်းတွေမှာလည်း ချွေးရွဲနေပြီ။ အောက်မှာ ခင်းထားတဲ့ အခင်းမှာလည်း ချွေးတွေ စိုနေတယ်။ ကျွန်တော်တို့အားလုံး တဘက်တွေ, ပုဝါတွေနှင့် သုတ်ပေးပါတယ်။ ဘယ်လိုမှ မရဘူး။

ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်ကို ဘုရားကုန်းတော်ပေါ် ဓမ္မပါလမဏ္ဍာရုံပေါ်မှာ ကျွန်တော်တို့ ပြင်ထားပါတယ်။ ရွှေကျင်သာသနာပိုင် သက်တော်ရှည် ရွှေဟင်္သာဆရာတော်ဘုရားကြီးကတော့ နှမြောတသစွာ ခုလို မိန့်ကြားတော်မူပါတယ်။ ''သပြေကန်ဆရာတော်က အခု သက်တော်နှင့်ဆိုရင် သာသနာတော်မှာ နေလို့ရသေးတယ်။ သပြေကန်ဆရာတော်လို ဆရာတော်ကြီးမျိုး မရှိတာ တို့များ သာသနာတော်အတွက် အလွန်ဝမ်းနည်းဖွယ်ကောင်းတယ်'' တဲ့။

ရုပ်ကလာပ်တော် ပြင်ထားတဲ့အချိန်မှာ ဆရာတော်ကြီးရဲ့ ထူးခြားချက်တစ်ခုကတော့ ရုပ်ကလာပ်တော်မှာ ဆေးရုံကနေ ထိုးသွင်းလိုက်တဲ့ ဆေးထိုးအပ်ရာမှ သွေးတစ်စက်စက် ကျနေတယ်။ အဲဒီအချိန်မှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်ဆွေ နှင့် ဇနီးဒေါ်သက်သက်ဆွေတို့ ရောက်လာကြပြီး သူတို့ ယိုးဒယားက အပြန် ဝယ်လာတဲ့ ရေးမွှေးတွေဖြင့် ရုပ်ကလာပ်တော်ကို ပူဇော်ပေးဖို့ ပြောတဲ့အတွက် ခေါင်းထဲက ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်မှာ ဖျန်းပက်ပူဇော်ပေးလိုက်ပါတယ်။ မီးသင်္ဂြိုဟ်ပြီးတဲ့အထိ ရေမွှေးဖျန်းထားပေမယ့် ရုပ်ကလာပ်တော်ဟာ ဘာမှပြောင်းလဲမှုမရှိ၊ သွေးကလည်း တစ်စက်စက် ကျနေတုန်းပဲ။

ဂုဏ်ရည်ထူးခြား နတ်များပူဇော်

ဆရာတော်ကြီးရဲ့ အန္တိမစျာပန ပြုလုပ်တော်မူမယ့် ၁၂-၂-၁၉၉၅ ခုနှစ်နေ့မှာ ဆရာတော်ကြီးရဲ့ အန္တိမစျာပနမှာ မီးသင်္ဂြိုဟ်တော်မူဖို့ ခြေလက်တွေကို သံကြိုးတွေနဲ့ မလှုပ်နိုင်အောင် တုပ်နှောင်ရပါတယ်။ အဲဒီလို တုပ်နှောင်ထားတဲ့ ကြားက ဆရာတော်ကြီးရဲ့ ယာဖက် လက်တော်က ထိုးထောင်ပြီး ထွက်လာတယ်။ ထူးခြားတဲ့ အဓိပ္ပါယ်ကတော့ ရှိလိမ့်မယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။

ကျွန်တော်တို့ တစ်သက်မှာ မမေ့နိုင်စရာ အဖြစ်အပျက်ကတော့ ဆရာတော်ကြီးရဲ့ အရိုးပြာအိုးကို ရေမျှောတဲ့ ၁၃-၂-၁၉၉၅ နေ့ပါ။ နိုင်ငံတော်ပိုင် သင်္ဘောနှစ်စင်းနဲ့ ပင်လယ်ဝမှာ သွားမျှောကြတာပါ။ ဦးဆောင်တာကတော့

နိုင်ငံတော်ရဲ့ တာဝန်နဲ့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဗျူဟာမှူးဒုတိယဗိုလ်မှူးကြီး ခင်အောင်မြင့်၊ ယခုတော့ ပြည်ထောင်စုလွှတ်တော် နာယကပေါ့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်ဆွေနှင့်ဇနီး ဒေါ်သက်သက်ဆွေ တို့လည်းပါတယ်။ ကျွန်တော်တို့ သာသနပါလကအဖွဲ့နဲ့ အခြားဒကာ ဒကာမတွေလည်း ပါသေးတယ်။

ပင်လယ်ဝရောက်တော့ ဒုတိယဗိုလ်မှူးကြီး ခင်အောင်မြင့်က အရိုးပြာအိုးကို ရေမှာချပါတယ်။ အရိုးပြာအိုး သင်္ဘောနဲ့ အတော်လေးကွာသွားပြီ၊ အဲဒီ အခိုက်မှာပဲ ကောင်းကင်ပေါ်ကနေ သက်တန့်ကြိုးနှစ်ခု ကိုင်းမနေပါဘူး၊ ထိုးစိုက်ပြီး ဆရာတော်ကြီးရဲ့ အရိုးအိုးပေါ်မှာ လာပြီး ထိုးစိုက်ပါတယ်။ ထူးဆန်းတာက သက်တန့်ဆိုတာ မိုးဖွဲဖွဲလေး ရွာနေပြီး နေရောင်ဖျော့ဖျော့လေးလည်းရှိမှ၊ နံနက်ပိုင်းဆို အနောက်ဘက်အရပ်က၊ ညနေပိုင်းဆို အရှေ့ဘက် အရပ်က သက်တန့် ကျတတ်တာလေ၊ နောက်

အရိုးပြာအိုးက ဆယ့်ငါးကိုက်၊ ကိုက်နှစ်ဆယ်လောက် ရေဆန် တက်သွားသေးတယ်။ ဒါဟာ သဘော်လိုင်းကြောင့် မဟုတ်ဘူး၊ သဘော် ကျွန်တော်တို့ ဆရာတော်ကြီးကို ပူဇော်အသော အနေဖြင့် ဝမ်းနည်းတဲ့အနေနဲ့ ရပ်ထားကြတာ၊ အံ့ဩဖို့ကောင်းလိုက်တာ။ ဆရာတော်ကြီးကို နောက်ဆုံး အချိန်ထိ နတ်, သိကြားတွေကပါ လာပြီး ပူဇော်နေကြသလားရယ်လို့ ကျွန်တော်တွေးထင်မိပါတယ်။ ဆရာတော်ကြီးရဲ့ မြင့်မြတ်လှတဲ့ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တွေကိုပေါ့လေ။ အဲဒီအချိန်မှာ TV တွေလည်း ရိုက်ပြီး မှတ်တမ်းတင်နေကြတယ်။ အဲဒါကြောင့်လည်း ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူသွားတာ ၁၆-နှစ်ရှိခဲ့ပေမယ့် ကျွန်တော်တို့ စိတ်ထဲမှာတော့ သက်ရှိထင်ရှား ရှိနေသေးတယ်လို့ပဲ ခံစားရပါတယ်။

အဲဒီလို ခံစားရလို့လည်း ကျွန်တော်တို့ သာသနပါလကအဖွဲ့ကြီးဟာ ဆရာတော်ကြီးရဲ့ အထိမ်းအမှတ် အဖြစ် ဆရာတော်ကြီး သီတင်းသုံးသွားတဲ့ ကျောင်းတိုက် ကြီးကို ရှေးမူမပျက်ထားရှိပြီး၊ ဆရာတော်ကြီးရဲ့ ဓမ္မအမွေ ဖြစ်တဲ့ ကျမ်းစာအုပ်တွေကို စုစည်းပြီး ပြတိုက်အဖြစ် ထားရှိဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

လောကဂုဏ်ကို အလိုမရှိသော ဆရာတော်

သတိရလို့ ပြောရပါဦးမယ်။ ဆရာတော်ကြီးဟာ ဂုဏ်ပကာသနနှင့် လာဘ်လာဘတွေကို လုံးဝမနှစ်သက်ပါဘူး။ တရားကိုသာ အလိုရှိပြီး၊ တရားဟော တရားပြောဖြင့်သာ အချိန်တိုင်း မွေ့လျော်နေတာပါ။ ဆရာတော်ကြီး "အဘိဓေမဟာရဋ္ဌဂုရ" ဘွဲ့ရတော့ ကျွန်တော်တ ဆလွန်းကား လှူပါတယ်။ ဆရာတော်ကြီးက လက်မခံပါဘူး။ "အဲဒီ ဇိမ်ခံပစ္စည်းတွေက အနှောင်အဖွဲ့တွေ၊ ဒကာကငါ့ကို ဒုက္ခရောက်အောင်လုပ်တယ်" တဲ့။ လေအေးစက်လှူတုန်းကလည်း ချက်ချင်းလက်မခံပါဘူး။ ဥတုသပ္ပါယမျှအောင် ကျန်းမာရေးအတွက် သင့်တော်တဲ့အချိန်မှာ အသုံးပြုနိုင်ဖို့ပါလို့၊ ကျွန်တော်က လျှောက်ထားမှ လက်ခံတော်မူတဲ့အတွက် ဆွမ်းစားကျောင်းနှင့် သံဃာတော်များ ကျောင်းတွေမှာပါ ပန်ကာနှင့် လေအေးစက်တွေ ကျွန်တော် လှူဒါန်း တပ်ဆင်ပေးခဲ့ပါတယ်ဗျာ။

ဆရာတော်ကြီး ပျံလွန်တော်မူပြီး နှစ်အတန်ကြာမှ ကျွန်တော်တို့ အခုမြင်တွေ့နေရတဲ့ "သပြေရိပ် ဓမ္မသာလာ" အဆောက်အဦကို ကျွန်တော်တို့ ဆောက်နိုင်ခဲ့ပါတယ်။ အချိန်နောက်ကျတယ်လို့ပြောတဲ့ ဆရာတော်ကြီးရဲ့ စကားအလွန်မှန်ပါတယ်ဗျာ။ ဖျက်လိုက်ရတဲ့ အဆောက်အဦ နှစ်ခုအတွက်ရယ်၊ အပေါ်ဆုံးထပ်မှာ ဘုရားကျောင်းဆောင်ကြီး ခန့်ခန့်ညားညား ပေါ်ထွက်လာပါတယ်။ ရောင်တော်ပွင့် စေတီတော်များကိုလည်း အကွယ်အကာမရှိ ရှင်းရှင်းလင်းလင်း ဖူးမြင်ရလို့ အလွန်ပီတိဖြစ်စရာ ကောင်းလှပါတယ်ဗျာ။ ဒီလို ကျောင်းတော်ကြီးမှာ အခုလို သာသနိက အဆောက်အဦတွေနဲ့ တိုးတက်စည်ပင်လာတာဟာ ဆရာတော်ကြီးရဲ့ မေတ္တာဖြင့် စောင့်ရှောက်တဲ့ ဂုဏ်ကျေးဇူးတွေကြောင့်ပဲ ဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။

ဆရာတော်ကြီးရဲ့ ကြီးမားလှတဲ့ ဂုဏ်ကျေးဇူးတွေကို မမေ့ဘဲ ပေးဆပ်ပူဇော်သောအားဖြင့် ဆရာတော်ကြီး ပျံလွန်တော်မူတဲ့နေ့ကစပြီး ယနေ့တိုင် နှစ်စဉ် ဂုဏ်ရည်မှန်းဆပူဇော်ပွဲတွေ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ တရားပွဲများလည်း ကျင်းပခဲ့ပါတယ်။

ဆရာတော်ကြီးရဲ့ သက်တော်ရာပြည့်ချိန် နီးလာပြီမို့ ရာပြည့်ပွဲကြီး ဖြစ်မြောက်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြပါပြီ။ ဆရာတော်ကြီးရဲ့ မွန်မြတ်လှတဲ့ ဂုဏ်တော်၊ ကျေးဇူးတော်တွေကို အာမိသပူဇာ၊ ဓမ္မပူဇာနှစ်ဖြာနှင့် ပေးဆပ်ပူဇော်နေရတာကိုပဲ ကျွန်တော်တို့ သာသနပါလကအဖွဲ့ကြီးက ဂုဏ်ယူမဆုံးပါဗျာ။ လာရောက်မေးမြန်းမှတ်တမ်းတင်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဦးခင်လှ

ဆရာဒကာလက်တွဲညီညာ

နာယကကြီး ဦးသိန်းဟန်

တွေ့ဆုံမေးမြန်းသူ- ဒေါ်ရွှေဝါစိုး၊ ဒေါ်စောချယ်ရီသိန်း

မြတ်စွာဘုရားရှင်သည် ကိမိလမြို့တွင် သာသနာတော် အရှည်တည်ခြင်း၊ မတည်ခြင်းနှင့် စပ်လျဉ်း၍ ကိမိလမထေရ်မေးလျှောက်သဖြင့် ဖြေကြားတော်မူခဲ့ပါသည်။ သာသနာတော်မြတ်ကြီး အရှည်တည်တံ့ရေးအတွက် ဘုရားကို ရိုသေခြင်း၊ တရားကို ရိုသေခြင်း၊ သံဃာကို ရိုသေခြင်း၊ အကျင့်သိက္ခာကို ရိုသေခြင်း၊ အချင်းချင်း ရိုသေခြင်းဟူသော အချက်များကို စောင့်ထိန်းလိုက်နာရမည် ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရား ဆုံးမတော်မူခဲ့သော သာသနာတော်ကြီး တည်တံ့ခိုင်မြဲရေးဆိုင်ရာ ကျင့်ဝတ်များအတိုင်း တစ်သဝေမတိမ်း အသက်ထက်ဆုံး လိုက်နာကျင့်ကြံခဲ့ပေသည်။ ယခုဆိုလျှင် ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ကြီး၏ သက်တော်ရာပြည့်ပူဇော်ပွဲကြီးကျင်းပရန် အချိန်နီးကပ်လျက်ရှိပေပြီ။

ကျွန်မတို့သည် သပြေကန်ရာပြည့်ထေရဂုဏ်ပူဇော်စာစောင် ဖြစ်မြောက်ရေးအဖွဲ့၏ တာဝန်ပေးချက်အရ ယခု ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၊ သာသနပါလကအဖွဲ့ကြီး၏ နာယက၊ ယခင် ဆရာတော်ဘုရားကြီးရှိစဉ်က သာသနာ့အကျိုးတော်ဆောင်အဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော နာယကကြီး ဦးသိန်းဟန် နေထိုင်ရာ သာကေတမြို့သို့ ရောက်ရှိခဲ့ပြီး၊ ဆရာတော်ကြီး သက်တော်ထင်ရှား ရှိခဲ့စဉ် သိမီခဲ့ရသော ဆရာတော်ကြီး၏ လေးစားအံ့သြဖွယ်ဂုဏ်ရည်များ၊ ဆရာတော်ကြီးကို အနီးကပ် ဆည်းကပ်ကိုးကွယ်ခဲ့ရပုံများ၊ သာသနာတော်မြတ်ကြီး အကျိုးအတွက် ဆရာ,ဒကာ လက်တွဲညီစွာဖြင့် မည်ကဲ့သို့ သာသနာပြုခဲ့ကြပုံများကို မေးမြန်းခဲ့ပါသည်။ ကျွန်မတို့ သွားရောက်ခိုက် ဘဘဦးသိန်းဟန်သည် MRTV-4မှလာနေသော တရားတော်များကို နာကြားလျက် ရှိနေခဲ့ပါသည်။(ဘဘဦးသိန်းဟန် နှင့် တွေ့ဆုံမေးမြန်းချက်များကို အောက်ပါအတိုင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။)

စာတည်း။ ဘဘအနေနဲ့ သပြေကန်ဆရာတော်ကြီးကို ငယ်စဉ်ကတည်းက စတင်ဖူးတွေ့ခွင့်ရခဲ့တယ်လို့ သိရပါတယ်။ ဘယ်လိုဖူးတွေ့ခဲ့ရသလဲဆိုတာ ပြောပြပေးပါလားရှင့်။

ဦးသိန်းဟန်။ ကျွန်တော်တို့နေတဲ့ ပုဂံတောင်ရွာနဲ့ ဆရာတော်ကြီး ကျောင်းထိုင်တဲ့ ရုံးသပြေကန်ဟာ (၃)မိုင်လောက် ဝေးပါတယ်။ ကျွန်တော်က ပုဂံတောင်ရွာက သူကြီးရဲ့သားပါ။ ဆရာတော်ကို မမြင်ဖူးပေမယ့် ဆရာတော် သတင်းကို သူများတွေ ပြောဆိုနေကြတာ ကြားဖူးနေတာတော့ ကြာပါပြီ။ မှတ်မှတ်ရရ ၁၉၃၈-ခုနှစ်၊ အင်္ဂလိပ်ခေတ်ကပေါ့ဗျာ။ ကျွန်တော် ရန်ကုန်မှာ (၈)တန်းနှစ်ကျောင်းသွားတက်ပြီး ကျောင်းပိတ်ရက် အိမ်ပြန်လာတော့ အိမ်ကလူကြီးမိဘတွေက ကျွန်တော့်ကို သပြေကန်ကျောင်းမှာ ရှင်ပြုပေးကြတယ်။

အဲဒီမှာ အရင်ကတည်းက သတင်းကောင်းတွေ ကြားဖူးနေတဲ့ ကျွန်တော်နဲ့ ဆရာတော်ကြီးနဲ့ တွေ့တာပဲ။ အဲဒီတုန်းကတော့ ဆရာတော်က ဦးပဉ္စင်းဘဝပေါ့။ အဲဒီမှာ ကျွန်တော်က ကိုရင်ငယ်လေးပေါ့ဗျာ။ အသက်(၁၅)နှစ်လောက်၊ သူများတွေဆိုရင်တော့ မေးလျှောက်ရဲမှာ မဟုတ်ဘူး။ ဦးပဉ္စင်းနဲ့တွေ့တော့ ကျွန်တော်က အရဲစွန့်ပြီး ဒီလိုလျှောက်လိုက်တယ်။

"ဦးပဉ္စင်း၊ ဦးပဉ္စင်းက စာပေတွေ ဝတ္ထုတွေကို တစ်ခါဖတ်ရုံနဲ့ အလွတ်ရတယ်ဆို၊ တပည့်တော်တို့ သင်နေတဲ့ အင်္ဂလိပ်ကျောင်းက စာတွေမပြောနဲ့ ပါဠိတော်တွေကိုတောင် တစ်ခေါက်၊ နှစ်ခေါက် ဖတ်ရုံနဲ့ အလွတ်ပြန်နိုင်တယ်ဆို။

အဲဒီအခါ ဆရာတော်က အသာလေးပြုံးနေတယ်။ လူငယ် ကိုရင်လေးက ဒီလိုမေးရကောင်းလားဆိုပြီး ဒေါသမဖြစ်ဘူးနော်။ အဲဒါ ကျွန်တော် ဆရာတော်ကြီးကို စတင်ဖူးတွေ့ဆည်းကပ်ခွင့်ရခဲ့တဲ့ အကြောင်းပါပဲဗျာ။

စာတည်း။ အဲဒီနောက် ဘာတို့မိသားစု ဆရာတော်ကြီးကို ဘယ်လို ဆက်လက်ဆည်းကပ်ကိုးကွယ် ဖြစ်သွားပါသလဲ။

ဦးသိန်းဟန်။ ကျွန်တော် အသက်(၃၀)လောက်မှာ ကျွန်တော့်အဖေပြီးတော့ ကျွန်တော်က ရွာမှာ သူကြီးဆက်လုပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ မိသားစုက ဆရာတော်ကြီးကို နွားနို့နဲ့ ဆွမ်းချိုင့်ပို့လှူလေ့ ရှိပါတယ်။ လှူရေးတန်းရေးကိစ္စတွေ၊ သာသနာပြုကိစ္စတွေနဲ့ စပ်လျဉ်းပြီး ကျွန်တော်တို့ ဆရာတော်ကြီးနဲ့ မကြာခဏ တွေ့ဖြစ်ကြပါတယ်။ အထူးသဖြင့် ကျွန်တော်ရွာမှာရှိတုန်း ဆရာတော်ကြီးနဲ့ လက်တွဲပြီး ဆောင်ရွက်ခဲ့တဲ့ ကိစ္စလေးတစ်ခု ရှိတယ်။ ဦးနုအစိုးရလက်ထက်မှာပေါ့။

စာတည်း။ ဟုတ်ကဲ့၊ ဆက်ပြီးပြောပြပါ ဘဘ။ သမီးတို့လည်း ဗဟုသုတရပါတယ်။

ဦးသိန်းဟန်။ ဖ·ဆ·ပ·လ အစိုးရလက်ထက်က ကျွန်တော်တို့ ရွာတွေမှာ အမြဲနှီးဆော်တဲ့အချက်က ငါးပါးသီလမြဲကြဖို့နဲ့ အခြေခံအဘိဓမ္မာတရားတော်တွေကို သင်ယူကြဖို့၊ ရွာလူကြီးတွေကနေ ဦးဆောင်ပြီး၊ အဲဒီကိစ္စကို စီစဉ်ဆောင်ရွက်ကြရပါတယ်။ ကျွန်တော်တို့ရွာမှာလည်း ကျွန်တော် ဦးဆောင်ပြီး အဘိဓမ္မာတတ်ကျွမ်းတဲ့ ဆရာဦးအုန်းမောင်ကို သင်တန်းပို့ချစေပါတယ်။ အဲဒီ သင်တန်းမှာ ကျွန်တော်တို့လည်း တက်ခဲ့ပါတယ်။ ထူးခြားတာက အဲဒီမှာ ခက်ခဲတဲ့ ဗုဒ္ဓရဲ့ အဘိဓမ္မာပညာကို လွယ်ကူစွာ နားလည်နိုင်စေဖို့ သပြေကန်ဆရာတော်ကြီးက သင်္ကေတလေးတွေ ထုတ်ပေးပြီး ပို့ချစေခဲ့ပါတယ်။

မှတ်မိသလောက် ပြောရရင် အကုသိုလ်စိတ်ဆိုရင် (-)လက္ခဏာ၊ ကုသိုလ်စိတ်ဆိုရင်(+)လက္ခဏာပေါ့။ အဲဒီလို အခြေခံ သင်ရိုးနည်းကို သင်္ကေတနဲ့တီထွင်ပြီး သင်ပေးနိုင်ခဲ့လို့ ရဟန်းသာမဏေတွေသာမကဘဲ ကျွန်တော်တို့လို လူပုဂ္ဂိုလ်တွေပါ ခက်ခဲတဲ့ အဘိဓမ္မာကို လွယ်လွယ်ကူကူ နားလည်ခဲ့ပါတယ်။

စာတည်း။ ဟုတ်ကဲ့။ ရှေးတုန်းက နိုင်ငံတော်မှာ သာသနာတော်အရေးကို အောက်ခြေအထိဆင်းပြီး အခြေခိုင်အောင် ဆောင်ရွက်ခဲ့ပုံကို ဘဘပြောပြလို့ "သက်ကြီးစကား၊သက်ငယ်ကြားရတာ" သိပ်ပြီးတန်ဖိုးရှိလှပါတယ်။ အခု ဆက်ပြီးတော့ သပြေကန်ဆရာတော်ကြီး ပုဇွန်တောင်ရွှေကျင်ကျောင်းကို ဘယ်လို ကြွရောက်သီတင်းသုံးခဲ့တယ်ဆိုတာ သိချင်ပါတယ်ဘဘ။

ဦးသိန်းဟန်။ ပြောရရင်တော့ ဖြစ်စဉ်လေးက နည်းနည်းရှည်တယ်။ ပုဇွန်တောင်ရွေကျင်ကျောင်းရဲ့ စတုတ္ထဆရာတော်ကြီး ဦးကောသလ္လ(ဘီအေ-လန်ဒန်)လက်ထက်တော်ကစပြီး ပြောရလိမ့်မယ်။ ဘဘတို့ပုဂံတောင်ရွာမှာ ဝိနည်းဆိုင်ရာ စာပြန်ပွဲကို နှစ်စဉ်လုပ်ခဲ့တာ။ ဒီနှစ်ဆို နှစ်ပေါင်းကိုးဆယ် ရှိသွားပြီ။

စာတည်း။ ရွေကျင်ဂိုဏ်းက ဟိုးကတည်းက နှစ်စဉ်ပြုလုပ်လေ့ရှိကြတဲ့ ဝိနည်းစာတော်ပြန်ပွဲကြီးတွေလား ဘဘ။

ဦးသိန်းဟန်။ ဟုတ်ပါတယ်။ အဲဒီလို စာပြန်ပွဲတွေလုပ်တိုင်း ဆရာတော်ကြီး ဦးကောသလ္လဟာ ကြွရောက်လေ့ရှိတယ်။ အဲဒီမှာ သပြေကန်ဆရာတော်ဦးဝါသေဋ္ဌနဲ့ ဆုံတွေ့ပြီး နှစ်ပါး အတန် ရင်းနှီးနေကြပါတယ်။ နောက်ပိုင်းကျတော့ သပြေကန်ဆရာတော်မှာ မျက်စိရောဂါဖြစ်လာတယ်။ ရန်ကုန်မှာလာပြီး မျက်စိခွဲစိတ်ရတဲ့အခါ ဆရာတော်ဟာ ပုဇွန်တောင် မြသိန်းတန်ကျောင်း၊ ဆရာတော်ဦးသောဘနထံမှာ ခေတ္တတည်းခိုလေ့ရှိပါတယ်။ အဲဒီလို တည်းခိုတိုင်း ဘဘတို့မိသားစုနဲ့ အစ်မကြီး ဒေါ်ယဉ်မေတို့က ဆရာတော်အတွက် ကောင်းနိုးရာရာ အမြဲ ဆွမ်းပို့ပေးကြရတယ်။ အဲဒီအတွင်း ဆရာတော်ကြီး ဦးကောသလ္လကိုလည်း ရွာက တရားပွဲပင့်ကြလို့ တရားလာ,လာ ဟောပေးရတယ်။ နောက်ပိုင်း ဆရာတော်ကြီးဦးကောသလ္လက ပင့်ဖိတ်လို့ ထင်တယ်။ ဆရာတော်ဟာ ရန်ကုန်ကိုကြွလာတိုင်း ပုဇွန်တောင် ရွေကျင်ကျောင်းဝိုင်းထဲက ကျောင်းမဲကြီးမှာ သီတင်းသုံးလေ့ရှိတယ်။

စာတည်း။ ဒါဆို ဘဘတို့က ဆရာတော်ကြီး ဦးကောသလ္လနဲ့ရော သပြေကန်ဆရာတော်ကြီးနဲ့ပါ နှစ်ပါးစလုံး ရင်းနှီးတာပေါ့နော်။

ဦးသိန်းဟန်။ ဟုတ်ပါတယ်။ ဘဘတို့က ဆရာတော်ကြီး နှစ်ပါးစလုံးကို ကိုးကွယ်ဆည်းကပ်ခဲ့ပါတယ်။ ကျွန်တော်က ကျွန်တော့်မိသားစုရဲ့ ရှင်ပြုပဉ္စင်းခံပွဲမှာ အကျင့်သီလ သိက္ခာနဲ့ ပြည့်စုံပြီး တစ်သက်လုံး လူမထွက်ဘဲ သာသနာတော်မှာ ပျော်ပိုက်မယ့် ရဟန်းတော်မျိုးကို ပဉ္စင်းခံပေးချင်ပါတယ်။ အဲဒီလို ပဉ္စင်းလောင်းမျိုး တောင်းတော့ ဆရာတော်ကြီးက မင်းလိုချင်တဲ့အရည်အချင်းရှိတဲ့ ရဟန်းမျိုး ရှာမပေးနိုင်ဘူး။ "ဒကာ၊ ငါ့ပဲ ပဉ္စင်းခံပေးပေတော့" ဆိုတာနဲ့ ကျွန်တော်တို့လည်း ဆရာတော်ကြီးကိုပဲ ပဉ္စင်းခံပြီး ကုသိုလ်ယူခဲ့ပါတယ်။ ကျွန်တော် ပစ္စည်းလေးပါးဒကာခံယူပြီး၊ မြောက်ကိုရိုးယားရောက်ခဲ့စဉ် ဝယ်ယူခဲ့တဲ့ ပိုးထည်များကိုလည်း ဆရာတော်ကြီးကိုပဲ လှူဒါန်းခဲ့ပါတယ်။ အဲဒီလိုနဲ့ ကျွန်တော်ဟာ ဆရာတော်ကြီး ဦးကောသလ္လရဲ့ ရင်းနှီးတဲ့ တပည့်ဒကာ ဖြစ်ခဲ့ပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ သိက္ခာထပ်ပြီး သိမ်မကြာခင်မှာပဲ ဆရာတော်ကြီး ဦးကောသလ္လဟာ ဘဝနတ်ထံ ပျံလွန်တော်မူသွားခဲ့ပါတယ်။

အဲဒီအချိန်မှာ ကျောင်းတိုက်ရဲ့ အကျိုးဆောင်ဥက္ကဋ္ဌကြီး ဦးဘငွေ ဖုန်းဆက်ခေါ်လို့ ကျွန်တော်သွားပါတယ်။ ဦးဘငွေရယ်၊ ကျွန်တော်ရယ် ဆရာတော်ကြီးရဲ့ အခန်းထဲကို ရှင်းလင်းတဲ့အခါ တံဆိပ်မျိုးစုံနဲ့ ငွေစက္ကူမျိုးစုံတွေ့ရပါတယ်။ ဝတ္ထုငွေက အဲဒီတုန်းကနဲ့ပြောရင် ကာလတန်ဖိုး ကျပ်နှစ်သောင်းကျော် ရှိပါတယ်။ ဆရာတော်ကြီးရဲ့ ဆန္ဒက ပျံလွန်တော်မမူခင် သထုံနယ်ဖက်ကို တောရဆောက်တည် တရားအားထုတ်ဖို့ သွားချင်တယ်လို့ သိရပါတယ်။ နောက် စာအုပ်တစ်အုပ်ကြားမှာ ကျွန်တော် စာလေးတစ်စောင်ကို သွားတွေ့တယ်။ ဆရာတော်ကြီးရဲ့ နောက်ဆုံးဆန္ဒတွေကို ဖော်ပြသွားတဲ့စာလို့ ပြောရမယ်။ အဲဒီစာထဲမှာ သူ့ရဲ့ နဝကမ္မဝတ္ထုငွေတွေနဲ့ မြန်မာစကားလုံးဝေါဟာရပြောင်းထုံကျမ်း လက်ရေးစာမူကြီးကို စာအုပ်အဖြစ် ထုတ်ဝေပေးဖို့ရယ်၊ လက်ရှိ ပုဇွန်တောင်ကျောင်းတိုက်ကြီးကိုလည်း သပြေကန်ရွာက ဆရာတော်ဦးဝါသေဋ္ဌကို လွှဲအပ်ခဲ့ချင်တယ်လို့ ရေးထားတာ သွားတွေ့ရပါတယ်။

စာတည်း။ အဲဒါနဲ့ ဘဘတို့က သပြေကန်ဆရာတော်ကြီးကို ပင့်ဖို့ရာ ဘယ်လိုစီစဉ် လျှောက်ထားခဲ့ကြပါသလဲ။

ဦးသိန်းဟန်။ အဲဒီတုန်းက ကျွန်တော်၊ ဥက္ကဋ္ဌကြီး ဦးဘငွေ၊ ဦးသန်းမောင်၊ စံတော်မှီ ဦးထွန်းတင်၊ ကျောက်ကုန်းမေဒီနီကျောင်းက ဆရာတော်တစ်ပါး ပါဝင်ပြီးတော့ ရုံး

သပြေကန်ရွာကိုသွားပြီး ဆရာတော်ကို ပင့်ကြပါတယ်။ အဲဒီအချိန်က သပြေကန်ကျောင်းမှာ တတိယ သပြေကန် ဆရာတော်ကြီး ကျောင်းထိုင်နေပါတယ်။ ဆရာတော် ဦးမုနိန်က ဆရာတော်ကြီးကို ကျွန်တော်တို့ ကိုယ်စား လျှောက်ပေးပါတယ်။ အဲဒီအခါ ဆရာတော်ကြီးက ဒီလိုမိန့်ပါတယ်။ "ငါတို့က ရှင်ဝါသေဋ္ဌကို အကြောင်း ပြုပြီး သူ့မှီစားနေရတယ်၊ ငါတို့ကျောင်းမှာ သူရှိလို့ ခုလို စိုပြေစည်ကားနေတာကွဲ့၊ အေး၊ မင်းတို့က ပင့်ချင်ကြတော့ လည်း သူ့သဘောထားမေးမြန်းပြီး ပင့်ကြလေကွယ်"

ဆရာတော်ကြီး မိန့်တဲ့အတိုင်းပဲ၊ ဆရာတော်ကို သပြေကန်မှာ သီးခြားကျောင်းဆောင်တစ်ဆောင်နဲ့ တစ်ပါး တည်း သီးခြား သီတင်းသုံးစေပါတယ်။ ဆွမ်းခံမကြွရ ပါဘူး။ သီးခြားကို မွန်မွန်မြတ်မြတ် သီတင်းသုံးစေတာပါ။ ဆရာတော်ရဲ့ ရှေးဘုန်းရှေးကံလို့ ဆိုရပါမယ်။ ဒါနဲ့ ကျွန်တော်တို့အဖွဲ့လည်း သပြေကန်ဆရာတော်ဘုရားကို အခမ်းအနားမပါဘဲ ရိုးရိုးပဲ ပုဇွန်တောင်ကျောင်းကို ပင့်လာ ခဲ့ကြပါတယ်။ ပုဇွန်တောင်ရောက်တဲ့အခါ ဆရာတော်ဟာ ကျောင်းမဲကြီးထဲမှာ သီတင်းသုံးပါတယ်။ ဆရာတော်နေရတဲ့ အခန်းဟာ ကျဉ်းလွန်းပါတယ်။ ဒါပေမယ့် ဆရာတော်က သည်းခံပြီး တည်တည်ငြိမ်ငြိမ်ပဲ (၂)နှစ်ခန့် အဲဒီကျောင်းမှာ သီတင်းသုံးနေခဲ့ပါတယ်။

စာတည်း။ ဆရာတော်ကြီး ရှေးဘုန်းရှေးကံ ပါရှိ ခဲ့ကြောင်း ဘာဘပြောပြလို့ သိရပါပြီ။ ဆရာတော်ကြီးရဲ့ ထူးခြားချက်တွေကို ဘာဘတို့ မိသားစုအနေနဲ့ ဘယ်လို သိရှိကြည်ညိုခဲ့ရပါသလဲ။

ဦးသိန်းဟန်။ ကျွန်တော့်သားအလတ် မောင်ကံထူး၊ သူ့ကို ဆရာတော်က အတော်သံယောဇဉ်ရှိတယ်။ မောင် ကံထူး အသက်(၈)နှစ်လောက်မှာ ဆရာတော့်ကျောင်းကို နွားနို့ဆွမ်းကပ်ဖို့ ကျွန်တော်တို့က လွှတ်လိုက်ပါတယ်။ အဲဒီတုန်းက ဆရာတော်က သပြေကန်ရွာကျောင်းမှာ သီတင်းသုံးနေတာပါ။ ဆရာတော်ကို အပြင်မှာ မတွေ့ရလို့ ကလေးက အိပ်ခန်းတံခါးကို အသာတွန်းကြည့်တော့ တံခါး ဟသွားတယ်။ အဲဒီမှာတင် ကလေးက တအံ့တသြ ဖြစ်သွား တယ်။ ဆရာတော်ရဲ့ ခြေထောက်တွေက အောက်ကြမ်းခင်း က လွတ်နေတယ်။ ဆရာတော်ရဲ့ ခေါင်းဟာ အထက်ကြမ်း ခင်းပြင်နဲ့ ထိနေတယ်။ ဆရာတော်ခြေထောက်တွေက ကြမ်းပြင်ကို မထိဘဲ လမ်းလျှောက်နေတယ်တဲ့။ ကျောင်းက နှစ်ထပ်ကျောင်း။ ဆရာတော်က ဆွမ်းစားချိန်မို့ ကျောင်း အောက်ထပ်မှာ သီတင်းသုံးနေတယ်။ မောင်ကံထူးလည်း ထူးထူးခြားခြားမြင်ကွင်း တွေ့ရလို့ အံ့သြပြီး ဆရာတော်ကို မလျှောက်တော့ဘူး။ နွားနို့ချိုင့်ထားပြီး အသာလေး ပြန်ထွက် လာခဲ့တယ်။ သားက အိမ်ရောက်တော့ သူမြင်ခဲ့သမျှ ပြန်ပြောပြလို့ ကျွန်တော်တို့ ဒီထူးခြားချက်ကို သိခဲ့ရပါတယ်။

နောက်တစ်ခု ထူးခြားတာက ရွာမှာလူတွေ ပြောနေကြတယ်။ ဆရာတော်က ငှက်တွေစကားပြောတာကို နားလည်တယ်တဲ့။ ဖြစ်ပုံက ဒီလိုပါ။ ဆရာတော်က ကျောင်းကလွဲပြီး ဘယ်ကိုမှ သွားလေ့သွားထ မရှိပါဘူး။

တစ်နေ့တော့ ကျောင်းကိုလာတဲ့ ရွာသားတွေကို ဆရာတော်က ဆုံးမတယ်။ "လယ်သမားတွေ လယ်ထဲ ကွင်းထဲမှာ ဘာတွေလုပ်နေကြသလဲ။ မင်းတို့လယ်ထဲမှာ ပိုးသတ်ဆေးတွေ ဖျန်းနေကြတာလား၊ အဆိပ်တွေ ကျွေးနေ ကြတာလား၊ အလွန်အကျွံမလုပ်ကြပါနဲ့၊ ထိန်းထိန်း သိမ်းသိမ်း လုပ်ကြပါ"။

ဒါနဲ့ ရွာသားတွေက "ဟုတ်ပါတယ်၊ တပည့် တော်တို့ ပိုးသတ်ဆေး သုံးမိပါတယ်။ ဆေးစားမိတဲ့ ငါးတွေ လည်းသေတယ်။ ငါးကိုစားတဲ့ အခြားအကောင်တွေ၊ ကျီး တွေလည်းသေတယ်ပေါ့" ။ ဒါနဲ့ ဆရာတော်ကို ကျီးကန်း တွေက လာတိုင်ကြတယ်ဆိုပြီးတော့ ကောလဟာလ ထွက်တယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ အဲဒီအချိန်က ဆရာတော့်ကျောင်းနားမှာ ကျီးကန်းတွေက လာလာအော် နေကြတယ်။ သာမန်လာတာမျိုးနဲ့ မတူဘူး။

နောက် ထူးခြားတဲ့ အဖြစ်အပျက်လေးတစ်ခုက တစ်နေ့မှာ ဆရာတော်က ကျွန်တော့်ဆီ စာတစ်စောင် ရေးပို့ လိုက်တယ်။ စာထဲမှာ "ဒကာ မောင်သိန်းဟန်၊ ဘုန်းကြီး တလေးတစားနဲ့ အရေးထားပြီး စာရေးလိုက်ပါတယ်။ အလုပ်လုပ်တဲ့အခါ နေရာတိုင်းမှာ သတိရှိပါ။ သတိလက်

မလွတ်ပါစေနဲ့" တဲ့။ အဲဒီလို ရေးထားတယ်။ ကျွန်တော်က ဆရာတော့်စာကို ဖတ်ကြည့်ပြီး ဘာအဓိပ္ပါယ်နဲ့ ရေးပို့လိုက်သလဲလို့ စဉ်းစားနေမိတယ်။

နောက်မကြာခင် ကျွန်တော့်တာဝန်နဲ့ နိုင်ငံခြားမှာ ညီလာခံတစ်ခု သွားတက်ရတယ်။ အဲဒီမှာ အောက်လက် ဝန်ထမ်းတွေက ကျွန်တော့်အပေါ် ပညာပြကြတာပေါ့လေ။ အဲဒီ ပြဿနာနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အဲဒီတော့မှ ဆရာတော်ငါ့ကို သတိထားခိုင်းတာ၊ ဒါ့ကြောင့်ကိုးလို့ သဘောပေါက်မိတယ်။

စာတည်း။ ဘာပြောပြလို့ ထူးခြားဖြစ်စဉ်တွေကို သိရတာ အတော်စိတ်ဝင်စားစရာကောင်းပါတယ်။ ဘာအနေနဲ့ ဆရာတော်ကြီးရဲ့ ထံပါးမှာ ဒကာရင်းအဖြစ်နဲ့ ရှိနေစဉ်မှာ ဆရာတော်ကြီးထံ အခြားကျော်ကြားတဲ့ ဆရာတော်ကြီးတွေ ဘယ်နှစ်ပါးလောက် လာရောက်လေ့ ရှိကြပါသလဲ။

ဦးသိန်းဟန်။ ကျွန်တော်မှတ်မိသလောက် ရှင်ဥက္ကဋ္ဌရဲ့ လူသေလူဖြစ်ဝါဒကို ဝိနိစ္ဆယလုပ်ခဲ့တဲ့ မြောင်းမြဆရာတော်ကြီးရယ်၊ ပရိတ်ကြီးနိဿယသစ် ကျမ်းစာအုပ်မှာ နိဒါန်းရေးခဲ့တဲ့ အမေရိကန်နိုင်ငံအပါအဝင် ကမ္ဘာသာသနာပြုလည်းဖြစ်တယ်။ ထေရဝါဒဗုဒ္ဓတက္ကသိုလ်မှာ ပါမောက္ခချုပ်လုပ်ခဲ့တဲ့ ဆရာတော်ဦးသီလာနန္ဒရယ်၊ ဆရာတော်ကြီးဦးကောသလ္လနဲ့ သပြေကန်ဆရာတော်ရယ်၊ ကျွန်တော်မမှတ်မိတော့ဘူး၊ အခြားဆရာတော်တစ်ပါးရယ် ပေါင်း(၅)ပါးကို ဆွမ်းကပ်မယ်ဆိုလို့ ကျွန်တော်နဲ့ ကျွန်တော့်ဇနီးသည် ဆွမ်းဟင်းတွေကို အမြန်စီစဉ်ပြီး ကပ်ခဲ့ရပါတယ်။ အဲဒီ ဆွမ်းဝိုင်းမှာ ငပိရည်နဲ့ တို့စရာတွေလည်း စုံပါတယ်။ ဆရာတော်ကြီးတွေက ကန်စွန်းရွက် မန်ကျည်းမှည့်ပြုတ်နဲ့ အတော် ဆွမ်းထမင်းမြိန်ကြပါတယ်။

နောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး ကြွလာတော့ ဆရာတော်ကြီးက ကျောင်းတိုက် အစကနေ ဆီးကြိုတယ်။ မင်းကွန်းဆရာတော်ကြီးက ဆရာတော်အောက် (၁၁)လငယ်တယ်။ မဟာစည် ဆရာတော်ကြီး ကြွရောက်လာတယ်လို့တော့ မကြားမိဘူး။ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကတော့ မကြာခဏ ကြွလာလေ့ရှိတယ်။ နောက် ညောင်ရွှေကန်ကြီးကျောင်းဆရာတော်ကြီး (နောင်ရွှေကျင်နိကာယ သာသနာပိုင် ဆရာတော်ကြီး) ကြွလာလေ့ရှိတယ်။ ဆရာတော်ကြီးတွေ ကြွလာတဲ့အခါ ကျွန်တော်တို့က လိုအပ်ရာရာ ဝတ်ဖြည့်ပေးရတယ်။ ဆရာတော်အချင်းချင်း ဘာတွေဆွေးနွေးသလဲတော့ ကျွန်တော်တို့ မသိရဘူးခင်ဗျ။

စာတည်း။ ဟုတ်ကဲ့၊ ဆရာတော်ကြီးက ဘယ်နေရာတွေမှာ ဝါဆိုခဲ့ပါသလဲ၊ ဝါဆိုတဲ့မှတ်တမ်းရော ရှိပါသလား။ ဘယ်နေရာတွေကိုရော သာသနာပြုခရီးအနေနဲ့ ကြွရောက်ခဲ့ပါသလဲ။

ဦးသိန်းဟန်။ ကျွန်တော်တို့ သိသလောက် ဆရာတော်ကြီးက ခရီးအသွားအလာ ဝါသနာမပါဘူး။ အနေအထိုင်တည်မြဲတယ်။ ဗုဒ္ဓဂယာဘုရားဖူးတောင် မကြွဖူးဘူး။ စာသင်သားဘဝက မန္တလေးမှာပဲ ဝါဆိုတယ်။ နောက် သပြေကန်ကျောင်းမှာ၊ ပုဇွန်တောင်ရောက်တော့ ကျောင်းမှာပဲ ဝါဆိုတယ်။ နိုင်ငံခြားတွေ ဘာတွေလည်း မကြွဖူးဘူး။ ကျောင်းမှာပဲ အမြဲသီတင်းသုံးနေပြီး၊ ဒကာ,ဒကာမတွေ သာရေး,နာရေး အလှူအတန်းစသည် ပင့်ဖိတ်ကြတဲ့အခါကြွသွားပြီး တရားဟောပြဆုံးမတယ်။ ကျောင်းလာတဲ့ ဥပုသ်သည် ဒကာ,ဒကာမတွေကိုလည်း ကျောင်းမှာပဲ သီလပေးလေ့ရှိပါတယ်။ တရားဟောတယ်။ ဆုံးမစရာရှိရင် ဆုံးမတယ်။ ဆွမ်းစားပင့်တာဆိုလို့ ပဲခူးကို ပင့်တာတောင် ကြွလေ့မရှိဘူး။ ဆရာတော်ကြီးက "အဘိဓမ္မဟာရဋ္ဌဂုရဘွဲ့တံဆိပ်တော်" ရထားတာပဲ၊ ကြည်း၊ ရေ၊ လေ ခရီးသွားလာမှုတွေ နိုင်ငံတော်က ဆက်ကပ်ထားတာပဲ။ ဒါပေမဲ့ ခရီးသွားရတာ မနှစ်သက်ဘူး။ အထူးသဖြင့် လေယာဉ်ပျံမစီးလိုဘူး။

စာတည်း။ ဟုတ်ကဲ့၊ ဆရာတော်ကြီးက လောကီဂုဏ်တွေ၊ လာဘ်လာဘတွေကို အလိုမရှိဘူးလို့ သိရပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ဘာဘသိရသမျှ ကုသိုလ်ပွားရအောင် ပြောပြပေးပါဦးဘာ။

ဦးသိန်းဟန်။ ကျွန်တော်ကြုံခဲ့ရတာပေါ့လေ။ အဲဒါက ဆရာတော်ကြီး ဦးကောသလ္လ ပျံလွန်တော်မူသွားတော့ ကျန်ခဲ့တဲ့ ကျောင်းတိုက်အတွက် ငွေတွေက ဘဏ်ထဲမှာ ရှိနေတယ်။ ကျွန်တော်တို့ အကျိုးတော်ဆောင်အဖွဲ့က ကျောင်းတိုက်အတွက် အသုံးပြုဖို့လိုလို့ ဆရာတော့်ကို ဆက်ခံတဲ့ပုဂ္ဂိုလ်အနေနဲ့ လက်မှတ်ထိုးမှရမယ်။ ဆရာတော် လက်မှတ်ထိုးပါဆိုတော့ မထိုးပေးဘူး။ "ဒကာကြီးတို့ အလုပ် ဒကာကြီးတို့လုပ်" အဲဒီလို ပြောတယ်။

ဒါနဲ့ ကျွန်တော်ရယ်၊ ဦးဘငွေရယ်၊ ဦးကြင်လည်း ပါတယ်။ စီမံဘဏ္ဍာဒုတိယဝန်ကြီး ဦးချစ်မောင်ကို အကူအညီတောင်းပြီးတော့ ကန့်ကွက်မယ့်သူ ရှိ/မရှိ ကြော်ငြာက အစ ဆရာတော်မသိအောင် လုပ်ရတယ်။ ကျွန်တော်တို့ (၃)ယောက် တရားရုံးမှာ ကျမ်းကျိန်ရသေးတယ်။ အဲဒီတော့မှ ဘဏ်စာအုပ်ရတယ်။ ကျောင်းတိုက်အတွက် အသုံးပြုဖို့ ဆောင်ရွက်တာတောင်မှ ဆရာတော်က မရဘူး။ အဲဒီလို ဝိနည်းတော်ကို ရိုသေထိန်းသိမ်းပါတယ်။

နောက်တစ်ခါ ဆရာတော်ကြီးကို နိုင်ငံတော်က "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့ ဆက်ကပ်တော့ အဲဒီပွဲမှာ ကျွန်တော်က ဆရာတော်နောက်ကနေ ဖလားကိုင်လိုက်ရတယ်။ ဆရာတော်ကြီးကို သက်တော်ကြီးလို့ Wheel Chairနဲ့ ကြွဖို့ ပြောကြတော့ ဆရာတော်က လက်မခံဘူး။ "ငါ ဂီလာန မဟုတ်ဘူး" တဲ့။ အဲဒီမှာ ပြည်သူတွေက ဆရာတော်ကို ဆပ်ပြာတွေ၊ နာရီ၊ ပန်ကာစုံနေတာပဲ။ လှူဒါန်းကြတယ်။ နဝကမ္မဆိုရင် ဆရာတော်က လက်နဲ့ မခံဘူး။ နောက်က ကပ္ပိယတွေအိတ်ထဲ ထည့်ရတယ်။ ဘယ်လောက်အလှူခံရလည်းဆိုရင် ဖလားပြည့်ရုံမကဘူး။ သာသနာရေးဌာနက ထည့်ပေးလိုက်တဲ့ အိတ်ကြီးတွေပါ ဖောင်းသွားပြီး ထမ်းသယ်ရတယ်။ အဲဒီအလှူခံပစ္စည်းတွေလည်း ကျောင်းရောက်တော့ သံဃာတော်တွေကို စွန့်လိုက်တာပါပဲ။ ဆရာတော်ကြီးက သူ့မွေးနေ့ရောက်တိုင်း သူ့မှာ ရှိသမျှ ဝတ္ထု၊ ပစ္စည်းတွေအားလုံးကို မဲဖောက်ပြီး သံဃာတော်တွေနဲ့ ဒကာ,ဒကာမတွေကို လှူပစ်ပြီး ကုသိုလ်ယူတာပါ။

ဆရာတော် မျက်စိခွဲတုန်းက ကျွန်တော်တို့က မျက်မှန်လှူထားတယ်။ ဆရာတော် မျက်မှန်တပ်တာ မတွေ့လို့ မေးကြည့်တော့ ငါလှူလိုက်ပြီတဲ့။ တစ်ခါလည်း ဒကာတစ်ယောက်က Dream Bed လာလှူသွားတယ်။ ဆရာတော် သက်သောင့်သက်သာ ထိုင်ရအောင်ပေါ့လေ။ ထိုင်တာတောင်မတွေ့လို့ မေးကြည့်လိုက်တော့ "ငါလှူလိုက်ပြီ ကွာ" တဲ့။

တစ်ခါတလေ ဆရာတော် ကျွန်တော်တို့အိမ်ဘက်ကို ညနေပိုင်း ကြွလာတတ်တယ်။ အဲဒီအခါ ကျွန်တော်တို့က ဘိလပ်ရည်ကပ်တယ်။ ဆရာတော်က ဘုဉ်းမပေးဘူး။ ရေနွေးကြမ်းကပ်တာတောင် လက်မခံဘူး။ ရေနွေးဖြူဖြူသန့်သန့်ပဲ ကပ်ရတယ်။

တစ်ခါ ရွှေတိဂုံဘုရား ဂေါပကအဖွဲ့က ဆရာတော်ကို လပြည့်နေ့ သီလပေးဖို့ပင့်တော့ ကြွသွားတယ်။ ဆရာတော်နဲ့အတူ အနီးနေတပည့် ကိုရင် ရှင်စန္ဒာဝရလည်း ပါသွားတယ်။ ပြန်လာတော့ လှူဖွယ်ဝတ္ထုတွေ တစ်ပုံကြီးကို အခန်းထဲမှာ ပုံချလိုက်တယ်။ ကျွန်တော်နဲ့ ဦးဘငွေကလည်း အထုပ်ပုံထဲက လျှာပွတ်ဆေးတွေ့လို့ ယူလိုက်မိပါတယ်။

အဲဒါ ဆရာတော်က "ဒကာတို့ ဘာလုပ်ကြတာတုန်း၊ ပြန်ထည့်လိုက်" ဆိုတာနဲ့ လျှာပွတ်ဆေးထုပ်တွေကို ပြန်ထားလိုက်ရတယ်။ သံဃာကို ရည်မှန်းကပ်ထားတဲ့ သံဃိကပစ္စည်းမို့ ကျွန်တော်တို့ကို မသုံးစေချင်တာထင်တယ်။ နောက်မှ ဆရာတော်က ကျွန်တော်တို့ကို လှမ်းခေါ်ပြီး ကျွန်တော်ရယ်, ဦးဘငွေနဲ့ ဦးကြင်ရယ်ကို မဲနှိုက်ခိုင်းပြီး မျက်နှာသုတ်ပုဝါတွေ စွန့်လိုက်တယ်။ အဲဒီလို ဝိနည်းတော်ကို ထိန်းလို့လည်း ကျွန်တော်တို့က ပိုပိုပြီး ကြည်ညိုရတာပါဗျာ။

စာတည်း။ ဘာအနေနဲ့ ဆရာတော်ကြီးရဲ့ ဒကာအရင်းအဖြစ် ဘယ်လိုကုသိုလ်ကောင်းမှုတွေ ပြုခဲ့ပါသေးလဲ။ ဒါနကောင်းမှုတွေ အပါအဝင်ပေါ့။

ဦးသိန်းဟန်။ ကျွန်တော်တို့အဖွဲ့က ဆရာတော်ကြီး သိတင်းသုံးနေတဲ့ "သာဓုဇနာနန္ဒကျောင်းသစ်ကြီး" ဆောက်

ပြီးတော့ မူလကျောင်းမဲကြီးကနေ ကျောင်းတိုက်သစ်ကြီးပေါ် ကြွဖို့ ဆရာတော်ကြီးကို ပင့်ပါတယ်။

"တပည့်တော်တို့ ကျောင်းအပ်ပါတော့မယ်ဘုရား၊ ဘာများလိုအပ်ပါသေးသလဲဘုရား" လို့ လျှောက်တော့ "ဒကာကြီးတို့ ဆောက်တဲ့ကျောင်း ဘုန်းကြီးက ဘာပြောဖို့လိုမှာတုန်း။ ဒကာကြီးတို့လုပ်တာ ပိုတောင်ပိုနေသေး" လို့ မိန့်ပါတယ်။ ကျောင်းဆောက်နေတုန်းကလည်း တစ်ခါမျှ လာကြည့်လေ့မရှိဘူး။ ဒကာလည်း ဒကာ့အလုပ်လုပ်၊ ဆရာရဟန်းကလည်း သူ့အလုပ်သူလုပ်ပေါ့။

"သာဓုဇနာနန္ဒကျောင်း" မှာ ကျွန်တော်လှေကား လှူပါတယ်။ ဂုဏ်ဖော်ရာရောက်မှာစိုးလို့ ကမ္ဘည်းမထိုးပါ။ အဲဒါ ဆရာတော်ကြီးက "မောင်သိန်းဟန်၊ မင်းလှူတဲ့ လှေကား အတော်အဆင်ပြေတယ်" အဲဒီလို ပြောတာကို ကြားတဲ့ သပြေကန်သူကြီး ဦးဘမြင့်က "မင်းကွာ လူ့ခြေနင်းဖတ်ဖြစ်တဲ့ လှေကားများ လှူရတယ်" လို့။ ကြားဝင်ပြီး ပြောလိုက်တယ်။ နားထောင်နေတဲ့ ဆရာတော်ကြီးက "လှေကားလှူတော့ တစ်ထစ်ချင်း နိဗ္ဗာန်ထိအောင် တက်သွားတာပေါ့။ ကံမကောင်း၊ အဆင်မပြေလို့ ပြုတ်ကျရင်တောင် တစ်ထစ်ချင်းပဲ ပြုတ်ကျတယ်။ ဇောက်ထိုးမကျဘူးပေါ့" အဲဒီလိုပြောပြီး ခေါင်းလေးကို ပွတ်နေပါတယ်။ တကယ်တော့ ကျွန်တော်က ဆရာတော်ကျောင်းမှာ လှေကားသာမကဘူး။ မျက်နှာကြက်ပါ လှူထားတာပါ။ ကျောင်းတိုက်အဝင် မုခ်ဦးဟာ လူဝင်လို့ရပေမယ့် ကားဝင်ရတာ ခက်တယ်။ အဲဒါကြောင့် ကျွန်တော်က အသစ်ပြန်ပြင်ချင်တယ်။ မူလလှူထားတဲ့ အလှူရှင်ကိုလည်း ငဲ့တဲ့အတွက် ကမ္ဘည်းမထိုးဘဲ လှူချင်ပါတယ်လို့ လျှောက်တော့ ဆရာတော်ကြီးက "လုပ်သင့်တာကြာပြီ" လို့ မိန့်ပါတယ်။ ကျွန်တော် အတော်ဝမ်းသာသွားပြီး မုခ်ဦးကို တိုးချဲ့ပြုပြင်ခဲ့ပါတယ်။

စာတည်း။ ဘာအနေနဲ့ ကျောင်းဝိုင်းအတွင်းမှာ ဖိနပ်စီးခွင့်ပြုဖို့ကိစ္စ ဆရာတော်ကို လျှောက်ထားခဲ့သေးတယ် ဆို။

ဦးသိန်းဟန်။ ဟုတ်ပါတယ်။ ကျွန်တော်က မဟာစည်ရိပ်သာထဲမှာလည်း ဖိနပ်စီးခွင့်ရတယ်။ အမရပူရ မဟာဂန္ဓာရုံကျောင်းမှာလည်း ဖိနပ်စီးခွင့်ရှိတယ်။ ဒီပုဇွန်တောင်ကျောင်းထဲမှာ ကားတွေ၊ ဆိုက်ကားတွေ ဝင်ခွင့်ရပြီး၊ လူတွေကျတော့ ဘာကြောင့် ဖိနပ်မစီးရသလဲလို့ ဆရာတော်ကြီးကို အရဲစွန့်ပြီး မေးလျှောက်တယ်။ ဆရာတော်ကြီးက "ဖိနပ်စီးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဂါဒီယန် ဦးစိန်ဝင်း မေးပြီးတောင်မြို့ မဟာဂန္ဓာရုံဆရာတော် ဖြေထားတယ်လေ။ မဟာစည်ရိပ်သာတို့၊ တောင်မြို့ကျောင်းတို့ဟာ အဲဒီဆရာတော်ကြီးတွေ ကိုယ်တိုင်တည်ထောင်လို့ ဆရာတော်ကြီးတွေ ပြဋ္ဌာန်းတဲ့အတိုင်း ခွင့်ပြုတဲ့အတိုင်း ဖိနပ်စီးခွင့်ရကြတယ်။ ဘုန်းကြီးတို့ကတော့ ဒီကျောင်းမှာ ရှေးက ဆရာတော်ကြီးတွေက စီးခွင့်မပြုခဲ့လို့ ယခုလည်း ခွင့်ပြုလို့ မဖြစ်ဘူး" တဲ့။

စာတည်း။ ဟုတ်ကဲ့၊ ဘဘတို့အနေနဲ့ ဆရာတော်ကြီးနဲ့အတူ ကုသိုလ်ကောင်းမှုဆည်းပူးပြီး သာသနာပြုခဲ့ပုံကို သိရပါပြီ။ ဆရာတော်ကြီးရဲ့ နောက်ဆုံးခရီးနဲ့ အန္တိမစျာပနပွဲ ကျင်းပခဲ့ပုံကိုလည်း သိပါရစေဦးရှင်။

ဦးသိန်းဟန်။ ဆရာတော်ကြီး ရင်ဘတ်အောင့်တာကစပြီး တပ်မတော်ဆေးရုံမှာ ဆေးရုံတက်ခဲ့တဲ့ နောက်ဆုံးအချိန်အထိ ကျွန်တော်တို့ ဆရာတော်ကြီးထံပါးမှာ ရှိနေခဲ့ကြပါတယ်။ ဆေးရုံကို ကားနဲ့ပို့တဲ့အချိန် နိမိတ်လားတော့ မသိဘူး။ ကျွန်တော်တို့ကား ဝင်လာတဲ့အချိန်မှာ ဆေးရုံထဲကနေ အဝတ်ဖြူပတ်ထားတဲ့ အလောင်းတင်ကားတစ်စီးထွက်လာတယ်။ အယူမရှိပေမယ့် ကျွန်တော့်ရင်ထဲ တစ်မျိုးတော့ ဖြစ်သွားတယ်။

ဆရာတော်ကြီး ဆေးရုံတက်နေစဉ်တစ်လျှောက်လုံး ဖြစ်စဉ်တွေကိုတော့ ဦးကြင်တို့၊ ဦးခင်လှတို့က ပြောပြကြမှာပါ။ ကျွန်တော်တို့ သာသနပါလကအဖွဲ့ကတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် အန္တိမစျာပနပွဲ ကျင်းပဖို့ စီစဉ်ကြပါတယ်။

ဗိုလ်မှူးကြီးခင်အောင်မြင့် (ယခု ပြည်ထောင်စုလွှတ်တော် နာယကကြီး) ဦးဆောင်တဲ့ အဖွဲ့ကနေလာပြီး ကူညီကြပါတယ်။ ဆရာတော်ကြီးဟာ နိုင်ငံတော်

ဩဝါဒါစရိယ ဆရာတော်ကြီးဖြစ်လို့ နိုင်ငံတော်ဈာပနအဖြစ် ကျင်းပကြတာပါ။ သူတို့အဖွဲ့က ညတွင်းချင်း ကျောင်းတိုက်နားက အမှိုက်တွေ၊ ဘုစုခရ ဗရုတ်သုက္ခတွေအားလုံးကို ရှင်းလိုက်တယ်။ ကျောင်းတိုက်နဲ့ ပုဒ္ဓန်တောင်လမ်းမကြားမကောင်းတဲ့လမ်းတွေကို ချက်ချင်းခင်းပေးလိုက်တယ်။ သာသနပါလက အဖွဲ့ကြီးနဲ့ ဆရာတော်ကြီးရဲ့ တပည့်ဒကာတွေ ကောင်းမှုကြောင့် ဆရာတော်ကြီးရဲ့ အန္တိမစျာပနပွဲကြီး စုံစုံညီညီ ပြီးစီးအောင်မြင်သွားပါတယ်။

စာတည်း။ ဆရာတော်ကြီးရဲ့ အန္တိမစျာပနပွဲမှာ ထူးခြားချက်တွေ ဖြစ်ပေါ်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီအချက်ကိုလည်း အသေးစိတ်ပြောပြပေးပါဦးရှင့်။

ဦးသိန်းဟန်။ ထူးခြားချက်ကတော့ များစွာရှိနိုင်ပါတယ်။ အဲဒီအထဲက သုံးချက်ပေါ့လေ။ ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ဖို့ သံကြိုးတွေနဲ့ အထပ်ထပ် တုပ်နှောင်ထားတဲ့ကြားက ဆရာတော်ကြီးရဲ့ ဘယ်ဖက်လက် ထင်ပါတယ်။ ရွှေရောင်ဝင်းနေတယ်။ အပေါ်ကို ထိုးထွက်ပြီး ထောင်ပြနေပါတယ်။

နောက်တစ်ချက်က ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်တဲ့အခါ အရိုးတွေအားလုံး အမှုန့်ဖြစ်သွားပေမယ့်လည်း ဦးနှောက်တော်ကတော့ ပြာမဖြစ်ပါဘူး။ နဂိုပုံစံမပျက် နှင်းဆီပွင့်ဖတ်လေးတွေ ချေချထားသလို အကွက် အကွက်လေးတွေ ဖြစ်နေတယ်တဲ့။ အဲဒါက ကျွန်တော်အသေးစိတ် မြင်ရတာ မဟုတ်ပါဘူး။ ရုပ်ကလာပ်တော် မီးသင်္ဂြိုဟ်ရာမှာ အနီးကပ်ရှိနေကြတဲ့ ဓာတ်ပုံဆရာ ဦးမောင်စန်း တို့မြင်တွေ့ကြတာပါ။ အဲဒီဓာတ်ပုံမှတ်တမ်းတွေလည်း ရှိပါတယ်။

ဆရာတော်ကြီးရဲ့ အရိုးပြာအိုးကို သဘော်တွေနဲ့ ပင်လယ်သမုဒ္ဒရာထဲကို မျှောဖို့ သွားကြတဲ့အခါ အဲဒီအချိန် သဘော်နှစ်စင်းကနေ အထင်အရှား လှမ်းမြင်ရတာက သက်တန့်ကြီးနှစ်ခုဟာ ဆရာတော်ကြီးရဲ့ အရိုးအိုးပါရှိတဲ့ သဘော်ပေါ်ကို စိုက်ဆင်း ပူဇော်နေပါတယ်။ ကျွန်တော်ကတော့ ဝတ်ဖြူစင်ကြယ်ဝတ်ပြီး ဆရာတော်ကြီးရဲ့ အရိုးအိုးသဘော်ပေါ်မှာ ပါရှိ နေတော့ သေချာမမြင်ရပါဘူး။ ကျန်တဲ့သဘော်နှစ်စင်းပေါ်က လူတွေအားလုံး မြင်ကြရပါတယ်။ တချို့ ဓာတ်ပုံမှတ်တမ်း ယူထားကြသူတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ကတော့ ဆရာတော်ကြီးရဲ့ နောက်ဆုံးခရီးကို နတ်, သိကြားများကပါ လိုက်ပါပို့ဆောင်ပူဇော်ကြတယ်လို့ ထင်ပါတယ်။

စာတည်း။ ဘဘပြောပြလို့ သမီးတို့ အတော်ပြည့်ပြည့်စုံစုံ သိခွင့်ရပါပြီ။ သာသနာ့အကျိုးတော်ဆောင်အဖွဲ့မှာ ကုသိုလ်တာဝန်ယူခဲ့ကြတဲ့ ဥက္ကဋ္ဌကြီးများ စဉ်ဆက်ကိုလည်း သိပါရစေရှင်။

ဦးသိန်းဟန်။ ဆရာတော်ကြီး ဦးကောသလ္လ လက်ထက်မှာ ဥက္ကဋ္ဌအနေနဲ့ ဆရာကြီးဦးဘရင်၊ ဦးထွန်းတင်တို့စပြီး ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီတုန်းက ဝါးထရံကာ ကျောင်းလေးနဲ့ စခဲ့ပြီး၊ နောက် ဓမ္မာရုံကြီးပါ ဆောက်ဖြစ်လာတယ်။ တရားပွဲတွေ ကျင်းပပေးခဲ့တယ်။ ဦးထွန်းတင်ဆုံးပြီးတော့ ဦးဘငွေ ဥက္ကဋ္ဌ ဖြစ်လာတယ်။ သာဓုဇနာနန္ဒကျောင်းဆောက်ပြီးတော့ ကျွန်တော် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ အခု လက်ရှိကတော့ ဦးခင်လှ က သာသနပါလကအဖွဲ့မှာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေပါတယ်။

စာတည်းအဖွဲ့။ အခုလို စိတ်ရည်လက်ရှည်နဲ့ သမီးတို့ကို အသေးစိတ်ပြောပြပေးလို့ ဘဘဦးသိန်းဟန်ကို အထူးကျေးဇူးတင်ပါတယ်။

နာယကကြီး။ ဘဘကလည်း ဆရာတော်ကြီးနဲ့အတူ လက်တွဲပြီး သာသနာပြုခဲ့ရပုံကို ပြန်ပြောင်းပြောပြခွင့်ရလို့ ကုသိုလ်ဧကတွေ ဖြစ်ခွင့်ရတဲ့အတွက် အထူးပဲဝမ်းသာလှပါတယ်ကွယ်။

ဒေါ်ရွှေဝါစိုး၊ ဒေါ်စောချယ်ရီသိန်း
(စာတည်းအဖွဲ့)

ရွှေတောင်ပြိုလည်း
လင်းလက်ပြဲသာ

ယုဝတီကလောင်ရှင် သက်မူ

သပြေကန်ဆရာတော်ဘုရားကြီးနှင့်ပတ်သက်၍ စာတစ်စောင်ပေတစ်ဖွဲ့ ရေးသားပူဇော်ရန် ကျွန်မ လက်တွန့်နေပါသည်။ ဆရာတော်ဘုရားကြီး၏ ဘုန်းတန်ခိုး၊ သီလ၊ သမာဓိ၊ ဉာဏ်ပညာတော်များကို တစ်စွန်းတစ်စလေးမျှပင် စာမဖွဲ့နိုင်ဟု မိမိဘာသာ နှိမ့်ချရိုသေအားတွေ ငယ်နေမိသည်မှာ အမှန် ဖြစ်ပါသည်။

သို့သော် "သာသနာ့တံခွန် စံပြပုဂ္ဂိုလ်ထူး သပြေကန် ဆရာတော်ဘုရား" ဟု ဆရာမင်းတင်မွန် ပြုစုပူဇော်ထားသည့် စာအုပ်၌ ဆရာတော်အရှင်ခေမာစာရ ၏ ဥယျောဇနကထာတွင် (ယုဝတီကလောင်ရှင် သက်မူကတော့ လောကုတ္တရာသက်သက်နဲ့ပဲ သပြေကန်ဆရာတော်ဟာ ကျော်ကြားတာပါ)ဟူသော ဝါကျလေးတစ်ကြောင်းက ကျွန်မကို မရေးမဖြစ်အောင် တွန်းအားပေးနေပါသည်။

ကျွန်မ ဆယ်ကျော်သက်အရွယ် ၁၉၅၁-ခုနှစ်မှ ၁၉၅၆-ခုနှစ်အထိ ပုဇွန်တောင် မဟာသုခလမ်းမှာ နေခဲ့ဖူးပါသည်။ ထိုစဉ်က ရွှေကျင်ကျောင်းထိုင်ဆရာတော်မှာ ကျွန်မတို့၏ အခေါ် ဦးကော(ရွှေကျင်ကျောင်းတိုက်၏ ဦးစီးနာယက ဘဒ္ဒန္တကောသလ္လ၊ ဓမ္မာစရိယ၊ဘီအေ(လန်ဒန်၊ မြန်မာ)ဖြစ်သည်။ ဆရာတော် ဦးကောသလ္လ ပျံလွန်တော်မူသော အခါတွင်မှ သပြေကန်ဆရာတော်ကြီးသည် ၁၉၇၈-ခုနှစ် မေလတွင် ရွှေကျင်ကျောင်းတိုက်သို့ လာရောက်သီတင်းသုံးတော်မူခဲ့ပါသည်။

ကျွန်မသည် ခင်ပွန်းသည် ရွှေ့ပြောင်းနေထိုင်ရာသို့ ယောင်နောက် ဆံထုံးပါလိုက်နေရာမှ ၁၉၈၄-ခုနှစ်လောက်တွင်မှ စက်ဆန်းရှိ ရှေးအိမ်အိုကြီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရတော့သည်။ ကျွန်မတို့ ဇနီးခင်ပွန်း မိသားစုတို့၏ ထုံးစံ

အတိုင်း ရောက်ရာအရပ်မှာ ရှေးဦးစွာ ဆည်းကပ်ကိုးကွယ်ရမည့် ဘုန်းကြီးကျောင်းကို ရှာလေ့ရှိပါသည်။ စက်ဆန်းရောက်သောအခါတွင်မူကား တကူးတက ရှာရန်မလိုတော့ပါ။ ရွှေကျင်ကျောင်းတိုက်သို့ ဦးတိုက်ကြပါသည်။ ကျွန်မတို့ ပူဇော်ရမည့် ဆရာတော် မည်သူမှန်းမသိခဲ့။

ကျွန်မတို့သည် ကံထူးသူများ ဖြစ်ကြပါသည်။ ဘာသာရေးကို ထဲထဲဝင်ဝင် စိတ်ဝင်စားမှု စတင်စဉ်ကလက်ဦးဆရာတော်သည် ဝေဘူဆရာတော်ဘုရားကြီး ဖြစ်သည်။ မန္တလေးမြို့မှာ ငါးနှစ်နေခဲ့ရသည့်အချိန်အတွင်း ဝါတွင်း ဆွမ်းဝတ်ကို တတ်စွမ်းသမျှ မပျက်မကွက် တောင်မြို့ ဆရာတော်ဘုရားကိုကား ကံမပါ၍ ပြောရမည်လား မသိ၊ မဖူးဘူးပါ။ ဆရာတော်ရေးသားခဲ့သည့် ကျမ်းများကိုကား ပူဇော်၍မဝ ရှိခဲ့ရပါသည်။ ယခု ရန်ကုန်ပြန်ရောက်တော့လည်း သပြေကန် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ ဝပ်စင်းခဲ့ပြန်ပါပြီ။ စာရှူသူများ သိတော်မူသည့်အတိုင်း ထိုဆရာတော်ကြီးနှင့် သပြေကန်ဆရာတော်ကြီးသည် ဝိနည်းနှင့်ပတ်သက်၍ လောကုတ္တရာကျင့်စဉ်နှင့်ပတ်သက်၍ ထပ်တူထပ်မျှ ဖြစ်ပါသည်။ ဝေဘူဆရာတော်ဘုရားကြီးကိုကား ဆွမ်းကပ်၊ အများနှင့်အတူ တရားနာပြီး အိမ်ပြန်ရုံမျှသာ၊ သပြေကန်ဆရာတော်ဘုန်းကြီးနှင့်ကား ဆရာရင်း၊ ဒကာရင်း၊ ပြီးတော့ အလွန်အားကိုးမိသောတွေ့ဖူး၊ ဖူးဘူးသည့်နေ့မှစ၍ ကြည်ညိုမဆုံးဖြစ်ရသော ဆရာတော်ဘုရားကြီးပါ။

ဆရာ့ဆရာများလည်း လှပဆန်းကြယ်စွာ ဉာဏ်တွေကွန့်မြူး၍ ဆရာတော်ဘုရား၏ ဂုဏ်ရည်အထူးကို ရေးသားပူဇော်ကြပြီး ဖြစ်ပါသည်။ ထိုဆရာများထက်ပိုပြီး ကျွန်မ မရေးသားတော့ပါ။ မရေးသားတတ်ပါ။

ဆရာတော်ဘုရားကြီးသည် ကျွန်မကို "မသက်" ဟု နာမည်ခေါ်လေ့ရှိပါသည်။ ကျွန်မခင်ပွန်းကိုတော့ "ဦးညွှန့်ဆွေ" ဟု ခေါ်သည်။ ဆရာတော်ဘုရားကြီးကို စတင် ဖူးရစဉ်က ကျွန်မခင်ပွန်းသည် ဦးဆောင်ညွှန်ကြားရေးမှူး ဖြစ်သည်။ နောက် ထိုင်းနိုင်ငံ သံအမတ်ကြီး ဖြစ်သည်။ နောက် နိုင်ငံခြားရေး ဒု-ဝန်ကြီးဖြစ်သည်။ စတွေ့သည်မှ ပျံလွန်တော်မူသည့်တိုင် ဘယ်မှာ ဘာလုပ်သည်ဟု မမေး။ ကျွန်မတို့ကလည်း ဘယ်မှာဘာလုပ်သည်ဟု မပြော။ အဖူးမျှော်ခံရင်း ကျန်းမာရေး မေးသည်။ မှတ်သားဖွယ်ရာ တရား လိုရင်း တိုရှင်း ဟောပြောဆုံးမသည်။ ကုတင်ဘေးရှိ ပက်လက်ကုလားထိုင်လေးမှာ ထိုင်ပြီး စကားပိုမပြောပါ။ ကျွန်မတို့ကို အမြဲတစေ အိပ်ခန်းထဲမှာ အဖူးမြော်ခံပါသည်။ တရားနှင့်ပတ်သက်၍ ကျွန်မတို့နားမလည်သည်များကို ရှင်းပြပါသည်။ ကျွန်မခင်ပွန်းသည် ပါမလာသည့်အခါမှာတော့ အိပ်ခန်းအပြင်မှာ အဖူးမြော်ခံပါသည်။ ထိုအခါ ဦးခေမာကတော့ အမြဲ အနားမှာ ရှိသည်ပေါ့။ ငရဲ မကြီးဘူးဆိုလျှင် ရေးခွင့်ရှိမည်ဆိုလျှင် "ဆရာတော် ဘုန်းကြီးသည် ကျွန်မတို့ရဲ့ ဖခင်ကြီး" လိုပါပဲ။

၁၉၉၃-ခုနှစ်တွင် အောင်ဆန်းတောရ မိုးကုတ်ရိပ်သာမှာ ကျွန်မသည် နေ့,ယောဂီအဖြစ် တရားစခန်းဝင်သည်။ ညနေပြန်ရလျှင် အိမ်ကို မပြန်ချင်၊ သပြေကန်ဆရာတော်ဘုရားထံ မျက်ရည်ပေါက်ကြီးငယ်ကျရင်း ရောက်သွားသည်။ ဆရာတော်ကြီးက ဘာမှမမေး၊ ကျွန်မက ရှိုက်သံကို ထိန်းရင်း "တပည့်တော် အိမ်မပြန်ချင်ဘူးဘုရား" ဟု လျှောက်သည်။ ဆရာတော်သည် ကျွန်မကို မကြည့်။ ထုံးစံအတိုင်း ဦးပြည်းလေး ပွတ်သည်။ "အိမ်း" ဟု ခပ်ရှည်ရှည် အသံထွက်လာသည်။ "မသက် စခဲ့ပြီလေ" ဟု တစ်ခွန်းတည်း မိန့်သည်။ ကျွန်မ နားလည်လိုက်ပါသည်။

ဘိက္ခုနီသာသနာတော်နှင့် ပတ်သက်၍ ဆရာတော်ကို အကြိမ်ကြိမ်လျှောက်သည်။ အမျိုးမျိုးလျှောက်သည်။ ဆရာတော်ကလည်း သည်းခံစိတ်ရှည်စွာနှင့် ရှင်းပြပါသည်။ ကျွန်မကလည်း ဇွတ်မေးခွန်းမပြတ်၊ ဆရာတော်ကြီးက အသံမထွက်ရုံတမယ် ပြုံးပြီး "မသက်က ဘိက္ခုနီသာသနာပြန်စရင် ဝင်မှာလား" ဟု မေးသည်။ ပြီးတော့ မဖြစ်နိုင်ပါဘူး" လို့ ယတိပြတ် မိန့်ပါသည်။ ကျွန်မကို ဤမျှ ချီးမြှင့်ပါသည်။

ဆရာတော်သည် ဘွဲ့ထူးဂုဏ်ထူး ချီးကျူးပွဲတွေနှင့် ပတ်သက်၍ လောကီဆန်သည်ကို မနှစ်သက်။ ဝိနည်း

အပွန်းအပဲ့မခံ။ ဘုရားအဆုံးအမမှလွဲ၍ ဘာမှ မလိုလားချေ။

ဗုဒ္ဓဂါယာသို့ ကျွန်မ ၁၉၉၃-ခုနှစ်က သွားဖြစ်ခဲ့သည်။ ဆရာတော်ကို အရမ်းရောက်ဖူးစေချင်သည်။ ကျွန်မ ခဏ ခဏ တိုက်တိုက်တွန်းတွန်း လျှောက်ထားသည်မှာ အခါခါ။ ဆရာတော်ကြီးသည် တစ်ပါးတည်း တိတ်တိတ် ငြိမ်ငြိမ်လေး ကိစ္စနည်းနိုင်သမျှနည်းအောင် ဘုရားအဆုံးအမ အတိုင်း နေထိုင်ကျင့်ကြံသော အရှင်မြတ် ဖြစ်သည်။

တရုတ်ပြည်မှ စွယ်တော် ကမ္ဘာအေးဘုရားမှာ အပူဇော်ခံစဉ်ကလည်း ကျွန်မဆရာတော်ထံ အကြိမ်ကြိမ် လျှောက်သည်၊ ပင့်ကိုမရ။ ဦးခေမာက "ဒကာမကြီး မော်တော်ကားပေါ် ပင့်ကြည့်မှပဲ" ဟု အကြံပြုသည်။ ဆရာတော်ဘုရားကြီးကို မနည်း ကားပေါ် ပင့်ရသည်။ လိုဏ်ဂူတော်မှာ သပြေကန်ဆရာတော်ကြီးဟု သတင်းပြန့်သောအခါ လူတွေ လာဖူးလိုက်ကြသည်မှာ အံ့စရာတစ်ပါး။

မိတ်ဆွေတချို့က ကျွန်မကို မေးသည်။ "မသက် ဒီဘုန်းကြီးကျောင်း ခဏခဏ သွားတယ်၊ ဘာစွမ်းလဲ၊ ဘာထူးလဲ" တဲ့ ဒီမေးခွန်းအတွက် ဘယ်သူ့ကိုမျှ အပြစ်မတင်လိုပါ။ လောကီအကျိုးစီးပွားအတွက် မေးခွန်းဖြစ်သည်။ "သူတော်သူမြတ်၊ အစစ်အမှန်မို့ ဆည်းကပ်ကိုးကွယ်ပါတယ်" လို့ ကျွန်မဖြေလျှင်ဘဲ လုံလောက်မည်မထင်၊ ဆရာတော်ဘုရား၏ ဂုဏ်ရည်များသည် တစ်ဆင့် စကား တစ်ဆင့်နား ကြားရုံမျှဖြင့် မလုံလောက်၊ စာသင်သားဘဝ၊ စာချဘဝ၊ ပဋိယတ္တိဂုဏ်ရည်များ၊ သာသနာ့ဂုဏ်ရည်ကို ထွန်းပြောင်တောက်ပစေမှုများကို ပေထက်အက္ခရာတင်ထားသည်များကို ဖတ်ရှုကြည့်ညို့ဖူးသူတိုင်း ကိုးကွယ်မဝ ဖြစ်ကြရပါလိမ့်မည်။ ဆရာတော်ဘုရား ဟောကြားသည့် တရားတော်များ၊ ရေးသည့် တရားတော်များ ခဲရာခဲဆစ် ဓမ္မဆိုင်ရာများကို ဖြေရှင်းချက်များ၊ သြဝါဒများ၊ ကျင့်ကြံသော တရားတော်များကို ဆည်းပူးလေ့လာပူဇော်ကြည့်ကြပါမှ သည်ဆရာတော်ကြီး ဘာစွမ်းလဲ၊ ဘာထူးလဲ ဆိုသည့် မေးခွန်း၏အဖြေ ပေါ်နိုင်ပါလိမ့်မည်။

အိမ်သို့ တစ်ခါ ဆွမ်းပင့်တိုင်း ဘာတွေဘယ်မှာ လှူသည်ကို မေးသည်။ လှူဖူးသမျှ အလှူတိုင်းကို အမြဲသတိရနေလျှင် ကုသိုလ်တွေ အမြဲပွားနေသည့် တရားပေးသည်။ ကျွန်မသားကြီး ကိုဇော်သည် သပြေကန်ဆရာတော်ကြီးမှ လွဲပြီး ဘယ်ဘုန်းကြီးကိုမှ မဆည်းကပ်၊ မကိုးကွယ်၊ ဆရာတော်ဘုန်းကြီးထံမှ ပဋ္ဌာန်းတရားတော်များကို နာယူပြီး ကျွန်မကို ကြွားသေးသည်။ မိဘနှစ်ပါး မွေးနေ့တွေမှာ အိမ်တွင် ပဋ္ဌာန်းပူဇော်ပါသည်။ ကျွန်မတို့ မိသားစုအတွက် အလွန်ကြီးမားသော ကျေးဇူးတရားတော် ဖြစ်ပါသည်။

ခုနှစ်ကိုတော့ မေ့နေပါပြီ။ ရွှေကျင်ကျောင်း ဝါဆိုသင်္ကန်းကပ်ပွဲတွင် ယပ်တောင်တွေ လှူချင်သည်။ ဆုတောင်းစာလည်း ထည့်ချင်သည်။ ကျွန်မ ဆုတောင်းချင်သည်များကို နူတ်ဖြင့် လျှောက်ထားသည်။ ဆရာတော်ဘုရားကြီး မျက်နှာတော်ပြုံးနေသည်။ ဦးခေမာက တကာမကြီး ပြောချင်တာ စာနှင့်ရေးပြီးကပ်လေ ဆိုမှ စာနှင့်ရေးပြီး ဆရာတော်ဘုရားကြီးမှ ကဗျာနှင့် သီပေးပါရန် လျှောက်သည်။ ဆရာတော်ဘုရားကြီး၏ လက်ရေးမူသည် ဟိုနယ်သည်နယ် ပြောင်းကြသည်တွင်လည်းကောင်း၊ ရေဒဏ်၊ မိုးဒဏ်များဖြင့်လည်းကောင်း ပျက်စီးခဲ့ချေပြီ။ ထိုဝါဆိုမှ ယပ်တောင်များလည်း မရှိတော့ပြီ။ သို့သော် နောက် အလှူတွေမှာပါ ယပ်တောင်တွေ၌ ပါရှိသော ဆုတောင်းကို ကျွန်မ ယူထည့်ပါမည်။

သပြေကန်ဆရာတော်ဘုရားကြီး ရေးသားစီစဉ်အပ်သော "ဆုတောင်းနှင့်အမျှဝေ"

- "ဤမဟာဘုံကထိန် ဆင်ယင်ကျင်းပမြတ်ဒါနကို ပြုရရှိန်ဝါ စေတနာကြောင့် မဟာအသံတ ဓမ္မဆိုက်ရန် ဆုတော်ပန်၏။
- နိဗ္ဗာန်မရ ကာလတွင်းမှ သံသရာတွင် ကျင်လည်ရာက ဗုဒ္ဓဒေသနာ ထွန်းရာဒေသ ဖြစ်ကြရတုံ၊ သရဏဂုံ သုံးဝ၊ သီလမြဲချေ။ မျိုးဆွေဝန်းကျင် ဖြစ်ပါချင်၏။
- လိုအင်တမှု၊ သူတော်ဘဝ၊ ပြည့်စုံရလျက်၊ သာသနာ့အကျိုး၊ နိုင်ငံအကျိုးကို သည်ပိုးဖြောင့်ဖြောင့် မတောင့်မတ မကြောင့်ကြဘဲ၊ စွန့်ကြဲပေးကမ်း၊ လှူဒါန်းနိုင်လျက် အသက်ရှည်စွာ ရောဂါကင်းစင်

ဟောဇျောင်ခုနှစ်ပါး တရားမြတ်မှန် ကျင့်ကြံလိုလား အားထုတ်တတ်သည့် လူမြတ်စင်ဖြူ သူတော်ကောင်းသာ ဖြစ်လိုပါ၏။

- သူတကာပြု၊ ပြစ်မှုတန်တန်၊ သည်းခံနူးညွတ်ခွင့်လွှတ်တတ်စွာ၊ ကြင်နာတတ်သား၊ လူအများ၏ သနားနူးညွတ်၊ ခွင့်လွှတ်မှုအထိ ရရှိသူသာ ဖြစ်လိုပါ၏။
- သတိမပြတ် အသိဓာတ်ဖြင့် မှတ်နိုင်ထူးသည့် တရားမြတ်ကို ရလိုပါ၏။ မပျင်းရိမှန်၊ ဉာဏ်လည်း ရှိသူ၊ လူအများအား ပညာဉာဏ်ကို နှင်းအပ်လိုသည်၊ လိုသည့်တိုင်းသာ ဖြစ်ပါစေသား။
- မြတ်တရားကို စောင့်ရှောက်လို၏။ ထိုတရားကထူးခြားထင်လင်း စောင့်ရှောက်ခြင်းကို ခံယူလို၊ လိုတိုင်းပြည့်ဝပါစေသော်။
- ကထိန်ဒါန ဤပုည၏ ရမည့်ကျိုးရ ဖို့ဘာဂကို မိဘနှစ်ဖြာ ဆရာသခင် ကျေးဇူးရှင်နှင့် ပိတာမြေးသား အများဉာတကာ ဆွေသဟာနှင့် ဒေဝါဒေဝ ဘုမ္မရက္ခာ၊ အာကာသစိုး တန်ခိုးကြီးမားနတ်အများနှင့် သုံးပါးဘဝ ကျင်လည်ကြသည့် များလှသတ္တဝါ ရပါစေရေး အမျှပေးသည် ဟစ်ကြွေးသာဓုခေါ်စေသော်။

ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု၊
ဣဒံ မေ ပုညံ နိဗ္ဗာနဿ၊ ပစ္စယော ဟောတု။

ဤဆုတောင်းခွင် ပိတာ ဆိုသည့်စကားကို ကျွန်မကြားဖူးပါ။ ဆရာတော်က ပြုံးပြီးရှင်းပြပါသည်။ အော် ကျွန်မအမျှဝေသည့်ထဲမှာ အဘိုးတွေ၊ သားတွေ၊ မြေးတွေလည်းပါသကိုး။

ဤမျှစောင့်ရှောက်ခဲ့သော ဆရာတော်ဘုရားကြီးသည် ကျွန်မတို့ရဲ့ ရွှေတောင်ကြီးပါပဲ။ လောကုတ္တရာသက်သက်နဲ့သာ ကျော်ကြားသော သာသနာတွင် နှစ်ပါးမရှိသော ဆရာတော်ကြီးအား ဤစာစုဖြင့် အညတြတပည့်တော်မှ ရိုသေမြတ်နိုး ရှိခိုးပါသည်ဘုရား။

ကံထူးစွာဖြင့် ဆရာတော်ဘုရား၏ အန္တိမစျာပနပြာအိုးကို ပင်လယ်ကြောမှာ မောင်ဆွေသက်နှင့် မသက်ဆွေတို့ ကိုယ်တိုင်ရေမျှော နောက်ဆုံးပူဇော်ခွင့်ရခဲ့သည်မှာ ကျွန်မတို့ ကြီးစွာသော ကုသိုလ်တော်ကြီး ဖြစ်ပါသည်။

ထိုကုသိုလ်တော်ကြီးကို အစဉ်အမြဲ သတိရအောက်မေ့ကြည်ညိုလျှက် ရှိပါသည်။

ကျွန်မတို့အားထားရာ ရွှေတောင်ကြီး ပြိုလဲသွားပြီဖြစ်သော်လည်း ရွှေတောင်ကြီးတည်မြဲစဉ်က ဘုရားတပည့်တော်၊ တပည့်တော်မတို့ကို ပေးခဲ့သော ဆရာတော်ဟောဖော်ညွှန်ပြမှု တရားရွှေရောင်များသည် ကမ္ဘာတည်သရွေ့ လင်းလက်နေမည်ဖြစ်ကြောင်းကို ယုံကြည်စွာ ရှိသေစွာ လိုက်နာကျင့်ကြံရင်း ဦးနှိမ်ရိုကျိုး မာန်တွေချိုးပြီး ရှိခိုးကန်တော့အပ်ပါသည်ဘုရား။

ယုဝတီကလောင်ရှင် သက်မှူ

စကားချပ်။ ကျွန်မသည် ၁၉၅၃-ခုနှစ်မှစ၍ တိုင်းရင်းမေဂျာနယ်တွင် ကဗျာများ စတင်ရေးသားခဲ့ပါသည်။ ၁၉၅၇-ခုနှစ်တွင် ယုဝတီဂျာနယ်၌ ကဗျာ၊ ဝတ္ထု၊ စာညွှန်း၊ ဆောင်းပါး စသည်ဖြင့် စာစုံရေးခဲ့ပါသည်။ ၁၉၅၈-ခုနှစ် ဇန်နဝါရီလတွင် ယုဝတီကလောင်ရှင်ဘွဲ့ ရရှိခဲ့ပါသည်။ စာပေလောကနှင့် အတော် အဆက်ပြတ်သွားခဲ့ပြီး ၁၉၇၇-ခုနှစ်မှ ပြန်လည် ရေးသားခဲ့ပါသည်။ မသက်ဆွေအမည်နှင့် ငွေတာရီ၊ မြဝတီ စသည်တို့မှာ ရေးသားခဲ့ပါသည်။ အကြောင်းကြောင်းကြောင့် **သရက်-မသက်ဆွေ** ဟု ကလောင်အမည်ပြောင်းဖြစ်ခဲ့ပါသည်။ ကျွန်မကို ဆရာတော် ဦးခေမာက ယုဝတီကလောင်သက်မူအမည်ကိုသာ အသိအမှတ်ပြုသည့်အတွက် ယုဝတီကလောင်ရှင်သက်မူ အမည်ဖြင့်သာ ရေးသားအပ်ပါကြောင်း။

ယုဝတီကလောင်ရှင် သက်မူ

စပျစ်သီးခိုးလုံး

ဝိုလ်မှူး ဒဂုသိန် (ငြိမ်း)

လွန်ခဲ့တဲ့ ၁၉၉၂-ခုနှစ်လောက် နေ့တစ်နေ့။ ရုံးအဆင်းအိမ်အရောက်။ အစ်မဖြစ်သူ ဒေါ်ခင်မကြည်(ကွယ်လွန်) က တယ်လီဖုန်းကိုင်ရင်း 'လာနေပါပြီ၊ လာနေပါပြီ၊ ကိုင်ထားပါရှင့်' လို့ ပြောကာ မိမိလက်ထဲကို ဖုန်းထည့် လိုက်ပါတယ်။ ထူးလိုက်တယ် ဆိုရင်ပဲ-

ပါ'တဲ့။

"အစ်မ ကျွန်တော် ညွှန့်ဆွေ

ရတ်တရက် ဘယ်သူ ဘယ်ဝါ ရယ်လို့ စဉ်းစားမရပါဘူး။ ဆွေမျိုး မိတ်သင်္ဂဟထဲမှာလည်း မရှိသလောက်ပါ။ ဒါပေမယ့် ခေါ်ပုံက တရင်းတနှီးမို့ နေရာသိရင် စဉ်းစားလို့ရမှာပေါ့။ ဒါနဲ့-

'ခု ဘယ်ကနေ ပြောတာလဲ' မေးလိုက်တော့-

'ခု ဘန်ကောက်ပြန်ဖို့ လေဆိပ်က ဆက်တာပါ။ အချိန်မရလို့ တစ်ခု ကူညီပါ"'တဲ့။

ဟုတ်ပြီ၊ ဗန်ကောက်ပြန်မှာ ဆိုတော့ ဗန်ကောက်မှာ ဟိုတစ်ချိန်က သိတာဆိုလို့ မြန်မာသံအမတ်ကြီး ဦးညွှန့်ဆွေ(ယခု စာရေးဆရာ မောင်ဆွေသက်)ပဲ ဖြစ်ရမယ်ပေါ့။ ၁၉၉၀-ခု ဧပြီလ သင်္ကြန်အပြီးလောက်မှာ နိုင်ငံတော် သံဃမဟာနာယကဥက္ကဋ္ဌ၊ ပဲခူးမြို့မဆရာတော်ဘုရားကြီး ဦးဆောင်တဲ့ ငါးနိုင်ငံ ပရိယတ္တိလေ့လာရေး အဖွဲ့နှင့် မိမိ လိုက်ပါလာရပြီး ထိုင်းနိုင်ငံမှာ တစ်ပတ်ကြာ ရှိနေတုန်း သံအမတ်ကြီးနှင့် ဧနီး ဒေါ်သက်ဆွေတို့ မောင်နှံက ဆွမ်းကွမ်းဧည့်ဝတ် တွေနဲ့ လိုလေသေးမရှိ ပြုစုစောင့်ရှောက်ခဲ့တာရယ်၊ ၁၉၉၂-ခု၊ ဇန်နဝါရီလ အတွင်းက စင်္ကာပူ-မြန်မာရွှေကျောင်း ဖွင့်ပွဲနှင့် မလေးရှားနိုင်ငံ ပီနန်-မြန်မာဘုန်းကြီးကျောင်း အဆောင်သစ်ဖွင့်ပွဲ အပြီး မိမိတို့ ညီအစ်မတစ်တွေ ဘန်ကောက်ကတစ်ဆင့် ပြန်လာတော့ သူတို့အိမ်မှာ တည်းစေပြီး ဆွေမျိုးရင်းချာအလား ဧည့်ဝတ်ကျေပြန်ခဲ့တာရယ်၊ ပြီး သူ့အစ်ကို တစ်ယောက်နှင့် မိမိတို့ စစ်အတွင်းက ဇာတိချက်ကြွေ မွေးရပ်မြေ စစ်ကိုင်းမှာ ကျောင်းတူ အတန်းတူ တက်ခဲ့တာမို့ မိမိလည်း ဝမ်းသာအားရနဲ့-

'ပြောပါ ပြောပါ၊ အားမနာနဲ့ တစ်ခု မဟုတ်ဘူး၊ ဘာကူညီရမလဲ'

'ကျွန်တော်တို့ ကိုးကွယ်တဲ့ ပုဇွန်တောင် ရွှေကျင်ကျောင်းက ဆရာတော်ဘုရားကြီးကို စစ်ဆေးရုံ ပြပေးပါ'

'ဦးဝါသေဋ္ဌ လား'

'အစ်မ သိလို့လား'

"သိပ်သိတာပေါ့။ သပြေကန် ပရိတ်ကြီးနိသယ ပြုစုတဲ့ ကျမ်းတတ်အကျော်မို့ ကြားဖူးရုံနဲ့. ကြည်ညိုနေတာပါ၊ တစ်ခါမှ မတွေ့ဖူးဘူးလေ၊ ခုတော့ ဖူးလည်း ဖူးရမယ်၊ ကျန်းမာရေး အတွက် တတ်နိုင်တဲ့ဖက်က ပြုစုစောင့်ရှောက်ခွင့် ရတော့မှာမို့ အတိုင်းထက်အလွန် ဝမ်းသာလိုက်တာ။

'ဒါနဲ့ ဘာရောဂါလဲ ပြောပါဦး'

'ပါးစပ်နှင့်ပတ်သက်တာပဲဗျ၊ သွားတွေ ဒုက္ခပေးနေပုံရတယ်၊ ဆရာတော်ကြီးက သိပ်သိုသိပ်တာ၊ စကားလည်း နည်းတယ်၊ သူ့အတွက်နှင့် လူတကာ ဒုက္ခမပေးချင်ဘူး၊ ပြီး-ဝိနည်းလည်း သိပ်လေးစားတယ်၊ အဲဒါ မဖြစ်ဖြစ်တဲ့နည်းနှင့် မရရအောင် ပင့်ပြီး ပြဖြစ်အောင် ပြပေးပါနော်'။

မိမိလည်း ဝမ်းသာ အဲလဲ ကိုယ် ဖူးချင်, တွေ့ချင်တဲ့ ဆရာတော်ကြီး လည်း ဖြစ်ပြန်၊ ထေရ်ကြီးဝါကြီး ကျမ်းတတ်အကျော်အမော်ပုဂ္ဂိုလ်ကျော်ကြီးကို ဂီလာနအဖြစ် အနီးကပ်ပြုစုစောင့်ရှောက်ခွင့် ရပြီရယ်လို့ သိရခါမှုဖြင့် ဝီတိတွေဖြာပြီး ဝမ်းသာအားရဖြင့်-

'စိတ်ချ၊ စိတ်ချ၊ ဒီနေ့နက်ဖြန် ပဲ ရအောင်ပင့်ပြီး ပြဖြစ်အောင် ပြပေးမယ်'လို့ အာမခံလိုက်တော့-

'သာဓုပါ အစ်မရေ၊ စိတ်ချသွားပြီနော်'တဲ့။

နောက်တစ်နေ့ မနက်ကျ၊ စစ်ဆေးရုံ တပ်မှူး ဒုတိယဗိုလ်မှူးကြီး မြသိန်းဟန်(ဗိုလ်မှူးချုပ်-ဦးမိုး)ထံ ဖုန်းဖြင့် သတင်းပို့ပြီး သွားဆေးကုဌာနက ဗိုလ်မှူးခင်မောင်ကြီး(ကွယ်လွန်)ကြည့်ပေးနိုင်မယ့် နေ့ရက်အချိန်ပါတစ်ပါတည်း ချိန်းလိုက်ပါတယ်။ တစ်ဆက်တည်း ညွှန်ချုပ်ဦးအံ့မောင်(အကြံပေးပုဂ္ဂိုလ်)ကိုတော့ သူနှင့် သံအမတ်ကြီး ငါးနိုင်ငံသွားစဉ်ကတည်းက ခင်မင်ရင်းစွဲမို့-

"ဆရာအံ့ရေ ထိုင်းသံအမတ်ကြီး ဦးညွှန့်ဆွေက သူ့ဆရာတော်ကြီး ဦးဝါသေဋ္ဌ သွားတွေ ဒုက္ခပေးနေလို့ စစ်ဆေးရုံး ပြပေးပါလို့ အကူအညီတောင်းတာနှင့် စစ်ဆေးရုံတပ်မှူးကြီးလည်း သတင်းပို့ပြီးပြီ၊ သွားဆရာဝန်လည်း နက်ဖြန် ချိန်းပြီးပြီ၊ အဲဒါဆရာတော်ကြီး ပင့်ဖို့ နေရာလည်း မသိ၊ တစ်ခါမှလည်း မဖူးဘူးသေးတော့ နက်ဖြန် သိတဲ့ ဒကာတစ်ယောက်ယောက်နှင့် မင်္ဂလာဒုံစစ်ဆေးရုံ၊ မနက်



ကိုးနာရီအရောက် ပင့်လာပေးပါ။ သွားဌာနက ကျွန်မ စောင့်နေပါမယ်' လို့ တင်ပြလိုက်ပါတယ်။

နောက်နေ့ စစ်ဆေးရုံက စောင့်နေတာ၊ မွန်းသာ တိမ်းသွားရော ဆရာတော် ကြွမလာပါဘူး။ ဆရာအုံ့ဆိုဖုန်းဆက်တော့ 'သန်းနွယ်၊ သန်းနွယ် (ကွယ်လွန်)၊ ဦးဝါသေဌကို စစ်ဆေးရုံပင့်သွားဖို့ ခိုင်းထားတာ၊ ခုထိ ကြွမလာလို့တဲ့၊ တယ်အသုံးမကျတဲ့လူတွေ၊ ဘယ်မလဲ' ဆိုတဲ့ ဆူသံပူသံတွေ ကြားနေရပြီး တပည့်လုပ်သူက ဘယ်လို ဖြေလိုက်တယ်မသိဘူး၊ 'အားတော့ နာပါရဲ့ဗျာ၊ ပြန်သာလာပါတော့' ဆိုပြီး ဖုန်းချသွားပါတယ်။

သွားဆရာဝန် ဗိုလ်မှူးခင်မောင်ကြီးကို မိမိကိုယ်တိုင် ပင့်လာမည့် အကြောင်းပြောပြီး ရုံးပြန်လာပါတယ်။ ရုံးလည်း ပြန်ရောက်ရော ခိုင်းလိုက်တဲ့လူ သွားပင့်ပေမယ့် မလိုက်လာတာ သိလိုက်ရတာနဲ့ ညွှန်ချုပ်ကြီးကို - 'ဆရာရေ နက်ဖြန် ကျွန်မကိုယ်တိုင် မဖြစ်ဖြစ်တဲ့နည်းနဲ့ စစ်ဆေးရုံကို မရ, ရအောင် ပင့်ပါမယ်။ ကျောင်းနေရာသိတဲ့ ယာဉ်မောင်းနဲ့ ကားတစ်စီး စီစဉ်ပေးပါ'။

နောက်နေ့ ရုံးကားနဲ့ ကိုယ်တိုင် ပင့်တော့ ဦးခေမာစာရ(ယခု-ကျောင်းထိုင်)နှင့် သံလျင်က ဒကာ ဦးအောင်စိန် ဆိုသူတို့ ကျောင်းအောက်ထပ်မှာ တွေ့ပါတယ်။ 'ဆရာတော်ကြီးကို ဒကာ ဦးညွှန့်ဆွေ က စစ်ဆေးရုံ ပင့်ပြပေးဖို့ ထိုင်းကို အပြန် မှာသွားတာနှင့် ခု တပည့်တော်မကိုယ်တိုင် လာပင့်တာပါ' ဆိုတော့ ဒကာကြီးက အသံပေးပြီး အပေါ်ထပ် ခေါ်သွားပါတယ်။ ဆရာတော်ကြီးကို ခပ်မှောင်မှောင် စာအုပ်ပုံတွေကြားမှာ ကြမ်းပြင်မှာပဲ နီသိဒိုင်လေးခင်းလို့ ကျမ်းစာအုပ်တစ်အုပ်ကိုင်ပြီး ဖတ်နေတာ ဖူးတွေ့ရတော့ အလွန်အမင်း အံ့အားသင့်သွားပါတယ်။ ယနေ့တိုင်အောင် မြင်ယောင်ဆဲပါ။ ဒုတိယ သာသနာပိုင်ကြီးဆိုပြီး ဟိတ်ဟန်မရှိ၊ ပကတိ ခန်းနေစာချတစ်ပါး သင်မယ့်စာ နွေးနေတာလား၊ ရေးနေတာလားလို့ ထင်ယောင်မြင်မှားဖြစ်မိသွားပါတယ်။

မိမိလည်း ဦးချရင်း ဘယ်သူဘယ်ဝါဖြစ်ကြောင်း လျှောက်ထားပြီး 'လာရင်းကိစ္စကတော့၊ ထိုင်းသံအမတ်ကြီး စေခိုင်းချက်အရ စစ်ဆေးရုံ သွားဌာနမှာ ပြပေးဖို့ လာပင့်တာပါဘုရား' လို့လျှောက်တော့ 'မကြွတော့ပါဘူး' လို့ မိန့်ပါတယ်။ မိမိလည်း မဖြစ်မနေ ပင့်မှပဲဆိုပြီး 'တပည့်တော်မနှင့် ဒကာကြီးဦးညွှန့်ဆွေက တပ်မတော်သားချင်း တူပေမယ့် သူက ရာထူးကြီးတော့ တပ်မတော်ထုံးတမ်းစဉ်လာအရ ရာထူးကြီးသူက မိန့်မှာရင် ရာထူးငယ်တဲ့သူက တစ်သဝေမတိမ်း လိုက်နာရပါတယ်ဘုရား၊ အမိန့်မနာခံရင် ပြစ်ဒဏ်ခံရပါတယ်ဘုရား၊ ခုလည်း သူ့ရဲ့ မိန့်မှာချက်ကို နာခံရင်း

အရှင်ဘုရားကို မလိုက်မနေ ပင့်ရပါ တော့မယ် ဘုရား၊ အရှင်ဘုရားသာ မကြွချီရင်တော့ တပည့်တော်မအဖို့ ပြစ်ဒဏ်ကျခံဖို့သာ ရှိပါတော့တယ် ဘုရား၊ တကယ်တော့ အိုမင်းတာကို တားမရရင်သာရှိမယ်၊ နာတာကိုတော့ သက်သာအောင် ပျောက်ကင်းအောင် ဆေးကောင်းဝါးကောင်း သမားကောင်း နဲ့ ပြမယ်ကုမယ်ဆိုရင် သက်သာမယ်၊ ချမ်းသာရာ ရနိုင်ရပါတယ်ဘုရား။ အချိန်မီ အခြေအနေပေးတုန်း မပြဘူး ဆိုရင် နောင်တစ်ချိန် အပ်နှင့်ထွင်းရ မှာ ပေါက်ဆိန်နှင့် ပေါက်သလို ခံရ တတ်ပါတယ်ဘုရား။ ခု မကုချင်သေး လည်း ရောဂါလက္ခဏာ ခြေခြေ မြစ်မြစ် သိရအောင် ပြပေးပါရစေ၊ အကျိုးမယုတ်ပါဘူး။ အသက်ကို ဥာဏ်စောင့်ပါတယ်ဘုရား' လို့ ဖွဲ့နွဲ့ လျှောက်တော့ သနားလို့လား၊ အားနာ လို့လား မသိ၊ 'လိုက်ရပါ့မယ်ပေါ့ လေ' လို့ မိန့်ပါတယ်။ ခဏနေ သင်္ကန်း ရုံပြီး ဒကာကြီးနဲ့ ဆင်းလာ တော့ နိသီဒိုင်အဆင်သင့် ခင်းထားတဲ့ နောက်ခန်းတံခါး အသင့်ဖွင့်ပေးတော့ 'ရှေ့ခန်းပဲ ထိုင်မယ်' လို့ မိန့်ပါတယ်။ မိမိက လက်အုပ်ချီရင်း 'ဆရာတော် ဘုရား အများခရီးသွားယဉ်တွေမှာ သံဃာတော်တွေ ရှေ့ခန်းက သီတင်း သုံးတာ ကြည့်ညှိလေးစားရာ ရောက် တာ မှန်ပါတယ်၊ အရှင်ဘုရားလို ထေရ်ကြီးဝါကြီးတွေကို သီးသန့် ကိုယ်ပိုင်ယာဉ်တွေနဲ့ ပင့်တာကျတော့ နောက်က သီတင်းသုံးတာ သက် တောင့်သက်တာနဲ့ သပ္ပါယ ဖြစ်ပါ တယ်ဘုရား။ လူဝတ်ကြောင် လောက မှာလည်း ဂုဏ်ကြီးဒြပ်ကြီးပုဂ္ဂိုလ်တွေ ကျတော့ နောက်ကထိုင်ပြီး သူတို့ရဲ့ ကိုယ်ရံတော်တွေ သက်တော်စောင့် တွေက ရှေ့က ထိုင်ပါတယ်ဘုရား၊ ပြီးတော့ တပည့်တော်မက ဒကာကြီး နဲ့ နောက်မှာ တွဲမထိုင်ပါဘူးဘုရား' လို့ ရယ်သလို မောသလို လျှောက် တော့ ခပ်ပြုံးပြုံးနဲ့ နောက်ခန်းမှာ ဝင်ထိုင်လိုက်ပါတယ်။ မိမိလည်း လမ်းမှာ ဘုန်းကြီးတော့ စာချမိပြီရယ် လို့ ပြုံးမိရင်း ကြည်နူးဝမ်းသာမဆုံး ရှိရပါတယ်။

အသင့်ယူလာတဲ့ ''ဆရာတော် သံဃာတော်များအတွက် ဆေးကုသ ခြင်း စီစစ်ရေးမှတ်တမ်း'' စာအုပ် ရှေ့ဖုံးမှာ ကိုင်ဆောင်မည့်သူအတွက် ပုံစံဖြည့်ရမှာမို့ ဆရာတော်ကြီးရဲ့ ဘွဲ့ အမည်ကိုတော့ မိမိဘာသာ ထိုးလာ ခဲ့ပြီး ခမည်းတော်နာမည် မေးလျှောက် တော့ ဦးဘိုးစိန် လို့ မိန့်ပါတယ်။ မွေးသက္ကရာဇ်ကျတော့ ပြောတဲ့အတိုင်း မြန်မာလိုထိုးရေး နောင်ကုမယ့် ဆရာ ဝန်တွေ အသက်တွက်ရခက်မှာမို့ ခရစ် နှစ်တွက်ပြီး ၁၉၂၆ လို့ပဲ ဖြည့်လိုက် ပါတယ်။ ခုရှိရင် သက်တော် ၁၀၀ ပြည့်ပြီပေါ့။ ဒီမှတ်တမ်းထဲမှာ သွေး အုပ်စု၊ ဆေးရုံတက်/ဆင်းရက်စွဲ၊ ဓာတ်မှန်ရိုက်တဲ့ ရက်စွဲ၊ ရောင်ရမယ့် ဆေး၊ အမြဲသုံးစွဲရမယ့်ဆေး စတာတွေ ပါပါတယ်။ နောင်တစ်ချိန် မမာလို့ ဆရာဝန်ပြတဲ့အခါ ဒီမှတ်တမ်းကြည့် တာနှင့် လူမမာရဲ့ နောက်ကြောင်း အလွယ်တကူ သိနိုင်ပါတယ်။ လူမမာ ခမျာ ဝေဒနာခံစားရင်း မေ့မေ့လျော့ လျော့နှင့် မမှတ်မိတာ များပါတယ်။ ကားပေါ်မှာပဲ ''အထွေထွေရောဂါ ရဖူးပါသလား'' လျှောက်တော့ 'အထူး မရှိပါဘူး' လို့ ဖြေပါတယ်။ ခု ဖူးတွေ့ ရတော့လည်း အသားတော်တော်ညို့ ပေမယ့် စိုစိုပြေပြေရှိတာမို့ သက်တော် နှင့်စာရင် အရွယ်တင်တယ်လို့ ဆိုရ ပါမယ်။

သွားဌာနလည်းရောက်ရော၊ ဗိုလ်မှူး ခင်မောင်ကြီးက အသင့် ဆီးကြိုရင်း ''တပည့်တော် ခင်မောင် ကြီးပါဘုရား၊ အရှင်ဘုရားကို ကြားဖူး တာကြာပါပြီ၊ ခုလို ဖူးတွေ့ခွင့်ရတာ ကြည်နူးရပါတယ်ဘုရား၊ ပင့်လာပေး တဲ့ သူလည်း ကျေးဇူးတင်ရပါမယ်၊ ကြွပါ ကြွပါ'' ဆိုပြီး ဆေးခန်းထဲ အရောက် ပင့်သွားပါတယ်။ ဆေးမှတ် တမ်းလေးကို ဗိုလ်မှူးလက်ထဲ ကမ်း လိုက်ပါတယ်။ ဒကာကိုပဲ ဝင်လိုက် ခိုင်းပြီး မိမိကတော့ ဧည့်ခန်းမှာပဲ နေရစ်ပါတယ်။ မိမိအနားရှိရင် ဆရာ တော်ကြီး အားနာမှာစိုးလို့ပါ၊ နာရီ ဝက်လောက်ကြာပါမယ်။ ပြန်ထွက် လာတော့ ဗိုလ်မှူးကို အခြေအနေ အင်္ဂလိပ်လို မေးတော့ ''ပါးစပ် ဟ လိုက်တာနဲ့ အကောင်းမရှိသလောက် ဘဲ၊ ပေါက်ပြဲ ကျိုးကြွေလို့၊ အပဲ့အရွဲ့ တွေက ပါးစောင်နှင့်လျှာမှာ ပွတ်မိ တိုက်မိတာတွေ တွေ့လိုက်ရတော့ သနားလိုက်တာ၊ သွားဖုံးတွေလည်း

ယောင်လို့၊ ဒီလောက် သည်းခံနိုင်တာ အံ့ရော၊ ဒီလောက် ဖြစ်နေတာ သွားဆေးခန်း မပြဘူးလားဆိုတော့ မပြဘူးတဲ့၊ မနာဘူးလားမေးတော့ နာလည်း ဆားရေလေးငုံ၊ ပရုပ်ဆီလေးလူးပြီး တိုင်းရင်းဆေးမှန့်လေး သိပ်လိုက်တာပဲတဲ့၊ မကြာခင် ရေစီးကမ်းပြိုလိုက်ပြီး ကင်ဆာတောင် ဖြစ်နိုင်တယ်၊ ပင့်လာတာ အချိန်မီပဲ၊ ကျွန်တော် အစွမ်းကုန် ကုပေးပါ့မယ်၊ နှုတ်ရ,ဖာရမှာမို့ အချိန်တော့ ယူရပါ့မယ်၊ ဒီနေ့တော့ လောလောဆယ် သန့်ရှင်းရေးပဲ လုပ်ပေးလိုက်ပါတယ်၊ ဆွမ်းအမီပြန်ကြွမယ် မဟုတ်လား' ဆိုပြီး နောက်ရက်တွေမှာ နှုတ်ရ,ဖာရမယ့်ကိစ္စတွေအတွက် ကြိုသောက်လာရမယ့် ဆေးတွေပေးပြီး ရက်ချိန်းလည်း တစ်ပါတည်း ပေးလိုက်ပါတယ်။

တစ်ခါမှာတော့ အငုပ်အပဲ့၊ နှုတ်ရတဲ့တစ်နေ့မှာ ဗိုလ်မှူးခင်မောင်ကြီးက "အကောင်းဆုံး သွားလေးတစ်ချောင်း ဆောင်ထားချင်လို့ ယူထားလိုက်ပြီ" ဆိုပြီး ပြပါတယ်။ ဆရာတော်ကြီး စိတ်တိုင်းကျ သွားတွေအားလုံး ကောင်းသွားတာနှင့် သူသာဆုံးသွားရော ထပ်မတွေ့ဖြစ်တော့ပါဘူး၊ သူ့ဆီ ဆရာတော်ကြီး ပင့်သွားတိုင်း ကုသရုံတင်မကပါဘူး၊ သွားကျန်းမာရေး ပညာပေးပါလျှောက် ထားလေ့ရှိပါတယ်။ ဆရာတော်ကြီး အတွက် အကျိုးများခဲ့ပါတယ်။ ဆရာတော်ကြီး ပုံလွန်တော်မူသာသွားရော သွားနဲ့ပတ်သက်လို့ ဘာသံမှ မကြားရပါဘူး။

ဆရာတော်ကြီးက စကားနည်းပါတယ်။ တစ်ခါပဲ နောက်ဆုံးအခေါက် ဆေးရုံကအပြန်လမ်းမှာပဲ သူ့ကို နိုင်ငံတော်က ဆက်ကပ်တဲ့ အဘိဓမ္မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် နှင့်တကွ အဆောင်အယောင်တွေကို သာသနာရေးက ဒကာတစ်ဦး ငှားသွားတာ ခုထိ ပြန်လာမကပ်ဖူး' လို့ မိန့်ပါတယ်။ ငှားသွားတဲ့ဒကာကို အမြန်ဆုံး သွားကပ်စေပါတယ်။

ဒီနောက် ဆရာတော်ကြီးကို မဖူးမတွေ့ဖြစ်တော့ပါ။ သူ့ကျောင်း အနီးမှာနေပြီး ကျောင်းမှာ ဆွမ်းကွမ်း ဝေယျာဝစ္စလုပ်နေတဲ့ ရဲဘော်ရဲဘက် ဗိုလ်မှူးဒေါ်အေးမီ(ကွယ်လွန်)ဆိပဲ ဖုန်းနှင့် ဆရာတော်ကြီး ကျန်းမာရေး အခြေအနေ မကြာခဏ မေးမြန်းဖြစ်ခဲ့ပါတယ်။ တစ်ခါမှ နေမကောင်းထိုင်မသာ ရှိတယ်လို့ ဖုန်းမလာပါဘူး၊ ဒါနဲ့ စိတ်ချလက်ချ အဝေးကပဲ မေတ္တာပို့နေမိပါတယ်။

လွန်ခဲ့တဲ့ (၄-၂-၁၉၉၅)ခုနှစ် ညအိပ်ပျော်ခါစရှိသေး၊ ဖုန်းဝင်လာပါတယ်။ ထူးလိုက်တယ်ဆိုရင်ပဲ၊ တစ်ဖက်က မိမိနာမည်မေးလို့ 'ဟုတ်ပါတယ်' လို့ပြောတော့။ 'ကျွန်တော် ပုဇွန်တောင် ရွှေကျင်ကျောင်းက ဦးကြင်ပါ၊ ခု ဆရာတော်ကြီး နှလုံးရောဂါဖြစ်နေလို့ အမြန်ဆုံး ဆေးရုံတင်နိုင်ဖို့ ဆောင်ရွက်ပေးပါ' လို့ ပျာပျာသလဲ ပြောပါတယ်။ 'ဆရာဝန်မပင့်ဘူးလား' ဆိုတော့ 'ဆရာဝန်အနားမှာ ရှိပါတယ်၊ ဆေးရုံအမြန်ပင့်ဖို့ သူညွှန်ကြားတာပါ၊ အောက်ဆီဂျင်ပေးထားရပါတယ်' ဆိုတော့ 'ဒါဆို ခဏစောင့်ပါ၊ ကျွန်မ စစ်ဆေးရုံဆက်သွယ်လိုက်ပါမယ်၊ ကားသာအဆင်သင့် လုပ်ထားပါ' လို့ပြောပြီး ကျောင်းဖုန်းနံပါတ် တောင်းထားလိုက်ပါတယ်။

မင်္ဂလာဒုံစစ်ဆေးရုံ တာဝန်မှူးရုံးခန်းဖုန်းဆက်လိုက်တော့ အလွယ်တကူ ရပါတယ်။ တဖက်က ဖုန်းကိုင်လိုက်ရင်ပဲ ထူးသံနဲ့အတူ သီချင်းသံတွေ ကြားနေရပါတယ်။ ဖုန်းမှားသွားသလားလို့ ရုတ်တရက် ကြောင်သွားပါတယ်။ 'တာဝန်မှူးလား' ဆိုတော့ 'ဟုတ်ပါတယ်' တဲ့။ ဒါနဲ့ မိမိဘယ်သူဘယ်ဝါပြောပြီး၊ သီချင်းသံတွေ ကြားနေရလို့ သေချာအောင် မေးတော့၊ ရုံးရှေ့မြက်ခင်းပြင်မှာ ရိပ်သာ ညစာ စားပွဲကျင်းပနေတာတဲ့။ အခန့်သင့်လိုက်တာ။ ဒီလိုပွဲမျိုးဆို တပ်မှူးနှင့် အရာရှိကြီးငယ်အားလုံး တက်ရတာမို့ အထူး သတင်းပို့စရာမလိုဘဲ "နှလုံးပါရှု ဒုတိယတပ်မှူးကြီး အောင်ကျော်ဇော်ကို ဆရာတော်ကြီးတစ်ပါး အရေးတကြီး လူနာဖြစ်နေလို့ ခေါ်ပေးပါ" လို့ ပြောလိုက်ပါတယ်။ ခဏမကြာပါဘူး၊ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ဖုန်းလာထူးတော့ ပုဇွန်တောင်ရွှေကျင်ကျောင်းက ရွှေကျင် ဒုတိယသာသနာပိုင် အဘိဓဇ ဆရာတော်ကြီး နှလုံးအသည်းအသန်ဖြစ်လို့ အကြောင်းကြားလာပါတယ်။ အနားမှာ ဆရာဝန်

တက်ရလို့ ရွှေကျင်သာသနာပိုင်ကြီးတောင် ခုဖူးတွေ့ခဲ့ရပါတယ်ဘုရား။ ညက အရှင်ဘုရား အရေးပေါ် ဆေးရုံတင်ရတာလည်း လျှောက်လိုက်ပါတယ်ဘုရား၊ ခုလို အရှင်ဘုရားကို ရွှင်ရွှင်လန်းလန်း ဖူးတွေ့ရတော့ ဝမ်းသာပီတိ ဖြစ်မိပါတယ်ဘုရား၊ လိုအပ်တာမှန်သမျှ အမိန့်ရှိပါဘုရား၊ ဒီ အိုင်စီယူ (အထူးကြပ်မတ်ဆောင်)က လိုအပ်ရာရာ ဆောင်ရွက်ပြီးတာနဲ့ ဇေတဝန်ဆောင်မှာ သီတင်းသုံးပြီး နားနားနေနေ အထွေထွေ ကျန်းမာရေးစစ်ဆေးပြီး လိုအပ်ရာရာ ပြုစုရင်း ကုသိုလ်ယူပါရစေဘုရား'လို့ လျှောက်ပါတယ်။ ဆရာတော်ကြီးကလည်း ရွှေကျင်သာသနာပိုင်ကြီး(ရွှေဟင်္သာဆရာတော်ကြီး) သူ့ဆီဝင်လာကြည့်ကြောင်းမိန့်ပါတယ်။ သက်သာတာနဲ့ ဇေတဝန်ဆောင်ပြောင်းပင့်မယ့်ကိစ္စ တစ်စုံတစ်ရာ ပြန်မမိန့်တော့။ ဆိတ်ဆိတ်နေတာ သဘောတူတာပဲလို့ မှတ်လိုက်မိပါတယ်။ တပ်မှူးကြီးက ဆရာတော်ရဲ့ လက်ဖဝါးတစ်ဖက်ကို ဆုတ်ကိုင်ရင်း 'ကြည့်ပါဦး'လို့ အင်္ဂလိပ်လို ပြောပါတယ်။ ကြည့်လိုက်တော့ လက်ဖဝါး တစ်ခုလုံး ညိုမည်းပြီး ပြာတောင် နေပါတယ်။ 'ဘာဖြစ်တာလဲ' လို့ မေးမယ်လည်းလုပ်ရော သူ့ကျောင်းက ကပ္ပိယတွေ ဆွမ်းချိုင့်,ဆွမ်းအုပ်တွေနဲ့ တက်လာတော့ တပ်မှူးလည်း ကန်တော့နှုတ်ဆက်ပြီး ဆင်းသွားပါတယ်။

လိုအပ်ရင် ဆွမ်းကူပြင်ပေးမလို့ လည်း ရှိတာမို့ တိုက်ရိုက်အခြေအနေ မေးပြီး လိုအပ်ရင် ဆေးရုံတင်ပေးဖို့ မိမိက တစ်ဆင့် ကြားခံနေရင် ကြာမှာစိုးလို့ ကျောင်းဖုန်းနံပါတ်ပေးရင်း ခွင့်တောင်းလိုက်ပါတယ်။ ဒီတော့ ပါရဂူက ''သူတိုက်ရိုက်ဆက်သွယ်ပြီး လိုအပ်သလို ဆောင်ရွက်လိုက်ပါမယ်၊ တပ်မှူးကြီးလည်း ပွဲခင်းထဲမှာရှိလို့ သတင်းပို့လိုက်ပါမယ်၊ စိတ်ချပါ'' လို့ ဆိုပေမယ့် ပုဇွန်တောင်နဲ့ မင်္ဂလာဒုံက အဝေးကြီးမို့ အသက်မီမှ မီပါ့မလားလို့ စိတ်တထင့်ထင့်နဲ့ မိုးသာလင်းရောအိပ်မပျော်တော့ပါဘူး။

မနက်လင်းတော့ ညွှန်ချုပ်ဦးအံ့မောင်ကို သတင်းပို့လိုက်ပါတယ်၊ စစ်ဆေးရုံက တာဝန်မှူး လှမ်းမေးတော့ ''ညက အချိန်မီ ပင့်လာတယ်၊ ပါရဂူကိုယ်တိုင် စောင့်ကြိုလို့ အိုင်စီယူမှာ တင်ပြီး လိုအပ်တာတွေ ချက်ချင်းကြည့်ရှုကုသပေးလို့ သက်သာသွားပါတယ်''၊ အချိန်မီ ဆေးရုံချောချောမောမောရောက်ဖို့ ဆောင်ရွက်ပေးလိုက်ရတာ ပီတိတွေဖြာလို့၊ ဒါနဲ့ ရုံးမတက်မီ ဆွမ်းကလည်း မကျက်သေးတော့ လမ်းထိပ် သစ်သီးဆိုင်က စပျစ်သီးခိုင်အလုံးကြီးကြီးဝယ်ပြီး အပြေးအလွှား ဆေးရုံသွားလိုက်ပါ တယ်။

ဆရာတော်ကြီးကို လူနာကုတင်ပေါ်မှာ နောက်မှီထောင်ပြီး ထိုင်နေ တာ ဖူးတွေ့ရပါတယ်။ ပိုက်တွေ တိုးလို့ တန်းလန်း ပက်လက်ကလေး ဖူးတွေ့ရလိမ့်မယ် ထင်ခဲ့တာပါ။ မျက်နှာတော်ကလည်း ရွှင်ရွှင်လန်းလန်းမို့ ဦးချကန်တော့ရင်း ကျန်းကျန်းမာမာ ဖူးတွေ့ရလို့ ဝမ်းသာတဲ့အကြောင်း လျှောက်တော့-

'ဒကာမကြီးကျေးဇူးနဲ့ ညက ချမ်းချမ်းသာသာ ရောက်ပြီး ဆေးရုံက ဒကာတွေကလည်း ဂရုတစိုက် ပြုစုကြလို့ သာခုခေါ်ပါတယ်တဲ့။ ပြီးတော့ ခု သူ ဘယ်ရောက်နေလဲ မေးတော့ 'တပည့်တော်တို့ အရင် အရှင်ဘုရားရဲ့ သွားတွေ လာပြတဲ့အဆောင်နှင့် လမ်းပဲခြားတဲ့ နှစ်ထပ်အုတ်နီဆောင်ပါဘုရား'လို့ လျှောက်တော့ 'ဒကာမ အသံတွေ ကြားနေရတယ်'တဲ့။ ဆရာတော်ကြီးက ဝိနည်းလေးစားတဲ့ပုဂ္ဂိုလ်ဆိုတာ ကြားဖူးထားတော့ ''ရွှေတန်းက ဒဏ်ရာရတဲ့ ရဲဘော်တွေ၊ ကျိုးပဲ့ပြီး ခွဲစိတ်ခံထားရတဲ့ လူနာတွေကို သူတို့ ဇနီးသားသမီးတွေ ထမင်းလာပို့ကြ၊ သတင်းမေးကြ၊ အားပေးကြမို့ အချိန်မရွေး ခွင့်ပြုထားရတာပေါ့ဘုရား'လို့ ဝိနည်းလွတ် ခပ်ဖြန်းဖြန်းလျှောက်ရင်း စကားလမ်းကြောင်းပြောင်းအောင် 'ညတုန်းက ဦးခေမာစာရ လိုက်လာပါသလား'လို့ မေးတော့ 'ခရီးသွားတယ်'တဲ့။ ပြောရင်းဆိုရင်း တပ်မှူးကြီး ဝင်လာလို့ စကားပြတ်သွားပါတယ်။

တပ်မှူးကြီးလည်း မတ်တပ်ရပ်လျက်က လက်အုပ်ချီရင်း ညကတည်းက ဆရာတော်ဘုရားကြီး ဆေးရုံတင်ရကြောင်း သတင်းပို့လို့ အစစအရာရာ ဂရုတစိုက်ပြုစုကုသဖို့ မှာခဲ့ပါတယ်။ ခု မနက်ကျတော့လည်း မဖြစ်မနေ တက်ရမယ့် အခမ်းအနား တစ်ခု

ချိုင့်ဖွင့်တာ ကြည့်လိုက်တော့ သာမန် ကျောင်းဟင်းတွေပါပဲ။ ပါပလာကြော် ပါလာတာကိုတော့ အမှတ်တရ ရှိနေ ပါတယ်။ ငှက်ပျောသီး ပါပါတယ်။ မိမိလည်း ပါလာတဲ့ စပျစ်သီးအလုံး လှလှကြီး ဆယ့်လေးငါးလုံး ရေဆေး အစေ့ထုတ် အညှာနားက အခွံ နည်း နည်း ခွာပြီး ဆွမ်းပြီးတာနဲ့ ကပ်မလို့ အသင့်ပြင်ထားခဲ့ပြီး ဆွမ်းစားချိန် သူ့ ကပ္ပိယနဲ့သူ အေးအေးလူလူ ဘုဉ်းပေး ပါစေလို့ ရွောင်ခဲ့ပါတယ်။ တာဝန်ကျ ဆရာဝန်ဆီ ဆရာတော်အခြေအနေကို မေးမလို့ ရုံးခန်းသွားလိုက်တော့ ဗိုလ်မှူးဒေါ်ဖြူဖြူကြိုင် ဖြစ်နေပါလား၊ ဝမ်းသာလိုက်တဲ့ ဖြစ်ခြင်း၊ မိမိ မင်္ဂလာဒုံ ထုတ်လုပ်ရေးတပ်မှာ တာဝန် ထမ်း ဆောင်စဉ် သူ့ဖခင် ဒုတိယဗိုလ်မှူးကြီး အောင်ကြိုင်က မိမိရဲ့ တပ်မှူးဖြစ်ခဲ့တာမို့ မိသားစုလို နေခဲ့တာပါ။ သူ အငြိမ်းစား ယူပြီးကတည်းက မတွေ့ရတာ ကြာပါ ပြီ။ မာကြောင်း သာကြောင်း မေးမြန်း ပြောဆိုပြီး သူက 'ဆရာတော်ကြီးကို အစစအရာရာ ဂရုစိုက်ဖို့ လိုအပ်တာ ရှိရင် သူ့တင်ပြဖို့ တပ်မှူးကြီး မှာသွား ကြောင်း၊ မိမိ ပါတာမသိလို့ လာမတွေ့ တာလို့ ပြောပါတယ်'' သူက ဘာသာ ခြားပေမယ့် နားလည်လွယ်တဲ့သူဖြစ်လို့ အမျိုးသမီးဝန်ထမ်းများအစား အမျိုးသား ဝန်ထမ်းများ ပြုစုခိုင်းဖို့ရယ်၊ အမျိုး သမီးလူနာတွေက အနီးအနားမှာရှိရင် တိတ်တိတ် ဆိတ်ဆိတ်နေဖို့ စည်းအမျိုး သမီးတွေလာရင်လည်း တိုးတိုးသက်သာ ပြောဖို့ နှစ်ကိုယ်ကြား မှာပါတယ်။

ဆွမ်းပြီး လောက်ပြီမို့ အချို စပျစ်သီး ပန်းကန်နှင့် လက်သုတ်ပုဝါကပ်တော့ လက်ခံပြီး တစ်လုံးယူပြီး ဘုဉ်းပေး ပါတယ်။ မိမိတို့ငယ်စဉ်က အမေက နေထိုင်မကောင်းလို့ ဆေးတိုက်ရင် ဘုရားဆေး၊ တရားဆေး၊ သံဃာတော် မြတ်ဆေး ရတနာသုံးပါး ဦးထိပ်ထားပြီး တိုက်ပါတယ်။ ခုလည်း 'ထပ် ဘုဉ်း ပေးပါဦး'လို့ လျှောက်တော့ နှစ်လုံး ထပ်ဘုဉ်းပေးပါတယ်။ 'ခု အရှင် ဘုရား သွားတွေ ကောင်းသွားတော့ စားလို့ ဝါးလို့ အစာကြေလွယ်တာပေါ့ နော်၊ အဲဒါ အစာကြေလွယ်တာ အသက်ရှည်ကြောင်းတစ်ပါးလို့ ပြော တာ ဟုတ်ပါသလား'မေးတော့ 'ဟုတ်တယ်'လို့ တစ်ခွန်းပဲ မိန့်ပါ တယ်။ သူ ခံတွင်းတွေ့ပုံရလို့ 'ကနေ့ တပည့်တော်မ ကပ်နိုင်တာ ဒါလေးမို့ အနန္တောအနန္တငါးပါး ဦးထိပ်ထားပြီး ငါးလုံးပြည့်အောင် ဘုဉ်းပါဦး' ဆိုတော့ နှစ်လုံးယူပြီး မြုံ့ရင်းက 'တော်ပြီ၊ တော်ပြီ'လို့ ပန်းကန် ပြန်ပေးရင်း မိန့်ပါ တယ်။ သူနာပြုရဲဘော် ဆေးတိုက်ဖို့ ဝင်လာတာမို့ မိမိလည်း မှာစရာရှိတာ မှာဖို့လျှောက်ပြီး ရုံးကို ပြန်လာပါတယ်။

မနက်ဖြန် ဘာကပ်ရမလဲ လမ်းမှာ စဉ်းစားလာရာက စမ်းချောင်းမှာ နေ တာမို့ ပဒုမ္မာကွင်းနောက်ဖက်တန်း ချစ်တီးထမင်းဆိုင်က ပူရီနှင့် ဘာဂျီ ဟင်း၊ ပဲကုလားဟင်း၊ ဆိတ်သား ခပတ်၊ ပါပလာကြော်၊ သစ်သီးကတော့ ပန်းသီးပေါ့၊ အချိုပွဲက တစ်နေ့က ထိုင်းပြန် လက်ဆောင်ပေးတဲ့ ထိုင်း ဒူးရင်းယို ကပ်မယ်လို့ အစီအစဉ် ဆွဲရင်း ရုံးရောက်တာနဲ့ ဆရာအံ့ဆီ ဆရာတော် ကြီး အခြေအနေ ကောင်းကြောင်း သတင်းပို့လိုက်ပါတယ်။

နောက်တစ်နေ့ ဆွမ်းကပ်ချိန် ပူပူနွေးနွေး ချစ်တီးဆိုင် ဝင်ဝယ်ပြီးမှ သွားမယ်ပေါ့။ အေးအေးဆေးဆေး နေပြီးမှ ဗိုလ်မှူးဒေါ်ဖြူဖြူကြိုင် ဂျူတီ ဝင်ချိန် ဖုန်းဆက်လိုက်တော့ 'ဆရာ တော်ကြီး မရှိတော့ဘူး'တဲ့။

ဘာပြောလိုက်ပါလိမ့်။ သူ့ ကျောင်း ပြန်ကြွသွားတာလား၊ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားတာ သတိထားရင်း 'ပြန်ပြောပါဦး'လို့ သေသေချာချာ မေးတော့မှ 'မနက် အစောက ပျံတော်မူသွားတာ'တဲ့။ 'ခု ဘယ်မှာလဲ'ထပ်မေးတော့ အေးငြိမ်း ဇရပ်ဆီ ရုပ်ကလာပ်ပင့်သွားပြီ၊ ဘုန်းကြီး တွေက ရွှတ်ဖတ်ပူဇော်ပြီး ကျောင်း သယ်ဆောင်သွားတယ်လို့ ပြောပါ တယ်။ ကျောင်းဖုန်းလှမ်းဆက်တော့ လိုင်းမအားတာနဲ့ တိုးနေပါတယ်။ စျာပနကိစ္စနဲ့ အလုပ်များကြပြီပေါ့။ ကျောင်းကို တစ်ခါသာ ရောက်ဖူးတာ မို့ မသွားတတ်တာမို့ ရုံးပဲ လာခဲ့ ပါတယ်။ ဟုတ်မှဟုတ်ရဲ့လား၊ မကျေ မချမ်းနဲ့ ရုံးသာရောက်ရော၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးလှကို(ညွှန်မှူး-ငြိမ်း)က ပျံတော်မူတာ ဆီးပြောတော့ သေချာပါပြီ။ ကျောင်းကို ဖုန်းဆက် တိုင်း အားတဲ့တစ်ချိန်ချိန် တပည့်ဒကာ တစ်ဦးဦးကတော့ ဆက်သွယ်မှာပဲလို့ စောင့်လိုက်တာ နောက်နေ့ သတင်းစာ

ဖတ်တော့ သေချာပြီပေါ့။ ကျောင်းက သတင်းတစ်စုံတစ်ရာ အသိပေးမလာတော့ ခုလို မထင်မှတ်ဘဲ ဘယ်လိုက ဘယ်ပုံ ဆုံးပါးရတယ်ဆိုတာ ဒေါ်ဖြူဖြူကြိုင်ဆီ ဖုန်းဆက်ပြီးမေးမိပါတယ်။ မနက်အစောမို့ သူ အသက်မမီလိုက်ဘူး။ ည တာဝန်ကျ ဆရာကြီးပြောတော့ တစ်ညလုံး မကျိန်းဘူးတဲ့။ အိပ်ဆေးတိုက်လိုက်တာ ကျိန်းသွားပြီး မနက်နိုးလည်းနိုးရော ကျောင်းပြန်မယ်ပြောတော့ တပည့်တပန်းတွေက ဆရာဝန်ကြီးတွေလာမှ အကျိုးအကြောင်းပြောပြီး ခွင့်တောင်းပြန်တာပေါ့လို့ တားပေမယ့် ကုတင်ပေါ်က အတင်းဆင်းမယ်လုပ်လို ဆေးတပ်သားရော တပည့်တွေရော ဆွဲထားတဲ့ကြားက ထထိုင်ဖို့ ကြိုးပမ်းရင်း အသက်ထွက်သွားတယ်လို့ ပြောကြောင်း သိရတော့ ရင်ထုမနာ ရှိလိုက်တာ။

နာရေးသတင်းမှာ အန္တိမစျာပန (၁၂-၂-၁၉၉၅)ခု နေ့မို့ ကြားရက်တွေမှာလည်း ဘာတစ်ခုမှ မကြားလာတော့ပါ။ ရုပ်ကလာပ် ဖူးမယ်လို့ သွားချင်ပေမယ့် အနေလည်းဝေး၊ လမ်းကြောင်းလည်းမသင့်၊ အဖော်လည်းမရှိ၊ သူ့ကိုယ်မသိ၊ ကိုယ့် သူမသိမို့ ကျောင်းမသွားဖြစ်ခဲ့ပါဘူး။ စိတ်မကောင်းခြင်းကြီးစွာနဲ့ လွမ်းမောတသ,ရင်း အဲဒီရက်တွေ အိမ်မှာပဲ ဆရာတော်ကြီးကြိုက်တဲ့ ပါပလာလေး နှင့် နောက်ဆုံးကပ်လိုက်ရတဲ့ စပျစ်သီး အာဟာရဒါန သက်သတ်လွတ်ဆွမ်း ကပ်ရင်း အမျှအတန်းဝေမိပါတယ်။

(၁၂-၂-၁၉၉၅)နေ့ မနက်မှာတော့ အပြစ်ကြီးငယ်ရှိရင် ခွင့်လွှတ်တောင်းပန်ဖို့ မဖြစ်မနေ သွားမှပဲဆိုပြီး မေးမြန်းစုံစမ်းရင်း ကျောင်းအရောက် နောက်ဆုံးကန်တော့ဖို့ သွားလိုက်ပါတယ်။ ကျောင်းရောက်တော့ ရုပ်ကလာပ် အပူဇော်ခံထားတဲ့ ဗိမာန်ကျင်းတော့ အနီးကပ်မဖူးလိုက်ရပါဘူး။ အဝင်ဝကပဲ ဦးချကန်တော့ရင်း တွေဝေလို့ မိုက်မဲလို့ ပြောမိဆိုမိ ကျူးလွန်မိတာရှိက ခွင့်လွှတ်ကျေအေးဖို့ တောင်းပန်ပြီး ထွက်လာပါတယ်။ အသိတစ်ဦးတစ်ယောက်မှ မတွေ့ရတာနဲ့ ဒီစျာပနတော့ မန္တလေးက ဝါဆိုဆရာတော်ကြီး ကြွလာမှာပဲဆိုပြီး ရှာတော့ ကျောင်းအောက်မှာ တွေ့ပါတယ်။ သူ့ဘေးမှာ တပည့်ဒကာတွေ အုံလို့ပါပဲ။ သူက မြင်လို့ လှမ်းခေါ်တာနဲ့ အနားတိုးဝင်သွားတော့ 'ဒီနှစ် ဝါဆိုသံဃာစာရင်း ပို့တာ နောက်ကျရတယ်'လို့ မိန့်ပါတယ်။ အကျိုးဆောင်ချုပ်မို့ အသိပေးတာဆိုတော့ 'ရပါတယ်ဘုရား၊ မပြန်ခင် ခိုင်းစရာရှိတာခိုင်းပါ'လို့ လျှောက်တုန်း ဆွမ်းစားလာပင့်ပါတယ်။ မိမိလည်း ဦးချပြီး ပြည်ထောင်စုနေ့ ရုံးပိတ်လို့ အိမ်တန်းပြန်ရင်း လမ်းမှာပဲ-

သြော်..ဆရာတော်ဘုရားကြီးတော့ တစ်ဘဝ ဇာတ်သိမ်းရှာပြီ။ နောက်ဆုံးတစ်နေ့ရဲ့ တစ်နပ်စာ အချိန်အခါနဲ့ အခြေအနေအရ မိမိတတ်စွမ်းသမျှ ဆက်ကပ်လိုက်ရတဲ့ အာဟာရဒါန သစ်သီးဆွမ်း စပျစ်သီးငါးလုံးကို 'နောက်ဆုံး ဘုဉ်းပေး သွားရှာပါလား' လို့ ကျေနပ်လိုက်မိပါရဲ့။

ရင်ထဲရှိတာလေး ဖွဲ့နွဲ့ထားခဲ့တဲ့ တမ်းချင်းလေးနဲ့ ဆရာတော်ဘုရားကြီး နှစ်တစ်ရာပြည့်မှာ ဦးခိုက်ကော်ရော် ပူဇော်လိုက်ရပါတယ်ဘုရား။

အရှုံးကြီး ရှုံးလို့ အဆုံးကြီး ဆုံးရပါပြီ

* ရှင်သေမင်းထံ၊ စစ်ခင်းဗိုလ်ပါ၊
တုံကာပြန်ဆက်၊ အရှင်အသက်ကို၊
အမှန်တကယ်ခု၊ ပြန်လည် လုမယ်
ကြံ့။

* တကယ်တော့၊ အကြံမမြောက်၊
ဒူးထောက်လို့ လက်မြှောက်၊
ပေါက်ပေါက်ကျမျက်ရည်၊
တက်ခေါက်ခါ အံကြိတ်ပေါ့။

* ကိုယ်စိတ်နှလုံး၊ ကြိမ်မီးအုံးသလို၊
ယူကြုံးမရ၊ အပူလုံးကြွလို့မို့။

* တပည့်တော်တို့မှာတော့-
အရှုံးကြီး ရှုံးလို့ အဆုံးကြီး ဆုံးရ
ပါပြီကော ဘုရား။

ဗိုလ်မှူးခင်လှသီ(ငြိမ်း)

တန်ဖိုးကြီးလှ ဩဝါဒ

အာဘိဓမ္မဟာရဋ္ဌဂုရု, ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အာဒိကမ္မိကသိရောမဏိ, ကျမ်းပြုအကျော်, သပြေကန်ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်ကား ကျွန်မတို့နှင့် ရင်းနှီးရုံမျှမက မိခင်ကျောင်းတိုက်, မိသားစုကျောင်းတိုက် ဆရာ, ဒကာ ကျောင်းတိုက်ဟုဆိုက ဖြစ်နိုင်ပါသည်။

ကျွန်မတို့ ငယ်ရွယ်စဉ်က ကျွန်မတို့၏ နေအိမ်သည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ရပ်ကွက်(၁၀၉)လမ်းတွင်ဖြစ်၍ ပုဇွန်တောင် ရွှေကျင် ကျောင်းတိုက်နှင့် ရထားသံလမ်းမျှသာ ခြားပါသည်။ ထိုအချိန်က ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၌ သီတင်းသုံး သာသနာပြုသော ပဓာနနာယက ဆရာတော်ကား ဆရာတော် အရှင် ကောသလ္လ (ဘီအေ-ရန်ကုန်၊ ဘီအေ ဂုဏ်ထူး-လန်ဒန်) ဖြစ်ပြီး ဆရာတော်ကား ၁၉၄၇ခုနှစ် ဆီက သိရိလင်္ကာ၌ (၂)နှစ်ခွဲကြာ နေထိုင်၍ "အာနန္ဒကောလိပ်နှင့် ပင်ဘရုပ် အကယ်ဒမီတို့၌ ပညာသင်ကြားခဲ့ရုံမျှမက ၁၉၅၉-ခုနှစ်၌ နိုင်ငံတော်အစိုးရ၏ တာဝန်ပေးအပ်သဖြင့် စစ်ကိုင်းမြို့ အနီးစခန်းဆရာတော်, ပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ်တွင် ပထမဆုံးပါမောက္ခချုပ်အဖြစ် ဆောင်ရွက်

ဒေါက်တာမာမာကြည်

သွားသော ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ, ဦးဗကလေး တို့ ပါဝင်သော "ဗုဒ္ဓသာသနာ့မစ်ရှင် အဖွဲ့ဖြင့် အမေရိကန်, အင်္ဂလန်, ဂျာမဏီ, အီတလီ, ဂျပန်နိုင်ငံကြီးများသို့ သွားရောက်ခဲ့ရသည်ဖြစ်ရာ ဆရာတော် အရှင်ကောသလ္လမှာ အနေအထိုင် ရိုးသားရကား ခေတ်ဆန်သူဟု မဆိုသာသော်လည်း ပိဋကစာပေကပေးသော အသိဉာဏ်များဖြင့် ပေါင်းစပ်လိုက်သောအခါ အတွေးအမြင် မြင့်မားအသိဉာဏ် အားကောင်းသောကြောင့် ခေတ်မီသည့် ဆရာတော် ခေတ်အမြင်ရှိသည့် ဆရာတော်တစ်ပါးပင်၊ သာသနာ, ဘာသာ, လူမျိုး, နိုင်ငံတော်အတွက် ပျော့ကွက်, ဟာကွက် လိုအပ်ချက်တို့ကို မြင်သည့် ဆရာတော်ဟု ဆိုရပေမည်။

ဆရာတော် အရှင်ကောသလ္လ၏ ဘာသာ, သာသနာ နိုင်ငံတော်အတွက် အမြင်တစ်ခုနှင့် ဆောင်ရွက်ချက် တစ်ခုကို တင်ပြရမည်ဆိုလျှင် သီရိလင်္ကာနိုင်ငံသည်လည်း (၁၈)ရာစုမှာ သူများကျွန်ဘဝရောက်ခဲ့ရ၏၊ မြန်မာနိုင်ငံသည်လည်း သူများကျွန်ဘဝရောက်ခဲ့ရ၏၊ သို့သော် သီရိလင်္ကာနိုင်ငံမှာ သူတို့၏ ယဉ်ကျေးမှု မပျောက်ပျက်၊ သူတို့၏ ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းထားနိုင်၏၊ မြန်မာနိုင်ငံကား မြန်မာ့ယဉ်ကျေးမှု ပျောက်လုမတတ် ဖြစ်ခဲ့ရသည်။

ထိန်းထားနိုင်ခြင်း မထိန်းထားနိုင်ခြင်း အကြောင်းကို ရှာဖွေသော် သီရိလင်္ကာရဟန်းတော်များသည် သူ့ကျွန်ဘဝရောက်ရသော်လည်း ကလေးသူငယ်များအား ဗုဒ္ဓယဉ်ကျေးမှု၊ သူတို့လူမျိုး၏ ယဉ်ကျေးမှုတို့ကို သင်ပေးခဲ့၏၊ မြန်မာရဟန်းတော်များကား သီလဖက်မှာ လုံခြုံအောင် ထိန်းသိမ်းခဲ့သော်လည်း ကလေးသူငယ်များနှင့် စပ်ရွေ့ကား သတိမမူမိချေ၊ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုကား ပျောက်ကွယ်လုမတတ် ဖြစ်ခဲ့ရ၏၊ ဤသို့ မြင်တော်မူသည်။

ဤသည့် ဟာကွက်ကိုမြင်သော ဆရာတော် အရှင်ကောသလ္လသည် ၁၉၇၄-ခုနှစ် ဝန်းကျင်တွင် ကလေးသူငယ်များအတွက် တစ်နည်းပြောရလျှင် အနာဂတ် မြန်မာ့မျိုးဆက်သစ်များအတွက် "ဗုဒ္ဓဘာသာယဉ်ကျေးမှု ရှုမှတ်ဖွယ်" ကျမ်းစာကိုရေး၍ "ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း" ဟု သင်တန်းဖွင့်၍ တနင်္ဂနွေနေ့တိုင်း ဗုဒ္ဓယဉ်ကျေးမှု, မြန်မာ့ယဉ်ကျေးမှုတို့ကို ခေတ်မီနည်းစနစ်ဖြင့် စိတ်ဝင်စားအောင် သင်ပြပေးကာ သာသနာနှင့် မြန်မာအတွက် ဆောင်ရွက်တော်မူသည်။

ထိုသင်တန်း စဖွင့်စဉ် အချိန်က ကျွန်မတို့မှာ နှစ်တန်းသုံးတန်းမျှသာ ရှိသေးသော်လည်း မိဘများ၏ အားပေးမှု၊ ဆရာတော်၏ ဆွဲဆောင်ကောင်းမှုတို့ကြောင့် ထို "ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း" ကို စိတ်ပါလက်ပါ လိုလိုလားလား တက်တက်ကြွကြွ တက်ရောက်ခဲ့ပါသည်၊ တက်ရောက်ရခြင်း၏ အကျိုးကျေးဇူးကိုလည်း ခံစားရပါသည်၊ ဗုဒ္ဓ၏ ဂုဏ်ကျေးဇူး တရားတော် သံဃာတော်တို့၏ ဂုဏ်ကျေးဇူးများကို သိရပြီး မြန်မာ၏ယဉ်ကျေးမှုမှာ အဆင့်မြင့်ယဉ်ကျေးမှုဖြစ်သည်ကို ကိုယ်ပိုင်အသိဖြင့် သိခဲ့ရပါသည်၊ ကျွန်မနှင့် သူငယ်ချင်းတစ်တွေ ဘဝလမ်းကြောင်းမှန်ရောက်ရခြင်းသည် ဤသင်တန်းက ထိုထိုက်တန်တန် ပေးသော ဆုလာဘ်ပင်ဖြစ်ပါသည်။

ထိုအချိန်အခါက ဆရာတော်အရှင်ကောသလ္လ ကျွန်မတို့ အရွယ်နှင့် လိုက်လျောညီလွှသည့် ပေးခဲ့သော ဩဝါဒကလည်း ယနေ့တိုင် မမေ့နိုင်သည့် တန်ဖိုးကြီးလှသည့် ဩဝါဒပင် ဖြစ်ပါသည်။ ထိုဩဝါဒလေးကား "စည်းကမ်းရှိ၊ ပိပြားစွာ၊ စာကြိုးစား ၊ ကြီးပွါးတိုးတက်ချမ်းသာမည်" ဟုလည်းကောင်း၊ "ကောင်းတာကြံ၊ မှန်တာလုပ် ဟုတ်တာပြော၊ လူလိမ္မာတို့သဘော။ မကောင်းကြံ မှားတာလုပ် မဟုတ်တာပြော လူမိုက်တို့ သဘော"။ မိုက်တယ်ဆိုတာ မှောင်နေတာ ၊ မှောင်နေတော့ ဘာမှမမြင်ရဘူး၊ အဲလိုပဲ ကိုယ့်ဘဝရှေ့ရေး ဘာမှ မမြင်ဘူး၊ ဘာမှ မတွေးတောတတ်ဘူးဆိုရင် ဒါ လူမိုက်ပဲ၊ လိမ္မာတယ် ဆိုတာ လုပ်တတ်ကိုင်တတ်တာ၊ အရာရာမှာ ကျွမ်းကျင်တာ၊ အဲလိုပဲ ကိုယ့်ဘဝရှေ့ရေး ကိုယ်ချမ်းသာဖို့ စိတ်ချမ်းသာဖို့ လုပ်တတ်ကိုင်တတ်မြင်မြော်တတ်သူဟာ လိမ္မာသူပဲ။ ဆရာတော်အရှင်ကောသလ္လ ပေးလိုက်သည့် ဩဝါဒလေးကား ကျွန်မတို့ ဘဝလမ်းကြောင်းမှန်ရောက်အောင် တင်ပေး

လိုက်သည့် ဩဝါဒဟု ခံယူမိပါသည်။ ဤသို့ ဩဝါဒပေး ကောင်းခြင်း၊ ကလေးသူငယ်များကို ဆွဲဆောင်အားကောင်း ခြင်းကြောင့် ရွှေကျင်ကျောင်းတိုက် "ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း" သည် အောင်မြင်သည့် သင်တန်းဖြစ်ပါသည်၊ ထို အချိန်က သင်တန်းသူ သင်တန်းသား (၁၂၀)ကျော်ခန့် အမြဲပင် ရှိပါ၏။

သို့သော် လေ လှေကောင်းတုန်း တက်ကျိုးဆိုသလို ဆရာတော် အရှင်ကောသလ္လမှာ ပကတိ ကျန်းကျန်းမာမာ ရှိသည်ဟု ထင်ရသော်လည်း ၁၃၄၀-ခု ကဆုန်လဆန်း (၁၃)ရက်(၁၉-၅-၇၈)သောကြာနေ့ ည(၉)နာရီမိနစ်(၃၀) အချိန်တွင် မမျှော်လင့်ဘဲ ဘဝနတ်ထံ စံလွန်တော်မူခဲ့ပါပြီ၊ ကျွန်မတို့အနေဖြင့် ကျောင်းတိုက်ကြီးများ ဖရိုဖရဲဖြစ်သွား လေမလား၊ သင်တန်းလေးများ ပျက်သွားတော့မှာလားဟု စိုးရိမ်စိတ်တွေ များစွာဖြစ်မိပါသည်၊ ထို စိုးရိမ်စိတ်များကား သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ ပဓာနနာယက အဖြစ်ဖြင့် ကြွရောက်သီတင်းသုံး၍ သပြေကန်ဆရာတော်၏ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်မှုဖြင့် ပြေပျောက်သွားရ ပါသော်လည်း ဆရာတော် အရှင်ကောသလ္လ၏ ဂုဏ်ကျေးဇူး ကို အောက်မေ့တမ်းတကာ လွမ်းဆွတ်သလိုလို ရှိနေသည် ကတော့ ဖျောက်ဖျက်မရခဲ့ပေ။

ကျွန်မ ဆယ်တန်းအောင်ပြီးသည့် နောက်မှာတော့ ကျမတို့အိမ်က သုဝဏ္ဏသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်၊ သုဝဏ္ဏ ရောက်၍ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်နှင့် နေအိမ်မှာ ဝေးသွားသော်လည်း ဆရာတော်အရှင်ကောသလ္လကို ဘယ်သို့ ကျေးဇူးဆပ်ရပါ့၊ အရှင်ကောသလ္လ မှီခိုခဲ့သည့် သာသနာ တော်ကို ဘယ်သို့ အလုပ်အကျွေးပြုရပါ့၊ အရှင်ကောသလ္ လ ချစ်တဲ့ အမိမြန်မာနိုင်ငံကို ဘယ်သို့ တာဝန်ကျေရပါ့၊ ဤသည့်အတွေးဖြင့် ဆရာအရှင်ကိုလည်း ကျေးဇူးဆပ်၊ သာသနာတော်ကို အလုပ်အကျွေးပြု၊ နိုင်ငံ၏ တာဝန်ကို လည်း ကျေပွန်ရာရောက်အောင် ကျွန်မတို့ သင်တန်း ပြီးဆုံးသော်လည်း ဤ"ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း" မှာ အသပြာမဖက် သဒ္ဓါ,စေတနာ သက်သက်ဖြင့်သာ လက်ထောက်ဆရာမအဖြစ် နိုင်ငံတော်၏ တာဝန်ဖြင့် အခြား မြို့နယ်များသို့ ရောက်သည့်ကာလမှလွဲ၍ ယနေ့အထိ တာဝန် ယူခဲ့ပါသည်။

ထို့ကြောင့် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်ကား ကျွန်မတို့နှင့် ရင်းနှီးရုံမျှမကဘဲ မိခင်ကျောင်းတိုက် မိသားစု ကျောင်းတိုက် ဆရာ,ဒကာကျောင်းတိုက်ဟု ကျမပြောခဲ့ခြင်း ဖြစ်ပါသည်။ ကလေးသူငယ်များအား ဗုဒ္ဓဘာသာယဉ်ကျေးမှု ကို သင်ပေးရင်းပင် သပြေကန်ဆရာတော်ကြီးထံမှ ကျွန်မတို့ စိတ်အလှ ခြယ်သနိုင်ဖို့ ဘဝလမ်းညွှန်, သံသရာလမ်းညွှန် အဖိုးတန်ဩဝါဒများကို မကြာမကြာ ရခဲ့ပါသည်၊ ထို ဩဝါဒများထဲမှ အမှတ်တရ မှတ်သားထားသော ဩဝါဒ လေးကို စာရှုသူအား ဓမ္မလက်ဆောင်အဖြစ် လက်ဆင့်ကမ်း ချင်ပါသည်၊ ကျွန်မ ရန်ကုန်တက္ကသိုလ်ကနေ ပခုက္ကူသို့ ဒဿနိကလက်ထောက်ကထိကအဖြစ် ပြောင်းရွှေ့တာဝန် ထမ်းရမည်ဖြစ်တော့ သပြေကန်ဆရာတော်ကြီးအား ကန်တော့၍ အကျိုးအကြောင်းလျှောက်ထား၍ ဩဝါဒ ပေးတော်မူပါဦးဘုရားဟု လျှောက်ထားသောအခါ ...

"သာယာ ချောင် ချိုသာစွာ အမှန်ပြောတတ်သူအဖို့ အရပ်တစ်ပါးရယ်လို့ မရှိပါဘူး၊"

"ကုန်သည်အဖို့ ခရီးဝေးသည်ဆိုတာ မရှိပါဘူး၊"

"စွမ်းနိုင်သူအဖို့ ဝန်လေးသောအရာဟူ၍ မရှိ ပါဘူး၊"

"မေတ္တာ အမြဲထားသူမှာ သူစိမ်းပြင်ပရယ်လို့ မရှိပါဘူး၊"

စသည်ဖြင့် မိန့်ကြားတော်မူပါသည်။ နောက်တစ်ခု ဩဝါဒ စကား မိန့်ကြားပါဦးဘုရားဟု လျှောက်တော့-

ဝိဒွတ္တွန္ဆ ရာဇတ္တွန္ဆ၊
နေဝ တုလျံ ကုဒါစနံ။
သဒေသေ ပူဇိတော ရာဇာ၊
ဝိဒ္ဒါ သဗ္ဗတ္ထ ပူဇိတော။

(ကဝိဒပဏ္ဍိတီ)

ဝိဒွတ္တွန္ဆ - ပညာရှိ၏ အဖြစ်သည်လည်းကောင်း၊ ရာဇတ္တွန္ဆ - မင်း၏ အဖြစ်သည်လည်းကောင်း၊ ကုဒါစနံ - တစ်ခါတစ်လေမျှ၊ နေဝ တုလျံ - တူသည်ဟူ၍ မရှိပါ၊

ရာဇာ-မင်းကို၊ သဒေသေ - မိမိအရပ် တိုင်းနိုင်ငံ၌သာ၊ ပူဇိတော-ပူဇော်အပ်၏၊ ဝိဒွါ(တု)-ပညာရှိကိုကား၊ သဗ္ဗတ္ထ-ဒေသခပ်သိမ်း အရပ်ခပ်သိမ်း၌၊ ပူဇိတော-ပူဇော်အပ်၏။ စသည်ဖြင့် အဓိပ္ပါယ် မကျဉ်းမကျယ် ရှင်းပြကာ ဩဝါဒ မိန့်ကြားတော်မူပါသည်။

ကျွန်မသည် ထိုအချိန်အခါက ဤဩဝါဒကား အသုံးချမည့်ဩဝါဒဟု မှတ်ယူကာ သပြေကန်ဆရာတော် မိန့်ကြားသည်ကို လိုက်၍ ရေးပါသည်။ ကျွန်မလိုက်ရေးသည်ကို မြင်တော်မူ၍ ပါဠိကို သုံးခေါက်လောက် ထပ်ဆို ပြပြီး အနက်ကို တစ်ခေါက် ထပ်ဆို ချီးမြှင့်သည်မှာ ဆရာတော်ကြီး၏ စေတနာ ကရုဏာတို့ကို ခံစားရသည်မို့ ဝမ်းသာလှပါသည်။ သပြေကန်ဆရာတော်နှင့် အရှင်ကောသလ္လတို့၏ ဩဝါဒနှစ်ဆူကား ဘဝနှင့် သံသရာအတွက် "တန်ဖိုးကြီးလှသည့် ဩဝါဒ" တို့ပင်ဖြစ်၍ ကျွန်မတာဝန်ကျရာ ပခုက္ကူ,မော်လမြိုင်,မအူပင်, မြစ်ကြီးနား မြို့ကြီးများ၌ အခွင့်ကြုံသည့်အခါ နှုတ်ဖြင့် လက်ဆင့်ကမ်း ခဲ့ရပါသေးသည်၊ ယခုအခါ၌ကား ဤ"သပြေကန်ထေရ ဂုဏ်ပူဇော်နှစ်(၁၀၀)"တွင် ကျယ်ကျယ်ပြန့်ပြန့် လက်ဆင့် နိုင်မည်ဖြစ်ရကား အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတော့သည် ။

ဒေါက်တာမာမာကြည်
ရန်ကုန်တက္ကသိုလ်

အစကောင်းစာတ်နှင့် မစကောင်းစာတ်

ဓာတ်တို့သည် ကူးစက်တတ်နိုးနှောမိတတ်သောကြောင့် သားသမီး တပည့်တပန်းတို့ လူတော်လူကောင်းဖြစ်ရေး၌ မိဘဆရာတို့ သူတော်ကောင်းဖြစ်ရန်လည်းကောင်း၊ ပတ်ဝန်းကျင်အပေါင်းအသင်းတွေ လူလိမ္မာဖြစ်ရန်လည်းကောင်း အရေးကြီးလှ၏။

မတတ်သာ၍ မိဘမိုက် ဆရာမိုက်တို့နှင့် ဆုံနေရ သည်ဖြစ်စေ၊ လူမိုက်တို့နှင့် ပေါင်းသင်းနေရသည်ဖြစ်စေ ဓာတ်မကူးအောင် အထူး သတိထားသင့်၏။ အကောင်းဓာတ်သည် အကူးအစက် နှေးတတ်သော်လည်း မကောင်းဓာတ် ဟူသည်မှာ အကူးအစက် မြန်တတ်သည်။

အရှင်ဝါသေဋ္ဌာဘိဝံသ

Contagious Influences

IT IS NATURAL and all too easy to be influenced by people we meet. For our children and our disciples to become good, decent, righteous citizens, it is important that parents, teachers, friends and acquaintances too are good, decent, righteous people.

If, through unavoidable circumstances, we are burdened by bad parents, bad teachers, or undesirable friends and acqaintances, take special care that we are not inflenced for the worse. Bad habits and bad attitudes are easily and quickly contagious. Good habits and good attitudes are slow to take root.

သံဃာဟူသည်ကား 'သုဋ္ဌုကိလေသေဟနတီတိ သံဃော' ကိလေသာတို့ကို
ကောင်းစွာ သတ်တတ်သောကြောင့် သံဃာမည်သည်။

မြတ်ဗုဒ္ဓ ရင်နှစ် သားတော်စစ်
ပဝိဝလ

သံဃာရတနာအစ

လွန်ခဲ့သောနှစ်ပေါင်း(၂၆၀၀)ကျော်ကာလ၊ မိုးဥတု အစ ဝါဆိုလပြည့်နေ့ အခါသမယတွင် အိန္ဒိယပြည်ရှိ မိဂဒါဝုန်မည်သော သားသမင်တို့ မွေ့လျော်ရာတောတွင် ကောဏ္ဍညအပါအဝင် ရှင်ရသေ့ငါးပါးတို့အား မာန်ငါးပါး အောင်မြင်တော်မူသော 'ဇိန'မည်တွင် ဘုရားရှင်သည် တရားဦး တရားမြတ် ဓမ္မစက္ကာဒေသနာတော်ကို ဟောမြွက်တော်မူခဲ့လေသည်။

ကာမသုခလွှိကာနုယောဂအကျင့်နှင့် အတ္တကိလမထာနုယောဂ အကျင့်မှားနှစ်ရပ်ကို ပယ်လှပ်၍ လမ်းစဉ်မှန်ဖြစ်သော မဇ္ဈိမပဋိပဒါအကျင့်(၀၊)မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တို့ကို ဟောကြားပေးတော်မူ၍ ရသေ့တို့၏ နှလုံးသားတွင် မြင့်မြတ်သော အရိယမဂ္ဂင်ဓာတ်ကို မွေးဖွားပေးတော်မူခဲ့သည်။ နှလုံးသား၀ယ် အမတဓာတ်၊ အရိယာဓာတ် ကိန်းခိုတော်မူခဲ့သော ရသေ့ငါးပါးတို့မှာလည်း ရသေ့အသွင်ပျောက် ရဟန်းသံဃာအသွင်ရောက်ကာ မြတ်စွာဘုရား၏ ရင်နှစ်သည်းချာ တပည့်သံဃာများအဖြစ် လောကဓာတ်၀ယ် ပေါ်ထွန်းလာခဲ့ပေသည်။

မြင့်မြတ်သော မဂ္ဂင်ရှစ်ရပ် အကျင့်မြတ် ဓမ္မရတနာတို့ ကိန်းခိုနေသဖြင့် ထိုရသေ့ရဟန်းတို့ကို သံဃာရတနာအဖြစ် အမွန်အမြတ် ပြုအပ်လေသည်။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် သစ္စာလေးရပ် တရားမြတ်ကို ဟောပြမြွက်ဖော် အမွေတော်ပေးခြင်းကို ခံယူရသဖြင့်လည်း မြတ်ဗုဒ္ဓ၏ ရင်နှစ်သည်းချာ သားရတနာမြတ်များဟုဆိုက သင့်လျော်မှန်ကန်လှပေသည်။

သံဃာဟူသည်

ကိလေသာအဖြစ် များပြားထူပြောသော သူတို့ကို ပုထုဇဉ်ဟု ဆိုရသည်။ မဇ္ဈိမပဋိပဒါအကျင့်အမှန်အတိုင်း ကျင့်ကြံ၍ နှလုံးသား၀ယ် ဓမ္မဓာတ်ကိန်းသူ(၀ါ)ကိလေသာ အပြစ်ကင်း၍ စင်ကြယ်သူတို့ကို အရိယာဟု ခေါ်နိုင်သည်။

သံဃာဟူသည်ကား 'သုဋ္ဌုကိလေသေဟနတိတိ သံဃော' ကိလေသာတို့ကို ကောင်းစွာ သတ်တတ်သော ကြောင့် သံဃာမည်သည်။

"ဒိဋ္ဌိ သီလသာမညေန သံဟတောတိသံဃော" ပညာသီလ တူမျှသည်၏ အဖြစ်ဖြင့် ပေါင်းအပ်သောကြောင့် သံဃာမည်၏။ မဇ္ဈိမ ပဋိပဒါအကျင့်၏ လမ်းဆုံးပန်းတိုင်သည် မဂ်ဖိုလ်နိဗ္ဗာန်ဓမ္မတို့ပင်ဖြစ်ရာ ထိုတရားများသည် ပုဂ္ဂိုလ်ကို စွဲ၍ ဖြစ်တည်ရ၏။ ထိုတရားများတည်ရာ ပုဂ္ဂိုလ်ကို မြတ်သောအလှူကို ခံထိုက်သည့်ပုဂ္ဂိုလ်(၀ါ) ဒက္ခိနေယျသံဃာ၊ (၀ါ)သဘာ၀အရ အမှန်အတိုင်းဖြစ်သော သံဃာ၊ (ပရမတ္ထသံဃာ)ဟုလည်း ဆိုနိုင်ပေသည်။

ထိုသံဃာတို့၌ ဒက္ခိဏေယျ မြတ်သောအလှူကို ခံထိုက်ခြင်း၊ သုပ္ပဋိပန္နတာ(ကောင်းစွာကျင့်ကြံတော်မူခြင်း) အစရှိသော သံဃာ့ဂုဏ်ရည်များ ကိန်း၀ပ်တည်နေကြပါသည်။

မည်သည့်ကံမျိုးကို စတု၀ဂ္ဂ(လေးပါးအစု)၊ အဘယ်ကံကို ပဉ္စ၀ဂ္ဂ(ငါးပါးအစုဖြင့်) ပြုရမည် ဖြစ်သဖြင့် ထိုထိုကံများ ထမြောက်ရေးအတွက် သတ်မှတ်ပညတ်ထားသော သံဃာများရှိရာ ထိုသံဃာများအား ဘုရားရှင်၏ သမုတ်ပညတ်ချက်အရဖြစ်သော သံဃာဖြစ်၍ သမ္မုတိသံဃာဟု ဆိုရပါသည်။ လိုက်နာကျင့်ကြံလျှင် "ဆရာကောင်းတပည့် ပန်းကောင်းပန်" ဆိုသည့်အတိုင်း မဂ်ဖိုလ်အထိ ဆိုက်ရောက်ကြပြီးလျှင် အရိယာသံဃာအဖြစ် ဗုဒ္ဓရင်နှစ် သားတော်စစ် ဖြစ်ကြရပေမည်။

မြတ်စွာဘုရား ဟောတော်မူသော ဓဇဂ္ဂသုတ်ပရိတ်တရားတော်၌ သံဃာတော်တို့၏ ဂုဏ်တော်ကို ဖွင့်ဆိုပြထားရာ ဤ၌ အကျဉ်းမျှ ဖော်ပြပူဇော်ပါအံ့။

ဘုရားရှင်၏ တပည့်သား သံဃာတော်တို့သည်-

၁။ ကောင်းစွာကျင့်တော်မူတတ်ပါပေ၏။(သုပ္ပဋိပန္နဂုဏ်တော်)

မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း အသိဉာဏ်တည်းဟူသော ဝိဇ္ဇာနှင့် ပြည့်စုံခြင်း၊

အကျင့်မှန်တည်းဟူသော "စရဏ" တရားနှင့် ပြည့်စုံခြင်းသည်ပင် ကောင်းစွာကျင့်ခြင်း မည်၏။

၂။ ဖြောင့်မတ်စွာကျင့်တော်မူတတ်ပါပေ၏။(ဥဇုပ္ပဋိပန္နဂုဏ်တော်)

ဘုရားသားတော်စစ်တို့သည် ကာမသုခလွှိကာနုယောဂနှင့် အတ္တကိလမထာနုယောဂ မည်သော လမ်းလွဲလမ်းမှားသို့ လိုက်ခြင်းမရှိတော့ပါ။ မဇ္ဈိမပဋိပဒါမည်သော မဂ္ဂင်ရှစ်ပါးတရားလမ်းမတော်ကြီးအတိုင်း လိုက်တော်မူကြ၍ လည်း ကိလေသာမြူအမှေးတို့မှ ညစ်ကြေးမထင် စင်ကြယ်တော်မူကြပါလေ၏။

ထိုအရှင်တို့မှာ မိမိအပြစ်ကို ဖုံးကွယ်ခြင်း(မာယာ)

မရှိကြ။ မိမိ၌ မရှိသော ဂုဏ်ကို ရှိသယောင် ဖော်ပြခြင်း (သာဒ္ဒေယျ)မရှိ။ လှည့်စားခြင်း၊ စဉ်းလဲခြင်းကင်းလျက် ပကတိဖြောင့်မတ်ရိုးသားသောဂုဏ် ရှိကြပါသည်။

၃။ **နိဗ္ဗာန်ရရေး အလေးပေးကာ ကျင့်တော်မူတတ်ပါပေ၏။ (ဉာယပွဋိပန္နဂုဏ်တော်)**

နိဗ္ဗာန်သို့ စေလွှတ်ထားအပ်သော စိတ်ရှိသည်ဖြစ်၍ နိဗ္ဗာန်ရရေးအတွက် မိမိက အသက်ခန္ဓာကိုမျှ မငဲ့ညှာဘဲ ရှိသေလေးစား မနေမနား ကျင့်တော်မူကြသည်။ နိဗ္ဗာန်အတွက် မိမိက ကာမစည်းစိမ်ဟူသမျှ စွန့်နိုင်ကြ၏။ ဆင်းရဲပင်ပန်းမှု မှန်သမျှတို့ကို သည်းခံနိုင်ကြကုန်၏။ သိက္ခာ(၃)ရပ် ကြားမလပ်စေဘဲ မပြတ်ဖြည့်ကျင့်လျက်သာ ရှိ၏။

၄။ **နတ်လူတို့ အရိုအသေခံထိုက်အောင် ကျင့်တော်မူတတ်ပါပေ၏။(သာမီစိပွဋိပန္နဂုဏ်တော်)**

ဗုဒ္ဓဘာသာဝင် လူတို့သည်ကား မိမိတို့ မဝတ်ရက် မစားရက် မသုံးရက်ဘဲ အမွန်အမြတ်ထား၍ ရဟန်းတော်တို့အား အဝတ်အထည်၊ နေရာထိုင်ခင်း၊ အဆောက်အဦ၊ အစားအသောက်တို့ကို ရက်ရက်ရောရော လှူဒါန်းကြပါ၏။ သံဃာတော်များဘက်မှလည်း လူတို့လှူဒါန်းမှုများနှင့် ထိုက်တန်လျောက်ကန်အောင် ကျင့်ပေးပါမှ သာမီစိပွဋိပန္နဂုဏ်တော်နှင့် ပြည့်စုံမည် ဖြစ်လေသည်။

မေတ္တာဘာဝနာ ပွားများခြင်း၊ ဈာနဘာဝနာ ပွားများခြင်း၊ သတိပဋ္ဌာန်ဘာဝနာ ပွားများ၍ ဆွမ်းသုံးဆောင်ခြင်းသည် ပြည်သူ့ဆွမ်းကို အချည်းအနှီး မဖြစ်အောင် သုံးဆောင်ခြင်းပင်။

ဒကာ့ဆွမ်းကို အကျိုးကြီးအောင်၊ ဆွမ်းကျေးဇူးဆပ်မှုတွင် "အယျမိတ္တမထေရ" ကား ဂုဏ်တင်ချီးကျူးထိုက်ပါပေ၏။

ဆွမ်းကျေးဇူးဆပ်တော်မူသော မထေရ်

သီဟိုဠ်ကျွန်း ကဿကလိုဏ်၌ သီတင်းသုံးတော်မူသော အယျမိတ္တမထေရ်ကို ဥပါသိကာမတစ်ဦးက သားအရင်းပမာ ဆွမ်းဝတ်ပြုနေ၏။ တစ်နေ့သ၌ မထေရ် ဆွမ်းခံကြွလာစဉ် တောသွားခါနီး မိခင်က မိမိအဖို့ ဆန်ကွဲနှင့် ဟင်းရွက်ရောချက်သော ယာဂုကိုသာ စီမံထားရန်နှင့် မထေရ်အတွက်မူ မွန်မြတ်သော နို့၊ ထောပတ်၊ တင်လဲတို့ဖြင့် ဆွမ်းကပ်လှူရန် သမီးအား မှာကြားနေသော စကားကို ကြား၍ မထေရ်မှာ ဆွမ်းဒကာတို့၏ သဒ္ဓါတရားကို သိရှိ သံဝေဂရပြီးလျှင် "**ရဟန္တာမဖြစ်ဘဲ ဤဆွမ်းကို ငါမစား**" ဟု သန္နိဋ္ဌာန်ချတော်မူပြီး တရားကို ကျားကုတ်ကျားခဲ အားထုတ်တော်မူရာ ဆွမ်းစားချိန်မတိုင်မီ ရဟန္တာဖြစ်တော်မူလေ၏။

ထို့နောက် မထေရ်သည် အလွန်အပြစ်ကင်းစင်ကြယ်လှသော အရဟတ္တဖိုလ်ဝင်စား၍ ဆွမ်းခံတော်မူရာလှူသော ဒကာများအတွက် အလွန်ကြီးမားသော အကျိုးရရှိကြလေ၏။ ဆွမ်းဒကာက သဒ္ဓါကြီးသလောက် အကျိုးကြီး၍ အရဟတ္တဖိုလ် ဝင်စားနိုင်ပြီးမှ ဆွမ်းအလှူလက်ခံသော မထေရ်က သာမီစိပွဋိပန္နဂုဏ်တော်နှင့် ပြည့်စုံတော်မူပုံမှာကား အံ့ချီးမကုန်နိုင်ဖွယ်ရာပင်။

သံဃာတော်ဘုဉ်းပေးရတဲ့ ဆွမ်းတစ်နပ်

တစ်နေ့မှာ ရှင်သာရိပုတ္တရာမထေရ်မြတ်က အိမ်နံရံတစ်ခုမှာ သီတင်းသုံးပြီးတော့ ဆွမ်းဘုဉ်းပေးနေတော်မူတယ်။ အဲဒီအခါ သုမုခီပရိဗိုဇ်မဟာ သွားရင်းလာရင်းနဲ့ ဆုံမိပြီး ခုလိုမေးမြန်းတယ်။

"ရဟန်း၊ အောက်ကြည့်ပြီး စားနေတာလား"

"နှမ၊ ငါက အောက်ကြည့်ပြီး စားခြင်းမျိုးမဟုတ်ဘူး"

"ရဟန်း၊ အောက်ကြည့်ပြီး စားတာမျိုးမဟုတ်ရင် အထက်ကြည့်ပြီး စားတာလား"

"အေး နှမ၊ ငါ အထက်ကြည့်ပြီး စားခြင်းလည်းမဟုတ်ဘူး"

"ရဟန်း၊ အရပ်မျက်နှာစုံကိုကြည့်ပြီး စားနေတာလား"

"နှမ၊ ငါ အရပ်မျက်နှာစုံကိုကြည့်ပြီး စာခြင်းလည်း မဟုတ်ဘူး"

"ဒါဖြင့် ရဟန်း၊ အထောင့်အရပ်တွေကို ကြည့်ပြီး စားနေတာလား"

သီလမဲ့ပွဲ၊ သမာဓိကျ၍ ပညာနည်းပါးသူတို့သည် အလှူအကျိုးကြီးအောင် မစွမ်းဆောင်နိုင်၍ အဘယ်မှာ မြတ်သောအလှူကို ခံထိုက်ပါအံ့နည်း။

မြတ်စွာဘုရားသားတော်တို့၏ သီလရနံ့ကား လူပြည်အဝေးရပ်သာမက နတ်ပြည်၊ ဗြဟ္မာပြည်တိုင်အောင် မွှေးပျံ့လျက်ရှိရကား ရပ်ဝေးမှ အလှူဟူသမျှကို ခံယူတော်မူထိုက်ပါပေသည်။ လှူဒါန်းဖွယ်ပစ္စည်းများသာမက ယူဇနာပေါင်း ထောင်သောင်းများစွာကပင် လာရောက်၍ ဖူးမြော်ကန်တော့ထိုက်သော ကိလေသာ ကင်းရှင်းစင်ကြယ်ပြီးသော သံဃာ့ပရိသတ်ဖြစ်ကြောင်း မြတ်စွာဘုရားရှင်ကပင် ဂုဏ်တင်တော်မူခဲ့ပေသည်။ တတိယ သာဝကကြီးဖြစ်တော်မူသော ရှင်မဟာကဿပမထေရ်မြတ်ကြီးအား သိကြားမင်းကြီးနှင့် သုဇာတာမိဖုရားတို့က လူဆင်းရဲယောင်ဆောင်ကာ ဆွမ်းလှူဒါန်းခဲ့ဖူးသော သာဓကထင်ရှားရှိလေပြီ။

၆။ **ဧည့်သည်ကောင်းတို့အတွက် စိမံအပ်သော ပစ္စည်းဝတ္ထုကိုပင် ခံတော်မူထိုက်၏။ (ပါဟုနေယျဂုဏ်တော်)**

ကြံ့တောင့်ကြံ့ခဲ့ ဧည့်ကောင်းတို့ကို ဖွယ်ဖွယ်ရာရာ စီမံကျွေးမွေးရသည်ထက် ကိလေသာစင်ကြယ်သော ရဟန်းသံဃာတော်တို့ကို ဧည့်ခံကျွေးမွေးရသည်က မြတ်သဖြင့် ဧည့်သည်တော်တို့အတွက် ကျွေးမွေးမှုကို ခေတ္တဆိုင်းငံ့လျက် မထေရ်မြတ်များကိုသာ လှူသင့်ပေ၏။

အဘယ်ကြောင့်မူ ဧည့်သည်တို့အား ပြုစုကျွေးမွေးခြင်းသည် အကျိုးသာမန်မျှသာ ပြန်လည်ရရှိတတ်၏။ လောကဧည့်သည်များမှာ တွေ့နိုင် ဆုံနိုင်ခွင့်များလျက် မြတ်ဘုရား သာသနာတော် ပွင့်ထွန်းမှသာ ဖူးမြော်ခွင့် ရသော ဓမ္မဧည့်သည် သံဃာတော်များကား တွေ့ကြုံဆုံဖို့ ခဲယဉ်းလှပါဘိ။

၇။ **အလှူကောင်း အလှူမှန်ကို ခံယူဖို့ ထိုက်တန်တော်မူ၏။ (ဒက္ခိဏေယျဂုဏ်တော်)**

"ဤပုဂ္ဂိုလ်သည် ငါ့ကို ဆေးကုပေးလိမ့်မည်။ ငါ့ကို ကူညီလိမ့်မည်ဟု တစ်စုံတရာသော တောင့်တချက်

"ငါ အထောင့်အရပ်တွေကို ကြည့်ပြီး စားခြင်းလည်း မဟုတ်ဘူး"

(ရှင်သာရိပုတ္တရာ မထေရ်မြတ်က သံဃာတော်များ သုံးဆောင်အပ်သော ဆွမ်းတစ်နပ်အကြောင်းကို ဤသို့ ရှင်းပြလေ၏။)

(က) အေးနှမ၊ လောကမှာ ဝတ္ထုဝိဇ္ဇာ ခေါ်တဲ့ မြေယာအတတ်ဆိုတဲ့ တိရစ္ဆာန၀ိဇ္ဇာ၊ အဲဒီ မိစ္ဆာဇီဝမှားယွင်းသော အသက်မွေးမှုနဲ့ အသက်မွေးနေတဲ့ ရဟန်းပုဏ္ဏားတွေ သူတို့က အောက်ကြည့်ပြီး စားနေကြတဲ့ ပုဂ္ဂိုလ်တွေ။

(ခ) အချို့က နက္ခတ္တဗေဒဆိုတဲ့ နက္ခတ်အတတ်ပညာနဲ့ ဗေဒင်ဟောပြီးတော့ အသက်မွေးနေကြတဲ့ ပုဂ္ဂိုလ်တွေ၊ သူတို့က အထက်ကြည့်ပြီး စားကြတယ်။

(ဂ) အချို့က လူတွေရဲ့ အစေအပါးခံပြီးတော့ ကိစ္စကြီးငယ် ဆောင်ရွက်ပေးကြပြီး အသက်မွေးကြတယ်။ သူတို့က အရပ်မျက်နှာစုံကြည့်ပြီး စားကြတယ်။

(ဃ) အချို့က အင်္ဂဝိဇ္ဇာဆိုတဲ့ ကိုယ်အင်္ဂါကြီးငယ်တို့ကိုကြည့်ပြီးဟောတဲ့ အတတ်နဲ့ အသက်မွေးကြတယ်။ သူတို့ကို အထောင့်အရပ်ကိုကြည့်ပြီး စားကြတဲ့ ရဟန်းပုဏ္ဏားတွေလို့ ခေါ်တယ်။

(င) သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်တဲ့ ရဟန်းတော်တွေကတော့ အပြစ်ကင်းအောင်၊ ကိလေသာငြိမ်းအောင်နေပြီးတော့ ဒကာတို့က သဒ္ဓါတရားဖြင့် ပေးလှူတဲ့ ဝတ္ထုပစ္စည်းတွေကို ဆင်ခြင်သုံးဆောင်စားကြတယ်။ အနဝဇ္ဇ အစားအစာတွေ ဓမ္မိက-တရားသဖြင့်ရတဲ့ အစားအစာတွေကိုသာ စားကြတယ်။ မိစ္ဆာဇီဝ မှားယွင်းတဲ့ အသက်မွေးမှုနဲ့ရတဲ့ဟာတွေကို မသုံးဆောင်ကြဘူး။

(၅) **အစုံအားဖြင့် လေးစုံ၊ အသီးသီးအားဖြင့် ရှစ်ပါးသော ဤဘုရားသား သံဃာတော်သည် အဝေးမှဆောင်ယူ အလှူကိုလည်း ပင့်ခံတော်မူထိုက်ပါပေ၏။(အာဟုနေယျဂုဏ်တော်)**

ဖြင့် ပေးလှူခြင်းမျိုးကို မဆိုလို။ ကံနှင့်ကံ၏ အကျိုးကိုသာ ယုံကြည်၍ ပေးလှူခြင်းမျိုးကို အလှူကောင်း အလှူမှန် (ဒက္ခိဏာ)ဟု ဆိုရသည်။

အလှူပေးပုဂ္ဂိုလ်ဘက်မှ ကံနှင့် ကံ၏အကျိုး ကြီးဖို့ရန်မှာ အလှူခံပုဂ္ဂိုလ်ဖက်မှ အလှူအကျိုးကြီးမြတ် စေတတ်သော သီလဂုဏ်များနှင့် ပြည့်စုံနေရပေလိမ့်မည်။ အရိယာများသာ သူတို့ လိုသလောက် အကျိုးပြီးမြောက် စေတတ်သောကြောင့် ဒက္ခိဏေယျ(အလှူမှန်အလှူကောင်း)ကို ခံတော်မူထိုက်သည်ဟု ဆိုရပေသည်။

၈။ **လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံတော်မူထိုက်၏။ (အဋ္ဌလိကရဏီယဂုဏ်တော်)**

သီလ၊ သမာဓိ၊ ပညာ သိက္ခာ(၃)ပါး ပြည့်စုံလျက် ရှိသော အရိယာသံဃာတော်မြတ်များကား လူ၊ နတ်၊ ဗြဟ္မာ (၃)လောကသားတို့၏ ကြည်ညိုရိုသေ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံယူတော်မူထိုက်ကြပါပေ၏။

သီလမဲ့ ပျက်စီးနေသော ရဟန်းများမှာကား လူတို့၏ ရှိခိုးပူဇော်မှုသည် ယင်းတို့အတွက် အလွန်ဝန်လေး လှသည်ဖြစ်ရာ ဘယ်မှာ ရှိခိုးခံထိုက်ပါအံ့နည်း။

သီလပျက်ရဟန်းတို့၏ဒုက္ခ

သီလပျက်၊ သီလကြောင်၊ သီလမရှိဘဲ သီလ ရှိသယောင် အယောင်ဆောင်ကြကုန်သော ရဟန်းတို့၏ ဒုက္ခကို အဂ္ဂိက္ခန္ဓောပမသုတ်၌ ဤသို့ဖော်ပြထားသည်-

က။ ခြေသလုံးနှစ်ဖက်တွင် သားရေကြိုးဖြင့် ပွတ်ဆွဲခြင်းကြောင့် အရိုး၊ ရိုးတွင်းခြင်ဆီခိုက်အောင် အသားပဲ့ကြွေသူ၏ ဒုက္ခထက် သီလမရှိဘဲ လူတို့၏ ရှိခိုးခြင်းကို ခံယူသူ၏ ဒုက္ခကား လွန်ကဲလှ၏။

ခ။ လုံမကြိုးဖြင့် ရင်ဝထိုးခံရသည့် ဒုက္ခထက် သီလမရှိဘဲ လူတို့၏ လက်အုပ်ချီခြင်းကို ခံရသော ရဟန်း၏ ဒုက္ခကား ပို၍ ဆိုးလှ၏။

ဂ။ ရဲရဲပြောင်ပြောင် မီးလောင်နေသော သံပြားကြီးကို ကိုယ်မှာ လွှမ်းခြုံနေရသူထက် ဒကာတို့ပေးလှူသော သင်္ကန်းကို ဆင်မြန်းရသော သီလပျက် ရဟန်း၏ ဒုက္ခကား ပို၍ ပြင်းထန်လှ၏။

ဃ။ မီးလျှံရဲရဲ သံတွေခဲများကို မျိုဝါးရသူ၏ ဒုက္ခထက် သီလပျက်ရဟန်းအဖို့ လူတို့၏သဒ္ဓါဆွမ်းကို စားရခြင်း ဒုက္ခကား ပို၍ ပူလောင်လွန်းလှ၏။

င။ သီလမရှိဘဲ သံဃိကကျောင်း၌နေရသော ဒုက္ခကား မီးလျှံပြောင်ညီး သံအိုးကြီးထဲ၌ နေရသော ဒုက္ခထက် ဆင်းရဲကြီးလေးလှဘိ၏။ ဒကာတို့၏ လက်အုပ်ချီမိုး အရိုအသေပြုခံရခြင်းသည် သီလမဲ့ ရဟန်းအတွက် အလွန်ကြီးလေးလှသော ဝန်ထုပ်ဝန်ပိုးကြီးဖြစ်ရာ ပစ္စုပ္ပန်သာမက နောင်တမလွန်၌လည်း သာ၍ ဆင်းရဲဖို့သာ ရှိလေသည်။

၉။ **တစ်လောကလုံး၏ အတုမရှိသော ကောင်းမှုမျိုး စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်၏။(အနုတ္တရံ ပုညက္ခေတ္တံ လောကဿဂုဏ်တော်)**

အဆီမရှိ မြေကြမ်းခရောင်းမြေ၌ မျိုးကလည်း မမှန်ပါက ပျိုးချသူ၏ ကြိုးစားမှုအရာမရောက်၊ သီးနှံမရ၊ အချည်းအနှီးသာ ဖြစ်ချိမ့်မည်။

ဗုဒ္ဓသာသနာတော်မှအပ ပြင်ပဝါဒများသည် မြေညံ့များနှင့်တူ၍ ထိုဝါဒများကို လက်ခံကျင့်သုံးကြသူတို့မှာလည်း သမ္မာဒိဋ္ဌိမျိုးမဟုတ်၊ မိစ္ဆာဒိဋ္ဌိမျိုးများဖြစ်ကြ၍ မျိုးမအောင်နိုင်၊ ဗုဒ္ဓအဆုံးအမ သာသနာတော်တည်းဟူသော မြေဆီကောင်း၌ ပျိုးစိုက်မှသာ (မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော) အသီးပွင့်ကောင်းများ ရနိုင်မည်။

ထို့အတူ သီလနှင့် ပြည့်စုံ၍ မဂ်ဖိုလ်နိဗ္ဗာန်တရားများ ကိန်းဝပ်သူတို့သာလျှင် လယ်ယာမြေကောင်းနှင့်တူ၍ ၄င်းလယ်ယာမြေ၌ ပျိုးချလှူဒါန်းသူတို့သာလျှင် လူ,နတ်, နိဗ္ဗာန်တည်းဟူသော ကောင်းကျိုးချမ်းသာကို ရနိုင်ပေသည်။ အယူတိမ်းမှောက် သီလပျောက်သူတို့၏ လယ်မြေ၌ ပျိုးချလှူဒါန်းမိလျှင်ကား အကျိုးများနိုင်မည် မဟုတ်ချေ။

သံဃာ့နွယ်ဆက် မပျက်ခုတိုင်

ဤကဲ့သို့သော ဂုဏ်ရည်အထူးနှင့် ပြည့်စုံတော်မူခဲ့သော မြတ်ဗုဒ္ဓ၏ရင်နှစ်သည်းချာ သားသံဃာ ရတနာ



တော်တို့သည် လွန်ခဲ့သောနှစ်ပေါင်း(၂၆၀၀)ပြည့် ကာလမှသည် ယနေ့တိုင် စစ်ပွဲကြီးများကို ဖြတ်သန်းလျက်ဓား,လုံ,လက်နက် ဘေးအသီးသီးကို ကျော်လွှားလျက် နိုင်ငံအသီးသီး မင်းအမျိုးမျိုး ပြည်သူအဖုံဖုံတို့နှင့် ကြုံဆုံခဲ့ကြလျက် ခါးသီးမှု မျိုးစုံဒဏ်ကို သည်းခံကာ ယနေ့တိုင် သံဃာတော်မျိုးနွယ်ဆက် မပျက်အောင် စုစည်းခုခံလာနိုင်ခဲ့ကြသည်။ အရိယာ သံဃာ့ဂုဏ်(၀၁)ပရမတ္ထသံဃာဂုဏ် သမ္မုတိသံဃာဂုဏ် စသည် အမျိုးမျိုးသော သံဃာ့ဂုဏ်ရည်တို့ ယိုယွင်းပျောက်ပျက်မသွားအောင် ထိန်းသိမ်းစွမ်းဆောင်လာခဲ့ကြသည်။

ဤကဲ့သို့ သံဃာ့ပရိသတ်၊ သံဃာ့အဖွဲ့အစည်းကြီး မပြိုကွဲအောင် မယိုယွင်းအောင် ခိုင်ခိုင်မတ်မတ် ထိန်းသိမ်းလာနိုင်ခဲ့သည်မှာ သီလနှင့် ဝိနည်းတော် ရှိသေမှုကို အမြုတေပြုလျက် ပရိယတ္တိအစဖြာသော ဘုရားအဆုံးအမတို့ မကွယ်မပျောက်ရလေအောင် ဆရာဒကာ လက်တွဲ၊ ရဟန်းနှင့်ပြည်သူ လက်တွဲညီကာ (၀၁) သဒ္ဓါပညာ ရင်ချင်းဆက်၍ ညီတူ လျှောက်လှမ်းလာနိုင်ခြင်းကြောင့်ပင် ဖြစ်၏။

သို့သော် သာသနာတော်ခရီးမှာ ကြမ်းတမ်းလှ၏။ မုန်တိုင်းလည်းထန် ရေလှိုင်လှေကွဲ၍ ပန်းတိုင်ရောက်အောင် အံခဲ ခရီးဆက်ခဲ့ကြရ၏။ သာသနာပြင်ပမှ ဝါဒမတူကွဲပြားသူတို့၏ နှိပ်စက်မှုများ၊ သာသနာတော်အတွင်း အယူအကျင့် ကွဲပြားသူတို့၏ ဖျက်ဆီးမှုများ၊ ဘုရားစကား မလိုက်နာ သီလပျက်သမားတို့၏ ခြစားမှုများ၊ အရချောင်အနေချောင်၍ သာသနာတော်တွင်းဝင်ရောက် လောဘနောက်သူတို့၏ အသရေဖျက်မှုများ၊ အတွင်းအပြင် အမွေအနှောက်ဓာတ်တို့၏ အဖျက်ရန်များကြားမှ သံဂါယနာအဆင့်ဆင့်တင်ကာ သာသနာတော်ရှေ့ခရီး ဆက်ခဲ့ရလေသည်။

အခြေခံခိုင်မာလျက်ရှိသော သံဃာ့အဖွဲ့အစည်းကြီး

ဤသို့ မုန်တိုင်းထဲမှ ရှေ့ခရီးဆက်ခဲ့ရသော ဗုဒ္ဓသာသနာတော်သည် ဂင်္ဂါမှ ဧရာဝတီသို့တိုင် သာသနာတော်ဓာတ်ကူး ပျံ့နှံ့လာခဲ့သည်။ ဗုဒ္ဓ၏ အဆုံးအမကို ကိုယ်တိုင်ခံယူကျင့်သုံးပြီး ဆွမ်းဒကာတို့အား လည်း ဖြန့်ဝေကာ ဆရာဒကာ အတွဲညီစွာ သာသနာပြုခဲ့ကြရာ ပေါက်ကွဲရာမခေတ်မှသည် ယနေ့တိုင် သာသနာတော် အခြေခိုင်လျက်ရှိသေးသည်မှာ သံဃာတော်မြတ်တို့၏ ကျေးဇူးကြောင့်ပင် ဖြစ်ပေသည်။

ရွှေကျင်၊ သုဓမ္မာ၊ ဒွါရ စသည် ဂိုဏ်းအသီးသီး ကွဲလျက် ရှိသော်လည်း သံဃာ့အဖွဲ့အစည်းကြီးမှာ တစ်စုတစ်စည်းတည်း အခြေခိုင်လျက် ရှိပါသည်။ ခေတ်အဆက်ဆက်တွင် သာသနာတော်ဂုဏ်ဆောင် ဘုရားသားတော်ကြီးများ အသီးသီးပေါ်ပေါက်ခဲ့ကြ၍ သံဃာ့ဂုဏ်ရည် ပေါ်လွင်ထင်ရှား ပြည်သူများအား ဓမ္မအမွေ ဖြန့်ဝေပေးနိုင်ခဲ့ကြပါသည်။

သံဃာ့အဖွဲ့အစည်း၏ ရှေ့ဆောင်လမ်းပြကောင်း

ရှေးအရိယာ သံဃာ့အနွယ်အဆက်တို့၏ ဝိနည်းစရဏ စသည့် ဓမ္မအမွေများကို ထူးလှသော ပါရမီတော်များနှင့်အညီ ရှိသေလေးစားစွာ ခံယူကျင့်သုံးတော်မူခဲ့သော သပြေကန်ဆရာတော်ကြီးတွင် ဖော်ပြခဲ့ပါ သံဃာ့ဂုဏ်ရည်များနှင့် စုံညီပြည့်ဝလျက် ရှိပါသည်။

- အတိတ်က ပါရမီဘုန်းကံထူး ပါရှိခဲ့သော သပြေကန်ဆရာတော်ကြီး၌ ဘုရားရှင်၏ မဂ်ဉာဏ်ကို ယုံကြည်သော သဒ္ဓါတရားရှိခြင်း၊

- အနာရောဂါကင်းရှင်း မနံ့မထက် အညီအမျှ ကြေကျက်စေနိုင်သော ပါစကမီး ရှိခြင်း၊
- ကောက်ကျစ်စဉ်းလဲ လှည့်ဖျားခြင်းမရှိ မိမိအဖြစ်မှန်ကို ဖော်ပြတတ်ခြင်း၊
- ကုသိုလ်ရေးတို့၌ တာဝန်မလျော့မပေါ့ ပြင်းထန်သော လုံ့လရှိတော်မူခြင်း၊
- သစ္စာလေးပါးကို ထွင်းဖောက် နိဗ္ဗာန်အထိရောက်နိုင်သော ရုပ်နာမ်ဖြစ်ပျက်ကို သိမြင်သည့်ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။

ဆရာတော်ကြီးသည် အနေအထိုင် ရိုးသားကျစ်လစ်လျက် အာသဝေါကုန်ခမ်းခြင်းကို အစဉ် အလိုရှိကာ ဘုရားအဆုံးအမနှင့်အညီ အစဉ်နေထိုင်သွားကြောင်း သိသာထင်ရှားသော သာဓကများစွာ ရှိပေသည်။

ဘုရားသားတော်မြတ်ပီသစွာ နေထိုင်ကျင့်သုံးတော်မူခဲ့သော အကြောင်းတရား၏ ကောင်းခြင်းကြောင့် သာသနာတော်နယ်ပယ်တွင် ရဟန်းရှင်လူအများတို့၏ လေးစားအားထား ကြည်ညိုပူဇော်ခြင်းကို ခံခဲ့ရလေသည်။ ဝိနည်းတော်နှင့်အညီ အနေရိုးသားဖြောင့်မတ်တည်ကြည်တော်မူသော ရွှေကျင်သာသနာပိုင် သက်တော်ရှည် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အားထားယုံကြည်မှုကိုလည်း ရရှိခဲ့သည်။ သီလ၊ သုတ ပြည့်စုံလှသည့် ဆရာတော်ကြီး၏ သီလရနံ့၊ သမာဓိရနံ့၊ ပညာရနံ့သည် လူပြည်သာမက နတ်ပြည်ထိပါ ကြိုင်လိုင်သင်းပျံ့၍ ရွှေကျင်ဂိုဏ်း၏ တွဲဖက်သာသနာပိုင်အဖြစ်ပါ ဂုဏ်တင်ပူဇော်ခြင်း ခံခဲ့ရလေသည်။ သီလ စသည် အကြောင်းကောင်းခြင်းကြောင့် ဒကွိဏေယျ အစဖြာသည့် အကျိုးတရားများလည်း ကောင်းမွန်ပြည့်စုံလာခြင်းပင်။

ယခုအခါ ရှေးအရိယာ သံဃာတော်တို့၏ အနွယ်အဆက်ကို ချေဖျက်လိုသည့် ရဟန်းတု ရဟန်းယောင်များ၊ ကိလေသာထူပြောသည့် ရဟန်းများ၊ အယူဝါဒအသစ်သွတ်သွင်းလာသော ရဟန်းများ စသည်ဖြင့် သာသနာ့အန္တရာယ်များသည် ခေတ်အဆက်ဆက်ကကဲ့သို့ပင် ပေါ်ပေါက်လာလျက်ရှိသည်။ ပရိယတ္တိသာသနာတော်၏ အခြေခံအုတ်မြစ်ဖြစ်လာမည့် သာမဏေငယ် ကုန်ကြမ်းများမှလည်း ခေတ်အလျောက် ရှားပါးလာသည်။ လူငယ်လူရွယ်များသည် ဓမ္မအမွေထက် လောကစည်းစိမ်အမွေကို မက်မောလျက် နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်သူများပြားလာသည်။

နောက် ဝမ်းစာအတွက် အသက်မွေးဝမ်းကျောင်းခေတ်ပညာများ အရေးကြီးသကဲ့သို့ နောင်တမလွန် သံသရာကောင်းစားရေး၊ သံသရာမှ ကျွတ်လွတ်ထွက်မြောက်နိုင်ရေးအတွက် ဗုဒ္ဓဓမ္မစာပေများကိုလည်း လေ့လာဆည်းပူးခံယူကျင့်သုံးရလိမ့်မည်ဖြစ်ကြောင်းကို တန်ဖိုးထား သိနားလည်ဖို့ အချိန်တန်ပေပြီ။

ထိုသို့ သာသနာ့အန္တရာယ်တို့ကို သတိမူလျက် သံဃာ့နွယ်ဆက်မပျက်ရလေအောင် ဆရာ၊ ဒကာ၊ လက်တွဲလျက် တားဆီးကာကွယ်ရန် အချိန်ကျရောက်နေလေပြီ။ သာသနာတော်တွင်း ရဟန်းရှင်လူ အပေါင်းတို့မှာလည်း သပြေကန်ဆရာတော်ကြီးတို့ကို စံပြနမူနာယူလျက် သီလနှင့်ပြည့်စုံအောင် သံဃာ့ဂုဏ်ရည် ပြည့်စုံအောင် အထူးကြိုးစားဖို့ လိုပေပြီ။

သုပ္ပဋိပန္နစသော အကြောင်းတရားများ ပြည့်စုံအောင် ဖြည့်ကျင့်လျှင် ဒကွိဏေယျ၊ အာယုနေယျ စသည့် အကျိုးတရား ဂုဏ်ရည်များလည်း ပြည့်စုံလာမည် ဖြစ်ပေသည်။ လောကီဂုဏ်ကို မလိုလား၊ ဘုရားစကားအတိုင်း ဓမ္မဂုဏ်နှင့် ထုံမွှမ်းနေတော်မူသော သပြေကန်ထေရ်အရှင်ထံ၌ လောကီဂုဏ်များလည်း ခံစားဝန်းရံလျက် အပူဇော်ခံထိုက်ကြောင်း နမူနာကောင်း ယူသင့်ပေသည်။ ဂုဏ်ပေါင်းဝန်းရံနေသော သပြေကန်ထေရ်အရှင်ကို ရွှေကျင်ဂိုဏ်းနယ်ပယ်၌သာမက အခြားသော ဂိုဏ်းများမှ မထေရ်ကြီးအသီးသီးနှင့် ပညာရှိအသီးသီးတို့ ရိုသေလေးစားကြသည်မှာ မထူးဆန်းတော့ပေ။ တရားကိုမြင်လျှင် ဘုရားကိုမြင်၍ ဘုရားအဆုံးအမတော်အတိုင်း ကျင့်သုံးသူသည်သာလျှင် မြတ်ဗုဒ္ဓ၏ ရင်သွေးတော်အစစ် ဖြစ်ပေသည်။

မျက်မှောက်ခေတ် သံဃာ့အဖွဲ့အစည်းကြီးတိုးတက်ကောင်းမွန်ရန် လောဘအလိုနွယ်သည့် လာဘသက္ကာယ၏ လွှမ်းမိုးမှုများကို ပယ်လျက် လောဘအလိုပယ်သည့် အနုတ္တဉာဏ်ပညာကို အရင်းပြုကာ သံဃာ့ဂုဏ်ရည်ပြည့်ဝအောင် သီလတည်းဟူသော အုတ်မြစ်အခြေခိုင်အောင် ကျင့်ကြံရန် လိုအပ်လျက်ရှိသည်။ တရားများများသိအောင်လုပ်ပြီး လက်တွေ့ဘဝ၌ မကျင့်သုံးဘဲနေခြင်းထက် တရားလည်းသိ၊ သီသည့်အတိုင်းလည်း အမှန်တကယ် လက်တွေ့ဘဝ၌ ကျင့်သုံးနေထိုင်ရန် လိုအပ်လျက်ရှိသည်။

အထူးသဖြင့် သဒ္ဓါတရားကို အမြဲတေပြု၊ သီလနှင့် ထုံမွှမ်း၍ ဓမ္မတရားတော်များကို မွေနှောက်ချောက်ခြားစေနိုင်စွမ်းသော ဉာဏ်ပညာကို အထွဋ်တင်ကာ သာသနာပြုတော်မူခဲ့သော သပြေကန်ထေရ်မဟာကို မျက်မှောက်ရဟန်းရှင်လူများ စံနမူနာကောင်း ပြုသင့်ပေသည်။ သပြေကန်ထေရ်အရှင် ညွှန်ပြခဲ့သော ရဟန်းကောင်း ရဟန်းမြတ် ပီသစွာနေနည်းကို အတုယူ စံနမူနာကောင်း၊ လမ်းပြကောင်း အဖြစ် ကျင့်သုံးနေထိုင်ကြမည်ဆိုလျှင် မျက်မှောက်သံဃာတော် အဖွဲ့အစည်းကြီးသည် ကောင်းမွန်သော သိက္ခာရှိသော သန့်ရှင်းစင်ကြယ်သော အဖွဲ့အစည်းကြီး ဖြစ်လာမည်မှာ မလွဲဧကန်ပင်။

ကြယ်မင်းကြီးတစ်စင်းပမာ သပြေကန်ထေရ်မဟာ

ခေတ်အဆက်ဆက်တွင် အရိယာသံဃာ့ဂုဏ်ရည်နှင့် ပြည့်စုံညီကြသော ရဟန်းတော်ကြီးများ အရိယာ သံဃာတော် မဟုတ်ငြားလည်း သမ္မုတိသံဃာတော်ဂုဏ်ရည်နှင့် ပြည့်စုံညီသော မထေရ်မြတ်ကြီးများ အသီးသီး ပေါ်ထွန်းခဲ့ကြပေသည်။ ပရိယတ္တိ၊ ပဋိပတ္တိနှစ်ဖြာ စွမ်းဆောင်တော်မူခဲ့ကြသော ထေရ်ရှင်များတွင် လယ်တီဆရာတော်ကြီးသည် ကမ္ဘာကျော်ခဲ့သလို ဆဋ္ဌသံဂါယနာတင်ပွဲကြီး ပြီးမြောက်အောင် စွမ်းဆောင်တော်မူခဲ့ကြသော ညောင်ရမ်းဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီးနှင့် တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးတို့လည်း သမိုင်းမော်ကွန်း ထွန်းလောက်အောင် စွမ်းဆောင်နိုင်ခဲ့ကြပေသည်။

ထိုဆရာတော်ကြီးတို့နည်းတူ ဆဋ္ဌသံဂါယနာတင်ပွဲကြီး၏ တစ်စိတ်တစ်ပိုင်း၌ ပါဝင်၍ ကူပံ့ခဲ့သူ သပြေကန်ဆရာတော်ကြီး၏ သီလ၊ သုတ စွယ်စုံရသည့် ဂုဏ်ရည်များသည်လည်း သာသနာတော်နယ်ပယ်၌ ကျော်ကြားတော်မူခဲ့ပါသည်။ ဆရာတော်ကြီးသည် လောကဂုဏ်ထူးဘွဲ့ထူးတို့ကို လိုလားလျက် သာသနာပြုခဲ့သူမဟုတ်။ ရဟန်းတော်တို့ ရှိအပ်သော သံဃာ့ဂုဏ်ရည်များနှင့် ပြည့်စုံ၍သာမင်းအစိုးရတို့ ချီးမြှင့်သော ဂုဏ်ထူးများကို လက်ခံရရှိတော်မူခြင်းဖြစ်သည်။ ဆရာတော်ကြီး၌ ဘုရားသားတော်စစ်တို့၌သာ ရှိအပ်သော ဂုဏ်ရည်များ ဝန်းရံခနေကြောင်း မင်းအစိုးရတို့သာမက ပညာရှင်များ၊ ပညာရှိများ၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ၊ ကိုးကွယ်ဆည်းကပ်ကြသော ဒကာဒကာမများ၊ အတွင်းနေ အတူနေ တပည့်များအားလုံးတို့ကပါ တညီတညွတ်တည်း သိရှိပူဇော်ခဲ့ကြသည်မှာ ယနေ့တိုင် ကြည်ညိုပူဇော်၍ အားမရကြသေးသည်ကိုကြည့်၍ ထင်ရှား သိနိုင်ပါသည်။

သာသနာတော်တွင် နေတစ်စင်းပမာ ထင်ရှားသော လယ်တီဆရာတော်ဘုရားကြီး အမွေတော်ထားတော်မူခဲ့သော ကျမ်းဂန်စာအုပ်များကို ဖတ်ရှုလေ့လာကြည့်မိလျှင် ဓမ္မခွန်အားများ တိုးပွားကာ စိတ်ဓာတ်တည်ကြည် ရဲဝံ့ကြံ့ခိုင်လာသည်။ ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီး၏ ကျမ်းစာများကို ဖတ်ရှုလေ့လာကြည့်မိသောအခါလည်း

တစ်ခါလွဲသွားလျှင်

ဘုရားသာသနာကား ခေတ်ကောင်း အခွင့်ကောင်းကြီးတည်း။ ထိုအခွင့်ကောင်းကြီးကား တစ်ခါလွဲသွားလျှင် နောင်တစ်ဖန် ပြန်၍ ကြုံကြိုက်ဖို့ရာ လွန်စွာခဲယဉ်းလှ၍ ဘုရားညွှန်ကြားသော တကယ့်ကိုယ်ကျိုးအစစ်အမှန်များကို မလွတ်တမ်း ရယူကြရန် မမေ့သင့်မမေ့ထိုက်။

အရှင်ဝါသေဋ္ဌာဘိဝံသ

Don't Let Slip this Opportunity

HOW EXCEEDINGLY difficult it is for sentient beings to win birth as humans, and then to hear the Buddha's Dhamma! Much more to be cherished than all the treasure in the world is this opportunity to follow the Buddha's teaching and to strive towards one's release from Saṁsāra. If one lets slip this opportunity, think of the suffering and misery one must endure through countless cycles of rebirth and painful death before one encounters the next Buddha Sāsana(period when the Buddha's teaching is available).

အားမြင့်မိုးချမ်းသော ဓမ္မရသများကို ခံစားရ၍ စိတ်နှလုံးသိမ်မွေ့ နူးညံ့အေးချမ်းလာသည်။

လယ်တီဆရာတော်ကြီးသည် ဓမ္မအမွေခံ နှောင်းလူတို့အား နေမင်းပမာ ခွန်အားတက်ကြွစေသော ဓမ္မစွမ်းအားများ ပေးဝေ၍ သပြေကန်ဆရာတော်ကြီးသည်ကား လမင်းပမာ နူးညံ့အေးချမ်း ဓမ္မရသအစွမ်းများ ဝေငှကာ သာသနာပြုတော်မူခဲ့သည်။

ရဟန်းကောင်း ရဟန်းမွန်တို့၏ ဝတ္တရားမှာ **"မကောင်းမြစ်ထာ ကောင်းရာညွှန်လတ် အသစ်ဟောကြူး နာဖူးထပ်မံ နတ်ထံတင်ရာ မေတ္တာလည်းပြု ရဟန်းမှု ခြောက်စုလွန်သေချာ"** ဖြစ်၍ ထိုဝတ္တရားများအတိုင်း ဆွမ်းဒကာတို့အား အသက်ထက်ဆုံး ဓမ္မဝေငှ တရားပြ၍ ဓမ္မဒါနပြုသွားခဲ့သည်သာမက နိုင်ငံအနှံ့ ပုံနှံ့အောင် ဓမ္မကျမ်းစာများ ရေးသားခဲ့၍ ထိုကျမ်းစာများကို အမွေထားကာ ဓမ္မစေတီတော်များ တည်ထောင်တော်မူခဲ့ပါသည်။ ထိုတရားဓမ္မတို့သည်လည်း အမွေခံယူကျင့်သုံးကြသော ဓမ္မအမွေခံ ရဟန်းရှင်လူတို့အတွက် ထာဝရအမှောင်ခွင်းအလင်းဆောင်ပေးနေမည်မှာ ဧကန်ဖြစ်ပါသည်။

မိမိကိုယ်တိုင်လည်း သိက္ခာ(၃)ပါး ပြည့်ဝအောင်ကျင့်ကြံ၊ သံဃာ့ဂုဏ်ရည်များနှင့် ပြည့်လျှံစေသကဲ့သို့ ရှင်လူအများတို့အားလည်း မိမိကဲ့သို့ ကောင်းမှုမြတ်နိုးစေခဲ့သူ သပြေကန်ဆရာတော်ကြီး၏ ထူးလှဂုဏ်အင် ဉာဏ်စွမ်းအင်တို့သည်ကား ဗုဒ္ဓအဆုံးအမ သာသနာတော်ကြီးဟူသော ကောင်းကင်ပြင်ကျယ်ကြီး၌ တာရာကြယ်မင်းကြီးတစ်စင်းပမာ အများဝေနေယျာတို့အား မေတ္တာအလင်း၊ သစ္စာအလင်း၊ ဝိဇ္ဇာဉာဏ်ဓမ္မအလင်း ဖြန့်ဝေပေးလျက် သာသနာတော် တည်သရွေ့ မီးရှူးတန်ဆောင်သဖွယ် ထိန်ပြောင်လင်းလက်နေမည်တည်း။

အတိဂါရဝတရားဖြင့်-
ရိသေစွာ ရှိခိုးကန်တော့လျက်
မဝိမလ

မေမေရဲ့ အပြုံး၊ ကျွန်မရဲ့ ပိတ်

ကိုရင်ဘဝရောက်ပြန်တော့လည်း ဝိနည်းအားလုံးကို အာဂုံပြန်ဆိုနိုင်တာ၊ ရဟန်းဘဝရောက်ပြန်တော့လည်း သံယုတ်ပါဠိတော်ဆိုလား...အဲဒါတွေကို အကုန်လုံး အာဂုံဆောင်နိုင်တာတဲ့၊ ကိုရင်ဘဝက စပြီး ရဟန်းဘဝရောက်သည်ထိ စာတော်တာရော၊ အနေအထိုင် ကျစ်လစ်ပြီး စည်းကမ်းရှိတာရော ဘာကိုမှ ပြောစရာမရှိတာပါတော်။

မေမေ ဆိုတာက ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်ရဲ့ အရှေ့ဘက်မှာရှိတဲ့ တောင်လုံးပြန်ရပ်ကွက်ထဲမှာနေတဲ့ ဆရာတော်အခေါ် ပုဂံတောင်သူ မအုန်းကြည်ရယ်ပါ။

တစ်နေ့ နံနက်ခင်း မေမေရယ်လေ ဈေးကနေ အပြေးအလွှား ပြန်လာ၊ ဈေးခြင်းတောင်းလေးချ၊ အမောလည်း မဖြေ၊ ရေလည်းမသောက်ဘဲနဲ့ "ဝမ်းသာလိုက်တာ ဖိုးကျော်လှိုင်ရယ်၊ ကြည်ကြည်တို့ ရပ်ကွက်ထိပ်က ရွှေကျင်ကျောင်းမှာ ကျောင်းထိုင်မယ့် ဆရာတော်ကလေ ကြည်ကြည်တို့ သပြေကန်ဆရာတော်ကြီးတဲ့" (သပြေကန်နဲ့ ပုဂံတောင်ဆိုတာ နှစ်ရွာတစ်ရွာမို့) ပုဂံတောင်သူမေမေက ကြည်ကြည်တို့ သပြေကန်လို့ ခေါ်လိုက်ဟန် တူပါရဲ့။ ဒီအချိန်မှာ ဖေဖေက "မတင်ကြူရယ်...အမောလေး ဖြေ၊ ရေလေးသောက်ပြီးမှ ပြောရောပေါ့၊ မင်းရဲ့ရွာအစွဲနဲ့မို့ အဲဒီလောက် ဝမ်းသာနေရတာလား" လို့ ဆိုတော့လေ၊ မဟုတ်ရပါဘူး၊ ရွာအစွဲကြောင့် မဟုတ်ရပါဘူး...ငယ်စဉ် ကိုရင်ဘဝ ကတည်းကိုက ကြည်ညိုလေးစားစရာ အကြောင်းတွေကြောင့် အတော့်ကို ဝမ်းသာလွန်းလို့ပါတော်...။

ဒီဆရာတော်ကြီး ငယ်ငယ်ကပေါ့၊ ကြည်ကြည်တို့ ကြားဖူးတာ ဆရာတော်ငယ်ငယ်ကလေးဘဝ မင်္ဂလွန်းမှာနေတာ၊ မင်းဂလွန်းနဲ့ သပြေကန်ဆိုတာ အနီးကလေးရယ်၊ သပြေကန် မဟာဓမ္မိကာရာမ စာသင်တိုက်က ကိုရင်လေးတွေ စာအံသံကြားရင် ကြားနိုင်တဲ့နေရာလေးကနေ ရပ်နေပြီး နားထောင်ရတာနဲ့ ကိုရင်တွေ အံတဲ့စာတွေ အကုန်ရတာတဲ့၊ တကယ့်ကို ဉာဏ်ထက်တာ။

ကိုရင်ဘဝရောက်ပြန်တော့လည်း ဝိနည်းအားလုံးကို အာဂုံပြန်ဆိုနိုင်တာ၊ ရဟန်းဘဝရောက်ပြန်တော့လည်း သံယုတ်ပါဠိတော်ဆိုလား...အဲဒါတွေကို အကုန်လုံး အာဂုံဆောင်နိုင်တာတဲ့၊ ကိုရင်ဘဝက စပြီး ရဟန်းဘဝရောက်သည်ထိ စာတော်တာရော၊ အနေအထိုင် ကျစ်လစ်ပြီး စည်းကမ်းရှိတာရော ဘာကိုမှ ပြောစရာမရှိတာပါတော်။ အခုလည်း ဆရာတော်ကြီးအဖြစ်နဲ့ ရောက်ကာမှ အနီးကပ် နေခွင့်ကြုံရတော့ ဂုဏ်ယူပြီး ဝမ်းသာမိတာပါ။ ရွာအစွဲမဟုတ်ရပါဘူးတော်။

ကိုယ့်ရွာဆရာတော်နဲ့ အနီးကပ်နေခွင့်ရတော့ ဆရာတော်ကြီး ကြိုက်တဲ့ အစားအစာ အာဟာရလေးတွေလည်း ကပ်ခွင့်ရတာပေါ့။ ဆရာတော်ကြီးရဲ့ ဆုံးမသြဝါဒတွေလည်း နာယူခွင့်ရတာပေါ့။ ကြည်ကြည်တို့တော့ ကုသိုလ်ထူးတာပါပဲတော် ဆိုပြီး ဝမ်းသာမိတိုင်းဖြစ်နေတဲ့

တောင်လုံးပြန်သူ - စင်ကြူလှိုင်

တစ်နေ့မှာ မေမေရယ် ဆရာတော်ကြီးကို သူများတွေ မကပ်ဖူးတဲ့ တိုရှည်ကို အိမ်မှာ ပူပူနွေးနွေးလုပ်ပြီး အရဏ်အာဟာရအဖြစ် ကပ်ရအောင်ဆိုပြီး ဆရာတော်ဆီသွားပြီး အရဏ်အာဟာရ ကပ်ချင်လို့ သံဃာငါးပါးနဲ့ ကိုရင်ငါးပါး ကြွပါလို့ ပင့်လျှောက်တော့ ဆရာတော်ကြီးက ပြန်မေးတယ်။ ကိုရင်ငါးပါး၊ ရဟန်းငါးပါးနော်၊ ဆယ်ပါးနော်လို့ ပြန်မေးပြီး ကိုရင်တွေကို ပင့်တာ တယ်ကောင်းတာပဲ၊ ကိုရင်တွေကိုလည်း အရေးပေး ဂရုစိုက်ကြပါ။ ကိုရင်ဆိုတာ သံဃာတော်ရဲ့ အရင်းအမြစ်ပဲလို့ ဆိုခဲ့ဖူးတာလေးကို မှတ်သားပြီး ယနေ့တိုင် နာခံဆောင်ရွက်လျက်ပါ။

တစ်နေ့ နေ့လယ်ခင်းမှာ စိန်ဂျွန်းလမ်းက ဘဘဦးထိန်ဝင်းက ပို့ခိုင်းလိုက်တဲ့ စာအုပ်တွေကို ကျွန်မနဲ့ အမျိုးသားဖြစ်သူ(ဦးထိန်ဝင်း၏တူ)တို့၊ ဆရာတော်ကြီးထံ ဆက်ကပ်တဲ့အခါတုန်းက ဆရာတော်ကြီးနဲ့ စကားနည်းနည်း ပြောခွင့်ရခဲ့ပါတယ်။ ဆရာတော်ကြီး ပြောခဲ့တဲ့ ဆုံးမစကားလေးကတော့...

ဒကာကြီး ဦးထိန်ဝင်းတို့လို အမျိုး၊ ဘာသာ၊ သာသနာကို အလေးထားသူတွေနဲ့ ထိတွေ့ဆက်ဆံ ခွင့်ရတုန်း ဘာသာရေး၊ သာသနာရေးတွေကို ဦးထိန်ဝင်းနဲ့ အတူ စွမ်းနိုင်တဲ့ဖက်က ဆောင်ရွက်ဖို့ ကိုယ်တိုင်ကလည်း ဘာသာရေး အခြေခံရှိတဲ့ အမျိုးကောင်း သားသမီးမို့ ဒီလို ပုဂ္ဂိုလ်မျိုးနဲ့ အမျိုးတော်ခွင့်ရတာ၊ ဒကာကြီး ဦးထိန်ဝင်းနဲ့ အတူ တတ်စွမ်းသမျှ သာသနာပြုပါ”

“ဒကာကြီး ဦးထိန်ဝင်း နေကောင်းရဲ့လား၊ ဒကာကြီး ဦးထိန်ဝင်းနဲ့ အမျိုးတော်ခွင့်၊ ပတ်သက်ခွင့် ရတာကံကောင်းတယ်။ ဒကာကြီး ဦးထိန်ဝင်းတို့လို အမျိုး၊ ဘာသာ၊ သာသနာကို အလေးထားသူတွေနဲ့ ထိတွေ့ဆက်ဆံခွင့်ရတုန်း ဘာသာရေး၊ သာသနာရေးတွေကို ဦးထိန်ဝင်းနဲ့ အတူ စွမ်းနိုင်တဲ့ဖက်က ဆောင်ရွက်ဖို့ ကိုယ်တိုင်ကလည်း ဘာသာရေး အခြေခံရှိတဲ့ အမျိုးကောင်း သားသမီးမို့ ဒီလို ပုဂ္ဂိုလ်မျိုးနဲ့ အမျိုးတော်ခွင့်ရတာ၊ ဒကာကြီး ဦးထိန်ဝင်းနဲ့ အတူ တတ်စွမ်းသမျှ သာသနာပြုပါ”လို့ ဆုံးမခဲ့ဘူးပါတယ်။ အဲဒီနေ့မှာပဲ...

မေမေရဲ့ အပြုံးလေးကိုဖြင့် ယနေ့တိုင် မမေ့နိုင်ပါဘူးရှင်။

သပြေကန်ဆရာတော်ကြီး ကွယ်လာပြီ၊ ရွှေကျင်ကျောင်းမှာ သီတင်းသုံးပြီလည်းဆိုရော ကျွန်မတို့ မိသားစုသွားပြီး ဆရာတော်ကြီးကို ဦးတိုက်ဖူးတွေ့ကြတာပေါ့။ မေမေက ဆရာတော် အဆင်ပြေပါသလား ဘုရားလို့ မေးလျှောက်တော့ “တို့ ရဟန်းတွေဆိုတာ တို့ကိုယ်တို့ မပိုင်ကြဘူးလေ၊ သံဃာအစီအမံနဲ့ နေကြရတာဆိုတော့၊ တောမှာတော့ အေးချမ်းတာပေါ့၊ အခုတော့ ရထားလမ်းခေါင်းအုံးအိပ်နေရသလိုပဲ၊ နောက်တော့လည်း အကျင့်ရသွားမှာပါဆိုပြီး ပြုံးပြုံးလေးနဲ့ ပြောခဲ့တဲ့ ဆရာတော်ကြီးရဲ့ စကားသံလေး ကြားနေရဆဲပါ။ အဲဒီမှာ သိခွင့်ရလိုက်တာကတော့ (သံဃာ့အစီအမံနဲ့နေတယ်ဆိုတဲ့) အသိလေးတစ်ခု။

နောက်နေ့တွေမှာတော့ ဆရာတော်ကြီး ကြိုက်တတ်တဲ့ ကြောင်လျှာသီးကို မီးလေးအုံးပြီး အလယ်က အနှစ်အူတိုင်လေးကို ပါးပါးလှီး၊ ဆီချက်လေးနဲ့၊ ပုဇွန်ခြောက်ကောင်းကောင်းလေးထောင်းပြီး သုတ်ခဲ့တဲ့၊ ကြောင်လျှာသီးသုတ်လေး မေမေက ကပ်ခိုင်းတဲ့အခါမျိုးမှာ ကပ်ခွင့်ရပေမယ့် စကားပြောခွင့် မရခဲ့ပါဘူး။ ဆရာတော်ကြီးက အမြဲတမ်း စာရေး၊ စာကြည့်နေတာ များပါတယ်။

တစ်ခါတစ်ရံမှာ ဆရာတော်ကြီး နှစ်သက်တဲ့ ဟိန္ဒူမုန့် ရောင်စုံအလုံးလေးတွေ၊ မလိုင်လုံး၊ ဂျလေဗီ စတဲ့ မုန့်မျိုးလေးတွေကိုလည်း ကပ်ခွင့်ရခဲ့ပါတယ်။ ကျောင်းကိုလာတဲ့အခါ ယခုဆရာတော် ဦးခေမာက အရင်ဝင်လျှောက်ပြီး ခွင့်ပြုတော့မှ ကိုယ်တိုင် ကပ်ခွင့်ရတာပါ။

ဆရာတော်ကြီးနဲ့ ပြောခွင့်ရတုန်းလေး "တပည့်တော်လည်း နံနက်မှာ ပရိတ်ကြီး(၁၁)သုတ်နဲ့ ညချမ်းမှာ ပဋ္ဌာန်းပစ္စယနိဒ္ဒေသကို ရွတ်ဖတ်ပူဇော်ပါတယ်ဘုရား" လို့ လျှောက်ထားတော့၊ ဆရာတော်ကြီးက "ကောင်းပါတယ်၊ ကောင်းပါတယ်၊ ရွတ်တာလည်း ရွတ်ပေါ့၊ **အရွတ်နဲ့ အသား ဘယ်ဟာ စားကောင်းသလဲ**" လို့ မေးတော့ "အသားက စားကောင်းပါတယ်ဘုရား" လို့ ပြန်လျှောက်တဲ့အခါ "**အသားက စားကောင်းရင်၊ အသားလေးလည်း စားပါဦး**" လို့ ဆုံးမခဲ့တဲ့ ဆရာတော်ကြီးရဲ့ စကားကို နားသာထောင်ခဲ့ရပါတယ်။ အမှန်အတိုင်း ဝန်ခံပါရစေ၊ အဲဒီအချိန်တုန်းက ဆရာတော်ကြီး ပြောခဲ့တဲ့ အသားဆိုတာကို ဝက်သား၊ ကြက်သားလို့သာ ထင်ခဲ့ရတာပါ။

တစ်ချိန်တုံးက ဆရာတော်ကြီး ပြောခဲ့,မိန့်ခဲ့တဲ့ အသားဆိုတာ အခုတော့ ကျွန်မ နားလည်ခွင့်ရပါပြီ။

အသားဆိုတာ-

ကျွန်မ ၂၀၀၁ ခုနှစ် သင်္ကြန်(၇)ရက် တရားစခန်းမှာ ဝိပဿနာတရား ရှုပွားဖို့ အခွင့်သာခဲ့ပါတယ်။ အဲဒီမှာ ပထမ ဝင်လေ ထွက်လေကို လေးရက်ခွဲ ရှုမှတ်ပြီး သမာဓိရအောင် ပြုပြီးမှ ကျွန်ရက်ကို ဝိပဿနာ ရှုပွားရတာ (၃)ရက်လောက်ကစပြီး စိတ်တွေတည်ငြိမ်လာပြီး ရှုမှတ်ရတာ အဆင်ပြေတယ်။ ဝိပဿနာပိုင်းရောက်ချိန်မှာတော့ ဘယ်ကိုမှ၊ ဘာကိုမှ စိတ်မရောက်ဘဲ ခန္ဓာမှာ ဖောက်ပြန်နေတဲ့ ပရမတ်တွေရဲ့ မမြဲတဲ့သဘောလေးတွေ၊ ရုပ်ကလည်း ဖြစ်ပြီး ပျက်သွားတာပါလား၊ သိစိတ်လေးကလည်း သိလိုက် ပျက်လိုက်ပါလားလို့ ခန္ဓာရဲ့ဖြစ်စဉ်ကို ရှုမှတ်ရင်း ရှုမှတ် ရင်းနဲ့ အေးငြိမ်းတဲ့ သန္တိသုခအငြိမ်းဓာတ်လေး ခံစားမိပြီးချိန်မှာ အော်...သပြေကန်ဆရာတော်ကြီး ပြောခဲ့တဲ့ အသားဆိုတာ ဒါပါလားလို့ သိလိုက်ရတဲ့ အခိုက်မှာဖြင့် ပီတိမျက်ရည်တွေကျရင်း...

တောင်လုံးပြန်သူ ခင်ကြူလှိုင်

ပန်းချီကားကောင်း

စင်ကြယ်သော ပိတ်ကားချပ်ပေါ်မှာသာ ပန်းချီဆေး တောက်ပပေါ်လွင်စွာ ထင်ရှားနိုင်၍ ညစ်ပေနေသော ပိတ်ကားချပ်ပေါ်တွင် ဆေးရောင်မပေါ်လွင် မထင်ရှားနိုင်သကဲ့သို့ ကောင်းမြတ်သော တရားများကား သန့်ရှင်းသော စိတ်ဓာတ်၌သာ စွဲမြဲစွာ ထင်နိုင်၊ တည်နိုင်၍ စိတ်ဓာတ် မသန့်ရှင်းသူ၌ တည်နိုင်ခွင့်မရှိ။

အရှင်ဝါသေဋ္ဌာဘိဝံသ

Good Teachings Take Root in Pure Minds

ONLY ON A CLEAN unsoiled canvas can one paint bright, distinctive, unpolluted colours. just so, only when mind is clean and unsoiled by difilements, can noble teachings take firm root and develop. In minds defiled by impure thoug -hts, good teachings cannot take root.

ဘဝတစ်လျှောက် မမေ့မရ

ဝါဝါ

မုံရွာမြို့၊ အရှေ့လယ်တီတိုက်၊ မဟာသုတဒီပနီ ကျမ်းပြုအကျော်ဆရာတော်ကြီးက မိမိအမည်ကို အတိုကောက် အားဖြင့် "ဝါဝါ" ဟု ခေါ်ဝေါ်သည်။ လူကြီးမိဘများက သားငယ်,သမီးငယ်များအပေါ် ဖြူစင်သော မေတ္တာဓာတ် ကိန်းဝပ်မှု၏ သက်ဝင်ဖြစ်ပေလိမ့်မည်။ ဤဆောင်းပါးတွင် စာရေးသူ၏ ဘဝတစ်လျှောက်၌ ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန် မှတ်တမ်းအချို့အား "ဝါဝါ" နာမ်စားသုံး၍ ဖော်ပြသွားပါမည်။

ခြေတော်ရင်းသို့

မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များ၏ အဖိုးမဖြတ်နိုင်သည့် သဒ္ဓါဓာတ်ကို ဝါဝါတို့သည် ဘာသာရေး ကိုင်းရှိုင်းသက်ဝင်သော မိဘများထံမှ အမွေရရှိခဲ့ကြသည်။ ကလျာဏ မိတ္တမည်သော မိခင်ကြီးသည် ဝါဝါ အပါအဝင် သားသမီးများအား ပဋိသန္ဓေတည်စကပင် ဂုဏ်တော်ပွားခြင်း၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ပြည့် ပုတီးစိပ်ခြင်း၊ သရဏဂုံ ထုံမွှမ်းခြင်း၊ မေတ္တာပွားခြင်း၊ သတိပဋ္ဌာန်ဘာဝနာပွားခြင်း စသည့် အခြေခံကောင်းများဖြင့် အမိဝမ်းကြောတိုက်၌ ဘာသာသွေး တည်စေခဲ့သည်။

အစိုးရအရာထမ်းများ ဖြစ်ကြ၍ မြန်မာပြည်အနှံ့ တာဝန်ထမ်းဆောင်ကြရရှာသော မိဘများမှာ တရားရိပ်သာများတွင် သွားရောက်၍ တရားရှာချိန် ရှာခွင့်မရ။ တရားသင်တန်းများ သင်ယူတက်ရောက်ခွင့်မရကြ။ နယ်အဝေးမှာ နေကြရ၍ မိုးကုတ်ဆရာတော်ကြီး၊ ဝေဘူဆရာတော်ကြီးတို့၏ တရားစာအုပ်များကိုသာ ဖတ်ရှုလေ့လာနိုင်ကြသည်။

၁၉၇၇-ခုနှစ်ခန့်တွင် မိဘများ ရန်ကုန်သို့ ပြောင်းလာခွင့်ရကြရာ ရှေးဦးစွာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဟာမစ်တစ် သတိပဋ္ဌာန်ရိပ်သာ၌ မိခင်ကြီးနှင့်အတူ ဝါဝါလည်း သတိပဋ္ဌာန်တရားအားထုတ်ခွင့် ရခဲ့သည်။ မှတ်မှတ်ရရ ဝါဝါ ဆယ်တန်းစာမေးပွဲဖြေပြီးစ ၁၉၇၉-ခုနှစ်ခန့်ကပင်။

"ပတိရူပဒေသဝါသောစ" ဟူသော မင်္ဂလာတရားတော်နှင့်အညီ အမှီကောင်းများနှင့် ပြည့်စုံနေသော ရန်ကုန်မြို့ကြီးတွင် အခြေချရသဖြင့် လောကီဆိုင်ရာ ပညာသင်ကြားခွင့်နှင့် သာသနာ့အမွေခံယူရန် အခွင့်လမ်းကောင်းများ ရရှိခဲ့ပါသည်။

ဝါဝါတို့ နေထိုင်ရာ ပန်းဘဲတန်းမြို့နယ်၊ ၂၆-လမ်း၊ ဝန်ထမ်းအိမ်ရာတိုက်ခန်းမှာ သိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက်ကြီးနှင့် နီးသည်။ ဝါတွင်းဝါပ ဥပုသ်ရက်၊ လပြည့်လကွယ်နေ့များတွင် သိမ်တော်ကြီး၌ တရားဟော ဓမ္မကထိကဆရာတော်ကြီးများ၊ ကမ္မဋ္ဌာနာစရိယဆရာတော်ကြီးများက တရားဟောလေ့ရှိရာ ထိုတရားပွဲများသို့ မိခင်ကြီးနှင့်အတူ ဝါဝါတို့ညီအစ်မများလည်း တရားနာသွားကြမြဲဖြစ်၏။ (၂၆)လမ်း၊ ဆွမ်းချက်ဓမ္မာရုံ၌ မိခင်ကြီးနှင့်အတူ ဝတ်အဖွဲ့များ ဆွမ်းချက်ကြလျှင်လည်း ဝါဝါတို့ ညီအစ်မ

တွေ့ ဝေယျာဝစ္စ လိုက်ကူကြမြဲဖြစ်၏။ မိုးမြင့်နှင့် ရွှေစင်တို့သည် သိမ်တော်ကြီးကျောင်းတိုက်၌ ဖွင့်လှစ်သော ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ကျောင်းပိတ်ရက်တွင် အနားမယူဘဲ တက်လိုက်ကြသေး၏။ ရွှေစင်တို့၏ ယဉ်ကျေးမှု သင်တန်းဆရာများမှာ ဆရာဦးကျော်ခင်မြင့်နှင့် ဆရာမ ဒေါ်တင်ရီတို့ ဖြစ်ကြ၏။

ဝါဝါတို့ ညီအစ်မများမှာ ငယ်ရွယ်သော ကလေးဘဝမှာပင် မိခင်ဖခင်ကြီးတို့၏ ကလျာဏမိတ္တ အမှီကောင်း မဟာစည်ဆရာတော်ကြီးတည်းဟူသော သံဃာ့ဂုဏ်ရည်ပြည့် ဆရာသမားအမှီကောင်းများ ရရှိခဲ့ကြ၏။

တစ်ခုသောရက်တွင် မေခင်နှင့် မိုးမြင့်တို့သည် ယဉ်ကျေးမှုဆရာမကြီး ဒေါ်တင်ရီ၏ နေအိမ်သို့ သွားရောက်၍ ဆရာမကို ကန်တော့ကြ၏။ ဆရာမကြီး ဒေါ်တင်ရီက သံဃာ့ဂုဏ်ရည်ပြည့်ဝ၍ သီလ,သုတ စွယ်စုံရသည့် ဆရာတော်ကြီးတစ်ပါး ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်တွင် သီတင်းသုံးနေကြောင်း သတင်းကောင်းပါးလိုက်လေသည်။

တစ်ညတွင် ဗုဒ္ဓဂုဏ်တော်အမြဲရွတ်ပွား ပုတီးစိပ်လေ့ရှိ၍ ဘုရားဝတ်တက်အမြဲမှန်ကန်သော မေခင်တစ်ယောက် အိပ်မက်တစ်ခု မြင်မက်လေသည်။ မျက်လုံးတော် ကျယ်ကျယ် သက်တော်(၆၀)ခန့်အရွယ်၊ မြန်မာလူမျိုးမဟုတ်သော အသားအတန်ငယ်ညိုမောင်းသော ဆရာတော်ကြီးတစ်ပါးကို ဖူးမြင်ရ၍ ဆွမ်းဆက်ကပ်ရသည်ဟူ၏။ နောက်တစ်နေ့တွင် လူငယ်ပီပီ စိတ်မြန်ကိုယ်မြန်ရှိသော မေခင်သည် သူငယ်ချင်း စိန်စိန်ကို ခေါ်လျက် ဒံပေါက်တစ်ထုပ်ဝယ်ယူပြီးလျှင် ဆရာတော်ကြီး သီတင်းသုံးရာ ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်သို့ ရှာဖွေ၍ သွားလေသည်။ နဝမတန်းကျောင်းသူငယ်လေးများ၏ သဒ္ဓါတရားကား အံ့ဖွယ်ပင်။

မေခင်နှင့် စိန်စိန်တို့သည် ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်သို့ ရောက်သွားကြရာ တနင်္ဂနွေနေ့ဖြစ်၍ ကျောင်းဝင်းအတွင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ပို့ချနေသည်ကိုလည်း တွေ့မြင်ခဲ့ကြရ၏။ ကျောင်းတိုက်ကြီး၏ အောက်ထပ်ဝယ် မနေ့ညက အိပ်မက်ထဲတွင် တွေ့မြင်ခဲ့ရသည့်အတိုင်း ဆရာတော်ကြီးတစ်ပါး ထိုင်လျက် သီတင်းသုံးနေသည်ကို ဖူးမြင်ကြရပြီး၊ ကပ်ပိယတစ်ဦးက ဆွမ်းစားစားပွဲငယ်ပေါ်ဝယ် ဆွမ်းဟင်းများ ပြင်လျက်ရှိသည်ကို ဖူးတွေ့ကြရ၏။ အဆင်သင့်ပင် သူတို့ဝယ်လာသော ဒံပေါက်ထုပ်ကို ဖွင့်လျက် ကပ်ခွင့်ရလိုက်ကြပေ၏။

သပြေကန်ဆရာတော်ကြီးကို မိသားစုထဲတွင် ဦးဦးဖျားဖျား ဖူးခွင့်ရလိုက်သော မေခင်တို့မှာ ဆရာတော်ကြီးထံမှ သြဝါဒဆုံးမစကားကို ဤသို့ ဦးဦးဖျားဖျား နာယူခွင့် ရလိုက်ကြလေသည်။

"ကောင်းမှုကုသိုလ်ဟူသမျှကိုလည်း သေးဖွဲတယ်ရယ်လို့ ပေါ့ပေါ့ဆဆ မပြုရဘူးကွဲ့။ သဒ္ဓါစေတနာမှန်ရင် အကျိုးကြီးရတတ်တယ်။ ဒီလိုပဲ မကောင်းတဲ့ အမှုမှန်သမျှ အသေးအဖွဲကလေးကိုမျှ မပြုကျင့်ရဘူးတဲ့၊ မကောင်းတဲ့အမှုဆိုရင် အသေးအဖွဲလေးပဲ၊ ဒါဟာ ဘာမှ မပြောပလောက်ဘူးဆိုပြီး ပေါ့ပေါ့လျော့လျော့ သဘောမထားနဲ့၊ ဘယ်လောက်သေးတဲ့ အကုသိုလ်ဖြစ်ဖြစ် တကယ့်အပြစ်ကြီးအဖြစ်နဲ့ မြင်ပြီးတော့ ရှောင်ကြဉ်ကြရတယ်"

ထိုအချိန်မှစ၍ မေခင်ကို အကြောင်းပြုကာ ဝါဝါတို့ မိသားတစ်စုလုံး သပြေကန်ဆရာတော်ကြီး၏ ခြေတော်ရင်းသို့ ကိုးကွယ်ရာအဖြစ် ရောက်ရှိခဲ့ကြသည်။ လစဉ်, အပါတ်စဉ် ဆွမ်းပို့ရင်း၊ ပစ္စည်းလေးပါး လှူဒါန်းရင်း အားထားမှီခိုရာ ဆရာတော်အဖြစ် ကိုးကွယ်ဆည်းကပ်ခဲ့ကြလေသည်။

"ပဏ္ဍိတာနဉ္စ သေဝနာ" မင်္ဂလာတရားတော်နှင့်အညီ ပညာရှိသူ ပညာပြည့်ဝသူ ဆရာတော်ကြီးထံမှောက်ရှေးကုသိုလ်ကံအရ ရောက်ရှိခဲ့ခြင်းပေတည်း။

လူငယ်များကိုအလေးထား

သပြေကန်ဆရာတော်ကြီးသည် မြန်မာပြည်သာမက ကမ္ဘာ့ပါဠိပညာရှင်များကပင် အလေးထားရသော ပညာရှင်ကြီး ဖြစ်သည်။ ရဟန်းကျင့်ဝတ်နှင့် နေထိုင်ရာတွင်လည်း ပဋိပတ္တိပညာရှိ ရဟန်းတော်ကြီးများကပင် လေးစားကြရသည်။

သို့သော် ဝါဝါတို့ မိသားစု ဆရာတော်ကြီးကျောင်းသို့ ဆွမ်းချိုင့်ပို့သွားတိုင်း ဖူးမြင်ရသည်မှာ မာန်မာန

ထောင်လွှားမှုမရှိ။ ရိုးရိုးအေးအေးပင်။ ရံခါ ဆရာတော်ကြီးကို သတင်းစာဖတ်၍လည်းကောင်း၊ ရံခါ ဝါဝါတို့ယူသွားသော တေဇရုပ်စုံ၊ ရွှေသွေးဂျာနယ်တို့ကို လည်းကောင်း ယူကြည့်နေလေ့ရှိသည်။ ဆရာတော်ကြီးသည် လူကြီးများကိုသာ ကောင်းမွန်စွာ ဆက်ဆံသည်မဟုတ်။ ကလေးများပြောဆိုလျှောက်ထားသမျှကိုလည်း ''ကုသိုလ်ရေးနှင့် စပ်လျဉ်း၍သာလျှင်'' အလွန်အလေးထားသည်ကို ဝါဝါတို့ကိုယ်တွေ့မျက်မြင်။

တစ်ရက်တွင် ဝါဝါတို့ ညီအစ်မတစ်စုသည် ဗိုလ်တထောင်စေတီတော်၊ မေတ္တာဗျူဟာအသင်းတွင် စုပေါင်းသွေးလှူဒါန်းခဲ့ပြီးနောက် အပြန်တွင် သင်္ကန်းဌိုစုံတစ်စုံ စုပေါင်းဝယ်ယူကြပြီး ဆရာတော်ကြီးအား လှူဒါန်းရန် ကျောင်းသို့ ရောက်ရှိလာကြပါသည်။ ထိုနေ့သည် လပြည့်နေ့ဖြစ်သော်လည်း မွန်းလွဲ(၂)နာရီခန့်ဖြစ်၍ ဆရာတော်ကြီးထံပါးတွင် လူသူပရိသတ် ရှင်းလင်းနေပါသည်။

သွေးလှူခဲ့ပုံအကြောင်းစုံကို လူငယ်တို့ဘဝပြောကြား လျှောက်ထားကြရာ ဆရာတော်ကြီးက သေချာစွာ နားထောင်နေပြီး သာဓုခေါ်ပါသည်။ ထို့နောက် ဝါဝါတို့ကို ဤသို့ ဆုံးမစကားပြောကြားပြီး ပြန်လွှတ်လိုက်ပါသည်။

''အနှစ်သာရငါးမျိုး၊ လူ့လောက လူ့ဘဝ ရလာရတာ ပထမအနှစ်သာရတစ်ခု၊ လူ့ဘဝရပြီးတော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ အင်္ဂါတွေ မချို့ယွင်းဘဲနဲ့ ပြည့်ပြည့်စုံစုံ ဖြစ်ရတာဟာ ဒုတိယအနှစ်သာရ၊ တတိယအနှစ်သာရက အမျိုးကောင်း၌ ဖြစ်ရခြင်း၊ စတုတ္ထအနှစ်သာရက အမျိုးကောင်း၌ ဖြစ်ရပြီးတော့ စင်ကြယ်သူဖြစ်ရခြင်း၊ ပဉ္စမအနှစ်သာရက ရှင်တော်မြတ်ဘုရား၌ တရားတော်ကို ကြားနာရခြင်း အနှစ်သာရငါးမျိုး''။

''အနှစ်သာရငါးမျိုးနှင့် ပြည့်စုံကြလို့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဒါနပြုနိုင်ကြ၊ သီလဆောက်တည်နိုင်ကြ၊ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းနိုင်ကြ၊ ကုသိုလ်ကောင်းမှုတွေ ကြိုးစားပြီး ပြုလုပ်နိုင်ကြတယ်။ အဲဒီလို မှတ်ထားကြနော်''

စိတ်အကြံကို သိလေရော့သလား

တစ်ကြိမ်က ရန်ကုန်မြို့၊ အဘိဓမ္မာဆရာကြီး ဦးမြသောင်း၏ မေတ္တာဗျူဟာအသင်းတွင် သင်တန်းတက်နေသော ဝါဝါသည် မြတ်စွာဘုရားလက်ထက်တော်က အချို့သော ရဟန္တာ၊ ရဟန္တာမကြီးများသည် မင်္ဂနှင့်အတူ ပဋိသမ္ဘိဒါဉာဏ်လေးပါး ပါရရှိကြသည်ဟု သင်ယူခဲ့ရပါသည်။ ''ပဋိသမ္ဘိဒါ'' ဟူသော စကားလုံးကို ကြားသည်နှင့် ဝါဝါသည် ကြက်သီးမွေးညှင်းထသွားသည်၊ သင်တန်းတွင် သင်ကြားရသည်မှာ အနည်းအကျဉ်းမျှသာဖြစ်၍ အားမရနိုင်ဘဲ ကျယ်ကျယ်ပြန့်ပြန့် သိလိုစိတ်ပြင်းပြလာပါသည်။ ပါဠိစာပေ မသင်ကြားခဲ့ရ၊ ခေတ်လူငယ်ဖူးငုံစမို့ ဘယ်ကျမ်းတွင် ပါသည်ကို မသိရ၊ မည်သည့်ပုဂ္ဂိုလ်ကို ဆည်းကပ်မေးမြန်းရပါလျှင် ကောင်းမည်နည်းဟု နေ့ညကြံဆနေခဲ့မိပါသည်။

တစ်နေ့တွင် ဆရာတော်ကြီးထံ နွားနို့နှင့် ဆွမ်းချိုင့်ကပ်လှူရန်လာရင်း ''ပဋိသမ္ဘိဒါ'' နှင့်စပ်လျဉ်း၍ ဆရာတော်ကြီးထံ လျှောက်ထားကြည့်လျှင် ကောင်းမှာပဲဟု လျှောက်သင့် မသင့် ကြံတွေး၍လာပါသည်။ ဆွမ်းကပ်ပြီးနောက် ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးနေသည်ကို ဝါဝါတို့ညီအစ်မများ ခပ်လှမ်းလှမ်းမှ ဖူးမြော်ကြည်ညိုနေကြပါသည်။ ဆရာတော်ကြီး ဆွမ်းကိစ္စ မကြာမီပြီးစီးသွားလေပြီ။ ဝတ်ချ ရှိခိုးပြီး ပြန်ရကောင်းမလား၊ လျှောက်ထားရကောင်းမလား ဧဝေဧဝါဖြစ်နေခိုက်၊ ဆရာတော်ကြီးသည် ဝါဝါတို့ ညီအစ်မ တစ်သိုက်အား ကောက်ခါငင်ခါ တရားဟောပါတော့သည်။ ထိုတရားမှာ ဝါဝါသိချင်နေသော ပဋိသမ္ဘိဒါ(၄)မျိုး အကြောင်းတရားတော်ပေတည်း။

''မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ပဋိသမ္ဘိဒါဉာဏ်တော်ဆိုတာ (၄)မျိုး ရှိတယ်ကွဲ့၊ အဲဒါ ဘာတွေလဲဆိုတော့ အကျဉ်းအားဖြင့် ပြောရရင် (က)ပါဠိအကြောင်းအထူးထူး၌ဖြစ်တဲ့ ပညာဟာ ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်တယ်။ (ခ)ပါဠိရဲ့ အနက်အဓိပ္ပါယ် အကျိုးအထူးထူးမှာ ဖြစ်တဲ့ ပညာဟာ အတ္ထပဋိသမ္ဘိဒါဉာဏ် မည်တယ်။

(၈)သဒ္ဒါ အထူးထူးမှာ ဖြစ်တဲ့ ပညာဟာ နိရုတ္တိ ပဋိသမ္ဘိဒါ ဉာဏ်မည်တယ်။ ထင်မြင်ဉာဏ် သဘော အထူးထူးမှာဖြစ်တဲ့ ပညာဟာ ပဋိဘာနပဋိသမ္ဘိဒါဉာဏ် မည်တယ်ကွဲ့။""

""အက္ခယ်နဲ့နဲ့ ထပ်ပြီး ချဲ့ရရင် ဥပမာ သဒ္ဒါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာစတဲ့ ဓမ္မတရားငါးပါးကို ဣန္ဒြေတပ်ရင် သဒ္ဓိန္ဒြေ၊ ဝိရိယိန္ဒြေ စတဲ့ တရားတွေ ဖြစ်လာတယ်။ သဒ္ဓါတရားဟာ ဝိရိယစတဲ့ အခြားတရားတွေနဲ့ မတူကွဲပြားတယ်ကွဲ့။ အဲဒီတရားငါးပါးပေါ်မှာပဲ ပါဠိ အကြောင်း အထူးထူးကို သိတဲ့ဉာဏ်ဟာ ဓမ္မပဋိသမ္ဘိဒါ၊ အနက်အကျိုးအထူးထူးကို သိတဲ့ဉာဏ်ဟာ အတ္ထပဋိသမ္ဘိဒါ၊ ဝေါဟာရသဒ္ဒါ အထူးထူးနဲ့ သိတဲ့ဉာဏ်ဟာ နိရုတ္တိပဋိသမ္ဘိဒါ၊ ထင်မြင်ဉာဏ် သဘောအထူးထူးနဲ့ ခွဲခြမ်းစိတ်ဖြာသိတဲ့ ဉာဏ်ဟာ ပဋိဘာနပဋိသမ္ဘိဒါရယ်လို့ ဖြစ်သွားတယ်။ အဲဒီလို တရားသဘောတစ်ခုမှာ အက္ခယ်ဉာဏ်လေးမျိုးနဲ့ကို ခွဲခြမ်းစိတ်ဖြာပိုင်းခြားသိတဲ့ဉာဏ်မျိုးကို ပဋိသမ္ဘိဒါဉာဏ်လို့ ခေါ်တယ်ကွဲ့။""။

""ဒီလိုပဲ ဣန္ဒြေငါးပါးသာမကဘူး၊ ဗိုလ်ငါးပါး တရားအစုပေါ်မှာရော၊ ဗောဇ္ဈင်(၇)ပါး တရားအစုပေါ်မှာရော၊ မဂ္ဂင်ရှစ်ပါးတရားအစုပေါ်မှာရော ဆိုခဲ့တဲ့ ပဋိသမ္ဘိဒါဉာဏ်လေးမျိုးနဲ့ ပိုင်းခြားဝေဖန်သိမြင်နိုင်တယ်။ အချို့သော ပါရမီရှင်တွေဟာ မဂ်ကျဆဲအခိုက် မဂ်ခဏမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့အတူ ဒီလို ပဋိသမ္ဘိဒါဉာဏ် အထူးတွေပါ ရရှိ ကြတယ်ကွဲ့၊ အဲဒီလို ရဟန္တာပုဂ္ဂိုလ်တွေကို ပဋိသမ္ဘိဒါပတ္တ ရဟန္တာရယ်လို့ ဆိုကြတယ်ကွဲ့။""

""ဘုန်းဘုန်းကြီးဘုရား၊ တပည့်တော်တို့ရောကြိုးစားရင် အဲဒီဉာဏ်မျိုး မရနိုင်ဘူးလားဘုရား"" ညီအစ်မတစ်သိုက်သည် ဆရာတော်ကြီးအား မိဘသဖွယ် ရင်းနှီးခင်မင်နေသည့်အလျောက် လူငယ်များပီပီ အကြောက်အလန့်ကင်းစွာဖြင့် လျှောက်ထားလိုက်လေသည်။

ဆရာတော်ကြီးသည် အတန်ကြာ အဖြေမပေးသေးဘဲ ခေါင်းပွတ်နေလေသည်။ ခဏကြာမှ ""အဲ...ဒီဉာဏ်တွေကို ရချင်ရင် မြတ်စွာဘုရား၏ အဘိဓမ္မာတရားတော်တွေကို လေ့လာရတယ်၊ သင်ယူရတယ်၊ ပညာပါရမီ ဖြည့်ရတယ်၊ နားလည်တတ်ကျွမ်းတဲ့ ပညာရှိတွေထံကို ဆည်းကပ်ရတယ်ကွဲ့၊ အဲဒါဟာ ပဋိသမ္ဘိဒါဉာဏ်ရကြောင်း တရားတွေပဲ၊ ပါရမီရှိရင် ရနိုင်ပါတယ်""

""တပည့်တော်တို့ အက္ခယ်သိချင်ရင် ဘယ်လို လေ့လာရပါမလဲ ဘုရား"" ""အင်း...ပဋိသမ္ဘိဒါမဂ် ပါဠိတော် မြန်မာပြန်ကိုရှာပြီး ဖတ်ရှုလေ့လာကြည့်၊ သင်တန်းတွေလည်းတက်ပေါ့"" ဝါဝါတို့တစ်သိုက်မှာ အလွန်ဝမ်းမြောက် ပျော်ရွှင်သွားကြသည်။ သိလိုသော မေးခွန်း၏ အဖြေကို ရရှိလိုက်သော ကျောင်းသားကလေးများ၏ ပျော်ရွှင်မှုမျိုးတည်း။

ဤသည့်ဖြစ်ရပ်မှန် အထောက်အထားများကိုကြည့်၍ ဆရာတော်ကြီးသည် ရဟန်းနှင့် ဥပါသကာများ အပြန်အလှန်ကျင့်ရမည့် ဂါရဝများကို လေးစားလိုက်နာကြောင်း ထင်ရှားလှသည်။ ကုသိုလ်ရေး၊ သာသနာတော်တည်မြဲခိုင်ခန့်ရေးတို့နှင့် စပ်လျဉ်းလာလျှင် လူကြီးများကို မဆိုထားဘိ၊ ကလေးလူငယ်များကိုပင် အလေးဂရထားပြုစုပျိုးထောင် လမ်းမှန်ညွှန်ပြပေးတတ်သူ လမ်းပြကောင်းကြီး ဖြစ်ပေသည်။

ဆရာတော်ကြီးသည် သာသနာတော်နှင့်စပ်လျဉ်း၍ ပစ္စုပ္ပန်သက်သက်သာ သိသူမဟုတ်။ အတိတ်, ပစ္စုပ္ပန်, အနာဂတ်ကာလ(၃)ပါးလုံးနှင့် ချိန်ညှိ၍ အလွန်သိတတ်သော ဉာဏ်ကြီးရှင် မထေရ်မြတ်တစ်ဆူပါပေ။

ရွေးကုသိုလ်ကို အကြောင်းပြု၍ နောက်,နောက်ကုသိုလ်များသာ

ပဋိသမ္ဘိဒါမဂ်နှင့် ပတ်သက်၍ သိလိုရာရာများကို ဆရာတော်ကြီးထံမှ ကြားသိလိုက်ရသော ဝါဝါသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အဘိဓမ္မာတရားတော်ကြီးကို ပို၍ ပို၍ ကျယ်ပြန့်နက်ရှိုင်းစွာသိရှိလေ့လာလိုသောဆန္ဒ ထက်သန်ပြင်းပြလာခဲ့ပါသည်။ ထိုဆန္ဒကို ဝါဝါသည် ၁၉၈၆-ခုနှစ်တွင် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ထိုစဉ်က မြဝတီပုံနှိပ်တိုက်တွင် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်နေသော ဝါဝါသည် ညနေ

ရုံးဆင်းချိန်တွင် ဖခင်ကြီးနှင့်အတူ ဆူးလေအဘိဓမ္မာသင်တန်းသို့ တက်ရောက်ခဲ့ပါသည်။ ထိုသင်တန်းတွင် ဆရာကြီး ဦးလှမောင်၊ ဆရာကြီးဦးကျော်ထွတ်နှင့် ဆရာကြီးဦးအေးနိုင်တို့ထံမှ အဘိဓမ္မာတရားတော်များကို အားပါးတရသင်ယူခွင့်ရခဲ့ပါသည်။

ပဋ္ဌာန်းတရားတော်ကြီးနှင့်ပတ်သက်၍ အသေးစိတ်သင်ယူလိုသဖြင့် ဖခင်ကြီးနှင့်အတူ စနေ, တနင်္ဂနွေ ရုံးပိတ်ရက်များတွင် မစိုးရိမ်အဘိဓမ္မာဆရာကြီး ဦးထွန်းတင်၏ အဘိဓမ္မာသင်တန်းများသို့လည်း တက်ရောက်ဖြစ်ခဲ့ပြန်ပါသည်။ သပြေကန်ဆရာတော်ကြီး အခြေပျိုးပေးခဲ့သော ကျေးဇူးကြောင့် အဘိဓမ္မာမျိုးစေ့ကလေးသည် ဝါဝါ၏ နှလုံးသားဝယ် အညှောက်ပေါက် ရှင်သန်ခွင့်ရခဲ့လေသည်။

သပြေကန်ဥယျာဉ်ထဲမှ ပန်းပွင့်ကလေးများ

ပုဇွန်တောင်၊ ရွှေကျင်ကျောင်းတိုက်တွင် စနေ, တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ပို့ချပေးနေသော ဆရာဦးသစ်ဆန်းလွင်၏ ကလေးများအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းတွင် ကျီတော်, တောင်လုံးပြန်နှင့် ရန်ကုန်မြို့ထဲနေရာအသီးသီးမှ ကလေးများ လာရောက်သင်တန်းတက်ကြလေ့ရှိသည်။ ဆရာတော်ကြီး ဦးကောသလ္လ လက်ထက်မှစခဲ့သော ထိုသင်တန်းသည် သပြေကန်ဆရာတော်ကြီး လက်ထက်တွင်လည်း ဆရာတော်ကြီး၏ ဩဝါဒကို ခံယူကာ ဆရာ,ဆရာမများက ဆက်လက်ပို့ချနေခဲ့ကြသည်။

ဓမ္မဃောသကဟု ဆိုအပ်သော ဆရာဦးသစ်ဆန်းလွင်သည် မိမိဘဝကို မြှုပ်နှံ၍ အနာဂတ်ပန်းကလေးများဖူးငုံရာမှ ပွင့်လန်းလာအောင် ပုဇွန်တောင်၊ ရွှေကျင် ကျောင်းတိုက်တွင် အပတ်စဉ် ပျိုးထောင်စိုက်ပျိုးလျက် ရှိသည်။ သပြေကန်ဆရာတော်ကြီး၏ ဆုံးမဩဝါဒကို ခံယူ၍ ပန်းပျိုးခဲ့သော ဥယျာဉ်မှူး၏လက်ဝယ် သပြေကန်ဥယျာဉ်သည်လည်း ဆရာတော်ကြီး ပျံလွန်တော်မူပြီးသည့်တိုင် ဆက်လက် ပွင့်ဖူးရှင်သန်ဆဲ ဖြစ်လေသည်။

ဝါဝါတို့သည် ထိုသင်တန်းများတွင် တက်ရောက်ခွင့် မကြုံခဲ့ကြ။ သို့သော်လည်း သပြေကန်ဆရာတော်တည်းဟူသော အလွန်တရာ အရိပ်အာဝါသကောင်းမွန်လှသည့် ဥယျာဉ်ရိပ်မြုံကြီးထဲမှောက် လစဉ်,အပါတ်စဉ် ရောက်ရှိ ဩဝါဒခံယူရသဖြင့် အခါသင့်သောအခါ မလင့်ပုံသေ ဖူးပွင့်ခွင့် ကြုံရလေသည်။

နောင်သောအခါ ဆရာဦးသစ်ဆန်းလွင်၏ ယဉ်ကျေးမှုသင်တန်းဆင်း တပည့်များသည် ဆရာမများအဖြစ် ဆရာကြီး၏ သင်တန်းတွင် ကူပံ့ကာ အတူ သာသနာပြုနေကြလေပြီ။ မေခင်၏ သူငယ်ချင်းဖြစ်သော မသီတာထွန်းသည် ဒေါက်တာသီတာထွန်းဖြစ်လာ၍ ဆေးတက္ကသိုလ်တွင် ဆရာမတစ်ဦးအဖြစ် အနာဂတ်ဆရာဝန်လောင်းညွှန့်ထူးလေးများကို ပုံသွင်းပျိုးထောင်ပေးလျက်ရှိသည်။ ဒေါ်မာမာကြည်သည် ဒေါက်တာဘွဲ့ရ၍ ဒဿနိကဗေဒဌာနတွင် တာဝန်ထမ်းဆောင်နေသည်။ ဒေါ်အေးအေးသန်း သည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်တွင် ဆရာမတစ်ဦးအဖြစ် တတ်စွမ်းရာရာ သာသနာပြုလျက်ရှိသည်။ ဒေါ်အေးမြင့်စိန်သည် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းတွင် ဆရာမတစ်ဦးဖြစ်လာ၍ ပန်းပျိုးလက်အဖြစ် လူငယ်များကို ဘာသာသွေး၊ ဘာသာစိတ်ဓာတ်များရင့်ကျက်မြင့်မားလာအောင် ယနေ့တိုင် ပျိုးထောင်ပေးလျက်ရှိသည်။

စိန်စိန်သည်ကား တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ယောက် ဖြစ်လာ၍ အဘိဓမ္မာသင်တန်းများ တက်ခဲ့လေသည်။ မေခင်သည် မလေးရှားနိုင်ငံ၊ ဆေးတက္ကသိုလ်တွင် တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပြီး တစ်ဖက်မှာလည်း မလေးရှားနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာအသင်း၏ အတွင်းရေးမှူးအဖြစ်ဖြင့် တစ်နိုင်သာသနာပြုလျက်ရှိသည်။ ဆရာဦးကျော်ခင်မြင့်၊ ဆရာမကြီး ဒေါ်တင်ရီတို့၏ တပည့်များဖြစ်ကြသော ရွှေစင်နှင့် မိုးမြင့်တို့သည်လည်း မိမိတို့စွမ်းရာ ဝန်ထမ်းနယ်ပယ်၊ စီးပွားရေးနယ်ပယ်မှနေ၍ ဘုရားမမွေ၊ တရားမွေ့လျက် ရှိနေကြလေပြီ။

"ကုသိုလ်တရားတစ်ခုကိုလည်း ငယ်သည် ဟူ၍ မမှတ်ရ၊ ရိုရိုသေသေ ပြုအပ်လှသည်။ ထိုကုသိုလ်တို့အကျိုးပေးသောအခါ၌လည်း ကောင်းကျိုးချမ်းသာဟူသမျှကို မုချမသွေ ပေးတတ်လေသည်" ဟူသော ဆရာတော်ကြီး

၏ ဆုံးမစကားသည် မှန်လေစွ။

၁၉၅၅-ခုနှစ်သည်ကား ဝါဝါ၏ ဘဝတွင် မှတ်တိုင်တစ်ခု ဖြစ်ခဲ့၏။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဘာသာရပ်အားလုံး ဂုဏ်ထူးရရှိအောင်မြင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကလေးများနှစ် အထိမ်းအမှတ်စာပေပြိုင်ပွဲတွင် တက္ကသိုလ်အဆင့် ကဗျာပြိုင်ပွဲ၌ ပထမဆု ရရှိခဲ့၏။ ထို့နောက် တစ်နှစ်ထဲမှာပင် စိုက်ပျိုးရေးတက္ကသိုလ်နည်းပြစာမေးပွဲကိုလည်းကောင်း၊ စိုက်ပျိုးရေးသိပ္ပံ လ/ထ ကထိကစာမေးပွဲကိုလည်းကောင်း ဆက်တိုက်ပင် အောင်မြင်ခဲ့၏။ ထို့နောက် မြန်မာနိုင်ငံ ရာထူးဝန်အဖွဲ့မှ ကျင်းပသော မြဝတီပုံနှိပ်တိုက် တာဝန်ခံအယ်ဒီတာရာထူးကိုလည်း အောင်မြင်ခဲ့ပါသည်။ ဝါဝါ အသက်(၂၄)နှစ်တွင် မြဝတီပုံနှိပ်တိုက်၊ ဒို့ကျောင်းသားစာစောင်တွင် တာဝန်ခံအယ်ဒီတာရာထူး ထမ်းဆောင်ခဲ့ရ၏။ ထိုစာစောင်သည် ကျောင်းသားလူငယ်များအတွက် ဉာဏ်အရည်အသွေး မြှင့်တင်ပေးသော စာဉယျာဉ်ကြီးသဖွယ် ဖြစ်လေရာ ကျေးဇူးရှင်မိဘနှစ်ပါးနှင့် မဟာစည်ဆရာတော်ကြီး၊ သပြေကန်ဆရာတော်ကြီးစသည့် ဉယျာဉ်မှူးအသီးသီးတို့၏ မြေတောင်မြှောက်ပေးမှုကြောင့် ရှင်သန်ပွင့်လန်းခဲ့သော ဝါဝါအတွက် မျိုးစေ့ငယ်လေးများကို ရှင်သန်ထမြောက်အောင် ပျိုးထောင်ပေးရသူ တစ်ဦးဖြစ်လာခဲ့ပေ၏။

လောကဓံမုန်တိုင်းအမွေ

ပဋ္ဌာန်းတရားတော်သည် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကြီးနှင့်ဆင်ခြင်၍ ဟောကြားတော်မူခြင်းကြောင့် ကြွင်းမဲ့ညဏ် အလုံးစုံ မှန်ကန်လှပေသည်။

"ရွေးက အဖန်တလဲလဲ ပြုဖူးသော ကုသိုလ်တရားတို့သည် နောက်၌ဖြစ်သော ကုသိုလ်တရားတို့ကို ဆက်ကာ ဆက်ကာ ကျေးဇူးပြုသည်တဲ့"(အာသဝနပစ္စယော)

"ရွေးကဖြစ်ဖူးသော ကုသိုလ်တရားတို့ကို အမှီပြု၍ အကုသိုလ်တရားတို့လည်း နောက်၌ဖြစ်ပေါ်လာကြ၏"တဲ့။(ဥပနိဿယပစ္စယော)

သတ္တဝါတို့အပေါ် ကျရောက်ဖိစီးလျက်ရှိသော ကံနှင့်ကံ၏ အကျိုးပေးတို့သည်လည်း ဆန်းကြယ်လှပါဘိ။ ၁၉၈၈-ခုနှစ်တွင် ဖြစ်ပွားခဲ့သော လူထုအုံကြွမှု အရေးအခင်းအဖြစ်အပျက်များသည် မြန်မာနိုင်ငံတဝှမ်း သောင်းပေါင်းသိန်းပေါင်းများစွာသော လူအသီးသီးတို့အပေါ်၌ ကံအကြောင်းတရား အပြောင်းအလဲများ ဖြစ်ပေါ်စေခဲ့သည်။

ပင်ကိုယ်ကပင် အထက်တန်းသို့ တက်လှမ်းရန် အမြဲ ကြိုးပမ်းလေ့ရှိသော လူငယ်ကလေး ဝါဝါသည် တာဝန် သိတတ်သူတစ်ဦးလည်း ဖြစ်ခြင်းကြောင့် အထက်မှ ပေးအပ်သောတာဝန်ကို ကျေပွန်အောင် ကြိုးစားလေ့ရှိသည်။ ပြင်ပကိစ္စများကို ဂရုမထားတတ်ပေ။ သို့သော် မြန်အောင်မြို့၊ မင်းကန်ကြီး မဟာစည်ရိပ်သာတွင် သတိပဋ္ဌာန်တရားအားထုတ်ခဲ့စဉ်က "ကဿပ မြတ်စွာဘုရား သာသနာတော်ကုန်လုနီးဝယ် မိမိအသက်ကိုမျှ မငဲ့ကွက် တောင်ထိပ်ပေါ်တက်ကာ ကျားကုတ်ကျားခဲ တရားအားထုတ်တော်မူကြသည့် ရဟန်းတော်များ၏ အကြောင်း" ကို သိမြင်ခဲ့ပြီး ကြက်သီးမွေးညှင်း သည်းစွာထရလောက်အောင် ပီတိဖြစ်ခဲ့သည်။

ဖခင်ကြီး၏ သွန်သင်မှုကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့ အမွေခံရသည့် ဘာသာသာသနာကို အလွန်ချစ်မြတ်နိုးသည်ဖြစ်ရာ "မန္တလေးမြို့၊ သံဃာတော်များ အရေးအခင်းအကြောင်း" ကြားသိရသောအခါ ရင်ထဲမချိအောင် နာလေသည်။ လမ်းပေါ် သွေးအိုင်ထဲမှ ကျောင်းသားအရွယ် လူငယ်လေးများ၏ မရှုမလှ မြင်ကွင်းကို မြင်ရသောအခါ ကရဏာနောက်ကွယ်မှ ဒေါသတရားသည် ပေါက်ဖွားလာလေ၏။ "အားကြီးလှသော သဒ္ဓါတရား ကုသိုလ်ကိုအမှီပြု၍ ဒိဋ္ဌိတရား၊ မာနတရား၊ ဒေါသတရား စသော အကုသိုလ်တရားများလည်း ဖြစ်ပွားလာရ၏"

အဘယ်ကြောင့် ထိုကဲ့သို့ ဖြစ်ရသနည်း။ ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါ ဟူ၍ ယူဆစွဲလမ်းသော သက္ကာယဒိဋ္ဌိအမြစ်မပြုတ်ခြင်းကြောင့် ဖြစ်ရ၏။ သို့သော် ထိုစဉ်က ဤတရားအသိဉာဏ်သည် ရင်ဝယ်၌ မစွဲမြဲသေး။ ပေါ်လိုက်ပျောက်လိုက်။ ဝါဝါတို့မှာ ရိပ်သာရောက်တော့ တရားစိတ်၊ အိမ်ရောက်တော့ အိမ်စိတ်၊ မဂ္ဂင်ရှစ်ပါး ပြည့်စုံမှုကြောင့်

ဖြစ်ပေါ်လာရသည့် သဒ္ဓါစစ်၊ ပညာစစ်သည် အမြစ်မခိုင်သေး။ အရွယ်ကလည်းငယ်၊ စိတ်ကလည်းထက်၊ လောကသဘာဝ လူ့သဘာဝတို့ကို ကြည့်မြင်တတ်သော မြင်ကွင်းကလည်း မကျယ်သေး၊ မတရားတာမြင်လျှင် မှန်သည်ဟု ယူဆလျှင် မည်သူတားတား နောက်မဆုတ်သော ဉာဉ်ဖြင့် ဝါဝါတစ်ယောက် ဒီမိုကရေစီတိုက်ပွဲများနောက် လိုက်ပါသွားလေတော့၏။ ထိုအခါ ရှေးစိတ်က အကုသိုလ်(မောဟ)ကြောင့် နောက်စိတ်များကလည်း အကုသိုလ်စိတ်များချည်း ဖိစီးလာတော့ရာ အများအတွက် အမှန်တရားအတွက် လုပ်သဖြင့် လောကက မိမိကို မှန်သည်ဟု မည်သို့ပင် ဆိုကြပါစေ၊ လောကုတ္တရာ တရားသဘာဝအရကတော့ ဝိတိဂ္ဂမကိလေသာ၏ အကျိုးဆက်အဖြစ် ဆန့်ကျင်သူတို့ ရောက်မြဲဖြစ်သော အမှောင်ကမ္ဘာထဲသို့ ဝါဝါရောက်ရှိသွားတော့၏။ မှတ်မှတ်ရရ ၁၉၉၀-ပြည့်နှစ်ပါ။

ဤအကျိုးပေးသည် ဝါဝါ ပစ္စုပ္ပန်တွင် ပြုလုပ်ခဲ့သော ကံများချည်း သက်သက်ကြောင့်တော့ မဟုတ်။ အတိတ်ရော ပစ္စုပ္ပန်ပါ ပြုလုပ်ခဲ့သော ကံများ ရောနှောစုပေါင်း အကျိုးပေးခဲ့ခြင်းကြောင့်ပင်။ အကုသိုလ်ကံ တစ်ခုအကျိုးပေးနေစဉ် ကျန်ကုသိုလ်ကံစုတို့သည် အကျိုးပေးခွင့် အလှည့်မရ။ ထို့ကြောင့်ပင် ရွှေမင်းဝံရိပ်သာ၊ ချမ်းမြေ့ရိပ်သာ၊ မင်းကန်ကြီးရိပ်သာတို့တွင် အားထုတ်ဆည်းပူးခဲ့သော သီလကုသိုလ်၊ ဘာဝနာကုသိုလ်များသည် ထိုအချိန်၌ အကျိုးပေးခွင့်မရကြ။

သို့သော် ဘုရားယုံကြည်၊ တရားကိုယုံကြည်၊ သံဃာကို ယုံကြည်သော ခိုင်မာလှသည့် သဒ္ဓါစိတ်သည် ဝါဝါကို များစွာကာကွယ်စောင့်ရှောက်ခဲ့လေသည်။ အဘယ်မျှ ဝါဝါတစ်ယောက် ရတနာသုံးပါးကို ယုံကြည်သနည်းဆိုသော် ဒုက္ခရောက်မည့် နောက်ဆုံးအချိန်မှာပင် လာမည့်ဘေးပြေးတွေ့ဆိုသလို မင်းကွန်းဓမ္မရိပ်သာတွင် သတိပဋ္ဌာန်ဘာဝနာပွားရင်း တရားအသိနှင့် စောင့်ဆိုင်းနေခဲ့သည်။ ဤကဲ့သို့ လောကဓံကို မကြောက် ရဲဝံ့ခြင်းသည်ပင် ဆရာသမားတို့၏ အဆုံးအမ၌ တည်သော ဓမ္မစွမ်းအားဖြစ်ချေသည်။

သို့ပါသော်လည်း လက်တွေ့တွင် အိမ်ရှေ့ပူအိမ်နောက် မချမ်းသာ။ သားသမီးများ ဒုက္ခရောက်သော အခါ မိဘများ နှလုံးစိတ်ဝမ်း မအေးချမ်းတော့ပေ။ သမီးအတွက် သောကပင်လယ်ဝေလျက်ရှိသော မိခင်ကြီးနှင့် အစ်မကြီး ဒေါ်မြင့်မြင့်စိုးတို့သည် ကြွေကွဲသောနှလုံးဖြင့် အားထားမှီခိုရာ ဆရာသမားကောင်းဖြစ်သော ဘေးလွတ်ရာ သပြေကန်ဆရာတော်ကြီး၏ ရိပ်မြုံအောက်သို့သာ ခိုလှုံဆည်းကပ်မိကြလေတော့သည်။

ချမ်းမြေ့ရိပ်မြုံ

သောကအပူနှင့် ရောက်ရှိလာကြသော သားအမိနှစ်ဦးအား သပြေကန်ဆရာတော်ကြီးသည် လောကသဘောကို စာနာ နားလည်၍ အေးမြသော မေတ္တာဓာတ်ဖြင့် ဆီးကြိုခဲ့သည်။ သားအမိနှစ်ဦး၏ ပူလောင်နေသော နှလုံးသားကို မဂ္ဂင်တရားရေအေး တိုက်ကျွေး၍ ငြိမ်းအေးစေခဲ့သည်။

"မမေ့မလျော့ မပေါ့ဆဘဲ တရားတွေနာကြ၊ လှူကြတန်းကြ၊ သီလဆောက်တည်ကြ၊ ဘာဝနာကမ္မဋ္ဌာန်းတွေ စီးဖြန်းကြ၊ အဲဒီလို ကုသိုလ်တွေနဲ့ အကုသိုလ်တွေ မဝင်အောင် ထုံထားကြရတယ်။ ကုသိုလ်ဖြင့် ထုံထားကြတော့ ကြာတော့ ရင့်ကျက်ပြီး ခံနိုင်ရည်ရှိလာတယ်။ လောကဓံကြောင့် မတုန်လှုပ်တော့ဘူး။ လောကမှာ အပဖြစ်တဲ့ ပစ္စည်းဥစ္စာအတွက်လည်း အရေးမကြီးဘူး၊ ခန္ဓာအတွက်လည်း အရေးမကြီးဘူး၊ အတွင်းအဏ္ဏတ္တဖြစ်တဲ့ တရားပျက်မှာသာ စိုးရိမ်ကြ၊ တရားမပျက်ဖို့သာ အရေးကြီးတယ်နော်၊ ဝါဝါကိုလည်း ဘယ်မှာနေနေ တရားမပျက်ဖို့၊ တရားမမေ့ဖို့ မှာလိုက်ကြ"

အစ်မကြီးမှတစ်ဆင့် ပြန်လည်ပြောပြ၍ ထိုတရားကို နာကြားရသော ဝါဝါမှာ မျက်ရည်များပင် လည်သည်အထိ ရင်ထဲဆို့နှင့်ကြေကွဲရသည်။ ဆရာတော်ကြီးသည် ငါတို့ကို ပစ်မထားပါတကားဟူ၍လည်း ကျေးဇူးတင်အားတက်မိရပါသည်။ ဝါဝါတို့ ငယ်စဉ်က ဆရာတော်ကြီးဆုံးမခဲ့ဘူးသော "အကုသိုလ်အလုပ်ကို သေးငယ်သည်ဟူ၍ ပေါ့ပေါ့ဆဆမထားနှင့်" ဆိုသော ဆုံးမစကားသည်လည်း ရင်ထဲရောက်လာသည်။ ခလုတ်ထိမှ အမိတတ်

သော ဘီလုံးငှက်သဖွယ် မိမိလည်း ဖြစ်ရလေပြီဟု သံဝေဂ ရရှိပါသည်။

သမီးအတွက် ပူလောင်သောက ရောက်ရှာသော မိခင်ကြီးကိုလည်း တရားနှင့်ဖြေခိုင်းပါသည်။ မဟာစည် ဟိတေသီယောဂီဖြစ်သူ မိခင်ကြီးမှာ တရားနှင့်ဖြေပါသော်လည်း မပြေနိုင်၍ ဆရာတော်ကြီးက ဤသို့တရားဟောပြဆုံးမတော်မူခဲ့ရပါသည်။

"ဒကာမကြီး သမီးအတွက်ချည်း ပူမနေနဲ့၊ ကိုယ့်အတွက်လည်း ကိုယ်ပူဦး၊ သံသရာခရီးသွားအဖြစ်နဲ့ သွားရတဲ့အခါ မိမိတို့မှာ အားကိုးစရာပါဖို့လိုတယ်။ အားကိုးစရာဆိုတာက ပစ္စည်းဥစ္စာလည်း မဟုတ်ဘူး၊ ဆွေမျိုးဉာတိမိတ်သင်္ဂဟတွေလည်း မဟုတ်ဘူး။ သားသမီးတွေလည်း မဟုတ်ဘူး။ ကိုယ်အားထုတ်ထားတဲ့ ကုသိုလ်တရားတွေကသာ ကိုယ့်ရဲ့ရိကွာ၊ ကိုယ့်ရဲ့ အားကိုးစရာ၊ အဲဒါစိုးရိမ်စရာ မရှိအောင် ကြိုတင်ပြီးတော့ များများရိကွာထုတ်ကြရတယ်။ ဒကာမကြီး ကိုယ့်အတွက် ကိုယ်ပူပြီး ကြိုတင်ပြီးတော့ ရိကွာထုတ်တော့" ဆရာတော်ကြီးသည် တပည့်များ၏ ရှေ့ရေးကို ကြိုတင်သိမြင်သလားတော့ မသိပါ။

ဝါဝါအတွက် ပူပန်နေရှာသော မိခင်ကြီးသည် ဝါဝါ၏ ဝိပါကဝဋ်မှ လွတ်မြောက်မည့် ရက်တိုင် မနေရတော့ပါ။ ဝါဝါသည် မိခင်ကြီး၏ အသက်ကို မမီလိုက်ပါလေ။ မိခင်ကြီး၏ နောက်ဆုံးခရီးကို သံဝေဂမျက်ရည်ဝဲ၍သာ ကြုံဆုံကန်တော့လိုက်ရပါတော့၏။

သောကရတက်ပွေနေရှာသော မိသားတစ်စု အတွက် သပြေကန်ဆရာတော်ကြီး၏ ဓမ္မချမ်းမြေ့ရိပ်မြုံသည် သောကဖြေဖျောက်စရာ အရိပ်ဆာယာကောင်းသဖွယ် ဖြစ်ခဲ့ရပါ၏။

◆◆◆◆◆◆◆◆◆◆◆◆◆

အမှောင်ထုပိန်းပိတ်နေသော ကောင်းကင်ပြင်ကြီးဝယ် တခြမ်းကွေးလကလေးကို ခပ်ရေးရေးမြင်နေရ၏။ တိတ်ဆိတ်ငြိမ်သက်လှသော ဝန်းကျင်သည် သံဝေဂဖြင့် ပြည့်လျှံနေသော ဝါဝါ၏ စိတ်အစဉ်ကို တည်ငြိမ်အေးချမ်းစေရန် အထောက်အပံ့ပြုနေသည်။

"ဘယ်နေရာရောက်ရောက် မိမိအစ္ဆေတ္တသန္တာန်မှာ တရားမပျက်ဖို့သာ အရေးကြီးသည်" ဆရာတော်ကြီး၏ ဆုံးမစကားများ နားထဲဝင်လာသည်။ လက်က ပုတီးစေ့ကလေးများကိုတွန်းရင်း "သမ္မုဒ္ဓေဂါထာတော်မြတ်ကြီး" ကို ရိုရိုသေသေဖြင့် ပုဒ်ရေ(၁၀၀၀)ပြည့်အောင် ဝါဝါ စိပ်နေသည်။ အာရုံထဲတွင် မြတ်စွာဘုရား၏ ဂုဏ်တော်၊ ပုံတော်များ ပေါ်အောင် စိတ်ကို ငြိမ်အောင် တည်ထားသည်။ ဆရာတော်ကြီးက ဝါဝါအား သမ္မုဒ္ဓေဂါထာတော်ကြီး ပုဒ်ရေ(၁၀၀၀)ကို ဣရိယာပုထ် မပြင်ဘဲ တစ်ထိုင်တည်း စိပ်ခိုင်းထားသည်။

အမှောင်မှာပဲနေနေ၊ အလင်းမှာပဲနေနေ တရားကို ကိုယ်ကကျင့်သုံးမှ တရားကလည်း ကိုယ့်ကို ပြန်လည်စောင့်ရှောက်မည်။ မဂ္ဂင်အကျင့်မြတ်ဖြင့် စိတ်ကလေး ကိလေသာမှ စင်ကြယ်လွတ်မြောက်နေခြင်းသည်ပင် လွတ်မြောက်မှုအမှန်ဖြစ်ပါသည်။ စစ်ကြောရေးစခန်းများမှာပင် ဝါဝါ မုသားမသုံးခဲ့။ မပြောချင်လျှင် ရေငုံနှုတ်ပိတ်နေခဲ့သည်။ (၈)ပါးသီလ ယူထားခဲ့သည်။ မေတ္တာဘာဝနာစီးဖြန်းနေခဲ့သည်။

မှောင်လွန်းသော ညများတွင် သတိပဋ္ဌာန်ဘာဝနာပွားခဲ့သည်။ ဘုရားဝတ်တက်မြဲခဲ့သည်။ လူငယ်များအတွင်း ဝိပဿနာဘာဝနာတရား ဖြန့်ဝေပေးခဲ့သည်။ အဘိဓမ္မာတရားတော်များ ဆွေးနွေးသင်ကြားပေးခဲ့သည်။

နောင်တွင် အမှောင်ကမ္ဘာထဲ၌ ဝါဝါသာသနာပြုခဲ့ပုံကို ဆရာတော်ကြီးအား လျှောက်ထားရာ ဆရာတော်ကြီးက သာဓုခေါ်ခဲ့ပါသည်။ တရားကို ကျင့်သုံးသူအား တရားကလည်း ပြန်လည်စောင့်ရှောက်ခဲ့ပါသည်။

သမ္မုဒ္ဓေဂါထာတော်မြတ် တစ်နေ့လျှင် ပုဒ်ရေ(၁၀၀၀)ကို သင်္ကြန်ရက်မှ စ,စိပ်ခဲ့သော ဝါဝါသည် ၁၉၉၂-ခုနှစ် မေလ(၁)ရက်နေ့တွင် မှောင်လွန်းသောညများမှ လွတ်မြောက်ခဲ့လေပြီ။ ထိုအခါ ဝါဝါသည် အောက်ပါအတိုင်း ကြွေးကြော်လိုက်လေသည်။

"ဗုဒ္ဓစွမ်းရည် တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ"

"ဒါပေမယ့် သုံးလောကထွတ်ထား မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသော်မှ ပြည်သူတွေအတွက် အုပ်စိုးတဲ့ မင်းများက ဘယ်လိုကြင်နာပြီး ဘယ်လိုစနစ်နဲ့ အုပ်ချုပ်ကြရင် ကောင်းပါ့မလဲဆိုတာ လောကကောင်းကျိုးကို အကောင်းမြင်နဲ့ ကြံစည်တော်မူခဲ့ပါသေးတယ်။ အဲဒီလို ကြံစည်တာကို မာရ်နတ်က သိလို့တောင် အထင်မှားပြီး မြတ်စွာဘုရား မင်းအဖြစ်ကို ကြံစည်နေပါသေးလားလို့ တောင် မေးခဲ့ပါသေးတယ်။

ဆရာကြီးရေ အရင်တုန်းက ကျောက်ရိုင်းတုံးဘဝသာ ရှိခဲ့သေးတဲ့ ဝါဝါဟာ သံဝေဂတွေရင်နဲ့အပြည့်မို့ မြတ်ဗုဒ္ဓရဲ့ ဓမ္မတရားကို ပို၍ ကျယ်ပြန့်စွာ သိမြင်နားလည်နိုင်ဖို့၊ ခံယူကျင့်သုံးနိုင်ဖို့ မိမိရဲ့ အတွေးအမြင် ခံယူချက် အားလုံးကို အကောင်းမြင် များသထက်များအောင် အကောင်းမြင်ကတစ်ဆင့် အမှန်မြင်ဝါဒနဲ့ သိမြင်အောင် မဂ္ဂင်ရှစ်ပါးကျင့်သိလမ်းကြောင်းပေါ်သို့ လုံးဝပြောင်းလိုက်ပါတော့တယ်။

နောက်ဆုံးခရီး

မဂ္ဂင်လမ်းကြောင်း အမှန်ပေါ်သို့ မိမိဘဝကို ပြောင်းတင်ခဲ့သော ဝါဝါသည် အချိန်ရတိုင်း ဓမ္မစာပေများ ဖတ်၏။ ဓမ္မအလေ့အကျင့်များ ပျိုးထောင်၏။ စိတ်ကို တရားနှင့် မွေ့လျော်စေ၏။ နည်းလမ်းကောင်း ညွှန်ပြနိုင်မည့် လောကုတ္တရာဆရာကောင်းများကို ရှာဖွေဆည်းကပ်ခဲ့ပါလေ၏။

သို့သော် မိဘကျေးဇူးဆပ်ရန်၊ ဆရာသမားများ၏ ကျေးဇူးဆပ်ရန်၊ သာသနာတော်ကျေးဇူးဆပ်ရန်နှင့် မိမိ၏ ဝမ်းတစ်ထွာအတွက် ပရိယေသနဝမ်းစာကို ဖွေရှာခဲ့ရပါသည်။

တစ်နေ့တွင် ကျိုက္ကဆံအဝိုင်းနားအရောက် သံဃာတော်များ ဝတ်ရွတ်လာသံ၊ သံဃာတော်များအပြည့် ကားတန်းကြီးကို တွေ့လိုက်သဖြင့် အံ့အားသင့်သွားသည်။ ကြက်သီးထသွားသည်။ ဘာဖြစ်မှန်းမသိ၊ နောက်မှသိရသည်မှာ တိပိဋကဓရ မဟာဂန္ဓာရုံဆရာတော်ကြီး ဦးသုမင်္ဂလ

"ဓမ္မစွမ်းရည်တွေ့ မြင်ပြီ၊ ယုံကြည်မြဲလှစွာ"
"သံဃာ့စွမ်းရည်တွေ့ မြင်ပြီ၊ ယုံကြည်မြဲလှစွာ"

ကျောက်ရိုင်းတုံးမှသည်

စာရေးဆရာကြီးပါရဂူသည် ဝါဝါအား တစ်နေ့တွင် ဤသို့မေးလေသည်။

"ဝါဝါ တရားတွေ အားထုတ်ထားပါရဲ့နဲ့ ဘာဖြစ်လို့ နိုင်ငံရေးလုပ်တာတုန်း"

ထိုစဉ်က ဆရာကြီး၏အမေးကို ဝါဝါ နှုတ်ဖြင့် မဖြေနိုင်ခဲ့။ စိတ်ထဲကတော့ ဖြေခဲ့ပါ၏။

"တရားအားထုတ်တယ်ဆိုတာက တဒင်္ဂပဟာန်နဲ့ စိတ်အညစ်အကြေး ကိလေသာတွေကို ပယ်စွန့်တာပါ။ တရားကို သုတမယဉာဏ် ဘာဝနာမယဉာဏ်တို့နဲ့ သိတာ ဉာတပရိညာ၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ(၃)ပါးကို သိမြင်တာဟာ တီရဏပရိညာပါ။ ကိလေသာတွေကို အမြစ်ပြတ်ပယ်စွန့်တာကမှ ပဟာနပရိညာပါ"

"ပုထုဇဉ်ဓာတ်မှာ သမုစ္ဆေဒ ပဟာန်နဲ့ ကိလေသာတွေကို အမြစ်ပြတ် မပယ်နိုင်သေးတာဟာ မိုးရွာတိုင်း ချုံမြက်တောထတာနဲ့ တူပါတယ်ဆရာ၊ ကိလေသာတွေက တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဖြစ်နေတာလေ။

"စင်စစ်တော့ အလွန်အားကြီးတဲ့ သဒ္ဓါတရားမှာတောင် ပုဂ္ဂိုလ် သတ္တဝါ အယူမှ စင်ကြယ်တဲ့ သဒ္ဓါတရား သာလျှင် မွန်မြတ်တာ။ သက္ကာယဒိဋ္ဌိ မကင်းသေးတဲ့ သဒ္ဓါတရားကို စင်ကြယ်မြင့်မြတ်တယ်လို့ မဆိုနိုင်သေးဘူး။"

"လောကအလိုမှာ နိုင်ငံကိုချစ်တာ၊ ပြည်သူကို ချစ်တာ၊ ပြည်သူအတွက် အမှန်တရားအတွက် အများအကျိုးအတွက် အကောင်းမြင်နဲ့ ဆောင်ရွက်ရတာ ကုသိုလ်တွေရလို့ အလွန်ကောင်းပေမယ့် အဆိုးမြင်နဲ့ လုပ်မိရင် သူ့ဘက်ကိုယ့်ဘက် ရှိလာတယ်။ ချစ်ခြင်း မုန်းခြင်း တွေက ရှိလာတယ်။ ရလိုမှုလောဘ ဆန္ဒ, ရာဂတွေ ရှိလာတယ်။ လောကုတ္တရာမျက်စိနဲ့ကြည့်တော့ ရုပ်နာမ်ပရမတ်ပဲရှိတဲ့ ဓမ္မသဘာဝအပေါ်မှာ မရှိတာအရှိလုပ်၊ မဟုတ်တာ အဟုတ်လုပ်နေကြရတဲ့အတွက် အဲဒါဟာ အဝိဇ္ဇာ၊ မောဟတရားပဲ။

နှင့် တပည့်သံဃာများ ဝတ်ရွတ်ပူဇော်သွားကြခြင်းဖြစ်၏။ ကားပေါ်မှနေ၍ ဝတ်ရွတ်သွားသည့်အကြောင်းရင်းကိုမူ မသိလိုက်ရ။

နောက်တစ်နေ့ အရုဏ်တက်တွင် ညီမငယ် ရွှေစင်တစ်ယောက် ဆရာတော်ကြီးကို ညက အိပ်မက်မြင်မက်သည်တဲ့။ နံနက်(၈)နာရီခန့် သတင်းစာရောက်လာချိန်တွင်ကား ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူကြောင်း သတင်းပါလာသည်။ မိသားတစ်စုလုံး ကြေကွဲဝမ်းနည်းဖွစ်ကြရသည်။ ဆရာတော်ကြီး၏ ရုပ်ကလာပ် စံတော်မူရာ ရွှေကျင်ကျောင်းတိုက်သို့ အပြေးသွားရောက်ခဲ့ကြပြီး နောက်ဆုံးပူဇော်သည့်အနေဖြင့် လက်အုပ်ချီမိုး ရှိခိုးပူဇော်ခဲ့ကြလေသည်။ ဆရာတော်ကြီးကား မိမိတို့အား ချန်ထားရစ်ခဲ့လေပြီ။ ဆရာတော်ကြီး၏ ကျေးဇူးတရားကား များပြားလှလေပြီ။ မိမိတို့မှာကား မဆပ်နိုင်သေး။ ကျေးဇူးကြွေးတင်၍နေလေပြီ။

ဓမ္မမြစ်ကြီးစီးလေပြီ

မဟာစည်ဆရာတော်ကြီးနှင့် သပြေကန်ဆရာတော်ကြီးတို့၏ ဆုံးမသြဝါဒများကြောင့်ပင် လက်ဗလာ၊ ခြေဗလာ၊ သုညဘဝမှ ဘဝသစ်ကို ပြန်စရသော ဝါဝါ တစ်ယောက် လောကဓံတိုက်ပွဲပေါင်းများစွာကို အံခဲကျော် ဖြတ်နိုင်ခဲ့ပါ၏။

ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူသွားသော်လည်း ဆရာတော်ကြီး ရေးသားချန်ရစ်ထားခဲ့သော ကျမ်းစာမြတ်များသည်ပင် သက်ရှိထင်ရှား ဆရာတော်ကြီး အနေနှင့် လမ်းညွှန်ဆုံးမလျက် ရှိပါသည်။ ထိုဓမ္မစေတီများကို ပူဇော်ရင်း နှလုံးသွင်းခံယူကျင့်သုံးရင်း-

ဆရာတော်ကြီး ဟောကြားတော်မူသော တရားများထဲမှာ ပါဝင်သော မြတ်စွာဘုရားလက်ထက်တော်က ဆင်းရဲနွမ်းပါးသူတို့အား ဆေးဝါးအစာ ဝေငှပေးသော သုဒတ္တအား အားကျဂုဏ်ယူမိ၍ ဝါဝါတစ်ယောက် အာရုဒေသဆိုင်ရာ ဆင်းရဲနွမ်းပါးမှု ပ,ပျောက်ရေးအဖွဲ့ဝင် တစ်ယောက်အဖြစ် လောကအကျိုးကို သဲတစ်မှုန်စာမျှ ထမ်းရွက်ခွင့်ရခဲ့ပြီ။

မြတ်စွာဘုရား လက်ထက်တော်က ဝိသာခါ ကျောင်းအစ်မကြီးကို အားကျဂုဏ်ယူမိ၍ ဝါဝါတို့ ညီအစ်မတစ်တွေသည် စေတီ၊ ဘုရား၊ ကျောင်း၊ ကန်၊ တန်ဆောင်းများ၊ တရားအားထုတ်သူယောဂီများအတွက် ကျောင်းဆောင်၊ ဥယျာဉ်မြေ၊ ဓမ္မာရုံစသည်များ လှူဒါန်း နိုင်ခဲ့၍ သာသနာတော်၏ ကျေးဇူးကို သဒ္ဓါဖြင့် ဆပ်ခွင့် ကြုံခဲ့ပါပြီ။

မြတ်စွာဘုရားလက်ထက်တော်က ပညာအားကောင်းလှသော ခုဇ္ဇုတ္တရာမယ်တော်ကြီးကို အားကျဂုဏ်ယူမိ၍ ဗုဒ္ဓတရားတော်များကို ကိုယ်တိုင်လည်းကျင့်သုံး၊ အများကိုလည်း ဖြန့်ဝေပေးနိုင်ခဲ့ပါပြီ။ ဗုဒ္ဓအဆုံးအမ တရားတော်စာအုပ်များကိုလည်း ကိုယ်တိုင်ရေးသား ဖြန့်ချိနိုင်ခဲ့ပါပြီ။

ခရီးသွားရင်း ဗုဒ္ဓအဆုံးအမများကို ရောက်ရာအရပ်တွင် ပြောကြားလေ့ရှိသော သောတာပန်အာဠဝကကြီးထုံး နှလုံးမူ၍ စီးပွားရှာရင်း နယ်စွန်တောဖျားသွားရင်း ရောက်ရာအရပ်တွင် ဓမ္မအလင်းဖြန့်ဝေပေးလျက် ရှိပါသည်။

အထူးမှာကား ဗုဒ္ဓမြတ်စွာဘုရား၊ သံဃာတော်များ၊ မိဘဆရာသမားတို့နှင့် သာသနာတော်မြတ်၏ ကျေးဇူးကို ဆပ်သည့်အနေဖြင့် ၁၉၉၉-ခုနှစ်မှစ၍ မိခင်ဧရာဝတီစာအုပ်တိုက်တည်းဟူသော ဓမ္မမြစ်ကြီးကို စီးဆင်းပေးနိုင်ခဲ့ပါပြီ။ ဆရာတော်ကြီး၏ ကျမ်းစာမြတ်များကိုလည်း ရိုက်နှိပ်၍ အများပြည်သူတို့အား စဉ်ဆက်မပြတ် ဓမ္မအလင်းဖြန့်ဝေပေးနိုင်ခဲ့ပါပြီ။ ထိုဓမ္မမြစ်ကြီး စီးဆင်းမြစ်ဖျားခံရာသည်ကား ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ကြီး၏ ချမ်းမြေ့ရိပ်မြုံဖြစ်သော ပုဇွန်တောင်၊ ရွှေကျင်ကျောင်းတိုက်ကြီးသာ ဖြစ်ပါသတည်း။

ရုပ်တုတော်ရှေ့ အဓိဋ္ဌာန်

ယခင်က ဝါဝါသည် ဆရာတော်ကြီး၏ စံကျောင်းတော်အောက်ရှိ ရုပ်တုတော်ကြီးရှေ့ ရောက်လျှင် မိမိဘက်မှ တစ်ခုခုလိုနေသည်ဟု အမြဲခံစားရသည်။ အားငယ်ဝမ်းနည်းနေတတ်သည်။

ယခုကား ရုပ်တုတော်ရှေ့ရောက်တိုင်း ဆရာတော်ကြီး၏ ဂုဏ်ရည်များနှင့် ကျေးဇူးတရားများကို မှန်းဆကြည်ညို ပွားများမိမြဲ ဖြစ်ပါသည်။ အောက်ပါအတိုင်းလည်း အဓိဋ္ဌာန်ပြုမိပါ၏။

"သူ ငါ ရှိ၍ ချစ် မုန်း ရှိသော လောကဌ် လောကခံ ရှိ၏" "သူ ငါ မရှိ၍ ချစ် မုန်းမရှိသော နိဗ္ဗာန်သည်ကား လောကမှ လွန်မြောက်၏" ထိုနိဗ္ဗာန်ကို ရည်မှန်း၍ ဤသာသနာတော်တွင် သပြေကန်ဆရာတော်ကြီး ဆုံးမခဲ့သည့်အတိုင်း ဥပါသကစဏ္ဍာလ, ဥပါသကမလ၊ ဥပါသက ပတိကိဋ္ဌ မဖြစ်စေမူ၍ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ဥပါသကရတန၊ ဥပသကပဒုမ၊ ဥပါသက ပုဏ္ဏာရိက သာ ဖြစ်စေမည်ဟု အဓိဋ္ဌာန်ခဲ့မိပါသည်။

"ပဏ္ဍိတာနဉ္စ သေဝနာ-စက်မှသည် အတ္တသမာ ပဏိဓိစက်" အထိ စက်(၄)ပါး ပြည့်စုံသူတို့ကား ဒုက္ခနှင့် ကြုံတွေ့လင့်ကစား တရားကပင် ဆောင်ယူကယ်တင် ချမ်းသာရပေ၏။ ဝါဝါ၏ ဘဝတစ်ကွေ့ မမေ့စရာ အဖြစ် အပျက်များသည် ဘဝတစ်သက်တာလုံးအတွက်လည်း အမှတ်ထင်ကျန်နေမည့် မှတ်တမ်းများသာ ဖြစ်ပေတော့ သတည်း။

သူတော်ကောင်းတရားမြတ် လွမ်းပတ်ကမ္ဘာ တည်စေသော်။

ဝါဝါ

ဥပါသကာကောင်းတို့ ပြည့်စုံရမည့်အင်္ဂါ(၅)ပါး

၁။ သဒ္ဓါရှိခြင်း၊

၂။ သီလရှိခြင်း၊

၃။ ဘထူးဘဆန်းဖြစ်သော ဝတ္ထုကိုမြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ တွေ့ထိရခြင်းကြောင့် မင်္ဂလာဖြစ်၏ဟု မယူဆခြင်း၊

၄။ ကံကိုယုံ၍ မင်္ဂလာကို မယုံခြင်း၊

၅။ မဇ္ဈသာသနာပြည်၌ ဘလွန်ခံရာကိုရော၊ ဤသာသနာ၌သာ လွန်ခြင်းမြတ်နိုးခြင်း စသည်ကိုဦးစွာပြုခြင်းတို့တည်း။

မှတ်ချက်။ ဗိမိတို့ဘကြောင်းကို ထုတ်ဖော်ပြောဆို ကြားဝါလိုရ၍ မတွတ်ပါ။ သံယာ့ဂုဏ်ရည်မွန်မြတ်နှင့် ပြည့်စုံသော သံယာတော်ကြီးတစ်ပါးကို ဘးထားယုံကြည်ကိုးကွယ်ဆည်းကပ်မိ၍ သမ္မတ္တိစက်(၄)ပါးနှင့် ပြည့်စုံကာ ဆင်းရဲကင်းပျောက်ချမ်းသာရောက်ကြောင်း၊ လောကီ ဘတွက်သာမက လောကုတ္တရာဘတွက်ပါ ဘကျိုးများခဲ့ရကြောင်း နှောင်းခေတ် မျိုးဆက်သစ်များ သိရှိဘးကျပြီး ရတနာမြတ်သုံးပါးဘဝေါခွဲ ကြည်ညိုမှုသဒ္ဓါတရားများ ပေါက်ဖွားလာစေရန် ဖြစ်ရပ်မှန်ကို တင်ပြ၍ ကျေးဇူးရှင် ဆရာတော်ကြီးဘား ပူဇော်ကန်တော့ဘာ်ပါသည်။

အားလုံးပြည့်စုံနေသူ

အကြင်သူ၏ စိတ်သည် တင်းတိမ်ရောင့်ရဲလျက် ရှိ၏။ ထိုသူမှာ အားလုံးပြည့်စုံလျက်သာ၊ ဖိနပ်ဖြင့် ဖုံးလွှမ်းထား အပ်သော ခြေရှိသူအဖို့ မြေတစ်ပြင်လုံး သားရေဖုံးထား သကဲ့သို့သာ အမှန်ဖြစ်သည်။

အရှင်ဝါသေဋ္ဌာဘိဝံသ

A Contented Person

ACONTENTEDPERSON lives happily with what he has. He is an a person with well-made sandals who cares not whether he walks on dust or sand or sharp stones. For such a person, the surface of the earth is as if carpeted with leather.

သပြေကန် ဆရာတော်ဘုရားကြီး၏ မေတ္တာ

မညီရည်

၁၂၇၂-၁၃၅၆-ခုနှစ်၊ သက်တော် (၈၄)တွင် ပျံလွန်တော်မူသော ကျေးဇူးတော်ရှင် သပြေကန်ဆရာတော် ဘုရားကြီးအား ဒေါက်တာမင်းတင်မွန်မှ ဤသို့ ပူဇော်သည်ကို ကျွန်မ ဖတ်ရှုမှတ်သားခဲ့ရပါသည်-

- ဝိနည်းသီလသည် သာသနာတော်၏အသက်၊
- သီလကို အသက်ပေး၍ စောင့်ထိန်းသူ၊
- ရုပ်တုပမာ တည်ငြိမ်အေးသည့် သမာဓိရှင်၊
- ပညာရှင်များ ညီညာဖြဖြ ချီးကျူးကြသည့် ဉာဏ်ပညာကြီးကျယ်သူ၊
- စံထားလောက်သည့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊
- အလိုနည်းခြင်း၊ သည်းခံခြင်း၊ ရောင့်ရဲခြင်း၊
- မိမိကိုယ်ကို နှိမ်ချခြင်း၊ မာန်မာနကင်းခြင်း၊ ပိဋ္ဌကတ် ဗဟုသုတကြွယ်ဝခြင်း

စသည့် ဂုဏ်အပေါင်းနှင့်ပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီးသည် ခန္ဓာပျက်ကြွေ ကမ္ဘာကြေသော်လည်း ဒီဂုဏ်များက မသေ ဟူ၍ ဖြစ်ပါသည်။

ကျေးဇူးကြီးမားလှပါသော သပြေကန်ဆရာတော် ဘုရားကြီးအား ဤစာပေမှတ်တမ်းဖြင့် ရှိခိုးပူဇော်ကန်တော့ပါသည်။

ကျေးဇူးရှင် ဖခင်ကြီးအား မသိနားမလည်၍ စေတနာမှားဖြင့် ပြုမိသော အပြစ်အား ဤစာပေမှတ်တမ်းဖြင့် တောင်းပန်ကန်တော့ပါသည်။

၁၉၇၅-ခုနှစ်မှစ၍ ကျွန်မတို့မိသားစုသည် ပုဇွန်တောင်ရေကျော်တွင် အိမ်ငှားဘဝဖြင့် နှစ်ပေါင်းများစွာ ကျင်လည်နေထိုင်ခဲ့ပါသည်။

ပုဇွန်တောင်ရွေကျင်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော သပြေကန်ဆရာတော်ဘုရားကြီးသည် အကျင့်သီလ၊ ဝိနည်းသိက္ခာ ပြည့်စုံ၍ ကျော်ကြားနေသည်ကိုလည်း

ကြားသိနေခဲ့ပါသည်။ သို့ပါသော်လည်း တစ်ခါမျှ မဖူးမြော်ခဲ့ဖူးပါ။ ခလုပ်ထိမှ အမိတ ဆိုသော စကားသည် ကျွန်မအတွက် အလွန်မှန်ပါသည်ဟု ဝန်ခံချင်ပါသည်။ ကျွန်မတို့ မိသားစုသည် ၁၉၈၉-ခုနှစ်တွင် မဟာဓေယျလမ်းသို့ ပြောင်းရွှေ့ပြီး မကြာခင် ဖခင်ကြီးသည် ဆီးချိုရောဂါဖြင့် ရုန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စ ရောက်ခဲ့ရပါသည်။ ဖခင်ကြီး ကွယ်လွန်မည့်နေ့ ၁၉၈၉-ခုနှစ်၊ ဧပြီလ(၄)ရက် နံနက်မှစ၍ မောင်နှစ်မများအားလုံး တစ်လှည့်စီ ဖခင်ကြီး အနားတွင် ပရိတ်တရားတော်များ ပူဇော်နေကြပါသည်။ ကျွန်မ ပူဇော်အပြီးတွင် ဆေးရုံကြီး၏ ဝရံတာမှ နေ၍ ရွှေတိဂုံဘုရားကြီးအား ဖူးမြော်နေမိပါသည်။

ဖခင်ကြီးသည် ၄င်းနေ့(၄-၄-၁၉၈၉)နံနက်တွင် ကွယ်လွန်သွားရှာပါသည်။ ဝမ်းနည်းကြေကွဲစွာဖြင့် ကျွန်မတို့ မောင်နှမများသည် ဖေဖေ့အား ရေခဲတိုက်သို့ လိုက်လံပို့ဆောင်ခဲ့ကြပါသည်။ ပစ္စည်းများ သိမ်းဆည်း၍ အိမ်သို့ ပြန်ပြီး ခင်ပွန်းနှင့် ကလေးများကို ဖေဖေဆုံးကြောင်း ပြောပြရာ ဖေဖေဆုံးပါးသည့် မွန်းလွဲ(၂:၀၀)နာရီကျော်ခန့်က ကျွန်မတို့မိသားစု နေထိုင်ရာ ရေကျော်အိမ်တွင် ဆေးရုံနှင့် ဆေးနံ့များရနေ၍ ဖေဖေဆုံးပါးပြီး လိုက်လံနှုတ်ဆက်သည်ထင်ကြောင်း ခင်ပွန်းနှင့် ကလေးများမှ ပြန်လည် ပြောပြကြပါသည်။ ဖေဖေသေဆုံးချိန်နှင့် တစ်ချိန်တည်း ဖြစ်နေသည်ကို အံ့သြဝမ်းနည်းစွာဖြင့် သိလိုက်ရပါသည်။

ကျွန်မသည် ဖေဖေမသေဆုံးမီက နေထိုင်သွားသော တာမွေ၊ ဝွတ္တလစ်ရှိ ညီမလေးများ နေအိမ်သို့ နာရေးကိစ္စများ ဆောင်ရွက်ရန်အတွက် ရက်လည်ပြီးသည်အထိ သွားရောက်နေထိုင်ပြီး လှူဒါန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ညစဉ် ကျွန်မတို့ မောင်နှမများ အိပ်၍မရနိုင်ကြပါ။ ရက်လည်သည့် ညမှ ကျွန်မ မှေးကနဲ အိပ်ပျော်စဉ် ဖေဖေ့အသံဖြင့် အမာ(ကျွန်မ၏ ငယ်နာမည်)နင်ငါ့ကို သေစေခြင်လားဟု အသံကြားရ၍ ကျွန်မလန့်နိုးပြီး စိတ်များ တုန်လှုပ်ချောက်ခြားမိပါသည်။ ဘာကြောင့် ဖေဖေ ဒီလို ပြောရတာလဲ စဉ်းစားကြည့်ရာ ကျွန်မမှားယွင်းစွာ သစ္စာပြုခြင်းကြောင့်လားဟု ချက်ချင်းတွေးမိပြီး စိတ်မကောင်းခြင်း၊ များစွာ ဝမ်းနည်းကြေကွဲခြင်း ဖြစ်မိပါသည်။

ဖေဖေ့ကိစ္စ အားလုံးပြီးမှ ကျွန်မ မိသားစုရှိရာ ရေကျော်၊ မဟာဓေယျလမ်းအိမ်သို့ ပြန်ခဲ့ပါသည်။ ပြန်လာသည့် ညတွင် လမ်းထိပ်မှစ၍ ခွေးတစ်အုပ်ကြီး အူသံဖြင့် ဝင်လာရာ ကျွန်မတို့ အိမ်ရှေ့တွင်ရပ်ပြီး ဆက်မသွားတော့ဘဲ အူနေပါတော့သည်။ ကျွန်မတို့ မိသားစုသည် စိတ်မကောင်းစွာဖြင့် ဖခင်ကြီး မကျွတ်မလွတ်ဖြစ်နေကြောင်း သိလိုက်ရပါသည်။ ထို့ကြောင့် ကျွန်မတို့ ဇနီးမောင်နှံသည် နံနက်စောစောတွင် ဘုရားအား ဆွမ်း၊ ရေချမ်း၊ ပန်း ကပ်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ ပြုပြုသမျှ ကုသိုလ်များအား ဖခင်ကြီးသို့ အမျှအတမ်းပေးဝေခြင်းများ ပြုပါသော်လည်း ည(၁၂:၀၀)နာရီကျော်သည်နှင့် ခွေးများမှာ အူမြဲအူလျက် ရှိပါသည်။ ထို့အပြင် လပတ်ဆွမ်းများ လှူဒါန်းခြင်း၊ ဖခင်ကြီး ဒုလ္လဘဝတ်ခဲ့ဖူးသော ဘုန်းကြီးကျောင်းသို့ ဆွမ်းချိုင့်နှင့် လှူဒါန်းဖွယ်ရာများ လှူဒါန်းခြင်းကိုလည်း ပြုကြပါသည်။ ဤနေရာတွင် ကျွန်မဖခင်ကြီး၏ စိတ်နေစိတ်ထားနှင့် သဘောသက်ဘာယကို ကျွန်မ အနည်းငယ် ရှင်းပြလိုပါသည်။ ဖခင်ကြီးသည် ရဲအရာရှိတစ်ဦးဖြစ်ပြီး သူ၏ တပည့်လက်သားများ၊ အိမ်နီးနားချင်းများ၊ ဇနီးသားမယားတို့အပေါ်တွင် ဆရာကောင်း၊ မိတ်ဆွေကောင်း၊ ဖခင်ကောင်းတစ်ဦးအဖြစ်လည်းကောင်း၊ မိဘများမရှိသောကြောင့် သူ၏ယောကျ်ားမများအပေါ်တွင်လည်း မိဘအရင်းနှင့် မခြား ပြုစုစောင့်ရှောက်ခဲ့သူ တစ်ဦးဖြစ်ပါသည်။ ဖေဖေ့တပည့်များ၏ သားသမီးလေးများသည် ဖေဖေနှင့်တွေ့လျှင် အလွန်ပျော်ကြပါသည်။ သူတို့ကိုတွေ့လျှင် မုန့်ဝယ်ပေးခြင်း၊ မုန့်ဖိုးပေးခြင်း၊ တပည့်များအား အကျိုပုဆိုး ဝယ်ပေးခြင်း ပြုလုပ်တတ်ပါသည်။ ရှင်မပြုနိုင်သော မိတ်ဆွေနှင့် ဆွေမျိုးများ၏ သားသမီးများအား ရှင်ပြုပေးခြင်းဖြင့် စေတနာသဒ္ဓါတရား အလွန်ကောင်းမွန်သူတစ်ဦးဖြစ်ပါသည်။

ပင်စင်စားအရာရှိတစ်ဦး ဆုံးပါးခဲ့လျှင် နာရေးတွင် လာရောက်သူများသည် ဆွေမျိုးနှင့်တပည့်လက်သား အနည်းငယ်ဖြင့်သာ နာရေးကိစ္စ ပြီးမြောက်ကြသော်လည်း ဖေဖေသည် လူချစ်လူခင်ပေါများသူတစ်ဦး ဖြစ်ခြင်းကြောင့် ဖေဖေ့နာရေးမှာ ရုပ်ရှင်မင်းသား၊ မင်းသမီးများ ဆုံးပါးသည့်

မည်သို့ပင် စိတ်သဘောထားကောင်းမွန်ပြီး၊ ဒါန၊ သီလ အားကောင်းသူတစ်ဦး ဖြစ်ပါသော်လည်း၊ ကွယ်လွန်ခါနီးတွင် စွဲလမ်းမှု ဥပါဒါန်ကြောင့် ဘဝနစ်မွန်းရရှာပါသည်။ ကျွန်မသည် ညစဉ်ညတိုင်း ဘုရားဝတ်ဖြည့်လျှင် သောက်တော်ရေအား လဲလှည်လွှဲရှိရာ စွန့်ပစ်မည့် ဘုရားသောက်တော်ရေဟောင်းများကို အိမ်ရှေ့ဝရံတာတွင် စိုက်ပျိုးထားသော ပန်းအိုးနှင့် ပန်းပင်များပေါ်သို့ ဖြန်းပက်လေ့ရှိပါသည်။ ဖေဖေဆုံးပါးပြီး ရက်လည်၍ တစ်ပတ်အကြာလောက်ဟု ထင်ပါသည်။ ကျွန်မသည် ခါတိုင်း ပြုမူနေကြအတိုင်း သောက်တော်ရေလဲလှယ် ဘုရားဝတ်ဖြည့်ပြီး အိပ်ယာဝင်ခဲ့ရာ ထိုညတွင် အိပ်မက်မြင်မက်ပါတော့သည်။ အိပ်မက်ထဲတွင် ဖေဖေသည် စွပ်ကျယ်အပါးအဖြူလေးဖြင့် မျက်နှာမှာ ငြိုးငယ်နေပြီး နွမ်းလျလျလေးဖြင့် "သမီးရယ် ဖေဖေ့ကို ဘာရေတွေနဲ့ ဖြန်းတာလဲ ဖေဖေ အသားတွေ သိပ်နာတာပဲ" ဟု သနားစဖွယ် ဆိုနေသည်ကို သိသာထင်ရှားစွာ မြင်မက်ခဲ့ပါတော့သည်။ တိုက်ဆိုင်စွာ ထိုညတွင်ပင် ကျွန်မသမီးအကြီးမလေးလည်း ဖေဖေ့အား အိပ်မက်မြင်မက်ပါသည်။ ကျွန်မသမီးအကြီးမသည် ဖေဖေ၏ မြေးဦးမို့ ဖေဖေအချစ်ဆုံး ဖြစ်ပါသည်။ သမီးကြီးမြင်မက်ပုံမှာလည်း ကျွန်မအတိုင်းပင် စွပ်ကျယ်အဖြူပါးလေးဖြင့် မျက်နှာငယ်လေးနှင့် ကြည့်နေပြီး ဘာမှမပြောဟု သမီးကြီးမှ စိတ်မကောင်းစွာဖြင့် ပြန်ပြောပြပါသည်။ ကျွန်မသည်အတိုင်းနေလို့ မဖြစ်တော့ကြောင်း ရိပ်စားမိလိုက်ပါသည်။ ဖေဖေ့အတွက် သီလစင်ကြယ်ပြည့်စုံပြီး မြင့်မြတ်သည့် ပုဂ္ဂိုလ်မျိုးကို လှူဒါန်းမှဖြစ်ပါတော့မည်။ ကျွန်မ၏ အိမ်ရှင် အစ်မဒေါ်ခင်ရီနှင့် တိုင်ပင်ကြည့်ရာ အစ်မ ဒေါ်ခင်ရီမှ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေကျင်ကျောင်းတိုက်ရှိ သပြေကန်ဆရာတော်ဘုရားကြီးထံသို့ လိုက်ပါပို့ဆောင်ပေးမှုဖြင့် အရေးကြုံမှ သူတော်ကောင်းနယ်မြေသို့ ရောက်ရှိပါတော့သည်။ ဆရာတော်ဘုရားကြီးထံသို့ အသွားလမ်းခရီးတွင်လည်း ဆရာတော်ဘုရားကြီးနှင့် ကံကောင်းထောက်မစွာဖြင့် တွေ့ဆုံနိုင်ပါစေဟု ဆုတောင်းရသည်မှာလည်း မမောပန်းနိုင်ပါ။ ကျောင်းတိုက်သို့ ရောက်သောအခါ ဆရာတော်အလား ထင်ရလောက်အောင်ပင် နာရေးလိုက်လံပို့ဆောင်သူများပြားလှပြီးလျှင် ကျွန်မသည် ဖေဖေ့ရုပ်ကလာပ်အနားတွင် နောက်ဆုံးအနေဖြင့် တစ်ဝကြီး ကြည့်နေစဉ်တွင်လည်း နာရေးလာရောက် ပို့ဆောင်သူများမှ ဆရာကြီးလို လူမျိုးကတော့ ရှားပါတယ်၊ ကျွန်တော်တို့ အခွန်ဆောင်စရာမရှိလျှင် ဆရာကြီးမှ ဆောင်ပေးတယ်၊ တော်ရုံတန်ရုံ အမှုလောက်ဆိုလျှင်လည်း ဆရာကြီးမှ အားလုံးပြေလည်ကျေနပ်အောင် စောင်မကြည့်ရှုပေးတယ်။ ဒါကြောင့် ကျွန်တော်တို့ တပည့်လက်သားတွေရော၊ ကားသမားတိုင်းလိုလိုကလည်း ဆရာကြီးကို ချစ်ခင်လေးစားကြရတယ် စသည်ဖြင့် ပြောဆိုနေကြသည်ကို ကျွန်မကြားရတော့ ဖေဖေ့အတွက် များစွာ ဂုဏ်ယူမိသလို၊ များစွာ နှမျောတသမိပါသည်။

ဖေဖေ ဆေးရုံတက်နေစဉ် လူမမာလာမေးသော ဖေဖေ့တပည့်တစ်ဦးမှလည်း ဆရာသာ တကိုယ်ကောင်းဆန်လျှင် တိုက်နဲ့ ကားနဲ့ နေလို့ရတယ်။ တပည့်တွေလှည့်ပြီး ထောက်ပံ့စောင့်ရှောက်နေလို့သာ ဆရာ မချမ်းသာတာဟု ပြောခဲ့ဖူးပါသည်။ ဖေဖေသည် ငွေမက်မောသူတစ်ဦး မဟုတ်ပါ။ သူတစ်ပါးအား ပေးကမ်းကျေးမွေးနေရသည်ကိုပင် ကျေနပ်ဝမ်းသာပီတိဖြစ်တတ်သူတစ်ဦး ဖြစ်ပါသည်။ သို့သော် ဝိပဿနာတရားအား ရှာဖွေအားထုတ်ခြင်းအမှု မပြုနိုင်ခဲ့ပါ။

သားသမီးများအပေါ် အလွန်သံယောဇဉ်ကြီးပြီး ရဲတပ်သားဘဝကပင်လျှင် ကျွန်မတို့ မောင်နှမများအား အရာရှိသားသမီးများနှင့် တန်းတူမျက်နှာမငယ်စေရန်အတွက် ထိုခေတ်က နာမည်ကြီးလှသော မြို့မကျောင်းသို့တက်ရောက် ပညာသင်စေခဲ့ပါသည်။ ဖေဖေ့ကျေးဇူးကြောင့် ကျွန်မသည် ဦးစီးမှူးတစ်ဦးအဖြစ်လည်းကောင်း၊ မောင်လေးသည် ဆရာဝန်တစ်ဦးအဖြစ်လည်းကောင်း၊ ကျန် မောင်ငယ် နှမငယ်လေးများသည်လည်း ဘွဲ့နှင့်အထိုက်အလျောက် အလုပ်အကိုင် အသီးသီးဖြင့် ဘဝတွင် ဖေဖေ့ကျေးဇူးကြောင့် ကောင်းမွန်စွာရပ်တည်နိုင်ခဲ့ကြပါသည်။

ဘုရားကြီးမှာ အေးဆေးတည်ငြိမ်စွာဖြင့် မည်သည့် အဆောင်အယောင်မျှ တန်ဆာဆင်ထားခြင်းမရှိသော ရိုးရိုးသစ်သားကုလားထိုင်ပေါ်တွင် အဖူးမျှော်ခံနေသည်ကို ဖူးတွေ့ရပါသည်။ အေးချမ်းပြီး မေတ္တာပြည့်ဝလှသော ဆရာတော်ဘုရားကြီးအား ဖူးတွေ့ရသည်မှာ ဖူး၍မဝနိုင်ပါ။ လာရင်းကိစ္စ မေးသောအခါမှ ကျွန်မဖခင်ကြီး ကွယ်လွန်ပြီး (၃)လခန့်လောက် ရောက်သည်အထိ မကျွတ်လွတ်နိုင်သေးကြောင်း၊ အလှူအတန်းလုပ်၍ ဖခင်ကြီးအတွက် အမျှပေးလိုပါကြောင်း၊ ဖခင်ကြီးမှ အိပ်မက်ပေးပါကြောင်း အစုံအလင် လျှောက်ထားသည်။

ကျွန်မသည် နောက်နေ့ ဆွမ်းချက်ဖွယ်ရာ လှူဖွယ်ရာများဖြင့် အိမ်ရှင်အစ်မဒေါ်ခင်ရီနှင့်ပင် တိုင်ပင်ချက်ပြုတ်ပြီး ညနေအလုပ်များ ပြီးစီးလျှင် ညနေစောင်း နေဝင်ရီတရော ညီအစ်ကို မသိတသိအချိန်တွင် အပြင်ထွက်ပြီး လမ်းမပေါ်မှ ‘‘ဖေဖေ သမီး ဖေဖေ့အတွက် သပြေကန်ဆရာတော်ဘုရားကြီးအား ဆွမ်းဆက်ကပ်လှူဒါန်း ဒါန်ပြုပါမည်။ ဒါကြောင့် ဖေဖေ နံနက်ဖြန် တရားတော်များ လာရောက်နာကြားပါရန် ဖိတ်ကြားပါတယ်’’။ နောက်နေ့ သပြေကန်ဆရာတော်နှင့် သံဃာတော်များ ကြွလာပြီး တရားဒေသနာများ ချီးမြှင့်၊ ပရိတ်ရွတ်ဖတ်ပူဇော်ပြီး ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ လှူဖွယ်ဝတ္ထုများလှူဒါန်းပြီး အမျှပေးဝေပြီးသည့်နောက်မှာ ကျွန်မမှာ အင်မတန်ပေါ့ပါးလန်းဆန်းသွားပါသည်။ အဲဒီညမှာပဲ ဖေဖေ့ကို အိပ်မက်မြင်မက်ပါတော့တယ်။ ဖေဖေမှာ တိုက်ပုံအင်္ကျီ နဲ့သာရောင်၊ ပုဆိုးရွှေရောင်နှင့် မျက်နှာမှာ ကြည်လင်ဝင်းပနေပြီး ကျွန်မတို့ အိမ်ထဲကို ဝင်လာပြီး သမီး ဖေဖေ့ကို ပုတီးတစ်ကုံးပေးဟုဆိုသဖြင့် ကျွန်မက ဘုရားစင်အောက်တွင် ပုတီး(၃)ကုံးချိတ်ထားရာ ဖေဖေကြိုက်တဲ့(၁)ကုံး ယူသွားပါလို့ ပေးလိုက်တော့သည်။

နောက်တစ်နေ့ရောက်တော့ ကျွန်မမှာ ကိစ္စတစ်ခုဖြင့် တာမွေ ဝွတ္တာလစ်အိမ်သို့ ရောက်ရှိရာ ညီမငယ်လေး၏ ခင်ပွန်းမှ ‘‘မမမာ...ကျွန်တော် ညက ဖေဖေ့ကို အဝတ်အစားသစ်တွေနဲ့ ပုတီးတစ်ကုံးကိုင်ပြီး ကျွန်တော်တို့အိမ်နားက ညောင်ပင်ကြီးဆီကို ဝင်သွားတာ အိပ်မက်မက်ကြောင်း တိုက်ဆိုင်စွာဖြင့် ကြားလိုက်ရပါတယ်။ အဲဒါကြောင့် ဖေဖေလွတ်ရာကျွတ်ရာ ဘုံဘဝသို့ ရောက်သွားပြီဖြစ်ကြောင်း ကျွန်မ ကြည်နူးဝမ်းမြောက်မှု များစွာဖြင့် ယုံကြည်လိုက်မိပါတယ်။

သပြေကန်ဆရာတော်ဘုရားကြီးအား ပူဇော်ကန်တော့လိုခြင်း၊ အလှူခံပုဂ္ဂိုလ် သီလစင်ကြယ်မြင့်မြတ်ရန် အရေးကြီးကြောင်း တင်ပြလိုခြင်း၊ ကျွန်မလို မသိနားမလည် စေတနာအမှားဖြင့် သစ္စာမပြုစေလိုခြင်းအတွက် ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။ ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီးအား ဖခင်တစ်ယောက်ကဲ့သို့ အားကိုး၍ ဆရာတော်ဘုရားကြီး သီလ၊ သမာဓိကိုလည်း ယုံကြည်အားထားခြင်းကြောင့် ၁၉၉၂-ခုနှစ်၊ ကျွန်မတို့မိသားစုဒဂုံမြောက်ပိုင်းရှိ ဝန်ထမ်းအိမ်ရာသို့ ပြောင်းရွှေ့သောအခါ အိမ်မှာ ပူဇော်ရန် ကြေးဆင်းတုတစ်ဆူကို ရွှေတိဂုံဘုရားမှ ဝယ်ယူပြီး ဆရာတော်ဘုရား၏ ကျောင်းတိုက်တွင် ခေတ္တသီတင်းသုံးခွင့်ပြုပါရန် လျှောက်ထားရာ ဆရာတော်မှ မေတ္တာပြည့်ဝသော သူတော်ကောင်းပီသစွာဖြင့် ‘‘အေးကျောင်းမှာထားခဲ့၊ ဘုန်းကြီး ဘုရားဝတ်ပြုတဲ့ ဘုရားကျောင်းဆောင်မှာထား၊ နေ့တိုင်း ဘုန်းကြီးဝတ်ပြုမယ်’’ ဆိုပြီး (၁၀)ရက်ခန့် ကြာသောအခါ ကျွန်မတို့ ဇနီးမောင်နှံဆင်းတုတော်ကို သွား၍ ပင့်ကြပါသည်။ ထိုနေ့က ဆရာတော်ဘုရား ကိုယ်တော်တိုင် ဟောကြားသော တရားစာအုပ်တစ်အုပ် ချီးမြှင့်ပါသည်။ ကျွန်မတို့ ဇနီးမောင်နှံ နာမည်ရေးပြီး ဆရာတော်လက်မှတ်နှင့် ချီးမြှင့်ပါသည်။

၄င်းစာအုပ်ကို ကျွန်မ ဗန်းမော်မြို့သို့ သွားရောက် တာဝန်ထမ်းဆောင်စဉ် ဗန်းမော်ဆရာတော်ကြီးကို လှူဒါန်းလိုက်ပါသည်။ လှူဒါန်းဖြစ်ပုံမှာ ကျွန်မ တရားပွဲ တရားနာသောအခါ ဗန်းမော်ဆရာတော်ကြီးက သပြေကန်ဆရာတော်ကြီး၏ တရားများကို ဟောကြားမည်ဖြစ်ပါကြောင်း၊ သပြေကန်ဆရာတော်ဘုရားကြီးသည် စာပေ၊ ကျမ်းဂန်၊ တတ်မြောက်၍ သီလဂုဏ်၊ သမာဓိဂုဏ် ပြည့်စုံပြီး အလွန်ကြည်ညိုဖွယ်ကောင်းကြောင်း တရားပွဲမှာ ဟောကြား

ပါသည်။ ကျွန်မ တာဝန်ထမ်းဆောင်သည့် နေရာတိုင်းကို သပြေကန်ဆရာတော်ဘုရားကြီးစာအုပ်ကို ယူလာသောကြောင့် ဆရာတော်ဘုရားကြီးကိုယ်တိုင် လက်မှတ်ထိုးပြီး ချီးမြှင့်ထားသောစာအုပ်ကို နှမြော၍ သိမ်းဆည်းထားလျှင် ငါတစ်ယောက်တည်း ဖတ်ရမည်။ ဗန်းမော်ဆရာတော်ဘုရားကြီးကို လျှုလိုက်လျှင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပုဂ္ဂိုလ်တွေ အကျိုးရှိမည်ဆိုပြီး ဗန်းမော်ဆရာတော်ဘုရားကြီးကို လျှုဒါန်းပါသည်။ ဗန်းမော်ဆရာတော်ကြီးမှာလည်း များစွာ ဝမ်းမြောက်ဝမ်းသာရှိပြီး သာဓု အနုမောဓနာ ခေါ်ပါသည်။

ယခုတော့ ကျွန်မ လေးစားကြည်ညိုရသော ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီးမှာ ၁၉၉၄-ခုနှစ်တွင် ပျံလွန်တော်မူခဲ့ပါသည်။ ဆရာတော်ဘုရားကြီးအား ပူဇော်ထားသော ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်စံကျောင်းတော်သို့ ကျွန်မနှင့် ရုံးဝန်ထမ်း မိတ်ဆွေများ သွားရောက်ဖူးမြော်ကြပါသည်။ ဂန္ဓမာပန်းအဝါများနှင့် ပူဇော်ထားသော ဆရာတော်ဘုရားကြီးမှာ အေးချမ်းခြင်း တည်ငြိမ်ခြင်း မေတ္တာပြည့်ဝခြင်းဖြင့် ကြည်ညိုဖွယ်ရာ ဖူးမြော်မဝနိုင်ပါ။ ကျွန်မသည် ဖခင်တစ်ဦး ဆုံးရှုံးရသလို နှမြောဝမ်းနည်းစွာ ရှိုက်ကြီးတငင် ငိုကြွေးရပါသည်။

ဆရာတော်ကြီး ပျံလွန်တော်မူခဲ့သည်မှာ ၁၇-နှစ်ပင် ကြာမြင့်ခဲ့သော်လည်း ကျွန်မ တစ်နေ့တစ်ရက်မှ ဆရာတော်ကြီးကျေးဇူး မမေ့ပါ။ ကျွန်မ နေ့စဉ်ပူဇော် ရှိခိုးသော ကြေးဆင်းတုတော်ကြီးတွင် ဆရာတော်ဘုရားကြီး ပူဇော်ထားသော တရားဓမ္မများ မွန်းထုံလွမ်းခြုံနေဆဲ ဖြစ်ပါသည်။ ဆရာတော်ကြီးအား ရည်မှန်း၍ ဆွမ်း၊ ပန်း၊ ဆီမီး၊ ရေချမ်း ပူဇော်ခြင်း အမြဲမပြတ် ယနေ့တိုင် ပူဇော်နေမြဲ ဖြစ်ပါ၏။

ကျေးဇူးရှင်များအားလုံးကို ရှိသေစွာ ပူဇော်လျက်

မညီရည်

တကယ်ဘုရားမြင်သူ

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် တရားမြင်ခဲ့လျှင် ထိုသူကား ဘုရားကို အကောင်းဆုံးမြင်၊ ရဟန်းကို အကောင်းဆုံးမြင်သူတည်း။

ထိုအမြင်မျိုးရလျှင် ဘုရားမပြောင်း၊ ရဟန်း မပြောင်းတော့ပြီ။ တကယ်ဘုရားမြင်သူ၊ ရဟန်းမြင်သူ ဖြစ်ကြပါဟု ဆိုလိုသည်။

အရှင်ဝါသေဋ္ဌာဘိဝံသ

Realisation of the Dhamma

ONE WHO has achieved Magga-phala, or path-fruition, and perceived the bliss of Nibbāna, truly sees the Buddha and the Sangha as incomparable. Such a person is ever a disciple of the buddha and the Sangha.

Strive therefore to become such a disciple.

၁၃၀၃-ခုနှစ် သီတင်းကျွတ်လဆန်း(၁)ရက် စနေနေ့ (၂၀-၉-၁၉၄၁) နေစွဲဖြင့်
အရှင်ဝါသေဋ္ဌာဘိဝံသ အကြောင်း သူရိယ မဂ္ဂဇင်းတွင် ဖော်ပြနိုင်ရန်

သူရိယ ဆရာဆွေ၏ (ဒုတိယအကြိမ်) စာမူတောင်းခံလွှာ

ဝါ - ပုဂ္ဂလော နတ္ထိ လောကေ ၊ တွင်လည်းကောင်း၊ မိုရာတွင်ထည့်သွင်းရလျှင် အလွန်
သေ - တျာသေဝန ဂေါစရော ၊ ကောင်းမည်ဖြစ်ကြောင်း အကြံပေးရပါသည်။
ဋ္ဌ - ပိတော သာ သုဓဇ္ဈေ ၊ ယခုလို အကြံပေးခြင်း တိုက်တွန်းခြင်းဟာ အချက်
ဝါသေဋ္ဌာယော သုသမ္ဘဝီ ။ တကာ့ အချက်အချာဖြစ်၍ အားစိုက်အင်စိုက်ကြိုးစားလိုက်
အရှင်ဘုရား .... လျှောက်ထားပါသည်။ ကြရန်နှင့် အစွမ်းကုန် သွန်လိုက်ကြရန် မမေ့သောသတိဖြင့်
စာချဘုန်းကြီး၏ အကြောင်းအရာမှာ။ အရှင်တို့အား အခွင့်အရေးပေးခြင်းဖြစ်၍ ဝမ်းမြောက်ဝမ်းသာ
စကားပြေ အကြောင်းချည်းသာ ဖြစ်၍ (သတင်းစာတွင်) စိတ်ရောကိုယ်ပါ စီကုံးဖွဲ့နွဲ့စေလိုပါသည်။
ပါပြီးသည်နှင့် မခြား တသားတည်း ထပ်ပါနေခြင်းကြောင့် စိန်ပြေနပြေ ရေးကြပါ၊ အရင်မလို၊ နောက်ဆုံး
"တပည့်တော်၏ သဘောအရ" အားရခြင်း မရှိပါ။ ထို မမှီတောင်(နှစ်ပတ်လည် စာစောင်ကြီး)တွင် တခမ်းတနား
စကားပြေများကို အားလုံး ဂီတိဂါထာချည်း ပြုလုပ်၍ ပါရှိဖို့ လိုပါသည်၊ ၄-၅-လ စီကုံးနိုင်သည်။ နှစ်ပတ်လည်
အနက်ဆန်းဆန်း ဂါထာဆန်းဆန်း ပါဠိဆန်းဆန်းများကိုသာ စာစောင်မှာ နှစ်စဉ် ဇူလိုင်လ(၄)ရက်နေ့ ထွက်နေကြဖြစ်သည်။
ရွေးချယ်ပြီး မြန်မာပြည်ရှိ အခြားတိုက်တာများ နည်းယူနိုင်ရ သို့သော် ယခု စက်တင်ဘာလဖြစ်၍ (အောက်တို
လောက်အောင်၊ အားကျလောက်အောင် - ဖွဲ့ဆို သီကုံးစေလို ဘာ, နိုဝင်ဘာ, ဒီဇင်ဘာ, ဇန်နဝါရီ, ဖေဖော်ဝါရီ) ဤငါးလ
ပါသည်။ အပြီး တင်ပို့ပါမှ နှစ်ပတ်လည်စာစောင်ကို မှီမည် ဖြစ်
မနှစ်က ပုဂ္ဂိုလ်များနှင့် မတူအောင် ဒကာကြီး ကြောင်းကိုလည်း သတိ အထူးချပ်စေလိုပါသည်။
ကိုယ်တိုင်က သပြေကန်၏ဂုဏ်ကို မြှင့်တင်လိုရင်းရှိသဖြင့် နှစ်ပတ်လည်စာစောင်ကြီးကို မတ်လတွင် အမြဲ
သတင်းစာတွင် ထည့်ပေးခဲ့ခြင်း။ ယခုတစ်ဖန် မဂ္ဂဇင်းတွင် တမ်း ကော်ပီစုံရ၍ မတ်လဆန်းတွင် ရောက်အောင်ပို့နိုင်
ထည့်ရန် အကြံပေးခြင်းပြုလုပ်နေရုံမက သီးခြားတစ်ဘာသာ ပါသည်။
အဖြစ် မဂ္ဂဇင်းတွင်လည်းကောင်း၊ နှစ်ပတ်လည်စာစောင်

သူရိယ ဆရာဆွေ
ပါဠိမြန်မာ တာဝန်ခံဌာန
သူရိယသတင်းစာတိုက်၊ ရန်ကုန်မြို့၊ ၂၀-၉-၄၁

ဤသည့် သူရိယဆရာဆွေ၏ တောင်းစာကို ကြည့်၍ ထိုအချိန်က သူရိယသတင်းစာတွင် အရှင်
ဝါသေဋ္ဌာဘိဝံသ၏ အတ္ထုပ္ပတ်ကို သူရိယသတင်းစာတွင် ဂုဏ်ပြုဖော်ပြပြီး ဖြစ်သည်ကို သိရပါ၏။ သူရိယမဂ္ဂဇင်းတွင်လည်း
သူရိယဆရာဆွေ ၏ ဆန္ဒနှင့်အညီ ဖော်ပြနိုင်ခဲ့သည်ဟု ကြားဖူးပါ၏၊ သို့သော် နှစ်ပေါင်း(၆၀)ကျော်ပြီဖြစ်သော ထိုစာကား
ရာဖွေ၍ မတွေ့တော့ပါ။ ထိုအချိန်က ပထမသပြေကန်ဆရာတော်ဘုရားကြီးလည်း မရှိတော့ပါ၊ အခြား စာချဆရာတော်များက
စေခိုင်းသဖြင့် အရှင်ဝါသေဋ္ဌာဘိဝံသကိုယ်တိုင်ပင် သူရိယသတင်းစာမှာပါသော ပါဠိဂါထာအချို့နှင့် စကားပြေကို
"ဂီတိဂါထာ"များ ပြုလုပ်ရေးသားရာ သူရိယဆရာဆွေကိုယ်တိုင်လည်း နောက်ထုတ် သူရိယမဂ္ဂဇင်းတွင် ကလောင်ခွဲဖြင့်
ချီးကျူးစာ ပါလာသည်ကို ကြားဖူးပါ၏၊ အခြားကျောင်းတိုက်ကြီးများကလည်း ချီးကျူးစာများ သပြေကန်ကျောင်းတိုက်
ပဓာနနာယကဆရာတော်ကြီးထံ ပို့သည်ဟု ကြားဖူးပါ၏။ သို့သော် အဖိုးတန် သမိုင်းဝင်သည့် ထိုစာများ ရှာဖွေမတွေ့
တော့သဖြင့် ဖော်မပြနိုင်သည်ကို သုတေသီအသင်တို့အား တောင်းပန်လိုက်ရပါသည်။

စာတည်းအဖွဲ့

ဖိတ်ခေါ်သံ

ကောင်းကျိုးလိုလား ကောင်းမှုပွားသည့်
ဓမ္မမိတ်ပေါင်း
သူတော်ကောင်းတို့။
ဂုဏ်ပေါင်းဝေဖြာ ထေရ်ဆရာကို
နှစ်တစ်ရာတမ်း သက်တော်မှန်း၍
သပြေကန်ခေါ်မှတ် ထေရ်ရှင်မြတ်၏
သီလ သမာ ထက်ပညာကို
နာကြ ကြားကြ ပူဇော်ကြစို့။
တို့များသခင် ထေရ်အရှင်၏
အများသူငါ မမီသာသည့်
သီလလွှမ်းထုံ ပညာဂုဏ်နှင့်
ဖုံဖုံသိကွာ ကဲလွန်စွာကို
ပူဇာနေယျ ပူဇာစ ဟု
ပူဇာကရ မြတ်ပုညဖြင့်
အေးငြိမ်းချမ်းသာ နိဗ္ဗုတာ
လျင်စွာ သွားကြစို့။

သာသနပါလကအဖွဲ့

ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

မြန်မာ့သာသနာဝယ် သီလ၊ သုတ၊ ဂုဏ်အရာမှာ စံထားရာပြစ်သော ရွှေကျင်နိုကာယ ဥပဥဇ္ဈာန္တ
ပုဒ္ဓန်တောင်ရွှေကျင်ကျောင်းတိုက်ကြီး၏ ပဓာန နာယက အာဒိကမ္မိက သိရောမဏိ အဘိဓဇ မဟာရဋ္ဌဂုရု
ကျမ်းပြုအလင်္ကာ သပြေကန်ဆရာတော် အရှင်ဝါစသဒ္ဓါဘိဝံသ၏ သက်တော်ရာပြည့်ရာကျော်
အခေးအမြတ်ပြု ပူဇော်သောအားဖြင့် "သပြေကန်ထေရ ရာပြည့် ဂုဏ်ပူဇော" စာစောင်/စာအုပ်
၁၅.၁.၂၀၁၂ ရက်နေ့ထိ မတည်လှူခါန်းကြသည့် (၅၀၀၀၀၀) ငါးသောင်းကျပ်နှင့်အထက်
အလှူရှင်များစာရင်း

စဉ်	အလှူရှင်အမည်	နေရပ်လိပ်စာ	အလှူငွေ
၁	အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမာစာရ	ပဓာနနာယကဆရာတော် ပုဒ္ဓန်တောင်၊ရွှေကျင်ကျောင်းတိုက်	၃၀၀၀၀၀
၂	သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာန္ဒဂ	သဒ္ဓမ္မဇောတိကာရုံ ဘုန်းတော်ကြီး ပညာသင်ကျောင်း၊ ကွမ်းခြံကုန်း၊ သံလျင်မြို့နယ်။	၂၀၀၀၀၀
၃	ဘဒ္ဒန္တဝါသေဋ္ဌ (ပါရမီတောရ၊ တောင်ကြီးမြို့) ဒေါ်ဝဏ္ဏဝတီ (ရွှေတောင်ကုန်း) ခမည်းတော်ဦးမောင်ကြီး၊ မယ်တော်ဒေါ်ခင်ဝင်း	တိုက်(၂၈)၊အခန်း(၁)၊ကျောင်းလမ်း (၂၅)ရပ်ကွက်၊ရန်ကုန်သစ်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်။	၁၀၀၀၀၀
၄	အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒာဝရ	ကျောက်ချောင်း၊ကညင်ချောင်အုပ်စု၊ ဟိုင်းကြီးကျွန်း	၅၀၀၀၀
၅	ဘဒ္ဒန္တဉာဒိဗလ (မင်္ဂလာစံကျောင်း)	မဟာညောင်ကုန်း	၅၀၀၀၀
၆	ဘဒ္ဒန္တသုဂတာနန္ဒ (မာန်အောင်ဆရာတော်နှင့် ဒကာဒကာမများ)	ဆင်နားချောင်းရွာ၊ မာန်အောင်ကျွန်း	၅၀၀၀၀
၇	သီဟသုဓမ္မ မဏိဇောတဓရ ဦးခင်လှ+ ဒေါ်ခင်မြမြအောင် မိသားစု	အောင်ရတနာဖြိုးကော်မာရှယ် ကုမ္ပဏီလီမိတက်၊ဘုရင့်နောင်၊မရမ်းကုန်း	၅၀၀၀၀၀
၈	ဦးကြင်+ဒေါ်တင်ရီ မိသားစု	အမှတ်(၂၃)၊ ရတနာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်	၅၀၀၀၀၀
၉	ဦးရွှေဝင်း+ဒေါ်ရီမွန် မိသားစု	ချောင်းဝကျောင်း၊ လှိုင်မြို့နယ်	၃၀၀၀၀၀
၁၀	မိခင်ကြီး ဒေါ်စန်းမြင့်အား အမှူးထားပြီး ဦးတင့်နိုင်ဦး+ဒေါ်မြင့်သီတာလင်း သမီး-ခင်ပြည့်စုံ၊ ဆုသီရိ မိသားစု	အမှတ်(၇၇/၇၉)၊ စလွှာ(အေ) အထက်ပုဒ္ဓန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်	၃၀၀၀၀၀
၁၁	မိဘများနှင့် ခင်ပွန်းအား ရည်စူး၍ ဒေါ်မြင့်ကြည်မိသားစု	အမှတ်(၄၅)၊ ကျီတော်လမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်	၂၀၀၀၀၀
၁၂	ဦးမြင့်ဆွေ မိသားစု	အမှတ်(၂)၊ သံလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်	၂၀၀၀၀၀

စဉ်	အလှူရှင်အမည်	နေရပ်လိပ်စာ	အလှူငွေ
၁၃	မောင်အောင်ဇော်လတ်+မနီနီလွင် တို့၏ မင်္ဂလာဦးအလှူ	အမှတ်(၃၄-၁)၊ တော်ဝင်လမ်း၊ ရန်ကုန်သစ်၊ သုဝဏ္ဏ၊ သဃ်ိန်းကျွန်းမြို့နယ်။	၁၂၀၀၀၀
၁၄	ကိုမျိုးအောင်နှင့် ညီအစ်ကိုမောင်နှမတစ်စု	အမှတ်(၄၇/၄၉)၊ မြေညီ(ဝ)၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်။	၁၂၀၀၀၀
၁၅	ဦးသိန်းဟန်+(ဒေါ်တင်ညွှန့်) မိသားစု	အမှတ်(၂၄၄)၊မာန်ပြေ(၆)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်။	၁၀၀၀၀၀
၁၆	ဦးကျင်ဝှက်နှင့် သားသမီးမြေးများ	ရွှေပုဇွန်မုန့်ဆိုင် အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်	၁၀၀၀၀၀
၁၇	ဦးသက်စိန်+ဒေါက်တာဒေါ်အေးအေးမြင့် မိသားစု	အမှတ်(၂၃)၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်။	၁၀၀၀၀၀
၁၈	ဦးကျော်ခင်မြင့်+ဒေါ်ခင်ခင်စိန် မိသားစု	အမှတ်(၁၃၄)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်။	၁၀၀၀၀၀
၁၉	ဖခင်ကြီး ဦးမြင့်သိန်းအား ရည်စူး၍ မိခင်ကြီးဒေါ်ရီအား အမှူးထားပြီး ဦးစိုးလွင်+ဒေါ်ခင်သက်၊ သမီး-ဒေါ်ခင်ညို၊ ဒေါ်စုလှိုင်နှင်း မိသားစု	အမှတ် (၆၀)၊ ကွက်သစ်လမ်း၊ ပုဇွန်တောင်မြို့နယ်။	၁၀၀၀၀၀
၂၀	စေတနာရှင်တစ်ဦး	-	၁၀၀၀၀၀
၂၁	အာရှဦးကျော့+ဒေါ်ရီ မိသားစု	ဇော်တိကလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။	၁၀၀၀၀၀
၂၂	ဦးဇော်မင်းသူ မိသားစု (ခေတ်မြန်မာ စတိုး)	အမှတ်(၂၃)၊ ရတနာမွန်လမ်း၊ လှိုင်မြို့နယ်။	၁၀၀၀၀၀
၂၃	ဖခင်-ဦးကိုကို၊ မိခင်-ဒေါ်အမာ၊ မောင်-ကိုစောလွင်တို့အား ရည်စူး၍ ဒေါ်နုနုအေး၊ ဒေါ်ဆွေဆွေမာ	အမှတ်(၁၅၄)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်	၁၀၀၀၀၀
၂၄	ဦးလှတင်+ဒေါ်ခင်အေးလှိုင် မိသားစု	အမှတ်(၆၄-H)၊ ကြာပဒုမ္မာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်	၁၀၀၀၀၀
၂၅	ဒေါ်ရွှေဝါစိုး+ဒေါ်စောချယ်ရီသိန်း (မိခင်ရောဝတီစာအုပ်တိုက်)	တိုက်(၄)၊ အထက်ပုဇွန်တောင်လမ်း၊ ကျီတော်အိမ်ရာ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်။	၁၀၀၀၀၀
၂၆	ဦးထွန်းကျင်+ဒေါ်မြ မိသားစု	အမှတ်(၄၃၃)၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်၊သုဝဏ္ဏ၊သဃ်ိန်းကျွန်းမြို့နယ်	၁၀၀၀၀၀

သပြေကန်ထေရရာပြည့်ဂုဏ်ပူဇော်စာစောင်

စဉ်	အလှူရှင်အမည်	နေရပ်လိပ်စာ	အလှူငွေ
၂၇	ဦးသန်းအောင်+(ဒေါ်မြကြည်) မိသားစု	အမှတ်(၆၀-အေ)၊ အင်းစိန်လမ်း၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်။	၅၀၀၀၀
၂၈	ဦးကျင်စု+ဒေါ်အေးအေးခိုင် မိသားစု	အမှတ်(၅)၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်။	၅၀၀၀၀
၂၉	ဦးဘဝင်း+ဒေါ်အုံးကျင် မိသားစု	အမှတ်(၃၁)၊ အခန်း(၁၀၁)၊ လှိုင်မြစ်လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။	၅၀၀၀၀
၃၀	ဦးဌေးကျော်+ဒေါ်ခင်ရီ မိသားစု	တိုက်(၈)၊ အမှတ်(၁၂)၊ ဘူတာရုံလမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်။	၅၀၀၀၀
၃၁	မိဘများ ရည်စူး၍ ဦးသန်းနိုင်+ဒေါ်ခင်စန်းမြင့် မိသားစု	အမှတ်(၁)၊ ၈ လွှာ၊ စင်ကာပူကျောင်းလမ်းတို့၊ ပုဇွန်တောင်မြို့နယ်။	၅၀၀၀၀
၃၂	ဦးဇော်ဝင်းမောင်+ဒေါ်ခင်လှလှ သား-တင်ကိုကိုမောင်၊ သမီး-ကေခိုင်ဝင်း	အမှတ်(၁၁၀/၆အေ)၊ မဟာသုခလမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်	၅၀၀၀၀
၃၃	ဦးလှသိန်း+ဒေါ်သိန်းသိန်းဟန်၊ သား-ကျော်နန္ဒာသက်လင်း၊ သမီး-အေးမင်းနန္ဒာ၊ အေးမင်းသီတာ၊ နန်းခိုင်မာထွေး မိသားစု	တိုက်(၈)၊ အခန်း(၅၁၀)၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်။	၅၀၀၀၀
၃၄	ဦးစိုးသိန်း (စာရေးဆရာမောင်ဝံသ) မိသားစု	၃၃ လမ်း၊ ကျောက်တံတားမြို့နယ်	၅၀၀၀၀
၃၅	ဦးအာလေး+ဒေါ်ကျင်မြိုင်၊ ညီမ-ဒေါ်ကျင်လှိုင်	အမှတ်(၁၇)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်။	၅၀၀၀၀
၃၆	ဖခင်ကြီး ဦးဘရွှေအား ရည်စူး၍ မိခင်ကြီးဒေါ်ခင်လှအား အမှူးထားပြီး သား-မောင်ကျော်စိုးအောင်+မမူမူရွှေ	အမှတ်(၂)၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	၅၀၀၀၀
၃၇	ဦးစိန်မြင့်+ဒေါ်တင်ကြည် တို့အား အမှူးထားပြီး မောင်ကျော်စိုးအောင်+မမူမူရွှေ	အမှတ်(၃၂)၊ ရန်ပြေ(၁၈)လမ်း၊ သာကေတမြို့နယ်။	၅၀၀၀၀
၃၈	ကိုပြည့်+မသီတာစိုး၊ သမီးဦး-မနန်းပြည့်စုံရှင် ရက်(၁၀၀)ပြည့် မွေးနေ့အလှူ	အမှတ်(၁၆/၅လွှာ)၊ မဟာဇေယျလမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	၅၀၀၀၀
၃၉	ဦးစိုးလွင်၊ သား-ဦးသက်လွင်	အမှတ်(၉၀)၊ မဟာသုခလမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	၅၀၀၀၀
၄၀	မိဘဘိုးဘွားများနှင့် ကွယ်လွန်သူ ဇနီးဒေါ်အုန်းရီ (မြန်အောင်) အားရည်စူး၍ ဦးလှစိုး မိသားစု	အမှတ် - ၁၄၅ သရက်ချောင်းလမ်း၊ ၂၄ရပ်ကွက်၊ ဒဂုံတောင်ပိုင်းမြို့နယ်။	၅၀၀၀၀
၄၁	ဦးကျော်စိန်၊ ဒေါ်ခင်အေး - သမီးမိုး(သစ်စွဲ)မိသားစု	၇(အေ)ကျောက်ကုန်းလမ်း၊ ရန်ကင်းမြို့နယ်။	၅၀၀၀၀
၄၂	ဒေါ်ချစ်ရင်၊ ဒေါ်စောယု၊ ဒေါ်တွေးတွေးယု	(၃၄) ၁-က၊ (ပ-ဝ)၊ ကျီတော်လမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	၁၀၀၀၀၀
၄၃	ဒေါ်ဥမ္မာမိသားစု	အမှတ်(၈)၊ သီရိမင်္ဂလာလမ်း၊တောင်လုံးပြန် ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	၅၀၀၀၀

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတည်ဆောက်ထားသည်

ရန်ကုန်မြို့ ပုဇွန်တောင်
ရွှေကျင်ကျောင်းတိုက်

ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ သိရောမဏိ
အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု
ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ
ကျမ်းပြုအကျော် သပြေကန် ဆရာတော်မြတ်ကြီး

အရှင်ဝိသေဋ္ဌာ ဘိဝံသ

အမှန်တရား၊ လွှမ်းထွန်းကား၊ အဖျား၊ချမ်းသာစေ
အမှားကိုကား၊ ကျူးအမှား၊ ပယ်ရှားနိုင်ပါစေ.

သရေလှ အာစရိ
ရှင်ဝိသေဋ္ဌာဘိဝံသ

သပြေကန်ထေရ ကာပြည့် ဂုဏ်ပုကာ

စာစောင်